အမှုတွင် အမှန်တကယ်လိုအပ်သည့် အမှုသည် (Necessary party) မည်သည့် အခါ၌ ဖြစ်ခြင်း။ အိမ်ဌါးက အိမ်ရှင်ကို စွဲဆိုသောအမှု။ အယူခံတရားခံသည် အယူခံ တရားလိုများ၏ အိမ်ဌါးဖြစ်သည်ဆိုသော မြွက်ဆိုဖော် ချက် ဒီကရီရရှိရန် တရား စွဲဆိုရာ၊ အောက်ရုံးက စွဲဆိုသည့်အတိုင်း ဒီကရီချမှတ်ပေးခဲ့လေသည်။ အယူခံ တရားလိုများက မိမိတို့၏အိမ်ဌါးမှာ အခြားသူတဦးဖြစ်၍ ထိုသူကိုပါတရားခံအဖြစ် ထည့်သွင်းခြင်း မပြုသဖြင့် အောက်ရုံးက မှားယွင်းကြောင်း လျှောက်လဲရာ။ ။ ဆုံးဖြတ်ချက်။ ။ဤအမှုတွင် တရားလိုဖြစ်သော အယူခံ တရားခံသည်၊ အယူခံ တရားလိုများက အမှုတွင် တရားခံအဖြစ် ထည့်သွင်းလိုသူအပေါ် မည်သည့်ဒီကရီ ကိုမျှ ရလိုခြင်းမရှိ။ ဤအမှုသည် အယူခံတရားလိုနှင့် အယူခံတရားခံတို့နှင့်သာ သက်ဆိုင်ပြီး ထိုအခြားသူနှင့် မည်သို့မျှ မသက်ဆိုင်သဖြင့် ထိုသူသည် အမှုတွင် အမှန်တကယ် လိုအပ်သည့် အမှုသည် (Necessary party) မဟုတ် မအေး နှင့် ဘုတ်ဂါပါ ၅။ ၁၉၅၃ ခုနှစ်၊ မြန်မာနိုင်ငံ တရားလွှတ်တော် စီရင်ထုံး ၈၉။ ဦးမောင်မောင် ပါ ၁ နှင့်မလှရင် ပါ ၇။ ၁၉၅၄ ခုနှစ်၊ မြန်မာနိုင်ငံတရားလွှတ်တော် စီရင်ထုံး ၂၆၄။ နွန်ဂမိတ်သင်ဂျဂယ်လ်ချန်ဒရာဆင်းနှင့် ဒီးတီးစ်လယ်ပုရဲ ရုံဘာ ပါ အများ။ အေ၊အိုင်၊အာ(ရ်)၊ ၁၉၅၈ မဏိပူရ် ၂၉။ ဂျီဒွန်ဒတ်စ်ခင်မိဂျီ နှင့် အက်(စ်)အမ်တီနာဘာဒတိုင်၊ အေ၊အိုင်၊အာ(ရ်)၊ ၁၉၅၉ ကာလကတ္တား ၅၁၉။ ပါကန်ဒီလိုးနီယာသည် အေ၊အိုင်၊အာ(ရ်) ၁၉၃၄ ခုနှစ်၊ မဒရတ်စီရင်ထုံး ၂၉၃။ အေ၊အိုင်၊အာ(ရ်) ၁၉၄၅ ခုနှစ်၊ ပဋ္ဌနားစီရင်ထုံး ၁၀၉။ အေ၊အိုင်၊အာ(ရ်) ၁၉၄၉ ခုနှစ်၊ ဟီမာချာလယ်ပရာ ဒတ်ရှ် ၄ တို့ကို ရည်ညွှန်းသည်။

၁။ အဗ္ဗဒူကော်ယွန်း(ခ) ဦးအုန်းကြည်၊ ၂။ဒေါက်တာ အေ၊ ကေ၊ ရာမန်၊ ၎င်း၏ကိုယ်စားလှယ် အက်(စ်) အာမက်နှင့် နာဆင်စူကူး(လ်) 514

အလုပ်သမား လျော်ကြေး အက်ဥပဒေ ပုဒ်မ ၃၀ (၁) (က) အယူခံဝင်ရန် လျော်ကြေး ငွေ ပေးသွင်းရန်လိုခြင်း။ ။ဆုံးဖြတ်ချက်။ ။အလုပ်သမား လျော်ကြေး အက် ဥပဒေ ပုဒ်မ ၃၀ (၁)(က) ခွင်းချက်အရ၊ အယူခံဝင်ရာတွင် လျော်ကြေးငွေကို ပေးဆောင်ပြီးကြောင်း လျော်ကြေးမင်းကြီး လက်မှတ်မပါလျှင် အယူခံကို လက် မခံရဟု အတိအလင်း ပြဋ္ဌာန်းထားသည်။ သို့ဖြစ်၍၊ လျော်ကြေးမင်းကြီး၏လက် မှတ် မပါလျှင်၊ အယူခံကို တရားရုံးချုပ်က လက်ခံရန် မဖြစ်နိုင်။

ဦးတင်လှနှင့် မည်ကြီး 520

PAGE

အပ်နှံသည့် ပစ္စည်းကို အပ်နှံခြင်းခံရသူက မည်သည့်အခါ၌ လက်ရှိထားပိုင်ခွင့် ရှိခြင်း၊ နစ်နာကြေး တောင်းဆိုခြင်းကိစ္စ။ ပြိုင်မြင်းတကောင်ကို ဆေးကုသရန် တရားလို က တရားခံအား အပ်နှံထားခဲ့ရာ ပြန်လည် ပေးအပ်ခြင်း မပြုသောကြောင့် ပေးအပ်ခြင်း မပြုသော ကာလအတွင်းတွင် မြင်းပွဲတွင် မသွင်းရသဖြင့် နစ်နာကြေး ရရှိရန် တရားစွဲဆိုလေသည်။ တရားခံက ပြန်လည် ပေးအပ်ခြင်း မပြုသည်မှာ ကုန်ကျသော စရိတ်များကို မပေးသဖြင့် ဖြစ်ကြောင်း ထုချေလေသည်။ ။ဆုံးဖြတ်ချက်။ ။အပ်နှံခံရသူသည် အပ်နှံထားသော ပစ္စည်းနှင့်စပ်လျဉ်း၍၊ မိမိကုန်ကျစရိတ်ကို မရရှိလျှင် အပ်နှံသည့်ပစ္စည်းကို လက်ရှိထားပိုင်ခွင့် ရှိသည်။ ထို့ပြင်၊ တရားလိုစွဲဆိုသော နစ်နာကြေးငွေမှာ အမှုပါပြိုင်မြင်း နိုင်မှသာလျှင် ရရှိနိုင်ပေမည်။ ထို့မြင်းကေန်နိုင်မည်ဟုပြောရန်မဖြစ်နိုင်။

ဦးမင်းစင်နှင့် မောင်လှထွန်း ပါ ၃ (ကွယ်လွန်သူ ဦးအုံဘွယ်၏ တရားဝင် ကိုယ်စားလှယ်များ) 526

အိမ်ရှင်အိမ်ငှါး နို့တစ်စာ၊ မြန်မာပြကွဒိန်ဖြင့် စာချုပ်သော အငှါးစာချုပ် မြန်မာပြကွဒိန်ကိုသာ အသုံးပြုသင့်ခြင်း၊ စာချုပ်သက်တမ်း မကုန်ဆုံးမီ ပေးသောနို့တစ် သက်တမ်းကို ကျော်လွန်၍ပေးသော နို့တစ်။ အိမ်ငှါးကတိစာချုပ်အရ အယူခံတရားခံတို့သည်၊ ၁၃၂၃ ခုနှစ်၊ တပို့တွဲလကုန်လျှင် ကုန်ခြင်း (၁၉၆၂ ခုနှစ်၊ မတ်လ ၅ ရက်)နေ့တွင် ဖယ်ရှားပေးပါမည် ဟူ၍ကတိပြုခဲ့ရာ အယူခံ တရားလိုများသည်၊ ထိုနေ့ကို မစောင့်ဘဲ ၁၉၆၂ ခုနှစ်၊ မတ်လ ၃ ရက်နေ့စွဲပါ နို့တစ်စာဖြင့် မတ်လ ၃၁ ရက်နေ့ နောက်ဆုံးထား၍ ပြောင်းရွှေ့ပေးရန် နို့တစ်စာ ပေးခဲ့လေသည်။ အောက်ရုံးက စာချုပ်တွင် မြန်မာလဖြင့် အိမ်ငှါးသက်တမ်းကို သတ်မှတ်ထားသည်ဖြစ်၍၊ အင်္ဂလိပ်လနှင့် နို့တစ်စာ ပေးခြင်းသည် ဥပဒေနှင့် မကိုက်ညီဟု ယူဆ၍ နို့တစ်စာမှာ တရားမဝင်ဟု ဆုံးဖြတ်ခဲ့လေသည်။ ။ဆုံးဖြတ်ချက်။ ။ စာချုပ်တွင် သတ်မှတ်ထားသည့် ၁၃၂၃ ခုနှစ်၊ တပို့တွဲသကုန်နေ့ကို တွက်ကြည့်လျှင်၊ မတ်လ ၅ ရက်နေ့တွင် ကျသည်ကို တွေ့ရသည်။ အကယ်၍ မတ်လ ၅ ရက်နေ့ကျော်သည့်အခါ၊ အယူခံတရားလိုတို့သူည် အိမ်ငှါးကို ဖယ်ရှားရန် တရားစွဲဆိုလျှင် နို့တစ်စာလိုမည်မဟုတ်။ မဝင်းနှင့်ကိုထွန်းညွန့်ပါ ၂။ ၁၉၅၉ ခု၊ မြန်မာနိုင်ငံစီရင်ထုံး (တရားလွှတ်တော်) စာ ၆၉ တို့ကို ရည်ညွှန်းသည်။ သို့ရာတွင် ကုန်ဆုံးသော ရက်ကိုမစောင့်ဘဲ ၁၉၆၂ ခုနှစ်၊ မတ်လ ၃ ရက်နေ့စွဲဖြင့် ဖယ်ရှားရန် နို့တစ်စာ ပေးသဖြင့်၊ မူလစာချုပ်ပါ ပဋိညာဉ် ပြောင်းလဲရာသို့ ရောက်သည်။ မူလသတ်မှတ်ထားသည်ရက်ထက် နေ့ခင့်ပြုရာ၊ သို့မဟုတ် အိမ်ငှါးသက်တမ်းကို တိုးမြင့်ရန် ပေးရာရောက်သည်။ ထို့ကြောင့်ကတိစာချုပ်အရပင်လျှင် ထုတ်ဆင့်ခဲ့သော နို့တစ်စာသည် တရားမဝင်ဖြစ်သည်။ အိမ်ငှါးသက်တမ်းကို မြန်မာလဖြင့် ပေးခဲ့ရာ သက်တမ်း ကုန်ဆုံးခြင်းကိုလည်း မြန်မာလဖြင့် တွက်ချက်ရန် အိမ်ရှင်တို့က ဥပဒေအတိုင်း ဆောင်ရွက်ရန်ဖြစ်သည်။ ဦးဥတ္တရနှင့် ဦးသက်ရွှေ ပါ ၂၊ တရားမ ဒုတိယအယူခံမှုအမှတ် ၅၉/၆၃ တို့ကိုရည်ညွှန်းသည်။

၁။ ဦးကောက်၊ ၂။ ဦးဘအေး၊ ၃။ မအေးကျင်နှင့် ၄။ ကိုတင်ညွန့် ၂။ မသိန်းခ 523

PAGE

အုပ်ထိန်းသူများ နှင့် အုပ်ထိန်းခံရသူများ အက်ဥပဒေ ပုဒ်မ ၇၊—အုပ်ထိန်းခြင်း ခန့်အပ်ခြင်းခံရသူ—ပုဒ်မ ၂၅ အရ လက်ရောက်ရရန် လျှောက်လွှာ တရားရုံး၏ စဉ်းစားရမည့်အချက်များ။ ။ဆုံးဖြတ်ချက်။ ။သူတဦး တယောက်သည် အုပ်ထိန်းသူများနှင့် အုပ်ထိန်းခံရသူများ အက်ဥပဒေ ပုဒ်မ ၇ အရ၊ အရွယ်မရောက်သေးသူ တဦးအတွက် အုပ်ထိန်းသူအဖြစ် ခန့်အပ်ခြင်းခံရပြီး၊ ထိုဥပဒေပုဒ်မ ၂၅ အရ၊ လက်ရောက်ရရှိရန်အတွက် လျှောက်ထားရာတွင် ၎င်းအရွယ်မရောက်သေးသူအား မအပ်ဘဲ မနေနိုင်ဟု ယူဆသည်မှာ မှားယွင်းသည်။ အဆိုပါ ဥပဒေပုဒ်မ ၂၅ ကို လေ့လာသုံးသပ်က အရွယ်မရောက်သူအား အုပ်ထိန်းသူလက်သို့ ပြန်လည်အပ်နှံခြင်းမပြုမီ၊ ထိုသူ၏အကျိုးကို အဓိကအားဖြင့် ထည့်သွင်း စဉ်းစားရမည် ဖြစ်ကြောင်း တွေ့ရှိရသည်။ အရွယ်မရောက်သူ၏ ကျန်းမာရေး၊ နေထိုင်ရေး၊ ပညာရေး၊ စာရိတ္တပြုပြင်ရေး စသည့်အချက်များကို ထည့်သွင်းစဉ်းစားပြီးမှ ၎င်းအား အုပ်ထိန်းသူလက်သို့ ပြန်လည်အပ်နှံရန် သင့်-မသင့် အမိန့်ချမှတ်ရမည်ဖြစ်သည်။ ထိုအချက်များနှင့် စပ်လျဉ်း၍ သက်သေများလည်း စစ်ရဦးမည်ဖြစ်သည်။

ဒေါ် ခင်သန်း ပါ ၅ နှင့် ခရိုင်တရားမ တရားသူကြီး၊ သာယာဝတီမြို့ ပါ ၂ 529

INDEX

ညွှန်းချက်

CHIEF COURT

တရားရုံးချုပ်

PAGE

ACTS:

CIVIL PROCEDURE CODE.

DEFENCE SERVICES ACT.

GENERAL AMNESTY ORDER.

INCOME-TAX ACT.

NEGOTIABLE INSTRUMENTS ACT.

PENAL CODE.

RANGOON CITY CIVIL COURT ACT.

SALES TAX ACT.

TRANSFER OF PROPERTY ACT.

UNION CONSTITUTION.

WORKMEN'S COMPENSATION ACT.

ATTESTATION FOR MORTGAGES—TRANSFER OF PROPERTY ACT—S.59. 627

BURDEN OF PROOF—THE OWNER OF AN IMMOVEABLE PROPERTY TO PROVE TITLE AND EFFECTIVE DELIVERY OF THE PROPERTY TO HIM BY THE VENDOR IN THE ABSENCE OF REGISTERED DOCUMENT—THE PROPERTY BEING WORTH LESS THAN K 100 635

CIVIL PROCEDURE CODE—S. 73—REQUIREMENTS FOR RATEABLE DISTRIBUTION—AND S.63—RECEIPT OF ASSET BY ONE EXECUTING COURT 639

CIVIL PROCEDURE CODE—O. 21 R. 100—DOES NOT BESTOW ANY SUBSTANTIVE RIGHT ON THE PERSON IN POSSESSION 611

CRIMINAL TRESPASS—*actual physical possession—whether necessary. Intention of trespasser—presumption. Held :* Criminal trespass can be committed regarding a piece of land, although at the time of encroachment, the owner was not in physical possession of the same. An owner cannot always be in physical possession of everything he owns. *Ko Than Maung and others* v. *Union of Burma,* (1954) B.L.R. 283, referred to and distinguished. *Jeewa*

PAGE

v. *The King*, (1947) B.L.R. 137, referred to and followed. Regarding the other ingredient of the offence of Criminal trespass, namely, annoying the owner, the intention of the trespasser must be presumed, for the encroachment of the land, could not but annoy the owner.

DAW OHN *v.* THE UNION OF BURMA (U THEIN PE) ... 609

DELIVERY OF POSSESSION—*immoveable property worth less than* K 100—*absence of registered instrument—proof of delivery—necessity of real delivery. Held:* Where a person claims to be the owner of immoveable property, which was bought by him for K 40, it is for him to prove that there was effective delivery of the property to him by the Seller, in the absence of a registered document. Under s. 54 of the Transfer of Property Act, the delivery must be real and some sort of constructive possession is not sufficient ; even when a person already in possession of immoveable property worth less than K 100 purchases that property, the acts and declarations of delivery of possession must be unequivocal. *Ma Tin Nyunt* v. *Ma Kyi Kyi and three others*, (1950) B.L.R. 33 (H.C.); *U Tha Zan and two others* v. *U Tun Zan and one*, (1955) B.L.R. 243 (H.C.), referred to and followed. *Aung Hla* v. *Ton Gyi and one*, 8 L.B.R., p. 264; *V.E.R.M.A.R. Chettyar Firm* v. *Ma Joo Teen and others*, 11 Ran. 239; *K.L.C.T. Chidabaram Chittyar* v. *Aziz Meah and others*, (1928) R.L.R. 316, referred to.

U PE SAING *v.* { (1) KO TUN SHEIN, (2) MA KYIN SEIN 635

EJECTMENT SUIT—*right to possession of person in occupation—O. 21, r. 100, Civil Procedure Code. Held:* Order 21, rule 100 does not bestow any substantive right on the person in possession. It only gives him an opportunity to raise his objection at the time that a decree is executed which affects his possession. If the executing court does not find the objection valid, then under r. 103, he can file a regular suit.

U AUNG GYAW *v.* { (1) Y. E. SEEDAT, (2) E. E. SEEDAT 611

FORECLOSURE—*suit for foreclosure based on mortgage by conditional sale—clause giving right of redemption or repurchase at any time—duty of court—question of remand.* The Plaintiff/Appellant had filed a suit for foreclosure based on what she referred to as a mortgage by conditional sale. The Defendant/Respondents admitted the mortgage but relied on the clause in the deed giving the right of redemption or repurchase at any time. Accordingly the suit was dismissed by the trial judge. On Appeal. *Held:* The suit was bound to fail because of the clause in the deed which gave the right to redeem or repurchase at any time. *Maung Wala* v. *Maung Shwe Gon and one*, 1 Ran., p. 472, referred to and distinguished. It is also not for the Court to fix arbitrarily a reasonable time within which the right to redeem or repurchase is to be exercised. *Gomti* v. *Megharaj Singh*, A.I.R. 33 All , p. 443, referred to. *Held further:* Regarding the plea that the suit should be remanded to find out whether the deed was in fact a sale with an option of repurchase; for the Court to do so would amount to taking sides and conducting the Plaintiff's case. *Obiter:* In giving justice, the Courts must try to strike a balance between the

PAGE

giving of substantial justice and reliefs to which the plaintiff may be entitled even though he does not, in his ignorance, ask for them, and on the other hand taking sides and making out a new case for one of the parties. *Civil First Appeal No. 152 of 1963*, referred to.

DAW HMON *v.* { (1) DAW KHIN KHIN LAY (2) MAUNG MYO NYUN 595

INCOME-TAX APPELLATE TRIBUNAL—*power* suo motu *to consider question of validity of notice—Rule 10—Finding as to non-service of notice—question of fact—powers of Chief Court. Voluntary returns by assessee—Nil returns—whether good returns.* Under Rules 10 and 25 of the Income-tax Appellate Tribunal Rules, 1954, the Income-tax Appellate Tribunal has the power *suo motu* to consider the question as to the validity of service of notice to the assessee under s. 22 (2) in spite of the failure of the assessee and her legal representative to raise this point. *Oriental Building and Furnishing Company* v. *Commissioner of Income-tax, Delhi*, (1952) XXI I.T.R. 105 ; *K. S. P. KT. Kalayappa Chettiar* v. *Commissioner of Income-tax, Madras*, (1964). LII.T.R. 51 ; *Lajwanti Sial* v. *Commissioner of Income-tax, Madhya Pradesh*, (1957) XXXII I.T.R. 526 ; *J. B. Greaves* v. *Commissioner of Income-tax Bombay City*, I, (1963) XLIX I.T.R. 107 ; *Pokhraj Hirachand* v. *Commissioner of Income-tax, Bombay City II*, (1963) XLIX I.T.R. 293 ; *Commissioner of Income-tax, Bombay City* v. *Breach Candy Swimming Bath Trust, Bombay*, (1955) XXVII I.T.R. 279 at p. 285 , referred to. Rule 10 has been framed by the Appellate Tribunal in pursuance of s. 5A(6), and is not *ultra vires* the rule making power of the Tribunal, because it allows the Tribunal to raise *suo motu* a ground not raised in the memorandum of Appeal. The Chief Court, in a reference to it under s. 66, is not competent to interfere in a matter which is within the discretion of the Income-tax Appellate Tribunal, unless a question has been raised as to whether the Tribunal's action was unjudicial and capricious. The finding of the Tribunal that the notices under s. 22 (2) were never served on any adult member of the assessee's family, is a finding of fact, which the Chief Court cannot interfere unless it is capricious, and unless a question has been raised whether it is so. *A.H. Atcha & Co.* v. *The Commissioner of Income-tax, Burma*, (1959) B.L.R. 191 (H.C.) ; *The Bank of Chettinad Ltd.* v. *The Commissioner of Income-tax, Burma*, Civ. Ref. No. 18 of 1963 of the Chief Court ; *Commissioner of Income-tax, Burma* v. *E. C. Madha Bros.* Civ. Ref. No. 18 of 1962 of the Chief Court ; *E. M. Chettyar Firm* v. *The Commissioner of Income-tax, Burma*, (1929-30), Reports of Income-tax Cases, Vol. IV, p. 464. *Held further :* Even if notices under s. 22 (2) are not validly served, the returns of income made by an assessee can be in the nature of " voluntary returns ". *R.K. Das & Co.* v. *Commissioner of Income-tax, West Bengal*, (1956) XXX I.T.R. 439 ; *Chatturam and others* v. *Commissioner of Income-tax, Bihar*, (1947) XV I.T.R. 302 ; *Ranchoddas Karsondas* v. *Commissioner of Income-tax, Bombay City*, (1954) XXVI I.T.R. 105 ; *Mannalal Modi* v. *Commissioner of Income-tax, Bihar and Orissa*, (1959) XXXVI I.T.R. 569 at 575-576, referred to. *Held also :* A " nil " return is a good return. It is not merely a scrap of paper, and the Income-tax Officer can take action on such a return.

ADDITIONAL COMMISSIONER OF INCOME-TAX, BURMA, RANGOON *v.* U KYAUK SEIN, L/R OF DAW AYE KYI (DECEASED) 563

PAGE

JOINT PURCHASE IN NAME OF FATHER AND DAUGHTER OF FIRST MARRIAGE—*existence of three other wives—whether daughter entitled to half share on death of father—joint family—right of daughter to share in the whole estate.* Where certain properties were purchased jointly in the name of the deceased and the plaintiff (a daughter of his first wife), and the plaintiff by virtue of such purchase, claimed a half share in the properties on the death of the deceased. *Held :* On the evidence, it must be held that the deeds did not affect any outright gift or transfer of the disputed properties to the plaintiff. Furthermore, they also cannot convey title to the plaintiff after the death of the deceased. *Maung Thu Kha and one* v. *U Thunnanda and one,* V Ran., 371 ; *Ma Thin Myaing* v. *U Maung Gyi and five others,* 1 Ran. (1923) 351 ; *Maung Po Htike* v. *Maung Thi Baw and others,* A.I.R. (1934) Ran. 310 ; and *Khin Aye and another* v. *U Maung Maung Gyi and others,* (1936) Ran. 447, referred to. Moreover, a Burmese parent would rarely take a conveyance of the property in the name of his child, with a view to making a gift of it to the child. *Maung Tun Pe* v. *B. K. Halder and others,* XIV Ran. 242, referred to. *Held further :* Regarding the share of the plaintiff in the estate of the deceased, the finding of the trial court is that the deceased who was living together with his three later wives and also with the plaintiff (his daughter), were really living as one joint family, and that the property forming the estate of the deceased was acquired after the death of the plaintiff's mother. The equitable arrangement in such a case would be for the plaintiff to receive one-eighth and not one-fourth of the estate, as her share. *Ma Nyein E* v. *Maung Maung and two,* III Ran. 549 ; and *Maung Thein Maung* v. *Ma Kywe and others,* 13 Ran. 412, referred to.

DAW KHIN KHIN KYWE AND FIVE OTHERS *v.* DAW TIN TIN KYWE 599

LEGAL REPRESENTATIVE—*right of—to continue execution for costs awarded to deceased—limitation—question of.* An application by the Appellant for permission to continue the execution for costs, in respect of a decree attained by her late husband was rejected by the Court on the ground that the husband had died some six months before it was filed and was therefore barred by limitation. On appeal. *Held :* Once a decree is passed, the rights of the parties in the suit are settled and if a party who is awarded some rights by a decree dies subsequently, his legal representatives should be permitted to enjoy those rights. The matters that should have been considered were whether (1) the Appellant was truly the legal representative of the deceased, and (2) the decree awarding costs to the husband was still alive and executable. If these tests are satisfied, the application should be granted.

DAW MAI HMAN *v.* U BA THAN 607

MINOR—*when properly represented—Promissory note—personal liability of director of company appearing on pro-note—matters to be considered.* In a suit by a minor on a promissory note, the minor was represented by his mother, but she was unable to give evidence as she was ill. Accordingly evidence was given by his father, who knew the facts of the case. *Held :* It must be held that the minor was properly represented. Though the mother was unable to give evidence, the Court was able to gather all the material facts necessary for a full and fair determination of the suit. *Held further :* Regarding the question of personal liability

PAGE

of the Appellant, although the Appellant signed over a rubber stamp bearing the name of the Company and the designation "director", the text of the promissory note shows that it was the Appellant who borrowed the money. If it was the Company which borrowed the money, the name of the Company would have been filled in the blank left for the borrower's name. *S.J. Das* v. *Sir Kishan Pershad*, I.L.R. 46 Cal. 663 ; *S. Mangtulal* v. *The Lister Antiseptic Dressing Co. Ltd.*, I.L.R. 52 Cal. 804 ; *In the matter of The New Fleming Spinning and Weaving Co., Ltd. in liquidation*, I.L.R., 4 Bom. 275, referred to.

U BA TIN *v.* MAUNG WIN HMAN (BY HIS GUARDIAN AND NEXT FRIEND DAW MYINT SEIN) 614

MORTGAGE BY CONDITIONAL SALE—WHEN NOT TO FORECLOSE—CLAUSE GIVING RIGHT OF REDEMPTION OR REPURCHASE AT ANY TIME ... 595

MORTGAGES—*requirement of attestation for mortgages—s.* 59 *Transfer of Property Act—absence of proof of attestation—non-validity of mortgages. Held :* The fact that the defendant in a suit on a mortgage had admitted "execution" of the mortgage deeds, does not relieve the duty of the plaintiff to prove attestation. S. 70 of the Evidence Act will come into play only when the document is proved to have been duly attested. As the plaintiff is unable to prove attestation of the deeds, as required under s.59 of the Transfer of Property Act, the mortgage deeds were invalid. *Aung Rhi* v. *Ma Aung Krwa Pru and one*, 1 Ran. 557 ; *Maung Po Gyi and one* v. *Maung Min Din*, 5 Ran. 561 ; *re Chet Po*, 7 Lower Burma Rulings, (1913-14), p. 77 ; *Ma Thein Shin* v. *Ma Ngwe Nu*, (1939) R.L.R. 388 ; *Arjun Chandra Bhadra* v. *Kalidas Chandras Das*, A.I.R. (1923) Cal. 149, referred to. *Held further :* It lay within the power of the Court under o.7, r. 7, of the Civil Procedure Code to grant the alternative relief of a money decree. No special amendment of the plaint would have been strictly necessary. *Quah Cheng Gwan* v. *Maung Po Myi*, 11 L.B.R., (1921-22), p. 148; *Bisram Singh* v. *Bhagwant Singh*, 91 Indian Cases, p. 6 ; *C.R. Smith* v. *Mrs. Heptonstall*, (1938), R.L.R. 6 ; *Mrs. Niemever* v. *E. M. Mamooji and others*, (1938), R.L.R. 521, referred to. *Obiter :* To dismiss the suit entirely when it is proved that the Defendant does owe him the moneys would be to deny substantial justice and to give undue weight to the technicalities of the law.

U MIN SIN *v.* MOHAMED SHAFEE 627

PROMISSORY NOTE—*'Keieluthu' letter—whether promissory endorsement for specific purpose only—Negotiable Instruments Act—adjudication of plaintiff as insolvent—whether can sue as endorsee.* The Defendants had executed a "*Keieluthu*" letter in favour of one Chittal Achi, who in turn had endorsed it to the Defendants for the purpose of collection. Certain sums had been received by the Plaintiff from the Defendants and the Plaintiff had filed a suit for recovery of the amounts unpaid. The trial judge had held that the "*Kei luthu*" letter was a promissary note executed by the Plaintiff and that the endorsement made by the payee Chittal Achi was not expressly for collection only, and that the probabilities were that the endorsement was for valuable consideration. Accordingly, the Plaintiff who had been adjudicated insolvent on his own petition, had no right to file a suit thereon. *Held :* From the language of the "*Keieluthu*" letter the learned trial

PAGE

Judge was right in holding that it was a promissary note. Regarding the question whether the endorsement was for valuable consideration or for collection only, the principle is that although the endorsement of a negotiable instrument and delivery transfer to the endorsee the property therein, yet if the instrument is delivered conditionally or for a specific purpose only, and not for the purpose of transferring the property therein, the property does not pass to the endorsee. Also, where the endorsement contains no limiting words, it is open to the endorser to lead evidence to show that it was really a conditional endorsement for a specific purpose only, namely that of collection. *Punjab National Bank Ltd.* v. *Cotton Factory known as Bal Krishna Dass—Durga Dutta*, A.I.R. (1924) Lah.; 640; *Ghulam Mohiuddin* v. *Ram, Ditta Mal and another* A.I.R. (1930) Lah. 248; *Haji Fazli Hussain Khair Mohammad* v. *Taj Mohammad Khan*, A.I.R. (1936) Peshawar, 181, referred to. Accordingly, the plaintiff can be allowed to plead and prove that the "*Keieluthu*" letter sued upon was endorsed to him by the payee Chittal Achi, merely for collection. As the endorsement was merly for collection, the property in suit, the promissary note did not pass to the plaintiff. Consequently, the fact that the plaintiff was adjudicated insolvent, would not prevent him from filing the suit for the recovery of the money due on the "*Keieluthu*" letter. Regarding the question whether any interest can be decreed on the "*Keieluthu*" letter, which was executed in 1952, the suit will be remanded to the trial Court for deciding this issue, in view of the provision of s. 12 of the Money Lenders Act.

V.K.L. KUMARAPPA CHETTIAR *v.* A R.S.K N. KANAPPA CHETTIAR AND ANOTHER 653

RATEABLE DISTRIBUTION—*Rival Claiment—Civil Procedure Code* s. 73—*requirements under Civil Procedure Codes* 63—*receipt of assets by one executing Court—whether constitutes receipt of assets by another Court. Held:* To obtain rateable distribution under s. 73 of the Civil Procedure Code, the claimants must satisfy that the assets are being held by a Court, and that applications for the execution of decrees have been made to the Court before the receipt of such assets by the Court. Accordingly, where the suits filed by the claimants were still pending at the time the assets were paid into Court by the *ganeshi*: they have not satisfied the requirements of s. 73. *N.M.L. Chettyar* v. *The Official Assigene*, XIII Ran. 514; *M.A.L. Chettyar* v. *Maung Aung and one*, Civil Execution No. 3 of 1963 of the Chief Court; and *R.N. Panday* v. *Mohamed Cassim Khan*, (1938.) R.L.R. 565, referred to. *Held also:* It is unfortunate that the claimants concerned attained their decrees a little too late, and that no consideration of Equity can be made where the law is clear. *Held further:* Under s. 63 of the Civil Procedure Code, where property has been attached in execution of decrees of several courts, the receipt of assets by one Court, contributes the receipt of assets by the other Courts as well. Accordingly, a claimant who obtained a decree against a certain defendant from a District Court and executed the same, before the depositing of the assets by the *ganeshi* with the High Court at the instance of another person who had obtained a decree against the same defendant, must be held to have satisfied the requirements of s. 73.

U TUN TIN AND ANOTHER *v.* DAW MYA KYI ... 639

PAGE

RIGHT OF LEGAL REPRESENTATIVE TO CONTINUE EXECUTION FOR COSTS AWARDED TO THE DECEASED 607

SALES TAX RULES—*Rule 23—Validity of the phrase "or otherwise"—suo motu revisional powers of Financial Commissioner—meaning and scope of ss. 18 and 19 of the Sales Tax Act—Scope of s. 28 (2) (i) of the Act—rule making powers of President—S. 90 of the Constitution. Held:* The words "or otherwise" occurring in sub-rule (1) of Rule 23 of the Sales Tax Rules, is not *ultra vires* the rule making powers conferred by the Sales Tax Act. *Held also:* Although the language of ss. 18, 19 and 28 (1) of the Sales Tax Act, 1952 has been stressed, mention has not been made of clause (1) of s. 28 (2) of the Act. Under the said clause, rules may be made for any other matter for which there is no provision in the Sales Tax Act, and for which provision is necessary for giving effect to the purposes of the Act. The Revision by the Financial Commissioner of the orders of officers appointed under s. 3 of the Sales Tax Act of 1952, is within the scope of the Sales Tax Act, 1952 and the rules framed thereunder. Therefore, when the Act itself is silent on the point, it is within the power of the President of the Union to make a rule in that behalf if in his opinion this is necessary for giving effect to the purposes of the Act. Such a rule cannot be impugned as unreasonable. *Wicks* v. *Director of Public Prosecutions*, (1947) A.C. 362; *Institute of Patent Agents and others* v. *Joseph Lockwood* (1894) A.C. 347 at 360; *Minister of Health* v. *The King (on the Prosecution of Yaffe)* (1931) A.C. 494; *Slattery* v. *Naylor*, (1888) XIII A.C. 446; *Kruse* v. *Johnson*, (1898) 2 Q.B. 23; *Baker* v. *Williams*, (1898) I.Q.B. 23; *The London County Council* v. *The Bermondsey Bioscope Co. Ltd.* (1911) I.K.B. 445, referred to. In view of the wide powers given to the President by the Sales Tax Act of 1952, it may be that so far as revisions other than on the application by the assessee were concerned, the Legislature had deemed it fit to leave the matter within the discretion of the President of the Union in the exercise of his rule making powers. *Obiter:* The letters from the Commissioner of Commercial Taxes to the Financial Commissioner which have given rise to the revision proceedings under consideration, are not "applications" under s. 18 and 19 of the Sale Tax Act.

BURMA PEARL FISHING AND CULTURE SYNDICATE *v.* THE COMMISSIONER OF COMMERCIAL TAXES, BURMA ... 584

SMALL CAUSE CASE—*revision against order—scope of revisional powers—S. 25 Rangoon City Civil Court Act—Finding of fact when perverse. Brevity of order in a small cause case—O.XXI r. 4 (1) Civil Procedure Code. Held:* Although a revision application filed under s. 25 of the Rangoon City Civil Court Act falls within wider limits than that set out in s. 115 of the Civil Procedure Code, it does not mean that the revisional powers of the Chief Court are under no restraint, and that a revision application can be heard as if it were an appeal. Furthermore, only in exceptional cases will the Chief Court interfere with the findings of facts in small cause cases; for example, when the finding is perverse or unwarranted by the evidence. *Daw Saw* v. *L.R. Chettyar*, (1955) B.L.R. 49 (H.C.); *Sultan Ahmed* v. *Nasara Jaman*, (1950) B.L.R. 369 (H.C.), referred to. A finding of fact is not perverse merely because the revisional Court would have arrived at a different conclusion from the same evidence, if it had tried the suit itself. *Bank of Chettinad* v. *Commissioner of Income-tax, Burma*, Civil

PAGE

Ref. No. 18 of 1963 of the Chief Court, referred to. *Held further:* By passing a brief order, the trial Judge may have exposed himself to criticism, but O.XXXI, r. 4 (1) of the Code of Civil Procedure prescribes that judgements of a court of small cases need not contain more than the points for determination and the decision thereon.

UNION OF BURMA *v.* U THA WIN 647

WORKMEN'S COMPENSATION ACT—*Proceedings before Commissioner—Rule 38 of Workmen's Compensation Rules—irregularity of recording evidence—when miscarriage of justice. Substantial question of law in appeal—question of "wilful disobdience" cause of employment of a lorry driver. Held:* Considering the facts of the case, any irregularity that might have cropped into the proceedings in the recording of evidence has not affected substantial justice that has been rendered. The proviso to Rule 38 of the Workmen's Compensation Rules makes it clear that the vital test of validity will be whether the procedure prejudices the interest of the parties. Non-compliance with procedure in itself will not justify a re-trial order. Non-compliance must result in a failure of justice. *Singh* v. *Burma Railways*, (1938) R.L.R. 641; *Nabet Khan* v. *Raja Khan*, Civil Miscellaneous Appln. No. 1 of 1963; *Pestonji* v. *Farid Khan*, A.I.R. (1933) Sind 273, referred to. *Held further:* The lorry driver in question admittedly died from an ambush at the hands of bandits, and an ambush is an occupational risk which he had to take in the course of his employment. The employer is accordingly liable to pay compensation. *Burma Oil Company Ltd.* v. *Ma Hmwe Yin*, 13 Ran. 553; *The Superintendent, Govt. Printing & Stationery* v. *Daw E May*, (1958) B.L.R. 370 (H.C.), referred to.

U MAUNG GYI *v.* DAW HLA KAI 619

အက်ဥပဒေများ။

ကာလစည်းကမ်းသတ်အက်ဥပဒေ။

တရားမကျင့်ထုံး။

ပစ္စည်းလွှဲပြောင်းရေးအက်ဥပဒေ။

ပြည်ထောင်စုမြန်မာနိုင်ငံသား ဖြစ်မှုအက်ဥပဒေ။

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံအက်ဥပဒေ။

မြို့ပြဆိုင်ရာဥပဒေ။ ကြီးကြပ်ရေးအက်ဥပဒေ။

ယစ်မျိုးအက်ဥပဒေ။

ယာယီပြင်ဆင်ချက် လက်နက်ဥပဒေ။

ရာဇသတ်ကြီး။

ရာဇဝတ်ကျင့်ထုံး။

ရှေ့နေရှေ့ရပ်မျှားအက်ဥပဒေ။

ရောင်းခွန်အက်ဥပဒေ။
ဝိုနိစ္ဆယခုံအက်ဥပဒေ။
ဝိုနိစ္ဆယဌာနအက်ဥပဒေ။
သက်သေခံအက်ဥပဒေ။
သီးခြားသက်သာခွင့်အက်ဥပဒေ။

ကလေးစရိတ်၊ မယားစရိတ်၊ သတ်မှတ်ရာ၌ စဉ်းစားသင့်သောအချက်များ။ **ဆုံးဖြတ်ချက်**။ ။ကလေးအတွက်စားစရိတ်ပေးစေရန်၊ အမိန့်ချမှတ်သည့်အခါ ကလေးတယောက်၏ဝတ်ရေး (clothing) နှင့် စားရေး(food)တို့ကို၊ ငှင်း၏အသက်အရွယ်၊ဘခင်၏အလုပ်အကိုင်၊ အနေအထိုင်အဆင့်အတန်းနှင့် အပိုအလိုမရှိအောင်၊ အမှန်တကယ်ကုန်ကျမည့် အတိုင်းဖြစ်စေရန်၊ နှိုင်းယှဉ်ချိန်ဆပြီး၊ အမိန့်ချမှတ်ရန်လိုအပ်သည်။ ။ကျေပီဒရာဂုန် နှင့် အယ်မလီမီတိတ်ဒရာဂုန်။ ၁၃-ကရေးမီနယ်လော်ဂျာနယ် ၁၉၁၂၊ စာမျက်နှာ ၅၅။ ။အက်(စ်) အမ်ချမဲလီ နှင့် ဂက်(ဂျ်)ရ(ဂျ်)ဘဟဒူးဂုန်တား၊ အေ၊အိုင်၊အာရ်၊ ၁၉၅၄၊ အလဟာဘတ်စာမျက်နှာ ၃၃။ ။မောင်ရွှေဘ နှင့် မသိန်းညာ။ ၁၉၃၈ ခုနှစ်၊ရန်ကုန်စီရင်ထုံး စာမျက်နှာ ၆၇၃ တို့ကိုရည်ညွှန်းသည်။ ။ထို့ပြင် ကလေး၏ပညာသင်ရေး (child's education) ကိုသာ စားစရိတ်အတွက် အမိန့်ချမှတ်စဉ်အခါ၊ ထည့်သွင်းစဉ်းစားရန်ဖြစ်သော်လည်း ကလေးသည် အမှန်တကယ်ပညာသင်ရန် ကျောင်းစရိတ်အတွက် အကုန်အကျရှိမှသာ ပညာရေးစရိတ်(education expenses) ကိုထည့်သွင်း စဉ်းစားရန် ဖြစ်သည်။ ။မေဂျာဂျီဂျင်ဒါဆင်းနှင့် ဘီဘီရပ်(ဂျ်)မိုဟင်းဒယ်ခေါ်။ အေ၊အိုင်၊အာရ်၊ ၁၉၆၀၊ ပန်ဂျပ်စီရင်ထုံး၊ စာမျက်နှာ ၂၄၉ ကိုရည်ညွှန်းသည်။ ။မယားစရိတ် (wife's maintenance) အတွက်အမိန့်ချမှတ်ရာတွင်လည်း၊ မယားဖြစ်သူ၏နေထိုင်ရေး (lodging)၊ ဝတ်ရေး (clothing) နှင့်စားသောက်ရေး (food) တို့ကို လင်ယောကျ်ားအလုပ်အကိုင်အနေအထိုင်အဆင့်အတန်းနှင့် အပိုအလိုမရှိစေဘဲ အမှန်တကယ်ကုန်ကျမည့်အတိုင်းဖြစ်စေရန်၊ နှိုင်းယှဉ်ချိန်ဆပြီး အမိန့်ချမှတ်ရန်လိုသည်။ ။ လာပိတာဂေါင်းရှီအားနီ နှင့် ဂိုဗွဲဒဏ်စာဟူ။ ၂၅ ကပ်၊အယ်၊ဘီ၊ ၄၀၇ ကို ရည်ညွှန်းသည်။

မောင်စိန်လှိုင် နှင့် မဘင်ရီ ....

ကာလစည်းကမ်းသတ် အက်ဥပဒေအပိုဒ် ၇၃ "အတည်ပြု" (enforce) ဆိုသောစကားရပ် "ဇာရီပြုလုပ်ခြင်း" ဆိုသောစကားရပ်ထက် အဓိပ္ပါယ်ကျယ်ဝန်းခြင်း။ ။နှစ်ဦးသဘောတူချမှတ်ထားသောဒီကရီ တရားနိုင်မှုများ လျှောက်ထားနိုင်သောအခွင့်၊တရားမကျင့်ထုံးအမိန့် ၂၁၊နည်းဥပဒေ ၆၃(ခ)အရလျှောက်လွှာ။ ။အယူခံတရားလိုမျှားသည်၊ ၁၉၃၅ ခုနှစ်တွင်၊ အယူခံတရားခံ ၂ ဦးနှင့် အခြားသူ ၂ ဦးအပေါ် ခွေးထားသောငွေရလိုမှုနှင့် ရန်ကုန်တရားလွှတ်တော်တွင် တရားစွဲဆိုခဲ့ရာ၊ ၁၉၃၉ ခုနှစ်တွင်၊ နှစ်ဦးသဘောတူ တူညီချက်အရ၊ ဒီကရီရရှိခဲ့လေသည်။ ။ထိုဒီကရီတွင်၊ အပိုင်းနှစ်ပိုင်းပါရှိလေသည်။ ပဌမအပိုင်းမှာ တရားစွဲဆိုသည့်ငွေကို၊ အတိုးနှင့်တကွပေးဆပ်ရန်ဖြစ်၍၊ ဒုတိယအပိုင်းမှာ၊

အင်ပီးရိုးရယ်ဘဏ်တွင်ရှိသော၊ တရားခံများ၏ဝေစုမှဒွေကို၊ အမှုအတောအတွင်း ဝါရမ်းဘမ်းဆီးခဲ့သည့်အမိန့်သည် ဆက်လက်တည်ရှိစေရမည်ဖြစ်သည်။ ။၁၉၄၈ ခုနှစ်၊ အယူခံတရားလိုများသည်၊ အယူခံတရားခံများ နှစ် ဦးအပေါ် ဇာရီပြုလုပ်၍ ဘဏ်မှသိမ်းဆည်းထားသောငွေများမှ ထုတ်ပေးရန်၊ တရားမကျင့်ထုံးအမိန့် ၂၁၊ နည်းဥပဒေ ၆၃(ခ)အရ လျှောက်ထားလေသည်။ သို့ရာတွင်ထိုစဉ် အခါ၌ အယူခံတရားခံနှစ်ဦးပါဝင်သော အမွေမှုများမှာ မပြီးဆုံးသေး၍၊ **ၔင်းတို့၏** ဝေစုများကို တိကျစွာသတ်မှတ်ခြင်းမပြုရသေးသဖြင့်၊ တရားလွှတ်တော်က လျှောက်လွှာကိုပယ်ခဲ့ပါသည်။ ။၁၉၆၂ ခုနှစ်တွင်၊ အဆိုပါအမှုများပြီးဆုံးပြီး၊ အယူခံတရားခံနှစ်ဦး၏ ပိုင်ဆိုင်မှုများကိုလည်း၊ တိကျစွာသတ်မှတ်နိုင်ခဲ့၏။ ။ ၁၉၆၃ ခုနှစ်တွင်၊ အယူခံတရားလိုများက၊ တရားမကျင့်ထုံးအမိန့် ၂၁၊ နည်းဥပဒေ ၆၃(ခ)အရ၊ ဘဏ်မှဒွေထုတ်ပေးရန်ညွှန်ကြား၍အတွက်၊ တရားရုံးချုပ်သို့လျှောက်ထားပြန်ရာ တရားရုံးချုပ် မူလဘက်ဆိုင်ရာ တရားရုံးက၊ထို လျှောက်လွှာမှာ ကာလစည်းကမ်းသတ်ကျော်လွန်ပြီးမှ လျှောက်ခြင်းဖြစ်သည်ဟု ယူဆကာ၊ လျှောက်လွှာကိုပယ်လိုက်၏။ ထိုအမိန့်ကိုမကျေနပ်၍ အယူခံတရားလိုများက အယူခံဝင်ပြန်ရာ။ **။ဆုံးဖြတ်ချက်။** ။ဤကိစ္စတွင်၊ သက်ဆိုင်သော ကာလစည်းကမ်းသတ် ဥပဒေ၏ပြဋ္ဌာန်းချက်မှာ၊ ပဋိမဇယားအပိုဒ် (၁၈၃) ဖြစ်သည်။ ထိုအပိုဒ်တွင်၊ တရားလွှတ်တော်မူလဘက်ဆိုင်ရာရုံး၏၊ ဒီကရီ၊ သို့တည်းမဟုတ် အမိန့်ကိုအတည်ပြု၊ (enforce) ရာ၌၊ ထိုဒီကရီ၊ သို့မဟုတ် အမိန့်ကို၊ ယခုလက်ငင်းအတည်ပြုနိုင်ခွင့်ရှိပြီး၊ ၁၂ နှစ်အတွင်း ဆောင်ရွက်နိုင်ရမည်ဟုပါရှိပါသည်။ အတည်ပြု (enforce) ဆိုသောစကားရပ်များသည်၊ ဇာရီပြုလုပ်ခြင်း (execution) ဆိုသော၊စကားရပ်ထက်အဓိပ္ပါယ်ကျယ်ဝန်း၍ "အတည်ပြု" ဆိုသောစကားရပ်များတွင်၊ဇာရီပြုလုပ်သည့်ကိစ္စသတ်မှတ်မျှသာမဟုတ်ဘဲ၊အခြားသက်ဆိုင်ရာ ကိစ္စရပ်များလည်း**ပါဝင်**နိုင်လေသည်။ **။ဘီရင်ဒရာနတ်သ် နှင့် စူရင်ဒရာကူးမား။**အေ၊အိုင်၊ရာ ၁၉၄၀ ခုနှစ်၊ ကာလကတ္တား စာ-၂၆၀။ **။ဆိုဟန်ဘီဘီ နှင့် ဘို(ရှ်)နတ်(သ်)ဒတ်(စ်)။** အေ၊အိုင်၊အာရ်၊ ၁၉၂၈ ခုနှစ်၊ အလာဟာဘတ်၊ စာမျက်နှာ ၂၉၃။ **။ရမ်ခရစ်ရှနား နှင့် ရပ်တန်းချန်း။**အေ၊အိုင်၊ အာရ်၊ ၁၉၅၆ ခုနှစ်၊ အလာဟာဘတ် စာမျက်နှာ ၃၃။ **။ရမ်မနတ်(သ်) ကိုအင်ကား နှင့် အမာချန်။** ၁၉၅၄ ခုနှစ်၊ အိန္ဒိယပြည် စီရင်ထုံးများ၊ ဘုံဘေ စာမျက်နှာ ၃၃၇ တို့ကိုရည်ညွှန်းသည်။ **။၁၉၃၉** ခုနှစ်တွင်ချမှတ်ခဲ့သော ဒီကရီကို သုံးသပ်သော်၊ အမှုသည်များ၏ အဓိက ရည်ရွယ်ချက်မှာ၊ နှစ်ဦးသဘောတူ ချမှတ်သောဒီကရီငွေကို ဘဏ်တွင်အပ်နှံထားသည့်၊ တရားခံများပိုင်ဆိုင်သည့် ငွေမှ ယူရန်ဖြစ်သည်။ ။တရားခံများ၏ဝေစုကို၊ တရားရုံးကသတ်မှတ်ပြီးမှသာလျှင် ဝါရမ်းဖမ်းဆီးထားသောငွေအနက်မှ၊ လျှောက်ထားသောငွေကို အယူခံတရားလိုများက ရပိုင်ခွင့်ရှိမည်။ ။ထို့ကြောင့်တရားမကျင့်ထုံးအမိန့် ၂၁၊ နည်းဥပဒေ ၆၃(ခ)အရ၊ အယူခံတရားလိုများကလျှောက်ထားရာ၌၊ ကာလစည်းကမ်းသတ် အက်ဥပဒေအပိုဒ် ၁၈၃ ပါပြဋ္ဌာန်းချက်များအရ အမိန့်ဒီကရီကို အတည်ပြုဆောင်ရွက်ခြင်းသာဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာ၌၊ အဆိုပါအပိုဒ် ၁၈၃ တွင်ဘောင်ဝင်အံကျဖြစ်သည်ဟုယူဆရမည်။

အမ်၊အေ၊အယ်(လ်)၊အလုပ်တိုက် ၎င်းကိုယ်စားလည်း၊ **ပီ**အယ်(လ်)ဗီရာမာ
ဆွာမိချစ်တီးယား နှင့် မောင်အောင် ပါ-၂ 745

PAGE

တရားစီရင်ရေး အာဏာ—ဂရုမြေကိုမည်သူ့အားပေးရန်ဆုံးဖြတ်ခြင်း—အုပ်ချုပ်ရေး အာဏာအရ၊ဆုံးဖြတ်ခြင်း—အမှုခေါ်စာချုပ်တော်ကိစ္စ။ ။အထက်မြန်မာပြည် ရယ်ဂူလေးရွင်းအရ၊ ညွှန်ကြားချက်များ၊ ဘဏ္ဍာတော်မင်းကြီးက မလိုက်နာဘဲ နေနိုင်ခြင်း။ ။ဆုံးဖြတ်ချက်။ ။အစိုးရပိုင်မြေနှင့် စပ်လျဉ်း၍ ဂရုကို မည်သူ့အား လဲပြောင်းသင့်ကြောင်း၊ ဘဏ္ဍာတော်မင်းကြီးက ဆုံးဖြတ်ရာ၌၊ တရားစီရင်ရေး ကဲ့သို့ အာဏာဖြင့် ဆောင်ရွက်ခြင်းမဟုတ်ဘဲ၊ မိမိတွင် အခွန်တော် အရာရှိအနေနှင့် ဆောင်ရွက်ရသော အုပ်ချုပ်ရေး၊ အာဏာအရ၊ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ။**ဟပ်ဖေါ်** နှင့် **အင်းစိန်ခရိုင်ဝန်**၊ ၁၉၅၀ ခုနှစ်၊ မြန်မာပြည် စီရင်ထုံးများ၊ တရားလွှတ်တော်ချုပ်၊ စာမျက်နှာ ဂဖ်။ ။**မိုဟာမက်ဟာနစ်ပါ ၁** နှင့် **ဘဏ္ဍာတော်မင်းကြီး**၊ ၁၉၅၂ ခုနှစ်၊ မြန်မာပြည် စီရင်ထုံးများ၊ တရားလွှတ်တော်ချုပ်၊ စာမျက်နှာ ၁၁။ ။**ဦးကြွံမိုင်** နှင့် **ဘဏ္ဍာတော်မင်းကြီး**၊ ၁၉၅၂ ခုနှစ်၊ မြန်မာပြည် စီရင်ထုံးများ၊ တရားလွှတ်တော်ချုပ်၊ စာမျက်နှာ ၂၁၄။ **မီသာဒင်ပါ** နှင့် **ဘဏ္ဍာတော်မင်းကြီး ပါ ၄**၊ ၁၉၆၂ ခုနှစ်၊ တရားမအထွေထွေလျှောက်လွှာ အမှတ် ၁၃၉။ ။**ဦးပေါ်** နှင့် **မအူပင် မြူနီစီပါယ်**၊ ၁၉၆၁ ခုနှစ်၊ တရားမ အသေးအဖွဲ့ လျှောက်လွှာ အမှတ် ၂၀၆ တို့ကို ရည်ညွှန်း၍ လိုက်နာသည်။ ။ထို့ပြင် အထက်မြန်မာပြည် ရယ်ဂူလေးရွင်းအရ၊ ပြုလုပ်ထားသည့် နည်းဥပဒေများနှင့် သက်ဆိုင်သော ညွှန်ကြားချက်များမှာ၊ အက်ဥပဒေအရ သော်၎င်း၊ အက်ဥပဒေအရ၊ ပြုလုပ်သော နည်းဥပဒေအရ သော်၎င်း၊ လိုက်နာရန် လိုသည့် အချက်များ မဟုတ်၊ ထိုညွှန်ကြားချက်များကို ဘဏ္ဍာတော်မင်းကြီးက အလျဉ်းသင့်သလို လိုက်နာနိုင်သည်။ မလိုက်နာဘဲ နေခြင်းကြောင့်၎င်း၊ အမိန့်မှာ ပျက်ပြယ်ခြင်း မရှိနိုင်။

အဇစ်ခန် နှင့် ဘဏ္ဍာတော်မင်းကြီး ပါ ၄ 735

တရားမကျင့်ထုံး ကိုဥပဒေအမိန့် ၂၁၊ နည်း ၅၈—ဝါရမ်းဖမ်းထားသော ပစ္စည်းကို ခွါရန်လျှောက်လွှာ—မည်သည့်အခါ၌တင်သွင်းရမည်ဖြစ်ခြင်း—လျှောက်ထားစဉ်တွင်း၊ ပစ္စည်းကို မရောင်းဘဲ ထားရန် ရုံး၏တာဝန် ဆိုင်းငံ့ခြင်း မပြုလျှင် ပြင်ဆင်နိုင်သည့် အာဏာ။ ။**ဆုံးဖြတ်ချက်**။ ။ဝါရမ်းဖမ်းထားသော ပစ္စည်းများကို တရားမကျင့်ထုံး ကိုဥပဒေအမိန့် ၂၁၊ နည်းဥပဒေ (၅၈)အရ၊ ဝါရမ်း ခွါလိုလျှင် ထိုပစ္စည်းများကို ရောင်းချခြင်းမပြုမီ လျှောက်ထားရမည်ဖြစ်သည်။ ။ **မောင်ဘိုးဘေနှင့် မောင်ကွာ**၊ ရန်ကုန်စီရင်ထုံး အတွဲ ၅၊ စာမျက်နှာ ၇၅၁ ကို ရည်ညွှန်းသည်။ ။ထိုသို့ လျှောက်ထားသည့် အခါ၊ ၎င်းဥပဒေ အမိန့် (၂၁)၊ နည်းဥပဒေ (၆၀) အရ၊ ချမှတ်ရန် ဖြစ်သော အမိန့်ကို ဝါရမ်းဖမ်းထားသော ပစ္စည်းများကို ရောင်းချခြင်းမပြုမီ ချမှတ်ရန်ဖြစ်သည်။ ။**ကူဟုတ်ဒေးကူပါနှင့် ရမ်ချာရီတာဘာတီ**၊ ဘော၊အိုင်၊အာ (ရ) ၁၉၂၄ ပတ်တနားစီရင်ထုံး ၇၆။ ။ **ဂိုဝေါ်(လ်)ချန်ဒရာမူကယ်ဂျီနှင့် နီတိုဘာကွန်ဒူး အင်ဒီးယန်း ကိတ်စက်(စ်)အတွဲ ၁၅ (၁၉၁၂) ၅၃၊ ၁၆ ကာလကတ္တား၊ ဝီကလေန္ဒတ်(စ်)၊ ၁၀၂၉။ ။ထို့ပြင်၊ ထိုသို့ လျှောက်ထားသည့်အခါ သက်ဆိုင်ရာရုံးက ဝါရမ်းဖမ်းထားသည့် ပစ္စည်းများကို ရောင်းချခြင်းမပြုဘဲ ဆိုင်းငံ့ထားရန် ဖြစ်သည်။ ။ဘော၊အိုင်၊အာ(ရ)၊ မင်နရယ် အတွဲ (၂) ၁၉၃၃၊၁၉၃၄ ကို ရည်ညွှန်းသည်။ ။သက်ဆိုင်ရာရုံးက ထိုသို့ဆိုင်းငံ့ထားခြင်း မပြုလျှင်ထိုအမိန့်သည်ဥပဒေကို ဆန့်ကျင်ရာရောက်စေပြီး၊

PAGE

လျှောက်ထားသူအား မပြုပြင်နိုင်သည့်နစ်နာမှုကို ဖြစ်စေမည်ဖြစ်သဖြင့် ထိုအမိန့်ကိုပြင်ဆင်ရမည်ဖြစ်သည်။ ။**အပ္ပဒူရကူးအတ္ထား** နှင့် **ဒါဝတ်ဟာဂျီအာလီမိုဟာမတ်**၊ ၁၉၅၃ ခုနှစ်၊ မြန်မာနိုင်ငံ တရားလွှတ်တော် စီရင်ထုံးများ ၇၈။

ဦးအေးမောင် နှင့် ကိုကျင်သိန်း 771

တရားမကျင့်ထုံးပုဒ်မ ၉၅—တရားခံပိုင်ဆိုင်သည့်ပစ္စည်းများကိုဝါရမ်းဖမ်းခြင်း—အပြင်လူကဝါရမ်းခံခြာင့်လျော်ကြေးငွေပါတောင်းခံနိုင်ခွင့်ရှိမရှိ။ ။**ဆုံးဖြတ်ချက်**။ ။ တရားမကျင့်ထုံးပုဒ်မ ၉၅ ပါပြဋ္ဌာန်းချက်များအရ ပစ္စည်းများကို ဝါရမ်းဖမ်းသဖြင့် လျော်ကြေးလျှောက်ထားနိုင်သူမှာ၊ အမှုတွင်ပါသောတရားခံသာဖြစ်သည်။ အမှုတွင်မပါဝင်သူသည် ထိုပုဒ်မအရ လျော်ကြေးရရှိရန် လျှောက်ထားပိုင်ခွင့်မရှိ။ အကယ်၍ငင်းနှစ်နာသည်ဆိုက၊ တရားတထုံးစွဲဆိုနိုင်သည်။

ဒေါ်စောမြ နှင့် အမ်၊အိပ်(ချ်)၊ရှရစ်(ဖ်) 669

တရားမကျင့်ထုံးအမိန့် ၂၂ နည်းဥပဒေ ၁၀—အမှုမပြီးဆုံးသေးမီ လွှဲပြောင်းတရားစွဲဆိုခြင်း။ အမှုရပ်စဲခြင်းနှင့် အမှုသစ်ဆက်လက်စွဲဆိုခြင်း။ 707

တင်ကူးကြံရွယ်ချက် (premeditation) ရာဇသတ်ကြီး ပုဒ်မ ၃၀၂ (၂)—မည်သည့်ကာလတွင် တင်ကူးကြံရွယ်ချက်ဖြင့် ပြစ်မှုကျူးလွန်ခြင်း—ထန်းရည်မူးနေစဉ် လူသတ်ခြင်း။ ရာဇသတ်ကြီးပုဒ်မ ၈၅/၈၆။ ။**ဆုံးဖြတ်ချက်**။ ။ထန်းရည်မူးနေစဉ် လူသတ်မှုကျူးလွန်စေကာမူ ထန်းရည်ကိုအလိုအလျောက်သောက်၍မူးခြင်းဖြစ်သဖြင့်၊ ပြစ်မှုမှရာဇသတ်ကြီးပုဒ်မ ၈၅/၈၆ အရ လွှတ်မြောက်နိုင်မည်မဟုတ်။ သို့သော်ထန်းရည်မူးခြင်းကို အခြားအကြောင်းများနှင့် ပူးတွဲ၍စဉ်းစားနိုင်မည်ဖြစ်သည်။ ။**မောင်သန်းမြင့်** နှင့် **ပြည်ထောင်စုမြန်မာနိုင်ငံ**၊ ၁၉၅၃ ခုနှစ် မြန်မာနိုင်ငံ တရားလွှတ်တော်စီရင်ထုံး ၃၄၂၊ ကိုရည်ညွှန်းသည်။ ။အယူခံတရားလိုသည် ထန်းရည်မူးနေစဉ် သေသူမိမိ၏ဇနီးအား ပြန်လိုက်ရန် ခေါ်ဆာင်၊ သေသူက ပြန်မလိုက်လိုကြောင်း ပြောသော်လည်း၊ ခါးဖြင့် မထိုးသေးဘဲ ခါးကိုသာ ပြီး၊ ၎င်းထွက်ပြေးမှသာခါးနှင့်ထိုးသဖြင့်တင်ကူးကြံရွယ်ချက်ဖြင့်ခါးဖြင့်ထိုးခြင်းမဟုတ်ဟု ယူဆရမည်။ ခေါ်၍မရသဖြင့် ထန်းရည်မူး၍ ရုတ်တရက် ပေါ်ထွက်လာသည့် မထိန်းနိုင်သော ဒေါသ အရှိန်ကြောင့် ခါးဖြင့် ထိုးခြင်းသာ ဖြစ်သည်ဟု ယူဆရမည်။ ။သို့ဖြစ်၍ ရာဇသတ်ကြီးပုဒ်မ ၃၀၂ (၁) (ခ) အရ၊ အပြစ်မပေးသင့်ဘဲ၊ ပုဒ်မ ၃၀၂ (၂) အရသာ အပြစ်ပေးသင့်သည်။

မောင်ညွန့်ဆောင်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ 698

နှုတ်စာရုပ်သိမ်းခြင်း မြောက်မမြောက်—ပစ္စည်းပြောင်းရေးအက် ဥပဒေပုဒ်မ ၃၃ အရအိမ်ရှင်ကငှါးရမ်းခထုတ်ယူသည့်ကိစ္စ 768

ပစ္စည်းလွှဲပြောင်းရေးအက်ဥပဒေပုဒ်မ ၁၁၃—အိမ်ရှင်က ငှါးရမ်းခထုတ်ယူခြင်း၊ နှုတ်စာ ရုပ်သိမ်းခြင်းမြောက်မမြောက်။ ။**ဆုံးဖြတ်ချက်**။ ။အိမ်ရှင်တဦးသည်၊ အိမ်ငှါးက ကြီးကြပ်ရေးဝန်ထံတင်သွင်းခဲ့သော ငှါးရမ်းခများကို ထုတ်ယူရုံမျှဖြင့်

PAGE

ဌါးရမ်းသူအဖြစ် ပြန်လည် အသိအမှတ်ပြုလိုသည်ဟု မယူဆနိုင်။ ။**တန်မိုးနှင့် အာဝေအမှူ**၊ ၁၉၅၆ ခုနှစ်၊ မြန်မာပြည် စီရင်ထုံးများ တရားလွှတ်တော် စာ ၅၀၄ ရည်ညွှန်း၍လိုက်နာသည်။

ဦးမောင်ကြီး (ခေါ်) အက်(စ်)အေဝါဟစ်နှင့် ဦးပေါ်မြို့ 768

ပြည်ထောင်စု မြန်မာနိုင်ငံသားဖြစ်မှု အက်ဥပဒေပုဒ်မ ၁၄ (က) (၃)—မည်သည့်အခါတွင် မြန်မာနိုင်ငံသားအဖြစ်မှ ရပ်စဲသည်ဟု ယူဆနိုင်ခြင်း 661

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပုဒ်မ ၁၁(ခ)။ နိုင်ငံသားဖြစ်သူသည်၊ ထိုနိုင်ငံသားဖြစ်မှုမှ ဆုံးရှုံးခဲ့သည်ဆိုလျှင်၊ အဆိုပြုသောသူ၏ သက်သေပြရမည့်တာဝန်။ ပြည်ထောင်စု မြန်မာနိုင်ငံသား ဖြစ်မှုအက်ဥပဒေပုဒ်မ ၁၄(က) (၃)။ နိုင်ငံခြားအစိုးရမှ မိမိအလိုအတိုင်း၊ နိုင်ငံကူးလက်မှတ် ရယူသုံးစွဲခြင်းသာ အကျုံးဝင်ခြင်း၊ ၁၉၅၅ ခုနှစ်၊ ဧပြီလ ၁ ရက်နောက်ပိုင်းနှင့်သာ သက်ဆိုင်ခြင်း၊ စစ်ကြိုကာလနှင့် မသက်ဆိုင်ခြင်း။ ။**ဆုံးဖြတ်ချက်**။ ။အယူခံ တရားလိုသည်၊ ပြည်ထောင်စု မြန်မာနိုင်ငံ၌ မွေးဖွါးရှ် ငင်း၏ဖခင်၏ အမိသည်၊ ရှမ်းအမျိုးသမီး ဖြစ်သည်ဆိုသည်မှာ၊ မငြင်းမထွက်သဖြင့်၊ ငင်းသည်ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံဥပဒေပုဒ်မ ၁၁(ခ) အရ၊ ပြည်ထောင်စုမြန်မာနိုင်ငံ၏ နိုင်ငံသား ဖြစ်သည်ဟု မှတ်ယူရမည်။ ငင်းသည်နိုင်ငံသားဖြစ်မှု ဆုံးရှုံးခဲ့သည်ဟုဆိုလျှင်၊ အဆိုပြုသူက သက်သေထင်ရှားပြရမည်။ ။**ထိုပြင်အယူခံ** တရားလိုသည်၊ နိုင်ငံခြားသားအဖြစ်၊ ၁၉၅၇ ခုနှစ်တွင်၊ တရုပ်ပြည်သို့ ပြန်လည်ပို့ခြင်း ခံရပြီးနောက်၊ မြန်မာပြည်သို့ တိတ်တဆိတ် ပြန်လည်ဝင်လာသူဖြစ်ရာ၊ တရုပ်ပြည်သို့၊ ၁၉၅၇ ခုနှစ်၌ ပြန်ရာတွင်နိုင်ငံကူးလက်မှတ်ရယူခဲ့စေကာမူ၊ ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်မှု အက်ဥပဒေပုဒ်မ ၁၄(က) (၃) အရ၊ မြန်မာနိုင်ငံသားအဖြစ်မှရပ်စဲခဲ့ပြီးကြောင်း မယူဆနိုင်၊ ထိုပုဒ်မပါပြဋ္ဌာန်းချက်များအရဆိုလျှင်၊ နိုင်ငံခြားအစိုးရထံမှ နိုင်ငံခြားသား အနေနှင့် နိုင်ငံကူးလက်မှတ် ရယူခြင်းပြုသူသည်၊ မိမိအလိုအတိုင်း ရယူခြင်း ပြုမှသာငင်းသည် ထိုပြဋ္ဌာန်းချက်များတွင်အကျုံးဝင်မည် ဖြစ်သည်။ ။ဃခု အမှုတွင်၊ အယူခံတရားလိုသည်၊ မိမိအလိုအတိုင်း နိုင်ငံခြားအစိုးရထံမှ နိုင်ငံခြားသားအနေနှင့် နိုင်ငံကူးလက်မှတ်ရယူကြောင်း မပေါ်လွင်သည် သာမက၊ တရုပ်ပြည်သူ့ သမတနိုင်ငံမှ၊ ငင်းအား နိုင်ငံကူးလက်မှတ် ထုတ်ပေးကြောင်း၊ သက်သေစိုးစဉ်းမျှ မရှိ၊ အယူခံတရားလိုသည်၊ ပြည်ထောင်စု မြန်မာနိုင်ငံသားအဖြစ်မှ ရပ်စဲပြီဟုမဆိုနိုင်။ ။ငင်းပြင် အယူခံတရားလိုသည်၊ ၁၉၄၉ ခုနှစ်တွင်၊ နိုင်ငံခြားသားအဖြစ် မှတ်ပုံတင်ကာမျှဖြင့်၊ ပြည်ထောင်စု မြန်မာနိုင်ငံသား အဖြစ်မှ ရပ်စဲပြီဟု မဆိုနိုင်။ ။**တိန်ယူဟန် နှင့် ပြည်ထောင်စု မြန်မာနိုင်ငံကော်သမတပါ**၊ ၁၉၅၃ ခုနှစ်၊ မြန်မာပြည်စီရင်ထုံးများ၊ တရားလွှတ်တော်ချုပ် စာ ၄၇ ကိုရည်ညွှန်း၍လိုက်နာသည်။ ။တဖန်အယူခံတရားလိုသည် စစ်ကြိုဧတော်က တရုပ်ပြည်သို့ သွားရောက်ရှောင်တိမ်းရန်အတွက်၊ ရန်ကုန်မြို့ရှိ တရုပ်ကောင်စစ်ဝန်ရုံးမှ နိုင်ငံကူးလက်မှတ် ရယူခဲ့စေကာမူ၊ အထက်ဖေါ်ပြပါ ပုဒ်မ ၁၄(က) (၃)အရ၊ ပြဋ္ဌာန်းချက်မျှဖြင့်သည်၊ ၁၉၅၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့၊ ဆိုက်ရောက်ပြီးနောက်မှ နိုင်ငံခြားအစိုးရထံမှ နိုင်ငံခြားသား အနေနှင့် နိုင်ငံကူးလက်မှတ် ရယူသုံးမျှားနှင့်သာ သက်ဆိုင်

PAGE

သည်။ အယူခံတရားလို့နှင့် မသက်ဆိုင်။ ။အယူခံ တရားလိုသည်၊ ယခုတိုင် ပြည်ထောင်စုမြန်မာနိုင်ငံသား ဖြစ်သည်ဟု ဆုံးဖြတ်ရမည်ဖြစ်သည်။

ချန်ယုတ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ 661

ဖြောင့်ချက်တခုလုံး စဉ်းစားရန်လိုခြင်း—တရားခံအား အကျိုး ဖြစ်သင့်သောကိစ္စများကိုပါစဉ်းစားရန်။ ။ဆုံးဖြတ်ချက်။ ။ဖြောင့်ချက်ကို လိုသော အချက်၌သာ ဆဲယူ၍ အခြေခံပြုလုပ်ရန်မသင့်ဘဲ၊ ဖြောင့်ချက် တခုလုံးကို လက်ခံ၍၊ စဉ်းစားရန် ဖြစ်သည်။ ။ထို့ကြောင့် လူသတ်မှုဖြင့် စွဲဆိုခြင်းခံရသော တရားခံတဦးသည် မိမိ၏ ဖြောင့်ချက်တွင် သေသူအား ဓါးဖြင့်ထိုးသည်ဟူသော ဖြောင့်ဆိုချက်ကို ရုံးကလက်ခံလျှင်၊ ထိုသို့ပြုလုပ်ခြင်းမှာ သေသူကငင်းအား ဒုတ်ဖြင့်ရိုက်ရန်ရွယ်သဖြင့် ဖြစ်သည်ဟူသော အချက်ကိုလည်း လက်ခံရမည်။

မောင်သာလှိုင် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ 729

ဖြောင့်ချက်—မယားနှင့်ခလေးများအားအဆိပ်ကြွေးရှိသတ်သည်ဆိုသောဖြောင့်ချက်။ မှန်ကန်သောဖြောင့်ချက် ဖြစ်ကြောင်း ပြင်ပမှ သက်သေခံ အထောက်အထားလိုအပ်ခြင်း—တရားခံက သံသယအကျိုး ခံစားခွင့်။ ။အယူခံ တရားလိုသည်၊ မိမိ၏ဇနီးနှင့် ကလေး ၂ ဦးအား ဝါးပိုးသတ်ဆေးကိုတိုက်ကြွေး၍ သတ်ခဲ့ကြောင်း ဖြောင့်ချက်ပေးပြီးနောက် ရုပ်သိမ်းခဲ့သော်လည်း၊ အောက်ရုံး တရားသူကြီးက ထို ဖြောင့်ချက်မှာ မှန်ကန်နိုင်သည်ဟု ယူဆပြီး၊ ရာဇသတ်ကြီး ပုဒ်မ (၃၀၂) အရ၊ အပြစ်ဒဏ် စီရင်ခဲ့လေသည်။ တရားရုံးချုပ်သို့ အယူခံရာ။ ။ဆုံးဖြတ်ချက်။ ။ ဖြောင့်ချက်တွင် သေသူဇနီးအား အိမ်ပြန်ခေါ်ရာတွင်၊ မလိုက်သဖြင့်၊ ဝါး ပိုးသတ်ဆေးကို ပြန်ယူပြီး၊ ၎င်းနှင့် ကလေး ၂ ဦးအား ရေနှင့်ဖျော်၍ တိုက်သည်ဆိုသည်မှာ၊ သဘာဝအားဖြင့် ယုတ္တိမရှိနိုင်။ သေသူများသည်၊ အဆိပ်ဆေးကို လှုယ်လင့်တကူ သောက်သည်ဟု ယူဆရန်ခဲယဉ်းသည်။ ထို့ပြင် အယူခံတရားလိုသည်၊ မိမိကလေး ၂ ဦးကို ပါ မည်သည့်အတွက် သတ်လိုကြောင်း အခြေခံ မပေါ်။ ။ သို့ဖြစ်၍ အယူခံတရားလိုပေးချ၊ ၎င်းရွယ်သိမ်းခဲ့သည့် ဖြောင့်ချက်မှာ၊ မိမိအလို အလျောက် မှန်ကန်စွာ ပေးခဲ့သည့် ဖြောင့်ချက်ဖြစ်သည်ဟု ယူဆနိုင်ရန် ပြင်ပ သက်သေခံ အထောက်အထားမရှိသဖြင့်၊ ယုံကြည် လက်ခံနိုင်ရန် ခဲယဉ်းသည်။ ယခုကဲ့သို့ အမှုမျိုးတွင် ထိုဖြောင့်ချက်မျိုးပေါ်တွင်၊ ပြစ်မှုတွေ့ရှိ၍ ပြစ်ဒဏ်စီရင်ရန် မသင့်။ ။ဧမောင်ပန်းဇုံ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်၊ ၁၉၆၀ ခုနှစ် မြန်မာပြည် စီရင်ထုံး၊ စာ ၁၅ ကိုရည်ညွှန်း၍ လိုက်နာသည်။

မောင်တင့် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ 703

ဖြောင့်ချက်—ရဲလက်အတွင်းရှိ၊ ပစ္စည်းများသီးခြားတိကျစွာထောက်ခံခြင်း (specific corroboration) ပြုနိုင် မပြုနိုင်။ ။လူသတ်မှုတွင်၊ သက်သေခံသေနတ်၊ ယမ်းတောင့်များနှင့် လက်ပတ်နာရီ တို့ကို၊ ရဲအရာရှိ ထိန်းသိမ်းရမိပြီးသည့်နောက်မှ၊ အယူခံတရားလိုက ဖြောင့်ချက်ပေးသဖြင့်၊ ထိုသက်သေခံ ပစ္စည်းတို့သည်၊ ဖြောင့်ချက်ကို၊ ထောက်ခံခြင်း ပြုသည်ဟု ယူဆရန် မဖြစ်နိုင်ကြောင်းကို လျှောက်ထားရာ။ ။ဆုံးဖြတ်ချက်။ ။ရဲအရာရှိများလက်အတွင်းရှိပစ္စည်းများသည်၊ ဖြောင့်

PAGE

ချက် တခုကို ထောက်ခံခြင်း ပြုနိုင်သည်။ ။ဟင်(မ်)ရတ်(ဂျ်) နှင့် အပ်(ချ်) မာပြည်။ (1954) v. *Supreme Court Reports*, 1133 တို့ကိုရည်ညွှန်းသည်။ ။သို့ဖြစ်၍၊ အဆိုပါသက်သေခံ ပစ္စည်းများသည်၊ ဖြောင့်ချက်ကို သီးခြားတိကျစွာ ထောက်ခံခြင်း။ (specific corroboration) ပြုနိုင်သည်။

မောင်မှတ် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ 711

မြို့နယ်စီပါယ် အက်ဥပဒေပုဒ်မ ၂ (၁ဂ)နှင့် ပုဒ်မ ၂၄၆ (၁) မြို့နယ်စီပါယ်နယ်ဟု ကျေညာထားသည့် နယ်မြေတွင် အကျုံးဝင်-မဝင်၊ မြို့ပြဆိုင်ရာ ဌါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၂ (၈)တွင် အကျုံးဝင်သည့် "မြို့ဒေသ" ဖြစ်ခြင်း။ 742

မြို့ပြဆိုင်ရာ ဌါးရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၂ (၈) "မြို့ဒေသ" ဆိုသည့် စကားရပ်၊ ခရမ်းမြို့ ပါဝင်-မဝင်၊ မြို့နယ်စီပါယ်အက်ဥပဒေပုဒ်မ ၂ (၁ဂ)နှင့် ၂၄၆ (၁)။ ။**ဆုံးဖြတ်ချက်**။ ။မြို့ပြဆိုင်ရာ ဌါးရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၂(၈)တွင်၊ "မြို့ဒေသ"ဆိုသည့် စကားရပ်၌ မြို့နယ်စီပါယ် အက်ဥပဒေအခန်း (၂)အရ၊ မြို့နယ်စီပါယ်နယ်ဟု ကျေညာထားသည့်နယ်မြေ (notified area) မည်သည့်နယ်မြေဖြစ်ကြောင်းကို၊ မြို့နယ်စီပါယ် အက်ဥပဒေပုဒ်မ ၂ (၁ဂ) တွင်ငင်း၊ ပုဒ်မ ၂၄၆ (၁) တွင်ငင်း ပြဋ္ဌာန်းထားသည်။ မြန်မာနိုင်ငံ သမတကထုတ်ပြန်သော ပြဋ္ဌာန်းချက်တခုအရ၊ ခရမ်းမြို့သည် ကျေညာပြီးနယ်မြေ (notified area) ဖြစ်သဖြင့်၊ မြို့ပြဆိုင်ရာ ဌါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၂ (၈) အရ၊ "မြို့ဒေသ" (urban area) ဖြစ်သည်။ သို့ဖြစ်ပါ၍ အိမ်လခကျန်ငွေအတွက် ရုံးတင် တရားစွဲဆိုလိုလျှင် အဆိုပါ ဥပဒေပုဒ်မ (၁၉) အရ၊ ဥပစာ၏ ဌါးရမ်းခနှင့်စပ်လျဉ်း၍ ကြီးကြပ်ရေးဝန်၏ သက်သေခံ လက်မှတ်တစောင်ကိုဆိုလွှာနှင့်အတူ ပူးတွဲတင်သွင်းရန် လိုအပ်သည်။

အက်(စ်)၊ အေရီယားနှင့် သာဇယ်(လ်) 742

မြို့ပြဆိုင်ရာဌါးရမ်းခ ကြီးကြပ်ရေးဥပဒေ (၁၉၄၈ ခုနှစ်)ယာယီဥပဒေ။ ၎င်းကုန်ဆုံးပြီးနောက်၊ စွဲဆိုသည့်အမှုများ ဌါးရမ်းခြင်း တရုံးဝင်-မဝင်ကိစ္စ။ ။ဌါးရမ်းခကို နှစ်ပေါင်းများစွာ ပေးခဲ့သူများ ဆက်လက်အငှါးခံသူများဖြစ်ခြင်း။ အယူခံတရားခံများသည်၊ အယူခံတရားလိုများ အပေါ်၌ ထွက်ခွါဖယ်ရှားပေးရန် ဒီကရီရရှိခဲ့ရာ အောက်ရုံး၌ အယူခံတရားလိုတို့ တင်ပြခဲ့သော ဥပဒေအချက်တခုမှာ၊ အယူခံ တရားခံများသည် ၁၉၄၈ ခုနှစ်၊ မြို့ပြဆိုင်ရာ ဌါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၆-ကက (၁)(ခ)ပါ ပြဋ္ဌာန်းချက်များကို မလိုက်နာဘဲ၊ အခင်းဖြစ် ဥပစာကို အငှါးချထားသဖြင့် ထိုသို့ အငှါးချထားသည်မှာ တရားမဝင်၊ အတည်မဖြစ်ကြောင်း ဖြစ်သည်။ **။ဆုံးဖြတ်ချက်**။ ။သက်ဆိုင်ရာ အမှုများကို အဆိုပါ ၁၉၄၈ ခုနှစ်၊ ဥပဒေသက်တန်း ကုန်ဆုံးပြီးမှ စွဲဆိုခြင်းဖြစ်ရာ၊ ထိုဥပဒေအချက်အလက်ကို အတိအကျဆုံးဖြတ်ရန်မလို။ သက်တန်းကုန်ဆုံးပြီးသော ဥပဒေကို အကိုးအကားပြု၍ အယူခံတရားလိုတို့ တင်ပြလျှောက်လဲခြင်းမပြုနိုင်။ အဆိုပါ ၁၉၄၈ ခုနှစ်၊ ဥပဒေမှာ ယာယီဥပဒေမျှသာဖြစ်ပြီး အဆိုပါအကြောင်းအချက်နှင့် စပ်လျဉ်း၍ သက်တန်းကုန်ဆုံးပြီးနောက်၊ အကျိုးသက်ရောက်စေမည် ဟူ၍

PAGE

ပြင်္ဂဒါန်းချက်မရှိ။ **စူရတီဘရာဘဇာကုမ္ပဏီလီမိတက်**နှင့် **ဟူဒိန်ဟာမာဒန်နီကုမ္ပဏီ၊** ရန်ကုန်စီရင်ထုံးများ အတွဲ ၅၊ စာ ၁၃၉ ကို ရည်ညွှန်း၍ လိုက်နာသည်။ ။ **ထပ်မံဆုံးဖြတ်ချက်။** ။အယူခံတရားလိုတို့သည်၊ အခင်းဖြစ်ဥပစာကို အငှါးခံယူခြင်းသည် အထက်ဖေါ်ပြပါ အကြောင်းအချက်များကြောင့် တရားမဝင်ဟု ဆိုနိုင်ထားဘိဉီး၊ ၎င်းတို့သည် လစဉ် အိမ်ရှင်များအား ငှါးရမ်းခ နှစ်ပေါင်းများစွာ ပေးဆောင်ခဲ့သည်ဖြစ်ရာ လစဉ်စံနစ်ဖြင့် ဆက်လက် အငှါးခံနေသူများ ဖြစ်သည်ဟု ယူဆရမည်။

ဦးဘချို ပါ ၂ နှင့် **ဦးဘဆေ** ပါ ၃ 765

မြို့ပြဆိုင်ရာ ငှါးရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၆ (က)၊ငှါးရမ်းခ ကြီးကြပ်ရေး ဝန်ကီအမိန့်၊ အငှါးချထားခြင်းမမြောက်၊ အိမ်ငှါးမဟုတ်သေးသူက ပိုင်ဆိုင်ခွင့် အတွက် တရားမစွဲနိုင်။ ။**ဆုံးဖြတ်ချက်။** ။မြို့ရာဆိုင်ရာငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၆ (က) အရ၊ ကြီးကြပ်ရေးဝန်အား လျော်ကထားလျှင်၊ ၎င်းသည် တဆင့်အငှါးချထားခွင့် ပေးနိုင်သည်။ ထိုပုဒ်မအရ ၎င်းသည် အခြင်းဖြစ် ဥပစာကို အငှါးချထားပိုင်ခွင့်မရှိ။ ၎င်း၏အမိန့်သည် အငှါးချထားခြင်းမမြောက်။ ထို့ကြောင့် သူတဦးသည် အခြားသူတဦးထံမှ ငွေယူ၍ အခြင်းဖြစ် ဥပစာကို ကြီးကြပ်ရေးဝန်ထံမှတဆင့် ငှါးရမ်းခွင့်တောင်းပြီး၊ ငှါးရမ်းမည်ဟု သဘော တူခဲ့စေကာမူ၊ အခွင့်ရရှိသော်လည်း အငှါးချထားခြင်း မပြုရသေးကြောင်းမှာ ထင်ရှားသည်။ ဥပဒေသဘောအရ ၎င်းတို့မှာ အိမ်ရှင်အိမ်ငှါးဘဝသို့ မရောက်ရှိကြသေးပေ။ အိမ်ငှါးဘဝသို့မရောက်ရှိသေးသဖြင့် လက်ရောက်ရန်၊ ရရှိရန် တရားစွဲဆိုပိုင်ခွင့် မရှိသေးပေ။

အမ်၊ အက်(ဖ်)၊ ရာမန်နှင့် အွန်လုံသီ 754

မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး ဥပဒေပုဒ်မ (၁၃) ချစ်တီးဘုရားကျောင်း တည်ရှိခဲ့ဘူးသော မြေပေါ်တွင် ဆက်လက်နေထိုင်ခွင့် ပေးနိုင်-မပေးနိုင်။ ဒုတိယ ကမ္ဘာစစ်ကြီး မဖြစ်မီက ချစ်တီးဘုရားကျောင်းဆောင်နှင့် အခြား အဆောက်အဦများ တည်ရှိခဲ့ဘူးသော မြေကွက်ပေါ်၌၊ ယခုအခါတွင် နေထိုင်လျက်ရှိသူများ၏ လျော်ကထားချက်အရ ငှါးရမ်းခကြီးကြပ်ရေးဝန်က ၁၉၆၀ ခုနှစ်၊ မြို့ပြဆိုင်ရာ ငှါးရမ်းခကြီးကြပ်ရေး ဥပဒေပုဒ်မ ၁၃ အရ၊ ဆက်လက်နေထိုင်ခွင့် ပြုခဲ့သဖြင့် ထိုအမိန့်ကို မကျေနပ်၍၊ အမှုခေါ်စာချုန်တော်ဖြင့် ပယ်ဖျက်ရန် လျော်ကထားခဲ့ရာ။ ။**ဆုံးဖြတ်ချက်။** ။၁၉၄၈ ခုနှစ်၊ ဥပဒေပုဒ်မ ၃ အရ၊ ထုတ်ပြန်ခဲ့သော ၁၉၅၀ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်နေ့စွဲဖြင့် ကြော်ငြာစာတွင် ချစ်တီးဘုရားကျောင်းဆောင် တည်ရှိဘူးသောမြေကို ကင်းလွှတ်ခွင့် ပြုသည်ဟု ဖေါ်ပြထားခြင်းမပြု။ ထို့ပြင် ၁၉၄၈ ခုနှစ်၊ ဖေဖေါ်ဝါရီလ ၅ ရက်နေ့စွဲပါ အမိန့် ကြော်ငြာစာအမှတ် (၅၇) တွင် ဖေါ်ပြထားသော ဥပစာများမှာ အဆောက်အဦများ ဖြစ်ဟန် လက္ခဏာရှိသည်။ မြေသက်သက်နှင့် သက်ဆိုင်ဟန်မတူ။

ပီ၊ အယ်(လ်)၊ ကေ၊ အင်(နှ်)၊ ပါလာနိယပ နှင့် လက်ဆောက် မြို့ပြ ငှါးရမ်းခ ကြီးကြပ်ရေးဝန် (နယ်ပိုင်ဝန်ထောက်) ပျဉ်မနားမြို့ ပါ ၂ 676

PAGE

ယစ်မျိုးဥပဒေ ပုဒ်မ (၃၁) မည်သည့် ရာဇဝတ်တရားသူကြီးမျှားက စစ်ဆေးနိုင်ခြင်း။ ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၅၃၇။ ။ဆုံးဖြတ်ချက်။ ။ယစ်မျိုး အက်ဥပဒေ ပုဒ်မ (၃၁) အရ၊ တင်ပို့သည့်အမှုကို ဒုတိယတန်း အာဏာရ ရာဇဝတ်တရားသူကြီးက သာ စစ်ဆေးစီရင် ဆုံးဖြတ်နိုင်သည်။ ဝါရမ်းမှု စစ်ဆေးခြင်းနည်းဖြင့် စစ်ဆေးရမည့်အမှုကို သမ္မာန်မှု စစ်ဆေးခြင်းနည်းဖြင့် စစ်ဆေးခဲ့လျှင်၊ ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ (၅၃၇) အရ၊ ပြုပြင်၍ရသော ဆောင်ရွက်မှုမျိုး မဟုတ်သဖြင့် ခွမှတ်သော အမိန့် ပျက်ပြယ်ရမည်။ **ပြည်ထောင်စု မြန်မာနိုင်ငံနှင့် မောင်ညွှန့်**၊ ၁၉၅၅ ခုနှစ်၊ မြန်မာနိုင်ငံ လွှတ်တော်စီရင်ထုံး ၃၁၂ ကို ရည်ညွှန်းသည်။

ပြည်ထောင်စုမြန်မာနိုင်ငံနှင့် မောင်ကလု 679

ရာဇသတ်ကြီးပုဒ်မ ၃၀၂ (၂)အရ၊ မည်သည့်အခါတွင် အပြစ်ပေးထိုက်ခြင်း၊ တင်ကူးကြွေရွယ်ချက်ဖြင့် လူသတ်မှုကျူးလွန်ခြင်း 698

ရာဇသတ်ကြီးပုဒ်မ ၃၀၄၊ လူသေမှု၊ လင်ယောကျ်ားက မယားကို ဖနောင့်နှင့် ပေါက်ခြင်းဖြင့် သေဆုံးခြင်း၊ ရာဇသတ်ကြီးပုဒ်မ ၃၂၅။ အယူခံဘားလိုသည် သေသူ မယားနှင့်အကြီးအကျယ်စကားများကြပြီးနောက်၊ စီတ်ဆိုးသဖြင့် ခြေထောက်နှင့် ကန်ရာ၊ မယားမှာ သေဆုံးခဲ့သဖြင့် အောက်ရုံးက ရာဇသတ်ကြီးပုဒ်မ ၃၀၄ အရ၊ အပြစ်ဒဏ်စီရင်ခဲ့လေသည်။ အယူခံဝင်ရာ။ ။ဆုံးဖြတ်ချက်။ ။အယူခံ တရားလိုသည် မိမိ၏မယားကို ဖနောင့်နှင့်ပေါက်ခြင်းဖြင့် သေစေလိုသော စေတနာ၊ သို့မဟုတ် သေလောက်သောဒဏ်ရာ ရစေလိုသောစေတနာ ရှိလိမ့်မည်မဟုတ်။ အကြီးအကျယ် ဒဏ်ရာရစေလိုသော စေတနာသာလျှင် ရှိလိမ့်မည်ဟု ယူဆသည်။ ထို့ကြောင့် ရာဇသတ်ကြီးပုဒ်မ ၃၀၄ အရ၊ အပြစ်ပေးစီရင်ရန် မထိုက်။ ပုဒ်မ ၃၂၅ အရသာ အပြစ်ပေးထိုက်သည်။

မောင်ဟန်တေနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ 732

လျှောက်ထားသည့်အတိုင်း လိုအပ်သလိုစုံစမ်းပြီး ထိုအစု၊ သို့တည်းမဟုတ် အစုများကို လျှောက်ထားသူ အခြားပိုင်ရှင်အား စုံစမ်းသတ်မှတ်သည့် တန်ဘိုးဖြင့် ဝယ်ယူခွင့် ပြုရမည်ဖြစ်သည်။ တရားရုံးက ယင်းသို့ တန်ဘိုးသတ်မှတ်ရန် လျှောက်ထားသည့် ကိစ္စတွင် မငြင်းဆိုနိုင်ပေ။ ထိုသို့လျှောက်ထားသည်ကို အမှုပါပစ္စည်း ရောင်းချခြင်း မပြုမီ မည်သည့်အချိန်အခါ၌မဆို ပြုလုပ်နိုင်ပေသည်။ ခွဲဝေရေး အက်ဥပဒေ ပုဒ်မ ၃ တွင် မည်သည့်အချိန်မျိုး၌သာ လျှောက်ထားရမည်ဟု ကာလအားဖြင့် စည်းကမ်း သတ်မှတ်ခြင်း မပြုချေ။

ထို့ကြောင့်၊ ခရိုင်တရားမရုံးက ဒေါ်ကျင်ကျောက်တို့ ခွဲဝေရေး အက်ဥပဒေ ပုဒ်မ ၃ အရ၊ လျှောက်ထားသည်ကို ပယ်သည့်အမိန့်ကို ပယ်ဖျက်လိုက်သည်။ ထိုအက်ဥပဒေ ပုဒ်မ ၃ ပါ ပြဋ္ဌာန်းချက်များအရ၊ ဆောင်ရွက်ရန် ညွှန်ကြား၍ အမှုကို ပြန်လည် ပေးပို့ လိုက်သည်။

ယခု အယူခံတရားစရိတ်များသည်၊ အထက်၌ ညွှန်ကြားသည့် အတိုင်း ခရိုင် တရားမရုံး ဆောင်ရွက်ရာ၌ အမှုအရှုံးအနိုင်ပေါ်တွင် တည်စေရမည်။

ဤရုံး ရွှေနေခမှာ ၅၁ ဖြစ်စေရမည်။ ။

တရားမအထွေထွေ

တရားသူကြီးချုပ် ဦးဘိုကြီးနှင့်တရားသူကြီးဦးစောဘသိန်းရှေ့တွင်

ဒေါ်ခင်သန်းမြင့် (လျှောက်ထားသူ)

နှင့်

ဦးသန်းနိုင် ပါ ၂ (လျှောက်ထားခံရသူ)

၁၉၆၄

ဖေဖော်ဝါရီလ

၂၂ ရက်။

မြို့ပြဆိုင်ရာဌားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၂၀၊ စုံစမ်းစစ်ဆေးမှု၊ အကျဉ်းနည်းဖြင့် စုံစမ်းဆုံးဖြတ်ရန်၊ အငှါးခံယူသူ ဟုတ်မဟုတ်ကိစ္စ၊ ကြီးကြပ်ရေးဝန်က ဆုံးဖြတ်စစ်ဆေးခြင်းမပြုနိုင်။

ဆုံးဖြတ်ချက်။ ။မြို့ပြဆိုင်ရာ ဌားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၂၀(၁)အရ၊ အငှါးထားခွင့် လျှောက်ထားစဉ် ကြီးကြပ်ရေးဝန်က စုံစမ်းစစ်ဆေးရန် ပြဋ္ဌာန်းထားသော်လည်း၊ ရည်ရွယ်ချက်မှာ အကျဉ်းချုပ်အားဖြင့် ဆုံးဖြတ်ရန်ဖြစ်သည်ဟု ယူဆရပေမည်။ သို့အကျဉ်းနည်းဖြင့် စစ်ဆေးပြီးလျှင် ချက်ခြင်းလက်မှတ်ထုတ်ပေးရမည်ဖြစ်သည်။

မည်သူသည် အငှါးခံယူသူဖြစ်ကြောင်း စသည့်အခွင့်အရေးနှင့်ပတ်သက်သောကိစ္စရပ်ကိုမူကား၊ အကျဉ်းချုပ် စစ်ဆေးဆုံးဖြတ်ရန် မဖြစ်နိုင်။

ထို့ပြင်မည်သူသည် အိမ်ငှါးဖြစ်သည်ကို ကြီးကြပ်ရေးဝန်သည် ဆုံးဖြတ်စစ်ဆေးခြင်းမပြုနိုင်။

ဒေါ်ဌေတင်နှင့် ကြီးကြပ်ရေးဝန်။ ၁၉၅၁ ခု၊ မြန်မာပြည်စီရင်ဆုံးမျှား တရားလွှတ်တော်ချုပ် စာမျက်နှာ ၈၅ ကို ရည်ညွှန်းသည်။

အယူခံဘရုံးပို့အတွက်။ ။ဦးသန်းမြိုင် (တရားဝင်ကိုယ်စားလှယ်)။

လျှောက်ထားခံရသူ(၁) အတွက်။ ။ဦးညီပိတ်။ (၂) အတွက်။ ။ဦးဘကျော် (အစိုးရရွှေနေ)။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။ယခု လျှောက်ထားသူ ဒေါ်ခင်သန်းမြင့် နှင့် လျှောက်ဆားခံရသူအမှတ်(၁) ဦးသန်းနိုင်တို့သည် 'သန်းမြင့်ရောင်းဝယ်ရေးကုမ္ပဏီ' အမည်ဖြင့်၊ အစုစပ်လုပ်ငန်းတခု တည်ထောင်၍၊ ရန်ကုန်မြို့၊ ရွှေဘုံသာလမ်း၊ အမှတ် ၄၂၈-၄၃၀ ရှိ၊ အဆောက်အဦ အောက်ဆုံးထပ်ဘွင် ဖွင့်လှစ် လုပ်ကိုင်လာခဲ့ကြ၏။ ထို့နောက်၊ အစုစပ်လုပ်ငန်းကို ဖျက်သိမ်းပိုက်ကြ၏။ ၁၉၆၃ ခုနှစ်၊ မေလ ၂၇ ရက်နေ့

၁၉၆၃ ခု၊ တရားမအထွေထွေလျှောက်လွှာအမှတ် ၁၂၂။

Application for direction in the nature of certiorari.

၁၉၆၄

ဒေါ်ခင်သန်းမြင့် နှင့် ဦးသန်းနိုင် ဝါ ၂ ။

စွာင်၊ ဦးသန်းနိုင်သည် အဆိုပါအောက်ဆုံးထပ်ရှိ အခန်း ၂ ခန်းကို၊ မြန်မာပြည်ဆေးဝါးလုပ်ငန်းများ လီမိတက်သို့ အငှါးချထားခွင့်ပြုပါရန်၊ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၂၀ အရ၊ ကြီးကြပ်ရေးဒန်ထီ လျှောက်ထားလေသည်။ ဒေါ်ခင်သန်းမြင့်က၊ ထိုအောက်ထပ်ကို မိမိနာမည်ဖြင့် အငှါးခံယူခဲ့သည်ဖြစ်ရာ၊ မိမိသာလျှင်အိမ်ငှါးဖြစ်ကြောင်းနှင့်ကန့်ကွက်လေသည်။ ဦးသန်းနိုင်ကလည်း အစုစပ်သုပ်ငန်းဖျက်သိမ်းပြီးနောက်၊ ဒေါ်ခင်သန်းမြင့်အား ရသင့်ရထိုက်သော ငွေများပေးပြီးဖြစ်သည်တကြောင်း၊ ၁၉၄၈ ခုနှစ်၊ မြို့ပြဆိုင်ရာငှါးရမ်းခ ကြီးကြပ်ရေးအက်ဥပဒေသက်တမ်းကုန်ဆုံးပြီးနောက်၊ ထိုအောက်ဆုံးထပ်ကို အိမ်နှင်ထုတ်မှု အငှါးခံယူခဲ့သည်တကြောင်း၊ ထိုကြောင့်မိမိသာလျှင်အိမ်ငှါးဖြစ်ကြောင်းနှင့် ပြန်လည်ချေပလေသည်။ ကြီးကြပ်ရေးဒန်ကစုံစမ်း စစ်ဆေးပြီးလျှင်၊ အိမ်ငှါးမှာဦးသန်းနိုင်ဖြစ်ကြောင်းဆုံးဖြတ်ပြီး၊ ငှင်းလျှောက်ထားသည့်အတိုင်းအခွင့်ပြုလိုက်သည်။ ယင်းအမိန့်ကို မကျေနပ်သဖြင့်၊ အမှုခေါ် စာချုန်တော်ဖြင့်ပယ်ဖျက်ရန်အတွက်၊ ဒေါ်ခင်သန်းမြင့် ယခုလျှောက်ထားခြင်း ဖြစ်သည်။

၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေးအက်ဥပဒေ ပုဒ်မ ၂၀၊ ပုဒ်မခွဲ (၃) တွင်၊ ထိုပုဒ်မ ၂၀၊ ပုဒ်မခွဲ (၁) အရ၊ အငှါးချထားခွင့်လျှောက်ထားသည့်အခါ၌၊ ကြီးကြပ်ရေးဝန်သည်အကျဉ်းချုပ် စုံစမ်းစစ်ဆေးပြီးနောက်၊ ကန့်ကွက်ခိုင်ရုန်ခိုင်လုံသော အကြောင်းမရှိဟု ကြေနပ်လျှင်၊ ခွင့်ပြုချက်လက်မှတ်ဖြင့် ချက်ခြင်းထုတ်ပေးရမည်ဟုပြဋ္ဌာန်းထားသည်ကားမှန်၏။ သို့သော်၊ ထိုပြဋ္ဌာန်းချက်များ၏ သဘောမှာ၊ ကြီးကြပ်ရေးဝန်သည်အခွင့်လက်မှတ် ထုတ်မပေးမီ၊ ကန့်ကွက်ခိုင်ရုန် ခိုင်လုံသော အကြောင်းရှိမရှိကိုသာ အကျဉ်းချုပ်အားဖြင့် ဆုံးဖြတ်ရန် ရည်ရွယ်သည်ဟု ယူဆရပေမည်။ အကြောင်းသော်ကား၊ စုံစမ်းစစ်ဆေးရန်နည်းမှာ၊ အကျဉ်းချုပ်အားဖြင့် သာဖြစ်၍၊ ယင်းသို့အကျဉ်းနည်းဖြင့်စစ်ဆေးပြီးလျှင်၊ ချက်ခြင်းလက်မှတ် ထုတ်ပေးရမည်ဖြစ်သည်။ မည်သူသည် အငှါးခံယူသူဖြစ်ကြောင်း စသည့်အခွင့်အရေးနှင့် ပါဘ်သက်သော ကိစ္စရပ်ကိုမူကား၊ ယင်းသို့အကျဉ်းချုပ်စစ်ဆေးဆုံးဖြတ်၍ မဖြစ်နိုင်ပေ။ ထို့ပြင်လည်း မည်သူသည်အိမ်ငှါးဖြစ်သည်ကို ကြီးကြပ်ရေးဒန် စစ်ဆေးဆုံးဖြတ်ခြင်း မပြုနိုင်ကြောင်း။ ထိုသို့ စစ်ဆေးဆုံးဖြတ်ရမည့် ကိစ္စသည် တရားရုံးမျှ၏ အရာသာဖြစ်ကြောင်းနှင့် **ဒေါ်ငွေတင်** နှင့် **ကြီးကြပ်ရေးဝန်** (၁) တို့အမှုတွင်၊ အဆုံးအဖြတ်ပြုခဲ့လေသည်။ ထို့ကြောင့်၊ ဤအမှုတွင်ကြီးကြပ်ရေးဝန်သည် ဒေါ်ခင်သန်းမြင့်၊ သို့ဘည်းမဟုတ် ဦးသန်းနိုင်သည် အခင်းဖြစ် အိမ်ခန်းများကို၊ အငှါးခံယူသူ ဖြစ်ကြောင်းနှင့်စပ်လျဉ်း၍၊ ဆုံးဖြတ်ရန်အာဏာမရှိဟု ယူဆရပေမည်။ သို့သော်၊ မြန်မာ

(၁) ၁၉၅၁ ခု၊ မြန်မာပြည်စီရင်ထုံးများ၊ တရားလွှတ်တော်ချုပ် စာ-၈၅။

ပြည် ဆေးဝါး လုပ်ငန်းများ လိမိတက်က၊ အဆိုပါ အိမ်ခန်းများကို အငှါးခံယူခြင်း မပြုသိုဘဲဟု စွန့်လွှတ်ပြီးဖြစ်ကြောင်းကို၊ နှုစ်ဦး နှစ်ဘက် သဘောတူပန်ခံကြ၏။ ယင်းသို့ဖြစ်ရကား၊ အမှုခေါ် စာချုန်တော် အမိန့်ထုတ်ပြန်ရန်မသိုတော့ပေ။ ထိုအမိန့် မျိုးကို စောဒနာဝင်သောအမိန့် မဘည်ရှိသဲ့ဘဲလျက် တည်ဒ့ိုနေမှသာလျှင်၊ ဤရုံးက ပယ်ဖျက်ရန်အတွက် ထုတ်မည်ဖြစ်သည်။ ယခုစောဒနာဝင်သည့် အမိန့်မှာ ဆိတ်သုဉ်း ခဲ့ပေပြီ။

၁၉၆၄

ဒေါ်ခင်သန်းမြင့် နှင့် ဦးသန်းနိုင် ပါ ၂။

ဝင်ရောက် စွက်ဖက်ရန် မလိုတော့သဖြင့်၊ လျှောက်လွှာကို ပယ်လိုက်သည်။ ဤအမှုအခြေအနေတွင်၊ အမှုသည်များသည် မိမိတို့တရားစရိတ်ကို၊ မိမိတို့ အသီးသီး ကျခံကြရမည်ဖြစ်သည်။

တရားမအယူခံ

တရားသူကြီးချုပ်ဦးဘိုကြီးရွှေတွင်

၁၉၆၄

ဖေဖော်ဝါရီလ ၂၇ ရက်။

ဒေါ်စိုင်ပါ ၂ (အယူခံတရားလို)

နှင့်

ဦးအုံးလှိုင် (အယူခံတရားခံ)

ဥယျာဉ်ခြံမြေ သီးစားချထားရေး ဥပဒေနှင့် အကျုံးမဝင်၊ မြို့ပြဆိုင်ရာ ဌားရမ်းခ ကြီးကြပ်ရေး ဥပဒေနှင့် အကျုံးဝင်-မဝင်။

ဆုံးဖြတ်ချက်။ ။၁၃၄၆ ခုနှစ်၊ သီးစားချထားရေး အက်ဥပဒေသည်၊ လယ်ယာမြေနှင့်သာ သက်ဆိုင်သည်။ ထို့ကြောင့် ဥယျာဉ်ခြံမြေမှာအဆိုပါအက်ဥပဒေတွင် အကျုံးမဝင်။

ဖောင်းဥယျာဉ်မြေသည် ၁၉၆၀ ခုနှစ်၊ မြို့ပြဆိုင်ရာ ဌားရမ်းခကြီးကြပ်ရေး အက်ဥပဒေတွင်လည်း အကျုံးမဝင်။ ထိုအက်ဥပဒေပုဒ်မ (၂၀)နှင့် (၂၁)ပါ ပြဋ္ဌာန်းချက်များကို ဥယျာဉ်ခြံမြေနှင့်စပ်လျဉ်း၍ ပြဋ္ဌာန်းခဲ့ဟန်မတူ။

အယူခံတရားလိုအတွက်။ ။မစ္စတာ ကေ၊ ညီပိတ်။

အယူခံတရားခံများအတွက်။ ။ဦးဘသော်။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။ယခု အခင်းဖြစ်ခြံမြေမှာ မော်လမြိုင်မြို့၊ ဈေးချိုအရှေ့၊ ကွင်းအမှတ် ၉၃၊ ၁၉၅၉-၆၀ ခုနှစ်၊ ဦးပိုင်နံပါတ် ၃၂ ဖို ခြံမြေဖြစ်ပြီး၊ မူလက အယူခံတရားလို အမှတ် (၁) ဒေါ်စိုင်၏ခင်ပွန်း၊ အယူခံတရားလို အမှတ် (၂) ချိန်စို့၏မိခင်တန်ကား ဆိုသူသည်၊ အယူခံတရားခံဦးအုံးလှိုင်ထံမှ အငှါးခံယူ လုပ်ကိုင်ခဲ့၏။ ယင်းသို့ အငှါးခံယူ လုပ်ကိုင်ရန်အတွက် ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်နေ့တွင် အငှါးစာချုပ်ကို လေးနှစ်အတွက် ချုပ်ဆိုသည်ဟုဆို၏။ ထိုစာချုပ်မှာ မှတ်ပုံတင်သဖြင့် တရားမဝင်ခဲ့။ သို့သော်ငြားသည်း အငှါးခံယူခဲ့သည်မှာ လေးနှစ်အတွက်ဖြစ်ရာ၊ ထိုစာချုပ်မှာ ဤအမှုတွင် အရေးမပါတော့ခဲ့။ အယူခံတရားလိုတို့က

၁၉၆၃ ခုနှစ်၊ တရားမဒုတိယအယူခံမှုအမှတ် ၄၃။

၁၉၆၂ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၃၉ တွင်၊ ၁၉၆၃ ခုနှစ်၊ ဇန္နဝါရီလ ၃၁ ရက်နေ့စွဲပါ၊ မော်လမြိုင်ရုံးထိုင်၊ ကျွန်ုပ်မရှိခိုင်တရားမရုံးတော်၏ ချမှတ်သော ဒီကရီ အမိန့် ကို အယူခံတင် မြင်ဆင် မှု။

တန်ကား ကွယ်လွန်ပြီးနောက်၊ မိမိတို့သည် အယူခံတရားခံထံမှ အငှါးခံယူပြီး လုပ်ကိုင်ခဲ့ကြကြောင်းကိုဝန်ခံ၏။ အယူခံတရားခံသည် အခင်းဖြစ်မြေကို လုပ်ကိုင်လိုကြောင်းဖြင့် တရားစွဲဆိုခဲ့ရာ မူလရုံးက အမှုကို ပလပ်လိုက်သဖြင့် ခရိုင်တရားမရုံးသို့ အယူခံဝင်သည်တွင် ခရိုင်တရားမရုံးက စွဲဆိုသည့်အတိုင်း ဒီကရီချမှတ်လိုက်၏။ ထို့ကြောင့် အယူခံတရားလိုတို့က ယခု အယူခံဝင်ခြင်း ဖြစ်သည်။

၁၉၆၄

ဒေါ်စိုင် ပါ ၂ နှင့် ဦးအုံးလှိုင်။

အယူခံတရားလိုတို့ အငှါးခံယူသည်မှာ နှစ်စဉ်နှစ်စဉ် တနှစ်အတွက် အငှါးခံယူခဲ့ဟန်လက္ခဏာရှိသည်။ ထို့ကြောင့် ဤအမှုတွင် ဥပဒေအကြောင်းဆိုင်ရာ အချက်တရပ်ရပ်နှင့် စပ်လျဉ်း၍ အခက်အခဲမရှိလျှင်၊ ခရိုင်တရားမရုံး ချမှတ်သည့်အမိန့်ကို မည်သို့မျှ ဝင်ရောက်စွက်ဖက်ရန် အကြောင်းမရှိခေါ်။

အယူခံတရားလိုတို့၏ ပညာရှိရွှေနေကြီးက ၁၉၄၆ ခုနှစ်၊ သီးစားချထားရေးအက်ဥပဒေပုဒ်မ ၃၆ ကို ကိုးကား၍ ထိုပုဒ်မပါ ပြဋ္ဌာန်းချက်များအရ လိုအပ်သော နို့တစ်စာမပေးခဲ့သဖြင့်၊ ယခုအမှုကို တရားမစွဲဆိုနိုင်ကြောင်းဖြင့် လျှောက်လဲ၏။ သို့သော် ထိုအက်ဥပဒေတရပ်လုံးကို လေ့လာရာ၌ ထိုအက်ဥပဒေသည် လယ်ယာမြေများနှင့်သာ သက်ဆိုင်ကြောင်း တွေ့ရလေသည်။ ဥပမာ- ထိုအက်ဥပဒေပုဒ်မ ၂၉ တွင် သီးစားလုပ်ကွက်ဆိုသည့် စကားရပ်၌ တလင်း၊ သို့မဟုတ် လုပ်ကွက်မှထွက်သည့် ပစ္စည်းကို နယ်ခြင်း၊ လှေ့ခြင်း စသည့်လုပ်ငန်းများ လုပ်ဆောင်ရန်အတွက် အသုံးပြုသည့်နေရာလည်း ပါဝင်သည်ဟု ပြဋ္ဌာန်းထားလေသည်။ ထို့ပြင်လည်း ပုဒ်မ ၂၆ တွင် ခေါ်ကွက်မှထွက်သော ပစ္စည်းအနက်၊ ဝမ်းစာနှင့်မျိုးစပါးကို မည်ရွေမည်မျှ အငှါးခံယူသူ ရရှိနိုင်ကြောင်း ဖော်ပြထားလေသည်။ ထို့ကြောင့် ယခုအမှုပါ ဥယျာဉ်ခြံမြေမှာ အဆိုပါ အက်ဥပဒေတွင် အကျုံးမဝင်ဟု ဆုံးဖြတ်ရပေမည်။

ယင်းဥယျာဉ် ခြံမြေသည် ၁၉၆၀ ခုနှစ်၊ မြို့ပြဆိုင်ရာ ဌါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေဘွင် အကျုံးဝင်သလောဟူသည့် အချက်ကိုလည်း စဉ်းစားခဲ့ကြသည်။ သို့သော် ထိုအက်ဥပဒေပုဒ်မ ၂၀ နှင့် ၂၁ ပါ ပြဋ္ဌာန်းချက်များကို လေ့လာ သုံးသပ်ရာ၌ ယခုကဲ့သို့သော ဥယျာဉ်ခြံမြေနှင့် စပ်လျဉ်း၍၊ အဆိုပါ အက်ဥပဒေကို ပြဋ္ဌာန်းခဲ့ဟန် မတူကြောင်း တွေ့ရှိရသည်။

အယူခံကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။ ဤရုံးရွှေနေခမှာ ငွေ ၃၅၀ ဖြစ်ရမည်။

တရားမအယူခံ

တရားသူကြီး ဦးစောဘသိန်းရွှေတင်

ဒေါ်တင့် (အယူခံတရားလို)

နှင့်

၁၉၆၄ ဒေါ်ခင်တင့်ပါ ၂ (အယူခံတရားခံများ) *

ဖေဖော်ဝါရီလ ၁၇ ရက်။

အလုပ်သမား (Servant) အလုပ်ခွင်အတွင်း (In the course of employment) မည်သည့် အချိန်ပိုင်းဖြစ်ခြင်း၊ ပေါ့ဆမှု (Negligence) ကို သက်သေတင်ပြရန် တာဝန်၊မည်သူ့အပေါ် ဖြစ်ရှိခြင်း၊ အနောက်မှကားသည် အရှေ့မှကားကို တိုက်ခြင်း၊ Contributory Negligence ကိစ္စ။

လော်ရီကား မောင်းသူတဦးသည်၊ လော်ရီကားပိုင်ရှင်အတွက်၊ ထိုလော်ရီကို အခြားသူတဦး အား ငှါးရမ်းသွားသည့် လမ်းခရီးတွင် ကားတိုက်မှုဖြစ်၍ အလုပ်ခွင်အတွင်း (In the course of employment) မောင်းနှင်ခြင်း ဖြစ်သည်ဟု ယူဆရမည်ဖြစ်သည်။

ပေါ့ဆမှု (Negligence) ရှိသည်ဟု ပြောလျှင်၊ ပြောသူအပေါ်တွင် (Burden of proof သက်သေတင်ပြရန် တာဝန်ရှိသည်။ လျော်ကြေး တောင်းဆိုသောအမှုတွင် သက်သေ တင်ပြရန် တာဝန်သည်။ အဓိကအားဖြင့် တရားလိုပေါ်တွင် တင်ရှိသည်။

တိုက်သော လော်ရီကားသည်၊ အတိုက်ခံရသော လော်ရီကားနောက် ၁၅ ပေအကွာ မောင်းလာရာ၊ အတိုက်ခံရသောကားကို မောင်းသူက ရုတ်တရက်ရပ်လိုက်သည်ဟု ဆိုစေကာမူ၊ တိုက်သော အကွာအဝေး (Distance)ရှိ နေသဖြင့် မောင်းလာသော အရှိန်မပြင်းခဲ့သော် ယခုကဲ့သို့ တိုက်ခိုက်မိမည်မဟုတ်။ အရှိန်ပြင်း၍ ဘရိတ်အုပ်ပြီး မရပ်နိုင်သောကြောင့်သာ တိုက်ခိုက်မိသည်ဟု ယူဆရမည်ဖြစ်သည်။ သို့ဖြစ်၍ အတိုက်ခံရသောကားကို မောင်းသူ၏ Contributory Negligence ကြောင့် တိုက်ခိုက်ခြင်းဖြစ်သည်ဟု မယူဆနိုင်။

ဒင်းဘဲအာရ်ဝါဒီယာ နှင့် ဖါရွတ်မိုဘေဂျာနာ။ အေ၊ အိုင်၊ အာ(ရ်)၊ ၁၉၅၈ ခုနှစ်၊ ဘုံဘိုင် စီရင်ထုံး ၂၁၈။ **ပန်ဂျပ်ပြည်နယ်နှင့် အက်(စ်)၊အမ်၊ တီ၊ ဂျရန်ဂမ်ကီ။** အေ၊ အိုင်၊ အာ(ရ်)၊ ၁၉၆၀ ခုနှစ်၊ပန်ဂျပ်စီရင်ထုံး ၄၉၀ နှင့် **နာနီဘာလာဆင်းနှင့် အော့ကလန်ဂျတ် ကုမ္ပဏီလိမိတက်။** အိုင်၊ အယ်(လ်)၊အာ(ရ်) ကာလကတ္တား စီရင်ထုံးအတွဲ ၅၂၊ ၆၀၂ ကို ရည်ညွှန်းသည်။

အယူခံတရားလိုအတွက်။ ။မစ္စတာ ဂျီ၊ အင်၊ ဘနာဂျီ။

အယူခံတရားခံများအတွက်။ ။ဦးမောင်ကြီး။

---

* ၁၉၆၃ ခုနှစ်၊ တရားမ မဋ္ဌမအယူခံမှုအမှတ် ၈၀။

† ၁၉၆၀ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၀၃၈ တွင်၊ရန်ကုန်မြို့တရားမတရားရုံး(တတိယတရားသူကြီး) ရုံးတော်၏ ချမှတ်သောဒီကရီကို အယူခံဝင်မှု။

၁၉၆၄

ဒေါ်တင့်နှင့် ဒေါ်ခင်တင့် ပါ ၂။

တရားသူကြီး ဦးစောဘသိန်း။ ။ရန်ကုန်မြို့၊ တရားမ တရားရုံး၊ ၁၉၆၀ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၀၃၈ တွင်၊ တရားခံ မောင်စံညိန်းနှင့် ဒေါ်တင့်တို့က တရားလို ဒေါ်ခင်ဘင့်အား၊ ယျော်ကြေးငွေ ၇၀၀ ကျပ် ကိုပေးစေရန် အမိန့်ချမှတ်လိုက်ရာ တရားခံမောင်စံညိန်းက အယူခံ မဝင်သော်လည်း တရားခံ ဒေါ်တင့်က မကျေနပ်သဖြင့် ဤရုံးသို့ အယူခံဝင်သည်။

အယူခံ တရားလို၏ ပညာရှိ ရွှေနေကြီး လျှောက်လဲတင်ပြချက်အရ၊ ဤအယူခံမှုဘင် စဉ်းစားဆုံးဖြတ်ရန် လိုအပ်သည့် အဓိကအချက်များမှာ—

(၁) အောက်ရုံးက အယူခံ တရားလို၏ လော်ရီကားကို မောင်းနှင်သော တရားခံ မောင်စံညိန်းသည် အယူခံ တရားလို၏ လူငှါး ကားမောင်းသမား (Servant) ဖြစ်ကြောင်း။ ၎င်းသည် အဆိုပါလော်ရီကားကို အယူခံဘရားလို၏ အလုပ်ခွင်အတွင်း (In the course of her employment) မောင်းနှင်ခြင်းဖြစ်ကြောင်း။ ယူဆဆုံးဖြတ်သည်မှာ မှားယွင်းကြောင်း၊

(၂) အောက်ရုံးက အယူခံ တရားခံ၏ ကားသည် လမ်းကြားမှ ထွက်လာသော သုံးဘီးဆိုက်ကားကိုရှောင်ရန် ရှေ့မှ သွားနေစဉ် ရုတ်တရက် ရှောင်တခင် ရပ်လိုက်သဖြင့် ၎င်းကားနောက်မှ ဝါးတပြန်ခန့် အဝေးဌ မောင်းလာသည့် အယူခံ တရားလို၏ လော်ရီကားက မတော်တဆဝင်၍ တိုက်မိသည်ကို သတိမဲ့ပေါ့ဆစွာ (Negligently) မောင်းနှင်သည့် အတွက်၊ တိုက်မိခြင်း ဖြစ်သည်ဟု ယူဆဆုံးဖြတ်သည်မှာ မှားယွင်းကြောင်း

(၃) အောက်ရုံးက အယူခံ တရားလို၏ လော်ရီကားသည် အယူခံ တရားခံ၏ ကားကို တိုက်မိခြင်းအားဖြင့် ကားတန်ဘိုးငွေ ၃၀၀ ကျပ်လျှော့နည်း သွားသည်ဟု ယူဆဆုံးဖြတ်သည်မှာ မှားယွင်းကြောင်း

ဟူ၍ဖြစ်၏။

ပဌမအယူခံ အကြောင်းပြချက်နှင့် စပ်လျဉ်း၍၊ ရှေးဦးစွာ သိရှိရန် လိုအပ်သော အချက်မှာ အယူခံတရားလို ဒေါ်တင့်သည် ၎င်း၏ချေလွှာ အပိုဒ် ၁ တွင်သော်၎င်း၊ ၎င်း၏အယူခံ အကြောင်းပြချက်တွင် ဘော်ပြထားသည့် အမှုအဖြစ်အပျက် အကြောင်း အရာအပိုဒ် ၆ တွင်သော်၎င်း လော်ရီကားအမှတ် (၁/၉၃၃၆) ၏ပိုင်ရှင် ဖြစ်သည်ဟု ဝန်ခံထားခြင်း ဖြစ်ပေသည်။

၁၉၆၄

ဒေါ်တင့်
နှင့်
ဒေါ်ခင်တင့်
ပါ ၂။

တဖန် အယူခံတရားလို၏ လော်ရီကားသည် အယူခံ တရားခံ၏ ကားနောက်ပိုင်းကို ဝင်၍ တိုက်မိသည့်အခါတွင် အယူခံတရားလို၏ လော်ရီကားကို မောင်းနှင်သောသူသည် တရားခံ မောင်စံညိန်း ဖြစ်ပေသည်။

ထို့ကြောင့် ဆုံးဖြတ်ရန်မှာ တရားခံ မောင်စံညိန်းသည် **အယူခံ တရားလို၏ လူငှါးကားမောင်းသမား** (Servant) ဖြစ်ပါသလား ဟူ၍ဖြစ်၏။

လူငှါးအလုပ်သမား (Servant) အဓိပ္ပါယ်နှင့် ပတ်သက်၍၊ ဒင်းဘဲအာ(ရ်) ဝါဒိယာ နှင့် ပါရွတ်မို ဘောဂျနာ(၁) စီရင်ထုံးဘွင်—

> **"'A servant' as stated by SALMOND, 'may be defined as any person employed by another to do work for him on the terms that he, the servant, is to be subject to the control and direction of his employer in respect of the manner in which his work is to be done' . . .'**

ဟူ၍ ရှင်းလင်းဘော်ပြထားသည်။

ဤအမှုတွင် အယူခံတရားလို ဒေါ်တင့်က၊ တရားခံ မောင်စံညိန်းသည် ၎င်း၏ လူငှါး အလုပ်သမား ကားဒရိုင်ဘာမဟုတ်ဘဲ အခြင်းဖြစ် လော်ရီကားကို ၎င်းထံမှ ငှါးရမ်း၍ မောင်းသောသူသာ ဖြစ်သည်ဟု ဆိုလိုသော်ငြားလည်း၊ ၎င်းသည်ရုံးသို့ လာ၍ အစစ်မခံဘဲ သားဖြစ်သူတရားခံ မောင်စိန်လှိုင်ကိုသာ ကိုယ်စားလည်အနေဖြင့် ရုံးသို့လာ၍ အစစ်ခံစေသည်။ တရားခံ မောင်စိန်လှိုင်က ၎င်းသို့လာ၍ ၎င်း၏မိခင် ဆိုလိုသည့်အတိုင်း ထွက်ဆိုအစစ်ခံသော်လည်း၊ ၎င်းကိုယ်တိုင်က အခြင်းဖြစ်သည့်နေ့တွင် တရားခံ မောင်စံညိန်းက မောင်ခိုင်ကြည်ထံမှ ကုန်တင်ရန် အဆိုပါလော်ရီကားကို ငှါးနှင်၍လာစဉ် လော်ရီကားထဲ၌ လိုက်ပါလာသည်ကို ထောက်ခံလျှင် ၎င်းသည် မိခင်၏ ကိုယ်စားလည် အနေဖြင့် တရားခံ မောင်စံညိန်းအား ကားမောင်းရာတွင်သော်၎င်း၊ ကုန်တင်ရာတွင်သော်၎င်း၊ ကုန်တင်ခွင့် ၄၀၀ ကျပ်ကိုယူရာတွင်သော်၎င်း ကြီးကြပ်အုပ်ချုပ် စီမံညွှန်ကြားခြင်း ပြုရန်အတွက် ဖြစ်သည်မှာ ပေါ်လွင်သည်ဟု ယူဆရန်ဖြစ်ပေသည်။

ထို့ပြင်၊ တရားခံ မောင်စိန်လှိုင်က တရားခံ မောင်စံညိန်းသည် အခြင်းဖြစ် လော်ရီကားကို ၎င်းတို့ထံမှငွေ ၄၀၀ ကျပ် ဖြင့်ငှါးကြောင်း၊ ၎င်းက မြို့ထဲသို့ကားကြိုးစီးလာခြင်းသာဖြစ်ကြောင်းထွက်ဆိုသော်လည်း၊တရားခံမောင်စံညိန်း၏အစစ်ခံချက်မှအပ ၎င်းအား ထောက်ခံသော သက်သေခံချက် အလျဉ်းမရှိချေ။တရားခံ မောင်စံညိန်းက ၎င်းသည် အခြင်းဖြစ် လော်ရီကားကို အယူခံ တရားလိုထံမှ ငွေ ၄၀၀ ကျပ် ဖြင့်ငှါးလာ

(၁) အေ၊ အိုင်၊ အာ(ရ်)၊ ၁၉၅၈ ခုနှစ်၊ ဘုံဘိုင်စီရင်ထုံး ၂၁၈။

ကြောင်း၊ တရားခံ မောင်စိန်လှိုင်သည် ကားကြုံ စီးလာခြင်းဖြစ်ကြောင်း ထွက်ဆို အစစ်ခံသော်လည်း၊ ၎င်းသည် ရုံးသို့လာ၍ တရားခံအဖြစ် ခုခံထုခွေခြင်း မပြုဘဲ အယူခံ တရားလို၏ သက်သေအဖြစ် လာရောက်၍ အစစ်ခံသဖြင့် ၎င်း၏အစစ်ခံချက်ကို မှန်ကန်သည်ဟု ယုံကြည်ရန် များစွာခဲယဉ်းပေသည်။ အယူခံတရားလို တင်ပြစစ်ဆေး သည့်သက်သေမောင်ခိုင်ကြည် (ခ)ပြ-၂)က၊ တရားခံ မောင်စံညိန်းသည် ၎င်းထံသို့လာ၍ ကုန်ဘင်ရန် လော်ရီကားရှိကြောင်း၊ ထိုလော်ရီကားကို ၎င်းပင် မောင်းနှင်ကြောင်း၊ ထိုလော်ရီကားမှာ မောင်စံညိန်း၏ ကားမဟုတ်ဘဲ ဟုမ်းလမ်း ခြံထဲမှ (အယူခံတရားလို၏ အိမ်လိပ်စာ) ကားဖြစ်ကြောင်း၊ လော်ရီကား ပိုင်ရှင်မှာ တရားခံ မောင်စိန်လှိုင် (အယူခံ တရားလို ဒေါ်တင့်၏သား) ဖြစ်ကြောင်း၊ ကုန်တင်ရန်အတွက် ကားမောင်း သူသာ ကုန်လိုက်ရှာ၍ ကားရှင်က လိုက်၍မရှာကြောင်း ထွက်ဆို အစစ်ခံသဖြင့် တရားခံ မောင်စံညိန်းသည် အခြင်းဖြစ် လော်ရီကားကို အယူခံ တရားလိုထံမှ ငှါးရမ်း ခြင်းမဟုတ်ဘဲ ၎င်းသည် တရားခံမောင်စိန်လှိုင်နှင့်အတူ မောင်ခိုင်ကြည်ထံသို့ အခြင်း ဖြစ်သည့်နေ့တွင် ကုန်တင်ရန်အတွက် အခြင်းဖြစ် လော်ရီကားကို မောင်းနှင်၍ သွား သည်မှာ မငြင်းနိုင်အောင် ထင်ရှားသည်ဟု ယူဆရပေမည်။

အယူခံတရားခံ ဒေါ်ခင်တင့်၏ ကိုယ်စားလည်ဦးစံမောင်က အခြင်းဖြစ်သည့်နေ့တွင် ၎င်းသည် အတိုက်ခံရသည့် ကားသံဉ် ဒို့နေကြောင်း၊ တရားခံ မောင်စိန်လှိုင်က တိုက် ခဲ့သော လော်ရီကားသည် ၎င်း၏ကား ဖြစ်ကြောင်း၊ တရားခံ မောင်စံညိန်းသည် ၎င်း၏ကားမောင်း ဒရိုင်ဘာဖြစ်ကြောင်း၊ ကားပြင်ခ လျော်ကြေး ပေးမည်ဟုပြော ကြောင်း၊ ထွက်ဆိုအစစ်ခံ၍ ဦးစံတင် (လို)ပြ-၁)က၊ အခြင်းဖြစ်သည့် နေရာသို့ ရောက်သွားသည့်အခါ၊ ကားမောင်းသူက ၎င်းအား ကားမောင်းသူ ဖြစ်သည်ဟု ပြောပြ ကြောင်း၊ ဘရိတ်ချော်နေ၍ တိုက်မိခြင်းဖြစ်ကြောင်း၊ ကျားပေါ်မှ ကားဒရိုင်ဘာက ကား မောင်းသူအား ခိုင်းနေသည်မှာ ကြာပြီဖြစ်ကြောင်း၊ ကားငှါးရန် ထွက်လာရာ၊ တိုက်မိ၍ အငှါး မထွက်နိုင်တော့ကြောင်း၊ တိုက်မိ၍ ပျက်စီးသည်ကို လျော်ပေးမည် ဖြစ်ကြောင်း ပြောပြသည်ဟုထွက်ဆို၏။

ဘော်ပြပါ တရားလိုတရားခံ နှစ်ဦးနှစ်ဘက် တင်ပြချက်တို့ကို ထောက်ရှုဆင်ခြင် စဉ်းစားရာ တရားခံ မောင်စံညိန်းသည် အယူခံ တရားလို၏ လူငှါးအလုပ်သမား ကားမောင်းဒရိုင်ဘာ ဖြစ်သည်မှာ ပေါ်လွင် ထင်ရှားသည်ဟု ထင်မြင်ယူဆသည်။

တဖန်၊ စဉ်းစားရန်မှာ တရားခံ မောင်စံညိန်းသည် အခြင်းဖြစ် လော်ရီကားကို **အယူခံတရားလို ဒေါ်တင့်၏အလုပ်ခွင်အတွင်း (In the course of her employment)** မောင်းနှင်ခြင်း ဖြစ်ပါသလား ဟူ၍ဖြစ်၏။

၁၉၆၄
ဒေါ်တင့် နှင့် ဒေါ်ခင်ထင် ပါ ၂။

၁၉၆၄

ဒေါ်တင့်နှင့် ဒေါ်ခင်တင့် ပါ ၂။

ဦးစံကင် (လိုပြ-၁)က၊ အခြင်းဖြစ်သည့် နေရာသို့ ရောက်သွားသည့်အခါ၊ ကားပေါ်မှ ကားနှင်ဆိုသူက ကားမောင်းသူအား ခိုင်းနေသည်မှာ ကြာပြီဖြစ်ကြောင်း ကားအငှါး ထွက်လာရာ တိုက်မိ၍ အငှါးမထွက်နိုင်တော့ကြောင်း ပြောပြသည်ဟု အစစ်ခံသည်။

တရားခံ မောင်စံညိန်း (ခံပြ-၁)က၊ ကားငှါးသည့် ကိန္နအတွက် ဂိတ်သို့သွားရာ၊ လမ်းဘင် အခြင်းဖြစ်ခဲ့ကြောင်း၊ ၎င်းက အယူခံတရားသို့ ဒေါ်တင့်အား၊ မန္တလေးသို့ ကုန်တင်ရန်ကားခေငှါး၀ှေ၀ ကျပ်ရှမည်၊လိုက်မည်လားဟုမေးရာဒေါ်တင့်ကလိုက်မည်ဟု ပြောပြီး၊ ၎င်းအားကားပေးလိုက်ကြောင်း၊ဒေါ်တင့်ကငွေ ၎၀၀ ကျပ်အနက်မှ ၎င်းအား ဂိဘ်ကြေးမငှ ၂၀ ကျပ်နှင့် ကားမောင် ခဒင္ဓ ၆၀ ကျပ်ပေးလိုက်ကြောင်းသက်ဆိုရှိမောင် ခိုင်ကြည်(ခံပြ-၂) က၊ မောင်စံညိန်းသည် ၎င်းဆီသို့လာ၍ ကုန်တင်ရန် လော်ရီကား ရှိကြောင်းပြောပြရာ၊၎င်းကတင်ရန် ကုန်များမန္တလေး သို့ ကားခငှေ ၎၀၀ ကျပ် နှင့် လိုက်မည်လားဟုမေးကြောင်း။ ထို့နောက်၎င်းကနေ့ခင်း ၁ နာရီခန့် အချိန်တွင်လာ၍ လော်ရီကားသည်အခြားကားနှင့်တိုက်ခိုက်မိသဖြင့် ကုန်မတင်လိုတော့ဟု ပြောပြကြောင်း ထွက်ဆိုအစစ်ခံသည်။

ဘော်ပြပါ ဦးစံတင်၊ မောင်စံညိန်းနှင့် မောင်ခိုင်ကြည်တို့၏ အစစ်ခံချက်တို့ကို ခြုံ၍ဆင်ခြင်စဉ်းစားလျှင် တရားခံ မောင်စံညိန်းသည် အခြင်းဖြစ် လော်ရီကားကို **အယူခံတရားလို ဒေါ်တင့်၏ အလုပ်ခွင်အတွင်း၊ (In the course of her employment)** မောင်းနှင် လုပ်ကိုင်ခြင်း ဖြစ်သည်မှာ ပေါ်လွင်သည်ဟု ထင်မြင်ယူဆသည်။

ဒုတိယအယူခံ အကြောင်းပြချက်နှင့် ပတ်သက်၍၊ ကားပိုင်ရှင်နှင့် ကားမောင်းသူတို့၏ တာ၀န်၀တ္တရားများကို ပုန်ကျပ်ပြည်နယ်နှင့် အက်ဒ်အမ်တီ ဂူရန်ဇမ်တီ (၂) စီရင်ထုံးက---

> ". . . It is the duty of the driver and the owners of the vehicles to take reasonable care that the passengers travelling do not receive injuries during the journey. Therefore it is necessary for the driver to be on the look out for any possible obstruction on the road or even in the air and to take reasonable steps to avoid the obstruction without causing any injury to the passengers. If a driver fails to take precaution, then he is acting negligently. . ."

ဟူ၍ ရှင်းလင်းကောက်ပြထားသည်။

---

(၂) အေ၊ အိုင်၊ အာ(ရ်)၊ ၁၉၆၀ ခုနှစ်၊ ပန်ကျပ်စီရင်ထုံး ၄၉၀။

သက်သေတင်ပြရန်တာဝန် (Burden of proof) နှင့်စပ်လျဉ်း၍ ဘီးအင်(နဲ)၊ ဘနားဂျီ ပြုပြင်ရေးသားသော (The Law of Negligence) စာအုပ် စာမျက်နှာ ၁၀၅ တွင်—

1964

ဒေါ်တင့်နှင့် ဒေါ်ခင်တင့် ပါ ၂။

"The ordinary law of evidence as regards the onus of proof that the person who asserts must prove applies also in the case for proof of negligence.

The burden of proof in an action for damages rests primarily on the plaintiff . . ."

ဟူ၍ ရေးသား ဖော်ပြထားသည်။

တဖန်၊ (Contributory negligence) နှင့် စပ်လျဉ်း၍၊ နာနိုဘာလာ ဆင်း နှင့် အော့ကလန်ဂျတ်ကုမ္ပဏီ လီမိတက် (၃) စီရင်ထုံးတွင်—

"Where the negligence of the plaintiff or that of the defendant is the sole cause of an accident, the matter is free from doubt. But difficulty may arise where an accident is caused partly by the negligence of the plaintiff and partly by that of the defendant. In such circumstances it becomes the duty of the Court to endeavour to ascertain whether the negligent act or omission of the plaintiff or that of the defendant was the cause of the accident. If the Court finds itself unable to discover to what extent the negligence of the plaintiff or that of the defendant contributed to bring about the accident, the defendant is entitled to succeed, for *impari de licto potior est conditio defendantis.*" (Where both parties are equally to blame, neither can hold the other liable.) . . .

ဟူ၍ ဆုံးဖြတ်ထားသည်။

ဤအမှုဘွင် အယူခံဘရားခံ၏ ကိုယ်စားလှယ် ဦးစံမောင်ကဖောင်းသည် ကားရှေ့ဘီး ထိုင်၍ ဒရိုင်ဘာက ကားကို ကျုံးကြီးလမ်း အနောက်မှ အရှေ့သို့မောင်းလာရာ၊ ၁၀ လမ်းထိပ်သို့ ရောက်သောအခါ၊ နောက်မှ သော်ရီကား တစင်းက ၎င်း၏ကား နောက်ပိုင်းကို ဝင်၍တိုက်သိုက်သဖြင့် ၎င်း၏ကားသည် ရှေ့သို့ ပါးတရိုက်ခုန်သွား၍ ရပ်နေကြောင်း၊ သော်ရီကား တိုက်သဖြင့် ၎င်း၏ကား နောက်ပိုင်း ညာဘက်ဒေါင့် မီးအိမ် ကွဲသွားကြောင်း၊ သံပြားပိန်ချိုင့်၍ နောက်ကားပုံး ကောင့်သွားကြောင်း၊

(၃) အိုင်၊ အယ်(လ်)၊ အာ(ရ်)၊ ကာလကတ္တားစီရင်ထုံးအတွဲ ၅၂၊ ၆၀၂။

၁၉၆၄
ဒေါ်တင့်နှင့် ဒေါ်ခင်တင့် မ ၂။

အချေပိုင်း ထိုင်ခုံလည်း နောက်သို့ ကော့သွားခဲ့ကြောင်း ထွက်ဆိုအစစ်ခံ၍ ကိုမောင်လှိုင် (လိုပြ-၂)က၊ ဦးစံမောင်၏ကား ညာဘက် နောက်ပိုင်း တိုက်မိသဖြင့် ပျက်စီးယိုယွင်းကြောင်း၊ ရှေ့ထိုင်ခုံ တွန်းခွေတိုလည်း ပျက်စီးနေကြောင်း ထွက်ဆိုအစစ်ခံသည်ကို ထောက်ခံ ဆင်ခြင်လျှင်၊ အယူခံတရားလို ဒေါ်တင့်၏ လော်လီကားသည် အယူခံတရားခံ ဒေါ်ခင်တင့်၏ကားကို နောက်မှဝင်၍ တိုက်မိသည်မှာ မငြင်းနိုင်အောင် ပေါ်လွင်သည်ဟု ထင်မြင်သည်။

အယူခံတရားလို ဒေါ်တင့် ကိုယ်စားလှယ် မောင်စိန်လှိုင်က၊ အခြင်းဖြစ် လော်ရီကားထဲ၌ လိုက်ပါ၍လာကြောင်း၊ ၎င်းတို့၏ရှေ့တွင် အယူခံအရှားခံ၏ကား မောင်း၍သွားနေကြောင်း၊ ထိုသို့သွားနေစဉ် ၉ လမ်းထိပ်မှ ဆိုက်ကားတစီး ရုတ်တရက် ထွက်လာရာ အယူခံတရားခံ၏ကားက ရုတ်တရက် ရပ်လိုက်သဖြင့် ၎င်းတို့၏ လော်ရီကားက အရှိန်မသတ်နိုင်ဘဲ အဆိုပါကားကို နောက်မှဝင်၍ တိုက်မိကြောင်း ထွက်ဆိုသဖြင့် အခြင်းဖြစ် လော်ရီကားသည် အယူခံတရားခံ၏ကား နောက်ပိုင်းကို ဝင်၍ တိုက်သည်မှာ ထင်ရှားပေသည်။ သို့သော် စဉ်းစားရန် လိုအပ်သည့် အချက်မှာ အယူခံတရားလို၏လော်ရီကားသည် အယူခံတရားခံ၏ကားကို တိုက်မိခြင်းမှာ ၉ လမ်းထိပ်မှ ဆိုက်ကားတစီး ထွက်လာ၍ အယူခံတရားခံ၏ကားက ရုတ်တရက် ရပ်လိုက်သောကြောင့် ဖြစ်ပါသလား ဟူ၍ဖြစ်သည်။

အယူခံ တရားခံ၏ကိုယ်စားလည် ဦးစံမောင်က ပြန်လှန်မေးခွန်း ထုတ်ရာတွင် ၎င်း၏ကားသည် ၉ လမ်းထိပ်မှ ဆိုက်ကားတစီး ထွက်လာ၍ ရုတ်တရက်ရပ်လိုက်သည်ဟု ဆိုသည်မှာ မဟုတ်မမှန်ကြောင်း ငြင်းဆိုသည်။

မောင်စံညိန်း (ခံပြ-၁)က၊ ၉ လမ်းထိပ်သို့ ရောက်သောအခါ၊ အယူခံတရားခံ၏ကားက ရှောဘရာက်ရပ်လိုက်သဖြင့် ၎င်း၏ လော်ရီကားက ထိုကား နောက်ပိုင်းသို့ ဝင်၍ တိုက်မိကြောင်း၊ ထိုနောက် ထိုကား၏ အရှေ့ဘက်မှ ဆိုက်ကားတစီးထွက်လာသည်ကိုမြင်ကြောင်း ထွက်ဆိုသဖြင့် ဆိုက်ကား ထွက်လာသည့်အတွက် အယူခံတရားခံ၏ကားသည် ရုတ်တရက် ရပ်လိုက်သည်ဟု ယူဆရန် ဖြစ်နိုင်မည်မဟုတ်ပေ။

အယူခံ တရားလို၏ လော်ရီကားသည် အယူခံတရားခံ၏ ကားနောက် ၁၅ ပေ အကွာမှ မောင်းလာရာ အကယ်၍ အယူခံတရားခံ၏ကားက ရုတ်တရက် ရပ်လိုက်သည်ဟု ဆိုစေကာမူ၊ အယူခံတရားလို၏ကားသည် သတိဝိရိယဖြင့် မောင်းလာခဲ့လျှင် ဘရိတ်အုပ်၍ ရပ်လိုက်ရန် အချိန်နှင့် အကွာအဝေး (Distance) ရှိနေသဖြင့်၊ မောင်းလာသောအရှိန် မပြင်းခဲ့သော် ယခုကဲ့သို့ တိုက်ခိုက်မည် မဟုတ်ပေ၊ ယခုထိုမျှလောက်သော အကွာအဝေး (Distance) ရှိပါ၌ကျက်၊ တိုက်ခိုက်မိသည်ကို ထောက်ခံလျှင်၊ အယူခံတရားလို၏ လော်ရီကား အရှိန်ပြင်း၍ ဘရိတ်အုပ်ပြီး မရပ်

၁၉၆၄

ဒေါ်တင့်နှင့် ဒေါ်ခင်တင့် ပါ ၂။

နိုင်သောကြောင့်သာ တိုက်ခိုက်မိသည်ဟု ယူဆရပေမည်။ တရားခံ မောင်စံညိန်း (ခံပြ-၁) ကိုယ်ဘိုင်ကပင် ရာဇဝတ်မှုတွင် ၎င်းကအကြမ်းမောင်း၍ ထိုကဲ့သို့ တိုက်ခိုက်မိကြောင်း ၎ခံသည်ဟု ဤရုံးဥ္စ ထွက်ဆိုအစစ်ခံ၍ ဘော်ပြပါယူဆချက်ကို ဆောက်ခံပေသည်။ သို့ဖြစ်သောကြောင့် အယူခံ တရားလို၏ လော်ရီကားသည် အယူခံ တရားခံ၏ကားကို (Contributory Negligence) ကြောင့် တိုက်ခိုက်မိခြင်း ဖြစ်သည်ဟု ယူဆရန် မဖြစ်နိုင်ဘဲ၊ ဘော်ပြခဲ့သည့်အတိုင်း တရားခံ မောင်စံညိန်း (ခံပြ-၁)က၊ အချိန်ပြင်းဒွန့် သတိကင်းမဲ့လျက် ပေါ့ဆစွာ မောင်းနှင်သောကြောင့်သာ ထိုကဲ့သို့ တိုက်ခိုက်မိခြင်း ဖြစ်သည်ဟု ထင်မြင်ယူဆသည်။

တတိယ အယူခံအကြောင်းပြချက် နှင့် ပတ်သက်၍ အထူးဖေးသား ဘော်ပြရန် လိုမည်မဟုတ်ပေ၊ အထက်၌ ဖော်ပြခဲ့သည့်အတိုင်း အယူခံ တရားခံ၏ကား နောက်ပိုင်းသည် အယူခံဘရားလို၏ လော်ရီကား တိုက်ခိုက်မိသည့် အချိန်ကြောင့် ပျက်စီးယိုယွင်းသဖြင့် ပြင်ရသည့်အတွက် ကားတန်ဘိုး ယုတ်လျော့သွားသည်မှာ မလွဲကောန် အမှန်ဖြစ်ပေသည်။ တိုက်ခိုက်မိသဖြင့် ပျက်စီးသောကားကို မည်မျှပင်ကာင်းအောင် ပြင်သော်လည်း မည်သည့်နည်းနှင့်မျှ နဂိုရအတိုင်း ပြန်မရှိနိုင်ဘဲ ချုတ်ယွင်းလျက် ရှိနေမည့် အဘွက် အောက်ရုံးက ကားတန်ဘိုးကိုငွေအားဖြင့် ၃၀၀ ကျပ်နှုန်းလျော့နည်းမည်ဟု ယူဆ ဆုံးဖြတ်သည်မှာ များလွန်းသည်ဟု မဆိုသာပေ။

ဒင်းဘဲအာ(ရ်)ဝါဒီယာ နှင့် ဖါရုတ်မိုဘေလျနာ (၁) စီရင်ထုံးဘွင်—

> " . . . The rule is now firmly established that the master is jointly and severally liable for any tort committed by his servant while acting in the course of his employment . . ."

ဟူ၍ ဆုံးဖြတ်ထားသဖြင့် အခြင်းဖြစ် လော်ရီကားပိုင်ရှင် အယူခံ တရားလို ဒေါ်တင့်သည်၊ အထက်၌ ဘော်ပြခဲ့သည့် အကြောင်းများကြောင့် ၎င်း၏လူငှါး အလုပ်သမား ဒရိုင်ဘာ (Servant) တရားခံ မောင်စံညိန်းအတွက် လျော်ကြေးငွေပေးရန်၊ တာဝန်ရှိသည်ဟု ယူဆဆုံးဖြတ်ရပေမည်။

သို့ဖြစ်သောကြောင့် အောက်ရုံး ချမှတ်သော စီရင်ချက်နှင့် ဒီကရီကို ၎င်ဆွေက် စွက်ဘက်ရန် လုံလောက်သော အကြောင်း မရှိသဖြင့် ဤအယူခံကို စရိတ်နှင့် ပလပ်ရန် အမိန့်ချမှတ်လိုက်သည်။

ဤရုံးဌေနေကြားခမှာ ၅ ကျပ်ဖြစ်စေရမည်။

တရားမအယူခံ

တရားသူကြီးချုပ် ဦးဘိုကြီးရှေ့တွင်

† ၁၉၆၄

ဖေဖော်ဝါရီလ ၄ ရက်။

ဒေါ်ဒေါင်း (အယူခံတရားလို)

နှင့်

ရောဝတီကလပ် (၎င်း၏အတွင်းရေးမှူး) ဦးအုံးကြွယ် ပါ ၄ (အယူခံ တရားခံများ)*

ကလပ်၊ မှတ်ပုံတင်ပြီးမဟုတ်သော ကလပ်၊ မည်သို့ တရားစွဲရမည်ဖြစ်ခြင်း။

ဆုံးဖြတ်ချက်။ ။မှတ်ပုံတင်ပြီးမဟုတ်သော ကလပ်တခုသည်၊ ကလပ်အနေနှင့် တရားမစွဲနိုင်။ ကလပ်အတွင်းရေးမှူးကလည်း၊ ကလပ်အတွက် တရားမစွဲနိုင်။

သို့ရာတွင် အမှုကို ပလပ်ရန်မ လို၊သဘောရိုးဖြင့် မှားယွင်းခြင်းဖြစ်သောကြောင့်၊ ထိုကလပ် အစား ကလပ်အသင်းသားများအား တရားလိုအဖြစ်ထည့်သွင်းစွဲဆိုရန်၊ သို့တည်းမဟုတ် အတွင်း ရေးမှူးက တရားမကျင့်ထုံး အမိန့် ၁၊ နည်းဥပဒေ (၇) အရ စွဲဆိုရန်အမိန့်ချမှတ်လိုက်သည်။

အယူခံ တရားလိုအတွက်။ ။သခင်ချစ်။

အယူခံ တရားခံများအတွက်။ ။ဦးဘတင်။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။ ဤအမှုတွင် အယူခံ တရားခံ အမှတ် (၁) ရောဝတီ ကလပ်က၊ အတွင်းရေးမှူး ဦးအုံးကြွယ်နှင့်၊ အယူခံ တရားလို ဒေါ်ပေါင်းနှင့် အခြား အယူခံ တရားခံ သုံးဦးတို့ အား၊ ယင်းကလပ် အစိုးရ ထံမှ အငှါးခံယူထား သော မြေပါတွင်၊ ယာယီ အဆောက် အဦ ဆောက်လုပ်ခွင့် ပေးခဲ့ကြောင်း၊ ထို ယာယီ နေထိုင်ခွင့်ကို နို့တစ်စာဖြင့် ရုပ်သိမ်း ခဲ့ကြောင်းဖြင့်၊ အဆောက် အဦကို ပယ် ဖျက်ရှေ့ပြောင်း၍၊ မြေမှ ကွက်ခွါဖယ်ရှားစေသုန် တရားစွဲဆို ခဲ့လေသည်။ ပုသိမ် အ နောက်ပိုင်း မြို့နယ် တရားမ ရုံးက စွဲဆိုသည့်အတိုင်း မှန်ကန်ကြောင်း တွေ့ရှိ၍၊ အမိန့် ဒီကရီ ချမှတ် လိုက်သည်တွင်၊ ယခု အယူခံတရားလို ဒေါ်ဒေါင်း တဦးတည်းသာ အယူခံ ဝင်လေသည်။ မခအာင်မြင် သဖြင့် ယခု တဖန် အယူခံ ဝင်ပြန်သည်။

---

*၁၉၆၃ ခုနှစ်၊ တရားမဒုတိယအယူခံမှုအမှတ် ၃၅။

†၁၉၆၂ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၁၄ ၎င် ၁၉၆၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့စွဲပါ ပုသိမ်မြို့၊ ခရိုင်တရားမဘရားသူကြီးရုံးတော်၏ ခွဲမှတ်သောဒီကရီကို အယူခံဝင်မှု။

၁၉၆၄

ဒေါ်ခေါင်း နှင့် ရော်ဇတီကလပ် (၎င်း၏အတွင်း ရေးမှူးဦးအုံးကြွယ်) ပါ ၄။

အဆိုလွှာ၌၊ ကလပ်သည်၊ အစိုးရ ထံမှ အငှါးဂရုံ ရရှိခဲ့သော အခင်းဖြစ်မြေပေါ်တွင်၊ ဒေါ်ဒေါင်းနှင့် အခြား တရားခံများက၊ မိမိတို့၏ ဖ၊ ဆ၊ ပ၊ လ၊ အဖွဲ့ ယာယီ ဌာနချုပ် အဆောက် အဦ ဆောက်လုပ်ရန် အတွက်၊ ပန်ကြားသဖြင့် အခွင့်ပေးခဲ့ကြောင်း။ ဖ၊ ဆ၊ ပ၊ လ အဖွဲ့ ကွဲပြီးနောက်၊ တရားခံများသည်၊ ပုသိမ်မြို့တွင်၊ ပြည်ထောင်စု အဖွဲ့ ဖွဲ့စည်း၍၊ ဆက်လက်နေထိုင်ကြောင်း။ မြေကို ပြန်လည် လက်ရောက် ရရှိသိုသဖြင့်၊ တရားခံများအား၊ မိမိတို့ ကိုယ်တိုင် အဖြစ်ဖြင်း၊ ပုသိမ်မြို့ပြည်ထောင်စု ပါတီ အဖွဲ့ဝင်များ၏ ကိုယ်စား အဖြစ်ဖြင်း၊ တရားစွဲဆိုပါသည်ဟု ပေါ်ပြ ထားသည်။ ယင်းသို့ တရားစွဲရာ၌၊ အဆိုလွှာ အပိုဒ် ( ) တွင်ဝင်း၊တရားမ ကျင့်ထုံး အမိန့် ၁၊နည်း ဥပဒေ ဂ အရ၊ တရားစွဲခွင့် တောင်းသော လျှောက်လွှာတွင်ဝင်း၊ တရားခံများ ဖြစ်သော ပြည်ထောင်စု အဖွဲ့ဝင် အရေ အတွက် များပြား သဖြင့်၊ တရားမ ကျင့်ထုံး အမိန့် ၁၊ နည်းဥပဒေ ဂ အရ၊ အခွင့် လျှောက်ထားရကြောင်း ဖော်ပြ ထားလေသည်။ လျှောက်ထားသည့် အတိုင်း မူလ ရုံးက အခွင့်ပေး၍၊ လိုအပ်သည့် နို့တစ် စာကို သတင်းစာတွင် ထည့်သွင်းကျေညာ စေခဲ့ပြီး၊ အထက်၌ ဖော်ပြခဲ့သည့် အတိုင်း အမိန့် ဒီကရီ ချမှတ် လိုက်၏။

ပထာမ အားဖြင့်၊ အယူခံ တရားလို၏။ ပညာရှိ ရှေနေကြီးလျှောက်လဲသည်မှာ၊ ရောဘီ ကလပ်ကို၊ သက်ဆိုင်ရာ ဥပဒေ အရ၊ မှတ်ပုံတင်ပြီးမဟုတ်သဖြင့် ကလပ်ကိုယ်ဘိုင် တရား မစွဲနိုင်ကြောင်း။ ကလပ် အသင်းသားများသာလျှင် တရားစွဲနိုင်ကြောင်း။ ယင်းသို့ တရားစွဲရာ၌လည်း၊ တရားမ ကျင့်ထုံးအမိန့် ၁၊ နည်းဥပဒေ ဂ၊ အတိုင်း လိုက်နာသုမည် ဖြစ်ကြောင်း နှင့် ဥပဒေ အချက် အနေဖြင့် လျှောက်လဲသည်။ ဤလျှောက်လဲချက်ကို ဤခုံးကျမှ သာ တင်ပြသဖြင့်၊ လက်မခံ ထိုက်ကြောင်းနှင့် ကလပ်၏ ပညာရှိရှေနေကြီးကန့်ကွက်၏။ သို့သော် ဤအချက်မှာ၊ အဆိုလွှာနှင့် တရားမ ကျင့်ထုံး အမိန့် ၁၊ နည်းဥပဒေ ဂ အရ၊ လျှောက်သော လျှောက်လွှာ အရပင် ထင်ရှားသဖြင့်၊ ဤခုံးက လက်ခံ စဉ်းစားရပေမည်။ **ဟာဂို အပ္ပမူရွှက္ကခန် နှင့် ဘားမားပါဘလစ်ဌား လီမိတက် အမှု** (၁) ကို ကြည့်ပါ။

အဆိုပါကလပ်မှာ၊ အထက်၌ဖော်ပြခဲ့သည့် အတိုင်း မှတ်ပုံတင်ပြီး မဟုတ် သဖြင့် ကလပ် အနေနှင့် တရားမစွဲနိုင်ပေ။ ကလပ်၏ အတွင်းရေးမှူးလည်း၊ ကလပ် အတွက် တရား မစွဲနိုင်ပေ။ ပါရှု မူလာပြုသော တရားမ ကျင့်ထုံး ကျမ်းတွင် "**Clubs and**

(၁) ၁၉၅၆ ခုနှစ်၊ မြန်မာပြည်နိရင်ထုံးများ၊ ထရားလွှတ်တော်ချုပ်၊ စာ ၁။

၁၉၆၄

ခေါ်ခေါင်း နှင့် ရောဝတီကလပ် (၎င်း၏အတွင်း ရေးမှူး ဦးအုံး ကြွယ်) ဝါ ၄။

other associations" ဆိုသော ခေါင်းစဉ်အောက်၌ အမိန့် ၁၊ နည်းဥပဒေ ၈ နှင့် စပ်လျဉ်း၍၊ အောက်ပါ အတိုင်း ဝေဖန် ထားလေသည်။

"Clubs and other associations.—The secretary of a club or other association cannot sue alone in respect of a matter in which the association is interested even if he is authorised so to do by a resolution of the members of the association. The suit must be brought by all the members of the association, or by the secretary on his own behalf and on behalf of the other members under this rule."

ဤဝေဖန်ချက်များ မှန်ကန်သည် ဖြစ်ရာ၊ ဤရုံးကလည်း လိုက်နာ ကျင့်သုံးရပေမည်။

ယခုကဲ့သို့သော အမှုမျိုးတွင်၊ မည်သို့ မည်ပုံ အမှုသည်များအား၊ ဖေါ်ပြရမည်ကို တရားမ ကျင့်ထုံး နောက်ဆက်တွဲ က တွင် ဖေါ်ပြ ထားလေသည်။

အထက်ဖေါ်ပြပါ အကြောင်းများကြောင့်၊ ကလယ်သော်၎င်း၊ ကလဗ်၏ အတွင်း ရေးမှူးသော်၎င်း၊ ကလဗ်၏ မြေကို လက်ရောက် ရရန် အတွက် တရား မစွဲနိုင်ပေ။ အယူခံ တရားလို၏ ပညာရှိ ရွှေနေကြီးက ယင်းသို့ ဖြစ်ရာ၊ အမှုကို ပလပ်ရန်သာ မှီတော့ကြောင်း နှင့် လျောက်လဲ၏။ သို့သော် ယခု ကိစ္စတွင် သဘောရိုးဖြင့် ချို့ယွင်းမှု ဖြစ်ပေါ်ရသည်ဟု ဆိုရပေမည်။ ပါရဂူမူ လာပြုသော အထက်ဖေါ်ပြပါ ကျမ်းတွင် "Suit in name of wrong plaintiff" ဟူသော ခေါင်းစဉ်အောက်၌ အောက်ပါ မြှက်ကြားချက် ပါရှိလေသည်။

"Suit in name of wrong plaintiff.—*A* brings a suit under this section on behalf of himself and other creditor of *X*. It turns out that *A* is not a creditor of *X*. Thereupon, *B*, an admitted creditor of X, applies to be added as a plaintiff under Order 1, rule 10 (*1*). Has the Court power to grant the application? The question arose in a Madras case, but it was left open. The Madras case was not one of a *bona fide* mistake and it is submitted that if the suit was instituted by A by such a mistake, and amendment may be allowed on terms."

ဤမြှက်ကြားချက်များမှာ တရားမ ကျင့်ထုံး အမိန့် ၁၊ နည်းဥပဒေ ၁၀ ပါ ပြဋ္ဌာန်း ချက်များနှင့် ကိုက်ညီကြောင်း တွေ့ရလေသည်။ ယခု အမှုတွင်လည်း၊ သဘောရိုးဖြင့် မှားယွင်းသောကြောင့်၊ ရောဝတီ ကလပ်နာမည်ဖြင့် တရားစွဲခဲ့သည် ဖြစ်ရာ၊ ထိုကလပ်

အစား၊ ကလပ် အသင်းသားမျှားအား၊ တရားလို အဖြစ် ထည့်သွင်း စွဲဆိုရန်၊ သို့တည်း မဟုတ် အဘွင်းရေးမှူးက၊ တရားမ ကျင့်ထုံး အမိန့် ၁၊ နည်းဥပဒေ (၇) အရ၊ စွဲဆိုရန် အမိန့် ချမှတ် လိုက်သည်။ ဤသည့်အကြားချက် အတိုင်း ပြင်ဆင်သည့် အဆိုလွှာကို မူလ ရုံးဘွင် တင်သွင်းရမည်။ ယင်းသို့ တင်သွင်းလျှင်၊ မူလ ရုံးက လက်ခံရမည်။ ပြင်ဆင်ရသည့် အတွက်၊ အယူခံ တရားလို ဒေါ်ဒေါင်းအား၊ ငွေ ၁၇ ကျပ် ပေးဆောင် ရမည် ဖြစ်သည်။

၁၉၆၄

ဒေါ်ဒေါင်း နှင့် ရောဝတီကလပ် (၎င်း၏အတွင်း ရေးမှူး ဦးအုံး ကြွယ်) ပါ ၄။

မူလ ရုံးသည်၊ ပြင်ဆင်သည့် အဆိုလွှာကို လက်ခံပြီးနောက် တရားမ ကျင့်ထုံး အမိန့် ၁၊ နည်းဥပဒေ (၇) အရ၊ အခွင့်ပေးရန် လိုအပ်က၊ အခွင့်ပေး၍၊ လိုအပ်သည့် ကြေငြာ ထုတ်ပြီးလျှင်၊ တရားခံမျှား ချေလွှာ တင်သွင်းလိုက၊ ချေလွှာမျှား လက်ခံ ပြီး၊ ကောက်ချက် သစ်မျှား ထုတ်ရန် လိုအပ်လျှင်လည်း ထုတ်၍၊ အမှုသည်မျှား သက်ဆိုသ စစ်ဆေးလိုလျှင် စစ်ဆေးခွင့် ပေးရမည်။ စစ်ဆေးပြီး သက်သေခံချက် မျှား ကိုလည်း ထည့်သွင်း အသုံး ပြုနိုင်သည်။

အောက် ရုံး ၂ ရုံး၏ အမိန့်နှင့် ဒီကရီမျှားကို ပယ်ဖျက်ပြီးလျှင် အမှုကို မူလရုံးသို့ အထက်ပါ ညွှန်ကြားချက် အတိုင်း လိုက်နာ ဆောင်ရွက် ဆုံးဖြတ်ရန် ပြန်လည် ပေး ပို့လိုက်သည်။

ယခုအခါ၌ အထိ ကုန်ကျသောတရား စရိတ်မျှားသည်မူလရုံး၌ အရှုံး အနိုင်ပေါ် တွင် တည်စေရမည်။

ဤရုံးရွှေ့နေခမှာ ၅၁ ကျပ် ဖြစ်စေရမည်။

တရားမအယူခံ

တရားသူကြီးချုပ် ဦးဘိုကြီး ရွှေတွင်

† ၁၉၆၄

ဇန္နဝါရီလ ၁၆ ရက်။

ဒေါ်ဖွါးညွန့်ပါ၃ (အယူခံတရားလို)

နှင့်

ဦးတရုပ်ဖြူပါ၂ (အယူခံတရားခံ)*

တရားမကျင့်ထုံးအမိန့် ၁၈ – နည်းဥပဒေ ၁၈—တရားသူကြီး၏ စစ်ဆေးခွင့် အာဏာ ပုဒ်မ ၇၅(ခ) နှင့် ၁၀၇(၂) ကော်မရှင်ထုတ်နိုင်သည့်အာဏာ။ ကျူးကျော်မှု—ဝင်ရောက်မှု(Entry) မလိုခြင်း၊ စုရှမြေငှါးရာ၌ မြေပေါ်ရှိနေရာလပ် (Open space)ကို မည်သူပိုင်ဆိုင်ခြင်း ကိစ္စ။

ဆုံးဖြတ်ချက်။ ။တရားမကျင့်ထုံး အမိန့် ၁၈၊ နည်းဥပဒေ ၁၈ အရ၊ တရားသူကြီးသည်၊ အခင်းဖြစ်နေရာသို့ သွားရောက် စစ်ဆေးနိုင်သော်လည်း၊ အမှုသည်တင်ပြသော သက်သေခံချက်များကို တိကျမှန်ကန်စွာ နားလည်ရန်အတွက်သာ ဖြစ်သည်။ မိမိတွေ့ရှိချက်များကို ပခါနထား၍ အမှုကိုဆုံးဖြတ်ရန်မဟုတ်။

တရားမကျင့်ထုံး ပုဒ်မ ၇၅(ခ)နှင့် ပုဒ်မ ၁၀၇(၂)အရ၊ ပဌမအယူခံရုံးသည် အခင်းဖြစ်နေရာသို့ သွားရောက်စစ်ဆေးစေရန် ကော်မရှင်ထုတ်နိုင်သဖြင့်၊ အင်ဂျင်နီယာတဦး စေလွှတ်ရာ၌ စေလွှတ်ခွင့်ရှိသည်။

ထပ်မံဆုံးဖြတ်ချက်။ ။ကျူးကျော်မှုဖြစ်ရန်အတွက် ဝင်ရောက်မှု (Entry)မလို။ ထိရုံမျှဖြင့် ကျူးကျော်ခြင်းဖြစ်နိုင်သည်။

ထို့ပြင် ဤအမှုတွင် အယူခံတရားလိုနှင့် တရားခံများသည်၊ အခြင်းဖြစ်အိမ်နေရာနှင့်ပတ်သက်၍ အိမ်ငှါးများသာဖြစ်ကြရာ၊ ယင်းသို့ အငှါးခံယူရာ၌၊ မြေကွက်ပေါ်ရှိ နေရာလပ် (Open space) ကိုပါ အငှါးခံယူသည် မခံယူသည်ကို သက်သေတင်ပြခြင်းမပြု၊သာမန်အားဖြင့် မြေပိုင်ရှင်သာလျှင် ထိုမြေပေါ်ရှိနေရာလပ်ကို ပိုင်ဆိုင်ခွင့်ရှိပေသည်။

ထိုပိုင်ဆိုင်ခွင့်ရှိသော နေရာလပ်ကိုပါ မြေရှင်ကငှါးရမ်းမှုသာလျှင်၊ မြေငှါးသူသည် ထိုနေရာလပ်ကို လက်ရှိထားပိုင်ခွင့် ရှိပေမည်။

---

* ၁၉၆၂ ခုနှစ်၊ တရားမဒုတိယအယူခံမှုအမှတ် ၁၃၀။

† ၁၉၆၁ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၄၂ တွင် ၁၉၆၂ ခု၊အောက်တိုဘာလ ၂၀ ရက်နေ့စွဲပါ၊ မော်လမြိုင်မြို့ရုံးထိုင်၊ ကျုိက္ခမီခရိုင် တရားမတရားသူကြီးရုံးတော်၏ ချမှတ်သော ဒီကရီကို အယူခံဝင်မှု။

မြေကွက်တခုကို စပ်တူငှါးကြရာ၌၊ နေရာလပ် (Open space) ကိုလည်း ငှါးသည်ဟု ဆိုနိုင်စေဦး၊ ထိုမြေရာလပ်တွင် မည်သည့်နေရာကို မည်သူလက်ရှိထားရန် သဘောတူညီချက်မရှိလျှင်၊ မည်သည့်နေရာကို မည်သူလက်ရှိ ရသည်ဟုမဆိုနိုင်။

ဒေါ်မွဲးညွန့် ပါ ၃ နှင့် ဦးတရုပ်ဖြူ ပါ ၂။

ထို့ကြောင့်၊ အယူခံတရားလိုများသည် အိမ်အောက်ထပ်ခန်းမ အဆောင်ထုတ်ရာ၌၊ အဆောင်၏ ခေါင်မိုးထပ်သည် အယူခံတရားခံ၏ ကြမ်းပြင်နှင့် တပြေးတည်းဖြစ်နေသဖြင့်၊ ကျူးကျော်သူများ ဖြစ်သည်ဟု ဆိုရန်ခဲယဉ်းသည်။

အယူခံဘရားလိုအတွက်။ ။ဦးသန်းမောင်။

အယူခံတရားခံအတွက်။ ။ဒေါ်မြင့်မြင့်ခင်။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။မော်လမြိုင်မြို့၊ ဈေးကြီးရပ်၊ ဖက်တန်း အမှတ် ၁၃ ရှိ၊ မူလက ကုလားတန်းဘုရားဘီစျေး ကုမ္ပဏီပိုင် မြေကွက်ကို အယူခံတရားလိုများ၊ အယူခံ တရားခံများနှင့် အခြားသူနှစ်ဦးဘို့ အတူတကွငှါးရမ်းပြီး နှစ်ထပ်လေးခန်းအိမ် ဆောက်၍ အိမ်ခြောက်ဘက်ပိုင်းဘွင် အယူခံတရားလိုများ၊ အောက်ထပ်၌ အယူခံ တရားခံများ၊ အပေါ်ထပ်၌ သီးခြားပိုင်ရှင်များအဖြစ် နေထိုင်ကြသည်။ ထိုအိမ်သည် သံလွင်မြစ် ကမ်းနှုးနှင့်ရှိ၍၊ မြစ်ကို ကျောပေးနေသည်။ ယင်းသို့ နေထိုင်ကြစဉ် အောက်ထပ်နေ အယူခံ တရားလိုများသည် မိမိတို့၏အောက်ထပ်မှ မြစ်ဘက်သို့ အသွား ၁၅ ပေကျော်မျှရှိသော အဆောင်ထုတ်၏။ ထိုအဆောင်မှာ ခေါင်မိုးစောက် ဖြစ်၍ ခေါင်မိုးထိပ်သည် အိမ်အပေါ်ထပ် ကြမ်းပြင်နှင့် တပြေးတည်းမဟုတ်ဘဲ၊ ထိုကြမ်းပြင်နှင့် တပြေးဘည်းရှိ နေရာလပ်သို့ ၁ ပေ၊ ၁၀ လက်မမျှ ထိုးပေါက်နေသည်။ ထိုနောက် အယူခံ တရားခံများသည် မိမိတို့၏ အိမ်အပေါ်ထပ်ကို မြစ်ဘက်သို့ တိုးချဲ့ပြီး ရှိရင်းဝါးရမ်းဘာမှ ၂ ပေ၊ ၄ လက်မမျှရှိ ဝါးခုမ်းဘာအသစ်တခု အပါအဝင် ၉ ပေမျှ ရှိသော အဆောင်သစ်တခုထုတ်သည်။ အယူခံတရားလိုများသည် အယူခံတရားခံများ အပေါ်၌ ၎င်းတို့ထုတ်ခသောအဆောင်သည် မိမိတို့အဆောင် သွပ်မိုးပေါ် ငွေကျရောက်ပြီး ပျက်စီးစေပါသည်ဆိုကာ ထိုအဆောင်ကို ဖျက်ဆီး ဖယ်ရှားစေရန် တရားစွဲဆိုရာ မူလရုံးက စွဲဆိုသည့်အတိုင်း အမိန့်ဒီကရီ ချမှတ်လိုက်သည်။ ထိုအမိန့်ကိုအယူခံ တရားခံများ အယူခံဝင်ရာတွင်ပဌမအယူခံရုံးက အယူခံတရားလိုတို့၏ လျှောက်ထားချက်အရ၊ အငြိမ်းစား တိုင်းအင်ဂျင်နီယာ ဦးကျော်ညွန့်အား အခင်းဖြစ် နေရာသို့ သွားရောက် စစ်ဆေးစေပြီးလျှင်၊ ဦးကျော်ညွန့်၏အစီရင်ခံစာနှင့် သက်သေခံချက်ကိုအခိုကအားဖြင့် မူဘည်ပြီးအဆိုပါ မူလရုံး၏အမိန့်နှင့် ဒီကရီကို ပယ်ဖျက်လိုက်သည်။ ထို့ကြောင့် မလဘရားလိုများသည် ယခုအယူခံဝင်ခြင်းဖြစ်သည်။

၁၉၆၄

ဒေါ်ဖွါးညွှန့် ပါ ၃ နှင့် ဦးတရုပ်ဖြူ ပါ ၂။

မူလရုံး တရားသူကြီးသည် အခင်းဖြစ်နေရာသို့ သွားရောက် စစ်ဆေးပြီး မိမိတွေ့ရှိသမျှ အချက်များကို ပဓါနထား၍ အမှုသည်များ တင်သွင်းသော သက်သေခံချက်များနှင့် နှိုင်းယှဉ်ပြီး အယူခံတရားလိုများ၏ သက်သေခံချက်များသည် မိမိတွေ့ရှိချက်များနှင့် ကိုက်ညီသည်ဆိုကာ ထိုသက်သေခံချက်များကို လက်ခံလေသည်။ တရားမကျင့်ထုံး အမိန့် ၁၈၊ နည်းဥပဒေ ၁၈ အရ၊ တရားသူကြီးသည် အခင်းဖြစ်နေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေး နိုင်ငြားသော်လည်း၊ထိုသို့စစ်ဆေးရန် အာဏာပေးအပ်သည့် ရည်ရွယ်ချက်မှာ အမှုသည်များတင်ပြသော သက်သေခံချက်များ ကိုတိကျမှန်ကန်စွာ နားလည်ရန်အတွက်သာ ဖြစ်သည်။ မိမိတွေ့ရှိချက်များကို ပဓါနထား၍ အမှုကိုဆုံးဖြတ်ရန် မဟုတ်ပေ။ သို့သော် သက်သေခံချက်များ လုံလောက်စွာရှိသဖြင့် မူလရုံး တရားသူကြီးမှားယွင်းချက်ကြောင့် အမှုကို ပျက်ပြယ်စေမည်ဟု မယူဆအပ်ပေ။

အယူခံ တရားလိုတို့၏ ပညာရှိ ရှေ့နေကြီးက၊ ပဋမအယူခံရုံးသည် အငြိမ်းစား တိုင်းအင်ဂျင်နီယာအား အခင်းဖြစ်နေရာသို့ သွားရောက် စစ်ဆေးစေနိုင်ခွင့် မရှိကြောင်းနှင့် သျှောက်ထား၏။ သို့သော် တရားမကျင့်ထုံးပုဒ်မ ၇၅(ခ)နှင့် ပုဒ်မ ၁၀၇ (၂)အရ၊ ပဌမ အယူခံရုံးသည် အခင်းဖြစ်နေရာသို့ သွားရောက်စစ်ဆေးစေရန် ကော်မရှင်ထုတ်နိုင်ကြောင်းမှာ ထင်ရှား၏။

အယူခံ တရားလိုတို့ထူသော မော်လမြိုင်မြို့၊ မြူနီစီပါလ် အင်ဂျင်နီယာ ဦးယုတင်နှင့် ပဌမအယူခံရုံး စစ်ဆေးသော အငြိမ်းစား တိုင်းအင်ဂျင်နီယာ ဦးကျော်ညွန့်တို့၏ ထွက်ချက်များကို ပေါင်းစပ်၍ သေလောသုံးသပ်ရာ၌၊ အယူခံတရားခံတို့ အပေါ် ထပ်မံထုတ်သော ၅ ပေ၊ ၆ လက်မမျှရှိ အဆောင်မှာ အယူခံတရားလိုတို့အား မည်သို့မျှ ထိခိုက်ဘွယ်ရာမရှိကြောင်း တွေ့ရသည်။ ဦးယုတင်က ထို ၅ ပေ၊ ၆ လက်မမျှရှိ အဆောင်အတွက် အမှုသည်နှစ်ဦး အခင်းဖြစ်စရာ အကြောင်းမမြင်ပါဟု ထွက်ဆို၏။ ဆက်လက် ထွက်ဆိုသည်မှာ ကာလကြာသောအခါ၊ထိုအဆောင် အောက်ခံတိုင်မျှားကျ သွားသျှင် အောက်ထပ်ကို ထိခိုက်ဘွယ်ရာအကြောင်း ရှိပါသည်ဟု ထင်မြင်ချက်ပေး၏။ ဦးကျော်ညွန့်ကမူကား ထိုအဆောင်မှာ ခိုင်ခံ့စွာ ဆောက်လုပ်ထားသည်ဖြစ်ရာ စိုးရိမ်စရာလုံးဝမရှိကြောင်းနှင့် ထွက်ဆို၏။ ဦးကျော်ညွန့်သည် တိကျသေချာစွာ အသေးစိတ် စစ်ဆေးတွက်ချက်ပြီးမှ သက်သေခံသဖြင့် ၎င်း၏ သက်သေခံချက်ကို ပိုမိုအလေးပေးသင့်ပေသည်။ ထို့ပြင်လည်း၊ထိုအဆောင်ကို ဆောက်လုပ်သူလက်သမား ကန်ထရိုက် ဦးဘိုးသိန်းက ထိုအဆောင်ကို ၇ လက်မပတ်လည်စီရှိတိုင် ၂ လုံးဖြင့် ပင့်ထားပြီး၊ ထိုတိုင်များမှ အဆောင်သို့ ကြားကန်ထားကြောင်း၊ တိုင်များမှာလည်း ကွန်ကရစ်ခြေထောက်များရှိကြောင်း ထွက်ဆိုလေသည်။ထို့ကြောင့် ဝါးရမ်းတာသစ်မှ အပ တိုးချဲ့သော ၅ ပေ၊ ၆ လက်မမျှရှိ အဆောင်အတွက် အယူခံတရားလိုများအား

မည်သို့မျှထိခိုက်ခြင်း မရှိသည်ကို တွေ့ရလေသည်။ ၂ ပေ၊ ၄ လက်မမျှရှိပါးရမ်းတာ အသစ်နှင့် စပ်လျဉ်း၍မူကား၊မြို့နီစီပါယ် အင်ဂျင်နီယာ ဦးယုတင်က ထိုပါးရမ်းတာသည် အောက်သပ်အဆောင် သွပ်မိုးကို ထိနေကြောင်း၊ အမိုးကိုလွတ်အောင် အဖျားရှူးဆားသော်လည်း၊ ထိလျက်ပင်ဖြစ်ကြောင်း၊ ယင်းသို့အဖျားရှူးထားခြင်းအား ဖြင့် ထိုပါးရမ်းဘာမှာ မတောင့်တင်းလှကြောင်း တွေ့ရှိရပါသည်ဟု ထွက်ဆို၏။ ယင်းသို့ ပါးရမ်းဘာနှင့် ခေါင်မိုး ထိနေကြောင်းကို ဦးဘန်ကီနှင့် အခြားသက်သေများ၏ ထွက်ချက်များလည်း ရှိသေသည်။ အငြိမ်းစား တိုင်းအင်ဂျင်နီယာ ဦးကျော်ညွန့် ကလည်း ထိုပါးရမ်းဘာသည် အောက်တပ်အဆောင် ခေါင်မိုးနှင့် နီးကပ်လွန်းသည်ဟု အစီရင်ခံ၏။ ထို့ကြောင့် အယူခံ တရားခံတို့ဆုတ်သောပါးရမ်းတာ အသစ်မှာ အယူခံ တရားပို ဘို၏ အဆောင်ခေါင်မိုးနှင့် ထိနေသည်ဟု ဆုံးဖြတ်ရပေမည်။

ယင်းသို့ဖြစ်ရာ၊ အယူခံဘရားခံတို့၏ ပါးရမ်းတာသစ်သည် အယူခံ တရားလိုတို့၏ အဆောင် ခေါင်မိုးပေါ် ကျူးကျော်နေသည်ဟု ဆုံးဖြတ်ရပေမည်။ ဤအချက်နှင့် စပ်လျဉ်း၍ အဓိကာဒ်အထား အကိုးအကားလိုသော် ပါမောက္ခ ဝင်းဖိုးလ်ပြုသော တော့ ခေါ် ကျမ်း၊ ၆ ကြိမ်မြောက်ဆုတ် စာမျက်နှာ ၃၇၃ တွင်၊ အောက်ပါအတိုင်း မြွက်ကြားထားသည်ကိုကြည့်ပါ။

> " . . . But there need be no entry; mere touching may be enough. *A* puts a heap of damp rubbish on his own land. As the heap dries it sinks and touches the wall of *B*, a neighbour. *A* has committed trespass. So, too, propping a ladder against a neighbour's wall may be trespass."

အယူခံ တရားခံတို့၏ ပညာရှိခွေနေကြီးကအယူခံ တရားလိုတို့ထုတ်သောအောက် ထပ်အဆောင် ခေါင်မိုးထိပ်သည် အယူခံ တရားခံတို့၏ ဒုံမအပေါ်ထပ် ကြမ်းပြင်နှင့် တဲပြားကဲ့သို့ ရှိသည့် နေရာလပ်သို့ ထိုးဖောက်နေသဖြင့် အယူခံတရားလိုများကပင် ကျူးကျော်သူများ ဖြစ်သည်ဟု ယူဆခုမည်ဖြစ်ကြောင်းနှင့် လျောက်လဲ၏။ သို့သော် အထောက်အထား အကိုးအကား မပြနိုင်ပေ။ အယူခံ တရားလိုများ၊ အယူခံ တရားခံများနှင့် အခြားသူ နှစ်ဦးတို့အတူ ဒေးခင်းဖြစ်အိမ် ဆောက်လုပ်သော မြေကွက်ကိုအငှါး ခံယူခဲ့သည်ကားမှန်၏။ သို့သော် ယင်းသို့ အငှါးခံယူရာ၌ မြေကွက်ပေါ်ရှိ နေရာလပ် (air space) ကိုပါ အငှါးခံယူသည်၊ မခံယူသည်ကို သက်သေထင်ပြခြင်းမပြုကြချေ။ ကလခ် နှင့် လင်းဆဲလ်တို့ပြုသော ၁၁ ကြိမ်မြောက် တော့ကျမ်း စာမျက်နှာ ၅၁၈ တွင် အောက်ပါအတိုင်း မြွက်ဆိုထားလေသည်။

> "902. Whether under a lease of the surface the possession of the air space will pass, so as to render the lessee the

ဒေါ်ဖွါးညွန့်ပါ ၃ နှင့် ဦးတရွပ်ဖြူပါ ၂။

၁၉၆၄
ဒေါ်ဖွါးညွန့်
ပါ ၃
နှင့်
ဦးစောချမ်းဖြူ
ပါ ၂။

proper person to sue for a trespass upon it depends on the construction of the lease. In Gifford v. Dent (1926, weekly notes page 336), it was held that the tenant of the forecourt had possession so as to sue for a trespass committed by the tenant of the second floor in hanging a sign which projected over the forecourt."

သာမန်အားဖြင့် မြေပိုင်ရှင်သာလျှင် ထိုမြေအပေါ်ရှိ နေရာလပ်ကို ပိုင်ဆိုင်ခွင့် ရှိပေမည်။ ထိုပိုင်ဆိုင်ခွင့်ရှိသော နေရာလပ်ကိုပါမြေရှင်က ငှါးရမ်းမှုသာလျှင် မြေငှါး သူသည် ထိုနေရာလပ်ကို လက်ရှိထားပိုင်ခွင့် ရှိပေမည်။

ယခုအမှုဘွင် လေးဦးစပ် အင်းဖြစ် အိမ်တည်ရာ မြေကွက်ကို အိမ်ဆောက်ရန် အတွက် ငှါးသည်ဖြစ်ရာ ထိုမြေကွက်ပေါ်ရှိ နေရာလပ် (air space) ကိုလည်း ငှါးသည်ဟု ဆိုနိုင်စေဘိဦး၊ ထိုနေရာလပ်ကို ၎င်းတို့ လေးဦးစပ်တူ ငှါးရမ်းသူများ အဖြစ် လက်ရှိရသည်ဟု ဆိုရပေသည်။ ထိုနေရာလပ်တွင် မည်သည့်နေရာကို မည်သူ လက်ရှိရသည်ဟု မဆိုနိုင်ပေ။ မည်သည့်နေရာကို မည်သူလက်ရှိထားရှုန်နှင့်ပတ်သက်၍ လေးဦး သဘောတူညီချက် ရှိဟန်မတူပေ။ အိမ်နှင့်ပတ်သက်၍၊ လေးဦးသဘောတူ အိမ်ခန်းများ ကိုယ်စီကိုယ်ငှ ပိုင်ဆိုင် လက်ရှိထားကြမှန်တူသည်။ အိမ်နောက်ဖေးရှိ နေရာလပ်နှင့် စပ်လျဉ်း၍ကား သဘောတူညီချက် ထားခဲ့ကြဟန်မတူပေ။ ထို့ကြောင့် အယူခံ တရားလိုများသည် မိမိတို့နေထိုင်ရာ အောက်ထပ် မြောက်ဘက်ခန်းမှ အဆောင်ထုတ်ရာ၌ အခြားဆောင်၏ ခေါင်မိုးထိပ်သည် အယူခံ တရားခံများ၏ အပေါ်ထပ် ကြမ်းပြင်နှင့် တပြေးတည်း နောက်ဖေးဝက် နေရာလပ်သို့ ထိုးဖောက်နေသဖြင့် အယူခံတရားလိုများသည် ကျူးကျော်သူများ ဖြစ်သည်ဟုဆိုရန် ခဲယဉ်းပေသည်။ စင်စစ်အားဖြင့် အယူခံ တရားခံတို့ အိမ်ခန်းနှင့် တပြေးတည်းရှိ နေရာလပ်ကို ၎င်းတို့သာသျှင် လက်ရှိ ရကြောင်း၊ သက်သေ အထောက်အထား ဖြစ်စေ၊ ဖြတ်ထုံး အကိုးအကား ဖြစ်စေ တင်ပြခြင်း မပြုနိုင်ပေ။

အဆက်ဖော်ပြပါ အကြောင်းများကြောင့် အောက်ရုံးများ၏ အမိန့်နှင့် ဒီကရီများကို အောက်ပါအတိုင်း ပြင်ဆင်လိုက်သည်။

အယူခံ တရားခံများသည် မိမိတို့ထုတ်သော အပေါ်ထပ် နောက်ဖေးဆောင်၏ ဝါးခုံးတာသစ်ကိုဖျက်၍ ဖယ်ရှင်းရမည်။

တရားစရိတ်နှင့် စပ်လျဉ်း၍ အယူခံတရားခံများ ကျူးကျော်သောကြောင့်သာ ယခုအမှုကို စွဲဆိုရလေသည်။ သို့သော် အယူခံတရားလိုများ တရားစွဲဆိုရာ၌ ငါးခုံးတာ

သစ်ကို ဖယ်ရှားရန်အတွက်သာ မဟုတ်ဘဲ အဆောင်တခုလုံးကို ဖျက်ရန် စွဲဆိုခဲ့သည်မှာ မှားယွင်းလေသည်။ထို့ကြောင့် အမှုသည်များသည် ၃ ရုံးစလုံးတွင် မိမိတို့တရားစရိတ်ကို မိမိတို့အသီးသီး ကျခံကြရန် အမိန့်ချမှတ်လိုက်သည်။

ဤရုံးရွှေနေခမှာ ၅၁ ဖြစ်စေရမည်။

၁၉၆၄

ဒေါ်ဖိုးညွန့် ပါ ၃ နှင့် ဦးတရုပ်ဖြူ ပါ ၂။

တရားမအယူခံ

တရားသူကြီး ဦးစောဘသိန်း ရွှေတွင်

† ၁၉၆၄
ဇန်နဝါရီလ
၂၅ ရက်။

နဘတ်ခန် ပါ ၂ (အယူခံတရားလိုများ)*

နှင့်

ရာဂျာခန် ၎င်း၏ နီးစပ်ရာ မိတ်ဆွေ အုပ်ထိန်းသူ မသောင်းတင် (အယူခံတရားခံ)

အလုပ်သမားလျော်ကြေး ဥပဒေပုဒ်မ ၂ (၁) (ဃ) (၁) နှင့် (၂) လျော်ကြေးငွေကို မည်သူ့အား ပေးရန်ကိစ္စ။ လျော်ကြေးငွေ ထုတ်ပေးရန်အတွက် အမွေထိန်းလက်မှတ်၊ အမွေဆက်ခံသော လက်မှတ် လိုမလို။ အမှုတွင် အလုပ်သမားမင်းကြီး၏ ကောက်ချက် ထုတ်ရန်တာဝန်။

ဆုံးဖြတ်ချက်။ ။အလုပ်သမား လျော်ကြေး ဥပဒေပုဒ်မ ၂ (၁) (ဃ) (၁) နှင့် (၂) တွင် ပြဋ္ဌာန်းထားချက်အရ၊ အလုပ်သမား တယောက်သေဆုံးသည့်အခါ၊ ၎င်းရသင့် ရထိုက်သည့် လျော်ကြေးငွေကို၊ ၎င်းအား မှီခိုခြင်းပြုသော သူကိုသာလျှင် ထုတ်ပေးရန်ဖြစ်သည်။ ထို့ကြောင့် သေသူသည် မဟာမေဒင်ဘာသာဝင်ဖြစ်စေကာမူ၊ မဟာမေဒင် ဥပဒေအရ လိုက်နာဆုံးဖြတ်ထုတ်ပေးရန် မလိုဘဲ၊ အလုပ်သမား လျော်ကြေး ဥပဒေအရသာ၊ လိုက်နာ ဆုံးဖြတ်ပေးရန် ဖြစ်သည်။

ထို့ပြင် ဤအမှုမျိုးတွင်၊ အမွေထိန်းလက်မှတ်စာသော်၎င်း၊ သို့မဟုတ် အမွေဆက်ခံသော လက်မှတ်စာသော်၎င်း တင်ပြရန်မလို။

အမ်၊ တီ၊ ဟာဖါနီဘိုင် နှင့် ကရ ချီပို့ထရပ်။ အေ၊အိုင်၊အာရ်၊ ၁၉၂၉ ခု၊ ဆင်း၊ စာ ၁၇၇ ကို ရည်ညွှန်း၍ လိုက်နာသည်။

တဖန် အလုပ်သမား မင်းကြီးသည်၊ ကောက်ချက်များ မထုတ်သည့်ပြင် အမှုတွင် ပါဝင်သူများအား စစ်ဆေးခြင်း မပြုသော်လည်း၊ ၎င်းတို့၏ လျှောက်လွှာများနှင့် သက်သေများ၏ အစစ်ခံချက်များကို ဘတ်ရှုလေ့လာ ဝေဘန်ပြီး ဆုံးဖြတ်ခြင်းဖြစ်ရာ၊ ကောက်ချက်များ ထုတ်ဘိသကဲ့သို့ ဥပဒေအရ တရားမျှတစွာ ဆုံးဖြတ်ထားသည်ဟု ယူဆရမည်ဖြစ်သည်။

ပက်စတန်ဂျီဘိုင်အိုဂျီ နှင့် ဖါရစ်ခန်ပါမဟာမက်။ အေ၊ အိုင်၊ အာရ်၊ ၁၉၃၃ ခု၊ ဆင်း၊ ၂၇၃၊ ၁၇၅ ကို ရည်ညွှန်းသည်။

---

* ၁၉၆၃ ခုနှစ်၊ တရားမအထွေထွေ မှု အမှတ် ၁။

† ၁၉၆၂ ခုနှစ်၊ လျော်ကြေးမှုအမှတ် ၃ တွင် ချောက်မြို့၊ အလုပ်သမားလျော်ကြေး မင်းကြီးရုံးတော်၏ချမှတ်သော အမိန့်ကို အယူခံဝင်မှု။

အယူခံတရားလိုအတွက်။ ။မစ္စတာ ဘီ၊ ကေ၊ ဆင်း။

အယူခံတရားခံအတွက်။ ။ဦးစိန်လှ။

၁၉၆၄

နဘတ်ခန်ပါ ၂ နှင့် ရာဂျာခန် ၎င်း၏ နီးစပ်ရာ မိတ်ဆွေ အုပ်ထိန်းသူ ခသောင်းတင်။

တရားသူကြီး ဦးစောဘသိန်း။ ။ဤအမှုတွင်၊ အယူခံ တရားလို နဘတ်ခန်သည် သေဆုံးသူ ဟာရွှင်ခန်၏ ဖခင်ဖြစ်၍၊ အယူခံတရားလို နေစာခန်သည် အယူခံတရားလို နဘတ်ခန်က မွေးစားသည့်သားအနေဖြင့် ကြည့်ရှုထားသောသူဖြစ်ပြီး၊ အယူခံတရားခံ ရာဂျာခန်သည် သေဆုံးသူ ဟာရွှင်ခန်နှင့် ဇနီး မသောင်းတင်တို့၏ အရွယ်မရောက် သေးသည့် အသက် ၁၀နှစ်အရွယ်သာရှိသော သားဖြစ်သည်။ မသောင်းတင်သည် သေဆုံးသူ ဟာရွှင်ခန်နှင့် မသေမီ ကွဲသွားပြီး နောက်အိမ်ထောင်နှင့် နေထိုင်လျက်ရှိရာ၊ အယူခံတရားခံ ရာဂျာခန်သည် ၎င်းနှင့်အတူ သွားရောက်နေထိုင်လျက်ရှိ၏။

သေဆုံးသူ ဟာရွှင်ခန်သည် ချောက်မြို့၊ ဘီ၊ အို၊ စီ၊ ကုမ္ပဏီ၏ အလုပ်သမား ဖြစ်၍၊ ၁၉၆၂ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့ည နေတွင်၊ ၎င်းသည် ဒဏ်ရာရ၍ ဘီ၊ အို၊ စီ၊ ဆေးရုံသို့ တက်ရောက်ကုသသော်လည်း မပျောက်ဘဲ၊ ၁၉၆၂ ခုနှစ်၊ ဇွန်လ ၂၉ ရက်နေ့တွင် သေဆုံးသွားသဖြင့်၊ ချောက်မြို့ အလုပ်သမားမင်းကြီးက၊ ဘီ၊ အို၊ စီ၊ ကုမ္ပဏီထံသို့ သေဆုံးသူ အလုပ်သမား ဟာရွှင်ခန်အတွက် လျော်ကြေးပေးမည်၊ မပေးမည်ကို မေးမြန်းရာ၊ ဘီ၊ အို၊ စီ၊ ကုမ္ပဏီက သေဆုံးသူ ဟာရွှင်ခန်အတွက် လျော်ကြေးငွေ ၅,၆၂၀ ကျပ်၊ ၉၆ ပြားကို၊ အလုပ်သမားလျော်ကြေးမင်းကြီးထံသို့ ပေးပို့လိုက်သည်။ ဆိုအခါ အလုပ်သမား လျော်ကြေးမင်းကြီးက လိုအပ်သော ကြော်ငြာကို ၁၉၆၂ ခုနှစ်၊ သြဂုတ်လ ၆ ရက်နေ့တွင်ထုတ်၍ ကြော်ငြာသည့်အခါ၊ ၁၉၆၂ ခုနှစ်၊ သြဂုတ်လ ၁၆ ရက်နေ့တွင်၊ သေဆုံးသူ ဟာရွှင်ခန်၏သား အယူခံတရားခံ ရာဂျာခန်က ၎င်း၏ အုပ်ထိန်းသူမိခင် မသောင်းတင်မှတဆင့်၊ ၎င်းအား လျော်ကြေးငွေ ထုတ်ပေးရန် လျှောက်လွှာတင်သွင်းလိုက်၏။ ၁၉၆၂ ခုနှစ်၊ သြဂုတ်လ ၂၁ ရက်နေ့တွင် သေဆုံးသူ အလုပ်သမား ဟာရွှင်ခန်၏ဖခင် အယူခံတရားလို နဘတ်ခန်နှင့် ၎င်းမွေးစားသား နေစာခန်တို့က၊ အဆိုပါ လျော်ကြေးငွေကို ရလိုကြောင်း လျှောက်လွှာတင်သွင်းကြ၏။ အလုပ်သမားလျော်ကြေးမင်းကြီးက၊ အယူခံတရားလို နဘတ်ခန်နှင့် အယူခံတရားခံ ရာဂျာခန်၏မိခင် မသောင်းတင်တို့၏ အစစ်ခံချက်များကို ရေးယူပြီး ၎င်းတို့အား ပြင်ပတွင် စေ့စပ်ကြေအေးကြရန်၊ ရက်ချိန်းပေးလိုက်၏။

၁၉၆၂ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်နေ့တွင်၊ အယူခံတရားလို နဘတ်ခန်နှင့် အယူခံတရားခံ ရာဂျာခန်၏မိခင် မသောင်းတင်တို့က၊ ကြေအေးလွှာကို တင်သွင်းကြသော်လည်း၊ ၁၉၆၂ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်နေ့တွင်၊ အယူခံတရားခံ ရာဂျာခန်၏မိခင် မသောင်းတင်က ၎င်းတင်သွင်းခဲ့သော ကြေအေးလွှာကို၊ ပြန်လည်

၁၉၆၄

နာဘတ်ခန်ပါ ၂ နှင့် ရာဂျာခန် ၎င်း၏ နီးစပ်ရာ မိတ်ဆွေ အုပ်ထိန်းသူ မသောင်းတင် ။

ရုပ်သိမ်း၍ လျော်ကြေးငွေ အားလုံးကို အယူခံတရားခံ ရာဂျာခန်အား ထုတ်ပေးရန် လျောက်ထား၏။ အလုပ်သမားမင်းကြီးက လိုအပ်သော သက်သေများကို စစ်ဆေးပြီး၊ အယူခံ တရားခံ ရာဂျာခန်သည် သေဆုံးသူ ဟာရှင်ခန်၏ အရွယ်မရောက်သေးသည့် သားဖြစ်ကြောင်း၊ သေဆုံးသူ ဟာရှင်ခန်တွင် အခြားသားသမီးများ မရှိကြောင်း၊ အယူခံတရားလို နာဘတ်ခန်မှာ သေဆုံးသူသား ဟာရှင်ခန်အပေါ် အမှီသဟဲပြုနေရသောသူ မဟုတ်ကြောင်း၊ အယူခံတရားလို နေစာခန်မှာ၊ အယူခံတရားလို နာဘတ်ခန်၏ မွေးစားသည့် သဘောဖြင့် ကျွေးမွေးထားသောသူဖြစ်၍၊ သေဆုံးသူ ဟာရှင်ခန်နှင့် မည်သို့မျှ တော်စပ်ခြင်းမရှိကြောင်း၊ ဘီ၊ အိုး၊ စီ၊ ကုမ္ပဏီ တင်သွင်းထားသည့် လျော်ကြေးငွေကို သေဆုံးသူ ဟာရှင်ခန်၏သား အယူခံတရားခံ ရာဂျာခန်သာလျှင် ရထိုက်ကြောင်း၊ ၎င်းသည် အရွယ်မရောက်သေးသဖြင့်၊ လျော်ကြေးငွေများအနက်၊ ငွေ ၄,၀၀၀ ကျပ်ကို စာတိုက်တွင် ငွေစုစာအုပ်ဖွင့်လှစ်၍ ထည့်သွင်းထားရန်ဖြစ်ကြောင်း၊ အယူခံတရားခံ ရာဂျာခန်သည် အသက် ၁၈ နှစ်ပြည့်မှသာ၊ ထိုငွေကို ထုတ်ယူသုံးစွဲနိုင်ခွင့်ရှိကြောင်း၊ ကျန်ငွေ ၁,၆၂၈ ကျပ်၊ ၉၆ ပြားကို၊ ၎င်းအတွက်သုံးစွဲရန် အုပ်ထိန်းသူ မိခင် မသောင်းတင် အား၊ ထုတ်ပေးရန်ဖြစ်ကြောင်း၊ ယူဆဆုံးဖြတ်ပြီး၊ အမိန့်ချမှတ်လိုက်ရာ၊ သေဆုံးသူ ဟာရှင်ခန်၏ဖခင် အယူခံတရားလို နာဘတ်ခန်နှင့် အယူခံတရားလို နေစာခန်တို့က မကျေနပ်သဖြင့် ဤရုံးသို့ အယူခံဝင်ကြ၏။

ဤအယူခံမှုတွင်၊ အယူခံတရားလိုတို့၏ ပညာရှိ ရှေ့နေကြီးက၊ အလုပ်သမားမင်းကြီးသည် သေဆုံးသူ ဟာရှင်ခန်နှင့် ၎င်း၏ဇနီး မသောင်းတင်တို့ စာချုပ်ဖြင့် ကွာရှင်းပြီးဖြစ်သဖြင့်၊ မသောင်းတင်သည်၊ ၎င်း၏သား အယူခံတရားခံ ရာဂျာခန်အတွက်၊ လျော်ကြေးငွေ မရထိုက်ကြောင်း ထည့်သွင်း၍၊ မစဉ်းစားခြင်းမှာ မှားယွင်းသည်ဟု လျောက်လဲတင်ပြ၏။ သို့သော်၊ အယူခံတရားလို၏ ပညာရှိ ရှေ့နေကြီးက၊ အလုပ်သမားမင်းကြီးရုံး အမှုတွဲတွင်၊ ကွာရှင်းသည်ဟုဆိုသော စာချုပ်ကိုရှာသော်လည်း မတွေ့သဖြင့်၊ ဤအချက်ကို ဆက်လက်၍ လျောက်လဲခြင်း မပြုဘဲ ပယ်လိုက်သည်။

တဖန်၊ အယူခံတရားလိုတို့၏ ပညာရှိရှေ့နေကြီးက၊ အယူခံ တရားခံ ရာဂျာခန်သည်၊ နောက်အိမ်ထောင်ပြုသော မိခင်နှင့် သွားရောက်နေထိုင်သဖြင့်၊ သေဆုံးသူ ဖခင် ဟာရှင်ခန်အတွက် ထုတ်ပေးသော လျော်ကြေးငွေကို မရထိုက်ကြောင်း ဖော်ပြ လျောက်ထားသော်လည်း ထောက်ခံသော ဥပဒေစီရင်ထုံးကို တင်မပြနိုင်သဖြင့်၊ ဤလျောက်ထားချက်သည် အခြေအမြစ်မရှိသည့်အတွက် လက်ခံရန် လျော်ကန်သင့်မြတ်မည် မဟုတ်ပေ။

၁၉၆၄

နဘတ်ခန့်ပါ ၂ နှင့် ရာဂျာခန် ၎င်း၏ နီးစပ်ရာ မိတ်ဆွေ အုပ်ထိန်းသူ မသောင်းတင်။

ထို့ပြင်၊ အယူခံဘရားလိုဘို့၏ ပညာရှိ ရွှေနေကြီးက၊ အလုပ်သမားမင်းကြီးသည် လျော်ကြေးငွေထုတ်ပေးရာတွင်၊ မဟာမေဒင် ဥပဒေကို အသုံးမပြုခြင်းမှာ၊ မှားယွင်းကြောင်း ဖေါ်ပြလျှောက်လဲသည်။ ဤအချက်နှင့် ပတ်သက်၍၊ အထူးဖြကြားရန် လိုမည်မဟုတ်ပေ။ အလုပ်သမားလျော်ကြေး ဥပဒေပုဒ်မ ၂ (၁) (ဃ) (၁) နှင့် (၂) တွင် ပြဋ္ဌာန်းထားချက်အရ၊ အလုပ်သမားတယောက် သေဆုံးသည့်အခါ၊ ၎င်း ရသင့်ရထိုက်သည့် လျော်ကြေးငွေကို၊ ၎င်းအား မှီခိုခြင်းပြုသောသူကိုသာလျှင် ထုတ်ပေးရန် ဖြစ်သဖြင့်၊ ထိုသို့ထုတ်ပေးရာတွင်၊ မဟာဓမဒင် ဥပဒေအရ လိုက်နာဆုံးဖြတ်ထုတ်ပေးရန်မဟုတ်ဘဲ၊ အလုပ်သမားလျော်ကြေး အက်ဥပဒေအရသာ လိုက်နာဆုံးဖြတ်ထုတ်ပေးရန်ဖြစ်သည်မှာ၊ ကောင်းစွာပေါ်လွင်သဖြင့်၊ ဤတင်ပြချက်သည် အခြေအမြစ်မရှိဟု ယူဆရပေမည်။

ထိုမှတပါး၊ အယူခံဘရားလိုဘို့၏ ပညာရှိရွှေနေကြီးက၊ အလုပ်သမားမင်းကြီးသည် ဤအမှုတွင် အမွေထိန်းလက်မှတ်စာ၊ သို့မဟုတ် အမွေဆက်ခံသော လက်မှတ်စာတို့ကို အမှီသဟဲမပြုဘဲ၊ အယူခံ တရားခံ ရာဂျာခန် အား၊ လျော်ကြေးငွေထုတ်ပေးသည်မှာ၊ မှားယွင်းကြောင်း လျှောက်လဲတင်ပြသည်၊ **အမ်၊ တီ၊ ဟာနီဖါဘိုင် နှင့် ကရဲချီပိုထရပ်** (၁) **စီရင်ထုံးတွင်**—

> **" If succession certificate is to be given in respect of the estate of the deceased person it must be in respect of an estate which goes to the heirs of the deceased person. A succession certificate cannot be granted in case of gratuity which does not form part of the estate of the deceased but is merely a sum paid to particular persons who are not necessarily the heirs of the deceased."**

ဟူ၍ ဆုံးဖြတ်ထားချက်အရ၊ ဤအမှုမျိုးတွင် အမွေထိန်းလက်မှတ်စာသော်၎င်း သို့မဟုတ် အမွေဆက်ခံသော လက်မှတ်စာသော်၎င်း တင်ပြရန်မလိုသည်မှာ၊ ကောင်းစွာ ပေါ်လွင်ထင်ရှားသဖြင့်၊ ဤအယူခံ အကြောင်းပြချက်သည်၊ အခြေအမြစ်မရှိဘဲ ပယ်ရန်သာဖြစ်ပေသည်။

နောက်ဆုံးတွင်၊ အယူခံ တရားလိုဘို့၏ ပညာရှိရွှေနေကြီးက၊ အလုပ်သမားမင်းကြီးသည်၊ ဤအမှုတွင်၊ ကောက်ချက်များမထုတ်ခြင်းနှင့် အယူခံတရားခံ ရာဂျာခန် အယူခံ တရားလို နေစာခန့်တို့ကို စစ်ဆေးခြင်း မပြုသည်မှာ၊ မှားယွင်းကြောင်း လျှောက်လဲတင်ပြသည်။ ဤအချက်နှင့် စပ်လျဉ်း၍ အလုပ်သမားမင်းကြီးရုံး အမှုတွဲကို

(၁) အေးအိုင်၊အာ(ရ်)၊ ၁၉၂၉ ခု၊ ဆင်း၊ စာ ၁၇၇။

၁၉၆၄

နာဘတ်ခန်ပါ ၂ နှင့် ရာဂျာခန် ၎င်း၏ နီးစပ်ရာ မိတ်ဆွေ အုပ်ထိန်းသူ မသောင်းတင်။

ဖတ်ရှုလေ့လာသည့်အခါ၊ အလုပ်သမားမင်းကြီးသည်၊ ကောက်ချက်များ မထုတ်သည့် ပြင်၊ အယူခံတရားခံ ရာဂျာခန်နှင့် အယူခံတရားလို နေစာခန်တို့ကို စစ်ဆေးခြင်း မပြုသည်ကို တွေ့ရသည်။ သို့သော် ပညာရှိ အလုပ်သမားမင်းကြီးသည် အယူခံတရားလို တို့၏ လျှောက်လွှာများ၊ အယူခံတရားခံ၏ လျှောက်လွှာများနှင့် သက်သေအစစ် ခံချက်တို့ကို ဖတ်ရှုလေ့လာ ဝေဘန်ပြီး၊ အယူခံတရားခံ ရာဂျာခန်သည်၊ ဤအမှုတွင် သေဆုံးသူ ဟာရွှင်ခန်၏ တဦးတည်းသော သားဖြစ်သည့်အလျောက်၊ အရွယ်မရောက် သေးသဖြင့် သေဆုံးသူဖခင်အတွက် လျော်ကြေးငွေကို ရထိုက်ကြောင်း ဆုံးဖြတ် ထားသည်ကို ထောက်ရှုလျှင်၊ ပညာရှိအလုပ်သမားမင်းကြီးသည် ကောက်ချက်များ မဆုတ်ခဲ့သော်လည်း၊ ကောက်ချက်များ ထုတ်ဘိသကဲ့သို့ ဥပဒေအရ၊ တရားမျှတစွာ ဆုံးဖြတ်ထားသည်ဟု ယူဆရပေမည်။

ပက်စတန်ဂျီဘိုင်အိုဂျီ နှင့် ဖါရစ်ခန်ပါမဟာမက် (၂) စီရင်ထုံးတွင်

> **"The failure of the learned Commissioner to comply with the rules is however not by itself sufficient to warrant our ordering a retrial as has been suggested. We have to be satisfied that in consequence of such non-compliance there has been a failure of justice and that there are not sufficient materials on the record to enable us to deal with the case ourselves."**

ဟူ၍ ဆုံးဖြတ်ထားချက်အရ၊ ပညာရှိ အလုပ်သမားမင်းကြီးက ဤအမှုတွင် အထက်ဌ ဖော်ပြခဲ့သည့်အတိုင်း၊ တရားမျှတစွာ ဆုံးဖြတ်ချက် ချမှတ်ထားသည်ဖြစ်၊ ထိုသို့ ဆုံးဖြတ်ချက် ချမှတ်ရန် လိုအပ်သော အမှုအကြောင်းခြင်းရာများနှင့် သက်သေခံချက် များရှိသည်မှာ ပေါ်လွင်သဖြင့်၊ အယူခံတရားလိုဘို၏ ပညာရှိရှေ့နေကြီး လျှောက် ထားသည့် ချို့ယွင်းချက်ရှိကာမျှဖြင့်၊ ပညာရှိ အလုပ်သမားမင်းကြီး ချမှတ်သော အမိန့်ကို ပယ်ဖျက်ပြီး အမှုကိုတဖန် ပြန်လည်၍ စစ်ဆေးစေဟူသော အမိန့်ကို ချမှတ်ရန် မသင့်ဟူ၍ ထင်မြင်ယူဆသည်။

အထက်ဖော်ပြပါ အကြောင်းများကြောင့်၊ ပညာရှိ အလုပ်သမားမင်းကြီး ချမှတ် သော အမိန့်ကို ဝင်ရောက်စွက်ဖက်ရန် ခိုင်လုံသော အကြောင်းမရှိသဖြင့်၊ ဤအယူခံကို စရိတ်ဖြင့် ပလပ်ရန် အမိန့်ချမှတ်လိုက်သည်။

ဤနှုံးရွှေ့နေကြီးခမှာ၊ ၅၁ ကျပ် ဖြစ်စေရမည်။

(၂) အေ၊အိုင်၊အာ(ရိ)၊ ၁၉၃၃ ခု၊ ဆင်း၊ ၂၇၃ (၂၇၅)။

ရာဇဝတ်အယူခံမှု

တရားသူကြီး ဦးထွန်းတင် ရှေ့တွင်

ပြည်ထောင်စုမြန်မာနိုင်ငံ (အယူခံတရားလို)*

နှင့်

ဘဂဝမ်တီလာ(လ်) (အယူခံတရားခံ)

† ၁၉၆၄ မတ်လ ၂၈ ရက်။

လူဝင်မှုကြိုးကြပ်ရေး ဥပဒေပုဒ်မ ၁၃(၁)၊ ပြစ်မှုကျူးလွန်သူ နိုင်ငံခြားသားအား၊ မြန်မာပြည်မှ ထွက်ခွါသွားရန် အကြောင်းကြားစာပေးရန် မလိုခြင်း။

ဆုံးဖြတ်ချက်။ ။လူဝင်မှု ကြိုးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၃(၁) အရ၊ နိုင်ငံခြားသား တဦးအား မြန်မာပြည်တွင် နေထိုင်ရန်ခွင့်ပြုသည့်နေ့ ကုန်ဆုံးသည်မှ ကျော်လွန်၍ နေထိုင်ပါမူ ရင်းသည် ပြစ်မှုကျူးလွန်ရာ ရောက်သည်။ သို့အတွက် အရေးယူ တရားစွဲဆိုနိုင်ရန် သီးခြား အကြောင်းကြားစာ ပေးပို့ရန်လိုအပ်ကြောင်း၊ ထိုဥပဒေနှင့် နည်းဥပဒေများတွင် မပါရှိခြေ။

အယူခံတရားလိုအတွက်။ ။အစိုးရရှေ့နေကြီး ဦးမြစိန်။

အယူခံတရားခံအတွက်။ ။ဦးထွန်းအောင် -၂။

တရားသူကြီး ဦးထွန်းတင်။ ။ယခုအမှုမှာ လျှောက်ခံရသူ ဘဂဝမ်တီလာ(လ်) အား၊ ရန်ကုန်မြို့အနောက်ပိုင်း နယ်ပိုင်ရာဇဝတ်တရားသူကြီးရုံး၊ ၁၉၆၂ ခုနှစ်၊ရာဇဝတ် မူအမှတ် ၂၆၀ တွင် ထင်းအား မြန်မာပြည်တွင် ၁၉၆၂ ခု၊ဧပြီလ-၁၅ရက်နေ့ထိသာ နေထိုင်ခွင့် ပြုခဲ့သော်သည်း၊ နောက်ထပ်အခွင့်မရရှိဘဲ နေထိုင်နေသဖြင့် လူဝင်မှုကြိုးကြပ်ရေး ဥပဒေပုဒ်မ ၁၃(၁)အရ ပြစ်မှုကျူးလွန်သည်ဟု တရားစွဲဆိုခဲ့သေသည်။

သက်သေများနှင့်လျှောက်ခံရသူ၏ထွက်ဆိုချက်အရ၊ စစ်ဆေးသည့်ပညာရှိတရား သူကြီးက လျှောက်သူအား လူဝင်မှုကြိုးကြပ်နေးရုံးမှထုတ်ပေးခဲ့သည်။ သက်သေခံနေ ခွင့်လက်မှတ်အရ ၁၉၆၂ ခု၊ ဧပြီလ-၁၅ ရက်နေ့ထိသာနေထိုင်ခွင့်ရရှိသော်လည်း၊မြန်မာ ပြည်မှထိုနေ့တွင်ထွက်ခွါသွားရမည်ဖြစ်ကြောင်း အကြောင်းကြားစာကို လျှောက်သူသို့ ပေးပို့ခဲ့ကြောင်း၊ မထင်ရှားသဖြင့်၊ ယခုအမှုစွဲဆိုသည်မှာ စောနေသည်ဟုယူဆရန်ရှိနေ

---

* ၁၉၆၃ ခုနှစ်၊ ရာဇဝတ် အယူခံမှုအမှတ် ၂၉၇။

† ၁၉၆၃ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၂၆၀ တွင်၊ ရန်ကုန်မြို့ အနောက်ပိုင်း နယ်ပိုင်ရာဇဝတ် တရားသူကြီးရုံးတော်မှ ချမှတ်သော ၁၉၆၃ ခုနှစ်၊ ဇွန်လ ၂၉ ရက်နေ့စွဲပါ အမိန့်ကို အယူခံဝင်မှု။

၁၉၆၄

ပြည်ထောင်စု မြန်မာနိုင်ငံ နှင့် ဘဂဝမ်တီ လာ(လ်)။

သောခြင့် လျှောက်ခံရသူအား တရားသေလွှတ်လိုက်သည်ဟု အမိန့်ချမှတ်ခဲ့လေသည်။

ထိုသို့လျှောက်ခံရသူအား တရားသေသွတ်လိုက်သည်ကိုမကျေနပ်၍ ပြည်ထောင်စု မြန်မာနိုင်ငံအဝိုးရာက ကျင့်ထုံးပုဒ်မ ၄၁၇ အရယခုအယူခံမှုကိုတင်သွင်းရာဝယ်၊ နိုင်ငံခြားသားတဦးသည် မြန်မာပြည်တွင် မိမိနေထိုင်ခွင့်ရှိသည့်နေထက်ကျော်လွန်နေထိုင်သည်ကိုတွေ့ရှိပါက၊ လူဝင်မှုကြီးကြပ်ရေးဥပဒေပုဒ်မ ၁၃(၁)အရ၊ ၎င်းမှာပြစ်မှုကျူးလွန်နေသူဖြစ်သည်ဟုယူဆရမည့်ပြင်၊ ထိုနိုင်ငံခြားသားအား မြန်မာပြည်မှထွက်ခွါသွားရန်အကြောင်းကြားစာပေးရန်ဥပဒေအရလိုအပ်ခြင်းအလျှင်းမရှိပါသဖြင့်စစ်ဆေးသည့်ပညာရှိတရားသူကြီး ချမှတ်ခဲ့သည့်အမိန့်မှာ ဥပဒေနှင့်ဆန့်ကျင်၍ များစွာမှားယွင်းတရားမျှတမှုမရှိသောခကြောင့်ပယ်ဖျက်၍ လျှောက်ခံရသူပေါ် ထိုက်သင့်သည့် ပြစ်ဒဏ်ချမှတ်ပါရန်လျှောက်ထားလေသည်။

သက်ဆိုင်သည့် ၁၉၅၆ ခုနှစ်၊ မြန်မာပြည်လူဝင်မှုကြီးကြပ်ရေး လတ်တလောပြင်ဆင်ချက်ဥပဒေပုဒ်မ ၁၃(၁)မှာ အောက်ပါအတိုင်းဖြစ်သည်။

> "(1) Whoever enters or attempts to enter the Union of **Burma or whoever after legal entry remains or attempts to remain in the Union of Burma in contravention of any of the provisions of this Act or the rules made thereunder or any of the conditions set out in any permit or *visa* shall be punished with imprisonment for term not exceeding two years, or with fine, or with both."**

ထို့ကြောင့်၊ အထက်ပါပုဒ်မအရ နိုင်ငံခြားသားတဦးသည်မိမိဇာ မြန်မာပြည်တွင်နေထိုင်ရန်ခွင့်ပြုသည့်နေ့ရက်မှကျော်လွန်၍ နောက်ထပ်ခွင့်ပြုမိန့်မရရှိဘဲနေထိုင်နေမှု၊ ၎င်းမှာပြစ်မှုကျူးလွန်သူဖြစ်ပေသည်။ သို့ဖြစ်ရကား၊ ၎င်းပုဒ်မမှာ မြန်မာပြည်မှထွက်ခွါသွားရန်နှင့်မည်သို့မျှမဆိုင်သေးပေ။ ထိုသို့ကျူးကျော်နေထိုင်သဖြင့် သက်ဆိုင်သည့်အာဏာပိုင်များက ၎င်းခါနေထိုင်ခြင်းသည် လိုလားအပ်ခြင်းမရှိဟုယူဆ၍၊ မြန်မာပြည်မှထွက်ခွါသွားရန်အရေးယူခဲ့မှုကို ထိုအခါကမှသာ စစ်ဆေးသည့်ဒုံးမှရည်ညွှန်းသည့်အကြောင်းကြားစာမျိုးကို ပေးရန်လိုအပ်ပေသည်။ လူဝင်မှုကြီးကြပ်ရေးဥပဒေပုဒ်မ ၁၃(၁)အရမူ၊ နိုင်ငံခြားသားတဦးအား မြန်မာပြည်တွင်နေထိုင်ရန် ခွင့်ပြုသည့်နေ့ကုန်ဆုံးသည်မှကျော်လွန်၍နေထိုင်ပါမူ၊ ၎င်းမှာပြစ်မှုကျူးလွန်နေပေပြီ။ ထိုသို့ပြစ်မှုကျူးလွန်သည့်အတွက် အရေးယူတရားစွဲဆိုနိုင်ရန် သီးခြားအကြောင်းကြားစာ၎င်းထံပေးပို့ရန်လိုအပ်ကြောင်း ဥပဒေနှင့်နည်းဥပဒေများအရ လိုအပ်သည်ကိုမတွေ့ရ၊ လိုအပ်ပါသည်ဟုလျှောက်ခံရသူအတွက် လိုက်ပါဆောင်ရွက်သည့် ပညာရှိရွှေနေကြီးကလည်း

၁၉၆၄

ပြည်ထောင်စု မြန်မာနိုင်ငံ နှင့် ဘဂဝမ်တီ လာ(လ်)။

ပြဆို နိုင်ခြင်းမရှိပေ။ ထို့ကြောင့် စစ်ဆေးသည့်ပညာရှိတရားသူကြီးက လျှောက်ခံရသူ အားအခကြောင်းကြားစာမပေးဘဲ တရားစွဲဆိုခဲ့ခြင်းမှာ စောလွန်းသည်ဟုယူဆရန်ရှိ၍ လျှောက်ခံရသူအား တရားသေလွတ်လိုက်သည့်အမိန့်မှာ ဥပဒေအရ မှားယွင်းနေကြောင်း ပေါ်လွင်သဖြင့် လက်ခံနိုင်ရန်မရှိသောကြောင့် ပယ်ဖျက်ရပေမည်။ သို့ပေ ဤသို့ပြောလည်း၊ ယခုအမှုကိုစစ်ဆေးခဲ့သည့် ပညာရှိတရားသူကြီးသည် အမှုကိုတရားဥပဒေ လိုအပ်ချက်များအရ ကျန်စွာစစ်ဆေးခဲ့သည်ဟုမဆိုနိုင်၊ အဘယ်ကြောင့်ဆိုသော်စီရင်ချက်ဘွင်ရည်ညွှန်းသည့်သက်သေခံ "ဂ" အကြောင်းကြားစာမှာ၊ အမှုတွဲတွင်သက်သေခံအဖြစ် မည်သူကတင်သွင်း၍လက်ခံခဲ့ကြောင်းမတွေ့ရသည့်ပြင်၊ ၎င်းစာတမ်းကို အမှုဘွဲ့နာက်ပိုင်း အခြားစာရွက်စာတမ်းများနှင့်သာ တွဲထားခဲ့ခြင်း၊ တဖန်လျှောက်ခံရသူအား ထုတ်ပေးခဲ့သည့် နေ့ခွင့်လက်မှတ် (မူရင်း) မှာ မည်သူကတင်သွင်း၍ သက်သေခံအဖြစ်လက်ခံထားသည်ကို မတွေ့ရသည့်ပြင်၊ တရားလိုဘက်နှင့်တရားခံဘက် မှသက်သေခံအဖြစ် တင်သွင်းခဲ့သည့်စာရွက်စာတမ်းများကို သီးခြားစာရင်းပြုလုပ်တွဲထားခြင်းမရှိသည်ကိုတွေ့ရသည်။ ထို့ကြောင့် တရားမျှတမှုဖြစ်စေရန်အမှုကိုအသစ်တဖန်ထပ်မံစစ်ဆေးစေသင့်ကြောင်းကို အစိုးရတွက် လိုက်ပါဆောင်ရွက်သည့်ပညာရှိ ရွှေနေကြီးကလည်းသဘောတူညီပေသည်။

ဖော်ပြပါအခကြောင်းများကြောင့်၊ ယခုအယူခံမှုကိုခွင့်ပြုပြီး ရန်ကုန်မြို့အနောက်ပိုင်းနယ်ပိုင်ရာဇဝတ်တရားသူကြီးရုံး၊ ၁၉၆၂- ခု၊ ရာဇဝတ်မူအမှတ် ၂၆၀ တွင်အယူခံတရားခံ ဘဂဝမ်တီလာ(လ်)အား တရားသေလွတ်သည့်အမိန့်ကိုပယ်ဖျက်၍ ၎င်းအမှုကို ထိုဘရားသူကြီးမှအပ၊ ခရိုင်ရာဇဝတ်တရားသူကြီးက သင့်တော်သည့်အခြားရာဇဝတ်တရားသူကြီးတဦးဦးအား ပြန်လည်စစ်ဆေးရန်အမိန့်ချမှတ်လိုက်သည်။

ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီး ဦးထွန်းတ င်ချွေတွင်

† ၁၉၆၄ ဇန္နဝါရီလ ၁၇ ရက်။

ပြည်ထောင်စုမြန်မာနိုင်ငံ (ဦးသန်းထွန်း) (ပြင်ဆင်ရန်လျှောက်ထားသူ)

နှင့်

မောင်စောထွန်း (ပြင်ဆင်ရန်လျှောက်ထားခံရသူ)*

ရာဇဝတ်ကျင့်ထုံး ကိုဥပဒေပုဒ်မ (၅၂၀) အရ၊ ပြင်ဆင်မှုကို စဉ်းစားရာ၌၊ စက်ရှင်တရားသူကြီးတဦးသည်၊ အပြစ်ဒဏ်ကို တိုးမြှင့်ရေးအတွက် တရားရုံးချုပ်သို့ ထောက်ခံရန် အခွင့်အရေးမရှိ။

အဆိုပါပုဒ်မ (၅၂၀) အရ၊ မူလရုံးမှ ပုဒ်မ (၅၁၇)အရ ချမှတ်သည့်အမိန့်ကို ပြင်ဆင်ပေးရန်သာ ဖြစ်သည်။

ပြင်ဆင်ရန် လျှောက်ထားသူအတွက်။ ။ဦးတိုးမောင် (အစိုးရဒုရှေ့နေကြီး)။
ပြင်ဆင်ရန် လျှောက်ထားခံရသူအတွက်။ ။

တရားသူကြီး ဦးထွန်းတင်။ ။စစ်တွေမြို့၊ တတိယရာဘက် ရာဇဝတ် တရားသူကြီးရုံး၊ ၁၉၆၃ ခု၊ ရာဇဝတ်မှုအမှတ် ၅၆ တွင်၊ ဦးဘသာဆိုသူက၊စောထွန်းဆိုသူအပေါ် ဦးဘသာပိုင် စက်ဘီးတစင်းကို ငှါးသွားပြီး၊ အစိုးရအဆပါင်ဆိုင်တွင် ငွေ ၁၆၀ ကျပ် နှင့် ပေါင်နှံ၍၊ ငွေကိုသုံးလိုက်ကြောင်း တိုင်တန်းချက်အရ၊ ရာဇသတ်ပုဒ်မ ၄၂၀ အရ၊ တရားစွဲဆိုရာ စောထွန်းသည် ရာဇသတ်ပုဒ်မ ၄၀၆ အရ၊ ပြစ်မှုကျူးလွန်ကြောင်း တွေ့ရှိရသည်ဆို၍ ဒဏ်ငွေ ၁၀၀ ကျ ် ဆောင်ရန်နှင့် မဆောင်နိုင်က၊ အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၄ လ ကျခံစေရမည်ဟု ပြစ်ဒဏ်စီရင်လိုက်လေသည်။ သက်သေခံပစ္စည်း စက်ဘီးနှင့် ပတ်သက်၍၊ ပြည်သူ့ငွေချေးကုမ္ပဏီ မန်နေဂျာ လျှောက်ထားသူ ဦးသန်းထွန်းအား ကြားနာပြီး၊ခိုးရာပါပစ္စည်းကို ပိုင်ရှင်သာရထိုက်သဖြင့် ဦးဘသာသို့ ပြန်ပေးစေရန် ကျင့်ထုံးပုဒ်မ ၅၁၇ အရ အမိန့်ချမှတ်ပေးလိုက်လေသည်။

---

* ၁၉၆၃ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၅၆တွင်၊ ချမှတ်သော ၃၀-၉-၆၃ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့စွဲပါ စစ်တွေမြို့ (အထူးအာဏာရ) တတိယရာဘက် ရာဇဝတ်တရားသူကြီး၏ အမိန့်ကို ပြန်၍ဆင်ခြင်မှု။

† ၁၉၆၃ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁၈၀ (ခ)။

၁၉၆၄

ပြည်ထောင်စု မြန်မာနိုင်ငံ (ဦးသန်းထွန်း) နှင့် မောင် စောထွန်း။

ထိုသို့ သက်သေခံပစ္စည်း ပြန်ပေးသည့်အမိန့်ကို မကျေနပ်၍ လျှောက်သူ ဦးသန်းထွန်းက၊ စစ်တွေမြို့၊ စက်ရှင်တရားသူကြီးရုံး ၁၉၆၃ ခု၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁၁၆ တွင်၊ ကျင့်ထုံးပုဒ်မ ၅၂၀ အရ၊ ထိုအမိန့်ကို ပြင်ဆင်ပေးပါရန် လျှောက်ထားသည်တွင် စက်ရှင်တရားသူကြီးက မူလရုံးမှ ကျင့်ထုံးပုဒ်မ ၅၁၇ အရချမှတ်ခဲ့သည့် အမိန့်ကို ပုဒ်မ ၅၂၀ အရ၊ ပြင်ဆင်ပြီး လျှောက်သူ့ဥစ္စာကို ကုမ္ပဏီသို့ ပြန်ပေးရန် အမိန့်ချမှတ်ရန်မှာ မလိုလားအပ်ပေ။ သို့ရာတွင် အစိုးရတွင် နစ်နာနေသဖြင့် လျှောက်ခံရသူ တရားခံ မောင်စောထွန်းပေါ် ပြစ်ဒဏ်ကို ဒဏ်ငွေ ၂၀၀ ကျပ် သို့ တိုးမြှင့်ပေးစေရန်နှင့် ထိုဒဏ်ငွေထဲမှ ငွေ ၁၆၄ ကျပ် ဂဝ ပြားကို ဥစ္စာကုမ္ပဏီသို့ နစ်နာကြေးအဖြစ် ပေးစေရန် အမိန့်ချမှတ်သင့်သည် ယူဆ၍၊ ထိုကဲ့သို့ အမိန့်တရပ် ချမှတ်ပေးပါရန် ဤရုံးသို့ ကျင့်ထုံးပုဒ်မ ၄၃၈ (၁) အရ၊ ထောက်ခံချက်နှင့် ပေးပို့ခဲ့ခြင်းဖြစ်သည်။

သို့သော် လျှောက်ထားသူ ဦးသန်းထွန်းက စက်ရှင်ရုံးတော်တွင် လျှောက်ထားသည့် လျှောက်လွှာမှာ၊ ကျင့်ထုံးပုဒ်မ ၅၂၀ အရ၊ မူလရုံးမှကျင့်ထုံးပုဒ်မ ၅၁၇ အရ ချမှတ်သည့် အမိန့်ကို ပြင်ဆင်ပေးရန် ဖြစ်ရကား၊ စက်ရှင်တရားသူကြီးသည် ထို လျှောက်လွှာပေါ် ပြစ်ဒဏ်ကို တိုးမြှင့်ပေးရန် ထောက်ခံချက်နှင့် ပုဒ်မ ၄၃၈ (၁) အရ ပေးပို့ရန် အခွင့်အရေးမရှိပေ။ အဘယ့်ကြောင့်ဆိုသော် **In re N. Sakkaraj Kannu Pillai** (1) စီရင်ထုံးတွင် ကျင့်ထုံးပုဒ်မ ၅၂၀ အရ၊ဆောင်ရွက်နိုင်သည့် အခွင့်အရေးများကို အောက်ပါအတိုင်း ပြဆိုထားသောကြောင့်ဖြစ်သည်။

> **"The extent of the powers which the Court of appeal has with reference to an order passed under section 517 is both defined and limited by the words of section 520, Criminal Penal Code. It could only pass an order either modifying the order under section 517, altering an order under section 517 or annulling an order under section 517 and make any further orders that may be just, which include confirming the order also. Except the powers mentioned above, it has not all the powers given to a Court of appeal under section 423 of the Code. Section 423 cannot apply to a petition filed under section 520. In fact no appeal is preferred against an order under section 517."**

သို့ဖြစ်ရကား၊ စက်ရှင်တရားသူကြီးသည် ကျင့်ထုံးပုဒ်မ ၅၂၀ အရ၊ လျှောက်ထားသူက လျှောက်ထားခဲ့သည့် အလွှာပေါ်တွင် ဥပဒေအရ စိစစ်၍ သင့်တော်သည့် အမိန့်ကို ချမှတ်ရန်သာရှိသည်။ ကျင့်ထုံးပုဒ်မ ၄၃၉ အရ၊ ဤရုံးသို့ ပြစ်ဒဏ်ဘိုးမြှင့်ခွင့်နှင့်

(1) A I.R. 1954 Madras, p 771.

၁၉၆၄

ပြည်ထောင်စု
မြန်မာနိုင်ငံ
(ဦးသန်းထွန်း)
နှင့်
မောင်
စောထွန်း။

ပတ်သက်၍၊ ထောက်ခံခွင့် မရှိပေ။ အကယ်တန်တိ ပြည်သူ့ဝေခြေး ကမ္မဏီသည် နှစ်နာကြေး ရထိုက်သည်ဟု ယူဆပါက၊ စက်ရှင်တရားသူကြီးသည် မူလရုံးအမိန့်ကို ကျင့်ထုံးပုဒ်မ ၅၄၅ (၁)(ခ)အရ၊ ဆင်ခြင်၍ သင့်တော်သည့် အမိန့်ချမှတ်နိုင်ခွင့် ရှိကြောင်းကို အစိုးရတွက် လိုက်ပါဆောင်ရွက်သည့် ပညာရှိ ရွှေနေကြီးကလည်း သဘောတူညီသောကြောင့် ဖြစ်ပေသည်။

ထို့ကြောင့် စစ်တွေမြို့၊ စက်ရှင်တရားသူကြီး ထောက်ခံ တင်သွင်းခဲ့သည့် ထောက်ခံ၊ ချက်ကို ဥပဒေအရ လက်ခံနိုင်ခွင့် မရှိသဖြင့် အမှုတွဲကို အထက်ပါ မှတ်ချက်များအရ စက်ရှင်တရားသူကြီးက ဆက်လက်ဆောင်ရွက်ရန် ပြန်လည်ပေးပို့ရန် အမိန့်ချမှတ် လိုက်သည်။

တရားမအယူခံ

တရားသူကြီးချုပ် ဦးဘိုကြီးနှင့် တရားသူကြီး ဦးစံမောင်တို့ရှေ့တွင်

ဘဘဘူကနီရာလား (လ်) ဒန္တကာ (အယူခံတရားလို)

† ၁၉၆၄

ဇန္နဝါရီလ ၃၁ ရက်။

နှင့်

မက်ဆား (စ်) ရှေပြည်စိုးဖလင်ကုမ္ပဏီ (အယူခံတရားခံ)*

ပဋိညာဉ်ပျက်ကွက်ခြင်း၊ ဝယ်သူကပေးသွင်းထားသောငွေ၊ ရောင်းသူကပြန်မပေးဘဲ မည်သည့် အခါ၌ နေနိုင်ခြင်း၊ အာမခံသဘောဖြင့်ပေးသွင်းခြင်း၊ သို့မဟုတ် ရောင်းငွေအတွက် ပေးသွင်းခြင်း။

အယူခံတရားလိုသည်၊ အယူခံတရားခံနှင့် ဇာတ်ကားတခု အရောင်းအဝယ်အတွက် ပေးသွင်းထားသော ငွေ ၂၅,၀၀၀ ကျပ်နှင့် စရိတ်ငွေ ၅,၀၀၀ ကျပ် (ပေါင်းငွေ ၃၀,၀၀၀ ကျပ်) ရရှိရန် တရားစွဲဆိုရာ၊ မူလရုံးတွင် အမှုရှုံးခဲ့လေသည်။

ဆုံးဖြတ်ချက်။ ။အရောင်းအဝယ်ပျက်သဖြင့် ပေးသွင်းထားသောငွေကို ပြန်လည်ပေးအပ်ရေးနှင့် စပ်လျဉ်း၍၊ ပဋိညာဉ်အက်ဥပဒေတွင် ပြဋ္ဌာန်းချက်များ မတွေ့ရပေ။ ဤပြဿနာကို ဆုံးဖြတ်ရာ၌၊ ပေးသွင်းငွေသည် ရောင်းငွေအတွက် တစိတ်ဘဒေသအားဖြင့် ပေးသွင်းခဲ့လျှင်၊ ရောင်းသူသော် ငုံ၍၊ ဝယ်သူသော်ငင်း ပဋိညာဉ်အတိုင်း ဆောင်ရွက်ရန်ပျက်ကွက်က၊ ထိုငွေကို ပြန်လည်ပေးအပ်ရပေမည်။ အကယ်၍ ဝယ်ယူသူ၏ ပျက်ကွက်မှုကြောင့် အရောင်းအဝယ် အထမမြောက်လျှင် ရောင်းသူက လျော်ကြေးရရှိရန် တရားစွဲဆိုနိုင်ပေမည်။ သို့သော် ထိုပေးသွင်းငွေမှာ အာမခံသဘောအဖြစ် ပေးသွင်းလျှင်၊ ဝယ်ယူသူပျက်ကွက်က ၎င်းသည် ထိုငွေကို ပြန်လည် ရရှိနိုင်မည်မဟုတ်ပေ။

မာန်ဂိုဘင်ဒါဒဇ္ဇားနှင့် ဂျေဘိုင်ဆော့မတ်ခ်။ အော၊ အိုင်၊ အာ(ရ်)၊ ၁၉၂၂ ခု၊ ကာလကတ္တာ့ စာမျက်နှာ ၁၀၄။ **အင်(နှ်)၊ပီ၊ဂျုဂနာဒယာနှင့် ရာမန်နာသာ** အော၊အိုင်၊အာ(ရ်)၊ ၁၉၅၅ **ခုနှစ်**၊ ဩရိဆာစာမျက်နှာ ၁၁ ကို ရည်ညွှန်းသည်။

ယခုအမှုတွင် ပေးသွင်းသောငွေမှာ၊သာမန်အားဖြင့် ရောင်းငွေအတွက် တစိတ်တဒေသအားဖြင့် ပေးသွင်းထားသည့်ငွေဟု မဆိုနိုင်ပေ။ အာမခံငွေအဖြစ် ပေးသွင်းသည်ဟု မူလရုံးကဘွေ့ရှိသည်မှာ မှားယွင်းသည်ဟုမဆိုနိုင်။

ထို့ပြင် ထိုငွေကို ရောင်းငွေနှင့်နှိုင်းယှဉ်လျှင် များလွန်းလှသော အာမခံငွေဖြစ်သည်ဟု မဆိုနိုင်။

---

*၁၉၅၇ ခုနှစ်၊ တရားမကြီးမှုအမှတ် ၄၀ တွင် ၁၉၅၉ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့စွဲပါ၊ တရားလွှတ်တော်မူလဘက်ရုံးတော်၏ ချမှတ်သောဒီကရီကို အယူခံဝင်မှု။

† ၁၉၅၉ ခုနှစ်၊ တရားမပဋမအယူခံမှုအမှတ် ၅၆။

၁၉၆၄ အယူခံတရားလိုအတွက်။ ။မစ္စတာ ဂျီ၊ အင်၊ ဘာနာဂျီ။

ဘာဘူကနိရာလား(လ်) ဒန္ဒကာနှင့် မက်ဆား(စ်) ရွှေပြည်စိုးဖလင်ကုမ္ပဏီ။

အယူခံတရားခံအတွက်။ ။ဦးဘသော်။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။ဤအမှုတွင်၊ အယူခံတရားလို ဘာဘူကနိရာလား (လ်) ဒန္ဒကာသည်၊ ရွှေပြည်စိုးဖလင်းကုမ္ပဏီပိုင်ရှင် ဦးချစ်လှိုင်အပေါ်၌ ဘုန်းမောင့်သက်ဝေခေါ် ဇာတ်ကားရောင်းချရန် ကတိပျက်ကွက်သည်ဆိုကာ၊ သွင်းထားသော ငွေပေါင်း ၂၅,၀၀၀ ကျပ်နှင့် အခြားကုန်ကျခံထားသည့် စရိတ်ငွေ ၅,၀၀၀ ကျပ်ငွေ စုစုပေါင်း ၃၀,၀၀၀ ကျပ် ရရှိရန် တရားစွဲဆိုခဲ့ရာ၊တရားလွှတ်တော်မူလဘက်ဆိုင်ရာရုံးက အမှုကို ပယ်လိုက်သဖြင့်အယူခံဝင်လေသည်။ တရားလွှတ်တော်ခုံရုံးကအယူခံကို ကြားနာရာ၌၊အမှုသည်များချုပ်ဆိုသော ၁၉၅၆ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့စွဲပါ ပဋိညာဉ်စာချုပ်အပိုဒ် ၃ အရ၊ ၁၉၅၆ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်နေ့၌ဖြစ်စေ၊ ထိုနေ့မတိုင်မီဖြစ်စေ၊ ဘုန်းမောင့်သက်ဝေ ဇာတ်ကားကို ဇာတ်လမ်းအချိတ်အဆက် ဇာတ်ထုပ်အနေအထား ကောင်းမွန်စွာနှင့် ရိုက်ပြီးဖြစ်သလောဟူသည့် ပြဿနာကို ဆုံးဖြတ်ရန်အတွက်၊မူလခုံးသို့ ပြန်လည်ပေးပို့လိုက်၏။ ထို့နောက်၊ ရန်ကုန်မြို့ တရားမရုံး၏ စီရင်ပိုင်ခွင့်အာဏာကို တိုးမြှင့်လိုက်သည်ဖြစ်ရာ၊ ဤအမှုကို ထိုရုံးသို့ လွှဲပြောင်းလိုက်လေသည်။ ထိုရုံးရောက်တရားသူကြီးချုပ်သည် သက်သေများကို ထပ်မံစစ်ဆေးပြီးလျှင်၊ ဆုံးဖြတ်ချက်နှင့်တကွ ဤရုံးသို့ ပြန်လည်ပေးပို့လိုက်သည်။ ထိုဆုံးဖြတ်ချက်မှာ တိကျသေချာမှန်ကန်ကြောင်း တွေ့ရှိရသည်။ အယူခံတရားလို၏ ပညာရှိရွှေနေကြီးကလည်း အယူခံတရားခံ တင်ပြသော သက်သေခံချက်များမှာ၊ အယူခံတရားလို တင်ပြသော သက်သေခံချက်များထက် များစွာမှပင် ပိုမိုခိုင်လုံကြောင်း ဝန်ခံ၏။ ထို့ကြောင့် မူလရုံး တရားသူကြီး၏ အဆုံးအဖြတ်ကို ထပ်မံဝေဖန်ခြင်း မပြုလိုတော့ကြောင်း ဝန်ခံပြန်၏။ သက်သေထွက်ချက် အရ ဘုန်းမောင့်သက်ဝေဇာတ်ကားကို ပဋိညာဉ်တွင် ပါရှိသည့် ၁၉၅၆ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်နေ့မတိုင်မီ ရိုက်ကူးပြီးစီးကြောင်း၊ထိုနေ့မတိုင်မီပင် အယူခံတရားလိုအား အစမ်းသဘောဖြင့် ရုံတင်ပြကြောင်း။ ရုပ်ရှင်ကား၏အဆင့်အတန်းမှာလည်း ပဋိညာဉ်အတိုင်းပင်ရှိကြောင်း သက်သေထင်ရှားရှိလေသည်။ အယူခံတရားလိုကသာ ထိုဇာတ်ကားကို အချို့နေရာများ၌ ပြုပြင်ပေးရန်ပြောသဖြင့်၊ အယူခံတရားခံက လိုက်လျော၍ ပြုပြင်ပေးခဲ့လေသည်။ ယင်းသို့လိုက်လျောခဲ့သော်လည်း၊ အယူခံ တရားလိုက မူလ ပဋိညာဉ်စာချုပ်ကိုဖျက်ပြီး သက်သေခံ ၄ အရ ပဋိညာဉ်စာချုပ်အသစ် ချုပ်ဆိုရန် အယူခံတရားခံအား ပြောရာ၊ အယူခံတရားခံက ထိုစာချုပ်စာကြမ်းကို လေ့လာပြီးနောက် လက်မခံနိုင်ကြောင်း ပြန်ပြောလေသည်။ ထိုစာချုပ်သစ်အရဆိုလျှင်၊

အယူခံတရားခံ ရရန်ရှိသော ကျန်ငွေ ၁,၀၀,၀၀၀ ကျပ်မျှ အစားငွေ ၄၀,၀၀၀ ကျပ် လက်ခံရမည်ဖြစ်သည်။ အယူခံတရားခံ ထိုပဋိညာဉ်သစ်ကိုလက်မခံသည်မှာ အံ့သြဖွယ် မရှိချေ။

၁၉၆၄

ဘာဘူကနိရာလား(လ်) ဒန္တကာနှင့် မက်ဆား (စ်) ရွှေပြည်စိုးဖလင် ကုမ္ပဏီ။

ထို့နောက် အယူခံတရားလိုနှင့် အယူခံတရားခံတို့၏ ပညာရှိ ရွှေနေကြီးများ အပြန်အလှန် စာပေးစာယူပြုလုပ်ကြ၏။ ထိုသို့စာပေးစာယူပြုလုပ်သည့် အတောအဘွင်းဘွင်၊ အယူခံတရားခံ၏ ပညာရှိ ရွှေနေကြီးကအယူခံတရားခံ လက်ခံထားသော ငွေ ၂၅,၀၀၀ ကျပ်ကို အရစ်ကျ ပြန်လည်ပေးဆပ်မည်ဖြစ်ကြောင်း အကြောင်းကြားသေး၏။ သို့သော် အယူခံတရားလိုက လက်မခံခဲ့ဘဲ တရားစွဲဆိုခြင်းဖြစ်သည်။ ထိုစာကို ရေးရာ၌ (**Without Prejudice**) ဟု အယူခံတရားခံ၏ အကျိုးကို ယင်းသို့ ရေးသားသည့်အတွက် ထိခိုက်ခြင်းမရှိစေရဟု ပဏာမအားဖြင့် ဖေါ်ပြရေးသားသည် ဖြစ်ရာ၊ ထိုစာနှင့်စပ်လျဉ်း၍ ဤအမှုကို ဆုံးဖြတ်ရန်အတွက် ထည့်သွင်းစဉ်းစားမည် မဟုတ်ပေ။

အမှုပါ အကြောင်းခြင်းရာ အားလုံးကို လေ့လာသုံးသပ်သော်၊အယူခံတရားလို၏ ပျက်ကွက်မှုကြောင့်သာ ဤအမှုပါ ဇာတ်ကားကို မရောင်းဖြစ်တော့ကြောင်း မူလရုံးတွေ့ရှိသည်မှာ မှန်ကန်သည်ဟု ယူဆရပေမည်။

အထက်၌ ဖေါ်ပြခဲ့သည့်အတိုင်း၊ အယူခံတရားလို၏ ပညာရှိ ရွှေနေကြီးက၊ မည်သူပဋိညာဉ် ပျက်ကွက်သည်ဆိုသည့် အချက်နှင့်စပ်လျဉ်း၍ မလျှောက်လဲလိုတော့ကြောင်းဖေါ်ပြပြီး၊ ယခုတဖန် အဓိကအားဖြင့် လျှောက်လဲပြန်သည်မှာ၊ ပေးသွင်းထားသည့်ငွေ ၂၅,၀၀၀ ကျပ်မှာခွဲပ်ရှင်ကားရောင်းငွေအတွက် တစိတ်တဒေသအားဖြင့် ကြိုတင်ပေးထားသည့် ငွေဖြစ်ရကား၊ ထိုငွေကို အယူခံတရားလို ပြန်လည်ရရှိနိုင်ကြောင်းနှင့်စီရင်ထုံးမျှားတင်ပြ၏။ မူလစွဲငွေ ၃၀,၀၀၀ ကျပ်အနက်မှ ငွေ ၅,၀၀၀ ကျပ်ကို စွန့်လွှတ်ခဲ့၏။ ထိုစီရင်ထုံးမျှားလာ **ပီရာဇီလားနှင့် မီနာမာဘော(လ်) ကေရှင်ဇတ် (စ်)** အမှု (၁) နှင့် **ကွန်ဒါလား (လ်)** နှင့် **ဘီရှက်ရှာဒရားအမှု** (၂)တို့ကို အထူးကိုးကားသည်။ သို့သော် ထိုအမှုမျှားတွင် ရောင်းသူပျက်ကွက်သဖြင့် ဝယ်သူထံမှရယူထားသောငွေကို ပြန်လည်ပေးအပ်ရန် ဆုံးဖြတ်ခြင်းဖြစ်သည်။ ယခုအမှုဆိုင်အမှုကား၊ ဝယ်သူပျက်ကွက်သည်ကို တွေ့ရှိရသည်။

ယခုကဲ့သို့သော အရောင်းအဝယ်ပျက်သဖြင့် ပေးသွင်းထားငွေကို ပြန်လည်ပေးအပ်ရေးနှင့် စပ်လျဉ်း၍၊ပဋိညာဉ် အက်ဥပဒေတွင် ပြဋ္ဌာန်းချက်များ မတွေ့ရပေ။ ဤပြဿနာကို ဆုံးဖြတ်ရာ၌၊ ပေးသွင်းငွေသည် ရောင်းငွေအတွက် တစိတ်တဒေသ

(၁) အိန္ဒိယစီရင်ထုံးမျှား၊ အလဟာဘတ်၊ အတွဲ ၅၀၊ စာ ၈၂။

(၂) အိန္ဒိယစီရင်ထုံးမျှား၊ အလဟာဘတ်၊ အတွဲ ၅၀ စာ ၉၅။

၁၉၆၄

ဘာဘူကနိုရာလား(လ်) ဒန္ဒကာနှင့် မက်ဆား(စ်) ရွှေပြည်စိုးဖလင် ကုမ္ပဏီ။

အားဖြင့် ပေးသွင်းခဲ့လျှင်၊ ရောင်းသူသော်၎င်း၊ ဝယ်သူသော်၎င်း၊ ပဋိညာဉ်အတိုင်း ဆောင်ရွက်ရန် ပျက်ကွက်က၊ထိုဥဒေါ့ကို ပြန်လည်ပေးအပ်ရပေမည်။ အကယ်၍ ဝယ်ယူသူ၏ ပျက်ကွက်မှုကြောင့် အရောင်းအဝယ် အထမမြောက်လျှင်၊ ရောင်းသူကလျော်ကြေးရရှိရန် တရားစွဲဆိုနိုင်ပေမည်။ သို့သော် ထိုပေးသွင်းဥဒေမှာ အာမခံသဘော အဖြစ် ပေးသွင်းသူ၊ဝယ်ယူသူ ပျက်ကွက်က ၎င်းသည်တို့ဥဒေကို ပြန်လည်ရှင်းနိုင်မည် မဟုတ်ပေ။ **မာန်ဂိုဘာ်ဒါဒက္ကား၊** နှင့် **ဂျေ၊ ဘိုင်ဆော့ (ခ်) မတ်** အမှု (၃) နှင့် **အင် (န်)၊ ပီ၊** ဂျဂနာဒယာ နှင့် **ရာမန်နာသာအမှု** (၄) တို့ကိုကြည့်ပါ။

ယခုအမှုဘွင် ချုပ်ဆိုသော ပဋိညာဉ်အပိုဒ် ၆ အရ၊ရောင်းသူပျက်ကွက်မှုသာလျှင် ဝယ်သူသည်ပဌမအရစ် ပေးသွင်းဥဒေ ၂၀,၀၀၀ ကျပ်ကို ပြန်လည်တောင်းခံနိုင်ပေမည်။ ထို့ကြောင့် ထိုဥဒေမှာ သာမန်အားဖြင့် ရောင်းဥဒေအတွက် တစိတ်တဒေသအားဖြင့် ပေးသွင်းထားသည့်ဥဒေဟု မဆိုနိုင်ပေ။ မူလရုံးမြွက်ကြားသည့်အတိုင်း အယူခံတရားလိုသည် ထိုဥဒေနှင့် နောက်ထပ်ပေးဥဒေ ၅,၀၀၀ ကျပ်ကို တမျိုးတစားတည်းထား၍ တရားစွဲဆိုသည်ဖြစ်ရာ၊ ထိုဥဒေနှစ်ရပ်မှာ တသဘောတည်းဖြစ်သဖြင့်၊ အာမခံဥဒေအဖြစ် ပေးသွင်းသည်ဟု မူလရုံးတွေ့ရှိသည်မှာ မှားယွင်းသည်ဟု မဆိုနိုင်ပေ။ အမှန်အားဖြင့် ဆိုသော်၊ အယူခံတရားခံက ဥဒေ ၂၀,၀၀၀ ကျပ် စရံ ဒီပိုဇစ် အနေဖြင့်ပေးကြောင်း သက်သေခံခဲ့သည်ကို၊ အယူခံတရားလိုဘက်က ငြင်းဆိုခြင်းမပြုခဲ့ချေ။

ထိုဥဒေ ၂၅,၀၀၀ ကျပ်မှာလည်း ရောင်းဥဒေ ၁,၃၀,၀၀၀ ကျပ်နှင့် နှိုင်းယှဉ်လျှင်၊ များလွန်းလှသော အာမခံဥဒေဖြစ်သည်ဟု မဆိုနိုင်ပေ။ အယူခံတရားခံသည် စရိတ်ကြေးဥဒေအမြောက်အများကုန်ကျခံပြီး၊ပဋိညာဉ်အတိုင်း ရှုပ်ရှင်ကားကို ပြီးစီးအောင် ရိုက်ကူးခဲ့၏။ ထို့ကြောင့် ထိုဥဒေ ၂၅,၀၀၀ ကျပ်ကိုအယူခံတရားခံသည် ပြန်လည်ပေးအပ်ခြင်းမပြုသည်မှာ၊ မျှတမှုမရှိဟုဆိုရန် ခဲယဉ်းပေမည်။

အထက်ဖော်ပြပါ အကြောင်းများကြောင့်၊ အယူခံကို စရိတ်နှင့်တကွ ပယ်လိုက်သည်။ ဤရုံးရှေ့နေခမှာ ဥဒေ ၁၀၀ ကျပ် ဖြစ်စေရမည်။

(၃) အေ၊အိုင်၊အာ(ရ်)၊ ၁၉၂၂၊ ကာလကတ္တား၊ စာ ၁၀၄

(၄) အေ၊အိုင်၊အာ(ရ်)၊ ၁၉၅၅ ခု၊ ဩရိတ စာ ၁၁

ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီး ဦးထွန်းတင်ရှေ့တွင်

မမြမြကြည် (ပြင်ဆင်ရန်လျှောက်ထားသူ)
နှင့်
ကိုအောင်မြင့် (ပြင်ဆင်ရန်လျှောက်ထားခံရသူ)

† ၁၉၆၄ ဖေဖော်ဝါရီလ ၂၂ ရက်။

ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၄၀၀ မယားစရိတ် တောင်းဆိုခြင်း၊ ကျမ်းကျိန်ဆိုစာပြု၍ ဗုဒ္ဓဘာသာထုံးစံအတိုင်း လက်ထပ်ခြင်း၊ မယား မြောက်-မမြောက်၊ ပဋိညာဉ်အက်ဥပဒေပုဒ်မ ၁၀ ပယောဂကင်းရှင်းစွာဖြင့် မယားအဖြစ် ပေါင်းသင်းခြင်း ဟုတ်-မဟုတ်။

မယားစရိတ် စွဲဆိုသောအမှုတွင် လျှောက်ထားခံရသူက မိမိ၏အိမ်တွင် အတူနေခဲ့သော လျှောက်ထားသူနှင့် မှားယွင်းခဲ့ကြောင်းကို မငြင်းသော်လည်း၊ လျှောက်ထားသူအား ကျမ်းကျိန်စာပြုလုပ်၍ လက်ထပ်ခဲ့ရခြင်းမှာ၊ မိမိသည် မိမိ၏ချစ်သူနှင့် လက်ထပ်မည့် လက်ထပ်ပွဲတွင် လျှောက်ထားသူက အနှောက်အယှက်ပေးမည်ကို စိုးရိမ်၍ ပြုလုပ်ခဲ့ရခြင်း ဖြစ်သည်ဟု လျှောက်ထားရာ။

ဆုံးဖြတ်ချက်။ ။ဗုဒ္ဓဘာသာ မိန်းခလေးတဦးသည် မည်သည့် အချိန်အခါ၌ ဗုဒ္ဓဘာသာယောကျ်ားကလေး တဦး၏ တရားဝင်မယားဖြစ်သည် မဖြစ်သည် ဆိုသော ပြဿနာမှာ၊ ကျယ်ဝန်းသော ပြဿနာဖြစ်သဖြင့်၊ မယားစရိတ်တောင်းသော လျှောက်လွှာမျိုးတွင်၊ တိကျစွာ ဆုံးဖြတ်နိုင်ရန် ခဲယဉ်းသော ကိစ္စဖြစ်သည်။ **တရား**မှုတွင်သာ တိကျစွာ အဆုံးအဖြတ်ပေးနိုင်မည် ဖြစ်လေသည်။

ထို့ပြင် အဆိုပါ ကျမ်းကျိန်စာပြုသည့်၊ မဂ်လာစာတမ်းမှာ ပဋိညာဉ် အက်ဥပဒေ ပုဒ်မ ၁၀ တွင် ပြဿနာဖွဲ့သို့၊ ပယောဂ ကင်းရှင်းစွာဖြင့်၊ လျှောက်ထားသူအား တရားဝင်မယားအဖြစ် ပေါင်းသင်းရန် ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ပေါ်လွင်သည်ဟု ယူဆရန်ခဲယဉ်းသည်။ လျှောက်ထားသူနှင့် လျှောက်ထားခံရသူတို့၏ အခြေအနေမှာ၊ လျှောက်သူက လျှောက်ထားခံရသူ၏ ဆန္ဒအပေါ် လွှမ်းနိုင်သည့် အချက်ရှိပေကြောင်း တွေ့ရသည်။

ဦးရဲကျော်သူနှင့် မလှဦး မရဲ ၁၉၄၀ R.L.R. P. ၁၈၀ ကို ရည်ညွှန်းသည်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။ဦးလှဖေ (၂)။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။ဦးကျော်မြင့်။

---

* ၁၉၆၃ ခုနှစ်၊ ရာဇဝတ်သေးမှုအမှတ် ၁၈၀ တွင် ချမှတ်သော ၁၉၆၃ ခုနှစ်၊ စက်တင်ဘာ ၁လ ၁၂ ရက်နေ့စွဲပါ ရန်ကုန်မြို့၊ သတ္တမရာဘက် ရာဇဝတ်တရားသူကြီး (အထူး)၏ အမိန့်ကို ပြန်၍ဆင်ခြင်မှု။

† ၁၉၆၃ ခုနှစ် ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁၉၁ (ခ)။

၁၉၆၄

မမြမြကြည်
နှင့်
ကိုအောင်မြင့်။

တရားသူကြီး ဦးထွန်းတင်။ ။ယခုအမှုမှလျှောက်ထားသူ မမြမြကြည်က၊ ရန်ကုန်မြို့ သတ္တမရာဘက်ရာဇဝတ်တရားသူကြီးရုံး၊ ၁၉၆၂ ခု၊ ရာဇဝတ်သေးမှုအမှတ် ၁၀၈ တွင်၊ လျှောက်ခံရသူကို ဓားဖြင့်ပေါ် မယားစရိတ်တလလျှင် ၃၀၀ ကျပ်ရလိုကြောင်း ရာဇဝတ်ကျင့်ထုံးပုဒ်မ ၄၀၈ အရ တရားစွဲဆိုခဲ့ရာ၊ လျှောက်သူအား လျှောက်ခံရသူက တလလျှင်စား၀တ်စရိတ်ငွေ ၅၀ ကျပ်ပေးစေရန်၊အမိန့်ချမှတ်ပေးလိုက်လေသည်။ လျှောက်ခံရသူက၊ ထိုအမိန့်ကို မကျေနပ်၍၊ ရန်ကုန်မြို့၊ ရာဘက်စက်နှင့်တရားသူကြီး (ဦးစံအောင်)ရုံး၊ ၁၉၆၃ ခု၊ ရာဇဝတ်အယူခံမှုအမှတ် ၄၂ တွင်အယူခံဝင်ရောက်ရာ၊ လျှောက်သူမှာ လျှောက်ခံရသူ၏တရားဝင်မယားဖြစ်ကြောင်း မပေါ် လွှင်သဖြင့်၊စား၀တ်စရိတ်မချနိုင်ဆိုပြီး၊ မူလရုံးမှချမှတ်ပေးခဲ့သည့်အမိန့်ကို ပယ်ဖျက်လိုက်လေသည်။ ထို့တွက်လျှောက်သူက၊ ယခုပြင်ဆင်မှုကို တင်သွင်းခဲ့ခြင်းဖြစ်ပေသည်။

အမှုတွဲကိုလေ့လာမှု၊ လျှောက်သူမှာ လျှောက်ခံရသူထက် ၁၀ နှစ်ခန့်အသက်ကြီးနေ၍ ဆွေမျိုးလည်းအနည်းငယ်တော်စပ်ရာ၊ လွန်ခဲ့သော ၁၃ နှစ်ခန့်ကပင် လျှောက်သူနှင့်ငင်းမိခင်တို့သည်၊ လျှောက်ခံရသူ၏ဝိဘာများအိမ်တွင် လာရောက်နေထိုင်ခဲ့ရာမှ တဦးနှင့်တဦးချစ်ကြိုက်၍ မှားယွင်းလာကြကြောင်းပေါ် လွှင်နေပေသည်။

လျှောက်သူ၏အဆိုအရမူ၊ ထိုသို့နေထိုင်လာပြီးနောက်၊ ၁၉၆၂ ခုနှစ်၊ဇွန်လ ၅ရက်နေ့တွင် လျှောက်ခံရသူကလျှောက်သူအား၊ ရန်ကုန်မြို့ (၆)ရာဘက် ရာဇဝတ်တရားသူကြီးရှေ့တွင်၊ သက်သေခံ "က" လက်ထပ်မင်္ဂလာကျမ်းကျိန်စာ ပြုလုပ်၍၊ ဗုဒ္ဓဘာသာထုံးစံအတိုင်း၊ လက်ထပ်ယူပြီးမန္တလေး၊ ရွှေဘိုမြို့မျာသို့လင်မယားအဖြစ်သွားရောက်လည်ပတ်ခဲ့ကြောင်း။ ရန်ကုန်ပြန်ရောက်သောအခါ၊ လျှောက်ခံရသူက လျှောက်သူအား တင့်တယ်စွာအိမ်တဆောင်နှင့် ထားပြီးပေါင်းသင်းပါမည်ဆိုသည့် ကတိအတိုင်းမတည်ဘဲ၊ ကြည့်ရှုခြင်းမရှိတော့သဖြင့်၊ ရွှေနေထိမ့် နို့တစ်စာပေးပြီးအမှုကို စွဲဆိုခြင်းဖြစ်ပါသည်ဟုပြဆိုသည်။

လျှောက်ခံရသူက၊ လျှောက်သူသည် အိမ်တွင်အိမ်စေအဖြစ်ဖြင့်၊ လွန်ခဲ့သည့် ၁၃ နှစ်ခန့်က လာရောက်နေထိုင်ရာ၊ မိမိနှင့်လျှောက်သူမှာ အိုးချင်းထားအိုးချင်းထိဆိုသလိုမှားယွင်းမိကြောင်းကိုမငြင်းဆို။ သို့သော်လျှောက်ခံရသူသည် မိဘများကသူနှင့်ချစ်ကျမ်းငင်နေသူ မြင့်မြင့်စံနှင့် သူ့အားလက်ထပ်ထိမ်းမြားရန်စီစဉ်သည်ကို၊ လျှောက်သူကသိရှိသွားသဖြင့်၊ လျှောက်ခံရသူအား ရုံးတွင်းလက်မှတ်ရေးထိုးပေးရန်နှင့် ထိုကဲ့သို့မပြုလုပ်ပေးက၊ မိမိနှင့်မြင့်မြင့်စံတို့၏မင်္ဂလာအခမ်းအနားကို၊ မပျက်-ပျက်အောင်ပြုလုပ်မည်ဟုခြိမ်းချောက်သဖြင့် သက်သေခံ "က" မင်္ဂလာကျမ်းကျိန်စာကို လက်မှတ်ထိုးပေးရကြောင်း။ ထို့နောက်လျှောက်သူနှင့်မန္တလေး၊ ရွှေဘိုမြို့တို့သို့ခေတ္တအလည်သွားရောက်ခဲ့သော်လည်း၊ လင်မယားအဖြစ်မဟုတ်၊ ရိုးရိုးဘုရားဖူးရန်ဖြစ်ပြီး

ရန်ကုန်ပြန်လည်ရောက်ရှိသော်လည်း၊ လျှောက်သူနှင့်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခြင်းမရှိသောကြောင့်၊ လျှောက်သူမှာ ၎င်း၏တရားဝင်ဇနီးမဟုတ်သဖြင့်၊ စွဲဆိုသည့်မယားစရိတ်မရထိုက်ပါဟုချေပလေသည်။

၁၉၆၄

မမြမြကြည် နှင့် ကိုအောင်မြင့်။

အမှုတွဲပါသက်သေခံချက်များအရ မူလစစ်ဆေးသည့်ရုံးနှင့်အယူခံရုံး ၂ ရုံးလုံးကပင် လျှောက်သူနှင့်လျှောက်ခံရသူတို့၊ မင်္ဂလာစာတမ်းကိုမပြုလုပ်မီ၊ မှားယွင်းခဲ့ကြသော်လည်း၊ လျှောက်သူမှာထိုနေ့တိုင် လျှောက်ခံရသူ၏တရားဝင်ဇနီးမဖြစ်သေးကြောင်း၊ သဘောတူဆုံးဖြတ်ခဲ့လေသည်။ သို့သော် မူလစစ်ဆေးသည့်ရုံးမှ၊ လျှောက်ခံရသူက သက်သေခံ "က" မင်္ဂလာကျမ်းကျိန်စာတမ်းကို လက်မှတ်ရေးထိုးပေးသည့်နေ့မှစ၍လျှောက်သူသည်၊ လျှောက်ခံရသူ၏တရားဝင်ဇနီးအဖြစ်သို့ ရောက်ရှိလာသဖြင့်၊ လျှောက်ခံရသူသည်လျှောက်သူသို့မယားစရိတ်ပေးရပေမည်ဟုယူဆဆုံးဖြတ်လေသည်။

သို့သော်အယူခံရုံးကမူ လျှောက်ခံရသူက၊ လျှောက်သူအားသက်သေခံ "က" မင်္ဂလာကျမ်းကျိန်စာကို မမြင့်မြင့်စံနှင့် ၁၉၆၂ ခုနှစ်၊ ဇွန်လ ၁၄ နေ့လက်မထပ်မီ ၉ ရက်ခန့်၊ ၁၉၆၂ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့တွင် ချုပ်ဆိုပေးကြောင်းမှာအငြင်းမပွါးသည့်ပြင်၊ ထိုသို့စာတမ်းရေးသားပြီးနောက်၊ လျှောက်သူ၏ဝန်ခံချက်အရပင်၊ လျှောက်ခံရသူက၊ လျှောက်သူနှင့်အတူ သားမယားအဖြစ်မည်သည့်အခါကမှ နေထိုင်လာကြောင်းမပြဆိုနိုင်သဖြင့်၊ သက်သေခံ "က" စာတမ်းကို လျှောက်ခံရသူကလက်မှတ်ထိုးပေးရုံနှင့်လျှောက်သူမှာ လျှောက်ခံရသူ၏တရားဝင်မယားအဖြစ် ရောက်ရှိသွားပြီဟုမဆိုနိုင်။ တဖန် သက်သေခံ "က" စာတမ်းကို ချုပ်ဆိုပေးရသည့်အကြောင်းခြင်းရာမျှကိုဆင်ခြင်သော်၊ လျှောက်ခံရသူက မိမိ၏ချစ်သူနှင့်မင်္ဂလာဆောင်ရာတွင် ပျက်စီးရာပျက်စီးကြောင်း အနှောက်အယှက်ပေးမည်စိုး၍၊ လျှောက်သူ၏အနိုင်အထက်ဘိုက်တွန်းခြိမ်းခြောက်ချက်အရ၊ ကြေအေးစေရန်သဘောနှင့်သာ ချုပ်ဆိုပေးရကြောင်းတွေ့ရှိရပြီး၊ တရားဝင်မယားအဖြစ် သဘောကြည်ဖြူစွာ ရွှင်ဆောင်ပေးသည့်စာချုပ်ဖြစ်သည်မဆိုနိုင်သောကြောင့်၊ ထိုစာချုပ်အရ လျှောက်သူသည်၊ လျှောက်ခံရသူ၏ တရားဝင်ဇနီးဖြစ်ခဲ့ပါသည်ဆိုသည်ကို၊ လက်မခံနိုင်ဆို၍၊ မူလရုံး၏အမိန့်ကိုပယ်ဖျက်လိုက်လေသည်။

ထို့ကြောင့်၊ ယခုပြင်ဆင်မှုတင်သွင်းရာဝယ် လျှောက်သူက သက်သေခံ "က" မင်္ဂလာကျမ်းကျိန်စာတွင်၊ လျှောက်ခံရသူက မိမိအား သဘောတူပေါင်းသင်းနေထိုင်လိုသဖြင့်၊ လျှောက်သူမှတပါး၊ တခြားတွင်ပေါင်းသင်းယူသော တရားဝင်မယားတဦးမျှမရှိပါ၊ မိမိတို့သဘောအတိုင်း ယခြင်းဖြစ်ပါသည်ဟု အတိအလင်းမြွက်ဖော်ထားသဖြင့်၊ ဗုဒ္ဓဘာသာဥပဒေအရလည်း၊ လက်ထပ်ထိမ်းမြားခြင်းမှာ၊ ပဋိညာဉ်ဥပဒေတွင်ပြဆိုထားသည့်အတိုင်း၊ နှစ်ဦးသဘောတူ ဆောင်ရွက်ချက်ပေါ်မူတည်နေ

၁၉၆၄

မမြမကြည်
နှင့်
ကိုအောင်မြင့်။

ရကား လျှောက်သူမှာ လျှောက်ခံရသူ၏ တရားဝင်ဇနီးဖြစ်ကြောင်း ဥပဒေအရ ထင်ရှားပါသည်ဟုပြဆိုပေသည်။

မြန်မာဗုဒ္ဓဘာသာတို့ လက်ထပ်ထိမ်းမြားကြခြင်းမှာ ဗုဒ္ဓဘာသာဥပဒေအရ၊ "purely civil and consensual contract" ဖြစ်သည်ဆိုခြင်းမှာထင်ရှားပေသည်။ သို့သော် ဗုဒ္ဓဘာသာမိန်းခလေးတဦးသည် မည်သည့်အချိန်အခါ၌၊ ဗုဒ္ဓဘာသာယောကျ်ားလေးတဦး၏ တရားဝင်မယားဖြစ်ပါသနည်းဆိုသည့်ပြဿနာကို ဆင်ခြင်ရန်မှာ၊ ပတ်ပန်းကျင်ကြောင်းခြင်းရာများကို ထည့်သွင်း၍ ဆင်ခြင်ရန်အတော်ပင် ကျယ်ဝန်းသဖြင့်၊ ယခင့်သို့ အကျဉ်းနည်းအားဖြင့်ဆုံးဖြတ်ရသည့် စားစရိတ်မှုမျိုးတွင်၊ တိကျစွာဆုံးဖြတ်နိုင်ခဲ့ရန်မှာ ခဲယဉ်းသောကိစ္စဖြစ်ပေသည်။ တရားမမှုတွင်မှသာ၊ ကျယ်ပြန့်စွာဝေဖန်သုံးသပ်၍ တိကျစွာ အဆုံးအဖြတ်ပေးနိုင်မည် ဖြစ်လေသည်။ မည်သို့ပင်ဖြစ်စေ လျှောက်သူကဆိုလိုသည်မှာ၊ အမှုတွဲကိုလေ့လာမှု၊ အယူခံရုံးသည်၊ လျှောက်ခံရသူကသက်သေခံ "က" မင်္ဂလာစာတမ်းကို လျှောက်သူကအနိုင်အထက် တိုက်တွန်းခြိမ်းခြောက်ချက်အရ၊ ကြေအေးစေရန်အကြံနှင့် လှည့်စားသောအနေမျိုးနှင့် ပြုလုပ်ခြင်းသာဖြစ်ပါသည်ဆိုသည့်ယူဆချက်မှာ သက်သေခံလုံးဝကင်းမဲ့၍၊ လျှောက်ခံရသူကိုယ်တိုင်ကပင် "လက်ထပ်ပွဲတွင်လျှောက်ထားသူ၊ အနှောက်အယှက်ပေးမည်စိုး၍ လက်မှတ်ရေးထိုးပေးခြင်းဖြစ်ပါသည်" ဟုသာ ထွက်ဆိုခဲ့သဖြင့်၊ ထိုယူဆ ဆုံးဖြတ်ချက်မှာ သင့်သေခံ အထောက် အထားမရှိဘဲ၊ တဘက်သတ် ဆုံးဖြတ်ခြောင်း ထင်ရှားနေ သဖြင့်၊ ဤရုံးမှ ပြင်ဆင်သည့်ရုံးအနေနှင့်ပင်ဝင်ရောက် စွက်ဖက် သင့်သည်ဟု၊ ပြဆိုပေသည်။

သို့သော် အထက်က ပြဆိုခဲ့သည့် အတိုင်း လျှောက်ခံရသူက၊ သက်သေခံ "က" မင်္ဂလာ စာတမ်းကို၊ မိမိ၏ ချစ်သူနှင့် မင်္ဂလာ မဆောင်မီ ၉ ရက် ခန့်မှသာ ချုပ်ဆို ပေးခဲ့ခြင်းနှင့် ထိုသို့ ချုပ်ဆို ပေးပြီးနောက်၊ မန္တလေးနှင့် ရွှေဘိုသို့ ခရီးတွဲ အလည်သွားသည်မှ အပ၊ လျှောက်သူနှင့် သားမယား အဖြစ် ပေါင်းသင်းခဲ့ခြင်း လုံးဝ မရှိရကား၊ လျှောက်ခံရသူက၊ လျှောက်သူအား၊ ထိုမင်္ဂလာ စာတမ်းကို၊ ပဋ္ဌာန်း အက်ဥပဒေ ပုဒ်မ ၁၀ တွင် ပြဆိုထားသကဲ့သို့၊ ပယောဂ ကင်းရှင်းစွာနှင့် လျှောက်သူအား တရားဝင် သားမယား အဖြစ် ပေါင်းသင်းရန် ပြုလုပ်ခဲ့ခြင်း ဖြစ်ကြောင့်၊ ပေါ်လွင်နေသည်ဟု တထစ်ချ ယူဆရန် ခဲယဉ်းပေသည်။ အဘယ့်ကြောင့်ဆိုသော်၊ အထက်ပါ ပြဆိုချက်များကို ဆင်ခြင်သော်၊ ပဋ္ဌာန် အက်ဥပဒေ ပုဒ်မ ၁၆ တွင် ပြဆိုထားသည့် အတိုင်း လျှောက်ထားသူနှင့်၊ လျှောက်ခံရသူတို့၏ အခြေအနေမှာ၊ လျှောက်သူက၊ လျှောက်ခံရသူ၏ ဆန္ဒပေါ်၌ လွှမ်းမိုးနိုင်သည့် အချက် ရှိနေကြောင်း တွေ့ရ၍၊ (**dominate the will of another**) အယူခံ

ခုဖွင့်
မမြမြကြည်
နှင့်
ကိုအောင်မြင့်။

ချုံးမှ ယူဆ ဆုံးဖြတ်ချက်မှာ လုံးဝ အခြေ အမြစ် မရှိပါဟု မဆိုနိုင်ပေ။ သို့ဖြစ်ရကား၊ **ဦးရဲကျော်သူနှင့် မလှဦး** မရဲ (၁) စီရင်ထုံးတွင်၊ ပြဆိုထားသည့် မူကိုရှေ့ရှု၍ ဤရုံးမှ ပြင်ဆင်သည့် ရုံးအနေနှင့် အယူခံ ရုံးမှ ဆုံးဖြတ် ထားချက်တွင် ဝင်ရောက် စွက်ဖက်ရန် အခွင့် အရေး ရှိသည်ဟု မဆိုနိုင်ပေ။ အမှန်မှာ အထက်က ပြဆိုခဲ့သည့် အတိုင်း၊ လျှောက်ထားသူသည်၊ လျှောက်ခံရသူ၏ တရားဝင် မယား အဖြစ် ရောက်ရှိခဲ့ခြင်း ရှိ မရှိ ဆိုသည့် အချက်မှာ တရားမ ရုံးတွင်မှသာ ကျယ်ပြန့်စွာ စဉ်းစား ဝေဖန်၍၊ အဆုံး အဖြတ်ပေးနိုင်မည် ဖြစ်သောကြောင့်ပင်တည်း။

ထို့ပြပါ အကြောင်းမျှားကြောင့်၊ ယခုအမှုကို လက်ခံခွင့် ပြုရန် အကြောင်း ရှိသည်ဟု မတွေ့ရ၍၊ ဤပြင်ဆင်မှုကို ပလပ်လိုက်သည်။

---

(1) (1940) R.L.R.p.180

ရာဇဝတ်အယူခံမှု

တရားသူကြီး ဦးစံမောင်၊ တရားသူကြီး ဦးစောဘသိန်း နှင့် တရားသူကြီး ဦးမောင်မောင် တို့ရှေ့တွင်

† ၁၉၆၄
ဇန္နဝါရီလ
၃၁ ရက်။

မောင်ချစ်တင် ပါ ၂ (အယူခံတရားလိုများ)

နှင့်

ပြည်ထောင်စု မြန်မာနိုင်ငံ (အယူခံတရားခံ)*

လွှတ်ငြိမ်းချမ်းသာခွင့်အမိန့်—အပိုဒ် (၁)—အပိုဒ်ခွဲ (၁) မည်သည့်အခါ၌ ကိုယ်တိုင်ထိခိုက်နစ်နာခြင်းခံရသူက တိုင်ကြားသောအမှုဖြစ်ခြင်း—အပိုဒ် (၁)၊ အပိုဒ်ခွဲ (၃)—ရာဇသတ်ကြီးပုဒ်မ ၃၄၄(ခ)—အရ ပြန်ပေးမှုအကျုံးဝင်ခြင်း။

အယူခံတရားလို ၂ ဦး အပေါ်တွင် ရာဇသတ်ကြီးပုဒ်မ ၃၄၄ (ခ) အရ သေဒဏ်အမိန့်ချခဲ့ပြီး ထိုဥပဒေပုဒ်မ ၃၇၆ အရလည်း၊ ထောင်ဒဏ် ၄ နှစ်ကျခံစေရန် အမိန့်ချမှတ်ခြင်းခံရလေသည်။

နောက်ဆုံး တရားစီရင်ရေး ဥပဒေပုဒ်မ (၆) အရ အယူခံဝင်ရာ၊ လွှတ်ငြိမ်းချမ်းသာခွင့်အမိန့်တွင် မည်ကဲ့သို့ အကျုံးဝင်သည်ကို စဉ်းစားနိုင်ရန်အလို့ငှါ၊ အယူခံဝင်ပြုခဲ့လေသည်။

ဆုံးဖြတ်ချက်။ ။ဤအမှုတွင် သေသူ၏သားဖြစ်စေခိုင်းချက်အရ၊ သေသူ၏ညီပင် သွားရောက်တိုင်တန်းခြင်းဖြစ်ရာ၊ လွှတ်ငြိမ်းချမ်းသာခွင့် အမိန့်အပိုဒ် (၁)၊ အပိုဒ်ခွဲ (၁) တွင် အကျုံးမဝင်နိုင်ချေ။ မိမိကိုယ်တိုင် ထိခိုက်နစ်နာခြင်းခံရသူက တိုင်ကြားသောအမှုဖြစ်သည်ဟု ယူဆနိုင်ပေသည်။

(ပြည်ထောင်စုမြန်မာနိုင်ငံနှင့် မောင်ခွေး၊)၁၉၆၃ ခုနှစ်၊ ရာဇဝတ်စောဒကမှုအမှတ် ၁၄ နှင့် **[ဦးစန္ဒသီရိ(ခေါ်)မောင်လှဒင်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ၊]** ၁၉၆၃ ခုနှစ်၊ အထူးရာဇဝတ် အယူခံမှု လူသတ်မှု အမှတ် ၃ တို့ကို ရည်ညွှန်းသည်။

သို့သော် ဤအမှုသည် ထိုအမိန့်၏အပိုဒ် (၁)၊ အပိုဒ်ခွဲ (၃) တွင် အကျုံးဝင်လျက်ရှိ၏။ အဘယ့်ကြောင့်ဆိုသော် ၁၉၅၇ ခုနှစ်တွင် ပြင်ဆင်ထားသော ရာဇသတ်ဥပဒေပုဒ်မ ၃၄၄(ခ)မှာ လူသတ်မှု မဟုတ်၊ လူပြန်ပေးမှုသာလျှင် ဖြစ်သည်။

အယူခံတရားလိုအတွက် ။ ။ဦးဝင်းကြည်။

အယူခံတရားခံအတွက် ။ ။ဦးလှသင်း (အစိုးရရှေ့နေကြီး)။

တရားသူကြီး ဦးစံမောင်။ ။ရှေ့ဘို့မှု၊ ဒုတိယ အထူးတရားသူကြီးရုံး၏ ၁၉၆၂ ခု၊ ရာဇဝတ်ကြီးမှုအမှတ် ၈ တွင်၊ အယူခံတရားလို မောင်ချစ်တင်၊ မောင်လှမောင်နှင့်

---

* ၁၉၆၃ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၃၅၊ ၃၆၊ ၃၇ တွင်ချမှတ်သော ၁၉၆၃ ခုနှစ်၊ မတ်လ ၇ ရက်နေ့စွဲပါ၊ တရားရုံးချုပ် တရားသူကြီးများ၏ အထူးအမိန့်ကို အယူခံဝင်မှု။

† ၁၉၆၃ ခုနှစ်၊ အထူးရာဇဝတ် အယူခံမှုအမှတ် ၆။

၁၉၆၄

မောင်ချစ်တင် ပါ ၂ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

ဂင်းဘို့နှင့်အတူ တွဲဘက်ဘရားခံတဦးဖြစ်သောမောင်ထွန်းဆင့်တို့အပေါ် ၁၉၅၇ခုနှစ်၊ အက်ဥပဒေအမှတ် ၆၁ အရ၊ ပြင်ဆင်ထားသော ရာဇသတ်ကြီး ဥပဒေ ပုဒ်မ ၃၆၄(ခ) အရ ပြစ်မှုထင်ရှားသည်ဟု သေဒဏ်အမိန့် ချမှတ်ခဲ့၍ အယူခံတရား သို့ ၂ ဦးအပေါ် ၌ အဆိုပါ အက်ဥပဒေအရ ပြင်ဆင်ထားသော ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၃၇၆ ပဌမပိုင်း အရ၊ ပြစ်မှုထင်ရှားသည်ဟု အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၄ နှစ် ကျခံစေရန် အမိန့် ချမှတ်သိုက်ခြင်းကို တရားခံများက မကျေနပ်၍ အယူခံဝင်ခဲ့ရာ ဤရုံး၏ ၁၉၆၃ခုနှစ်၊ ရာဇဝတ် အယူခံမှုအမှတ် ၃၅၊ ၃၆၊ ၃၇ တွင်၊ ၎င်းတို့အယူခံကို စစ်ဆေးကြားနာခဲ့သည်၊ ယင်းသို့ စစ်ဆေးကြားနာပြီးလျှင် မောင်ထွန်းဆင့်အား ပေးရှိသော ပြစ်ဒဏ်စီရင်ချက်ကို ပယ်ဖျက်သိုက်ပြီး၊ ယခုအယူခံတရား သို့ ၂ ဦးဖြစ်ကြသော မောင်ချစ်တင်နှင့် မောင်လှမောင်တို့ အပေါ် ၌ ပေးရှိသော ပြစ်ဒဏ်စီရင်ချက်များကို အတည်ပြုပြီးလျှင် ၎င်းတို့၏အယူခံကို ပလပ်ခဲ့၏။ ယင်းသို့ ၎င်းတို့၏ အယူခံများကို ပလပ်ခြင်းအတွက် မကျေနပ်၍ အယူခံတရား သို့ မောင်ချစ်တင်နှင့် မောင်လှမောင်တို့က ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေ ပုဒ်မ (၆)အရ၊ အထူးအယူခံဝင်ခြင်း ဖြစ်သည်။

အမှုအဖြစ်အပျက်မှာ အချင်းဖြစ်သောည ၁၀ နာရီအချိန်ခန့်တွင် သေသူ ဦးချစ်မြသည် ၎င်း၏မိန်းမ မရီနှင့်အတူ ကောက်စိုက်သူများ ဖြစ်ကြသော မောင်ငွေ၊ မကျမ်း၊ မစိန်ကြည် နှင့် မအုန်းသင်တို့နှင့်တကွ မိမိအိမ်တွင် ရှိနေခိုက် အိမ်အတွင်းသို့ လူဆိုး ၃ ယောက် ဝင်လာပြီးလျှင် လူဆိုး ၂ ယောက်က သေသူနှင့် မောင်ငွေကို ကြိုးနှင့် တုတ်၍ အိမ်ရှိမိန်းမများကို ရိုက်နှက် ပိုက်ဆံတောင်းကြ၏။ ပိုက်ဆံမရသဖြင့် အိမ်အဘွင်းရှိ ဆန်၊ ငှက်ပျောသီးနှင့် မကျမ်း၊ မအုန်းသင်တို့၏ တဘက်များကို ယူဆောင်ပြီးလျှင် မကျမ်း၊ မစိန်ကြည်တို့ကို တဲနှင့် ၃ တောင်ကွာနေရာ၌ ရိုက်နှက်ကြပြီး၊ လူဆိုး ၂ ဦးက မုဒိမ်းကျင့်ကြ၏။ ယင်းသို့ မုဒိမ်းကျင့် ခံရခြင်းကြောင့် မစိန်ကြည်မှာ မူလက အပျိုပင်ဖြစ်ငြားသည်း ကိုယ်ဝန်အရင့်အမာရှိကာ သမီးလေးတယောက်ပင် မွေးဖွါးခဲ့၏။ လူဆိုး ၂ ယောက်က မကျမ်းနှင့် မစိန်ကြည်တို့ကို မုဒိမ်းကျင့်နေခိုက် ကျန်လူဆိုးတယောက်သည်၊ ခါးကိုင်ကာ တဲအပြင်ဘက်တွင် စောင့်ရှနေခဲ့၏။ ထိုနောက် လူဆိုးများသည် သေသူဦးချစ်မြကို ခေါ်ဆောင်သွားပြီး ငွေ ၅၀၀ နှင့် ရွှေ ၅ ဝါ သားဖြင့် သမ္ဘာရခြံသို့ လိုက်ရွေးရန် မှာကြားခဲ့၏။ အဖြစ်အပျက်ကို မောင်ငွေက သေသူ၏သား မောင်ကျော်သိန်းထံသို့ မိုးလင်းလျှင်လင်းခြင်း သွားရောက်ပြောကြားရာ မောင်ကျော်သိန်းကတဖန် သူကြီး ဦးဥာဏ်ဝန်အား အကြောင်းကြားခဲ့၏။ ထိုနောက် သူ၏အဖေကို ရွေးယူရန်အသွား လမ်းတွင် မောင်ငွေနှင့်တွေ့ဆုံ၍ မောင်ငွေနှင့်အတူ ဆက်လက် သွားကြရာ မောင်ကျော်သိန်းသည် မိမိ၏အဖေ ဦးချစ်မြကို လူဆိုးများက သတ်သွား

၁၉၆၄

မောင်ချစ်တင်
ပါ ၂
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ

ကြောင်း တွေ့ရှိရလေသည်။ သူကြီး ဦးဥာဏ်ဝန်၏ စေခိုင်းချက်အရ၊ မောင်ကံထိုက် (လိုပြ-၁)သည်၊ ဌာနာသို့သွားရောက်ကာ ပဌမသတင်းပေးချက် သက်သေခံအမှတ် (က)ကို ပေးခဲ့၏။ ထိုသတင်းပေးချက်တွင် သေသူ ဦးချစ်မြကို လူဆိုးများက ခေါ်ဆောင်သွားပြီး ငွေ ၅၀၀ နှင့် ရွှေ ၅ ဝါ သားဖြင့် ရွေးယူရန် မှာကြားခဲ့သည့် အကြောင်းကိုသာလျှင် ပြောကြားတိုင်ကြားသည်။ ထိုစဉ်အခါက ဦးချစ်မြသေဆုံးသည့်အကြောင်းကို မသိရသေးပေ။

ဤအမှုကို စစ်ဆေးစီရင်ရာ၌ လူဆိုး ၃ ယောက်အနက် အယူခံတရားလို မောင်ချစ်တင်နှင့် မောင်လှမောင်တို့ ပါဝင်ကြောင်း မှုဒဏ်ကျခြင်းခံရသူ မစိန်ကြည်နှင့် မဂျမ်းတို့၏ ထွက်ချက်အသီးသီးရှိ၍ ၎င်းတို့၏ထွက်ချက်ကို အမှီသဟဲပြုလုပ်ကာ မူလရုံးတရားသူကြီးကသော်၎င်း၊ ဤခုံရုံး၏ ခုံရုံးအဖွဲ့ဝင် တရားသူကြီးများက သော်၎င်း ကောက်ယူဆုံးဖြတ်ခဲ့၏။ အချင်းဖြစ်သောညမှာ ဝါခေါင်လဆန်း ၁၃ ရက်နေ့ည ဖြစ်ခြင်းကြောင့် လရောင်ဖြင့် လူဆိုးများကို မိမိတို့က မှတ်မိလိုက်ပါသည်ဟူ၍ မဂျမ်းနှင့် မစိန်ကြည်တို့၏ ထွက်ချက်များကို မယုံကြည်နိုင်စရာ အကြောင်းမရှိပေ။ ထို့ကြောင့် **အိန္ဒိယပြည် တရားလွှတ်တော်ချုပ်က ဟင်း(မ်) ရပ်(ဂျ်) ဒေဗီလာ** နှင့် **အက်(ဂျ်) မီရာ ပြည်နယ်အစိုးရ** (၁)တို့၏အမှုတွင် မြွက်ဆိုထားသော အချက်ကိုထောက်ရှုကာ အယူခံတရားလို မောင်ချစ်တင်နှင့် မောင်လှမောင်တို့ အပေါ်၌ ရာဇသတ်ပုဒ်မ ၃၀၇ (ခ)အရ သော်၎င်း၊ ရာဇသတ်ပုဒ်မ ၃၀၆၊ ပဌမပိုင်း အရသော်၎င်း၊ အပြစ်ပေးစီရင်ခြင်းကို ကျွန်ုပ်တို့ ငင်ရောက်စွက်ဖက်ခြင်း မပြုလုပ်နိုင်ပေ။

သို့ရာတွင် အယူခံတရားလိုများတို့အား အပြစ်ပေး စီရင်ခြင်းမှာ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌက ထုတ်ပြန်ကျေညာခဲ့သော လွှတ်ငြိမ်းချမ်းသာခွင့် အမိန့်တွင် မည်ကဲ့သို့ အကျုံးဝင်သည်ကို စဉ်းစားရန် အလို့ငှါ၊ အယူခံတရားလိုတို့အား အထူးအယူခံဝင်ခွင့် ပြုခဲ့၏။ အဆိုပါအမိန့်အပိုဒ် ၁၊ အပိုဒ်ခွဲ ၁ တွင် အကယ်၍ အကျုံးဝင်ခဲ့သော် အယူခံ တရားလိုတို့အား လုံးဝလွှတ်ငြိမ်းချမ်းသာခွင့် ပြုရပေမည်။ သို့တည်းမဟုတ် အဆိုပါအမိန့် ပုဒ်မ ၁၊ပုဒ်မခွဲ ၃ တွင် အကျုံးဝင်ခဲ့သော် ၎င်းတို့အပေါ်၌ သေဒဏ်နှင့် အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၇ နှစ်၊ အမိန့်ချမှတ်ခဲ့ခြင်းကို ပြင်ဆင်၍ အပြစ်ဒဏ်များ ချမှတ်ရပေမည်။

မောင်ကျော်သိန်း (လိုပြ-၃) က အစစ်ခံရာဝယ်၊ မိမိအဘော ဦးချစ်မြအား လူဆိုးများ ခေါ်ဆောင်သွားကြောင်း လူငှါးဖြစ်သူ မောင်ငွေက နံနက်စောစော ၇ နာရီခွဲ အချိန်ခန့်တွင် လာရောက်ပြောကြားသည့်အခါ၊ မိမိသည် ဦးလေးဖြစ်သူ

(၁) အေ၊ အိုင်၊ အာရ်၊ ၁၉၅၄၊ တရားလွှတ်တော်ချုပ်၊ စာမျက်နှာ ၄၆၂။

၁၉၆၄

မောင်ချစ်တင် ပါ ၂ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

ဦးပြားအားခေါ်၍ သူကြီး ဦးဥာဏ်ဝန်ထံသို့ တိုင်တန်းရန် စေလွှတ်ခဲ့ကြောင်း ထွက်ဆိုသည်။ ဦးပြားမှာလည်း သေသူ ဦးချစ်မြ၏ ညီတယောက်ဖြစ်၏။ ယင်းသို့ မိမိထံသို့ လာရောက်တိုင်တန်းသူများအနက်၊ ဦးပြားလည်းပါကြောင်း၊ သူကြီး ဦးဥာဏ်ဝန် (လို့ပြု-၂၁)သည်၊ ၁၃-၇-၆၁ နေ့က ရွှေဘိုမြို့၊ အထူးတရားသူကြီးရွှေဝယ် အစစ်ခံရာ၌ အတိုအလင်းထွက်ဆိုခဲ့၏။ ၁၉၆၃ ခု အောက်တိုဘာလ ၁ ရက်နေ့တွင် ထပ်မံစစ်ဆေးသည့် အခါ၌မူကား၊ မိမိထံသို့ ရွာသား ၃ ယောက်လာတိုင်ပါသည်။လာတိုင်သူထဲတွင် ကိုပြား ပါ-မပါကို ယခုမမှတ်မိတော့ပါ၊ သို့ရာတွင် မူလအစစ်ခံချက်ထဲ၌ မိမိအား လတိုင်သူမှာ ကိုပြားဖြစ်သည်ဟု အစစ်ခံခဲ့လျှင် ဟုတ်မှန်ပါလိမ့်မည်ဟုထွက်ဆိုလေသည်။

ထို့ကြောင့် သူကြီး ဦးဥာဏ်ဝန်အား အဖြစ်အပျက် လာရောက်တိုင်တန်းသူမှာ သေသူ ဦးချစ်မြ၏သား မောင်ကျော်သိန်း၏ စေခိုင်းချက်အရ၊ သေသူ၏ညီ ဦးပြားပင်ဖြစ်ကြောင်း ထင်ရှားသည်။ ထို့ကြောင့် ဤအမှုမှာ လွှတ်ငြိမ်းချမ်းသာခွင့် အမိန့် အပိုဒ် ၁၊ အပိုဒ်ခွဲ ၁ တွင်အကျုံးမဝင်နိုင်ချေ။ ဤအချက်နှင့် စပ်လျဉ်း၍ ဤရုံးက **ပြည်ထောင်စု မြန်မာနိုင်ငံနှင့် မောင်ဧး** (၂) နှင့် **ဦးစန္ဒသီဇီ(ဒေါ်) မောင်လှဝင်** နှင့် **ပြည်ထောင်စု မြန်မာနိုင်ငံ** (၃) တို့၏အမှုတွင် မြွက်ဆိုထားသော အချက်များကို ကျွန်ုပ်တို့ ညွှန်ပြလိုသည်။ယင်းသို့သော မြွက်ဆိုချက်များအရ၊ သေသူ ဦးချစ်မြ၏သား မောင်ကျော်သိန်း၏ စေခိုင်းချက်အရ ဦးချစ်မြ၏ညီ ဦးပြားက သူကြီးထံ သွားရောက် တိုင်ကြားခြင်းကြောင့် မိမိကိုယ်တိုင် ထိခိုက်နစ်နာခြင်း ခံရသူက တိုင်ကြားသော အမှုဖြစ်သည်ဟူ၍ ယူဆနိုင်ပေသည်။

အယူခံ တရားလို၏အမှုမှာ လွှတ်ငြိမ်းချမ်းသာခွင့် အပိုဒ် ၁၊ အပိုဒ်ခွဲ ၁ တွင်၊ အကျုံးမဝင်သော်လည်း ထိုအမိန့်၏ အပိုဒ် ၁၊ အပိုဒ်ခွဲ ၃ တွင် အကျုံးဝင်လျက်ရှိ၏၊ အဘယ့်ကြောင့်ဆိုသော် ၁၉၅၇ ခုနှစ်၊ အက်ဥပဒေအမှတ် ၆၁ အရ၊ ပြင်ဆင်ထားသော ရာဇသတ်ဥပဒေ ပုဒ်မ ၃၆၄(ခ)မှာ လူသတ်မှုမဟုတ်၊ လူပြန်ပေးမှုများသာလျှင် ဖြစ်သည်။ ထိုပုဒ်မအရ လူပြန်ပေးမှုများတွင် အကယ်၍ ပြန်ပေးအဖြစ် ဒေါ်ဆောင သွားခြင်း ခံရသူသည် မိမိအိမ်သို့ ပြန်မရောက်လျှင် အဆိုပါပုဒ်မအရ အပြစ်ပေး စီရင်ထိုက်သောပြစ်မှု ကျူးလွန်သူတို့အား သေဒဏ် အပြစ်ပေးနိုင်သည်။

အထက်တွင် ဖော်ဆိုပြီးဖြစ်သော အကြောင်းများကြောင့် အယူခံ တရားလိုများ အပေါ်၌ ရာဇသတ်ပုဒ်မ ၃၆၄ (ခ)အရ၊ သေဒဏ်အပြစ်ပေး စီရင်ခြင်းကို ပယ်ဖျက်ကာ

---

(၂) ၁၉၆၃-ခုနှစ်၊ ရာဇဝတ် စောဒကမှု အမှတ် ၁၄။

(၃) ၁၉၆၃-ခုနှစ်၊ အထူးရာဇဝတ် အယူခံမှုအမှတ် ၃။

၁၉၆၄

မောင်ချစ်တင်
ပါ ၂
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ။

အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၃ နှစ်စီ ကျခံစေရန် ကျွန်ုပ်တို့ အမိန့်ချမှတ်လိုက်သည်။

ငှင်းပြင်၊ ရာဇသတ်ပုဒ်မ ၃၇၆ ပဌမပိုင်းအရ၊ အပြစ်ပေးစီရင်ခြင်းကို ပယ်ဖျက်ကာ အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၁ နှစ်စီ ကျခံစေရန် ကျွန်ုပ်တို့အမိန့်ချမှတ်လိုက်သည်။ ယင်းသို့ ချမှတ်လိုက်သော ထောင်ဒဏ်များမှာ တခုပြီးမှတခုဆက်၍ ကျခံစေရန် ကျွန်ုပ်တို့ အမိန့်ပေးလိုက်သည်။

ရာဇဝတ်အယူခံမှု

တရားသူကြီး ဦးထွန်းတင် ရွှေထွဋ်

မောင်တင်ရွှေ (အယူခံတရားလို)

နှင့်

ပြည်ထောင်စု မြန်မာနိုင်ငံ (အယူခံတရားခံ)*

† ၁၉၆၄ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်။

ရာဇသတ်ကြီးပုဒ်မ ၁၀၃·၁၀၄ ခုခံကာကွယ်ခွင့်—ခိုးသူအား ဓါးဖြင့်ခုတ်၍ သေခြင်း—မည်သည့် အခါ၌ သေစေအောင်ပြုမှုနိုင်ခြင်း—မည်သည့်အခါ၌ ရာဇသတ်ပုဒ်မ ၃၀၄ အရ လူသေမှု ဖြစ်ခြင်း။

အယူခံတရားလိုက သေသူသည် ကြက်ကိုခိုးသည်ကို တွေ့ရှိ၍ ဓါးဖြင့်တချက်ခုတ်၍ သေဆုံးစေခဲ့ရာ၊ မိမိ၏ပစ္စည်းကို ခုခံပိုင်ခွင့်အရ ခုတ်လိုက်ခြင်းသာဖြစ်သည်ဟု လျှောက်လဲလေသည်။

ဆုံးဖြတ်ချက်။ ။ပစ္စည်းနှင့်ပတ်သက်၍၊ ခုခံကာကွယ်ပိုင်ခွင့်ကို ရာဇသတ်ကြီးပုဒ်မ ၁၀၃ နှင့် ၁၀၄ တို့တွင် ဖေါ်ပြချက်များအရဆိုလျှင် ပစ္စည်းခိုးယူရာ၌၊ ထိုခိုးသူသည် ပိုင်ရှင်အား သေစေရန်၊ သို့မဟုတ် ဒဏ်ရာအနာတရ ရစေရန် ပြုလုပ်မည့်အကြောင်းအရာရှိမှသာ ထိုခိုးသူအား သေစေအောင် ပြုမှုနိုင်သည်အထိ ခုခံကာကွယ်ပိုင်ခွင့်ရှိပြီး၊ ထိုသို့အကြောင်းခြင်းရာမျိုး မရှိက သေစေအောင် ပြုလုပ်နိုင်ခွင့်မရှိ။

သို့ဖြစ်၍၊ ယခုအမှုတွင် အယူခံတရားလိုသည် ခုခံကာကွယ်ပိုင်ခွင့်ရှိသည်ထက် ကျူးကျော်ပြုလုပ်ခဲ့ခြင်းဖြစ်သည်ဟုသာ ယူဆရမည်ဖြစ်၍၊ လူသေမှုဖြစ်သည့် ပုဒ်မ ၃၀၄ အရ ပြစ်မှုကို ကျူးလွန်သူတဦးဖြစ်သည်။

သို့ရာတွင် ထောင်ဒဏ် ၁၀ နှစ်မှာ ကြီးလေးလွန်း၍ ထောင်ဒဏ် ၃ နှစ်သာ ကျခံစေရန်အမိန့်ချလိုက်သည်။

အယူခံတရားလိုအတွက်။ ။

အယူခံတရားခံအတွက်။ ။ဦးတိုးမောင် (အစိုးရရွှေနေကြီး)။

တရားသူကြီး ဦးထွန်းတင်။ ။အယူခံတရားလိုဖြစ်သူ ထားဝယ်ခရိုင်၊ မြို့ဟောင်းရွာနေ၊ မောင်တင်ရွှေမှာ ထားဝယ်မြို့ပ ဃမ အထူးတရားသူကြီးရုံး ၁၉၆၃ ခု၊ ရာဇဝတ်မှုအမှတ် ၆ တွင်၊ တရွာတည်းနေ မောင်ထွန်းရွှေ ဓါးခုတ်ခံရ၍ သေဆုံးသွားခြင်းနှင့်

* ၁၉၆၄ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၆ တွင် ချမှတ်သော ၁၉၆၃ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်နေ့စွဲပါ ထားဝယ်မြို့၊ ပထမ အထူးတရားသူကြီးအမိန့်ကို အယူခံမှု။

† ၁၉၆၃ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၂၄၄။

၁၉၆၄
မောင်တင်ရွှေ
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ။

ပတ်သက်၍၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂ အရ တရားစွဲဆိုခံရရာ၊ ပုဒ်မ ၃၀၄ လူသေမှုအရ ပြစ်မှု ကျူးလွန်ကြောင်း တွေ့ရှိရသည်ဆို၍ အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၁၀ နှစ် ကျခံစေရမည်ဟု ပြစ်ဒဏ်စီရင်ခြင်း ခံရလေသည်။ ထို့အတွက် အယူခံ တရားလိုက ယခုအယူခံမှုကို ဘင်သွင်းခဲ့ခြင်း ဖြစ်လေသည်။

အမှုကြောင်းရာ လိုရင်းကို ပေါ်ပြရမူ၊ သက်သေ သီးတင်၊ စံမြွေ့(လိုပြ-၄-၅) အရ၊ ၎င်းတို့နှင့် သေသူ ထွန်းရွှေတို့သည် လွန်ခဲ့သော ကဆုန်လဆန်း ၁၃ ရက် (၁၃၆၃ ခုနှစ်၊ မေလ ၅ ရက်နေ့)ညနေ ၆ နာရီခန့် မောင်ရှိသား (လိုပြ-၂) အိမ်မှ အပြန်၊ အယူခံတရားလိုအိမ်ရှေ့ ရောက်သောအခါ၊ အယူခံတရားလိုက လှမ်းခေါ်သဖြင့် ထွန်းရွှေ အိမ်ပေါ် တက်သွားပြီး အရက်အနည်းငယ် သောက်သည်ကို တွေ့ကြောင်း။ ထိုအခါက၊ အယူခံတရားလို အိမ်ပေါ်တွင် မောင်မော့၊ ကြည်လွင်၊ စစ်အောင် (ခံပြ-၂)၊ အောင်ကြည် (ခံပြ-၃)တို့သည်၊ အယူခံတရားလိုနှင့် အရက်သောက်နေကြသဖြင့် သီးတင်နှင့် စံမြွေ့တို့သည် ၎င်းတို့အိမ်သို့ ပြန်သွားကြသည်ဆိုကြောင်း။

ည ၇ နာရီအချိန်ခန့် သီးတင်နှင့် စံမြွေ့တို့သည်၊ ထမင်းစားပြီး လမ်းလျှောက်ထွက်လာရာ၊ ထွန်းရွှေ အိမ်မပြန်လာသေးကြောင်း ၎င်း၏ အစ်မက ပြောသဖြင့် အယူခံတရားလို အိမ်ဘက်သို့သွား၍ လမ်းပေါ်မှ လှမ်းကြည့်သောအခါ တံခါးကြားမှ မီးရောင်ဖြင့် အယူခံတရားလိုက ထိုင်နေသူတယောက်အား နောက်ဘက်မှနေ၍ ခါးနှင့် တချက်ခုတ်လိုက်သည်ကို တွေ့ပြီး အိမ်ပေါ်တွင် ဗြုန်း-ဗြုန်း ဖြစ်နေသဖြင့် ၎င်းတို့ ကြောက်၍ ပြန်ပြေးကြကြောင်း။ အခုတ်ခံရသူမှာ မည်သူဖြစ်သည်ကိုမူ မတွေ့ရပါဟု ဆိုသည်။

သို့သော် ထိုသို့ဖြစ်ပျက်ပြီး မကြာမီ အယူခံတရားလိုက စစ်အောင်၊ အောင်ကြည် တို့နှင့်အတူ ရွာသူကြီး ဦးချစ်တီးနှင့် ရာအိမ်မှူး အောင်ဖေ (ခံပြ-၄) တို့အား သွားရောက်၍၊ သူ့အိမ်တွင် လူတယောက် ကြက်လာခိုးသဖြင့် ခါးနှင့်ခုတ်လိုက်သည်ဟု တိုင်သည်ဆိုကြောင်း။ ၎င်းအခါက သူကြီးဦးထွန်းဇံမှာ ဆင်ပုန်စ်ရွာတွင် ခရီးလွန်နေသဖြင့် ညတွင်းချင်းပင် အယူခံတရားလိုသည် ထိုရွာသို့လိုက်သွားပြီး အကျိုးအကြောင်းကို ပြောပြတိုင်တန်းရာ၊ သူကြီးလိုက်လာပြီး အယူခံတရားလိုအိမ်သို့ သွားကြည့်ရာ၊ အယူခံတရားလို၏ အိမ်ဝိုင်းတောင်ဘက် ပိန္နဲပင်အောက်တွင် ထွန်းရွှေအား လည်ပင်းတွင် ခါးဒဏ်ရာတချက်နှင့် သေဆုံးနေသည်ကို တွေ့ရသည်ဆိုကြောင်း။ ထို့အတွက် သေသူ၏ ဆွေမျိုးများအား အကြောင်းကြား၍ ရောက်ရှိလာသောအခါ အယူခံတရားလိုက ကြက်လာခိုးသည်ကိုမိရာ၊ မည်သူမှန်းမသိ၍ ခါးနှင့်ခုတ်လိုက်ခြင်း ဖြစ်သည်ဟု ပြောပြသည်ဆိုသည်။ ထို့နောက် ဌာနာသို့ အကြောင်းကြားရာ၊ နောက်နေ့နံနက် ရဲအရာရှိများ ရောက်ရှိလာ၍ အယူခံတရားလိုအိမ်ပေါ်မှ သွေးပေနေသည့်

ပျဉ် ၃ ပြား၊ ဝါးသီးတလုံး၊ ကြက်ခြံထဲမှ သွေးပေနေသည့် ဝါးခြမ်းပြား ၂ ခုနှင့် သူကြီးအပ်ပေးသည့် အယူခံတရားလိုထံမှ ခါးကိုပါ သိမ်းဆည်းပြီး၊ အလောင်းကို ဆေးရုံသို့ ပို့လေသည်။

၁၉၆၄

မောင်တင်ရွှေ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

ဆရာဝန် ဦးသန်းခင်၏ ထွက်ဆိုချက်အရ၊ သေသူလည်ပင်း ဘယ်ဘက်တွင် ဒဏ်ရာရှိရာ ထိုဒဏ်ရာကြောင့်၊ လည်ပင်းအရိုးနှင့် အဆစ်ပြတ်သွားသဖြင့်၊ ၎င်းဒဏ်ရာမှာ သဘာဝအားဖြင့် သေစေရန် လုံလောက်သည့်ဒဏ်ရာဖြစ်သည်ဆိုသဖြင့်၊ အယူခံတရားလိုအား၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂ အရ၊ တရားစွဲတင်ခဲ့ခြင်းဖြစ်လေသည်။

ယခုအမှုတွင် သက်သေ သီးတင်နှင့် စံမြင်္ဂလွတို့ထွက်ချက်အရ၊ ၎င်းတို့က သေသူအား၊ အယူခံတရားလိုက အိမ်ပေါ်တွင် ခါးနှင့်ခုတ်ပါသည်ဟု ပြဆိုလိုကြသော်လည်း ၎င်းတို့၏ ရဲထံအစစ်ခံချက်နှင့် နှိုင်းယှဉ်ကြည့်ရှုမှု များစွာ ကွာခြားစွာ ထွက်ဆိုထားသည်ကို တွေ့ရပြီး၊ ထိုသို့ခုတ် သည် ကို တွေ့လျက်၊ မည်သူ့ကိုမျှမပြောဘဲ၊ တိတ်ဆိတ်စွာ အိမ်ပြန်အိပ်နေပါသည်ဟု ၎င်းတို့၏ထွက်ဆိုချက်မှာ သဘာဝမကျလှ၍ ယုံကြည်ရန် ခဲယဉ်းနေပေသည်။ တဖန် ခါတုံ့ပေးအစီရင်ခံစာအရလည်း၊ အယူခံတရားလိုအိမ်ပေါ်မှ ယူသွားသည့် ပျဉ် ၃ ပြားပေါ်တွင် တွေ့သည့်သွေးမှာ လူ၏သွေးမဟုတ်၊ တိရစ္ဆာန်သွေး ဖြစ်ကြောင်းနှင့် ကြက်ခြံမှတွေ့သည့် ဝါးခြမ်းပေါ်တွင် တွေ့သည့်သွေးမှာ သာ လူသွေးဖြစ်သည်ဆိုထားရကား၊ သေသူအား အိမ်ပေါ်တွင်ခုတ်သည်ဆိုသည့် အချက်မှာ အထောက်အထားရှိကြောင်း မတွေ့ရပေ။

သို့သော် အယူခံတရားလိုက သေသူထွန်းရွှေသည် မိမိတို့နှင့် အရက်တခွက် သောက်ပြီး၊ ပြန်ဆင်းသွားကြောင်း၊ ထို့နောက် ၇ နာရီအချိန်ခန့်တွင် အိမ်အောက်မှ ကြက်အော်သံကြားသဖြင့် ခါးကိုင်ပြီးဆင်းလာရာ ကြက်ခြံထဲမှ လူတယောက် ကြက်ပိုက်ပြီး ထွက်လာသည်ကို တွေ့ရသဖြင့် ခါးနှင့်တချက်ဆီးခုတ်လိုက်ပြီးနောက်၊ အိမ်ပေါ်တက်၍၊ အဖေါ်များခေါ်ပြီး အကျိုးအကြောင်းကို လူကြီးများအား ဝိုင်ကြားခဲ့ပါသည်ဟု အစစ်ခံလေသည်။

သို့ဖြစ်ရကား၊ အယူခံတရားလို ဖြောင့်ဆိုဝန်ခံသည့်အတိုင်း သေသူအား ခါးနှင့်ခုတ်သူမှာ အယူခံတရားလိုဖြစ်ကြောင်းမှာ ထင်ရှားနေပေသည်။ သို့သော် အယူခံတရားလိုက သေသူသည် ကြက်ကိုခိုးသည်ကိုတွေ့၍ မိမိ၏ပစ္စည်းကို ကာကွယ်ခုခံပိုင်ခွင့်အရ ခုတ်လိုက်ခြင်းသာဖြစ်သဖြင့်၊ အပြစ်မရှိပါဟု ပြောဆိုလိုပေသည်။ သို့သော် ပစ္စည်းနှင့်ပတ်သက်၍ ခုခံကာကွယ်ပိုင်ခွင့်ကို ရာဇသတ်ကြီးပုဒ်မ ၁၀၃-၁၀၄ တို့တွင် ခွင့်ပြုဖော်ပြချက်များ အရမူ၊ ပစ္စည်းခိုးယူရာ၌ ထိုခိုးသူသည် ပိုင်ရှင်အား သေစေရန်၊ သို့မဟုတ် ဒဏ်ရာအနာတရ ရစေရန် ပြုလုပ်မည့် အကြောင်းအရာရှိမှသာ ထိုခိုးသူအား သေစေအောင် ပြုမူနိုင်သည်အထိ ခုခံကာကွယ်ပိုင်ခွင့်ရှိပြီး၊ ထိုသို့ အကြောင်း

၁၉၆၄
မောင်တင်ရွှေ
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ။

ခြင်းရာများ မရှိက၊ သေစေအောင် ပြုလုပ်နိုင်ခွင့် မရှိရကား၊ အယူခံ တရားလို သည် ဥပဒေ ခွင့်ပြုသည့်အတိုင်း၊ ယခုအမှုတွင် ပစ္စည်းကာကွယ်ပိုင်ခွင့် အရ၊ ပြုလုပ် ခြင်းသာ ဖြစ်၍၊ အပြစ်မရှိပါဟု ယူဆရန်မဖြစ်ပေ။ ထို့ကြောင့် စစ်ဆေးသည့် အထူး တရားသူကြီးပြဆိုခဲ့သည့်အတိုင်း၊ အယူခံတရားလိုသည် ခုခံကာကွယ်ပိုင်ခွင့် ရှိသည်ထက် ကျူးကျော်ပြုလုပ်ခဲ့ခြင်း ဖြစ်သည်ဟုသာ ယူဆရမည်ဖြစ်၍၊ ယခု အမှုတွင် အယူခံတရားလိုသည် လူသေမှုဖြစ်သည့် ပုဒ်မ ၃၀၄ အရ၊ ပြစ်မှုကိုကျူးလွန် သူတဦးဖြစ်သည်ဟု ယူဆခဲ့ခြင်းမှာ မှန်ကန်သည်ဟု လက်ခံရမည်ဖြစ်ပေသည်။

သို့ပေဌားလည်း၊ အယူခံတရားလိုအပေါ် ထိုပြစ်မှုအတွက် အလုပ်ကြမ်းနှင့်ထောင် ဒဏ် ၁၀ နှစ်ကျခံစေရမည်ဟု ပြစ်ဒဏ်စီရင်ထားခြင်းမှာမူ ကြီးလေးလှသည်ဟု ဆိုရ ပေမည်။ အဘယ်ကြောင့်ဆိုသော် အယူခံတရားလိုက သေဆုံးသူအား သေစေလို သော သဘောနှင့် ခုတ်ခြင်းမဟုတ်။ မိမိပိုင်ကြက်ကို လာခိုးသည်ကို လက်ပူးလက် ကြပ် မိနေ၍၊ မှောင်နေသဖြင့် ခိုးသူတွင် မည်သည့်လက်နက်ပါ၍၊ မည်သူမည်ဝါမှန်း လည်း မသိသဖြင့် ကြက်ကိုမယူနိုင်စေရန် ဓါးဖြင့်တချက်သာ ခုတ်လိုက်သော်လည်း အကြောင်းမလှ၍ ခိုးသူမှာ လည်ပင်းတွင် ဒဏ်ရာရရှိသေဆုံးရခြင်းသာ ဖြစ်ရကား၊ အထက်ပါ အကြောင်းအရာများကို ဆင်ခြင်သော်၊ အယူခံတရားလို၏ ပြုမူချက်မှာ ကြီးလေးသည့် ပြစ်ဒဏ်ကို ကျခံထိုက်သူ တဦးဖြစ်သည်ဟု မည်သို့မျှယူဆရန်မသင့် ကြောင်းကို အစိုးရအတွက် လိုက်ပါဆောင်ရွက်သည့် ပညာရှိရွှေနေကြီးကလည်း၊ သဘောတူညီသည့် အတိုင်း အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၃ နှစ်ကျခံစေက၊ ယခု အမှုအတွက်၊ တရားမျှတမည်ဟု ယူဆသည်။

ထို့ကြောင့် ထားဝယ်မြို့ ပထမအထူးတရားသူကြီးရုံး၊ ၁၉၆၃ ခု၊ ရာဇဝတ်ကြီးမှု အမှတ် ၆ တွင် အယူခံတရားလို မောင်တင်ရွှေအပေါ် ရာဇသတ်ကြီး ပုဒ်မ ၃၀၄ အရ၊ ပြစ်မှုတွေ့ရှိခြင်းကို အတည်ပြုသော်လည်း ထိုပြစ်မှု အတွက် အယူခံတရားလိုသည် အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၃ (သုံး)နှစ်သာ ကျခံစေရမည်ဟု ပြင်ဆင်အမိန့်ချမှတ် လိုက်သည်။

ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီး ဦးစောဘသိန်းရှေ့တွင်

မောင်သိန်းမောင် (ပြင်ဆင်ရန်လျှောက်ထားသူ)

နှင့်

မအာတင် (ပြင်ဆင်ရန်လျှောက်ထားခံရသူ)*

† ၁၉၆၄ မတ်လ ၂၀ ရက်။

ကလေးစရိတ်လျှောက်မှု၊ ကလေးမွေးပြီး နှစ်အတန်ကြာသော်လည်း လျှောက်နိုင်ခြင်း။ သက်သေခံ ဥပဒေပုဒ်မ ၁၁၂ မည်သို့ကလေးဖြစ်ခြင်း။

ဆုံးဖြတ်ချက်။ ။မိခင်တဦးသည် သားငယ်မွေးခဲ့သော်လည်း၊ မူလတွင် စားစရိတ်မတောင်းခဲ့စေကာမူ၊ ယခု သားငယ်ကို ကျွေးမွေးကျောင်းထားရန် စားစရိတ်တောင်းဆိုနိုင်သည်။ နှစ်အတန်ကြာမှ လျှောက်ထားသည်ကို ဥပဒေက တားမြစ်ပိတ်ပင်ခြင်းမရှိ။

လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခြင်းကို လျှောက်ထားသူက ငြင်းဆိုခြင်းမပြုသဖြင့်၊ ထိုသို့ပေါင်းသင်းနေထိုင်၍ လျှောက်ထားခံရသူနှင့် ရရှိသော ကလေးသည်၊ သက်သေခံ ဥပဒေပုဒ်မ ၁၁၂ ပြဋ္ဌာန်းချက်အရ၊ လျှောက်ထားသူ၏ ကလေးဖြစ်သည်ဟု ယူဆရမည်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။ဦးတင်မောင်။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။ဦးဘချန်း။

တရားသူကြီး ဦးစောဘသိန်း။ ။ရေနံချောင်းမြို့၊ တတိယရာဘက ရာဇဝတ် တရားသူကြီးရုံး ၁၉၆၂ ခုနှစ်၊ ရာဇဝတ် အသေးအဖွဲမှု အမှတ် ၁၀ တွင်၊ လျှောက်ထားသူ မအာတင်က၊ လျှောက်ထားခံရသူ မောင်သိန်းမောင် အပေါ်၊ ကလေးအတွက်၊ စားစရိတ်ရရှိရန်၊ လျှောက်ထားရာ၊ အဆိုပါရုံးက ၎င်းလျှောက်ထားသည့် အတိုင်း၊ ကလေးအတွက် စားစရိတ်မပေးဘဲ၊ အမှုကို ပလပ်ရန်၊ အမိန့်ချမှတ်လိုက်သည်ကို၊ လျှောက်ထားသူ မအာတင်က မကျေနပ်၍၊ ရေနံချောင်းမြို့၊ စက်ရှင် တရားသူကြီးရုံးသို့၊ အယူခံဝင်ရာ၊ ပညာရှိ စက်ရှင် တရားသူကြီးက၊ အောက်ရုံးချမှတ်သော အမိန့်ကို လက်မခံ ပယ်ဖျက်ပြီး၊ လျှောက်ထားသူ စွဲဆိုသည့်အတိုင်း၊ ကလေး

---

* ၁၉၆၂ ခုနှစ်၊ ရာဇဝတ်အသေးမှုအမှတ် ၁၀ တွင် ချမှတ်သော ၁၉၆၂ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက် နေ့စွဲပါ၊ ရေနံချောင်းမြို့ တတိယရာဇဝတ် တရားသူကြီး၏အမိန့်ကို ပြန်၍ပြင်ဆင်မှု။

† ၁၉၆၃ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁၇၉ (ခ)။

၁၉၆၄
မောင်သိန်း
မောင်
နှင့်
မအေတင်။

အဘွားဟု၊ စားစရိတ်ငွေ တသယ်ငါး ၁၅၀၊ ပေးစေရန်၊ အမိန့်ချမှတ်လိုက်သဖြင့်၊ လျှောက်ထားခံရသူ မောင်သိန်းမောင်က မကြေနပ်၍၊ ဤရုံးသို့ ပြင်ဆင်မှုဖွင့်ပြီး၊ အောက်အယူခံရုံး ချမှတ်သော အမိန့်ကို၊ ပယ်ဖျက်ပေးရန် လျှောက်ထားသည်။

ဤပြင်ဆင်မှုတွင် နှစ်ဦးနှစ်ဘက်သော အမှုသည်တို့၏ ပညာရှိ ရွေနေကြီး လျှောက်လဲတင်ပြချက်အရ စဉ်းစားဆုံးဖြတ်ရန်၊ အဓိက အချက်မှာ လျှောက်ထားခံရသူ မအေတင်ရရှိသော သားငယ် မောင်တင်မောင်ညွန့်သည် လျှောက်ထားသူ မောင်သိန်းမောင်နှင့် ရရှိသော ကလေးဖြစ်ပါသလား ဟူ၍ဖြစ်၏။

ရှေးဦးစွာ၊ လျှောက်ထားသူ မောင်သိန်းမောင်နှင့် လျှောက်ထားခံရသူ မအေတင် တို့သည် *တရားဝင် "အကြင်လင်မယား ဖြစ်ကြသည်။ ၎င်းတို့သည် မိဘအိမ်၌ နေကြစဉ်၊ လျှောက်ထားသူ ပြောပြချက်အရ၊ လျှောက်ထားခံရသူသည် လျှောက်ထားသူ၏ မိဘအိမ်မှ ဆင်းလာခဲ့သည်။ သို့သော်၊ လျှောက်ထားသူက ၎င်းနှိုးဆွသို့ မလာဘဲ၊ ၎င်း၏မိဘအိမ်၌ပင် နေထိုင်ခဲ့၏။ အမှုဦးပေါ် လွှင်ချက်အရ၊ လျှောက်ထားခံရသူသည်၎င်း၏လင်ယောကျ်ားအပေါ် ငဲ့ညှာသောအားဖြင့်၊ ၎င်း၏အတွက်သော်၎င်း ကလေးအတွက်သော်၎င်း၊ စားစရိတ် လျှောက်တောင်းခြင်းကို မပြုခဲ့ဘဲ၊ သားငယ်ကို မွေးမြူခဲ့ပေသည်။ ယခုအခါ ၎င်းက သားငယ်ကိုကျွေးမွေးကျောင်းထားရန်၊ မတတ်နိုင်သဖြင့်၊ လိုအပ်သည့် စားစရိတ်ကို လျှောက်ထားခဲ့၏။ **ထိုသို့ နှစ်အတန်ကြာမှ လျှောက်ထားသည်ကို ဥပဒေက တားမြစ်ပိတ်ပင်ခြင်း မရှိပေ။**

လျှောက်ထားသူနှင့် လျှောက်ထားခံရသူတို့သည် မိဘအိမ်တွင် အကြင်လင်မယားအဖြစ် ပေါင်းသင်း စပ်ယှက် နေထိုင်ခြင်းကို၊ လျှောက်ထားသူက ငြင်းဆိုခြင်းမပြုသဖြင့်၊ ထိုသို့ ပေါင်းသင်း နေထိုင်၍ လျှောက်ထားခံရသူ ရရှိသော ကလေးသည် **သက်သေခံ ဥပဒေပုဒ်မ ၁၁၂** ပြဋ္ဌာန်းချက်အရ၊ လျှောက်ထားသူ၏ ကလေးဖြစ်သည်ဟု ယူဆရပေမည်။

လျှောက်ထားခံရသူက၊ ၎င်းသည် လျှောက်ထားသူ၏ မိဘအိမ်မှ ဆင်းလာသည့် အခါတွင်၊ ၎င်း၌ကိုယ်ဝန် (၆) လ (၇) လရှိသည်ဟု ထွက်ဆို အစစ်ခံသည်။ လျှောက်ထားသူက၊ ရုံး၌အစစ်ခံရာတွင်၊ လျှောက်ထားခံရသူသည် ၎င်း၏ မိဘအိမ်မှ ဆင်းသွားသည့်အခါ၊ ကိုယ်ဝန်ရှိသည်ကို မသိကြောင်း ငြင်းဆိုသော်လည်း၊ ချေလွှာတွင် "၎င်းလျှောက်သူ၌ ကိုယ်ဝန် ပဋိသန္ဓေ (၇) လပါရှိသွားသည် အဆိုအရ၊ ၎င်းကိုယ်ဝန်ပါရှိသည် မပါရှိသည်ဆိုတာ ကျွန်တော် လုံးဝမသိပါ" ဟူ၍ ဘော်ပြထုချေသည်ကို ထောက်ရှုလျှင်၊ ၎င်းသည် မူလကနဦးက ကိုယ်ဝန်ရှိလွှာတွင်၊ လျှောက်ထားခံရသူတွင် အိမ်မှဆင်းသွားသည့်အခါ၊ ကိုယ်ဝန် လုံးဝ မပါဟူ၍ ငြင်းဆိုခြင်း မပြုသည်ကို တွေ့ရပေသည်။ ထို့ပြင်၊ ဒေါ်ဖွားရွှေ (လိုပြ-၆) မတုတ်တုတ် (လိုပြ-၇) နှင့်

ဦးအုန်းဖေ (လိုပြ-၈) တို့၏ အုစ်ခံချက်အရ၊ လျှောက်ထားခံရသူ အိမ်မှဆင်း သွားသည့်အခါ၌၊ ၎င်းတွင် ကိုယ်ဝန်ရှိနေကြောင်း မငြင်းနိုင်အောင် ပေါ်လွင်လျက် ရှိပေသည်။ ဦးစော (လိုပြ-၅) ၏ အစစ်ခံချက် အရလည်း၊ လျှောက်ထားခံရသူ ရရှိသောကလေးသည် လျှောက်ထားသူ၏ ကလေးဖြစ်သည်မှာလည်း ထင်ရှားလျက် ရှိပြန်သည်။ ဤသက်သေတို့ကို၊ မူလရုံးက အယုံအကြည်မရှိဘဲ၊ ပယ်ခဲ့သည်မှာ၊ ပညာရှိစက်ရှင် တရားသူကြီး ဘော်ပြချက်အရ၊ မှားယွင်းကြောင်း ပေါ်လွင်သဖြင့်၊ ထိုသို့ပယ်ခဲ့သည်ကိုလက်ခံရန်၊ လျော်ကန်သင့်မြတ်ခြင်း မရှိပေ။ အမှုတခုလုံးကို၊ ခြုံ၍ဆင်ခြင်လျှင်၊ လျှောက်ထားခံရသူ ရရှိသော ကလေးသည် လျှောက်ထားသူနှင့် ရရှိသော ကလေးဖြစ်သည်ဟု ဆိုရပေမည်။

လျှောက်ထားသူက၊ လျှောက်ထားခံရသူ၏ ကလေးသည် ၎င်းနှင့် ရရှိသော ကလေးမဟုတ်ဟူ၍ ငြင်းဆိုရုံသာ ငြင်းဆိုခဲ့ပေသည်။ ၎င်းက လျှောက်ထားခံရသူသည်၎င်း၏ မိဘအိမ်မှ ဆင်းသွားသည့် အခါမှစ၍၊ လျှပ်ပေါ်လော်လီကြောင်း၊ ၎င်းရရှိသော ကလေးသည် အခြားတပါးသော ယောကျ်ားနှင့် လော်လီ၍ ရရှိသော ကလေးဖြစ်ကြောင်း အလျှင်းပြောဆို စွပ်စွဲထုချေခြင်း မပြုသည်ကို ထောက်ရှု လျှင်လည်း၊ အဆိုပါ ကလေးသည် ၎င်း၏ ကလေးဖြစ်ကြောင်း ပေါ်လွင်သည်ဟု ယူဆရပေမည်။ ၎င်းတင်ပြစစ်ဆေးသော သက်သေတို့က၊ လျှောက်ထားခံရသူသည် အိမ်မှဆင်းသွားရာတွင်၊ ကိုယ်ဝန်ကို မမြင်ကြောင်း ထွက်ဆိုကြသော်လည်း၊ မိန်းမတို့ မမ္မာဘာဏ်ကိစ္စမျိုးမှာ၊ အချို့ကိုယ်ဝန်မှာ၊ ပေါ်လွင်၍ အချို့ကိုယ်ဝန်မှာ မပေါ်လွင်သဖြင့်၊ သတိထား၍ကြည့်မှသာ မြင်နိုင်သည့်အတွက်၊ အဆိုပါ သက်သေတို့က၊ ကိုယ်ဝန်ကိုမမြင်ဟု ထွက်ဆိုခဲ့မျှဖြင့်၊ လျှောက်ထားခံရသူတွင်၊ ကိုယ်ဝန် မရှိဟု မဆိုနိုင်ပေ။

အောက်မူလရုံး ဝေဖန်ချက်နှင့် အောက်အယူခံရုံး ဝေဖန်ချက်တို့ကို၊ အမှုအကြောင်းခြင်းရာ၊ သက်သေခံချက်များနှင့် ညှိနှိုင်းဆင်ခြင်၍၊ လေ့လာခဲ့ရာ။ ဖော်ပြခဲ့သည့် အဘိုင်း၊ လျှောက်ထားခံရသူ ရရှိသော ကလေးသည် လျှောက်ထားသူနှင့် တရားဝင် အကြောင်းလင်မယားအဖြစ် ပေါင်းသင်းစပ်ယှက်၍ ရရှိသော ကလေးဖြစ်သည်ဟု အောက်အယူခံရုံး ယူဆဆုံးဖြတ်ထားသည်မှာ၊ မှားယွင်း ချွတ်ချော်ခြင်း မရှိဘဲ၊ မှန်ကန်သည်ကို တွေ့ရပေသည်။

အထက်ဖော်ပြပါ၊ အကြောင်းများကြောင့်၊ အောက်အယူခံရုံး ချမှတ်သော အမိန့်ကို၊ ဝင်ရောက်စွက်ဖက်ရန်၊ လုံလောက်သော အကြောင်း အလျှင်း မရှိသဖြင့်၊ ဤပြင်ဆင်မှု လျှောက်လွှာကို၊ စရိတ်ဖြင့် ပလပ်ရန်၊ အမိန့်ချမှတ်လိုက်သည်။

ဤရုံးရှေ့နေကြီးခမှာ ၅၁ ကျပ် ဖြစ်စေရမည်။

ဒေါ်ခင်ဆိန်မောင်မောင်နှင့် မအေထင်။

တရားမ အယူခံ

တရားသူကြီးချုပ် ဦးဘိုကြီးရွှေ့တွင်

† ၁၉၆၄
—
ဖေဖော်ဝါရီလ
၂၂ ရက်။

မောင်အလီပါ ၂ (အယူခံတရားလိုများ)

နှင့်

ဒေါ်သင်းစိန် (အယူခံတရားခံ)*

အိမ်ငှါးစာချုပ်၊ မှတ်ပုံတင်ဥပဒေပုဒ်မ ၁၇(ခ)(ဃ)နှင့် ပစ္စည်းလွှဲပြောင်းရေး ဥပဒေပုဒ်မ (၁၀၇)၊ အကျုံးဝင်-မဝင်၊ စာချုပ် မှာပုံမတင်သော်လည်း တရားစွဲဆိုနိုင်ခြင်းကိစ္စ။

အိမ်ရှင်နှင့် အိမ်ငှါးတို့သည် ကတိစာချုပ် ချုပ်ဆိုကြရာ၌၊ ထိုစာချုပ်ပါ ကတိများကို ဖေါက်ဖျက်ခြင်းမရှိက၊ အိမ်ငှါးများသည် အခင်းဖြစ်အိမ်တွင် ၅ နှစ်တိုင်တိုင် ငှါးရမ်းနေထိုင်ခွင့် ရှိကြောင်း သဘောတူလက်မှတ် ရေးထိုးကြရာ၊ အောက်ရုံးများက ထိုစာချုပ်မှာ တနှစ်ထက် ကျော်လွန်သော ကာလအပိုင်းအခြားအတွက် မဟုတ်ဟု ယူဆကြလေသည်။

ဆုံးဖြတ်ချက်။ ။အိမ်ငှါးများသည်၊ မိမိတို့ ဆောင်ရွက်ရန်ရှိသည့် စည်းကမ်းချက်များကို ဆောင်ရွက်လျှင်၊ အိမ်ရှင်သည် ၎င်းတို့အား အခင်းဖြစ်အိမ်တွင် ၅ နှစ်ထားရမည်ဖြစ်ရာ၊ မှတ်ပုံတင် အက်ဥပဒေပုဒ်မ ၁၇(ခ)(ဃ)အရငှင်း၊ ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၁၀၇အရငှင်း ထိုစာချုပ်ကို မှတ်ပုံတင်ရမည်ဖြစ်သည်။

ထပ်မံဆုံးဖြတ်ချက်။ ။သို့သော် ထိုစာချုပ်ကို အခြေပြု၍ တရားစွဲဆိုခြင်းမဟုတ်ဘဲ အိမ်ရှင် အိမ်ငှါးအဖြစ်သာ တရားစွဲဆိုခြင်းဖြစ်လေသည်။ စာချုပ် ချုပ်ပြီးနောက်၊ အိမ်ရှင်အား အိမ်ငှါးခ များ ပေးခဲ့ရာ၊ အဆိုပါမှတ်ပုံမတင်သော စာချုပ်မှအပ၊ ၎င်းတို့သည် အိမ်ရှင်အိမ်ငှါးများဖြစ်ကြ၍ ပုဒ်မ ၁၀၆ အရ၊ အိမ်ငှါးများဖြစ်သည်ဟု ယူဆရမည်။

ဦးဘိုသာ၊ အယူခံတရားလိုများအတွက်။

ဦးအောင်မျိုး၊ အယူခံတရားခံအတွက်။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။ဤအမှုတွင်၊ အယူခံတရားလိုတို့၏ ပညာရှိရွှေ့နေကြီးက၊ အမှုပါ အိမ်ငှါး ကတိစာချုပ် သက်သေခံအမှတ် (က) သည်မှတ်ပုံ မတင်သဖြင့်၊ တရားမဝင်ဟူသော အချက်တချက် တည်းကိုသာ တင်ပြလျှောက်လဲ၏။

---

* ၁၉၆၂ ခုနှစ်၊ တရားမကြီးမှုအမှတ် ၆ တွင်၊ မြို့တော်မြို့ နယ်ပိုင်တရားမ တရားသူကြီးရုံးတော်၏ ချမှတ်သော ဒီကရီကို အယူခံဝင်မှု။

† ၁၉၆၃ ခုနှစ်၊ တရားမ ဒုတိယ အယူခံမှုအမှတ် ၇၇။

ဒဂုံရှေ့
မောင်အလှ
ပါ ၂
နှင့်
ဒေါ်သင်းစိန်။

ထိုစာချုပ်ပါ လိုရင်းအချက် များမှာ၊ ၁၉၅၉ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက် နေ့တွင် အိမ်ရှင်အယူခံ တရားခံ ဒေါ်သင်းစိန်နှင့် အိမ်ငှါးများ ဖြစ်သူ အယူခံတရားလို မောင်အလှ၊ မအရွာဘီတို့ နှစ်ဦးသဘောတူ စာချုပ် ချုပ်ဆိုကြ၍၊ မြိတ်မြို့၊ အခင်းဖြစ် အိမ်အတွက်၊ ၁၉၅၈ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့မှစတင်၍၊ ၁၉၅၉ ခုနှစ်၊ မေလကုန် အထိ အိမ်ငှါးခငွေ တလလျှင် ၁၅၀ ကျပ် ပေး၍၊ ၁၉၅၉ ခုနှစ်၊ ဇွန်လမှစ၍၊ အိမ်ငှါးခ ငွေ တလလျှင် ၂၀၀ ကျပ် ဆက်လက်ပေးပြီး၊ ကတိ စာချုပ်များကို ဖေါက်ဖျက်ခြင်း မရှိက၊ အိမ်ငှါးများသည် အခင်းဖြစ်အိမ်တွင် (၅) နှစ်တိုင်တိုင် ငှါးရမ်း နေထိုင်ခွင့် ရှိကြောင်း သဘောတူ လက်မှတ်ရေးထိုးကြလေသည်။ အောက်ရုံးများက၊ ထိုစာချုပ် မှာ တနှစ်ထက် ကျော်လွန်သော ကာလ အပိုင်းအခြားအတွက် မဟုတ်ဟု ယူဆကြ လေသည်။ သို့သော်၊ အထက်ဖွင့်ဖေါ်ပြခဲ့သည့် အတိုင်း၊ အိမ်ငှါးများသည် မိမိတို့ ဆောင်ရွက်ရန်ရှိသည့် စည်းကမ်းချက်များကို ဆောင်ရွက်လျှင်၊ အိမ်ရှင်သည် ၎င်းတို့ အား အခင်းဖြစ် အိမ်တွင် ၅ နှစ် ထားရမည်ဖြစ်ရာ၊ မှတ်ပုံတင် အက်ဥပဒေပုဒ်မ ၁၇ (၁) (ဃ) အရရှင်း၊ ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၁၀၇ အရရှင်း၊ ထိုစာ ချုပ်ကို မှတ်ပုံတင်ရမည်ဖြစ်သည်။ ပါရဂူမူလာပြုသော ၅ ကြိမ်မြောက် မှတ်ပုံတင် ကျမ်း စာမျက်နှာ ၆၉ တွင်၊ ထိုအက်ဥပဒေပုဒ်မ ၁၇ (၁) (ဃ) ပါပြဋ္ဌာန်းချက်များ ကို ဝေဖန်ရာ၌၊ အောက်ပါအတိုင်း မြွက်ဆိုထားလေသည်။

> "The 'term' of a lease for purposes of registration must be understood to mean the period for which the lessee is protected against dispossession at the will and pleasure of his lessor, or in other words, the length of time for which the lessee is entitled to continue in possession, provided he himself fulfils all the stipulated conditions."

ဤအမှုတွင်လည်း အိမ်ငှါးသူများသည် စာချုပ်ပါ စည်းကမ်းချက်များကို၊ လိုက်နာ ဆောင်ရွက်လျှင် ၅ နှစ် တိုင်တိုင် အိမ်တွင်နေထိုင်ခွင့်ရှိသည် ဖြစ်ရကား၊ ထိုစာချုပ် ကို မှတ်ပုံတင်ရမည်ဖြစ်သည်။

သို့သော် အယူခံ တရားခံ၏ အဆိုလွှာတွင်၊ ထိုစာချုပ်ကို အခြေပြု၍ တရားစွဲဆို ခြင်းမဟုတ်၊ အိမ်ရှင်အိမ်ငှါးအဖြစ်သာ တရားစွဲဆိုသည်ကို တွေ့ရသည်။ ထို့ပြင် အယူခံတရားလိုတို့သည် အဆိုပါစာချုပ်ကို မချုပ်ဆိုမီကပင်၊ အခင်းဖြစ်အိမ်၌ နေထိုင် ခဲ့ပြီး၊ အိမ်ကိုပြုပြင် ပြင်ဆင်ကြလေသည်။ ယင်းသို့ ပြင်ဆင်ရာ၌၊ ကုန်ကျသည့်ငွေ ၇၀၀ ကျပ် ကိုအိမ်ငှါးခမှ နုတ်ယူရန်သဘောတူညီ ကြလေသည်။ ထို့ဖြင့်လည်း အယူခံတရားလိုတို့၏ ချေလွှာတွင် ထိုစာချုပ် မချုပ်ဆိုမီကပင် ငှါးရမ်းခံများကို သတ်မှတ်ပြီးဖြစ်ကြောင်း။ ၁၉၅၉ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့၌ စာချုပ် ချုပ်ဆို

၁၉၆၄

မောင်အလီ
ပါ ၂
နှင့်
ဒေါ်သင်းစိန်။

ရာတွင်၊ ယင်းသို့သတ်မှတ်ပြီးသော ငှါးရမ်းခများကို ပေါ်ပြူ ချုပ်ဆိုကြောင်းဖြင့် ထုချေကြလေသည်။ ထိုစာချုပ် ချုပ်သည့်နေ့ နောက်ပိုင်း၌ အယူခံတရားလိုတို့သည် အိမ်ရှင်အယူခံ တရားခံအား၊ အိမ်ငှါးခကို ပေးဆောင်ကြကြောင်း ပေါ်လွင်၏။ ပါရဂူမူလာ ပြူသော ၄ ကြိမ်မြောက် ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေကြမ်း၊ စာမျက်နှာ ၆၂၆ တွင် ထိုအက်ဥပဒေပုဒ်မ ၁၀၇ ကိုဝေဖန်ရာ၌၊ မှတ်ပုံတင်ခြင်း မပြူသော အငှါးစာချုပ်အရ၊ အိမ်ငှါးသည် ဥပစာတွင် နေထိုင်ပြီး၊ အိမ်ရှင်က ငှင်းအား အိမ်ငှါးအဖြစ် အသိအမှတ်ပြူ၍၊ အိမ်ငှါးခ လက်ခံလျှင်၊ ထိုအက်ဥပဒေပုဒ်မ ၁၀၆ အရ၊ ငှင်းတို့ အိမ်ရှင် အိမ်ငှါးဖြစ်သည်ဟု ယူဆနိုင်ကြောင်းဖြင့် မြွက်ဟလေသည်။ ယခု အမှုတွင်လည်း အယူခံတရားလိုတို့သည် စာချုပ် ချုပ်ပြီးနောက်၊ အိမ်ရှင်အား အိမ်ငှါးခများ ပေးခဲ့ရာ၊ အဆိုပါမှတ်ပုံ မတင်သော စာချုပ်မှအပ ငှင်းတို့သည် အိမ်ရှင်အိမ်ငှါးများ ဖြစ်ကြ၍၊ ပုဒ်မ ၁၀၆ အရ အယူခံတရားလိုတို့သည် လစဉ်စံနှစ်ဖြင့် ငှါးရမ်း နေထိုင်ကြသော အိမ်ငှါးများဖြစ်သည်ဟု ယူဆရပေမည်။

အထက်ဖော်ပြပါ အကြောင်းများကြောင့်၊ ဝင်ရောက်စွက်ဖက်ရန် အကြောင်း မမြင်သဖြင့်၊ အယူခံ စရိတ်နှင့်တကွ ပယ်လိုက်သည်။

ဤရုံးရွှေနေကြီးခမှာ ၅၁ ကျပ် ဖြစ်စေရမည်။

ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီး ဦးထွန်းတင် ရှေ့တွင်

မောင်အောင်မောင်း (ပြင်ဆင်ရန်လျှောက်ထားသူ)

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ (ပြင်ဆင်ရန်လျှောက်ထားခံရသူ)*

† ၁၉၆၄ ဖေဖော်ဝါရီလ ၂၂ ရက်။

ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၄၃၆ တရားရှင်လှတ်သည့်အမှု၊လွှတ်ခံရသူအား အကြောင်းကြားရန် လိုအပ်ခြင်း၊ ပုဒ်မ ၅၃၇ နှင့် ကုစား၍မရနိုင်ခြင်း။

ဆုံးဖြတ်ချက်။ ။ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၄၃၆ အရ၊ ခရိုင်ရာဇဝတ် တရားသူကြီးသည် တရားရှင်လှတ်သည့်အမိန့်ကို ပယ်ဖျက်၍၊ ထပ်မံစစ်မေးရန် အမိန့်ချမှတ်လိုမှု၊ထိုအမိန့်မချမှတ်မီ၊ တရားရှင်လှတ်ခံရသူအား အကြောင်းကြားခြင်း ပြုရမည်။

သက်ဆိုင်သူအား အကြောင်းမကြားဘဲ ချမှတ်သည့်အမိန့်မှာ တရားမဝင်သည့် အမိန့်သာ ဖြစ်သည်။

Toqual Hussain v. The State, 51 Cr. L.T.P. 1850 ကို ရည်ညွှန်းသည်။

ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၄၃၆ ခွင်းချက်၏ လိုအပ်ချက်များမှာ မပြုလုပ်လျှင် မနေရသည့် သဘောသက်ရောက်ပြီး၊ လိုက်နာခြင်း မပြုမူ၊ ပုဒ်မ ၅၃၇ နှင့်ပင် ကုစား၍ မရနိုင်ကြောင်းမှာ ထင်ရှားသည်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။ဦးမောင်ကြီး။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။ဦးနှစ်(အစိုးရရွှေနေကြီး)။

တရားသူကြီး ဦးထွန်းတင်။ ။ယခုအမှုမှာ၊ လျှောက်သူ မောင်အောင်မောင်းအား၊ ကျောက်ဖြူမြို့၊ ပထမရာဘက်၊ ရာဇဝတ်တရားသူကြီးရုံး၊ ၁၉၆၃ ခု၊ ရာဇဝတ်မှုအမှတ် ၉၆ တွင်၊ အရေးကြီးသည့် ကုန်ပစ္စည်းများနှင့် ဆောင်ရွက်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၈(၁) အရ၊ တရားစွဲဆိုခဲ့ရာ၊ လျှောက်သူအား တရားရှင်လွှတ်လိုက်သည်ကို၊ ကျောက်ဖြူမြို့၊ ခရိုင်ရာဇဝတ် တရားသူကြီးက၊ ၎င်း၏ရုံး ၁၉၆၃ ခု၊ ပြင်ဆင်မှုအမှတ် ၄၄ တွင်ကြည့်ရှုစစ်ဆေးပြီး၊ ၁၉၆၁ ခု၊ နိုဝင်ဘာလ ၃၀ ရက်နေ့စွဲပါအမိန့်အရ၊ ပထမ

* ၁၉၆၃ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၉၆ တွင်၊ ချမှတ်သော ၁၉၆၃ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့စွဲပါ ကျောက်ဖြူမြို့၊ ၁ ရာ ဘက် ရာဇဝတ်တရားသူကြီး (အထူး)၏ အမိန့်ကို ပြန်၍ဆင်ခြင်မှု။

† ၁၉၆၃ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှု အမှတ် ၁၈၈(၁)။

၁၉၆၄
မောင်အောင်
မောင်း
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ။

ရာဘက်ရုဇဝတ် တရားသူကြီး၏ အမိန့်ကိုပယ်ဖျက်၍၊ အမှုကို ပြန်လည် စစ်ဆေးစေရန် အမိန့်ချလိုက်လေသည်။ ထိုသို့ အမိန့်ချမှတ်လိုက်သည်ကို လျှောက်သူက မကျေနပ်၍၊ ယခုပြင်ဆင်မှုကို တင်သွင်းခဲ့ခြင်း ဖြစ်ပေသည်။

လျှောက်သူ၏ အဓိကပြဆိုချက်မှာ၊ ကျင့်ထုံးပုဒ်မ ၄၃၆ အရ၊ ခရိုင်ရာဇဝတ် တရားသူကြီးသည် တရားရှင်လှတ်ခဲ့သည့် အမိန့်ကို ပယ်ဖျက်၍၊ ထပ်မံ စစ်ဆေးစေရန် အမိန့်ချမှတ်လိုမူ၊ ၎င်းပုဒ်မ ခြွင်းချက်အရ၊ တရားရှင်လှတ် ခံရသူအား အကြောင်း တစုံတရာမကြားဘဲ၊ အမိန့်ချမှတ်ခြင်း မပြုရဟု ဥပဒေက အတိအလင်း မြွက်ဆို ထားပါလျက်၊ မိမိအား အမိန့်မချမှတ်မီ အကြောင်းကြားခဲ့ခြင်း မရှိသဖြင့်၊ ထို အမိန့်မှာ ဥပဒေအရ ပြက်ပျယ်နေပါသဖြင့်၊ ပယ်ဖျက်သင့်ပါသည်ဟု ပြဆိုသည်။

ကျင့်ထုံးပုဒ်မ ၄၃၆ နှင့်ခြွင်းချက်မှာ၊ အောက်ပါ အတိုင်း ဖြစ်သည်။

"Section 436. On examining any record under section 435 or otherwise, the High Court or the Sessions Judge may direct the District Magistrate by himself or by any of the Magistrates subordinate to him to make, and the District Magistrate may himself make or direct any subordinate Magistrate to make further inquiry into any complaint which has been dismissed under section 203 or sub-section (3) of section 204; or into the case of any person accused of an offence who has been discharged:

Provided that no Court shall make any direction under this section for inquiry into the case of any person who has been discharged unless such person has had an opportunity of showing cause why such direction should not be made."

ယခုအမှုတွင်၊ ခရိုင်ရာဇဝတ် တရားသူကြီးက အထက်ပါပုဒ်မ ၄၃၆ ခြွင်းချက်အရ အမှုကိုပြန်လည်စစ်ဆေးရန် အမိန့်မချမှတ်မီ၊ တရားရှင်လှတ်ခံရသူ၊ လျှောက်သူထံ အကြောင်းကြားခြင်း မရှိကြောင်းမှာ အမှုတွဲအရ ပေါ်လွင်နေပေသည်။ ထိုသို့ သက်ဆိုင်သူအား အကြောင်းမကြားဘဲ ချမှတ်သည့် အမိန့်မှာ တရားမဝင်သည့် အမိန့်သာ ဖြစ်ကြောင်းကို Toqual Hussain *v.* The State (1) စီရင်ထုံးတွင်အောက်ပါအတိုင်းပြဆိုထားလေသည်။

"The proviso to section 436 is mandatory in character and its requirement is imperative. A disregard of the proviso or

(1) 51 Cr. L.T.P. 1580.

ခရိုင်ရာဇဝတ်
မောင်အောင်
မောင်း
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ။

a failure to comply with its requirement is an obvious illegality.

The reversal of an order of discharge ordered *ex parte* would be illegal as well as unjust. This illegality could not be cured by the provisions contained in section 537. Even if the omission to give notice to the accused is treated as an irregularity prejudice is necessarily involved when such a serious irregularity is committed."

ထို့ကြောင့်၊ အစိုးရတရားလိုက်ပါဆောင်ရွက်သည့် ပညာရှိ အစိုးရ ရှေ့နေကြီး ကလည်းကျင့်ထုံးပုဒ်မ ၄၃၆ ခြွင်းချက်၏လိုအပ်ချက်များမှာ မပြုလုပ်လျှင် မနေရသည့် သဘောသက်ရောက်နေ၍၊ လိုက်နာခြင်းမပြုမှ ကျင့်ထုံးပုဒ်မ ၅၃၇ နှင့်ပင် ကုစား၍ မရနိုင်ကြောင်းမှာ ထင်ရှားနေရကား၊ ခရိုင်ရာဇဝတ် တရားသူကြီး ချမှတ်ခဲ့သည့် အမိန့်မှာ၊ ဥပဒေအရ လက်ခံနိုင်စရာမရှိ၍ ပယ်ဖျက်သင့်ကြောင်း သဘောတူညီ ဝန်ခံပေသည်။

သို့ဖြစ်ရကား၊ ယခုပြင်ဆင်မှုကို လက်ခံ၍၊ ကျောက်ဖြူမြို့၊ ခရိုင်ရာဇဝတ် တရား သူကြီးရုံး၊ ၁၉၆၃ ခု၊ ရာဇဝတ်ပြင်ဆင်မှု အမှတ် ၄၄ တွင်၊ ၁၉၆၁ ခုနှိုဝင်ဘာလ ၃၀ ရက်နေ့စွဲပါချမှတ်ခဲ့သည့် အမိန့်ကို ပယ်ဖျက်လိုက်သည်။

ခရိုင်ရာဇဝတ် တရားသူကြီးသည်၊ လိုအပ်သည်ထင်က၊ လျှောက်သူပေါ်၊ ကျင့်ထုံး ပုဒ်မ ၄၃၆ အရ ထပ်မံ အရေးယူခွင့် ရှိပေမည်။ သို့သော်၊ ထိုသို့ဆောင်ရွက်မှု ၎င်းပုဒ်မ ၄၃၆ နှင့် ခြွင်းချက်၏ လိုအပ်ချက်တို့ကို တိကျစွာ လိုက်နာရန် သတိချပ် စေလိုသည်။

တရားမ အယူခံ

တရားသူကြီးချုပ် ဦးဘိုကြီး ရှေ့တွင်

† ၁၉၆၄ ဒီဇင်ဘာလ ၈ ရက်။

ဟာရိနာရှိုင်း (အယူခံတရားလို)

နှင့်

ကောလိယ (ခေါ်) ကောဒိယ ပါ ၂ (အယူခံတရားခံများ)*

သီးခြား သက်သာခွင့် အက်ဥပဒေ ပုဒ်မ ၄၂၊ တရားရုံးကမည်သည့်အခါ၌သက်သာခွင့်ပေးနိုင်ခြင်း၊ ရပ်ရွာထုံးစံခလေ့အတိုင်း အများသုံးသော လှည်းလမ်း၊ ဖြတ်သန်းခွင့်မရှိကြောင်း မြွက်ဟကျေညာရန်မသင့်ခြင်း။

အယူခံတရားလိုက အယူခံ တရားခံများသည် မိမိ၏လယ်မြေပေါ်တွင် လှည်းဖြင့်ဖြတ်သန်းမောင်းနှင်ရန် အခွင့်အရေးမရှိကြောင်း မြွက်ဟကျေညာစေရန် တရားစွဲဆိုခဲ့ရာ၊ အောက်ရုံးနှစ်ရုံးလုံးကိုအရှုံးပေးခဲ့လေသည်။

ဆုံးဖြတ်ချက်။ ။အခင်းဖြစ် မြေပေါ်တွင် သီးနှံများ မရှိသည့်အခါမျိုး၌ ရပ်ရွာဓလေ့ထုံးစံအတိုင်း၊ လူများ လှည်းများသည် အခင်းဖြစ်မြေပေါ် သို့ ဖြတ်သန်းသွားလာလေ့ ရှိသည်ဟုယူဆရပေမည်။

သို့ဖြစ်၍၊ သက်သာခွင့်ပေးရန် မသင့်လျော်ဟု ယူဆသည်။ သီးခြားသက်သာခွင့် အက်ဥပဒေ ပုဒ်မ ၄၂ အရ၊ တရားရုံးက သက်သာခွင့်ပေးရန် သင့်လျော်မည်ထင်မြင်မှသာ သက်သာခွင့်ပေးရန်ဖြစ်သည်။

အယူခံတရားလိုအတွက်။ ။ဒေါက်တာ ဦးရွှေဘော်။

အယူခံတရားခံများအတွက်။ ။ဦးကျော်ထွန်း။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။ယခု အယူခံ တရားလို ဟာရိနာရှိုင်း သည်၊ တောင်ငူခရိုင်၊ ဖြူးမြို့နယ်၊ အုပ်စုအမှတ် ၂၄၊ ဝဲဒေါင်ကွင်း အမှတ် ၂၆၁(ခ)၊ ဦးပိုင်အမှတ် ၁၁၈(ခ) လယ်မြေကိုပိုင်၍၊ ၁၉၆၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့၌၊ အယူခံတရားခံများသည်၊ ထိုလယ်မြေကို လှည်းဖြင့်ဖြတ်သန်း မောင်းနှင်သည့်အတွက်၊

---

* ၁၉၆၃ ခုနှစ်၊ တရားမ အယူခံမှုအမှတ် ၃ တွင် တောင်ငူမြို့၊ ခရိုင်တရားသူကြီးရုံးတော်၏ ချမှတ်သော ဒီကရီကို အယူခံဝင်မှု။

† ၁၉၆၃ ခုနှစ်၊ တရားမ ဒုတိယအယူခံမှုအမှတ် ၆၅။

၁၉၆၃

ဟာရိန္ဒာရိုင်း နှင့် ကောလိယ/ခေါ် ကောဒိယ ပါ ၂။

စိုက်ပျိုးထားသော ကြံပင်များ ပျက်စီးကြောင်းနှင့် အယူခံ တရားခံများသည်၊ ထိုလယ်မြေကို ဖြတ်သန်းသွားလာရန် အခွင့်အရေး မရှိကြောင်း မြက်ဟကျေညာစေရန်၊ ဖြူးမြို့နယ်၊ တရားမရုံး၊ တရားမကြီးမှု အမှတ် ၆/၆၂ တွင် တရားစွဲဆိုလေသည်။ မြို့နယ်ရုံးက၊ အယူခံ တရားခံများ လှည်းဖြင့်ဖြတ်သန်း မောင်းနှင်သည့် အတွက်၊ အယူခံတရားလိုဆိုသည့်အတိုင်း ကြံပင်များ ပျက်စီးခြင်း မရှိကြောင်း တွေ့ရသည်။ ပထမအယူခံရုံးကလည်း၊ မူလရုံးဆုံးဖြတ်သည့်အတိုင်း ဆုံးဖြတ်သည်။ အောက်ရုံးနှစ်ရုံးက အယူခံတရားလိုများ၏ ကြံပင်များ မပျက်စီးဟု သဘောတူ ဆုံးဖြတ်ချက်များကို ဤရုံးက ဝင်ရောက်စွက်ဖက်ရန် အကြောင်း မရှိချေ။ မည်သို့ဆိုစေ၊ ဤအချက်သည်၊ ယခုစဉ်ဆိုသော အမှုမျိုးနှင့် မသက်ဆိုင်ချေ။

မူလရုံးက၊ အခင်းဖြစ် မြေပေါ်သို့ နွေကာလတွင်၊ လူများ၊ လှည်းများ ဖြတ်သန်းသည့် ထုံးစံ လေ့ရှိကြောင်း တွေ့ရှိလေသည်။ ဖြူးမြို့၊ မြို့ပိုင် ဦးထွန်းအေးက၊ မြေပေါ်သို့ သွားရောက် စစ်ဆေး၍ မိမိတွေ့ရှိရသော လမ်းသည်၊ မိုးရာသီမှအပ၊ နွေအခါ၌အမြဲအသုံးပြုသော လှည်းလမ်း ဖြစ်ကြောင်း။ ထို့ပြင်လည်း၊ လယ်မြေအနီးရှိ ရေလှဲကြီးရွာမှ၊ ရန်ကုန် မန္တလေး ကားလမ်းသို့ သွားလိုလျှင်၊ ထိုလှည်းလမ်းအတိုင်းသာ သွားနိုင်ကြောင်း ထွက်ဆို၏။

ထို့ကြောင့် အခင်းဖြစ် မြေပေါ်တွင်၊ သီးနှံများ မရှိသည့် အခါမျိုး၌၊ ရပ်ရွာလေ့ထုံးစံအတိုင်း၊ လူများ၊ လှည်းများသည်၊ အခင်းဖြစ် မြေပေါ်သို့ ဖြတ်သန်းသွားလာလေ့ရှိသည်ဟု ယူဆရပေမည်။ အမှန်အားဖြင့်ဆိုလျှင်၊ အခြား လယ်မြေများ၌လည်း ဤကဲ့သို့ပင် ဖြစ်သည်။

အထက်ပါ အခြေအနေတွင်၊ အယူခံတရားလို လျှောက်တောင်းသည့် အတိုင်း၊ သက်သာခွင့်ပေးရန် မသင့်လျော်ဟု ယူဆသည်။ သီးခြား သက်သာခွင့် အက်ဥပဒေ ပုဒ်မ ၄၂ အရ ယခု တရားစွဲဆိုရာ၊ ထိုပုဒ်မတွင်၊ တရားရုံးက၊ သီးခြားသက်သာခွင့်ပေးရန်သင့်လျော်သည်ဟုထင်မြင်လျှင် သက်သာခွင့်ပေးနိုင်ကြောင်း ပြဋ္ဌာန်းထားသည်။

ထို့ကြောင့် အယူခံကို စရိတ်နှင့်တကွ ပယ်လိုက်သည်။ ဤရုံးရှေ့နေခမှာ ငွေ ၃၀ ဖြစ်စေရမည်။

တရားမအယူခံမှု

တရားသူကြီးချုပ် ဦးဘိုကြီး ရှေ့တွင်

အထင်၊ ကိုထွန်းညွှန့်၊ (အယူခံတရားလို) *

နှင့်

ကိုစိုးမြင့်၊ (အယူခံတရားခံ)

†၁၉၆၄ ဧပြီလ ၂၅ ရက်။

နှင်ထုတ်ရန်တရားစွဲဆိုမှု၊ ငှါးရမ်းခကျန်၍ တရားစွဲဆိုခြင်း၊ မြို့ပြဆိုင်ရာ ငှါးရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၁)(က) နို့တစ်စာတွင် စံငှါးခကို ဖော်ပြရန် မလိုခြင်း၊ နို့တစ်စာတွင် ကျန်သော ငှါးရမ်းခကို တောင်းရန်လိုခြင်းကိစ္စ။

အယူခံတရားခံသည်၊ အယူခံတရားလိုများထံမှ မြေငှါးခကျန်ရှိသည့်အတွက် အခြင်းဖြစ်မြေမှ နှင်ထုတ်ရန် တရားစွဲဆိုရာ၊ နို့တစ်စာမှာ မြို့ပြဆိုင်ရာ ငှါးရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၁)(က)အရ မကိုက်ညီကြောင်း လျှောက်လဲရာ၊

ဆုံးဖြတ်ချက်။ ။ယခုအမှုများတွင် မြေငှါးခရရှိရန် တရားစွဲဆိုခြင်းမဟုတ်ဘဲ၊ နှင်ထုတ်ရန် တရားစွဲဆိုခြင်းဖြစ်ရာ၊ အခင်းဖြစ်ဥပစာများမှာလည်း စံငှါးခ သတ်မှတ်ခြင်းမပြုခဲ့ရသေးသဖြင့် နို့တစ်စာတွင် လက်ရှိမြေငှါးခများကို ဖော်ပြနိုင်သည်။

ဒေါ်သောင်းနှင့် ဒေါ်မမကြီး။ ၁၉၆၁ ခုနှစ်၊ မြန်မာပြည်စီရင်ထုံးများ၊ တရားလွှတ်တော်ချုပ်စာမျက်နှာ ၃၆ ကို ရည်ညွှန်း၍ခဲ့ခြားရှင်းလင်းပြသည်။

အက်(စ်)၊ အယ်(လ်)ဘရွားဝါးနှင့် အက်(စ်) အမ်၊ အဘဝက်(စ်)။ ၁၉၅၀ ခုနှစ်၊ မြန်မာပြည်စီရင်ထုံးများ၊ တရားလွှတ်တော် စာမျက်နှာ ၄၀၄ ကို ရည်ညွှန်း၍ လိုက်နာသည်။

ထို့ပြင် နို့တစ်စာများတွင် ငှါးရမ်းခအတွက် တောင်းဆိုခြင်းမပြုသောကြောင့် တရားမဝင်ဟု မဆိုနိုင်။ နို့တစ်စာများကိုခြုံ၍ လေ့လာသုံးသပ်လျှင် ကျန်ငွေများကို ပေးဆောင်လျှင် တရားစွဲဆိုခြင်း ပြုမည်မဟုတ်ကြောင်း အဓိပ္ပါယ်သက်ရောက်သည်။

ဟရီဟာဘနာဂျီနှင့် ရမ်ဂျီရွှိုင်။ အိန္ဒိယစီရင်ထုံးများ၊ ကာလကတ္တား အတွဲ ၄၆၊ စာမျက်နှာ ၄၅၈ ကို ရည်ညွှန်းသည်။

အယူခံတရားလိုအတွက်။ ။ဦးလှဖေ (၂)။

အယူခံတရားခံအတွက်။ ။ဦးမွန်စံလှိုင်။

---

* ၁၉၆၃ ခုနှစ်၊ တရားမ ဒုတိယအယူခံမှုအမှတ် ၄၉-၅၀။

† ၁၉၆၂ ခုနှစ်၊ တရားမ အယူခံမှုအမှတ် ၄ နှင့် ၅ တွင်၊ ၁၉၆၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်နေ့စွဲပါ၊ ပြည်မြို့ ရာဘက်ခရိုင် တရားမ တရားသူကြီးရုံးတော်၏ ချမှတ်သော ဒီကရီကို အယူခံဝင်မှု။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။ဤအမှုနှစ်မှုတွင် အကြောင်းခြင်းရာများမှာ ထပ်တူထပ်မျှလိုပင် ဖြစ်သည်ဟုကြောင်း။ အယူခံမှုများကိုလည်း တကြိမ်တည်း ကြားနာခဲ့သည်တကြောင်းဘို့ကြောင့် ၊ဤအမိန့်တရပ်ဖြင့်ပင် အဆုံးအဖြတ်ပြုမည် ဖြစ်သည်။

၁၉၆၄

အထင်၊ ကို ထွန်းညွှန့် နှင့် ကိုစိုးမြင့်။

အယူခံဘရားလို အထင်နှင့် ကိုထွန်းညွှန့်တို့သည်၊ ပြည်မြို့ရှိ အခင်းဖြစ်မြေကွက် ပေါ်တွင် အယူခံဘရားခံ ကိုစိုးမြင့်၏ မြေငှါးတို့မျှားအဖြစ် တဲအိမ်မျှား အသီးသီး ဆောက်လုပ် နေထိုင်ကြကြောင်း အငြင်းမထွက်ချေ။ ကိုစိုးမြင့်က မိမိသည် အယူခံ စာရားလိုများထံမှ မြေငှါးခမျှား ရရှိခဲ့ပြီးနောက်၊ ၁၉၅၈ ခုနှစ်တွင် ၎င်းဘို့မြေငှါးခ ဆက်လက်မပေးတော့ကြောင်းနှင့် မြေငှါးခငွေ့ မပြေကျန်ရှိသည့်အတွက် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၁)(က)အရ၊ အခင်း ဖြစ် မြေကွက်မှ အယူခံဘရားလိုများအား နှင်ထုတ်ရန်အတွက် တရားစွဲဆိုလေသည်။

ယင်းသို့ တရားစွဲဆိုခြင်းမပြုမီ ကိုစိုးမြင့်သည် အယူခံတရားလိုများထံ ၁၉၆၁ ခုနှစ်၊ ဇူလိုင်လ ၆ ရက်နေ့စွဲဖြင့် မြေငှါးခငွေ့များ မပေးသဖြင့် ထိုနို့တစ်စာ ရသည့်နေ့မှ ရက်သတ္တ ၃ ပတ်ကျော် ၁၉၆၁ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့ ကုန်ဆုံးသည့်ဘိုင် နေထိုင်ပြီး၊ ထိုခြမ့် ထွက်ခွါကြစေရန် အကြောင်းကြားလေသည်။ ထိုနို့တစ်စာနှင့် စပ်လျဉ်း၍ ပဒ္ဒုံး လွှဲပြောင်းရေး အက်ဥပဒေ ပုဒ်မ ၁၈၆ အရ ကန့်ကွက်ရန်မရှိကြောင်း နှင့် အယူခံဘရားလိုများ၏ ပညာရှိ ရှေနေကြီး ပြောဆို၏။ သို့သော် ထိုနို့တစ်စာ မျှားသည် မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၁)(က)အရနှင့် မကိုက်ညီကြောင်းဖြင့် အကြောင်း နှစ်ရပ် တင်ပြပြီး၊ ပညာရှိရှေနေကြီး လျောက်လဲ ပြန်၏။

ပဌမအချက်မှာ ထိုနို့တစ်စာများတွင် ဖော်ပြထားသော မြေငှါးခမျှားမှာ မြို့ပြဆိုင်ရာ ငှါးရမ်းခကြီးကြပ်ရေး အက်ဥပဒေအရ၊ သတ်မှတ်ပြဋ္ဌာန်းသော စံငှါးခ မဟုတ်သဖြင့်၊ ထိုမြေငှါးခမျှားသည် ယင်းအက်ဥပဒေ ပုဒ်မ ၁၂(၁)(က)တွင် ဖော်ပြထားသော တရားဥပဒေနှင့်အညီ ရထိုက်သော ငှါးရမ်းခဟု မဆိုနိုင်ကြောင်း ဖြစ်သည်။ ပညာရှိရှေနေကြီးက **ဒေါ်သောင်း**နှင့် **ဒေါ်မမကြီး**အမှု (၁)ကိုးကားကား၏။ သို့သော် ထိုစီရင်ထုံးမှာ အိမ်ငှါးခ ရရှိရန်အတွက် စွဲဆိုသောအမှုနှင့် သက်ဆိုင်သည်။ ယင်းသို့သော အမှုမျိုးဘွင် ကြီးကြပ်ရေးဝန် သတ်မှတ်သောစံငှါး ခအတိုင်း သာ ယူ၍ စွဲဆိုနိုင်သည်။ ယခုအမှုမျှားတွင်ကား မြေငှါးခ ရရှိရန် တရားစွဲဆိုခြင်း မဟုတ်ခေ့။ မြေငှါးခ မပြေကျန်ငွေ့ရှိသဖြင့် ငှါးရမ်းသူမျှားအား နှင်ထုတ်ရန် တရားစွဲဆိုခြင်းဖြစ်သည်။ အခင်းဖြစ် ဥပစာမျှားနှင့် စပ်လျဉ်း၍ ကြီးကြပ်ရေးဝန်ကစံငှါးခ

(၁) ၁၉၆၁ ခုနှစ်၊ မြန်မာပြည်စီရင်ထုံးမျှား၊ တရားလွှတ်တော်ချုပ်စာ-၃၆။

၁၉၆၄

အထင်၊ ကိုထွန်းညွှန့် နှင့် ကိုစိုးမြင့်။

သတ်မှတ်ခြင်း မပြုခဲ့ရသေးပေ။ ယင်းသို့ သတ်မှတ်ပြီးလျှင် မြေရှင်သည် စံငှါး ခအတိုင်း ရရှိရန်ကိုသာ တရားစွဲဆိုနိုင်ပေမည်။ သို့သော် သတ်မှတ်ခြင်း မပြုမီ မြေငှါးခသည် တရားဥပဒေနှင့်အညီ ရထိုက်သော ငှါးရမ်းခ ဖြစ်သည်ဟု ယူဆရပေမည်။ ထိုအတိုင်းပင် **အက်(စ်)၊ အယ်(လ်) ဘရူးဝါးနှင့် အက်(စ်)၊ အမ် အာဘဝက်(စ်)** အမှု (၂) တွင် ဆုံးဖြတ်ခဲ့လေပြီ။

ဒုတိယအချက်မှာ အဆိုပါနို့တစ်စာများတွင် ငှါးရမ်းခအတွက်တောင်း ဆိုခြင်း မပြုသဖြင့်၊ ထိုနို့တစ်စာမှာ တရားမဝင်ပါဟူသော လျှောက်လဲချက် ဖြစ်သည်။ သို့သော် နို့တစ်စာများကိုခြုံ၍ လေ့လာသုံးသပ်လျှင် ကိုစိုးမြင့်က အယူခံတရားလို များထံမှ ငှါးရမ်းခ မပြေကျန်ငွေရှိသည်များကို တောင်းဆိုသည်ဟု ယူဆနိုင်ပေမည်။ ငှါးရမ်းခကျန်ငွေများကို မပေးသဖြင့် အယူခံတရားလိုများအား အခင်းဖြစ်ဥပစာများ မှတ်တမ်းခွါဖယ်ရှားစေလိုကြောင်း။ ဖယ်ရှားခြင်းမပြုလျှင် တရားစွဲဆို နှင်ထုတ်ရမည် ဖြစ်ကြောင်း ဖေါ်ပြသည်ဖြစ်ရကား၊ မပြေကျန်ငွေများကို ပေးဆောင်လျှင် တရားစွဲဆိုခြင်းပြုမည်မဟုတ်ကြောင်း အဓိပ္ပါယ် သက်ရောက်လေသည်။ ထိုအချက်နှင့် စပ်လျဉ်း၍ ပဌမအယူခံရှိုး ကိုးကားသော **ဟရီဟာဘနာဂျီ**နှင့် **ရမ်ရှရှိုင်** အမှု (၃) တွင် မြှက်ဆိုထားသော မူများသည် ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၁၀၆ အရ ပေးသောနို့တစ်စာနှင့် သက်ဆိုင်သော်လည်း၊ မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၁)(က) အရပေးသော နို့တစ်စာများကို လေ့လာသုံးသပ်ရာ၌ထည့်သွင်း စဉ်းစားနိုင်သည်ဟု ထင်မြင်သည်။

အယူခံမှုများကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။ ဤရုံးချေနေခမှာအမှုအသီးသီးတွင် ၅၀ ဖြစ်စေရမည်။

---

(၂) ၁၉၅၀ ခုနှစ်၊ မြန်မာပြည်စီရင်ထုံးများ၊ တရားလွှဲတော် စ၁-၄၀၄။

(၃) အိန္ဒိယစီရင်ထုံးများ၊ ကာလကတ္တား အတွဲ ၄၆ စ၁-၄၈၅။

တရားမ အယူခံမှု

တရားသူကြီး ဦးစောဘသိန်းရွှေတင်

အော၊ အင်၊ အပဒူကရင် (အယူခံတရားလို)* † ၁၉၆၄
ခုနှစ်
ဖေဖော်ဝါရီလ
၁ ရက်။
နှင့်
အက် (စ်)၊ရှိတ် အီဘရာဟင် (အယူခံတရားခံ)

ဆုံးဖြတ်ချက်။ ။ဒီကရီငွေကို အရစ်ကျ ပေးဆပ်ရန် အမိန့်ချမှတ်ရာတွင် အမှုအကြောင်းခြင်းရာ ပတ်ဝန်းကျင် အခြေအနေများကို သုံးသပ်ရန် လိုအပ်သည်။

သူတပါး၏ ငွေကို ချေးငှါးယူသော်သူသည်၊ ချေးယူသည့် ငွေပြေလည်အောင်ပေးဆပ်ရန် တာဝန်ရှိသည်။ လိုအပ်သည့်အတိုင်း ပြေလည်အောင် မပေးဆပ်နိုင်ခဲ့သော် အရစ်ကျ ပေးဆပ်ခွင့်ရနိုင်ရန် သက်သေတင်ပြရန် ဖြစ်သည်။

ဆူရပ်နရိန်ကုမ္ပဏီနှင့် အာရ်၊ စတီရမ်။ အေ၊ အိုင်၊ အာ (ရှ်)၊ ၁၉၅၅၊ အာဂျမယ်စီရင်ထုံး၊ စာမျက်နှာ ၅၇။ ရီအိုတီပရာဆတ်နှင့် ကွမ်ဂျီလာ။ အလဟာဘတ် စီရင်ထုံးအတွဲ ၅၄၊ စာမျက်နှာ ၅၃၉။မကိုရာမားဒေဗွီနှင့် ဝါဂျဒီအေအုံး။ အေ၊ အိုင်၊ အာ (ရှ်)၊ ကလကတ္တား ၁၉၃၅၊ စာမျက်နှာ ၅၅၉ ကို ရည်ညွှန်းသည်။

အယူခံတရားလိုအတွက်။ ။မစ္စတာ ဂျီ၊အင် ဘာနာဂျီ။

အယူခံတရားခံအတွက်။ ။ဦးတင်ဇေး။

တရားသူကြီး ဦးစောဘသိန်း။ ။ရန်ကုန်မြို့၊ တရားမ (ဝန်ထောက်တရားရုံး) ၁၉၆၂ ခုနှစ်၊ တရားမ အသေးအဖွဲမှုအမှတ် ၂၄၀ တွင် အယူခံတရားလို အော၊အင် အပဒူကရင်က၊ အယူခံတရားခံ အက်(စ်)၊ ရှိတ်အီဘရာဟင် အား၊ ပေးရန်ရှိသော ဒီကရီငွေ ၂၀၀၀ ကို တလလျှင် အရစ်ကျငွေ ၁၂၅ ကျဖြင့် ၁၉၆၃ ခုနှစ်၊ ဇွန်လ ၂၄ ရက် နေ့မှစ၍ လစဉ်အင်္ဂလိပ်လဆန်း ၁၄ ရက်၊ သို့မဟုတ် ၎င်းနေ့မတိုင်မီမှန်မှန်ပေးဆပ်စေရန် အမိန့်ချမှတ်လိုက်ရာ၊ အယူခံတရားလိုက မကျေနပ်၍၊ ဤရုံးသို့ အောက်ရုံးချမှတ်သော အမိန့်ကို ပယ်ဖျက်ပြီး၊ အဆိုပါ ဒီကရီငွေကို တလလျှင် အရစ်ကျငွေ ၂၀ သာ ပေးဆပ်ရန်အတွက် အမိန့်ချမှတ်ပေးရန် အယူခံဝင်သည်။

---

* ၁၉၆၂ ခုနှစ်၊ လျော်ကြေးမှု အမှတ် ၃ တွင်၊ ချောက်မြို့ အလုပ်သမားလျော်ကြေး မင်းကြီးရုံးတော်၏ ချမှတ်သော အမိန့်ကို အယူခံဝင်မှု။

† ၁၉၆၃ ခုနှစ်၊ တရားမ အထွေထွေမှု အမှတ် ၁။

၁၉၆၄

အေ၊အင်၊အပဒူ
ကရင်
နှင့်
အက်(စ်)၊ရှိတ်အီ
ဘရာဟင် ။

ဆူရပ်နရိန်ကုမ္ပဏီ နှင့် အာရ်စတီရမ် (၁) စီရင်ထုံးတွင်

"A Court has no doubt, discretion to grant instalments, but it must be exercised judicially on proof of the debtor's inability to pay the amount and in the absence of any circumstances disentitling him to instalments. Failure to exercise the discretion in a judicial manner is a valid ground for interference in revision. Where no evidence has been adduced on the question of defendant's inability to pay, a Court is not entitled to fix instalments."

ဟူ၍ ဆုံးဖြတ်ထားချက်အရ၊ အယူခံတရားလိုသည် ဒီကရီငွေကို အရစ်ကျပေးဆပ်နိုင်ခွင့် ရရှိရန်၊ သက်သေတင်ပြ စစ်ဆေးရန် လိုအပ်ပေသည် ။

အိုတီပရာဆတ် နှင့် ကွမ်ဂျီလာ (၂) စီရင်ထုံးတွင်

"Where the court directs a decree to be paid by instalments, the amount of the instalments and the period for their payment is a matter for the discretion of the court; but it is a discretion which is to be exercised within bounds and not in a manner so as to constitute a virtual denial of the plaintiff's rights."

ဟူ၍ ဆုံးဖြတ်ထားသဖြင့်၊ ဒီကရီငွေကို အရစ်ကျပေးဆပ်စေရန် အမိန့်ချမှတ်ရာတွင် ဒီကရီရရှိသူတရားနိုင်၏ အခွင့်အရေး မရနိုင်အောင် အမိန့်ချမှတ်ရန် သင့်လျော်မည် မဟုတ်ပေ ။

မကိုရာမားဒေဗီ နှင့် ငါဂျာဒီအေအုံး (၃) စီရင်ထုံးတွင်

"Simply because instalment is prayed for and the claim is not contested, that does not entitle a debtor to get an instalment decree as a matter of course. In making orders for instalment not only the condition of the debtor and his ability to pay must be considered, but also all other circumstances must be taken into consideration, namely, the date when the loan was incurred, the amount of the loan, the amount of the instalments ordered and the number of years in the course of which it is to be satisfied. An instalment decree spreading the instalments over a large number

(၁) အေ၊အိုင်၊အာ(ရ်)၊ ၁၉၅၅၊ အာဂျမယ်စီရင်ထုံး-စာမျက်နှာ-၅၇ ။
(၂) အလဟာဘတ်စီရင်ထုံး အတွဲ-၅၄၊စာမျက်နှာ-၅၃၉ ။
(၃) အေ၊အိုင်၊အာ(ရ်)၊ကလကတ္တား၊၁၉၃၅၊စာမျက်နှာ-၅၅၉ ။

of years is a thing oppressive to the creditor and the Court should, in passing instalment decree be careful to guard also the interest of the creditor. Too much pity on a debtor is not consideration which is to prevail over all other claims."

၁၉၆၄

အေးအင်၊အပဒူ ကရင် နှင့် အော်(စ်)၊ရှိတ်အိ ဘရာဟင်။

ဟူ၍ ဆုံးဖြတ်ချက် ချမှတ်သဖြင့်၊ ဒီကရီငွေကိုအချစ်ကျပေးဆပ်ရန် အဓိန့်ချမှတ်ရာတွင် အမှုအကြောင်းခြင်းရာ ပတ်ဝန်းကျင် အခြေအနေများ ကို သုံးသပ်ရန် လိုအပ်ပေသည်။

ဤအမှုတွင် အောက်ရုံးက အယူခံတရားလိုအား စစ်ဆေးသည့် အခါအယူခံတရားလိုက ငင်းသည် ထမင်းချက်ဖြစ်၍ တလလျှင် လခငွေ ၁၀၀ သာရကြောင်း။ အယူခံတရားခံ ပြောဆိုဖေါ်ပြသည့်အတိုင်း ငင်းတွင် အိမ်ငှါးနေကြသူများ မရှိကြောင်း။ ထမင်းဆိုင် ၂ ဆိုင်ရှိသည်ဟု ဆိုသည်မှာလည်း မဟုတ်မမှန်ကြောင်း ထွက်ဆိုအစစ်ခံသည်။ သို့သော် ငင်း၏ထွက်ဆိုချက်ကို ထောက်ခံရန် သက်သေ တယောက်မျှ ရုံးသို့ တင်ပြစစ်ဆေးခြင်း မပြုသဖြင့်၊ ငင်း၏ အစစ်ခံချက် တခုတည်း အပေါ်တွင် အခြေခံထား၍ စဉ်းစားဆုံးဖြတ်ရပေမည်။

အယူခံတရားခံက အယူခံတရားလိုသည် ထမင်းချက်မဟုတ်ဘဲ၊ ငင်း၏အိမ်ခန်းတွင် တလလျှင် ၁၀ ခန့်ဖြင့် အိမ်ငှါးနေကြသူပေါင်း (၁၇) ယောက်ရှိကြောင်း။ ငင်းတွင် ထမင်းဆိုင် ၂ ဆိုင်ရှိရာ တဆိုင်မှာ တလလျှင် ငွေ ၃၀၀ ရရှိ၍၊ တဆိုင်မှာတလလျှင် ငွေ ၂၀၀ ရရှိကြောင်း။ ထို့ကြောင့် ငင်း၏ စုစုပေါင်းဝင်ငွေမှာ တလလျှင် အနည်းဆုံး ၅၀၀ ရှိမည်ဖြစ်ကြောင်း။ ဒီကရီငွေကို အပြေပေးဆပ်နိုင်မည် ဖြစ်ကြောင်း ထွက်ဆို အစစ်ခံသည်။ ငင်း၏သက်သေ မိုဟာမက် အဘူဘေကာ (ခံပြ-၁)က၊ အယူခံတရားလို့တွင်၊ တလလျှင် ငွေ ၁၀၀ ခန့်ဖြင့်၊ အခန်းငှါးနေကြသူပေါင်း ၁၅ ယောက်ရှိကြောင်း။ ငင်းထမင်းဆိုင် ၂ ဆိုင်မှာ ဝင်ငွေများရှိကြောင်း ထွက်ဆို၍ အယူခံတရားခံ၏ အစစ်ခံချက်ကို ထောက်ခံသည်။

အထက်ဖေါ်ပြပါအယူခံတရားလိုနှင့်အယူခံတရားခံတို့၏အစစ်ခံချက်များကိုဖေါ်ပြခဲ့သည့် စီရင်ထုံးများ ဆုံးဖြတ်ထားချက်အရ၊ ဆင်ခြင်စဉ်းစားသျှင် သူတပါး၏ငွေကို ချေးငှါးယူသော အယူခံတရားလိုသည် ထိုသို့ချေးယူသည့်ငွေ ပြေလည်အောင် ပေးဆပ်ရန် တာဝန်ရှိပေသည်။ လိုအပ်သည့်အတိုင်း၊ ပြေလည်အောင် မပေးဆပ်နိုင်ခဲ့သော် အရစ်ကျ ပေးဆပ်ခွင့် ရနိုင်ရန် သက်သေတင်ပြရန် ဖြစ်ပေသည်။ ယခု အယူခံတရားလိုက အယူခံတရားခံ ပြောဆိုဖေါ်ပြသည်ကို မဟုတ်မမှန်ကြောင်းဖြင့် တွန်းလှန်ဖြိုချရန်၊ သက်သေတင်ပြ စစ်ဆေးခြင်း မပြုသဖြင့် အယူခံ တရားခံတင်ပြခဲ့သည့်အတိုင်း အယူခံတရားလိုတွင် ဒီကရီငွေကို ပေးဆပ်ရန် ဝင်ငွေရှိသည်ဟု ယူဆရပေမည်။

၁၉၆၄

အော်အင်၊အပဒူ စာရင်နှင့် အက်(စ်)၊ရှိတ်အီ ဘရာဟင်။

အမှုတွင် ပေါ်လွင်သော အမှုအကြောင်းခြင်းရာနှင့် သက်သေခံချက်များ အရ အောက်ရုံးက အယူခံတရားလိုသည် အယူခံတရားခံအား ပေးဆပ်ရန်ရှိသော ဒီကရီငွေကို တလလျှင် အရစ်ကျငွေ ၁၂၅ ကျပေးဆပ်ရန် အမိန့်ချမှတ်သည်မှာ ၎င်းတွင် ရှိသော တရားစီရင်မှု အခွင့်အရေး (discretion) အရ၊ ဆုံးဖြတ်သည်ဟုယူဆရန် ဖြစ်သော်လည်း၊ အဆိုပါ အရစ်ကျငွေ ၁၂၅ သည် လိုသည်ထက် အနည်းငယ် ပိုသည်ဟု ထင်မြင်ယူဆသဖြင့် အောက်ရုံးချမှတ်ထားသော အမိန့်ကိုပယ်ဖျက်ပြီး အယူခံတရားလိုသည် အယူခံတရားခံအား ပေးဆပ်ရန်ရှိသော ဒီကရီငွေကို အရစ်ကျ တလလျှင် ၁၀၀ ကျဖြင့် ၁၉၆၃ ခုနှစ်၊ ဇွန်လ ၁၄ ရက်နေ့မှစ၍ လစဉ်၊ အင်္ဂလိပ်လဆန်း ၁၄ ရက်နေ့၊ သို့မဟုတ် ၎င်းနေ့ရက် မတိုင်မီတွင် ပေးဆပ်ရန် ပြင်ဆင်၍ အမိန့်ချမှတ်လိုက်သည်။

ဤအမှု အကြောင်းခြင်းရာများအရ၊ အမှုသည်တို့သည် မိမိတို့၏တရားစရိတ်ကို မိမိတို့ကျခံရမည်ဖြစ်သည်။

တရားမ အယူခံမှု

တရားသူကြီး ဦးထွန်းတင်ရွှေတွင်

အော်ဂဒူး (အယူခံတရားလို) *

နှင့်

မအေး (အယူခံတရားခံ)

† ၁၉၆၄ ဇန္နဝါရီလ ၁၈ ရက်။

ဟိန္ဒူဘာသာဝင်ယောကျ်ားက ဗုဒ္ဓဘာသာဝင် မိန်းမနှင့် လက်ထပ်ခြင်း၊ ၁၉၅၄ ခု၊ ဗုဒ္ဓဘာသာဝင် မိန်းမများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှု အက်ဥပဒေအရ လက်ထပ်ခြင်းမဟုတ်၊ တရားဝင်မဝင် ဟိန္ဒူဘာသာမှ ဗုဒ္ဓဘာသာသို့ ကူးပြောင်းခြင်း၊ အထင်အရှားပြရန်တာဝန်။

ဟိန္ဒူဘာသာဝင်ဖြစ်သူတရားလိုသည်၊ ဗုဒ္ဓဘာသာဝင်ဖြစ်သောတရားခံနှင့် ၁၉၅၉ ခုနှစ်တွင်၊ ထုံးထမ်းစဉ်လာအရ လက်ထပ်ပေါင်းသင်းခဲ့ပြီး တရားခံ၏အိမ်မှ ဆင်းခဲ့ရသဖြင့်၊ မယားပြန်ခေါ်မှု တရားစွဲဆိုရာ၊ မူလရုံးက အမှုကို ပလပ်ခဲ့လေသည်။

ဆုံးဖြတ်ချက်။ ။အယူခံတရားလိုသည်၊ အယူခံတရားခံနှင့်ထိမ်းမြားပြီးနောက်၊ ဗုဒ္ဓဘာသာသို့ ကူးပြောင်းကိုးကွယ်နေပြီဆိုသော အချက်ပြသရန်မှာ ၎င်း၏တာဝန်ဖြစ်သည်။

ယခုအမှုတွင် အယူခံတရားလိုသည်၊ ဗုဒ္ဓဘာသာဝင်များ ကျင့်သုံးလေ့ရှိသည့်အရေးကြီးသည့် အလုပ်တာဝန်တခုခုကို လုပ်ကိုင်ဆောင်ရွက်ခဲ့ခြင်းရှိကြောင်း မတွေ့ရ၊ ဆွေမျိုးသားချင်းများနှင့် လုံးဝပြတ်စဲပြီး၊ ဗုဒ္ဓဘာသာဝင်တဦးအနေဖြင့် နေထိုင်ဆက်ဆံလာကြောင်းလည်း၊ မည်သို့မျှ လုံလောက်သည့် အထောက်အထားမပြနိုင်။ ယခုတိုင်ပင် နိုင်ငံခြားသားလက်မှတ်ကို၊ ဟိန္ဒူဘာသာဝင်အဖြစ် ကိုင်ဆောင်ထားခြင်းရှိသည်မှာ မငြင်းဆိုနိုင်ရကား၊ ဗုဒ္ဓဘာသာဝင်ဖြစ်သည့် အယူခံနှင့် ၁၉၅၄ ခုနှစ်၊ အက်ဥပဒေပုဒ်မ ၃၂ အရမဟုတ်ဘဲ၊ လက်ထပ်ခဲ့ခြင်းမှာ အယူခံတရားခံသည် ၎င်း၏တရားဝင်ဇနီးဖြစ်သည်ဟု မည်သို့မျှ ယူဆနိုင်ရန် မဖြစ်ရကား အယူခံတရားလိုသည် အယူခံတရားခံပေါ် ယခုအမှုစွဲဆိုခွင့်ရှိသည်ဟု မဆိုနိုင်ပေ။

Chinnasamy Pillay Vs. Ma Toke and another, A.I.R. 1938 Ran. p.51 ကို ရည်ညွှန်းသည်။

အယူခံတရားလိုအတွက်။ ။မစ္စတာအာ (ရ) ချောဘီ။

အယူခံတရားခံအတွက်။ ။ဦးသန်းနိုင်။

---

* ၁၉၆၃ ခုနှစ်၊ တရားမပဌမအယူခံမှုအမှတ် ၇၅။

† ၁၉၆၂ ခုနှစ်၊ တရားမကြီးမှုအမှတ် ၈၉ တွင် ၁၉၆၃ ခုနှစ်၊ ဇွန်လ ၂၉ ရက်နေ့စွဲဖြင့်ရန်ကုန်မြို့စတုတ္ထတရားမ တရားသူကြီးရုံးတော်၏ ချမှတ်သော ဒီကရီကို အယူခံဝင်မှု။

၁၉၆၄

အောင်ဂဠုး နှင့် မအေး။

တရားသူကြီး ဦးထွန်းတင်။ ။ယခုအမှုမှာ၊ အယူခံတရားလို မော်ဂဠုးက၊ ရန်ကုန်မြို့ စတုတ္ထဘရားမ တရားသူကြီးရုံး၊ ၁၉၆၂ ခုနှစ် တရားမမူအမှတ် ဂ၉ တွင်၊အယူခံတရားခံ မအေးအပေါ် မယားပြန်ခေါ်လိုမှု တရားစွဲဆိုခဲ့လေသည်။

အယူခံတရားလိုက ၎င်းနှင့် မအေးတို့မှာ၊ အူရိယားလူမျိုးများ ဖြစ်သည့်အတိုင်း၊ လွန်ခဲ့သည့် ၄ နှစ်(၁၉၅၉)ခန့်က ထုံးတမ်းစဉ်လာအရ ထိမ်းမြား လက်ထပ် ပေါင်းသင်းလာခဲ့ရာ၊ သားသမီး ၂ ယောက်ရရှိသည်ဆိုကြောင်း။ ထို့နောက်၊ ပစ္စည်းပေါက်ဆုံးသည့် ကိစ္စနှင့်ပတ်သက်၍ အယူခံတရားခံ၏ မိဘများနှင့် မသင့်တင့် ဖြစ်သည်တွင်၊ ၁၉၆၀ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်နေ့၌ ၎င်းအား အိမ်မှ နှင်ချလိုက်သဖြင့်၊ ဆင်းလာရရာ၊ မအေးကို သူမ၏ မိဘများကခေါ်ထားလိုက်သည် ဆိုကြောင်း။ ထို့အတွက် အယူခံ တရားလိုက၊ မအေးအား အတူနေထိုင်ရန် ခေါ်သော်လည်း မရရှိသဖြင့်၊ အမှုကို စွဲဆိုရခြင်း ဖြစ်ပါသည်ဆိုသည်။

အယူခံတရားခံ မအေးကမူ၊ ၎င်းမှာ ဗုဒ္ဓဘာသာ၊ မြန်မာ-အူရိယားလူမျိုးဖြစ်ပြီး အယူခံတရားလိုမှာ ဟိန္ဒူဘာသာဝင် အူရိယား ဖြစ်သဖြင့်၊ လက်ထပ်ခဲ့ခြင်းမှာ တရားဝင် လက်ထပ်ခြင်း မဖြောက်။ အယူခံတရားလိုသည် ၎င်းသဘောအတိုင်း အိမ်မှဆင်းသွားပြီး၊ အယူခံတရားခံအား လုံးဝထောက်ပံ့ခြင်း မရှိ၊ မည်သို့ပင်ဖြစ်စေ ၎င်းမှာ အယူခံတရားလို၏ တရားဝင်မိန်းမ မဟုတ်သဖြင့်၊ ယခုအမှုကို အယူခံတရားလိုက မစွဲထိုက်ပါဟု ကန့်ကွက်လေသည်။

ထို့အတွက်အမှုကို စစ်ဆေးဆုံးဖြတ်နိုင်ရန်၊ ရုံးမှ ကောက်ချက် ၄ ခုထုတ်နုတ်ရာ၊ အဓိကဖြစ်သည့် ပဌမ ကောက်ချက်မှာ အောက်ပါအတိုင်း ဖြစ်သည်။

> "၁။ ။တရားလိုသည် ဟိန္ဒူဘာသာဝင် ဖြစ်၍၊ ဗုဒ္ဓဘာသာဝင် ဖြစ်သော တရားခံနှင့်ထိမ်းမြားခြင်းသည် တရားဝင် ထိမ်းမြားခြင်း မြောက်ပါသလား"

၎င်းကောက်ချက်နှင့် ပတ်သက်၍ အယူခံတရားလိုက ၎င်းမှာ ဟိန္ဒူဘာသာ ကိုးကွယ်ကြောင်းနှင့် နိုင်ငံခြားသား မှတ်ပုံတင် လက်မှတ်တွင်လည်း၊ ဟိန္ဒူဘာသာကိုးကွယ်ပါသည်ဟု ပြဆိုထားကြောင်း ဝန်ခံ၍၊ အယူခံတရားခံ မအေးမှာ၊ ဗုဒ္ဓဘာသာ အူရိယားဖြစ်ကြောင်း မငြင်းဆိုနိုင်။ ၎င်းပြသသည့် သက်သေများကလည်း၊ အယူခံတရားလိုမှာ ဗုဒ္ဓဘာသာဖြစ်ကြောင်း တဦးတယောက်မှ ထွက်ဆိုနိုင်ခြင်း မရှိသည်တကြောင်း၊ ၎င်းတို့လက်ထပ်ခဲ့သည်မှာလည်း၊ ၁၉၅၄ ခုနှစ်၊ ဥပဒေအမှတ် ၃၂ ဗုဒ္ဓဘာသာဝင် မိန်းမများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှု အက်ဥပဒေအရ မဟုတ်သောကြောင့်၊ အယူခံတရားခံသည် ၎င်း၏တရားဝင်ဇနီး ဖြစ်သည်ဟု မည်သို့မျှဖွဲ့ဆ

ရန် မဖြစ်သဖြင့်၊ အယူခံတရားလို စွဲဆိုသည့် အမှုကို စရိတ်နှင့်တကွ ပလပ်လိုက်လေသည်။ ထို့အဘက်အယူခံ တရားလိုက ယခုအယူခံမှုကို တင်သွင်းရာ၊ ၎င်းဖေါ်ပြသည်မှာ မိမိနှင့် အယူခံတရားခံတို့မှာ၊ ဗုဒ္ဓဘာသာများ ဖြစ်သဖြင့်၊ ရည်ညွှန်းသည့် ၁၉၅၄ ခုနှစ်၊ ဗုဒ္ဓဘာသာဝင် မိန်းမများ အထူးထိမ်းမြားမှု အက်ဥပဒေနှင့် မဆိုင်။ အယူခံတရားလိုက အစစ်ခံရာဝယ် မိမိမှာ၊ ဗုဒ္ဓဘာသာ ကိုးကွယ်ပါသည်ဟု ကျမ်းကျိန်အစစ်ခံခဲ့သဖြင့်၊ မိမိမှာ ဗုဒ္ဓဘာသာဖြစ်ကြောင်း ထင်ရှားရကား၊ စွဲဆိုသည့်အတိုင်း ဒီကရီချမှတ် ပေးသင့်ပါသည်ဟု ပြဆိုလေသည်။

၁၉၆၄

အော်ဂဒူး နှင့် မအေး။

ယခုအမှုတွင် အယူခံတရားလိုက၊ ၎င်းမှာ မူလက ဟိန္ဒူဘာသာ ကိုးကွယ်သည့် အူရိယားလူမျိုးဖြစ်ကြောင်း ဖြောင့်ဆိုထားရကား၊ အယူခံ တရားခံ မအေးနှင့် ထိမ်းမြားသောအခါ၊ ၎င်းမှာ ဗုဒ္ဓဘာသာသို့ ကူးပြောင်း ကိုးကွယ်နေပြီ ဖြစ်ကြောင်း ကိုပြသရန်မှာ ၎င်းပေါ် တာဝန်လုံးဝကျရောက်နေပေသည်။ ထိုအချက်နှင့် ပတ်သက်၍ အယူခံတရားလိုက ရုံးရွေ့အစစ်ခံသောအခါ၊ ဗုဒ္ဓဘာသာများကဲ့သို့ ကျမ်းကိုင်၍ ကိုးကွယ်သည့် ဘာသာမှာ ဗုဒ္ဓဘာသာ ဖြစ်ပါသည်ဟု အတိအလင်း မြွက်ဖေါ်ခဲ့သဖြင့် ၎င်းမှာ ဗုဒ္ဓဘာသာကို ကိုးကွယ်သူတဦး ဖြစ်သည်ဟု ယူဆသင့်ပါသည်ဟု ဆိုလိုသည်။ သို့သော်၊ အမှုစစ်ဆေးသောအခါ၊ အယူခံတရားလိုသည် ဗုဒ္ဓဘာသာကို ကိုးကွယ်သူတဦး ဖြစ်နေပြီဟု ၎င်း၏ပြဆိုချက်အရ လက်ခံနိုင်စေဦး၊ အဓိကအချက်မှာ အယူခံတရားခံနှင့် လွန်ခဲ့သည့် ၄ နှစ်ခန့်က လက်ထပ်သောအခါ၊ ၎င်းမှာ ဗုဒ္ဓဘာသာဝင် ဖြစ်မဖြစ်ကို ဆင်ခြင်ရပေမည်။ ၎င်းအချက်နှင့်ပတ်သက်၍၊ အယူခံတရားလို ကလုံလောက်သည့် သက်သေခံ အထောက်အထား မည်သို့မျှ ပြသနိုင်ခြင်းရှိသည်ကို မတွေ့ရပေ။ အဘယ်ကြောင့်ဆိုသော်၊ ၎င်း၏ သက်သေ အီစွပ် (လို့ပြ-၂) ကပင်၊ အယူခံတရားလိုမှာ ဟိန္ဒူဘာသာ ကိုးကွယ်သည်ဆိုပြီး၊ သက်သေဒတ်(စ်)ရတိကလည်း၊ အယူခံတရားလိုမှာ ဇာတ်နိမ့်သည့် ဟိန္ဒူဖြစ်ပါသည်ဟု အတိအလင်းထွက်ဆိုထားသောကြောင့် ဖြစ်သည်။ တဖန်၊ အယူခံတရားလို တင်သွင်းသည့် စွဲဆိုလွှာကို ကြည့်ရှုမှု၊ အယူခံတရားလိုက ၎င်းမှာ ဗုဒ္ဓဘာသာဝင် တဦးဖြစ်ပါသည်ဟု ပြဆိုထားခြင်းမရှိ။ အယူခံတရားခံ၏ ထုချေလွှာအရ၊ အယူခံတရားလိုမှာ ဗုဒ္ဓဘာသာဝင် တဦးမဟုတ်ပါဟု ငြင်းဆိုထားချက်ကို၊ အယူခံတရားလိုက ချေပသော အခါလည်း၊ မိမိမှာ ဗုဒ္ဓဘာသာဝင်ဖြစ်ကြောင်း ဖေါ်ပြခြင်း မပြုခဲ့ရာ၊ ယခုမှအယူခံတရားလိုက ရုံးရွေ့အစစ်ခံသောအခါ ကျမ်းကျိန်၍ ဗုဒ္ဓဘာသာဝင်ကဲ့သို့ အစစ်ခံသောကြောင့်၊ ၎င်းမှာ ဗုဒ္ဓဘာသာဝင်တဦး ဖြစ်ပါသည်ဆိုခြင်းမှာ လုံလောက်သည့် အထောက်အထား ရှိသည်ဟု လက်ခံနိုင်ရန် ခဲယဉ်းသည်။

၁၉၆၄

အော်ဂဒူး နှင့် မအေး။

ဟိန္ဒူဘာသာကိုးကွယ်သည့် ဟိန္ဒူလူမျိုး တယောက်သည် မည်သည့်အခါ ဗုဒ္ဓဘာသာဝင်အဖြစ် ပြောင်းလဲ ကိုးကွယ်သည်ဟု ယူဆနိုင်စွမ်းရှိသည်ကို ပြဆိုရာ၌၊ ***Chinnasamy Pillay vs. Ma Toke and another*** (1) စီရင်ထုံးတွင်၊ မူလကဟိန္ဒူဘာသာ ကိုးကွယ်သူသည်၊ ငါးပါးသီလကို ခံယူသည်သာမက၊ ဘုန်းကြီးကျောင်း ဆောက်လုပ် လှူဒါန်းပြီး၊ ကိုရင်တပါးအား ဦးပဋ္ဌင်းအဖြစ် ချီးမြှောက်၍ မိမိ၏ဆရာအဖြစ် ကိုးကွယ်ခဲ့သည့်အပြင်၊ အိန္ဒိယပြည်ရှိ ဆွေမျိုး သားချင်းမျှားနှင့် လုံးဝအဆက်အသွယ် ဖြတ်တောက်ခဲ့ခြင်းရှိမူ၊ ထိုသူသည် ဗုဒ္ဓဘာသာဝင်အဖြစ် ကူးပြောင်းခဲ့သူ ဖြစ်သည်ဟု ယူဆသင့်သည်ဟု ပြဆိုထားပေသည်။

ယခုအမှုတွင် အယူခံတရားလိုသည်၊ ဗုဒ္ဓဘာသာဝင်များ ကျင့်သုံးလေ့ ရှိသည့် အရေးကြီးသည့် အလုပ်တာဝန် တခုခုကို လုပ်ကိုင် ဆောင်ရွက်ခဲ့ခြင်း ရှိကြောင်း မတွေ့ရ၊ ဆွေမျိုးသားချင်းမျှားနှင့် လုံးဝပြတ်စဲပြီး၊ ဗုဒ္ဓဘာသာဝင် တဦးအနေဖြင့် နေထိုင်ဆက်ဆံလာကြောင်းလည်း၊ မည်သို့မျှ လုံလောက်သည့်အထောက်အထားမပြနိုင်။ ယခုတိုင်ပင် နိုင်ငံခြားသား လက်မှတ်ကို၊ ဟိန္ဒူဘာသာဝင်အဖြစ် ကိုင်ဆောင်ထားခြင်းရှိသည်မှာ မငြင်းဆိုနိုင်ရကား၊ ဗုဒ္ဓဘာသာဖြစ်သည့် အယူခံတရားခံနှင့် ၁၉၅၄ ခုနှစ် အက်ဥပဒေပုဒ်မ ၃၂ အရမဟုတ်ဘဲ၊ လက်ထပ်ခဲခြင်းမှာ၊ အယူခံတရားခံသည်၏ တရားဝင်ဇနီး ဖြစ်သည်ဟု မည်သို့မျှ ယူဆနိုင်ရန် မဖြစ်ရကား၊ အယူခံတရားလိုသည် အယူခံတရားခံအပေါ် ယခုအမှုစွဲဆိုခွင့် ရှိသည်ဟုမဆိုနိုင်ပေ။

ထို့ကြောင့် အယူခံတရားလို တင်သွင်းသည့်အယူခံလွှာကို ခွင့်ပြုနိုင်ရန်အကြောင်း မတွေ့ရှိရသဖြင့်၊ အယူခံမှုကို ပလပ်ရမည်သာ ဖြစ်ပေသည်။

ဖေါ်ပြပါအကြောင်းများကြောင့်၊ ယခု အယူခံအမှုကို ပလပ်လိုက်သည်။

ပညာပို့ချေနေကြီးစရိတ်အဖြစ် ၅၀ သတ်မှတ်သည်။

(1) A.I.R.1 (1938) Ran. P.5

တရားမ အယူခံမှု

တရားသူကြီး ဒေါက်တာ ဦးမောင်မောင်ရွှေတွင်

ဦးစံဖေ (ခေါ်) စရစ်အီမန် (အယူခံတရားလို) *

နှင့်

ကျက်ကရူး (အယူခံတရားခံ)

† ၁၉၆၄ မတ်လ ၃၀ရက်။

မတရားစွဲဆိုမှုကြောင့် လျော်ကြေးရလိုမှု၊ မည်သည့်အခါ၌ မတရားစွဲဆိုရာမြောက်ခြင်း၊ လျော်ကြေး၏သဘော။

ဆုံးဖြတ်ချက်။ ။မတရား စာရားစွဲဆိုခြင်းအတွက်၊လျော်ကြေးတောင်းခံနိုင်ခွင့် ပေးခြင်း၏ အဓိကသဘောမှာ၊မလိုမုန်းထားသူတဦးသည်၊ အခြားသူတဦးအား ရာဇဝတ်ရုံးများကိုအသုံးပြုခြင်းမှ စက်ကလူ မပြုနိုင်ရန် ယန္တရားခြင်းဖြစ်သည်။ နစ်နာသူအားလည်းလျော်ကြေးဖြင့် သက်သာမှုကို ပေးခြင်းဖြစ်သည်။

မိမိ၏ရွေးနှုတ် ကြေကြေလည်လည် မတိုင်ပင်ရသေးမီ၊ ရာဇဝတ်ကြောင်း ဖွင့်လှစ်ရန် အမှုစွဲဆိုခဲ့ပြီး၊တိုင်ပင်ပြီးသည့်နောက်ထိုအမှုကို ရုပ်သိမ်း၍ တရားမမှုစွဲဆိုသောသူသည်၊တမင်သက်သက် သတပါးအား နှိပ်စက်ကလူပြုလို၍ စွဲဆိုခြင်းဖြစ်သည်ဟူ၍မဆိုနိုင်။

ဒေါ်ယုံနှင့် ဦးမင်းဆင် ။၁၉၄၀ ခုနှစ်၊ ရန်ကုန်စီရင်ထုံးစာမျက်နှာ ၆၃၁ ကို ရည်ညွှန်းသည်။

အယူခံတရားလိုအတွက်။ ။ဒေါက်တာ ရွှေဘော်။

အယူခံတရားခံအတွက်။ ။ဒေါက်တာ မောင်ဖြူ။

တရားသူကြီးဒေါက်တာ ဦးမောင်မောင်။ ။အယူခံ တရားလိုသည် အယူခံတရားခံ အပေါ်၌၊ ဖြူးမြို့ နယ်ပိုင် တရားမ တရားသူကြီးရုံးတွင် ၁၉၆၁ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂ ကိုဖွင့်လှစ်၍၊ လျော်ကြေးငွေ ၂,၀၀၀ ရလိုကြောင်းဖြင့် တရားစွဲဆိုခဲ့သည်။ စွဲချက်တွင် အယူခံတရားခံသည် မိမိအား အကြောင်းမဲ့ သက်သက် ရာဇသတ်ပုဒ်မ ၄၄၇၊ ကျူးကျော် နေထိုင်မှုဖြင့် အကြိမ်ကြိမ် တရားစွဲဆိုခဲ့ပါသည်။ ထိုစွဲဆိုခဲ့သောအမှုတို့ကို နောက်ဆုံးတွင် ပယ်ခဲ့၍ အယူခံတရားလိုသည် တရားသေ လွှတ်ခဲ့ပါသည်။ လုံလောက်သော အကြောင်းမရှိဘဲ၊ မလိုမုန်းထားစိတ်ဖြင့် အယူခံ

* ၁၉၆၃ ခုနှစ်၊ ထရားမ ဒုတိယအယူခံမှုအမှတ် ၁၀၈။

† ၁၉၆၃ ခုနှစ်၊ တရားမ အယူခံမှုအမှတ် ၁၈ တွင် ၁၉၆၃ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်နေ့ တောင်ငူခရိုင် တရားမ တရားသူကြီးရုံးတော်၏ ချမှတ်သော ဒီကရီကို အယူခံဝင်မှု။

၁၉၆၄

ဦးစံဖေ (ခေါ်) စရစ်အီမန် နှင့် ဂျက်ကရူး။

တရားလိုကို ညှဉ်းပန်းနှိပ်စက်ခဲ့သော အယူခံတရားခံသည် အယူခံတရားလို ကုန်ကျခဲ့သော ငွေကြေးများ၊ စရိတ်စကများအတွက် လျော်ကြေးပေးသင့်ပါသည်ဟူ၍ စွဲဆိုခဲ့ခြင်း ဖြစ်ပေသည်။

ထိုအမှုကို ပညာရှိ နယ်ပိုင် တရားမ တရားသူကြီးက ပလပ်လိုက်လေသည်။ စီရင်ချက်တွင် အယူခံတရားခံက၊ အယူခံတရားလိုအပေါ်တွင် ရာဇဝတ်မှုဖြင့် အမှု ၂ မှု ဖွင့်လှစ်စွဲဆိုခဲ့သည်မှာ မှန်သော်လည်း၊ အကြောင်း မလုံလောက်ဘဲ စွဲသည်၊ တမင်သက်သက် ညှဉ်းပန်းလိုစိတ်ဖြင့် စွဲသည်ကိုမူကား၊ ထင်ရှားစွာမတွေ့ရ။ ပဌမ အမှုကိုစွဲဆိုပြီးရုံးခိုန်းရက်တွင် တရားလိုမလာရောက်သဖြင့် အမှုကိုပလပ်ခါ၊ အမှုတွင် တရားခံဖြစ်သော ယခု အယူခံတရားလိုအား တရားသေလွတ်သည်ကို တွေ့ရ၏။ ထို့နောက် ရက်အနည်းငယ်သာကြာ၍၊ ယခုအမှုတွင် အယူခံတရားခံဖြစ်သူက ထပ်မံ၍ ရာဇဝတ်ကြီးမှု ဖွင့်လှစ်ပြန်သည်။ သို့ရာတွင် ၎င်း၏ရွှေနေကြီး ဦးတင်မောင်က၊ အမှုသွားအမှုလာများကို သေချာစွာ စစ်ဆေးသောအခါ၊ ပိုင်ဆိုင်ခြင်းကို ထင်ရှားစွာသက်သေထူပြီး၊ စာချုပ်စာတမ်းများ အယူခံတရားခံလက်ဝယ်တွင် ရှိကြောင်း တွေ့ရှိရသဖြင့်၊ ၎င်းအား ရာဇဝတ်မှုကို ရုပ်သိမ်းပြီးနောက်၊ တရားမမှု ဖွင့်လှစ်စွဲဆိုရန် အကြံပေးခဲ့လေသည်။ ထိုအကြံပေးချက်အတိုင်း လိုက်နာ၍၊ ဒုတိယအကြိမ် စွဲဆိုခဲ့သော ရာဇဝတ်မှုကို အယူခံတရားခံက ရုပ်သိမ်းလိုက်သည်။ ထို့ကြောင့် အယူခံတရားလိုသည် တရားသေလွတ်ခဲ့ပြန်လေသည်။ အယူခံတရားခံသည် တရားမမှု ဆက်လက်၍ စွဲဆိုကာ အနိုင်ရရှိခဲ့၏။

အထက်ပါ အချက်တို့ကို ထောက်ရှု၍၊ ပညာရှိ နယ်ပိုင် တရားမ တရားသူကြီးသည်၊ အကြောင်းမဲ့သက်သက် ရာဇဝတ်မှုများကို စွဲခြင်း၊ မလိုမုန်းထားစိတ်ဖြင့် ညှဉ်းပန်းလိုသဖြင့် စွဲခြင်း စသည့်အချက်အလက်တို့ မပြည့်စုံဟူ၍ တွေ့ရှိရကား၊ လျော်ကြေး ရလိုမှုကို ပလပ်ခဲ့ခြင်း ဖြစ်လေသည်။ အယူခံတရားလိုသည် ထိုအမိန့်ကို မကျေနပ်သဖြင့် တောင်ငူခရိုင်တရားမ တရားသူကြီးရုံးသို့ ၁၉၆၃ ခုနှစ်၊ တရားမ အယူခံမှုအမှတ် ၁၈ ဖြင့်သွားရောက်အယူခံခဲ့လေသည်။ ပညာရှိ ခရိုင်တရားမ တရားသူကြီးသည်လည်း မူလရုံး၏အမိန့်နှင့် ဒီကရီကို အတည်ပြု၍ အယူခံကို ပလပ်ခဲ့သည်။

အယူခံတရားလို၏ ပညာရှိ ရွှေနေကြီး ဒေါက်တာ ရွှေဘော်က၊ ပဌမ အယူခံအမိန့်တွင် ပညာရှိ တရားသူကြီးက အောက်ရုံးများတွင် စွဲဆိုခဲ့သော ရာဇဝတ်မှုများတွင် အယူခံ တရားလိုက အနိုင်ရရှိသည် ဟူ၍ မဆိုသာ၊ အယူခံတရားခံက ဆက်လက်၍ အမှုသွား အမှုလာ ပေါ်တွင် ဆုံးဖြတ်ချက် ချမှတ်ရသည်အထိ စွဲဆိုခြင်း မပြုခဲ့၍သာ အယူခံတရားလိုသည် တရားသေ လွတ်ခဲ့ရသည်ဟူ၍ မှတ်ချက် ချမှတ်ခဲ့သည်ကို ပြင်းထန်စွာ ဝေဘန်လေသည်။ ဒေါက်တာ ရွှေဘော်က

၁၉၆၄

ဦးစံဖေ (ခေါ်) စရစ်အိမန်နှင့် ဂျက်ကရူး။

စီရင်ထုံးများကို ကိုးကား၍၊ မတရားစွဲဆိုမှုကြောင့် လျော်ကြေးရလိုမှု စွဲဆိုရာများတွင် အယူခံ တရားလိုအပေါ်တွင် ကျရောက်သော သက်သေထူရမည့် တာဝန်သည် ကြီးလေးလှသည်မဟုတ်ပါ။ အယူခံတရားလိုသည် ရာဇဝတ်မှုများ၌ စွဲဆိုခြင်း ခံရသဖြင့် နစ်နာခရကြောင်းကို ပြနိုင်လျှင် လုံလောက်ပါသည်။ ရာဇဝတ်မှုတွင် ပြစ်ဒဏ်မှ လွတ်ငြိမ်းသည်ဟု ဆိုရာတွင်လည်း၊ ဆုံးခန်းတိုင် အမှုစစ်ဆေးပြီးနောက် စီရင်ချက် ချမှတ်သည့် ကိစ္စမျိုးကိုသာ ဆိုသည်မဟုတ်ပါ။ ဤအမှုမှာကဲ့သို့ တရားလိုက ဆက်လက် စွဲဆိုခြင်းမပြု၍ တရားသေလွတ်ခြင်းမျိုးလည်း ပါဝင်ပါသည်ဟု လျှောက်လဲသည်။ ထိုလျှောက်လဲချက်များကို လက်ခံရမည် ဖြစ်ပေသည်။ တရားခံတဦးအား ရာဇဝတ်မှု ဖွင့်လှစ် စွဲဆိုပြီးနောက်၊ တရားလိုက အမှုကို ရုပ်သိမ်း၍ လွတ်ငြိမ်းရသည် ဖြစ်လျှင်လည်း၊ တရားခံက အနိုင်ရရှိသည်ဟူ၍ပင် ယူဆရပေမည်။ ဤကဲ့သို့ မယူဆလျှင် မတရား တရားစွဲဆိုမှုများနှင့် ပတ်သက်၍ လျော်ကြေးတောင်းခံရန် ခက်ခဲမည်သာ ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် မလိုမုန်းထားသူတဦးသည် အခြားသူ တဦး တယောက်အား၊ ရာဇဝတ်မှုစွဲဆိုကာ ရက်ချိန်း အတန်တန်ယူပြီးနောက် အမှုကို ရုပ်သိမ်းလျှင် တရားခံ၌ လျော်ကြေးတောင်းခံရန်လမ်း ရှိတော့မည် မဟုတ်သော ကြောင့်ပင်တည်း။ မတရားတရားစွဲဆိုခြင်းအတွက် လျော်ကြေး တောင်းခံနိုင်ခွင့် ပေးခြင်း၏ အဓိကသဘောမှာ မလိုမုန်းထားသူ တဦးသည် အခြားသူတဦးအား ရာဇဝတ်ခွန်းများကို အသုံးပြု၍ နှိပ်စက်ကလူ မပြုနိုင်စေကြောင်း၊ ဟန့်တားခြင်းပင် ဖြစ်သည်။ နစ်နာသူအားလည်း၊ လျော်ကြေးဖြင့် သက်သာမှုကို ပေးခြင်းပင်ဖြစ်သည်။

သို့ရာတွင် အယူခံတရားခံသည် ရာဇဝတ်မှုများ ဖွင့်လှစ် စွဲဆိုခဲ့သောအခါ၌ အကြောင်းအချက် လုံလုံလောက်လောက် ရှိသည်ဟူ၍၊ မူလရုံးတရားသူကြီးနှင့် ပညာရှိ ခရိုင် တရားမ တရားသူကြီးတို့ တွေ့ရှိခြင်းမှာမူကား မှားယွင်းသည်ဟု မဆိုသာပေ။ အယူခံတရားခံသည် ၎င်း၏ရွေနေကြီးက ရာဇဝတ်မှုကိုပိတ်ပြီး၊ တရားမမှု ဖွင့်လှစ်သင့်သည်ဟူ၍ အကြံပေးသည်နှင့်တပြိုင်နက်၊ ရာဇဝတ်မှုကိုပိတ်၍ တရားမမှုစွဲဆိုခဲ့သည်။ စွဲဆိုခဲ့သည့်အတိုင်းလည်း အနိုင်ရရှိခဲ့သည်။ ထို့ကြောင့် ရွေနေကြီးနှင့် စေ့စေ့စပ်စပ် ကြကြေသည်သည် မဘိုင်ပင်ရသေးမှိက ရာဇဝတ်ကြောင်း ဖွင့်လှစ်စွဲဆိုခဲ့မိခြင်းသည် အခြောင်း မသုံလောက်ဟူ၍လည်း မဆိုနိုင်။ တမင်သက်သက် သူတပါးအား နှိပ်စက်ကယူ ပြုလိုရှိ စွဲဆိုခဲ့ခြင်းဖြစ်သည်ဟူ၍လည်း မဆိုနိုင်ချေ။ မူလရုံးတွင် အယူခံတရားခံအဘက် လိုက်ပါဆောင်ရွက်ခဲ့သော ရွေနေကြီး ဦးတင်မောင် ကိုယ်တိုင်ကလည်း လျော်ကြေးရလိုမှုတွင် ကိုယ်တိုင် သက်သေခံ၍၊ မိမိကပင် မိမိ၏အမှုသည်အား အကြံဉာဏ်များ ပေးခဲ့ပါသည်။ ထိုအကြံဉာဏ်အတိုင်း လိုက်နာဆောင်ရွက်ခဲ့ခြင်း

၁၉၆၄

ဦးစံဝေ (ခေါ်) စရစ်အိမန် နှင့် ဂျက်ကရူး။

ဖြစ်ပါသည်ဟူ၍လည်း ထွက်ဆိုထားသည်ကို တွေ့ရသည်။ ဒေါ်ယုံနှင့် ဦးမင်းဆင်(၁) အမှုတွင် လူတဦးသည် မိမိ၏ရှေနေကြီးအား အချက်အလက် အစုံအလင် တင်ပြပြီး နောက်၊ ရာဇဝတ်ကြောင်း ဖွင့်လှစ်၍ စွဲဆိုခဲ့လျှင်၊ မတရား တရားစွဲဆိုမှုဖြင့် လျော်ကြေးပေးရန် အကြောင်းမရှိဟူ၍ စီရင်ထုံးပြုထားသည်ကို တွေ့ရသည်။ ဤအမှုတွင် မူကား၊ အယူခံဘရားခံသည် ရာဇဝတ်ကြောင်း ဖွင့်လှစ်၍ အရင် စွဲဆိုခဲ့သည်ကား မှန်၏။ သိရာတွင် ရက်များ မကြာမီအတွင်း၊ မိမိ၏ရှေနေကြီးအား အချက်အလက် အစုံအလင် တင်ပြပြီးနောက်၊ ရှေနေကြီး၏ အကြံပေးချက်အတိုင်း ရာဇဝတ်မှုကို ရုပ်သိမ်းကာ၊ တရားမမှု စွဲဆိုခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ထိုစီရင်ထုံး၏မူသည်၊ ဤအမှုနှင့်လည်း စပ်ဟပ်သည်ဟူ၍ ဆိုနိုင်ပေသည်။

ထို့ကြောင့် မူလရုံးနှင့် ပဌမအယူခံရုံးတို့က ချမှတ်ခဲ့သော စီရင်ချက် အမိန့်တို့သည် အမှုတွင် ပေါ်လွင်သော အချက်အလက်နှင့် သက်ဆိုင်သော ဥပဒေတို့ကို မှန်ကန်စွာ ကောက်ယူ ဆုံးဖြတ်ထားသော အမိန့်စီရင်ချက်တို့ ဖြစ်သည်ဟူ၍ ယူဆသည်။ ထို စီရင်ချက် အမိန့်တို့ကို စွက်ဖက်ပြင်ဆင်ရန် အကြောင်းမမြင်သဖြင့် အယူခံကို စရိတ်နှင့် တကွ ပလပ်လိုက်သည်။ ဤရုံးရှေနေခမျာ ၇၅ ဖြစ်စေရမည်။

(၁) ၁၉၄၀ ခုနှစ်၊ ရန်ကုန်စီရင်ထုံး ၈၁ ရှေ့၁။

တရားမ အယူခံမှု

တရားသူကြီးချုပ် ဦးဘိုကြီးနှင့် တရားသူကြီး ဦးစံမောင်ရွှေမှောက်တွင်

ဦးတိလောကပါ ၄ (အယူခံတရားလိုများ)*

နှင့်

ဦးဘိုးရပါ ၁၀ (အယူခံတရားခံများ)

၁၉၆၂ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်။

တရားမ ကျင့်ထုံးပုဒ်မ ၉၂ ဘုရားဆင်းတုတော်နှင့် ပတ်သက်၍ စွဲသောအမှု တရားမသေးမှုအဖြစ် မစစ်သင့်ခြင်း တရားသူကြီး၏တာဝန်မကင်း (Scheme) ကို ရေးဆွဲအတည်ပြုရန် ဖြစ်ခြင်း။

ဆုံးဖြတ်ချက်။ ။မြတ်စွာဘုရား၏ ဆင်းတုတော်တဆူကို၊ တရားဝင်စီမံအုပ်ချုပ်စီမံနိုင်သော အခွင့်အာဏာရရှိရေးအတွက်ရုံးတော်က ဆောင်ရွက်အမိန့်ချမှတ်ပါရန်၊ တရားမကျင့်ထုံးပုဒ်မ ၉၂ အရ တရားစွဲဆိုသောအမှုကို တရားမသေးမှုဖွင့်ပြီးစစ်ဆေးသည်မှာ မှားယွင်းသည်။ တရားမကြီးမှု အဖြစ် အမှုစစ်ဆေးခြင်းပြုရမည်ဖြစ်သည်။

ထို့ပြင် အမှုစစ်ဆေးသောတရားသူကြီးသည် တရားလိုများတင်သွင်း သောအုပ်ချုပ်မှုစကင်း (Scheme) ကို လေ့လာသုံးသပ်၍၊ တရားမကျင့်ထုံးပုဒ်မ ၉၂ အရ (Scheme) ဆွဲရမည်မှာ၊ ၎င်း၏တာဝန်ဖြစ်သည်။ တရားသူကြီးသည် စကင်းကို မသုံးသပ်ဘဲ၊ အမိန့်ဒီကရီချမှတ်ခြင်းသည်၊ မိမိ၏တာဝန်ဝတ္တရားကို ဆောင်ရွက်ရာမရောက်။

အယူခံတရားလိုအတွက်။ ။ဦးဘသန်း (၁)။

အယူခံတရားခံ ၁ မှ ၆ အတွက်။။ ။ဦးသန်းမောင်။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။ယခု အယူခံတရားခံ ဦးဘိုးရ ပါ ၆ ဦးတို့သည် အင်းစိန်ခရိုင် တိုက်ကြီးမြို့ရှိ၊ မဟာမြတ်မုနိ ဆင်းတုတော် ဝေယျာဝစ္စ အဝဝကို ကြီးကြပ်ဆောင်ရွက်ခဲ့သူများ ဖြစ်သည်ဆိုကာ၊ ယင်းသို့ ကြီးကြပ် ဆောင်ရွက်သည်ကို တရားဝင်အောင် စီမံအုပ်ချုပ်နိုင်သော အခွင့်အာဏာ ရရှိရေးအတွက်၊ ရုံးတော်က ဆောင်ရွက် အမိန့်ချမှတ်ပါရန်၊ တရားမကျင့်ထုံး ပုဒ်မ ၉၂ အရ၊ အင်းစိန်ခရိုင် ကော်လိတ်တော်အရာရှိ၏ သဘောတူညီချက်ဖြင့်၊ ဦးဘဘွား၊ ဦးလှဖေလေး၊ ဦးမောင်

---

* ၁၉၆၃ ခုနှစ်၊ တရားမ ပဌမအယူခံမှုအမှတ် ၇၃။

† ၁၉၆၃ ခုနှစ်၊ တရားမအသေးအဖွဲ့မှုအမှတ် ၄၂၂တွင်၊ အင်းစိန်မြို့ခရိုင်တရားမှုတရားသူကြီး ရုံးတော်၏ ချမှတ်သော ဒီကရီကို အယူခံဝင်မှု။

၁၉၆၄

ဦးတိလောက
ပါ ၄
နှင့်
ဦးဘိုးရ ပါ ၁၀။

တန်နှင့် ဦးစံမြတ်တို့အပေါ်၌ တရားစွဲဆိုလေသည်။ ထိုမူလတရားခံများက ကန့်ကွက်ခြင်းမပြုကြချေ။ သို့သော်၊ ထိုသို့တရားစွဲဆိုမှုနှင့် စပ်လျဉ်း၍၊ သတင်းစာများတွင် ကြေငြာသည်ကို တွေ့ရှိကြသော ဦးမောင်ကလေးနှင့် ဦးလှဘော်တို့က၊ ချေပကန့်ကွက်လွှာများတင်သွင်းကြလေသည်။ အမှုစစ်ဆေးရန် ချိန်းဆိုသောနေ့၌၊ တရားလိုများဘက်မှ သက်သေ တင်ပြစစ်ဆေးရန် အဆင်သင့် ရှိသော်လည်း၊ ကန့်ကွက်သူ ဦးလှဘော်သည် အမှုကို ချိန်းဆိုရန် တောင်းဆိုလေ၏။ ယင်းသို့ ချိန်းဆိုရသည့် အတွက်၊ တရားလိုများ ကုန်ကျစရိတ် ၅၀ ကို ကိုလည်း ပေးဆောင်ရန် သဘောတူညီသည်။ တောင်းဆိုသည့်အတိုင်း ချိန်းဆိုလိုက်ရာ၊ ချိန်းဆိုသည့်နေ့ ရောက်သော် အခါ၊ တရားလိုများနှင့် ၎င်းတို့၏ သက်သေများ လာရောက်ကြ၏။ ဦးလှဘော်လည်း လာရောက်၍၊ ရက်ချိန်းတဖန် တောင်းပြန်၏။ သို့သော်၊ မိမိပေးဆောင်ရန် တာဝန်ယူခဲ့သည့်သက်သေစရိတ်ငွေ ၅၀ ကို ကိုကား၊ မပေးဆောင်လိုကြောင်းနှင့် လျှောက်ထား၏။ ထို့ကြောင့်၊ ခရိုင်တရားမရုံးသည် အမှုကို စစ်ဆေးပြီး၊ အမိန့်ဒီကရီချမှတ်လိုက်၏။ ယင်းသို့ အမိန့်ချမှတ်သည်ကို မကျေနပ်သဖြင့်၊ ဦးလှဘော်နှင့် အပေါင်းပါ ၃ ဦးတို့က၊ ယခုအယူခံဝင်ကြသည်။ ၎င်းတို့၏ ပညာရှိရှေ့နေကြီးက၊ ခရိုင်တရားမရုံးသည်တရားမကျင့်ထုံး ပုဒ်မ ၉၂ အရ၊ တရားစွဲဆိုသည်ကို တရားမကြီးမှူ အဖြစ် အမှုစစ်ဆေးခြင်းမပြုဘဲ၊ တရားမသေး အမှုဖွင့်ပြီး စစ်ဆေးသည်မှာ၊ မှားယွင်းကြောင်းဖြင့် တင်ပြလေသည်။ ဤတင်ပြချက်မှာ မှန်ကန်၏။ သို့သော်၊ ယင်းသို့ တရားမသေးမှုဖွင့်၍ စစ်ဆေးရုံမျှနှင့်၊ အမှုပျက်ပျယ်သည်ဟု မဆိုနိုင်ပေ။ အောက်တွင် ဖေါ်ပြလတ်သော အမိန့်ရရှိလျှင်၊ အင်းစိန်ခရိုင်ရုံးသည် ယခုဖွင့်ပြီးဖြစ်သော တရားမသေးမှုကို၊ တရားမကြီးမှု အဖြစ်သို့ ပြောင်းလဲရပေမည်။

ထို့ပြင်လည်း၊ အင်းစိန်ခရိုင် ကော်လိုက်တော် အရာရှိပေးသော အခွင့်အမိန့်မှာ မပြည့်စုံသောကြောင့် ချို့ယွင်းချက်ရှိကြောင်းနှင့် လျှောက်လဲပြန် သေးသည်။ သို့သော် နောက်ဆုံး၌ ထိုအချက်နှင့် စပ်လျဉ်း၍ ဆက်လက် မပြောဆိုတော့ပါဟု ပညာရှိ ရှေ့နေကြီးကပန်ခံ၏။

ထိုမှတပါး၊ အင်းစိန်ခရိုင် တရားမရုံးသည် တရားလိုများ တင်သော ဆင်းတုတော်ကြီးဆိုင်ရာ အုပ်ချုပ်မှုစကင်း (Scheme) ကိုလေ့လာသုံးသပ်ခဲ့ဟန် မတူကြောင်း။ထို့ကြောင့်၊ ထို (Scheme) ကို ခရိုင်တရားမ တရားသူကြီးအား ပြန်လည်သုံးသပ်စေသင့်ကြောင်းနှင့် လျှောက်လဲပြန်၏။ ထိုအချက်မှာလည်း မှန်ကန်သည်ဟု ဤရုံးကယူဆသည်။တရားမကျင့်ထုံး ပုဒ်မ ၉၂ အရ၊ (Scheme) ဆွဲရမည်မှာ ခရိုင်တရားမရုံး၏ တာဝန်သာ ဖြစ်လေသည်။ ယခုမူကား၊ ခရိုင်တရားမ တရားသူကြီးသည် (Scheme) ကိုမည်သို့မျှ လေ့လာသုံးသပ်ခြင်းမပြုဘဲ၊ တရားလို

တို့ တရားစွဲဆိုသည့်အတိုင်း၊ အမိန့်ဒီကရီ ချမှတ်လိုက်ခြင်းမှာ၊ မိမိ၏ တာဝန်ဝတ္တရား
များကို ဆောင်ရွက်ရာမရောက်ချေ။

ယင်းသို့ဖြစ်၍ (Scheme) ကိုပြန်လည်သုံးသပ်ပြီး၊ ကန့်ကွက်လိုသူများ၏
ကန့်ကွက်ချက်များကို လက်ခံလေ့လာ၍၊တရားသူကြီးကိုယ်တိုင် (Scheme) တရပ်
ရေးဆွဲပြီး၊ အတည်ပြုရပေမည်။

ထိုမျှသာမကသေး၊ ခရိုင်တရားမ တရားသူကြီးသည် မည်သူအားမျှ ဂေါပက
လူကြီးများအဖြစ် ခန့်အပ်ခြင်း မပြုခဲ့သေးပေ။ တရားလိုများ၏ အဆိုလွှာ အပိုဒ်
၄ နှင့် ၅ ကို ထောက်သော်၊ ၎င်းတို့သည် မိမိတို့အား ဂေါပကလူကြီးများ အဖြစ်၊
တရားရုံးကခန့်အပ်စေလိုသ၍ (Scheme) တခုပ် ရေးဆွဲပေးရန်၊တရားစွဲဆိုသည်ဟု
ယူဆရပေမည်။

ထို့ကြောင့်၊ ခရိုင်တရားမရုံး၏ အမိန့်နှင့် ဒီကရီကို ပယ်ဖျက်ပြီးလျှင်၊ အထက်၌
ဖော်ပြခဲ့သည့်အတိုင်း လိုက်နာဆောင်ရွက်၍၊ အမိန့်ဒီကရီ အသစ်ချမှတ်ရန် ပြန်လည်
ပေးပို့သိုက်သည်။

အမှုသည်များသည် မိမိတို့ တရားစရိတ်ကို မိမိတို့ အသီးသီး ကိုယ်တိုင်ကျခံကြ
ရမည်ဖြစ်သည်။ သို့သော်၊ အမှုဖွင့်ဆိုင်းစရိတ်ငွေ ၅၀ အတွက်၊ တရားလိုများသည်
ဦးလှဘော် အပေါ်၌၊ ဇာနီပြုလုပ်နိုင်ပေမည်။ ။

၁၉၆၄

ဦးတိလောက ပါ ၄ နှင့် ဦးဆိုးရ ပါ ၁၀။

တရားမ အယူခံ

တရားသူကြီးချုပ် ဦးဘိုကြီးနှင့် တရားသူကြီး ဦးစံမောင်တို့ရှေ့တွင်

† ၁၉၆၄
မတ်လ ၁၃ ရက်။

ဦးထင်အောင် (အယူခံတရားလို)

နှင့်

ဦးတင်အုန်း (အယူခံတရားခံ)*

ငါးရမ်းခြင်း၊ ရွှေပြောင်းနိုင်သော ပစ္စည်းကို ငှါးရမ်းခြင်း၊ ကတိပျက်ကွက်မှုကိစ္စ။

ငှါးရမ်းသော မော်တော်ကို အငှါးကတိစာချုပ်သက်တမ်း မစေ့မီ ၂ လအချိန်တွင် ပြန်အပ်သော်လည်း၊ ငှါးသူက ထိုသို့ကတိပျက်သည့်အတွက်၊ ကျန်ငှါးရမ်းခကို မတောင်းဆိုနိုင်။

မော်တော်သဘော်ကို ငှါးရမ်းရာ၌၊ အိမ်စသည့် မရွှေပြောင်းနိုင်သော ပစ္စည်းကို ငှါးရမ်းသည် မဟုတ်၊ ရွှေပြောင်းနိုင်သော ပစ္စည်းကို ငှါးရမ်းခြင်းသာဖြစ်သည်။

ကတိပျက်ကွက်သည့်အတွက်၊ လျော်ကြေးမည်မျှရထိုက်သည်ဆိုသည့် အချက်နှင့် စပ်လျဉ်း၍၊ ပဋိညာဉ်အက်ဥပဒေပုဒ်မ (၇၄) ၏ ပြဋ္ဌာန်းချက်များကို ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။ ထိုပုဒ်မအရ မော်တော်ငှါးသူသည်၊ စာချုပ်တွင် သတ်မှတ်ထားသော လျော်ကြေးထက်ပိုမို၍ ကောင်းဆိုခွင့်မရှိ။

ထို့ပြင် လျော်ကြေးငွေကို သတ်မှတ်ရာ၌၊ ပဋိညာဉ်အက်ဥပဒေပုဒ်မ (၇၃) ရှင်းလင်းချက်ပါ ပြဋ္ဌာန်းချက်များအရ၊ မော်တော်ကို ပြန်အပ်ပြီးသည့်အခါ၌၊ ထပ်မံငှါးရမ်းမည့်သူ ရှိမရှိဆိုသော အချက်ကိုပါ ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။

အယူခံတရားလိုအတွက်။ ။ဦးဩ။

အယူခံတရားခံ အတွက်။ ။ဦးထွန်းလွင် (၃)။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။ဤအမှုတွင်၊ အငြင်းမပွါးသည့် အချက်များမှာ၊ ၁၉၅၈ ခုနှစ်၊ မေလ ၁၂ ရက်နေ့၌အယူခံတရားလို ဦးထင်အောင်နှင့် အယူခံတရားခံ ဦးတင်အုန်းတို့သည် သဘော်အငှားကတိစာချုပ် ချုပ်ဆိုကြ၍၊ ဦးတင်အုန်းပိုင် မော်တော်သဘော်ကို၊ ထိုနှစ်မေလ ၂၆ ရက်နေ့မှ၊ ၄ လ တိတိ၊ တလလျှင်ငှါး ရမ်း

---

* ၁၉၆၃ ခုနှစ်၊ တရားမ ပဌမအယူခံမှုအမှတ် ၆၇။

† ၁၉၆၂ ခုနှစ်၊ တရားမကြီးမှုအမှတ် ၆၃ တွင်၊ ရန်ကုန်မြို့တော် တရားမ တရားသူကြီးချုပ်ရုံးတော်၏ ချမှတ်သော ဒီကရီကို အယူခံဝင်မှု။

၁ အသားတင်ငွေ ကျပ် ၉,၀၀၀ ဖြင့် ငှါး ရမ်းလိုက်၏။ ထိုစာချုပ်အပိုဒ် ၂ တွင် အောက်ပါအတိုင်း ပါရှိ၏။

၁၉၆၄

ဦးထင်အောင် နှင့် ဦးတင်အုန်း။

"ငှါး ရမ်းသူက ပိုင်ရှင်သို့ တလခအတွက် စပေါ်အဖြစ် ပေးသွင်းထား၍ ၎င်းသဘော်ကို ငှါးသူလက်အပ်ပြီး၊ ၁၅ ရက်အတွင်း ငွေ ၄,၅၀၀ ကျပ် ထပ်မံပေးသွင်းရုပါမည်။ ၎င်းငှါးသူမှ ငှါးရမ်းသည့်နေ့မှစ၍ တလပြည့်တိုင်း ပြည့်တိုင်း လခငွေ ၉,၀၀၀ ကျပ်ပြည့်အောင်ကို ဖြည့်၍ ပေးသွင်းရုပါမည်။ ပျက်ကွက်ပါက၊ သဘော်ပိုင်ရှင် ဖြစ်စေ၊ကိုယ်စားလှယ်ကဖြစ်စေ တွေ့ရာနေရာ တွင် သဘော်ကို ပြန်လည်သိမ်းယူပိုင်ခွင့် ရှိသည့်ပြင်၊ ပေးထားသော စပေါ် ကိုပါ သိမ်းဆည်းယူရုပါမည်။"

အထက်ဖော်ပြပါ အတိုင်းဆိုလျှင်၊ ငှါး ရမ်းသူ ဦးထင်အောင်က၊ ပိုင်ရှင်ဦးတင်အုန်း ထံ စပေါ်အဖြစ် တလခအတွက်ငွေ ၉,၀၀၀ ကျပ် တင်ကြိုပေးသွင်းထားပြီး၊ လဝက် ရောက်သောကာလ၊ ငှါးရမ်းခ အချို့ကျငွေ ၄,၅၀၀ ကျပ်ခန့်မ်ပြီး ဖြစ်သဖြင့် ဖြည့် စွက်၍ငွေ ၄,၅၀၀ ကျပ် ပေးသွင်းပြီး၊ လစဉ်အာမခံအဖြစ် တင်ကြိုပေးငွေ ကျပ် ၉,၀၀၀ ငှါး သူထံ၌ ထားရှိရမည်ဖြစ်သည်။

ဦးထင်အောင်သည် မော်တော် သဘော်ကို၊ ၁၉၅၈ ခုနှစ်၊ မေလ ၂၆ ရက်နေ့မှ၊ ထိုနှစ် ဇူလိုင်လ ၂၆ ရက်နေ့အထိ အသုံးပြုပြီးနောက်၊ ထိုဇူလိုင်လ ၂၆ ရက်နေ့တွင် ဦးတင်အုန်းသို့ မော်တော်သဘော်ကို ပြန်အပ်၏။ ထိုသို့ ပြန်အပ်သည့် အချိန်၌ အင့်းကတိစာချုပ် သက်တမ်းမှာ ၂ လ ကျန်သေး၏။ ဦးထင်အောင်က၊ မော်တော် သဘော်ကို ဦးတင်အုန်း သဘောတူကြေနပ်သဖြင့် ပြန်လည် ပေးအပ်ကြောင်းနှင့် အဆိုရှိ၏။ သို့သော် ဦးတင်အုန်းက ဦးထင်အောင်သည် ထိုမော်တော် သဘော်ဖြင့် အလုပ် လုပ်သည်မှာ အကျိုးမရှိသဖြင့် ပြန်အပ်သည်ဟုဆို၏။ ဦးတင်အုန်း၏ ထွက် ချက်ကို၊ ဦးပု၊ မောင်တင်လှိုင်နှင့်၊ ကိုခွန်ကြီးတို့က ထောက်ခံကြ၏။ ဦးထင်အောင် ကလည်း၊ ကိုယ်တိုင်အစစ်ခံပြီး ဦးဘိုနီအား သက်သေထူ၏။ မူလရုံးတရားသူကြီးသည် ဦးထင်အောင်၏ သက်သေထွက်ချက်များကို အသေးစိတ် လေ့လာပြီးနောက်၊ လက် မခံခဲ့ချေ။ ဦးထင်အောင်၏ ထွက်ချက်တွင်၊ ပဋမလဋ္ဌ မော်တော်သဘော်ကို အသုံး ပြုပြီးနောက်၊ ဦးတင်အုန်းက တောင်းပန်သဖြင့်၊ ဒုတိယလတွင် ဆက်လက်အသုံးပြု ကြောင်းထွက်ဆို၏။ ဦးဘိုနီကမူကား၊ ဦးတင်အုန်းသည် ဦးထင်အောင်၏ ကိုယ်စား လှယ်ဖြစ်သူ ကိုအောင်ယုန့် အဆင်မပြေသဖြင့်၊ မော်တော် သဘော်ကို ငှါးရမ်းခြင်း ရပ်စဲလိုက်သည်ဟု ထွက်ဆို၏။ ထိုသက်သေ နှစ်ယောက်သည် အရေးကြီးသော အချက်၌ လွန်စွာမှပင် ကွဲလွဲစွာထွက်ဆိုကြ၏။ ထို့ပြင်လည်း၊ တရားမစွဲမီ၊ ဦးတင်အုန်း

၁၉၆၄
ဦးထင်အောင်
နှင့်
ဦးတင်အုန်း။

ထံမှ နို့တစ်စာကို၊ ဤအမှုပါအကြောင်းခြင်းရာများနှင့် စပ်လျဉ်း၍ ရရှိသော်လည်း၊ ဦးထင်အောင် ပြန်ကြားခြင်းမပြုခဲ့ပေ။ ဦးတင်အုန်းနှင့် ၎င်းထူသော သက်သေများ ထွက်ဆိုသည်မှာ၊ ယုတ္တိတန်သည်ဟု ယူဆရပေမည်။ မော်တော် သဘော်ကိုတလလျှင် ငွေ ၉,၀၀၀ ကျပ်နှင့် ၄ လအတွက် ငှါး ရမ်းခဲ့ရာ၊ လုံလောက်သော အကြောင်းမရှိဘဲ၊ ဦးတင်အုန်းသည် ၂ လငှါး ရမ်းပြီးနောက်၊ ငှါး ရမ်းခြင်းကို ရပ်စဲမည် မဟုတ်ပေ။ ဦးတင်အုန်း ထူသော သက်သေများ၏ ထွက်ဆိုချက်များအရ၊ မော်တော်သဘော်ကို ပြန်အပ်သည့်အခါ၌၊ စကားများကြသေးကြောင်း ပေါ်လွင်၏။ ထို့ကြောင့်၊ မော်တော်သဘော်ကို ၂ လသုံးပြီး၊ ဦးတင်အုန်းလက်မခံလိုသော်လည်း၊ဦးထင်အောင် ပြန်အပ်သည်ဟု မူလရုံးယူဆသည်မှာ၊ မှန်ကန်သည်ဟု ဆိုရပေမည်။

မူလရုံးက ကျန် ၂ လအတွက် တလလျှင်ငွေ ၉,၀၀၀ ကျပ်ကျနှင့် ငွေ ၁၈,၀၀၀ ကျပ်ကို ငှါး ရမ်းခအဖြစ် ဦးထင်အောင်က ပေးဆောင်ရန် အမိန့်ချမှတ် လိုက်သည်။ ဦးထင်အောင် ကတိပျက်ကွက်သည်မှာ ထင်ရှား၏။ သို့သော်၊ ယင်းသို့ ဦးထင်အောင် ကတိပျက်ကွက်သည့်အတွက်၊ ဦးတင်အုန်း မည်သည့်သက်သာခွင့်မျိုး ရထိုက်သည် ဆိုသည့်အချက်ကိုစဉ်းစားရပေမည်။ မော်တော် သဘော်ကို ငှါး ရမ်းရာ၌၊ အိမ်စသည့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းကို ငှါး ရမ်းသည်မဟုတ်၊ ရွှေ့ပြောင်း နိုင်သောပစ္စည်းကို ငှါး ရမ်းခြင်းသာဖြစ်သည်။

Woodfall ပြုသော (၂၅)ကြိမ်မြောက်ထုတ်၊ အိမ်ရှင်အိမ်ငှါးကျမ်း စာမျက်နှာ ၂ တွင်၊အောက်ပါအတိုင်း မြင်ဆိုထား၏။

> **"*Demise.*—It is essential for the establishment of the relationship of landlord and tenant that there should be a** demise. The relationship can therefore exist only in respect **of land, there being included in the term 'land' both corporeal hereditaments, such as buildings, mines, and land in the popular sense of the word, and incorporal hereditaments, such as franchises, easements, profits, etc. Although live stock and other chattels may be let on lease, a lease of them does not constitute a demise but is merely a hiring, and does not give rise to the relationship of landlord and tenant."**

ထို့ကြောင့် ယခုအမှုတွင် ဦးတင်အုန်းသည် ဦးထင်အောင် ကတိပျက်ကွက်သော ကြောင့် ကျန် ၂ လအတွက်ငှါးရမ်းခကို မတောင်းဆိုနိုင်ပေ။

ဂျိုဂင်ဒရာ နှင့် ကူးပါး (၁)တွင်၊ ဂိုဒေါင်ငှါး ရမ်းသည့် ကိစ္စ၌ပင်၊ ငှါး ရမ်းသည့် သက်တမ်း မကုန်ဆုံးမီ ငှါး ရမ်းသူက၊ ဂိုဒေါင်ကို ပြန်အပ်သည့် အခါမျိုး၌၊ ဂိုဒေါင် ရှင်သည် ငှါး ရမ်းခရရှိရန် မစွဲဆိုနိုင်ကြောင်း။ ပဋိညာဉ် ပျက်ကွက်သည့်အတွက် လျော်ကြေးငွေ ရရှိရန်သာ စွဲဆိုနိုင်ကြောင်းနှင့် အဆုံးအဖြတ်ပြုခဲ့လေသည်။

၁၉၆၄

ဦးထင်အောင် နှင့် ဦးတင်အုန်း။

အထက်ပေါ်ပြပါ အကြောင်းများကြောင့်၊ မော်တော် သဘော်ပိုင်ရှင် ဦးတင်အုန်း သည် ထိုမော်တော်သဘော်ာ ကိုငှါး ရမ်းသူ ဦးထင်အောင်၏ ကတိ ပျက်ကွက်မှုကြောင့် လျော်ကြေး ရရှိရန်ကိုသာ တရားစွဲဆိုနိုင်ကြောင်းဖြင့် ဆုံးဖြတ်ရပေမည်။

ဦးတင်အုန်း လျော်ကြေး မည်မျှရထိုက်သည် ဆိုသည့် အချက်နှင့်စပ်လျဉ်း၍ ပဋိညာဉ်အက်ဥပဒေ ပုဒ်မ ၇၄ ပါ ပြဋ္ဌာန်းချက်များကို ထည့်သွင်း စဉ်းစားရပေမည်။ ထိုပြဋ္ဌာန်းချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

> **"When a contract has been broken, if a sum is named in the contract as the amount to be paid in case of such breach, or if the contract contains any other stipulation by way of penalty, the party complaining of the breach is entitled. Whether or not actual damage or loss is proved to have been caused thereby, to receive from the party who has broken the contract reasonable compensation not exceeding the amount so named or, as the case may be, the penalty stipulated for."**

ယင်းသို့ဖြစ်ရာ၊ ဦးတင်အုန်းသည် အငှါးစာချုပ်တွင် သတ်မှတ်ထားသော လျော်ကြေးထက် ပိုမို၍ လျော်ကြေးတောင်းဆို နိုင်ခွင့်မရှိချေ။ အထက်၌ ဖေါ်ပြခဲ့သည့် အငှါး ကတိ စာချုပ်တွင် ပဋိညာဉ် ပျက်ကွက်က၊ ဦးတင်အုန်း တင်သွင်းသောငွေ ၉,၀၀၀ ကျပ်ကိုသိမ်းယူရရှိနိုင်သည်ဟု ဖေါ်ပြထားသည်ဖြစ်ရာ၊ မည်သည့် နည်းနှင့်မဆို ထိုငွေ ၉,၀၀၀ ကျပ်ထက်ကျော်လွန်၍ ရနိုင်မည်မဟုတ်ပေ။ မော်တော်သဘော်ာကို အသုံးပြုပြီးသော ၂ လအတွက် ဦးထင်အောင် တင်သွင်းသော စပေါ်ငွေအပါအဝင် ငှါး ရမ်းခငွေ ၁၇,၀၀၀ ကျပ် ဦးတင်အုန်းရရှိပြီး ဖြစ်သည်။ လျော်ကြေးငွေကို သတ်မှတ်ရာ၌ ပဋိညာဉ်အက်ဥပဒေပုဒ်မ ၇၃ ရှင်းလင်းချက်ပါ ပြဋ္ဌာန်းချက်များအရ၊ ဦးတင်အုန်းသည် မော်တော်သဘော်ာကို ပြန်လည်ရရှိ ပြီးနောက်၊ ထိုသဘော်ာကို ငှါး ရမ်းရန် အခြေအနေ ရှိမရှိကိုလည်း ထည့်သွင်းစဉ်းစား ရပေမည်။ ဦးတင်အုန်းက သဘော်ာကို ငှါး ရမ်းမည့်သူ မရှိသဖြင့် အသုံးမပြုဘဲ ထားရကြောင်း ထွက်ဆို၏။ ဦးထင်အောင်က မူကား၊ ဦးစိန်သန်းကို သက်သေထူပြီးလျှင်၊ ဦးစိန်သန်းသည် ထို

(၁) အေ၊အိုင်၊အာ၊ ၁၉၂၃ ကာလကတ္တား ၆၃။

၁၉၆၄

ဦးထင်အောင် နှင့် ဦးတင်အုန်း။

သဘော်ဘကို အသုံးပြုကြောင်းနှင့် ခေျပ၏။ ဦးစိန်သန်း၏ သက်သေခံချက်ကို မူလရုံးက လက်မခံခဲ့ခေျ။ ဦးစိန်သန်းသည် မော်တော်သဘော်ဘကို ငှါးသည်ဆိုထုင်၌၊ ငှါးရမ်းခ မည်မျှပေးရသည် စသည်တို့ကို မပြောဆိုနိုင်သဖြင့် ၎င်း၏ ထွက်ဆိုချက်ကိုမူလရုံး လက်မခံသည်မှာ မှားယွင်းသည်ဟု မဆိုနိုင်ပေ။

ဓါတ်ဆီနှင့် မော်တော်သဘော်ဘအတွက် အသုံးပြုသော အခြားဆီများနှင့် ပတ်သက်၍ ဦးတင်အုန်းကငွေ ၁,၀၀၀ ကျပ်ရရှိရန်စွဲဆိုရာ၊ ထိုပစ္စည်းများကို ရရှိကြောင်း ဦးထင်အောင်နှင့် ၎င်း၏ကိုယ်စားလှယ် ဦးဘိုနီတို့က ဝန်ခံခဲ့၏။ တန်ဘိုးနှင့်စပ်လျဉ်း၍ အငြင်းမထွက်ခေျ။ ထို့ကြောင့်၊ ထိုငွေ ၁,၀၀၀ ကျပ်ကိုလည်း ဦးထင်အောင်ကပေးဆောင်ရမည်ဖြစ်သည်။

အထက်ပါပြုပါ အကြောင်းများကြောင့် မူလရုံး၏အမိန့်နှင့် ဒီကရီကို ပြင်ပြီးလျှင်၊ ဦးထင်အောင်က၊ ဦးတင်အုန်းအား ကတိပျက်ကွက်သည့် အတွက်၊ လျော်ကြေးငွေ ၉,၀၀၀ ကျပ်နှင့် ဓါတ်ဆီစသည့် ပစ္စည်းများအတွက် ငွေ ၁,၀၀၀ ကျပ် စုစုပေါင်းငွေ ၁၀,၀၀၀ ကျပ် ပေးဆောင်စေရန် အမိန့်ချမှတ်လိုက်သည်။

အမှုသည်များသည် ရုံးနှစ်ရုံးအတွက် ကျသင့်သော တရားစရိတ်များကို၊ အချိုးကျ စံနှုန်းဖြင့် ကျခံရမည်ဖြစ်သည်။

ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီး ဦးထွန်းတင် ရှေ့တွင်

ဦးအဆိုင် † ၁၉၆၄

နှင့် မတ်လ ၁၃ ရက်။

ပြည်ထောင်စု မြန်မာနိုင်ငံ (ဦးဘသိန်း)*

ပြည်သူနှင့် သက်ဆိုင်သည့်ပစ္စည်း (public property) သမဝါယမအသင်းများ။ ပစ္စည်း ၁၉၆၃ ခုနှစ်၊ ဥပဒေအမှတ် (၁) ၏ ဖြည့်စွက်ချက် နောက်ကြောင်းပြန် အခွင့်အရေး (retrospective effect) ရှိမရှိ။

ဆုံးဖြတ်ချက်။ ။၁၉၆၃ ခုနှစ်၊ဥပဒေအမှတ် (၁) တွင် သမဝါယမအသင်းများသည်၊ အများနှင့် သက်ဆိုင်သည့်ပစ္စည်းတွင် အကျုံးဝင်ကြောင်းနောက်ထပ်ဖြည့်သွင်းခဲ့သော်လည်း ၎င်းဥပဒေမှာ မြို့က်ဖေါ်သည့် ဥပဒေသာဖြစ်၍ နောက်ကြောင်းပြန် အခွင့်အရေး (retrospective effect) ရှိသည်ဟု မယူဆနိုင်။ အဘယ်ကြောင့်ဆိုသော်၊ ၁၉၄၇ ခုနှစ်၊အများပြည်သူပိုင်ပစ္စည်းကာကွယ်ရေး ဥပဒေပုဒ်မ ၂ (၁) တွင် ပြည်သူပိုင်ပစ္စည်းများမှာ မည်သည့်ပစ္စည်းများဆိုသည်ကို ဖေါ်ပြထားသည်မှာ ရှင်းလင်းပြတ်သားနေပြီး၊ ဝိဓါဒဖြစ်စရာမရှိသဖြင့်၊ ၎င်းအချက်နှင့် ပတ်သက်၍ မြို့က်ဖေါ်ပေးရန် လိုအပ်သည်ဟု မတွေ့ရ၊ ထိုကဲ့သို့ လိုအပ်ကြောင်းလည်း ၁၉၆၃ ခု၊ ဥပဒေအမှတ် ၁ တွင် ပြဆိုထားခြင်းမရှိ။

သို့ဖြစ်၍ သမဝါယမအသင်းပိုင် ပစ္စည်းကို ထိုဥပဒေပြဋ္ဌာန်းမှု အလွဲသုံးစားပြုလုပ်ခြင်းဖြင့် တရားစွဲဆိုခြင်းခံရသူသည်၊ ပြည်သူပိုင်ပစ္စည်းကို အလွဲသုံးစားပြုသည်ဟု မဆိုနိုင်သဖြင့် လွှတ်ငြိမ်းချမ်းသာခွင့်အမိန့်အပိုဒ် (၁) တွင် အကျုံးမဝင်။ အမှုကို မပိတ်နိုင်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။ဦးကျော်ထွန်း။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။ဦးမြရှိန် (အစိုးရရှေ့နေကြီး)။

တရားသူကြီး ဦးထွန်းတင်။ ။ယခု အမှုမှာ၊ လျှောက်ထားသူ၊ ခရမ်းမြို့၊ စားသုံးသူများသမဝါယမ အသင်းလီမိတက်၏ ဒေါ်ထိန်းဖြစ်သူ ဦးအဆိုင် ပေါ်၊ အသင်းပိုင် ငွေပေါင်း ၁၇,၉၇၅ ကျပ် ၆၇ ပြားကို အလွဲသုံးစားပြုလုပ်လိုက်သည်ကို ၁၉၅၉ ခု၊ မေလ

---

* ၁၉၆၄ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁၄ (၁)။

† ၁၉၆၁ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၇၈ တွင်၊ ချမှတ်သော ၁၉၆၃ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်နေ့စွဲပါ၊ သံလျင်မြို့၊ စတုတ္ထရာဘက်ရာဇဝတ်တရားသူကြီး (အထူး) ၏ အမိန့်ကိုပြန်၍ ဆင်ခြင်မှု။

၁၉၆၄

ဦးအဆိုင်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ
ဦးဘသိန်း။

၁၇ ရက်နေ့တွင် တွေ့ရှိရသည်ဆိုး၍၊ အသင်း၏ ဥက္ကဋ္ဌဖြစ်သူ ဦးဘသိန်း၏ တိုင်တန်း ချက်အရ၊ ရာဇသတ်ကြီး ပုဒ်မ ၄၀၉ အရ၊ ၁၉၆၁ ခု၊ ဇူလိုင်လ ၁၀ ရက်နေ့က တရားစွဲဆိုခဲ့သည်။

အမှုကို စစ်ဆေးနေစဉ်အတွင်း ၁၉၆၃ ခု၊ ဖြေ့လ ၁ ရက်နေ့တွင် လွှတ်ငြိမ်း ချမ်းသာခွင့်အမိန့်ကို ကျေညာခဲ့သဖြင့်၊ လျှောက်သူသည် ထိုအမိန့်အရ အကျိုး ခံစားခွင့် ရှိမရှိကို ဆင်ခြင်ရာ၌၊ နှစ်ဘက်သော ရှေ့နေကြီးများအား ကြားနာပြီး၊ အခြင်းဖြစ်စဉ် သမဝါယမ ဆိုင်ပစ္စည်းများမှာ အသင်းသားများနှင့်သာ သက်ဆိုင်သည့် ပုဂ္ဂလိက ပစ္စည်းဖြစ်ပြီး၊ အများပြည်သူနှင့် သက်ဆိုင်သည့် ပစ္စည်း (**Public property**) မဖြစ်သေး။ ၁၉၆၃ ခု၊ ဖေဖော်ဝါရီလ ၁၉ ရက်နေ့က၊ တော်လှန်ရေး ကောင်စီမှထုတ်ပြန်ခဲ့သည့် ၁၉၆၃ ခု၊ ဥပဒေအမှတ် ၁ တွင်မှသာ၊ သမဝါယမ အသင်းသည် အများနှင့် သက်ဆိုင်သည့် ပစ္စည်းတွင် အကျုံးဝင်ကြောင်း နောက်ထပ် ဖြည့်ဆွဲခဲ့ရကား၊ အခြင်းဖြစ်စဉ် လျှောက်သူသည် ပုဂ္ဂလိကပိုင်ပစ္စည်းကို အလွဲ သုံးစားပြုလုပ်ခဲ့သည်ဟု ယူဆရမည်ဖြစ်၍၊ အမှုကို တိုင်တန်းသူမှာလည်း ထိခိုက် နစ်နာသူများကိုယ်စား၊ ဥက္ကဋ္ဌက တိုင်တန်းခဲ့သဖြင့်၊ လျှောက်သူသည်၊ လွှတ်ငြိမ်း ချမ်းသာခွင့်အမိန့်အပိုဒ် ၁ အရ၊ အကျိုးခံစားခွင့်မရှိ၊ အမှုမှာ ထိုအမိန့်၏ အပိုဒ် (၂)(ခ) နှင့်သာ သက်ဆိုင်သဖြင့်၊ အမှုကို ဆက်လက် စစ်ဆေးမည်ဟု အမိန့်ချမှတ်ခဲ့ လေသည်။

ထိုအမိန့်ကိုမကျေနပ်၍ လျှောက်သူက၊ ဟံသာဝတီနှင့် ရန်ကုန်ခရိုင် စက်ရှင် တရားသူကြီးရုံး၊ ၁၉၆၃ ခု၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁၁၇ တွင် ပြင်ဆင်မှုတင်သွင်းရာ၊ စက်ရှင်တရားသူကြီးက၊ ၁၉၆၃ ခု၊ ဥပဒေအမှတ် ၁ အရ၊ သမဝါယမ ပစ္စည်းများသည် အများပြည်သူပိုင် ပစ္စည်းဖြစ်သည်ဟု ထည့်သွင်းကြော်ငြာခဲ့ခြင်းမှာ၊ အဝိပ္ပါယ်ရှင်း လင်းစေရန်ဖော်ပြသည့် ဥပဒေမျိုး ဖြစ်သဖြင့်၊ ၎င်းဥပဒေသည် နောက်ကြောင်း ပြန်အခွင့်အရေး (**Retrospective effect**) ရှိသည်ဟု ယူဆရမည်ဖြစ်၍ ယခု အမှုတွင်ပါဝင်သည့် သမဝါယမဥဒ္ဒေများသည် ထိုဥပဒေအရ၊ အများပြည်သူပိုင်ပစ္စည်း ဖြစ်သည်ဟုသာ ယူဆသင့်သဖြင့်၊ လျှောက်သူသည် လွှတ်ငြိမ်းချမ်းသာခွင့် အမိန့် အပိုဒ် (၁) အရ အကျိုးခံစားခွင့် ရှိသည့်အတိုင်း၊ အမှုကိုပိတ်၍ လျှောက်သူအား လွှတ်ရန်အမိန့်တရပ် ချမှတ်ပေးပါရန် ထောက်ခံပေးပို့ခဲ့လေသည်။ ထိုသို့ ယူဆ သင့်ကြောင်းကို စက်ရှင် တရားသူကြီးက၊ **Swaminatha** ပ. **Ramanatha** (၁) စီရင်ထုံးပေါ် ကိုးကားဖော်ပြခဲ့လေသည်။ သို့သော်၊ စက်ရှင်တရားသူကြီး ပြဆို

(၁) (1943) Madras,573.

သကဲ့သို့ ၁၉၆၃ ခု၊ ဥပဒေအမှတ် ၁ မှာ၊ မြွက်ဖော်သည့် ဥပဒေသာဖြစ်၍ နောက်ကြောင်းပြန် အခွင့်အရေး ရှိပေသည်ဟု ယူဆသည်မှာ လက်ခံနိုင်ရန် ခဲယဉ်းသည်။ အဘယ့်ကြောင့်ဆိုသော်၊ ၁၉၄၇ ခုနှစ်၊ အမျှားပြည်သူပိုင် ပစ္စည်းကာကွယ်ရေး ဥပဒေပုဒ်မ ၂(i) တွင် ပြည်သူပိုင်ပစ္စည်းများမှာ မည်သည့်ပစ္စည်းများ ဆိုသည်ကို ဖော်ပြထားသည်မှာ ရှင်းလင်းပြတ်သားနေပြီး၊ ဝိဝါဒဖြစ်စရာမရှိသဖြင့်၊ ၎င်းအချက်နှင့် ပတ်သက်၍ မြွက်ဖော်ပေးရန် လိုအပ်သည်ဟု မထင်ရ။ ထို့ကဲ့သို့ လိုအပ်ကြောင်းလည်း ၁၉၆၃ ခု၊ ဖေဖော်ဝါရီလတွင် တော်လှန်ရေး ကောင်စီမှ ထုတ်ခဲ့သော ရည်ညွှန်းသည့် ဥပဒေအမှတ် ၁ တွင် ပြဆိုထားခြင်းမရှိ၊ ထိုဥပဒေကို ပြဋ္ဌာန်းခဲ့သည်မှာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်နှင့်အညီ အမျှားသောလုပ်သား ပြည်သူတို့၏ အကျိုးငှါ ၎င်းတို့၏ အခွင့်အရေးကို ထိခိုက်လာက၊ ထိရောက်စွာ အရေးယူနိုင်စေရန် ရည်စူး၍၊ သမဝါယမ ပစ္စည်းကို အမျှားပြည်သူပိုင် ပစ္စည်းအဖြစ် ၁၉၄၇ ခု၊ ပြည်သူပိုင်ပစ္စည်းကာကွယ်ရေး ဥပဒေအရ အရေးယူနိုင်စေရန် ရည်သန်၍ ထည့်သွင်းခဲ့ခြင်းသာ ဖြစ်ပေသည်။ ယခင်ကဆိုမူ ထိုပစ္စည်းမျိုးနှင့် ပတ်သက်၍၊ ရာဇသတ်ကြီး ပုဒ်မ ၃၇၉၊ ၄၀၃ သို့မဟုတ် ၄၀၆ အရသာ အရေးယူနိုင်သောကြောင့် ဖြစ်ပေသည်။ သို့ဖြစ်ရကား ၁၉၆၃ ခု၊ တော်လှန်ရေး ကောင်စီ ဥပဒေ အမှတ် ၁ သည်၊ စက်ရှင်တရားသူကြီး ပြဆိုသကဲ့သို့ မြွက်ဖော်သည့် ဥပဒေသာ ဖြစ်ဟန်လက္ခဏာရှိပေသည်ဟုဆိုသည်မှာမမှန်။ သီးခြားပြုလုပ်ခဲ့သော ဥပဒေ ဖြစ်သဖြင့်၊ ၎င်းဥပဒေမှာ နောက်ကြောင်းပြန် အခွင့်အရေး (**Retrospective effect**) ရှိသည်ဟု ယူဆရန် မရှိရကား၊ လျှောက်သူသည် လွှတ်ငြိမ်းချမ်းသာခွင့် အမိန့်အပိုဒ် ၁ အရ၊ အကျိုးခံစားခွင့်ရှိပါသည်ဟု စက်ရှင်တရားသူကြီး၏ ထောက်ခံချက်ကို လက်ခံနိုင်ရန် မဖြစ်ပေ။

၁၉၆၄

ဦးအဆိုင်နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ ဦးဘသိန်း။

ဤပြဿနာအကြောင်းများကြောင့်၊ အမှုတွဲကို အထက်ပါ မှတ်ချက်များနှင့်ပြန်လည်ပေးပို့ရန် အမိန့်ချမှတ်လိုက်သည်။

တရားမ အယူခံမှု

တရားသူကြီးချုပ် ဦးဘိုကြီး ရွှေတွင်

† ၁၉၆၄
ဖေဖော်ဝါရီလ
၁၁ ရက်။

ဦးမြတ်ထင်ပါ ၃ (အယူခံတရားလိုများ)

နှင့်

ဒေါ်ကျင်ယုံ ပါ ၂ (အယူခံတရားခံများ)*

ဟန်ဆောင်စာချုပ် သက်သေခံဥပဒေပုဒ်မ ၉၁ နှင့် ၉၂၊ ဟန်ဆောင်စာချုပ်ဖြစ်ကြောင်းသက်သေ တင်ပြနိုင်ခြင်း ပုဒ်မ ၉၂ ခြွင်းချက် (၁) ၏ အဓိပ္ပါယ်။

အမှုပါအိမ်နှင့် မြေနှင့်ပတ်သက်သော အရောင်းအဝယ်၏စာချုပ်သည်၊ အရောင်းအဝယ်စာချုပ် မဟုတ်ဘဲ၊ ချေးငွေအတွက် အာမခံသဘောဖြင့် ချုပ်ဆိုထားသော စာချုပ်သာဖြစ်ကြောင့် တရားခံများက ချေပသည်တွင်၊ ယင်းသို့ချေပသည့်အတိုင်း သက်သေတင်ပြနိုင်သလောဟူသည့် အချက်ကို စဉ်းစားရာ။

ဆုံးဖြတ်ချက်။ ။သက်သေခံဥပဒေပုဒ်မ ၉၁ နှင့် ၉၂ ပါ ပြဋ္ဌာန်းချက်များသည်၊ ဟန်ဆောင် စာချုပ်မျိုးနှင့် မသက်ဆိုင်။ ဟန်ဆောင်စာချုပ်သာဖြစ်ကြောင်း သက်သေတင်ပြရာ၌၊ ထိုပြဋ္ဌာန်း ချက်များသည် မည်သို့မျှမပိတ်ပင်။ တယာဂါရာဇမူဒါလီယာနှင့် မေဒသန်နီ။ ၆၃ အိန္ဒိယအယူခံများ စာ ၁၂၆။ ရှိယိုကရန်ဆင်နှင့် ဆူရီယာနတ် (သ) ဆင်။ ၁၉၅၉ ခု၊ မြန်မာပြည်စီရင်ထုံးများ၊ တရားလွှတ်တော် စာမျက်နှာ ၂၀၇ နှင့် မဇိန်နာဘီနှင့် ကာဆာလီ။ အောက်မြန်မာပြည်၊ ပုံနှိပ် စီရင်ထုံးများ စာမျက်နှာ ၁၅၄ ကို ရည်ညွှန်းသည်။

ဘာ (လ်) ကစ်ရှန်ဒတ်နှင့် လင်။ ၂၇ အိန္ဒိယအယူခံများ၊ စာမျက်နှာ ၅၀။ မောင်ရွှေဖူးနှင့် မောင်ထွန်းရှင်။ အိန္ဒိယစီရင်ထုံးများ၊ ရန်ကုန်အတွဲ ၅၊ စာမျက်နှာ ၆၄၄ နှင့် ဘောဂျနတ်ဆင်းနှင့် ဟာဂျီဗါလီမိုဟာမက်ဟာဂျီအဗ္ဗါ။ အိန္ဒိယစီရင်ထုံးများ၊ ရန်ကုန် အတွဲ ၃၊ စာမျက်နှာ ၁၀၆ ကို ရည်ညွှန်း၍ ခွဲခြားရှင်းလင်းပြသည်။

အချုပ်အားဖြင့်ဆိုလျှင်၊ အကျိုးသက်ရောက်စေရန် ရည်ရွယ်၍ ချုပ်ဆိုသော တကယ့်စာချုပ်ကို ပြင်ရန်၊ ချုပ်ဆိုသူများ နှုတ်သက်သေမပြနိုင်။ သို့သော် စာချုပ်တရပ်သည် အကျိုးသက်ရောက် စေရန် ရည်ရွယ်ချုပ်ဆိုသော စာချုပ်မျိုးမဟုတ်ဘဲ၊ ဟန်ဆောင်စာချုပ်မျှသာဖြစ်ကြောင်း၊ နှုတ် သက်သေတင်ပြနိုင်သည်။

---

* ၁၉၆၃ ခုနှစ်၊ တရားမ ဒုတိယအယူခံမှုအမှတ် ၇။

† ၁၉၆၂ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၂၂ တွင်၊ ၁၉၆၂ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်နေ့စွဲပါ ကျွန်ုပ်မိခင်တရားမ တရားသူကြီး၏ ချမှတ်သော ဒီကရီကို အယူခံဝင်မှု။

ထပ်မံဆုံးဖြတ်ချက်။ ။ထို့ပြင်၊ ဤအမှုတွင်၊ အမှုပါစာချုပ်အရ၊ အိမ်နှင့်မြေကိုအပိုင်မရဘဲ အပိုင်ရရှိကြောင်းဖြင့် အဆိုပြုသည်မှာ၊ လိမ်လည်၍ အဆိုပြုသည်ဖြစ်သဖြင့်၊ သက်သေခံအက်ဥပဒေ ပုဒ်မ ၉၂ ခြွင်းချက် (၁) အရ၊ ယင်းသို့ လိမ်လည်ကြောင်းကို တရားခံများကသက်သေတင်ပြနိုင်သည်။

၁၉၆၄

ဦးမြတ်ထင် ပါ ၃ နှင့် ဒေါ်ကျင်ယုံ ပါ ၂။

မဇိန်နာဘိနှင့် ကာဆင်အလီ။ အောက်မြန်မာပြည်၊ ပုံနှိပ်စီရင်ထုံးများ၊ စာမျက်နှာ ၁၅၄ နှင့် မောင်ကျင်နှင့် မရွှေလာ။ အေ၊ အိုင်၊ အာ (ရ)၊ ၁၉၁၇ ခုနှစ်၊ ပရီဗီကောင်စီ စာမျက်နှာ ၂၀၇ ကို ရည်ညွှန်းသည်။

အယူခံတရားလိုအတွက်။ ။မစ္စတာ မိုဟာမက်ကာစင်။

အယူခံတရားခံအတွက်။ ။မစ္စတာ အက်(စ်)၊အေ၊ ပီ လေး။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။အယူခံတရားခံ ဒေါ်ကျင်ယုံ၊ ဦးချိန်ခေမ်တို့က မိမိတို့အား၊ အယူခံတရားလို ဦးမြတ်ထင်-ဒေါ်ညိမ်းရွှေဘို့သည်၊ ၎င်းဘို့ပိုင် ကျိုက္ခမိမြို့ရှိ အခင်းဖြစ် အိမ်နှင့်မြေယာကို ၎င့် ၁,၀၀၀ နှင့် မှတ်ပုံတင်စာချုပ်ဖြင့် ရောင်းချခဲ့ပြီးနောက်၊ မိမိတို့ခွင့်ပြုချက်အရ ဆက်လက်နေထိုင်သည်ဆိုကာ ထိုအိမ်နှင့်မြေရောမှ ထွက်ခွာဖယ်ရှားစေရန် တရားစွဲဆိုလေသည်။ ဦးမြတ်ထင်-ဒေါ်ညိမ်းရွှေတို့ ချေပသည်မှာ ထိုအိမ်နှင့်မြေရောကို အရောင်းအဝယ် မပြုလုပ်ရကြောင်း၊ အယူခံတရားခံ ဒေါ်ကျင်ယုံ၏ ဖခင် ဦးအန်ကျင်ထံမှ ငှေချေးသည့်အခါ၊ ဦးအန်ကျင်က အခင်းဖြစ်အိမ်နှင့်မြေကို ဒေါ်ကျင်ယုံနာမည်နှင့် မှတ်ပုံတင်အပိုင်စာချုပ် ချုပ်ဆိုလွှဲပြောင်းပေးရမည်ဖြစ်ကြောင်း၊ သို့သော် ထိုအပိုင်စာချုပ်မှာ ချေးငွေအတွက် အာမခံသဘောဖြင့်သာ ချုပ်ဆိုရမည်ဖြစ်၍၊ အတည်ပြုမည် မဟုတ်ကြောင်း ပြောဆို အာမဝန်တာ ခံသောကြောင့်၊ အဆိုပါ အပိုင်လွှဲစာချုပ်ကို ချုပ်ဆိုခဲ့ကြောင်းနှင့် ခုခံချေပလေသည်။ ကျိုက္ခမိ နယ်ပိုင် တရားမရုံးက ထိုစာချုပ်မှာ အရောင်းအဝယ်စာချုပ်မဟုတ်၊ ချေးငွေအတွက် အာမခံသဘောဖြင့် လိမ်လည်ချုပ်ဆိုထားခြင်းမျှသာ ဖြစ်သည်ဟုယူဆပြီး ဒေါ်ကျင်ယုံဘို့စွဲဆိုသော အမှုကို ပလပ်လိုက်သည်။ ၎င်းတို့အယူခံဝင်စဉ် ဒေါ်ညိမ်းရွှေကွယ်လွန်သဖြင့် ဦးမြတ်ထင်-ဒေါ်ချိုနှင့် ဦးဖိုးလွင်တို့အား တရားဝင် ကိုယ်စားလှယ်များ အဖြစ် ထည့်သွင်းခဲ့သည်။

ပဏာမအားဖြင့် ဆုံးဖြတ်ရမည့်အချက်မှာ ဒေါ်ကျင်ယုံတို့၏ ပညာရှိခွန်ကြီး လျှောက်လဲသည့်အတိုင်း၊ သက်သေခံ အက်ဥပဒေပုဒ်မ ၉၁ နှင့် ၉၂ တို့ပါ ပြဋ္ဌာန်းချက်များကိုဆန့်ကျင်၍၊ ဦးမြတ်ထင်တို့ ချေပသည့်အတိုင်း သက်သေတင်ပြနိုင်

၁၉၆၄
—
ဦးမြတ်ထင်
ပါ ၃
နှင့်
ဒေါ်ကျင်ယုံ
ပါ ၂။

သလောဟူသည့် အချက်ဖြစ်သည်။ ထိုပြဋ္ဌာန်းချက်များသည် ခြွင်းချက်များမပါဘဲ၊ အောက်ပါအတိုင်းဖြစ်သည်။

"91. When the terms of a contract, or of a grant, or of any other disposition of property, have been reduced to the form of a document, and in all cases in which any matter is required by law to be reduced to the form of a document, no evidence shall be given in proof of the terms of such contract grant or other disposition of property, or of such matter, except the document itself, on secondary evidence of its content in cases in which secondary evidence is admissible under the provisions hereinbefore contained.

* * * * *

* * * * *

92. When the terms of any such contract, grant or other disposition of property, or any matter required by law to be reduced to the form of a document, have been proved according to the last section, on evidence of any oral agreement or statement shall be admitted, as between the parties to any such instrument or their representatives in interest, for the purpose of contradicting, varying, adding to, or substracting form, its term."

ထိုပြဋ္ဌာန်းချက်များကို သေလာသုံးသပ်သော်၊ အကယ်ပင် အကျိုးသက်ရောက်စေရန် ရည်ရွယ်ချက်ဖြင့် ချုပ်ဆိုသော စာချုပ် ရှိမှသာလျှင်၊ စာချုပ်ပါ စည်းကမ်းချက်များကို ထိုစာချုပ်ဖြင့် သက်သေခံ တင်ပြရမည်။ သို့တည်းမဟုတ် ယင်း အက်ဥပဒေ ပုဒ်မ ၎၅ တွင် ခွင့်ပြုသည့်အတိုင်း၊ သက်သေခံ တင်ပြရမည် ဖြစ်သည်။ ဤအမှုကိစ္စနှင့်စပ်လျဉ်း၍ ဝေဖန်ရသော် အကျိုးသက်ရောက်စေရန် ရည်ရွယ်ချုပ်ဆိုသော တကယ့် အရောင်းအဝယ် စာချုပ်မျိုးနှင့်သာ အဆိုပါပြဋ္ဌာန်းချက်များ သက်ဆိုင်ပေသည်။ ဟန်ဆောင် အရောင်းအဝယ် စာချုပ်မျိုးနှင့်ကား၊ မသက်ဆိုင်ခေ။ ယင်းအချက်မှာ ထိုပြဋ္ဌာန်းချက်များအရပင် ပေါ်လွင်ထင်ရှား၏။ **တယာဂါ ရာဇာမူဒါလီယားနှင့် ဗေဒသန်နီ** အမှု(၁)တွင် ဤမှုကို အခြောင်းပြု၍၊ စာချုပ်ပင် ချုပ်ဆိုထားခဲ့သော်လည်း စင်စစ်အားဖြင့်ကား ချုပ်ဆိုသူများသည် ထိုစာချုပ်ပါ စည်းကမ်းချက်များအတိုင်း အတည်ပြုရန် ရည်ရွယ်ချက်မရှိခဲ့ကြောင်း၊ သဘောတူညီမှုမရှိခဲ့ကြောင်းကို သက်သေတင်ပြနိုင်သည်ဟု အဆုံးအဖြတ် ပြုခဲ့လေသည်။ အမှုန်

(၁) ၆၃၊ အိန္ဒိယအယူခံမှုများ ၁၁ ၁၂၆။

အားဖြင့်ဆိုသော် ပဋိညာဉ်တရပ် အထမြောက်ရန်အတွက် နှစ်ဦးနှစ်ဘက် သဘော တူညီမှုရှိမှသာလျှင် ဖြစ်မြောက်ပေမည်။ မြန်မာပြည်တွင်လည်း၊ **ရီယိုကရန်ဆင့်နှင့် ဆူရီယာနတ်(သ်)ဆင်** အမှု(၂)တွင် ထိုပရီဗီကောင်စီ၏ အဆုံးအဖြတ်နှင့် အခြား အထောက်အထားများကို လိုက်နာကျင့်သုံးပြီး၊ အရောင်းအဝယ် စာချုပ်တရပ်မှာ တကယ့်စာချုပ်မဟုတ်၊ ဟန်ဆောင် စာချုပ်မျှသာ ဖြစ်ကြောင်း သက်သေခံတင်ပြ နိုင်ကြောင်းဖြင့် ဆုံးဖြတ်ခဲ့လေသည်။ ထိုမျှသာမကသေး မြန်မာပြည်တွင် လွန်ခဲ့သည့် နှစ်ပေါင်း ၇၀ နီးပါးက **မဇိန်နာဘီနှင့် ကာဆင်အလီ** အမှု(၃)တွင် အောက်ပါ အတိုင်း အဆုံးအဖြတ်ပြုခဲ့လေသည်။

၁၉၆၄

ဦးမြတ်ထင် ပါ ၃ နှင့် ဒေါ်ကျင်ယုံ ပါ ၂။

> "An instrument purporting to be a contract in writing, which is executed on the avowed understanding of both parties that it is not to be treated as the real contract between them, is not an agreement enforceable by law, and therefore is not a contract at all, and does not acquire greater legal force because it is an instrument in writing. There is ample authority for allowing one party to prove by oral evidence that there was another and different agreement or contract, an oral one, which the parties centered into as the one which was to bind them."

ဤဆုံးဖြတ်ချက်မှာ အထက်ဖော်ပြပါ မူအတိုင်းပင် ဖြစ်သည်။ ထို့ကြောင့် အရောင်းအဝယ် စာချုပ်တရပ်သည် အကျိုးသက်ရောက်စေရန် ရည်ရွယ်ချုပ်ဆိုသည့် တကယ့်စာချုပ် မဟုတ်ဘဲ၊ ဟန်ဆောင် အရောင်းအဝယ်စာချုပ်မျှသာ ဖြစ်ကြောင်း ကို သက်သေတင်ပြရာ၌ သက်သေခံ အက်ဥပဒေပုဒ်မ ၉၁ နှင့် ၉၂ တို့ပါ ပြဋ္ဌာန်း ချက်များက မည်သို့မျှ မပိတ်ပင်ဟု ဆုံးဖြတ်ရပေမည်။

တဖက်တွင် **ဘာလ်ကစ်ရှန်ဒတ် နှင့်လင်** အမှု(၄)၌ စာချုပ်သဘောကို အဓိပ္ပါယ် ဖော်ရာ၌၊ ချုပ်ဆိုသူများ၏ ရည်ရွယ်ချက်နှင့် စပ်လျဉ်း၍ နှုတ်သက်သေ မတင်ပြနိုင် ဟု ပရီဗီကောင်စီ မြွက်ကြားခဲ့သည်ဖြစ်ရာ၊ အရောင်းစာချုပ်ကို ချုပ်ဆိုခဲ့သော် လည်း၊ ရောင်းဝယ်ခြင်းမဟုတ် အပေါင်မျှသာ ဖြစ်ကြောင်းကို နှုတ်သက်သေ မပြနိုင်ဟု တရားရုံးများ လိုက်နာကျင့်သုံး ဆုံးဖြတ်ခဲ့ကြသည်။ ဥပမာ၊ **မောင်ရွှေဖုးနှင့် မောင်ထွန်းရွှင်** (၅)အမှုပါ ဆုံးဖြတ်ချက်သည် ဤအတိုင်းပင် ဖြစ်သည်။ သို့သော်

---

(၂) ၁၉၅၉ခု၊ မြန်မာပြည်စီရင်ထုံးများ၊ တရားလွှတ်တော်၊ စာ ၂၀၇။

(၃) အောက်မြန်မာပြည်၊ ပုံနှိပ်စီရင်ထုံးများ၊ စာ ၁၅၄။

(၄) ၂၇ အိန္ဒိယအယူခံများ၊ စာ ၅၀။

(၅) အိန္ဒိယစီရင်ထုံးများ၊ ရန်ကုန်၊ အတွဲ ၅၊ စာ ၆၄၄။

၁၉၆၄

ဦးမြတ်ထင်
ပါ ၃
နှင့်
ဒေါ်ကျင်ယုံ
ပါ ၂။

ငင်းအမှုပါစာချုပ်မှာ အရောင်းစာချုပ်ဖြစ်ကြောင်း ဝန်ခံပြီးဖြစ်၍၊ ပစ္စည်းကို အပေါင်ပေးသွင်းထားသည်ဆိုကာ ရွေးသိုမှုစွဲဆိုရာ၌၊ အပေါင်ဖြစ်ကြောင်း နှုတ်သက်သေမပြနိုင်ဟု ဆုံးဖြတ်ခဲ့လေသည်။ ယခုအမှုဌာနကား အရောင်းစာချုပ်မှာ တကယ့်စာချုပ်မဟုတ်၊ ဟန်ဆောင် စာချုပ်မျှသာဖြစ်ကြောင်းနှင့် ထုချေထားလေသည်။ ထို **မောင်ရွှေဖူးနှင့်မောင်ထွန်းရွှင်** အမှု (၅)၌ပင်၊ ပရိဗီကောင်စီဆုံးဖြတ်သောဘော (၅) **နတ်ဆင်းနှင့် ဟာဂျီဗါလီမိုဟာမက်ဟာဂျီအဗ္ဗါ** အမှု(၆)ကို ညွှန်း၍၊ ယင်းအမှုတွင် အမှုသည်များ ချုပ်ဆိုသော အရောင်းအဝယ်စာတမ်းများသည် တကယ့်ပဋိညာဉ်အရ မဟုတ်ကြောင်းကို သက်သေတင်ပြခဲ့သည်ဆိုကာ ရန်ကုန် ဟိုက်ကုတ်လှတ်တော် တရားသူကြီးများက မိမိတို့ဆုံးဖြတ်သည့် အမှုပါ တကယ့်အရောင်းကို အပေါင်မျှ ဖြစ်သည်ဆိုသော အကြောင်းခြင်းရာများနှင့် ခွဲခြားလေသည်။ ထိုပရိဗီကောင်စီ အမှုလာ အဆုံးအဖြတ်သည်၊အထက်၌ ဖော်ပြခဲ့သော **တယာဂါရာဝမှုဒါလီယားနှင့် မေဒသန်နီ** အမှု(၁)၌ စီရင်ဆုံးဖြတ်သည့်အတိုင်းပင် ဖြစ်သည်။ အမှန်အားဖြင့် ဆိုသော်၊ **ဘာလ်ကစ်ရွန်ဒတ်နှင့် လဂ်** အမှု (၄)ကို ထိုပရိဗီကောင်စီ အမှုကြားနာရာ၌ တင်ပြကိုးကားခဲ့သော်လည်း၊ အကြောင်းခြင်းရာ ကွဲပြားသဖြင့် ဖော်ထုတ်ခဲ့ဟန် မတူချေ။

အချုပ်အားဖြင့် အကျိုးသက်ရောက်စေရန် ရည်ရွယ်၍ ချုပ်ဆိုသော တကယ့် စာချုပ်ကိုပြင်ရန် ချုပ်သူဆိုမျှား နှုတ်သက်သေမပြနိုင်။ သို့သော် စာချုပ်တရပ်သည် အကျိုးသက်ရောက်စေရန် ရည်ရွယ်ချုပ်ဆိုသော စာချုပ်မျိုး မဟုတ်ဘဲ၊ ဟန်ဆောင် စာချုပ်မျှသာဖြစ်ကြောင်း နှုတ်သက်သေတင်ပြနိုင်ပေသည်။

ဤအမှုတွင် နယ်ပိုင် တရားမ တရားသူကြီးက အခင်းဖြစ် စာချုပ်မှာ အရောင်း အဝယ်စာချုပ်မဟုတ်၊ **ချေးငွေအတွက် အာမခံ သဘောဖြင့်**၊ လိမ်လည်ချုပ်ဆိုသော **စာချုပ်သာလျှင်ဖြစ်ကြောင်း** ဆုံးဖြတ်ခဲ့သည်မှာ၊ အထောက်အထား ခိုင်လုံသည်ဟု ယူဆရပေမည်။ အယူခံတရားလို ဦးမြတ်ထင်က၊ ငွေချေးရန် အယူခံတရားခံ ဒေါ်ကျင်ယုံ ၏ဖခင် ဦးအန်ကျင်ထံ ချဉ်းကပ်ရာ ဦးအန်ကျင်က မိမိမှာငွေချေးစားရန်မှတ်ပုံတင် ထားခြင်းမရှိ၊ အမြတ်တော်ကြေး စည်းကြပ်မည်ကိုလည်း၊ စိုးရိမ်ကြောင်းနှင့် သမီး မကျင်ယုံနာမည်ဖြင့်အခင်းဖြစ်အိမ်နှင့်မြေကိုလွှဲပြောင်းပေးထားလျှင်ငွေ၁၀၀ ကျပ်လျှင် ၅ ကျပ်အတိုးနှုန်းနှင့်ချေးမည်ပြန်ပြောကြောင်းထွက်ဆို၏။ ဦးမြတ်ထင်က မကျင်ယုံ

---

(၆) **အိန္ဒိယစီရင်ထုံးများ၊ ရန်ကုန် အတွဲ ၃၊ စာ ၁၀၆။**

၁၉၆၄၊
ဦးမြတ်ထင်
ပါ ၃
နှင့်
ဒေါ်ကျင်ယုံ
ပါ ၂။

နာမည်ဖြင့် လွှဲပြောင်း မထားလိုကြောင်းနှင့် ကန့်ကွက်သောအခါ ဦးအန်ကျင်က စိုးရိမ်ရန် မဒီကြောင်း။ ချေးယူငွေကိုတလလျှင် ၅ ကျပ်အတိုးနှုန်းနှင့် ပေးဆပ်လျှင် မကျင်ယုံအားပြောပြီး စာချုပ်ဖြင့် ပြန်လည်လွှဲပြောင်းပေးမည်ဖြစ်ကြောင်း၊ ချုပ်ဆိုသည့် အရောင်းအဝယ် စာချုပ်မှာ အာမခံသဘောသာဖြစ်ကြောင်း၊ အာမင်နှတာခံပါသည်ဟု ဦးမြတ်ထင်က ဆက်လက်ထွက်ဆို၏။ ထို့ပြင်လည်း အခင်းဖြစ် အိမ်ဦပင်မည်သူ့ အခွင့်အမိန့်မှ မခံယူဘဲ ဆက်လက် နေထိုင်လာခဲ့ကြောင်း၊ အိမ်ခ မပေးရကြောင်း၊ အဘိုးငွေကိုသာ ပေးဆပ်ခဲ့ရကြောင်းနှင့် သက်သေခံ အမှတ် ၄ ပြေစာကို တင်သွင်း၍ သက်သေခံသည့်အပြင် မိမိသားမက် ဦးဘိုးလွင်အားလည်း သက်သေထူ၏ နယ်ပိုင် တရားမရုံးက ထိုသက်သေခံချက်မျှားကို ယုံကြည်လက်ခံခဲ့သော်လည်း၊ ပထမအယူခံရုံးက လုံလောက်သော အကြောင်းမပေးပြဘဲ ပယ်လိုက်၏။ ဦးအန်ကျင်သည် ဤအမှုအတွက် ရုံးတက်သော်လည်း အထက်ပါ အချက်များ မမှန်ကြောင်းနှင့် ဝင်ရောက်သက်သေ မခံခဲ့ချေ။ ထို့ပြင်လည်း ဦးမြတ်ထင်နှင့် တခြိန်တည်းလိုပင် ဒေါ်အေးမျင်သည် ဦးအန်ကျင်ထံမှ ငွေ ၁,၀၀၀ ကျပ်ချေးရာ၊ မိမိပိုင်အိမ်နှင့်မြေကိုသက်သေခံအမှတ် ၁ စာချုပ်ဖြင့် မကျင်ယုံအားအပိုင်လွှဲပြောင်း ချုပ်ဆို၏။ ရင်းတိုးငွေ ပြေလည်စွာ ရရှိပြီး ဖြစ်သဖြင့် မူလစာချုပ်ကို ပြန်လည်ပေးအပ်မည် ဖြစ်ကြောင်းနှင့် သက်သေခံ အမှတ် ၂ စာဘွင် ဦးအန်ကျင်က ဝန်ခံ၏။ ထို့နောက် ဒေါ်အေးမျင်အပိုင် လွှဲပြောင်းခဲ့သည်ဆိုသော အိမ်နှင့်မြေကို ပြန်လည်လွှဲပြောင်းသည့် စာချုပ်ကို မကျင်ယုံ ချုပ်ဆို၏၊ သာမန်လွှဲပြောင်းသည့် ကိစ္စနှင့် ထူးခြားသည့် အချက်တရပ်မှာ ဒေါ်အေးမျင်ကမှတ်ပုံတင်စာချုပ်ဖြင့် ငွေ ၁,၀၀၀ ကျပ်အတွက်လွှဲပြောင်းခဲ့သည်ဆိုသော်လည်း၊ မကျင်ယုံ ပြန်လည်လွှဲပြောင်းရာ၌ လွှဲပြောင်းစာချုပ်ကို မှတ်ပုံမတင်သည့်အပြင် လွှဲပြောင်းသည်မှာငွေ ၃၀၀ ကျပ်အတွက်သာဖြစ်ကြောင်းဖော်ပြ၏။ အိမ်နှင့်မြေကိုငွေ ၁,၀၀၀ ကျပ်နှင့် မှတ်ပုံတင် စာချုပ်ဖြင့် ဝယ်သော်ငြားလည်း၊ ရောင်းသူသည် ရောင်းသည်ဆိုသော အိမ်မှထွက်ခွါခြင်းမပြု၊အတိုးမှန်မှန်ပေးနေပြီး ချေးငွေရင်းတိုး ပြေလည်သောအခါ၌ထိုရောင်းသည်ဆိုသူအား၊ဝယ်သည်ဆိုသူကပစ္စည်းကိုငွေ ၃၀၀ ကျပ်တန်ဘိုးထား၍မှတ်ပုံမတင်သောစာချုပ်နှင့် ပြန်လည်ပေးအပ်သည်ဆိုသည်မှာ သံသယမကင်းစရာဖြစ်၍၊အဓိပ္ပါယ် သက်ရောက်သော အချက်ဖြစ်သည်။မူလကပင် ချုပ်ဆိုသော အရောင်းစာချုပ်မှာ အကျိုးသက်ရောက်စေရန် ရည်ရွယ်သော တကယ့်စာချုပ်မဟုတ်သဖြင့်သာယခုကဲ့သို့ ဆောင်ရွက်သည်ဟု ယူဆရပေမည်။ ဦးမြတ်ထင်တို့ ချုပ်ဆိုသော စာချုပ်နှင့် စပ်လျဉ်း၍လည်း ချေးငွေကို ကျသင့်သော အတိုးနှင့် ပြေလည်အောင် ပေးဆပ်လျှင် ထိုကဲ့သို့ပင် ဆောင်ရွက်လိမ့်မည်ဟု ယူဆရန်အကြောင်း ရှိသည်။ ထို့ပြင်လည်း၊ မကျင်ယုံနာမည်ဖြင့် ဦးမြတ်ထင်တို့ထံမှငင်း၊ မအေးမျင် ထံမှငင်း

၁၉၆၄
ဦးမြတ်ထင်
ပါ ၃
နှင့်
ဒေါ်ကျင်ယုံ
ပါ ၂။

အိမ်နှင့် မြေရာများ တချိန်တည်းဝယ်ပြီး မအေးမျင် ချေးယူငွေရင်းတိုး ဆပ်ပြီးသော အခါ ၎င်းအား အိမ်နှင့်မြေကို ပြန်လည်လွှဲပြောင်းသည်မှာ ထိုအိမ်များနှင့် မြေများကို အာဏာပင် မဝယ်ကြောင်း ထင်ရှားစေသည်။

ထို့ကြောင့်၊ ဤအမှုပါ သက်သေခံချက် အားလုံးကို ခြုံပေါင်း၍ လေ့လာသုံးသပ်ရာ၊ ဦးမြတ်ထင်တို့ ချုပ်ဆိုသော အခြင်းဖြစ်စာချုပ်မှာ အကျိုး သက်ရောက်စေရန် ရည်ရွယ်၍ချုပ်ဆိုသော တဏှာယ့်စာချုပ် မဟုတ်ဘဲ၊ ဟန်ဆောင်စာချုပ်မျှသာ ဖြစ်ကြောင်းနှင့် နယ်ပိုင်တရားမ တရားသူကြီး၏ အဆုံးအဖြတ်သည် မှန်ကန်သည်ဟု ယူဆသည်။

တဖန် အခင်းဖြစ်စာချုပ်ကို ဦးမြတ်ထင်တို့ ချုပ်ဆိုကြစဉ်က၊ ဦးအန်ကျင်နှင့် သမီး ဒေါ်ကျင်ယုံတို့သည် ကျိုက္ခမိမြို့ရှိ ဦးအန်ကျင်၏အိမ်၌ အတူနေကြသည်ဖြစ်ရာ၊ ထိုစာချုပ်နှင့် စပ်လျဉ်းသည့် အကြောင်းခြင်းရာများကို ၎င်းတို့သားအဖ သိကြမည်ဟု ယူဆနိုင်ပေသည်။ ထိုစာချုပ်ကို ချုပ်ဆိုရာ၌ အိမ်နှင့်မြေကို အပိုင်မရဘဲလျက် အပိုင်ရရှိကြောင်းဖြင့် အဆိုပြုသည်မှာ လိမ်လည်၍ အဆိုပြုသည်ဖြစ်သဖြင့် သက်သေခံအက်ဥပဒေ ပုဒ်မ ၉၂ ခြွင်းချက် (၁)အရ၊ ယင်းသို့လိမ်လည်ကြောင်းကို ဦးမြတ်ထင်တို့ သက်သေပေး ပြနိုင်ပေမည်။ အထက်၌ ကိုးကားခဲ့သော **မဇိန်နာဘီ** နှင့် **ကာဆင်အလီ** အမှု (၃)တွင် စာမျက်နှာ ၁၅၆ ၌၊ အောက်ပါအတိုင်း မြွက်ကြားခဲ့၏။

> **"An attempt to acquire a title as owner under a written contract entered into on a mutual understanding that it was not to be enforced, because the consideration really passed under a contemporaneous oral contract of a different nature would be an attempt at fraud, and the first proviso to section 92 allows any fact to be proved (by oral evidence or otherwise) which would invalidate a document or which would entitle any person to any decree or order relating thereto such as fraud."**

ထိုနည်းတူစွာ **မောင်ကျင်**၊ နှင့် **မရွှေလာ**၊ အမှု(၇)တွင်လည်း၊ ချုပ်ဆိုခဲ့သော စာချုပ်အရ ပိုင်ရှင်က ပစ္စည်းလွှဲပြောင်းခြင်း မပြုခဲ့ကြောင်း သိလျက်နှင့် ထိုပစ္စည်းကို ရယူလိမ့် အရေးဆိုခြင်းသည် လိမ်လည်မှုပြုခြင်းသာလျှင်ဖြစ်သဖြင့် ထိုပြုမှုချက်ကို ထင်ရှားစေရန် သက်သေခံအက်ဥပဒေ ပုဒ်မ ၉၂၊ ခြွင်းချက် (၁)အရသက်သေပေး ပြနိုင်ကြောင်းနှင့် ပရိဗီကောင်စီ မြွက်ကြားခဲ့သည်။

---

(၇) အေ၊ အိုင်၊ အာ၊ ၁၉၁၇ ခုနှစ်၊ ပရိဗီကောင်စီ စာ ၂၀၇။

အထက်ပါ ပြပါ မြွက်ကြားချက် နှစ်ရပ်မှာ တသဘောတည်းပင်ဖြစ်ပြီး မှန်ကန်သည်ဖြစ်၍၊ ဤရုံးကလည်း လက်ခံကျင့်သုံးရပေမည်။

၁၉၆၄
ဦးမြတ်ထင်
ပါ ၃
နှင့်
ဒေါ်ကျင်ယုံ
ပါ ၂။

အဆက်ပါ ပြပါ အကြောင်းမျှားကြောင့် ခရိုင်တရားမရုံး၏ အမိန့်နှင့် ဒီကရီက ပယ်ဖျက်ပြီး၊ နယ်ပိုင်တရားမရုံး၏အမိန့်နှင့် ဒီကရီကို စရိတ်နှင့်တကွ ပြန်လည်အတည်ပြုလိုက်သည်။

ဤရုံးခွေနေခမှာ ဂျီ ဖြစ်စေရမည်။

တရားမ အယူခံ

တရားသူကြီးချုပ် ဦးဘိုကြီး နှင့် တရားသူကြီး ဦးစံမောင်တို့ရှေ့တွင်၊

ဦးအုံးမောင် ပါ ၂ (အယူခံတရားလိုများ)

နှင့်

ချမ်းသာစေ ကုမ္ပဏီလီမိတက် ပါ ၃ (အယူခံတရားခံများ)*

†၁၉၆၄ မတ်လ ၁၄ ရက်။

ကုမ္ပဏီများအက်ဥပဒေပုဒ်မ ၁၆၂ တရားရုံးများက ကုမ္ပဏီကို ပယ်ဖျက်နိုင်သည့် အာဏာ ကြေးမြို ကြောင့် ပယ်ဖျက်ခြင်းကိစ္စ။

ဆုံးဖြတ်ချက်။ ။ကုမ္ပဏီကို ဖျက်သိမ်းရန်လျှောက်ထားသော လျှောက်လွှာမျိုးတွင်၊ ဖျက်သိမ်းရန် အကြောင်းရှိလျှင် ထိုအကြောင်းကို အသေအခြာ ဖော်ပြသင့်သည်။ ထိုမှသာလျှင်၊ ဒါရိုက်တာများက မည်သည့်အတွက် မဖျက်သိမ်းသင့်ကြောင်းကို ချေပနိုင်မည်။

ထို့ပြင် ကုမ္ပဏီများသည် မိမိတို့၏ လုပ်ငန်းဆောင်တာများကို လုပ်ဆောင်ရာ၌ လုပ်ငန်းအလျှောက်၊ ငွေချေးကြရသဖြင့်၊ ကြေးတင်ရုံမျှနှင့် ကုမ္ပဏီသည် တင်ရှိသောအကြွေးကို မပေးဆပ်နိုင်ဟု မယူဆနိုင်။

ထပ်မံဆုံးဖြတ်ချက်။ ။ကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၁၆၂ အပိုဒ် (၆) ပါ ပြဋ္ဌာန်းချက်များ အရ၊ တရားမျှတသည်ဟု ထင်မြင်လျှင်၊ တရားရုံးက ကုမ္ပဏီတခုကို ဖျက်သိမ်းနိုင်သော်လည်း၊ အကြောင်းအလွန်တရာခိုင်လုံမှသာလျှင်၊ ထိုသို့ဖျက်သိမ်းသင့်သည်။ အလွယ်တကူပြုလုပ်အပ်သော ကိစ္စမဟုတ်။

In the matter of *The Mahamandal Shashtra Prakakashak Shmity, Limited, Bemares*. I.L.R. 39.Allahabad, p.334,342.

ဘီတာဝါဂျီနှင့် နတ် (သ)ဆင်းအဝိုင်းကုမ္ပဏီလီမိတက်။ XII Burma Law Times, 51 ကို ရည်ညွှန်းသည်။

အယူခံတရားလိုမျှားအတွက်။ ။ဦးဘရှန်း။

အယူခံတရားခံများအတွက်။ ။ဦးဘိုသာနှင့် ဦးမြင့်စိုး။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။ချမ်းသာစေကုမ္ပဏီလီမိတက်သည်၊ မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေအရ အစုမျှားဖြင့် တာဝန်ကန့်သတ်ထားသည့် အမျှားနှင့် မသက်ဆိုင်သော ကုမ္ပဏီဖြစ်သည်။ ထိုကုမ္ပဏီကို ဒေါ်ရင်ရင်၊ ဒေါ်ခင်စု၊

---

* ၁၉၆၃ ခုနှစ်၊ တရားမအသေးအဖွဲအယူခံမှုအမှတ် ၄၇။

† ၁၉၆၂ ခုနှစ်၊ တရားလွှတ်တော်မူလဘက်ရုံးတော်၏ တရားမစီရင်မှုအမှတ် ၂၄၀ တွင်၊ ၁၉၆၃ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်နေ့၌ ချမှတ်သော အမိန့်မှ အယူခံဝင်မှု။

ဒေါ်တင်တင်ရွှေနှင့် ဆွေးမျိုးတစုတို့က ၁၉၅၈ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့တွင် စတင်တည်ထောင်ကြလေသည်။ ယင်းသို့တည်ထောင်သည့်အခါနှင့်ကစ၍၊ ဒေါ်ရင်ရင်၊ ဒေါ်ခင်စုနှင့် ဒေါ်တင်တင်ရွှေတို့သည် ကုမ္ပဏီ၏ ဒါရိုက်တာလူကြီးများဖြစ်ပြီး၊ မူလ ပဌမဥက္ကဋ္ဌ ဒေါ်ရင်ရင်က မန်နေဂျင်းဒါရိုက်တာအဖြစ် ဆောင်ရွက်ခဲ့ရာ၊ ၁၉၆၁ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်နေ့အထိဖြစ်၏။ ထိုနေ့၌ဒေါ်ခင်စုသည် မန်နေဂျင်းဒါရိုက်တာအဖြစ် စတင်ဆောင်ရွက်၏။ ကုမ္ပဏီကို ဖွဲ့စည်းရာ၌ အဓိကအားဖြင့် ရည်ရွယ်သည်မှာ အစိုးရထံမှ သွင်းကုန်လိုင်စင်များ ရရှိရန်အတွက်ဖြစ်သည်။ သို့သော် ကုမ္ပဏီ၏သင်းဖွဲ့မှတ်တမ်းတွင် ကုန်ပစ္စည်းများကို ပြည်တွင်းသို့တင်သွင်းခြင်း၊ ပြည်ပသို့ တင်ပို့ခြင်းနှင့် အခြားသောကုန်ပစ္စည်းများကို ထုတ်လုပ်ခြင်းစသည့် ရည်ရွယ်ချက်များကို ဖော်ပြထားလေသည်။ ၁၉၆၂ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်နေ့တွင်အစုဝင်နှစ်ဦးဖြစ်သော ဦးအုန်းမောင်နှင့် ဒေါ်သန်းသန်းတို့သည်၊ အဆိုပါ ကုမ္ပဏီကို မြန်မာပြည်ကုမ္ပဏီများအက်ဥပဒေပုဒ်မ ၁၆၂ အရ ဖျက်သိမ်းရန်၊ တရားရုံးချုပ် မူလဘက်ဆိုင်ရာရုံးသို့ လျှောက်ထားကြလေသည်။မန်နေဂျင်းဒါရိုက်တာဖြစ်သူ ဒေါ်ခင်စုကယခင်ဒါရိုက်တာဖြစ်ခဲ့ဘူးသော ဒေါ်ရင်ရင်၏ ပရောဂကြောင့်၊ ဦးအုန်းမောင်နှင့် ဒေါ်သန်းသန်းတို့ယင်းသို့လျှောက်ထားပါသည်ဟု ခေျပ၏။ တရားရုံးက ဦးအုန်းမောင်တို့၏ လျှောက်လွှာကို ပယ်သိုက်သဖြင့် ယခုငှင်းတို့အယူခံဝင်ခြင်းဖြစ်သည်။

1964

ဦးအုန်းမောင်နှင့် ဒေါ်ခင်စု ပါ ၂ နှင့် ချမ်းသာစေ ကုမ္ပဏီလီမိတက် ပါ ၃။

ဦးအုန်းမောင်တို့၏ လျှောက်လွှာတွင် ဒါရိုက်တာလူကြီးများသည် လိုအပ်သော အစည်းအဝေးများ ပြုလုပ်ရန် ဘိတ်ကြားခြင်းမပြု စသည့်အချက်များတင်ပြလေသည်။ သို့ရာတွင် ဤအယူခံမှုကို ကြားနာရာ၌၊ ၎င်းတို့၏ ပညာရှိရွေနေကြီးက အချက် ၂ ချက်ကိုသာ တင်ပြလျှောက်လဲ၏။ ပဌမအချက်မှာမြန်မာပြည်ကုမ္ပဏီများအက်ဥပဒေပုဒ်မ ၁၆၂ အပိုဒ် ၅ ပါ ပြဋ္ဌာန်းချက်မျှအရဖြစ်သည်။ ထိုပြဋ္ဌာန်းချက်များအဘိုးဆိုလျှင် ကုမ္ပဏီသည် တင်ရှိသော ကြေးမြီများကို မပေးဆပ်နိုင်လျှင် တရားရုံးကအမိန့်ဖြင့် ပယ်ဖျက်နိုင်ပေမည်။ သို့သော် ဤအမှုပါကုမ္ပဏီသည် တင်ရှိသော ကြေးမြီများကို မပေးဆပ်နိုင်ကြောင်းဖြင့် ဦးအုန်းမောင်တို့၏ လျှောက်လွှာတွင် မတင်ပြခဲ့ပေ။ ထို့ကြောင့်ပင်ယခုလျှောက်လွှာနှင့် ပတ်သက်၍ သက်သေများစစ်ဆေးရာ၌ ကုမ္ပဏီသည် တင်ရှိသော ကြေးမြီများကို မပေးဆပ်နိုင်ခြင်းနှင့် စပ်လျဉ်း၍ သက်သေထင်ရှားမပြခဲ့ချေ။ ယခုကဲ့သို့သော ကုမ္ပဏီကို ဖျက်သိမ်းရန်အတွက် လျှောက်လွှာမျိုး၌ သူတဦးတယောက်အား လူမဲ့အဖြစ် ပြဋ္ဌာန်းရန်လျှောက်သော လျှောက်လွှာမျိုးမှာကဲ့သို့ပင် ကုမ္ပဏီကိုဖျက်သိမ်းရန်အကြောင်းရှိလျှင် ထိုအကြောင်းကို အသေအခြာ ဖော်ပြသင့်ပေသည်။ သို့မှသာလျှင် ကုမ္ပဏီ၏ ဒါရိုက်တာများက မည်သည့်အတွက် ဖျက်သိမ်းခြင်း မပြုသင့်ကြောင်းနှင့် ချေပနိုင်ပေမည်။ ထိုမှ

၁၉၆၄

ဦးအုန်းမောင်
ပါ ၂
နှင့်
ချမ်းသာစေ
ကုမ္ပဏီလီမိတက်
ပါ ၃။

တပါးလည်း ကုမ္ပဏီများသည် မိမိတို့လုပ်ငန်းဆောင်တာကို လုပ်ဆောင်ရာ၌ လုပ်ငန်းကြီးလျှင် ကြီးသည့်အလျောက်၊ ဘဏ်များမှဖြစ်စေ၊ အခြားသူများမှဖြစ်စေ ငွေချေးကြရလေသည်။ အကြွေးတင်ရုံမျှနှင့် ကုမ္ပဏီသည် တင်ရှိသော အကြွေးကို မပေးဆပ်နိုင်ဟု မယူဆနိုင်ပေ။ ထို့ကြောင့် ပဌမအချက်မှာမခိုင်လုံဟု ယူဆရမည်ဖြစ်သည်။

ဒုတိယအချက်မှာ အဆိုပါအက်ဥပဒေပုဒ်မ ၁၆၂၊ အပိုဒ် ၆ ပါ ပြဋ္ဌာန်းချက်များကို၊ ကိုးကားတင်ပြသည့် အချက်ဖြစ်သည်။ ထိုပြဋ္ဌာန်းချက်များအရဆိုလျှင်၊ တရားရုံးက ကုမ္ပဏီတခုကို ဖျက်သိမ်းရန် တရားမျှတသည်ထင်မြင်လျှင် အမိန့်ဖြင့် ဖျက်သိမ်းနိုင်သည်။ ဤအချက်ကို လေ့လာသုံးသပ်ရာ၌ အဆိုပါ ကုမ္ပဏီ၏ နောက်ကြောင်းရာဇဝင်ကို ထည့်သွင်းစဉ်းစားရပေမည်။ ယင်းကုမ္ပဏီကို ၁၉၅၈ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့တွင် စတင်ဖွဲ့စည်းပြီး၊ ထိုအချိန်မှစ၍ ၁၉၆၀ ပြည့်နှစ်၊ ဇူလိုင်လ ၁၄ ရက်နေ့အထိ၊ ဒေါ်ရင်ရင်က မန်နေဂျင်း ဒါရိုက်တာအဖြစ် ဆောင်ရွက်လေသည်။ ယင်းသို့ ဒေါ်ရင်ရင်ဆောင်ရွက်သည့် အချိန်တွင် ကုမ္ပဏီသည် နှစ်စဉ်နှစ်တိုင်း အရှုံးနှင့်သာ ရင်ဆိုင်ခဲ့ရလေသည်။ ထိုသို့အမြတ်မထွက် အရှုံးခံ၍ဆောင်ရွက်ရသည့် အကြောင်းရင်းတရပ်မှာ အစိုးရထံမှ သွင်းကုန်လိုင်စင်မရသောကြောင့်ဖြစ်သည်။ ၁၉၆၀ ပြည့်နှစ်၊ ဇူလိုင်လ ၁၄ ရက်နေ့၌၊ ဒေါ်ခင်စု မန်နေဂျင်း ဒါရိုက်တာအဖြစ် စတင်ဆောင်ရွက်ပြီးနောက်၊ ၁၉၆၁ ခုနှစ်၊ မတ်လတွင် ကုမ္ပဏီသည် နိုင်ငံခြားမှကုန်များ တင်သွင်းရန်အတွက် မှတ်ပုံတင်ခံရသော ကုမ္ပဏီအဖြစ် အသိအမှတ်ပြုခဲ့ရလေသည်။ ထိုနှစ်မေလတွင် သွင်းကုန်လိုင်စင်များ ရရှိ၍ လုပ်ငန်းဆောင်တာများ ဆောင်ရွက်ရာ၊ ၁၉၆၂ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသော ၁၉၆၁-၆၂ ခုနှစ် အတွက် ရှင်းတမ်းနှင့် အရှုံးအမြတ် စာရင်းတွင် ကုမ္ပဏီသည် အမြတ်ငွေ ၅,၁၄၃ ကျပ်၊ ၂၉ ပြားရရှိကြောင်း ဖေါ်ပြထား၏။ သက်ဆိုင်ရာ နှစ်များအတွက် ရှင်းတမ်းများကို ဤအမှုတွင် သက်သေခံများအဖြစ် တင်သွင်းပြီး ဖြစ်သည်။ ထိုရှင်းတမ်းများနှင့် ပတ်သက်၍ ဦးအုန်းမောင်တို့သည်၊ မူလရုံး၌၎င်း၊ အခြားသောနည်းဖြင့်၎င်း ကန့်ကွက်ခြင်းမပြုခဲ့ချေ။ ထို့ကြောင့် ဤအမှုတွင် ထိုရှင်းတမ်းများကို မှန်ကန်သည်ဟု ယူဆရပေမည်။ ယင်းသို့ ၁၉၆၁-၆၂ ခုနှစ်အတွက် အမြတ်ငွေပေါ်သော်လည်း၊ ၁၉၆၂ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်နေ့တွင်၊ ဦးအုန်းမောင်တို့ယခုလျှောက်လွှာကို တင်သွင်းခြင်းဖြစ်သည်။ ကုမ္ပဏီကို ဖျက်သိမ်းသင့် မသင့်စဉ်းစားရာ၌၊ ယခုလျှောက်လွှာတင်သွင်းသော ၁၉၆၂ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်နေ့၌ တည်ရှိသော အခြေအနေကိုသာလျှင် စဉ်းစားသင့်ပေသည်။ ထိုအခြေအနေအရ ဆိုလျှင် ကုမ္ပဏီမှာ အမြတ်ပေါ်လျက်ရှိသည်ကို တွေ့ရှိရလေသည်။

၁၉၆၄

ဦးအုန်းမောင်
နှင့် ၂ နှင့်
ချမ်းသာစေ
ကုမ္ပဏီလိမ်တက်
၏ ၃။

ဦးအုန်းမောင်တို့၏ပညာရှိရွှေနေကြီးက ဒေါ်ခင်စုနှင့် ဒေါ်ရင်ရင်တို့သည် ဦးသန့်ထံသို့ သွားရောက်ပြီး ကုမ္ပဏီ၏အစုရှယ်ယာများကို အာမခံအဖြစ် တင်သွင်း၍ ငွေ ၈၀,၀၀၀ ကျပ် ချေးယူကြောင်း။ တို့ကြောင့် ထိုငွေများမှာ ကုမ္ပဏီတင်ရှိသော ကြွေးမြီများဖြစ်သည်ဟု ယူဆရမည်ဖြစ်ကြောင်းနှင့် လျှောက်လဲ၏။ ဒေါ်ခင်စုက ယင်းသို့ ငွေမချေးမီ ကုမ္ပဏီအစုဝင်များသည် ကုမ္ပဏီ၏မှတ်တည်ငွေကို ချေးယူကြသဖြင့် အလုပ်လုပ်ရန်အတွက် ငွေလိုသောကြောင့် ဦးသန့်ထံမှ ငွေ ၈၀,၀၀၀ ကျပ်ချေးရပါသည်ဟုဝန်ခံ၏။ ထိုငွေ ၈၀,၀၀၀ ကျပ်အနက်၊ ငွေ ၅၀,၀၀၀ ကျပ်ကျော်ပြန်လည်ပေးဆပ်ပြီး၍၊ ငွေ ၂၅,၀၀၀ ကျပ်မျှသာကျန်တော့ကြောင်း ထွက်ဆို၏။ ဒေါ်ခင်စုနှင့် ဒေါ်ရင်ရင်တို့ ဦးသန့်ထံမှ ငွေချေးသည်မှာ ကုမ္ပဏီ၏လုပ်ငန်းကို လုပ်ဆောင်ရန်အတွက် ချေးသည်ဟု ယူဆရန်ရှိသော်လည်း၊ ကုမ္ပဏီ၏ ကိုယ်စားလှယ်များအဖြစ် ချေးယူကြောင်း စာရွက်စာတမ်းဖြစ်စေ၊ အခြားသက်သေခံဖြစ်စေ မရှိချေ။ ဦးသန့်ကလည်း အစုရှယ်ယာလက်မှတ် (၂၅) စောင်ကိုဒေါ်ခင်စုနှင့် ဒေါ်ရင်ရင်တို့ အာမခံအဖြစ် ပေးသွင်းပြီးငွေချေးရာ၌၊ ဒေါ်ခင်စုက အစုရှယ်ယာလက်မှတ် (၁၄) စောင်အတွက် တာဝန်ယူကြောင်း၊ ဒေါ်ရင်ရင်က လက်မှတ် (၁၁) စောင်အတွက် တာဝန်ယူကြောင်းထွက်ဆို၏။ ဒေါ်ခင်စုနှင့် ဒေါ်ရင်ရင်တို့သည် ကုမ္ပဏီ၏ကိုယ်စားလှယ်များမဖြစ်မဟုတ်ဘဲ၊ မိမိတို့ကိုယ်တိုင် တာဝန်ယူကြသည်ဖြစ်ရာထိုငွေကို ကုမ္ပဏီကပေးဆပ်ရန် တရားဥပဒေအရ တာဝန်ရှိသည်ဟု ဆိုနိုင်ရန်ခဲယဉ်းလေသည်။

ဦးအုန်းမောင်တို့၏ ပညာရှိရွှေနေကြီးက သွင်းကုန်လိုင်စင်များကို ယခုအစိုးရက ထုတ်မပေးတော့သဖြင့် ကုမ္ပဏီ၏အခြေခံမှာ ပျက်ပြားသွားသောကြောင့်၊ ကုမ္ပဏီကို ဖျက်သိမ်းသင့်ပါသည်ဟု လျှောက်လဲပြန်သေး၏။ သို့သော် အထက်၌ မြွက်ဆိုခဲ့သည့်အတိုင်း၊ ဦးအုန်းမောင်တို့ လျှောက်လှဘတင်သွင်းသောနေ့၌ တည်ရှိနေသော အခြေအနေပေါ်မှာ မူတည်၍အဆုံးအဖြတ်ပြုမှသာလျှင်၊ တရားမျှတမည်ဖြစ်သည်။ အမှန်အားဖြင့်ဆိုသော်၊ ဦးအုန်းမောင်တို့သည်ယခုလျှောက်လှဘတင်သွင်းပြီးနောက်၊ ကုမ္ပဏီဆက်သွယ်သော အီကော်နော်မစ်ဘဏ်သို့ ထိုလျှောက်လှဘ တင်ကြောင်း စာရေးအကြောင်းကြားပြီးနောက်၊ မြန်မာသတင်းစာ၊ အင်္ဂလိပ်သတင်းစာများတွင် ထိုအကြောင်းများနှင့် စပ်လျဉ်း၍ ထည့်သွင်းခဲ့လေသည်။ ထို့ကြောင့်ပင် ဘဏ်က ကုမ္ပဏီထံမှ အကြွေးငွေချက်ခြင်းပေးဆောင်ရမည်ဟု တောင်းဆိုသဖြင့်၊ ကုမ္ပဏီသည် ကုန်ပစ္စည်းအချို့ကို အနှုံးခံ၍ ရောင်းချပြီး ပေးဆပ်ကြောင်း ဒေါ်ခင်စု၏ သက်သေထွက်ချက်အရ ပေါ်လွင်၏။ ဦးအုန်းမောင်တို့ လျှောက်လှဘတင်သွင်းပြီးနောက်၊ ကုမ္ပဏီအခက်အခဲတွေ့ရသည်မှာ ၎င်းတို့၏ပရောဂနှင့် မကင်းချေ။

၁၉၆၄

ဦးအုန်းမောင် နှင့် ချမ်းသာစေ ကုမ္ပဏီလီမိတက် ပါ ၃။

ယခုကဲ့သို့သော ကိစ္စမျိုးတွင်အကြောင်းအလွန်တရာ ခိုင်လုံမှုသာလျှင် တရားရုံးက ကုမ္ပဏီကို ဖျက်သိမ်းသင့်ပေသည်။ In the matter of *The Mahamandal Shashtra Prakakashak Thmity, Limited, Bemares* အမှု (၁) တွင်၊ တရားသူကြီးက ဆာဂျော့ဂျက်ဆဲ (လ်) ၏ မြွက်ဆိုချက်ကို သဘောတူ လက်ခံပြီး အမှုကို အဆုံးအဖြတ်ပြုခဲ့၏။ ထိုမြွက်ကြားချက်များ အောက်ပါအတိုင်းဖြစ်သည်။

> **" A power of this kind is not to be acted upon unless there is very strong ground for acting upon it, and for this reason that these companies are governed by a majority of their own members, and where there is a domestic tribunal which has power to decide upon a question, it should, if possible, be left to that domestic tribunal."**

ထိုမြွက်ကြားချက်မှာ မှန်ကန်သင့်လျော်သည် ထင်မြင်သဖြင့်၊ ဤရုံးကလည်း လက်ခံသင့်ပေသည်။ ထိုပြင်လည်း **ဘီကာဝါ**(၂) နှင့် **နတ်** (သ်) **ဆင်းအဝိုင်းကုမ္ပဏီလီမိတက်** အမှု (၂) တွင်၊ ကုမ္ပဏီတခုကို ဖျက်သိမ်းရန်ကိစ္စမှာ အလွယ်တကူပြုအပ်သော ကိစ္စမဟုတ်ကြောင်း၊ အလွန်တရာ လိုအပ်သည့်အခါမျိုးဌာသာလျှင် ပြုအပ်ကြောင်းနှင့် အဆုံးအဖြတ်ပြုခဲ့လေသည်။

ကုမ္ပဏီ၏ ပညာရှိရွှေနေကြီးက၊ အစုဝင်များ သဘောတူလျှင် ကုမ္ပဏီကို အစုဝင်များ အလိုအလျောက် ဖျက်သိမ်းသည့်အနေနှင့် ဖျက်သိမ်းရန်ကို ငြင်းဆန်ရန် အကြောင်းမရှိကြောင်းနှင့် ပြောကြား၏။ ဦးအုန်းမောင်တို့သည် ဤအချက်ကို စေ့ငုံစဉ်စား သုံးသပ်ပြီး လိုအပ်သလိုအရေးယူနိုင်ပေမည်။

အထက်ဖော်ပြပါ အကြောင်းများကြောင့် ဝင်ရောက်စွက်ဖက်ရန် အကြောင်းမမြင်သဖြင့် လျှောက်လွှာကို စရိတ်နှင့်တကွ ပယ်လိုက်သည်။

ဤရုံးရွှေနေခမှာ ၁၅ ကျပ် ဖြစ်စေရမည်။

---

(1) I.L.R. 39. Allahabad, p.334, 342.
(2) XIII Burma Law Times, 51.

တရားမ အယူခံ

တရားသူကြီး ဦးစောဘသိန်း ရှေ့တွင်

ဦးအောင်စော (အယူခံတရားလို)

နှင့်

ဦးကျွန်းမောင် (အယူခံတရားခံ)*

† ၁၉၆၄
မတ်လ ၂၀ ရက်။

တံဆိပ်တော်ခွန် အက်ဥပဒေပုဒ်မ ၃၅—ချင်းချက် (က)—ပုဒ်မ ၃၆ နှင့် ၆၁ဩဇီမံစာချုပ်ကို—အောက်ရုံးက မှားယွင်းစွာလက်ခံမိခြင်း—အယူခံရုံးက ဝင်ရောက် စွက်ဖက်ခြင်းပြုနိုင် မပြုနိုင် သက်ဆေး ဩဇီမံစာချုပ်ကို၊ တံဆိပ်တော်ခေါင်း အပြည့်အစုံမပါဆော်လည်း ဒဏ်တပ်ရန် တံဆိပ်တော်ခွန်ကို ပေးဆောင်စေပြီး အောက်ရုံးက သက်သေခံအဖြစ် လက်ခံခဲ့သဖြင့် အယူခံရုံးက စွက်ဖက်ခြင်းပြုနိုင် မပြုနိုင်ဟူသောပြဿနာပေါ် ပေါက်ခဲ့ရာ။

ဆုံးဖြတ်ချက်။ ။တံဆိပ်တော်ခွန် အက်ဥပဒေ ပုဒ်မ ၃၅ ချင်းချက် (က) ပြဋ္ဌာန်းချက်သည် စင်စစ်အားဖြင့်၊ ဩဇီမံစာချုပ်များနှင့် အလျဉ်းသက်ဆိုင်ခြင်းမရှိသဖြင့်၊ သက်သေခံဩဇီမံစာချုပ်ကို၊ ဒဏ်တပ်၍ လိုအပ်သော တံဆိပ်တော်ခွန်ကို ပေးဆောင်စေပြီး၊ အမှုတွင်သက်သေခံခြင်း မပြုနိုင်။

သို့ရာတွင်တံဆိပ်တော်ခွန် အက်ဥပဒေပုဒ်မ ၂၅၊ ၃၆ နှင့် ၆၁ တို့ကို ပူးတွဲဘတ်ရှုလျှင်၊ ပုဒ်မ ၃၅ ချင်းချက် (က) တွင် ဩဇီမံစာချုပ်ကို ဖယ်ရှား ချန်လှပ်ထားသော်လည်း၊ ပုဒ်မ ၃၆ အရ ပြဋ္ဌာန်းချက်တွင်၊ ဩဇီမံ စာချုပ်ကို ဖယ်ရှားချန်လှပ်ထားခြင်းပြုသည့် အနေဖြင့်၊ ခြင်းချက် မထားဘဲ "စာချုပ်ထခုကို" ဟူ၍ ဖော်ပြထားသဖြင့်၊ ပုဒ်မ ၃၆ ထွင်မှားယွင်းလက်ခံမိသော စာချုပ်လည်းပါဝင်သည်။

မောင်ဘကျမ် နှင့် မကြည်ကြည်၊ အောက်မြန်မာပြည် စီရင်ထုံးအတွဲ ၂၊ စာမျက်နှာ ၁၀၃ ကို ရည်ညွှန်း၍ ခွဲခြားဖွင့်လင်းပြသည်။

မည္ဆန့် နှင့် မောင်စန်မြ၊ ရန်ကုန်စီရင်ထုံး အတွဲ ၆၊ စာမျက်နှာ ၅၉၀ ကိုရည်ညွှန်း၍လိုက်နာသည်။

ဂေါဒန်းဆင်း နှင့် စူဝါလာ(လ်)ကလျာန်ဘတ်၊ အေ၊အိုင်၊အာ(ရ်) ၁၉၅၉ ရတ်(ဂျ်)၁၅၆။

ချာတာဘု(ဂျ်)နှင့် ရတန်ဇရာဆင်း။အိုင်၊အေ၊အယ်၊ အာ(ရ်) ၁၉၅၉ (၉) ရတ်(ဂျ်)၁၀၆၅။

ဂျဗါးချွန် နှင့် ပူကရချိစူရနာ။ အေ၊ အိုင်၊ အာ(ရ်) ၁၉၆၁ တရားလွှတ်ထောချုပ်၊ ၁၉၅၅ ကို ရည်ညွှန်းသည်။

---

* ၁၉၆၃ ခုနှစ်၊ တရားမ ဒုထိယ အယူခံမှုအမှတ် ၆၁။

† ၁၉၆၁ ခုနှစ်၊ တရားမကြီးမှုအမှတ် ၆၁ တွင်၊ သရက်မြို့၊ နယ်ပိုင်တရားမ ရုံးတော်သူကြီး ရုံးထော်၏ ချမှတ်သော၊ ဒီကရီကို အယူခံဝင်မှု။

၁၉၆၄
—
ဦးအောင်စောနှင့် ဦးကျွန်းမောင်

ဆိုဖြစ်၍၊ အမှုပုံဩဒိမံစာချုပ်ကို အောက်ရုံးက မှားယွင်းလက်ခံမိသည်ကို၊ အယူခံရုံးအနေနှင့် ဝင်ရောက်စွက်ဖက်ခြင်းမပြုနိုင်။

အယူခံတရားလိုမျှားအတွက်။ ။ဦးဘဆွေ။

အယူခံတရားခံအတွက်။ ။ဦးသက်ငွေ။

တရားသူကြီး ဦးစောဘသိန်း။ ။ကျွန်အမှုတွင် အယူခံတရားခံ ဦးကျွန်းမောင်က၊ အယူခံထရားလို ဦးအောင်စောသည်၊ ၎င်းထံမှ သက်သေခံအမှတ် (က) ဩဒိမံစာချုပ်အရ၊ငွေ ၃,၄၀၀ ကျပ်ကို အတိုးဖြင့်ချေးယူခဲ့ရာယခုအခါ ၃ နှစ်နီးပါးရှိသော်လည်း၊ပေးဆပ်ခြင်းမပြုသဖြင့် ကျသင့်သောငွေပေါင်း ၄,၈၈၅၀ ကျပ် ၅၀ ပြားကိုရလိုကြောင်းဖြင့် တရားစွဲဆိုရာ အယူခံတရားလို ဦးအောင်စောက၊ ၎င်းသည် စွဲဆိုသည့်အတိုင်း သက်သေ ခံအမှတ်(က)အရ၊ငွေ ၃,၄၀၀ ကျပ်ကို မယူရကြောင်း။ သက်သေခံအမှတ်(က) ဩဒိမံစာချုပ်ပေါ်တွင် ယခင်အခါက၊ တံဆိပ်တော်ခွန်ခေါင်း ၁ သာရှိကြောင်း။ ယခု တံဆိပ်တော်ခွန်ခေါင်း ၂ ခုရှိရာ ၁ ခုမှာ နောင်သုံး၍ မဖြစ်အောင် ဖျက်ထားခြင်း မရှိသဖြင့် ဒဏ်တပ်၍ လိုအပ်သော တံဆိပ်တော်ခွန်ကို ပေးဆောင်စေပြီး၊ သက်သေခံအဖြစ် လက်မခံနိုင်ကြောင်း ဖေါ်ပြထုချေသည်။

အောက်ရုံးက အမှုတွင် လိုအပ်သော ကောက်ချက်များကို ထုတ်၍၊ တတိယကောက်ချက်ဖြစ်သည့် သက်သေခံအမှတ် (က) ဩဒိမံစာချုပ်ကို ဒဏ်တပ်၍ လိုအပ်သော တံဆိပ်တော်ခွန်ကို ပေးဆောင်စေပြီး၊ အမှုတွင် သက်သေခံအဖြစ် လက်ခံနိုင်ပါမည်လား ဟူသောကောက်ချက်ကို ကနဦးကောက်ချက်အနေဖြင့် နှစ်ဦးနှစ်ဘက်သော အမှုသည်တို့၏ ပညာရှိ ရွေနေကြီးတို့၏ လျှောက်လဲတင်ပြချက်ကို ကြားနာပြီး၊ သက်သေခံအမှတ် (က) စာချုပ်ကို ဒဏ်တပ်၍ လိုအပ်သော တံဆိပ်တော်ခွန်ကို ပေးဆောင်စေပြီး၊ သက်သေခံအဖြစ် လက်ခံနိုင်ကြောင်း ဆုံးဖြတ်ချက် ချမှတ်သည်။

အယူခံ တရားလိုက၊ ထိုသို့ဆုံးဖြတ်သည်ကို မကျေနပ်၍၊ ဤရုံးသို့ ပြင်ဆင်မှုပြုလုပ်ပေးရန် လျှောက်ထားရာ၊ ဤရုံးက ယခုကဲ့သို့သော ကြားဖြတ်အမိန့်မျိုးကို ဝင်ရောက် စွက်ဖက်လေ့ မရှိကြောင်း။ နောင်အယူခံတွင် ထိုသို့သော အမိန့်မျိုးနှင့် စပ်လျဉ်း၍ လျှောက်လဲနိုင်ကြောင်း။ ဆုံးဖြတ်ချက် ချမှတ်ပြီး ပြင်ဆင်မှုကို ပလပ်ရန် အမိန့်ချမှတ်လိုက်သည်။

အောက်ရုံးက အမှုကိုဆက်လက်၍ စစ်ဆေးပြီး အယူခံတရားခံ စွဲဆိုသည့်အတိုင်း၊ အမိန့်ဒီကရီ ချမှတ်လိုက်ရာ၊ အယူခံတရားလိုက မကျေနပ်၍ သရက်မြို့၊ ခရိုင်တရားမ တရားသူကြီးရုံးသို့ အယူခံဝင်သော်လည်း မအောင်မြင်၊ အကြောင်းမထူးသဖြင့် ဤရုံးသို့ ဒုတိယအကြိမ် အယူခံဝင်သည်။

၁၉၆၄

ဦးအောင်စော
နှင့်
ဦးကျွန်းမောင်။

ဒုတိယ အယူခံမှုတွင် ဤရုံးက အောက်မူလရုံးနှင့် အောက်အယူခံရုံး ၂ ရုံးတို့က သဘောတူညီစွာ ဆုံးဖြတ်ထားသော အမှုအကြောင်းခြင်းရာ သက်သေခံချက်များ (facts) နှင့် ပတ်သက်၍၊ ဝင်ရောက် စွက်ဖက်လေ့ မရှိဘဲ၊ ဥပဒေအချက်အလက်များနှင့် စပ်လျဉ်း၍သာ ဝင်ရောက်စွက်ဖက်လေ့ ရှိပေသည်။ ဤအမှုတွင် စဉ်းစားဆုံးဖြတ်ရန် ဥပဒေအချက်အလက်မှာ—

> "သက်သေခံအမှတ် (က) ဩဒီမံစာချုပ်ကို တံဆိပ်တော်ခွန် အက်ဥပဒေ ပုဒ်မ ၃၅၊ ခွင်းချက် (က) အရ၊ တံဆိပ်တော်ခွန်ကို၊ လိုအပ်သည့်အတိုင်းပေးဆောင် ကပ်ထားခြင်းမရှိသဖြင့်၊ ဒဏ်တပ်၍ လိုအပ်သော တံဆိပ်တော်ခွန်ကို ပေးဆောင်စေခြင်း မပြုနိုင်သော်လည်း အောက်ရုံးကမှားယွင်း၍ ဒဏ်တပ်ပြီး၊ လိုအပ်သော တံဆိပ်တော်ခွန်ကိုပေးဆောင်စေ၍၊ အမှုတွင် သက်သေခံအဖြစ် လက်ခံပြီး အမိန့်ဒီကရီ ချမှတ်လိုက်သည်ကို အယူခံရုံးက ဝင်ရောက်စွက်ဖက်၍ ပယ်ဖျက်နိုင်ပါမည်လား"

ဟူ၍ဖြစ်၏။

တံဆိပ်တော်ခွန် အက်ဥပဒေ ပုဒ်မ ၃၅၊ ခွင်းချက် (က) အရပြဋ္ဌာန်းချက်သည် စင်စစ်အားဖြင့် ဩဒီမံစာချုပ်များနှင့် အလျင်းသက်ဆိုင်ခြင်း မရှိသဖြင့် သက်သေခံအမှတ် (က)ကဲ့သို့သော ဩဒီမံစာချုပ်ကို တံဆိပ်ခွန်လိုအပ်သည့်အတိုင်း ပေးဆောင်ကပ်ထားခြင်းမရှိလျှင်ဖြစ်စေ၊ သို့မဟုတ် တံဆိပ်တော်ခွန်ပေးဆောင် ကပ်ထားမှုလွဲကွာနေသော်သုံးမဖြစ်အောင်မျက်ထားခြင်း မရှိလျှင်ဖြစ်စေ ဒဏ်တပ်၍ လိုအပ်သောတံဆိပ်တော်ခွန်ကို ပေးဆောင်စေပြီး၊ အမှုတွင် သက်သေခံအဖြစ် လက်ခံခြင်းမပြုနိုင်ပေ။

ဤအမှုတွင် အောက်ရုံးက သက်သေခံအမှတ် (က)ဩဒီမံ စာချုပ်ကို ဒဏ်တပ်၍ လိုအပ်သော တံဆိပ်တော်ခွန်ကို ပေးဆောင်စေပြီး၊ သက်သေခံအဖြစ် လက်ခံရန် အမိန့်ချမှတ်သည်မှာ ဥပဒေအရ မဟုတ်သဖြင့် မှားယွင်းပေသည်။

ထို့ကြောင့် စဉ်းစားရန်မှာ ထိုသို့ မှားယွင်းစွာ လက်ခံထားသည်ကို အယူခံရုံးက တံဆိပ်တော်ခွန် အက်ဥပဒေ ပုဒ်မ ၃၆ အရ၊ ပြင်ဆင်နိုင်ပါမည်လား ဟူ၍ဖြစ်၏။

မောင်ဘကျွမ် နှင့် မကြည်ကြည် (၁) စီရင်ထုံးတွင်—

> ". . . **A promissory-note bearing a stamp not cancelled as required by law is inadmissible in evidence under section 35 of the Stamp Act. A Court which gives a decree on such**

(၁) အောက်မြန်မာပြည် စီရင်ထုံးအတွဲ ၂၊ စာမျက်နှာ ၁၀၃။

၁၉၆၄

ဦးအောင်စော
နှင့်
ဦးကျွန်းမောင်။

a document acts contrary to law. Section 36 of the Act does not prevent a Superior Court from correcting the illegality . . ."

ဟူ၍ ဆုံးဖြတ်ထားသော်လည်း၊ မည္ဆန့် နှင့် မောင်စန်မြ (၂) စီရင်ထုံးတွင်—

" . . . Where a trial Court admits an insufficiently stamped promissory-note in evidence on payment of the duty and penalty, overlooking the fact that Proviso (*a*) of section 35 of the Stamp Act does not apply to a promissory-note, the Court cannot be said to have acted illegally, and having regard to the provisions of section 36 of the Act, the Appellate Court has no power to question the admission of the document, and to reject it on the ground that it was not duly stamped . . ."

ဟူ၍ **မောင်ဘကျမ်** နှင့် **မကြည်ကြည်** (၁) စီရင်ထုံးကိုဆန့်ကျင်၍ဆုံးဖြတ်ထားသဖြင့် မည်သည့်ဆုံးဖြတ်ချက်မှန်သည်ကို သိနိုင်ရန် အဆိုပါစီရင်ထုံးများကို ဘတ်ရူလေ့လာရာ **မောင်ဘကျမ်** နှင့် **မကြည်ကြည်** (၁) စီရင်ထုံးတွင်—

"Reading section 35, 36 and 61 together it appears to me that section 36 applies to instruments which may be admitted in evidence under the Provisos to section 35, and to instruments which a Court holds to be not liable to duty, but the absolute provisions of the main part of section 35 are not affected by section 36, and that if a Court admits and acts on an unstamped document which cannot under any circumstances be admitted and acted upon, section 36 does not prevent a Superior Court from dealing with the illegality . . ."

ဟူ၍ အဘယ့်ကြောင့် အယူခံရုံးက အောက်ရုံးမှားယွင်းစွာဖြင့် လက်ခံထားသော သြဒီမံစာချုပ်နှင့် စပ်လျဉ်း၍ ပြင်ဆင်နိုင်ကြောင်းကို ဖေါ်ပြထားသည်။

မည္ဆန့် နှင့် **မောင်စန်မြ** (၂)စီရင်ထုံးတွင် အောက်ရုံးမှားယွင်း၍လက်ခံထားသော သြဒီမံစာချုပ်နှင့် ပတ်သက်၍၊ အယူခံရုံးက အဘယ့်ကြောင့် ပြင်ဆင်ခြင်း မပြုနိုင်ကြောင်းကို—

"The terms of section 36, Stamp Act, are exceedingly wide and in their plain ordinary meaning they undoubtedly refer

---

(၁) အောက်မြန်မာပြည်စီရင်ထုံးအတွဲ ၂၊ စာမျက်နှာ ၃၈၃။

(၂) ရန်ကုန်စီရင်ထုံးအတွဲ ၆၊ စာမျက်နှာ ၅၉၀။

ဝဋ္ဌဂု

ဦးအောင်စော နှင့် ဦးကျွန်းမောင်။

to any document which has, in fact, been admitted in evidence, and are sufficient to cover the case of a promissory-note or of any other document to which Proviso (*a*) to section 35 is not applicable . . . ."

ဟူ၍ဖော်ပြထားသည်။

ဤအကြောင်းပြချက်များနှင့် တံဆိပ်တော်ခွန် အက်ဥပဒေ ပုဒ်မ ၃၅၊ ၃၆ နှင့် ၆၁ အရ၊ ပြဋ္ဌာန်းချက်များကို ပူးတွဲဘတ်ရှူ လေ့လာသည့်အခါ ပုဒ်မ ၃၅ ခြွင်းချက် (က)တွင် ဩဇိမံစာချုပ်ကို ဖယ်ရှား ချန်လှပ်ထားသော်လည်း ပုဒ်မ ၃၆ အရ၊ ပြဋ္ဌာန်းချက်တွင် ဩဇိမံစာချုပ်ကို ဖယ်ရှား ချန်လှပ်ထားခြင်း ပြုသည့်အနေဖြင့် ခြွင်းချက်မထားဘဲ "စာချုပ်တခုကို" ဟူ၍ဖော်ပြ လည့်သွင်းပြဋ္ဌာန်း ထားသဖြင့် ပုဒ်မ ၃၆ အရ၊ ပြဋ္ဌာန်းချက်တွင် မှားယွင်း၍ လက်ခံမိသော ဩဇိမံစာချုပ်လည်း ပါဝင်သည်ကို တွေ့ရသည့်အတွက် မည္ဆန့် နှင့် **မောင်စန်မြ**(၂) စီရင်ထုံးတွင် ရေးသား ဖော်ပြသော အကြောင်းပြချက် (reasons) များသည် **မောင်ဘကျမ်** နှင့် **မကြည်ကြည်** (၁) စီရင်ထုံးတွင် ဖော်ပြသော အကြောင်းပြချက် (reasors) များထက်၊ သာလွန်ပိုမိုး၍ လျော်ကန်သင့်မြတ် မှန်ကန်သည်ဟု ထင်မြင်သည်။

ဂေါ်ဒန်းဆင်းနှင့်စူဇါလာ(လ်)ကဏ္ဍာန်ဘတ် (၃)စီရင်ထုံးကိုအကိုးအကားပြု၍၊ ချာတာဘု(ဂျ်) နှင့် ရတန်ဒရာဆင်း(၄) စီရင်ထုံးတွင်—

"There are two stages relating to documents filed in Court. One is the stage when all the documents are filed by the parties in Court. The next stage is when the documents are formally proved and tendered in evidence. It is after the document is formally proved that the endorsement referred in Rule (4) of Order XIII of the Code of Civil Procedure is to be made, and the document is thus admitted, and the admissibility of the document cannot thereafter be questioned."

ဟူ၍ ဆုံးဖြတ်ထားသည့်ပြင်၊ ဂျပါးချန် နှင့် ပူကရာ(ခ်)စူရနာ (၅) စီရင်ထုံးတွင်—

"Where a question as to the admissibility of a document is raised on the ground that it has not been stamped or has

---

(၁) အောက်မြန်မာပြည်စီရင်ထုံးအတွဲ ၂၊ စာမျက်နှာ ၁၀၃။
(၂) ရန်ကုန်စီရင်ထုံးအတွဲ ၆၊ စာမျက်နှာ ၅၉၀။
(၃) အေ၊အိုင်၊အာ(ရ်)၊-၁၉၅၉-ရတ်(ဂျ်) ၁၅၆။
(၄) အိုင်၊အယ်(လ်)၊အာ(ရ်)-၁၉၅၉ (၉)ရတ်(ဂျ်) ၁၁၆၅။
(၅) အေ၊အိုင်၊အာ(ရ်) ၁၉၆၁ တရားလွှတ်တော်ချုပ် ၁၉၅၅။

၁၉၆၄

ဦးအောင်စော
နှင့်
ဦးကျွန်းမောင်။

not been properly stamped, the party challenging the admissibility of the document has to be alert to see that the document is not admitted in evidence by the Court. The Court has to judicially determine the matter as soon as the document is tendered in evidence and before it is marked as an exhibit in the case. Once a document has been marked as an exhibit in the case, section 36 of the Stamp Act comes into operation. Once a document has been admitted in evidence, as aforesaid, it is not open either to the trial Court itself or to a Court of Appeal or Revision to go behind that order. Such an order is not one of those judicial orders which are liable to be reviewed or revised by the same Court or Court of Superior jurisdiction . . ."

ဟူ၍ ဆုံးဖြတ်ထားသည်ကို ထောက်ရှုလျှင်၊ **မဿန်** နှင့် **မောင်စန်မြ** (၂) စီရင်ထုံးတွင် ဆုံးဖြတ်ချက် ချမှတ်ထားခြင်းသည် ဥပဒေအရ မှန်ကန်ကြောင်းကို ကောင်းစွာ ပေါ်လွင် ထင်ရှားစေသည်ဟု ယူဆရပေမည်။

ဤထင်မြင် ယူဆချက်ကိုလည်း၊ **နေဇာခန်** နှင့် **မမလေး** (၆) စီရင်ထုံးတွင်— "

"Under section 36 of the Stamp Act if documents insufficiently stamped are admitted in evidence in trial Court, such admission could not be challenged in appeal . . ."

ဟူ၍ ဥပဒေမူ ချမှတ်ကာ ထောက်ခံလျက်ရှိပေသည်။

ဤဖော်ပြပါ ဥပဒေမူအရ၊ တံဆိပ်တော်ခွန် ဥပဒေ ပုဒ်မ ၃၅ အရ၊ လက်ခံရန် မဖြစ်နိုင်သောသက်သေခံအမှတ် (က) သြဒီမံစာချုပ်ကို အောက်ရုံးက၊ မှားယွင်း၍ လက်ခံမိသည်ကို အယူခံရုံးက မည်သို့မျှဝင်ရောက် စွက်ဖက်ခြင်း မပြုနိုင်ဟူ၍ ဤအယူခံမှုဘွင် ပေါ်ပေါက်လျက်ရှိသည့် ပြဿနာကို ဆုံးဖြတ်ဖြေဆိုရပေမည်။

အထက်ဖော်ပြပါ အကြောင်းများကြောင့် အောက်ရုံး ချမှတ်သော စီရင်ချက်နှင့် ဒီကရီကို ဝင်ရောက်စွက်ဖက်ရန် လုံလောက်သော အကြောင်းမရှိသဖြင့် ဤအယူခံကို စရိတ်ဖြင့် ပလပ်ရန် အမိန့်ချမှတ်လိုက်သည်။

ဤရုံးချေနေကြီးခမှာ ၅ဝ ဖြစ်စေရမည်။

---

(၂) ရန်ကုန်စီရင်ထုံးအတွဲ ၆၊ စာမျက်နှာ ၅၉၀။

(၆) ၁၉၄၈ ဥနှစ်၊ မြန်မာနိုင်ငံ တရားလွှတ်တော် စီရင်ထုံး ၃၅၃။

တရားမ အယူခံ

တရားသူကြီးချုပ် ဦးဘိုကြီး ရွှေတွင်၊

ဦးအောင်သိန်းပါ ၂ (အယူခံတရားလိုများ)

နှင့်

ဒေါ်မမကြီး(အယူခံတရားခံ)*

† ၁၉၆၄ ဧပြီ ဝါရီလ ၂၉ ရက်။

အစိုးရပိုင်မြေ—ကျူးကျော်သူအား မြေလက်ရှိထားသူက တရားစွဲဆိုနိုင်ခြင်း—ဆန့်ကျင်နေထိုင်မှုကို ပြရန် ကျူးကျော်သူ၏တာဝန်—ကာလစည်းကမ်းသတ် ဥပဒေပုဒ်မ—၁၄၄။

ဆုံးဖြတ်ချက်။ ။သူတဦးတယောက်သည်၊ အစိုးရပိုင် မြေရိုင်းတွင် မည်သူတဦးတယောက်မျှ မနေသဖြင့် ဝင်ရောက်နေထိုင်ရာတွင်၊ အခြားသူ တဦးဦးက မည်သို့မျှ အခွင့်အရေးမရှိဘဲ အတင်း ဝင်ရောက်နေထိုင်လျှင်၊ ထိုသူအား မူလလက်ရှိဖြစ်သူသည်၊ မြေကိုလက်ရောက်ပြန်လည်ရရှိရန် အတွက် ထာရားစွဲဆိုနိုင်သည်။

ထို့ကြောင့် အစိုးရရရှိသူ တဦးသည်၊ ကျူးကျော်သူအား ဂရုသက်တမ်းအတွင်းတွင် တရားစွဲဆိုသော်လည်း၊ အမှုအတောအတွင်း ဂရုသက်တမ်းကုန်ဆုံးသွားစေကာမူ၊ မြေကိုပြန်လည်လက်ဆောက်ရရှိခွင့်ရှိသည်။

ကာလစည်းကမ်းသတ် ဥပဒေပုဒ်မ ၁၄၄ တွင် အကျုံးဝင်သော အမှုမျိုး၌ ကျူးကျော်သူမှာသည်၊ ဆန့်ကျင်နေထိုင်မှုကို သက်သေတင်ပြရန် တာဝန်ရှိသည်။

ဦးချစ်ထွန်းနှင့် ဒေါ်ငွေသောင်း။ မြန်မာနိုင်ငံ တရားရုံးချုပ် ၁၉၆၀ ခုနှစ်၊ တရားမ ပဌမအယူခံမှုအမှတ် ၉-၁၀-၁၁။ ဦးကံပါ ၂ နှင့် ကာလချုန် ပါ ၂ ။ မြန်မာနိုင်ငံ တရားရုံးချုပ် ၁၉၆၂ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၆ ကို ကိုးကားသည်။

အယူခံတရားလိုအတွက်။ ။အင်အာ(ရ်)မဇူန်းဒါး။

အယူခံတရားခံအတွက်။ ။ဦးစိန်လှ။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။ ဤအမှုပါ အခင်းဖြစ်မြေကို အယူခံတရားခံ ဒေါ်မမကြီး၏ မိခင် ဒေါ်ဇင်၏ နာမည်ဖြင့် အစိုးရထံမှ အနှစ် ၃၀ ဂရုအငှါးခံယူခဲ့ရာ ဒေါ်ဇင်ကွယ်လွန်ပြီးနောက်၊ ၁၉၅၈ ခုနှစ်တွင် ဒေါ်မမကြီးနာမည်သို့ ပြောင်းလဲ

---

* ၁၉၆၃ ခုနှစ်၊ တရားမ ဒုတိယအယူခံမှုအမှတ် ၁၀၁။

† ၁၉၆၃ ခုနှစ်၊ တရားမ အယူခံမှုအမှတ် ၅ တွင်၊ ၁၉၆၃ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်နေ့စွဲပါ၊ တောင်ငူမြို့ခရိုင်တရားမ တရားသူကြီးရုံးတော်၏ ချမှတ်သော ဒီကရီကို အယူခံဝင်မှု။

၁၉၆၄

ဦးအောင်သိန်း
ပါ ၂
နှင့်
ဒေါ်မမကြီး။

လိုက်၏။ ထိုမြေပေါ်ရှိ မူလအိမ် ပျက်သွားသည့်အခါ ၁၉၅၃ ခုနှစ်တွင် ဒေါ်မမကြီးက ဘကလေးဆိုသူအား ခေတ္တနေထိုင်ရန် ခွင့်ပြုထားကြောင်း။ အယူခံတရားလို မကြည်သည်လည်း ထိုနှစ်ပင် ဝင်ရောက်နေထိုင်ကြောင်းနှင့် တရားစွဲဆို၏။ ၁၉၆၁ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်နေ့၌ ဒေါ်မမကြီးသည် အယူခံတရားလို ဦးအောင်သိန်းအား ထိုမြေမှ ထွက်ခွါဖယ်ရှားစေရန် တရားစွဲဆို၏။ ဦးအောင်သိန်းက မိမိသည် ထိုမြေနှင့် မည်သို့မျှ မဆိုင်ကြောင်း။ မြေပေါ်တွင် မကြည်နေထိုင်စဉ် ခေတ္တမျှသာ ဝင်ရောက်နေထိုင်ဘူးကြောင်းနှင့် ထုချေရာ၊ အဆိုလွှာကိုပြင်၍ မကြည်ကိုပါ တရားခံအဖြစ်ထည့်သွင်းပြီး တရားစွဲဆို၏။ မကြည်ထုချေသည်မှာ၊ မိမိသည် အခင်းဖြစ်မြေ၌ မည်သူမျှနေထိုင်ခြင်း မရှိသည်ကို တွေ့သောအခါ ထိုမြေပေါ်သို့ ဝင်ရောက်နေထိုင်ခဲ့ကြောင်း။ မူလ နေထိုင်သူများလည်း ထိုမြေကို စွန့်လွှတ်ခဲ့ကြောင်းနှင့် ထုချေ၏။ ထို့ပြင် အခင်းဖြစ် မြေဂရုံသက်တမ်းမှာ ၁၉၃၂ ခုနှစ်၊ မေလ ၁၇ ရက်နေ့မှစ၍ အနှစ် ၃၀ ဖြစ်ရာ၊ ၁၉၆၂ ခုနှစ်၊ မေလ ၁၇ ရက်နေ့တွင် သက်တမ်းကုန်ဆုံးခဲ့လေသည်။ ယင်းသို့ သက်တမ်းကုန်ဆုံးသည်မှာ အမှုအတောအတွင်းတွင်ဖြစ်သည်။

အယူခံ တရားလိုတို့၏ ပညာရှိရွှေနေကြီးက အချက် ၂ ချက်တင်ပြ လျှောက်ထား၏။ ပဌမအချက်မှာ ဂရုံသက်တမ်း ကုန်ဆုံးသည်ဖြစ်ရာ၊ ဒေါ်မမကြီးသည် မကြည်အား တရားမစွဲနိုင်တော့ကြောင်းဖြစ်သည်။ ယင်းသို့ လျှောက်လဲရာ၌ နိုဗိုမိယန်နှင့် **အမ်၊ဘီ၊ကာဆင်း** (၁)အမှုကို ကိုးကားလေသည်။ ထိုအမှုတွင် အဆုံးအဖြတ်ပြုသည်မှာ သာမန်အားဖြင့်ဆိုလျှင် တရားစွဲဆိုသည့်နေ့၌ရှိသော အမှုသည်များ၏ အခွင့်အရေးများ အတိုင်းပင် ဒီကရီ ချမှတ်ရမည် ဖြစ်သော်လည်း၊ အစွမ်းသတ္တိဝင်များ ပစ္စည်းတရပ်ကို ပေါင်းစပ် ပိုင်ဆိုင်ရာ၌၊ ပိုင်ရှင်တဦးက သူစိမ်းတဦးအား မိမိပိုင်အစုကို ရောင်းရာတွင် အခြားပေါင်းစပ် ပိုင်ဆိုင်သူက မိမိအားသာလျှင် ဦးစွာ ရောင်းရမည် ဖြစ်ကြောင်း တရားစွဲဆိုရာ၌၊ ဒီကရီ ချမှတ်ခြင်း မပြုမီ ထိုပိုင်ရှင်များသည် မိမိတို့၏ အစု အသီးသီးကို ခွဲယူပြီးဖြစ်လျှင် ဦးစွာဝယ်ခွင့်ပေးသော ဒီကရီမျိုး ချမှတ်ခြင်း မပြုနိုင်တော့ဟု ပြဋ္ဌာန်းခဲ့လေသည်။ ဤအမှုတွင်ကား အကြောင်းချင်းရာမျှားသည်၊ ထိုကဲ့သို့မဟုတ်ပေ။ တရားစွဲဆိုစဉ်အခါက ဒေါ်မမကြီးသည် အစိုးရထံမှ အငှါးဂရုံ ခံယူသူ ဖြစ်နေသေးသည်၊ မိမိအငှါးဂရုံ ခံယူထားသည့် မြေပေါ်တွင် မကြည်ကျူးကျော် ဝင်ရောက်သည်ဆိုကာ ၎င်းအား တရားစွဲဆိုခဲ့သည်၊ ထို့ကြောင့် မိမိ၏မြေကို ကျူးကျော်သူထံမှ ပြန်လည်ရရှိရန်အတွက် တရားစွဲဆိုခြင်းသာဖြစ်ရာ၊ အငှါးဂရုံသက်တမ်း အမှုအတောအတွင်း ကုန်ဆုံးခဲ့သော်လည်း၊ ထိုမြေကို ပြန်လည်ရရှိနိုင်သည်ဟု

(၁) အိန္ဒိယ စီရင် ထုံးများ၊ ကာလကတ္တာ၊ အတွဲ ၄၄၊ စာ ၄၇၅

၁၉၆၄

ဦးအောင်သိန်း ပါ ၂ နှင့် ဒေါ်မမကြီး။

ယူဆရပေမည်။ အမှန်အားဖြင့်ဆိုသော်၊ သူတဦးတယောက်သည် အစိုးရပိုင်မြေရိုင်းတွင် မည်သူ တဦးတယောက်မျှ မနေသဖြင့် ဝင်ရောက်နေထိုင်ရာတွင် အခြားသူ တဦးဦးက မည်သို့မျှ အခွင့်အရေးမရှိဘဲ အတင်းဝင်ရောက် နေထိုင်လျှင် ထိုသူအား မူလလက်ရှိဖြစ်သူသည် မြေကိုလက်ရောက် ပြန်လည်ရရှိရန်အတွက် တရားစွဲဆိုနိုင်ပေမည်။ ယခုအမှုတွင်ဒေါ်မမကြီးသည်အစိုးရထံမှအငှါးဂရုံခံယူသူအဖြစ်အခင်းဖြစ်မြေတွင်ကိုယ်တိုင် မနေခဲ့သော်လည်း ဥပဒေသဘောအရ၊ လက်ရှိထားစဉ် မကြည်သည် ထိုမြေပေါ်သို့ ကျူးကျော်ဝင်ရောက် နေထိုင်ခဲ့လေသည်။ ထို့ကြောင့် အမှုအတောအတွင်းတွင် အငှါးဂရုံသက်ဘမ်းကုန်ဆုံးသော်လည်း ဒေါ်မမကြီးသည် မကြည်ထံမှ ထိုမြေကို ပြန်လည်လက်ရောက်ရရှိနိုင်ပေမည်။စင်စစ်အားဖြင့်ကား အောက်မြန်မာပြည်မြို့နှင့်ကျေးရွာမြေများအက်ဥပဒေပုဒ်မ ၁၉ အရဆိုလျှင်၊ပိုင်ရှင်အစိုးရကအခင်းဖြစ်မြေမှဒေါ်မမကြီးအား နှင်ထုတ်လိုလျှင် နှင်ထုတ်ပိုင်ခွင့်ရှိလေသည်။ ထိုမြေနှင့် ပတ်သက်၍၊ အငှါးဂရုံ ရရှိရန်အတွက် ဒေါ်မမကြီးနှင့် မကြည်တို့ အစိုးရထံအပြိုင်လျောက်ထားကြရာ၊ မကြည်၏လျောက်လွှာကိုပယ်ပြီး၊ ဒေါ်မမကြီး၏လျောက်လွှာကို အရေးယူဆဲဖြစ်သည်။ ထို့အကြောင်းများကြောင့်၊ အမှုအတောအတွင်း ဒေါ်မမကြီး၏ အငှါးဂရုံ သက်တမ်းကုန်ဆုံးရုံမျှဖြင့် ဒေါ်မမကြီး စွဲဆိုသည့်အတိုင်း ဒီကရီ မရထိုက်ဟု မဆိုနိုင်ပေ။

မကြည်၏ ပညာရှိရွှေနေကြီး တင်ပြသည့် ဒုတိယအချက်မှာ မကြည်သည် အခင်းပြစ်မြေပေါ်တွင် ၁၂ နှစ်ကျော် ဒေါ်မမကြီးအား ဆန့်ကျင်နေထိုင်ခဲ့သည်ဖြစ်ရာ၊ အမှုမှာ ကာလစည်းကမ်းသတ် ကျော်လွန်ပြီဖြစ်ကြောင်း နှင့်လျောက်လဲခြင်းဖြစ်သည်။ ဒေါ်မမကြီးက မကြည်ကို ထိုမြေပေါ်တွင် ၁၉၅၃ ခုနှစ်က ဝင်ရောက်နေထိုင်သည်ဆို၏။မကြည်နှင့် ၎င်းထူသော သက်သေများကမူကား၊ မကြည်သည် ထိုမြေပေါ်သို့ လွန်ခဲ့သည့် ၁၂ နှစ်ကျော်က ဝင်ရောက်နေထိုင်ခဲ့သည်ဟု ထွက်ဆိုကြ၏။ သို့သော် ထိုသက်သေများသည် မကြည်ကဲ့သို့ပင်အခင်းဖြစ် မြေပေါ်သို့ ဝင်ရောက် နေထိုင်ကြသူများ ဖြစ်သဖြင့် လွတ်လပ်သော သက်သေများ မဟုတ်ကြချေ။ မူလရုံးက ထိုသက်သေများ၏ ထွက်ဆိုချက်ကို လက်မခံခဲ့ချေ။ ထို့ကြောင့် မကြည်သည် အခင်းဖြစ်မြေပေါ်တွင် တရားမစွဲမီ ၁၂ နှစ်ကျော် ကာလက ဝင်ရောက်နေထိုင် လာခဲ့သည်ဟု သက်သေထင်ရှားမရှိချေ။

ဒေါ်မမကြီး အခင်းဖြစ်မြေပေါ်တွင် နေထိုင်စဉ် မကြည်က ဖယ်ရှားစေခြင်း ပြုသည်ဟုမဆိုချေ။ ဒေါ်မမကြီးသည်ဒုတိယ ကမ္ဘာစစ်ကြီးအတွင်း စစ်ဘေးဒဏ်ကြောင့် အခင်းဖြစ်မြေပေါ်ရှိအိမ် ပျက်စီးရာတွင် အခြားဒေသသို့ သွားရောက် နေထိုင်ခဲ့ရဟန်တူသည်။ ၎င်းသည် ထိုမြေကို စွန့်လွှတ်ခဲ့သည်ဟု မဆိုနိုင်ပေ။ အခြားး စစ်ဘေးဒုက္ခသည်များနည်းတူမလွဲမရှောင်သာသဖြင့် မိမိတို့ပိုင်နက်များမှယာယီသွားဖြင့် ခွဲခွါ

၁၉၆၄

—

ဦးအောင်ဆိန်း ပါ ၂ နှင့် ဒေါ်မမကြီး။

ပြီး၊ အခြားသင့်တော်သော အရပ်ဒေသများ၌ နေထိုင်ခဲ့ဟန်တူသည်။ ထို့ကြောင့် ဤအမှုပါ အကြောင်းချင်းရာများသည် ကာလ စည်းကမ်းသတ် အက်ဥပဒေ ပဌမ ဇယားအပိုဒ် ၁၄၄ တွင်အကျုံးဝင်သည်ဟု ယူဆရပေမည်။ **ဦးချစ်ထွန်း** နှင့် **ဒေါ်ငွေသောင်း** (၂) တို့အမှုနှင့် **ဦးကံ ပါ ၂** နှင့် **ကာလချုန် ပါ ၂** (၃) တို့အမှုတွင် ယခုကဲ့သို့သော အခြေအနေမျိုး၌ ကျူးကျော် ဝင်ရောက်သူများအပေါ်တွင် သက်သေပြရန် တာဝန်ရှိကြောင်းနှင့် အဆုံးအဖြတ် ပြုခဲ့လေသည်။ ထိုမှတပါးလည်း မကြည်သည် မြေလွတ်တွေ့သဖြင့် ဝင်ရောက်နေထိုင်ခဲ့ဟန်တူသည်။ ဒေါ်မမကြီးအား ဆန့်ကျင်၍ အခင်းဖြစ်မြေကို လက်ရှိထားခဲ့ဟန်မတူချေ။

အထက်ဖော်ပြပါ အကြောင်းများကြောင့် အယူခံကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။ ဤရုံးချေနေခမှာ ၅၀ ဖြစ်စေရမည်။

---

(၂) မြန်မာနိုင်ငံတရားရုံးချုပ် ၁၉၆၀ ခုနှစ်၊ တရားမ ပဌမအယူခံမှုအမှတ် ၉-၁၀-၁၁။

(၃) မြန်မာနိုင်ငံ တရားရုံးချုပ် ၁၉၆၂ ခုနှစ်၊ တရားမ အယူခံမှု အမှတ် ၆။

APPENDIX

(Judgments of the Courts-Martial Appeal Court)

COURTS-MARTIAL APPEAL COURT

INDEX

ညွှန်းချက်

PAGE

Self-Defence-death by stabbing as a result of quarrel—self-defence not justified.—Where the appellant had been convicted by the Summary General Court-Martial for stabbing the deceased as the result of a quarrel and there was evidence that he had drunk a bottle of liquor that night. *Held :* It is clear that the appellant was fully aware of the fact that he was using a dagger on the deceased. The defence of self-defence cannot be accepted. Even assuming that the appellant had acted in exercise of his right of self-defence, he far exceeded that right.

MAUNG HLA KO, *v.* THE UNION OF BURMA 273

LIST OF CASES REPORTED

စီရင်ထုံးပြုသောမှုခင်းများ

COURTS-MARTIAL APPEAL CASE

စစ်ဘက်အယူခံရုံး

	PAGE
Maung Hla Ko v. The Union of Burma ...	273

COURTS-MARTIAL APPEAL COURT

Before U San Maung, J., Col. Tun Tha and U Aung Gyi.

MAUNG HLA KO (APPELLANT)

v.

THE UNION OF BURMA (RESPONDENT).*

C.M.A. 1964

Jan.

Self-Defence—death by stabbing as a result of quarrel—self-defence not justified.

Where the appllant had been convicted by the Summary General Court-Martial for stabbing the deceased as the result of a quarrel and there was evidence that he had drunk a bottle of liquor that night.

Held: It is clear that the appellant was fully aware of the fact that he was using a dagger on the deceased.

The defence of self-defence cannot be accepted. Even assuming that the appellant had acted in exercise of his right of self-defence, he far exceeded that right.

Khin Sein (Government Advocate) for the respondent.

U SAN MAUNG, J.—This is an appeal by 215505 Pte. Hla Ko of Unit Depot B.E.M.E., stationed at Maymyo, against the conviction and sentence of seven years rigorous imprisonment under Section 71 of the Defence Services Act read with Section 304, Penal Code, passed upon him in Summary General Court-Martial No. 21 of 1963 presided over by Major Po Yin. In addition to the sentence Pte. Hla Ko was also dismissed from the service. The order of the Court-Martial dated 24th August 1963 was confirmed by Colonel Lun Tin, Commander, North-West Command, on 9th October 1963.

The appellant Hla Ko and the deceased Kyaw Nyunt, serving as privates belonged to the same B.E.M.E. Unit, and had their living quarters in No. 11 barracks. There is nothing in the evidence to indicate that any enmity or

* Criminal Appeal No. 1 of 1964.

C.M.A. 1964

MAUNG HLA KO v. THE UNION OF BURMA.

The learned Judge of the Additional District Court, on the other hand, considered that as the avowed purpose of the plaintiff in purchasing the suit building was to use it for the society's own occupation and also because the original plaint in the suit, mentioned, that the building after effecting the necessary repairs would be exempt from the provisions of the Urban Rent Control Act in view of the Ministry of Finance and Revenue Notification No. 35, dated the 16th of February 1965, the plaintiff, did not require the suit building reasonably and *bona fide* for the purpose of effecting essential, major and structural repairs. He accordingly dismissed the plaintiff's suit relying, *inter alia*, upon the observations of a Bench of the late High Court in *S. B. Tikayaram* v. *Maung Pe Than and five others* (1).

In support of the present application for special leave the learned Advocate for the defendant-applicants has contended that there are apparent contradictions between the decisions of the late High Court in *Sin Tek and another* v. *Lakhany Brothers* (2), *Daw Thein Khin* v. *Abdul Jabber and one* (3) on the one hand and *Tikayaram* v. *Maung Pe Than and five others* (1) on the other, that these apparent contradictions should be resolved by this Court, and that therefore special leave to appeal against the decision of the learned single Judge on the Appellate Side of this Court should be given. However, in our opinion, there is ample evidence on which both the learned trial Judge as well as the learned single Judge on the Appellate Side of this Court could have come to a finding that the suit building was required by the plaintiff-society reasonably and *bona fide* for the purpose of effecting major and structural repairs. No doubt in *S. B. Tikayaram* v. *Maung Pe Than and five others* (1) the observations of the Bench

(1) (1959) B.L.R. 84 (HC). (2) (1952) B.L.R. 180. (3) (1955) B.L.R. 53.

C.C. 1964

BISANATH SINGH AND ONE v. MEIKTA SA THON THU CO-OPERATIVE SOCIETY LTD., STRAND ROAD, BASSEIN.

of the late High Court would seem to suggest that in a case coming within the ambit of section 11 (1) (*e*) of the Urban Rent Control Act [corresponding to section 12 (1) (*e*) of the 1960 Act] a landlord cannot be said to require a tenanted residential building reasonably and *bona fide* for the purpose of reconstruction or for the purpose of effecting major and structural repairs, unless the reconstructed or repaired building is capable of accommodating tenants for residential purposes. In *Tikayaram's* case (1) the tenement building in respect of which there was no hint or suggestion that it was in need of re-erection or essential, major and structural repairs was proposed to be pulled down for the purpose of building a cinema hall on its site. It was therefore held that the plaintiff could not be said to have required the tenement building reasonably and *bona fide* for the purpose of reconstruction or for effecting major and structural repairs. Although the decision so far as it went, was apparently correct on the facts therein, the observation that a landlord cannot be said to require a tenement building reasonably or *bona fide* for reconstruction or for effecting essential, major and structural repairs unless the building after re-erection or after such repairs as the case may be is also capable of accommodating tenants for residential purpose, seems to go further than is warranted by the language of section 11 (1) (*e*) of the Urban Rent Control Act, 1948. Therefore we consider that the decisions in *Sin Tek and another* v. *Lakhany Brothers* (2) and *Daw Thein Khin* v. *Abdul Jabber and one* (3) stand unimpaired.

In these circumstances we do not consider that this is a fit case for the grant of special leave to appeal under section 6 of the Union Judiciary Act. In the result, the application is dismissed with no order as to costs.

(1) (1959) B.L.R. 84 (HC). (2) (1952.) B.L.R. 180.
(3) 1955. (B.L.R.) 53.

တရားမအယူခံမှု

တရားသူကြီးချုပ် ဦးဘိုကြီး ရွှေတွင်

ဆင်-ဆင်းမာရှူး (အယူခံတရားလို) † ၁၉၆၄

နှင့် ဇွန်လ ၂၆ ရက်။

ဦးတင်ဦး (အယူခံတရားခံ) *

ကာလစည်းကမ်းသတ် အက်ဥပဒေပုဒ်မ ၂၀ "Debt" ဆိုသည့်စကား၏အဓိပ္ပါယ်။ အုတ်ရောင်းရာ ကျန်ရှိသောအုတ်ဘိုးငွေ အကျုံးဝင် မဝင်။

ဆုံးဖြတ်ချက်။ ။"Debt" ဆိုသောစကားနှင့် "Loan" ဟူသောစကားတို့၏ အဓိပ္ပါယ်ရှင်းလင်းချက်များကို ထောက်ရှုသော်၊ "Debt" ဆိုသောစကားသည် ချေးငွေ သက်သက်ကိုသာ ဆိုသည်မဟုတ်၊ အခြားနည်းတင်ရှိသော ပေးဆပ်ရန်ရှိသည့်အကြွေးလည်း ပါဝင်သည်ဟူသော အဓိပ္ပါယ်ရောက်လေသည်။

Seldon v. *Wilde*, (1910) K.B., p. 9. *Re McGreavy*, A.E.L.R. (1950) Vol. 1, p. 442 ; *Prafulla Chandra* v. *Jatindra Nath*, (1938) I.L.R. 2 Cal., p. 320 တို့ကိုရည်ညွှန်းသည်။

သို့ဖြစ်၍၊ အုတ်ဘိုးကျန်ငွေအတွက် စွဲဆိုသောအမှုသည်၊ ကာလစည်းကမ်းသတ် အက်ဥပဒေ ပုဒ်မ (၂၀) တွင်ပါရှိသော "Debt" ဆိုသည့်စကားတွင်အကျုံးဝင်သည်ဟု ယူဆရမည်ဖြစ်သည်။

Fatima Bee Bee and others v. *Official Trustee*, A.I.R. (1941) Ran., p. 344 ကိုရည်ညွှန်း၍လိုက်နာသည်။

အယူခံ တရားလိုအတွက်။ ။ရွှေနေကြီး မစ္စတာ အာ (ရ်) ချော်ဘား။

အယူခံတရားခံအတွက်။ ။ရွှေနေကြီး ဦးညွှန့်စိန်။ ။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။ဤအမှုတွင် ယခုအငြင်းမပွါးတော့သည့် အကြောင်းခြင်းရာများမှာ၊ ၂၀-၁၁-၅၅ နေ့မှ ၁၇-၁၂-၅၅ နေ့အထိ၊ အယူခံတရားလို ဆင်-ဆင်းမာရှူး သည် အယူခံတရားခံ ဦးတင်ဦး သို့ အုတ် ၅၀၀၀၀ ရောင်းချခဲ့ရာ၊ ဦးတင်ဦး သည် ထိုအုတ်ဘိုးငွေအတွက်၊ ၁၅-၈-၅၆ နေ့တွင် ငွေ ၁,၀၀၀ တကြိမ်၊ ၂၀-၄-၅၇ နေ့တွင် ငွေ ၅၀၀ တကြိမ်၊ ၁၈-၆-၅၇ နေ့တွင် ငွေ ၅၀၀၊ တကြိမ်ပေးသွင်းလေသည်။

---

* ၁၉၆၃ ခုနှစ်၊ တရားမ ပဌမအယူခံမှုအတွက် အမှတ် (၁၆၃)။

† ၁၉၆၀ ခုနှစ်၊ တရားမကြီးအမှုအမှတ် ၃၃၀ တွင်၊ ရန်ကုန်မြို့တော် တတိယတရားမတရားသူကြီး ရုံးတော်၏ ချမှတ်သောဒီကရီကိုအယူခံဝင်မှု။

၁၉၆၄

ဆင်-ဆင်းမာဌူးနှင့် ဦးတင်ဦး။

ထိုငွေအသီးသီးကို မိမိကိုယ်တိုင်ရေးသော ချက်လက်မှတ်များဖြင့် ပေးသွင်းခဲ့၏။ ထိုရငွေများကို ခုနှိမ်ပြီးလျှင်၊ အယူခံတရားလိုသည် အယူခံတရားခံထံမှ ကျန်ငွေ ၁,၇၅၀၊ ရရှိရန်အတွက်တရားစွဲလေသည်။ တရားစွဲသည့်နေ့မှာ ၂၄-၄-၆၀ နေ့ဖြစ်ရာ ကာလစည်းကမ်းသတ် အက်ဥပဒေပုဒ်မ (၁)၊ အပိုဒ် (၅၂) အရ၊ သာမန်အားဖြင့် ၃ နှစ်အတွင်းစွဲဆိုရမည်ဖြစ်သဖြင့်၊ အမှုမှာကာလစည်းကမ်းသတ်-ကျော်လွန်နေပြီဖြစ်သည်။ သို့သော် အယူခံတရားလိုက ထိုပေးသွင်းငွေများကို အယူခံတရားခံကိုယ်တိုင် ချက်လက်မှတ်ရေး၍ ပေးသွင်းသည်ဖြစ်ရကား၊ ကာလစည်းကမ်းသတ် အက်ဥပဒေပုဒ်မ ၂၀ အရ၊ မိမိသက်သာခွင့် ရရှိထိုက်ကြောင်း၊ ထို့ကြောင့် မိမိစွဲဆိုသော၊ အမှုမှာ ကာလစည်းကမ်းသတ်မကျော်လွန်သေးကြောင်းဖြင့် လျှောက်ထား၏။ မူလရုံးက ကာလစည်းကမ်းသတ် အက်ဥပဒေ ပုဒ်မ ၂၀ ပါပြဋ္ဌာန်းချက်များတွင်ပါရှိသော "Debt" ဆိုသည့်စကားမှာ ချေးယူငွေသာဖြစ်ကြောင်းနှင့် ယူဆပြီးလျှင် ထိုပုဒ်မ ၂၀ ပါ ပြဋ္ဌာန်းချက်များအရ၊ အယူခံတရားလိုသက်သာခွင့်မရနိုင်ဟု အမှုကိုပယ်လိုက်၏။ ထို့ကြောင့် အယူခံတရားလို ယခုအယူခံဝင်ခြင်းဖြစ်သည်။

အထက်၌ဖော်ပြခဲ့သည့်အတိုင်း၊ အယူခံတရားခံက အယူခံတရားလိုထံမှ အုတ်များ ဝယ်ယူခဲ့သည်ကိုငင်း၊ ချက်လက်မှတ်ဖြင့် ထိုအုတ်များအတွက် ငွေသုံးကြိမ်ပေးသွင်းခဲ့သည်ကိုငင်း အယူခံတရားလိုက ထိုချက်လက်မှတ်များကို လက်ခံပြီးလျှင် တရားစွဲဆိုရာ၌ ရရှိငွေကို ခုနှိမ်ပြီးစွဲဆိုသည်ကိုငင်း နှစ်ဦးနှစ်ဘက် သဘောတူခဲ့ကြ၏။

ဤအမှုတွင် ဆုံးဖြတ်ရန်ပြဿနာမှာ တခုတည်းသာဖြစ်သည်။ ယင်းပြဿနာသည် ကာလစည်းကမ်းသတ် အက်ဥပဒေပုဒ်မ ၂၀ ပါ ပြဋ္ဌာန်းချက်များတွင်ပါရှိသော "Debt" ဆိုသည့်စကားသည် ချေးယူသောကြွေးငွေဟူ၍သာ အဓိပ္ပါယ်သက်ရောက်သလောဟူသည့်အချက်ပင်ဖြစ်သည်။ အယူခံတရားလို၏ ပညာရှိရွှေနေကြီးက Wharton's Law Lexicon ကိုညွှန်း၍၊ ထိုကျမ်းတွင်အောက်ပါအတိုင်း ပါရှိကြောင်းနှင့် တင်ပြလျှောက်လဲလေသည်။

> "Debt [fr.debitum, Lat.], a sum of money due from one person to another. An action of debt lay where a person claimed the recovery of a liquidated or certain sum of money affirmed to be due to him; and it was generally founded on some contract alleged to have taken place between the parties, or on some matter of fact from which the law would imply a contract between them."

ထိုကျမ်းတွင်ပင် "Loan" ဟူသောစကားနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်းအဓိပ္ပါယ် ရှင်းလင်းဖော်ပြထားလေသည်။

"Loan [hlæn, Sax.], anything lent or given to another on condition of return or repayment."

၁၉၆၄
ဆင်-ဆင်မောင်းနှင့် ဦးတင်ဦး။

ထိုအဓိပ္ပါယ်ရှင်းလင်ချက်ကိုထောက်သော် "Debt" ဆိုသည့်စကားသည် ချေးငှေသက်သက်ကိုသာ ဆိုသည်မဟုတ်၊ အခြားနည်းတင်ရှိသော ပေးဆပ်ရန်ရှိသည့် အကြွေးလည်းပါဝင်သည်ဟူသော အဓိပ္ပါယ်သက်ရောက်လေသည်။ ယင်းယူဆချက်ကို ဖော်ပြရသော် ***Seldon*** **v.** ***Wilde*** (၁) အမှုတွင် တရားရုံးချမှတ်သော အမိန့်အရ ပေးဆောင်ရန်ရှိသော တရားစရိတ်ငွေသည်၊ "Debt" ဆိုသောစကား တွင်အကျုံးဝင်သည်ဟု ဖော်ပြထားသည့်အပြင်၊ **Mc Greavy** (၂) အမှုတွင် လည်း၊ ပစ္စည်းပိုင်ရှင်တဦး ထိုပစ္စည်းအတွက် ပေးဆောင်ရန်ရှိသော အခွန်အထုပ်သည် "Debt" ဆိုသောစကားအဓိပ္ပါယ် သဘောသက်ရောက်သည်ဟု အဆုံးအဖြတ်ပြုခဲ့ လေသည်။ ထိုမှတပါးလည်း၊ ***Prafulla Chandra*** **Nag v.** ***Jatindra Nath Kar*** (၃) အမှုတွင် တရားလိုကတရားခံအဘို့ အိမ်ဆောက်လုပ်ပေးရသည့်အတွက် လက်ခငွေရရှိရန် တရားစွဲဆိုရာ၊ ထိုလက်ခငွေသည် ကာလစည်းကမ်းသတ် အက်ဥပဒေ ပုဒ်မ ၂၀ တွင် အကျုံးဝင်သည်ဟု ကလကတ္တားတရားလွှတ်တော် ခုံရုံးက အဆုံးအဖြတ် ပြုခဲ့လေသည်။

အထက်ဖော်ပြပါအကြောင်းအချက်များကိုထောက်သော်၊ ယခု စွဲဆိုသော အုတ် ဘိုးကျန်ငွေမှာ၊ ကာလစည်းကမ်းသတ် အက်ဥပဒေ ပုဒ်မ ၂၀ တွင်ပါရှိသော "Debt" ဆိုသည့်စကားတွင် အကျုံးဝင်သည်ဟု ယူဆရမည်ဖြစ်သည်။

ထိုကလကတ္တား တရားလွှတ်တော်အမှုတွင်ပင်၊ ယင်းသို့ပေးဆပ်ရန်ရှိသော ငွေ အတွက် ပေးဆပ်ရန်တာဝန်ရှိသူက ချက်လက်မှတ်ဖြင့် ပေးဆပ်၍ ရထိုက်သူက လက်ခံလျှင် ထိုချက်လက်မှတ်သည် ကျသင့်ငွေအတွက် ပေးဆပ်သည်ကိုငင်း၊ ယင်းသို့ ပေးဆပ်ခြင်းကို ပေးဆပ်ရန်တာဝန်ရှိသူဝန်ခံသည်ကိုငင်း ထင်ရှားစေသည်ဟု ဆုံးဖြတ် ခဲ့၏။ ***Fatima Bee Bee and others*** **v.** ***Official Trustee*** (၄) အမှု တွင် ရန်ကုန်တရားလွှတ်တော်ခုံရုံးက ဤမူအတိုင်းပင် ဆုံးဖြတ်ပြုခဲ့၏။ ဤမူသည် မှန်ကန်သည်ဟု ယူဆသဖြင့် ဤရုံးကလည်း လိုက်နာကျင့်သုံးရပေမည်။

(၁) 1910 2 K.B., p.9
(၂) A.E.L.R. (1950) Vol. 1. p. 442.
(၃) 1938 I.L.R. 2 Calcutta, p. 320.
(၄) A.I.R. 1941 Rangoon. p. 344.

၁၉၆၄

ဆင်-ဆင်းမာရှုး
နှင့်
ဦးတင်ဦး။

ဤအမှုတွင် အယူခံတရားလိုက အယူခံတရားခံထံမှရရှိသော ၂၀-၄-၅၇ နေ့စွဲပါ ချက်လက်မှတ်နှင့် ၁၈-၆-၅၇ နေ့စွဲပါ ချက်လက်မှတ်တို့ကို ထည့်သွင်းစဉ်းစားသော် အယူခံတရားလို စွဲဆိုသောအမှုမှာ၊ ကာလစည်းကမ်းသတ်အတွင်း ကျရောက်သည်ဟု ယူဆရပေမည်။

ထို့ကြောင့် မူလရုံး၏ အမိန့်နှင့် ဒီကရီကို ပယ်ဖျက်ပြီးလျှင် အယူခံတရားလို စွဲဆိုသည့်အတိုင်း နှစ်ရုံးတရားစရိတ်နှင့်တကွ အမိန့်ဒီကရီ ချမှတ်လိုက်သည်။ ကျိုးဇွန်နေခမှာ ၃၄ ဖြစ်စေရမည်။

တရားမပြင်ဆင်မှု

တရားသူကြီးချုပ် ဦးဘိုကြီးရွှေတွင်

ဒေါ်မြိုင်ပါ ၂ (လျှောက်ထားသူများ)

နှင့်

ဒေါ်သိန်း (လျှောက်ထားခံရသူ)*

၁၉၆၄ ခု၊ ဇွန် ၁၈ ရက်။

တရားမကျင့်ထုံးပုဒ်မ ၁၄၄ အရ၊ လျှောက်လွှာကို ကန့်ကွက်လွှာ ပြင်ဆင်ရန်လျှောက်ထားခြင်း တရားမကျင့်ထုံးအမိန့် ၆ နည်း ၁၇ တွင်အကျုံးဝင် မဝင်။

ဆုံးဖြတ်ချက်။ ။တရားမကျင့်ထုံး ပုဒ်မ ၁၄၄ အရ လျှောက်လွှာကိုကန့်ကွက်လွှာတင်သွင်းပြီး၊ ထိုကန့်ကွက်လွှာကိုပြင်ဆင်ရန်၊ လျှောက်ထားရာ၌၊ ထိုသို့လျှောက်ထားခြင်းသည် တရားမကျင့်ထုံး အမိန့် ၆ နည်း ၁၇ တွင် အကျုံးဝင် မဝင်ဆုံးဖြတ်ရာမှာမလွယ်ကူ။

တရားမကျင့်ထုံးပုဒ်မ ၁၄၄ အရ လျှောက်ထားသောလျှောက်လွှာသည်၊ ထိုကျင့်ထုံးပုဒ်မ ၁၄၁ တွင်အကျုံးဝင်သော အထွေထွေလျှောက်လွှာမျိုးဖြစ်လျှင်၊ တရားမမှုများကဲ့သို့ပင် လျှောက်လွှာနှင့် ချေပလွှာများကို ပြင်ဆင်ခွင့်ပေးနိုင်ကောင်း ပေးနိုင်မည်။

ဤအချက်နှင့်ပတ်သက်၍ အိန္ဒိယပြည်တရားလွှတ်တော်များတွင်သာမက၊ မြန်မာပြည်တရားလွှတ်တော်၌ပင် သဘောကွဲလွဲခဲ့ကြသည်။

မောင်လှမောင်နှင့် မနှင်းဒေါက်ဘိုအမှု။ အိန္ဒိယပြည်စီရင်ထုံးများ၊ ရန်ကုန်အတွဲ ၈ စာ ၂၇၁။ နှင့်—

အေးအမ်၊ကေ၊ဒီ၊တီ၊မွတ်သူဘယူပန်ချစ်ဘီးယား နှင့် **အနာမလဲ**အမှု။ အိန္ဒိယစီရင်ထုံးများ ရန်ကုန်အတွဲ ၁၁၊ စာ ၂၇၅ ကိုရည်ညွှန်းသည်။

လျှောက်ထားသူများအတွက်။ ။ပညာရှိခေ္ခနေကြီး ဦးဘဘင်။

လျှောက်ထားခံရသူအတွက်။ ။ဒေါ်သိန်း ကိုယ်တိုင်။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။ဤပြင်ဆင်မှု များသည် အလားတူအမိန့်များမှ ပေါ်ပေါက်ခဲ့သည်ဟုကြောင်း၊ ဤရုံးခွင်လည်း တပ်ပိုင်နက်တည်း ကြားနာ ခဲ့သည်တကြောင်းတို့ကြောင့်၊ ဤအမိန့်တရပ်ဖြင့်ပင် အဆုံးအဖြတ် ပြုရပေမည်။ လျှောက်

---

* ၁၉၆၄ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၁၂-၁၃။

† ၁၉၆၂ ခုနှစ်၊ တရားမအသေးအဖွဲမှုအမှတ် ၂၀၄-၂၀၅ တွင်၊ ၁၉၆၄ ခု၊ ဖေဖော်ဝါရီလ ၁၅ ရက်နေ့စွဲပါ၊ ရန်ကုန်မြို့တော် တရားမရုံး တွဲဘက်တရားသူကြီးချုပ်ရုံးတော်၏ ခွဲမှတ်သောအမိန့်ကို ပြင်ဆင်မှု။

၁၉၆၄
ဒေါ်မြို့ ပါ ၂ နှင့် ဒေါ်သိန်း။

ထားသည်မှာလည်း တရားမ ကျင့်ထုံးပုဒ်မ ၁၁၅ အရမျှသာမဟုတ်ဘဲ ရန်ကုန်မြို့ တရားမရုံး အက်ဥပဒေပုဒ်မ ၂၅ အရလည်း ဖြစ်သဖြင့်၊ ဤရုံး၏ အာဏာသည် ယခု ပေါ်ပေါက်သည့် ကိစ္စတွင် ပိုမို ကျယ်ပြန့်လေသည်။

အမှု အကြောင်းခြင်းရာ လိုရင်း အကျဉ်းချုပ်မှာ၊ ယခုလျှောက်ထားသူ ဒေါ်မြိုင်နှင့် မစ္စတာ၊ ဒီ၊ ဂျွန် ဇနီး ခင်ပွန်းတို့သည်၊ လျှောက်ထားခံရသူ မသိန်းနှင့် ခင်ပွန်း မောင်ဘကြည်တို့အပေါ် ဌေဒီကရီနှင့် အခြားပစ္စည်းများ ရရှိရန်အတွက်၊ ယခင် တရားလွှတ်တော် မူလဆိုင်ရာ တရားမကြီးမှု အမှတ် ၁၁၃/၅၁ တွင် တရားစွဲဆိုရာ၊ မူလရုံးက တရားစွဲဆိုသည့်အတိုင်း အမိန့်ဒီကရီ ချမှတ်လိုက်၏။ ထိုအမိန့် ဒီကရီကို ဇာရီပြုရာ၌ ဒေါ်မြိုင်နှင့် မစ္စတာ၊ ဒီ၊ ဂျွန်တို့သည်၊ ရန်ကုန်မြို့၊ ၁၀ လမ်းရှိဂိုဒေါင်အမှတ် ၂၈ ကိုဝါရမ်းဖမ်း ရောင်းချစေပြီး လေလံပွဲတွင် ဝယ်ယူကြ၏။ ထို့နောက် တရားရုံး အမိန့်အရ မောင်ဘကြည်နှင့် မသိန်းတို့သည် ထိုဂိုဒေါင်ကို လက်ရောက်ပေးအပ်ကြရ၏။ ၎င်းတို့ အယူခံဝင်သည်တွင် အယူခံရုံးက မူလရုံး၏ အမိန့်နှင့် ဒီကရီကိုပယ်ဖျက်ပြီးလျှင်၊ အမှုကို ပြန်လည်စစ်ဆေးရန် အမိန့်ချမှတ်လိုက်၏။ ဒေါ်မြိုင်တို့အယူခံဝင်သည်တွင် တရားလွှတ်တော်ချုပ်က ပဌမ အယူခံရုံး၏ အမိန့်ကို ပယ်ဖျက်ပြီး ဒေါ်မြိုင်နှင့် မစ္စတာ၊ ဒီ၊ ဂျွန်တို့ မောင်ဘကြည် အပေါ် ၌ရရှိသော ဒီကရီကို ပြန်လည် အတည်ပြုလိုက်သည်။ မသိန်းနှင့်စပ်လျဉ်း၍ကား ဒေါ်မြိုင်နှင့် မစ္စတာ၊ ဒီ၊ ဂျွန်တို့သည် တရားစွဲဆိုသည့် အဆိုလွှာတွင် မသိန်းအပေါ် ၌ ဌေဒီကရီ တောင်းဆိုခြင်း မပြုခဲ့သောကြောင့် မူလရုံးက မသိန်းအပေါ် ၌ ချမှတ်သော ဌေဒီကရီကို ပယ်ဖျက်လိုက်၏။ အမှုအတောအတွင်း မောင်ဘကြည်နှင့် မသိန်းတို့က အဆိုပါ ဂိုဒေါင်အမှတ် ၂၈ ကို လက်လွှတ်ရသည့်အတွက် ပြန်လည်ရရှိရန်၊ လျော်ကြေးငွေ ရရှိရန် တရားမကျင့်ထုံးပုဒ်မ ၁၄၄ အရလျှောက်ထား ကြလေသည်။ တရားရုံးက မောင်ဘကြည်အပေါ် ၌ ချမှတ်သော ဌေဒီကရီကို တရားလွှတ်တော်ချုပ်က အတည်ပြုသည်ဖြစ်ရာ မောင်ဘကြည်သည် တရားမကျင့်ထုံးပုဒ်မ ၁၄၄ အရလျှောက်ထားပိုင်ခွင့် မရှိကြောင်း၊ မသိန်းသာလျှင် လျှောက်ထားပိုင်ခွင့် ရှိကြောင်းနှင့် ဆုံးဖြတ်လိုက်၏။ ထို့နောက် ဒေါ်မြိုင်နှင့် မစ္စတာ၊ ဒီ၊ ဂျွန်တို့က မောင်ဘကြည် မသိန်းတို့ ပုဒ်မ ၁၄၄ အရ လျှောက်ထားခဲ့သည်ကို ကန့်ကွက်ခဲ့သော ချေလွှာကို ထပ်မံ အကြောင်းပြချက် ၄ ချက်ဖြင့်၊ ပြင်ဆင်ရန် လျှောက်ထားကြ၏။ တရားရုံးက ထိုလျှောက်ထားသည်ကို လက်မခံပယ်လိုက်သဖြင့် ဒေါ်မြိုင်တို့ ထိုပယ်သည့် အမိန့်ကို ပြင်ဆင်ရန် ဤရုံးသို့ လျှောက်ထားခြင်းဖြစ်သည်။

စင်စစ်အားဖြင့် ဆိုလျှင် ကန့်ကွက်လွှာကို ပြင်ဆင်ရန် လျှောက်ထားသည်မှာ တရားမကျင့်ထုံး အမိန့် ၆ ပုဒ်မ ၁၇ တွင် အကျုံးဝင် မဝင် ဆုံးဖြတ်ရန်မှာ မလွယ်ကူလှ

၁၉၆၄
ဒေါ်မြင့် ပါ ၂
နှင့်
ဒေါ်သိန်း။

ချေ။ အကြောင်းသော်ကား တရားမကျင့်ထုံးပုဒ်မ ၁၄၄ အရလျှောက်ထားသော လျှောက်လွှာသည် ထိုကျင့်ထုံးပုဒ်မ ၁၄၁ တွင်အကဲ့ျုးဝင်သော အထွေထွေလျှောက်လွှာမျိုးဖြစ်လျှင်၊ တရားမမှုများ၌ ကဲ့သို့ပင် လျှောက်လွှာနှင့် ချေပလွှာများကို ပြင်ခွင့် ပေးနိုင်ကောင်း ပေးနိုင်ပေလိမ့်မည်။ သို့သော် ဤအချက်နှင့် စပ်လျဉ်း၍ အိန္ဒိယပြည် တရားလွှတ်တော်များတွင် သဘော ကဲ့လွဲကြရာ အချို့တရားလွှတ်တော်များက ပုဒ်မ ၁၄၄ အရလျှောက်လွှာ များသည် ဇာရီမှုတွင် လျှောက်သော လျှောက်လွှာမျိုး ဖြစ်ကြောင်းနှင့် ယူဆကြလေသည်။ မြန်မာပြည် ရန်ကုန်တရားလွှတ်တော်၌ပင် သဘောကွဲလွဲခဲ့ကြသေး၏။ **မောင်လှမောင်** နှင့် **မနှင်းဒေါက်တို့အမှု** (၁)တွင် ပုဒ်မ ၁၄၄ အရလျှောက်ထားခြင်း သည် ဇာရီ ပြုလုပ်ရန် လျှောက်ထားသော လျှောက်လွှာမျိုး မဟုတ်ဟု ဆုံးဖြတ်ခဲ့သော်လည်း၊ **အေ အမ်၊ ကော်ရီကို မွတ်သူကယူပန်ချစ်ဘီးယား** နှင့် **အနာမလဲအမှု** (၂) ၌မူကား၊ ပုဒ်မ ၁၄၄ အရလျှောက်ထားသော လျှောက်လွှာသည် ဒီကရီကို ဇာရီပြုရန်အတွက် လျှောက်ထားသော လျှောက်လွှာ ဖြစ်သည်ဟု ဆုံးဖြတ်ခဲ့ကြ၏။ သို့သော် ယခုအမှုတွင် ဤပြဿနာကို ဖြေဆိုရန်လိုမည်ဟုမထင်မိပေ။

ယခု လျှောက်ထား သူများသည် မောင်ဘကြည် မသိန်းတို့၏ ပုဒ်မ ၁၄၄ အရ လျှောက်လွှာကို ချေပခဲ့ပြီး၊ မောင်ဘကြည်၏ လျှောက်ထားချက်ကို တရားရုံးက ပယ်လိုက်ပြီးနောက်၊ မသိန်း၏ လျှောက်ထားချက်နှင့် စပ်လျဉ်း၍ အကြောင်းပြချက် အသစ် ၄ မျိုးဖြင့် ထပ်မံချေပရန် အခွင့်တောင်းကြလေသည်။ ထိုအကြောင်းပြချက် ၄ မျိုးအနက် ၂ ချက်ကို၊အကြောင်းပြချက် တရပ်အဖြစ် စဉ်းစားနိုင်ပေသည်။ ထိုအချက်များမှာ အခင်းဖြစ် ဂိုဒေါင်အမှတ် ၂၈ ကို မောင်ဘကြည်နှင့် မသိန်းတို့ပိုင်ဆိုင်သည် ဆိုသော်လည်း၊ ထိုဂိုဒေါင်ကို မောင်ဘကြည်၏အပိုင်း၊ မသိန်း၏ အပိုင်းဟူ၍ ခွဲခြားထားခြင်းမရှိ။ မသိန်းသည် ထိုဂိုဒေါင်ဆိုင်ရာ ပို့ဆိုင်ခွင့်အရ ဂိုဒေါင်ကို လက်ရောက် ရပိုင်ခွင့်မရှိသဖြင့်၊ မသိန်းလက်လွှတ် ရသည်ဆိုသည့်အတွက် လျော်ကြေးငွေ တောင်းခံခြင်း မပြုနိုင်ဆိုသော ကန့်ကွက်ချက် ဖြစ်သည်။ တရားရုံးက မသိန်းအား တရားမကျင့်ထုံး ပုဒ်မ ၁၄၄ အရပြန်လည် လက်ရောက် ပေးအပ်ပြီး ဖြစ်သဖြင့်၊ ထိုပြဿနာမှာ မပေါ်ပေါက်တော့ဟု ယူဆသည်။ စင်စစ်အားဖြင့်ကား ထိုပုဒ်မအရ ပြန်လည် လက်ရောက် ပေးအပ်ခြင်းသည် လက်ရှိဖြစ်သူထံမှ မူလဒီကရီအရ သိမ်းယူခြင်းဖြစ်သဖြင့်၊ ထိုဒီကရီကို ပယ်ဖျက်လိုက်သောအခါ တရားမျှတ စေရန် ပြန်လည် လက်ရောက် ပေးအပ်ခြင်းသာ ဖြစ်သည်။ မသိန်းသည် အကယ်ပင် လက်ရောက် ရရှိ

(၁) အိန္ဒိယ စီရင်ထုံးများ ရန်ကုန် အတွဲ-၈၊ စာ ၂၇၁။
(၂) အိန္ဒိယ စီရင်ထုံးများ ရန်ကုန် အတွဲ-၁၁၊ စာ ၂၇၅။

၁၉၆၄
ခေါ်မြို့ ပါ ၂ နှင့် ဒေါ်သိန်း။

ပိုင်ခွင့်ရှိ-မရှိ ဆိုသည့်အချက်နှင့် ဆုံးဖြတ်ခြင်း မပြုခဲ့ပေ။ ထိုခုခံချေပချက်နှင့် စပ်လျဉ်း၍ မောင်ဘကြည်နှင့် မသိန်းတို့သည် ဗုဒ္ဓဘာသာ မြန်မာ လင်မယားအဖြစ် အခင်းဖြစ် ဂိုဒေါင်ကို ပိုင်ဆိုင်ခဲ့ရာ မသိန်းသည် ပူးတွဲ ပိုင်ဆိုင်သူအဖြစ် ထိုဂိုဒေါင်ကိုလက်ရောက် ရရှိနိုင်ခွင့်ရှိ- မရှိဆိုသည့် ပြဿနာကို ထည့်သွင်း စဉ်းစားရပေမည်။ ထိုကန့်ကွက်ချက် ၂ ရပ်နှင့် စပ်လျဉ်း၍ မူလရုံးသည် စဉ်းစားဆုံးဖြတ်ရပေမည်။

အခြား ကန့်ကွက်ချက်တရပ်ဖြစ်သော မသိန်းသည် ထိုဂိုဒေါင်ဆိုင်ရာ မိမိ၏ ပိုင်ဆိုင်ခွင့်ကို ၁၉၅၈ ခု၊ ဩဂုတ်လ ၁၈ ရက်နေ့၌ ဒေါ်ကြူးဆိုသူအား အပြီးအပိုင် ရောင်းချလိုက်ပြီးဖြစ်၍၊ ထိုနေ့မှစ၍ ဂိုဒေါင် လက်လွတ်ရသည့်အတွက် လျော်ကြေး မတောင်းနိုင် ဆိုသည့်အချက်ကို မူလရုံးက စဉ်းစား ဆုံးဖြတ်ရပေမည်။

အထက်ဖေါ်ပြပါ ကန့်ကွက်ချက် များကို မူလရုံးက စဉ်းစား ဆုံးဖြတ်ရန် အမိန့် ချမှတ်လိုက်သည်။

ကျန်ရှိသော ကန့်ကွက်ချက်မှာ မောင်ဘကြည်နှင့် မသိန်းတို့သည် ဗုဒ္ဓဘာသာ မြန်မာလူမျိုး အကြင်လင်မယား ဖြစ်ပြီး မောင်ဘကြည်သည် ၎င်းတို့နှစ်ဦးအတွက် စီးပွါးရှာဖွေခဲ့သည် ဖြစ်ရာ၊ ထိုစီးပွါးရေးနှင့် စပ်လျဉ်း၍ တင်ရှိသောကြေးအတွက် မသိန်းလည်း တာဝန်ရှိကြောင်းနှင့် ချေပခြင်းဖြစ်သည်။ သို့သော် တရားလွှတ်တော် ချုပ်က ထိုကြေးနှင့် စပ်လျဉ်း၍ မသိန်းအပေါ်၌ ဒီကရီ တောင်းဆိုခြင်း မပြုခဲ့သဖြင့် မသိန်းအပေါ်၌ ဒီကရီမချနိုင်ဟု ဆုံးဖြတ်ခဲ့ပြီး ဖြစ်ရာ၊ ထိုကြေးနှင့် စပ်လျဉ်း၍ မသိန်း၏ ပိုင်ဆိုင်ခွင့်ကို ထိခိုက်နိုင်မည်မဟုတ်ပေ။

အထက်ဖေါ်ပြပါ အကြောင်းများကြောင့် နောက်ဆုံး ဖေါ်ပြသည့် ကန့်ကွက်ချက်ကို လက်မခံဘဲ ကျန်ကန့်ကွက်ချက် ၃ ရပ်ကို လက်ခံစစ်ဆေး ကြားနာဆုံးဖြတ်ရန် အမိန့်ချမှတ်လိုက်သည်။

အမှုသည်များသည်၊ မိမိတို့ တရားစရိတ်ကို မိမိတို့အသီးသီး ကျခံကြရမည်ဖြစ်သည်။ ။

တရားမပြင်ဆင်မှု

တရားသူကြီး ဦးမောင်မောင်ရွှေတွင်

ကိုကြည် (လျှောက်ထားသူ)

နှင့်

သီတာဝင်းကုမ္ပဏီ (လျှောက်ထားခံရသူ) *

† ၁၉၆၄ ဇွန်လ ၃၀ ရက်။

ပစ္စည်းဘမ်းဝရမ်း—အမှုစစ်ဆေးနေစဉ်အတွင်း ထုတ်ပေးခြင်းကိစ္စ—မည်သည့်အခါ၌ထုတ်ပေးသင့်ခြင်း။

ဆုံးဖြတ်ချက်။ ။တရားမမှု တမှု ကို စစ်ဆေးနေသည့်အတောအတွင်း၌ တရားလို၏လျှောက်ထားချက်အရ၊ တရားခံ၏ပစ္စည်းကို ဝရမ်းဘမ်းခြင်းစသည်တို့ကိုပြုလုပ်လျှင်၊ တရားခံတွင်မနစ်နာရအောင် အထူးသတိချပ်ရန်လိုသည်။

တရားလိုက စိုးရိမ်ကြောင့်ကြမှုရှိပါသည်ဆိုမျှရုံနှင့် ဝရမ်းထုတ်သည့်အမိန့်မျိုးကို လွယ်လွယ်ထုတ်ဆင့်ရန်မဟုတ်။

အက်(စ်)၊ဗွီးအင်(နှ်)၊ ချစ်တီးယား နှင့် စီးပီ၊မဟာမက်ကာကာ။ ၁၉၆၂ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး၊ စာမျက်နှာ ၁၂၇ ကိုရည်ညွှန်းသည်။

လျှောက်ထားသူ အတွက်။ ။ဦးချိန်ဖိုး။

လျှောက်ထားခံရသူအတွက်။ ။ဦးတင်မောင်။

တရားသူကြီး ဦးမောင်မောင်။ ။လျှောက်ထားသူ ဦးကြည်(အပေါ်၌)၊ လျှောက်ထားခံရသူ သီတာဝင်း ကုမ္ပဏီက၊ ရန်ကုန်မြို့ တရားမရုံးတွင် ရောင်းထားသည့် ကုန်ဘိုးငွေ ၅,၀၀၀ ကျပ်ကျော်ကို ရလိုမှုနှင့် တရားစွဲဆိုထားသည်။ ဦးကြည်သည် ဟင်္သာတမယ်ဟု ခေါ်သော၊ မော်တော်ဘုတ်တစီး ပိုင်ဆိုင်ခဲ့၍၊ ကူးသန်းသယ်ပို့ရေး လုပ်ကိုင်ခဲ့သည်။ ၎င်းမော်တော်သည်၊ ယခုအခါ နှစ်မြုပ်ပြီဖြစ်သဖြင့်၊ ထိုမော်တော်ပေါ်၌ ထားရှိခဲ့သော အာမခံငွေ ၅,၀၀၀ ကျပ်ကို ဦးကြည်က ထုတ်ယူရန် ရှိနေသည်။ သီတာဝင်း ကုမ္ပဏီက၊ အမှုစွဲဆိုထားသည့် အတောအတွင်း စွဲဆိုထားသည့် ကုန်ဘိုးငွေများနှင့် အမှုစရိတ်များအတွက် ငွေ ၆,၅၀၀ ကျပ် တန်ဘိုးထားကာ၊ ထိုငွေအထိကို အာမခံ ကုမ္ပဏီက ဦးကြည်သို့ ထုတ်ပေးရန်ရှိသော ငွေများမှ ပစ္စည်းဘမ်း ဝရမ်း ထုတ်ပေးပါရန် မူလရုံးသို့ လျှောက်ထားခဲ့သည်။ မူလရုံးက ယာယီဝရမ်းထုတ်ပေးပြီး

---

* ၁၉၆၄ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၂၁။

† ၁၉၆၄ ခုနှစ်၊ တရားမသေးမှုအမှတ် ၂၀ တွင်၊ ရန်ကုန်မြို့တော် ဒုတိယတရားမတရုံးသူကြီးရုံးတော်၏ ချမှတ်သောအမိန့်ကို ပြင်ဆင်မှု။

၁၉၆၄
—
ကိုကြည်
နှင့်
ဆီတာဝင်း
ကုမ္ပဏီ။

၂ ဘက်အမှုသည်များ၏ ကျမ်းကျိန်ချက်များ၊ ချေလွှာ၊ ဖြေလွှာများကို ကြည့်ရှု၍ ရှေ့နေကြီးများကို ကြားနာပြီးနောက် ဝရမ်းကို အတည်ပြုသည်။ သို့ဆတွင် ဦးကြည်က လုံလောက်သော အာမခံတင်သွင်းလျှင် ထိုငွေဘမ်းဝရမ်းကို ပြန်လည် ရုတ်သိမ်းမည် ဟူ၍လည်း အမိန့်ချမှတ်ခဲ့သည်။

ယခု ရန်ကုန်မြို့ တရားမရုံး အက်ဥပဒေ ပုဒ်မ ၂၅ အရ ဦးကြည်က၊ ထိုအမိန့်ကို ပြင်ဆင်ပေးပါရန် ဤရုံးသို့ လျှောက်ထားသည်။ ဦးကြည်၏ ပညာရှိချွေနေကြီး ဦးချောင်ဖိုးက သာမန်အားဖြင့် ပြင်ဆင်မှုအာဏာကို စီရင်ပိုင်ခွင့် ရှိ-မရှိ၊ ဥပဒေနှင့် ညီ-မညီ စသဖြင့် ကျဉ်းကျဉ်းမြောင်းမြောင်းသာ ကြည့်၍၊ သုံးစွဲရသော်လည်း၊ ယခု လျှောက်ထားသည့် ပုဒ်မ ၂၅ အရမူကား၊ တရားမကျင့်ထုံး ပုဒ်မ ၁၁၅ အရထက်ပို၍ ကျယ်ကျယ်ဝန်းဝန်း ကြည့်ရှု စစ်ဆေးနိုင်ပါသည်။ ထို့ကြောင့် ထိုသို့စစ်ဆေးကြည့်ရှုပြီးနောက် ပြင်ဆင်မှုကို လက်ခံပါရန် လျှောက်ထားသည်။ အဓိက ကိုးကားသည့် အချက်မှာ တရားမကျင့်ထုံး အမိန့် ၃၇၊ နည်း ၁၀ အရ၊ တရားရုံးသည်၊ ပစ္စည်းဘမ်း ဝရမ်းကို ထုတ်ပေးသောအခါ၌ တရားခံသည်၊ ပစ္စည်းကို ထုခွဲဆောင်းချပစ်ရန် ပြုလုပ်နေသည်-မနေသည်၊ ထိုကဲ့သို့ ပြုလုပ်လျှင် အမှုသည်တွင်၊ အကယ်၍ မိမိအပေါ်၌ ဒီကရီချမှတ်ပါက ထိုဒီကရီကိုမပေးဆောင်နိုင်သည့် အခြေသို့ ရောက်စေလိုသော ရည်ရွယ်ချက် ရှိ-မရှိဟူ၍ သေချာစွာ စုံစမ်းစီစစ်ရပါသည်။ တရားလိုက ဝရမ်းဘောင်းခံတိုင်း၊ လွယ်လွယ်ထုတ်ပေးလျှင် တရားခံမှာ မျှားစွာနစ်နာပါသည်။ ဤအမှုတွင် မူလရုံး ပညာရှိ တရားသူကြီးက ထိုသို့ သေချာစွာ စီစစ်စုံစမ်းခဲ့ခြင်းမရှိပါ။ တရားလို ကုမ္ပဏီ၏ ကျမ်းကျိန်ချက်တွင်လည်း ဖေါ်ပြပြီးသော တရားမကျင့်ထုံး အမိန့်နှင့် နည်းဥပဒေအရ၊ လိုအပ်သော အချက်အလက် အစုံအလင် ထည့်သွင်းဖေါ်ပြသည်ကို မတွေ့ရပါ။ ထို့ကြောင့် ယခင်တရားလွှတ်တော်က အက်(စ်)ဒို့အင်(နှ်)၊ ချစ်တီးယားနှင့် စီးပိုးမဟာမက်ကာကာ။ (၁) တွင်၊ ဝရမ်းထုတ်ဆင့် ပေးခြင်းပြုသောအခါ လိုက်နာရမည်ဟု ချမှတ်ထားသော မူများကို လိုက်နာခန် ပျက်ကွက်ခဲ့ပါသည်။ ထို့ကြောင့် ပစ္စည်းဘမ်း ဝရမ်းကို အတည်ပြုသော အမိန့်သည်၊ ဥပဒေနှင့်မညီပါဟူ၍ လျှောက်လဲသည်။

ဦးချောင်းဖိုး လျှောက်လဲသကဲ့သို့ တရားမမှု တမှုကို စစ်ဆေးနေသည့် အတော အတွင်း၌၊ တရားလို၏ လျှောက်ထားချက်အရ၊ တရားခံ၏ ပစ္စည်းကို ဝရမ်းဘမ်းခြင်း စသည်တို့ကိုပြုလျှင် တရားခံတွင် မနစ်နာခန အောင် အသူးသတိချပ်ခန်လိုသည်။ အမှု တမှု စွဲကာမျှနှင့် တရားခံ၏ပစ္စည်းမျှားကို ဝရမ်းဘမ်းထားရမည်ဆိုလျှင် တရားခံအား လုပ်ကိုင်စားသောက်ရာတွင် မျှားစွာ နစ်နာလေမည်လော့ စသဖြင့် အချက်အလက်

(၁) ၁၉၆၂ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး။ စာမျက်နှာ ၁၂၇။

၁၉၆၄ ခု ကိုကြည်နှင့် ဆီတာဝင်း ကုမ္ပဏီ။

တို့ကို သေချာစွာ ချင့်ချိန်ရသည်။ တရားလိုက စိုးရိမ်ကြောင့်ကြမှု ရှိပါသည် ဆိုရုံမျှနှင့် ဝရမ်းထုတ်သည့် အမိန့်မျိုးကို လွယ်လွယ်ထုတ်ဆင့်ရန် မဟုတ်ပေ။ ဤအမှုတွင် တရားလိုကုမ္ပဏီက မူလရုံးတွင် ဝရမ်းဘမ်းပေးရန် လျောက်ထားစဉ်က၊ ဦးကြည်သည်၊ အာမခံငွေများကို ထုတ်ယူပါတော့မည်။ ထိုငွေများကို ထုတ်ယူပါက ကုမ္ပဏီတွင် ဒီကရီရပါလျှင် နစ်နာ ဆုံးရှုံးပါမည် ဟူ၍သာ ကျမ်းကျိန်ထွက်ဆိုခဲ့သည်။ အသေးစိတ် ဖော်ပြခြင်းကား မပြုခဲ့။ ဦးကြည်ဘို့ဘက်မှလည်း၊ ၎င်းတို့သည် အခြေအမြစ် ရှိသူများ ဖြစ်သဖြင့် ဒီကရီကျခဲ့လျှင် ပေးဆောင်နိုင်သူများ ဖြစ်ပါသည်ဟူ၍ ချေပခဲ့သည်။ ထိုအချက်အလက် အစုံအလင်ကို တရားသူကြီးက၊ ကြားနာချင့်ချိန်ပြီးမှ ဝရမ်းကို အတည်ပြုလိုက်ခြင်း ဖြစ်ပေသည်။ထိုကဲ့သို့ အဘည်ပြုရာတွင် တရားလိုကုမ္ပဏီ၏ ကျမ်းကျိန်ချက်ဘို့တွင် အချက်အလက် အနည်းငယ်သို့ဖြစ်နေကောင်းနေမည်ဖြစ်သော်လည်း၊ တရားသူကြီးက၊ ၂ ဘက်ဘင်ပြသော အချက်အလက်ဘို့ကို သေချာစွာ ချင့်ချိန်၍ ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်ဟူ၍ ယူဆသည်။ ဦးကြည်တွင် ယခင်က မော်တော်သင်္ဘော တစီး ရှိခဲ့သော်လည်း ၎င်းမော်တော်နစ်မြုပ်ပြီးနောက်၊ ရရန်ရှိသည်မှာ အာမခံကုမ္ပဏီမှ ငွေများသာ ဖြစ်တော့သည်။ ငွေများသည် ပစ္စည်းထက် ဆုံးရှုံးစရန် လွယ်ကူသည်။ ထို့ကြောင့် ကုမ္ပဏီတွင်ထိုငွေများကို ထုတ်ယူပြီးပါက သုံးစွဲလွယ်ပြောင်းပစ်ခြင်း ဖြင့် ဒီကရီရလျှင် ပေးဆောင်ရန် ဦးကြည်ထံတွင် မကျန်တော့မည်ကို စိုးရိမ်နိုင်ဘွယ်လည်း ရှိသည်။

လျောက်ထားခံရသူ ကုမ္ပဏီ၏ပညာရှိရွှေနေကြီး ဦးတင်မောင်က၊ မိမိတို့အနေနှင့် ဦးကြည်တို့ဘက်မှ မူလရုံး တရားသူကြီး ညွှန်ကြားသကဲ့သို့ သင့်တော်လုံလောက်သော အာမခံတင်သွင်းလျှင် ကြေနပ်ပါသည်။ မော်တော် မနစ်မြုပ်မီကလည်း၊ ဘမ်းဝရမ်း မတောင်းခဲ့ပါ။ နစ်မြုပ်ပြီး အာမခံငွေများ ထုတ်တော့မည့် အခြေကျမှသာ၊ မိမိတို့ အကျိုးကို ကာကွယ်သည့် အနေနှင့် ဝရမ်းတောင်းခဲ့ရခြင်း ဖြစ်ပါသည်။ အမှုသည် ယခုအခါ၌ တရားခံများက ပြန်လည်ချေပရမည့် အခြေအနေသို့ ရောက်ပါပြီ။ တရားလိုဘက်မှ သက်သေများ တင်ပြပြီး ဖြစ်ပါသည်။ ထို့ကြောင့်ယခုအခြေအနေတွင်ငွေဘမ်း ဝရမ်းကိုဖျက်သိမ်းလိုက်လျှင်၊ တရားခံတို့ဘက်မှလည်း အမှုကို ကြာရှည်ခဲ့၍ နေကောင်း နေပါလိမ့်မည်။ ထို့ကြောင့် အမှုကို မြန်မြန်ပြီးစီးအောင် ဝိုင်းဝန်း၍၊ စစ်ဆေးကြလျှင် ယခု ငွေဘမ်းဝရမ်း ထုတ်ထားခြင်းသည်၊ တရားခံအပေါ်၌ များစွာ နစ်နာဘွယ် မရှိပါဟူ၍ လျောက်လဲသည်။

အထက်ဖော်ပြပါ အကြောင်းအချက်တို့ကို ထောက်ရှု၍၊ ယခုအခြေ၌ ငွေဘမ်း ဝရမ်းကို ဖျက်သိမ်းရန် မသင့်။ ဖျက်သိမ်းလျှင် မျှတမည်မဟုတ်ဟူ၍ ယူဆသဖြင့်၊ လျောက်လွှာကို စရိတ်မရှိ ပလပ်လိုက်သည်။

အခွင့်ထူးအယူခံမှု

တရားသူကြီးချုပ် ဦးဘိုကြီး၊ တရားသူကြီး ဦးစောဘသိန်းနှင့် တရားသူကြီး ဦးထွန်းတင်ရွှေမှောက်တွင်။

† ၁၉၆၄ ပြေလ ၂ ရက်။

ကိုဘရီ ပါ ၄ (အယူခံတရားလိုမျာ)

နှင့်

မဘီ ပါ ၃ (အယူခံတရားခံမျာ)*

မိုဟာမေဒင် ဥပဒေ အမျာဆိုင်ဝကပ်(ဖ်)၊ သို့မဟုတ် တသီးပုဂ္ဂလဝကပ်(ဖ်) စည်းစာရမည့် အချက်မျာ။

ဆုံဖြတ်ချက်။ ။မိုဟာမက်ဘာသာဝင်တဦးသည် မိမိပိုင်ပစ္စည်းမျာကို စာချုပ်တခုတည်း နှင့်ပင် အမျာအတွက်ငင်း၊ မိမိ၏မိသားစု သားစဉ်မြေးဆက်အတွက်ငင်း၊ ဝကပ်(ဖ်)ပြုလုပ်ခါနီး နိုင်သည်။

အိုင်၊ အီး၊ အာ့ဘူး နှင့်ဂျီ၊ အိတ်(ချ်)၊ အက်(စ်)၊ အာ့ဘူး။ ၁၉၃၉ ခုနှစ်၊ ရန်ကုန်စီရင်ထုံးမျာ၊ စာမျက်နှာ ၁၄၀။

ပရတပ်ဆင် နှင့် ဘရစ်(ဂျ်)နသ်ဆင်း။ ၁၉၃၈ ခုနှစ်၊ အိန္ဒိယစီရင်ထုံးမျာ၊ အလာဟာဘတ်၊ စာမျက်နှာ ၁ ကိုရည်ညွှန်းသည်။

ဝကပ်(ဖ်)တခုသည် အမျာဆိုင်ဝကပ်(ဖ်)ဖြစ်သလော၊ သို့တည်းမဟုတ် အလှူဒကာနှင့် မိသားစုအတွက် ဝကပ်(ဖ်)ဖြစ်သလော ဟူသည့်ပြဿနာကို လေ့လာသုံးသပ်ရာ၌၊ ယင်းသို့လှူခါနီး ခြင်းအားဖြင့် အမျာအားပို့၍ အကျိုးသက်ရောက်စေသလော၊ ယင်းသို့ပို့မိုအကျိုးသက်ရောက်စေရန်ကို အလှူရှင် ပဓါနထားသလော၊ သို့တည်းမဟုတ် မိမိ၏မိသားစုအား ပို့မို့၍အကျိုးသက်ရောက်စေသလော၊ ယင်းသို့ပို့မိုအကျိုးသက်ရောက်စေရန်ကို၊ အလှူရှင် ပဓါနထားသလောဟူသည့် အချက်မျာကိုထည့်သွင်း စဉ်းစားရမည်ဖြစ်သည်။

ဟာဇင်အလီဓေဘင်လဒါ နှင့် ဝကပ်(ဖ်) များမင်းကြီး။ ၁၉၄၈ ခုနှစ်၊ အိန္ဒိယစီရင်ထုံးမျာ၊ အတွဲ ၁၊ စာမျက်နှာ ၂၄၁၊ ၂၄၅။

နန်တူဘတ် နှင့် ဂူလမ်ဟူစိန်။ အေ၊အိုင်၊အာရ်၊ ၁၉၅၁ ခုနှစ်၊ နဂ်ပူ။ စာမျက်နှာ ၃၉၄၊ ၃၉၉ ကိုရည်ညွှန်းသည်။

ယင်းပြဿနာကိုစဉ်းစားရာ၌၊ အလှူရှင်၏စေတနာသာ ပဓါနဖြစ်သည်။

အယူခံတရားလိုမျာအတွက်။ ။ဦးအောင်မင်း (၁)။

အယူခံတရားခံမျာ အတွက်။ ။ဦးထွန်းစိန်။

---

* ၁၉၆၃ ခုနှစ်၊ အခွင့်ထူးအယူခံမှုအမှတ် ၇။

† ၁၉၅၈ ခုနှစ်၊ တရားမပဌမအယူခံမှုအမှတ် ၁၅ တွင်၊ ၁၉၆၁ ခုနှစ်၊ မတ်လ ၂၉ ရက် နေ့စွဲဖြင့်၊ မန္တလေး တရားရုံးချုပ် (ယခင်တရားလွှတ်တော်) ရုံးတော်၏ ချမှတ်သောဒီကရီကိုအယူခံဝင်မှု။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။၁၉၀၆ ခုနှစ်တွင် မန္တလေးမြို့နေ၊ ဟာဂျီ ဦးဘိုးမြစ်သည် မိမိပိုင် ချမ်းသောဇံ ရပ်ရှိ ပလီနှင့် ပလီမြေ ဒေဝန်းရပ်ရှိ ပလီနှင့် ပလီမြေတို့ပြင် သီရိမာလာရပ် သုသာန်မြေတို့ကို ထိုမြေအသီးသီးပေါ်ရှိ အဆောက်အဦများနှင့်တကွ လေလွှာလှူဒါန်း၀ကပ်(ဖ်)ပြုလေသည်။ ယင်းသို့ လေလွှာ လှူဒါန်းသည် ဆိုသည်မှာ ကောင်းမှုကုသိုလ်အလို့ငှါ၊ ထာ၀ရဘုရားအား ပေးအပ်လှူဒါန်းသည်ဟု အဆိုရှိသည်။ ထို့ပြင် ဟာဂျီ ဦးဘိုးမြစ်သည်၊ မန္တလေးမြို့ရှိ မိမိပိုင် မြေ ၄ ကွက်နှင့် ထိုမြေအသီးသီးပေါ်ရှိ တိုက်အိမ်အဆောက်အဦများကိုလည်း၊ ၀ကပ်(ဖ်) ပြုလုပ်သေး၏။ သို့သော် ထိုပစ္စည်းများနှင့် စပ်လျဉ်း၍ ၀ကပ် (ဖ်) စာချုပ်တွင် လေလွှာလှူဒါန်းသည်ဟု မဖော်ပြခဲ့။ အထက်ဖော်ပြပါ အလှူပစ္စည်း အားလုံးကို စာချုပ်တခုတည်းဖြင့် ၀ကပ်(ဖ်) ပြုလုပ်လှူဒါန်း၏။ မူလ၀ကပ်(ဖ်) စာချုပ်မှာ စစ်ကြီးအတွင်းက ပျောက်ဆုံးခဲ့သည်ဟု ဆို၏။ သို့သော် အထက်၌ဖော်ပြခဲ့သည့်အတိုင်း၊ ၀ကပ်(ဖ်) ပြုလုပ်ခြင်းနှင့် စပ်လျဉ်း၍၊ အဆိုအခြေတွင် အငြင်းမထွက်ခဲ့ချေ။ ထို့ပြင် လည်း သက်သေခံစဉ် အသက် ၈၂ နှစ်ရှိ၊ ဟာဂျီ ဦးအီစမံက မိမိသည်၊ ဟာဂျီ ဦးဘိုးမြစ်နှင့် ခမီးခမက်တော်ကြောင်း။ ဦးဘိုးမြစ် ချုပ်ဆိုသော ၀ကပ်(ဖ်)စာချုပ်ကို ဦးဘိုးမြစ် လက်၀ယ်မြင်ဘူးကြောင်း။ ထိုစာချုပ်သည် မှတ်ပုံတင်စာချုပ် ဖြစ်ကြောင်း ထွက်ဆိုလေသည်။ ထိုအချက်နှင့်စပ်လျဉ်း၍အငြင်းမပွါးခဲ့ချေ။ ဤရုံးဌာနသာ အယူခံတရားခံ မဘီတို့၏ ပညာရှိရွှေနေကြီးက ထို၀ကပ်(ဖ်)စာချုပ်သည် မှတ်ပုံမတင်သဖြင့် သက်သေခံမ၀င် အတည်မဖြစ်နိုင်ကြောင်းနှင့် လျှောက်လဲ၏။ သို့သော် အထက်ဌာ ဖော်ပြခဲ့သည့်အတိုင်း အဆိုအခြေတွင် ဟာဂျီ ဦးဘိုးမြစ် စာချုပ်ဖြင့် ၀ကပ်(ဖ်)ပြုလုပ်ခဲ့ကြောင်း အငြင်းမပွါးခဲ့သည်သာမက၊ ပညာရှိရွှေနေကြီးတင်ပြသော အချက်မှာ ဥပဒေကြောင်းဆိုင်ရာ အချက်သက်သက်မဟုတ်၊ မှတ်ပုံတင်-မတင်ဆိုသည့် အကြောင်းခြင်းထူနှင့် ပတ်သက်သော အချက်လည်း ပါ၀င်နေရာ၊ ယခုအခါနိုင်ကျမှ ဤရုံးက လက်ခံစဉ်းစားမည်မဟုတ်ပေ။

ဤရုံးတွင် နှစ်ဦးနှစ်ဘက်သော ပညာရှိရွှေနေကြီးများ အဓိကအားဖြင့် လျှောက်လဲကြသည့် အချက်မှာ အဆိုပါ ၀ကပ်(ဖ်)သည် အများဆိုင် ၀ကပ်(ဖ်)ဖြစ်သလော၊ သို့တည်းမဟုတ် တသီးပုဂ္ဂလ ၀ကပ်(ဖ်)ဖြစ်သလော ဟူသည့် အချက်ပင်ဖြစ်သည်။ မိဟာမက် ဘာသာ၀င် တဦးသည် မိမိပိုင်ပစ္စည်းများကို စာချုပ်တခုတည်းနှင့်ပင် အများအတွက်၎င်း၊ မိမိ၏ မိသားစု သားစဉ်မြေးဆက်အတွက်၎င်း ၀ကပ်(ဖ်)ပြု လှူဒါန်းကြသည့် သာဓကများကို အိုင်းအီး အဘူးနှင့် ကျိုက်အိတ်(ချ်)၊အက်(စ်)၊အဘူး

ခဒ္ဒ၆၄
ကိုဘရီ မဂါ ၄ နှင့် မဘီ ပါ ၃။

၁၉၆၄
ကိုဘရီ ပါ ၄ နှင့် မဘီ ပါ ၃။

အမှု (၁)၌ဝင်း၊ **ပရတပ်ဆင်နှင့် ဘရစ်(ဂျ်)နသ်ဆင်း** အမှု(၂)၌ဝင်း တွေ့ရှိနိုင်ပေသည်။ ထို့ပြင်လည်း အများဆိုင် ဝကပ်(ဖ်)ဖြစ်သလော၊ သို့တည်းမဟုတ် အလှူဒကာနှင့် မိသားစုအတွက် ဝကပ်(ဖ်) ဖြစ်သလောဟူသည့် ပြဿနာကို လေ့လာဆုံးသပ်ရာ၌၊ ယင်းသို့ လှူဒါန်းခြင်းအားဖြင့် အများအားပို၍ အကျိုးသက်ရောက်စေသလော၊ ယင်းသို့ ပိုမိုအကျိုးသက်ရောက်စေရန်ကို အလှူရှင် ပဓါနထားသလော၊ သို့တည်းမဟုတ် မိမိ၏မိသားစုအားပို၍ အကျိုးသက်ရောက်စေသလော၊ ယင်းသို့ ပိုမိုအကျိုးသက်ရောက်စေရန်ကို အလှူရှင် ပဓါနထားသလောဟူသည့် အချက်များကို ထည့်သွင်းစဉ်းစားရပေမည်။ **ဟာဇင်အလီဟောင်လးဒါနှင့် ဝကပ်(ဖ်)များမင်းကြီး** အမှု (၃)ကို ကြည့်ပါ။ **နန်တူဘတ်နှင့် ဂူလမ်ဟူစိန်** (၄)အမှုတွင် ဝကပ်(ဖ်)ပြုလုပ်ရာ၌ အများအကျိုးအတွက်ကို ရည်မှန်းသော အချက် မနည်းလှပြီး တရားမကျင့်ထုံး ပုဒ်မ ၉၂ ပါ ပြဋ္ဌာန်းချက်များနှင့်လည်း ကိုက်ညီလျှင်၊ ထိုပုဒ်မအရ တရားစွဲဆိုနိုင်သည်ဟု မြင်ကြားလေသည်။

ယခုအမှုတွင် ပလီများ၊ ပလီမြေများ၊ သုသာန်မြေနှင့် ထိုပစ္စည်းများဆိုင်ရာ အဆောက်အဦ အားလုံးသည် အများဆိုင် ဝကပ်(ဖ်)ဖြစ်သည်ဟု မူလရုံးသည်ငင်း၊ ပဌမအယူခံရုံးသည်ငင်း အဆုံးအဖြတ်ပြုကြပြီး၊ အယူခံတရားခံများအား ထိုပစ္စည်းများကို စီမံအုပ်ချုပ်သူ မှတ်ဘဝါလီများအဖြစ်မှ ရပ်စဲစေခဲ့သည်။ ဤအဆုံးအဖြတ်နှင့် ပတ်သက်၍၊ အယူခံတရားခံများ အယူခံမဝင်ကြချေ။ အယူခံတရားလိုများကသာ ထိုပစ္စည်းများမှာ အပဖြစ်သော ပစ္စည်းများကိုလည်း ဟာဂျီ ဦးဘိုးမြစ်က အများဆိုင် ဝကပ်(ဖ်) ပြုလုပ်လှူဒါန်း ခဲ့ပါသည်ဟူသော အကြောင်းပြချက်ဖြင့် ယခု အယူခံဝင်ခြင်းဖြစ်သည်။

ယခုအယူခံမှုပါ ပစ္စည်းများသည် အများဆိုင် ဝကပ်(ဖ်) ပစ္စည်းဖြစ်သလော၊ သို့တည်းမဟုတ်တသီးပုဂ္ဂလဝကပ်(ဖ်) ပစ္စည်းဖြစ်သလောဟူသည့် အချက်နှင့်စပ်လျဉ်း၍၊ နှစ်ဘက်သော ပညာရှိရွှေနေကြီးများသည် စီရင်ထုံး အမျိုးမျိုး တင်ပြကြသော်လည်း၊ ဤအမှုပါ အကြောင်းခြင်းရာများနှင့် ထပ်တူထပ်မျှ တူညီသော အကြောင်းခြင်းရာများပါသည့် စီရင်ထုံးများကို မတွေ့ရပေ။ ယခုပြဿနာကို ဝေဖန်သုံးသပ်ရာ၌ အထက်၌ ဖော်ပြခဲ့သည့်အတိုင်း အလှူရှင်၏ စေတနာသာ ပဓါနဖြစ်သည်။ ထို စေတနာကို ဝကပ်(ဖ်) စာချုပ်ပါ ပြဋ္ဌာန်းချက်များ အားလုံးကို လေ့လာသုံးသပ်ပြီးမှ

(၁) ၁၉၃၉ ခုနှစ်၊ ရန်ကုန်စီရင်ထုံးများ၊ စာ ၁၄၀။
(၂) ၁၉၃၈ ခုနှစ်၊ အိန္ဒိယစီရင်ထုံးများ၊ အလာဟာဘတ်၊ စာ ၁။
(၃) ၁၉၄၈ ခုနှစ်၊ အိန္ဒိယစီရင်ထုံးများ၊ အတဲ့ ၁၊ စာ ၂၄၃၁၊ ၂၄၅။
(၄) အေ၊ အိုင်၊ အာရ်၊ ၁၉၅၁ ခုနှစ်၊ နဂ်ပူ၊ စာ ၃၉၄၊ ၃၉၉။

သာ၊ အနုခါနနည်းဖြင့် ကြံစည်တွေးဆရမည်ဖြစ်သည်။ ယင်းသို့ ကြံစည်တွေးဆရာတွင် ဟာဂျီ ဦးဘိုးမြစ်သည် ဝကပ်(ဖ်)ပြုလုပ်ရာ၌၊ မိမိ၏ ပစ္စည်း အရပ်ရပ်ကို နှစ်ပိုင်းခွဲပြီး ပလီများ၊ သုသာန်မြေနှင့် ၎င်းတို့ဆိုင်ရာ အဆောက်အဦများကို လေလွှာလှူဒါန်း ဝကပ်(ဖ်)ပြုလုပ်၍ အခြားမြေ ၄ ကွက်နှင့် ၎င်းမြေအသီးသီးပေါ်ရှိ အဆောက် အဦများနှင့် စပ်လျဉ်း၍ကား၊ လေလွှာ လှူဒါန်းခြင်း မပြုဘဲ၊ ဝကပ်(ဖ်)ပြုလုပ်ခံသာ ပြုခဲ့သည်ကို ထည့်သွင်းစဉ်းစားရပေမည်။ အယူခံတရားလိုများ၏ ပညာရှိရွှေနေကြီးက ဝကပ်(ဖ်)ပြုလုပ်ခြင်းသည် ပစ္စည်းကို ထာဝရဘုရားအား လှူဒါန်းပေးအပ်ခြင်း ဖြစ်သည်ဟု ဆို၏။ သို့သော် ဦးဘိုးမြစ်သည် ထိုဥပဒေသဘောကိုသိမည် မသိမည်ကို မည်သို့မျှ မတွေးဆနိုင်ပေ။ ပဌမ ပစ္စည်းများနှင့်စပ်လျဉ်း၍ လေလွှာလှူဒါန်း ဝကပ်(ဖ်)ပြုလုပ်ပြီး၊ ဒုတိယပစ္စည်းများနှင့် စပ်လျဉ်း၍ ဝကပ်(ဖ်)သာ ပြုလုပ်သည်မှာ ဟာဂျီ ဦးဘိုးမြစ်၏ စိတ်တွင် ထိုပစ္စည်းနှစ်ရပ်ကို ခွဲခြားဟန် လက္ခဏာရှိသည်။ ထို့ပြင် လည်း၊ ထိုပစ္စည်းနှစ်ရပ်ကို စုပေါင်းပြီး ဝကပ်(ဖ်)ပြုလုပ်သည်ဟု ဖေါ်ပြခြင်းမပြုဘဲ ပဌမပစ္စည်းများကို လေလွှာဝကပ်(ဖ်)ပြုလုပ်ပြီး၊ ဒုတိယပစ္စည်းများကို ဝကပ်(ဖ်)သာ ပြုလုပ်သည်ဟု ဖေါ်ပြသည်မှာ အဓိပ္ပါယ် သက်ရောက်ဟန်တူသည်။ ထိုပစ္စည်း နှစ်ရပ်မှ ဝင်ငွေနှင့် စပ်လျဉ်း၍လည်း၊ ပဌမပစ္စည်းများမှ ရရှိသော ဝင်ငွေအားလုံးကို အနုတ်အယူမရှိဘဲ၊ ထိုပဌမပစ္စည်းများတွင် ပါရှိသော ပလီများနှင့် သုသာန်မြေကို ပြင်ဆင်ပြုပြင်ရန်အတွက် အသုံးပြုရမည်ဟု ဖေါ်ပြထားသည်သာမက၊ ထိုဝင်ငွေကို လည်း၊ ဝကပ်(ဖ်)ပြုလုပ်သည်ဟု ဖေါ်ပြထားလေသည်။ ဒုတိယပစ္စည်းများမှ ရရှိသော ဝင်ငွေနှင့် စပ်လျဉ်း၍ကား ဤသို့စီမံခြင်း မပြု။ ဝင်ငွေတဝက်ကို ပလီများနှင့် သုသာန်မြေကို ပြုပြင်၊ ပြင်ဆင်ရန်အတွက် အသုံးပြုရမည်ဟုပြုပြီး၊ ကျန်ငွေတဝက်ကို ဟာဂျီ ဦးဘိုးမြစ်သုံးစားပြီး၊ ၎င်းကွယ်လွန်သောအခါ ဇနီး ဒေါ်မြ သုံးစားရမည်။ ဒေါ်မြ ကွယ်လွန်သောအခါ အမွေခံသားသမီး မြေးမြစ်များ စသည်တို့ သုံးစားရမည်ဟု ပြဋ္ဌာန်းလေသည်။ ထိုမှတပါးလည်း အလှန်အရေးကြီးသော ပြဋ္ဌာန်းချက်တရပ်မှာ ဦးဘိုးမြစ်နှင့်တကွ အမွေစား အမွေခံ သားသမီးမြေးမြစ် စသည်တို့ဦးစဉ် မည်သည့် သူစိမ်းမျှ မွတ်တဝါလီအဖြစ် မဆောင်ရွက်ရ။ ဦးဘိုးမြစ်၏ အမွေစားအမွေခံ မွတ်တဝါလီတို့ကသာ ဝကပ်(ဖ်)ပြုလုပ်သည့် ပစ္စည်းများကို မွတ်တဝါလီအဖြစ် ဆက်ကာဆက်ကာ စီမံအုပ်ချုပ်ရမည်ဟူသော ပြဋ္ဌာန်းချက်ပင် ဖြစ်သည်။ အမှန်အားဖြင့်ဆိုသော် မဟာမေဒင် တရားဥပဒေအရ မွတ်တဝါလီရာထူးကို အမွေဆက်ခံနိုင်သည်ဟူ အသိ အမှတ် မပြုကြောင်းနှင့် ၁၄ ကြိမ်မြောက် ထုတ် ပါရဂူမူလာ၏ မဟာမေဒင် တရား ဥပဒေအပိုဒ် ၂၀၆ တွင် မြွက်ဆိုထားလေသည်။ ယခုကိစ္စတွင်မူကား၊ ဦးဘိုးမြစ်သည်၊

ဒေ၉၆၄
ကိုဘရီ ပါ ၄ နှင့် မဘီ ပါ ၃။

၁၉၆၄ မွတ်တဝါလီရာထူးကို မိမိနှင့် မိသားစု သားစဉ်မြေးဆက် လက်ဝင်းတွင်သာ ထားရှိ
ကိုဘရီ ပါ ၄ စေလိုဟန် လက္ခဏာရှိသည်။
နှင့်
မဘီ ပါ ၃။

အထက်ပါ အချက်အာဏာလုံးကို ပေါင်းခြုံ၍ လေ့လာသုံးသပ်သော် ဒုတိယပစ္စည်း ချပ်များနှင့် ပတ်သက်၍၊ ဟာဂျီ ဦးဘိုးမြစ်သည် မိမိနှင့် မိသားစု သားစဉ်မြေးဆက်တို့၏ အကျိုးကို ပဓါနထား၍၊ ဝကပ်(ဖ်)ပြုသုပ်သည်ထူးသော အဆုံးအဖြတ်သည် မှားယွင်းသည်ဟု ဆိုရန် ခဲယဉ်းပေသည်။ ထို့ကြောင့် ထိုဒုတိယပစ္စည်းရပ်များနှင့် ပတ်သက်၍ ဦးဘိုးမြစ်သည် အဓိကအာဏာဖြင့် တသီးပုဂ္ဂလ ဝကပ်(ဖ်)ပြုလုပ်သည်ဟု ပဌမအယူခံရုံးနှင့် သဘောတူညီ ဆုံးဖြတ်ချက် ချမှတ်သည်။

ထိုဒုတိယပစ္စည်းရပ်များကို စီမံအုပ်ချုပ်ရန်အတွက် အယူခံတရားခံများအား မွတ်တဝါလီများအဖြစ်မှ ရပ်စဲစေသင့်-မသင့်ဆိုသော အချက်နှင့်စပ်လျဉ်း၍၊ ဤနေ့တွင် နှစ်ဘက်သော ပညာရှိရှေ့နေကြီးများက ထိုသူများ မည်သို့မည်ပုံ ပျက်ကွက်မှု ရှိ ကြောင်းနှင့် စပ်လျဉ်း၍ လျောက်လဲခြင်းမပြုကြချေ။ ဤအချက်ကို စဉ်းစားရာ၌ ထိုပစ္စည်းများဆိုင်ရာ ဝကပ်(ဖ်)သည်၊ ဟာဂျီ ဦးဘိုးမြစ်၏ သားစဉ်မြေးဆက်တို့၏ အကျိုးအတွက်အဓိကအာဏာဖြင့် ပြုလုပ်သည်ကို ထည့်သွင်းစဉ်းစားရပေမည်။ ထို့ပြင် လည်းသက်သေ ဦးဘတင် ခံပြ (၄) ၏ထွက်ဆိုချက်အရပေါ် လွင်သည်မှာ ဟာဂျီဦးဘိုး မြစ် ကွယ်လွန်ပြီးနောက်၊ ၎င်း၏သားဖြစ်သူ အယူခံတရားလို ကိုဘရင်၊ ကိုဘခင်နှင့် မမြကြည်တို့၏ ဘခင်ဦးဘလတ် မွတ်တဝါလီအဖြစ် ဆောင်ရွက်ပြီး၊ ဦးဘလတ် ကွယ်လွန် ပြီးနောက်၊ ၎င်း၏ညီ ကိုမူဆာ မွတ်တဝါလီအဖြစ် ဆောင်ရွက်နေစဉ်၊ အိုးဗို ပလီတက်သူ များက ကိုမူဆာအား မွတ်တဝါလီအဖြစ်မှရပ်စဲစေရန် တရားစွဲဆိုခဲ့ကြောင်း။ စွဲဆိုသည့် အမှုမှာလည်း၊ စုစုပေါင်း ၁၂ မှုမျှရှိကြောင်း။ ၄ နှစ်မျှ ထိုအမှုများ မပြီးမပြတ်ရှိ နေကြောင်း။ အမှုများမပြီးမပြတ်မီ ကိုမူဆာကွယ်လွန်၍၊ ယခုအယူခံတရားခံများအား၊ ကိုမူဆာ၏ တရားဝင်ကိုယ်စားလှယ်များအဖြစ် ထည့်သွင်းခဲ့ကြောင်း။ ၎င်းတို့ကပင် ကုန်ကျသော တရားစရိတ်များကို ခွဲဝေ၍ခံကြရကြောင်း။ အမှုများပြီးပြတ်ပြီး ၆ လမျှအကြာ၊ မန္တလေးမြို့ ဇုးကြဲခံရသဖြင့် အထက်ပေါ်ပြပါ ဝကပ်(ဖ်) ပစ္စည်းများ အားလုံးအနက်၊ တထပ်တိုက်တလုံးသာ ကျန်ရှိရစ်တော့ကြောင်း ပေါ် လွင်၏။ ထိုအခြေ အနေမျိုးတွင်အယူခံတရားခံတို့သည် ဝကပ်(ဖ်)ပစ္စည်းနှင့်စပ်လျဉ်း၍ အငှါးချထားခြင်း မပြုနိုင်ခြင်း၊ ပြင်ဆင်ရန် ရှိသည်များကို မပြင်ဆင်နိုင်ခြင်း စသည်တို့မှာ တာဝန်ပေါ် လျော့သောကြောင့်မဟုတ်၊ မထမ်းဆောင်နိုင်သော ဝန်ဖြစ်သဖြင့် ပျက်ကွက်ခဲ့ရသည် ဟုပဌမအယူခံရုံး ဆုံးဖြတ်သည်မှာ မှားယွင်းသည်ဟု မဆိုနိုင်ပေ။

အထက်ပေါ်ပြပါ အကြောင်းများကြောင့် အယူခံကို စရိတ်နှင့်တကွ ပယ်လိုက်သည်။ ကျိုးဆောင်ခ ၁၀၀ ကျပ် ဖြစ်ရမည်။

တရားမအယူခံမှု

တရားသူကြီး ဦးမောင်မောင်ရွှေတွင်

၁။ မမှုံစီ၊ ၂။ မညွှက်တာ (အယူခံတရားလိုများ) †

နှင့်

၁။ ဦးဘိုးသူတော်၊ ၂။ ဒေါ်ညိမ (အယူခံတရားခံများ)*

မြန်မာပုဒ္ဓဘာသာမြေပေါ်တွင် နှစ်ပေါင်းများစွာ နေထိုင်ခဲ့သောအမွေဆိုင်၏ အခွင့်အရေးမည်သည့် အခါ၌ နှင်ထုတ်နိုင်ခြင်း။

ဆုံးဖြတ်ချက်။ ။ဗုဒ္ဓဘာသာမြန်မာတို့သည်၊ ဘိုးဘွားပစ္စည်းများကို၊ ဘိုးဘွားများကွယ်လွန်သောအခါ၊ ခွဲဝေယူတတ်ကြသည်။ အမွေဆိုင်တဦးဖြစ်သူက၊ အမွေအနှစ်ဖြစ်သည့်မြေယာပေါ်တွင် နှစ်ပေါင်းများစွာနေခဲ့သည်ကိုတွေ့ရလျှင်၊ ထိုမြေသည်ထိုအမွေဆိုင်၏စေ့ငံဖြစ် ရခဲ့သည်ဟူ၍ယူဆရမည်။ ထိုကဲ့သို့ယူဆချက်ကို သက်သေထင်ရှားပြ၍၊ ပယ်ဖျက်ရန်မှာ၊ ထိုမြေကိုမိမိသာပိုင်ဆိုင်သည်ဟုစွဲဆိုသည့် တရားလိုဘက်ထာဝန်ဖြစ်သည်။

ထို့ကြောင့် အမွေဆိုင်တဦးနှင့် မိမိဘိမိခင်အရင်းတို့ ၁၉ နှစ်၊ အနှစ် ၂၀ ခန့်၊ အဆက်မပြတ် နေထိုင်လာခဲ့သည့် အမွေအနှစ်ဖြစ်သည့်မြေတကွက်ကို တရားလိုဖြစ်သူများကလက်ရောက်၊ ရရှိလိုလျှင်၊ မိမိတို့သာ ထိုအချင်းဖြစ်မြေကို အမွေခွဲယူခဲ့ရပါသည်။ မိမိတို့တရားဝင်ရရှိပြီးနောက်၊ ယခုနေထိုင်သည့်သူများအား ခွင့်ပြုထားရှိခဲ့ပါသည်ဟူသော အချက်(၂)ရပ်ကို ထင်ရှားသက်သေပြရန်လိုသည်။

မောင်ဘိုးဦး နှင့် မောင်ဘိုးသင်း Burma Law Times Vol. 9, P. 164. ဦးမောင်ကြီးနှင့် မောင်အုန်းသင် ရန်ကုန်စီရင်ထုံးအတွဲ ၇၊ စာမျက်နှာ ၈၅ ကိုရည်ညွှန်းသည်။။

အယူခံတရားလိုအတွက်။ ။ဦးလှဖေ(၂)။

အယူခံတရားခံအတွက်။ ။ဦးအောင်မျိုး။

တရားသူကြီး ဦးမောင်မောင်။ ။အယူခံ တရားလို ဒေါ်ညွှက်နှင့် သမီး မမှုံစီတို့သည်၊ အချင်းဖြစ်မြေပေါ်တွင် လွန်ခဲ့သည့် ၁၉ နှစ်ခန့်ကစ၍၊ ယခုတိုင် အဆက်မပြတ် နေထိုင်ခဲ့ကြသည်။ ထို့အရင်လည်း၊ နှစ်ပေါင်း ၄၀ ကျော်ကစ၍၊ နေထိုင်ခဲ့ပြီးလျှင်၊ မမှုံစီကို၊ ထိုမြေကွက်ပေါ်တွင်ပင် မွေးဖွါးခဲ့သည်။ စစ်မဖြစ်မီ နှစ်အနည်းငယ် က၊

---

* ၁၉၆၃ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၇၈။

† ၁၉၆၂ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၃၇ တွင်၊ ဟသံတမြို့ ခရိုင်တရားမတရားသူကြီးရုံး တော်၏ချမှတ်သောဒီကရီကိုအယူခံဝင်မှု။

၁၉၆၄

၁။ မမှုံစီ၊
၂။ မညွှန်တာနှင့်
၁။ ဦးဘိုးသူတော်၊
၂။ ဒေါ်ညိမ။

ဒေါ်ညွှန်ဘာသည် အိမ်ထောင်သစ်ပြု၍တရွာသို့ခေတ္တ ပြောင်းရွှေ့နေခဲ့သည့်အချိန်မှ တရားလိုသားအမိသည်၊ ထိုမြေကွက်ဘွင်ပင်၊ အနှစ် ၄၀ ခန့်နေထိုင် လုပ်ကိုင်လာခဲ့ကြသူများ ဖြစ်သည်ဟူ၍ ဆိုနိုင်သည်။ အယူခံတရားခံ ဦးဘိုးသူတော်နှင့် ဒေါ်ညိမတို့က၊ အချင်းဖြစ်မြေကို မိမိတို့သာ ကွယ်လွန်သူ ဦးရိတ်နှင့် ဒေါ်သင်းမယ်တို့၏ အမွေစားများ အဖြစ်၊ အမွေခွဲဝေရရှိခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ဒေါ်ညွှန်တာနှင့် မမှုံစီတို့ကို ပယ်ချာ၍၊ မိမိတို့သာ ထိုမြေကွက်ကို ပိုင်ဆိုင်သင့်ပါသည်ဟူ၍၊ မူလရုံးတွင် တရားစွဲဆိုခဲ့သည်။

မူလရုံးပညာရှိ တရားသူကြီးသည်၊ သက်သေထွက်ချက်များသက်သေခံ အထောက်အထားများကို၊ ပြည့်စုံစွာ စစ်ဆေးပြီးနောက် ဦးဘိုးသူတော်နှင့် ဒေါ်ညိမတို့၏ အမှုကိုပလပ်ခဲ့သည်။ မူလရုံး စီရင်ချက်နှင့် ပဌမအယူခံရုံး ဖြစ်သည့် ဟသံတခရိုင် တရားမတရားသူကြီးရုံး စီရင်ချက်တို့တွင်၊ အမှုနှင့် ပတ်သက်သော၊ အကြောင်းအချက်တို့ကို၊ ပြည့်စုံစွာ ဖော်ပြလေ့လာပြီး ဖြစ်၍၊ ယခုဤအယူခံတွင် ထပ်မံအသေးစိတ် ဖော်ပြရန်မလိုပေ။ မူလရုံးက တွေ့ရှိရသည်မှာ၊ မမှုံစီသည်လည်း၊ ဦးရိတ်-ဒေါ်သင်းမယ်တို့ ကွယ်လွန်သော့အခါ၌၊ ၎င်းတို့၏ အမွေမှ မြေးတဦး ဖြစ်သဖြင့်၊ ၎င်းတို့၏ အမွေစုကို ရထိုက်ခဲ့သည်။ ဒေါ်ညွှန်တာ၏ ကွယ်လွန်သူယောကျာ်း ဦးဖိုးခေျာင်းသည်၊ ဦးရိတ်-ဒေါ်သင်းမယ်တို့၏ သားကြီးဖြစ်ခဲ့သည်။ ထို့ကြောင့် အဖိုးအဖွါး ကွယ်လွန်သောအခါ၌၊ ထိုစဉ်က ၃ နှစ်အရွယ်မျသာ ရှိခဲ့သည်၊ မမှုံစီသည် အခြားသော သားစု သမီးစုများနှင့်အတူ၊ ညီမျသော တစုကိုရထိုက်ခဲ့သည်။ ထိုသို့ မမှုံစီသည် ရထိုက်ခဲ့ပါလျက်နှင့် ဦးဘိုးသူတော်နှင့် ဒေါ်ညိမတို့သည် မူလမှကိုစွဲဆိုရာ၌၊ မမှုံစီသည် အမွေ မမှိသော မြေးဖြစ်ပါသည်။ ထို့ကြောင့် ကျန်ရစ်သောသားသမီးများက အမွေများကို၊ ဦးအောင်ဖြိုးဆိုသူကို ခုံပြု၍ ခွဲဝေကြသောအခါ၌ မမှုံစီအား၊ အဖွါးဖြစ်သူ ဒေါ်သင်းမယ်ကို သက်ဝင်ယုံကြည်ပြီး၍ ပိုသောငွေ ၃၅ ကျပ်ကို သာပေးပါသည်။ အခြားသော ဘေးမရုပါ ဟူ၍ထွက်ဆိုခဲ့ခြင်းသည်၊ မမှုံစီ၏ရသင့်ရထိုက်သော တရားဝင်အခွင့်အရေးနှင့်လည်း မညီ။ အမှုစစ်ဆေး၍ နောက်ပိုင်းတွင် ဦးဘိုးသူတော်၊ ဒေါ်ညိမတို့က၊ **မမှုံစီသည် အမွေမမှိသော မြေးမဟုတ်ဘဲ၊ အမွေမှိသော** မြေးဖြစ်ပါသည်ဟူ၍ ပြောင်းလဲ ဝန်ခံခြင်းနှင့်လည်း မကိုက်ညီဟူ၍ ဆုံးဖြတ်ခဲ့သည်။ အမွေ ခွဲဝေခဲ့ကြသည်ဆိုသော ပစ္စည်းများ၏ ပျမ်းမျ တန်ဘိုးနှင့် တွက်ဆကြည့်ရှုသော်၊ မမှုံစီအား ပေးခဲ့သည် ဆိုသည့်ငွေ ၃၅ ကျပ်သည် အဆမတန်နည်းသည်ဟူ၍လည်း ဆုံးဖြတ်ခဲ့သည်။ အမှုစွဲဆိုသော အခါ၌လည်း ဦးအောင်ဖြိုးသည် ကွယ်လွန် သွားခဲ့ပြီးဖြစ်၍၊ မည်သို့ မည်ပုံ အမွေခွဲဝေပေးခဲ့သည်ကို ထင်ထင်ရှားရှား၊ ထွက်ဆိုရန်၊ သက်သေမရှိတော့ချေ။ ဦးဘိုးသူတော် ဒေါ်ညိမ တို့ဘက်မှ ဆွေမျိုး

ဗျားကသာ သက်သေခံ၍၊ ငှင်းတို့၏စွဲဆိုချက်တို့ကို ထောက်ခံခဲ့ကြသည်။ ဒေါ်ညွှန့်တာကမူ၊ အမွေခွဲဝေရာ၌၊ မမှုံစီကို ငွေ ၃၅ ကျပ်ပေးသည်ဆိုခြင်းသည်မဟုတ်ပါ။ မိမိနှင့် ကွယ်လွန်သူယောကျ်ားဦးဖိုးချောင်းတို့၊ အချင်းဖြစ်မြေကို၊ ဒေါ်သင်းမယ်ရှိစဉ်ကပင် နေထိုင်ခွင့် ပေးထားသည့်အတိုင်း ဆက်လက်၍ အမွေစုအနေနှင့် ယူလေတော့ဟူ၍ ခွဲဝေပေးခြင်းသာ ဖြစ်ပါသည်ဟူ၍ ထွက်ဆိုခဲ့သည်။ ဦးအောင်ဖြူးအမေခွဲဝေပေးစဉ်က၊ အမွေဆိုင်များ ချုပ်ဆိုခဲ့သည် ဆိုသည့် စာချုပ်သည်လည်း၊ ယခုအခါတွင် မရှိတော့။ ထို့ကြောင့် တရားလိုပြ သက်သေများ ဖြစ်ကြသည့်၊ ဆွေမျိုးသားချင်းတို့၏ စကားနှင့် ဒေါ်ညွှန့်တာ၊ မမှုံစီတို့၏စကားတို့အပြင်၊ ဒေါ်ညွှန့်တာ၊ မမှုံစီတို့သည် အချင်းဖြစ်မြေပေါ်တွင် နှစ်ပေါင်း များစွာ နေထိုင်ခဲ့ ကြသည်ဟူသော အချက်တို့ကိုသာစဉ်းစားချင့်ချိန်၍ ဆုံးဖြတ်ရသည် ဖြစ်ပေသည်။ မူလတရားရုံးက၊ ဒေါ်ညွှန့်တာတို့ သားအမိကဲ့သို့ ကြာမြင့်စွာ အဆက်မပြတ်နေထိုင်ခဲ့သည်ကိုငင်း၊ မမှုံစီသည် အမွေမှိ မြေးဖြစ်သဖြင့် အချင်းဖြစ် ဒဿမ ၁၉ မျှသာရှိသောမြေကို၊ အမွေစု အဖြစ်နှင့် ပေးသည်ဟုဆိုလျှင် ငွေ ၃၅ ကျပ်ကိုသာ ပေးသည်ဆိုသည်ဆက်၊ ယုတ္တိရှိသည်ဟူ၍ ယုံကြည်၍ငင်း၊ ဦးဘိုးသူတော်၏ အမှုကို ပလပ်ခဲ့ခြင်း ဖြစ်ပေသည်။

ဥပဒေ

၁။ မမှုံစီ၊
၂။ မညွှန့်တာနှင့်
၁။ ဦးဘိုးသူတော်၊
၂။ ဒေါ်ညိမ်။

ပညာရှိ ဟသ်ာတခရိုင် တရားမတရားသူကြီးကမူ၊ မမှုံစီသည်၊ အမွေမှိသောမြေးဖြစ်သည်ဟူ၍၊ မူလရုံးနှင့်ထပ်တူဆုံးဖြတ် ခဲ့၏။ သို့ရာတွင်၊ တရားလိုတို့က ပြသခဲ့သော သက်သေများသည်၊ ခိုင်လုံသည်ဟူ၍ ယူဆကာ၊ ဦးဘိုးသူတော်တို့ စွဲဆိုသကဲ့သို့၊ အမွေခွဲဝေခဲ့ပြီး ဖြစ်ကြောင်းဖြင့် ဆုံးဖြတ်ခဲ့သည်။ မမှုံစီကို ငွေ ၃၅ ကျပ်မျှပေးသည်ဆိုခြင်းမှာ၊ နည်းလွန်း၍ မဖြစ်နိုင် ဟူ၍၊ မူလရုံးက ဖူဆာသည်ကို၊ ထိုကဲ့သို့ အမွေခွဲဝေစဉ်က မမှုံစီမှာ၊ အသက်အရွယ် ငယ်သေးသော လူမမယ် တဦးဖြစ်၍၊ ဘခင်လည်း သေဆုံးပြီး ဖြစ်ခြင်းကြောင့်၊ အမွေဝေသူ မုဂ္ဂိုလ်၏ စိတ်၌ ဤသို့သော်မျှပင် တော်လောက်ပြီ အထင်နှင့် တန်ဘိုးဖြတ်လိုက် သည့်ဆိုခြင်းလည်း ဖြစ်နိုင်စရာ အကြောင်းရှိသည်ဟူ၍၊ မှတ်ချက်ချလိုက်သည်။ သို့ရာတွင်၊ ခွဲဝေသော အမွေမျှားမှာ အတော်အတန်များသည်ကို တွေ့ရှိရသည်။ မမှုံစီ မှာလည်း၊ အမွေခံသောမြေးဖြစ်သဖြင့်၊ အမွေဆိုင်များနှင့်အတူ၊ တစုရရှိရမည် ဖြစ်သည်။ ဘခင်ကွယ်လွန်သွား ပြီး၍၊ မုဆိုးမမိခင်နှင့် သားအတူ နေရသည့်သူ ဖြစ်သဖြင့် ရတိုက်သော ဝေစုထက် မနည်း ရသင့်သူဖြစ်သည်။ ဖတဆိုး သမီးငယ် ဖြစ်ကာမျှနှင့်၊ အမွေခွဲဝေ ပေးသူတို့က၊ ဤသို့သော်မျှပင် တော်လောက်ပြီဟု တန်ဘိုးဖြတ်ရန် သင့်သည့်ကိစ္စမဟုတ်။ မြန်မာဓလေ့ ထုံးတမ်းဥပဒေအရလည်း ညီမျှမှုကို အထူး အလေးပြုရသည်။ ယေဘုယ်သူ အမွေဆိုင်၊ ဘခင်မဲ့သော အမွေဆိုင်ဖြစ်လျှင် သာ၍ပင် ညီမျှစေရန် ဂရုပြုရဦးမည်။

၁၉၆၄

၁။ မမှုံစီ၊
၂။ မည်ကတာနှင့်
၁။ ဦးဘိုးသူတော်၊
၂။ ဒေါ်ညိမ်။

ထို့ကြောင့် မမှုံစီသည်၊ အကယ်၍ မိမိဝေစုအဖြစ်ဌေ့ ၃၅ ကျပ်မျှသာရခဲ့သည်ဆိုလျှင်၊ ဦးအောင်ဖြိုး ကအမွေခွဲဝေပေးရာတွင်၊ ဝေစုလုံး၀ မရလိုက်ရခြင်းလည်း ဖြစ်ကောင်း ဖြစ်မည်။ ထိုကဲ့သို့ဖြစ်လျှင် ဦးဘိုးသူတော်တို့ ခွဲဝေယူကြသော၊ အမွေစုတို့သည်၊ မျှတ၍ တရားဝင်သော အမွေစုများ ဖြစ်ကောင်းမှဖြစ်မည်။ သို့မဟုတ် အကယ်၍ တရားဝင် အမွေအားလုံးကို ခွဲဝေပြီး သည်ဟုဆိုလျှင်၊ မမှုံစီဌေ့ ၃၅ ကျပ်ရခဲ့သည် ဆိုသည်မှာ၊ ယုတ္တိမရှိ။ ဒေါ်ညက်တာ ပြောသကဲ့သို့၊ အချင်းဖြစ်မြေယာကို မမှုံစီနှင့် မိမိတို့အား ပေးသည်ဆိုသည်က၊ ပို၍ယုတ္တိရှိမည်။ မူလရုံး တရားသူကြီး ကိုးကား သော၊ မောင်ဘိုးဦး နှင့် မောင်ဘိုးသင်း (၁)တွင်၊ ဗုဒ္ဓဘာသာ မြန်မာတို့သည်၊ ဘိုးဘွားပစ္စည်းများကို၊ ဘိုးဘွားများ ကွယ်လွန်ကြသော အခါ၊ ခွဲဝေ၍ ယူတတ်ကြသည်။ အမွေဆိုင်တဦး ဖြစ်သူက၊ အမွေအနှစ်ဖြစ်သည့် မြေယာပေါ်တွင်၊ နှစ်ပေါင်း များစွာနေခဲ့သည်ကိုတွေ့ရလျှင်၊ ထိုမြေသည် ထိုအမွေဆိုင်၏ ဝေစုအဖြစ် ရခဲ့သည်ဟူ၍ ယူဆရမည်။ ထိုကဲ့သို့ ယူဆချက်ကို၊ သက်သေထင်ရှားပြ၍၊ ပယ်ဖျက် ရန်မှာ၊ ထိုမြေကို မိမိသာပိုင်ဆိုင်ပါသည်ဟူ၍ စွဲဆိုသည့်တရားလို၏ တာဝန်ဖြစ်သည် ဟူ၍ ဆုံးဖြတ်ထားသော အချက်သည်၊ မျှတမှန်ကန်သော မူတရပ်ဖြစ်သည်ဟူ၍ ယူဆသည်။ ဦးမောင်ကြီး နှင့် မောင်အုန်းဘွင့် (၂)တွင်၊ မြေကို၊ ပိုင်ဆိုင်လိုမူစွဲဆို သော တရားလိုသည် ၁၂ နှစ်ကျော်ကြာမြင့်စွာ မြေပေါ်တွင် နေထိုင်ခဲ့သူတို့အား၊ ဖယ်ရှားလိုလျှင်၊ ထိုသူတို့သည် မိမိ၏ ခွင့်ပြုချက်ဖြင့် တက်ရောက်နေထိုင်ကြသူများ ဖြစ်ကြောင်းကို၊ ထင်ရှားစွာ သက်သေ ပြရမည်ဟူ၍ သက်သေထူရန် တာဝန်ကို၊ တရားလိုအပေါ် ထားရှိသည်ကို တွေ့ရှိရသည်။

ဤအမှုတွင်၊ ဦးဘိုးသူတော် ဒေါ်ညိမ တို့သည်လည်း၊ ဦးရိတ် ဒေါ်သင်းမယ်တို့၏ အမွေခံများ ဖြစ်ကြသည်။ မမှုံစီသည်လည်း၊ အမွေမှိမြေးအဖြစ်၊ အမွေခံတဦး ဖြစ် သည်။ အမွေခံတဦးနှင့် မိမိ၏ မိခင်အရင်းတို့သည်၊ ယခု ၁၉ နှစ်၊ အနှစ် ၂၀ ခန့် အဆက်မပြတ် နေထိုင်လာခဲ့သည့် အမွေအနှစ်ဖြစ်သည့် မြေတကွက်ကို၊ ဦးဘိုးသူတော် ဒေါ်ညိမတို့က၊ လက်ရောက်ရရှိလိုလျှင် မိမိတို့သာ၊ ထိုအချင်းဖြစ်မြေကို အမွေခံယူခဲ့ ရပါသည်။ မိမိတို့ တရားဝင်ရရှိပြီးနောက်၊ မမှုံစီ ဒေါ်ညိမတို့ကို၊ မိမိတို့က၊ ခွင့်ပြု၍ ထားခဲ့ပါသည်ဟူသော၊ အချက် ၂ ရပ်ကို၊ ထင်ရှားသက်သေပြရန်လိုသည်။ ယခုမူ ထိုအချက် ၂ ရပ်လုံးတွင်၊ ဦးဘိုးသူတော်တို့က၊ ထင်ရှားစွာ သက်သေ ပြနိုင်ခဲ့သည်ကို မတွေ့ရချေ။ မမှုံစီနှင့် ဒေါ်ညက်တာတို့ကို၊ စစ်ပြီးစ အချိန်လောက်တွင်၊ ၎င်းတို့၏ ခွင့်ပြုချက်နှင့် ထားခဲ့မှုသည် ဆိုသည့်အချက်နှင့် ပတ်သက်၍၊ မောင်လှအုန်း(လိုပြု)

၁။ Burma Law Times, Vol.9, p.164.
၂။ ရန်ကုန်စီရင်ထုံး၊ အတွဲ-၇၊ စာမျက်နှာ ၈၅။

တဦးတည်းသာ၊ တိုက်ရိုက် ထွက်ဆိုနိုင်သည်ကို တွေ့ရသည်။ ၎င်းမောင်လှအုန်းမှာ၊ ဦးဘိုးသူတော်နှင့် သမီးယောက်ဖ ဘော်သူဖြစ်၍ ဦးဘိုးသူတော်၏ လယ်တွင် လုပ်ကိုင်သူ ဖြစ်သည်။ ထို့ပြင် မောင်လှအုန်း၏ ထွက်ဆိုချက်တွင်၊ ဒေါ်ညွှန်ဘာက ဦးဘိုးသူတော်ထံသို့ လာ၍၊ "ဒီတမိုးတော့ နေပါရစေ" ဟုခွင့်တောင်းသဖြင့်၊ ဦးဘိုးသူတော်က၊ တမိုးနေခွင့် ပြုလိုက်သည်ဟူ၍ ပါရှိရာ၊ တမိုးသာ နေထိုင်ခွင့်ပြုသော ဒေါ်ညွှန်ဘာတို့ သားအမိသည်၊ ယခုတိုင် အနှစ် ၂၀ နီးပါးခန့် မည်ကဲ့သို့ဆက်လက် နေထိုင်ခဲ့ကြသည်ကို၊ ဦးဘိုးသူတော်တို့ ဘက်မှ ဖြေရှင်းသက်သေ ပြခြင်း မပြုနိုင်ခဲ့ချေ။

၁၉၆၄

၁။ မမှုံစီ၊ ၂။ မညွှန်ဘာ နှင့် ၁။ ဦးဘိုးသူတော်၊ ၂။ ဒေါ်ညီမ။

အချင်းဖြစ် မြေကွက်သည်၊ မြေပုံတွင် ဦးဘိုးသူတော် ဒေါ်ညီမဘို့၏ နာမည် ပေါက်နေသည်မှာ မှန်ကန်၏။ သို့ရာတွင်၊ ထိုကဲ့သို့ နာမည် ပေါက်ရုံမျှနှင့်၊ ဦးဘိုးသူတော် ဒေါ်ညီမတို့က တရားဝင်ပိုင်ဆိုင်သည်ဟူ၍ မဆိုသာချေ။ မမှုံစီ ဒေါ်ညွှန်ဘာတို့သည်၊ လယ်လုပ်စေးရောင်း သူများ ဖြစ်ကြသဖြင့်၊ မြေကို နာမည်ပြောင်းသည့်ကိစ္စကို မသိသောကြောင့် ဤမျှ ကြာသည့်တိုင်အောင်၊ အချင်းဖြစ်မြေသည် ဦးဘိုးသူတော်တို့၏ နာမည်ပေါက်၍ နေသည်ဖြစ်ကောင်း ဖြစ်မည်။

မမှုံစီတို့ သားအမိသည်၊ အချင်းဖြစ်မြေ ပေါ်တွင်၊ နှစ်ပေါင်း ၄၀ ခန့်မှစ၍၊ နေထိုင်ခဲ့သည်မှာ ထင်ရှားသည်။ ကြားတွင် နှစ်အနည်းငယ် ပြတ်၍၊ ၁၉ နှစ်ကျော် ကစပြီး၊ ယခုအထိ ဆက်လက် နေထိုင်ခဲ့ကြသူများ ဖြစ်သည်။ မမှုံစီသည်၊ အမွေခံမြေးတဦးအဖြစ်နှင့် ဦးရိတ်-ဒေါ်သင်းမယ်တို့၏ ပစ္စည်း ဖြစ်ခဲ့သည့် အချင်းဖြစ်မြေကွက်ကို ရပိုင်ခွင့် ရှိခဲ့သူလည်း ဖြစ်သည်။ ထို့ကြောင့် ယခုအခြေမှာ ဦးဘိုးသူတော်တို့ဘက်မှ ပြသသော သက်သေများ လောက်နှင့် မမှုံစီ၊ ဒေါ်ညွှန်ဘာတို့ အချင်းဖြစ်မြေမှ ထွက်ခွါဖယ်ရှားစေဟု အမိန့် ချမှတ်လျှင် မျှတမည်မဟုတ်ပေ။ ထို့ကြောင့် အယူခံကိုခွင့်ပြုကာ ပဌမအယူခံရုံး၏ အမိန့်ကို ပယ်ဖျက်၍၊ မူလရုံးက ဦးဘိုးသူတော် ဒေါ်ညီမတို့၏ အမှုကို စရိတ်နှင့်တကွ ပလပ်ခဲ့ခြင်းကို၊ ထပ်မံ၍အတည်ပြုလိုက်သည်။

အယူခံတရားလိုများ၏၊ ဤအယူခံနှင့်၊ ပဌမ အယူခံရုံး အယူခံဝင်စရိတ် တို့ကို၊ ဤရုံးအယူခံ တရားခံများက ကျခံစေ။ ဤရုံးရွှေနေခသည်၊ ၁၅ ကျပ်ဖြစ်စေရမည်။

တရားမအယူခံမှု

တရားသူကြီး ဦးမောင်မောင် ရွှေတွင်

† ၁၉၆၄
ဇွန်လ ၂ ရက်။

ဟာဂျီအဗ္ဗဒူလ် ရှကူးချိုတာနီ (အယူခံတရားလိုများ)

နှင့်

ဒေါ်အုန်းတင် (အယူခံတရားခံ) *

မြို့ပြဆိုင်ရာ ဌါးရမ်းခကြီးကြပ်ရေးအက်ဥပဒေ—အိမ်ကိုအသစ်ဆောက်လုပ်ရန်—နှင်ထုတ်ခြင်း ကိစ္စ—ဖြောင့်ဆောသဘော။

ဆုံးဖြတ်ချက်။ ။မြို့ပြဆိုင်ရာ ဌါးရမ်းခကြီးကြပ်ရေးအက်ဥပဒေသည်၊ ရည်ရွယ်ချက်အားဖြင့် အိမ်ငှါးများကို၊ စောင့်ရှောက်ကာကွယ်ရန် ပြဋ္ဌာန်းထားသည်မှန်သော်လည်း၊ ၎င်းအက်ဥပဒေ အတွင်းဥပမာ၊ အိမ်ငှါးများနှင့် အိမ်ရှင်ပါ တရားမျှတမှုကို ရရှိကြစေရန်၊ တရားမရုံးများက အမှုများကိုစိစစ်ဆုံးဖြတ်ရမည်ဖြစ်သည်။ အမှုတွင် ဥပဒေအချက်အလက်များအရ၊ အိမ်ရှင်ရသင့် ရထိုက်သောအခွင့်အရေးရှိကို ထည့်သွင်းစဉ်းစားရပေမည်။

ဘစ်(စ်)နပ်ဆင်း (ပါ) ၂ နှင့် မိတ္ထစားသုံးသူသမဝါယမအသင်းလီမိတက်။ တရားမအထွေထွေ လျှောက်လွှာ ၁၇၂/၆၃။

ဒေါ်ထွေး နှင့် အီဘရာဟင် ရမ်ဆင်ကုမ္ပဏီလီမိတက်။ ၁၉၅၇ ခု၊ မြန်မာနိုင်ငံစီရင်ထုံး၊ တရားလွှတ်တော်ချုပ် စာ ၁၂၀ တို့ကိုရည်ညွှန်းရှိ လိုက်နာသည်။

အက်စ်-ဘီသတီကာရာရမ် နှင့် စမောင်ဖေသန်း (ပါ)၅။ ၁၉၅၉ ခု၊ မြန်မာနိုင်ငံစီရင်ထုံး၊ တရား လွှတ်တော် စာ ၈၄ ကိုရည်ညွှန်းရှိ ခဲ့ခြောရှင်းလင်းပြသည်။

အိမ်ဟောင်းသည် လုံးဝပျက်စီးနေပြီဟုမဆိုသာသဖြင့် မှီးဖြောင့်ဆောသဘောနှင့် မဟုတ် မမှန်ဟူ၍မဆိုသာ။ အိမ်ကိုလုံးဝပျက်စီးသည်အထိ စောင့်ပြီးမှ၊ အိမ်ရှင်သည်အသစ်ဆောက်လုပ် ရမည်ဟူဥပဒေကမဆို။

အယူခံ တရားလို အတွက်။ ။ရွှေနေကြီး ဒေါက်တာ ရွှေတော်။
အယူခံ တရားခံ အတွက်။ ။ဒေါ်အုန်းတင် ကိုယ်တိုင်။

တရားသူကြီး ဦးမောင်မောင်။ ။အယူခံ တရားလို အေရှကူး သည်၊ အခင်းဖြစ် အခန်း၏ အိမ်ငှါးဖြစ်၍၊ အယူခံ တရားခံ ဒေါ်အုန်းတင် သည်၊ အိမ်ရှင် ဖြစ်သည်။ ဒေါ်အုန်းတင်က ရန်ကုန်မြို့ တရားမရုံး၌၊ အယူခံ တရားလို အား၊ အိမ်မှ ထွက်ခွါဖယ်

---

* ၁၉၆၄ ခုနှစ်၊ တရားမပဌမအယူခံမှုအမှတ် ၅၇။

† ၁၉၆၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၇၄၉ တွင်၊ ရန်ကုန်မြို့တော်တရားမရုံး၊ စတုတ္ထတရားသူကြီး ရုံးတော်၏ ချမှတ်သောအမိန့်ကို အယူခံဝင်မှု။

ရှားပေးစေရန် တရားစွဲဆိုခဲ့ရာ၊ ပညာရှိ စတုတ္ထ တရားသူကြီးက၊ တောင်းခံသည့် အတိုင်း အမိန့် ဒီကရီ ချမှတ်ပေးခဲ့သည်။ ထိုအမိန့် ဒီကရီမှ ယခု အယူခံခြင်း ဖြစ်သည်။ ဒေါ်အုန်းတင်က၊ တရားစွဲဆိုရာတွင် အဓိက တင်ပြသော အကြောင်းမှာ၊ အိမ်ကို အသစ်ဆောက်လုပ်ရန် အကြောင်း အားလျော်စွာ ရိုးဖြောင့်သော သဘောဖြင့် ရယူလိုပါသည် ဟူ၍ ဖြစ်သည်။ ထိုအချက်ကို အထောက် အထား ပြူသော သဘော အားဖြင့်၊ ရန်ကုန် မြူနီစီပါယ် အဖွဲ့မှ ၂ ထပ်အိမ် တလုံး ဆောက်လုပ်ခွင့် လက်မှတ် များ သက်သေခံ အမှတ် (စီ နှင့် ဒီ) တို့ကို တင်ပြခဲ့သည်။ ထို့ပြင် အိမ်သည် ၁၉၃၇-၃၈ ခုနှစ်ခန့်က ဆောက်ခဲ့သည့် အိမ် ဖြစ်သည့် အတွက်၊ ယခုအခါ ဟောင်းနွမ်းဆွေးမြေ့ နေပြီ ဖြစ်ကြောင်း၊ နံရံများကို ခြစားရှိ၊ အမိုးများလည်း ယိုကာ၊ တံခါး စသည်တို့ မှာလည်း၊ ပြိုပျက်နေပြီ ဖြစ်ကြောင်း၊ မြူနီစီပါယ် အဖွဲ့မှ အိမ်သစ်ဆောက်လုပ်ရန် ခွင့်ပြုချက် ရရှိပြီး ဖြစ်သည့် အတိုင်း၊ မိမိတွင် အိမ်သစ် ဆောက်လုပ်ရန် ငွေအင်အား ရှိကြောင်း၊ မိမိကိုယ်တိုင်လည်း၊ အိမ် အဆောင်း အဝယ် ပွဲစား လုပ်သဖြင့် ဝင်ငွေ ရှိသည့်ပြင်၊ ဆေးမျိုးများ ထံမှလည်း၊ လိုသောငွေကို ချေးယူ၍ ရနိုင်ကြောင်း တို့ကို ဒေါ်အုန်းတင်က ထွက်ဆိုခဲ့သည်။ ထိုအချက်များကို၊ အထောက် အထား ပြုသည့် သက်သေများကိုလည်း ပြသခဲ့သည်။ တရားခံပြု သက်သေ အပ ဒုလတစ် ကိုယ်တိုင် ကလည်း၊ အိမ်သည် ဟောင်းနွမ်းနေကြောင်း၊ သို့ရာတွင် ၅ နှစ် ၁၀ နှစ် ဆိုသလို ဆက်၍ နေနိုင်သေးကြောင်း ခန့်မှန်း၍ ထွက်ဆိုခဲ့သည်။ သို့ရာတွင် ပြန်လှန်မေးရာ၌ ထိုကဲ့သို့ အိမ်ကို တော်မြင်ခဲ့ရသည်မှာ ၁၉၅၉ ခုနှစ်က ဖြစ်ပါသည်ဟူ၍ ထွက်ဆိုသည်။ ထိုနှစ်မှ စ၍၊ ၅ နှစ်ခန့် ထွက်ချက်လျှင်၊ ယခု အချိန်လောက် ဆိုလျှင်၊ အိမ်သည် နေထိုင်၍ မသင့်အောင် ပျက်စီး ယိုယွင်းနေပြီ ဖြစ်ကောင်းလည်း ဖြစ်မေလိမ့်မည်။

၁၉၆၄

ဟာဂျီအဗ္ဗဒူလ် ရှကူးချိုတာနီ နှင့် ဒေါ်အုန်းတင်။

အယူခံ တရားလို၏ ပညာရှိ ရွှေနေကြီး ဒေါက်တာ ရွှေဘော်က၊ ဒေါ်အုန်းတင်သည်၊ အေရှကူး ထံမှ ဆလာမီ ငွေများ တောင်းခံခဲ့ပါသည်။ အိမ်လခကိုလည်း တိုးမြှင့်၍ ပေးရန်၊ အတန်တန် တောင်းခံခဲ့ဘူးသည်။ ထို့ကြောင့် အရပ်မှ လူကြီးများက ဝင်၍ ဖြန်ဖြေ ပေးခဲ့ရဘူးပါသည်။ အိမ်မှ ထွက်ခွါ ဖယ်ရှားစေရန်၊ အမှုစွဲဆို ခဲ့ခြင်းမှာ သဘောရိုးဖြင့် အိမ်ကို ပြင်ဆင် ဆောက်လုပ်ရန် လိုသည် မဟုတ်။ အိမ်လခ ပို၍ ရရန်၊ သို့မဟုတ် ဆလာမီငွေ ပို၍ရရန်၊ အကြပ်ကိုင်ခြင်းမျှသာ ဖြစ်ပါသည်။ ထို့ကြောင့် မူလ ရုံးက၊ ဒေါ်အုန်းတင်အား၊ ဒီကရီ ချမှတ် ပေးခဲ့ခြင်းသည် ဥပဒေနှင့် မညီပါဟူ၍၊ လျှောက်လဲသည်။

မြို့ပြဆိုင်ရာ ဂျိုးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ သည် အိမ်ဂျိုးမျှားကို ကာကွယ်သည့် ဥပဒေ ဖြစ်သဖြင့်၊ ဤအမှုမျိုးတွင်၊ အိမ်ဂျိုးဆက်မှ နေ၍ တရားရုံးမျှားက

၁၉၆၄

ဟာဂျီအမဉ္ဇူလ် ရှာကူးချိုတာနီ နှင့် ဒေါ်အုန်းတင်။

ရှိသင့်ပါသည်ဟူ၍လည်း လျောက်လဲသည်။ အကိုးအကား အဖြစ် **အက် (စ်) ဘီ သတီ ကာရာရမ် နှင့် မောင်ဖေသန်း (ပါ) ၅**။ (၁) အမှုကို ညွှန်းပြသည်။ သို့ရာတွင် ထိုအမှုတွင် ချမှတ်ခဲ့သောမှတ်ချက် အချို့သည်၊ ဥပဒေက ပြဋ္ဌာန်းသည်ထက် အနည်းငယ် ပိုလွန်၍ သွားလေမည်လောဟူ၍၊ မကြာမီက၊ ဤရုံး၏ ခုံရုံးမှ **ဘစ် (စ်) နပ်ဆင်း (ပါ) ၂** နှင့် **မိတ္တစားသုံးသူ သမဝါယမ အသင်း လီမိတက်**။ (၂) အမှုတွင်၊ စဉ်းစားသုံးသပ် ထားသည်ကို တွေ့ရသည်။ ၎င်းပြင်၊ မြို့ပြဆိုင်ရာ ဌါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ သည် ရည်ရွယ်ချက်အားဖြင့်၊ အိမ်ဌါးများကို စောင့်ရှောက် ကာကွယ်ရန် ပြဋ္ဌာန်းထားသည် မှန်သော်လည်း၊ ၎င်း အက်ဥပဒေ အတွင်းခံမူကား၊ အိမ်ဌါးရော အိမ်ရှင်ပါ တရားမျှတမှုကို ရရှိကြစေရန်၊ တရားရုံးများက၊ အမှုများကို စီရင် ဆုံးဖြတ် ရမည် ဖြစ်ပေသည်။ **ဒေါ်ထွေး နှင့် အီဘရာဟင် ရမ်အင် ကုမ္ပဏီ လီမိတက်**။ (၃) အမှုတွင် ဥပဒေ အချက်အလက်များ အရ၊ အိမ်ရှင် ရသင့် ရထိုက်သော အခွင့် အရေး တို့ကိုလည်း ထည့်သွင်း စဉ်းစားရ ပေမည်ဟူ၍ ဆုံးဖြတ်ထားသည်ကို တွေ့ရသည်။

အယူခံ တရားလိုဘက်မှ၊ အယူခံ တရားခံ ဒေါ်အုန်းတင်သည်၊ အိမ်လခ ပို၍ လို ချင်သဖြင့်၊ သို့မဟုတ် ဆလာမီဌေ ပို၍ လိုချင်သဖြင့်၊ တရားစွဲဆိုခဲ့ကြောင်းကို စွပ်စွဲသကဲ့သို့၊ ဒေါ်အုန်းတင်ကလည်း၊ နိုင်ငံခြားသား ဖြစ်သော၊ အေရှကူး သည်၊ အိမ်၌ နေသည်မရှိ၊ သေခဲ့ပ်ထား၍၊ ရံဖန် ရံခါ မိမိ၏ မယားငယ်ကိုသာ တင်ထားပါသည်။ ထို့ပြင် ၂ နှစ်ကျော်မှ အိမ်လခ မပေးပါသဖြင့် စွပ်စွဲထားသည်ကိုလည်း တွေ့ရသည်။ ၂ ဘက် စွပ်စွဲချက်တို့သည်၊ ဤအမှုကို ဆုံးဖြတ်ရာတွင်၊ အဓိက အရေးကြီးသော အချက်များ မဟုတ် သဖြင့်၊ ဒေါ်အုန်းတင်သည်၊ အိမ်ကို အသစ် ဆောက်လုပ်ရန် သဘောရိုးဖြင့် ယုတ္တိကောင်းစွာဖြင့်၊ ပြန်လည် ရယူလိုခြင်း ဖြစ်သလောဟူသည့် အချက်ကိုသာ၊ စဉ်းစား ဆုံးဖြတ်ရန် လိုပေသည်။ ဤအချက်နှင့် ပတ်သက်၍၊ မူလ ရုံး ပညာရှိ တရားသူကြီး ဆုံးဖြတ်ထားသည်မှာ မှားယွင်းသည်ဟူ၍ မဆိုသာချေ။ အိမ်သည် ဟောင်းနွမ်း ပျက်စီးနေသည် ဆိုသည်မှာ၊ တရားလို၊ တရားခံ တို့၏ ထွက်ချက်များနှင့် ၎င်းတို့၏ သက်သေများ၏ ထွက်ချက်များ အပေါ်မှ ပေါ်လွင် ထင်ရှား ပေသည်။ အတိ အကျအားဖြင့် လုံးဝ ပျက်စီးနေပြီဟု မဆိုသာသော်လည်း နှစ်ပေါင်း များစွာ ကြာမြင့်ခဲ့သည့် အိမ် ဖြစ်သဖြင့်၊ ပြင်ဆင် ဆောက်လုပ်ရန် လိုခြင်းသည် ယုတ္တိမရှိဟူ၍၎င်း၊ ရိုးဖြောင့်သော သဘောနှင့် မဟုတ်ဟူ၍၎င်း၊ မဆိုသာ၊ အိမ်ကို လုံးဝ ပျက်စီးသည် အထိ စောင့်ပြီးမှ အိမ်ရှင်သည်၊ အသစ်ဆောက်လုပ်ရမည် ဟူ၍လည်း

---

(၁) ၁၉၅၉ ခု၊ မြန်မာနိုင်ငံစီရင်ထုံး၊ တရားလွှတ်တော်-စာ-၈၄။

(၂) တရားမအထွေထွေလျောက်လွှာ ၁၇၂/၆၃။

(၃) ၁၉၅၈ ခု၊ မြန်မာနိုင်ငံစီရင်ထုံး၊ တရားလွှတ်တော်ချုပ်-စာ-၁၂၀။

၁၉၆၄

ဟာဂျီအမ္မဒူလ် ရွက်ူးချို့တာနီ နှင့် ဒေါ်အုန်းတင်။

ဥပဒေက မဆို။ ဒေါ်အုန်းတင်သည်၊ အိမ်ပုံစံများကို မြူနီစီပါယ် အဖွဲ့၏ သဘောတူချက် ရရှိရန်၊ လျောက်ထား တင်သွင်းပြီးနောက် ခွင့်ပြုချက်ကို ရရှိခဲ့ခြင်းကြောင့်တကြောင်း၊ ၎င်းပြင် လိုသောငွေများကိုလည်း၊ မိမိကိုယ်တိုင်ကငင်း၊ ဆွေမျိုး သားချင်းများ၏ အကူအညီနှင့် ၎င်း၊ ရှာဖွေ စုဆောင်းနိုင်ပါသည်ဟူ၍ ထွက်ဆိုထားခြင်းကြောင့် တကြောင်း၊ ဒေါ်အုန်းတင် တောင်းခံသော ဒီကရီကို ချမှတ်ပေးရန် အကြောင်း လုံလောက်ပြီး ဖြစ်သည်ဟု ယူဆရပေမည်။ အိမ်ရှင်နှင့် အိမ်ငှါး၊ မသင့် မတင့် ဖြစ်ခဲ့ရခြင်းကြောင့်သာလျှင်၊ အိမ်ရှင်သည် သဘောရိုးဖြင့် အိမ်ငှါးကို ဖယ်ရှားရန်ကြိုး စားခြင်း မဟုတ်ဟူ၍၊ မယူဆအပ် ဟူသောတရားလွှတ်တော်ချုပ် စီရင်ထုံးများလည်း ရှိပေသည်။

ဒေါက်တာရွှေဘော်က၊ သတ်သေခံ အမှတ် (စီ နှင့် ဒီ) လက်မှတ်များကို ညွှန်ပြ၍၊ ၎င်းတို့တွင် ပါရှိသည်မှာ၊ ရှိရင်းအိမ်အပေါ်၌ တထပ်တိုး၍ ဆောက်လုပ်ရန် ကိုသာ ပုံစံ တင်သွင်းခဲ့ခြင်း ဖြစ်ပါသည်။ ထို့ကြောင့် အိမ်ကို ဖျက်၍၊ ၂ ထပ် အိမ် အသစ်ဆောက်လုပ်ရန် မလိုပါ။ လက်ရှိ အိမ်ငှါးကိုလည်း ဖယ်ရှားရန် မလိုပါဟူ၍၊ လျောက်လဲပြန်သည်။ သို့ရာတွင် မြူနီစီပါယ် အဖွဲ့၏ ခွင့်ပြုချက် စာတွင် ၂ ထပ်အိမ် ဆောက်လုပ်ရန် ခွင့်ပြုသည်ဟူ၍၊ အဘိ အလင်း ဆိုထားသည်။ လက်ရှိ အိမ်ပေါ်တွင် နောက် တထပ် ဆောက်လုပ်ရန် ခွင့်ပြုသည်ဟူ၍ မဆိုပေ။ ထို့ပြင် အနှစ် ၂၅၊ ၃၀ ခန့် ကြာမြင့်ခဲ့ပြီ ဖြစ်သော ပျဉ်ထောင်အိမ် တလုံးကို မည်သို့မျှ ဖျက်သိမ်းခြင်း မပြုဘဲ၊ နောက် တထပ်တိုး၍၊ ဆောက်လုပ်ရန် ခဲယဉ်းပေလိမ့်မည်။

အယူခံ တရားခံ ဒေါ်အုန်းတင် ကိုယ်တိုင်၊ ရုံးသို့ လာရောက်၍၊ အယူခံကို ထုချေ ရာ၌၊ မူလရုံးတွင် ထွက်ဆို ပြီးသကဲ့သို့ မိမိသည်၊ အိမ်ကို သဘောရိုးဖြင့် ရယူလိုခြင်း ဖြစ်ပါသည်။ အကယ်၍ အိမ်ကို ဖျက်၍၊ ၂ ထပ်အိမ် ဆောက်မည် ဖြစ်ပါသည်။ ထိုသို့ဆောက်လုပ်ရန် ပုံစံများကို၊ မြူနီစီပါယ် အဖွဲ့က ခွင့်ပြုပြီး ဖြစ်သည့် အတိုင်း၊ ငွေကြေးရရှိရန် စီစဉ်ပြီး ဖြစ်ပါသည်ဟူ၍ လျောက်လဲသည်။ မူလရုံးကလည်း၊ အိမ် ငှါး တရားခံကို ဖယ်ရှားပြီး ၉ လ အတွင်း၊ အိမ်ကို အသစ် ဆောက်လုပ် ပါမည်ဟု ငါးထောင်တန် ခံဝန်ချုပ် တခု ချုပ်ဆိုရန်၊ ဒေါ်အုန်းဘင်အား၊ အမိန့် ချမှတ်ခဲ့ပြီး ဖြစ်သည်။

အထက်ပါ အကြောင်းတို့ကြောင့်၊ မူလရုံး၏ အမိန့် ဒီကရီကို၊ ပြင်ဆင် စွပ်ဖက်ရန် အကြောင်းမမြင်။ အယူခံကို ပလပ်လိုက်သည်။ စရိတ်မရှိ။

တရားမအယူခံ

တရားသူကြီး ဦးစောဘသိန်း ရှေ့တွင်

† ၁၉၆၄ ခုနှစ် ဒွန်လ ၂၂ ရက်။

(၁) လီယင်၊ (၂) အယင်၊ (၃) အခြော၊ (၄) အခြူး (အယူခံတရားလိုများ)

နှင့်

ခြင်ဟိန်မိန်း (ခ၅) မောင်ဟန်မင်း (အယူခံတရားခံ)*

မြို့ပြဆိုင်ရာ ဒေါ်းရမ်းခကြီးကြပ်ရေးဥပဒေ ပုဒ်မ ၁၂ (၁)(ခ) ရိုးဖြောင့်သောသဘော—အိမ်သစ်ဆောက်လုပ်ရန်လို မလိုကိစ္စ။

ဆုံးဖြတ်ချက်။ ။မြို့နီစီပါယ်ကော်ပိုရေးရှင်းက အချင်းဖြစ်အိမ်အထက်ဆုံးထပ်၊ အနောက်ထောင့်အုတ်နံရံနှင့်အမိုးကို ဖြိုဖျက်ပြုပြင်ရန်သာ နို့တစ်ထုတ်ပေးခဲ့ရာ၊ အချင်းဖြစ်အိမ်ခန်းများကို ဖြိုဖျက်ပြီး၊ အသစ်ဆောက်လုပ်ရန် မလိုအပ်သည်မှာ ပေါ်လွင်သည်ဟုယူဆရမည်။

သို့ဖြစ်၍ ပိုင်ရှင်သည် အချင်းဖြစ်အိမ်ခန်းများကို အကြောင်းအားလျော်စွာ၊ ရိုးဖြောင့်သောသဘောဖြင့် ရယူလိုခြင်းမဟုတ်ဟု ဆုံးဖြတ်ချက်ချမှတ်ရမည်။

၁၉၆၃ ခုနှစ်၊ တရားမအထွေထွေလျှောက်လွှာအမှတ် ၁၇၂ ကိုကိုးကား၍ ခွဲခြားပြသည်။

အယူခံတရားလိုများအတွက်။ ။ရွှေဇနကြီး ဦးအောင်ရှိန်ဝန်း။

အယူခံတရားခံများအတွက်။ ။ရွှေနေကြီး မစ္စတာ အာ ချော်ဘေး။

တရားသူကြီး ဦးစောဘသိန်း။ ။ရန်ကုန်မြို့၊ တရားမတရားရုံး (တတိယတရားသူကြီး)၊ ၁၉၆၁ ခုနှစ်၊ တရားမကြီးမှုအမှတ် ၉၄၇ တွင်၊ အယူခံတရားခံခြင်ဟိန်မိန်း (ခ၅) မောင်ဟန်မင်းက၊ အယူခံတရားလို လီယင်၊ အယင်၊ အခြောနှင့်အခြူးတို့အား၊ မြို့ပြဆိုင်ရာ ဒေါ်းရမ်းခ ကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၂(၁) (ဂ) အရ၊ အချင်းဖြစ်အိမ်ခန်းများမှ ထွက်ခွာ၍သွားရန်၊ စွဲဆိုရာတွင် ဖေါ်ပြသောအကြောင်းခြင်းရာများမှာ၎င်းသည်၊ အချင်းဖြစ်အိမ်ခန်းများကို ပိုင်ဆိုင်သူဖြစ်၍၊ အယူခံတရားလိုတို့မှာ၎င်း၏အိမ်ခန်းငှါးသူများဖြစ်ကြောင်း၊ အိမ်ခန်းများတည်ရှိရာ အိမ်သည် ဟောင်းနွမ်းပျက်စီးယိုယွင်းနေသဖြင့်၊ ဖြိုဖျက်ပြီး အိမ်သစ်ဆောက်လုပ်ရန် လိုအပ်နေကြောင်း ရန်ကုန်မြို့၊ မြူနီစီပါယ် ကော်ပိုရေးရှင်းကလည်း၊ ၎င်းတို့ထံအဆိုပါအိမ်ကို ဖြိုဖျက်ပြီး၊

* ၁၉၆၃ ခုနှစ်၊ တရားမပဌမအယူခံမှုအမှတ် ၉၄။

† ၁၉၆၁ ခုနှစ်၊ တရားမမှုအမှတ် ၉၄ တွင်၊ ၁၉၆၄ခုနှစ်၊ ဇူလိုင်လတွင် ရန်ကုန်မြို့တော်တတိယတရားမတရားသူကြီးရုံးတော်၏ ချမှတ်သော ဒီကရီကို အယူခံဝင်မှု။

အိမ်သစ်ဆောက်လုပ်ရန်၊ အကြောင်းကြား နို့တစ်စာ သက်သေခံအမှတ် (၈) ပေးကြောင်း၊ အယူခံတရားလိုတို့အား၊ အိမ်ခန်းများမှ ထွက်ခွါ၍သွားရန်၊ နို့တစ်စာ ပေးသော်လည်း၊ ထွက်ခွါခြင်းမပြုသဖြင့်၊ ၎င်းတို့အပေါ် တရားစွဲဆိုရကြောင်း ဟူ၍ ဖြစ်၏။

ခရိုင်၄
(၁) လီယင်၊
(၂) အယင်၊
(၃) အခြေ၁၊
(၄) အခြေ၂
နှင့်
ခြင်ဟိန်မိန်း
(၁၀၂)
မောင်ဟန်မင်း။

အယူခံတရားလိုတို့က၊ အယူခံတရားခံ၏အိမ်သည် ၎င်းဖေါ်ပြသကဲ့သို့၊ ဟောင်းနွမ်းယိုယွင်းပျက်စီးခြင်းမရှိကြောင်း၊ ရန်ကုန်မြို့၊ မြူနီစီပါယ် ကော်ပိုရေးရှင်းက၊ သက်သေအမှတ် (၈) နို့တစ်စာကို၊ အယူခံတရားခံအား၊ ပေးသော်ငြာလည်း၊ ၎င်းတို့က ရန်ကုန်မြို့၊ မြူနီစီပါယ် ကော်ပိုရေးရှင်းသို့၊ အင်ဂျင်နီယာ ဦးတင်၏ အစီရင်ခံစာ သက်သေခံအမှတ် ၃ ကိုတင်ပြသည့်အခါ၊ အဆိုပါ ကော်ပိုရေးရှင်းက အိမ်ကို ဖြိုဖျက်ရန် အမိန့်ချမှတ်သည့်အမှုတွဲကို ပိတ်ထားလိုက်ပြီဖြစ်ကြောင်း။ အယူခံတရားခံသည် အခင်းဖြစ်အိမ်ကို၊ အကြောင်းအားလျော်စွာ ရိုးဖြောင့်သောသဘောဖြင့် ဖြိုဖျက်ပြီး၊ အိမ်သစ်ဆောက်လုပ်ရန်မဟုတ်ကြောင်း ဖေါ်ပြထုချေသည်။

အော်ဂ်ရုံးက၊ အချင်းဖြစ်အိမ်သည် အယူခံတရားခံဖေါ်ပြသကဲ့သို့ ဟောင်းနွမ်းယိုယွင်းပျက်စီးနေသဖြင့် အယူခံတရားခံသည် အကြောင်းအားလျော်စွာ ရိုးဖြောင့်သောသဘောဖြင့်၊ ဖြိုဖျက်ပြီးအိမ်သစ်ဆောက်လုပ်ရန်လိုအပ်ကြောင်းထင်ရှားသည်ဟု ယူဆကာ အနိုင်ဒီကရီချမှတ်ပေးလိုက်ရာ။ အယူခံတရားလိုတို့ကမကျေနပ်၍၊ ဤရုံးသို့ အယူခံဝင်ကြသည်။

ဤအမှုသည် မြို့ပြဆိုင်ရာ ဌါးရမ်းခကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၂(၁) (c) အရ ဖြစ်သဖြင့်၊ ဆုံးဖြတ်ရန်လိုအပ်သည့် အဓိကအချက်မှာ အယူခံတရားခံ အိမ်ရှင်သည် အချင်းဖြစ်အိမ်ခန်းများကို အယူခံတရားလို အိမ်ခန်းငှါးသူများထံမှ အကြောင်းအားလျော်စွာ၊ ရိုးဖြောင့်သော သဘောဖြင့် အဆိုပါအိမ်ခန်းများကို ဖြိုဖျက်ပြီး၊ အိမ်သစ်ဆောက်လုပ်ရန် ရယူလိုခြင်းဖြစ်ပါသလား-ဟူ၍ဖြစ်၏။

ရိုးဖြောင့်သဘော (*bona fide*) ဟုဆိုသောစကား၏ အဓိပ္ပါယ်ကို (၁၉၅၀ ခု၊ မြန်မာနိုင်ငံ တရားလွှတ်တော်စီရင်ထုံး ၃၄၆)၊ (၁၉၅၉ ခုနှစ်၊ မြန်မာနိုင်ငံ တရားလွှတ်တော်ချုပ် စီရင်ထုံး ၁၆)။ (၁၉၆၀ ခုနှစ်၊ မြန်မာနိုင်ငံတရားလွှတ်တော်ချုပ် စီရင်ထုံး ၁၅၆) တို့တွင် ရှင်းလင်းဖေါ်ပြထားသည့်ပြင် အကြောင်းအားလျော်စွာ (**reasonably**) ဟုဆိုသောစကား၏ အဓိပ္ပါယ်ကို (၁၉၅၉ ခုနှစ်၊ မြန်မာနိုင်ငံ တရားလွှတ်တော် ၈၄) စီရင်ထုံး၌ ရှင်းလင်းဖေါ်ပြထားသည်။

ဤအမှုတွင် အယူခံတရားခံက ဆိုလှာအပိုဒ် ၃ တွင် ဖေါ်ပြထားချက်အရ၊ ၎င်း၏အမှုကို ရန်ကုန်မြို့ မြူနီစီပါယ် ကော်ပိုရေးရှင်းကထုတ်ပေးသော သက်သေခံ

၁၉၆၄

(၁) လီယင်၊
(၂) အယင်၊
(၃) အခြော၊
(၄) အခြူး
နှင့်
ခြင်ဟိန်မိန်း
(ခေါ်)
မောင်ဟန်မင်း။

အမှတ် (ဃ) အကြောင်းကြားနို့တစ်စာ အိမ်ဟောင်းနွမ်းယိုယွင်းပျက်စီးနေသ ဖြင့် ဖြိုဖျက်ရန်အပေါ် အဓိကအခြေခံပြု၍၊ တရားစွဲဆိုသည်မှာ ပေါ်လွင်ထင်ရှားသည်။

အယူခံတရားခံက၊ သက်သေခံအမှတ် (ဃ) နို့တစ်စာကိုရသော်ငြားလည်း ချက် ခြင်းလိုအပ်သလိုဆောင်ရွက်ခြင်းမပြုဘဲ နေခဲ့၏။ ရန်ကုန်မြူနီစီပါယ် ကော်ပိုရေးရှင်းက လည်း၊ နောက်ထပ်ဆက်လက်၍ မရေးမယူဘဲခိုခဲ့၏။ ထို့နောက်အဘာန်ကြာမှ အယူခံ တရားခံက အယူခံတရားလိုဘို့အပေါ်၊ အိမ်မှထွက်ခွါ၍သွားရန် အရေးယူခဲ့ရာ၊ ရန်ကုန် မြူနီစီပါယ်ကော်ပိုရေးရှင်းက၊ သက်သေခံအမှတ် (ဌ) နို့တစ်စာ၊ **အဆက်ဆုံးထပ်၊ အနောက်တောင်ထောင့်အုတ်နံရံနှင့် အမိုးကိုဖြိုဖျက်ပြုပြင်ရန်**ထုတ်ပေးသည့်ကိုထောက် ရှုလျှင်၊ အယူခံတရားခံသည် အချင်းဖြစ်အိမ်ခန်းများကို ဖြိုဖျက်ပြီး၊ အသစ်ဆောက် လုပ်ရန်မလိုအပ်သည်မှာ ပေါ်လွင်သည်ဟု ယူဆရပေမည်။

အယူခံတရားခံက၊ နှုတ်အားဖြင့် ၎င်း၏အိမ်သည် ဟောင်းနွမ်းယိုယွင်း ပျက်စီးနေ ကြောင်းထွက်ဆိုရှု၊ အမှုတွဲ၌တင်ပြသော မါတ်ပုံများနှင့် အင်ဂျင်နီယာ အက်(စ်)၊ ဒန်ဂျာ(လိုပြ ၁) နှင့် ဒီကရက်စတီး(လိုပြ ၂) တို့၏အစစ်ခံချက်များအပေါ် အမှီ သဟဲပြု၍၊ အချင်းဖြစ်အိမ်ခန်းများကို ဖြိုဖျက်ရန်ဖြစ်ကြောင်း ထွက်ဆိုအစစ်ခံသည်။ မစ္စတာ အက်(စ်)၊ ဒန်ဂျာ (လိုပြ ၁) သည် အချင်းဖြစ်အိမ်ခန်းများကို၊ ကိုယ်တိုင် ဝင်ရောက်၍ ကြည့်ရှုတိုင်းထွာ စုံစမ်းခြင်းမဟုတ်ဘဲ၊ အပြင်ကနေ၍ တွေ့မြင်သမျှကို သာအစစ်ခံခြင်းဖြစ်ကြောင်း ဝန်ခံသဖြင့်၎င်း၊ ၎င်း၏အစစ်ခံချက်သည် တန်ဘိုးရှိ သည်ဟုမဆိုနိုင်ပေ။

မစ္စတာ ဒီကရက်စတီး (လိုပြ ၂) သည်၊ အချင်းဖြစ်အိမ်ခန်းများသို့ ကိုယ်တိုင်ဝင် ရောက်၊ ကြည့်ရှုစစ်ဆေးခြင်းမပြုဘဲ၊ အိမ်အပေါ်ဆုံးထပ်ကိုသာ ကိုယ်တိုင် ကြည့်ရှု စစ်ဆေးခြင်းပြုပြီး၊ အစီရင်ခံစာ ရေးမှတ်ခြင်းပြုပေသည်။ ၎င်း၏**အစီရင်ခံစာ သက် သေခံအမှတ်** (ဃ) တွင်၊ အပိုဒ် ၁ မှ ၅ အထိရှိရာ အပိုဒ် ၁၊ ၂ နှင့် ၅ တို့သည် အပေါ်ဆုံး ထပ်ဖြစ်သော ဒုတိယအထပ်နှင့် သက်ဆိုင်သဖြင့်၊ အချင်းဖြစ်အိမ်ခန်းများနှင့် သက်ဆိုင် ခြင်းမရှိပေ။ အပိုဒ် ၃ နှင့် ၄ မှာ၊ အိမ် ပဌမအထပ်နှင့် ဒုတိယအထပ်တို့နှင့် သက်ဆိုင် သဖြင့်အိမ်နံရံသည် ယိုင်၍ အက်နေကြောင်းကိုသာ ဖော်ပြခြင်းဖြစ်ပေသည်။ ထို့ကြောင့်၊ မစ္စတာဒီကရက်စတီး၏ အစစ်ခံချက်အရ နှင့် အစီရင်ခံစာအရ၊ အချင်း ဖြစ်အိမ်ခန်းများကို ဖြိုဖျက်ခြင်းပြုရလောက်အောင် ယိုယွင်းပျက်စီးသည်ဟု ယူဆရန် ဖြစ်နိုင်မည်မဟုတ်ပေ။

အယူခံတရားလိုတို့က၊ ဖော်ပြပါ အယူခံတရားခံတို့၏သည့် အင်ဂျင်နီယာတို့၏ အစစ်ခံချက်များနှင့် အစီရင်ခံစာများကို ဆန့်ကျင်၍ ဖော်ပြရန် အင်ဂျင်နီယာ

ဦးခင်မောင်သန်း (ခံပြေ ၁) ၏အစစ်ခံချက်နှင့် အစီရင်ခံစာ သက်သေခံအမှတ် ၄၊ သက်သေခံအမှတ် ၃ ဖြစ်သော အင်ဂျင်နီယာ ဦးတင်၏ အစီရင်ခံစာတို့ကို တင်ပြသည်။ ဦးတင်၏အစီရင်ခံစာ သက်သေခံအမှတ် ၃ နှင့်ပတ်သက်၍၊ သက်သေခံတင်ခြင်းကို ဤနှုံ့ခွဲ့ အငြင်းမပွါးသဖြင့် ဘတ်ရှလေ့လာရာ ဦးတင်သည် အဆိုပါ အိမ်အဆောက်အဦကို၊ သေချာဂနစွာ ကြည့်ရှုစစ်ဆေး၍၊ ဧရိုးစွာ အစီရင်ခံစာရေးထားသည်ကိုတွေ့ရသည်။ ၎င်းအစီရင်ခံစာအရ၊ အဆိုပါအိမ်သည် အလွန်ခိုင်ခံ့၍ နောင်အတန်ကြာ တည်မြဲနိုင်အုံးမည်ဖြစ်သဖြင့် လောလောဆယ်အားဖြင့် ဖြိုဖျက်၍ ပြုပြင်ရန် မလိုအပ်ကြောင်း ကောင်းစွာ ပေါ်လွင်သည်ဟု ထင်မြင်သည်။ တဖန် အင်ဂျင်နီယာ ဦးခင်မောင်သန်း၏ အစီရင်ခံစာကို ဘတ်ရှ လေ့လာသည့်အခါ အချင်းဖြစ်အိမ်သည် အလွန်ခိုင်ခံ့၍ ဖြိုဖျက်ရန်အကြောင်းမရှိသည်ကို တွေ့ရသည်။ ထို့ကြောင့်လည်း၊ ရန်ကုန်မြူနီစီပါလိတီ ကော်ပိုရေးရှင်းက၊ သက်သေခံအမှတ် (၈) ကို၊ ၁၃-၁-၆၁ နေ့တွင် ထုတ်ပေးသော်လည်း ၁၃-၂-၆၂ နေ့တွင်၊ သက်သေခံအမှတ် (၃) ထပ်ခံ၍ အိမ်ကိုဖြိုဖျက်ရန်မလိုဘဲ၊ အပေါ်ဆုံးထပ်ကိုသာ ပြုပြင်ရန်လိုအပ်ကြောင်းပေးခြင်းဖြစ်ပေသည်။ အင်ဂျင်နီယာ ဦးတင်နှင့် ဦးခင်မောင်သန်းတို့ကလည်း အပေါ်ဆုံးထပ်တွင် အမိုးနှင့် နံရံများကိုသာ ပြုပြင်ရန်ဖြစ်ကြောင်း၊ အစီရင်ခံစာတင်သွင်းကြသည်။ သို့ဖြစ်သောကြောင့်၊ အယူခံတရားခံဘဲဆိုသည့်အတိုင်း အချင်းဖြစ်အိမ်ခန်းများ တည်ရှိရာအိမ်ကို ဖြိုဖျက်ရန်မလိုဘဲ အပေါ်ဆုံးထပ်ကို ရန်ကုန် မြူနီစီပါလိတီ ကော်ပိုရေးရှင်းက သက်သေခံအမှတ် (၃) အရ၊ ချမှတ်သည့်အမိန့်အရ၊ ပြုပြင်ရန်သာဖြစ်ကြောင်း ထင်မြင်ယူဆသည်။

ထို့သို့ပြုပြင်ရန်အတွက် အယူခံတရားလိုဘို့သည် အချင်းဖြစ်အိမ်ခန်းများမှ ထွက်ခွါ၍သွားရန် လိုအပ်ပါသလားဟူသော ပြဿနာကိုဖြေဆိုရန် အမှုတွဲကို ဘတ်ရှလေ့လာရာ၊ အယူခံတရားခံက ၎င်း၏သက်သေအစစ်ခံချက်များအပေါ် အခြေခံထား၍ အယူခံတရားလိုတို့သည် အချင်းဖြစ်အိမ်ခန်းများမှ ထွက်ခွါ၍သွားရန်ဖြစ်ကြောင်း၊ ထွက်ဆိုအစစ်ခံသော်ငြားလည်း၊ အယူခံတရားလိုတို့၏ သက်သေ အင်ဂျင်နီယာ ဦးခင်မောင်သန်း၏ အစီရင်ခံစာ အပိုဒ် ၇ တွင်—

> "The erection of the roof and minor repairs can be carried out immediately as there are no tenants on the top floor. Eviction of the tenants now living on the ground and first floors is not at all necessary as the minor repairs to be done is only on the top floor, and the nature of the work will in no way endanger the inhabitants living in the ground and first floors, or will they in anyway obstruct the carrying out of the work."

၁၉၆၄

(၁) လီယင်၊
(၂) အယင်၊
(၃) အခြေ၊
(၄) အခြူး
နှင့်
ခြင်ဟိန်မိန်း
(ခေါ်)
မောင်ဟန်မင်း။

ခဋ္ဌ၏ (၁) လီယင်၊ (၂) အယင်၊ (၃) အခြော၊ (၄) အခြူး နှင့် ခြင်ဟိန်မိန်း (ခေါ်) မောင်ဟန်မင်း။

ဟူ၍ တိကျသေချာစွာ ဖေါ်ပြထားသည့်ပြင်၊ ဦးတင်၏ အစီရင်ခံစာ သက်သေခံ အမှတ် (၃) တွင်လည်း—

> "As there are no tenants in the top floor, there appears to be no need for evicting the tenants from the ground and the first floor, in view of the fact that the minor repairs required have to be carried out only on the top floor."

ဟူ၍ ရှင်းလင်းစွာ ဖေါ်ပြထားသဖြင့်၊ ဤအစီရင်ခံစာများကိုလည်း၊ ဆန့်ကျင်၍တင်ပြထားသည့် အယူခံတရားခံ၏ သက်သေခံချက်များ မရှိဖြစ်ရကား၊ အယူခံတရားခံသည် အချင်းဖြစ်အိမ်အပေါ် ဆုံးထပ်ကိုသာ ဖေါ်ပြထားသည့်အတိုင်း၊ ပြုပြင်ရန်လိုအပ်သဖြင့် အယူခံတရားလိုတို့သည် အချင်းဖြစ်အိမ်ခန်းများမှ စွဲဆိုသည့်အတိုင်း၊ ထွက်ခွါ၍ သွားရန် လိုအပ်မည်မဟုတ်ဟုထင်မြင်ယူဆသည်။ သို့ဖြစ်သောကြောင့် အယူခံတရားခံသည် အချင်းဖြစ်အိမ်ခန်းများကို အကြောင်းအားလျော်စွာ ရိုးဖြောင့်သောသဘောဖြင့်၊ ရယူလိုခြင်းမဟုတ်ဟူ၍ ဆုံးဖြတ်ချက်ချမှတ်ရပေမည်။

အယူခံတရားခံ၏ ပညာရှိ ရွှေနေကြီးက **ဤရုံး ၁၉၆၃ ခုနှစ်၊တရားမအထွေထွေလျှောက်လွှာ** အမှတ် ၁၂၇ တွင်၊ ဆုံးဖြတ်ထားသည့် စီရင်ထုံးကို အကိုးကားပြုသော်လည်း၊ ထိုအမှုတွင်ပေါ် လွင်သောအမှုအကြောင်းခြင်းရာများသည် ဤအမှုတွင်ပေါ် လွင်သော အမှုအကြောင်းခြင်းရာများနှင့် ထပ်တူထပ်မျှ ဖြစ်သည်ဟု မဆိုနိုင်သဖြင့် လိုက်နာဆုံးဖြတ်ရန် လျော်ကန်သင့်မြတ်မည်မဟုတ်ပေ။

အထက်ဖေါ်ပြပါ အကြောင်းများကြောင့် အောက်ရုံးချမှတ်သော အစီရင်နှင့် ဒီကရီကို အတည်မပြုနိုင်သဖြင့် ပယ်ဖျက်ပြီး အယူခံတရားခံစွဲဆိုသော အမှုကို၊ စရိတ်ဖြင့်ပလပ်ရန် အမိန့်ချမတ်လိုက်သည်။

ဤရုံးရွှေနေကြီးခမှာ ၅၀ ဖြစ်စေရမည်။

တရားမအထွေထွေ

တရားသူကြီးချုပ် ဦးဘိုကြီးနှင့်၊ တရားသူကြီး ဦးမစာဘသိန်း ရှေ့တွင်

ဒေါ်အေးကျင် (လျှောက်ထားသူ)

နှင့်

ဒေါ်အုန်း ပါ ၂ (လျှောက်ထားခံရသူ) *

† ၁၉၆၄ ဇွန်လ ၂၆ ရက်။

၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာဌားရမ်းခ ကြီးကြပ်ရေးဥပဒေပုဒ်မ ၂၁ (၁) (ခ) နှင့် (၄)၊ ၁၉၅၀ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်နေ့ဂေါက်တွင် နေသူများနှင့်သာသက်ဆိုင်ခြင်း၊ ကြီးကြပ်ရေးဝန်၏ နှင်ထုတ်ရန်အာဏာ။

ဌားရမ်းခကြီးကြပ်ရေးဇန်သည်၊ လျှောက်ထားသူ၏မိသားစုအား တိုက်ခန်းတခုမှထွက်ခွါဖယ်ရှားစေရန်၊ ၁၉၆၀ ခုနှစ်၊ မြို့ပြဆိုင်ရာ ဌားရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၂၁(၁)(ခ)နှင့် (၄)တို့အရ အမိန့်ချမတ်ခဲ့သည်။ လျှောက်ထားသူနှင့် မိသားစုတို့သည်၊ ထိုတိုက်ခန်းတွင် ၁၉၅၀ ခုနှစ်၊ မေလ ၂၀ ရက်နေ့မှစ၍ နေထိုင်နေကြခြင်းဖြစ်သည်။

ထိုအမိန့်ကိုမကျေနပ်၍၊ အမှုခေါ်စာချွန်တော်ဖြင့် ပယ်ဖျက်ရန်လျှောက်ထားရာ။

ဆုံးဖြတ်ချက်။ ။၁၉၆၀ ပြည့်နှစ်၊ ဥပဒေပုဒ်မ ၂၁(၁)(ခ)တွင်၊ ၁၉၅၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၀ ရက်နေ့နောက်တွင်နေထိုင်းကြခြင်းဖြစ်သည်။

ထိုနေ့ရက်ကို၊ ၁၉၅၀ ပြည့်နှစ်၊ ပြင်ဆင်ချက်ဥပဒေတွင် ပဌမပြင်ဆင်ပြဋ္ဌာန်းခြင်းဖြစ်သည်။ ထိုသို့ပြဋ္ဌာန်းရာ၌၊ ထိုနေ့မတိုင်မီက စတင်နေထိုင်ခဲ့သူအား နှင်ထုတ်ပိုင်ခွင့်ရှိကြောင်းနှင့်ပြဋ္ဌာန်းခြင်းမပြုချေ။

လျှောက်ထားသူနှင့်မိသားစုတို့သည်၊ ၁၉၅၀ ခုနှစ်၊ မေလ ၂၅ ရက်နေ့ကစတင်၍ နေထိုင်ခဲ့ကြသည်ဖြစ်ရာ၊ ကြီးကြပ်ရေးဝန်သည် ၎င်းတို့အပေါ်၌၊ ၁၉၆၀ ပြည့်နှစ်၊ ဥပဒေပုဒ်မ ၂၁(၁)နှင့်(၄)ထို့အရ အရေးမယူနိုင်။

လျှောက်ထားသူအတွက်။ ။ပညာရှိရွှေနေကြီး ဦးဘသန်း (၁)။

လျှောက်ထားခံရသူအတွက်။ ။(၁) ပညာရှိရွှေနေကြီး ဦးသုဖေ (၂)။
(၂) အစိုးရရွှေနေကြီး ဦးဘကျော်။

---

* ၁၉၆၄ ခုနှစ်၊ တရားမအထွေထွေလျှောက်လွှာအမှတ် ၁၂။

† ရန်ကုန်မြို့၊ ဌားရမ်းခကြီးကြပ်ရေးဝန်၏အမှုအမှတ် ၁၉၀၊ အေ ၆၀ တွင် ၁၉၆၄ ခု၊ ဇန်နဝါရီလ ၃ ရက်နေ့စွဲဖြင့် ချမှတ်သောအမိန့်ကို ပယ်ဖျက်ရန်အတွက်၊ အမှုခေါ် စာချွန်ထော်အစိန့်ထုတ်ဆင့်ရန်လျှောက်ထားသောလျှောက်လွှာ။

၁၉၆၄

ဒေါ်အေးကျင်
နှင့်
ဒေါ်အုန်း ပါ ၂။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။ယခုလျှောက်ထားသူ ဒေါ်အေးကျင်၏ဘခင် ဦးယွန်းသည်၊ ရန်ကုန်မြို့၊ ဌါးရမ်းခ ကြီးကြပ်ရေးဝန် ရှေ့မှောက်၌ ဒေါ်တင့်နှင့် ဒေါ်သာဆိုသူ နှစ်ဦးတို့နှင့်အတူ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာဌါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၂၁ အရ၊ အရေးယူခံရရာတွင် ကြီးကြပ်ရေးဝန်က၊ ဦးယွန်းနှင့် မိသားစုတို့အား၊ အခင်းဖြစ် တိုက်ခန်းအမှတ် ၃ နှင့် ၄ တို့မှ ထွက်ခွါဖယ်ရှားစေရန် အမိန့်ချမှတ်လိုက်သဖြင့် ဒေါ်အေးကျင်က ထိုအမိန့်ကို အမှုခေါ်စာချုန်တော်ဖြင့် ပယ်ဖျက်ရန်၊ ယခုလျှောက်ထားခြင်းဖြစ်သည်။ ထိုမှုခင်းတွင် ဦးယွန်း၏ ကိုယ်စားလှယ်လည်းဖြစ်၍ မြေးလည်းဖြစ်သော မောင်သိန်းဟန်၏ ထွက်ဆိုချက်အရလည်း၊ လျှောက်ထားသူ ဒေါ်အေးကျင်၏ ကျမ်းကျိန်လွှာအရလည်းပေါ်လွင်သည်မှာ ဦးယွန်းသမီး ဒေါ်အေးကျင်နှင့် မြေး မောင်သိန်းဟန်တို့သည် ယခုအမှု ပေါ်ပေါက်သည့် အချိန်က အဆိုပါတိုက်ခန်းအမှတ် ၃ နှင့် ၄ တွင်နေထိုင်လျက် ရှိကြကြောင်း ထင်ရှား၏။ ထိုအမှုတွင် ဒေါ်အေးကျင်အား အမှုသည်အဖြစ် ထည့်သွင်းခြင်း မပြုခဲ့ချေ။ သို့သော် ဒေါ်အေးကျင်သည် ဦးယွန်း အပေါ်၌ အရေးယူသည်ကို သိရှိသူ ဖြစ်တန်ရာသည်။ ထို့ပြင်လည်း ဦးယွန်းသည် ထိုမိသားစု၏ အကြီးအကဲအဖြစ် အခင်းဖြစ် တိုက်ခန်းများတွင် နေထိုင်လျက်ရှိဟန်တူသည်။

ကြီးကြပ်ရေးဝန်သည် မူလက တိုက်ခန်းနံပါတ် ၃ တွင်၊ ဒေါ်တင့်သည်ဂင်း၊ တိုက်ခန်းနံပါတ် ၄ တွင် ဒေါ်သာသည်ဂင်း အိမ်ငှါးများအဖြစ် နေထိုင်ခဲ့ကြောင်း တွေ့ရှိရသည်။ ဂင်းတို့သည် အခင်းဖြစ် အိမ်ခန်းများမှ ထွက်ခွါ စွန့်လွှတ်ပြီး ဖြစ်ကြကြောင်း တွေ့ရှိပြီး၊ ယင်းအခန်း နံပါတ် ၃ နှင့် ၄ တွင်နေထိုင်လျက် ရှိကြသော ဦးယွန်းနှင့် အခြားသူများသည်၊ ၁၉၅၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၁ ရက်နေ့ နောက်တွင် တရားဝင်အိမ်ငှါးများ စွန့်ခွါသွားပြီးနောက်၊ ဌါးရမ်းခ ကြီးကြပ်ရေးဝန်၏ ခွင့်ပြုချက် မရရှိဘဲတက်ရောက် နေထိုင်ကြသည်ဟု တွေ့ရှိပြီး၊ အထက်၌ ဖော်ပြခဲ့သည့် အတိုင်း အရေးယူခဲ့၏။ တိုက်ခန်းနံပါတ် ၃ နှင့် နံပါတ် ၄ မှာသီးခြား အိမ်ငှါးများ နေထိုင်ခဲ့ကြသည်ဖြစ်၍၊ ထိုအိမ်ခန်းများနှင့် စပ်လျဉ်းသော အကြောင်းခြင်းရာများကို ရောပေါင်း၍ လေ့လာသုံးသပ်ခြင်း မပြုသင့်ပေ။ ဒေါ်သာနေထိုင်ခဲ့သော တိုက်ခန်းနံပါတ် ၄ နှင့်စပ်လျဉ်း၍၊ ဦးယွန်းက ပဋိညာဉ်စာချုပ် သက်သေခံအမှတ် (၁) ကို တင်သွင်း၏။ ထိုစာချုပ်နေ့စွဲမှာ ၁၃၁၂ ခုနှစ်၊ နယုန်လဆန်း ၅ ရက် (၂၀-၅-၅၀)နေ့ ဖြစ်သည်။ ထိုစာချုပ်နှင့် နှုတ်သက်သေခံချက်များကို ရောပေါင်း၍ လေ့လာသော် ဦးယွန်းနှင့် ဒေါ်အေးကျင် အပါအဝင် မိသားစုတို့သည် **တိုက်ခန်း အမှတ် ၄ တွင် ၁၉၅၀ ခု၊ မေလ နှစ်ဆယ်ရက်နေ့လောက်က စတင်၍နေထိုင်ခဲ့သည်ဟု ယူဆရမည်ဖြစ်သည်။** ယင်းသို့ဖြစ်ရာ၊ ၎င်းတို့အပေါ်၌ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ဌါးရမ်းခ

၁၉၆၄

ဒေါ်အေးကျင်
နှင့်
ဒေါ်အုန်းပါ ၂။

ကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၂၁ (၁)(ခ)နှင့်(၄)တို့အရ၊ အရေးယူနိုင်မည် မဟုတ်ပေ။ထိုပြဋ္ဌာန်းချက်များကိုယခုမူခင်းနှင့် သက်ဆိုင်သမျှ ဖေါ်ပြရသော် အိမ်ရှင်က မိမိအငှါးချထားသော ဥပစာမှအိမ်ငှါး ထွက်သွားပြီးနောက် နေထိုင်သူမရှိဘဲ လစ်လပ်နေသည်၊ သို့တည်းမဟုတ်ကြီးကြပ်ရေးဝန်၏ ခွင့်ပြုချက်မရဘဲသုတဦးတယောက်က ၁၉၅၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၁ ရက်နေ့နောက်တွင် နေထိုင်လျက် ရှိသည်ဟု သိသောအခါ၊ ထိုအကြောင်းနှင့်စပ်သျှင်း၍ အကြောင်းကြားစာကို ကြီးကြပ်ရေးဝန်ထံ ပေးပို့ရမည် ဖြစ်သည်။ ထိုအကြောင်းကြားစာကို ရရှိသောအခါ၊ ကြီးကြပ်ရေးဝန်သည် ယင်းပုဒ်မ ၂၁ (၄)အရ၊အိမ်ရှင်ထံ ညွှန်ကြားချက်ထုတ်၍၊ ထိုညွှန်ကြားချက်တွင် သီးခြားဖေါ်ပြထားသူအားထိုလစ်လပ်သော ဥပစာကို အငှါးချထားရန် ဆင့်ဆိုနိုင်ပေသည်။ ကြီးကြပ်ရေးဝန်၏အခွင့်အမိန့်မရဘဲ ထိုဥပစာတွင် နေထိုင်သူသည် အိမ်ရှင်အား လက်ဆောက် မပေးဘဲပျက်ကွက်လျှင် ပုဒ်မခွဲ (၇)အရ၊ ကြီးကြပ်ရေးဝန်က အဆောတလျှင် နှင်ထုတ်နိုင်သည်။

၁၉၅၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၁ ရက်နေ့၌ မူလပြဋ္ဌာန်းခဲ့သော ၁၉၄၈ ခုနှစ်၊ မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၆-ကက (ယခုပုဒ်မ ၂၁) ကို မပြင်မီ ထိုပုဒ်မ ၁၆-ကက ၏ပြဋ္ဌာန်းချက်များတွင် ကြီးကြပ်ရေးဝန်၏ အခွင့်အမိန့်မရရှိဘဲ ဥပစာတွင် ဝင်ရောက်နေထိုင်သူအား ကြီးကြပ်ရေးဝန်က ဖယ်ရှားနိုင်ခွင့် ရှိကြောင်း မပါရှိခဲ့ချေ။ ထို့ကြောင့် လိုအပ်သည်ကို ဖြည့်စွက် ထည့်သွင်းရန် အတွက်၊ မူလအက်ဥပဒေကို ၁၉၅၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှါးရမ်းခ ကြီးကြပ်ရေး (ပြင်ဆင်ချက်) အက်ဥပဒေ ပြဋ္ဌာန်း၍၊ အထက်ဆို ဖေါ်ပြခဲ့သည့်အတိုင်း ပြင်ဆင်လိုက်သည်။ ယင်းသို့ **ပြင်ဆင်ရာ၌ ၁၉၅၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၁ ရက်နေ့ နောက်တွင် ကြီးကြပ်ရေးဝန်၏ ခွင့်ပြုချက်မရဘဲ၊ ဥပစာတွင် နေထိုင်သူအား ကြီးကြပ်ရေးဝန်က နှင်ထုတ်ပိုင်ခွင့် ရှိသည်ဟု ပြဋ္ဌာန်းလိုက်သည်။ ထိုနေ့ မတိုင်မီက စတင်နေထိုင်ခဲ့သူအား နှင်ထုတ်ပိုင်ခွင့် ရှိကြောင်းနှင့် ပြဋ္ဌာန်းခြင်းမပြုချေ။** ဤအချက်မှာ လက်ရှိဥပဒေ၏ နောက်ကြောင်း ဆုဇင်အရဇင်း၊ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှါးရမ်းခကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၂၁၊ (၁) နှင့် (၄) ပါပြဋ္ဌာန်းချက်များအရဇင်း ထင်ရှားလေသည်။

ထို့ကြောင့် အဆိုပါ တိုက်ခန်းနံပါတ် ၄ တွင်၊ ဦးယွန်းသမီး ဒေါ်အေးကျင်နှင့် မိသားစုတို့သည်၊ ၁၉၅၀ ခု၊ မေလ ၂၅ ရက် **နေ့ကစတင်၍၊ နေထိုင်ခဲ့ကြသည်ဖြစ်ရာ ကြီးကြပ်ရေးဝန်သည်ငင်းတို့အပေါ် ၌ ၁၉၆၀ ပြည့်နှစ်၊မြို့ပြဆိုင်ရာငှါးရမ်းခကြီးကြပ်ရေး** အက်ဥပဒေ ပုဒ်မ ၂၁ (၁)နှင့် (၄)တို့အရ အရေးမယူနိုင်ပေ။

အခန်းနံပါတ် ၃ နှင့်စပ်လျဉ်း၍ကား၊ ဦးယွန်းတို့သည် ထိုအခန်းတွင် ၁၉၅၀ ခု၊ အောက်တိုဘာလ ၂၁ ရက်နေ့မတိုင်မီက စတင်နေထိုင်ခဲ့ကြကြောင်း လုံလောက်

၁၉၆၄

ဒေါ်အေးကျင်
နှင့်
ဒေါ်အုန်း-ပါ ၂။

သော သက်သေခံချက်မရှိပေ။ ထို့ကြောင့် ထိုအခန်းနံပါတ် ၃ နှင့် စပ်လျဉ်း၍ ကြီးကြပ်ရေးဝန် အရေးယူခဲ့သည်ကိုဝင်ရောက်စွက်ဘက်ရန် အကြောင်းမရှိခေ့။ အခန်းနံပါတ် ၄ မှ ဦးယွန်းသမီး ဒေါ်အေးကျင်နှင့် အခြားနေထိုင်သူများအား ထွက်ခွါပယ်ရှားစေရန် ချမှတ်သော ကြီးကြပ်ရေးဝန်၏အမိန့်ကို အမှုခေါ် စာချုန်တော်ဖြင့် ပယ်ဖျက်လိုက်သည်။

အမှုသည်များသည်မိမိတို့၏ တရားစရိတ်ကိုမိမိတို့အသီးသီကျခံကြရမည်ဖြစ်သည်။

အခွင့်ထူးတရားမအယူခံ

တရားသူကြီးချုပ် ဦးဘိုကြီး၊ တရားသူကြီး ဦးစံမောင်၊ တရားသူကြီး ဦးစောဘသိန်း တို့ရှေ့မှောက်တွင်

ဦးကြည် (အယူခံတရားလို) † ၁၉၆၄
ခုနှစ်
မြို့လ ၂၂
ရက်။
နှင့်

မန္တလေးမြို့နိုစီပါယ် ကော်မိတီ ပါ ၂ (အယူခံတရားခံ) *

မြို့နိုစီပါယ်ကော်မိတီဥပဒေသောမြေ ၎င်းမြေပေါ်တွင်၊ ဆိုင်ခန်းဆောက်လုပ်ထားရှိ နေထိုင်သူ သာမန်လိုင်စင်ကိုပယ်ဖျက်သည့်နည်းတူသဘောအတိုင်း မပယ်ဖျက်နိုင်ခြင်း။

ဆုံးဖြတ်ချက်။ ။မန္တလေးမြို့နိုစီပါဟ်ဘိုင်လော (၃)အရ မြို့နိုစီပါယ်ကော်မိတီသည် ဆိုင်နေရာများကို အငှါးချထားရန်အတွက်၊ စည်းကမ်းများဆတ်မှတ်နိုင်သည်ဟု ပြဋ္ဌာန်းထားသည့်အပြင်၊ မန္တလေးမြို့၊ စေ့းချိုနှင့်စပ်လျဉ်း၍ မန္တလေးမြို့နိုစီပါယ် ကော်မိတီဆုံးဖြတ်ချက်များချမှတ်ရာ၌လည်း၊ မှတ်ပုံတင်ပြီး ဆိုင်ခန်းရှင်မဟုတ် မိမိဆောင်ရွက်ရန်ကိစ္စများကို မပျက်မကွက်ဆောင်ရွက်ခဲ့လျှင်၊ မိမိ၏ဆိုင်ခန်းကို အခြားသူသို့ရောင်းချနိုင်ကြောင်း၊ သို့တည်းမဟုတ် အခြားနည်းဖြင့်လဲ့ပြောင်းနိုင်ကြောင်း ဖေါ်ပြထားလေသည်။ ထို့ကြောင့် ထိုဆိုင်ခန်းပိုင်ရှင်၏အခွင့်အရေးမှာ မြို့နိုစီပါယ် ကော်မိတီ၏ အခွင့်အမိန့်ဆက်သက်ဖြင့် (၀၀)လိုင်စင်ဖြင့်၊ ထိုဆိုင်ခန်းကို လက်ရှိထားသည်ဟုဆိုရန် ခဲယဉ်းသည်။

အချင်းဖြစ်ဆိုင်ခန်းမြေနေရာသည်၊ စေ့းချိုဝင်းပြင်ပဘဲတည်ရှိ၍၊ ယခုအမှုတွင်၊ စေ့းချိုဝင်း အတွင်းရှိဆိုင်ခန်းများနှင့်မတ်သက်၍ ဆုံးဖြတ်ရန်မလို။

ယခုအမှုတွင်အခင်းဖြစ်မြေကိုမြို့နိုစီပါယ်ကော်မိတီထံမှငှါးရမ်းပြီး ၎င်းမြေပေါ်တွင်၊ ဆိုင်ခန်းများဆောက်လုပ်ပြီး နေထိုင်ခဲ့ရာ၊ မြို့နိုစီပါယ်ကော်မိတီသည် သာမန်လိုင်စင်ကိုပယ်ဖျက်သည့်နည်းတူ၊ အငှါးချထားခြင်းကို မိမိသဘောအတိုင်း ပယ်ဖျက်နိုင်မည်မဟုတ်။

အယူခံတရားလိုအတွက်။ ။မစ္စတာ အာ(ရှ်)ချော်ဘေး။

အယူခံတရားခံ ၂ အတွက်။ ။ဦးဘိုသာ။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။ယခုအခင်းဖြစ်သည့် မန္တလေးမြို့၊ စေ့းချို နယ်နိမိတ်အတွင်းရှိ ဆိုင်ခန်းအမှတ် ၅ နှင့် ၆ တို့တည်ရှိရာမြေကို အယူခံတရားခံ ဒေါ်မြိုင် က ၁၉၂၉ ခုနှစ်တွင် မန္တလေး မြို့နိုစီပါယ်ကော်မိတီထံမှ ခံယူ၍ ထိုဆိုင်ခန်းများကို

* ၁၉၆၃ ခုနှစ်၊ အခွင့်ထူးတရားမအယူခံမှုအမှတ် ၈။

† ၁၉၆၀ ခုနှစ်၊ တရားမဒုတိယအယူခံမှုအမှတ် ၂၂ တွင် ၁၉၆၂ ခု၊ နိုဝင်ဘာလ ၁၁ ရက်နေ့စွဲပါ၊ မန္တလေးတရားလုံးချုပ်၏ ချမှတ်သောဒီကရီကိုအယူခံဝင်မှု။

၁၉၆၄

ဦးကြည်နှင့် မန္တလေးမြို့နှံစီပါယ်ကော်မိတီ ပါ ၂။

ဆောက်လုပ်ပြီး ကိုယ်တိုင်လည်းနေထိုင်၍၊ ဆံသလုပ်ငန်းလည်း လုပ်ကိုင်ခဲ့၏။ ထို မြေရောအဝယ် မြေခကိုဘယ်ပျော် ၂၀ နှုန်းနှင့် ဒေါ်မြိုင်က မန္တလေး မြို့နှံစီပါယ် ကော်မိတီသို့ ပေးဆောင်ရ၏။ ၁၉၄၂ ခုနှစ်တွင် ဒေါ်မြိုင်သည် ထိုဆိုင်ခန်း ၂ ခန်းကို အယူခံတရားလို ဦးကြည်သို့ တလလျှင် ငွေးရမ်းခငွေ ၅၀ နှင့် အငှါးချထား၏။ ဦးကြည်သည် ထိုဆိုင်ခန်းများတွင် ဆံသလုပ်ငန်း လုပ်ကိုင်သည့် အပြင် ကိုယ်တိုင် လည်း နေထိုင်ခဲ့၏။ ၁၉၄၈ ခုနှစ် ကျရောက်ကာလ ဦးကြည်သည် ဆိုင်ငှါးခများ ပေးဆောင်ရန် ပျက်ကွက်သဖြင့် ဒေါ်မြိုင်က ၎င်းအား ထိုမြေမှ ထွက်ခွါဖယ်ရှားစေရန် တရားစွဲဆိုရာ တရားလွှတ်တော်အထိ အနိုင်ဒီကရီရရှိ၏။ ဒေါ်မြိုင် ထိုဒီကရီကို စာရီ မပြုလုပ်မီ၊ ဦးကြည်သည် မန္တလေး မြို့နှံစီပါယ်ကော်မိတီထံ ထိုဆိုင်ခန်းများကို မိမိ၏ နာမည်သို့ လွှဲပြောင်းပေးရန် လျှောက်ထားရာ၊ လျှောက်ထားသည့်အတိုင်း ကော်မိတီက ပြောင်းပေးလိုက်၏။ ယင်းသို့ လွှဲပြောင်းသည်ကို ဒေါ်မြိုင်၏ လျှောက်ထားချက် အရ မြို့နှံစီပါယ်ကော်မိတီက ပယ်ဖျက်လိုက်၏။ ထို့နောက် ဦးကြည်သည် ဒေါ်မြိုင်နှင့် မန္တလေး မြို့နှံစီပါယ်ကော်မိတီအား အခင်းဖြစ် ဆိုင်ခန်းများသည် မိမိနာမည်နှင့်ရှိ ကြောင်း မြွက်ဟစေရန် တရားစွဲဆို၍၊ ဒေါ်မြိုင်ရရှိသောဒီကရီကိုစာရီပြုလုပ်ခြင်းမှ တားမြစ်ရန်နှင့် ဒေါ်မြိုင်ပိုင်သော ထိုဆိုင်ခန်းများကို ဖျက်ပြီး အခင်းဖြစ်မြေမှ သယ်ဆောင်သွားရန်အတွက် တရားစွဲဆိုလေသည်။ ဦးကြည် မအောင်မြင်သဖြင့် ယခု အခွင့်ထူးသဖြင့် အယူခံဝင်ခြင်းဖြစ်သည်။

ထိုသို့ တရားစွဲဆိုသည့်နေ့မှာ ၁၉၅၅ ခုနှစ်၊ ဒီဇင်ဘာလ ဂ ရက်နေ့ဖြစ်သည်။ ထိုနေ့မတိုင်မီ ၁၉၅၂ ခုနှစ်၊ စက်တင်ဘာလကုန်အထိ အခင်းဖြစ် ဆိုင်ခန်းများသည် ဒေါ်မြိုင်နာမည်နှင့်ရှိပြီး၊ ထိုနှစ် အောက်တိုဘာလ ၁ ရက်နေ့၌ ဦးကြည်၏ လျှောက် ထားချက်အရ၊ မန္တလေး မြို့နှံစီပါယ်ကော်မိတီက ထိုဆိုင်ခန်းများကို ဦးကြည်နာမည်သို့ ပြောင်းလိုက်၏။ ထို့နောက်၊ ၁၉၅၄ ခုနှစ်တွင် ဒေါ်မြိုင်က တရားလွှတ်တော်၏ စီရင်ချက်မိတ္တူကို မြို့နှံစီပါယ် ကော်မိတီထံ တင်ပြရာ၊ မြို့နှံစီပါယ် ကော်မိတီက အခင်းဖြစ် ဆိုင်ခန်းများကို ဦးကြည်နာမည်မှ ဒေါ်မြိုင်နာမည်သို့ တဖန်ပြောင်းလိုက် ပြန်၏။ သို့အတွက် ဦးကြည်သည် အထက်ပါပြပါ အမှုကို စွဲဆိုခြင်းဖြစ်သည်။

ဦးကြည်၏ ပညာရှိရွှေနေကြီးက အဓိကအားဖြင့် လျှောက်ထားသည်မှာ မန္တလေး မြို့နှံစီပါယ် ဘိုင်လောများအရ မြို့နှံစီပါယ်ကော်မိတီသည် စျေးချိုနှယ်နိမိတ်အတွင်းရှိ ဆိုင်များကို ငှါးရမ်းခွင့်မရှိကြောင်း။ ဆိုင်ထွက်ခွင့်သာပေးပိုင်ခွင့်ရှိကြောင်း။ ထို့ကြောင့် မြို့နှံစီပါယ်ကော်မိတီသည် မူလဆိုင်ထွက်ခွင့်ရှိသူ ဒေါ်မြိုင်၏နာမည်မှ ဦးကြည်၏နာ မည်သို့ လွှဲပြောင်းနိုင်ကြောင်းနှင့်လျှောက်လဲ၏။ ထို့ပြင်လည်း မန္တလေးမြို့နှံစီပါယ်ဘိုင် လောများအရ၊ မြို့နှံစီပါယ်စျေးအတွင်းတွင် ဆိုင်ရှင်များ မအိပ်ရဟု သတ်မှတ်ထားသည်

ဖြစ်ရာ၊ ဒေါ်မြိုင်သည် မြူနီစီပါယ်ကော်မိတီထံမှ အငှါးခံယူသူမဟုတ်ဘဲ အခွင့်နှင့် ဆိုင်ထွက်သူမျှသာ ဖြစ်ကြောင်းနှင့် ထပ်လောင်း၍ လျှောက်လဲပြန်သေး၏။ သို့သော် ထို [မန္တလေးမြူနီစီပါယ်ဘိုင်လော (၃) အရပင်၊မြူနီစီပါယ်ကော်မိတီသည်ဆိုင်များနှင့်နေရာများကို အငှါးချထားရန်အတွက် စည်းကမ်းများသတ်မှတ်နိုင်သည်ဟုပြဋ္ဌာန်းထားသည့်အပြင်၊မန္တလေးမြို့၊စျေးချို့နှင့်စပ်လျဉ်း၍ မန္တလေးမြူနီစီပါယ်ကော်မိတီ ဆုံးဖြတ်ချက်များချမှတ်ရာ၌လည်း၊ မှတ်ပုံတင်ပြီး ဆိုင်ခန်းရှင်သည် မိမိဆောင်ရွက်ရန်ကိစ္စများကို မပျက်မကွက် ဆောင်ရွက်ခဲ့လျှင်၊ မိမိ၏ဆိုင်ခန်းကို အခြားသူသို့ ရောင်းချနိုင်ကြောင်း၊ သို့တည်းမဟုတ် အခြားနည်းဖြင့် လွှဲပြောင်းနိုင်ကြောင်း ဖေါ်ပြထားလေသည်။ ထို့ကြောင့် ထိုဆိုင်ခန်းပိုင်ရှင်၏ အခွင့်အရေးမှာ မြူနီစီပါယ် ကော်မိတီ၏ အခွင့်အမိန့်သက်သက်ဖြင့် (၀၂) လိုင်စင်ဖြင့် ထိုဆိုင်ခန်းကို လက်ရှိထားသည်ဟု ဆိုရန်ခဲယဉ်းပေမည်]။

၁၉၆၄
ဦးကြည်
နှင့်
မန္တလေး
မြူနီစီပါယ်
ကော်မိတီ
ပါ ၂။

သို့သော် ယခုအမှုတွင် မန္တလေးမြို့ စျေးချို၀င်းအတွင်းရှိ ဆိုင်ခန်းများနှင့် ပတ်သက်၍ ဆုံးဖြတ်ရန် လိုမခန့်မဟုတ်ပေ။ အခင်းဖြစ် ဆိုင်ခန်းများသည်၊ ထိုစျေးချို၀င်းပြင်ပ၌ တည်ရှိ၍၊ ဒေါ်မြိုင်သည် မြူနီစီပါယ် ကော်မိတီထံမှ ဆိုင်ခန်း မြေနေရာကိုသာ အငှါးခံယူခဲ့၍ ဆိုင်ခန်းများကို ကိုယ်တိုင်ဆောက်လုပ်ပြီးလျှင် ထိုဆိုင်ခန်းများတွင် ဆံသလုပ်ငန်း လုပ်ကိုင်သည့်အပြင်၊ မိမိကိုယ်တိုင်လည်း အစဉ်အမြဲ နေထိုင်ခဲ့လေသည်။ ဦးကြည်သည် ဒေါ်မြိုင်ထံမှ ထိုဆိုင်ခန်းများကို အငှါးခံယူပြီးနောက်၊ မိမိအိမ်သဘွယ် ထိုဆိုင်ခန်းများတွင် အမြဲနေထိုင်စားသောက်၍ ဆံသလုပ်ငန်းကိုလုပ်ကိုင်ခဲ့လေသည်။ ထိုအကြောင်းများကြောင့် အခင်းဖြစ် ဆိုင်ခန်းမြေ နေရာကို ဒေါ်မြိုင်သည်၊ မန္တလေးမြူနီစီပါယ်ကော်မိတီထံမှ အငှါးခံယူခဲ့သည်ဟု ဆိုရပေမည်။

ယင်းသို့ဖြစ်ရာ မန္တလေးမြူနီစီပါယ်ကော်မိတီသည် သာမန်လိုင်စင်ကို ပယ်ဖျက်သည့်နည်းတူ၊ ဒေါ်မြိုင်အားအငှါးချထံးခြင်းကို မိမိသဘောအတိုင်း ပယ်ဖျက်နိုင်မည်မဟုတ်ပေ။

အယူခံကို စရိတ်နှင့်တကွ ပယ်လိုက်သည်။ ဤရုံးရှေ့နေခမှာ ၁၀၀ ကျပ် ဖြစ်စေရမည်။ မန္တလေးမြူနီစီပါယ်ယခုအယူခံမှုတွင် မခုခံသဖြင့်၊ ဒေါ်မြိုင်အားသာတရားစရိတ် ပေးဆောင်ရမည်။

တရားမအယူခံ

တရားသူကြီး ဦးဘိုကြီး ရွှေတွင်

† ၁၉၆၄

မေလ ၁၃ ရက်။

ဆိုင်ရက်(စ်)အမ္ဘဒူ(လ်)ဂဖါး (အယူခံတရားလို)

နှင့်

အမ္ဘဒူမဂျစ် မာဂျီမဟာမက်ဂျာရာ ပါ ဂ (အယူခံတရားခံများ)*

တရားမကျင့်ထုံးအမိန့် ၁၇၊ နည်းဥပဒေ ၃—အမှုသည် ဖျားနှံမလာနိုင်လျှင်ဖြင့် အမှုပလပ်ခြင်း၊—ထိုသို့အမိန့်ချနိုင်မချနိုင်—ထိုအမိန့်အပေါ် အယူခံခွင့်ကိစ္စ။

ဆုံးဖြတ်ချက်။ ။တရားမကျင့်ထုံးအမိန့် ၁၇၊ နည်းဥပဒေ ၃ အရ၊ အမှု ကိုပလပ်သည့်အမိန့်မှာ အမှုကိုအပြီးအပြတ် ဆုံးဖြတ်သည့်အမိန့်မျိုးဖြစ်သဖြင့် အမိန့်ဒီကရီတရပ်ဖြစ်သည်ဟုယူဆရမည်။ ထို့ကြောင့် ထိုအမိန့်ကို တရားမကျင့်ထုံးပုဒ်မ ၄၄ အရ၊ အယူခံပိုင်ခွင့်ရှိသည်။

သို့ရာတွင်အမှုသည်ဖျားနေ၍မလာနိုင်သဖြင့် တရားမကျင့်ထုံးအမိန့် ၁၇၊ နည်းဥပဒေ ၃ အရ၊ အမှုကိုပလပ်ခြင်းမပြုနိုင်။

တရားမကျင့်ထုံးအမိန့် ၁၇၊ နည်းဥပဒေ ၃ အရ၊ ပလပ်သည့်အမိန့်မျိုးကို အမှုသည်တဦးဦးအား သက်သေတင်ပြရန်ဖြစ်စေ၊ အမှုဆက်လက်ဆောင်ရွက်ရန်နှင့် အခြားကိစ္စတရပ်ရပ်ကို ဆောင်ရွက်ရန် အတွက်ဖြစ်စေ တရားရုံးကအချိန်ပေးခဲ့ရာ၊ အမှုချိန်းဆိုသည့်နေ့၌ ထိုအမှုသည်ပျက်ကွက်မှုသာလျှင် အမိန့်ချမှတ်ခြင်းပြုနိုင်ဆဉ်။

မင်္ဂဲ့ နှင့် မောင်မြင့်။ ရန်ကုန်စီရင်ထုံးမျှားအတွဲ ၅၊ စာ ၈၃ ကိုရည်ညွှန်းသည်။

အယူခံ တရားလို အတွက်။ ။ဦးစံသိန်း။

အယူခံ တရားခံများအတွက်။ ။မလာရောက်။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။ဤအမှုတွင်၊ ယခုအယူခံတရားလိုက တရားခံများအပေါ် ငှင်းတို့နှစ်ဦး နှစ်ဘက် သဘောတူညီချက်အရ၊ ချမှတ်ခဲ့သော အမိန့်ဒီကရီကို ပယ်ဖျက်ရန် တရားစွဲဆိုခဲ့ရာ၊ အမှုကို အတန်တန် ချိန်းဆိုပြီးနောက် ၁၉၆၃ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့တွင် အမှုကိုမပျက်မကွက် ကြားနာရန်အတွက် ၁၉၆၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်နေ့သို့ချိန်းဆိုလိုက်၏။ ၁၉၆၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်နေ့သို့ ကျရောက်သောအခါ အမှုခေါ်ရာ၌၊ အယူခံတရားလို၏ ရှေနေကြီးဦးစံသိန်းနှင့် အယူခံတရားခံတို့၏ ရှေနေကြီး မစ္စတာ ဘာဂျော်ဂျီတို့ လာရောက်ကြ၏။ သို့သော် တရားသူကြီး ခွင့်ယူထားသဖြင့်၊ အမှုကို ၁၉၆၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်နေ့သို့ကြားနာရန်၊ ရာဇာက်တရားသူကြီးက ချိန်းဆိုလိုက်၏။ ၁၉၆၄ ခုနှစ်၊ ဖေဖော်

---

* ၁၉၆၄ ခုနှစ်၊ တရားမပဋမအယူခံမှုအမှတ် ၄၄။

† ၁၉၆၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၅၄ တွင် ၁၉၆၄ ခု၊ ဖေဖော်ဝါရီလ ၆ ရက်နေ့စွဲဖြင့် ရန်ကုန်မြို့တော်တရားမရုံး၊ တတိယတရားမတရားသူကြီးရုံးတော်၏ ချမှတ်သောဒီကရီကိုအယူခံဝင်မှု။

၁၉၆၄
ဆိုင်ရက်(စ်)
အမှုနှုန်(လ်)ကဖါး
နှင့်
အမှုနှုန်မကျစ်မောဂျီ
မဟာမက်ကျာဆု
ပါ ၈။

ဝါရီလ ၆ ရက်နေ့ကျရောက်ကာလ အမှုခေါ်ရာ၊ အယူခံတရားလိုတို့၏ ရှေနေကြီး ဦးစံသိန်း လာရောက်၍၊ အယူခံတရားခံများနှင့် ၎င်းတို့၏ ရှေနေကြီး မစွတာ ဘာဂျော်ဂျီ လာရောက်ကြသည်။ ဦးစံသိန်းက အယူခံတရားလိုသည် မန္တလေးမြို့၌ ဖျားနေကြောင်း ဆေးစာတင်၏။ အယူခံတရားခံများ၏ ရှေနေကြီး မစွတာ ဘာဂျော်ဂျီက တင်ပြသော ဆေးစာမှာ သက်ဆိုင်ရာ ခရိုင်ဆရာဝန်ကြီး၏ ထောက်ခံ ချက်မပါရှိသဖြင့်၊ အယူခံ တရားလို အကယ်ပင် နေထိုင်မကောင်းကြောင်း သက်သေ ထင်ရှား မရှိဆိုကာ အမှုကို တရားမကျင့်ထုံးအမိန့် ၁၇၊ နည်းဥပဒေ ၃ အရ ပယ်ပါရန် လျှောက်ထား၏။ ထိုသို့လျှောက်ထားသည့် အတိုင်း တရားသူကြီးက အမှုကို၊ တရားမ ကျင့်ထုံးအမိန့် ၁၇၊ နည်းဥပဒေ ၃ အရ စရိတ်နှင့်တကွ ပယ်လိုက်၏။ ထို့ကြောင့် အယူခံ တရားလို ယခုအယူခံဝင်ခြင်းဖြစ်သည်။

အမှုကို ပယ်သည်မှာ၊ တရားမကျင့်ထုံးအမိန့် ၁၇၊ နည်းဥပဒေ ၃ အရဖြစ်ရကား အယူခံ တရားလို လာရောက်ရန် ပျက်ကွက်သည့်အတွက် ပယ်ခြင်း မဟုတ်ချေ။ ယင်းပယ်သည့် အမိန့်မှာ အမှုကို အပြီးအပြတ် ဆုံးဖြတ်သည့် အမိန့်မျိုးဖြစ်သဖြင့် အမိန့်ဒီကရီတရပ် ဖြစ်သည်ဟု ယူဆရပေမည်။ ထို့ကြောင့်၊ အယူခံ တရားလိုသည် တရားမကျင့်ထုံး ပုဒ်မ ၉၆ အရ၊ အယူခံပိုင်ခွင့် ရှိ သည်။

အထက်ပါ ပြပါ အမှုပယ်သည့် အမိန့်မျိုးကို၊ အမှုသည် တဦးဦးအား သက်သေ တင်ပြရန်အတွက်ဖြစ်စေ၊ အမှု ဆက်လက် ဆောင်ရွက်ရန် အခြားကိစ္စတရပ်ရပ်ကို ရွက် ဆောင်ရန်အတွက်ဖြစ်စေ တရားရုံးက အချိန်ပေးခဲ့ရာ၊ အမှုချိန်းဆိုသည့် နေ့၌၊ ထို အမှုသည် ပျက်ကွက်မှသာလျှင်၊ တရားမကျင့်ထုံးအမိန့် ၁၇၊ နည်းဥပဒေ ၃ အရ ချမှတ်နိုင်ပေမည်။ ဤအမှုတွင် အယူခံ တရားလို၏ စွဲဆိုမှုကို ပယ်ခြင်းဖြင့်၊ တရားရုံး သည် အဆုံးအဖြတ် ပြု၍၏။ အခြေအနေအရ တရားရုံးသည် ယင်းကဲ့သို့ ဆုံးဖြတ်ခြင်း မပြုနိုင်ပေ။

ဤအမှုပါအကြောင်းချင်းရာများနှင့် ထပ်တူထပ်မျှလိုပင် ဖြစ်သော **မခြို့** နှင့် **မောင်မြင့် အမှု** (၁)တွင်၊ ယခုကဲ့သို့သော အခြေအနေမျိုး၌၊ တရားရုံးသည်တရားမ ကျင့်ထုံးအမိန့် ၁၇၊ နည်းဥပဒေ ၃ ကိုအသုံးမပြုနိုင်ကြောင်း ဆုံးဖြတ်ခဲ့လေသည်။ ဤဆုံးဖြတ်ချက်သည် မှန်ကန်သည်ဖြစ်ရာ၊ ဤရုံးကလည်း လိုက်နာကျင့်သုံးရပေမည်။

ထို့ကြောင့်၊ မူလရုံး၏ အမိန့်နှင့် ဒီကရီကို စရိတ်နှင့်တကွ ပယ်ဖျက်ပြီး၊ ရန်ကုန်မြို့၊ တရားမရုံး၊ တရားမကြီးမှုအမှတ် ၃၅၄/၆၃ ကို၊ မူလအမှတ်စဉ်အတိုင်း ပြန်လည်ထည့်သွင်းပြီး ကြားနာစစ်ဆေး စီရင်ဆုံးဖြတ်ရန် အမိန့် ချမှတ်သိုက်သည်။

ဤရုံးရွှေနေခမှာ ငွေ ၃၄ ကျပ်ဖြစ်စေရမည်။

---

(၁) ရန်ကုန်စီရင်ထုံးမျှား အတွဲ ၅။ စာ ၈၃၈။

ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီး ဦးထွန်းတင် ရွှေတွင်

† ခုနှစ်ရှ ဇွန်လ ၁၉ ရက်။

၁။ ကိုဘာဘူး ၂။ မသန်း (ပြင်ဆင်ရန်လျှောက်ထားသူများ)

နှင့်

ကိုကျင်သိန်း (ပြင်ဆင်ရန်လျှောက်ထားခံရသူ)*

ရာဇဝတ်မှုကိုပယ်ဖျက်ခြင်း—စွဲချက်တင်ပြီးသောအမှု—စဉ်းစားရမည့်အချက်များ—ရာဇသတ်ကြီး ပုဒ်မငှ၁၅၅-၄၂၀ စွဲချက်ကိုပယ်ဖျက်ခြင်းကိစ္စ။

ဆုံးဖြတ်ချက်။ ။စစ်ဆေးဆဲအမှုတွင် စွဲချက်တင်ထားခြင်းကို ပယ်ဖျက်ပေးရန်လျှောက်ထားသောအမှုမျိုးတွင် အဓိကဆင်ခြင်သုံးသပ်ရန်မှာ၊ အမှုတွင်ပေါ်လွင်သည့်သက်သေခံချက်များသည် စွဲချက်တင်ထားသည့်ပြစ်မှုပုဒ်မ၏ လိုအပ်ချက်များနှင့်ပြည့်စုံခြင်း ရှိ မရှိပင်ဖြစ်သည်။ အမှုအကြောင်းအချင်းအရာများသည် စွဲချက်တင်ခဲ့သည့် ပုဒ်မအင်္ဂါများသို့ အကျုံးမဝင်မှု၊ အမှုကိုထိုစွဲချက်အရ စစ်ဆေးခြင်းမှာ ရုံးတော်၏အခွင့်အာဏာကို မတရားအသုံးပြုရာ ရောက်မည်ဖြစ်သောကြောင့်ဖြစ်သည်။

Khan Bajadur Hajee Gulam Sherazee v. *The king* (1941) B. L. R. p. 599 တို့ကိုရည်ညွှန်း၍လိုက်နာသည်။

ဌေယျသည့်အမှုတွင် ရာဇသတ်ကြီးပုဒ်မ ၄၂၀ အကျုံးဝင်မည့်ပြစ်မှုဖြစ်စေရန်၊ ဝဋ္ဌကိုတရားခံက လိမ်လည်လှည့်ဖြားရန် ရယူခဲ့ခြင်းရှိ မရှိကို ရှေးဦးစွာကြည့်ရှုရမည်။

Ma Shwe (a) Ma Kyin Shwe v. *The Union of Burma,* (1958) B.L.R. p. 306 (*HC*) တို့ကိုရည်ညွှန်း၍လိုက်နာသည်။

သက်သေထွက်ချက်များအရ၊ သာမန်ဌေးချေးသည့် တရားမမှုသာဖြစ်လျှင်၊ စွဲချက်ကိုပယ်ဖျက်ရမည်။

ပြင်ဆင်ရန်လျှောက်ထားသူများအတွက်။ ။ရွှေနေကြီးဦးထွန်းတင်။

ပြင်ဆင်ရန်လျှောက်ထားခံရသူများအတွက်။ ။ရွှေနေကြီး မစ္စတာ ဘီးကော၊ ဆင်း။

တရားသူကြီး ဦးထွန်းတင်။ ။ယခုအမှုမှာ သျှောက်ခံရသူ ကိုကျင်သိန်းက၊ လျှောက်ထားသူ ကိုဘာဘူး၊ မသန်းနှင့် ကိုမောင်ဆိုသူအပေါ်၊ ဒေးဒရဲမြို့ (၁) ရာဘက် ရာဇဝတ်တရားသူကြီးရုံး၊ ၁၉၆၂ ခု၊ ရာဇဝတ်မှုအမှတ် ၂၃၇ တွင် ရာဇသတ်ကြီး

* ၁၉၆၄ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၃၀(ခ)။

† ၁၉၆၂ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၂၃၇ တွင်၊ ချမှတ်သော ၁၉၆၄ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက် နေ့စွဲပါ၊ ဒေးဒရဲမြို့ (၁) ရာဘက်ရာဇဝတ်တရားသူကြီး၏ အမိန့်ကိုပြန်၍ဆင်ခြင်မှု။

ပုဒ်မ ၄၂၀/၁၀၈ အရ၊ ၁၉၆၂ ခု၊ နိုဝင်ဘာလ ၁၀ ရက်နေ့က ဦးတိုက်လျှောက်ထား တရားစွဲဆိုခဲ့လေသည်။

၁၉၆၄

၁။ ကုဘာဘူး၊
၂။ မဿန်း နှင့် ကိုကျင်ဆိန်။

လျှောက်ခံရသူ၏ စွဲဆိုသူဘဏ်နှင့် ၎င်း၏ကျွမ်းကျိန်အစစ်ခံချက်အရ၊ လျှောက်ခံရသူက ဆိုလိုသည်မှာ ၁၉၆၀ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့တွင် လျှောက်ထားသူ ၂ ဦးက၊ ငွေအသုံးလိုသည်ဆို၍ ငွေ ၃,၀၀၀ ကျပ် လာခေးရာ ၎င်းတို့ပိုင် အိမ်ရာနှင့် ချစ်တီးထံမှ ဝယ်ယူထားသည့် စာချုပ်စာတမ်းများကို အပေါင်ပေးသွင်းသဖြင့် ငွေ ၃,၀၀၀ ကျပ် ချေးလိုက်ကြောင်း၊ ၁၉၆၁ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့တွင် လျှောက်သူများက ငွေ ၃,၀၀၀ ကျပ် ထပ်မံချေးလာပြန်ရာ၊ ယခင်ပေးခဲ့သည့် အိမ်အပေါင်ပေါ်ပင် မူဟုတ်၍ ငွေ ၃,၀၀၀ ကျပ် ချေးပိုက်သည်ဆိုကြောင်း၊ ထို့နောက် ၁၉၆၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် လျှောက်သူများက ငွေ ၁,၀၀၀ ကျပ် ထပ်မံချေးငှါးပြန်ရာ၊ ယခင်စာချုပ်များကို ဖျက်သိမ်း၍ စုစုပေါင်းငွေ ၇,၀၀၀ ကျပ်တွက် စာချုပ်ပြုလုပ်၍ ချေးလိုက်ရာ၊ ထိုစာချုပ်အရ တနှစ်အတွင်း အတိုးအရင်း မပေးဆပ်နိုင်ပါက လျှောက်သူများက အပေါင်ဝင်ပစ္စည်းများကို ယူထားသောငွေ ၇,၀၀၀ ကျပ်နှင့် အဆုံးထားအပ်ပေးမည်ဟု လက်မှတ်ရေးထိုးပေးခဲ့ကြောင်း၊ သို့သော် တနှစ်မစေ့မီ လျှောက်ခံရသူက ငွေအသုံးလို၍ ပြန်တောင်းသောအခါမှု၊ လျှောက်သူများက ငွေလုံးဝမယူရကြောင်း ငြင်းဆိုသည့်ပြင်၊ အပေါင်ပေးသွင်းထားသည့် အိမ်ကိုလည်း၊ မယားညီအစ်ကိုတော်သူ ကိုဇမောင်သို့ ကျပ် ၇,၀၀၀ နှင့် ရောင်းချလွှဲပြောင်းသိုက်သည်ကို သိရှိရရာ၊ လျှောက်သူများသည် ထိုကဲ့သို့ မိမိအား ယုံကြည်အောင် ပြောဆိုပြီး ငွေ ၇,၀၀၀ ကျပ်ကိုရယူခဲ့၍၊ အပေါင်ပေးထားသည့်ပစ္စည်းကိုငွေမဆပ်ဘဲရောင်းစားလိုက်ရာ၊ ငွေကို တမင်လိမ်လည် ရယူခဲ့ခြင်း ဖြစ်သဖြင့်၊ ရာဇသတ်ကြီး ပုဒ်မ ၄၂၀ အရ ပြစ်မှုကျူးလွန်သည်ဟု ပြဆိုသည်။

အဆက်ပါ စွဲဆိုချက်အရ၊ လျှောက်ခံရသူနှင့် သက်သေများကို စစ်ဆေးပြီး စစ်ဆေးသည့် တရားသူကြီးက လျှောက်သူ နှစ်ဦးပေါ် ပဌမနှင့် ဒုတိယယူငွေ ၃,၀၀၀ ကျပ်တို့တွက် ရာဇသတ်ကြီး ပုဒ်မ ၄၂၀ အရ စွဲချက်နှစ်ခုစီ တင်လေသည်။ ထိုသို့ စွဲချက်တင်ခြင်း ခံရသည်ကို မကျေနပ်၍၊ လျှောက်သူများက လျှောက်ခံရသူနှင့် သက်သေများ ထွက်ဆိုချက်အရ၊ လျှောက်သူများက ဝန်မခံသော်လည်း၊ အကယ်တံတူ လျှောက်ခံရသူစွဲဆိုသည့်ဘိုင်း၊ မိမိတို့က အိမ်အပေါင်ပေးပြီး ငွေ ၇,၀၀၀ ကျပ်ချေးယူခဲ့သည်ဆိုစဉ်း၊ ထိုသို့သာမန်ငွေချေးခြင်းမှာ လိမ်လည်သည့်ဖြားခြင်း လုံးဝကင်းစင်နေသဖြင့် ၎င်းတို့မှာ ရာဇဝတ်မှု ကျူးလွန်ခဲ့သည်ဟု မဆိုနိုင်၊ တရားမကြောင်းဖြင့်သာ အရေးယူရန်ရှိပါသဖြင့်၊ ၎င်းတို့ပေါ် ပုဒ်မ ၄၂၀ အရ စွဲချက်တင်ခဲ့သည်မှာ ဥပဒေအရ၊ လက်ခံနိုင်ရန်မရှိ၊ ရုံးတော်၏ အခွင့်အာဏာကို မတရားသုံးစွဲရာ ကျနေပါသဖြင့်

၁၉၆၄

၁။ ကိုဘာဘူး
၂။ မသန်း
နှင့်
ကိုကျင်သိန်း။

ပယ်ဖျက်ပေးပါရန် ကျင့်ထုံးပုဒ်မ ၄၃၉ အရ၊ ဤပြင်ဆင်မှုအလွှာကို တင်သွင်းခဲ့ခြင်း ဖြစ်ပေသည်။

ယခုကဲ့သို့ စစ်ဆေးဆဲအမှုတွင် စွဲချက်တင်ထားခြင်းကို ပယ်ဖျက်ပေးရန် လျှောက်ထားခြင်းမျိုးကို သာမန်အခြေအနေအရ၊ တရားလွှတ်တော်မှ ဝင်ရောက်စွက်ဖက်လေ့မရှိသော်လည်း၊ ***Khan Bahadur Hajee Gulam Sherazee*** **v.** ***The King*** (1) တွင် ယခင် တရားလွှတ်တော်မှ မည်သည့်အခါတွင်သော အခြေးယူသင့်ကြောင်းကို အောက်ပါအတိုင်း ဆိုထားခဲ့လေသည်။

> "In applications to quash pending proceedings, the High Court will only interfere in exceptional cases such as where a person is being harassed by an illegal prosecution ; or where there is some manifest and patent injustice apparent on the face of the proceedings and calling for prompt redress : where the evidence on record for the prosecution clearly does not justify a charge of any offence ; or where the trial is on the face of it an abuse of the process of the Court."

သို့ဖြစ်ရကား၊ ယခုကဲ့သို့ အမှုမျိုးတွင် အဓိကဆုံးဖြတ်သုံးသပ်ရန်မှာ အမှုတွင် ပေါ်လွင်သည့် သက်သေခံချက်များသည်၊ စွဲချက်တင်ထားသည့် ပြစ်မှုပုဒ်မ လိုအပ်ချက်များနှင့် ပြည့်စုံခြင်း ရှိမရှိပင်ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော်၊ အမှုအကြောင်းချင်းရာများသည် စွဲချက်တင်ခဲ့သည့် ပုဒ်မ အင်္ဂါများသို့ အကျုံးမဝင်မှု၊ အမှုကို ထိုစွဲချက်အရ ဆက်လက်စစ်ဆေးခြင်းမှာ ရုံးတော်၏ အခွင့်အာဏာကို မတရားအသုံးပြုရာ ရောက်မည်ဖြစ်သောကြောင့် ဖြစ်ပေသည်။

ထိုသို့ ဆင်ခြင်သုံးသပ်ရာ၌၊ ယခုကဲ့သို့ ငွေချေးငှါးသည်နှင့် ပတ်သက်၍ လိမ်လည်ပါသည်ဟု စွပ်စွဲသောအမှုမျိုးတွင် ရာဇသတ်ကြီးပုဒ်မ ၄၂၀ အကျုံးဝင်သည့် လိမ်လည်မှုဖြစ်မဖြစ်စီရင်ရာတွင် အခြေခံ သုံးသပ်ရန် အချက်များနှင့် ပတ်သက်၍၊ ***Ma Shwe (a) Ma Kyin Shwe*** **v.** ***The Union of Burma*** (2) အမှုတွင် အောက်ပါအတိုင်းပြဆိုခဲ့လေသည်။

> "*Held:* To bring an offence of Cheating within the ambit of s.415 of the Penal Code there must be two elements :—
>
> (1) deception and
>
> (2) fraudulent or dishonest inducement to do or omit to do something.

(1) (1941) B.L.R. p. 599. (2) (1958) B.L.R. (HC) p. 306.

The deception must precede inducement to deliver any property or to consent that any person shall retain any property, etc.

Held also: The offence of cheating basing on a loan transaction as shown by illustration (f) to s. 415, Penal Code, depends upon two ingredients:—

(1) intentional deception and

(2) the borrower did not at all intend at the time of taking the loan to repay the loan made to him.

Until and unless specific facts and circumstances are disclosed that the borrower being not in a position to repay the loan, and not intending to repay borrowed money by practising deception upon the lender, there can be no offence of cheating within the purview of s. 415 of the Penal Code."

ဝဒ္ဒဓ
——
၁။ ကိုဘဘဦး
၂။ မသန်း
နှင့်
ကိုကျင်ထိန်း။

ထို့ကြောင့် ယခုအမှုတွင်လည်း ပုဒ်မ ၄၂၀ အကျုံးဝင်မည့် ပြစ်မှုဖြစ်စေရန် ငွေကို တရားခံက လိမ်လည်လှည့်ဖြားရ၍ ရယူခဲ့ခြင်း ရှိမရှိကို ရှေးဦးစွာ ကြည့်ရှုရပေမည်။ ၎င်းအချက်နှင့် ပတ်သက်၍၊ တရားလိုလျောက်ခံရသူက၊ မည်သို့မျှ ပြဆိုနိုင်ခြင်း ရှိသည်ကို မတွေ့ရပေ။ အဘယ်ကြောင့်ဆိုသော်၊ ၎င်း၏စွဲချက်နှင့် ကျမ်းကျိန်အစစ်ခံချက်များအရ၊ လျောက်သူများသို့ ငွေကိုအပေါင်ပေးသွင်းသဖြင့် သာမန်ချေးလိုက်ကြောင်းသာ ထွက်ဆိုထားသည့်ပြင်၊ လျောက်သူများက လိမ်လည်လှည့်ဖြားသည်ကို ယုံကြည်၍သာ ငွေကို ပေးလိုက်ရခြင်းဖြစ်ပါသည်ဟု မည်သည့်အထောက်အထားမျှ မရှိသည်နှင့်အမျှ၊ လျောက်ခံရသူအတွက် လိုက်ပါဆောင်ရွက်သည့် ပညာရှိရှေ့နေကြီး ကလည်း၊ ထိုအချက်အလက်များ သက်သေခံချက်တို့တွင် ပါရှိကြောင်း၊ မည်သို့မျှ ပြသနိုင်ခြင်း မရှိပေ။ သို့ဖြစ်ရကား၊ လျောက်သူများသည် အချင်းဖြစ် ငွေများနှင့် ပတ်သက်၍ ရာဇသတ်ကြီးပုဒ်မ ၄၂၀ အကျုံးဝင်သည့် ပြစ်မှုကို ကျူးလွန်သူများဖြစ်သည်ဟု ယူဆရန်မဖြစ်နိုင်ပေ။ တဖန်၊ အောက်ခုံးမှ လျောက်သူများပေါ် တင်ထားသည့် စွဲချက်ကိုကြည့်ရှုမူ၊ လျောက်သူများက လျောက်ခံရသူအား၊ မိမိတို့ပိုင်အိမ်ကို ရောင်းပါမည်ဟု ဂတိပေး၍ လိမ်လည်လှည့်ဖြားလျက်၊ ငွေကို မရိုးဖြောင့်သော သဘောနှင့် ချေးယူသည်ဟု ပြဆိုထားသော်လည်း၊ လျောက်ခံရသူ၏ ထွက်ဆိုချက်အရပင်၊ လျောက်သူများက မိမိတို့အိမ်ကို ရောင်းပါမည်ဟု ဂတိပေးပြီး၊ ငွေကို ရယူခဲ့ခြင်းမဟုတ်၊ အိမ်ပေါင်ပေးပြီး ငွေချေးငှါးခြင်းသာ ဖြစ်ပါသည်ဆိုသဖြင့် လျောက်သူများပေါ် တင်ထားသည့် စွဲချက်မှာလည်း သက်သေခံချက်နှင့် မကိုက်ညီ ကွဲလွဲနေသဖြင့်၊ ပုဒ်မ ၄၂၀ အင်္ဂါရုပ်များ ပြည့်စုံပါသည်ဟုမဆိုနိုင်။ သာမန် ငွေချေးသည့် တရားမမှုသာ ဖြစ်ကြောင်းမှာ ထင်ရှားနေတော့သည်။

ခရိုင်၎

၁။ ကိုဘဘသူ၊
၂။ မသန်း
နှင့်
ကိုကျင်သိန်း။

ထို့ကြောင့် အထက်ကပြဆိုခဲ့သည့် စီရင်ထုံးများပါ မြွက်ဆိုချက်များအရ၊ ယခု အမှုတွင် လျှောက်ထားသူများက၊ သျှောက်ခံရသူထံမှ ငွေချေးငှါးရယူခြင်းမှာ လိမ်လည်လှည့်ဖြားမှုဖြင့် ရယူခဲ့ခြင်းသာ ဖြစ်ကြောင်း၊ မည်သို့မျှ ယူဆရန်မဖြစ်သဖြင့်၊ ရာဇသတ်ကြီးပုဒ်မ ၄၂၀ သို့ အကျုံးဝင်ကြောင်းမှာ ထင်ရှားနေရကား၊ လျှောက်ထားသူများပေါ် ထိုပုဒ်မအရ စွဲချက်တင်၍ ဆက်လက်စစ်ဆေးပါက၊ ရုံးတော်၌ အခွင့်အာဏာကို အလွဲအသုံးပြုခြင်းသာ ဖြစ်တော့မည်ဖြစ်သဖြင့်၊ ထိုသို့စွဲချက်တင်ထားခြင်းများကို ပယ်ဖျက်ရမည်သာ ဖြစ်ပေသည်။

ဖော်ပြပါ အကြောင်းများကြောင့်၊ ယခုပြင်ဆင်မှု အလွှာကိုခွင့်ပြုပြီး၊ လျှောက်သူ ကိုဘာဘူနှင့် မသန်းအပေါ် ဒေးဒရဲမြို့ ၁၉၆၂ ခု၊ ရာဇဝတ်မှုအမှတ် ၂၃၇ တွင်၊ ရာဇသတ်ကြီး ပုဒ်မ ၄၂၀ အရ စွဲချက်များ တင်ထားခြင်းကို ပယ်ဖျက်လိုက်သည်။

ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီး ဦးစောဘသိန်း ရှေ့တွင်

ဦးတိကွ ပါ ၇ (ပြင်ဆင်ရန်လျှောက်ထားသူ)

နှင့်

ဒေါ်ခင်ခင် (ပြင်ဆင်ရန် လျှောက်ထား ခံရသူ)*

† ၁၉၆၄ ပြီလ ၃ ရက်။

ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၄၅ (၄)—ခြွင်းချက် (၁)—မြေလက်မဲ့ဖြစ်သူအား မည်သည့် အခါဦးမြေကိုပြန်အပ်ရန် အမိန့်ချနိုင်ခြင်း။

ဆုံးဖြတ်ချက်။ ။ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၄၅ (၄) ပြဋ္ဌာန်းချက်အရ၊ ရာဇဝတ်တရားသူကြီးက သူတဦးတယောက်အား မြေကိုပြန်၍ပေးအပ်လိုလျှင် ထိုသူသည်၊ မူလကနဦးအမိန့် (**Preliminary order**) ချမှတ်သောနေ့တွင် မြေကိုလက်ရောက် ထားရှိသူဖြစ်သင့်သည်။

သို့ရာတွင်ခြွင်းချက် (၁) အရ၊ မူလအမိန့်ချမှတ်သည့်နေ့မှ ၂ လအတွင်း မြေကိုလက်လွှတ်ခဲ့ရလျှင်လည်း မြေကိုပြန်အပ်ပေးနိုင်သည်။

သို့ဖြစ်၍၊ ၁၉၆၂ ခု၊ နိုဝင်ဘာလ ၁ ရက်နေ့တွင် မြေကိုလက်မဲ့ဖြစ်ခဲ့သူအား ၁၉၆၃ ခု၊ မတ်လ ၁၇ ရက် နေ့စွဲနှင့် ချမှတ်ခဲ့သော မူလကနဦးအမိန့်ဖြင့် မြေကိုပြန်၍ပေးအပ်စေရန် အမိန့်ချမှတ်ခြင်း မပြုနိုင်။

ဥနှင်ဇာဆင်း နှင့် ဂန်ဂါးဘေး၊ (1961) M. P. L. J. (Notes) 202; ကိုဝါလ်ဒတ်စ် နှင့် ပူစဝါအများ၊ (1957) Criminal Law Journal, 682 နှင့် ဂန်ဂါဘတ်ဆင်း နှင့် ဆပ်ကာဒင်၊ A. I. R. (1959), All. 141. ရည်ညွှန်းသည်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။ဦးစံမြင့်။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။ဦးမောင်ကြီး။

တရားသူကြီး ဦးစောဘသိန်း။ ။မင်းဘူးမြို့၊ ခရိုင် ရာဇဝတ် တရားသူကြီးရုံး ၁၉၆၃ ခုနှစ်၊ရာဇဝတ် အသေးအဖွဲအမှု အမှတ် ၁ တွင်၊လျှောက်ထားကြသူ ဦးတိကွ ပါ ၇ ယောက်တို့အပေါ်၊ လျှောက်ထားခံရသူ ဒေါ်ခင်ခင်က၊ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၄၅ အရ၊ အချင်းဖြစ်မြေနှင့်စပ်လျဉ်း၍ အနေးယူရန်လျှောက်ထားရာ၊ ပညာရှိခရိုင် ရာဇဝတ်ဘရားသူကြီးက၊ လိုအပ်သလို စုံစမ်းစစ်ဆေးပြီး၊ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၄၅ အရ၊ လျှောက်ထားကြသူတို့သည် အချင်းဖြစ်မြေကို၊ လျှောက်ထားခံရသူ ဒေါ်ခင်ခင်အား၊ ပြန်၍ပေးအပ်စရန်၊ အမိန့်ချမှတ်လိုက်၏။ ထိုသို့ချမှတ်သော

* ၁၉၆၃ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁၄၆ (ခ)။

† ၁၉၆၃ ခုနှစ်၊ ရာဇဝတ်အသေးအဖွဲမှု အမှတ် ၁ တွင်ချမှတ်သော၊ ၁၉၆၃ ခုနှစ်၊ သြဂုတ်လ ၂၆ ရက်နေ့စွဲပါ၊ မင်းဘူးမြို့ခရိုင်ရာဇဝတ်တရားသူကြီး၏ အမိန့်ကိုပြန်၍ဆင်ခြင်မှု။

၁၉၆၄

ဦးတိုက္ခ ပါ ၇ နှင့် ဒေါ်ခင်ခင်။

အမိန့်ကို၊ လျှောက်ထားကြသူတို့က၊ မကျေနပ်ကြသဖြင့်၊ ဤရုံးသို့ အောက်ရုံးချမှတ်သော အမိန့်သည် မှားယွင်းသည့်အတွက်၊ ပြင်ဆင်ပေးရန် လျှောက်ထားကြသည်။

ပြင်ဆင်မှုအကြောင်းပြချက်များ အနက်၊ အဓိက ပြင်ဆင်မှု အကြောင်းပြချက်မှာ မင်းဘူးမြို့၊ ခရိုင်ရာဇဝတ်တရားသူကြီးသည် အချင်းဖြစ်မြေကို၊ လျှောက်ထားကြသူတို့က၊ လျှောက်ထား ခံရသူအား၊ ပြန်၍ပေးအပ်စေရန်၊ အမိန့်ချမှတ်သည်မှာ၊ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၄၅(၄) ခြွင်းချက်(၁) ပြဋ္ဌာန်းချက်ကို ဆန့်ကျင်၍ အမိန့် ချမှတ်ခြင်းဖြစ်ကြောင်း ဟူ၍ဖြစ်၏။

ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၁၄၅(၄) ခြွင်းချက်(၁) တွင်—

"The Magistrate shall then . . . decide whether any and which of the parties was *at the date of the order* before mentioned in such possession of the said subject:

Provided that, if it appears to the Magistrate that any party has *within two months next before the date of such order been forcibly and wrongfully dispossessed*, he may treat the party so dispossessed as if he had been in possession at such date."

ဟူ၍ပြဋ္ဌာန်းထားသည်။

ဤပြဋ္ဌာန်းချက်၏ အဓိပ္ပါယ် သဘောကို၊ ဇွန်ဇာဆင်း နှင့် ဂန်ဂါးဘား (၁) စီရင်ထုံးတွင်—

"Under section 145 of the Code of the Criminal Procedure the party to be put in possession by the Magistrate, should be in possession *on the date of the preliminary order*. By the application of the Proviso to that section the possession within two months, prior to the preliminary order, has been taken to be the possession on the date of the order. *This limit can in no case be extended*. A final order made under section 145 putting one of the parties to the dispute in possession on the basis of the preliminary order, made beyond two months from the date of his dispossession, is without jurisdiction and illegal."

ဟူ၍ရှင်းလင်းဘော်ပြထားသည်။

တဖန်၊ ကိဝါလ်ဒတ်စ် နှင့် ဖူစပါအများ (၂) စီရင်ထုံးတွင်—

"The first Proviso to section 145 (4) is obviously permissive and comes into play under certain limited circumstances only.

(၁) (1961) M.P.L.J. (Notes) 202.

(၂) (1957) Criminal Law Journal, 682.

namely, where the dispossession takes place within two months next before the date of order passed by the Magistrate under sub-section (1) of section 145 by which he sets out on an inquiry as to possession. It should not have been difficult for the Legislature to have provided for the commencement of the period of two months from any other date, namely, the date of the complaint, or the date of sending of the application to the Police for inquiry, or the receipt of such report or any other point of time if it had so wished. But the framers of the Code, contemplated simply this that forcible possession would be relieved against provided such dispossession was within two months of the date of the preliminary order and not beyond ... ."

ဝဂ္ဂ၌
——
ဦးတိတ္ထပါ ၇
နှင့်
ဒေါ်ခင်ခင်။

ဟူ၍ချွင်းလင်းဘော်ပြထားပြန်သည်။

ထပ်မံ၍ ဂန္ဓဂါဘတ်ဆင်း နှင့် ဆပ်ကခင် (၃) စီရင်ထုံးတွင်—

"From the nature of the provisions it is clear that the Magistrate has been given this power primarily to preserve peace. The individual rights are affected only incidentally. The nature of the inquiry is *quasi*-civil. It is an incursion by the criminal Court in the jurisdiction of the Civil Court. It is, therefore, necessary that this incursion should be carefully circumscribed to the extent absolutely necessary for discharging the function laid on the Magistrate of preserving the peace. The provisions of section 145 make that amply clear. The Magistrate does not enquire into the merits of the claims of the parties or even their rights to possess the subject of the dispute. He is only concerned with the question as to who was in actual physical possession on the relevant date. This only indicates that the starting point of the proceedings must be the date when he was satisfied that an apprehension of a breach of the peace existed and not when he received the first information.

The first proviso to sub-section (4) of section 145 is clearly permissive. The Magistrate may treat the party dispossessed within two months of his order under section 145 (1) as being in possession. It is his discretion, no doubt a judicial discretion to be exercised on the facts of the case, either to treat the party dispossessed within two months of his preliminary

(၃) A.I.R. (1959), All. 141.

၁၉၆၄

ဦးထိက္ခ ပါ ၇ နှင့် ဒေါ်ခင်ခင်။

order as being in possession or to refuse to do so. He may, if he is of opinion that it is the rightful owner who has dispossessed a trespasser within two months of his order very properly refuse to take notice of the dispossession. The parties have no right to ask the Magistrate to treat the party dispossessed as being in possession. The Proviso itself does not vest any right in the party interested. This being a discretionary provision, it is only just and proper that the discretion should be circumscribed, within narrow limits and once circumscribed the limits have to be strictly observed. The Legislature in its wisdom vested only a limited discretion, and there is no reason for further extending the period for the exercise of this discretion by deeming that the preliminary order was passed on the date of the original application ... ."

ဟူ၍ရှင်းလင်းခဲ့ဘော်ပြထားသည်။

ဤအမှုတွင်၊ အောက်ရုံးက၊ မူလကနဦးအမိန့်ကို၊ ၁၉၆၃ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့၌ချမှတ်သည်။ သို့သော်၊ လျှောက်ထား ခံရသူ ဒေါ်ခင်ခင်က၊ ၎င်း၏ လျှောက်လွှာအပိုဒ် (၂) နှင့် (၃)တွင်၊၎င်းသည်အချင်းဖြစ်မြေကို၊ ၁၃၂၃ ခုနှစ်၊ ကဆုန်လဆန်း ၁၃ ရက်နေ့၌၊ ဝင်းခြံအသစ် ပြုလုပ်ထားကြောင်း။ လျှောက်ထားကြသူတို့သည် အချင်းဖြစ် မြေမေါ်သို့၊ ကဆုန်လအတွင်း၊ ကျူးကျော် ဝင်ရောက်ကြကြောင်း။ ၎င်းသည် ၁၉၆၂ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့တွင် အချင်းဖြစ်မြေပေါ်သို့၊ သွားရောက်ကြည့်ရှုရာ၊ လျှောက်ထားကြသူတို့ ကျူးကျော် ဝင်ရောက် နေထိုင်ကြသည်ကို တွေ့မြင်ရကြောင်း ဘော်ပြထားသည်ကို ထောက်ရှုလျှင်၊ လျှောက်ထား ကြသူတို့သည် လျှောက်ထား ခံရသူ ဒေါ်ခင်ခင်အား၊ အချင်းဖြစ် မြေကို လက်မဲ့ ဖြစ်စေခဲ့သည်မှာ၊ ၁၉၆၂ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့၌ဖြစ်သည်ကိုတွေ့ရသဖြင့်၊ လျှောက်ထားခံရသူ ဒေါ်ခင်ခင်သည် အောက်ရုံး မူလ ကနဦး အမိန့်ချမှတ်သည့် ၁၉၆၃ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင်၊ အချင်းဖြစ်မြေပေါ်၌ လက်ရှိ နေထိုင်ခြင်း မဟုတ်ဘဲ၊ လျှောက်ထား ကြသူ တို့ကသာ အချင်းဖြစ် မြေပေါ်၌ လက်ရှိနေထိုင်ကြသည်မှာ ကောင်းစွာ ပေါ်လွင်လျက် ရှိပေသည်။ တဖန်၊ လျှောက်ထားခံရသူသည် ၁၉၆၂ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့၌ အချင်းဖြစ်မြေမှ လက်မဲ့ဖြစ်နေသဖြင့်၊ မူလကနဦး အမိန့်ချမှတ်သည့် နေ့၌၊ အချင်းဖြစ်မြေမှ လက်မဲ့ ဖြစ်လာခဲ့သည်မှာ၊ ၂ လ သာမကဘဲ၊ ၄ လနှင့် ၁၃ ရက်ရှိနေသည်မှာလည်း ထင်ရှားပေသည်။ ထို့ကြောင့်၊ ဘော်ပြခဲ့သည့် စီရင်ထုံးများ ရှင်းလင်းထားချက်အရ၊ အောက်ရုံးက၊ မူလကနဦး အမိန့်ချမှတ်သည့်နေ့တွင်၊ အချင်းဖြစ်မြေပေါ်၌၊ လက်ရှိ နေထိုင်ခြင်းမဟုတ်သော၊ (၀၂) မူလကနဦး

၁၉၆၄

ဦးတိကွ ပါ ၂ နှင့် ဒေါ်ခင်ခင်။

အမိန့်ချမှတ်ခြင်း မပြုမီ၊ ၂ လအတွင်း၊ အချင်းဖြစ်မြေပေါ်၌ လက်ရှိ နေထိုင်ခြင်း မဟုတ်သော လျှောက်ထားခံရသူ ဒေါ်ခင်ခင်အား၊ အချင်းဖြစ် မြေပေါ်သို့၊ လက်ရှိ ပြန်ထားခြင်းမှာ မငြင်းနိုင်အောင် မှားယွင်းလျက် ရှိပေသည်။

သို့ဖြစ်သောကြောင့်၊ ဤပြင်ဆင်မှုကို ခွင့်ပြု၍ အောက်ခံ၊ ချမှတ်သော အမိန့်ကို အတည် မပြုနိုင်သဖြင့် ပယ်ဖျက်ရန်၊ အမိန့်ချမှတ်လိုက်သည်။

ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီး ဦးစောဘသိန်း ရှေ့တွင်

† ဧပြီ ၄ ရက်၊ မေလ ၂၂ ရက်။

မောင်ခင်ထွန်း (ပြင်ဆင်ရန်လျှောက်ထားသူ)

နှင့်

ပြည်ထောင်စု မြန်မာနိုင်ငံ (ပြင်ဆင်ရန်လျှောက်ထားခံရသူ)*

ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၁၀(စ) နှင့် ၁၁၇(၄)—ကျော်ဇော သတင်း (General repute) ကိုစဉ်းစားနိုင်ခြင်း—ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၁၂၂ (၁) တင်ပြသောခံဝန်သူများကို လက်ခံရန်သင့်မသင့် စုံစမ်းရန်လိုအပ်ခြင်းကိစ္စ။

ဆုံးဖြတ်ချက်။ ။ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၁၀(စ)အရ၊ အရေးယူသည့်အမှုများတွင် တဆင့်ကြား အမျှားမှတ်ယူသိရှိကြသည့် နိမည်သတင်း (သို့မဟုတ်) ကျော်ဇောသတင်း (General repute) ကိုထိုဥပဒေပုဒ်မ ၁၁၇ (၄) အရ လက်ခံစဉ်းစားနိုင်သည်။

ထပ်မံဆုံးဖြတ်ချက်။ ။ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၁၂၂ ခြွင်းချက်အရ လျှောက်ထားသူ တင်သွင်းသော ခံဝန်သူများကို လက်မခံ ပယ်လိုက်ခြင်းမပြုမီ၊ ခရိုင်ရာဇဝတ်တရားသူကြီးသည်၊ ခံဝန်သူများကို လက်ခံသင့်မသင့်နှင့်ပတ်သက်၍ ကိုယ်တိုင်သော်၎င်း၊ သို့မဟုတ် ၎င်းက လွှဲပြောင်း စုံစမ်းစေသော ရာဇဝတ်တရားသူကြီးကသော်၎င်း စုံစမ်းစစ်ဆေးခြင်းပြုရန်လိုအပ်သည်။

ထိုကဲ့သို့စုံစမ်းစစ်ဆေးခြင်းမပြုယုံမျှမက ရဲအရာရှိတင်ပို့သည့် အစီရင်ခံစာပေါ်တွင်အခြေခံပြု၍ တင်သွင်းသည့် ခံဝန်သူများကို လက်မခံပယ်လိုက်သည်မှာ၊ ဥပဒေအရမဟုတ်သဖြင့် မှားယွင်း ချွတ်ချော်သည်။

ဘဝါနီဆင်း နှင့် **ဘုရင်မင်းမြတ်**၊ ၁၆ ကရေးမီးနယ် လောဂျာနယ်၊ စာ ၅၄။ **မွန်ရှိဆင်း** နှင့် **ဘုရင်မင်းမြတ်**၊ ၂၁ ကရေးမီးနယ် လော်ဂျာနယ်၊ စာ ၃၆၅။ ဂျေဂိုဘင်နှင့် **ဘုရင်မင်းမြတ်**၊ ၁၃ ကရေးမီးနယ် လောဂျာနယ်၊ စာ ၇၆၀ **အင်ပယ်ရိတ်ထယ်** နှင့် **မာရိုး**။ ၁၀ ကရေးမီးနယ် လောဂျာနယ်၊ စာ ၂၂၅ ကိုရည်ညွှန်းသည်။

ပြင်ဆင်ရန် လျှောက်ထားသူ အတွက်။ ။ဦးကိုကိုကြီး (၃)။

ပြင်ဆင်ရန်လျှောက်ထားခံရသူ အတွက်။ ။အစိုးရ ရှေ့နေကြီး ဦးဘဖေ (၂)။

---

* ၁၉၆၄ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၄၆ (ခ)။

† ၁၉၆၃ ခုနှစ်၊ ရာဇဝတ်အသေးအဖွဲမှုအမှတ် ၄၀ တွင်ချမှတ်သော ၁၉၆၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက် နှင့် ၁၉၆၄ ခု၊ ဇန္နဝါရီလ ၁၄ ရက်နေ့စွဲပါ ပဲခူးမြို့၊ တွဲဘက်ခရိုင်ရာဇဝတ်တရားသူကြီး၏ အမိန့်ကိုပြန်၍ဆင်ခြင်မှု။

၁၉၆၄

မောင်ခင်ထွန်း
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ။

တရားသူကြီး ဦးစောဘသိန်း။ ။ဤအမှုတွင် ပဲခူးမြို့ တွဲဘက်ခရိုင် ရာဇဝတ် တရားသူကြီးက လျှောက်ထားသူ မောင်ခင်ထွန်းအပေါ် ရာဇဝတ်ကျင့်ထုံး ဥပဒေ ပုဒ်မ ၁၁၀ (စ)အရ အရေးယူ၍ နှစ်ဦးနှစ်ဘက်တင်ပြသော သက်သေများကို စစ် ဆေးပြီး၊ လျှောက်ထားသူ မောင်ခင်ထွန်းသည် လိုအပ်သော ခံဝန်ဖြင့် နေထိုင်ရန် အမိန့်ချမှတ်လိုက်ရာ လျှောက်ထားသူ မောင်ခင်ထွန်းက လိုအပ်သောခံဝန်ကို ပေးသော် လည်း၊ ပညာရှိ တွဲဘက်ခရိုင် ရာဇဝတ်တရားသူကြီးက၊ ရဲအရာရှိအစီရင်ခံစာအရ၊ လက်မခံပယ်လိုက်ပြီး၊ လျှောက်ထားသူအား အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၁ နှစ် ကျခံစေရန် အမိန့်ချမှတ်လိုက်သဖြင့် လျှောက်ထားသူက မကျေနပ်၍ ပဲခူးမြို့၊ ခရိုင် ရာဇဝတ်တရားသူကြီးထံ အယူခံဝင်ရာ မအောင်မြင် အကြောင်းမထူးသည့်အတွက် ဤရုံးသို့ အောက်ရုံးချမှတ်သော အမိန့်ကို ပြင်ဆင်ပေးရန် လျှောက်ထားရာတွင်-ဖေါ်ပြ သော အဓိကအကြောင်းပြချက်တို့မှာ—

(၁) အောက်ရုံးက လျှောက်ထားသူအပေါ် တဆင့်ကြား သက်သေခံချက် များကို လက်ခံ၍၊ ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၁၁၀ (စ)အရ အရေးယူခြင်းသည် မှားယွင်းကြောင်း၊

(၂) အောက်ရုံးက လျှောက်ထားသူ တင်သွင်းသော ခံဝန်သူ နှစ်ယောက်ကို၊ ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၁၂၂ (၁)၊ ခြွင်းချက်အရ၊ လက်ခံရန် သင့်သည် မသင့်သည်နှင့် စပ်လျဉ်း၍ ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၎င်းက လွှဲပြောင်းပေးသော ရာဇဝတ် တရားသူကြီးကဖြစ်စေ၊ စုံစမ်း စစ်ဆေးရန် ဖြစ်ပါလျက်၊ စုံစမ်းစစ်ဆေးခြင်းမပြုဘဲ၊ ရဲအရာရှိအား လွှဲအပ် စုံစမ်းစေ၍ ရဲအရာရှိတင်ပြသော အစီရင်ခံစာအပေါ် မှီငြမ်း ပြုပြီး၊ ခံဝန်သူများကို လက်မခံ၊ ပယ်လိုက်သည်မှာ မှားယွင်းကြောင်း

ဟူ၍ဖြစ်၏။

ပဌမ ပြင်ဆင်မှု အကြောင်းပြချက်နှင့် ပတ်သက်၍ ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၁၇၇ (၄)တွင်၊

> "For the purposes of this section the fact that a person . . . . is so desperate and dangerous as to render his being at large without security hazardous to the community may be proved by evidence of general repute or otherwise."

ဟူ၍ အတိအလင်း ပြဋ္ဌာန်းထားသဖြင့် အထူးဖြေဆိုရန်မလိုဘဲ၊ တဆင့်ကြား အမျှား မှတ်ယူသိရှိကြသည့်နှာမည်သတင်း။ (၀၀)ကျော်ဇောသတင်း (General repute) ကို၊ ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၁၁၀ (စ)အရ အရေးယူသည့်အမှုများတွင် လက်ခံ စဉ်းစားနိုင်သည် ဟူ၍သာ ဖြေဆိုရန်လိုပေမည်။

၁၉၆၄

မောင်ခင်ထွန်း
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ။

လျှောက်ထားသူ၏ ပညာဦးဖွေနေကြီးက တရားလိုဘက်မှ တင်ပြသော သက်သေခံချက်များသည် လျှောက်ထားသူအား ရာဇဝတ်ကျင့်ထုံး ဥပဒေ ပုဒ်မ ၁၁၀ (စ) အရ၊ အရေးယူနိုင်လောက်အောင် ပြည့်စုံလုံလောက် ခြင်း မရှိဟူ၍ ဘော်ပြလျှောက်လဲသည်။

ဤအမှုသည် ပြင်ဆင်မှုဖြစ်၍၊ **မောင်ထွန်းစိန်နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ** (၁) စီရင်ထုံးတွင်—

> "The High Court as a Court of Revision will not approach the application as a Court of Appeal, and will not as a rule go into the evidence, but will accept the concurrent finding of facts by the lower Courts, except where the judgments of the facts is manifestly wrong and palpably unjust."

ဟူ၍ ဆုံးဖြတ်ထားသည့် ဥပဒေမူအရ၊ လိုက်နာဆုံးဖြတ်ရမည်ဖြစ်သော်လည်း၊ ထိုဥပဒေမူအရ အောက်ရုံး အမှုတွဲ၌ ပေါ် လွင်သည့် နှစ်ဦးနှစ်ဘက် တင်ပြသည့် သက်သေခံချက်များကို ဘုတ်ရှုလေ့လာသည့်အခါ၊ တရားလိုဘက်မှ တင်ပြသော တိုက်ဆိုင်သက်သေခံချက်များ အရသော်၎င်း၊ ဥပဒေခွင့်ပြုသည့် တဆင့်ကြား အများမှတ်ယူ သိရှိသည့် နာမည်သတင်း (၀၂) ကျော်ဇောသတင်းအရသော်၎င်း၊ လျှောက်ထားသူသည် ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၁၁၀ (စ)အရ၊ (desperate & dangerous)ဖြစ်သည်ဟူ၍ အောက်ရုံးယူဆသည်မှာ မတရားသဖြင့် မှားယွင်းချက်ချော်သည် ဟုမဆိုနိုင်အောင် ထွေရသဖြင့် အဆိုပါ စီရင်ထုံးအရ၊ ဤပြင်ဆင်မှုတွင် သက်သေခံချက်များကို ထပ်မံ၍ စဉ်းစားရန်မလိုဟု ထင်မြင်ယူဆသည်။

လျှောက်ထားသူ၏ ပညာရှိ ရွှေနေကြီးက လျှောက်ထားသူဘက်မှ တင်ပြသော သက်သေခံချက်များကို၊ အောက်ရုံးက ဘတ်ရှုလေ့လာ၍ လက်ခံရန်သင့်ကြောင်း လျှောက်လဲတင်ပြပြန်သည်။ ထိုသို့တင်ပြသည့်အတိုင်း၊ လျှောက်ထားသူ တင်ပြသည့် သက်သေခံချက်များကို ဘတ်ရှု လေ့လာသည့်အခါ၎င်းသက်သေ ခံချက်များသည် တရားလိုဘက်မှ တင်ပြသည့် သက်သေခံချက်များကို တွန်းလှန်ဖြိုဖျက် နိုင်စွမ်းမရှိသည်ကို တွေ့ရသဖြင့်၊ အောက်ရုံးက အဆိုပါ သက်သေခံချက်များကို လက်မခံပယ်လိုက်သည်မှာ၊ မှားယွင်းသည်ဟု မဆိုသာချေ။

ဒုတိယပြင်ဆင်မှု အကြောင်းပြချက်နှင့် စပ်လျဉ်း၍ ရာဇဝတ်ကျင့်ထုံး ဥပဒေ ပုဒ်မ ၁၂၂ (၁)ခြွင်းချက်တွင်—

> "Provided that, before so refusing to accept or rejecting any such surety, he shall either himself hold an inquiry on

(၀) ၁၉၅၄ ခုနှစ်၊ မြန်မာနိုင်ငံ—တရားလွှတ်တော်စီရင်ထုံး—၂၉၃။

oath into the fitness of the surety or cause such inquiry to be held and a report to be made thereon by a Magistrate subordinate to him."

၁၉၆၄ခု

မောင်ခင်ထွန်း နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

ဟူ၍ပြဋ္ဌာန်းထားသဖြင့် လျှောက်ထားသူ တင်သွင်းသော ခံငန်သူများကို လက်မခံ ပယ်လိုက်ခြင်းမပြုမီ ပညာရှိ တဲ့ဘက်ခရိုင် ရာဇဝတ်တရားသူကြီးသည် ခံဝန်သူများကိုလက်ခံသင့်၊ မသင့်နှင့် ပတ်သက်၍၊ ကိုယ်တိုင်သော်၎င်း၊ သို့မဟုတ် ၎င်းကလွဲပြောင်း စုံစမ်းစေသော ရာဇဝတ် တရားသူကြီးကသော်၎င်း စုံစမ်းစစ်ဆေးခြင်းပြုရန် လိုအပ်ပေသည်။

ဤဥပဒေ ပြဋ္ဌာန်းချက်နှင့် စပ်လျဉ်း၍ **ဘာဝါနီဆင်း** နှင့် **ဘုရင်မင်းမြတ်** (၂) စီရင်ထုံးတွင်—

"The discretion given to a Magistrate by section 122 of the Criminal Procedure Code is a wide one. There must, however, be some sort of independent inquiry by the Magistrate, showing that a judicial discretion has been exercised in rejecting surety."

ဟူ၍ ဆုံးဖြတ်ထားပြီး၊ **မွန်ဒို့ဆင်း** နှင့် **ဘုရင်မင်းမြတ်** (၃)။

"When an accused person is called upon to produce a surety, such surety must be accepted, or if rejected, he must be rejected upon tangible evidence recorded and considered by the Magistrate who ordered the accused to find surety."

ဟူ၍ ဆုံးဖြတ်ထားသည့်ပြင်၊ **ကျော်ဘင်** နှင့် **ဘုရင်မင်းမြတ်** (၄) စီရင်ထုံးတွင်—

"The Magistrate has no authority to reject sureties merely upon an unfavourable report of the Police."

ဟူ၍ ဆုံးဖြတ်ထားပြီး၊ **အင်ပယ်ရိတ်ထယ်** နှင့် **မာရိုး** (၅) စီရင်ထုံးတွင်—

"The discretion vested in the Magistrate under section 122, Criminal Procedure Code, of refusing to accept sureties is not arbitrary or absolute, but judicial, the determination of which can only be made on legal evidence. And the proceeding in which the Magistrate comes to this determination is a judicial proceeding.

---

(၂) ၁၆ ကရေး ၅း နယ်လော ဂျာနယ်၊ စာမျက်နှာ ၅၄။
(၃) ၂၁ ကရေးမီးနယ်လော ဂျာနယ်၊ စာမျက်နှာ ၃၆၅။
(၄) ၁၃ ကရေး ၅း နယ်လော ဂျာနယ်၊၊ စာမျက်နှာ ၇၆၀။
(၅) ၁၁ ကရေးမီးနယ်လော ဂျာနယ်၊ စာမျက်နှာ ၂၂၄။

၁၉၆၄

မောင်ခင်ထွန်း
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ။

If a Magistrate bases his order on a Police report, he abrogates the functions imposed on him by law and allows the decisions of the case to rest with the Police.

In all such cases, it is the duty of the Magistrate to examine the sureties offered, as to their fitness and take such other evidence as the accused may tender. If the Magistrate asks the police to report, it should be merely with a view of enabling them to collect evidence. But the Magistrate's order must proceed on a consideration of the evidence, and not of the Police report."

ဟူ၍ ရှင်းလင်းဖော်ပြထားသည်။

ရာဇဝတ်ကျင့်ထုံး ဥပဒေ ပုဒ်မ ၁၂၂ (၁)တွင်—

" A Magistrate may refuse to accept any surety offered, or may reject any surety previously accepted by him or his predecessor under this Chapter on the ground that such surety **is an unfit person for the purposes of the bond."**

ဟူ၍ ပြဋ္ဌာန်းထားသဖြင့် ပဲခူးမြို့၊ ပညာဒီ့ တွဲဘက်ခရိုင်ရာဇဝတ် တရားသူကြီးသည် လျှောက်ထားသူ တင်သွင်းသည့် ခံဝန်သူများကို လက်ခံရန်သင့်သည်၊ မသင့်သည်နှင့် စပ်လျဉ်း၍ တရားဥပဒေအရ ချင့်ချိန်ဆုံးဖြတ်ပိုင်ခွင့် (judicial discretion) ရှိပေသည်။ သို့သော် ဖော်ပြခဲ့သည့် စီရင်ထုံးများအရ၊ ထိုသို့တင်သွင်းသော ခံဝန်သူများနှင့် ပတ်သက်၍၊ လက်ခံရန်သင့် မသင့် တရားဥပဒေအရ၊ ချင့်ချိန်၍ ဆုံးဖြတ်ခြင်း မပြုမီ ပညာရှိ တွဲဘက်ခရိုင် ရာဇဝတ်တရားသူကြီးသည် ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၁၂၂ (၁)၊ ခွင်းချက် အရ ခံဝန်သူများကို လက်ခံရန်သင့် မသင့်စုံစမ်းစစ်ဆေးခြင်းပြုရန် လိုအပ်ပေသည်။ ယခုထိုကဲ့သို့ စုံစမ်းစစ်ဆေးခြင်း မပြုရုံမျှမက၊ ရဲအရာရှိတင်ပို့သည့် အစီရင်ခံစာအပေါ်တွင် အခြေခံပြု၍ တင်သွင်းသည့် ခံဝန်သူများကို လက်မခံ ပယ်လိုက်သည်မှာ ဥပဒေအရ မဟုတ်သဖြင့် မှားယွင်းချွတ်ချော်ကြောင်း ကောင်းစွာ ပေါ်လွင်လျက်ရှိပေသည်။

အင်ပယ်ရိတ်ထယ်နှင့် မာရီ (၅) စီရင်ထုံးတွင်၊ အောက်ရုံးက ဥပဒေ လိုအပ်သည် အတိုင်း၊ ဝန်ခံသူများကို လက်ခံရန်သင့်၊ မသင့် စုံစမ်းစစ်ဆေးခြင်း မပြုဘဲ၊ လက်မခံ ပယ်လိုက်ရာ၊ ဆင်း(ဒ်) တရားလွှတ်တော်က ထိုသို့ချမှတ်သော အမိန့်ကို ဥပဒေအရ မဟုတ်သဖြင့် ပယ်ဖျက်ပြီး၊ အမှုကိုအောက်ရုံးသို့ ပြန်လည်ပေးပို့၍ ဥပဒေအရ စုံစမ်းစစ်ဆေးပြီး လျှောက်နန်သင့်မြတ်သော အမိန့်ကို ချမှတ်ရန် ဆုံးဖြတ်ချက်ချမှတ်သည်။

၁၉၆၄
မောင်ခင်ထွန်း
နှင့်
ပြည်ထောင်စု
နမာ နိုင်ငံ ။

ဤအမှုတွင်လည်း ဖေါ်ပြခဲ့သည့် အကြောင်းများကြောင့်၊ ခံဝန်သူများကို လက်မခံ ပယ်လိုက်ရန် အောက်ရုံးချမှတ်သော အမိန့်ကို ဥပဒေအရ၊ အတည်ပြုရန် မဖြစ်နိုင်သဖြင့်၊ အောက်ပါအတိုင်း အမိန့်ချမှတ်လိုက်သည်။

(၁) ဝန်ခံသူများကို လက်မခံ ပယ်လိုက်ရန်၊ အောက်ရုံး ချမှတ်သော အမိန့်ကို ပယ်ဖျက်ရန်၊

(၂) အမှုတွဲကို အောက်ရုံးသို့ ပြန်လည်၍ပေးပို့ရန်၊

(၃) အောက်ရုံးက အမှုတွဲကို ပြန်လည်၍ ရရှိသည့်အခါ၊ အထက်၌ ဖေါ်ပြခဲ့သည့်အတိုင်း၊ လျှောက်ထားသူ တင်ပြသော ခံဝန်သူများကို လက်ခံရန် သင့်၊ မသင့်နှင့် စပ်လျဉ်း၍နှစ်ဦးနှစ်ဘက် တင်ပြသော သက်သေများကိုဥပဒေအရ စုံစမ်းစစ်ဆေးရန်၊

(၄) ထို့နောက် အောက်ရုံးက ရာဇဝတ်ကျင့်ထုံး ဥပဒေ ပုဒ်မ ၁၂၂(၁)အရ၊ ခံဝန်သူများကို လက်ခံရန်သင့်၊ မသင့်နှင့် ပတ်သက်၍၊ တရားဥပဒေအရ ချင့်ချိန် ဆုံးဖြတ်ပိုင်ခွင့် ရှိသည့် အားလျော်စွာ (**judicial discretion**) လျှောက်ထားသူ တင်ပြသည့် ခံဝန်သူများကို လက်ခံရန်သင့်၊ မသင့် စဉ်းစားဆင်ခြင် ဆုံးဖြတ်ပြီး လျော်ကန် သင့်မြတ်သည်ဟု ထင်မြင်သော အမိန့်ကို ချမှတ်ရန်

ဖြစ်ပေသည်။

ထိုသို့ စုံစမ်းစစ်ဆေးနေစဉ်အတွင်း၊ လျှောက်ထားသူသည် **အောက်ရုံး စိတ်ချယုံကြည် ကြေနပ်ဘွယ် ရှိလောက်အောင်၊** (to the entire satisfaction) **ခိုင်မြဲတည်တန့် လုံလောက်သော ခံဝန်ကို၊** ချုပ်ဆိုနိုင်ပါက၊ အောက်ရုံးက ၎င်းအား၊ ခံဝန်ဖြင့် လွှတ်ထားနိုင်ခွင့် ရှိပေသည်။

ရာဇဝတ်အယူခံ

တရားသူကြီး ဦးစောဘသိန်း နှင့် တရားသူကြီး ဦးထွန်းတင် ရှေ့တွင်၊

† ၁၉၆၄
ခမလ ၆ ရက်။

မောင်စံခ (အယူခံတရားလို)
နှင့်
ပြည်ထောင်စုမြန်မာနိုင်ငံ (အယူခံတရားခံ)*

ရာဇသတ်ပုဒ်မ ၃၄ မည်သည့်အခါ၌ အသုံးပြုသင့်ခြင်း—ကျွန်တရားခံများအား တရားရှင်လွှတ်၍ တဦးတည်းကိုသာ အပြစ်ပေးခြင်း။

အယူခံတရားလိုအား ၃၀၂ (၁)(ခ)/၃၄ အရင်း၊ ပုဒ်မ ၃၂၆/၃၄ အရင်း အောက်ရုံးက ပြစ်ဒဏ်စီရင်ခဲ့သော်လည်း၊ ကျွန်တရားခံ (၃) ဦးအား တရားရှင်လွှတ်ခဲ့လေသည်။

ဆုံးဖြတ်ချက်။ ။ရာဇသတ်ပုဒ်မ (၃၄) နှင့်တွဲပြီး အပြစ်ဒဏ်စီရင်ခဲ့သည်မှာ လက်ခံနိုင်စရာ အကြောင်းမရှိ။ အမှုတွဲတွင် အယူခံတရားလိုသည်၊ တဦးထက်ပိုသောသူများနှင့် မိမိတို့အကြံတူ တခုကို၊ အထမြောက်စေရန်ရည်ရွယ်၍၊ ပြစ်မှုကျူးလွန်ခဲ့ခြင်းဖြစ်သည်ဟု မည်သည့်သက်သေခံ အထောက်အထားမှမရှိ။

ပါဝင်အားပေးကူညီပြီး ရှိနေကြောင်းသာ အထောက်အထားရှိရာကား၊ အယူခံတရားလိုသည် အမျှားဆုံးရာဇသတ်ပုဒ်မ ၃၂၆/၁၁၄ အရသာ ပြစ်မှုထိုက်သည်။

အောင်သိန်း နှင့် **ပြည်ထောင်စုမြန်မာနိုင်ငံ၊ (1956) B.L.R. p. 1 (HC)** နှင့် **ဖေမင်ဟန်မောင် (ခေါ်) ဒေမင်စံမောင်** နှင့် **ပြည်ထောင်စုမြန်မာနိုင်ငံ၊ (1959) B.L.R.p. 125 (S.C.)** ကိုရည်ညွှန်းသည်။

အယူခံ တရားလို အတွက်။ ။ဦးမောင်မောင်ခင်။

အယူခံ တရားခံ အတွက်။ ။ဦးဘကြိုင် (အစိုးရရှေ့နေ)။

တရားသူကြီး ဦးထွန်းတင်။ ။အယူခံတရားလို မောင်စံခနှင့် ၃ ဦးတို့အား၊သရက်မြို့၊ ဒုတိယ အထူးတရားသူကြီးရုံး၊ ၁၉၆၃ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၂၇ တွင်၊ ရာဇသတ်ပုဒ်မ ၃၀၂/၃၂၆ အရ၊ တရားစွဲဆိုခဲ့ရာ အပေါင်းပါ ၃ ဦးအား တရားရှင်လွှတ်ပြီး၊ အယူခံတရားလို မောင်စံခအပေါ်မူ ရာဇသတ်ပုဒ်မ ၃၀၂ (၁) (ခ)/၃၄ စွဲချက် ၂ ခုအရ၊ ပြစ်မှုကျူးလွန်သဖြင့် သေဒဏ်အသီးသီး ကျခံရမည်ဟုဂင်း၊ ရာဇသတ်

---

* ၁၉၆၃ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၇၀။

† ၁၉၆၃ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၂၇ တွင်၊ ချမှတ်သော၊ ၁၉၆၄ ခုနှစ်၊ မတ်လ ၁၁ ရက်နေ့စွဲပါ၊ သရက်မြို့၊ ဒုတိယအထူးတရားသူကြီး၏ အမိန့်ကိုအယူခံမှု။

ပုဒ်မ ၃၂၆/၃၄ အရ ပြစ်မှုကျူးလွန်သဖြင့် ထောင်ဒဏ် ၁၀ နှစ် ကျခံစေရမည်ဟုဆိုင်း ပြစ်ဒဏ်စီရင်ခြင်း ခံရလေသည်။ ထိုသို့ပြစ်မှုများတွေ့ရှိပြစ်ဒဏ်စီရင်ထားသည်ကို မကျေ နပ်၍ အယူခံတရားလိုက ယခုအယူခံမှုကို တင်သွင်းခဲ့ခြင်း ဖြစ်ပေသည်။

အမှုကြောင်းရာ လိုရင်းကို ဖေါ်ပြရမူ၊ သရက်မြို့၊ မင်းတုန်းပိုင်၊ မကြီးကျေးရွာနေ သေသူ မောင်သိန်းမောင်၊ သား မောင်ဖြူစော၊ ဇနီး ဒဏ်ရာရသူ မဗုံလုံ (လိုပြ ၁) နှင့် သမီးငယ် မခင်ကြည်တို့သည် လွန်ခဲ့သည့် ဝါဆိုလဆန်း ၇ ရက် (၂၇-၆-၆၃)နေ့ ညတွင်၊ အိမ်၌အိပ်နေကြစဉ် ညဉ့်သန်းခေါင် ၁၂ နာရီအချိန်၌ မဗုံလုံ၏ ထွက်ဆိုချက် အရ၊ လူ ၄ ယောက်ခန့် အိမ်ပေါ်သို့တက်လာ၍ ၎င်းတို့အား ဒါးနှင့်ဝိုင်းခုတ်ရာ မောင်သိန်းမောင်နှင့် သား မောင်ဖြူစောမှာ ပွဲချင်းပီး သေဆုံး၍၊ မဗုံလုံမှာမူ မျက်နှာနှင့် ဦးခေါင်းတို့တွင်၎င်း၊ သမီးငယ် မခင်ကြည်မှာ ဦးခေါင်းတွင်၎င်း ဒဏ်ရာ အသီးသီး ရရှိကြလေသည်။

ထိုသို့ဝင်ရောက် ကျူးကျော် ခုတ်ထစ်ကြသူများတွင် အယူခံတရားလို မောင်စံခ ဟ၀င်ကြောင်းကို လူဆိုးတဦးက ထိုးလိုက်သည့် လက်နှိပ်ခါတ်မီးရောင်ဖြင့် မြင်လိုက်ရ ပါသည်ဟု မဗုံလုံက ရုံးရှေ့အစစ်ခံသော်လည်း၊ ၎င်းကဌာနာတွင် တိုင်တန်းခဲ့သည့် သက်သေခံ "က" တိုင်ချက်အရမူ "အောက်မှ လူတယောက်က ငါလိုးမသားတွေ လုပ်နေကြဟုဆဲ၍ ခေါ်သံကြားရာ ၎င်းအသံမှာယခင် ဖေါင်းကအိုင်ရှာတွင် အတူ နေခဲ့ဘူးသည့်အယူခံ တရားလို၏အသံနှင့် တူပါသည်၊"ဟုသာ ပြောဆိုတိုင်တန်း ထားသည်ကို တွေ့ရသည်။သို့သော် လူဆိုးများသည် မဗုံလုံအိမ်မှ ဆင်း၍၊ မြောက်ဘက် အသွားတွင် အိမ်နီးချင်း မောင်အောနှင့် မညိုကြီး (လိုပြ ၃၊၄) တို့အိမ်ထရံကို ဒါးနှင့် ခုတ်သွားရာ မောင်အောနှင့် မညိုကြီးတို့က ထိုလူများတွင် အယူခံတရားလို ပါ၀င် ကြောင်း လက်နှိပ်ခါတ်မီးရောင်ဖြင့် မြင်လိုက်ရကြောင်း ထွက်ဆိုကြသည်။ ထို့ပြင် မောင်သိန်းမောင်အိမ်နှင့်တအိမ်ခြားနေ ၎င်း၏ညီ မောင်ခင် (လိုပြ ၂)ကလည်းထိုနေ့ ညက ခုတ်သံများကြား၍ နိုးလာသဖြင့် နားထောင်နေရာ လူဆိုးထဲမှ "ငါ့သားခုမှ နိုင်တယ်၊ ရွာသားများလန့်မယ်၊သေနတ်မဖေါက်နဲ့"ဟု ပြောသံကြားရာ ၎င်းအသံမှာ ယခင် ဖေါင်းကအိုင်ရှာတွင် ၃ နှစ်ခန့်နေခဲ့စဉ် သိကျွမ်းသည့် အယူခံတရားလို၏ အသံ ဖြစ်ကြောင်း ကျက်မိလိုက်ပါသည်ဟုဆိုသည်။

ထို့နောက်တွင် ရွာသားများသည်၊ သူကြီး ဦးအောင်ဘာလေ (လိုပြ ၁၁) အား အကြောင်းကြားပြီး၊ သေဆုံးသူနှင့် ဒဏ်ရာရသူများကို၊ သရက်မြို့ ဆေးရုံသို့ ပို့ရာ၊ ဆရာဝန် ဦးတင်ငွေ (လိုပြ ၁၄) က၊ မောင်သိန်းမောင်၏ အလောင်းတွင် ဒဏ်ရာ ၃ ခုတွေ့ရှိရာ၊ ဒဏ်ရာ ၂ ခုမှာ တုံးသောလက်နက်နှင့် ဖြစ်နိုင်၍၊ တခုမှာ

ခန့်ဒေ
—
မောင်စံခ
နှင့်
မြဲသဲထောင်စု
မြို့မာနိုင်ငံ။

ချန်သောလက်နက်နှင့် ပြုလုပ်၍ ရရှိနိုင်ပြီး၊ လက်ဝဲဘက် နားထင်မှ ဒဏ်ရာမှာ၊ မုချသေစေမည့် ဒဏ်ရာဖြစ်ကြောင်းနှင့် မောင်ဖြူစော အလောင်းတွင်လည်း၊ လက်ျာဘက် နားထင်ပေါ် တွင်၊ တုံးသော လက်နက်နှင့် ပြုလုပ်ရရှိနိုင်သည့်၊ ဟောင်း လောင်းပေါက် ဒဏ်ရာ ၁ ခု တွေ့ရှိရာ၊ ၎င်းဒဏ်ရာမှာ မုချသေစေမည့် ဒဏ်ရာ ဖြစ်ပါသည်ဟု ဆိုသည်။ မဗုံလုံတွင် မူ၊ မျက်နှာနှင့် လက်ဝဲဘက် ဂျိုစောင်းတွင်၊ ခါးခုတ်ဒဏ်ရာများ တွေ့ရှိရာ၊ မျက်နှာမှ ဒဏ်ရာမှာ အမြဲရှပ်ဆင်း ပျက်မည့် ဒဏ်ရာ ဖြစ်ပါသည်ဟု ဆိုသည်။ ထို့အတွက် အယူခံ တရားလိုနှင့် အပေါင်းပါ ၃ ဦးတို့အား၊ ရာဇသတ်ပုဒ်မ ၃၀၂/၃၂၃ အရ၊ တရားစွဲဆိုခဲ့ခြင်း ဖြစ်ပေသည်။

အမှုတွဲပါ သက်သေခံချက်များ အရ၊ အယူခံ တရားလို ပါဝင်ကြောင်းကို၊ သက်သေမဗုံလုံ၊ မောင်ခင်၊ မည်ကြီးနှင့် မောင်အော (လိုပြ ၁၂၂၃၊၄) တို့ကသာ ထွက်ဆိုကြရာ၊ ၎င်းတို့အနက် အထက်က ပြဆိုခဲ့သည့် အကိုင်း၊ မဗုံလုံနှင့် မောင်ခင်တို့က၊ အသံကို အခြေပြု၍ သိလိုက်ခြင်း ဖြစ်ကြောင်း တွေ့ရသော်လည်း၊ မည်ကြီးနှင့် မောင်အောအရမူ၊ အယူခံဘက်ရားလိုအား လက်နှိပ်ခါတ်မီးရောင်ဖြင့်၊ တွေ့ရှိမှတ်မိလိုက် ခြင်းဖြစ်သည်မှာ ပေါ် လွင်သည်။ မဗုံလုံ၏ အစစ်ခံချက်နှင့် ပတ်သက်၍၊ ရှာသူကြီး ဦးအောင်ဘာလေ (လိုပြ ၁၁) က၊ နံနက် အချင်းဖြစ်သည့် နေ့ရောရောက်ရှိ၍၊ မဗုံလုံအား စစ်ဆေးသော အခါ၊ မဗုံလုံက ညအခါဖြစ်၍ ဘယ်သူမှန်း မသိပါဟု ပြောပြပါသည်ဟု ထွက်ဆိုလေသည်။ ထို့အတွက်၊ မဗုံလုံ၏ ရဲထံတိုင်ချက်၊ ရုံးရှေ့ အစစ်ခံချက်များကို ခြုံကြည့်လျှင်၊ မဗုံလုံက အချင်းဖြစ်သည့် အခါက၊ အယူခံ တရားလိုအား ၎င်းက မြင်တွေ့လိုက်ရပါသည် ဆိုခြင်းကို၊ စစ်ဆေးသည့်ရုံးမှ လက်မခံ။ အသံကြား၍ မှတ်မိလိုက်ခြင်း ဖြစ်ကြောင်းကသာ ယုတ္တိရှိသည်ဟု ပြဆိုပေသည်။ သို့သော်၊ သက်သေ မည်ကြီးနှင့် မောင်အောတို့က၊ အယူခံ တရားလိုအား လက်နှိပ် ခါတ်မီးရောင်ဖြင့် မြင်တွေ့လိုက်ကြပါသည်ဆိုသည့် ထွက်ဆိုချက်များမှာ၊ မည်သို့မျှ ပျက်ပြယ်ခြင်းမရှိ။ မောင်ခင် ထွက်ဆိုချက်နှင့် ထပ်မံ ပေါင်းစပ်ကြည့်ရှုသော် အယူခံ တရားလို ပါဝင်ကြောင်းမှာ ထင်ရှားသည်ဆို၍၊ အယူခံ တရားလို အပေါ် မောင်သိန်းမောင်၊ မောင်ဖြူစောတို့ သေဆုံးရသည့် အတွက်၊ ရာဇသတ် ပုဒ်မ ၃၀၂(၁) (ခ) /၃၄ စွဲချက် ၂ ခု အရရင်း၊ မဗုံသုံ ရှပ်ဆင်းပျက်အောင်ဒဏ်ရာရရှိသည့် အတွက်၊ ပုဒ်မ ၃၂၆/၃၄ အရရင်း၊ ပြစ်မှုတွေ့ရှိ ပြစ်ဒဏ်စီရင်ခဲ့ခြင်း ဖြစ်ပေသည်။

ထို့ကြောင့်၊ ယခုအယူခံမှုကို တင်သွင်းရာဝယ်၊အယူခံ တရားလို အတွက် လိုက်ပါ ဆောင်ရွက်သည့် ပညာရှိ ရှေ့နေကြီးက၊ မဗုံလုံက အယူခံ တရားလို၏ အသံကို ကျက်မိသဖြင့်၊ ၎င်းပါဝင်သည်ဟု စွပ်စွဲခဲ့ခြင်းမှာ၊ တထစ်ချ မှန်ကန်သည်ဟု ယုံကြည် လက်ခံနိုင်ရန် ခဲယဉ်းသည့် သက်သေခံချက်မျိုး ဖြစ်ကြောင်း သာဓက ရှိသည်

၁၉၆၄

မောင်စံခ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

တကြောင်း၊ မည်ကြီးနှင့် မောင်အောဘို့၏ ထွက်ဆိုချက်တို့မှာ၊ လက်နှိပ်ခါတ်မိုး ကို၊ မည်သည့်နေရာကထိုး၍ မြင်ရပါသည် ဆိုသည်နှင့်ပတ်သက်၍၊ အနည်းငယ် ကွဲလွဲနေပါသဖြင့်၊ ယုံကြည်လက်ခံရန် မသင့်။ ယုတ်စွအဆုံး၊ အယူခံ တရားလို ပါဝင်သည်ဆိုသည်မှာ သံသယရှိစရာ ရှိသဖြင့်၊ ထိုသံသယ အကျိုးကို၊ အယူခံ တရားလို ခံစားထိုက်ပါသည်ဟု ပြဆိုပေသည်။

ယခုကဲ့သို့ ကြီးလေးသည့် ပြစ်ဒဏ်စီရင်ရမည့် ရာဇဝတ်မှု မျိုးတွင်၊ တရားခံ တဦးအပေါ် အသံနှင့် မှတ်မိလိုက်ခြင်း ဖြစ်ပါသည် ဆိုချက်အပေါ် လုံးဝမူတည် အပြစ်မပေးသင့်ကြောင်းကိုမူ၊ ကျန်ုပ်တို့ သဘောတူညီ လက်ခံပေသည်။ သို့သော် ယခုအမှုတွင်၊ အယူခံတရားလို၏ အသံကို ကျက်မိသူမှာ၊ မဗုံလုံ တဦးသာ မဟုတ်၊ ယခင်က အတူနေခဲ့ကြောင်း အငြင်းမထွက်သည့်၊ မောင်ခင် (လိုပြ ၂) ကပါထပ်မံ ထောက်ခံထားသည့်ပြင်၊ မည်ကြီး၊ မောင်အောဘို့က၊ အယူခံ တရားလိုအား တိကျစွာ မြင်တွေ့ရသည့်ပြင်၊ အသံကိုပါ မှတ်မိလိုက်ကြောင်း ထပ်မံ ထွက်ဆိုထားသဖြင့်၊ ၎င်းတို့၏ ထွက်ဆိုချက်မှာသည်း၊ မယုံကြည်နိုင်လောက်အောင် ပျက်ပြယ်ခြင်းမရှိရကား အယူခံ တရားလို၏ ပညာရှိရွှေနေကြီး၏ တင်ပြချက်ကို၊ ကျန်ုပ်တို့ လက်ခံနိုင်ရန် ခဲယဉ်းပေသည်။

သို့ပေငြားလည်း၊ ယခုအမှုတွင် အယူခံ တရားလိုအား၊ ရာဇသတ် ပုဒ်မ ၃၄ နှင့် တွဲပြီး၊ ပြစ်မှုတွေ့ရှိပြစ်ဒဏ် စီရင်ခဲ့သည်မှာ၊ ဥဖဒေအရ လက်ခံနိုင်စရာရှိ မရှိကို၊ ဆင်ခြင်သုံးသပ်ရန် လိုပေသည်။ အဘယ်ကြောင့် ဆိုသော်၊ အမှုတွင် အယူခံ တရားလိုနှင့် အတူစွဲတင်ခဲ့သည့် အခြားလူ ၃ ဦးအား တရားရှင် လွှတ်ခဲ့သည် တကြောင်း၊ အမှုတွဲတွင် အယူခံ တရားလိုသည်၊ တဦးထက် ပိုသောသူများနှင့် မိမိတို့ အကြံတူ တခုကို၊ အထမြောက်စေရန် ရည်ရွယ်၍၊ ပြစ်မှုကျူးလွန်ခဲ့ခြင်း ဖြစ်ပါသည်ဟု၊ မည်သည့် သက်သေခံ အထောက်အထားမှ မရှိသောကြောင့် ဖြစ် ပေသည်။ ၎င်းအချက်နှင့် ပတ်သက်၍၊ **အောင်သိန်းနှင့် ပြည်ထောင်စု မြန်မာနိုင်ငံ** (၁) စီရင်ထုံးတွင်၊ အောက်ပါ အတိုင်း ပြဆိုထားပေသည်။

> "The essence of joint liability under section 34 of the Penal Code is the prior existence of a common intention or formation of a pre-arranged plan which can, under circumstances, be inferred, and then the doing of a criminal act in furtherance thereof.
>
> It is not every combination of two or more persons making an attack upon another that one can infer from such joint

(၁) (1959) B.L.R. p.1(H.C.)

ဥဒ္ဒေ့ဂ

ဓေဝင်စံဝ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

attack, if the other is wounded or killed thereby the existence of a common intention to do a criminal act in furtherance of such intention within the ambit of section 34. In other words to attract the provisions of section 34 there must have been a prior meeting of minds. Several persons may simultaneously attack a man and each can have the same intention, namely, the intention to kill and each can individually inflict a separate blow, and yet none would have the common intention required under section 34 of the Penal Code if there was no prior meeting of minds to form a pre-arranged plan. In such a case each, individually, would be liable for whatever injury he caused, but none could be vicariously convicted for the act of any of the other persons."

တဖန်၊ ယခင် တရားလွှတ်တော်ချုပ်မှ၊ **မောင်ဟန်မောင် (ခေါ်) မောင်စံမောင်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ** (၂) စီရင်ထုံးတွင်လည်း၊ "တဦးထက် ပိုသော သူများသည်၊ မိမိတို့၏ အကြံတူ တခုခုကို၊ အထမြောက်စေရန် ရည်ရွယ်၍၊ ပြစ်မှုကျူးလွန်သည့် အခါဌာသျှင်၊ ရာဇသတ်ကြီး ပုဒ်မ ၃၄ တွင် အကျုံးဝင်လေသည်။ ယခုမူကား၊ ကြံရာပါဆိုသူသုံးဦးအနက်၊ နှစ်ဦးကို တရားသေလွှတ်ပြီးပြီ ဖြစ်သဖြင့်၊ ကျန်ရှိသူ အယူခံတရားလိုအား၊ ရာဇသတ်ကြီး ပုဒ်မ ၃၄ နှင့်တွဲပြီး၊ ပုဒ်မ ၃၀၂ အရပြစ်မှု ထင်ရှားစီရင်ခြင်း မပြုနိုင်ခေ။" ဟုပြဆိုထားသောကြောင့် ဖြစ်ပေသည်။

ထို့အတွက်ပင်၊ အစိုးရ အတွက် လိုက်ပါဆောင်ရွက်သည့် ပညာရှိရွှေနေကြီးက၊ ယခုအမှုတွင် အယူခံ တရားလို အပေါ် ရာဇသတ်ပုဒ်မ ၃၄ နှင့်တွဲ၍၊ ပြစ်မှုတွေ့ရှိ ပြစ်ဒဏ်စီရင်ထားခြင်းမှာ၊ ဥပဒေအရ လက်ခံနိုင်ရန် မရှိကြောင်း ဝန်ခံ၍၊ အမှုတွဲတွင် ပေါ်လွင်သည့် သက်သေခံချက်များအရ၊ သေဆုံးသူများအားဂင်း၊ ဒဏ်ရာရသူ မဗုံလုံ အားဂင်း၊ အယူခံ တရားလိုက မည်သို့မျှ ပြုလုပ်ခဲ့ကြောင်း သက်သေခံချက် မရှိ။ အချင်းဖြစ်သည့် အခါက၊ ဂင်းပါဝင် အားပေး ကူညီပြီး ရှိနေကြောင်းသာ၊ အထောက် အထားရှိရကား၊ အယူခံ တရားလိုသည် အများဆုံး ရာဇသတ်ပုဒ်မ ၃၂၆/၁၁၄ အရ၊ ပြစ်မှုထိုက်သူဖြစ်ပေသည်ဟုသာ ယူဆသင့်ကြောင်း ပြဆိုသည်။ ထိုပြဆိုချက်ကို ကျွန်ုပ်တို့ကလည်း သဘောတူညီသဖြင့်၊ အယူခံ တရားလို အပေါ် ရာဇသတ်ပုဒ်မ ၃၀၂(၁)(ခ)/၃၄ အရနှင့် ပုဒ်မ ၃၂၆/၃၄ အရ၊ ပြစ်မှုတွေ့ရှိခဲ့ခြင်းများမှာ၊ မှားယွင်းနေသဖြင့် ပယ်ဖျက်ရပေမည်။

ဖေါ်ပြပါ အကြောင်းများကြောင့်၊ သရက်မြို့၊ ဒုတိယ အထူးတရားသူကြီးရုံး၊ ၁၉၆၃ ခုနှစ်၊ ရာဇဝတ်ကြီးမှု အမှတ် ၂၇ တွင်၊ အယူခံ တရားလို မောင်စံခ အပေါ်

(၂) (1959) B.L.R. p.125(S.C.)

၁၉၆၄

မောင်စံခ
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ။

ရာဇသတ်ပုဒ်မ ၃၀၂(၁)(ခ)/၃၄ အရ၊ ပြစ်မှု ၂ ရပ်နှင့် ပုဒ်မ ၃၂၆/၃၄ အရ၊ ပြစ်မှုတရပ်တွေ့ရှိ၍၊ သေဒဏ်နှင့် ထောင်ဒဏ် ၁၀ နှစ်ကျခံစေရမည်ဟု ပြစ်ဒဏ် စီရင်ထားခြင်းတို့ကို ကျွန်ုပ်တို့ ပယ်ဖျက်၍၊ ၎င်းတို့အစား၊ အယူခံ တရားလို မောင် စံသည်၊ မောင်သိန်းမောင်နှင့် မောင်ဖြူစောဘို့ သေဆုံးရသည့် အတွက်၊ ရာဇသတ် ပုဒ်မ ၃၂၆/၁၁၄ အရ၊ ပြစ်မှု ၂ ရပ်ကျူးလွန်သဖြင့်၊ ထိုပြစ်မှုများ အတွက် ထောင်ဒဏ် တသက်တကျွန်းစီ အသီးသီး ကျခံစေရမည့်ပြင်၊ မဗုံသုံ ရွာဆင်း ပျက်အောင် ဒဏ်ရာရရှိသည့်အတွက်၊ ရာဇသတ်ပုဒ်မ ၃၂၆/၁၁၄ အရ၊ ပြစ်မှုကျူးလွန်၍၊ ထောင် ဒဏ် (၁၀) နှစ် ကျခံစေရမည်။ သို့သော်၊ ထိုပြစ်ဒဏ်များကို တပေါင်းတည်း ကျခံစေရမည်ဟု ပြင်ဆင်အမိန့်ချမှတ်လိုက်သည်။

ရာဇဝတ်အယူခံမှု

တရားသူကြီး ဦးထွန်းတင် ရှေ့တွင်

၁၉၆၃ ခု
မေလ ၂၆ ရက်။

မထွေးစိန် (အယူခံတရားလို)

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ (အယူခံတရားခံ)*

ရာဇသတ်ကြီးပုဒ်မ ၃၀၄—မိမိအသက်အန္တရာယ်ကို ကာကွယ်ရာတွင် လင်ယောကျ်ားကို သေစေခဲ့သောမိန်းမ—ရာဇသတ်ကြီးပုဒ်မ ၉၇ တွင်အကျုံးဝင် မဝင်။

သေသူသည် မိမိဇနီးဖြစ်သူ အယူခံတရားလိုနှင့်စကားများသည်တွင်၊ အယူခံတရားလိုအား၊ ဓါးမကိုဆွဲပြီး ခုတ်ရန်လာသဖြင့်၊ အယူခံတရားလိုသည်မိမိကိုယ်ကိုကာကွယ်ရန် အနီးရှိထင်းစနှင့် ပေါက်လိုက်ရာ၊ သေဆုံးခဲ့လေသည်။

ဆုံးဖြတ်ချက်။ ။အထက်ပါအခြေအနေတွင်၊အယူခံတရားလိုက သေသူအားထင်းစနှင့်တချက် သာရိုက်လိုက်ခြင်းမှာ၊ မိမိ၏အသက်အန္တရာယ်ကို ကာကွယ်သည့်အနေနှင့် ပြုလုပ်လိုက်ခြင်းဖြစ်ကြောင်း ပြဆိုချက်မှာ၊ ယုတ္တိရှိသည်ဟုလက်ခံရမည်။

အယူခံတရားလို၏ပြုမူချက်မှာ ရာဇသတ်ကြီးပုဒ်မ ၉၇ ခွင့်ပြုချက်အရ၊ အသက်ဘေးအန္တရာယ်ကို ကာကွယ်သည့်အနေနှင့် ပြုလုပ်ရခြင်းဖြစ်သည်ဟုသာ ယူဆရမည်ဖြစ်သည့်ပြင်၊ မိမိကိုယ်ကို ခုခံကာကွယ်ပိုင်ခွင့်ထက် ပိုမိုပြုလုပ်ခြင်းဖြစ်သည်ဟုလည်း မယူဆနိုင်။

အယူခံ တရားလို အတွက်။ ။

အယူခံ တရားခံ အတွက်။ ။အစိုးရရှေ့နေကြီး ဦးနှစ်။

တရားသူကြီး ဦးထွန်းတင်။ ။အယူခံတရားလို မထွေးစိန်မှာ၊ ဟသ်ာတမြို့၊ တတိယ အဆူး တရားသူကြီးရုံး၊ ၁၉၆၃ ခု၊ ရာဇဝတ်မှုအမှတ် ၁၄ တွင်၊ ၁၉၆၃ ခု၊ ဇွန်လ ၃ ရေနံနှက် ၉ နာရီအချိန်ခန့်၊ ၎င်း၏ခင်ပွန်းဖြစ်သူ မောင်ဘင်ကြည်အား၊ ရိုက်နှက်သေဆုံးရသည့်အတွက် တရားစွဲဆိုခံရရာ၊ ရာဇသတ်ကြီး ပုဒ်မ ၃၀၄ အရ၊ ပြစ်မှုကျူးလွန်ကြောင်း တွေ့ရှိရသည်ဆိုခြင်း၊ အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၁၀ နှစ်

---

* ၁၉၆၄ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၆၄။

† ရာဇသတ်ပုဒ်မ ၃၀၄ အရ၊ ပြစ်မှုထင်ရှားစီရင်ခြင်းကို အယူခံမှု။ ၁၉၆၃ ခုနှစ်၊ ရာဇဝတ်ကြီးမူအမှတ် ၁၄ တွင် ချမှတ်သော ၁၉၆၄ ခုနှစ်၊ ဇန္နဝါရီလ ၁၈ ရက်နေ့စွဲပါတတိယအထူး တရားသူကြီး၏ အမိန့်ကိုအယူခံမှု။

ကျခံစေရမည်ဟု ပြစ်ဒဏ်စီရင်ခြင်း ခံရလေသည်။ ထို့အတွက် အယူခံ တရားလိုက ယခုအယူခံမှုကို တင်သွင်းခဲ့ခြင်း ဖြစ်ပေသည်။

၁၉၆၃

မထွေးစိန်နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

အမှုကြောင်းရာ လိုရင်းကို ဖေါ်ပြရမူ၊ အချင်းဖြစ်သည့်နေ့ နံနက်က သေသူ မောင်တင်ကြည်သည် ၎င်းအလုပ်လုပ်နေသည့် အိမ်နီးပါးရှိ ဆန်စက်မှ အိမ်သို့ပြန်လာ၍၊ မီးဖိုတွင် ထမင်းချက်နေသူ အယူခံ တရားလိုထံ မုန့်တောင်းသည်တွင် အယူခံ တရားလိုက မုန့်ကုန်နေကြောင်း ပြောရာ၊ သေသူက ဆေးလိပ်ဝယ်ပေးရန် ထပ်မံပြောသည်တွင်၊ အယူခံ တရားလိုက ခေတ္တဆိုင်းရန် ပြန်ပြောရာမှ တယောက် တခွန်း စကားများ၊ ဆဲဆိုရန်ဖြစ်ကြောင်း၊ အယူခံ တရားလို၏ သမီး မအစု (လို့ပြ ၂) ကထွက်ဆိုသည်။ ထို့နောက် သေသူက မီးဖိုခေါင်းရင်းခန်းတွင် ထိုးထားသည့် သက်သေခံ ဓါးမကို ဆွဲထုတ်ယူ၍ အယူခံ တရားလိုထံ သွားသည်ကို တွေ့ရ၍ မအစုက ကြောက်ပြီး၊ ၎င်းက အိမ်ပေါ်မှ ခုန်ချဆင်းပြေးသည် ဆိုကြောင်း။ ထို့နောက် များမကြာမီ အယူခံ တရားလိုက လာကြပါဟု အော်သဖြင့်၊ ဦးမောင်ဆင့်၊ မောင်သိန်းဝင်း (လို့ပြ ၃၊ ၅) တို့သည် ထိုအိမ်သို့ သွားရာ၊မောင်တင်ကြည်အား ခေါင်းတွင် ဒဏ်ရာနှင့် အိမ်ရှေ့ဘိနပ်ချတ် ကုလားထိုင် ၂ လုံးကြားထဲတွင် လဲနေသည်ကို တွေ့ကြရသည်ဆိုကြောင်း။ ထိုအခါ ဦးမောင်ဆင့်က၊ အယူခံ တရားလိုအား ဘာဖြစ်သလဲဟု မေးရာ၊ ရှေးဦးစွာ အယူခံ တရားလိုက ရန်ဖြစ်လို့ ကျွန်မရိုက်လိုက်ပါတယ်ဟု ပြန်ပြောပါသည်ဆို၍၊ ပြန်ခေါ်မေးသော အခါမူ၊ အယူခံ တရားလိုက ကိုတင်ကြည်ခုယ် ကျွန်မကို ဓါးနှင့်ခုတ်ရန် လာလို့ ကျွန်မက ထင်းစနှင့် ကောက်ပစ်လိုက်ပါတယ်ဟု ပြောပြသည်ဟု ထွက်ဆိုသည်။ ထို့နောက် သေသူအား ကွင်းကောက်ရွာ ကျန်းမာရေးမှူး ဦးခင်မောင်သင် (လို့ပြ ၁၀) ထံခေါ်သွား၍၊ ဒဏ်ရာတွင် ဆေးမျှားထည့်ပြီး၊ ညနေ ၅ နာရီခန့် အင်္ဂါပူဆေးရုံသို့ လှည်းဖြင့် ပို့သည်တွင်လမ်း၌ မောင်တင်ကြည် သေဆုံးသွားလေသည်။ အလောင်းကို ခဲ့စိပ် ကြည့်ရှုသူ ဆရာဝန် ဦးသာဒင် (လို့ပြ ၁) က သေသူ၏ ခေါင်းနောက်ဖက်တွင် ပေါက်ပြဲနေသည့်ဒဏ်ရာ ၁ ခုတွေ့ရှိရာ၊ ထိုဒဏ်ရာကြောင့် ဦးခေါင်းခွံ ကွဲပြီး၊ ဦးနှောက်ကို ထိသွားသဖြင့် မုချသေစေမည့် ဒဏ်ရာဖြစ်ကြောင်း။ ၎င်းဒဏ်ရာကို ရှုံးရွှေရှိ ထင်းစနှင့် အားစိုက်၍ ရိုက်ကျနိုင်ပြီး၊ ထင်းစနှင့် ပေါက်ရုံနှင့် မဖြစ်နိုင်ပါဟု ထွက်ဆိုသည်။

တရားလိုဘက်မှ သက်သေများ ထွက်ဆိုချက် အရ၊ အချင်းဖြစ်စဉ် အယူခံ တရားလို၏ အိမ်ဘွင်၊ ၎င်းတို့ လင်မယားနှင့် သမီးငယ် မအစု (လို့ပြ ၂) မှတပါး မည်သူမျှမရှိသဖြင့်၊ သေသူမည်သို့ ဒဏ်ရာရရှိကြောင်းကိုမူ မျက်မြင်သက်သေ တဦး တယောက်မျှ မရှိပေ။

၁၉၆၃

မထွေးစိန်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ။

အယူခံ တရားလိုက ကျမ်းကျိန်အစစ်ခံရတွင်၊ မအစု ထွက်ဆိုသကဲ့သို့ ထိုနေ့ နံနက်သေသူ ပြန်ရောက်လာပြီး၊ မိမိနှင့် စကားများ၊ ဆဲဆိုရန်ဖြစ်သည်ထွင်၊ အယူခံ တရားလိုက မီးဖို့မှ သက်သေခံ ခါးမကိုဆွဲပြီး မိမိအား ခုတ်ရန်လာသဖြင့်၊ မိမိကိုယ်ကို ကာကွယ်ရင်း အနီးရှိ ထင်းစနှင့် ပေါက်လိုက်ခြင်းသာ ဖြစ်ပါသည်ဟု ဆိုပေသည်။

တရားလို သက်သေ မအစု (လိုပြ ၂) ၏ထွက်ဆိုချက်မှာ မည်သို့မျှ ပျက်ပြယ်ခြင်း မရှိရကား၊ အချင်းဖြစ်စဉ်က သေသူက ခါးမကိုဆွဲပြီး အယူခံ တရားလိုထံ သွားသည် ဆိုသည်ကို လက်ခံရ ပေမည်။ အဘယ်ကြောင့်ဆိုသော်၊ အမှုစုံစမ်းသူ ရဲအုပ် ဦးသိန်းဖေ (လိုပြ ၉) ကလည်း သက်သေခံ ခါးမကို အချင်းဖြစ်ပြီး မကြာမီ ဒဏ်ရာရသူ အနီး ၂ တောင်ခန့်က တွေ့ရှိသိမ်းဆည်းပါသည်ဆိုသဖြင့်၊ သေသူမှာ ထိုအခါက ခါးမ ကို ကိုင်ဆောင်ထားကြောင်း ပေါ်လွင်ပေသည်။

သို့ဖြစ်ရကား၊ ယခုအမှုတွင် သေသူအား၊ အယူခံ တရားလိုက သက်သေခံ ထင်းစနှင့် ရိုက်နှက်လိုက်၍ သေဆုံးရသည် ဆိုစေဦး၊ ထိုသို့ ပြုလုပ်ခြင်း အတွက် အယူခံတရားလိုမှာပြစ်မှုကျူးလွန်သူတဦးဖြစ်ပါသလားဆိုသည်ကို စဉ်စားရပေမည်။

တရားလိုသက်သေ ဦးမောင်ဆင့်၊ မောင်မှုံ၊ မောင်သိန်းဝင်း (လိုပြ ၃၊၄၊၅) အပြင် မအစု (လိုပြ ၂) တို့အရ၊ အချင်းမဖြစ်မီ သေသူနှင့် အယူခံတရားလိုတို့ စကားများ၊ ရန်ဖြစ် ဆဲဆိုကြကြောင်းမှာ ထင်ရှားရကား သေသူက သက်သေခံ ခါးမကိုဆွဲပြီး၊ အယူခံ တရားလိုထံ သွားခဲ့ခြင်းမှာ အသက်အန္တရာယ်ပြုရန်မှ အပ အခြားအကြောင်းနှင့် သွားသည်ဟု ယူဆရန် မဖြစ်။ အယူခံ တရားလိုကလည်း သေသူက၊ သူ့အား အသက်အန္တရာယ် ပြုရန်သာ လာခြင်း ဖြစ်သည်ဟု ယုံကြည် မည်မှာ မလွဲပေ။ သို့ဖြစ်ရကား၊ ထိုသို့သော အခြေအနေတွင် အယူခံတရားလိုက သေသူအား ထင်းစနှင့် တချက်သာ ရိုက်လိုက်ခြင်းမှာ မိမိ၏ အသက်အန္တရာယ်ကို ကာကွယ်သည့်အနေနှင့် ပြုလုပ်လိုက်ခြင်း ဖြစ်ကြောင်း၊ ၎င်း၏ပြဆိုချက်မှာ၊ မှန်ကန် ယုတ္တိရှိသည်ဟု လက်ခံရပေမည်။ သို့ဖြစ်ရကား၊ အယူခံ တရားလို၏ ပြုမူချက်မှာ ရာဇသတ်ကြီးပုဒ်မ ၉၇ ခွင့်ပြုချက်အရအသက်ဘေး အန္တရာယ်ကို ကာကွယ်သည့် အနေနှင့် ပြုလုပ်ရခြင်း ဖြစ်သည်ဟုသာ ယူဆရမည် ဖြစ်သည့်ပြင်၊ ယခင် တရား လွှတ်တော်မှ၊ **မောင်ကတုံးနှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်** (၁) စီရင်ထုံးတွင် ပြဆိုထားသည့် အတိုင်း၊အယူခံတရားလိုသည် သက်သေခံချက်များအရ၊မိမိကိုယ်ကို ခုခံကာကွယ်ပိုင်ခွင့်ထက် ပိုမိုပြုလုပ်ခဲ့ခြင်း ဖြစ်ပါသည်ဟုလည်း ယူဆရန် မဖြစ် ကြောင်းကို အစိုးရအတွက် လိုက်ပါဆောင်ရွက်သည့်ပညာရှို ရွှေနေကြီးက သဘော

(၁) ၁၉၄၈ ခု၊ ဘီ၊အယ်၊အာရ်၊ တရားလွှတ်တော်၊ စာ ၆၆၁။

၁၉၆၃

မထွေးစိန်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ။

တူညီ၍၊ ယခုအမှုတွင် အယူခံ တရားလို၏ ပြုမူချက်မှာ ရာဇသတ်ကြီး ပုဒ်မ ၉၇ ခွင့်ပြုချက်တွင် လုံးဝအကျုံးဝင်နေသဖြင့်၊ အယူခံ တရားလိုသည် ပြစ်မှုကျူးလွန်သူ တဦးဖြစ်သည်ဟု မည်သို့မျှ ယူဆရန် မသင့်ကြောင်း ဝန်ခံပေသည်။

ဖေါ်ပြပါ အကြောင်းများကြောင့်၊ ယခုအယူခံမှုကို ခွင့်ပြုပြီး၊ ဟင်္သာတမြို့၊ တတိယ အထူး တရားသူကြီးရုံး၊ ၁၉၆၃ ခု၊ ရာဇဝတ်မှု အမှတ် ၁၄ တွင်၊ အယူခံ တရားလို မထွေးစိန် အပေါ် ရာဇသတ်ကြီးပုဒ်မ ၃၀၄ အရ ပြစ်မှုတွေ့ရှိ ပြစ်ဒဏ် စီရင်ထားခြင်းကို ပယ်ဖျက်၍၊ ၎င်းအား ထိုအမှုမှ တရားသေလွှတ်လိုက်သည်။

ရာဇဝတ်အယူခံ

တရားသူကြီး ဦးထွန်းတင် ရှေ့တွင်

၁၉၆၄
မေလ ၃ ရက်။

မနှင်း (အယူခံတရားလို)

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံတော် (အယူခံတရားခံ)*

ရာဇသတ်ကြီးပုဒ်မ ၃၀၄ မည်သူရှိုက်၍သေဆုံးခြင်း—သံသယပုဒ်မ ၃၂၅ အရသာအပြစ်ပေးသင့်ခြင်း။

အယူခံတရားလိုနှင့် အခြားသူတဦးတို့က တုတ်နှင့်ရိုက်သဖြင့်၊ သေသူသည် သေဆုံးခဲ့ရာအောက်ရုံးက အယူခံတရားလိုအား ရာဇသတ်ကြီးပုဒ်မ ၃၀၄ အရ အပြစ်ပေးခဲ့လေသည်။

ဆုံးဖြတ်ချက်။ ။သေသူရရှိသည့် သေစေမည့်ဒဏ်ရာများမှာ၊ မည်သူပြုလုပ်ရရှိသည့်ဒဏ်ရာဖြစ်ကြောင်း တထစ်ချယူဆရန်ခဲယဉ်းသဖြင့် ထိုဒဏ်ရာများကို အယူခံတရားလိုပြုလုပ်သည်ဟုယူဆရန်လုံလောက်သည့် သက်သေခံအထောက်အထားမရှိ။

အယူခံတရားလိုသည် ထိုသံသယ၏အကျိုးကို ခံစားခွင့်ရှိသဖြင့် ပုဒ်မ ၃၂၅ အရသာ ပြစ်မှုကျူးလွန်သည်ဟုဆုံးဖြတ်ရမည်။ ပုဒ်မ ၃၀၄ အရ ပြစ်မှုတွေ့ရှိခဲ့ခြင်းကို လက်မခံနိုင်။

မောင်စိန် ပါ ၃ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ၊ ၁၉၄၈ ခု၊ မြန်မာပြည်စီရင်ထုံး၊ စာမျက်နှာ ၃၃၄ ကိုရည်ညွှန်းသည်။

အယူခံ တရားလိုအတွက်။ ။

အယူခံ တရားခံ အတွက်။ ။ဦးခင်မောင် (အစိုးရရှေ့နေကြီး)။

တရားသူကြီး ဦးထွန်းတင်။ ။အယူခံတရားလို၊ ထားဝယ်မြို့ ကျောက်မော်ရပ်ရွာ၊ မနှင်းမှာ မအုန်းသင် (၁) ဝယ်သထျန်းနှင့်အတူ၊ ထားဝယ်မြို့ အထူးပဋမတရားသူကြီးရုံး၊ ၁၉၆၃ ခု၊ ရာဇဝတ်မှုအမှတ် ၈ တွင်ဝက်သားလိုင်စင်စိကိုယ်စားလှယ်အစန်းဆိုသူ၊ ဒဏ်ရာရရှိသေဆုံးရသည်နှင့်ပတ်သက်၍၊ ရာဇသတ်ကြီး ပုဒ်မ ၃၀၂/၁၁၄ အရ၊ တရားစွဲဆိုခံရရာ၊ ပုဒ်မ ၃၀၄ အရ၊ ပြစ်မှုကျူးလွန်ကြောင်းတွေ့ရှိရသည်ဆို၍၊ ထောင်ဒဏ် ၁၀ နှစ်ကျခံစေရမည်ဟု ပြစ်ဒဏ်စီရင်ခြင်းခံရသည်ကို မကျေနပ်၍ ယခုအယူခံမှုကို တင်သွင်းခဲ့ခြင်းဖြစ်လေသည်။

---

* ၁၉၆၄ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၄၆။

† ၁၉၆၃ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၈ တွင်၊ ချမှတ်သော ၁၉၆၄ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့စွဲပါ၊ ထားဝယ်မြို့အထူး (စက်ရွင်) တရားသူကြီး၏အမိန့်ကိုအယူခံမှု။

၁၉၆၄

မန္နင်း
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ။

အမှုကြောင်းရာ အသေးစိတ်ကို အောက်ရုံးစီရင်ချက်တွင် ပြဆိုထားပြီးဖြစ်သဖြင့် ထပ်မံဖော်ပြရန် လိုအပ်မည် မဟုတ်တော့ပေ။ သို့သော် အကျဉ်းခြုံးသိရှိရန်၊ လိုရင်းကိုဖော်ပြရမူ၊ အချင်းဖြစ်သည့် ၁၂-၇-၆၃ နေ့မတိုင်မီတရက် ၁၁-၇-၆၃ နေ့နံနက် ၈ နာရီခန့်အချိန် သေသူ အစန်းသည် ရဲသား မောင်ဝင်းစိန် အကူအညီနှင့် ထားဝယ် အဝင်တံတားအနီး၊ မာလာကြည်ဆိုသော ဘတ်(စ်) ကားကို တက်ရောက်ရှာဖွေရာ၊ အယူခံဘရားလိုနှင့် မအုံးသင်တို့ထံ၊ အမဲသား ၈ ပိဿာ၊ ဝက်သား ၁ ပိဿာကျော် တွေ့ရှိသဖြင့်ဘမ်းဆီးပြီး အစန်းက ဝက်သားများကို သိမ်းလိုက်သဖြင့် မအုံးသင်နှင့် စကားများပြီး မအုံးသင်က အစန်းကို ကြိမ်းမောင်းသည်ဆိုကြောင်း။ နောက်တနေ့ နံနက် ၈ နာရီအချိန်ခန့်၊ ကရပ်ပျင်စျေးအနီး ဇရပ်တခုနားတွင် မအုံးသင်နှင့် အစန်းတို့ တွေ့ဆုံကြသည်တွင်၊ မအုံးသင်က ငင်းအား အစန်းကဝင်ရောက်တိုက်သည်ဆိုပြီးစကား များရန်ဖြစ်၍၊ မအုံးသင်က အနီးရှိ ဝါးလုံးပိုင်းတခုကိုကောက်၍၊ အစန်းအား ရိုက်မည် ပြုသည်တွင် ဦးဘိုးဟန် (လိုပြ ၄) က၊ ဝင်ရောက်ဖြန်ဖြေ၍ မအုံးသင်လက်မှ ဝါးလုံးကို ယူပြီး အနီးအနားသို့ လွှင့်ပစ်လိုက်သည်ဆိုကြောင်း။ ထို့နောက် ဦးဘိုးဟန်က ရန်ဆက် လက်မဖြစ်စေရန်၊ အစန်းအား လဘက်ရည်ဆိုင်သို့ ခေါ်သော်လည်း အစန်းကမလိုက်ဘဲ အနီးတွင်ရပ်နေသူ မအုံးသင်အား၊ ငင်းအား သတ္တိရှိရင် လာရိုက်ဟု စိမ်ခေါ်သည်တွင်၊ မအုံးသင်က ဦးဘိုးဟန်ပစ်လိုက်သည့်ဝါးလုံးကို ပြန်ကောက်ကိုင်၍ အစန်းထံသွားပြီး ဆီး၍ ရိုက်လိုက်သည့်နောက်၊ အစန်းက ဝါးလုံးကို ဘယ်ဘက်လက်နှင့် ဘမ်းဆွဲထားပြီး၊ ညာဘက်လက်နှင့် မအုံးသင်မျက်နှာဆီသို့ ဆင့်ခါဆင့်ကာထိုးပြီး သတ်ပုတ်နေကြသည်ဆိုကြောင်း။ ထိုစဉ် မြင်းလှည်းတစီးအနားသို့ ရောက်ရှိလာ၍၊ ရပ်တန့်ပြီး၊ မြင်းလှည်းပေါ်မှ အယူခံတရားလိုသည် သက်ဆိုင်သံတုတ်ပိုင်းကို ကိုင်၍ ဆင်းလာကာ အစန်းအားဝင်ရောက်ရိုက်ရာ အစန်းကိုမထိ။ မြေကြီးကိုသာ ရိုက်မိသည်ဆိုသည်။ သို့သော် ငင်းအခိုက်အတန့်တွင်ပင်၊ မအုံးသင်က အစန်း၏ဆီးစပ်ကို ခြေနှင့်ကန်လိုက်သဖြင့် အစန်းဖင်ထိုင်ချက်လဲသွားသည်တွင် အယူခံတရားလိုက နောက်ထပ် တုတ်နှင့် တချက်ရိုက်လိုက်ရာ၊ အစန်း၏ခေါင်းတွင်မှန်ပြီး အစန်းမှာလဲယိုင်၍ မှောက်လျက်လဲ ကျသွားသည်ဆိုကြောင်း။

ထို့ပြင်ပျက်နေသည့်နေရာသို့ ရဲသား မောင်သန်းဖေ (လိုပြ ၂) ကရောက်ရှိနေသဖြင့် ဒဏ်ရာရသူအစန်းအပြင်၊ အယူခံဘရားလို မအုံးသင်နှင့် ရိုက်နှက်သည့် သက်သေခံတုတ် ကိုပါ သိမ်းဆီးပြီးဌာနာသို့ပို့အပ်၍၊ သတင်းချက်ရေးဖွင့်လေသည်။ ဒဏ်ရာရသူ အစန်း ကိုဆေးရုံ သို့ပို့ရာ၊ ငင်းမှာသတိမေ့မောနေပြီး၊ ညနေ ၆ နာရီခန့်တွင် သေဆုံးသွားသည်ဖို့သည်။ ဆရာဝန် ဒေါ်ခင်စန်း၏သွက်ဆိုချက်အရမူ၊ လူနာကိုကြည့်ရှုသောအခါ၊ ညာဘက်ဦးခေါင်းထိပ်နှင့် ညာဘက်နားထင်တွင် ဖူးရောင်နေသည့်ပြင်၊ ညာဘက်ပါး

၁၉၆၄
ခုနှင်း
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ။

ရှိးတွင်လည်း အသားကြေသည့် ဒဏ်ရာ တွေ့ရှိရကြောင်း။ ခဲစိပ်ကြည့်ရှုရာတွင် ခေါင်းမှဒဏ်ရာများကြောင့် ဦးခေါင်းခွံသည် အရင်းထိ ကွဲသွားရာ ထိုဒဏ်ရာမှာ သဘာဝအားဖြင့် သေစေရန်လုံလောက်သည့် ဒဏ်ရာဖြစ်ပြီး၊ ၎င်းဒဏ်ရာများကို တုံးသောလက်နက်နှင့်ပြုလုပ်ကရရှိနိုင်သည်ဟု ဆိုသည်။ ထို့အတူက် အယူခံတရားလိုနှင့်မအုံးသင်တို့အား၊ ယခုအမှုတွင် ရာဇသတ်ကြီးပုဒ်မ ၃၀၂/၁၁၄ အရ၊ တရားစွဲဆိုခြင်း ဖြစ်လေသည်။

ယခုအမှုတွင် မျက်မြင်သက်သေအဖြစ် ရဲသား မောင်သန်းဖေနှင့် ဦးဘိုးဟန် (လိုပြ ၂၊၄) နှစ်ဦးရှိရာ၊ ၎င်းတို့ထွက်ဆိုချက်အရ၊ သေသူအစန်းအား မအုံးသင်က ခေါင်းတွင် ဝါးလုံးနှင့်ရိုက်ပြီး၊ နောက်မှ အယူခံတရားလိုက အစန်းထိုင်ရက်လဲသွားစဉ် ဆက်သေခံသစ်သားတုံးနှင့် ခေါင်းတွင် တချက်ရိုက်လိုက်သည်မှာ ထင်ရှားပေသည်။ သို့သော် ရဲသား မောင်သန်းဖေအစစ်ခံချက်အရ၊ အချင်းဖြစ်ပြီးနောက် မအုံးသင်ရိုက်သည့်ဝါးလုံးကို လိုက်လံရှာဖွေသော်သည်း မတွေ့ပါဆိုသဖြင့် ၎င်းဝါးလုံးကို သက်သေခံအဖြစ်မတင်ပြနိုင်ရကား၊ ဝါးလုံးမှာ မည်မျှလုံးပတ်ရှိ၍ မည်မျှရှည်သည်၊ ဝါးခေါင်းပိတ်၊ ဆို့မဟုတ် ဝါးခေါင်းပွဖြစ်သည်ကို မည်သို့မျှမသိနိုင်ပေ။

၎င်းသက်သေထွက်ဆိုချက်အရ၊ အယူခံတရားလိုက ဆေသူအစန်းအား ပဌမတချက်ရိုက်သည်တွင်မထိ ဒုတိယတချက်တွင်သာ ခေါင်း၌ ထိပါသည်ဟု တွေ့ရှိရ၍ ဆရာဝန်ထွက်ဆိုချက်အရ သေသူတွင် ရိုက်နှက်ရရှိနိုင်သည့်ဒဏ်ရာ ၃ ခုတွေ့ရှိရာ၊ ၎င်းတို့အနက် ခေါင်းပေါ်တွင် ရရှိသည့်ဒဏ်ရာ ၂ ခုကြောင့်သေဆုံးရသည်ဆိုရကား၊ သေသူအား မအုံးသင်က ရှေးဦးစွာဝါးလုံးနှင့်ခေါင်းသို့ ဆီးရိုက်လိုက်ကြောင်းလည်းပေါ်လွင်နေသဖြင့် သေသူအစန်း ရရှိသည့် သေစေမည့်ဒဏ်ရာများမှာ မည်သူပြုလုပ်ရရှိသည့်ဒဏ်ရာဖြစ်ကြောင်း၊ တထစ်ချယူဆရန် ခဲယဉ်းနေကြောင်းကို အစိုးရအတွက်လိုက်ပါဆောင်ရွက်သည့်ပညာရှိ ရွှေနေကြီးက ဝန်ခံသည့်ပြင် ထိုသေလောက်သည့် ဒဏ်ရာများသည် အယူခံတရားလိုပြုလုပ်ရရှိသည့်ဒဏ်ရာများဆာဖြစ်သည်ဟု ယူဆရန် လုံလောက်သည့် သက်သေခံ အထောက်အထား မရှိကြောင်း သဘောတူညီပေသည်။

သို့ဖြစ်ရကား ယခုအမှုအကြောင်းချင်းရာများနှင့်ထပ်ဘူးဖြစ်သည့် **မောင်စိန် ပါ ၁** နှင့် **ပြည်ထောင်စုမြန်မာနိုင်ငံ** (၁) အမှုဘွင်၊ ပြဆိုဆားသည့်အတိုင်း ယခုအမှုတွင် အယူခံတရားလို ကျူးလွန်သည့်ပြစ်မှုမှာ ရာဇသတ်ကြီးပုဒ်မ ၃၀၇ မဖြစ်နိုင် ရာဇသတ်ကြီးပုဒ်မ ၃၂၅ သာဖြစ်ပေသည်ဟု ယူဆသင့်ကြောင်း၊ ပညာရှိ အစိုးရရွှေနေကြီးက ပြဆိုပေသည်။

(၁) ၁၉၄၈ ခုနှစ်၊ မြန်မာပြည်စီရင်ထုံး။ စာမျက်နှာ ၃၃၄။

၁၉၆၄

မနှင်း
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ။

အမှုတွင် အယူခံတရားလိုကမူ၊ သေသူအစန်းအား မိမိမရိုက်ရပါ။ မအုံးသင်နှင့် ရန်ဖြစ်နေသဖြင့် ဝင်ရောက်ဖြန်ဖြေခဲ့ခြင်းသာ ဖြစ်ပါသည်ဟု ဆိုလိုသော်လည်းမအုံးသင်အစစ်ခံရာ၌၊ မနှင်းကတုံ့နှင့်ရိုက်ကြောင်း ပေါ်လွင်နေရကား၊ အယူခံဘရားသို့ ၏ချေပချက်ကို လက်ခံနိုင်စရာမရှိပေ။ သို့သော် မည်သို့ပင်ဖြစ်စေ၊ အထက်ကပြဆိုခဲ့သည့်အတိုင်း၊ ယခုအမှုတွင် သေသူအစန်းရရှိသည့် သေလောက်သည့်ဒဏ်ရာမှာ မည်သူပြုလုပ်ရရှိကြောင်းမှာ သံသယဖြစ်စေရာ ရှိနေရကား၊ အယူခံတရားလိုသည် ထိုသံသယအကျိုးကို ခံစားခွင့်ရှိသည့်အတိုင်း ရာဇသတ်ကြီး ပုဒ်မ ၃၂၅ အရသာ ပြစ်မှုကျူးလွန်သည်ဟုဆုံးဖြတ်ရမည် ဖြစ်သဖြင့် ၎င်းအပေါ် ရာဇသတ်ကြီးပုဒ်မ ၃၀၄ အရ၊ ပြစ်မှုတွေ့ရှိခဲ့ခြင်းကို လက်မခံနိုင်။ ပယ်ဖျက်ရပေမည်။

ဖေါ်ပြပါအကြောင်းများကြောင့်၊ ထားဝယ်မြို့ ပဌမအထူး တရားသူကြီးရုံး၊ ၁၉၆၃ ခုနှစ်၊ ရာဇဝတ်မှု အမှတ် ၈ တွင် အယူခံတရားသို့ မနှင်းအပေါ် ရာဇသတ်ကြီး ပုဒ်မ ၃၀၄ အရ၊ ပြစ်မှုကျူးလွန်သဖြင့် ထောင်ဒဏ် ၁၀ နှစ်ကျခံစေရမည်ဟု ပြစ်ဒဏ်စီရင်ထားသည်ကို ပယ်ဖျက်၍၊ အယူခံတရားသို့ မနှင်းသည်ရာဇသတ်ကြီးပုဒ်မ ၃၂၅ အရ သာပြစ်မှုကျူးလွန်သဖြင့် ၎င်းမှာ မိန်းမသားဖြစ်၍ ထိုပြစ်မှုအတွက် အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၄ (လေး) နှစ်ကျခံစေရမည်ဟု ပြင်ဆင် အမိန့်ချမှတ်သိုက်သည်။

တရားမအထွေထွေ

တရားသူကြီးချုပ် ဦးဘိုကြီးနှင့်တရားသူကြီး ဦးစံမောင်ရွှေတွင်

၁၉၆၄

ဖေဖော်ဝါရီလ ၁ ရက်။

ဦးတိလောက (စောဒက)

နှင့်

ဦးပဏ္ဍိတ ပါ ၅ (စုဒိတကများ)*

ဝိနိစ္ဆယခုံ—ဆုံးဖြတ်နိုင်သည့် အချက်များ—အမှုတွင် မပါဝင်သောကိစ္စ—နာယကတင်မြှောက်သည့်ကိစ္စ—ဆုံးဖြတ်ခြင်းမပြုနိုင်။

ဆုံးဖြတ်ချက်။ ။ဝိနိစ္ဆယခုံသည်၊ စွဲဆိုသောအမှုတွင် မပါဝင်သောအချက်များနှင့် စပ်လျဉ်း၍ဆုံးဖြတ်ခြင်းမပြုနိုင်။

ဦးအရိယဝံသ နှင့် ဦးဥတ္တမပါ ၅၊ ၁၉၅၉ ခုနှစ်၊ မြန်မာပြည်စီရင်ထုံးများ၊ တရားလွှတ်တော်ချုပ် စာမျက်နှာ ၂၁၇။

ထပ်မံဆုံးဖြတ်ချက်။ ။မတသန္တကသံဃိကကျောင်းကို အုပ်ချုပ်ကွပ်ကဲရန်အတွက်၊ ဝိနည်းတော်အတိုင်း၊ သက်ဆိုင်ရာသံဃာများက နာယကတင်မြှောက်ရမည်ဖြစ်သည်။ ယင်းသို့ နာယကတင်မြှောက်ရန်ကိစ္စရပ်သည်၊ ဝိနိစ္ဆယခုံရုံး ဆုံးဖြတ်ရမည့်ကိစ္စရပ်မျိုးမဟုတ်။

ဦးသောပါကနှင့် ဦးဝိလာသပါ ဂ၊ တရားလွှတ်တော်ချုပ် တရားမ အထွေထွေလျှောက်လွှာ အမှတ် ၂၃၆/၆၁။

စောဒကအတွက်။ ။ရွှေနေကြီး ဦးဘသိန်း (၁)။

စုဒိတကအမှတ် ၁ မှ ၅ အတွက်။ ။အစိုရရွှေနေကြီး ဦးဘကျော်။
စုဒိတက အမှတ် ၄ အတွက်။ ။ရွှေနေကြီး ဦးသန်းမောင်။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။ယခုအမှုတွင် စုဒိတက အမှတ် (၄) ဦးပညာက ပဲခူးခရိုင်၊ ကဝမ်္ဘိုနယ်၊ ဘဒလောက်ကျောင်းတိုက်ရှိ၊ ဘဒလောက်ကျောင်း သည် ကျောင်းထိုင် ဆရာတော် ဦးဝါယမ ပြန်လွန်တော်မူပြီးနောက်၊ မတသန္တက သံဃိက ကျောင်း ဖြစ်ထိုက် မဖြစ်ထိုက်ကို၊ ဝိနိစ္ဆယ အဆုံး အဖြတ် ပြုရန် အတွက် ဝိနိစ္ဆယ ခုံပွဲစားဂုန်၊ မေတ္တာ ရပ်ခံသည်ဟု၊ ပဲခူးနယ်ပိုင် တရားမ ရုံးက စုဒိတက အမှတ် (၂)

---

* ၁၉၆၃ ခုနှစ်၊ တရားမအထွေထွေလျှောက်လွှာအမှတ် (၁၈၅)။

† ပဲခူးမြို့၊ ခုံဝိနိစ္ဆယရုံးတော်၏အမှုတွဲ အမှတ်စဉ် (၁) တွင် ၁၉၆၃ ခု၊ ဒီဇင်ဘာလ ၉ ရက်နေ့စွဲဖြင့် ချမှတ်သောဆုံးဖြတ်ချက်ကိုပယ်ဖျက်ရန်အတွက်အမှုခေါ်စာချုပ်တော်အမိန့်ထုတ်ဆင့်ရန်လျှောက်လွှာ။

၁၉၆၄
ဦးထိလောက
နှင့်
ဦးပဏ္ဍိတ ပါ ၅။

ဦးသောဘိတနှင့် အမှတ် (၃) ဦးသဒ္ဓမ္မ တို့အား၊ ခုံဝိနည်းဓိုရ် ဆရာတော်များ အဖြစ် ခန့်အပ်လိုက်သည်။ ထိုဆရာတော်များက၊ စုဒိတက ဦးပဏ္ဍိတ အား၊ ကြား ခုံဝိနည်းဓိုရ် ဆရာတော်အဖြစ် တင်မြှောက်ကြလေသည်။

ထိုအမှုတွင် ယခု စောဒက ဖြစ်သူ ဦးတိလောကသည်ချေပလွှာ တင်သွင်း၏။ ယင်းသို့ ချေပလွှာ တင်သွင်းသည့်နေ့မှာပင်၊ ဦးပညာ သည်၊ ပြုပြင်ပြောင်းလဲသည့် အဆိုလွှာ တရပ် တင်သွင်းပြန်၏။ သို့သော် ထိုပြောင်းလဲသည့် အဆိုလွှာမှာမူလ အဆိုလွှာမှာ ကဲ့သို့ပင် အခင်းဖြစ် ဘလောက်ကျောင်း သည်၊ မတသန္တက သံဃိက ဖြစ်ထိုက်သည့် အချက်တို့ကို ဖေါ်ပြခြင်းမျှသာ ဖြစ်သဖြင့် အမှုမှာ ပြောင်းလဲခြင်း မရှိပေ။ အမှန်အားဖြင့် မူလ အမှု၏ အခြေခံကို ပြောင်းလဲခဲ့သော် ဝိနိစ္ဆယ ခုံသည်၊ ထိုသို့ အခြေခံ ပြောင်းလဲသည့် အမှုကို ကြားနာ စစ်ဆေး စီရင် ဆုံးဖြတ်နိုင်ခွင့် ရှိမည် မဟုတ်ချေ။ အကြောင်းသော်ကား၊ ဝိနိစ္ဆယ ခုံသည်၊ ဦးပညာ မေတ္တာ ရပ်ခံ ချက် အရ၊ လွှဲအပ်သည့် အမှုကိုသာ စစ်ဆေး စီရင် ဆုံးဖြတ်ခွင့် ရှိလေသည်။ သို့သော် ဤအမှုတွင် မူလ အမှု၏ အခြေခံ ပြောင်းလဲခြင်း မရှိသဖြင့် ပြင်ဆင်သည့် အဆိုလွှာကို လက်ခံ ကြားနာ စစ်ဆေးရုံမျှဖြင့် ဝိနိစ္ဆယ အဆုံး အဖြတ် ပျက်ပြယ်သည်ဟု မယူဆနိုင်ပေ။

ခုံဝိနည်းဓိုရ် ဆရာတော်များသည်၊ အောက်ပါ အတိုင်း အဆုံး အဖြတ် ပြုတော်မူကြသည်။

(က) ပဲခူးခရိုင်၊ ကဝမ်ဖြိုနယ်၊ ဘလောက်ကျေးရွာတွင်၊ အာရာမ အာရာမ ဝတ္ထု၊ ဝိဟာရ ဝိဟာရ ဝတ္ထု စုပေါင်း တည်မြဲလျက် ရှိသော ဘလောက် ကျောင်းကြီး သည်။ မတသန္တက သံဃိက ကျောင်းဖြစ်စေ။

(ခ) သံဃိက ကျောင်းဖြစ်သည့် အတွက် ဝုဏကိသိဒ္ဓ ဝိနယရေ အနုဋ္ဌာ ပနိယဂုဏ်နှင့် ပြည့်စုံသော ဦးပညာ က ခုဝဝါသ အကျိုးငှါ ဘလောက် ကျောင်း အရာမ် ဝတ္ထုကိုမြေနှင့် ကျောင်းကံများကို အုပ်ချုပ် ထိန်း သိမ်းစောင့်ရှောက်နေထိုင်စေ။

(ဂ) အာရာမ်တွင်းရှိ ရဟန်းသာမဏေ စသော ပဂ္ဂိုလ်တို့သည်၊ ဦးပညာ၏ ဩဝါဒကို ရိုသေကြိုးနွဲ့စွာ လိုက်နာ ကျင့်ကြံ နေထိုင်ကြစေ။

အထက်ပါ ဆုံးဖြတ်ချက်များ အနက်၊ ပဌမ ဆုံးဖြတ်ချက်ကို ယခု စောဒက ဦးတိလောက ၏ ပညာရှိခွန်နေကြီးက၊ မကန့်ကွက်ကြောင်း။ သို့သော် ဒုတိယ နှင့် တတိယဆုံးဖြတ်ချက်များမှာ ဦးပညာ စွဲဆိုသော အမှုတွင် မပါဝင်သောအချက်များ ဖြစ်သဖြင့်၊ ထိုအချက်များနှင့်စပ်လျဉ်း၍ ဝိနိစ္ဆယခုံ ဆုံးဖြတ်ခြင်းမပြုနိုင်ဟု ကန့်ကွက်

၁၉၆၄

ဦးတိုလောက နှင့် ဦးမထွိုတပါ ၅ ။

ဇ။ ထိုကန့်ကွက်ချက်များမှာ ခိုင်လုံသည်ဟု တွေ့ရှိရသည်။ စုဒိတကများ၏ ပညာရှိ ရှေ့နေကြီးကလည်း ထိုကန့်ကွက်ချက်များ ခိုင်လုံကြောင်း ဝန်ခံ၏။ **ဦးအရိယဝံသ** နှင့် **ဦးဥတ္တမ** ပါ ၅ အမှု (၁) တွင်၊ ယခင်က တရားလွှတ်တော်ချုပ်က၊ အောက်ပါ အတိုင်း အဆုံးအဖြတ် ပြုခဲ့၏။

> "ဝိနိစ္ဆယ ခုံသည်၊ အခြားခုံများနည်းတူ မိမိအား၊ လွှဲအပ်သည့် အမှုကို လွှဲအပ်သည့် အကြောင်းချင်းရာများ အတိုင်းသာလျှင် စီရင်ဆုံးဖြတ်နိုင်ခွင့် ရှိသည်။ လွှဲအပ်လိုက်သည့် အမှုနှင့် ကွဲလွဲသည့် အခြား အမှုကို စစ်ဆေး စီရင်ပိုင်ခွင့် မရှိချေ။ ဝိနိစ္ဆယ ဌာနနှင့် ခုံအက်ဥပဒေ ပုဒ်မ ၄၀ တွင်လည်း "လွှဲအပ်သည့် အဓိကချက်မှကို ကြားနာ စစ်ဆေး စီရင် ဆုံးဖြတ်နိုင်ခွင့် ရှိရမည်" ဟု ဖော်ပြ ထားလေသည်။ စွဲဆိုသော အမှုနှင့် ကွဲလွဲသည့် အမှုသစ်ကို ပြောင်းလဲ လက်ခံခြင်း ပြုနိုင်ခွင့် မရှိချေ။ ပြင်ဆင် စွဲဆိုလိုလျှင် စောဒက ပုဂ္ဂိုလ်သည်၊ **မိမိ**၏ မူလ အမှုကို ရုပ်သိမ်းပြီးမှ အမှုသစ်တခုကို စွဲနိုင်ခွင့် ရှိမည် ဖြစ်သည်။ အသစ် ထပ်မံ တင်သွင်းသော စွဲချက်ကို လက်ခံခြင်း၊ စုံစမ်း စစ်ဆေး စီရင်ခြင်း ပြုနိုင်သည့်အာဏာသည် ဝိနိစ္ဆယခုံတွင် မရှိချေ"။

ထိုမှတပါးလည်း **ဦးသောပါက** နှင့် **ဦးဝိလာသပါ ၈** (၂) အမှုတွင် မတသန္တက သံဃိက ကျောင်းကို အုပ်ချုပ် ကွပ်ကဲရန်အတွက်၊ ဝိနည်းတော် အတိုင်း၊ သက်ဆိုင်ရာ သံဃာများက နာယက တင်မြှောက်ရမည် ဖြစ်ကြောင်းနှင့် ဤရုံးက မြွက်ဆိုခဲ့လေသည်။ ယင်းသို့ နာယက တင်မြှောက်သည့် ကိစ္စရပ်သည်၊ ဝိနိစ္ဆယ ခုံရုံး ဆုံးဖြတ်ရမည့် ကိစ္စရပ်မျိုး မဟုတ်တန်ရာပေ။

အထက်ဖော်ပြပါ အကြောင်းများကြောင့်၊ ဝိနိစ္ဆယ ခုံရုံး၏ အဆုံး အဖြတ် အမှတ် (ခ) နှင့် (ဂ) တို့ကို အမှုခေါ် စာချွန်တော် အမိန့်ဖြင့် ပယ်ဖျက်လိုက်သည်။ စုဒိတကနှင့် စောဒကတို့သည် မိမိတို့၏ စရိတ်ကို မိမိတို့ ကျခံကြရမည်။

---

(၁) ၁၉၅၆ ခုနှစ်၊ မြန်မာပြည်စီရင်ထုံးများ၊ တရားလွှတ်တော်ချုပ် စာ ၂၁၇။
(၂) တရားလွှတ်တော်ချုပ် တရားမအထွေထွေလျှောက်လွှာအမှတ် ၂၃၆/၆၁။

တရားမအယူခံ

တရားသူကြီးချုပ် ဦးဘိုကြီးရွှေတွင်

ကေ-ရမ်မာဆာမိ (အယူခံတရားလို) f ၁၉၆၄
မေလ ၂၁ ရက်။

နှင့်

ချက်ခန်ရ(ဂျ်)ကူမားမိန်းနီ (အယူခံတရားခံ)*

ဟိန္ဒူမိသားစု—ပဋိညာဉ်စာချုပ်ချုပ်ဆိုခြင်းကိစ္စ။

ဆုံးဖြတ်ချက်။ ။ဟိန္ဒူမိသားစုတွင် ဖခင်ဖြစ်သူသည် ထိုမိသားစု၏ မန်နေဂျာဖြစ်သည်ဟု ယူဆရမည်။ ထိုကြောင့် ၎င်းအမည်နှင့် ချုပ်ဆိုထားသော ပဋိညာဉ်စာချုပ်အပေါ်တွင် ထိုဟိန္ဒူမိသားစုအား တရားစွဲဆိုနိုင်သည်။

အယူခံ တရားလို အတွက်။ ။မစ္စတာ အာဂ်ဂျာနသွန်။

အယူခံတရားခံအတွက်။ ။ဦးသန်းစိန်။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။ဤအယူခံမှုမှာ ရန်ကုန်မြို့ တရားမရုံး တရားမကြီး အမှု အမှတ် ၆၄၂/၆၁ မှ ပေါ်ပေါက်၏။ ထိုအမှုတွင် ရန်ကုန် တရားမရုံး အုပ်ဥပဒေ ပုဒ်မ ၁၇ အရ၊ စွဲဆိုသော တရားမကြီးမှု ဟူ၍ ခေါင်းစဉ် တပ်ထားသည်။ အမှန်အားဖြင့် ထိုသော် ထိုပုဒ်မ ၁၇ ပါ ပြဋ္ဌာန်းချက်များ သည်၊ တရားမကြီးမှုနှင့် မဆိုင်။ လျှောက်လွှာနှင့်သာ ဆိုင်သည်။ ထို့ကြောင့် ဤအယူခံမှုမှာ တရားမကြီးမှုမှ ပေါ်ပေါက်သည့် အယူခံမှုဟု မှတ်ယူရပေမည်။

အယူခံ တရားလိုသည်၊ ချက်ရန်ရ(ဂျ်) ကူမားမိန်းနီ အပေါ်၌ ရန်ကုန်မြို့၊ လမ်း ၃၁၊ အိမ် အမှတ် ၃၅ ရှိ အခန်း နံပါတ် ၅ တွင်၊ မိမိ၏ ယာယီ ခွင့်ပြုချက်ဖြင့် နေထိုင်သူ ဖြစ်သည် ဆိုကာ ယင်း ခွင့်ပြုချက်ကို ရုပ်သိမ်းပြီး၊ ထို ဥပစာမှ ထွက်ခွါ ဖယ်ရှားစေရန် တရား စွဲဆိုလေသည်။ ချေလွှာ အပိုဒ် ၁ တွင်၊ ထိုချက်ရန်ရ(ဂျ်) ကူမားမိန်းနီ အမည်မှာ၊ လူတဦး တယောက်တည်း၏ အမည် မဟုတ်။ ချက်ရန် နှင့် ၎င်း၏သား ရ(ဂျ်) ကူမား တို့ မခွဲခွါသေးသော ဟိန္ဒူမိသားစု အဖြစ် ကုန်ကူးသန်းရောင်းဝယ်ရာတွင် အသုံးပြုသော နာမည် ဖြစ်ကြောင်း။ မိန်းနီ

* ၁၉၆၃ ခုနှစ်၊ တရားမပဋမအယူခံမှုအမှတ် ၉၅။

† ၁၉၆၂ ခုနှစ်၊ တရားမကြီးမှုအမှတ် ၆၄၂ တွင်၊ ၁၉၆၃ ခု၊ ဩဂုတ်လ ၈ ရက်နေ့တွင် ရန်ကုန်မြို့တော် တတိယ ရာဘက်တရားမတရားသူကြီးရုံးတော်၏ချမှတ်သော ဒီကရီကိုအယူခံဝင်မှု။

၁၉၆၄

ကေ-ရမ်မာ
ဆာမိ
နှင့်
ချက်ရန်ရ(ဂျို)
ကူမားမိန်းနီ။

ဆိုသည့် စကားမှာ မိမိတို့ သားအဖ၏ ဇာတ် အမည်သာ ဖြစ်ကြောင်းနှင့် ချေပ လေသည်။ မူလခုံး တရားသူကြီးက တရားလို အခြေပြု စွဲဆိုသော ပဋိညာဉ် စာချုပ်ကို ဖခင်ဖြစ်သူ ချက်ရန် ချုပ်ဆို၍၊ တရားလို တရားစွဲဆိုသူမှာ သားဖြစ်သူ ရ(ဂျို) ကူမား ဖြစ်သည်ဟု ယူဆပြီး အမှုကို ပလပ်လိုက်သည်။

အဆို အချေအရ၊ တရားခံ အဖြစ် စွဲဆိုခံရသူ ချက်ရန် ရ (ဂျို) ကူမားမိန်းနီ သည်၊ ဟိန္ဒူမိသားစုဖြစ်ကြောင်း အငြင်း မထွက်ခဲ့ချေ။ ဤခုံးတွင်လည်း အငြင်း မထွက်ချေ။ အဆိုပါ ပဋိညာဉ် စာချုပ်ကို ဖခင်ဖြစ်သူ ချက်ရန်က၊ ချက်ရန်ရ(ဂျို) ကူမားမိန်နီ အမည်နှင့် လက်မှတ်ထိုးကြောင်းလည်း ပေါ်လွင်၏။ ချက်ရန်သည် ထို ဟိန္ဒူမိသားစုတွင် ဖခင် ဖြစ်သဖြင့် မိသားစု၏ မန်နေဂျာ ဖြစ်သည်ဟု ယူဆရ ပေမည်။ ယင်းသို့ ဖြစ်ရာ တရားလိုက ထိုဟိန္ဒူ မိသားစု အပေါ်၌ ပဋိညာဉ် စာချုပ် ကို အကြောင်းပြု၍ တရားစွဲဆို နိုင်ပေမည်။ ပေါလော့ (ခ်) နှင့် မူလာတို့ ပြုသော ဒုတိယ အကြိမ်မြောက် ထုတ်ကုန် ရောင်းဝယ်ရေးနှင့် အစုစပ် အက်ဥပဒေများ စာ မျက်နှာ ၃၁၃ တွင် အောက်ပါ အတိုင်း မြွက်ဆို ထားလေသည်။

> "The Privy Council has held that a joint Hindu family through the agency of its Karta can enter into contractual relations either with a stranger or even with an individual coparcener in respect of his separate property and also with a firm. A joint Hindu family has, in substance, been accorded a legal personality.

ဤခုံးတွင် အယူခံ တရားခံ၏ ပညာရှိ ရွှေနေကြီးက ဤအမှုကို ပြန်လည် စစ် ဆေးရန် မူလခုံးသို့ ပြန်လည် ပေးပို့ရမည် ဖြစ်ကြောင်းနှင့် ဝန်ခံ၏။

တရားလို တရားစွဲဆိုသည်မှာ၊ ၎င်း၏ အဆိုလွှာတွင် ဖေါ်ပြသည့် အတိုင်း ချက်ရန် ရ(ဂျို) ကူမားမိန်းနီခေါ် ဟိန္ဒူ မိသားစုအား စွဲဆိုခြင်း ဖြစ်သည်ဟု မှတ်ယူရ ပေမည်။ မူလခုံး၏ အဓိန္ဓိနှင့် ဒီကရီကို ပယ်ဖျက်ပြီးလျှင်၊ အမှုကို အောက်ခုံး မူလ အမှတ်စဉ် အတိုင်း ပြန်လည် ထည့်သွင်းပြီး ကြားနာ စစ်ဆေး စီရင် ဆုံးဖြတ်ရန် တရားမ ကျင့်ထုံး အဓိန္ဓ ၄၁၊ နည်း ဥပဒေ ၂၃ အရ အဓိန္ဓ ချမှတ်လိုက်သည်။

အယူခံလွှာ အပေါ်တွင် ပေးဆောင်သော ရုံးခွန်ကို အယူခံ တရားလိုအား၊ ပြန်လည်ပေးအပ်ရန် အတွက် လက်မှတ် ထုတ်ပေးရန် ညွှန်ကြား လိုက်သည်။

ဤခုံး တရားစရိတ်ကို မူလ ရုံး၌ အနိုင်ပေါ်တွင် တည်စေရမည်။ ဤခုံး ရွှေ နေခမျာ ၃၄ ကျပ် ဖြစ်စေရမည်။

တရားမအထွေထွေ

တရားသူကြီးချုပ် ဦးဘိုကြီးနှင့် တရားသူကြီး ဦးစောဘသိန်းရွှေတင်

ဦးဝိသုတ (စောဒက)

နှင့်

ဦးဇာဂရ ပါ ၆ (စုဒိတကမျှား)*

† ၁၉၆၄

ဇွန်လ ၁၇ ရက်။

အမှုခေါ်စာချွန်တော်—စောတကအဖြစ် မပါဝင်သူအား—ပိုင်ဆိုင်စေ အမိန့်မချမှတ်နိုင်ခြင်း—ဝိနိစ္ဆယခုံရုံး၏စီရင်ပိုင်ဆိုင်ခွင့်အာဏာ။

အမှုပါစောဒကသည်၊ အမှုပါတိုက်ကျောင်းနှင့် အဆောက်အဦများ၊ ကျောင်းသုံးပစ္စည်းများ တို့မှာ မိမိ၏ပုဂ္ဂိုလိကပိုင်ပစ္စည်းများဆို၍၊ အမှုစွဲဆိုခဲ့ရာ၊ ဝိနိစ္ဆယခုံက၊ ၎င်း၏ပုဂ္ဂလိကပစ္စည်းများ မဟုတ်ဟုတွေ့ရှိပြီးလျှင် အမှုကိုပယ်လိုက်၏။ ထို့ပြင် ဆက်လက်၍ မိန့်ကြားသည်မှာ ၎င်းပစ္စည်းများသည် မတသန္တကသံဃိကပစ္စည်းများဖြစ်၍၊ သက်ဆိုင်ရာ သံဃာဘော်များဆိုင်စေဟု မိန့်ကြား၊ ခဲ့သည်။ ထိုအမိန့်ကို မကျေနပ်၍ အမှုခေါ်စာချွန်တော်လျှောက်လွှာတင်သွင်းခဲ့ရာ။

ဆုံးဖြတ်ချက်။ ။စောဒကပုဂ္ဂိုလ်အဖြစ်ဖြင့် တရားစွဲဆိုတော်၊ခံခြင်းမရှိသော သူအား၊ပိုင်ဆိုင်စေဟု အမိန့်စီရင်ချမှတ်ရန် မဖြစ်နိုင်။

ထို့ကြောင့် ဝိနိစ္ဆယခုံရုံး၏ ဒုတိယဆုံးဖြတ်ချက်ဖြစ်သော အခင်းဖြစ်တိုက်ကျောင်းအာရုံစ်သည်တို့ကို သက်ဆိုင်ရာ သံဃာတော်များက မတသန္တကသံဃိကအဖြစ် ပိုင်ဆိုင် စေသည့် အဆုံးအဖြတ်ကိုအမှုခေါ်စာချွန်တော်ဖြင့် ပယ်ဖျက်လိုက်သည်။

ဦးသာဝရ နှင့် ဦးဝါသဝ နှင့် အပေါင်းပါတို့ အမှု၊ ၁၉၆၁ ခုနှစ်၊ တရားမအသေးအဖွဲလျှောက်လွှာ အမှတ် ၁၁၈။

ဦးအာစိဏ္ဏပါ ၄ နှင့် ဦးဥတ္တမပါ ၁၀ တို့အမှု၊ ၁၉၆၁ ခုနှစ်၊ မြန်မာပြည်စီရင်ထုံးများ တရားလွှတ်တော်ချုပ် စာ ၂၃၅ ကို ရည်ညွှန်းသည်။

စောဒကအတွက်။ ။ပညာရှိရွှေနေကြီး သခင်ချစ်။

စုဒိတကအမှတ် ၅-၆ အတွက်။ ။ပညာရှိရွှေနေကြီး ဦးကိုကို။

စုဒိတကအမှတ် ၄ အတွက်။ ။ပညာရှိအစိုးရရွှေနေကြီး ဦးဘကျော်။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။ယခု အမှုတွင် စောဒက ဦးဝိသုတ က စုဒိတက မပန်းထယ်နှင့် ဦးလှိုင်စိန် ဇနီးခင်ပန်းတို့အပေါ်၊ မော်လမြိုင်မြို့ ကော့ထင်း

---

* ၁၉၆၄ ခုနှစ်၊ တရားမအထွေထွေလျှောက်လွှာအမှတ် (၁၁)။

† မော်လမြိုင်မြို့၊ ခုံဝိနိစ္ဆယဌာန၏ ဝိဝါဒါဓိကရဏ်းမှုအမှတ် ၁/၆၃ တွင်၊ ၁၄-၁၁-၆၃ နေ့စွဲဖြင့် ချမှတ်သော ဆုံးဖြတ်ချက်ကို ပယ်ဖျက်စေရန်အတွက် အမှုခေါ်စာချွန်တော် အမိန့်ထုတ်ဆင့်ရန် လျှောက်လွှာ။

၁၉၆၄

ဦးဝိသုတ နှင့် ဦးဇေဂရ ပါ ၆။

ကန်တော်တိုက်ကျောင်း အာရာမ်နှင့်တကွ အဆောက်အဦများ၊ ကျောင်းသုံးပစ္စည်း ဂျာဘဏ်၊ လဟုဘဏ် စသည်တို့မှာ မိမိ၏ပုဂ္ဂလိကပိုင် ပစ္စည်းများဆို၍၊ ၎င်း တိုက် ကျောင်းသို့ မိမိနှင့် အခြားသံဃာများ ဝင်ထွက်သွားလာ နေထိုင်ခြင်း မပြုစေရန် ထိုစုဒိတကတို့က သော့ခတ် ပိတ်ထားကြသဖြင့်၊ သော့ဖွင့်ပေးစေရန် ဝိဝါဒါဓိကရဏ်း မှု စွဲဆိုလေသည်။ ၁၃၁၃ ခုနှစ်၊ ဝိနိစ္ဆယဋ္ဌာန (ပြင်ဆင်ချက်) အက်ဥပဒေအရ ဖွဲ့စည်း သော ဝိနိစ္ဆယခုံက အဆိုပါတိုက်ကျောင်းနှင့် ဂျာဘဏ် လဟုဘဏ်ပစ္စည်းများသည် စောဒကဦးဝိသုတ၏ ပုဂ္ဂလိကပစ္စည်းများမဟုတ်ကြောင်းတွေ့ရှိပြီးလျှင်၊ ဝိဝါဒါဓိကရဏ်း မှုကို ပယ်လိုက်၏။ ဤအဆုံးအဖြတ်နှင့်သာ ဝိနိစ္ဆယခုံရုံးက ဦးဝိသုတ၏ဝိဝါဒါဓိကရဏ်း မှုကိုပယ်ခဲ့လျှင် အမှုတွင် မည်သို့မျှ ဆက်လက် ဆောင်ရွက်ရန် လိုတော့မည်မဟုတ် ပေ။ သို့သော်ငြားလည်း ဝိနိစ္ဆယခုံရုံးသည် ဆက်လက်၍ မိန့်ကြားဃည်မှာ၊ အခင်း ဖြစ် တိုက်ကျောင်း အာရာမ်နှင့်တကွ အဆောက်အဦများ၊ ကျောင်းသုံးပစ္စည်း ဂျာဘဏ် လဟုဘဏ် စသည်တို့သည် မတသန္တကသံဃာဖြစ်၍ သက်ဆိုင်ရာ သံဃာ တော် အများဆိုင်စေဟု မိန့်ကြားတော် မူကြသည်။ ထိုမျှသာ မကသေး ထိုအဆုံး အဖြတ်အတိုင်း အတည်ပြုရန် တရားမရုံးသို့ အဆုံးအဖြတ်ကို ပေးပို့တော် မူလိုက်ကြ သည်။ ယင်းသို့ဖြစ်ရာ ထိုမိန့်ကြားချက်မှာ ဝိနိစ္ဆယ အဆုံးအဖြတ်မဟုတ်။ အမှုတွင် အလျဉ်းသင့်သလို မြန်မာဆိုသော မြန်မာဆိုချက်မျှသာ ဖြစ်သည်ဟု ဃူဆရန်ခဲယဉ်း ပေမည်။

ယခင် တရားလွှတ်တော် ချုပ်၌ ပေါ်ပေါက်ခဲ့သော **ဦးသာဝရ နှင့် ဦးဝါ သဝ နှင့် အပေါင်းပါ တို့အမှု** (၁) တွင်၊ တရားလွှတ်တော်ချုပ်က အောက်ပါအတိုင်း မြွက်ကြား ခဲ့၏။

> "....စောဒကပုဂ္ဂိုလ်က ကျောင်းတိုက်တခုသည် မိမိသာလျှင် ပုဂ္ဂလိက ပိုင်ရှင် ဖြစ်သောကြောင့် စုဒိတက ပုဂ္ဂိုလ်များအား နှင်ထုတ်ပေးပါရန် စွဲဆိုသော အမှုတွင် စုဒိတကပုဂ္ဂိုလ် တဦးဦးသာလျှင် ပုဂ္ဂလိကပိုင်ရှင်ဖြစ်၍၊ စောဒကပုဂ္ဂိုလ် အား ထိုကျောင်းတိုက်မှ ထွက်ခွါ သွားစေရန် အမိန့်ချမှတ် နိုင်သော စီရင်ပိုင် ခွင့် အာဏာသည် မည်သည့် တရားရုံး၊ မည်သည့်ခုံအဖွဲ့တွင်မှ မရှိချေ။ စုဒိတက ပုဂ္ဂိုလ် တဦးဦးသည် အခြင်းဖြစ်ကျောင်းတိုက်ကို မိမိသာလျှင် ပုဂ္ဂလိကပိုင်ရှင် ဖြစ်၍ စောဒက ပုဂ္ဂိုလ်အား ဖယ်ရှား ပေးစေရန် အမိန့်စီရင်ချက်ဆုံးဖြတ်ချမှတ် ပေးစေလိုလျှင်၊ ၎င်းပုဂ္ဂိုလ်က တရား တထုံး စွဲဆိုရဦးမည်ဖြစ်သည်။ စောဒက ပုဂ္ဂိုလ်အဖြစ်ဖြင့် တရားစွဲဆို တောင်းခံခြင်းမရှိသော သူအား ပိုင်ဆိုင်စေဟု အမိန့် စီရင်ချက် ချမှတ်ရန်မဖြစ်နိုင်ချေ။ ထို့ကြောင့် အဆိုပါ စီရင်ချက်သည်

(၁) ၁၉၆၁ ခုနှစ်၊ တရားမအသေးအဖွဲလျှောက်လွှာအမှတ် ၁၁၈။

စီရင်ပိုင်ခွင့် အာဏာမရှိဘဲ ချမှတ်သော စီရင်ချက် ဖြစ်သောကြောင့် တရားဥပဒေ အရ ပျက်ပြယ်သည်ဟု ယူဆရမည်ဖြစ်သည်။"

၁၉၆၄
ဦးဝိသုတ
နှင့်
ဦးဇောရ ပါ ၆။

ထို့ပြင်လည်း ယခင်တရားလွှတ်တော်ချုပ် **ဦးအာစိဇ္ဈ ပါ ၄ နှင့် ဦးဥတ္တမ ပါ ၁၀ တို့အမှု**(၂) တွင်လည်း ထိုနည်းနှင်နှင်ပင် ဘဆုံးအဖြတ် ပြုခဲ့၏။ ထို့ကြောင့် ဝိနိစ္ဆယ ခုံရုံး၏ ဒုတိယဆုံးဖြတ်ချက်ဖြစ်သော အခင်းဖြစ် တိုက်ကျောင်းအာရာမ် စသည်တို့ကို သက်ဆိုင်ရာသံဃာတော် များက မတရားစွက သံဃိကအဖြစ် ပိုင်ဆိုင်စေသိုသည့် အဆုံးအဖြတ်ကို အမှုခခြ စာချုန်တော်ဖြင့် ပယ်ဖျက်လိုက်သည်။

ဦးဝိသုတ၏ ပညာရှိရွှေနေကြီးက ဝိနိစ္ဆယ ခုံရုံးသည် အချို့သော သက်သေ များကို အမှုသည်များ၏ မျက်နှာဖက်၌ စစ်ဆေးပြီး ကျန်သက်သေများကို စောဒက စုဒိတကတို့၏ မျက်ကွယ်၌လိုက်လံ စစ်ဆေးသဖြင့်၊ ဝိနိစ္ဆယ အဆုံးအဖြတ်မှာ တရား မဝင် အာဏာမဲ့ဖြစ်နိုင်ကြောင်းနှင့် လျှောက်လဲ ပြန်သေး၏။ စုဒိတက မပန်းထယ်နှင့် ဦးလှိုင်စိန်တို့က အချို့သော သက်သေများ စစ်ဆေးပြီးနောက်၊ အမှုသည်များ၏ သဘော တူညီချက်အရ ခုံရုံးသည် သက်သေများကို လိုက်လံ စစ်ဆေးပါသည်ဟု ကျမ်းကျိန် ထွက်ဆိုကြ၏။ ယင်းထွက်ဆိုချက်မှာ မမှန်ကြောင်းနှင့် ဦးဝိသုတက ပြန်လည်ခချပ၏။ မည်သို့ပင်ဆိုစေ ၁၉၁၆ ခုနှစ် ဝိနိစ္ဆယဌာန (ပြင်ဆင်ချက်) အက်ဥပဒေပုဒ်မ ၄၂ အရဆိုလျှင် ဝိနိစ္ဆယခုံရုံးသည် အမှုသည်များ၏ မျက်မှောက်တွင် ၎င်းတို့၏ သက်သေ ထွက်ချက်များနှင့် လျှောက်လဲချက်များကို ကြားနာရမည်ဟု အတိအလင်းပြဋ္ဌာန်းထား၏။ ထိုပုဒ်မတွင် ဆက်လက် ပြဋ္ဌာန်းသည့် အတိုင်း အမှု သည်များ ပျက်ကွက်မှသာလျှင် ၎င်းတို့၏ မျက်ကွယ်တွင် သက်သေ ထွက်ချက်များကို ကြားနာနိုင်ခပသည်။ သို့သော် ယင်းပို့ ပျက်ကွက်ရုံမျှနှင့် ဤအမှုကို ပြန်လည် စစ်ဆေး စေသင့်သည် မထင်မိပေ။ အကြောင်းသော်ကား စောဒက ဦးဝိသုတသည် အခင်းဖြစ် တိုက်ကျောင်းနှင့် ဂျုဘာဏ် လဟုဘာဏ် ပစ္စည်းများကို မူလပိုင်ရှင် ဆရာ တော်ထံမှ စွန့်လွှတ်သဖြင့် ခံယူခဲ့ခကြောင်း အဆိုရှိရာ၊ ယင်းသို့ လှူဒါန်းသည်မှာ မှတ်ပုံတင်ခြင်း မပြုသဖြင့်၊ ၁၉၁၁ ခုနှစ်၊ ဝိနိစ္ဆယဌာန အက်ဥပဒေပုဒ်မ ၃၀ ပါပြဋ္ဌာန်း ချက်များက ဝိဝါဒါဓိကရဏ်းမှစွဲဆိုခြင်းကို တားမြစ် ပိတ်ပင် ထားသည်ဟု ယူဆရ ပေမည်။

ထို့ကြောင့်၊ ဝိနိစ္ဆယခုံ၏ ဒုတိယ အဆုံးအဖြတ်ကို ပယ်ဖျက်သည်မှတပါး အခြား နည်း ဝင်ရောက်စွက်ဖက်ရန် အကြောင်း မရှိတော့ပေ။

စောဒကနှင့် စုဒိတကတို့သည် မိမိတို့၏ ဘရားစရိတ်ကို မိမိတို့အသီးသီး ကျခံကြ ရမည်ဖြစ်သည်။

(၂) ၁၉၆၁ ခုနှစ်၊ မြန်မာပြည်စီရင်ထုံးများ တရားလွှတ်တော်ချုပ် စာ ၂၃၅။

တရားမအယူခံ

တရားသူကြီး ဦးစောဘသိန်းရွှေတွင်

† ၁၉၆၄ ဇွန်လ ၂၉ ရက်။

၁။ အဗ္ဗဒူကော်ယွန်း (ခ) ဦးအုန်းကြည်၊ ၂။ ဒေါက်တာအေးကေးရောမန်၊ [၎င်း၏ ကိုယ်စားလှယ် အက်(စ်)အာမက်] (အယူခံတရားလိုများ)

နှင့်

နာဆင်စုကူးလ် (အယူခံတရားခံ)

အမှုတွင်အမှန်တကယ်လိုအပ်သည့် အမှုသည် (necessary party) မည်သည့်အခါ၌ဖြစ်ခြင်း—အိမ်ငှါးက အိမ်ရှင်ကိုစွဲဆိုသောအမှု။

အယူခံတရားခံသည် အယူခံတရားလိုများ၏ အိမ်ငှါးဖြစ်သည်ဆိုသော မြို့က်ဆိုဖေါ်ချက်ဒီကရီကို ရရှိရန်တရားစွဲဆိုရာ၊ အောက်ရုံးကစွဲဆိုသည့်အတိုင်း ဒီကရီချမှတ်ခဲ့လေသည်။

အယူခံတရားလိုများက မိမိတို့၏ အိမ်ငှါးမှာ အခြားသူတဦးဖြစ်၍ ထိုသူကိုပါတရားခံအဖြစ် ထည့်သွင်းခြင်းမပြုသဖြင့် အောက်ရုံးကမှားယွင်းကြောင်းလျောက်လဲရာ။

ဆုံးဖြတ်ချက်။ ။ဤအမှုတွင် တရားလိုဖြစ်သော အယူခံတရားခံသည်၊ အယူခံတရားလိုများကအမှုတွင် တရားခံအဖြစ် ထည့်သွင်းလိုသူအပေါ် မည်သည့် ဒီကရီကိုမျှရလိုခြင်းမရှိ။ ဤအမှုသည် အယူခံတရားလိုနှင့် အယူခံတရားခံတို့နှင့်သာသက်ဆိုင်ပြီး ထိုအခြားသူနှင့်မည်သို့မျှမသက်ဆိုင်သဖြင့် ထိုသူသည် အမှုတွင် အမှန်တကယ်လိုအပ်သည့်အမှုသည် (necessary party) မဟုတ်။

မအေး နှင့် **ဘုတ်ဂါပါ (၅)**၊ ၁၉၅၃ ခုနှစ်၊ မြန်မာနိုင်ငံတရားလွှတ်တော် စီရင်ထုံး ဂ၉။

ဦးမောင်မောင် ပါ (၁) နှင့် **မလှရင် ပါ (၇)**၊ ၁၉၅၄ ခုနှစ်၊ မြန်မာနိုင်ငံတရားလွှတ်တော် စီရင်ထုံး ၂၆၄။

နွန်ဂမိတ်သင်ဂျဂယ် (လ်) ချန်ဒရာဆင်း နှင့် **ဒီးတီး (စ်) လယ်ပူရဲရုံဘာပါအမျှား**၊ အေ၊ အိုင်၊ အာရ်၊ ၁၉၅၀၊ မဏ္ဍိပူရ် ၂၉။

ဂျီပွန်ဒတ် (စ်) ခင်မိဂျီ နှင့် **အက် (စ်) အမ်တီနာ ဘာဒတိုင်**၊ အေ၊ အိုင်၊ အာရ်၊ ၁၉၅၉၊ ကလကတ္တား ၅၁၉။

ပါကန်ဒီလိုးနီယာသည်။ အေ၊ အိုင်၊ အာရ်၊ ၁၉၃၄ ခုနှစ်၊ မဒရတ် စီရင်ထုံး ၂၉၃။

အေ၊ အိုင်၊ အာရ်၊ ၁၉၄၅ ခုနှစ်၊ ပတ္တနားစီရင်ထုံး ၁၀၉။

အေ၊ အိုင်၊ အာရ်၊ ၁၉၄၉ ခုနှစ်၊ ဟီမာချာလ်ပရာဒတ်ရှ် ၄ တို့ကိုရည်ညွှန်းသည်။

အယူခံတရားလိုအတွက်။ ။မစ္စတာ ဘာနာဂျီ။

အယူခံတရားခံအတွက်။ ။မစ္စတာ အင်၊ အာရ်၊ ဘာဂျော်ဂျီ။

---

* ၁၉၆၃ ခုနှစ်၊ တရားမ ပဌမအယူခံအမှုအမှတ် ၁၃၁။

† ၁၉၆၀ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၀၀၁ တွင်၊ ရန်ကုန်မြို့ တရားမ (ရာဘက်တတိယ တရားသူကြီး) ရုံး၏ချမှတ်သော ဒီကရီကို အယူခံဝင်မှု။

တရားသူကြီး ဦးစောဘသိန်း။ ။ရန်ကုန်မြို့တရားမ (ရာဘာက် တတိယတရားသူကြီး)ရုံး၊ ၁၉၆၀ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၀၀၁ တွင်၊ တရားလို နာဆင်စူကူးလ်က၊ တရားခံ အမ္ပဒူကော်ယွန်း (ခေါ်) ဦးအုန်းကြည်နှင့် ဒေါက်တာ အေး၊ ကေ၊ ရာမန်တို့ အပေါ်၊ ၎င်းသည် အချင်းဖြစ်အိမ်ခန်း အမှတ် ၃ တွင်၊ ၁၉၄၇ ခုနှစ်၊ မတ်လကစ၍ နေထိုင်လာသော အိမ်ငှါးဖြစ်ကြောင်း။ မြွက်ဘော်ချက် ဒီကရီကို ရရှိရန်၊ တရားစွဲဆိုရာ၊ တရားခံ အမ္ပဒူကော်ယွန်းနှင့် ဒေါက်တာ အေး၊ ကေ၊ ရာမန်တို့က၊ တရားလို နာဆင်စူကူးလ်ကို မသိကြောင်း။ ၎င်းတို့၏ အိမ်ငှါးလည်း မဟုတ်ကြောင်း။ အချင်းဖြစ်အိမ်ခန်းကို၊ ပါကန်ဒီလိုးနီယာအား၊ ၁၉၆၀ ခုနှစ်၊ မတ်လကစ၍ ငှါးထားသဖြင့်၊ ပါကန်ဒီလိုးနီယာသာလျှင်၊ ၎င်းတို့၏ အိမ်ငှါးဖြစ်ကြောင်း။ ဘော်ပြင်းဆိုသော် လည်း၊ အဆိုပါခံုးက၊ တရားလို နာဆင်စူကူးလ် စွဲဆိုသည့် အတိုင်း၊ အမိန့်ဒီကရီ ချမှတ်လိုက်သဖြင့်၊ တရားခံတို့က မကျေနပ်၍၊ ဤခုံးသို့ အယူခံဝင်ရာတွင်၊ ၎င်းတို့၏ **ပညာရှိရွှေနေကြီး** လျောက်လဲတင်ပြသော အယူခံ အကြောင်းပြချက်ဘို့မှာ—

(၁) အောက်ခုံးက၊ အယူခံ တရားခံ နာဆင်စူကူးလ်သည် အယူခံ တရားလို တို့၏ အိမ်ငှါးဖြစ်သည်ဟု ယူဆသည်မှာ၊ မှားယွင်းကြောင်း။

(၂) အယူခံ တရားလိုတို့က၊ အချင်းဖြစ် အိမ်ခန်းကို၊ ပါကန်ဒီလိုးနီယာ ဆိုသူအား၊ ငှါးလိုက်ပြီးဖြစ်၍၊ ပါကန်ဒီလိုးနီယာသည် အမှုတွင်အမှန် တကယ် လိုအပ်သော အမှုသည် ဖြစ်ပါလျက်၊ အယူခံ တရားခံက၊ ၎င်းအား အမှုတွင်၊ တရားခံ အဖြစ် ထည့်သွင်းစွဲဆိုခြင်း မပြု။ အောက်ခုံးကလည်း၊ ၎င်းအား တရားခံ အဖြစ် ထည့်သွင်း စွဲဆိုရန် အမိန့်မပေး။ ထို့ကြောင့်၊ အောက်ခုံးချမှတ်သော အမိန့်ဒီကရီသည် အဘည်မဖြစ်နိုင်သဖြင့်၊ မှားယွင်းကြောင်း

ဟူ၍ဖြစ်၏။

ပဌမအယူခံအကြောင်းပြချက်နှင့် စပ်လျဉ်း၍၊ အယူခံ တရားခံ နာဆင်စူကူးလ်က၊ ၎င်းသည် ၁၉၄၇ ခုနှစ်၊ မတ်လမှစ၍၊ အချင်းဖြစ်အိမ်ခန်းတွင်၊ တလလျှင် ၄၀ ပေး၍၊ နေထိုင်လာခဲ့သည့် အယူခံ တရားလိုတို့၏ အိမ်ငှါးဖြစ်ကြောင်း။ ခိုင်လုံစွာတော်ပြခဲ့၍၊ သက်သေများကို တင်ပြစစ်ဆေး၍၊ စာရွက်စာတမ်း သက်သေခံချက်များကို တင်ပြသည်။ ဂျီဒွဘေး (လိုပြ ၁) ထီဒီဆင်း (လိုပြ ၂) နှင့်အီအက်(စ်) တေဝါဒီ (လိုပြ ၃) တို့ကား၊ အယူခံ တရားခံသည် အချင်းဖြစ် အိမ်ခန်းတွင်၊ ထမင်းလခပေးစားသည့် ဌာနဖွင့်ထား၍၊ ၎င်းတို့က ထမင်းလခ ပေး၍စားသောက်ကြောင်း၊ ၎င်းသည် အိမ်လခကို၊ အယူခံတရားလိုတို့အား ပေးသည်ကို မြင်ဘူးကြောင်း ထောက်ခံ ထွက်ဆိုကြသည်။ အယူခံ တရားလိုတို့က၊ ၎င်းတို့အား ပြန်လှန်မေးခွန်း ထုတ်

၁၉၆၄

၁။ အမ္ပဒူကော်ယွန်း (၁) ဦးအုန်းကြည်။ ၂။ ဒေါက်တာ အေး၊ ကေ၊ ရာမန်၊ [၎င်း၏ကိုယ်စားလှယ် အက် (စ်) အာမက်] နှင့် နာဆင်စူကူးလ်။

အဓိဋ္ဌာန်

၁။ အမှုဖူကော်ယွန်း (၃) ဦးအုန်းကြည်။ ၂။ ဒေါက်တာအေး၊ ကေ၊ ရမန်၊ [၎င်း၏ကိုယ်စားလှယ် အက် (စ်) အာမက်] နှင့် နာဆင်စူကူးလ်။

သော်လည်း၊ ၎င်းတို့က မဟုတ်မမှန် မကာရေးသဖြင့်၊ အယူခံ တရားလိုကို အပေါ် ထွက်ဆိုကြသည်ဟု ယူဆရန် အခြောင်းပေါ်လွင်ခြင်း မရှိသည်ကို တွေ့ရသဖြင့်၊ ၎င်းတို့သည် ဟုတ်တိုင်းမှန်ရာကိုသာ ပြောဆိုသည်ဟု ယူဆရပေမည်။

ထို့ပြင်၊ သက်သေခံ အမှတ် (က)တွင် အယူခံ တရားခံ နာဆင်စူကူးလ်က ရန်ကုန်မြို့၊ လျပ်စစ်ပေးရေးဌာနလို့၊ လိုအပ်သောငွေကို တင်သွင်းကြောင်း ဘော်ပြ၍၊ သက်သေခံအမှတ် (ခ) တွင်လည်း၊ အယူခံ တရားခံ နာဆင်စူကူးလ်သည် အချင်းဖြစ် အိမ်ခန်းဦးနေကြောင်း ဘော်ပြပြီး။ သက်သေခံ အမှတ် (ဂ) ကလည်း၊ အယူခံ တရားခံ နာဆင်စူကူးလ်က၊ ကျသင့်သော အိမ်ခန်းမိတာခကို ပေးကြောင်းဘော်ပြသည့်ပြင်၊ သက်သေခံ အမှတ် (၁)၊ သက်သေခံ အမှတ် (ည) မှ (ည ဖ) တို့ကလည်း၊ အယူခံတရားခံ နာဆင်စူကူးလ်က အချင်းဖြစ် အိမ်ခန်း အခန်းများကို ပေးကြောင်း ဘော်ပြသည်။

အယူခံတရားလိုတို့ကလည်း၊ နာဆင်စူကူးလ် ဆိုသူသည် အချင်းဖြစ် အိမ်ခန်းတွင် ၁၉၄၇ ခုနှစ်မှ ၁၉၆၀ ခုနှစ်၊ ဖေဖော်ဝါလမှီတိုင်၊ အဆက်မပြတ်နေထိုင်သူ အိမ်ငှားဖြစ်ကြောင်းရုံး၌ အစစ်ခံရာတွင်၊ ဖြောင့်ဆိုဝန်ခံသည်။ သို့သော်၊ ၎င်းပို့ကား၊အဆိုပါ နာဆင်စူကူးလ်သည် အယူခံတရားခံ နာဆင်စူကူးလ် မဟုတ်ကြောင်း။ အဆိုပါ နာဆင်စူကူးလ်သည် အချင်းဖြစ်အိမ်ခန်းမှ ထွက်ခွါသွားပြီ ဖြစ်ကြောင်း ဘော်ပြလိုသော်လည်း၊ အဆိုပါ နာဆင်စူကူးလ် အား၊ သက်သေတင်ပြ စစ်ဆေးခြင်း မပြုသည့်ပြင်။ ၎င်းတို့ဘော်ပြလိုသည့် အချက်ကို ထောက်ခံရန်၊ သက်သေတယောက်ကိုမျှတင်ပြစစ်ဆေးခြင်း မပြုသဖြင့်၊ အောက်ရုံးယူဆသည့်အတိုင်း၊ ၎င်းတို့၏တင်ပြချက်သည် အခြေအမြစ်မရှိဟု ယူဆရန် ဖြစ်ပေသည်။

အမှုတခုလုံးကို ခြုံ၍ဆင်ခြင်သည့် အခါ၊ အယူခံ တရားခံ နာဆင်စူကူးလ်သည် အယူခံတရားလိုတို့၏ အိမ်ငှါးဖြစ်ကြောင်း ပေါ်လွင်သည်ကို တွေ့ရပေသည်။

ဒုတိယအယူခံ အခြောင်းပြချက် နှင့်ပတ်သက်၍၊ စဉ်းစားဆုံးဖြတ်ရန်မှာ အယူခံ တရားလိုတို့ တင်ပြသည့် **ပါကန်ဒီယာလိုးနီယာ** ဆိုသူသည် အမှုတွင် **မပါလျှင် မပြီးအောင်၊ မလွဲမရှောင်သာ၍၊ အမှန်တကယ်လိုအပ်သည့် အမှုသည်** (necessary party) ဖြစ်ပါသလား ဟူ၍ ဖြစ်၏။

ဤအချက်နှင့်စပ်လျဉ်း၍၊ **မအေး** နှင့် **ဘုတ်ဂါ ပါ** (၅) (၁) စီရင်ထုံးတွင်—

"The principle governing the question of adding a party is that unless an adjudication on all the issues involved in the case ensuring finality of litigation between the parties, or the

(၁) ၁၉၅၃ နှစ်၊ မြန်မာနိုင်ငံတရားလွှတ်တော်စီရင်ထုံး ၈၉။

interest of justice, demands it, a plaintiff should not be compelled to implead a party and particularly one against whom no claim is preferred."

ဟူ၍ဆုံးဖြတ်ပြီး။ ဦးမောင်မောင်ပါ (၁) နှင့် မလှရင်ပါ (၇) (၂) စီရင်ထုံးတွင်—

"Whether parties should be added as defendants or not depends upon whether the plaintiff has some cause of complaint against them which the Court ought to determine in the action instituted.

Where the plaintiff never intended to seek any remedy from a person to be added as a defendant and against whom there is no claim whatsoever, such a person should not be added as a defendant."

ဟူ၍ဆုံးဖြတ်ထားသည့်ပြင်၊ နန်ဂမိတ်သင်ဂျဂယ်(လ်)ချန်ဒဏာဆင်း နှင့် ဒီးတီး(စ်) လယ်ဂူ ရဲ့ဒ်ဘာပါအများ (၃) စီရင်ထုံးတွင်—

"A necessary party is a party without whose presence a suit cannot be proceeded with, that is, a party necessary to the constitution of the suit without whom no decree can at all be passed."

ဟူ၍ဆုံးဖြတ်ထားသည်။ ဂျီဗွန်ဒတ်(စ်)ခင်မိဂျီ နှင့် အက်(စ်)အမ်တီနာဘာဒဘိုင် (၄) စီရင်ထုံးတွင်လည်း—

"The position in law undoubtedly is that in the absence of necessary parties a decree will not be made in favour of the plaintiff. The question as to what parties are necessary is often not easy to determine. One test which has all along been recognized as of great importance is that when in the absence of a party the Court cannot give an effective remedy, that party is a necessary party.

In order that a party may be considered a necessary party defendant, two conditions must be satisfied, first, that there must be a right to some relief against him in respect of the matter involved in the suit; and second, that his presence should be necessary in order to enable the Court effectually

ဝန်းစီ

၁။ အမှုဒုက္ကဋ်ဟူန်း (၁) ဦးအုန်းကြည်။ ၂။ ဒဒါကိတာဒအော၊ ကော်ဗာမန်၊ [၎င်းရဲ့ကိုယ်စားလှယ် အက်(စ်) အာမက်] နှိုင်နာဆင်စုကွဲလ်။

(၂) ၁၉၅၄ ခုနှစ် မြန်မာနိုင်ငံ တရားလွှတ်တော်စီရင်ထုံး ၂၆၄။
(၃) အေအိုင်အာ(ရ်)၊ ၁၉၅၀ မဏိပူရ် ၂၉။
(၄) အေအိုင်အာ(ရ်)၊ ၁၉၅၉ ကလကတ္တား ၅၁၉။

၁၉၆၄

၁။ အပ္ပဒူကော်ယွန်း (ခ) ဦးအုန်းကြည်။ ၂။ ဒေါက်တာဓအေ၊ ကေ၊ ရာမန်၊ [၎င်း၏ကိုယ်စားလှယ် အက် (စ်) အာမက်] နှင့် နာဆင်စုကူးလ်။

and completely to adjudicate upon and settle all the questions involved in the suit."

ဟူ၍ဆုံးဖြတ်ထားသည်။

ဤအမှုတွင် အယူခံတရားခံ နာဆင်စုကူးလ်သည် အိမ်ဌားဖြစ်သည်ဟုဆို၍ အယူခံတရားလိုတို့သည် အိမ်ရှင်များ ဖြစ်သည်ဟုဆိုသည်။ အယူခံ တရားခံက အယူခံတရားလိုတို့အပေါ်၊ အိမ်ဌားဖြစ်ကြောင်း မြွက်ဟောခြင်း ဒီကရီကို ရလိုသည်။ ဘော်ပြပါ၊ ပါကန်ဒီလိုးနီယာ အပေါ်၊ မည်သည့် ဒီကရီကိုမျှ ရလိုခြင်း မရှိပေ။ အယူခံတရားခံသည် ယခုတိုင်၊ အချင်းဖြစ် အိမ်ခန်းတွင် နေထိုင်လျက်ရှိသဖြင့်၊ အိမ်ဌားဖြစ်ကြောင်း မြွက်ဟော်ချက် ဒီကရီကို၊ ရရှိခဲ့လျှင် ၎င်း၏ လိုအင်ဆန္ဒရှိသမျှ ပြည့်စုံမည်ဖြစ်သည်။ အယူခံ တရားလိုတို့သည် အယူခံ တရားခံအား၊ အိမ်ခန်းကို ငှါးပြီးနောက်၊ ဆက်လက်၍ မငှါးလိုတော့သဖြင့်၊ ၁၉၆၀ ခုနှစ်၊ မတ်လတွင်၊ ပါကန်ဒီလိုးနီယာ ဆိုသူအား ငှါးလိုက်ခြင်း ဖြစ်သည်ဟု အမှုတွဲ၌ရှိသော အမှုအကြောင်းချင်းရာများအရ၊ ယူဆရပေမည်။ ထိုသို့ဖြစ်လျှင်၊ အယူခံ တရားလိုတို့ ပြုမူခြင်းသည် ဥပဒေနှင့် ဆန့်ကျင်သည်မှာ၊ ပေါ်လွင်လျက်ရှိပေသည်။ အကယ်၍ အယူခံတရားခံအား၊ အိမ်ခန်းကို ဆက်လက်၍ မငှါးလိုလျှင်၊ ဥပဒေအရ အိမ်ငှါးအဖြစ်မှ ရပ်စဲလိုက်ကြောင်း နို့တစ်စာပေးပြီး၊ လိုအပ်သလို ဆောင်ရွက်ရန်ဖြစ်သည်။ ယခုထိုကဲ့သို့ မပြုလုပ်သဖြင့်၊ အယူခံ တရားခံသည် အိမ်ငှါးအဖြစ်မှ ရပ်စဲခြင်း မရှိပေ။ မည်သို့ပင်ဖြစ်စေ၊ ဤအမှုသည် အယူခံ တရားလိုနှင့် အယူခံ တရားခံတို့နှင့်သာ သက်ဆိုင်ပြီး၊ အဆိုပါ ပါကန်ဒီလိုးနီယာနှင့် မည်သို့မျှ သက်ဆိုင်ခြင်း မရှိသဖြင့် အောက်ရုံးချမှတ်သော အမိန့်ဒီကရီသည် ပျက်ပြယ်ခြင်း မရှိဘဲ၊ ခိုင်မြဲစွာ ရပ်တည်လျက်ရှိပေသည်။ သို့ဖြစ်သောကြောင့်၊ ဘော်ပြခဲ့သည့် စီရင်ထုံးများ အရ၊ ဘော်ပြပါ **ပါကန်ဒီလိုးနီယာသည်** အမှုတွင် တရားခံ အဖြစ်ထည့်သွင်းရန်၊ ၎င်းမပါလျှင် မပြီးအောင်၊ မလွဲမရှောင်သာ၍၊ အမှန်တကယ် လိုအပ်သည့် အမှုသည် (**necessary party**) မဟုတ်ဟူ၍ ထင်မြင်ယူဆသည်။

အယူခံ တရားလိုတို့၏ ပညာရှိ ရှေ့နေကြီးက၊ အောက်ပါ**စီရင်ထုံးများ (၅) ကို**၊ အကိုးအကားပြု၍၊ ဤအမှုတွင် ဘော်ပြပါ ပါကန်ဒီလိုးနီယာကို၊ အမှုသည်အဖြစ် ထည့်သွင်းခြင်း မပြုဘဲ၊ အယူခံ တရားခံ စွဲဆိုသည့်အတိုင်း၊ ချမှတ်သော အမိန့်

(၅)။ အေ၊အိုင်၊အာရ်၊ ၁၉၃၄ ခုနှစ်၊ မဒရပ်စီရင်ထုံး ၂၉၃။
အေ၊အိုင်၊အာရ်၊ ၁၉၄၅ ခုနှစ်၊ ပတ္တနားစီရင်ထုံး ၁၀၉။
အေ၊အိုင်၊အာရ်၊ ၁၉၄၉ ခုနှစ်၊ ဟိမာချာလ်ပရာဒက်ရှ် ၄။

ဒီကရီသည် တည်တန့်ခိုင်မြဲခြင်း မရှိသဖြင့်၊ အတည်မပြုနိုင်ကြောင်း လျှောက်လဲတင်ပြသည်။ သို့သော်၊ တင်ပြသည့် စီရင်ထုံးများကို ဘတ်ရှူလေ့လာသည့် အခါ၊ ဤအမှုအကြောင်းခြင်းရာနှင့် အဆိုပါ စီရင်ထုံးများ၌ ဘော်ပြသော အမှုအကြောင်းခြင်းရာများ ထပ်တူထပ်မျှ မဟုတ်သည်ကို တွေ့ရသဖြင့်၊ ဤအမှုကိုထိုစီရင်ထုံးများအရ၊ လိုက်နာဆုံးဖြတ်ရန်၊ သင့်လျော်မည်မဟုတ်ပေ။

အထက်ဘော်ပြပါ အကြောင်းများကြောင့်၊ အောက်ရုံးချမှတ်သော စီရင်ချက်နှင့် ဒီကရီကို၊ ဝင်ရောက် စွက်ဘက်ရန်၊ ခိုင်လုံတောင့်တင်းသော အကြောင်းမရှိသဖြင့် ဤအယူခံကို စရိတ်ဖြင့် ပလပ်ရန်၊ အမိန့်ချမှတ်လိုက်သည်။

ဤရုံးရှေ့နေကြီးခမှာ ၅၁ ကျပ် ဖြစ်စေရမည်။

ခရစ်ဒေ

၁။ အဗ္ဗဒူကော် ယွန်း (ခ) ဦးအုန်းကြည်။
၂။ ဖေါက်တာ အေး ဓက၊ ရာမန်း [ဇင်း၏ ကိုယ်စားလှယ် အက် (စ်) အာမက်] နှင့် နာဆင်စူကူးလ်။

တရားမအယူခံမှု

တရားသူကြီးချုပ် ဦးဘိုကြီးရွှေတွင်

† ၁၉၆၄
—
ဖေဖော်လ ၂၄ ရက်။

ဦးတင်လှ (အယူခံတရားလို)

နှင့်

မည်ကြီး (အယူခံတရားခံ)*

အလုပ်သမားလျော်ကြေးအက်ဥပဒေပုဒ်မ ၃၀ (၁) (က) အယူခံဝင်ရန်—လျော်ကြေးငွေပေးရန် လိုခြင်း။

ဆုံးဖြတ်ချက်။ ။အလုပ်သမား လျော်ကြေး အက်ဥပဒေ ပုဒ်မ ၃၀ (၁) (က) ခွင်းချက်အရ၊ အယူခံဝင်ရာတွင်၊ လျော်ကြေးငွေကို ပေးဆောင်ပြီးကြောင်း၊ လျော်ကြေးမင်းကြီး လက်မှတ်မပါလျှင်၊ အယူခံကို လက်မခံရဟု၊ အတိအလင်း ပြဋ္ဌာန်းထားသည်။

သို့ဖြစ်၍၊ လျော်ကြေးမင်းကြီး၏ လက်မှတ်မပါရှိလျှင်၊ အယူခံကို တရားရုံးချုပ်က လက်ခံရန် မဖြစ်နိုင်။

အယူခံတရားလိုအတွက်။ ။ပညာရှိရွှေနေကြီး ဦးမွန်စံလှိုင်။

အယူခံတရားခံအတွက်။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။၁၉၆၂ ခုနှစ်၊ မေလ ၄ ရက်နေ့တွင်၊ ပြည်ခရိုင်အတွင်း အလုပ်သမား မောင်အောင်သောင်းသည်၊ ကျောက်တင် ကျောက်ချအလုပ် လုပ်ကိုင်ရန်အတွက်၊ ယခုအယူခံတရားလို ဦးတင်လှပိုင် မော်တော်လော်ရီဖြင့် လုပ်ငန်းရှိရာသို့လိုက်ပါသွားရာ၊ လမ်းခရီးတွင် မော်တော်လော်ရီ ရွေဘီးကျွတ်ပြီးတိမ်းမှောက်သွားသဖြင့်၊ မတော်တဆထိခိုက်ဒဏ်ရာရရှိပြီးသေဆုံး၏။ ထို့ကြောင့် မောင်အောင်သောင်း၏ ဇနီးမည်ကြီးက အလုပ်သမားလျော်ကြေးအက်ဥပဒေအရလျော်ကြေးရရှိရန် လျှောက်ထားသည်တွင် ပြည်ခရိုင်အလုပ်သမား လျော်ကြေးမင်းကြီးသည် ပြည်မြို့ တွဲဘက်အလုပ်သမား လျော်ကြေးမင်းကြီးထံ၊ အလုပ်သမား လျော်ကြေးအက်ဥပဒေ ပုဒ်မ ၂၁ အရ၊ အမှုကိုစုံစမ်းစစ်ဆေး အစီရင်ခံရန်ပေးပို့လိုက်၏။ တွဲဘက်

---

* ၁၉၆၄ ခုနှစ်၊ တရားမ အထွေထွေ အယူခံမှုအမှတ် ၆။

† ၁၉၆၂ ခုနှစ်၊ အလုပ်သမား လျော်ကြေးမှုအမှတ် ၄ တွင်၊ ၁၉၆၃ ခု၊ နိုဝင်ဘာလ ၂၀ ရက် နေ့စွဲပါ၊ ပြည်မြို့ အလုပ်သမား လျော်ကြေးမင်းကြီးရုံး၏ [illegible]ချမှတ်သော၊ အမိန့်ကိုအယူခံဝင်မှု။

ဘဦးရင့် ဦးတင်လှနှင့် မညိုကြီး။

လျော်ကြေးမင်းကြီးသည်၊ သက်သေများစစ်ဆေးပြီးနောက်၊ မောင်အောင်သောင်းသည်မော်တော်သေနတ်ရိုင်ဖယ် ဦးလှတင်၏ အလုပ်သမား ဖြစ်ကြောင်း၊ အလုပ်လုပ်ကိုင်စဉ်မတော်တဆ ထိခိုက်သဖြင့် သေဆုံးကြောင်းနှင့် အစီရင်ခံရာတွင်၊ ပြည်ခရိုင် လျော်ကြေးမင်းကြီးက ဦးလှတင်အား လျော်ကြေးငွေ ၃,၂၄၀ ကျပ် ပေးဆောင်စေရန် အမိန့်ချမှတ်လိုက်သည်။ ထိုအမိန့်ကိုမကျေနပ်သဖြင့် ဦးလှတင်ကယခုအယူခံဝင်ခြင်းဖြစ်သည်။

အယူခံဝင်သည်မှာ၊ အလုပ်သမား လျော်ကြေး အက်ဥပဒေ ပုဒ်မ ၃၀ (၁)(က) အရဖြစ်သည်။ သို့သော် ထိုပုဒ်မ တတိယ ခြွင်းချက်တွင်၊ အလုပ်ရှင်သည် ထိုပုဒ်မ ၃၀ (၁)(က) အရ၊ အယူခံဝင်ရာ၌၊ အယူခံလွှာနှင့်တွဲ၍ အယူခံ တရားလိုသည် ချမှတ်သော လျော်ကြေးငွေကို ပေးဆောင်ပြီးကြောင်း၊ လျော်ကြေးမင်းကြီး လက်မှတ်မပါလျှင်၊ အယူခံကို လက်မခံရဟု အတိအလင်း ပြဋ္ဌာန်းထားလေသည်။ အယူခံတရားလို၏ ပညာရှိ ရှေနေကြီးက ထိုအချက်ကို ဝန်ခံ၏။ သို့သော် ယခင်ကယင်းသို့သော လျော်ကြေးမင်းကြီး၏ လက်မှတ်မပါဘဲ အယူခံကို လက်ခံသည့် သာဓက ရှိသဖြင့် ယခုအယူခံမှုကိုလည်း လျော်ကြေးမင်းကြီး၏လက်မှတ်မပါဘဲ တင်သွင်းခဲ့မိကြောင်းနှင့် လျှောက်ထား၏။ ဤလျှောက်ထားချက်မှာ ခိုင်လုံသော လျှောက်ထားချက်မျိုး မဟုတ်ပေ။

ပညာရှိရှေနေကြီးက ဆက်လက်လျှောက်ထားသည်မှာ၊ မညိုကြီးသည် မူလပဌမဦး ဦးဘသောင်းဆိုသူထံမှ အလုပ်ရှင်အဖြစ်နှင့် လျော်ကြေးရလိုမှု လျှောက်ထားပြီးနောက်၊ တဖန်အမှုအတောအတွင်း ဦးပြားဆိုသူထံမှ လျော်ကြေးရရှိရန် လျှောက်ထားပြန်သေးကြောင်း။ ထို့နောက် ယခုအယူခံ တရားလို ဦးတင်လှ အပါအဝင် သက်သေများကို စစ်ဆေးပြီးနောက်မှ မညိုကြီးသည် ဦးတင်လှထံမှ လျော်ကြေးရလိုကြောင်းဖြင့် လျှောက်ထားခဲ့ရာ ဦးတင်လှအား အလုပ်သမား လျော်ကြေးနည်းဥပဒေ ၂၃ အရ၊ ထုချေခွင့် မပေးဘဲ အမိန့်ချမှတ်လိုက်သဖြင့်၊ ထိုအမိန့် တရားမဝင်ကြောင်းဖြင့် လျှောက်လဲ၏။ ထို့ပြင်လည်း ဦးတင်လှသည် အကယ်၍ ထုချေခွင့်ရရှိခဲ့လျှင် သေသူ မောင်အောင်သောင်းသည် အယူခံ တရားလို၏ အလုပ်သမား မဟုတ်ကြောင်း သက်သေတင်ပြနိုင်မည် ဖြစ်ကြောင်းနှင့် လျှောက်လဲ၏။

ပညာရှိ ရှေနေကြီး တင်ပြသည့် အချက်များမှာ၊ သာမန်အားဖြင့်ဆိုလျှင် ခိုင်လုံသော အချက်များ ဖြစ်သည်ဟု ယူဆနိုင်ပေမည်။ သို့သော် အလုပ်သမား လျော်ကြေးမင်းကြီးက မောင်အောင်သောင်းသည် ဦးတင်လှ၏ အလုပ်သမားဖြစ်ကြောင်းဆုံးဖြတ်၍ လျော်ကြေး ပေးဆောင်ရန် အမိန့်ချမှတ်ခဲ့၏။ ထို့ကြောင့် ယခုအယူခံကို အလုပ်ရှင် တင်သွင်းသော အယူခံဟု မှတ်ယူရပေမည်။

၁၉၆၄

ဦးတင်လှ
နှင့်
မညိုကြီး။

ဦးတင်လှအား ထုချေခွင့် မပေးသဖြင့်၊ ရထိုက်သော အခွင့်အရေးမျှား မရခဲ့သည့် အကြောင်းနှင့် စပ်သျှဉ်း၍ငင်း၊ မောင်အောင်သောင်းသည် ဦးတင်လှ၏ အလုပ်သမား ဟုတ် မဟုတ်ဆိုသည့် အချက်နှင့် စပ်သျှဉ်း၍ငင်း၊ အယူခံကို တရားဥပဒေအရ၊ လက်ခံပြီးမှသာလျှင် စစ်ဆေးဆုံးဖြတ်နိုင်ပေမည်။ ယခုအမှုတွင်သော်ကား အထက်၌ ဖော်ပြခဲ့သည့်အတိုင်း လျော်ကြေး မင်းကြီး၏ လက်မှတ် မပါရှိသောကြောင့် အယူခံကို ဤရုံးကလက်ခံရန်ပင် မဖြစ်နိုင်ချေ။ အမှန်အားဖြင့်ဆိုလျှင် လျော်ကြေးငွေကို ယနေ့တိုင် ဦးတင်လှ တင်သွင်းခြင်း မပြုခဲ့ပေ။

အယူခံကို ပယ်လိုက်သည်။ ဤရုံးတွင် မညိုကြီး လာရောက်ခုခံခြင်း မပြုသဖြင့်၊ တရားစရိတ်နှင့် ပတ်သက်၍ အမိန့်ချမှတ်ခြင်း မပြုပေ။

တရားမအယူခံမှု

တရားသူကြီး ဦးမောင်မောင်ရွှေတွင်

၁။ ဦးကောက်
၂။ ဦးဘအေး
၃။ မအေးကျင် } (အယူခံတရားလိုများ)

နှင့်

၁။ ကိုတင်ညွှန့်
၂။ မသိန်းခ } (အယူခံတရားခံများ) *

† ၁၉၆၄ ဇွန်လ ၂၆ ရက်။

အိမ်ရှင်အိမ်ငှါး နို့တစ်စာ—မြန်မာပြကွဖိန်ဖြင့် ချုပ်သော အငှါးစာချုပ်—မြန်မာပြကွဖိန်ကိုထာအသုံးပြုသင့်ခြင်း—စာချုပ်သက်တမ်း မကုန်ဆုံးမီ ပေးသောနို့တစ်သက်တမ်းကို ကျော်လွန်၍ ပေးသောနို့တစ်။

အိမ်ငှါးကတိစာချုပ်အရ၊ အယူခံတရားခံတို့သည်၊ ၁၃၂၃ ခုနှစ်၊ တပို့တွဲလကုန်လျှင်ကုန်ခြင်း (၅-၃-၆၂) နေ့တွင် ဖယ်ရှားပေးပါမည်ဟူ၍ ဂတိပြုခဲ့ရာ၊ အယူခံတရားလိုများသည်၊ ထိုနေ့ကို မစောင့်ဘဲ၊ ၁၉၆၂ ခု၊ မတ်လ ၃ ရက်နေ့စွဲပါ နို့တစ်စာဖြင့်၊ မတ်လ ၃၁ ရက်နေ့ နောက်ဆုံးထား၍ ပြောင်းရွှေ့ပေးရန် နို့တစ်စာပေးခဲ့လေသည်။

အောက်ရုံးကစာချုပ်တွင် မြန်မာလဖြင့် အိမ်ငှါးသက်တမ်းကို သတ်မှတ်ထားသည်ဖြစ်၍၊ အင်္ဂလိပ်လနှင့် နို့တစ်စာပေးခြင်းသည် ဥပဒေနှင့် မကိုက်ညီဟုယူဆ၍နို့တစ်စာမှာ၊ တရားမဝင်ဟု ဆုံးဖြတ်ခဲ့လေသည်။

ဆုံးဖြတ်ချက်။ ။စာချုပ်တွင် သတ်မှတ်ထားသည့် "၁၃၂၃ ခုနှစ်၊ တပို့တွဲလကုန်" နေ့ကို တွက်ကြည့်လျှင်၊ မတ်လ ၅ ရက်နေ့တွင်ကျသည်ကို တွေ့ရသည်။ အကယ်၍မတ်လ ၅ ရက်နေ့ကျော်သည့်အခါ၊ အယူခံတရားလိုတို့သည် အိမ်ငှါးကို ဖယ်ရှားရန် တရားစွဲဆိုလျှင်၊ နို့တစ်စာလိုမည်မဟုတ်။

မဝင်းနှင့် ကိုထွန်းညွှန့်ပါ ၂။ ၁၉၅၉ ခု၊ မြန်မာနိုင်ငံ စီရင်ထုံး (တရားလွှတ်တော်) စာ ၆၉၊ တို့ကိုရည်ညွှန်းသည်။

သို့ရာတွင်ကုန်ဆုံးသောရက်ကို မစောင့်ဘဲ၊ ၁၉၆၂ ခု၊ မတ်လ ၃ ရက်နေ့စွဲဖြင့် ဖယ်ရှားရန် နို့တစ်စာပေးသဖြင့်၊ မူလစာချုပ်ပါ ပဋိညာဉ် ပြောင်းလဲရာသို့ရောက်သည်။ မူလသတ်မှတ်

---

* ၁၉၆၃ ခုနှစ်၊ တရားမပဋမ အယူခံမှုအမှတ် ၁၃၆။

† ၁၉၆၂ ခုနှစ်၊ တရားမကြီးမှု အမှတ် ၁၂၅၅ တွင်၊ ၁၉၆၃ ခု၊ စက်တင်ဘာလ ၃၀ ရက်နေ့၊ ရန်ကုန်မြို့တော် စတုတ္ထ တရားမ တရားသူကြီးရုံးတော်၏ ချမှတ်သော ဒီကရီကိုအယူခံဝင်မှု။

၁၉၆၄

၁။ ဦးကောက်
၂။ ဦးဘအေး
၃။ မအေးကျင့်နှင့်
၁။ ကိုတင်ညွန့်
၂။ မသိန်းခ။

ထားသည်ရက်ထက် နေ့ခွင့်ပြုရာ၊ သို့မဟုတ် အိမ်ငှါးသက်တမ်းကို တိုးမြှင့်ရန်ပေးရာရောက်သည်။ ထို့ကြောင့် ကတိစာချုပ်အရပင်လျှင်၊ ထုတ်ဆင့်ခဲ့သော နို့တစ်စာသည် တရားမဝင်ဖြစ်သည်။

အိမ်ငှါးသက်တမ်းကို မြန်မာလဖြင့် ပေးခဲ့ရာ၊ သက်တမ်းကုန်ဆုံးခြင်းကိုလည်း မြန်မာလဖြင့် တွက်ချက်ရန် အိမ်ရှင်တို့က ဥပဒေအတိုင်း ဆောင်ရွက်ရန်ဖြစ်သည်။

ဦးဥတ္တရ နှင့် **ဦးသက်ရှေ** ပါ ၂၊ တရားမဒုတိယ အယူခံမှုအမှတ် ၅၉/၆၃ တို့ကိုရည်ညွှန်းသည်။

အယူခံတရားလိုအတွက်။ ။ရွှေနေကြီး ဦးဘွန်းလှိုင် (၃)။

အယူခံတရားခံအတွက်။ ။ရွှေနေကြီးဦးညွှန့် (မလာရောက်)။

တရားသူကြီး ဦးမောင်မောင်။ ။ဤအယူခံနှုန့် ပတ်သက်၍ ကြောင်းခြင်းရာ ရှုတ်ဆွဲခြင်း မရှိ။ အယူခံ တရားလိုတို့သည် အိမ်ရှင်ဖြစ်၍၊ အယူခံ တရားခံတို့သည် အိမ်ငှါးများ ဖြစ်ကြသည်။ သက်သေခံ (က) ကတိစာချုပ်အရအိမ်ခန်းများကို၊ ၁၃၂၃ ခု၊ တပို့ဘွဲ့လကုန်လျှင်ကုန်ခြင်း ဖယ်ရှားပေးပါမည်ဟူ၍၊ အယူခံတရားခံတို့က ဝန်ခံကတိပြုခဲ့ကြပြီး ဖြစ်သည်ဟုဆိုကာ၊ အယူခံ တရားလိုတို့က၊ ၃-၃-၆၂ နေ့စွဲပါနို့ တစ်စာအရ၊ အိမ်ငှါးများအား ၁၉၆၂ ခု၊ မတ်လကုန် ၃၁ ရက်နေ့နောက် ဆုံးထား၍ အိမ်ခန်းမှ ပြောင်းရွှေ့ရမည်ဟူ၍ နို့တစ်စာ ပေးခဲ့သည်။

မူလရုံးတွင် သက်သေခံ (က) စာချုပ်သည် သက်သေခံဝင် မဝင်နှင့် တရားဝင် မဝင်ပြဿနာရပ်ဘို့ကို ကောက်ချက်ထုတ်နုတ်၍ဆုံးဖြတ်ခဲ့၏။ စာချုပ်သည် သက်သေခံဝင်လျက် တရားလည်း ဝင်ကြောင်းဖြင့် ဖြေကြားခဲ့သည်။

ကောက်ချက်တရပ်မှာ ၃-၃-၆၂ နေ့စွဲပါ နို့တစ်စာသည်၊ ဥပဒေနှင့်ညီ မညီ ဟူ၍ပင်ဖြစ်သည်။ တရားခံတို့က စာချုပ်ဘင်၊ မြန်မာလဖြင့် အိမ်ငှါးသက်တမ်းကို သတ်မှတ်ထားသည်ဖြစ်၍၊ ၁၉၆၂ ခု၊ မတ်လအကုန်တွင် ဆင်းပေးရမည်ဟု နို့တစ် ပေးခြင်းသည် ဥပဒေနှင့် မညီပါဟူ၍ လျှောက်လဲခဲ့သည်။ ပညာရှိ တရားသူကြီး ကလည်း၊ ထိုခုခံလျှောက်လဲချက်သည် မှန်သည်ဟူ၍ ဆုံးဖြတ်ကာ၊ တရားမဝင်သည့် နို့တစ်စာကို မှီခိုအားထား၍ အမှုကို ပလပ်ခဲ့သည်။

ယခုအယူခံ၌၊ ထိုနို့တစ်စာသည် တရားဝင် မဝင်ဟူသော ပြဿနာတရပ်ကို စဉ်းစားရန်ရှိတော့သည်။ အယူခံ တရားလိုတို့၏ ပညာရှိ ရွှေနေကြီး ဦးထွန်းလှိုင်က ထိုအချက်နှင့် ပတ်သက်၍ ကတိစာချုပ်သည် အိမ်ငှါးသက်တမ်း ကုန်ဆုံးသည့် နေ့ရက်ကို အတိအကျ သက်မှတ်ထားပြီး ဖြစ်သဖြင့်၊ အိမ်မှန်အားဖြင့် နို့တစ်စာဖြင့် ထုတ်ဆင့်ရန်ပင် မလိုပါ။ ထိုသတ်မှတ်ထားသည့်ရက် ကုန်ဆုံးလျှင် အိမ်ရှင်တို့သည်

အိမ်ငှါးကို အချိန်မရွေး၊ ဖယ်ရှားရန် တရားစွဲဆိုခိုင်ခွင့် ရှိပါသည်ဟူ၍ **မဝင်းနှင့် ကိုထွန်းညွှန့် ပါ ၂** (၁) ကို ကိုးကား၍ လျှောက်လဲသည်။

၁၉၆၄

၁။ ဦးကောက်
၂။ ဦးဘအေး
၃။ မအေးကျင်နှင့်
၁။ ကိုတင်ညွှန့်
၂။ မသိန်းခ။

စာချုပ်အရ၊ အိမ်ငှါးသက်တမ်း ကုန်ဆုံးရန် သတ်မှတ် ထားသည့် ရက်မှာ၊ "၁၃၂၃ ခုနှစ်၊ တပို့တွဲလကုန်" ဖြစ်သည်။ ၎င်းနေ့ကို၊ ပြက္ခဒိန်နှင့်တိုက်၍ တွက်ကြည့်ရာ ၁၉၆၂ ခု၊ မတ်လ ၅ ရက်နေ့တွင်ကျသည်ကို တွေ့ရသည်။ အကယ်၍ မတ်လ ၅ ရက်နေ့ ကျော်သည့်အခါ၊ အယူခံတရားလိုဘို့သည် အိမ်ငှါးကို ဖယ်ရှားရန် တရားစွဲဆိုလျှင်၊ ပညာရှိကြီး၏ အားကိုးသော စီရင်ထုံးသည် အထောက်အကူ ဖြစ်ကောင်း ဖြစ်ပေလိမ့်မည်။ သို့ရာတွင် ယခုမူကား၊ ထိုကဲ့သို့ ကုန်ဆုံးသော နေ့ရက်ကို မစောင့်ဘဲ၊ ၃-၃-၆၂ နေ့ နေ့စွဲဖြင့်၊ မတ်လ ၃၁ ရက်နေ့ကို နောက်ဆုံးထား၍ဖယ်ရှားပေးရမည်ဟု ဆိုသဖြင့်၊ မူလစာချုပ်ပါ ပဋိညာဉ် ပြောင်းလဲရာသို့ ရောက်သည်။ မူလသတ်မှတ်ထားသည့် ရက်ထက်ပို၍နေခွင့်ပြုရာ၊ သို့မဟုတ်အိမ်ငှါး သက်ဘမ်းကိုတိုးမြှင့်၍ပေးရာရောက်သည်။ ထို့ကြောင့်ကတိစာချုပ်အရပင်လျှင်ထုတ်ဆင့်ခဲ့သော နို့တစ်စာသည် တရားမဝင် ဖြစ်နေသည်။ စာချုပ်တွင် အိမ်ငှါး သက်ဘမ်းကို မြန်မာလဖြင့် ပေးခဲ့ရာ၊ သက်တမ်းကုန်ဆုံးခြင်းကိုလည်း မြန်မာလနှင့် တွက်ချက်၍ အိမ်ရှင်တို့က ဥပဒေအာဏိုင်း အရေးယူ ဆောင်ရွက်ရန် ဖြစ်သည်။ ယခုမူမြန်မာလဖြင့် သက်ဘမ်း သတ်မှတ်ပြီး၊ အင်္ဂလိပ်လဖြင့် နို့တစ်ပေးခဲ့ သဖြင့်၊ ရက်များ အလွဲလွဲအချော်ချော် ဖြစ်ကာ ရှုပ်ထွေးခဲ့ရသည်။ ထို့ကြောင့် ပညာရှိ တရားသူကြီးက၊ နို့တစ်စာလည်း တရားမဝင်၊ တရားမဝင်သော နို့တစ်စာကို မှီခို အားထားပြုရသော အမှုသည်လည်း မခိုင်လုံဟူ၍ ဆုံးဖြတ်ခဲ့ခြင်းသည် မှန်သည်ဟူ၍ ယူဆရမည်။ အလားတူ ပြဿနာတရပ်၊ ဤရုံးတွင် မကြာမီက ဆုံးဖြတ်ခဲ့သော **ဦးဥတ္တရနှင့် ဦးသက်ရွှေ ပါ ၂** (၂)တွင်၊ ဤသဘောအတိုင်း ချမှတ်ခဲ့သည်ကိုလည်း ရည်ညွှန်းလိုသည်။

အဆက်ပါ အကြောင်းတို့ကြောင့်၊ အယူခံကို စရိတ်မရှိ ပလပ်လိုက်သည်။

---

(၁) ၁၉၅၉ ခု မြန်မာနိုင်ငံစီရင်ထုံး (တရားလွှတ်တော်) စာ-၆၉။
(၂) **တရားမ အယူခံမှုအမှတ် ၅၉/၆၃**။

တရားမအယူခံ

တရားသူကြီးချုပ် ဦးဘိုကြီးရှေ့တွင်

† ၁၉၆၄ မေလ ၂၁ ရက်။

ဦးမင်းစင် (အယူခံတရားလို)

နှင့်

မောင်လှထွန်း ပါ ၃ (အယူခံတရားခံများ) *

အပ်နှံသည့်ပစ္စည်းကို အပ်နှံခြင်းခံရသူက မည်သည့်အခါ၌ လက်ရှိထားပိုင်ခွင့်ရှိခြင်း—နှစ်နာကြေး တောင်းဆိုခြင်းကိစ္စ။

ပြိုင်မြင်းတကောင်ကို ဆေးကုသရန် တရားလိုက တရားခံအား အပ်နှံထားခဲ့ရာ၊ ပြန်လည် ပေးအပ်ခြင်း မပြုသောကြောင့်၊ ပေးအပ်ခြင်း မပြုသော ကာလအတွင်းတွင် မြင်းပွဲတွင် မသွင်းရ သဖြင့်နစ်နာကြေးရရှိရန် တရားစွဲဆိုလေသည်။ တရားခံက ပြန်လည်ပေးအပ်ခြင်း မပြုသည်မှာ၊ ကုန်ကျသောစရိတ်များကို မပေးသဖြင့် ဖြစ်ကြောင်း ထုချေလေသည်။

ဆုံးဖြတ်ချက်။ ။အပ်နှံခံရသူသည် အပ်နှံသော ပစ္စည်းနှင့် စပ်လျဉ်း၍၊ မိမိကုန်ကျစရိတ် ကိုမရရှိလျှင်၊ အပ်နှံသည့်ပစ္စည်းကို လက်ရှိထားပိုင်ခွင့်ရှိသည်။

ထို့ပြင်၊ တရားလိုစွဲဆိုသော နစ်နာကြေးငွေမှာ၊ အမှုပါပြိုင်မြင်း နိုင်မှသာလျှင် ရရှိနိုင် ပေမည်။ ထိုမြင်း ဇကန်နိုင်မည်ဟု ပြောရန်မဖြစ်နိုင်။

အယူခံတရားလိုအတွက်။ ။ကျို၊ အင်၊ ဘာနာဂျီ။

အယူခံတရားခံများအတွက်။ ။ဦးထွန်းဖိုန်။

ထရားသူကြီးချုပ် ဦးဘိုကြီး။ ။ဤအမှုတွင် အငြင်းမပွါးသော အချက်များမှာ၊ အယူခံတရားလို ဦးမင်းစင်သည် ဆိတ်ဖြူမောင် (ခေါ်) ပြိုင်မြင်းတကောင်ကို၊ ၁၉၅၆ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်နေ့လောက်၌ ဦးအုံဘွယ်ဆိုသူအား၊ ထိန်းကျောင်း ကျွေးမွေး လေ့ကျင့်ရန် ပေးအပ်ခဲ့ရာ၊ ၁၉၅၇ ခုနှစ်၊ ဩဂုတ်လတွင်၊ ဦးအုံဘွယ်သည် ထိုပြိုင်မြင်းကို ချောက်မြို့သို့ ပို့လိုက်၍၊ ၁၉၅၇ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်နေ့လောက်တွင် ချောက်မြို့မှ ရန်ကုန်သို့ ပြန်လည်သယ်ဆောင် ခဲ့၏။ ထို့နောက်၊ ဦးမင်းစင်က၊ ထိုပြိုင်မြင်းကို မိမိအား ပြန်လည်ပေးအပ်ရန် တောင်းဆိုသော်လည်း၊

---

* ၁၉၆၃ ခုနှစ်၊ တရားမ ပဌမ အယူခံမှုအမှတ် ၁၀၇။

† ၁၉၅၉ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၀၂ တွင်၊ ရန်ကုန်မြို့တော်၊ ဒုတိယတရားမတရား သူကြီးရုံးတော်၏ ချမှတ်သော ဒီကရီကို၊ အယူခံဝင်မှု။

ဦးအုံဘွယ်သည် ပေးအပ်ခြင်း မပြုဘဲ ၁၉၅၈ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့ကျမှသာလျှင် ပြန်လည်ပေးအပ်လိုက်၏။ ဦးမင်းစင်က၊ ယင်းသို့ ပြိုင်မြင်းကို ဦးအုံဘွယ်အား အပ်ရာတွင်၊ ဦးအုံဘွယ်သည် ထိုမြင်းကို မြင်းပွဲတွင် ဝင်ရောက် ပြေးစေပြီး၊ ဆုငွေရသည့်အခါ၌ မိမိနှင့် ခွဲဝေယူရန် ဖြစ်သည်ဟုဆို၏။ ဦးအုံဘွယ်၏ ချေပလွှာတွင်၊ ယင်းသို့အစီအစဉ်မျိုး မလုပ်ဘဲ၊ ဦးမင်းစင်က ပြိုင်မြင်းကို ကျွေးမွေး လေ့ကျင့်ရန်အတွက်၊ တလလျှင်အခငွေ ၂၅၀ နှင့်အပ်နှံခဲ့ကြောင်း ချေပ၏။ ထို့ပြင်လည်း ထိုမြင်းကိုချောက်မြို့သို့ ပို့ရသည်မှာ၊ မကျန်းမမာသဖြင့် မြင်းဆေးကု ဆရာနှင့် မြင်းပွဲအသင်း လူကြီးများ၏ အကြံပေး ညွှန်ကြားချက်များအရ၊ ပို့ခဲ့ရကြောင်း။ ထိုမြင်း ရန်ကုန်မြို့သို့ ပြန်လည် ရောက်ရှိပြီးနောက်၊ ဦးမင်းစင်သည် မုလကတိအတိုင်း၊ ကုန်ကျသော စရိတ်များကို ပေးဆောင်ခြင်း မပြုသောကြောင့်၊ ပြန်လည် ပေးအပ်ခဲ့ခြင်း မပြုခဲ့ကြောင်းနှင့် ခုခံချေပ၏။

ဤအမှုပါ မြင်းကို ၁၉၅၇ ခုနှစ်၊ သြဂုတ်လမတိုင်မီက၊ ဦးအုံဘွယ်လက်ရှိထားသည့်အတွက်၊ ဦးမင်းစင် တရားစွဲဆိုခြင်း မပြုချေ။ ဦးမင်းစင်က ထိုမြင်းသည် ၁၉၅၇ ခုနှစ်၊ သြဂုတ်လတွင် ချောက်မြို့မှ ပြန်လည်ရောက်ရှိ ပြီးနောက်၊ ၁၉၅၈ ခုနှစ်၊ မတ်လတွင် ပြန်လည်ပေးအပ်သည့် နေ့အထိ၊ ကြားကာလ အတွင်းတွင် မြင်းပွဲတွင် မသွင်းရသဖြင့်၊ မိမိမှာ ငွေ ၇,၀၆၀ နစ်နာပါသည်ဟု လျော်ကြေး ရရှိရန်တရားစွဲဆို၏။

ထိုမြင်းကို ၁၉၅၇ ခုနှစ်၊ သြဂုတ်လမှ ၄ လကြာမျှ ချောက်မြို့သို့ ပို့ထားရခြင်းနှင့် စပ်လျဉ်း၍၊ ရန်ကုန်မြို့နီစီပါယ် တိရစ္ဆာန် ဆေးကုဆရာဝန် ဦးညွန့်ရွှေ (ခံပြ-၃) သည် ရန်ကုန် မြင်းပွဲအသင်း၏ တွဲဘက်တိရစ္ဆာန် ဆေးကုဆရာဝန် အဖြစ်ဆောင်ရွက်ခဲ့သူဖြစ်ရာ၊ ၎င်းက အဆိုပါမြင်းကို ကြည့်ရှုစစ်ဆေးသည့်အခါ၊ ခြေလေးဘက် ရောင်နေသည်ကိုတွေ့၍၊ ရာသီဥတုအလိုက် အထက်သို့ပို့ရန် အကြံပေးခဲ့ကြောင်းနှင့် အစစ်ခံ၏။ ထိုစဉ်က၊ ကျိုက္ကစံမြင်းကွင်း အုပ်ချုပ်ရေးမှူး ဦးချစ်ခိုင် (ခံပြ-၂) ကလည်း ထိုမြင်းကို မကျန်းမာ၍ အထက်သို့ပို့သည်ကို မှတ်မိကြောင်း အစစ်ခံ၏။ ထို့ကြောင့် ထိုခလေးလမျှအတွင်း ဤအမှုပါမြင်းကို၊ ချောက်မြို့သို့ပို့ရသည်မှာ၊ မကျန်းမမာသဖြင့် ချောက်မြို့ ရာသီဥတုနှင့် သင့်တော်သောကြောင့် ပို့ရသည်ဟုမူလရုံးတွေ့ရှိသည်မှာ မှန်ကန်သည်ဟု ဆိုရပေမည်။ အမှန်အားဖြင့် ဆိုလျှင်၊အယူခံတရားလို၏ပညာရှိ ရှေ့နေကြီးက၊ထိုကာလ အပိုင်းအခြားနှင့်စပ်လျဉ်း၍၊ မိမိအထူးတလည်လျောက်လဲခြင်း မပြုလိုဘဲပါဟုဝန်ခံ၏။

ပညာရှိ ရှေ့နေကြီး အဓိကအားဖြင့် လျောက်လဲသည်မှာ၊ ထိုပြိုင်မြင်းသည် ချောက်မြို့မှ ပြန်လည် ရောက်ရှိပြီးနောက်၊ ၁၉၅၈ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့တိုင် အောင် ဦးအုံဘွယ်က၊ ပြန်လည်ပေးအပ်ခြင်း မပြုသောကြောင့်၊ ထိုကာလအတွင်း

ဦးမင်းစင် နှင့် မောင်လှထွန်း ဟိ ၃။

၁၉၆၄

ဦးမင်းစင်
နှင့်
မောင်လှထွန်း
ပါ ၃။

မြင်းပွဲတွင် မသွင်းနိုင်သည့်အတွက်၊ ဆုငွေ မရခဲ့ကြောင်းနှင့် တရားစွဲဆိုသည်မှာ၊ ခိုင်လုံပါသည်ဟု လျှောက်ထား၏။ ဦးအုံဘွယ် ထုချေပြီးနောက်၊ ကွယ်လွန်ခဲ့ရာ၊ ၎င်း၏ တရားဝင်ကိုယ်စားလှယ် များက၊ ဆက်လက်ခုခံ၍ သက်သေတင်ပြ၏။ ထို သက်သေ တင်ပြချက်အရ၊ ဦးမင်းစင်သည် မြင်းနှင့်ပတ်သက်၍ ကုန်ကျစရိတ်များကို ပေးဆောင်ခြင်း မပြုသဖြင့်၊ ဦးအုံဘွယ်နှင့် အငြင်းပွါးကြရာ၊ မြင်းပွဲအသင်းဝင် လူကြီးများက ဝင်ရောက် ဖြန်ဖြေပေးရသည်ကို တွေ့ရှိရသည်။ ဦးမင်းစင်၏ ပညာရှိ ရှေနေကြီးက၊ ထိုကုန်ကျ စရိတ်များနှင့် ပတ်သက်၍၊ ဦးအုံဘွယ်က ဦးမင်းစင်အပေါ်၊ ရန်ကုန်မြို့၊ တရားမရုံး၌ သင့်ဒဋ္ဌ ၂,၆၁၇ ကျပ် ၅၀ ပြားခန့်ရန် တရားစွဲဆိုခဲ့ရာ၊ ထိုသင့်ငွေမှာ၊ မြင်းကို စတင်အပ်သော ၁၉၅၆ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်နေ့မှ ၁၉၅၇ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်နေ့အထိအတွက်ဖြစ်ကြောင်း။ မိမိယခုတောင်းဆိုသည့် လျော်ကြေးမှာ၊ ထို ၁၉၅၇ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်နေ့မှ မြင်းကိုပြန်လည်ပေးအပ်သည့် ၁၉၅၈ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့အတွက်ဖြစ်ကြောင်း။ ထို့ကြောင့်၊ထိုကာလ အတွက် ကျသင့်သော စရိတ်ကြေးငွေ မရသောကြောင့်၊ ဦးအုံဘွယ်သည် မြင်းကို လက်ရှိထားပိုင်ခွင့် မရှိကြောင်းနှင့် လျှောက်လဲ၏။ သို့သော်၊ ထိုငွေနှင့်စပ်လျဉ်း၍ စွဲဆိုသော ရန်ကုန်မြို့၊ တရားမရုံး၊ ၁၉၅၇ ခုနှစ်၊ တရားမကြီးမှုအမှတ် ၉၇၃ ကို၊ခေါ်ယူကြည့်ရှုရာ၊ ထိုအမှုကို ၁၉၅၇ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်နေ့၌စတင်စွဲဆို၍၊ ၁၉၆၃ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်နေ့ကမှ သာလျှင်၊ အမိန့်ဒီကရီချမှတ်ကြောင်းတွေ့ရှိရသည်။ယင်းသို့ဖြစ်ရာ၊ ဦးမင်းစင်သည်ထိုကျသင့်ငွေကို ၁၉၅၇ ခုနှစ်၊ ဩဂုတ်လမှ၊ ၁၉၅၈ ခုနှစ်၊မတ်လ ၁၇ ရက်နေ့အတွင်း ပေးဆောင်ခြင်း မပြုခဲ့ကြောင်း ပေါ်လွင်ထင်ရှား၏။ ထို့ကြောင့်၊ ဦးအုံဘွယ်သည် ပြိုင်မြင်း အပ်နှံခြင်း ခံရသူဖြစ်ရာ၊ ထိုမြင်းနှင့်စပ်လျဉ်း၍ မိမိကုန်ကျသော စရိတ်များကို အပ်နှံသူ ဦးမင်းစင်အား ပေးဆောင်ခြင်း မပြုသောကြောင့်၊ မြင်းကိုပြန်လည်ပေးအပ်ခြင်း မပြုဘဲ လက်ရှိထားပိုင်ခွင့် ရှိပေသည်။ ပါရဂူ ပေါ်လာ(ခ်)ပြုသော ၁၅ ကြိမ်မြောက်ထုတ် (TORT) ဥပဒေကျမ်း စာမျက်နှာ ၂၇၆ တွင်၊အပ်နှံခံရသူသည်အပ်နှံသောပစ္စည်းနှင့်စပ်လျဉ်း၍၊ မိမိကုန်ကျစရိတ်ကို မရရှိလျှင်၊ အပ်နှံသည့်ပစ္စည်းကိုလက်ရှိထားပိုင်ခွင့် ရှိကြောင်း ဖြေကြားထားလေသည်။

ထိုမှတပါးလည်း၊ ဦးမင်းစင်စွဲဆိုသောငွေမှာ၊ ဤအမှုပါ ပြိုင်မြင်း နိုင်မှသာလျှင် ရရှိနိုင်ပေမည်။ မြင်းပွဲအသင်း စတီးဝပ်လူကြီး တဦးဖြစ်သူ ဦးဘကလေး (ခံပြ-၁)က ပြိုင်မြင်းကို ပြေးပွဲတွင်သွင်းရာ၌၊ ကောန်နိုင်မည်ဟု ပြောခုန်မဖြစ်နိုင်ကြောင်းနှင့်အစစ်ခံလေသည်။

ဤအမှုတွင် ဝင်ရောက် စွက်ဖက်ရန် အကြောင်းမရှိသဖြင့်၊ အယူခံကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။ ဤရုံးချေနေ့မှာ ၅ဝ ဖြစ်စေရမည်။

တရားမအယူခံ

တရားသူကြီးချုပ် ဦးဘိုကြီး ရွှေတွင်

ဒေါ်ခင်သန်း ပါ ၅ (လျှောက်ထားသူများ)

နှင့်

ခရိုင်တရားမတရားသူကြီး သာယာဝတီမြို့ပါ ၂ (လျှောက်ထားခံရသူများ) *

† ၁၉၆၃ ခုနှစ်၊ မေလ ၁၃ ရက်။

အုပ်ထိန်းသူများနှင့် အုပ်ထိန်းခံရသူများ—အက်ဥပဒေပုဒ်မ ၇၊ အုပ်ထိန်းခြင်း ခန့်အပ်ခြင်းခံရသူ—ပုဒ်မ ၂၅ အရ၊ လက်ရောက်ရရန် လျှောက်လွှာ—တရားရုံးက စဉ်းစားရမည့် အချက်များ။

ဆုံးဖြတ်ချက်။ ။သူတဦးတယောက်သည် အုပ်ထိန်းသူများနှင့် အုပ်ထိန်းခံရသူများ အက်ဥပဒေပုဒ်မ ၇ အရ၊ အရွယ်မရောက်သေးသူ တဦးအတွက် အုပ်ထိန်းသူအဖြစ် ခန့်အပ်ခြင်း ခံရပြီး၊ ထိုဥပဒေပုဒ်မ ၂၅ အရ၊ လက်ရောက်ရရှိရန်အတွက် လျှောက်ထားရာတွင်၊ ၎င်းအရွယ် မရောက်သေးသူကို ၎င်းအား မအပ်ဘဲ မနေနိုင်ဟု ယူဆသည်မှာ မှားယွင်းသည်။

အဆိုပါဥပဒေပုဒ်မ ၂၅ ကိုလေ့လာသုံးသပ်က အရွယ်မရောက်သူအား အုပ်ထိန်းသူလက်သို့ ပြန်လည်အပ်နှံခြင်းမပြုမီ၊ ထိုသူ၏အကျိုးကို အဓိကအားဖြင့်ထည့်သွင်းစဉ်းစားရမည် ဖြစ်ကြောင်း တွေ့ရှိရသည်။ အရွယ်မရောက်သူ၏ ကျန်းမာရေး၊ နေထိုင်ရေး၊ ပညာရေး၊ စာရိတ္တပြုပြင်ရေး စသည့် အချက်များကို ထည့်သွင်းစဉ်းစားပြီးမှ ၎င်းအား အုပ်ထိန်းသူလက်သို့ ပြန်လည်အပ်နှံရန်သင့် မသင့်အမိန့်ချမှတ်ရမည်ဖြစ်သည်။ ထိုအချက်များနှင့် စပ်လျဉ်း၍ သက်သေများလည်း စစ်ရှုဉီးမည် ဖြစ်သည်။

လျှောက်ထားသူများအတွက်။ ။ဦးဇမောင်။

လျှောက်ထားခံရသူများအတွက်။ ။ဦးမောင်ကြီး။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။ဤအမှုတွင် မဖွါးသိန်းက မိမိနှင့် ခင်ပွန်း ကိုခင်မောင် တို့၏သမီး အရွယ်မရောက်သေးသူ အေမာခင်ကို အုပ်ထိန်းလိုခြင်းဖြင့် အုပ်ထိန်းသူများနှင့် အုပ်ထိန်းခံရသူများ အက်ဥပဒေပုဒ်မ ၇ အရ၊ သာယာဝတီခရိုင် တရားမရုံး တရားမသေးမှုအမှတ် ၂၁/၆၀ တွင် စွဲဆိုရာ အမှုရှုံးသဖြင့် ယခင်တရားလွှတ်တော်သို့

---

* ၁၉၆၃ ခုနှစ်၊ တရားမအသေးအဖွဲ့ လျှောက်လွှာအမှတ် ၁၇၁။

၁၉၆၄

ဒေါ်ခင်သန်း ပါ ၅ နှင့် ခရိုင်တရားမ တရားသူကြီး သာယာဝတီမြို့ ပါ ၂။

အယူခံဝင်၏။ အယူခံမှုမပြီးပြတ်မီ အတွင်း ကိုခင်မောင် ကွယ်လွန်သဖြင့်၊ ယခုတရားရုံးချုပ်က မဖွါးသိန်းလျောက်ထားသည့်အတိုင်း၊ ၎င်းအား အေမာခင်၏အုပ်ထိန်းသူအဖြစ် ခန့်အပ်လိုက်၏။ ထို့နောက် မဖွါးသိန်းသည် အဆိုပါ အက်ဥပဒေပုဒ်မ ၂၅ အရ၊ အေမာခင်ကို လက်ဆောက်ရရှိရန်အတွက် အေမာခင်အား ကြည့်ရှုစောင့်ရှောက်နေကြသူ ကိုခင်မောင်၏ညီ-ညီမများအပေါ် လျောက်ထားရာ၊ ခရိုင်တရားမရုံးကမူလ ပဌမဥ် အမှုသစ်မဖွင့်ဘဲ အထက်ဌာနဖေါ်ပြခဲ့သော တရားမသေးမှုအမှတ် ၂၁/၆၀ တွင် ဆက်လက်ဆောင်ရွက်ရန် စီမံ၏။ သို့သော် အေမာခင်အား စောင့်ရှောက်နေကြသူ မခင်သန်းနှင့်အပေါင်းပါတို့၏ ပညာရှိရွှေနေကြီးက အဆိုပါ အက်ဥပဒေပုဒ်မ ၂၅ အရ၊ အမှုသစ်ဖွင့်သင့်ကြောင်းလျောက်ထားရာ၊ ခရိုင်တရားမရုံးက တရားမသေးမှုအမှတ် ၉/၆၃ ကိုဖွင့်လိုက်၏။

အမှုအတောအတွင်း ခရိုင်တရားမတရားသူကြီးက တရားရုံးချုပ်သည် မဖွါးသိန်းအား အေမာခင်၏ အုပ်ထိန်းသူအဖြစ်ခန့်အပ်ပြီး ဖြစ်သဖြင့် မိမိသည်တရားရုံးချုပ်၏ အမိန့်ကို မလိုက်နာမဆောင်ရွက်ဘဲ မနေနိုင်တော့ကြောင်းနှင့် အမှုသည်များနှင့်ငင်းတို့၏ရွှေနေကြီးများအား ပြောကြား၏။ ယင်းသို့ပြောကြားသည်ကိုလည်း ခရိုင်တရားမတရားသူကြီးကငင်း၏ အစီရင်ခံစာဘွင်ဝန်ခံ၏။ ထို့ပြင် မခင်သန်းနှင့်အပေါင်းပါတို့က မိမိတ္ဂါအမှုကို ဆက်လက်ကြားနာစစ်ဆေးလျှင် တရားမျှတမှု ရရှိမည်မထင်ကြသဖြင့်၊ ၎င်းတို့လျောက်ထားသည့်အတိုင်းအမှုကို ရုံးပြောင်းပေးရန် အစီရင်ခံ၏။

ခရိုင်တရားမ တရားသူကြီးသည် တရားရုံးချုပ်က မဖွါးသိန်းအား အေမာခင်၏ အုပ်ထိန်းသူအဖြစ် ခန့်အပ်လိုက်သဖြင့် အေမာခင်အား မဖွါးသိန်းသို့ မအပ်ဘဲနေနိုင်တော့ဟု ယူဆသည်မှာ မှားယွင်းလေသည်။ အုပ်ထိန်းသူများနှင့် အုပ်ထိန်းခံရသူများအက်ဥပဒေပုဒ်မ ၂၅ ပါပြဋ္ဌာန်းချက်များကို သေချာစေ့ငုံ့လေ့လာသုံးသပ်ပါက အရွယ်မရောက်သူအား အုပ်ထိန်းသူလက်သို့ ပြန်လည်အပ်နှံခြင်းမပြုမီ အရွယ်မရောက်သူ၏ အကျိုးကိုအဓိကအားဖြင့် ထည့်သွင်းစဉ်းစားရမည်ဖြစ်ကြောင်း တွေ့ရှိရပေမည်။ အရွယ်မရောက်သူ၏ ကျန်းမာရေး၊ နေထိုင်ရေး၊ ပညာသင်ကြားရေး၊ စာရိတ္တပြုပြင်ရေးစသည့်အချက်များကို ထည့်သွင်းစဉ်းစားပြီးမှ၊ ၎င်းအား အုပ်ထိန်းသူလက်သို့ပြန်လည်အပ်နှံရန်သင့်မသင့် အမိန့်ချမှတ်ရမည်ဖြစ်သည်။ ထိုအချက်များနှင့် စပ်လျဉ်း၍ သက်သေများစစ်ဆေးရပေဦးမည်။

နှစ်ဦးနှစ်ဘက်သော ပညာရှိရွှေနေကြီးများက ယခုအမှုကို အထက်ပါအခြေအနေတွင် သာယာဝတီ ရာဘက်ခရိုင်တရားမတရားသူကြီးထံသို့ ပေးပို့စစ်ဆေးလျှင် သင့်တော်မည်ဟု ပြောကြားကြ၏။ ဤရုံးကလည်း သဘောတူ၏။

ထို့ကြောင့် အုပ်ထိန်းသူများနှင့် အုပ်ထိန်းခံရသူများ အက်ဥပဒေပုဒ်မ ၄ (က) အရ၊ ဤရုံးက သာယာဝတီရာဇာဝက် ခရိုင်တရားမတရားသူကြီးအား၊ ဤအမှုကို မိမိထံလွှဲပြောင်းရရှိသည့်အခါ၌ ကြားနာစစ်ဆေးစီရင်ဆုံးဖြတ်နိုင်ခွင့် ပေးအပ်လိုက်သည်။ သာယာဝတီခရိုင် တရားမတရားသူကြီးက ဤအမှုကိုအမိန့်စာဖြင့် ရာဇာက်ခရိုင်တရားမတရားသူကြီးသို့ကြားနာ စစ်ဆေးစီရင်ဆုံးဖြတ်ရန်အတွက်လွှဲပြောင်းပေးသင့်ပေသည်။ ထို့ပြင်လည်း ခရိုင်တရားမတရားသူကြီးသည် ထိုအက်ဥပဒေပုဒ်မ ၄ (က) ပုဒ်မငယ် (၄) အရ အရေးယူဆောင်ရွက်သင့်ပေသည်။

အမှုသည်များသည် ဤရုံးတရားစရိတ်တို့ကို မိမိတို့ကိုယ်တိုင် ကျခံကြရမည် ဖြစ်မည်။

ခဗ်၆၄

ဒေါ်ခင်သန်း ပါ ၅ နှင့် ခရိုင်တရားမတရားသူကြီး သာယာဝတီမြို့ ပါ ၂။

APPENDIX

(Judgments of the Courts-Martial Appeal Court)

စီရင်ထုံးပြုသောမှုခင်းများ

LIST OF CASES REPORTED

စစ်ဘက်အယူခံရုံး

COURTS-MARTIAL APPEAL COURT

		PAGE
Lieutenant Min Oo *v.* The Union of Burma	...	533
Maung Nyan Shein *v.* The Union of Burma	...	556

ကိုးကားသောမူခင်းများ

LIST OF CASES CITED

စစ်ဘက်အယူခံရုံး

COURTS-MARTIAL APPEAL COURT

PAGE

King Emperor v. U Dhamapala I.L.R. 14 Ran. 666 (F.B.) referred to and explained 533

Mayer v. Harding (1866-67) L.R. II Q.B. p. 410, referred to 533

Nga Waik v. King Emperor I.L.R. I Ran. 209, referred to 533

Queen Emperess v. Niddha I.L.R. 14 All. 38, referred to 533

Union of Burma v. Aung Tin (a) Aung Myint 1958
Aung Tin (a) Aung Myint v. Union of Burma B.L.R. (S.C.) I, referred to 535

Vasudeo Balwant Gogte v. Emperor A.I.R. (1932) Bom. 279, referred to 533

COURTS-MARTIAL APPEAL COURT

ညွှန်းချက်

INDEX

စာမျက်နှာ

Court Martial Appeal Court—failure to present petition within prescribed time—when competent—effect of Defence Services (Amending) Act 1961 (*Act* 29 *of* 1961) *Conduct of accused person—when relevent. Attempt to commit murder—Penal Code S.* 307. *Held:* Where the Appellant could not have presented a petition prescribed under S. 168 (2) of the Defence Services Act 1959, within the period of limitation prescribed by the rules of the Court Martial Appeal Court, 1960, as the Amending Act (Act 39 of 1961) giving him a right of Appeal had not been passed at that time, the Appeal before the Court Martial Appeal Court is competent. *Mayer* v. *Harding*, (1866-67) L.R. II Q.B. P. 410 referred to. *Held also:* In a criminal case the conduct of an accused person subsequent to a crime, is a relevant factor. *King Emperor* v. *U Damapala*, I.L.R. 14 Ran. 666 (FB) referred to and explained. Thus, where the appellant had shot his Superior Officer with a pistol during a struggle, and had contended that it was an accident, one would have expected that he would be profuse in his explanation to everyone that he met after the shooting, that the weapon had been discharged by accident. It is only where the case for the prosecution is too weak to justify a conviction, that the conduct of an accused person should not be used to bolster it. *Held further:* As it is clear from the facts and circumstances of the case that the Appellant would have shot his Superior Officer at point-blank range had the Superior Officer not tried to wrest the pistol from his hands, he has been rightly convicted under S. 307 of the Penal Code. *Queen Impress* v. *Niddha*, I.L.R. 14 All. 38; *Nga Waik* v. *King Emperor*, I.L.R. I. Ran. 209; *Vasudeo Balwant Gogte* v. *Emperor*, A.I.R. 1932, Bom. 279 referred to.

LT. MIN OO *v.* THE UNION OF BURMA 533

DEFENCE SERVICES ACT (1959)—S. 136—APPLICABILITY OF EVIDENCE ACT—*proof of confession before Magistrate. Use of confession not produced at trial in Appeal—whether proper. Premeditation in murder—question of fact—exculpatory statement in confession—how to be accepted. Held:* As S. 136 of the Defence Services Act states that the Evidence Act shall apply, a confession made by a member of the Armed Services before a Magistrate, can be proved against him. However, where such confession has not been produced the Summary General Court Martial, and was produced only at the Appellate Court, it would not be in the interest of justice to make use of it at this stage. *Held also:* Premeditation is a question of fact. The mere fact that the Appellant admitted in his statement recorded under S. 22 (3) of the Defence Services Act, that he went armed with a knife, does not prove

premeditation. The exculpatory statement is the said statement that the Appellant first struck the deceased with a bamboo merely to hurt him, must be accepted, as there is no other evidence to show affirmatively that it is false. *Aung Tin* (a) *Aung Myint* v. *Union of Burma* 1958 B.L.R. (S.C.) 1, referred to. The Appellant is therefore given the benefit of doubt regarding the existence of premeditation, and the conviction is altered from S. 302 (1) (*b*) to S. 302 (2) of the Penal Code.

MAUNG NYAN SHEIN *v.* THE UNION OF BURMA ... 556

COURTS-MARTIAL APPEAL COURT

Before U San Maung, J., Col. Hla Han and U Aung Gyi.

LIEUTENANT MIN OO (APPELLANT)

v.

THE UNION OF BURMA (RESPONDENT).*

C.M.A.C. 1962

Feb. 9.

Court Martial Appeal Court—failure to present petition within prescribed time—when competent—effect of Defence Services (Amending) Act, 1961 (Act 29 of 1961)—Conduct of accused person—when relevant. Attempt to commit murder—Penal Code S. 307.

Held: Where the Appellant could not have presented a petition prescribed under s. 168 (2) of the Defence Services Act, 1959, within the period of limitation prescribed by the rules of the Court Martial Appeal Court, 1960, as the Amending Act (Act 39 of 1961) giving him a right of Appeal had not been passed at that time, the Appeal before the Court Martial Appeal Court is competent.

Mayer v. *Harding*, (1866-67) L.R. II Q.B. p. 410, referred to.

Held also: In a criminal case the conduct of an accused person subsequent to a crime, is a relevant factor.

King Emperor v. *U Damapala*, I.L.R. 14 Ran. 666 (F.B.), referred to and explained.

Thus, where the appellant had shot his Superior Officer with a pistol during a struggle, and had contended that it was an accident, one would have expected that he would be profuse in his explanation to everyone that he met after the shooting, that the weapon had been discharged by accident.

It is only where the case for the prosecution is too weak to justify a conviction that the conduct of an accused person should not be used to bolster it.

Held further: As it is clear from the facts and circumstances of the case that the Appellant would have shot his Superior Officer at point-blank range had the Superior Officer not tried to wrest the pistol from his hands, he has been rightly convicted under s. 307 of the Penal Code.

Queen Empress v. *Niddha*, I.L.R. 14 All. 38; *Nga Waik* v. *King Emperor*, I.L.R. 1 Ran. 209; *Vasudeo Balwant Gogte* v. *Emperor*, A.I.R. (1932) Bom. 279, referred to.

G. D. Williams for the appellant.

Hla Thin (Government Advocate) for the respondent.

U SAN MAUNG, J.—This is an appeal by Lieutenant Min Oo who has been convicted under section 307 of the

* Criminal Appeal No. 3 of 1961.

C.M.A.C. 1962 — LT. MIN OO v. THE UNION OF BURMA.

Penal Code read with section 46 of the Burma Naval Discipline Act, 1947, and also under section 17 of the same Act against the convictions and sentences passed upon him by the Naval Court-Martial held on board U.B.S. "Ratanabon" at Rangoon on the 25th of March 1960 and on subsequent dates.

The alleged offences were committed on the 9th of December, 1957, and the Court-Martial constituted to try Lieutenant Min Oo under section 61 of the Burma Naval Discipline Act, 1947, was comprised of three Lieutenant-Commanders and two Lieutenants and presided over by Lieutenant-Commander Khin Maung Myint (2). The Court-Martial found the accused guilty and sentenced him to seven years' rigorous imprisonment and also ordered him to be dismissed with disgrace from the Naval Service on the 16th of May, 1960. The order of the President of the Union of Burma confirming the finding of the Naval Court-Martial but reducing the sentence of imprisonment to five years was passed on the 11th of August, 1960 and the same was promulgated on the 18th August, 1960. In the meantime, on the 1st of July, 1960, the Burma Naval Discipline Act of 1947 was repealed by section 237 of the Defence Services Act of 1959. However, an amending Act, being No. 39 of 1961, was subsequently passed by the Parliament and it became law on the 5th of October, 1961. By section 15 of the Amending Act sub-section (2) was inserted to section 237 of the Defence Services Act of 1959 with retrospective effect from the date when the Defence Services Act, 1959, came into force. Accordingly, notwithstanding the repeal of the Burma Naval Discipline Act of 1947 by sub-section (1) of section 237 of the Defence Services Act, 1959, proceedings which had commenced under the Burma Naval Discipline Act of 1947 in respect of offences committed when that Act remained in force, except that the provisions of the Defence Services Act of 1959 should

apply to pardons, remissions and suspensions of sentences and to appeals *vide* Chapters 14 and 17 of the Defence Services Act, 1959.

Before the passing of the Defence Services (Amending) Act of 1961 (Act No. 39 of 1961) there had been no provisions regarding appeals from convictions by Courts-Martial. Accordingly, on the 13th of October 1960, the appellant Lieutenant Min Oo filed an application before the Supreme Court of the Union of Burma for special leave to appeal under section 6 of the Union Judiciary Act, 1948. Special leave was granted by the Supreme Court on the 20th of March 1961, evidently because one of the grounds urged by the learned Advocate for Lieutenant Min Oo in the application for special leave was that the Defence Services Act of 1960 being promulgated only on the 1st of July, 1960, did not give a right of appeal to Lieutenant Min Oo against whom the Court-Martial proceedings were concluded a month before the said Act was promulgated. However, when such right of appeal was given to Lieutenant Min Oo by section 15 of the Defence Services (Amending) Act, 1961, the Supreme Court had forwarded to this Court the memorandum of appeal of Lieutenant Min Oo for disposal.

When the appeal was subsequently heard, a preliminary objection was raised by the learned Government Advocate on the ground that the appellant Lieutenant Min Oo had not complied with a condition precedent to the filing of his appeal before the Courts-Martial Appeal Court. For this objection the learned Government Advocate has relied upon the provision of sub-section (2) of section 213 of the Defence Services Act, 1959, which reads as follows:

"213. * * * *

(2) Except in the case of a conviction involving sentence of death, the right conferred by sub-section (1) on

C.M.A.C. 1962

LT. MIN OO v. THE UNION OF BURMA.

a person convicted by a court-martial shall not be exercisable—

(*a*) unless, within such period as may be prescribed, he presents to the appropriate authority a petition in pursuance of sub-section (2) of section 168 praying that his conviction be set aside; and

(*b*) until either the prescribed period beginning with the day on which the petition is presented expires, or he is notified by that authority of the order passed on the petition and dissatisfied therewith, whichever event first occurs."

Sub-section (2) of section 168 provides that a person subject to the Defence Services Act of 1959, who considers himself aggrieved by any finding or sentence by any Court-Martial may present a petition to the officer or authority empowered to confirm the finding or sentence of such Court-Martial and the confirming authority may pass such orders thereon as he thinks fit. Regarding the periods of limitation, the same are prescribed in the rules framed by the Supreme Court of the Union of Burma *vide* Notification No. 3 (General) dated the 30th December, 1960. The period of limitation for presenting a petition to the confirming authority is ten days from that on which the finding of the Court-Martial is promulgated and the period at the expiration of which a person not previously notified that his petition has not been granted becomes entitled to exercise his right of appeal is 60 days following that on which he had presented his petition. The period within which the appeal must be lodged is 60 days from that on which the appellant's right of appeal becomes exercisable.

The contention of the learned Government Advocate is that since the appellant Lieutenant Min Oo had not presented to the confirming authority a petition as prescribed under sub-section (2) of section 168 of the

Defence Services Act of 1959, his appeal was incompetent. However, in the circumstances narrated above it was impossible for Lieutenant Min Oo to have presented a petition to the confirming authority as prescribed under section 168 (2) of the Defence Services Act, 1959. The amending Act giving him a right of appeal became law only on the 5th of October 1961, long after he had presented an application to the Supreme Court of the Union of Burma on the ground that he had no ordinary right of appeal. Therefore, Lieutenant Min Oo could not have presented a petition prescribed under section 168 (2) of the Defence Services Act, 1959, within the period of limitation prescribed by the rules of the Court-Martial Appeal Court, 1960, as notified in the Supreme Court Notification No. 3 (General) dated the 30th of December, 1960. In *Mayer* v. *Harding* (1) the appellant having applied to justices to state a case under sections 20 and 21 Vict. Chapter 43, received the case from them on Good Friday and transmitted it to the proper Court on the following Wednesday, it was held by a Bench consisting of Mellor and Shee, JJ. that " as the offices of the Court were closed from Friday until Wednesday, the appellant had transmitted the case as soon as it was possible to do so and that, therefore, he had sufficiently complied with the requirements of law which directs that the case must be transmitted by the appellant within three days after he has received it." In this connection, the following observation of Mellor, J., is apposite. The learned Judge said:

> " Here it was impossible for the appellant to lodge his case within three days after he received it. As regards the conduct of the parties themselves, it is a condition precedent. But this term is sometimes used rather loosely. I think it cannot be considered strictly a condition precedent where

(1) (1866-67) L.R. II Q.B., p. 410.

C.M.A.C. 1962

LT. MIN OO v. THE UNION OF BURMA.

it is impossible of performance in consequence of the offices of the court being closed, and there being no one to receive the case."

Besides, the President of the Union of Burma who is the highest confirming authority had already confirmed the finding against the appellant Lieutenant Min Oo on the 11th of August 1960, and there is no point in presenting a petition either to him or to an inferior confirming authority as required by sub-section (2) of section 168 of the Defence Services Act, 1959. The preliminary objection of the learned Government Advocate has, therefore, been overruled.

Now, regarding the facts of the case. On the day of occurrence, namely, the 9th December, 1959, there was an unofficial meeting of all the officers of the Burma Navy Training School at Seikkyi except one, Lieutenant Kyaw Myint who was absent. This meeting was held on the 1st floor of the Officers' Mess from about 7 p.m. till about 8 p.m. when it was adjourned to enable the participants to have refreshments downstairs. All the officers present at the meeting except Lieutenant Kyaw Win (PW 10), who left the meeting early and Lieutenant Khin Maung Swe (PW 2) who remained upstairs to have a bath, came down to the groundfloor of the building. There, in the sitting-room Lieutenant-Commander Khin Maung Myint (PW 1) who was the Principal of the Navy Training School conversed with two guests Lieutenant Khin Maung Lwin and Mrs. Khin Maung Lwin who had arrived. Two other officers, Lieutenant Daw Than Shin (PW 7) and Lieutenant Nyun Nyun Yin (not examined) had their dinner in the Dining Room adjacent to the sitting room. While they were so occupied, it is the prosecution case that, Lieutenant Min Oo came and engaged them in conversation in course of

which he told them that he had something to clear up with Lieutenant-Commander Khin Maung Myint that very night and so saying he went to join Lieutenant-Commander Khin Maung Myint and his companions in the sitting room. A short while later, Lieutenant Khin Maung Lwin and his wife left leaving behind Lieutenant Min Oo alone with Lieutenant-Commander Khin Maung Myint. At that moment, Lieutenant Daw Than Shin (PW 7) and Lieutanant Nyun Nyun Yin (not examined), Lieutenant Tin Maung Swe (PW 2), Lieutenant Win Thein Maung (PW 4) and Lieutenant Tint Lwin were in the verandah, a few feet outside the sitting room from which they could gather stray bits of conversation between Lieutenant-Commander Khin Maung Myint and the appellant Lieutenant Min Oo. Several topics, as will be mentioned later, were discussed and the conversation was more and more heated as it became argumentative. The witnesses who remained in the verandah also heard the sound of some one banging his fist on a table or chair before they heard the report of a gun. At this Lieutenant Tin Maung Swe and Lieutenant Tint Lwin rushed into the sitting room to see Lieutenant Khin Maung Myint and the appellant Lieutenant Min Oo struggling on the floor for the possession of a pistol which was held by Lieutenant Min Oo in his right hand. There was no lamp alight in the sitting room but the four electric lamps in the verandah surrounding it shed sufficient light to enable the forms, if not the features of the persons engaged in the struggling, to be clearly seen. Lieutenant Tin Maung Swe and Lieutenant Tint Lwin then began to assist Lieutenant-Commander Khin Maung Myint, whose right hand had been injured, in disarming the appellant Lieutenant Min Oo; but to no avail. In the meanwhile, the Orderly Officer Lieutenant Masters (PW 6) who had been to fetch some of the Naval ratings for the purpose of being questioned, arrived in a station-wagon and managed to

C.M.A.C. 1962

LT. MIN OO v. THE UNION OF BURMA.

disarm the appellant. Lieutenant Commander Khin Maung Myint who received a gunshot wound at the base of his right index finger was taken to Rangoon for first aid treatment by a private doctor by the name of Dr. Suvi, before being taken to the Base Military Hospital for treatment. As for the appellant Lieutenant Min Oo he was taken in-charge of by Lieutenant Masters and Khin Soe (PW 8) and later, handed over to the custody of Lieutenant Han Htwe (PW 3) of the Provost Marshal Department who came to Seikkyi from Rangoon for the purpose of arresting him. A Browning automatic pistol exhibited in the case with 13 cartridges in the magazine, which had admittedly caused the injury found on Lieutenant-Commander Khin Maung Myint, was seized. An empty cartridge was also found inside the sitting room. The pistol was the private property of the appellant Lieutenant Min Oo and he had been using it for the past seven or eight years under a license.

The defence of the appellant Lieutenant Min Oo, in brief, was that as the argument between him and Lieutenant-Commander Khin Maung Myint became more and more heated, he tried to leave the sitting room after telling the latter that they should continue the discussion on another day. As he got up, the exhibit pistol which he had tucked up inside his *longyi* under his shirt, slipped, so that he caught hold of it to prevent it from falling. This innocent gesture on his part was misinterpreted by Lieutenant-Commander Khin Maung Myint as drawing his weapon with the intention of using it; the Lieutenant-Commander then tried to get hold of his weapon and in the struggle for its possession both of them fell down and the pistol was discharged by accident.

The prosecution case mainly rests upon the evidence of Lieutenant-Commander Khin Maung Myint corroborated in some particulars by the evidence of some of the witnesses for the prosecution, and by the circumstantial

evidence on record. According to the Lieutenant-Commander, after the meeting upstairs had been adjourned he came down to the sitting room and there, he engaged in conversation with his guests, Lieutenant Khin Maung Lwin and Mrs. Khin Maung Lwin. After they left, the appellant Lieutenant Min Oo came up to him to say that he had some matter to settle with him. At that time the appellant was in *mufti*. They were seated side by side, with the appellant sitting on a separate chair on his right. The appellant asked him whether his own impending transfer was due to the fact that he (the appellant) had been serving at the Training School for more than two years, or to the adverse report written about him by the Lieutenant-Commander. The latter then replied that it could have been due to both. The appellant then said " I don't care. I don't care. I could not care less ", and so saying banged the arm of the chair. Lieutenant-Commander Khin Maung Myint then told the appellant that he suspected him of being at the bottom of the shooting incident at Seikkyi about ten days ago, in which some of the guards on duty were involved. To this the appellant replied that if he had been at the bottom of the whole affair, the Lieutenant-Commander would have been the first to be killed. The appellant then went on, " I have been wanting to kill you for a long time. I want to kill you," and so saying, he got up from his chair, drew the pistol from behind and pointed the barrel at the Lieutenant-Commander. At the same time Lieutenant-Commander Khin Maung Myint heard a click which he thought was due to the appellant releasing the safety-catch of his pistol. He, therefore, grappled for the pistol holding the barrel with his right hand and the appellant's wrist with his left. Both of them fell to the floor with the appellant on his back. While they were struggling on the floor with the Lieutenant-Commander on top and the appellant below,

C.M.A.C. 1962

LT. MIN OO v. THE UNION OF BURMA.

the appellant tried to bring the barrel of the weapon as near the Lieutenant-Commander's head as possible, and when the weapon was at its nearest to the Lieutenant-Commander's head, it went off. The index finger of the Lieutenant-Commander's right hand which held the pistol by its barrel was hit, before the two of them rolled together on the floor. At this moment Lieutenants Tint Lwin and Tin Maung Swe ran in from outside, grabbed for the pistol while the Lieutenant-Commander left the scene on finding himself injured. He also saw the Orderly Officer Lieutenant Masters come to the scene. He was later taken to Rangoon for medical attention.

The evidence of Lieutenant-Commander Khin Maung Myint receives corroboration from that of Lieutenant Win Thein Maung (PW 4), Assistant Principal of the Navy Training School at Seikkyi. According to this witness he was talking with Lieutenant Tint Lwin (PW 12), Lieutenant Tin Maung Swe (PW 2), Lieutenant Daw Than Shin (PW 7) and Lieutenant Nyun Nyun Yin (not examined) on the verandah outside the sitting room when he heard the appellant Lieutenant Min Oo talking with Lieutenant-Commander Khin Maung Myint. The conversation became louder and louder and Lieutenant Win Thein Maung heard the names of Lieutenant Kyaw Win, Lieutenant Tint Lwin and himself being mentioned in course of the conversation. So far as he could remember the topics related to the action of the appellant, Lieutenant Min Oo recommending for promotion Sergeant Khin Maung Gyi with whom the Lieutenant-Commander was dissatisfied, of the action of Lieutenant Tint Lwin in removing 120 rifles without informing Lieutenant Min Oo although he was in charge of the armoury, the action of Lieutenant Win Thein Maung in asking Lieutenant Min Oo to make entries in a form regarding certain weapons and the action of Lieutenant Kyaw Win in bringing new Mess cans for

the use of lady officers without informing Lieutenant Min Oo. Then, Lieutenant Win Thein Maung heard the appellant Lieutenant Min Oo broach the subject of the adverse report being written against him by Lieutenant-Commander Khin Maung Myint. The Lieutenant Commander was also heard to accuse Lieutenant Min Oo of being at the bottom of a shooting incident which occurred a few days ago. To this, the appellant Lieutenant Min Oo was heard to reply: that if he was at the bottom of the affair Lieutenant-Commander Khin Maung Myint would have been the first to be killed. The appellant Lieutenant Min Oo was also heard to say "I couldn't care less" or words to that effect after banging the chair or table. At this stage Lieutenant Win Thein Maung went upstairs to obtain some papers. While there he heard the report of a gun. He came running downstairs and rushed into the sitting room to see Lieutenant Tin Maung Swe and Lieutenant Tint Lwin grappling with the appellant Lieutenant Min Oo, with Lieutenant-Commander Khin Maung Myint standing nearby nursing his bleeding hand. Lieutenant Masters then arrived to tell Lieutenant Tin Maung Swe and Lieutenant Tint Lwin to release their hold on the appellant's pistol and at the same time saying to the appellant: "Robert! Robert! Give me the gun." Thereafter, Lieutenant Masters obtained the weapon from the appellant and handed it over to him (Lieutenant Win Thein Maung).

Another witness to corroborate Lieutenant-Commander Khin Maung Myint is Lieutenant Daw Than Shin (PW 7). According to her, she and Lieutenant Nyun Nyun Yin were having their dinner in the Dining Room when the appellant Lieutenant Min Oo came and engaged them in conversation with him. He told them that he was not as bad as he was reputed to be, that the lady officers should not misunderstand him but should rather be on visiting terms with him. He then left saying that he had

C.M.A.C. 1962

LT. MIN OO v. THE UNION OF BURMA.

There is a good deal of force in the argument put forward by Daw Mya Than Nu but I must remember that I am not deciding an appeal and that the revisional powers which I am called upon to exercise operate within narrow and well-defined limits. It is true that a revision application filed under section 25 of the Rangoon City Civil Court Act falls within somewhat wider limits of those powers than are set by section 115 of the Civil Procedure Code. [See *Daw Saw* v. *L. R. Chettyar* (1)]. That, however, does not mean that the powers are under no restraint at all and that a revision application can be considered as if it were an appeal. Added to that is also the fact that the application is to get a decree of a small

(1) (1955) B.L.R. 49.

cause Court revised. It is only in exceptional cases that this Court will interfere with the findings of facts in such cases, *e.g.*, when the finding is perverse or unwarranted by the evidence. U Hla Pe (1), learned Advocate for U Tha Win refers me to *Sultan Ahmed* v. *Nasara Jaman* (2) as authority for that principle.

A finding of fact is not perverse merely because a Court, which sits in revision, would, if it had tried the suit itself, have arrived at a different conclusion from the same evidence. A finding which has been entered in the complete absence of evidence to support it or which is entirely unwarranted by the evidence or is "unjudicial and capricious" may justify interference by way of revision. But these tests have to be carefully and strictly applied. For such testing of findings of facts a good example by analogy may be found in the *Bank of Chettinad* v. *Commissioner of Income-tax, Burma* (3), in which the learned Justice U Saw Maung wrote the judgment of the Bench.

Daw Mya Than Nu says that the judgment of the original Court is too brief. But Order XX, Rule 4 (1) of the Civil Procedure Code prescribes that judgments of a court of small causes need not contain more than the points for determination and the decision thereon. The learned trial Judge has therefore done no more than the law requires him to do. He may thereby have exposed himself to criticism but I do not see that he has committed such error as to require a revision of the decree that he has passed. In *Maung Sa* v. *Ma U Ma and one* (4) the discretion given to Judges of Small Cause Courts in the writing of their judgments is discussed. It is pointed out that it is desirable that the Judges do set out the particulars of the suit and give reasons for the decision arrived at to enable the High Court in revision to satisfy

(2) (1950) B.L.R. 369 (H.C.). (3) Civ. Ref. No. 18 of 1963 of the Chief Court.
(4) 2 Ran. 274.

C.C. 1964

UNION OF BURMA v. U THA WIN.

itself that the decree or order was according to law without the necessity of perusing the whole record. The matter, it is emphasized, is within the discretion of Judges of Small Cause Courts, but their discretion should be exercised with due regard to the circumstance of each case. May Oung, J. who decided the revision application held that on the facts of the case before him he had no reason to interfere with the decision of the Court below for though there was a certain amount of evidence it was not believed.

The learned Judge of the original Court also had some evidence before him which he might have accepted to decide the suit in favour of the plaintiff but, apparently, he did not believe the evidence, though he did not say so in so many words, or decided that the evidence was not enough to weigh his mind in the plaintiff's favour. That is a finding of fact with which I may not agree but which I cannot hold to be perverse. I would therefore dismiss this revision application but there will be no costs.

APPELLATE CIVIL

Before U San Maung, J.

V.K.L. KUMARAPPA CHETTIAR (APPELLANT)

v.

AR.S.KN. KANAPPA CHETTIAR AND ANOTHER (RESPONDENTS).*

C.C. 1964 — July 30.

Promissory note—'Keieluthu' letter—whether promissory note—endorsement for specific purpose only—Negotiable Instruments Act—adjudication of plaintiff as insolvent—whether can sue as endorsee.

The Defendants had executed a "*Keieluthu*" letter in favour of one Chittal Achi, who in turn had endorsed it to the plaintiff for the purpose of collection. Certain sums had been received by the Plaintiff from the Defendants and the Plaintiff had filed a suit for recovery of the amounts unpaid.

The trial Judge had held that the "*Keieluthu*" letter was a promissory note executed by the Plaintiff and that the endorsement made by the payee Chittal Achi was not expressly for collection only, and that the probabilities were that the endorsement was for valuable consideration. Accordingly, the Plaintiff who had been adjudicated insolvent on his own petition, had no right to file a suit thereon.

Held: From the language of the "*Keieluthu*" letter the learned trial Judge was right in holding that it was a promissory note.

Regarding the question whether the endorsement was for valuable consideration or for collection only, the principle is that although the endorsement of a negotiable instrument and delivery transfers to the endorsee the property therein, yet if the instrument is delivered conditionally or for a specific purpose only, and not for the purpose of transferring the property therein, the property does not pass to the endorsee. Also, where the indorsement contains no limiting words, it is open to the endorser to lead evidence to show that it was really a conditional indorsement for a specific purpose only, namely that of collection.

Punjab National Bank Ltd. v. *Cotton Factory known as Bal Krishna Dass—Durga Dutta*, A.I.R. (1924) Lah. 640; *Ghulam Mohiuddin* v. *Ram Ditta Mal and another*, A.I.R. (1930) Lah. 248; *Haji Fazli Hussain Khair Mohammad* v. *Taj Mohammad Khan*, A.I.R. (1936) Peshawar, 181, referred to.

Accordingly, the plaintiff can be allowed to plead and prove that the "*Keieluthu*" letter sued upon was endorsed to him by the payee Chittal Achi, merely for collection.

* Civil 1st Apeal No. 42 of 1964 against the decree of the Second Judge, City Civil Court of Rangoon in Civil Regular Suit No. 710 of 1960, dated 6th February 1964.

C.C. 1964

V.K.L. KUMARAPPA CHETTIAR v. AR.S.KN. KANAPPA CHETTIAR AND ANOTHER.

As the endorsement was merely for collection, the property in suit, the promissory note, did not pass to the plaintiff. Consequently, the fact that the plaintiff was adjudicated insolvent, would not prevent him from filing the suit for the recovery of the money due on the "*Keieluthu*" letter.

Regarding the question whether any interest can be decreed on the "*Keieluthu*" letter, which was executed in 1952, the suit will be remanded to the trial Court for deciding this issue, in view of the provisions of s. 12 of the Money Lenders Act.

J. R. Chowdhury (Advocate) for the appellant,

G. D. Williams (Advocate) for the respondents.

U SAN MAUNG, J.—In Civil Regular Suit No. 710 of 1960 of the City Civil Court, Rangoon, the plaintiff V.K.L. Kumarappa Chettiar who is the appellant in the present appeal sued the defendant-respondents AR.S.KN. Kanappa Chettiar and his son ARS Subramanian Chettiar for the recovery of K 6,500 alleged to be due on a *Keieluthu* letter which the plaintiff contended was a document in the nature of a promissory note. It was the plaintiff's case that the defendants were carrying on money lending business at No. 105, Mogul Street, Rangoon, for the benefit of a joint Hindu family and under the name and style of A.R.S. Firm for a number of years. On the 14th April 1951, the defendants executed a *Keieluthu* letter for a sum of Rs. 7,442-9-9 bearing interest at Rangoon Chettiars' Nadappa Rate in favour of one Chittal Achi, the money being for a charity fund known as "Karikala Siliswara Swamy Kulithalugai Charity." Subsequently, on the 15th April 1952, this *Keieluthu* letter was endorsed by the payee Chittal Achi to the plaintiff for the purpose of collection. Thereafter the plaintiff received from the defendants various sums to a total of K 2,420 which were endorsed on the back of the letter by the defendants themselves. Making allowance for these payments and waiving a sum of Rs. 43-12-6 a sum of Rs. 6,500 (=K 6,500) was due to be paid by the defendants

and a suit for this amount had to be filed because of non-payment.

The defendants by a joint written statement contended that there was no such joint Hindu family money lending business as alleged by the plaintiff. On the other hand they said that the 2nd defendant was carrying on his own money lending business on a small scale under the name and style of K. N. S. P. Subramanian. Regarding the circumstances leading to the execution of the *Keieluthu* letter relied upon by the plaintiff, they said that as early as the year 1930, Chittal Achi who was the donor of the charity fund in question, deposited a sum of Rs. 5,300 in a firm consisting of the plaintiff himself, the plaintiff's father and the two defendants. This firm which was known as ARSL Firm was dissolved in the year 1941 in which year the aforesaid sum of Rs. 5,300 with interest thereon was debited to the account of the two defendants with the distinct understanding that the money would be drawn by Chittal Achi as and when needed for the purpose of charity. Two deposit receipts, one for Rs. 6,038-11 as. and the other for Rs. 2,316-3-9 payable to Chittal Achi were issued, these sums bearing interest at the current rate. On the 13th April 1948, a fresh deposit receipt for Rs. 6,952-9 as. including compound interest on Rs. 6,038-11 as. was issued by the defendants in favour of Chittal Achi. This receipt was replaced on the 14th of April 1951 by a *Keieluthu* letter for Rs. 7,442-9-9 p. being the amount due on Rs. 6,952-9 as. with compound interest thereon. In these circumstances the defendants said that the *Keieluthu* letter in question was not a promissory note, and it could not be endorsed to the plaintiff either for collection or for valuable consideration. Assuming that it was a promissory note and that it had been endorsed to the plaintiff by Chittal Achi as contended by him, the defendants said, that, as the plaintiff was adjudicated insolvent on the 29th of December 1959 in

C.C. 1964

V.K.L. KUMARAPPA CHETTIAR v. AR.S.KN. KANAPPA CHETTIAR AND ANOTHER.

Insolvency Petition No. 4 of 1959 of the Court of the Subordinate Judge, Sivaganga, the plaintiff had no right to institute the present suit. Other defences based on the provisions of the Money Lenders Act, 1945, were also raised by the defendants.

On the pleadings the learned trial Judge framed 8 issues as enumerated in his judgment now under appeal. After examining witnesses cited by the parties to the suit, the learned Judge held that the plaintiff had failed to prove that the money lending business which was being carried on at No. 105, Mogul Street, Rangoon, was a joint Hindu family affair as alleged by the plaintiff. He also held that the origin of the present transaction was a sum of Rs. 5,300 donated by Chittal Achi to the fund known as " Karikala Siliswara Swamy Kulithalugai Charity." However, he rejected the defendants' contention that the *Keieluthu* letter on which the present suit was based was not a promissory note and that accordingly Chittal Achi could not endorse it either for collection or for valuable consideration. Regarding the nature of endorsement made by Chittal Achi, the learned Judge held that it was not expressly for collection only; and that the probabilities were that the endorsement was for valuable consideration. Accordingly, the plaintiff who had been adjudicated insolvent on his own petition, had no right to file a suit thereon. In the result the plaintiff's suit was dismissed with costs. Hence this appeal.

Now, the *Keieluthu* letter on which the present suit was based reads:

" AR.S.
Rangoon.
1st Chithirai of Kara year.

Credit Nattarasankottai 'Karikala Siliswara Swamy Kulithalugai' charity fund (account). Debit AR.S. Firm of Rangoon. In respect of the signed letter for Rs. 6,952-

9 as. written and given previously on the 1st Chithirai of Sarvathari year, the principal inclusive of interest due as on this date is Rs. 7,442-9-9. This sum of rupees seven thousand four hundred and forty-two, annas nine and pies nine with interest at the Rangoon 'Nadappa' (current) rate, that is, the principal and interest so amounting, we promise to pay to the order of Chittal Achi, daughter of K.PM and wife of A.T.S.M. of the said place."

The endorsement by Chittal Achi is in the following terms:

"Pay the principal and interest due in respect of this letter to the order of VK.L. Kumarappa Chettiar of Nattarasankottai.

This mark is that of Chittal Achi, wife of AT.SM. and daughter of K.PM.

Left thumb impression ( )".

From the language of the *Keieluthu* letter I am of the opinion that the learned trial Judge was right in the conclusion arrived at by him that it was a promissory note executed by AR. S. Subramanian Chettiar on behalf of A.R.S. Firm, in favour of Chittal Achi.

Therefore the next most important question is whether the endorsement by Chittal Achi must be considered to be for valuable consideration received from the plaintiff, or for collection only on her behalf. In *Punjab National Bank Ltd.* v. *Cotton Factory known as Bal Krishna Dass —Durga Dutta* (1) Martineau, J., held on a consideration of the provisions of sections 46 and 50 of the Negotiable Instruments Act that though the indorsement of a negotiable instrument and delivery thereof transfer to the indorsees the property therein, yet if the instrument is delivered conditionally or for a special purpose only and not for the purpose of transferring absolutely the property therein the property does not pass to the indorsees.

(1) A.I.R. (1924) Lah. 640.

C.C 1964 — V.K.L. KUMARAPPA CHETTIAR v. AR.S.KN. KANAPPA CHETTIAR AND ANOTHER.

In a later case of the Lahore High Court, Bhide J., in *Ghulam Mohiuddin* v. *Ram Ditta Mal and another* (2) held that where A issued a cheque in favour of B who endorsed it in favour of C who in turn endorsed it in favour of D by an unrestricted endorsement, a suit brought by C against A to recover the amount on the cheque being dishonoured was liable to be dismissed. The learned Judge in coming to this conclusion did not consider the provisions of section 46 of the Negotiable Instruments Act. Both these cases were referred to by the Judicial Commissioners of Peshawar in *Haji Fazli Hussain Khair Mohammad* v. *Taj Mohammad Khan* (3). The learned Judicial Commissioners agreeing with the principles laid down by Martineau, J. held that although the endorsement of a negotiable instrument and delivery transfers to the endorsee the property therein, yet if the instrument is delivered conditionally or for a specific purpose only, and not for the purpose of transferring the property therein, the property does not pass to the endorsee. They also held that where the endorsement contains no explicit words limiting the rights of the endorsee or is a blank endorsement, it is open to the endorser to lead evidence to show that it was really a conditional endorsement for a specific purpose only, namely, that of collection. I have carefully considered this question and I am of the opinion that the principles enunciated by the learned Judicial Commissioners of Peshawar are sound.

Accordingly, the plaintiff in the case now under consideration can be allowed to plead and to prove that the *Keieluthu* letter sued upon was endorsed to him by Chittal Achi merely for collection. He had given evidence on oath to that effect and the defendant-respondents have not been able to contradict him on this point by adducing evidence to the contrary. Nevertheless, the learned Advocate for the respondents has argued that the fact

(2) A.I.R. (1930) Lah. 248. (3) A.I.R. (1936) Peshawar 181.

that the name of Chittal Achi appears as Creditor No. 24 in the schedule of debts filed by the plaintiff in the Court of the Subordinate Judge of Sivaganga proves that the *Keieluthu* letter now in suit was endorsed to the plaintiff by Chittal Achi for valuable consideration, in view of the plaintiff's own admission that this sum of Rs. 2,000 related to the *Keieluthu* letter. However, in the schedule annexed to the plaintiff's petition for insolvency it was mentioned that this sum of Rs. 2,000, was deposited by Chittal Achi with V.K.L. Firm. Therefore it cannot be presumed that the sum of Rs. 2,000 represented consideration for the promissory note in question.

Furthermore, the 2nd defendant A.R.S. Subramanian Chettiar himself admitted on oath that the *Keieluthu* letter when executed was given by him to the plaintiff who was acting as agent of Chittal Achi at that time. He also admitted that at the time he made the interest payment amounting to K 2,455. 40 pyas up till 29th of July 1957, he was dealing with the plaintiff as if the plaintiff was an agent of Chittal Achi. In these circumstances it is idle for the defendants to contend, that the plaintiff's story that the *Keieluthu* letter in suit was endorsed to him merely for collection, was not acceptable.

As the endorsement made by Chittal Achi in favour of the plaintiff was merely for collection, the property in suit, the promissory note, did not pass to the plaintiff. Consequently, the fact that the plaintiff was adjudicated insolvent by the Court of the Subordinate Judge, Sivaganga, would not prevent him from filing a suit for the recovery of the money due on the *Keieluthu* letter. That the *Keieluthu* letter was in fact endorsed by Chittal Achi appears in the unrebutted evidence of the plaintiff himself.

In this view of the case I consider that the defendants' contention based upon the provisions of the Money Lenders Act, 1945, should be taken into consideration.

C.C. 1964

V.K.L. KUMARAPPA CHETTIAR v. AR.S.KN. KANAPPA CHETTIAR AND NOTHER.

As the *Keieluthu* letter sued upon was executed in the year 1952, more than 6 years before the date of the present suit, the first proviso to section 13 of the Money Lenders Act seems to apply. However, there still remains section 12 of this Act which enacts:

> "Notwithstanding anything to the contrary contained in any other law for the time being in force, or in any contract, no Court shall, in respect of a loan advanced before or after the commencement of this Act, pass a decree for a sum greater than the principal of the original loan and arrears of interest which, together with any interest already paid, exceeds the amount of such principal."

Therefore, under Order XLI, Rule 25 of the Civil Procedure Code I would remand the suit to the trial Court for its finding on the following issue:

> "Whether any interest can be decreed on the *Keieluthu* letter in suit in view of the provisions of section 12 of the Money Lenders Act, 1945."

The learned Judge will record such further evidence as may be adduced by the parties on the issue now framed by this Court, and submit such evidence to this Court with his finding thereon.

တရားမအယူခံမှု

တရားသူကြီးချုပ် ဦးဘိုကြီးနှင့် တရားသူကြီး ဦးစံမောင်နှင့် တရားသူကြီး ဦးစောဘသိန်းတို့ရှေ့တွင်

ချန်ယုတ (အယူခံတရားလို)

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ (အယူခံတရားခံ)*

† စဉ်၄ ဩဂုတ်လ ၁၅ ရက်။

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေပုဒ်မ ၁၁(ခ) နိုင်ငံသားဖြစ်သူသည်၊ ထိုနိုင်ငံသားဖြစ်မှုဆုံးရှုံးခဲ့သည်ဆိုလျှင်၊ အဆိုပြုသောသူ၏ သက်သေပြရမည့်တာဝန်—ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်မှုအက်ဥပဒေပုဒ်မ ၁၄(က)(၃) နိုင်ငံခြားအစိုးရမှ၊ မိမိအလိုအတိုင်း၊ နိုင်ငံကူးလက်မှတ် ရယူသုံးမျှားနှင့်သာ အကျုံးဝင်ခြင်း—၁၉၅၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့နောက်ပိုင်းနှင့်သာ သက်ဆိုင်ခြင်း—စစ်ကြိုကာလနှင့်မသက်ဆိုင်ခြင်း။

ဆုံးဖြတ်ချက်။ ။အယူခံတရားလိုသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံ၌မွေးဖွါးခြင်း၏ အမိသည်၊ ရှမ်းအမျိုးသမီးဖြစ်သည်ဆိုသည်မှာ၊ မငြင်းမထွက်သဖြင့်၊ ၎င်းသည်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၁၁(ခ)အရ၊ ပြည်ထောင်စုမြန်မာနိုင်ငံ၏ နိုင်ငံသားဖြစ်သည်ဟု မှတ်ယူရမည်။ ၎င်းသည် နိုင်ငံသားဖြစ်မှုဆုံးရှုံးခဲ့သည်ဟုဆိုလျှင်၊ အဆိုပြုသူက သက်သေထင်ရှားပြရမည်။

ထို့ပြင်အယူခံတရားလိုသည်၊ နိုင်ငံခြားသားအဖြစ်၊ ၁၉၅၇ ခုနှစ်တွင်၊ တရုပ်ပြည်သို့ပြန်လည်ပို့ခြင်းခံရပြီးနောက်၊ မြန်မာပြည်သို့တိတ်တဆိတ် ပြန်လည်ဝင်လာသူဖြစ်ရာ၊ တရုပ်ပြည်သို့၊ ၁၉၅၇ ခုနှစ်၌ ပြန်ရာတွင် နိုင်ငံကူးလက်မှတ်ရယူခဲ့စေကာမူ၊ ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်မှု အက်ဥပဒေပုဒ်မ ၁၄(က)(၃)အရ၊ မြန်မာနိုင်ငံသားအဖြစ်မှ ရပ်စဲခဲ့ပြီးကြောင်းမယူဆနိုင်။ ထိုပုဒ်မပါ ပြဋ္ဌာန်းချက်များအရဆိုလျှင်၊ နိုင်ငံခြားအစိုးရထံမှ နိုင်ငံခြားသားအနေနှင့် နိုင်ငံကူးလက်မှတ် ရယူခြင်းပြုသူသည်၊ မိမိအလိုအတိုင်း ရယူခြင်းပြုမှသာ ၎င်းသည်ထိုပြဋ္ဌာန်းချက်များတွင် အကျုံးဝင်မည်ဖြစ်သည်။

ယခုအမှုတွင်၊ အယူခံတရားလိုသည်၊ မိမိအလိုအတိုင်း နိုင်ငံခြားအစိုးရထံမှ နိုင်ငံခြားသားအနေနှင့် နိုင်ငံကူးလက်မှတ်ရယူကြောင်း မပေါ်လွင်သည်သာမက၊ တရုပ်ပြည်သူ့သမတနိုင်ငံမှ၊ ၎င်းအား နိုင်ငံကူးလက်မှတ်ထုတ်ပေးကြောင်း၊ သက်သေစုံစဉ်းမျှမရှိ။ အယူခံတရားလိုသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံသားအဖြစ်မှ ရပ်စဲပြီဟုမဆိုနိုင်။

၎င်းပြင်အယူခံတရားလိုသည်၊ ၁၉၄၉ ခုနှစ်တွင်၊ နိုင်ငံခြားသားအဖြစ် မှတ်ပုံတင်ကာမျှဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံသားအဖြစ်မှ ရပ်စဲပြီဟုမဆိုနိုင်။

---

* ၁၉၆၃ ခုနှစ်၊ တရားမပဌမအယူခံမှုအမှတ် ၁၁၄။

† ၁၉၆၂ ခုနှစ်၊ တရားမကြီးမှုအမှတ် ၇၁၁ တွင်၊ ၁၉၆၃ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်နေ့စွဲပါ၊ ရန်ကုန်မြို့တော် ရာဘက်တရားမ တရားသူကြီးချုံးတော်၏ ချမှတ်သောဒီကရီကို အယူခံဝင်မှု။

စဉ်ဖြင့်]

ချန်ယုတ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

တိန်ယူဟန် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်သမတပါ ၂၊ ၁၉၅၃ ခုနှစ်၊ မြန်မာပြည် စီရင်ထုံးများ၊ တရားလွှတ်တော်ချုပ် စာ ၄၇၊ ကိုရည်ညွှန်းချိုက်နာသည်။

တဖန်အယူခံတရားလိုသည် စစ်ကြိုခေတ်က **ထားရုပ်**မြည်သို့သွားရောက်ရှောင်ထိမ်းရန်အတွက်၊ ရန်ကုန်မြို့ရှိတရုပ်ကောင်စစ်ဝန်ရုံးမှ နိုင်ငံကူးလက်မှတ်ရယူခဲ့စေကာမူ၊ အထက်ဖော်ပြပါပုဒ်မ ၁၄(က)(၃)အရ၊ ပြဋ္ဌာန်းချက်များသည်၊ ၁၉၅၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့၊ ဆိုက်ရောက်ပြီးနောက်မှ နိုင်ငံခြားအစိုးရထံမှ နိုင်ငံခြားသားအနေနှင့် နိုင်ငံကူးလက်မှတ်ရယူသူများနှင့်သာသက်ဆိုင်သည်။ အယူခံတရားလိုနှင့်မသက်ဆိုင်။

အယူခံတရားလိုသည်၊ ယခုတိုင် ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်အခွင့်မရ ဆုံးဖြတ်ရမည်ဖြစ်သည်။

အယူခံတရားထိုအတွက်။ ။ပညာရှိခန္ဓနေကြီး ဦးကျော်မင်း။

အယူခံတရားခံအတွက်။ ။ပညာရှိရွှေနေကြီး ဦးဘကျော်။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။ အယူခံတရားလိုချန်ယုတသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ရှမ်းပြည်မြောက်ပိုင်း၌ မွေးဖွါးရှ၊ ၎င်း၏ဘခင် ချန်ချီပင်၏အမိသည် ရှမ်းအမျိုးသမီး နိုင်လွယ်ဖြစ်ကြောင်း ယခုအငြင်းမထွက်တော့ချေ။ ချန်ယုတ၏ သက်သေခံချက်နှင့် အသက် ၇၁ နှစ်ရှိသူ ဒေါ်ပါးမူး၏ ထောက်ခံထွက်ဆိုချက်အရ၊ ထိုအချက်များ ထင်ရှားသည့် အပြင်၊ ၁၉၄၉ ခုနှစ်တွင် ချန်ယုတ နိုင်ငံခြားသားအဖြစ်မှတ်ပုံတင်သည့်အခါ၌လည်း၊ မှတ်ပုံတင်လက်မှတ်တွင် ၎င်းသည် မြန်မာပြည်၌ မွေးဖွါးသည်ဟု ဖော်ပြထား၏။ ထိုသက်သေခံချက်များကို ပယ်ရန်အကြောင်းမရှိသည့်အပြင် တဖက်ကလည်း ပြန်လည် ချေပသည့် သက်သေခံချက် မရှိချေ။ ထို့ကြောင့် အယူခံတရားလို ချန်ယုတသည်၊ မြန်မာပြည်၌ မွေးဖွါးရှ ၎င်း၏အဖွါးနိုင်လွယ်သည်၊ ရှမ်းအမျိုးသမီး ဖြစ်သည်ဟု မူလခုံးတွေ့ရှိသည်မှာ မှန်ကန်သည်ဟု လက်ခံရပေမည်။ နိုင်ငံခြားသားများ အက်ဥပဒေပုဒ်မ ၂ အရဆိုလျှင်၊ ထိုအက်ဥပဒေအရ အရေးယူခံရသူသည်၊ နိုင်ငံခြားသားဟုတ် မဟုတ်ဟူ၍ အငြင်းပွါးလျှင် မိမိသည် နိုင်ငံခြားသား မဟုတ်ကြောင်း ထိုသူကပင် သက်သေထင်ရှား ပြရမည်ဖြစ်သည်။ သို့သော်အထက်၌ ဖော်ပြခဲ့သည့်အတိုင်း ချန်ယုတသည် မြန်မာပြည်၌ မွေးဖွါးပြီးဌား၏ ဘခင်ဘက်မှ အဖွါးအေသည်၊ ပြည်ထောင်စု မြန်မာနိုင်ငံသူတယောက်ဖြစ်သဖြင့်၊ ချန်ယုတသည် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပုဒ်မ ၁၁(ခ) အရ၊ ပြည်ထောင်စု မြန်မာနိုင်ငံ၏ နိုင်ငံသားဖြစ်သည်ဟု ယူဆရပေမည်။ ၎င်းသည် နိုင်ငံသားဖြစ်မှု ဆုံးရှုံးခဲ့သည်ဟုဆိုလျှင်၊ အဆိုပြုသူက သက်သေထင်ရှားပြရပေမည်။

ယခုမှုခင်းပေါ် ပေါက်ရသည့် နောက်ကြောင်း ရှေ့ဝင်မှာ ရှမ်းပြည်နယ် အထူးမင်းကြီး စောတုန်ဖက ချန်ယုတသည် ရာဇဝတ်မှုများ ကျူးလွန်သည့် အတွက်

၁၉၆၄

ချန်ယုတ
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ။

မလိုလားအပ်သော နိုင်ငံခြားသား ဖြစ်သဖြင့် ပြည်နှင်ဒဏ်ခပေးရန်အဆိုပြုသည်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေး ဝန်ကြီးဌာနက နိုင်ငံခြားသား များအက်ဥပဒေပုဒ်မ ၃ (က) အရ ပြည်နှင်ဒဏ်ခပေးပြီးလျှင်၊ ချန်ယုတအား တရုပ်ပြည်သို့ ပြန်လည်ပို့ရန် နိုင်ငံကူးလက်မှတ် ရရှိရန် မြန်မာပြည် နိုင်ငံခြားရေး ရုံးသို့မေတ္တာရပ်ခံ၏။ နိုင်ငံခြားရေးရုံးက ၁၉၅၇ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်နေ့စွဲပါစာဖြင့် တရုပ်ပြည်သူ့ သမတနိုင်ငံ သံရုံးသို့ ချန်ယုတအား တရုပ်ပြည်သို့ ပြန်လည်ပို့ရန်အတွက် နိုင်ငံကူး လက်မှတ် ဖြစ်စေ၊ အရေးပေါ် လက်မှတ်ဖြစ်စေ ထုတ်ပေးပါရန် မေတ္တာရပ်ခံလိုက်၏။ ၁၉၅၉ ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့ကမှသာလျှင် တရုပ်ပြည်သူ့သမတနိုင်ငံ သံရုံးမှ ချန်ယုတသည် ၁၉၅၇ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက နေ့က တရုပ်ပြည်သို့ ပြန်လည်ပို့သဖြင့်ထွက်ခွါသွားပြီ ဖြစ်ကြောင်းနှင့် ပြန်ကြား၏။ ထို့နောက်ချန်ယုတသည်၊ မြန်မာပြည်တွင်းသို့ တိတ်တဆိတ် ပြန်လည်ဝင်ရောက်လာ သဖြင့်၊ ၎င်းအားဘမ်းဆီးပြီး ၁၉၆၀ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်နေ့စွဲပါ အမိန့်ဖြင့် ပြည်နှင်ဒဏ်အမိန့်ထုတ်ပြန်၏။ ထို့ကြောင့် ချန်ယုတသည် မိမိမြန်မာပြည်သားဖြစ် ကြောင်းမြွက်ဟ ကျေညာစေရန် မူလခုံးတွင် တရားစွဲဆိုခဲ့ရာ၊ မူလခုံးက အမှုကို ပလပ်လိုက်သဖြင့် ယခုအယူခံဝင်ခြင်းဖြစ်သည်။

အစိုးရအတွက် လိုက်ပါဆောင်ရွက်သော ပညာရှိ အစိုးရ ရှေ့နေကြီးက ပြည်ထောင်စု မြန်မာနိုင်ငံသားဖြစ်မှု အက်ဥပဒေပုဒ်မ ၁၄ (က) (၃) ကို ကိုးကား၍၊ ချန်ယုတသည် တရုပ်ပြည်သူ့ သမတနိုင်ငံ အစိုးရထံမှ နိုင်ငံခြားသား အနေနှင့် နိုင်ငံကူးလက်မှတ်ရယူခြင်း ပြုခဲ့သဖြင့်၊ ပြည်ထောင်စု မြန်မာနိုင်ငံသား အဖြစ်မှ ရပ်စဲပြီဖြစ်ကြောင်းနှင့် လျောက်လဲ၏။ ထိုပုဒ်မငယ် ၃ မှာ အောက်ပါအတိုင်းဖြစ်၏။

> "(၃) ပုဒ်မခွဲ (၂) ၌ ရည်ညွှန်းသောသူသည်၊ အရည်အချင်းချို့ငဲ့သူလည်းမဟုတ်မူ၍ ၁၉၅၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့ဆိုက်ရောက်ပြီးသည်နောက် နိုင်ငံခြားသံရုံးတွင် နိုင်ငံခြားသား အနေနှင့် မှတ်ပုံတင်သွင်းခြင်း၊ သို့တည်း မဟုတ် သက်ဆိုင်ရာ နိုင်ငံခြား အစိုးရထံမှ နိုင်ငံခြားသား အနေနှင့်နိုင်ငံကူး လက်မှတ်ရယူခြင်းကိုပြုလျှင်၊ ယင်းသို့ပြုသည်နှင့် တပြိုင်နက် ပြည်ထောင်စု မြန်မာနိုင်ငံသား အဖြစ်မှ ရပ်စဲပြီဟု မှတ်ယူရမည်။"

ထိုပုဒ်မပါ ပြဋ္ဌာန်းချက်များ အရဆိုလျှင်၊ နိုင်ငံခြား အစိုးရထံမှ နိုင်ငံခြားသား အနေနှင့် နိုင်ငံကူးလက်မှတ် ရယူခြင်းပြုသူသည်၊ မိမိ၏ အလိုအတိုင်း ရယူခြင်း ပြုမှသာဝင်းသည် ထိုပြဋ္ဌာန်းချက်များတွင် အကျုံးဝင်မည် မဟုတ်ပေ။ ဤအမှုတွင် မူကား ချန်ယုတသည် မိမိအလိုအတိုင်းနိုင်ငံခြားအစိုးရထံမှနိုင်ငံခြားသား အနေနှင့်

၁၉၆၄
ချန်ယုတ
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ။

နိုင်ငံကူးလက်မှတ် ရယူကြောင်း မပေါ်လွင်ချေ။ အမှန်အားဖြင့်ဆိုလျှင် တရုပ်ပြည်သူ့သမတနိုင်ငံမှ ချန်ယုတအား နိုင်ငံကူးလက်မှတ်ထုတ်ပေးကြောင်း သက်သေစိုးစဉ်းမျှမရှိချေ။ ချန်ယုတက မိမိသည် တရုပ်ပြည်သို့ ထွက်ခွါရန်အတွက် နိုင်ငံကူးလက်မှတ်မယူရကြောင်း။ အစိုးရစရိတ်နှင့် မိမိထွက်ခွါသွားရကြောင်း အစစ်ခံ၏။ ထိုအစစ်ခံချက်များ မမှန်ကြောင်း ဆန့်ကျင်သည့် သက်သေခံချက် မရှိချေ။ အမှန်အားဖြင့်ဆိုလျှင် ချန်ယုတသည် တရုပ်ပြည်သို့ရောက်ရုံပြီး များမကြာမီပင် မြန်မာပြည်သို့ တိတ်တဆိတ်ပြန်လည် ဝင်ရောက်လာခဲ့ပေသည်။ မိမိအလို အလျောက် တရုပ်ပြည်သို့ထွက်ခွါသွားဟန်မတူချေ။ ၎င်းအားတရုပ်ပြည်သို့မပို့မီအလိုအလျောက် ထွက်ခွါခြင်းမပြုသဖြင့် အချုပ်နှင့် ထားခဲ့ရပေသည်။ ထိုအကြောင်းများကြောင့် ချန်ယုတသည် တရုပ်ပြည်သူ့သမတနိုင်ငံမှ နိုင်ငံကူးလက်မှတ် ရယူသည်ဟု မဆိုနိုင်ပေ။ စင်စစ်အားဖြင့်ကား မြန်မာပြည်ရှိ တရုပ်ပြည်သူ့သမတ နိုင်ငံ သံရုံးက ချန်ယုတအား နိုင်ငံကူးလက်မှတ် ထုတ်ပေးကြောင်းဖြင့် သက်သေခံချက် မရှိချေ။ ထို့ကြောင့် ဤအမှုပါ အကြောင်းခြင်းရာများသည် အဆိုပါ အက်ဥပဒေ ပုဒ်မ ၁၄ (က) (၃) ပါ ပြဋ္ဌာန်းချက်များတွင် အကျုံးမဝင်သည်ဖြစ်ရကား၊ ချန်ယုတသည် ပြည်ထောင်စု မြန်မာနိုင်ငံသား အဖြစ်မှ ရပ်စဲပြီဟု မယူဆနိုင်ပေ။

ချန်ယုတသည် ၁၉၄၉ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်နေ့၌ နိုင်ငံခြားသားအဖြစ် မှတ်ပုံတင်ခဲ့၏။ ၎င်းကထိုနှစ်တွင် လားရှိုးခရိုင်ဝန်က တရုပ်အမျိုးသားဆိုလျှင် နိုင်ငံခြားသား တရုပ်ဖြစ်စေ၊ တရုပ်ကပြားဖြစ်စေ နိုင်ငံခြားသား လက်မှတ်ယူရမည်ဆိုသဖြင့် မှတ်ပုံတင်ခဲ့ရကြောင်းနှင့် ဖြေရှင်း၏။ မည်သို့ပင်ဆိုစေ ချန်ယုတသည် ထိုအခါက ပြည်ထောင်စု မြန်မာနိုင်ငံသား ဖြစ်သဖြင့် နိုင်ငံခြားသား အဖြစ် မှတ်ပုံတင်ကာမျှဖြင့်၊ ပြည်ထောင်စု မြန်မာနိုင်ငံသားအဖြစ်မှရပ်စဲပြီဟု မဆိုနိုင်ချေ။ **တိန်ယူဟန်နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော် သမတပါ** ၂ (၁) အမှုတွင်၊ ဖွဲ့ ည်းအုပ်ချုပ်ပုံအခြေခံ အက်ဥပဒေ ပုဒ်မ ၁၁ (ခ) အရပြည်ထောင်စု မြန်မာနိုင်ငံသားဖြစ်သူတဦးသည်၊ နိုင်ငံခြားသားအဖြစ် မှတ်ပုံတင်ကာမျှဖြင့် နိုင်ငံခြားသား မဖြစ်နိုင်ဟု အဆုံးအဖြတ် ပြုခဲ့လေသည်။ ထိုအဆုံးအဖြတ်အတိုင်းပင် ဤရုံးကလည်း လိုက်နာဆုံးဖြတ်ရမည်ဖြစ်သည်။

၁၉၄၉ ခုနှစ်တွင်၊ ချန်ယုတအား ထုတ်ပေးသော နိုင်ငံခြားသား မှတ်ပုံတင် လက်မှတ်ကော်လံ ၁၇ တွင် ဤသို့ပါရှိ၏။

၁၇-နိုင်ငံကူး လက်မှတ်နံပါတ် ထုတ်ပေးသည့်နေ့ Rangoon Consulate 10001. စွန့်ခွင့်ရုံး၊ သို့မဟုတ် အခြားသက်သေခံလက်မှတ်။ 30-9-1941.

(၁) ၁၉၅၃ ခုနှစ်၊ မြန်မာပြည်စီရင်ထုံးများ၊ တရားလွှတ်တော်ချုပ် စာ ၄၇။

၁၉၆၄

ချုန်ယုတ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

ဤအချက်များအရဆိုလျှင်၊ စစ်ကြိုခေတ်က ချုန်ယုတသည် တရုပ်ပြည်သို့တက် ခွါရှောင်တိမ်းရန်အတွက် တရုပ်ကောင်စစ်ဝန်ရုံးမှ နိုင်ငံကူးလက်မှတ် ရယူခဲ့ဟန်တူသည်။ အထက်၌ ရည်ညွှန်းခဲ့သော တိန်ယူဟန် အမှုတွင်လည်း တိန်ယူဟန်သည် စစ်ကြိုခေတ်က တရုပ်ပြည်သို့ သွားရောက် တိမ်းရှောင်၍ နေနိုင်ရန် မှတ်ပုံတင် လက်မှတ်တောင်းဆိုခဲ့သည်ဟု ဖေါ်ပြထား၏။ အကယ်၍ ချုန်ယုတသည် တရုပ် ကောင်စစ်ဝန်ရုံးမှ နိုင်ငံကူးလက်မှတ် တောင်းယူခဲ့လျှင်၊ ယင်းသို့ တောင်းယူသည့် အတွက် မြန်မာပြည်သား အဖြစ်မှ ရပ်စဲကြောင်း တရားဥပဒေရှိသည်ဟု ပညာရှိ အစိုးရရှေ့နေကြီး မတင်ပြနိုင်ပေ။ ဤရုံးကလည်း မတွေ့ရှိပေ။ သက်ဆိုင်ရာ တရား ဥပဒေမှာ အထက်ဖေါ်ပြပါ ပုဒ်မ ၁၄ (က) (၃) အရ ပြဋ္ဌာန်းချက်များသာ ဖြစ်သည်။ ထိုပြဋ္ဌာန်းချက်များအရဆိုလျှင် ၁၉၅၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့ဆိုက် ရောက်ပြီးနောက်မှ နိုင်ငံခြားအစိုးရထံမှ နိုင်ငံခြားသား အနေနှင့် နိုင်ငံကူးလက်မှတ် ရယူမှသာလျှင်၊ ထိုသူသည်ပြည်ထောင်စုမြန်မာနိုင်ငံသားအဖြစ်မှရပ်စဲမည်ဖြစ်သည်။

အထက်ဖေါ်ပြပါ အကြောင်းများကြောင့်၊ ချုန်ယုတသည် ယခုတိုင်ပင် ပြည် ထောင်စု မြန်မာနိုင်ငံသား ဖြစ်လျက်ရှိသည်ဟု အဆုံးအဖြတ် ပြုရပေမည်။ ယင်း သို့ဆုံးဖြတ်လျှင် နိုင်ငံခြားသားများ အက်ဥပဒေအရ ၎င်းအပေါ်၌ အရေးမယူနိုင် သဖြင့်၊ ၎င်းအပေါ်၌ ပြည်နှင်ဒဏ် အမိန့်ချမှတ်ခြင်း မပြုရန် တားမြစ်သည့် အမိန့် ထုတ်ရန်လိုတော့မည်မဟုတ်ပေ။

မူလရုံး၏ အမိန့်နှင့် ဒီကရီကို စရိတ်နှင့်တကွ ပယ်ဖျက်ပြီးလျှင် ချုန်ယုတ် စွဲဆိုသည့်အတိုင်း၊ ၎င်းသည် ပြည်ထောင် မြန်မာနိုင်ငံသား ဖြစ်ကြောင်း၊ မြွက်ဟ ဒီက ီချမှတ်လိုက်သည်။ ဤရုံးဖွေ့နေခမှာ ဘဝိ ဖြစ်စေရမည်။

တရားမအယူခံမှု

တရားသူကြီး ဦးထွန်းတင် ရှေ့တွင်

† ၁၉၆၄

စက်တင်ဘာလ ၄ ရက်။

ဂူဂျာဆင်း (အယူခံတရားလို)

နှင့်

မောင်သန်းမြင့် (အယူခံတရားခံ)*

သက်သေခံအက်ဥပဒေ ပုဒ်မ (၁၀၂) နှင့် (၁၀၆)—ချေးထားသည့်ငွေပြန်ဆပ်ခြင်းကို ပြသရန် တာဝန်—မည်သူ့အပေါ် ဥ္စာရှိခြင်း။

အယူခံတရားလိုသည်၊ စာချုပ်အရ၊ အယူခံတရားခံကို၊ ငွေချေးရာ၊ ငွေချေးခြင်းကိစ္စကို အယူခံတရားခံကဝန်ခံသည်။ အောက်ရုံးတွင်ရရှိရန်ရှိသည့် ငွေအချို့အတွက်၊ ဒီကရီရခဲ့လေသည်။ သို့ရာတွင် ပဌမအယူခံရုံးတော်က၊ အယူခံတရားခံသည် ငွေမည်မျှပေးဆပ်၍ မည်မျှကျန်ကြောင်းကို စာရင်းနှင့်အယူခံတရားလိုက အသေအချာပြနိုင်စွမ်းမရှိဟုယူဆကာ၊ ဒီကရီကိုပယ်ဖျက်ခဲ့လေသည်။

တရားရုံးချုပ်သို့အယူခံပြန်ရာ၊

ဆုံးဖြတ်ချက်။ ။ငွေရရန်စွဲဆိုသောအမှုမျိုးတွင်၊ တရားလိုက ငွေချေးသည့်စာချုပ်ကိုတင်ပြနိုင်ပြီး၊ ထိုစာချုပ်တွင် ငွေပေးသွင်းသည်နှင့်ပတ်သက်၍ မည်သည့်မှတ်သားချက်မျှမရှိပါက၊ တရားခံကငွေပေးပြီးကြောင်းဆိုလာမူ၊ ငွေဆပ်ပြီးကြောင်းကို လုံလောက်အောင်ပြရန်တာဝန်မှာ သက်သေခံဥပဒေပုဒ်မ ၁၀၂ အရ၊ တရားခံအပေါ် ဥ္စာရှိသည်။

အင်၊ အေး စီသန်ဘရမ်ချစ်တီး နှင့် **မောင်မု ပါ ၁**။ ၁၈၉၇-၁၉၀၁ စာမျက်နှာ ၄၀၂။

မဖြူ နှင့် **မသာ**။ ၁၈၉၂-၁၈၉၆ စာမျက်နှာ ၃၉၃ တို့ကိုရည်ညွှန်းသည်။

ပဌမအယူခံရုံးက သက်သေထင်ရှားစွာပြသရန် တာဝန်ကိုလွှဲမှားစွာချထားခဲ့၍၊ ဥပဒေအရမှားယွင်းချက်ချော်သည်။

အယူခံတရားလိုအတွက်။ ။မစ္စတာ ဇါးမား၊ လွှတ်တော်ရှေ့နေကြီး။

အယူခံတရားခံအတွက်။ ။မစ္စတာဘို့စ်၊ လွှတ်တော်ရှေ့နေကြီး။

တရားသူကြီး ဦးထွန်းတင်။ ။ယခု ဒုတိယ အယူခံမှုမှာ၊ တောင်ကြီးမြို့၊ တရားမ တရားသူကြီးရုံး၊ ၁၉၅၇ ခု၊ တရားမမှုအမှတ် ၂၅ မှ ပေါ်ပေါက်လာသည့် အမှုဖြစ်

---

* ၁၉၆၁ ခုနှစ်၊ တရားမဒုတိယအယူခံမှုအမှတ် ၅၈။

† ၁၉၆၁ ခုနှစ်၊ တရားမကြီးအယူခံမှုအမှတ် ၁ တွင်၊ တောင်ကြီးမြို့၊ ခရိုင်တရားမ တရားသူကြီးရုံးတော်၏ ချမှတ်သောဒီကရီကိုအယူခံဝင်မှု။

ပေသည်။ ထိုအမှုတွင် အယူခံ တရားလိုဖြစ်သူ ဂူဂျာဆင်းက အယူခံတရားခံ မောင်သန်းမြင့် ပေါ် သက်သေခံအမှတ် (က) စာချုပ်အရ ယူငွေ ၁,၄၀၀ ကျပ်အနက်မှ မပြေကျန်ငွေ ၁,၁၇၃ ကျပ် ၅၀ ပြားရရှိရန် တရားစွဲဆိုခဲ့ရာ ထိုရုံးမှ အယူခံ တရားခံအား ငွေ ၆၀၀ ကျပ် အယူခံ တရားလိုသို့ပေးဆပ်ရမည်ဟု စရိတ်နှင့်တကွ ဒီကရီ ချမှတ် ပေးလိုက်သည်ကို အယူခံတရားခံက မကျေနပ်၍၊တောင်ကြီး၊ ခရိုင် တရားမတရားသူကြီးရုံး၊ ၁၉၆၁ ခု၊ အယူခံမှု အမှတ် ၁ တွင် အယူခံဝင်ရောက်ရာ မူလရုံးမှ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်ပြီး အယူခံ တရားလို၏အမှုကို ပလပ်သိုက်လေသည်။

1964

ဂူဂျာဆင်း နှင့် မောင်သန်းမြင့်။

အယူခံ တရားလိုက မူလရုံးမှ ငွေ ၁,၁၇၃ ကျပ် ၅၀ ပြားရရန် စွဲဆိုသည်ကို ငွေ ၆၀၀ ကျပ်တွက်သာ ဒီကရီရရှိသော်သည်း၊ ကျန်ငွေတွက်ကို အယူခံခဲ့ခြင်း မရှိပေ။ ထို့တွက် ယခုအယူခံမှုတွင် အယူခံတရားလိုက ခရိုင်တရားမ တရားသူကြီး ချမှတ်ခဲ့သည့်အမိန့်မှာ၊ မှားယွင်းနေပါသဖြင့် ပယ်ဖျက်ပြီး မူလရုံးတော်မှ ချမှတ်ထားသည့် စီရင်ချက်နှင့် ဒီကရီကို အတည်ပြုရန်သာ ဒုတိယ အယူခံမှု တင်သွင်းခဲ့ခြင်း ဖြစ်ပေသည်။

အမှုတွင် တရားခံဖြစ်သူ အယူခံတရားခံက အယူခံ တရားလိုထံမှ ငွေ ၁,၄၀၀ ကျပ်ကို သက်သေခံ (က) စာချုပ်အရ ချေးယူခဲ့ကြောင်းကို ဝန်ခံပေသည်။ သို့သော် အယူခံ တရားခံက ထိုစဉ်က ၎င်းမှာ အယူခံတရားလို၏ မော်တော် လော်ရီကိုမောင်းသည့် ဒရိုင်ဘာဖြစ်၍ မိမိရရန်ရှိသည့် လခများကို ယူထားသည့်ငွေတွက် ခုနှိမ်ရန် သဘောတူခဲ့သည့်တိုင်း နောက်ထပ် မိမိ၏ တလလျှင် လစာငွေ ၁၅၀ ကျပ်ကို အယူခံ တရားလိုထံမှ မရရှိသောကြောင့် ထိုငွေများ ခုနှိမ်ပါက အကြွေးမှာပြေသည်နေသည့်ပြင် မိမိကပင် ထပ်မံရရှိရန် ရှိကြောင်း ချေပလေသည်။ ထို့တွက် မူလ စစ်ဆေးသည့် ရုံးမှ တရားခံဖြစ်သူ အယူခံ တရားခံက သုက်သေခံ (က) စာချုပ်အရ ငွေ ၁,၄၀၀ ကျပ် အယူခံ တရားလိုထံမှ ရယူကြောင်း ဝန်ခံရကား၊ သက်သေခံ ဥပဒေပုဒ်မ ၁၀၂ အရ ထိုငွေကို ပေးဆပ်ပြီးကြောင်း ပြသရန်မှာ ၎င်း၏တာဝန်ဖြစ်သော်သည်း အယူခံ တရားခံက ကြေလည်ထင်ရှားအောင် မပြဆိုနိုင်သဖြင့် အယူခံ တရားခံ ရသင့်သည့်ငွေများကို ထပ်မံ ခုနှိမ်ပြီး ကျန်ငွေ ၆၀၀ ကျပ်ကိုသာ စရိတ်နှင့် ဒီကရီချမှတ်ပေးလေသည်။

သို့သော် အယူခံရှာယ်၊ ခရိုင် တရားမ တရားသူကြီးက (၁) သက်သေခံ (က) စာချုပ်မှ, မှတ်ပုံမတင်ထားသဖြင့်၊ တရားဝင်သည့် စာချုပ်မဟုတ် (၂) တရားလိုဖြစ်သူ အယူခံတရားလိုက အယူခံတရားခံသည် ငွေမည်မျှ ပေးဆပ်၍၊ မည်မျှ ကျန်ကြောင်း စာရင်းနှင့် အသေအချာ ပြဆိုနိုင်စွမ်း မရှိသဖြင့်၊ ဖြတ်ရန် မိမိ၏ တာဝန် မကျေသဖြင့် ဒီကရီ မရထိုက်ဆိုပြီး၊ အထက်ပါ အချက် ၂ ချက်ပေါ် မူတည်၍ အယူခံ တရားခံ၏ အယူခံကို ခွင့်ပြုပြီး၊ အယူခံ တရားလိုစွဲဆိုသည့် အမှုကို ပလပ်သိုက်လေသည်။

၁၉၆၄

ဂူဂျာဆင်း နှင့် မောင်သန်းမြင့်။

ယခု အယူခံမှုတွင်မူ၊ အယူခံတရားခံဘက် လိုက်ပါဆောင်ရွက်သည့် ပညာရှိ ရွှေနေကြီးက၊ ခရိုင် တရားမ တရားသူကြီးက သက်သေခံ (က) စာချုပ်မှ၊ မှတ်ပုံ မတင်၍ တရားဝင်သည့် စာချုပ်မဟုတ်ပါဟု ယူဆချက်မှာ ဥပဒေနှင့် မညီညွတ်၍ လက်ခံနိုင်စရာ မရှိကြောင်းကို ဝန်ခံပေသည်။ သို့သော် ဒုတိယ အချက်ဖြစ်သည့် သက်သေအထောက်အထားပြသရန် တာဝန်မှာ အယူခံ တရားလိုပေါ် ကျရောက်သည်ဟု ယူဆခဲ့သည်မှာ ယခု အမှုမျိုးမှာ သက်သေခံ ဥပဒေပုဒ်မ ၁၀၆ အကျုံးဝင်၍ မူလရုံးမှ ပြဆိုခဲ့သည့် ပုဒ်မ ၁၀၂ နှင့် မသက်ဆိုင်သောကြောင့် မှန်ကန်ပါသည်ဟု ဆိုလိုသည်။

သို့ရာတွင် အထက်ပါ အယူခံ တရားခံ၏ ပညာရှိ ရွှေနေကြီး၏ ပြဆိုချက်မှာ ဥပဒေအရ မှန်ကန်၍ လက်ခံနိုင်သည်ဟု ယူဆရန် ခဲယဉ်းပေသည်။ အဘယ့်ကြောင့် ဆိုသော် ယခုကဲ့သို့ ငွေရရန် စွဲဆိုသောအမှုမျိုးတွင် တရားလိုက၊ တရားခံက ငွေရှိကြောင်း ဝန်ခံသည့် စာချုပ်ကို တင်ပြနိုင်ပြီး ထိုစာချုပ်တွင် ငွေပေးသွင်းသည်နှင့် ပတ်သက်၍ မည်သည့်မှတ်သားချက်မျှ မရှိပါက၊ တရားခံက ငွေပေးပြီးကြောင်း ဆိုလိုမူ ငွေဆပ်ပြီးကြောင်းကို လုံလောက်ထင်ရှားအောင် ပြသရန် တာဝန်မှာ သက်သေခံ ဥပဒေပုဒ်မ ၁၀၂ အရ ၎င်း၏အပေါ် ကျရောက်ကြောင်းကို၊ **အင်၊အေ၊စီ၊ သန့်ဘရမ် ချစ်တီးနှင့် မောင်ပု ပါ-၁** (၁) နှင့်၊ **မဖြူ** နှင့် **မသာ** (၂) စီရင်ထုံးများတွင် အတိအလင်း ပြဆိုထားချက်များအရ ထင်ရှားနေသောကြောင့် ဖြစ်ပေသည်။ သို့ဖြစ်ရာ၊ ယခုအမှုတွင် ခရိုင်တရားမ တရားသူကြီးက သက်သေထင်ရှား ပြသရန် တာဝန်ကို လွှဲမှားစွာ ချထားပြီး အယူခံ တရားလို၏ အမှုကို လုံးဝ ပယ်ပလိုက်ခြင်းမှာ ဥပဒေအရ မှားယွင်း ချွတ်ချော်နေသဖြင့် ပယ်ဖျက်ရမည်ဖြစ်ပေသည်။

ပေါ်ပြပါ အကြောင်းများကြောင့် ယခု အယူခံမှုကို ခွင့်ပြုပြီး မှုမ်းပြည်တောင်ပိုင်း၊ ဒေတာင်ကြီးခရိုင် တရားမ တရားသူကြီးရုံး၊ ၁၉၆၁ ခု တရားမ အယူခံမှုအမှတ် ၁ တွင် ချမှတ်ခဲ့သည့် စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်၍၊ အယူခံ တရားခံ မောင်သန်းမြင့်က ငွေ ၆၀၀ ကျပ်ကို ရုံးကုန်ကျစရိတ်နှင့်တကွ အယူခံ တရားလို ဂူဂျာဆင်း အား ပေးစေရမည်ဟု တောင်ကြီးမြို့ တရားမ တရားသူကြီးရုံးမှ ချမှတ်ခဲ့သည့် စီရင်ချက်နှင့် ဒီကရီကို စရိတ်နှင့်တကွ အတည်ပြုလိုက်သည်။

(၁) ၁၈၉၇—၁၉၀၁၊ စာမျက်နှာ ၄၀၂။ (၂) ၁၈၉၂—၁၈၉၆၊ စာမျက်နှာ ၃၉၃။

တရားမအယူခံမှု

တရားသူကြီးချုပ် ဦးဘိုကြီးရွှေတွင်

ဒေါ်စောမြ (အယူခံတရားလို)

နှင့်

အမ်၊ အိပ် (ချ်) ရှရစ် (ဖ်) (အယူခံတရားခံ)*

† ၁၉၆၄

ဇူလိုင်လ ၁၁ ရက်။

တရားမကျင့်ထုံးပုဒ်မ ၉၅ တရားခံပိုင်ဆိုင်သည့်ပစ္စည်းများကိုဝါးရမ်းဘမ်းခြင်း—အပြင်လူကဝါးရမ်းကိုခွါရာ၌ လျော်ကြေးငွေပါ တောင်းခံနိုင်ခွင့်ရှိမရှိ။

ဆုံးဖြတ်ချက်။ ။တရားမကျင့်ထုံးပုဒ်မ ၉၅ ပါပြဋ္ဌာန်းချက်များအရ၊ ပစ္စည်းများကို ဝါးရမ်းဘမ်းသဖြင့် လျော်ကြေးလျော်ကာထားနိုင်သူမှာ၊ အမှုတွင်ပါသော တရားခံသာဖြစ်သည်။ အမှုတွင်မပါဝင်သူသည်ထိုပုဒ်မအရ လျော်ကြေးရရှိရန်လျောက်ထားပိုင်ခွင့်မရှိ။ အကယ်၍ ၎င်းနစ်နာသည်ဆိုက၊ တရားတထုံးစွဲဆိုနိုင်သည်။

အယူခံတရားလိုအတွက်။ ။ရွှေနေကြီး မဇ္ဈတာ ရီရှိရမ်။

အယူခံတရားခံအတွက်။ ။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။ယခု အယူခံ တရားလို ဒေါ်စောမြသည်၊ မသောင်းဆိုသူအပေါ် ကုန်ဘိုးကျန်ငွေ ၃၀၀ ကျပ်ကျော် ရရှိရန်အတွက် တရားစွဲဆိုရာ မသောင်းက ဝန်ခံသဖြင့်၊ ဒီကရီချမှတ်လိုက်၏။ အမှု အတောအတွင်း ဒေါ်စောမြ လျောက်ထားချက်အရ၊ မသောင်းပိုင်ဆိုင်သော ပစ္စည်းများကို ဒီကရီ မချမီ ကြိုတင် ဝါးရမ်း ဘမ်းဆီးခဲ့၏။ မသောင်း၏ ခင်ပွန်းဟောင်းဆိုသူ၊ အမ်၊ အိပ်(ချ်) ရှရစ်(ဖ်)က မိမိသည် ယခင်က မသောင်းနှင့် ဇနီးခင်ပွန်း ဖြစ်ခဲ့ကြသော်လည်း၊ နှစ်ဦးဘောဘဝကွာရှင်းပြီးဖြစ်ကြောင်း။ ဝါးရမ်းဘပ်းထိုးသောပစ္စည်းများမှာ မိမိပိုင် ပစ္စည်းများသာဖြစ်ကြောင်းနှင့် ဝါးရမ်းခွါရန်အတွက် လျောက်ထားပြီးလျှင်၊ တရားမ ကျင့်ထုံးပုဒ်မ ၉၅ အရ၊ လျော်ကြေးငွေ ၁,၀၀၀ ကျပ်ရရှိရန်လည်း လျောက်ထားလေသည်။

ရန်ကုန်မြို့၊ တရားမရုံး ရာဘက် တတိယတရားသူကြီးသည်၊ နှစ်ဦး နှစ်ဘက် တင်ပြသောသက်သေများကို စစ်ဆေးပြီးလျှင်၊ အမ်၊အိပ် (ချ်)ရှရစ်(ဖ်) လျောက်ထားသည့်

---

* ၁၉၆၃ ခုနှစ်၊ တရားမအထွေထွေအယူခံမှုအမှတ် ၅၄။

† ၁၉၆၀ ခုနှစ် ၊တရားမသေးဖွဲ့မှုအမှတ် ၂၂ တွင်၊ ၁၉၆၁ခုနှစ်၊ စက်တင်ဘာလ ၉ ရက်နေ့စွဲဖြင့် ဦးကုန်မြို့တော် ရာဘက်တတိယတရားသူကြီး ရုံးတော်၏ချမှတ်သောအမိန့်ကိုအယူခံဝင်မှု။

၁၉၆၄

ဒေါ်စောမြ နှင့် အမ်၊အိပ် (ချ) ရှရစ် (ဖ)။

အတိုင်း မှန်ကြောင်းတွေ့ရှိပြီး ဘမ်းဆီးထားသော ဝါးရုမ်းကိုခွါ၍၊ အမ်၊အိပ်(ချ) ရှရစ်(ဖ)အား၊ ဒေါ်စောမြက လျော်ကြေးငွေ ၂၀၀ ကျပ် ပေးဆောင်ရန် အမိန့် ချမှတ်လိုက်သည်။ ထိုအမိန့်ကို မကျေနပ်သဖြင့်၊ ဒေါ်စောမြ ယခုအယူခံငင်ခြင်း ဖြစ်သည်။ အမ်၊အိပ်(ချ)ရှရစ်(ဖ်)သည်၊ ဤအယူခံမှုအတွက် နို့တစ်စာ ရရှိသော်လည်း၊ တရားရုံးသို့ လာရောက်ခုခံခြင်း မပြုခဲ့ချေ။

တရားမကျင့်ထုံး ပုဒ်မ ၉၅ ပါပြဋ္ဌာန်းချက်များကို လေ့လာသော်၊ ယင်းသို့ လျော်ကြေးလျှောက်ထားနိုင်သူမှာ အမှုတွင်ပါသော တရားခံသာဖြစ်သည်။ အမှုတွင် မပါဝင်သော အမ်၊အိပ်(ချ)ရှရစ်(ဖ်)သည်၊ ထိုပုဒ်မအရ လျော်ကြေးရရှိရန် လျှောက်ထားပိုင်ခွင့် မရှိချေ။ အကယ်၍ ၎င်းနစ်နာသည်ဆိုက တရားတထုံး စွဲဆိုနိုင်ပေမည်။

ထို့ကြောင့် မူလရုံး၏ အမိန့်ကို စရိတ်နှင့်တကွ ပယ်ဖျက်လိုက်သည်။

ဤရုံးရွှေနေခမှာ ငွေ ၃၄ ကျပ်ဖြစ်စေရမည်။

တရားမအယူခံမှု

တရားသူကြီးချုပ် ဦးဘိုကြီးနှင့် တရားသူကြီး ဦးထွန်းတင်ရွှေတွင်

ဒေါ်မမ၏ တရားဝင်ကိုယ်စားလှယ်၊ ၎င်း၏ ခင်ပွန်းကျော်ဝဏ်လီ (ခေါ်) မောင်မောင်လှ ပါ ၄ (အယူခံတရားလိုများ) † ၁၉၆၄ စက်တင်ဘာလ ၁၇ ရက်။

နှင့်

နူးရိမဟာမက်ဟာဘစ် (အယူခံတရားခံ) *

ငေးနှင့်နေရောင်ခြည်ပိတ်ဆို့ခြင်းကိစ္စ—မည်သည့်အခါ၌ လျော်ကြေးသာပေးရန်ဆုံးဖြတ်နိုင်ခြင်း—သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၅၂ နှင့် ၅၄(ဂ)။

၁၉၁၆ ခုနှစ်တွင်၊ ဆောက်လုပ်ခဲ့သော အယူခံတရားလို၏တိုက်ကိုကပ်၍၊ အယူခံတရားခံများက ၁၉၅၄ ခုနှစ်တွင်၊ တိုက်ဆောက်ရာ၊ အယူခံတရားလို၏တိုက်မှ ပြူတင်းပေါက်များမှ လေနှင့်နေရောင်ခြည် ယခင်ကကဲ့သို့မဝင်ဘဲ ရှိနေသဖြင့်၊ အယူခံတရားလိုက တားမြစ်စေဝါရမ်းအတွက် တရားစွဲဆိုလေသည်။ မူလရုံးကတားမြစ်စေ ဝါရမ်းမပေးဘဲ လျော်ကြေးသာပေးသင့်သည်ဟုဆုံးဖြတ်ခဲ့လေသည်။

အယူခံတရားလိုများကမကြေနပ်၍ တရားရုံးချုပ်သို့အယူခံဝင်ရာ၊

ဆုံးဖြတ်ချက်။ ။သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၅၂ နှင့် ၅၄ ဂ ပါ ပြဋ္ဌာန်းချက်များမှ မူများကိုနှလုံးပြု၍ အမှုကိုသုံးသပ်သော်၊ အဓိကအားဖြင့်ဆုံးဖြတ်ရမည့်အချက်မှာ တရားလိုပိုင်တိုက်မှ ပြူတင်းပေါက်များကို ပိတ်လိုက်သည့်အခါ၌၊ ထိုတိုက်၏အထပ်အသီးသီးတွင် လေနှင့်နေရောင်ခြည်မည်မျှရှိဦးမည် ဟူသည့်အချက်ဖြစ်သည်။

ပုဇွန်တောင်စေ့ကုမ္ပဏီသိမ်တက် နှင့် အယ်လ်လာမင်အာရကန်ဆန် နှင့် ရောင်းဝယ်ရေးကုမ္ပဏီလိမိတက်၊ အိန္ဒိယစီရင်ထုံးများ၊ ရန်ကုန်အတွဲ ၁၂၊ စာ ၂၀၀၊ ၂၃၃ ကိုရည်ညွှန်းသည်။

သက်ဆိုင်ရာအကြောင်းအချက်များကိုထောက်သော် တရားလို၏တိုက်မှ ပြူတင်းပေါက်များကိုပိတ်ရုံမျှဖြင့် ထိုတိုက်၏အထပ်အသီးသီးတွင် လေနှင့်နေရောင်ခြည်လုံလောက်စွာမရဟု သက်သေအထောက်အထားခိုင်လုံစွာမရှိ၊ ထိုအထပ်များတွင်နေသောသူများ၏ ကျန်းမာရေးထိခိုက်ကြောင်းလည်းသက်သေမရှိ။

---

* ၁၉၆၃ ခုနှစ်၊ တရားမပဌမ အယူခံမှုအမှတ် ၁၉။

† ၁၉၆၂ ခုနှစ်၊ တရားမကြီးမှုအမှတ် ၇၉၀ တွင် ၁၉၆၃ ခုနှစ်၊ ဇန္နဝါရီလ ၁၈ ရက်နေ့စွဲပါ၊ ရန်ကုန်မြို့တရားမတရားသူကြီးချုပ်ရုံးတော်၏ချမှတ်သော ဒီကရီကိုအယူခံဝင်မှု။

၁၉၆၄

ဒေါ်မမ၏တရား ဝင် ကိုယ်စား လှယ်၊ဦး၏ ခင် ပွန်းဂျဝရုလီ (ခေါ်) မောင်မောင်လှ ပါ ၄ နှင့် နူးရိမဟာမက် ဟာဘစ်။

သို့ဖြစ်၍၊ ဤအမှုတွင် လျော်ကြေးပေးဆောင်စေခြင်းဖြင့် တရားလိုသည် လုံလောက်သော သက်သာခွင့်ရရှိနိုင်မည်ဟုယူဆရမည်။

အယူခံတရားလိုများအတွက်။ ။ပညာရှိရွှေနေကြီးမစ္စတာချောင်ဒရီ။

အယူခံတရားခံများအတွက်။ ။ပညာရှိရွှေနေကြီးမစ္စတာဂျီ-အင်ဘနာဂျီ။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။တရားလို ဒေါ်မမပိုင်၊ ရန်ကုန်မြို့ ရွှေဘုံသာလမ်း၊ အမှတ် ၃၉၄၊၃၉၆, ရှိ၊ ၄ ထပ်တိုက် တောင်ဘက်တွင် ကပ်လျက်မြေလွတ်တကွက်ရှိ၏။ ထိုတိုက်အိမ်ကို ၁၉၁၆ ခုနှစ်မှ ဆောက်လုပ်ခဲ့၍ အောက်ဆုံးထပ်တွင် ပြူတင်းပေါက်များမရှိ၊ ပဌမထပ်တွင် ပြူတင်းပေါက် ၂ ခု၊ဒုတိယထပ်တွင် ပြူတင်းပေါက် ၃ ခု၊ တတိယထပ်တွင် ပြူတင်းပေါက် ၂ ခု အသီးသီးရှိ၏။ ထိုပြူတင်းပေါက်များသည် တိုက်အိမ်တောင်ဖက် နံရံတွင်ရှိကြ၏။ ထိုပြူတင်းပေါက်များမှ လေနှင့် နေရောင်ခြည် တိုက်အိမ်အတွင်းသို့ ယခင်ကဝင်ခဲ့သည်ဆိုသည်ကို ယုံမှားဖွယ်ရာ မရှိချေ။ ၁၉၅၄ ခုနှစ်တွင်၊ တရားခံသည် ထိုတိုက်အိမ် တောင်ဖက်၌ ကပ်လျက်ရှိသည့် မြေပေါ်တွင် ၄ ထပ်တိုက် စတင်တည်ဆောက်၏။ ယင်းသို့ စတင်တည်ဆောက်သည့်အခါ၌ တရားလိုက တရားခံထံ မိမိ၏ တိုက်အိမ် တောင်ဖက် နံရံရှိပြူတင်းပေါက်များမှ လေနှင့် နေရောင်ခြည် ဝင်သည်ကို ပိတ်ပင်ခြင်း မပြုရန်အတွက်၊ နို့တစ်စာပေးသော်လည်း တရားခံသည် တိုက်အိမ်ကို ဆောက်မြဲတိုင်း ဆက်လက်ဆောက်ခဲ့၏။ တရားခံ၏ တိုက်အိမ် အောက်ဆုံးထပ် ဆောက်လုပ်နေစဉ်တွင်၊ တရားလိုသည် တရားခံအပေါ် ၌ တားမြစ်စေ ငါးရမ်းရရှိရန်အတွက် တရားစွဲဆိုခဲ့၏။ တရားခံက တရားလိုသည် အဆိုပါ ပြူတင်းပေါက်များမှ လေနှင့် နေရောင်ခြည် ရရှိထိုက်သည့် အခွင့်အရေးကို ပိုင်ကြောင်း ဝန်ခံ၏။ သို့သော် အကြောင်းအမျိုးမျိုးပြ၍ တားမြစ်စေ ငါရမ်းမထုတ်ဘဲ လျော်ကြေးပေးရန် အမိန့်ကိုသာချမှတ်သင့်ကြောင်းနှင့် ခုခံချေပ၏။ မူလ မှုံတရားသူကြီးက အမှုအဖြစ်အပျက် အခြေအနေအားလုံးကို ထည့်သွင်း စဉ်းစားပြီးလျှင်၊ တားမြစ်စေ ငါရမ်း မထုတ်သင့်၊ လျော်ကြေးသာ ပေးသင့်သည်ဟု ယူဆပြီး၊ ထိုအတိုင်း အမိန့်ချမှတ်၍ လျော်ကြေး မည်ရွေ့ မည်မျှ တရားခံကပေးဆောင်ရမည်ကို စုံစမ်း စစ်ဆေးရန် အတွက် ညွှန်ကြားလိုက်၏။ ထိုအမိန့်ကို မကျေနပ်သဖြင့် တရားလိုသည် အယူခံဝင်ခြင်းဖြစ်သည်။ အမှု အတောအတွင်းတွင် တရားလို ကွယ်လွန်သဖြင့် ၎င်း၏ တရားဝင် ကိုယ်စားလှယ်များအား အမှုတွင် ထည့်သွင်း၍ အယူခံကို ဆက်လက် ကြားနာခဲ့၏။

ဤအမှုတွင် အကြောင်းခြင်းရာများနှင့် စပ်လျဉ်း၍ အငြင်းမထွက်ခဲ့ချေ။ တရားလိုသည် မိမိ၏ အိမ်တောင်ဖက် နံရံရှိ ပြူတင်းပေါက်များမှ လေနှင့် နေရောင်ခြည် ရရှိခွင့်ကို ကာလစည်းကမ်း သတ် အက်ဥပဒေ ပုဒ်မ ၂၆ ပါ ပြဋ္ဌာန်းချက်များအား

ကိုပိုင်ဆိုင်ကြောင်းကို အယူခံ တရားခံက ဝန်ခံ၏။ ယင်းသို့ဖြစ်ရာ အဓိကအားဖြင့် ဆုံးဖြတ်ရမည့်အချက်မှာ မူလရုံးက တရားလိုသည် အခြေအနေအရ တားမြစ်စေ ဝါရမ်း မရထိုက်ကြောင်း။ လျော်ကြေးသာ ရထိုက်ကြောင်းနှင့် ဆုံးဖြတ်သည်မှာ မှန်ကန်သလောဟူသည့် အချက်သာဖြစ်သည်။

သီးခြား သက်သာခွင့် အက်ဥပဒေ ၅၂ ပါပြဋ္ဌာန်းချက်များအရ၊ တားမြစ်စေ ဝါရမ်းထုတ်သည့်အရာ၌ တရားရုံးသည် အကြောင်းခြင်းရာအားလုံးနှင့် တရားစီရင်ရေး ဆိုင်ရာ မူများကို ထည့်သွင်းစဉ်းစားပြီးလျှင်၊သင့် လျော်သည်ထင်မြင်က သဘော အတိုင်း ထုတ်နိုင်သည်ဟု ပြဋ္ဌာန်းချက်ရှိသည်။ ထို့ပြင်လည်း ထိုအက်ဥပဒေပုဒ်မ ၅၄ (ဂ)ပါ ပြဋ္ဌာန်းချက်များအရဆိုလျှင်၊ လျော်ကြေးငွေပေးဆောင်စေခြင်းဖြင့် လုံ လောက်သော သက်သာခွင့် တရားလိုမရရှိမှသာလျှင်၊ ယင်းသို့သော တားမြစ်စေ ဝါရမ်းကို တရားရုံးက ထုတ်နိုင်သည်ဟု ပြဋ္ဌာန်းထားလေသည်။ ထိုမူများကို နှလုံးပြု၍ ဤအမှုကို လေ့လာ သုံးသပ်သော်၊ အဓိကအားဖြင့် ဆုံးဖြတ်ရမည့် အချက်မှာ တရားလို ပိုင် တိုက်အိမ်နှင့်တောင်ဖက်ရှိပြူတင်းပေါက်များကို ပိတ်လိုက်သည့်အခါ၌ တရားလို၏ တိုက်အိမ် ပဌမထပ်၊ ဒုတိယထပ်နှင့် တတိယထပ်တို့တွင် လေနှင့် နေရောင်ခြည် မည်မျှ ရရှိဦးမည်ဟူသည့် အချက်ဖြစ်သည်။ **ပုဇွန်တောင်စျေး ကုမ္ပဏီလီမိတက် နှင့်အယ်လ် လာမင် အာရကန် ဆန်နှင့် ရောင်းဝယ်ရေးကုမ္ပဏီ လီမိတက်အမှု** (၁)၌ အောက်ပါ အတိုင်း မြွက်ဆိုထား၏။

> "Now bearing in mind these general considerations and that for the purpose in hand it is the amount not the light and air that is left which matters, and not the amount of the light and air of which the respondents have been deprived by the wrongful acts of the appellants I am of opinion that in the present case the appropriate relief for the Court to award to the respondents is damages and not an injunction. It is not, and could not I think reasonably be, contended that the erection of the appellants' building will render the respondents' property absolutely useless to them for the purposes for which it is required unless the appellants' building is pulled down or radically reconstructed."

ဤအမှုတွင်လည်း တရားလိုထူသော ရန်ကုန်မြူနီစီပါလိတီ ကော်ပိုရေးရှင်း အငြိမ်းစား အင်ဂျင်နီယာ ဦးခင်မောင်နှင့် တရားခံထူသော အင်ဂျင်နီယာ အမ်၊အိုင်၊မိုဒန် တို့၏ ထွက်ဆိုချက်များအရ၊တိုက်နှစ်တိုက် ကပ်လျက်တည်ရှိနေလျှင်လေနှင့် နေရောင်ခြည်ကို

(၁) အန္ဒိယစီရင်ထုံးများ၊ ရန်ကုန်တဲ့ ၁၂၊ စာ ၂၀၀၊ ၂၃၃။

၁၉၆၄

ဒေါ်မမ၏တရား ဝင် ကိုယ်စား လှယ်၊ ၎င်း၏ခင် ပွန်း ဂျာဝရုလီ (ခေါ်) မောင်မောင်လှ ပါ ၄ နှင့် နူးရ်မဟာမက် ဟာဘစ်။

၁၉၆၄

ဒေါ်မမ၏တရား ဝင် ကိုယ်စား လှယ်၊ ဇင်းစိုင် ပွန်းဂျာဝရာလီ (ခေါ်) မောင်မောင်လှ ပါ ၄ နှင့် နူးရိမဟာမက် ဟာဘစ်။

အိမ်ရှေ့ တံခါးပေါက်မှဝင်း၊ အိမ်နောက် တံခါးပေါက်မှဝင်း ရနိုင်ကြောင်း၊ အိမ်ဘေးဌ ပြူတင်းပေါက်များ ရှိရန်မလိုကြောင်း ပေါ်လွင်ထင်ရှား၏။ အယူခံ တရားလို၏ ပညာရှိ ရှေနေကြီးကလည်း၊ ရန်ကုန်မြို့ အချက်အခြာဖြစ်သော ရှေဘုံသာ လမ်းကဲ့သို့သော နေရာများတွင် ကပ်လျက်တည်ဆောက်ထားသော တိုက်အိမ်များမှာ ၇၅ ရာခိုင်နှုန်းမျှရှိကြောင်း ဝန်ခံ၏။ အမှန်အားဖြင့်ဆိုလျှင်၊ တရားလို၏ တိုက်သည် လမ်းကျယ်ဖြစ်သော ရှေဘုံသာလမ်းတွင် တည်ရှိ၍ အနံမှာ ပေ ၆၀ မျှသာရှိဆဲဖြစ်ရာ အိမ်ရှေ့တံခါးပေါက်နှင့် အိမ်နောက်တံခါးပေါက်မှ လေနှင့် နေရောင်ခြည်သည် အိမ်အလည်ပိုင်းအထိ ရောက်ရှိနိုင်မည်ဟု ယူဆသည်။ အင်ဂျင်နီယာ အမ်၊အိုင်၊မိုဒန်ကလည်း တရားလို၏ တိုက်အိမ်အရှေ့တံခါးပေါက်နှင့် အနောက်တံခါးပေါက်မှ လေနှင့် နေရောင်ခြည် လုံလောက်စွာ ဝင်နိုင်ကြောင်း သက်သေထွက်ဆိုထား၏။ ထိုအကြောင်း အချက်များကို ထောက်သော် တရားလို၏ တိုက်အိမ် တောင်ဖက်ရှိ ပြူတင်းပေါက်များကို ပိတ်လိုက်ရုံမျှဖြင့် ထိုဟိုက်အိမ်၏ ပဌမ၊ ဒုတိယ နှင့် တတိယ အဆောက်များတွင် လေနှင့် နေရောင်ခြည် လုံလောက်စွာ မရဟု သက်သေအထောက်အထား ခိုင်ခိုင် လုံလုံ မရှိချေ။ ထိုအထပ် ၃ ထပ်တွင် တထပ်၌သာ တရားလိုနေပြီး၊ ကျန် ၂ ထပ်ကို အခြားသူများအား ငှါးရမ်းထား၏။ အိမ်ငှါးများက ပြူတင်းပေါက်များ ပိတ်လိုက်သဖြင့် လေနှင့် နေရောင်ခြည် လုံလောက်စွာ မရဟု တိုင်တမ်းခြင်းရှိဟန် မတူချေ။ အိုင်တမ်းသည်ဟုလည်း သက်သေထွက်ချက် မရှိချေ။ ထို့ပြင် ယင်းသို့လည်းပြူတင်းပေါက်များ ပိတ်လိုက်သောကြောင့်၊ ထိုအထပ် ၃ ထပ်တွင် နေထိုင်သူများ ကျန်းမာရေး ထိခိုက်ကြောင်းလည်းစိုးစဉ်းမျှ သက်သေထွက်ချက် မရှိချေ။ စင်စစ်သော်ကား အယူခံ တရားလို၏ ပညာရှိ ရှေနေကြီးက ပြူတင်းပေါက်များကိုပိတ်လိုက်သဖြင့် ထိုတိုက်အိမ် အထပ် ၃ ထပ်တွင် အခြေအနေ မည်ရွေ့ မည်မျှ ဆိုးဝါးသွားကြောင်း သက်သေ ထင်ရှား မပြခဲ့ပါဟု ဝန်ခံ၏။

ယင်းသို့သော အခြေအနေမျိုးတွင်၊ အထက်၌ ညွှန်ခဲ့သည့် **ပဒုန်တောင်စေး ကုမ္ပဏီလိမိတက်အမှု** (၁) တွင် အဆုံးအဖြတ်ပြုသည့်အတိုင်း၊ ဤအမှုတွင်လည်း၊ လျော်ကြေး ပေးဆောင်စေခြင်းဖြင့် တရားလိုသည် လုံလောက်သော သက်သာခွင့် ရရှိနိုင်မည်ဟု ယူဆရပေမည်။

တရားလို၏ ပညာရှိ ရှေနေကြီးက အကယ်၍ တရားခံသည် မိမိ၏ တိုက်အိမ် တည်ဆောက်ချိန် တရားလို၏ တိုက်အိမ်မှ ၅ ပေမျှခွါ၍ တည်ဆောက်လျှင် တရားလို တိုက်အိမ်၏ တောင်ဖက် ပြူတင်းပေါက်များမှ လေနှင့် နေရောင်ခြည် ရရှိသည်ကို ထိခိုက်မည်မဟုတ်ကြောင်းနှင့် လျောက်လဲပြန်သေး၏။ သို့သော် အထက်၌ ဖော်ပြခဲ့

(၁) အိန္ဒိယစီရင်ထုံးများ၊ ရန်ကုန်တွဲ ၁၂၊ စာ ၂၀၀၊ ၂၃၃။

၁၉၆၄

ဒေါ်မမ၏ တရား ဝင် ကိုယ်စား လှယ်၊ ဒုဒ်း၏ခင် ပွန်း ဂျာဝရာလီ (ခေါ်) မောင်မောင်လှ ပါ ၄ နှင့် နူးရ်မဟာမက် ဟာဘစ်။

သည့်အတိုင်း အဓိကအားဖြင့် ဆုံးဖြတ်ရမည့် အချက်မှာ ထိုပြူတင်းပေါက်များ ပိတ်လိုက်သဖြင့်၊ တရားလို၏ တိုက်အထပ် ၃ ထပ်တွင် လူမနေနိုင်လောက်အောင် ကျန်းမာရေး ထိခိုက်လောက်အောင် အခြေအနေဆိုးဝါးသွားသလောဟူသည့် အချက်သာဖြစ်သည်။ ထိုအချက်များနှင့် စပ်လျဉ်း၍ သက်သေ အထောက်အထား လုံးဝ မရှိခဲ့ချေ။

အထက်ပေါ်ပြပါ အကြောင်းများကြောင့်၊ အယူခံကို ပယ်လိုက်သည်။ အယူခံတရားခံကလည်း ပြန်လှန်ကန့်ကွက်ချက် တင်သွင်းခဲ့ရာ၊ ၎င်းကန့်ကွက်ချက်နှင့် စပ်လျဉ်း၍ အထူးမပြောလိုတော့ပါဟု ၎င်း၏ရှေနေကြီးက ငွန်ခံသဖြင့် ပယ်လိုက်သည်။

အမှုသည်များသည် မိမိတို့ တရားစရိတ်ကို မိမိတို့ အသီးသီးကျခံကြရမည် ဖြစ်သည်။

တရားမအထွေထွေ

တရားသူကြီးချုပ် ဦးဘိုကြီး နှင့် တရားသူကြီး ဦးစံမောင်ရွှေဘွင်

† ၁၉၆၄

ဩဂုတ်လ ၅ ရက်။

ပီ၊အယ်(လ်)၊ကေ၊အင်(နှ်)ပါလာနိယပ (လျှောက်ထားသူ)

နှင့်

လက်ထောက်မြို့ပြ ဌာနးရမ်းခ ကြီးကြပ်ရေးဝန် (နယ်ပိုင်ဝန်ထောက်) ပျဉ်းမနားမြို့ ပါ ၂ (လျှောက်ထားခံရသူ) *

မြို့ပြဆိုင်ရာဌာနးရမ်းခ ကြီးကြပ်ရေး ဥပဒေပုဒ်မ ၁၃ ချစ်တီးဘုရားကျောင်းတည်ရှိခဲ့ဘူးသော၊ မြေပေါ်တွင် ဆက်လက်နေထိုင်ခွင့် ပေးနိုင် မပေးနိုင်။

ဒုတိယ ကမ္ဘာစစ်ကြီး မဖြစ်မီက၊ ချစ်တီး ဘုရားကျောင်းဆောင်နှင့်၊ အခြားအဆောက်အဦများတည်ရှိခဲ့ဘူးသော မြေကွက်ပေါ်၌၊ ယခုအခါတွင် နေထိုင်လျက် ရှိသူများ၏ လျှောက်ထားချက်အရ၊ ဌာနးရမ်းခကြီးကြပ်ရေးဝန်က၊ ၁၉၆၀ ခုနှစ်၊ မြို့ပြဆိုင်ရာ ဌာနးရမ်းခ ကြီးကြပ်ရေး ဥပဒေ ပုဒ်မ ၁၃ အရ၊ ဆက်လက်နေထိုင်ခွင့်ပြု ခဲ့သဖြင့်၊ ထိုအမိန့်ကို မကျေနပ်၍၊ အမှုခေါ် စာချွန်တော်ဖြင့် ပယ်ဖျက်ရန်၊ လျှောက်ထားခဲ့ရာ၊

ဆုံးဖြတ်ချက်။ ။၁၉၄၈ ခုနှစ်၊ ဥပဒေ ပုဒ်မ ၃ အရ၊ ထုတ်ပြန်ခဲ့သော ၁၉၅၀ ခု၊ ဒီဇင်ဘာလ ၂၇ ရက်နေ့စွဲဖြင့်၊ ကြော်ငြာစာတွင်၊ ချစ်တီး ဘုရားကျောင်းဆောင်တည်ရှိဘူးသောမြေကိုကင်း လွတ်ခွင့်ပြုသည်ဟု ဖေါ်ပြထားခြင်းမပြု။

ထို့ပြင် ၁၉၄၈ ခု ဖေဖော်ဝါရီလ ၅ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၅၇ တွင်ဖေါ်ပြထားသော ဥပစာများမှာ၊ အဆောက်အဦများ ဖြစ်ဟန် လက္ခဏာရှိသည်။ မြေသက်သက်နှင့် သက်ဆိုင်ဟန်မတူ။

လျှောက်ထားသူအတွက်။ ။ပညာရှိရွှေနေကြီးဦးဘိုးသာ။

လျှောက်ထားခံရသူအတွက်။ ။ပညာရှိရွှေနေကြီးဦးဘကျော်။

တရားသူကြီးချုပ်ဦးဘိုကြီး။ ။ဤအမှုများမှာ မြေတကွက်နှင့်သာ သက်ဆိုင်သည်တကြောင်း၊ အတူတကွ ကြားနာခဲ့သည်တကြောင်းတို့ကြောင့် ဤအမိန့်တရပ်

* ၁၉၆၄ ခုနှစ်၊ အထွေထွေလျှောက်လွှာအမှတ် ၄၄ မှ ၅၉။

† ပျဉ်းမနားမြို့၊ လက်ထောက်မြို့ပြ ဌာနးရမ်းခ ကြီးကြပ်ရေးဝန် (နယ်ပိုင်ဝန်ထောက်) ရုံး၏ ၁၉၆၂-၆၃ ခု၊ အခွန်တော် (၁၃) နံပါတ် ၁၅၇ မှ ၁၆၂ တို့တွင် ၁၉၆၄ ခု ဇန်နဝါရီလ ၇ ရက်နေ့စွဲဖြင့်ချမှတ်သောအမိန့်ကို အမှုခေါ် စာချွန်တော်ဖြင့် ပယ်ဖျက်ရန် လျှောက်လွှာ။

၁၉၆၄

ပီ၊အယ်(လ်)၊ ကေ၊အင်(နှ်) ၂ ပါလာနိုယပ' နှင့် လက်ထောက် မြို့ပြ ဌာနမှူး ကြီးကြပ်ရေးဝန် (နယ်ပိုင် ဝန်ထောက်) ပျဉ်းမနားမြို့ ပါ ၂။

ဖြင့်ပင် အဆုံးအဖြတ်ပြုမည်ဖြစ်သည်။ ထိုမြေကွက်သည် ပျဉ်းမနားမြို့၌ရှိ၍၊ မူလက ထိုမြေပေါ်တွင် ချစ်တီးဘုရားကျောင်းဆောင်နှင့် အခြားအဆောက်အဦများရှိ၏။ ဒုတိယကမ္ဘာစစ်ကြီးအတွင်း ထိုဘုရားကျောင်းဆောင်နှင့် အဆောက်အဦများ ပျက်စီးလေသည်။ ၁၉၄၇ ခုနှစ်တွင်၊ ပိုလ်တောက်ထိန်က အိမ်ခြေယာခြေမရှိသူ ၃၀ ခန့်ကို ထိုမြေပေါ်၌ နေရာချထားလိုက်၏။ ထိုသူများသည် ထိုမြေပေါ်၌တဲများဆောက်လုပ်နေထိုင်ကြရာ ၁၉၅၀ ခုနှစ်တွင် ပျဉ်းမနားမြို့၌ မီးကြီးလောင်ရာတွင် ထိုတဲအိမ်များပါ ပျက်စီးလေသည်။ ထို့နောက် ခရိုင်ဝန်ခေါင်းဆောင်သော မီးကာကွယ်ရေးအဖွဲ့က ထိုမြေပေါ်တွင် မြေကွက်များရိုက်ပြီး၊ ယခုလျှောက်ထားခံရသူများအား နေထိုင်ခွင့်ပြုခဲ့လေသည်။ ယခုလျှောက်ထားသူ ပီ၊ အယ်(လ်)၊ ကေ၊ အင်(နှ်) ပါလာနိုယပ ချစ်တီးယားသည်ထိုဘုရားကျောင်းဆိုင်ရာထရတ်(စ်)အုပ်ချုပ်သူထရတ်(စ်) စတီး အ နေဖြင့် အချို့သော လျှောက်ထားခံရသူများအပေါ် နှင်ထုတ်လိုမှုစွဲဆိုရာ အနိုင်ဒီကရီ ရရှိခဲ့၏။ ဇာရီပြုလုပ်သောအခါ လျှောက်ထားခံရသူတို့က သက်ဆိုင်ရာ ဌါးရမ်းခ ကြီးကြပ်ရေးဝန်ထံ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ဌါးရမ်းခကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၃ အရ၊ မိမိတို့အသီးသီးနေထိုင်သည့် မြေကွက်များပေါ်၌ ဆက်လက်နေထိုင်ခွင့် ရရှိရန်နှင့် စံဌါးခသတ်မှတ်ရန် လျှောက်ထားသည်တွင် ကြီးကြပ်ရေးဝန်က လျှောက်ထားသည့်အတိုင်း အခွင့်ပြုလိုက်သဖြင့် ထိုအခွင့်ပြုသည့်အမိန့်များကို အမှုခေါ်စာချုန်တော်ဖြင့် ပယ်ဖျက်ပါရန်၊ ပီ၊ အယ်(လ်)၊ ကေ၊ အင်(နှ်) ပါလာနိုယပ ချစ်တီးယား ယခုလျှောက်ထားခြင်းဖြစ်သည်။

လျှောက်ထားခံရသူများသည် ပြန်လှန် ကျမ်းကျိန်လွှာပေးပို့ကြပြီး၊ တရားရုံးသို့ ကိုယ်တိုင်လာရောက်ခြင်း မပြုကြချေ။ သို့သော်ပညာရှိ အစိုးရရှေ့နေကြီး ဦးဘကျော်သည် ပျဉ်းမနားမြို့ လက်ထောက်ဌါးရမ်းခ ကြီးကြပ်ရေးဝန်အတွက် လိုက်ပါဆောင်ရွက်လေသည်။

လျှောက်ထားသူ၏ ပညာရှိရှေ့နေကြီးက ၁၉၄၈ ခုနှစ်၊ မြို့ပြဆိုင်ရာ ဌါးရမ်းခ ကြီးကြပ်ရေးအက်ဥပဒေ ပုဒ်မ ၃ အရ၊ ၁၉၅၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၇ ရက်နေ့စွဲဖြင့် ဘဏ္ဍာရေးနှင့် အခွန်တော်ဌာနမှထုတ်သော အမိန့်ကြော်ငြာစာ အမှတ် ၃၀၁ ကို အကိုးအကားပြုပြီး အခင်းဖြစ်မြေမှာ ချစ်တီးဘုရားကျောင်းဆောင် တည်ရှိရာမြေဖြစ်သဖြင့်၊ မြို့ပြဆိုင်ရာဌါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေမှ လွတ်ကင်းပါသည်ဟုလျှောက်လဲ၏။ သို့သော် ထိုအမိန့်ကြော်ငြာစာတွင် ဘုန်းကြီးကျောင်းများ၊ ဇရပ်များနှင့် အခြားပုဒ္ဓဘာသာ သာသနာရေးဆိုင်ရာ အဆောက်အဦများနှင့်ပတ်သက်သော ထိုအဆောက်အဦများ၏ အာရာမ်အတွင်းရှိ အဆောက်အဦများကို ကင်းလွတ်ခွင့်ပြုသည်ဟု ဖေါ်ပြထား၏။ ထို့ပြင်လည်း ဆန့်စက်များနှင့် ဆန့်စက်ဆိုင်ရာ အဆောင်အယောင်များကို

၁၉၆၄

ပီ အယ် (လ်) ၊ ကေ၊ အင် (နှ်) ပါလာနီယာပန့်နှင့် လက်ထောက် မြို့ပြ ဌါနမှူး ကြီးကြပ်ရေးဝန် (နယ်ပိုင် ဝန်ထောက်) မျဉ်း မနားမြို့ ပါ ၂ ။

လည်း ကင်းလွတ်ခွင့်ပြုသည်ဟု ပြဋ္ဌာန်းထား၏။ ချစ်တီးဘုရားကျောင်းဆောင်တည်ရှိ ဘူးသော မြေကိုကင်းလွတ်ခွင့်ပြုသည်ဟု ဖေါ်ပြထားခြင်းမပြုချေ။ အကယ်၍လျှောက် ထားသူသည် အခင်းဖြစ်မြေကို ချစ်တီးဘုရားကျောင်းဆောင် ပြန်လည်ဆောက်လုပ်ရန် အတွက်အလိုရှိလျှင် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ဌါးရမ်းခကြိုးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၃ အရ၊ ကင်းလွတ်ခွင့်ပြုရန် သက်ဆိုင်ရာ အာဏာပိုင်သို့လျှောက်ထားနိုင်ပေမည်။

တဖန် လျှောက်ထားသူ၏ ပညာရှိရွှေနေကြီးက ၁၉၄၈ ခုနှစ်၊ မြို့ပြဆိုင်ရာ ဌါးရမ်းခ ကြိုးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၂(၁) အရ၊ ဘဏ္ဍာရေးနှင့် အခွန်တော်ဌာနက ၁၉၄၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်နေ့စွဲဖြင့်ထုတ်သော အမိန့်ကြော်ငြာစာအမှတ် ၅၇ ကို ကိုးကားပြီး အခင်းဖြစ်မြေသည် ထိုအမိန့်ကြော်ငြာစာအလို့ငှါ သတ်မှတ်သော နေထိုင်မှုကိစ္စ၊ သို့တည်းမဟုတ် လုပ်ငန်းကိစ္စအတွက် အသုံးပြုသည့်ဥပစာမဟုတ်သဖြင့် အဆိုပါပုဒ်မ ၁၃ တွင် အကျုံးမဝင်ကြောင်းနှင့် လျှောက်လဲပြန်သေး၏။ ပညာရှိ ရွှေနေကြီးအဓိကအားဖြင့် ကိုးကားသည့်အချက်မှာ ထိုအမိန့်ကြော်ငြာစာတွင် ယင်း ကြော်ငြာစာအလို့ငှါ နေထိုင်မှုကိစ္စနှင့် လုပ်ငန်းကိစ္စများဆိုင်ရာ ဥပစာသည် စက်ရုံ များ၊ ဂိုဒေါင်များ၊ ဆေးရုံများ၊ ကျောင်းများ၊ ဘုန်းကြီးကျောင်းများ၊ ဇရပ်များ၊ ကလပ်များနှင့် အခြားအသင်းများအတွက် အသုံးပြုသောဥပစာများ မပါဝင်ဟူသော အချက်ဖြစ်သည်။ ထိုပြဋ္ဌာန်းချက်များသည် မြေသက်သက်နှင့် သက်ဆိုင်ဟန်မတူဘဲ မြေပေါ်ရှိ အဆောက်အဦများနှင့်သက်ဆိုင်ဟန်လက္ခဏာရှိသည်။ အကြောင်းသော် ကား ထိုပြဋ္ဌာန်းချက်များတွင် စက်ရုံများ၊ ဂိုဒေါင်များ၊ ဆေးရုံများ စသည်တို့က အသုံးပြုသောဥပစာများဟု ဖေါ်ပြထားရာ၊ ထိုဥပစာများမှာ အဆောက်အဦများ ဖြစ်တန်ရာသည်။ ထို့ပြင်လည်း မြို့ပြဆိုင်ရာဌါးရမ်းခကြိုးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၂ တွင် ဥပစာဆိုသည့်စကားရပ်ကို အဓိပ္ပါယ်ရှင်းလင်းဖေါ်ပြထားသည်။ သို့သော် နေထိုင် မှုကိစ္စ၊ သို့တည်းမဟုတ် လုပ်ငန်းကိစ္စအတွက် အသုံးပြုသော ဥပစာဆိုသည့်စကားရပ် များ၏အဓိပ္ပါယ်ကိုရှင်းလင်းဖေါ်ပြထားခြင်းမပြုချေ။ ထို့ကြောင့် အဆိုပါအမိန့်ကြော် ငြာစာတွင်ဖေါ်ပြသော ဥပစာများမှာ အဆောက်အဦများဖြစ်ဟန်လက္ခဏာရှိသည်ဟု ယူဆရပေမည်။

ဝင်ရောက်စွက်ဖက်ရန်အကြောင်းမပြင်သဖြင့် လျှောက်လွှာများကို စရိတ်မရှိပယ် လိုက်သည်။

ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီး ဦးစောဘသိန်းရှေ့တွင်

ပြည်ထောင်စုမြန်မာနိုင်ငံ (ပြင်ဆင်လျှောက်ထားသူ)

နှင့်

မောင်ကလု (ပြင်ဆင်ရန်လျှောက်ထားခံရသူ)*

† ၁၉၆၄ ဇူလိုင်လ ၁၈ ရက်။

ယစ်မျိုး ဥပဒေ ပုဒ်မ ၃၁ —မည်သည့် ရာဇဝတ် တရားသူကြီးမျှားက စစ်ဆေးနိုင်ခြင်း—ရာဇဝတ် ကျင့်ထုံး ပုဒ်မ ၅၃၇။

ဆုံးဖြတ်ချက်။ ။ယစ်မျိုး အက်ဥပဒေပုဒ်မ (၃၁) အရ၊ တင်ပို့သည့်အမှုကို ဒုတိယတန်း အာဏာရ၊ ရာဇဝတ် တရားသူကြီးကသာ စစ်ဆေးစီရင် ဆုံးဖြတ်နိုင်သည်။

ဝါရမ်းမှု စစ်ဆေးခြင်း နည်းဖြင့် စစ်ဆေးရမည့် အမှုကို သာမန်မှု စစ်ဆေးခြင်းနည်းဖြင့် စစ်ဆေး ခဲ့လျှင်၊ ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၅၃၇ အရ၊ ပြုပြင်၍ရသော ဆောင်ရွက်မှုမျိုး မဟုတ် သဖြင့် ချမှတ်သော အမိန့်ပျက်ပြယ်ရမည်။

ပြည်ထောင်စုမြန်မာနိုင်ငံ နှင့် မောင်ညွန့်၊ ၁၉၅၅ ခုနှစ်၊ မြန်မာနိုင်ငံ လွှတ်တော်စီရင်ထုံး ၃၁၂ ကိုရည်ညွှန်းသည်။

တရားသူကြီး ဦးစောဘသိန်း။ ။ကော့ကရိတ်ခရိုင်၊ တံခွန်တိုင်ရာဘက်မြို့နယ် ရာဇဝတ်တရားသူကြီးရုံး၊ ၁၉၆၄ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၁၆ တွင်၊ တရားခံ မောင်ကလုအား၊ ယစ်မျိုးအက်ဥပဒေပုဒ်မ ၃၁ အရ၊အပြစ်ပေးရှိဒဏ်ငွေ ၂၀ ကျပ် ပေးဆောင်စေရန်၊ မပေးဆောင်က အလုပ်ကြမ်းနှင့်ထောင်ဒဏ် ၂၀ ရက်၊ ကျခံစေ ရန်အမိန့်ချမှတ်လိုက်သည်။

ကော့ကရိတ်မြို့ခရိုင်ရာဇဝတ်တရားသူကြီးက၊အဆိုပါအမှုတွင် အမိန့်ချမှတ်သော တံခွန်တိုင် ရာဘက်မြို့နယ် ရာဇဝတ်တရားသူကြီးသည် တတိယတန်း ရာဇဝတ်တရား သူကြီးအာဏာနှင့်ယစ်မျိုးအက်ဥပဒေပုဒ်မ ၆၂ အရ၊ အပ်နှင်းထားသည့်အာဏာသာ ရှိသဖြင့်၊ ဒုတိယတန်းအာဏာရ ရာဇဝတ်တရားသူကြီး စစ်ဆေးရမည့်အမှု ယစ်မျိုး

---

* ၁၉၆၄ ခုနှစ်၊ ရာဇဝတ် ပြင်ဆင်မှု အမှတ် ၁၂၀-ခ။

† ၁၉၆၄ ခုနှစ်၊ တရားမကြီး အမှု အမှတ် ၁၆ တွင် ချမှတ်သော ၁၉၆၄ ခုနှစ်၊ ဧပြီလ ၈ ရက် နေ့စွဲပါ၊ တံခွန်တိုင် ရာဘက်မြို့နယ် ရာဇဝတ် တရားသူကြီးက အမိန့်ကို ပြန်၍ ပြင်ဆင်မှု။

ယစ်မျိုး အက်ဥပဒေပုဒ်မ ၃၁ အရ၊ ပြစ်မှုထင်ရှား စီရင်ခြင်းကို ပြင်ဆင်မှု။

၁၉၆၄

ပြည်ထောင်စု မြန်မာနိုင်ငံ နှင့် မောင်ကလူ။

အက်ဥပဒေပုဒ်မ ၃၁ ကို၊ စစ်ဆေးခြင်းပြုသည့်ပြင်၊ ဘော်ပြပါအမှုကို၊ ဝါရမ်းမှု စစ်ဆေးခြင်းနည်းဖြင့်၊ စစ်ဆေးရန်ဖြစ်ပါလျက်၊ စစ်ဆေးခြင်းမပြုဘဲ၊ သမွာန်မှုစစ်ဆေးခြင်းနည်းဖြင့်၊ စစ်ဆေးခြင်းပြုသည့်အတွက်၊ ပျက်ပြယ်ပြီးဖြစ်သောကြောင့် အောက်ရုံးချမှတ်သောအမိန့်ကို၊ ပယ်ဖျက်ပေးရန် ထောက်ခံချက်ဖြင့်၊ အမှုတွဲကို ဤရုံးသို့တင်ပို့သည်။

အောက်ခုံးအမှုတွဲကိုဘတ်ရှလေ့လာရာ၊ ပညာရှိခရိုင်ရာဇဝတ်တရားသူကြီးတင်ပြသည့်အတိုင်း၊ မှန်ကန်သည်ကိုတွေ့ရသည်။ ယစ်မျိုးအက်ဥပဒေပုဒ်မ ၃၁ အရ၊တင်ပို့သည့်အမှုကို၊ ဒုတိယဘန်းအာဏာရ ရာဇဝတ်တရားသူကြီးကသာစစ်ဆေး စီရင်နိုင်ပေသည်။ ဝါရမ်းမှု စစ်ဆေးခြင်းနည်းဖြင့်၊စစ်ဆေးရမည့်အမှုကို၊သမွာန်မှုစစ်ဆေးခြင်းနည်းဖြင့်၊ စစ်ဆေးခဲ့လျှင်၊ ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၅၃၇ အရ၊ပြုပြင်၍ရသော ပြုလုပ်ဆောင်ရွက်မှုမျိုးမဟုတ်သဖြင့်၊ ချမှတ်သောအမိန့်အတည်မဖြစ်ဘဲ၊ ပျက်ပြယ်ရမည်ဖြစ်ကြောင်းကို၊ **ပြည်ထောင်စုမြန်မာနိုင်ငံ နှင့် မောင်ညွန့်** (၁) စီရင်ထုံးတွင်၊ အတိုအလင်းဆုံးဖြတ်ချက်ချမှတ်ထားသည်။

ရာဇဝတ်တရားသူကြီးတဦးဦးသည် မိမိထံသို့ရောက်လာသောရာဇဝတ်မှုကို၊ စစ်ဆေးခြင်းမပြုမီ၊ တင်ပို့သည့်ဥပဒေပုဒ်မ အမှုအကြောင်းခြင်းရာကိုတတ်ရှု၍၊သက်ဆိုင်သည့်ဥပဒေတို့ကိုလေ့လာပြီး၊ မိမိစစ်ဆေးပိုင်ခွင့်ရှိသည်ဟု၊ သေချာစွာသိရမှသာ၊ အမှုကိုစစ်ဆေးစီရင်သင့်ကြောင်း သတိချပ်စေလိုသည်။

ဤအမှုတွင်၊ အောက်ရုံးချမှတ်သော စီရင်ချက်နှင့်အပြစ်ဒဏ်ကို၊ ဘော်ပြပါအကြောင်းမျှားကြောင့်၊ အတည်မပြုနိုင်သဖြင့်ပယ်ဖျက်ပြီး၊ အမှုကိုတဖန်၊ ပညာရှိခရိုင်ရာဇဝတ်တရားသူကြီးကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၎င်းကသင့်လျော်သည်ဟုထင်မြင်သော ရာဇဝတ်တရားသူကြီးတဦးဦးက ဖြစ်စေ၊ ဥပဒေအရ၊ စစ်ဆေးဆုံးဖြတ်ရန် လျှောက်ထားခံရသူ (တရားခံ) ပေးဆောင်ပြီးဖြစ်သောဒဏ်ငွေကို၊ ၎င်းအားပြန်လည်၍ထုတ်ပေးရန် အမိန့်ချမှတ်လိုက်သည်။

(၁) ၁၉၅၅ ခုနှစ်၊ မြန်မာနိုင်ငံ လွှတ်တော်ဝိနိုင်ထုံး ၃၁၂။

ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီး ဦးထွန်းတင်ရွှေတို့၏

ပြည်ထောင်စုမြန်မာနိုင်ငံ (ပြင်ဆင်ရန်လျှောက်ထားသူ)

နှင့်

မောင်ကျော်ခင် (ပြင်ဆင်ရန်လျှောက်ထားခံရသူ)*

၁၉၆၄ ခုနှစ် ဩဂုတ်လ ၁၄ ရက်။

လက်နက် ဥပဒေ(ယာယီပြင်ဆင်ချက်)—ဝါးဘမ်းရာဒ်မှ အသုံးပြုသည့်ယမ်းများ—ပုဒ်မ ၂(ဂ) တွင် အကျုံးမဝင်—ပုဒ်မ ၄ (၄) တွင် အကျုံးဝင်ခြင်း—ပေးရမည့် ပြစ်ချက်။

ဆုံးဖြတ်ချက်။ ။အမှုတွင် ဘမ်းဆီးရမိသည် ဆိုသည့် ယမ်းများမှာ ယာယီ ပြင်ဆင်ချက် လက်နက် ဥပဒေ ပုဒ်မ ၂ (ဂ) တွင် ပြဆိုထားသည့်(**Demolition Explosives**)ဆိုသည်တွင် မပါဝင်၍ ပုဒ်မ ၄ (၄) တွင် ပြဆိုထားသည့်(**Other Explosives**)တွင်သာ အကျုံးဝင်မည်ဖြစ်၍ လက်နက် ဥပဒေ ၁၉ (က) နှင့်သာ အပြစ်ပေးနိုင်ပြီး၊ ယာယီပြင်ဆင်ချက် လက်နက် ဥပဒေ ၁၉-က နှင့် အကျုံးမဝင်။

ထို့ကြောင့် အများဆုံး ပြစ်ဒဏ်မှာ ၃ နှစ်သာဖြစ်ပြီး၊ လျှောက်ထားခံရသူအပေါ် ချထားခဲ့သည့် ၂ နှစ် ပြစ်ဒဏ်ကို တိုးမြှင့်ရန် မလို။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။ဦးဘဘော၊ အစိုးရလွှတ်တော်ရှေ့နေကြီး။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။ကိုယ်တိုင် (အချုပ်နှင့်)။

တရားသူကြီး ဦးထွန်းတင်။ ။ယခုအမှုမှလျှောက်ခံရသူ မောင်ကျော်ခင်မှာ၊ ဗန်းမော်မြို့ ၂ ရာဘက်ရာဇဝတ်တရားသူကြီးရုံး၊ ၁၉၆၃ ခု၊ရာဇဝတ်ကြီးမှုအမှတ် ၁၀၉ တွင်၊ ယာယီပြင်ဆင်ချက် လက်နက်ဥပဒေပုဒ်မ ၁၉-ကအရ၊ ရာဇဝတ်စွဲဆိုခံရရာ၊ ပြစ်မှုကျူးလွန်ကြောင်း တွေ့ရှိရသည်ဆို၍ အလုပ်ကြမ်းနှင့်ထောင်ဒဏ် ၂ နှစ် ကျခံစေရမည်ဟု ပြစ်ဒဏ်စီရင်ခြင်းခံရလေသည်။

၁၉၅၁ ခုနှစ်၊ယာယီပြင်ဆင်ချက်လက်နက်ဥပဒေပုဒ်မ ၁၉ (က) ကို၊ ၁၉၅၅ ခုနှစ်၊ အက်ဥပဒေအမှတ် ၃၂ အရ၊ ပြင်ဆင်ထားသည့်ပုဒ်မ ၂ တွင် ပြစ်ဒဏ်စီရင်ရန်နှင့် ပတ်သက်၍ ပြစ်မှုကျူးလွန်သူအား အနည်းဆုံး အလုပ်ကြမ်းနှင့်ထောင်ဒဏ် ၃ နှစ် ကျခံစေရမည်ဟု ပြင်ဆင်ခဲ့သည်ဖြစ်၍၊ ယခုအမှုတွင် ချမှတ်ခဲ့သည့်ပြစ်ဒဏ်မှာ ဥပဒေ အရမှားယွင်းနေကြောင်းတွေ့ရသည်။

---

* ၁၉၆၄ ခုနှစ်၊ ရာဇဝတ် ပြင်ဆင်မှု အမှတ် ၃ (က)။

† **၁၉၆၃ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ်** ၁၀၉ **တွင် ချမှတ်သော်** ၁၉၆၃ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက် နေ့စွဲပါ၊ ဗန်းမော်မြို့ ဒုတိယ ရာဘက် ရာဇဝတ် တရားသူကြီး၏ အမိန့်ကို ပြန်၍ ပြင်ဆင်မှု။

၁၉၆၄

ပြည်ထောင်စု
မြန်မာနိုင်ငံ
နှင့်
မောင်
ကျော်ခင်။

ထို့ကြောင့် ဤရုံးမှပြင်ဆင်မှု (က) ဖွင့်၍ တရားခံဖြစ်သူ လျှောက်ခံရသူအား မည်သည့်အတွက်ကြောင့်ပြစ်ဒဏ်ကိုတိုး မြှင့်၍ပေးသင့်ကြောင်း အကြောင်းပြရန် နှိုး တစ်စာထုတ်ခဲ့သည်။ လျှောက်ခံရသူက ဖမ်းဆီးရမိသည့်ယမ်းများကို ငါးဖမ်းရာတွင် အသုံးပြုရန် အင်းသူကြီးများသို့ ရောင်းစားရန်သာဖြစ်၍ နိုင်ငံတော်ကို ပုန်ကန် သောင်းကျန်းရန်အတွက်မဟုတ်သောကြောင့်ပြစ်ဒဏ်တိုးမြှင့်ရန်မသင့်ပါဟု လျှောက် ထားသည်။

သက်ဆိုင်သည့်အမှုဘွဲ့ကိုလေ့လာသောအခါ၊ဖမ်းဆီးရမိသည်ဆိုသည့် ယမ်းဘီလူး များမှာယာယီပြင်ဆင်ချက်လက်နက်ဥပဒေပုဒ်မ ၂ တွင်ပြဆိုထားသည့်လက်နက်အမျိုး အစားစာရင်းတွင်ပါဝင်ကြောင်းသက်သေခံချက်မရှိပေ၊အစိုးရအတွက်လိုက်ပါဆောင် ရွက်သည့်ပညာရှိရွှေနေကြီးကလည်း ဘမ်းဆီးမိသည့် သက်သေခံယမ်းဘီလူးများမှာ ပုဒ်မ ၂ အမှတ် (ဂ) တွင်ပြဆိုထားသည့် (**Demolition Explosives**) ဆိုသည် တွင်ပါဝင်သည်ဟု သက်သေခံချက်မရှိကြောင်းဝန်ခံ၍ ၎င်းသက်သေခံပစ္စည်းများမှာ လက်နက် ဥပဒေပုဒ်မ ၄ (၄) တွင်ပြဆိုထားသည့် (**Ammunition**) ၏အခြားယ်ဖြစ်သည် (**Other Explosives**) တွင်သာ အကျုံးဝင်မည်ဖြစ်၍၊ အမှုတွင် ကျူးလွန်သည်ဖြစ်မှုမှာ လက်နက်ဥပဒေပုဒ်မ ၁၉ (က) သာဖြစ်ကြောင်းသဘော တူညီပေသည်။ထို့ကြောင့်အစိုးရရှေနေကြီးကလျှောက်ခံရသူပေါ် ယာယီပြင်ဆင်ချက် လက်နက်ဥပဒေပုဒ်မ ၁၉-က အရ၊ ပြစ်မှုတွေ့ရှိထားခြင်းမှာ မှားယွင်းနေ၍ပြင်ဆင် ချက်ပေးပြီး ချမှတ်ခဲ့သည့်ပြစ်ဒဏ်မှာမူ ထိုပုဒ်မအရ တိုးမြှင့်ရန် လိုအပ်မည်မဟုတ် ကြောင်းပြဆိုပေသည်။

သက်သေခံချက်များအရ ယခုအမှုတွင် လျှောက်ခံရသူကျူးလွန်သည့်ပြစ်မှုမှာ လက်နက်ဥပဒေပုဒ်မ ၁၉-က အရသာဖြစ်ပြီးယာယီပြင်ဆင်ချက်လက်နက်ဥပဒေပုဒ်မ ၁၉-က သို့အကျုံးမဝင်ကြောင်းထင်ရှားသဖြင့်လျှောက်ခံရသူသည်ယခုအမှုတွင်လက် နက်ဥပဒေပုဒ်မ ၁၉-က အရသာ ပြစ်မှုကျူးလွန်သည်ဟု ဆုံးဖြတ်ရပေမည်။ ၎င်း ပုဒ်မအရ အများဆုံးချမှတ်နိုင်သည့်ပြစ်ဒဏ်မှာထောင်ဒဏ် ၃ နှစ်သာဖြစ်၍ လျှောက် ခံရသူပေါ် ချမှတ်ခဲ့သည့်ထောင်ဒဏ် ၂ နှစ်ပြစ်ဒဏ်ကို တိုးမြှင့်ရန် လိုအပ်တော့မည် မဟုတ်ပေ။

ဖေါ်ပြပါအကြောင်းများကြောင့် ဇန်းမော်မြို့ ၂ ရာဘက်ရာဇဝတ်တရားသူကြီး ရုံး၊ ၁၉၆၃ ခု၊ ရာဇဝတ်ကြီးမှုမှတ် ၁၀၉ တွင်လျှောက်ခံရသူ မောင်ကျော်ခင်ပေါ် ယာယီပြင်ဆင်ချက်လက်နက်ဥပဒေပုဒ်မ ၁၉-ကအရ၊ ပြစ်မှုတွေ့ရှိခြင်းကိုပယ်ဖျက်၍ လျှောက်ခံရသူသည် လက်နက်ဥပဒေပုဒ်မ ၁၉(က) အရသာပြစ်မှုကျူးလွန်သည်ဟု ပြင်ဆင်၍ ချမှတ်ထားသည့်ပြစ်ဒဏ်ကိုမူ အတည်ပြုလိုက်သည်။

တရားမအယူခံမှု

တရားသူကြီးချုပ် ဦးဘိုကြီးရွှေတွင်

မသောင်း ပါ ၄ (အယူခံတရားလိုမျှား)

နှင့်

မောင်ဥာဏ် ပါ ၂ / မောင်ဥာဏ် ပါ ၁၁ (လျှောက်ထားခံရသူ)*

† ၁၉၆၄ ဇူလိုင်လ ၇ ရက်။

သီးခြားသက်သာခွင့်—အက်ဥပဒေ ပုဒ်မ ၃၁ နှင့် ၃၉ စာချုပ်တွင် မှားယွင်းမှု—မြေဝယ်သူ၏ အခွင့်အရေးများ။

ရောင်းသူနှင့်ဝယ်သူတို့သည် အခင်းဖြစ်သောမြေကို အရောင်းအဝယ်ပြုကြသော်လည်း၊ ရောင်းသူက စာချုပ်ရေးသူအား အခြားမြေကွက်နှင့် သက်ဆိုင်သော ပြေစာကိုပေးအပ်မိသဖြင့်၊ ထိုပြေစာအရ စာချုပ်ရေးမိရာ။

ဆုံးဖြတ်ချက်။ ။ဝယ်သူသည် စာချုပ်ကို ပြင်ဆင်ရန် တရားစွဲဆိုရန်မလို။ သီးခြားသက်သာခွင့် အက်ဥပဒေ ပုဒ်မ ၃၁ ပါ ပြဋ္ဌာန်းချက်များတွင်၊ စာချုပ်ပါ အချက်အလက်များ မှားယွင်းလျှင် တရားမစွဲမနေရဟု ပြဋ္ဌာန်းခြင်း မပြုသည်ကို သတိမူရမည်။

ရှိတ်ခ်ဗာဆပ်တီး နှင့် ဆာဂျူပရဏ်ဆပ်၊ အေ၊အိုင်၊အာရ်၊ ၁၉၃၉၊ အုတ်၊စ ၁၀၊ ကို ရည်ညွှန်းသည်။

ထိုပြင်ဝယ်သူသည်၊ သီးခြားသက်သာခွင့် အက်ဥပဒေ ပုဒ်မ ၃၉ အရ၊ စာချုပ်ကို ပယ်ဖျက်ရန် တရားစွဲဆိုရန်လည်းမလို။

အယူခံတရားလိုမျှားအတွက်။ ။ပညာရှိရွှေနေကြီး ဦးခင်မောင် (၄)။

အယူခံတရားခံမျှားအတွက်။ ။ပညာရှိရွှေနေကြီး ဦးဘိုးသာ။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။ဤအယူခံမှု နှစ်မှသည် အယူခံ တရားလိုတို့နှင့် အယူခံတရားခံတို့ သထုံမြို့ရှိ မြေရာတကွက်နှင့်ပတ်သက်၍ အပြန်အလှန် တရားစွဲဆိုကြရာမှ ပေါ်ပေါက်ပြီးလျှင်၊ ကြားနာရာဌာနသည်း တပြိုင်နက်တည်း ကြားနာခဲ့သည် ဖြစ်၍၊ ဤအမိန့်တရပ်ဖြင့်ပင် အဆုံးအဖြတ်ပြုမည်ဖြစ်သည်။

---

* ၁၉၆၄ ခုနှစ်၊ တရားမ ဒုတိယ အယူခံမှုအမှတ် ၂၁-၂၂။

† ၁၉၆၂ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၁၃-၁၄ တွင်၊ ၁၉၆၃ ခု၊ ဒီဇင်ဘာလ ၁၁ ရက်/ ၁၉၆၃ ခု၊ ဒီဇင်ဘာလ ၁၃ ရက်နေ့စွဲပါ သထုံမြို့၊ ခရိုင်တရားမ တရားသူကြီးရုံးတော်၏ ချမှတ်သော ဒီကရီကိုအယူခံဝင်မှု။

၁၉၆၄

မသောင်း ပါ ၄ နှင့် မောင်ဥဏ်ပါ၂၊ မောင်ဥဏ် ပါ ၁၁။

အမှုအကြောင်းခြင်းရာများနှင့် ပတ်သက်၍ အောက်ရုံးစီရင်ချက်များတွင် တိကျစွာဖော်ပြပြီးဖြစ်သဖြင့် ထပ်မံ၍ အသေးစိတ်ဖော်ပြရန် မလိုတော့ပေ။ အောက်ရုံးနှစ်ရုံးစလုံးကပင် အမှုအကြောင်းခြင်းရာများနှင့် ပတ်သက်၍ သဘောတူညီဆုံးဖြတ်ချက်ချမှတ်ခဲ့ပြီးဖြစ်သဖြင့်၊ အမှုအဖြစ်အပျက်များနှင့် စပ်လျဉ်း၍ ဤရုံးကဝင်ရောက်စွက်ဖက်ရန် အကြောင်းမရှိတော့ချေ။

မောင်ဥဏ်နှင့် မကြင်မြိုင်တို့သည် ဒေါ်လုံးနှင့် ခင်ပွန်း ဦးဆင်ကြာရွှန်းတို့ပိုင် အခင်းဖြစ်မြေကွက်ကို မှာပုံတင်စာချုပ်ဖြင့် ဝယ်ယူခဲ့ကြောင်းထင်ရှား၏။ ယင်းသို့စာချုပ်ချုပ်ပြီးနောက် ဦးဆင်ကြာရွှန်းနှင့် ဒေါ်လုံးတို့သည် ထိုမြေပေါ်ရှိအိမ်ကိုဖျက်ပြီးလျှင် မိမိတို့ပိုင်အနီးရှိ အခြားမြေကွက်ပေါ်၌ အိမ်ဆောက်သုပ်ပြီးလျှင် နေထိုင်ကြ၏။ မောင်ဥဏ်နှင့် မကြင်မြိုင်တို့သည်း အခင်းဖြစ်မြေပေါ်၌ အိမ်ဆောက်လုပ်ပြီးလျှင် နေထိုင်ကြရာ ယခုတိုင်ဖြစ်၏။ ထို့ကြောင့် ရောင်းသူနှင့်ဝယ်သူတို့ ရောင်းဝယ်သည့်မြေမှာ အခင်းဖြစ်မြေဖြစ်ကြောင်း ထင်ရှားလှ၏။ သို့သော် စာချုပ်ချုပ်စဉ်အခါက စာချုပ်ခေးသူအား ဦးဆင်ကြာရွှန်းတို့က မိမိတို့ပိုင် အခြားမြေကွက်နှင့်ဆိုင်သောပြေစာကိုပေးအပ်သဖြင့် ထိုပြေစာအရစာချုပ်ရေးသူက ရောင်းချသည့်မြေကိုဖော်ပြလိုက်၏။ သို့သော် ရောင်းချသည့်မြေ၏ အလားအလာနယ်နိမိတ်များမှာ အခင်းဖြစ်မြေ၏အလားအလာနယ်နိမိတ်များဖြစ်၏။ ထို့ကြောင့် အောက်ရုံး ၂ ရုံးတွေ့ရှိသည့်အတိုင်း ဦးဆင်ကြာရွှန်းနှင့် ဒေါ်လုံးတို့ ရောင်းချသည့်မြေမှာ ယခုမောင်ဥဏ်နှင့် မကြင်မြိုင်တို့ လက်ရှိနေထိုင်သောအခင်းဖြစ်မြေဖြစ်ကြောင်း ထင်ရှားလှ၏။

ဒေါ်လုံးတို့၏ ပညာရှိရွှေနေကြီးက မောင်ဥဏ်တို့သည် အဆိုပါမှတ်ပုံတင်စာချုပ်ကို ပြင်ဆင်ရန် တရားစွဲဆိုသင့်ပါသည်ဟု သျှောက်လဲ၏။ သို့သော် သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၃၁ ပါပြဋ္ဌာန်းချက်များတွင် စာချုပ်ပါ အချက်အလက်များမှားယွင်းလျှင်တရားမစွဲမနေရဟု ပြဋ္ဌာန်းခြင်းမပြုသည်ကို သတိမူရပေမည်။ **ဒို့တစ်ဗမာ ဆပ်တီး** နှင့် **ဆာဂျူပရာဆပ်** (၁) အမှုတွင် အောက်ပါအတိုင်း မြွက်ဆိုထားလေသည်။

> **"Section 31 is an enabling Section and the fact of its not being made use of cannot deprive a purchaser of the rights conveyed to him by his sale deed."**

ဤမြွက်ဆိုချက်မှာ သီးခြား သက်သာခွင့် အက်ဥပဒေ ပုဒ်မ ၃၁ ပါ ပြဋ္ဌာန်းချက်များနှင့်ကိုက်ညီသည်ဖြစ်၍ လက်ခံရပေမည်။

(၁) အေ၊အိုင်၊အာ(ရ်)၊ ၁၉၃၉၊ အုတ်စာ ၁၀။

ပညာရှိ ရွှေနေကြီးက ထပ်လောင်း၍ လျှောက်လဲသည်မှာ၊ သီးခြားသက်သာခွင့် အက်ဥပဒေ ပုဒ်မ ၃၉ အရ စာချုပ်ကိုပယ်ဖျက်ရန် တရားစွဲဆိုသင့်ကြောင်းနှင့် တင်ပြ လျှောက်လဲပြန်သော်၏။ သို့သော် ဤအမှုပါစာချုပ်ရှိနေသဖြင့် မောင်ဥဏ္ဏာတို့၏ အခွင့် အရေးကို တားဆီးပိတ်ပင်သည်ဟု မဆိုနိုင်ချေ။ မောင်ဥဏ္ဏာတို့နှင့် ဦးဆင်ကြာရွှန်း တို့သည် နှစ်ဦးသဘောတူညီ အခင်းဖြစ်မြေကွက်ကို အရောင်းအဝယ်ပြုကြသည်မှာ ထင်ရှားသဖြင့် အဆိုပါ မှတ်ပုံတင် စာချုပ်အရပင် ထိုမြေကွက်ပိုင်ဆိုင်ခွင့်သည် မောင်ဥဏ္ဏာတို့၌ တည်ရှိနေသည်ဟု ယူဆရပေမည်။

ထို့ကြောင့် အယူခံမျာ်းကို စရိတ်နှင့်တကွ ပယ်လိုက်သည်။ ဤရုံးရွှေနေခမှာ အမှုအသီးသီးတွင် ၅၀ ဖြစ်စေရမည်။

၁၉၆၄

မသောင်း ပါ ၄ နှင့် မောင်ဥဏ္ဏာပါ၂၊ မောင်ဥဏ္ဏာ ပါ ၁၁။

ရာဇဝတ်အယူခံမှု

တရားသူကြီး ဦးထွန်းတင် ရှေ့တွင်

မောင်စော်ဘွား (အယူခံတရားလို)

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ (အယူခံတရားခံ) *

၁၉၆၄

ဖြေဂုထ်လ ၁၈ ရက်။

လူသတ်မှု—သေဒဏ်ထိုက်သည့် အမှုမျိုးတွင်၊ သက်သေတဦးတည်း၏ ထွက်ဆိုချက်အပေါ် မည်သည့် အခါ၌ အပြစ် မပေးသင့်ခြင်း—သံသယ အကျိုးခံစားခွင့်။

ဆုံးဖြတ်ချက်။ ။ကြီးလေးသော သေဒဏ်ထိုက်ဆင့်သည့် အမှုမျိုးတွင် လုံးဝယုံကြည် လက်ခံနိုင်ရန် ခဲယဉ်းသည့် သက်သေတဦးတည်း၏ ထွက်ဆိုချက်အပေါ် မူတည်၍ အပြစ်ပေးရန် မသင့်လျော်။

ဥပမာ ပါ ၁ နှင့် ဘုရင်ကေရှင်၊ [အေ၊အိုင်၊အာ(ရ်)၊၁၉၃၇ ရန်ကုန် ဂ]။ နှင့် မောင်ရွှေနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ၊ ၁၉၆၀ ခု၊ မြန်မာပြည် စီရင်ထုံး (တရားလွှတ်တော်) စာ ၂၄၃ တို့ကိုကိုးကားသည်။

ထို့ကြောင့် သေသူအား ဒါးနှင့် ထိုးသည်မှာ အယူခံတရားလိုသာဖြစ်သည်ဟု ယုံကြည် လက်ခံနိုင်ရန် ခဲယဉ်းသော သက်သေတဦးတည်းက ထွက်ဆိုထားရာ၊ ထိုထွက်ဆိုချက်အပေါ် မူတည်၍ တထစ်ချယူဆနိုင်ရန် ခဲယဉ်းသည်။

အယူခံတရားလိုများသည်၊ သံသယအကျိုး ခံစားခွင့်ရှိသည်။

အယူခံ တရားလိုအတွက်။ ။မစ္စတာ အက်(စ်)၊ အယ်သ် ဗားမား၊ လွှတ်တော်ရှေ့နေကြီး။

အယူခံတရားခံအတွက်။ ။ဦးဘဘော၊လွှတ်တော်ရှေ့နေကြီး။

တရားသူကြီး ဦးထွန်းတင်။ ။ယခုအမှုမှ အယူခံတရားလို မောင်စော်ဘွားနှင့် ဆက်စပ်နေသည့် ဤရုံး ၁၉၆၄ ခု၊ အယူခံအမှတ် ၂ မှ အယူခံတရားလိုများ ဖြစ်သူ မောင်ပေါ်၊ သိန်းမောင်နှင့် ဘသက် တို့မှာ မန္တလေးမြို့၊ ဒုတိယအထူးတရားသူကြီးရုံး ၁၉၆၃ ခု၊ ရာဇဝတ်ကြီးမှုအမှတ် ၅ တွင် မောင်အေးဆောင်ဆိုသူ ဒါးဒဏ်ရာရရှိသေဆုံးရသည်နှင့် ပတ်သက်၍ ရာဇသတ်ကြီးပုဒ်မ ၃၀၂/၁၁၄ အရ၊ တရားစွဲဆို ခံရရာ၊ မောင်စော်ဘွားမှာပုဒ်မ ၃၀၂ (၂) အရ၊ ပြစ်မှုကျူးလွန်သဖြင့် ထောင်ဒဏ် တသက်

---

* ၁၉၆၃ ခုနှစ်၊ ရာဇဝတ် အယူခံမှု အမှတ် ၉၅။

† ၁၉၆၃ ခုနှစ်၊ ရာဇဝတ်ကြီးမှု အမှတ် ၅ တွင် ချမှတ်သော ၁၉၆၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်နေ့စွဲပါ၊ မန္တလေးမြို့၊ ဒုတိယ အထူး တရားသူကြီး၏ အမိန့်ကို အယူခံမှု။

ရာဇသတ်ကြီးပုဒ်မ ၃၀၂ (၂) အရ၊ ပြစ်မှုထင်ရှား စီရင်ခြင်းကို အယူခံမှု။

၁၉၆၄

မောင်စော်ဘွား နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

တာကျွန်းကျခံစေရန်နှင့် မောင်ပေါ်၊ သိန်းမောင်နှင့် မောင်ဘသက်တို့ကမူ ပုဒ်မ ၃၀၂/၁၀၉ အရ၊ ပြစ်မှုကျူးလွန်သဖြင့် ထောင်ဒဏ် ၁၀ နှစ်စီကျခံစေရမည်ဟု ပြစ်ဒဏ်စီရင်ခြင်းခံရလေသည်။ ထို့အတူက် အယူခံတရားလိုမျာ်းက အယူခံမှုမျာ်း တင်သွင်းခဲ့ရာ၊ ယခုအမှုတွင် ချမှတ်မည့်စီရင်ချက်မှာ ဆက်စပ်နေသည့်အယူခံမှုအမှတ် ၂/၆၄ တွက်ပါ အကျုံးဝင်ပေသည်။

အမှုကြောင်းရာ လိုရင်းကို ဖေါ်ပြရမူ၊သေသူ မောင်အေးဆောင် နှင့် အောင်ရွှေ၊ မြသောင်း (လိုပြ-၇၊ ၁၆) တို့မှာ နန္ဒာခေါ်ခံကုန်းရွာသားမျာ်းဖြစ်၍ အချင်းဖြစ်သည့် ၁၉၆၄ ခု၊ ဇူလိုင်လ ၁၁ ရက်နေ့က လိုင်းပေါက်ရွာသို့အတူရောက်သာကြပြီး၊ကိုတောဝ (လိုပြ-၅) ၏သမီးသေဆုံးသဖြင့် ရက်လည်ဆွမ်းကျွေးရန် ချက်ပြုတ်နေသည့်အိမ်တွင် ပေါက်မြို့ရွာသားမျာ်းဖြစ်သူအယူခံတရားလို စော်ဘွား၊မောင်ပေါ်၊ သိန်းမောင်တို့နှင့် ထိုနေ့ညနေ ၅ နာရီအချိန်ခန့် ဖဲဝင်ရိုက်သည်ဆိုကြောင်း၊ ဖဲဝိုင်းတွင် အယူခံတရားလို စော်ဘွား၊ မောင်ပေါ်၊ သေသူ အေးဆောင်၊ အောင်ရွှေ (လိုပြ-၇) တို့ဝင်ရိုက်ပြီး၊ အယူခံတရားလို သိန်းမောင်နှင့် မြသောင်း (လိုပြ-၁၆) တို့က ဝိုင်းအနီးမှ ထိုင်ကြည့်နေသည်ဆိုကြောင်း၊ ဖဲဝိုင်းကစား၍ မျာ်းမကြာမီပင် အယူခံတရားလို စော်ဘွားနှင့် အေးဆောင်တို့လူစုစကားမျာ်းကြပြီး၊စော်ဘွားကမင်းတို့ရွာသားတွေသိစေ့မယ်ဟု ခြိမ်းခြောက်ပြောဆိုရန်ဖြစ်ကြရာ၊ အိမ်ရှင် ကိုတောနှင့် ဝင်း၏နီးတို့က မြင်လိုက်သဖြင့်၊ အယူခံတရားလိုစော်ဘွား၊ မောင်ပေါ် နှင့် သိန်းမောင် တို့ကရွာတောင်ဘက်ထွက်သွား၍ အေးဆောင်၊ အောင်ရွှေ၊ မြသောင်းတို့ကမူ ရွာအရှေ့ဘက်သို့ထွက်သွားသည်ဆိုကြောင်း။ ထို့နောက်မျာ်း မကြာမီ ၆ နာရီအချိန်ခန့်တွင် မသာအိမ်ရှင် ဦးတောနှင့် ဦးနွယ် (လိုပြ-၆) တို့၏ ထွက်ဆိုချက်အရ၊ အေးဆောင်၊ အောင်ရွှေနှင့် မြသောင်းတို့ ပြန်ရောက်သာပြီး၊ စော်ဘွားတို့ ဘယ်ဘက်ထွက်သွားသလဲမေးရ၍ ပြန်လာကာ၊ ရွာပြင်တွင်တွေ့ရန်ပြောသိုက်ပါဟု မှာနေစဉ်ပင်၊ အယူခံတရားလို ၄ ယောက်တို့ ရောက်ရှိလာ၍ ထပ်မံစကားမျာ်းရန်ဖြစ်ပြီး တဘက်နှင့်တဘက် လုံးထွေးကြ၍ အေးဆောင်တို့လူစုက ရွှေကပြေးထွက်သွားသည့် နောက်သို့ အယူခံတရားလိုမျာ်းက လိုက်ကြသည်ဆိုကြောင်း။ ၎င်းသက်သေမျာ်းအရမူ ထိုစဉ်က၊ အယူခံတရားလိုတဦးတယောက်တွင်မှ လက်နက်ပါသည်ကို မတွေ့ရ၊ အေးဆောင်ထံတွင်သာ တုတ်တချောင်း ပါလာသည်ကို တွေ့ရပါသည်ဟု ဦးနွယ်ကထွက်ဆိုသည်။

ထိုသို့ ဖြစ်ပျက်ပြီး မျာ်းမကြာမီ ရွာအပြင်အရှေ့ဘက်လယ်ကွင်းတွင် အေးဆောင်အား ဒါးဒဏ်ရာနှင့် လူးလှိမ့်နေသည်ကို ဦးလွင် (လိုပြ-၁) ဆိုသူကတွေ့ရှိပြီး၊ မျာ်းမကြာမီ အေးဆောင်သေဆုံးသွားလေသည်။ အလောင်းကို နှစ်ဆေးကြည့်ရှုသူဆရာဝန် ဘာချန် (လိုပြ-၁၅) ကသေသူ ယာဘက်ရင်အုံတွင် ပေါက်ပြဲနေသည့်ဒဏ်ရာ

၁၉၆၄

မောင်စော်ဘွား နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

တခုသာတွေ့ရှိရာ၊ ထိုဒဏ်ရာမှာ ချွန်ထက်သည့် လက်နက်မျိုးနှင့် ပြုလုပ်၍ ရရှိနိုင်မည့် ဒဏ်ရာဖြစ်ပြီး၊ ၎င်းဒဏ်ရာမှာ မုချသေစေမည့်ဒဏ်ရာဖြစ်ကြောင်းနှင့် ထိုဒဏ်ရာမှအပ အခြား ဒဏ်ရာမတွေ့ရှိပါ ဆိုပေသည်။ ထို့တွက် သေသူနှင့် အချင်းမျှားကြသူ အယူခံ တရားလို ၄ ဦးတို့အား ဘမ်းဆီး၍ ယခုအမှုတွင် ရာဇသတ်ကြီး ပုဒ်မ ၃၀၂/၁၁၄ အရ၊ တရားစွဲတင်ခဲ့ခြင်းဖြစ်သေသည်။

အမှုတွဲပါ သက်သေခံချက်တို့ကို လေ့လာသောအခါ၊ အချင်းဖြစ်သည့်နေ့ကဖဲဝိုင်း ဖြစ်သည့်အိမ်ရှင် မောင်ဘော (လို့ပြ-၅) နှင့်ထိုအိမ်တွင်ရှိနေသူ ဦးနွယ် (လို့ပြ-၆) တို့က ရှေးဦးစွာ ဖဲကစားပြီး၊ မကြာမီသေသူ အေးဆောင်တို့လူစုနှင့် အယူခံတရားလို စကားမျှားရန်ဖြစ်ပြီး ထွက်သွားကြ၍ မကြာခဏ အေးဆောင်တို့လူစု ရောက်လာပြီး၊ အယူခံတရားလို စော်ဘွားတို့အား သာရောက်မေးမြန်းကြောင်း။ထိုအခါကအေးဆောင် ထံတုတ်တချောင်းပါလာ၍ အယူခံတရားလိုစော်ဘွားတို့သည်းရောက်ရှိလာ၍ ရိုက်နှက်လုံးထွေးကြပြီး၊ အေးဆောင်တို့ လူစုထွက်ပြေးသည်တွင် အယူခံတရားလိုများက နောက်ကလိုက်သွားကြောင်းသာထွက်ဆိုသည်။ ထို့ကြောင့် ၎င်းသက်သေနှစ်ဦးက အေးဆောင်မှာ ထိုအိမ်၌ အယူခံတရားလိုများနှင့် လုံးထွေးသတ်ပုတ်သောအခါက ဒဏ်ရာရရှိသည်ဟု မထွက်ဆိုကြသည့်ပြင်၊ တဦးတယောက်သော အယူခံတရားလိုများ လက်တွင်ထိုအခါက လက်နက်ပါကြောင်း တွေ့ရှိရသည်ဟုမဆိုပေ၊ သေသူ အေးဆောင်နှင့်အတူလာသူ မောင်အောင်ရွှေ (လို့ပြ-၇) ကလည်း မသာအိမ်၌ အယူခံတရားလိုတို့နှင့်ဆုံသောအခါ၊ အယူခံတရားလို စော်ဘွားက သေသူအေးဆောင်လက်မှတုတ်ကို လုပြီး၊ ၎င်းတို့တယောက်တပြန် ရိုက်ကြစဉ် ၎င်းက ထွက်ပြေးသွားသည်ဆိုသဖြင့် အယူခံတရားလို စော်ဘွားထံ ထိုအခါက လက်နက်တွေ့ရှိ၍ အေးဆောင် ဒဏ်ရာရသွားပါသည်ဟု မထွက်ဆိုပေ၊ သို့သော် အေးဆောင်တို့ အပွဲသားတဦး ဖြစ်သူ မောင်မြသောင်း (လို့ပြ-၁၆) ကမူ၊အေးဆောင်နှင့် အောင်ရွှေတို့ မသာအိမ်သို့ပြန်သွားသောအခါ ၎င်းကဝါးနှစ်ရိုက်ခန့်မှနေရစ်ပြီး ကြည့်နေရာ၊ အယူခံတရားလို မောင်စော်ဘွားနှင့် မောင်ပေါတို့ နှစ်ဦးရောက်လာပြီး၊စော်ဘွားနှင့် အေးဆောင်တို့ ဆိုင်ရိုက်ကြသည်တွင် စော်ဘွားက လက်နှင့်ထိုးလိုက်သည်ကို မြင်ရကြောင်းဘာ လက်နက်ပါသည်ကိုမမြင်ရ၊ ထိုသို့ လုပ်လိုက်စဉ် အေးဆောင်လဲသွား၍ "ကိုစော်ဘွားက ဒါးနှင့်ထိုးပါတယ်" ဟုအော်သဖြင့်၊ ၎င်းလည်း ကြောက်၍အရှောကွက်ထွက်ပြေးပါသည်ဆိုသည်၊ ၎င်းသက်သေများမှအပ၊ အချင်းဖြစ်သည်ကို တွေ့ရသည့် အခြားသက်သေ မရှိပေ၊ ထိုကြောင့် ယခုအမှုတွင် အေးဆောင် အား သေလောက်သည့်ဒဏ်ရာ ရရှိအောင်ပြုလုပ်လိုက်သူမှာ အယူခံတရားလို စော်ဘွားဖြစ်သည်ဟု ယူဆရန်မှာသက်သေ မောင်မြသောင်း တဦးတည်း၏ ထွက်ဆိုချက်ပေါ် မူတည်နေသဖြင့်၊ ထိုသက်သေခံချက်

မှာ မည်မျှ ယုံကြည်သက်ခဲ့ ထိုက်ကြောင်းကို စီစစ်ရပေမည်၊ အဘယ့်ကြောင့်ဆိုသော် ဥဒေါ်းည် ပါ ၁ နှင့် ဘုရင်ကေအုင် (၁) စီရင်ထုံးတွင်—

၁၉၆၄

မောင်စော်ဘွား နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

> "In a trial for murder, the evidence of one person is sufficient for conviction the accused, if that evidence establishes the guilt of the accused beyond reasonable doubt."

ဟုပြဆိုထားသောဒကြောင့် ဖြစ်ပေသည်။

သက် သေ မောင်မြသောင်းမှာသေသူ မောင်အေးဆောင် တို့ဘက်သားဖြစ်ရကား၊ ၎င်း၏ထွက်ဆိုချက်မှာ မှန်ကန်ခြင်းရှိမရှိစီစစ်ရာတွင် ထိုသက်သေခံချက်မှာမည်မျှအထောက်အထားရှိသည်ကို ဆင်ခြင်ရပေမည်။ ယခုအမှုတွင် မောင်မြသောင်းနှင့် မောင်အောင်ရွှေတို့သည် အချင်းဖြစ်စဉ်ကအတူရှိသော်လည်း၊ မောင်အောင်ရွှေ၏ထွက်ဆိုချက်က၊ မောင်မြသောင်း၏ထွက်ဆိုချက်ကို မည်သို့မျှထောက်ခံသည်ကို မတွေ့ရသည့်ပြင်၊ အချင်းဖြစ်သည့်အိမ်ရှင် ဦးတောနှင့်ဦးနွယ်တို့ကလည်း ထောက်ခံထားသည်ကို မတွေ့ရပေ၊ အဘယ့်ကြောင့်ဆိုသော်၊ ၎င်းသက်သေများက မောင်မြသောင်းထွက်ဆိုသကဲ့သို့ မောင်အေးဆောင် ထိုအခါကလဲသွားပြီး၊ စော်ဘွားကဒါးနှင့်ထိုးကြောင်း အော်ပါသည်ဟုမထွက်ဆိုကြသည့်ပြင်၊ အေးဆောင်တို့အလျှင်ထွက်ပြေး၍ စော်ဘွားတို့ကနောက်ကလိုက်ကြသည်ဟုသာ ထွက်ဆိုကြသောကြောင့်သာဖြစ်သည်။ တဖန် မောင်မြသောင်းကလမ်းတွင် အောင်ရွှေ (လို့ပြု-၆) နှင့်တွေ့သည်ဟုဝန်ခံရာ၊ မောင်အောင်ရွှေကလမ်းတွင်တွေ့သောအခါ မောင်မြသောင်းကပင်ငင်းအား "အေးဆောင်ကော" ဟုမေးပြီး မသိဘူးဆိုသောအခါ မောင်မြသောင်းက အယူခံတရားလိုတို့နှင့်ရိုက်နေရစ်သည်ဟုသာပြောကြောင်း ထွက်ဆိုသဖြင့်၊ အေးဆောင်ဒါးထိုးခံရ၍ စော်ဘွားကဒါးနှင့်ထိုးသည်ဟု အော်သံကြားရကြောင်းကို ပြောပြသည်မှာထင်ရှားသည်။ ထို့ပြင်မောင်မြသောင်း၏ဇနီး မလိုင် (လို့ပြု-၁၇) ၏ ထွက်ဆိုချက်ကိုကြည့်မူ မောင်မြသောင်းက နောက်နေ့နံနက် အေးဆောင်မှာစော်ဘွားတို့နှင့်ရန်ဖြစ်၍ ရိုက်လို့လဲနေရစ်ကြောင်းသာပြောပြသည်ဆိုသဖြင့်၊ မောင်မြသောင်းသည် အေးဆောင် ကစော်ဘွားဒါးနှင့်ထိုးကြောင်းအော်သည်ကို မိမိကြားခဲ့ရသည်ဟု ပြောပြခြင်းမရှိကြောင်း ထင်ရှားပြန်သည်၊ သို့ဖြစ်ရကား မောင်မြသောင်းက၊ သေသူအေးဆောင်အားအယူခံတရားလိုစော်ဘွားကထိုးလိုက်၍ အေးဆောင်က၊ စော်ဘွားဒါးနှင့်ထိုးပါသည်ဟုအော်ကြောင်း ကြားသိရပါသည်ဆိုသည့် ထွက်ဆိုချက်မှာ အထောက်အထားလုံးဝကင်းမဲ့နေသည်ကိုတွေ့ရပေသည်။

(၁) အေ၊အိုင်၊အာ (ရ) ၁၉၃၇ ရန်ကုန် ဂ။

၁၉၆၄

မောင်စော်ဘား နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

တာနန်အချင်းဖြစ်သည့်နေ့ ခြေပုံသက်သေခံ (၈) ကြည့်ရှုမှု မောင်အေးဆောင်လဲနေသည့်နေရာမှာ အချင်းဖြစ်သည့် ကိုတောအိမ်နှင့် ပေ ၅၀၀ ခန့်ကွာဝေးသည့် ရွာအပြင် လယ်တောတွင်ဖြစ်သည်ကိုတွေ့ရပြီး လမ်းတွင်အေးဆောင်အား ဒဏ်ရာနှင့် တွေ့လိုက်သည်ဆိုသူ မသိန်းမိ (လိုပြ-၁၀)က ထိုသို့တွေ့သည်မှာ ကိုတောအိမ်နှင့် မည်မျှကွာဝေးကြောင်း မပေါ်လွင်သည့်အပြင် အေးဆောင်က "ကျွန်ုပ်ကိုဒါးနှင့် ထိုးလိုက်လို့ပါ ကယ်ကြပါအုံး" ဟု သာအော်သည်ဆိုသဖြင့်၊ မည်သည့်နေရာတွင် အထိုးခံရ၍ မည်သူမည်ဝါကထိုးသည်ဟု အေးဆောင်ကအော်ဟစ်ခြင်းမပြုကြောင်း တွေ့ရှိရပြန်သည်။ ထို့တွက်သေသူအေးဆောင်မှာ အချင်းဖြစ်သည့်ဦးတောအိမ်တွင် အယူခံတရားလိုတို့နှင့်လုံးထွေးစဉ် ဒါးနှင့်ထိုးခံရကြောင်း သက်သေခံအထောက်အထား မရှိသည့်ပြင် မောင်မြသောင်း၏ထွက်ဆိုချက်မှာလည်း အထောက်အထားကင်းမဲ့နေသဖြင့် လုံးဝယုံကြည်လက်ခံနိုင်ရန်ခဲယဉ်းကြောင်းကို အစိုးရတွက် လိုက်ပါဆောင်ရွက်သည့်ပညာရှိရွှေနေကြီးက မငြင်းဆိုနိုင်ပေ၊ ယခုကဲ့သို့ ကြီးလေးသောသေဒဏ်ထိုက်သင့်သည့်အမှုမျိုးတွင် လုံးဝယုံကြည်လက်ခံနိုင်ရန်ခဲယဉ်းသည့် သက်သေတဦးတည်း၏ ထွက်ဆိုချက်ပေါ်မူတည် အပြစ်ပေးရန်နှင့်ပတ်သက်၍ မောင်ရွှေ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ (၂) စီရင်ထုံးတွင် အောက်ပါအတိုင်းပြဆိုထားလေသည်။

"ကြီးလေးသောသေဒဏ်ထိုက်အောင်သည့် ရာဇဝတ်မှုတရားမှုနှင့်ပတ်သက်၍ တရားလိုဘက်အဓိကသက်သေတဦးတည်း၊ သို့မဟုတ်တဦးထက်ပို၍ရှိရမည်ဟု ဥပဒေကသတ်မှတ်ထားခြင်းမရှိလျှင်၊ သက်သေတဦးတည်း၏ထွက်ချက်နှင့်ပင်၊ ယင်းထွက်ဆိုချက်ကို သံသယကင်းရှင်းစွာဖြင့် ပတ်ဝန်းကျင်အခြေအနေနှင့် ထောက်ခံချက်သက်သေရှိမရှိကို အထောက်အထားပြု၍၊ ယုံကြည်နိုင်လောက်သောထွက်ချက်ဖြစ်သည်ဟုယူဆနိုင်ပါက၊ တရားခံအား အပြစ်ဒဏ်ပေးနိုင်သည်။ သို့သော် ယင်းထွက်ဆိုချက်သည် ယုံကြည်နိုင်လောက်သော ထွက်ချက် ဟုတ်မဟုတ်မှာ၊ ၎င်းကိုထောက်ခံထားသော သက်သေများရှိမရှိ ပေါ်၌တည်နေ၍၊ ရှိပါကပို၍ အမှုကိုထင်ရှားစေသည်။ ထွက်ချက်သည်ယုံကြည်သင့်သည်၊ မယုံသင့်သည်မှာ၊ အမှု၏အဖြစ်အပျက်အကြောင်းချင်းရာပေါ်၌လည်း မျှားစွာအမှီသဟဲပြုသည်။ လူသတ်မှုတခုတွင် အခြား သက်သေများကိုပယ်၍ သံသယဖြစ်စေနိုင်သော မျက်မြင်သက်သေတဦးတည်း၏ထွက်ချက်ဖြင့် ပြစ်ဒဏ်ပေးခြင်းမှာ မသင့်လျော်ချေ။ ပြင်ပဥစ္စာအမှုမှန်သည်၊ မှားသည်ကိုထောက်ထင်မစဉ်းစားဘဲ တရားရုံးတော်၏ ရွှေမှောက်တွင် ထွက်ဆိုသောသက်သေခံချက်များအပေါ် ၌မူတည်၍၊ ၎င်းသက်

(၂) ၁၉၆၀ ခုနှစ်၊ မြန်မာပြည်စီရင်ထုံး (တရားလွှတ်တော်) စာ ၂၄၃။

၁၉၆၄

မောင်စော်ဘွား နှင့် ပြည်တောင်စု မြန်မာနိုင်ငံ။

သေခဲ့ချက်များကို ချိန်ဆပြီး၊ တရားခံအားပြစ်ဒဏ်ချမှတ်ရသဖြင့်၊ ထိုသက်သေခံချက်တွင် သံသယဖြစ်ပေါ်စေရန် အချက်အလက်များရှိပါက သံသယ၏အကျိုးကိုတရားခံသာခံစားခွင့်ရှိကြောင်း"။

သို့ဖြစ်ရကား၊ ယခုအမှုတွင် သေသူအေးဆောင်အား ဒါးနှင့်ထိုးသူမှာ အယူခံတရားလို စော်ဘွားသာဖြစ်သည်ဟု မောင်မြသောင်း တဦးတည်း၏ထွက်ဆိုချက်ပေါ် တထစ်ချယူဆနိုင်ရန်၊ ခဲယဉ်းပေသည်၊ အဘယ့်ကြောင့်ဆိုသော် သေသူသည်အချင်းဖြစ်အိမ်မှပြေးသွားပြီး ပေ ၅၀၀ ခန့်အကွာ လယ်စပ်တွင် ဒဏ်ရာနှင့်လဲနေသည်ကို တွေ့ရသဖြင့်၊ ထိုဒဏ်ရာမှာမည်သည့်နေရာတွင် ရရှိသည့်ဒဏ်ရာဖြစ်ကြောင်းသက်သေခံချက်မရှိရကား၊ အချင်းဖြစ်သည့်နေရာမှပြေးသွားပြီးနောက် လမ်းတွင် အခြားလူတဦးတယောက်ကပြုလုပ်၍ ရရှိနိုင်သောကြောင့်လည်းဖြစ်ပေသည်။

ထို့တွက် အထက်ကပြဆိုခဲ့သည့်အတိုင်း၊ မောင်မြသောင်း၏ သက်သေခံချက်ကို ပယ်မူ၊ သေသူမောင်အေးဆောင်မှာ မည်သူကမြို့လုပ်၍ ဒဏ်ရာရရှိကြောင်းသက်သေခံချက်မရှိတော့သည်နှင့်အမျှ ထိုဒဏ်ရာမှာ အယူခံတရားလိုများမှအပ အခြားတစုံတယောက်ကလမ်းတွင် ပြုလုပ်လိုက်လျှင်လည်းရနိုင်သဖြင့်၊ အယူခံတရားလိုများသည် ယခုအမှုတွင် ယုတ်စွအဆုံး သံသယအကျိုးခံစားခွင့်ရှိကြောင်းမှာ ထင်ရှားနေတော့သည်၊ ထို့ပြင် သေသူတွင် ဒါးဒဏ်ရာမှအပ အခြားဒဏ်ရာလုံးဝမရှိသဖြင့်၊ အယူခံတရားလိုစော်ဘွားသည် မည်သည့်ပြစ်မှုမှကျူးလွန်သူဖြစ်သည်ဟု ယူဆနိုင်ရန်မရှိသဖြင့်၊ ဆက်စပ်နေသည့်အယူခံအမှုများမှ အခြားအယူခံတရားလိုများသည်လည်းပြစ်မှုကိုအားပေးကူညီသူများဖြစ်သည်ဟု ယူဆရန်မဖြစ်နိုင်တော့သဖြင့်၊ ၎င်းတို့အားလည်း အမှုမှလွှတ်ရပေမည်။

ဖေါ်ပြပါအကြောင်းများကြောင့်၊ ယခုအယူခံမှုကိုခွင့်ပြုပြီး၊ မန္တလေးမြို့၊ ခုတိယအတူးတရားသူကြီးရုံး၊ ၁၉၆၃ ခု၊ ရာဇဝတ်ကြီးမှုအမှတ် ၅ တွင်အယူခံတရားလို မောခ်စော်ဘွားပေါ် ရာဇသတ်ကြီးပုဒ်မ ၃၀၂ (၂)အရ၊ ပြစ်မှုတွေ့ရှိ၊ ပြစ်ဒဏ်စီရင်ထားခြင်းကိုပယ်ဖျက်၍၊ ၎င်းအား ထိုအမှုမှတရားသေလွှတ်လိုက်သည်။

ဤမှုဖွဲ့ဆက်စပ်နေသည့် ၁၉၆၃ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၉၅ တွင်ချမှတ်သည့် စီရင်ချက်မှာ ယခုအမှုအတွက်ပါအကျုံးဝင်ပေသည်။

ထိုစီရင်ချက်ပါဖေါ်ပြချက်များအရ၊ ယခုအယူခံမှုကိုခွင့်ပြုပြီး၊ မန္တလေးမြို့၊ ဒုတိယအထူးတရားသူကြီးရုံး၊ ၁၉၆၃ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၅ တွင် အယူခံတရားလို မောင်ပေါ်၊ မောင်သိန်းမောင်နှင့် မောင်ဘသန်းအပေါ် ရာဇသတ်ကြီးပုဒ်မ ၃၀၂ (၂)/၁၄၇ အရ၊ ပြစ်မှုတွေ့ရှိ ပြစ်ဒဏ်စီရင်ထားခြင်းတို့ကို ပယ်ဖျက်၍ ၎င်းတို့အား ထိုအမှုမှတရားသေလွှတ်လိုက်သည်။

ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီး ဦးစောဘသိန်း ရှေ့တွင်

† ၁၉၆၄

ဇူလိုင်လ ၂၅ ရက်။

မောင်စိန်လှိုင် (ပြင်ဆင်ရန်လျှောက်ထားသူ)

နှင့်

မတင်ရီ (ပြင်ဆင်ရန်လျှောက်ထားခံရသူ)*

ကလေးစရိတ်၊ မယားစရိတ်၊ သတ်မှတ်ရာ၌ စဉ်းစားသင့်သော အချက်များ။

ဆုံးဖြတ်ချက်။ ။ကလေးအတွက်စားစရိတ်ပေးစေရန်အမိန့်ချမှတ်သည့်အခါကလေးတယောက်၏ ဝတ်ရေး (Clothing) နှင့် စားရေး (Food) တို့ကို၊ ၎င်း၏အသက်အရွယ်၊ ဘခင်၏ အလုပ်အကိုင်၊ အနေအထိုင် အဆင့်အတန်းနှင့် အပိုအလိုမရှိအောင်၊ အမှန်တကယ်ကုန်ကျမည့် အတိုင်းဖြစ်စေရန်၊ နှိုင်းယှဉ်ချိန်ဆပြီး၊ အမိန့်ချမှတ်ရန် လိုအပ်သည်။

ကျော်ဒရာဂွန်း နှင့် **အယ်မလီမီတိထ်ဒရာဂွန်**။ ၁၃ ကရေးမီနယ်လောဂျာနယ် ၁၉၁၂ စာမျက်နှာ ၅၅။

အက်(စ်)အမ်ချမဲလီနှင့် **ဂအ်(ဂျ်)ရ(ဂျ်)ဘဟာဒူးဂွန်တား**၊ အေးအိုင်၊အာ(ရ်)၊ ၁၉၅၄၊ အလဟာဘတ် စာမျက်နှာ ၃၃။

မောင်ရွှေဘ နှင့် **မသိန်းညာ**။ ၁၉၃၈ ခုနှစ်၊ ရန်ကုန် စီရင်ထုံး စာမျက်နှာ ၆၇၃ တို့ကို ရည်ညွှန်းသည်။

ထို့ပြင် **ကလေး၏ပညာသင်ရေး (Child's Education)** ကိုသာစားစရိတ်အတွက် **အမိန့်ချမှတ်စဉ်အခါ**၊ ထည့်သွင်းစဉ်းစားရန် ဖြစ်သော်လည်း ကလေးသည် အမှန်တကယ် ပညာသင်ရန် ကျောင်းစရိတ်အတွက် အကုန်အကျရှိမှသာ ပညာသင်ရေးစရိတ် (Education expenses) ကို ထည့်သွင်းစဉ်းစားရန်ဖြစ်သည်။

မေဂျာဂျီဂျင်ဒါဆင်း နှင့် **ဘီတီရပ်(ဂျ်)မိုဟင်းဒယ်ခေါ**။ အေးအိုင်၊အာ(ရ်)၊ ၁၉၆၀ ခု ပန်ဂျပ် စီရင်ထုံး၊ စာမျက်နှာ ၂၄၉ ကို ရည်ညွှန်းသည်။

မယားစရိတ် (Wife's maintenance) အတွက် အမိန့်ချမှတ်ရာတွင်လည်း၊ မယားဖြစ်သူ၏ နေထိုင်ရေး (Lodging) ဝတ်ရေး (Clothing) နှင့် စားသောက်ရေး (Food) တို့ကို လင်ယောကျ်ား အလုပ်အကိုင် အနေအထိုင် အဆင့်အတန်းနှင့် အပိုအလိုမရှိစေဘဲ အမှန်တကယ် ကုန်ကျမည့်အတိုင်း ဖြစ်စေရန်၊ နှိုင်းယှဉ်ချိန်ဆပြီး အမိန့်ချမှတ်ရန်လိုသည်။

လာဘီတာဂေါင်းရှိအားနီ နှင့် **ဂိုပ္ပါဒဏ်စာဟု** ၂၅ ကပ်၊ အယ်၊ တီ၊ ၄၀၇ ကို ရည်ညွှန်းသည်။

---

* ၁၉၆၄ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှု အမှတ် ၇၇-ခ။

† ၁၉၆၂ ခုနှစ်၊ရာဇဝတ်သေးမှု အမှတ် ၂၀ တွင် ချမှတ်သော ၁၉၆၃ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက် နေ့စွဲပါ၊ ကျိုက်ထိုမြို့၊အထူး ပဋမ ရာဘက် ရာဇဝတ် တရားသူကြီး၏ အမိန့်ကို ပြန်၍ ဆင်ခြင်မှု။

၁၉၆၄

မောင်စိန်လှိုင် နှင့် မတင်ရီ။

တရားသူကြီး ဦးစောဘသိန်း။ ။ကျွိုက်ထိုမြို့၊ ပဌမ ရာဘက်ရာဇဝတ် တရားသူကြီးရုံး၊ ၁၉၆၂ ခုနှစ်၊ ရာဇဝတ် အသေး အဖွဲ့မှ အမှတ် ၂၇ တွင်၊လျောက်ထားသူ ဦးစိန်လှိုင် အပေါ်၊ ရာဇဝတ် ကျင့်ထုံး ဥပဒေ ပုဒ်မ ၄၈၁ (၁) အရ၊ ၎င်း၏သား မောင်ခင်မောင်မြင့်၊ မောင်ခင်မောင်ဝင်း နှင့် မောင်တင်အောင်တို့၏ စားစရိတ် အတွက်၊တယောက်လျှင် တလဒေ့ ၄၀ ကျပ် ၃၁ ကျပ် နှင့် ၃၀ ကျပ်စီကို၊ ၎င်းတို့၏ မိခင်လျောက်ထားခံရသူမတင်ရီအားပေးစေရန်၊ အမိန့်ချမှတ်လိုက်ရာ၊လျောက်ထားသူ ဦးစိန်လှိုင်က မကျေနပ်၍၊ သထုံမြို့၊ စက်ရှင် တရားသူကြီး ရုံးသို့ အယူခံဝင်သော်လည်း မအောင်မြင် အကြောင်း မထူးသဖြင့်၊ ဤရုံးသို့ အောက်ရုံး ချမှတ်သော အမိန့်ကို၊ ပြင်ဆင်ပေးရန် လျောက်ထားသည်။

ဤပြင်ဆင်မှုတွင်၊ နှစ်ဦး နှစ်ဘက်သော အမှုသည်ဘို့၏ ပညာရှိရှေ့နေကြီးတို့၏ လျောက်လဲ တင်ပြချက် အရ၊ စဉ်းစား ဆုံးဖြတ်ရန် အဓိက အချက်မှာအောက်ရုံးက၊ လျောက်ထားသူအပေါ်၊ ၎င်း၏ ကလေး ၃ ယောက်စားစရိတ်အတွက်၊ တယောက်လျှင် တလဒေ့ ၄၀ ကျပ် ၃၁ နှင့် ၃၀ ကျပ်စီ၊ ပေါင်းဒေ့ ၁၀၀ ကျပ်ပေးစေရန်၊အမိန့်ချမှတ်သည်မှာ ၎င်းရရှိသော ဝင်ဒွေနှင့်စာသော် များလွန်း ပါသလားဟူ၍ဖြစ်၏။

ဂျေ ပီ ဒရာဂွန်း နှင့် အယ်မလီမီတိတ်ဒရာဂွန်း (၁) စီရင်ထုံးတွင်—

> "In fixing the amount of maintenance, no luxury should be allowed and necessary of life should be considered according to the station in life of the applicant and the means of the respondent."

ဟူ၍ ဆုံးဖြတ်ထားသည်ပြင်၊ အက် (စ်) အမ်ချမဲလီ နှင့် ဂတ် (ဂျ်) ရ (ဂျ်) ဘဟဒူး ဂွန်တား (၂) စီရင်ထုံးတွင်—

> "In fixing the maintenance under section 488, the Court has to take into consideration not only the needs of the applicant, but also the paying capacity and circumstances of the person liable to pay maintenance."

ဟူ၍ ဆုံးဖြတ်ထားပြီး၊ မောင်ရွှေဘ နှင့် မသိန်းညော (၃) စီရင် ထုံးတွင်—

> "In a civilized state a human child cannot be maintained simply by providing it with *clothing and food* . . . In

(၁) ၁၃ ကရေးမီနယ် လောဂျာနယ် ၁၉၁၂ စာမျက်နှာ ၅၅။
(၂) အေးအိုင်၊အာ (ရ်)၊ ၁၉၅၄ အလဟာဘတ် စာမျက်နှာ ၃၇၆။
(၃) ၁၉၃၈ ခုနှစ်၊ ရန်ကုန်စီရင်ထုံး စာမျက်နှာ ၆၇၃။

၁၉၆၄
မောင်စိန်လှိုင်
နှင့်
မတင်ရီ။

the present state of society the mere maintenance of the body is not sufficient. Provision has to be made for the child's developing mind and conscience. The term 'maintenance' in section 488 of the Code of the Criminal Procedure must include *the minemum amount* of Education for a child which the conventions of the country call for."

ဟူ၍ ဆုံးဖြတ် ထားချက် အရ၊ စားစရိတ်ပေးစေရန်၊ အမိန့် ချမှတ်သည့် အခါ ကလေးတယောက်၏ ဝတ်ရေး (Clothing) နှင့် စားရေး (Food) တို့ကို ၎င်း၏ အသက် အရွယ်၊ ဘခင်၏ အလုပ် အကိုင် အနေ အထိုင် အဆင့်အတန်းနှင့် အပို အလို မရှိအောင်၊ အမှန် တကယ် ကုန်ကျမည့် အတိုင်း ဖြစ်စေရန်နှင်းယှဉ် ချိန် ဆပြီး၊ အမိန့် ချမှတ်ရန် လိုအပ်ကြောင်း ကောင်းစွာ ပေါ် လွင်သည်။

ထို့ပြင်၊ ကလေး၏ ပညာသင်ရေး (Child's Education) ကိုပါ၊ စားစရိတ် အတွက် အမိန့် ချမှတ်စဉ် အခါ၊ထည့်သွင်း စဉ်းစားရန်ဖြစ်သော်ငြားလည်း မေဂျာဂျီဂျင်ဒါဆင်း နှင့် ဘီဘီရပ် (ဂျီ) မိုးဟင်းဒယ်ခေါ်(၄) စီရင်ဆုံးတွင်—

"The expenses on account of education of a child should not be granted from the date of petition, in the absence of the evidence showing that *the child was being edcated and the expenses claimed were actually being incurred on him.* . . ."

ဟူ၍ ဆုံးဖြတ်ထားချက် အရ၊ ကလေးသည် အမှန် တကယ် ပညာသင်၍၊ ကျောင်း စရိတ် အတွက် အကုန် အကျရှိမှသာပညာသင်ရေးစရိတ်(Education expenses) ကို၊ ထည့်သွင်း စဉ်းစားရန် ဖြစ်ကြောင်း ပေါ် လွင်သည်။

ထိုမှတပါး၊ မယားစားစရိတ် (Wife 's Maintenance) နှင့်စပ်လျဉ်း၍ အမိန့် ချမှတ်ရန်လိုအပ်သည့်အခါတွင်လည်း အထက်ပေါ်ပြပါ စီရင်ဆုံးမှုအရ မယား ဖြစ်သူ၏နေထိုင်ရေး (Lodging) ဝတ်ရေး (Clothing) နှင့် စားသောက်ရေး (Food) တို့ကိုင်း၏လင်ယောကျ်ား အလုပ် အကိုင်အနေအထိုင် အဆင့်အတန်း နှင့်အပို အလိုမရှိစေဘဲ၊ အမှန်တကယ် ကုန်ကျမည့်အတိုင်း ဖြစ်စေရန်၊ နှိုင်းယှဉ် ချိန်ဆပြီး၊ အမိန့် ချမှတ်ရန် လိုအပ်ပေသည်။

အမှုစစ်ဆေးသော ရုံးက ဘော်ပြခဲ့သည့် အတိုင်း အမိန့် ချမှတ် နိုင်ရန် လျော်ကန် ထားသူ၊ လျော်ကန်ထား ခံရသူနှင့် သက်သေများကို စစ်ဆေးရာတွင် စားစရိတ်

(၄) အေ၊အိုင်၊အာ (ရ)၊ ၁၉၆၀ ပန်ဂျပ်စီရင်ထုံးများ ၁၁မျက်နှာ ၂၄၉။

၁၉၆၄

မောင်စိန်လှိုင် နှင့် မစောရီ။

မည်မျှပေးရန် (Amount of Maintenance) နှင့် စပ်လျဉ်း၍၊ သတ်မှတ် နိုင်ရန် အတွက်လိုအပ်သော အချက် အလက် များကို၊ အမှုတွဲပေါ် ၌ပေါ် လွင် အောင်၊ မေးမြန်းရန် လိုအပ်ကြောင်း ဖော် ပြ လိုပေသည်။

ဤအမှုတွင်၊ လျောက်ထားသူသည်၊ ကံထရိုက်တာ ဖြစ်၍၊ လျောက်ထား ခံရသူ မတင်ရီ (ကလေးများအတွက်) မှာ ကုန်သည် ဖြစ်ပြီး၊ ၎င်းတို့သည် သတို့ခရိုင် ကျိုက်ထိုမြို့တွင်နေထိုင်ကြသည်။ ၎င်းတို့တွင် ကလေး ၃ ယောက်ရှိရာ၊ တယောက် မှာ အသက် ၁၀ နှစ် ရှိသူမောင်ခင်မောင်မြင့်၊ တယောက်မှာအသက် ၇ နှစ်ရှိသူ မောင်ခင်မောင်ဝင်း နှင့်ကျန်တယောက်မှာ အသက် ၅ နှစ်ခွဲရှိသူ မောင်တင်အောင် တို့ ဖြစ်သည်။ လျောက်ထားသူနှင့် လျောက်ထားခံရသူတို့သည် လင်မယား အ ဖြစ်မှ ကွဲကွာ၍၊ နေထိုင် လာခဲ့ကြသည်မှာ လွန်ခဲ့သော ၆ နှစ်ကဖင် ဖြစ်သည်။ မောင်ခင်မောင်မြင့်သည်၊ ကျောင်းနေ၍၊ တတိယတန်း၌ စာသင်နေကြောင်း၊ မောင်ခင်မောင်ဝင်းမှာ ပဌမတန်းတွင် စာသင်နေကြောင်း။ မောင်တင်အောင်မှာ ကျောင်းထားစသာ ဖြစ်ကြောင်း စီရင်ချက်တွင် ဖော် ပြထားသည်။ လျောက်ထား ခံရသူ မတင်ရီမှာ စီရင်ချက်၌ ဖော် ပြထားချက်အရ၊ ကျိုက်ထိုမြို့ လူဂုဏ်တန် တဦး၏ သမီး ဖြစ်၍၊ ကုန်သည် အလုပ်ဖြင့် လုပ်ကိုင်လျက်ရှိသည်။ လျောက်ထားသူသည် လျောက်ထား ခံရသူနှင့် ကွဲကွာပြီး လူတို့၏ ထုံးတန်းစဉ်လာမမှတာ သဘာဝကို မလွန်ဆန်နိုင်သဖြင့်၊ နောက်မိမှယူ၍ နေထိုင် ခဲ့ရသည်။ ၎င်းတွင် အိုမင်းမစွမ်း ဖြစ် သည့် ဘခင်နှင့် နှမ တယောက်ရှိ၍၊ ၎င်းတို့အားလည်း ကျွေးမွေးပြုစုနေရသည်။ ၎င်း က ကံထရိုက်တာ အဖြစ် တလလျှင် ပျမ်းမျှခြင်း အားဖြင့် ဝင်ငွေ ၂၀၀ ကျပ်သာ ဖြစ်ကြောင်း ဘော်ပြသော်လည်း။ အောက်မူလရုံးနှင့် အောက် အယူခံ ရုံးတို့က ၎င်း၏ ဝင်ငွေ တလလျှင် ၂၅၀ ကျပ်မှ ၃၀၀ ကျပ် ဖြစ်သည်ဟုထင်မြင်ယူဆကြသည်။ လျောက်ထားသူ၏ ပညာရှိ ရွေနေကြီးက ထိုသို့ ဆုံးဖြတ် ထားသည်ကို မည်သို့မျှ လျောက်လဲ ပြောဆိုခြင်း မပြုလိုသော်လည်း လျောက်ထားသူသည်၊ ကံထရိုက် အလုပ် ကိုသာ လုပ်ကိုင် သဖြင့် ယခု အခြေ အနေ အရ၊ ၎င်းတွင် ဝင်ငွေ ရှိမည် မဟုတ် ကြောင်း ထည့်သွင်း စဉ်းစား ပါရန် လျောက်လဲ တင်ပြသည်။

လာ့လီတာဂေါင်းရှိအား နှင့် ဂိုဗွဲငဇ်စာဟု (၅) စီရင်ထုံးတွင်—

" In deciding the quantum of maintenance the Court has to take all the surrounding circumstances into consideration namely, the husband's conduct in relation to his wife and the

(၅) ၂၅ ကမ်-အယ်၊ထိ ၄၀၇။

၁၉၆၄

မောင်စိန်လှိုင်
နှင့်
မတင်ရီ။

children born out of the wedlock, the financial capacity to pay and other circumstance. . . ."

ဟူ၍ ဆုံးဖြတ် ထားချက် အရ၊ အထက်ဘော်ပြပါ အကြောင်း ခြင်းရာများအားလုံး ကို၊ လျှောက်ထားသူသည် ၎င်း၏ ကလေးများအား၊ တယောက်လျှင် စားစရိတ် မည်မျှပေးရမည်ကို ဆုံးဖြတ်ရာတွင် ထည့်သွင်း စဉ်းစားရန်လိုအပ်ကြောင်းပေါ် လွင် ထင်ရှားသည်။

ယခု အခါတွင် စား-ဝတ်-နေရေး စရိတ် ကြီးမားလာသကဲ့သို့၊ ငွေကြေးလည်း ရှားပါးလာသည်ကို သတိချပ်ချန် လိုအပ်ပေသည်။ လူတယောက်လျှင်၊ တလ ဝင်ငွေ ၁၀၀ ကျပ်၊ ၂၀၀ ကျပ် ရရှိရန် လွယ်ကူမည်မဟုတ်ပေ။ သို့သော် နိုင်ငံ အစိုးရက အထူးကြိုးစား၍၊ စားကုန်၊ သောက်ကုန်နှင့် အဝတ်စေးနှုန်း ချပေးနေသည့်အတွက် ငွေ အနည်းငယ်မျှနှင့် လိုရင်း ပစ္စည်းများ ရနိုင်ရန် အကြောင်း ရှိပေသည်။

လျှောက်ထားသူ၏ သားကြီး မောင်ခင်မောင်မြင့်သည်၊ အသက် ၁၀ နှစ်သာ ရှိ၍၊ တတိယတန်း၌စာသင်နေသဖြင့်ကျိုက်ထိုမြို့တွင်၊ ၎င်း၏ ဘခင် အဆင့် အတန်း ဝင်ငွေနှင့် နှိုင်းယှဉ်သော်၊ တလလျှင် ထောက်ပံ့စရိတ် ၃၁ ကျပ် သတ်မှတ်လျှင်၊ အပို အလို မရှိဘဲ သင့်တော်မည်ဟု ထင်မြင်သည်။ ထိုနည်းတူစွာ သားလတ် မောင်ခင် မောင်ဝင်း သည်၊ အသက် ၇ နှစ်သာ ရှိ၍၊ပဉ္စမတန်း၌စာသင်နေသဖြင့် ၎င်းအား တလလျှင် ထောက်ပံ့စရိတ် ငွေ ၂၀ ကျပ် သတ်မှတ်၍၊ သားငယ် မောင်တင်အောင် သည်၊ အသက် ၅ နှစ်သာရှိသေး၍၊ ကျောင်းနေစ ဖြစ်သဖြင့် ၎င်းအတွက်ထောက် ပံ့ စရိတ် တလလျှင်၊ ငွေ ၁၅ ကျပ် သတ်မှတ်၍ ပေးလျှင်၊ ပျမ်းမျှခြင်း အားဖြင့် ၎င်းတို့မှာ တလလျှင် ထောက်ပံ့ စရိတ်ငွေ ၆၅ ကျပ် ရရှိမည် ဖြစ်၍၊စုပေါင်း၍ သုံးစွဲ လျှင်၊ အပို အလို မရှိဘဲ လုံလောက်ရန် အကြောင်းရှိမည် ဖြစ်ပြီး၊လျှောက်ထားသူက လည်း၊ ကန်ထဲ့ခ်က် အလုပ်အကိုင် မရှိ၍ ဖြစ်စေ၊ အခြေအနေ အရ၊ ဝင်ငွေနည်း၍ ဖြစ်စေ ဖြစ်လာစေကာမူ၊ ထိုမျှလောက်သောငွေ ၆၅ ကျပ်ကို၊ လုပ်ကိုင် ရှာဖွေ၍ ပေးနိုင်မည် ဖြစ်ပေသည်။ အကယ်၍ လျှောက်ထားသူတွင် ဝင်ငွေများလာခဲ့သော် ၎င်း၊ ၎င်း၏ သားများ အသက်ကြီးလာ၍၊ စာသင် တန်းမြင့်ပြီး အကုန်အကျများ လာလျှင်သော်၎င်း၊ ရာဇဝတ် ကျင့်ထုံး ဥပဒေပုဒ်မ ၄၈၉ အရ၊ လိုအပ် သလို ပြောင်းလျှောက် ထားခွင့် ရှိပေသည်။

အထက်ဘော်ပြပါ၊ အကြောင်း အရပ်ရပ်တို့ကြောင့်စားစရိတ်ငွေ အရေအတွက် နှင့် စပ်လျဉ်း၍၊ အောက်ရုံးနှင့်အောက် အယူခံရုံး ချမှတ်သော အမိန့်တို့ကိုပယ်ဖျက် ပြီး၊ လျှောက်ထားသူသည်။ လျှောက်ထားခံရသူအား၊ ၎င်း၏သားမောင်ခင်မောင်

မြင့်အတွက်၊ စားစရိတ် တလလျှင် ငွေ ၃၁ ကျပ်၊ မောင်ခင်မောင်ဝင်း အတွက် စားစရိတ် တလလျှင် ငွေ ၂၀ ကျပ်၊ မောင်တင်အောင် အတွက်စားစရိတ် တလလျှင် ငွေ ၁၅ ကျပ် ကို၊ အောက်ရုံး ချမှတ်သည့် အတိုင်းစရိတ်ဖြင့် ၁၉၆၃ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့မှ စ၍ ပေးစေရန် အမိန့် ချမှတ်လိုက်သည်။

၁၉၆၄

မောင်စိန်လှိုင် နှင့် မတင်ရီ ။

အမှုသည်ဘို့သည်၊ ဘော်ပြခဲ့သည့် အမှုအကြောင်းခြင်းရာများအရ၊ ဤခုံးတွင် မိမိတို့ ကုန်ကျသော စရိတ်ကို မိခိတို့ ကျခံရန် ဖြစ်သည်။

ရာဇဝတ်အယူခံမှု

တရားသူကြီးချုပ်၊ ဦးဘိုကြီးနှင့် တရားသူကြီး ဦးစောဘသိန်းထို့ရှေ့တွင်

† ၁၉၆၄

စက်တင်ဘာလ ၈ ရက်။

မောင်ညွှန့်ဆောင် (အယူခံတရားလို)

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ (အယူခံတရားခံ)*

တင်ကူးကြံရွယ်ချက် (Premeditation) ရာဇသတ်ကြီးပုဒ်မ ၃၀၂၊ (၂) မည်သည့်အခါတွင်တင်ကူးကြံရွယ်ချက်ဖြင့် ပြစ်မှုကျူးလွန်ခြင်း၊ ထန်းရည်မူးနေစဉ် လူသတ်ခြင်း။ ရာဇသတ်ကြီးပုဒ်မ ၈၅၊ ၈၆။

ဆုံးဖြတ်ချက်။ ။ထန်းရည်မူးနေစဉ်လူသတ်မှုကျူးလွန်စေကာမူ ထန်းရည်ကိုအလိုအလျောက်သောက်၍၊ မူးခြင်းဖြစ်သဖြင့် ပြစ်မှုမှာ ရာဇသတ်ကြီးပုဒ်မ ၈၅၊ ၈၆ အရ လွှတ်မြောက်နိုင်မည်မဟုတ်။ သို့သော်ထန်းရည်မူးခြင်းကို အခြားအကြောင်းများနှင့်ပူးတွဲ၍ စဉ်းစားနိုင်မည်ဖြစ်သည်။

မောင်သန်းမြင့် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ။ ၁၉၅၃ ခုနှစ်၊ မြန်မာနိုင်ငံတရားလွှတ်တော်စီရင်ထုံး၊ ၃၄၂ ကိုရည်ညွှန်းသည်။

အယူခံတရားလိုသည်ထန်းရည်မူးနေစဉ်၊ သေသူမိမိ၏ဇနီးအားပြန်လိုက်ရန်ခေါ်ရာ၌၊ သေသူကပြန်မလိုက်လိုကြောင်းပြောသော်လည်း၊ ခါးဖြင့်မထိုးသေးဘဲ ခါးကိုသာပြုပြီး၊ ၎င်းထွက်ပြေးမှသာ ခါးနှင့်ထိုးသဖြင့် တင်ကူးကြံရွယ်ချက်ဖြင့် ခါးဖြင့်ထိုးခြင်းမဟုတ်ဟုယူဆရမည်။ ခေါ်၍မရသဖြင့် ထန်းရည်မူး၍၊ ရုတ်တရက်ပေါ်ထွက်လာသည့် မထိန်းနိုင်သောဒေါသအရှိန်ကြောင့် ခါးဖြင့်ထိုးခြင်းသာဖြစ်သည်ဟုယူဆရမည်။

သို့ဖြစ်၍ ရာဇသတ်ကြီးပုဒ်မ ၃၀၂(၁)(ခ)အရ အပြစ်မပေးသင့်ဘဲ၊ ပုဒ်မ ၃၀၂(၂)အရသာ အပြစ်ပေးသင့်သည်။

အယူခံတရားလိုအတွက်။ ။ ဦးထွန်းသောင်။

အယူခံတရားခံအတွက်။ ။ဦးဘဖေ (အစိုးရရှေ့နေကြီး)။

တရားသူကြီး ဦးစောဘသိန်း။ ။အယူခံ တရားလိုမောင်ညွှန့်ဆောင်က မင်းဘူး၊ မြို့၊ ဒုတိယ အထူး (ရာဘက်စက်ရှင်) တရားသူကြီးရုံး၊ ၁၉၆၄ ခုနှစ်၊ ရာဇဝတ်မှုကြီးအမှတ် ၅ တွင်၊ ၎င်းအပေါ် ရာဇသတ်ကြီးပုဒ်မ ၃၀၂(၁)(ခ) အရ၊ အပြစ်ပေးခဲ့

* ၁၉၆၄ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၂၀၆။

† ၁၉၆၄ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၅ တွင်ချမှတ်သော ၁၉၆၄ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်နေ့စွဲပ မင်းဘူးမြို့၊ ဒုတိယအထူး တရားသူကြီး၏ အမိန့်ကို အယူခံမှု။

သေစေဖို့ ကျခံစေရန်၊ ချမှတ်သော အမိန့်ကို၊ မကျေနပ်သဖြင့်၊ ကျိုးသို့အယူခံဝင်ရာ တွင်၊ ဗိုင်း၏ ပညာရှိရှေ့နေကြီး လျောက်လဲ တင်ပြသော အဓိက အယူခံအကြောင်း ပြချက်မှာ

၁၉၆၄
မောင်
ညွန့်ဆောင်
နှင့်
မြည်ထောင်စု
မြန်မာနိုင်ငံ။

"အောက်ရုံးက၊ အယူခံ ဘရားလို မောင်ညွန့်ဆောင် သည်၊ ဂုင်း၏ဇနီး မမြမေ အား၊ ဂုင်းနှင့်အတူ လိုက်နေရန် ခေါ်ခြင်းမရသဖြင့်၊ ထန်းရည်မူး၍၊ ရုတ်တရက် ပေါ်ထွက်လာသည့် မထိန်းနိုင်သော ဒေါသ အရှိန်ကြောင့်၊ ခါးဖြင့် ထိုးသည်ဟု မယူဆဘဲ၊ တင်ကူး ကြံရွယ်ချက်ဖြင့်၊ မမြမေ အား ခါးနှင့် ထိုးသည်ဟု ယူဆသည်မှာ၊ မှားယွင်းကြောင်း"

ဟူ၍ဖြစ်၏။

ဆုဇသတ်ကြီးပုဒ်မ ၃၀၂ (၁)(ခ) ပြဋ္ဌာန်းချက်အရ၊ ပြစ်မှုကျူးလွန်သည်ဟု ယူဆနိုင်ရန်၊ "တင်ကူးကြံရွယ်ချက်" (premeditation) ရှိရန်လိုအပ်၏။ မည်သည့်အခါတွင်၊ တင်ကူးကြံရွယ်ချက်ဖြင့် ပြစ်မှု ကျူးလွန်ကြောင်းကို၊ ယခင် တရားလွှတ်တော်က၊ **မောင်သန်းမြင့် နှင့် မြည်ထောင်စု မြန်မာနိုင်ငံ** (၁) စီရင်ထုံးတွင်

"To constitute a premeditated killing it is necessary that the accused should have had time to reflect with a view to determine whether he would kill or not, and that he should have determined to kill as a result of that reflection; that it is to say, the killing should be a pre-determined killing upon consideration, and not a sudden killing under the momentary excitement and impulse of passion upon provocation given at the time or so recently before as not to allow time for reflection. . ."

ဟူ၍ဆုံးဖြတ်ထား၏။

ဤအမှုတွင် စလင်းမြို့နေ၊ မဝ်းစေ အယူခံတရားလို မောင်ညွန့်ဆောင်နှင့် သာစည် ရွာနေ သေသူ မမြမေ တို့သည် အကြင် လင်မယား ဖြစ်ကြ၏။ တနေ့တွင်၊ ဂုင်းတို့ လင်မယား စကားများကြ၍၊ အယူခံ တရားလိုသည် မမြမေထံမှ ထွက်လာပြီး၊ မိဘများရှိရာ စလင်းမြို့သို့ ပြန်သွား၏။

၁၉၆၃ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့ညနေ ၅ နာရီခွဲအချိန်တွင်၊ အယူခံတရားလို သည် ခါတိုင်းကဲ့သို့၊ ထန်းရည်များ သောက်ပြီး၊ ဂုင်း၏ဇနီး မမြမေထံသို့လာ၍၊

(၁) ၁၉၅၃ ခုနှစ်၊ မြန်မာနိုင်ငံ တရားလွှတ်တော်၊ စီရင်ထုံး ၃၄၂။

၁၉၆၄

မောင်ညွန့်ဆောင်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ။

ငင်းနှင့်အတူ လိုက်ရန်ခေါ်၍ မရသဖြင့်၊ မမြမေ အား ဓါးဖြင့် ထိုးလိုက်ရာ၊ မမြမေသည် ဒဏ်ရာများ ရရှိပြီး ဆေးရုံသို့ရောက်၍၊ သေတမ်း စစ်ချက်ကို ပေးပြီးနောက်၊ မကြာမီ သေဆုံးသွားလေသည်။

ရှေးဦးစွာ၊ တရားလိုသက်သေ ဒေါ်မြကြည် (လိုပြ-၁) မရင်မေ (လိုပြ-၂)။ မအေးညွန့် (လိုပြ-၃) နှင့် ဒေါ်ဖွားသိန်း (လိုပြ-၁၁) တို့၏ ထွက်ဆိုအစစ်ခံချက်များအရ၊ အယူခံ တရားလိုသည်၊ သေသူ မမြမေ အား၊ဓါးဖြင့် ထိုးသည်မှာ၊ ပေါ်လွင်ထင်ရှားသည်ဟုယူဆရန်ပေမည်။

အယူခံတရားလိုကလည်း၊ သေသူ မမြမေ အားဓါးဖြင့် ထိုးသည်ဟု ဆိုသည်ကို၊ ငြင်းဆိုခြင်းမပြုဘဲ၊ တင်ကူးကြံရွယ်ချက်ဖြင့် ထိုးသည်ဟု ဆိုသည်ကိုသာ ငြင်းဆိုခြင်းပြုပေသည်။

အယူခံတရားလို တင်ပြသည့် ပဌမအချက်၊ ငင်းသည် အချင်းဖြစ်နေတွင်၊ ခါတိုင်းကဲ့သို့ ထန်းရည်သောက်၍၊ မူးနေကြောင်း ဖြစ်၏။ မောင်သိန်းအောင် (လိုပြ-၄) က၊ အယူခံတရားလို၏ထံမှ ထန်းရည်နံ့များ ရသည်ဟု ထွက်ဆို၍၊ အယူခံ တရားလိုအား ထောက်ခံသော်လည်း၊ အယူခံတရားလိုသည် ထန်းရည်ကို အလိုအလျောက် သောက်၍မူးသဖြင့်၊ ဤပြစ်မှုမှ ရာဇသတ်ကြီးပုဒ်မ ၈၅၊ ၈၆ အရ၊ လွှတ်မြောက်နိုင်မည်မဟုတ်ပေ ။သို့သော်လည်း၊အေးမောင် (ခေါ်) မောင်ဂေါင်းကြီး နှင့် ဘုရင် (၂) စီရင်ထုံးတွင်၊ ဆုံးဖြတ် ထားချက်အရ၊ ထန်းရည်မူးခြင်းကို၊ အခြားအကြောင်း များနှင့် ပူးတွဲ၍၊အယူခံ တရားလိုအတွက်၊ စဉ်းစား နိုင်မည် ဖြစ်ပေသည်။

အယူခံ တရားလို တင်ပြသည့် ဒုတိယအချက်မှာ၊ ငင်းသည် စလင်းမြို့မှ သာစည်ရွာ မမြမေထံသို့ လာရာတွင်၊ ဓါးမပါကြောင်း ဖြစ်၏။ တရားလိုဘက်မှ၊ အယူခံ တရားလိုသည်သေသူ မမြမေ အား၊ သက်သေခံ ဓါးချွန်ဖြင့် ထိုးသည်ဟု တင်ပြ၏။ အယူခံ တရားလိုကလည်း၊ သက်သေခံ ဓါးချွန်သည် ငင်းက မမြမေထံမှ ဆွဲယူပြီး လွှင့်ပစ်ခဲ့သည့် ဓါးချွန်းဖြစ်ကြောင်း ဖြောင့်ဆို ဝန်ခံ၏။ သို့သော်၊ သက်သေခံ ဓါးချွန်ပိုင်ရှင် ဦးအေးမောင် (လိုပြ-၇) က၊ အယူခံ တရားလိုသည် ငင်း၏အိမ်သို့ လာ၍၊ သက်သေခံ ဓါးချွန်ကို ယူသွားကြောင်း ထွက်ဆိုခြင်းမပြုသဖြင့် အယူခံ တရားလိုသည် သက်သေခံ ဓါးချွန်ကို၊ ဦးအေးမောင်၏ အိမ်မှ သေသူ မမြမေ၏ ထံသို့ ယူဆောင်သွားသည်ဟု ယူဆရန် မဖြစ်နိုင်ခေါ့။ ထို့ပြင်၊ အဆိုပါသက်သေခံ ဓါးချွန်သည် သာစည်ရွာနေ ဦးအေးမောင်၏ ဓါးချွန်ဖြစ်၍၊ အယူခံတရားလိုသည် ထိုဓါးချွန်ကို၊ စလင်းမြို့မှ ယူလာသည်ဟု ယူဆရန်လည်း ဖြစ်နိုင်မည်မဟုတ် ပေ။

(၂) ၁၉၄၆ ခုနှစ်၊ ရန်ကုန် စီရင်ထုံး ၁၉၉။

၁၉၆၄

မောင်ညွန့်ဆောင် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ။

မခင်မေ (လိုပြ-၂) က၊ အယူခံတရားလိုသည် အိမ်ဝိုင်းထဲသို့ဝင်လာစဉ်၊ လက်ထဲ၌ ခါးပါသည်ဟု ဆို၏။ သို့သော်၊ ၎င်းသည် အယူခံတရားလို၏ လက်တွင် မြင်သော ခါးသည် မည်ကဲ့သို့သော ခါးဖြစ်သည်ကို ဘော်ပြခြင်း မပြုသည့်ပြင်၊ ၎င်းကဲ့သို့ အယူခံ တရားလိုအိမ်ဝိုင်းအတွင်း ဝင်လာသည်ကို မြင်ကြသော သေသူ မမြမေ၏မိခင် ဒေါ်မြကြည် (လိုပြ-၁) နှင့် ဒေါ်ဖွားသိန်း (လိုပြ-၁၁) တို့က၊အယူခံတရားလို၏ လက်၌ ခါးပါသည်ဟုဆက်ဆိုခြင်း မပြုကြသဖြင့်၊ မရင်မေ တယောက်တည်း၏ ထွက်ဆိုချက်ကို၊ လက်ခံရန်၊ ခဲယဉ်းပေသည်။

သေသူ မမြမေ က၊ သက်သေခံအမှတ် (က) သေတမ်းအစစ်ခံချက်တွင်၊အယူခံ တရားလိုသည် ၎င်းအား ခါးပြသည်ဟု ဆိုသော်လည်း၊ အယူခံတရားလိုသည် ၎င်း ထံသို့လာစဉ်၊ ခါးမျှန်ကိုင်၍ လာသည်ဟု မြွက်ဟဆုတ်ဘော် ပြောဆိုခြင်း မပြုခဲ့ပေ။

အယူခံတရားလိုက၊ ကျမ်းကိုင်၍ အစစ်ခံရာတွင် မမြမေ သည် ၎င်းကလိုက်ရန် ခေါ်သည်ကို ငြင်းဆိုပြီး၊ ၎င်းအား ခါးဖြင့်ထိုးရာ၊ လက်ထိသွားသည်ဟု ထွက်ဆိုသည်ကို၊ မောင်ကျန်အောင် (လိုပြ-၅) နှင့် ကိုသောင်း (လိုပြ-၉) တို့က၊ အယူခံ တရားလို၏လက်ဘက်၊ သွေးထွက်သည့် ဒဏ်ရာများရှိကြောင်း ထွက်ဆို၍ ထောက်ခံကြသဖြင့်၊ ၎င်း၏ ဘော်ပြချက်သည် အခြေအမြစ် မဲ့ဟုမဆိုသာပေ။

ဤဘော်ပြပါ၊ အကြောင်းများကြောင့် ၊အယူခံ တရားလိုသည်၊ သေသူ မမြမေ ထံသို့လာစဉ်အခါ၊ ၎င်း၏လက်တွင် သက်သေခံ ခါးမျှန် ပါလာသည်ဟု ယူဆရန် သင့်လျော်မည်မဟုတ်ပေ။

အယူခံ တရားလို တင်ပြသည့်တတိယအချက်နှင့်စပ်လျဉ်း၍၊သေသူမမြမေ က၊ သက်သေခံအမှတ် (က) သေတမ်း အစစ်ခံချက်တွင် အယူခံတရားလိုသည် ၎င်းထံသို့လာ၍ ၎င်းနှင့်အတူလိုက်ရန်ခေါ်ဆိုခဲ့ကြောင်း။ ၎င်းကအယူခံ တရားလိုအား "ငွေပာ၊ သားမှတ်မှတ်၊ မယားမှတ်မှတ် ပေါင်းသင်းမှာ မဟုတ်၍ မလိုက်နိုင်ကြောင်း" ပြောပြရာ၊ အယူခံတရားလိုက၊ ၎င်းအားခါးပြသဖြင့်၊ ၎င်းကကြောက်၍ ထွက်ပြေးကြောင်း၊ မြွက်ဟထုတ်ဘော် ပြောဆိုသည်ကို ထောက်ခံ ဆင်ခြင်လျှင်၊ အယူခံတရားလိုသည် မမြမေ ထံသို့ ရောက်လျှင် ရောက်ခြင်း ၎င်းအား ခါးဖြင့် ထိုးခြင်းမဟုတ်ဘဲ၊ ၎င်းအား လိုက်ရန်ခေါ်သေးကြောင်း။ ၎င်းက မလိုက်လိုကြောင်း ပြောပြသည့် အခါတွင်လည်း အယူခံတရားလိုက ၎င်းအား ခါးဖြင့် မထိုးသေးဘဲ၊ ခါးကိုသာပြကြောင်း။ ၎င်းထွက်ပြေးသည့် အခါမှသာလျှင် အယူခံ တရားလိုက လိုက်၍ခါးဖြင့် ထိုးကြောင်း ပေါ်လွင်သည်ကို တွေ့ရသဖြင့်၊ အကယ်၍ မမြမေ က၊ ခေါ်ဆိုသည့်အတိုင်း၊ လိုက်မည်ဟု ပြောဆိုခဲ့သော်၊ သို့မဟုတ် သာယာ ညှင်းပြောင်း

၁၉၆၄

မောင်
ညွန့်ဆောင်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ။

စွဲဖြင့် အကျိုးအကြောင်းဘော်ပြ၍ ပြောဆိုခဲ့သော် သို့မဟုတ် ဓါးပြသော်လည်း ထွက်မပြေးဘဲ၊ ဥပါယ်တမည်ဖြင့် ချော့မော့ ပြောဆိုခဲ့သော် အယူခံ တရားလို့သည် ၎င်းအား၊ ယခုကဲ့သို့ ဓါးဖြင့် ထိုးမှထိုးပါမည်လားဟူ သော သံသယပေါ် ထွက်၍ လာသည်ဟုဆိုရပေမည်။

ဆရာဝန် ဦးကိုကို (လိုပြ-၁၄) က၊ သေသူ မမြမေ၏ ကိုယ်ပေါ်တွင်၊ ဓါးဒဏ်ရာပေါင်း (၁၁) ချက်ရှိကြောင်း။ သို့သော်၊ ပဌမနှင့် ဒုတိယဒဏ်ရာ (၂) ချက်သာလျှင်၊ ဖြစ်တတ်သော သဘောအရ၊ အမှန်အားဖြင့်၊ မမြမေ အား သေစေမည့် ဒဏ်ရာများ ဖြစ်ကြောင်း။ ဒဏ်ရာအမှတ် (၅) မှ (၁၁) တို့သည် လက်ဝဲဘက်လက်နှင့် လက်ျာဘက်လက်များ ပေါ်တွင်ရှိပြီး၊ ပြင်းထန်သော ဒဏ်ရာများ မဟုတ်သဖြင့် မမြမေ သည် ထိုဒဏ်ရာများကို၊ ကာကွယ်သည့် အနေဖြင့် လက်များကို မြှောက်လိုက်စဉ်၊ ရနိုင်ကြောင်း။ ဒဏ်ရာအမှတ် (၃) နှင့် (၄) တို့သည် ရင်ဘတ်တွင် ဖြစ်သော်လည်း၊ အကြောမျှလောက်သာ နက်သော ဒဏ်ရာများ ဖြစ်ကြောင်း ထွက်ဆိုသဖြင့် သေသူမမြမေ၏ ကိုယ်ပေါ်တွင် ဒဏ်ရာ အများပင်ရှိသော်လည်း၊ စင်စစ်အားဖြင့် စဉ်းစားရန် ဒဏ်ရာမှာ ပဌမနှင့် ဒုတိယဒဏ်ရာ (၂) ချက်သာ ဖြစ်ပေသည်။

အထက်၌ ဘော်ပြခဲ့သည့် အမှုအကြောင်းခြင်းရာ၊ သက်သေခံချက်များကို၊ **မောင်သန်းမြင့် နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ** (၁) စီရင်ထုံးတွင် ဆုံးဖြတ်ထား ချက်အရ၊ စဉ်းစား ဆင်ခြင်လျှင် အယူခံ တရားလိုသည် ၎င်း၏ ဇနီး မမြမေ အား၊ တင်ကူး ကြဲရွယ်ချက်ဖြင့်၊ ဓါးချန်နှင့် ထိုးခြင်းမဟုတ်ဘဲ၊ ၎င်းက မမြမေ အား၊ ၎င်းနှင့်အတူလိုက်ရန်၊ ခေါ်၍မရသဖြင့်၊ ထန်းရည်မူး၍ ရုတ်တရက်ပေါ် ထွက်လာသည့် မထိန်းနိုင်သောဒေါသအရှိန်ကြောင့် ဓါးဖြင့် ထိုးခြင်း ဖြစ်သည်ဟု ယူဆရပေမည်။

ပညာရှိ အဝိုးရရှေ့နေကြီးကလည်း၊ ဘော်ပြခဲ့သည့် အကြောင်းများကြောင့် အယူခံ တရားလိုသည် သေသူ မမြမေအား၊ တင်ကူး ကြဲရွယ်ချက်ဖြင့်၊ ဓါးချန်နှင့် ထိုးခြင်းမဟုတ်ဘဲ၊ ရုတ်တရက် ပေါ် ထွက်လာသည့် ဒေါသအရှိန်ကြောင့်၊ ဓါးချန် ဖြင့်ထိုးခြင်း ဖြစ်သည်ဟု ထင်မြင်ယူဆကြောင်း တင်ပြသည်။

သို့ဖြစ်သောကြောင့်၊ အယူခံ တရားလို မောင်ညွန့်ဆောင်အပေါ်၊ အောက်ရုံး ချမှတ်သော ဖြစ်မှုထင်ရှား စီရင်ချက်နှင့် အပြစ်ဒဏ်ကို၊ အတည် မပြုနိုင်သဖြင့် ပယ်ဖျက်ပြီး၊ ၎င်းအား ရာဇသတ်ကြီးပုဒ်မ ၃၀၄ (၂) အရ၊ အပြစ်ပေး၍ စာသက်တကျန်းဒဏ် ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။[1]

ရာဇဝတ်အယူခံမှု

တရားသူကြီး ဦးထွန်းတင်ရွှေတွင်

မောင်တင့် (အယူခံတရားလို)

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ (အယူခံတရားခံ)*

† ၁၉၆၄ ခြဂုတ်လ ၁၄ရက်။

ဖြောင့်ချက်—မယားနှင့်ခလေးများအား အဆိပ်ကျွေး၍ သတ်သည်ဟိုသောဖြောင့်ချက်—မှန်ကန်သောဖြောင့်ချက်ဖြစ်ကြောင်း၊ ပြင်ပမှသက်သေခံအထောက်အထား လိုအပ်ခြင်း—တရားခံကသံသယအကျိုးခံစားခွင့်။

အယူခံတရားလိုသည်၊ မိမိ၏ဇနီးနှင့်ကလေး ၂ ဦးအား ဝါးပိုးသတ်ဆေးကိုတိုက်ကျွေး၍သတ်ခဲ့ကြောင်းဖြောင့်ချက်ပေးပြီးနောက် ရှပ်သိမ်းခဲ့သော်လည်း၊ အောက်ရုံးတရားသူကြီးကထိုဖြောင့်ချက်မှာ မှန်ကန်နိုင်သည်ဟုယူဆပြီး၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂ အရ၊ အပြစ်ဒဏ်စီရင်ခဲ့လေသည်။ တရားရုံးချုပ်သို့အယူခံဝင်ရာ၊

ဆုံးဖြတ်ချက်။ ။ဖြောင့်ချက်တွင် သေသူဇနီးအား အိမ်ပြန်ခေါ်ရာတွင်၊ မလိုက်သဖြင့်၊ ဝါးပိုးသတ်ဆေးကိုပြန်ယူပြီး၊ ၎င်းနှင့် ကလေးနှစ်ဦးအား ရေနှင့်ဖျော်၍ တိုက်သည်ဆိုသည်မှာ၊ သဘာဝအားဖြင့် ယုတ္တိမရှိနိုင်၊ သေသူများသည်၊ အဆိပ်ဆေးကိုလွယ်လင့်တကူ သောက်သည်ဟူယူဆရန်ခဲယဉ်းသည်။ ထို့ပြင်အယူခံတရားလိုသည်၊ မိမိကလေး ၂ ဦးကိုပါမည်သည့်အတွက်သတ်လိုကြောင်းအခြေခံမပေါ်။

သို့ဖြစ်၍ အယူခံတရားလိုပေး၍၊ ၎င်းရှုပ်သိမ်းခဲ့သည့်ဖြောင့်ချက်မှာ၊ မိမိအလိုအလျောက်မှန်ကန်စွာ ပေးခဲ့သည့်ဖြောင့်ချက်ဖြစ်ခဲ့သည်ဟု ယူဆနိုင်ရန် ပြင်ပသက်သေခံအထောက်အထားမရှိသဖြင့်၊ ယုံကြည်လက်ခံနိုင်ရန်ခဲယဉ်းသည်။ ယခုကဲ့သို့ အမှုမျိုးတွင် ထိုဖြောင့်ချက်မျိုးပေါ်တွင် ပြစ်မှုတွေ့ရှိ၍ ပြစ်ဒဏ်စီရင်ရန်မသင့်။

မောင်ပန်းစု နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ ၁၉၆၀ ခုနှစ်၊ မြန်မာပြည်စီရင်ထုံးစာ ၁၅ ကို ရည်ညွှန်း၍လိုက်နာသည်။

---

* ၁၉၆၃ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၇၀။

† ၁၉၆၃ ခုနှစ်၊ ရာဇဝတ်ကြီးမူဝေမှတ် ၂ တွင် ချမှတ်သော၊ ၁၉၆၃ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်နေ့ခဲ့မ်၊ မန္တလေးမြို့၊ ဒုတိယ အထူးတရားသူကြီး၏ အမိန့်ကိုအယူခံမှု။

၁၉၆၄ အယူခံ တရားလိုအတွက်။ ။မဋ္ဌိ။

မောင်တင့်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ။ အယူခံ တရားခံအတွက်။ ။ဦးဘဘေး၊ အစိုးရလွှတ်တော် ရွှေနေကြီး။

တရားသူကြီး ဦးထွန်းတင်။ ။ယခုအမှုမှ အယူခံဘရားလို မောင်တင့်မှာ မန္တလေးမြို့ ဒုတိယ အထူးတရားသူကြီးချုံး ၁၉၆၃ ခုနှစ်တွင် ငွေကြေးအမှုအမှတ် ၂ တွင် ငှင်းဂေါနီးမသဲနှင့် သမီးငယ်နှစ်ယောက်အား အဆိပ်တိုက် သတ်ပစ်လိုက်သည်ဆို၍၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂ အရ၊ တရားစွဲဆိုခံရရာ ပြစ်မှုကျူးလွန်ကြောင်း တွေ့ရှိရသည်ဆို၍ လွှတ်ငြိမ်းချမ်းသာခွင့် အမိန့်အရ ထောင်ဒဏ် ၁၀ နှစ်ကျခံစေရမည်ဟု ပြစ်ဒဏ်စီရင်ခြင်း ခံရလေသည်။ ထို့အတွက် အယူခံတရားလိုက ယခုအယူခံမှုကို တင်သွင်းခဲ့ခြင်းဖြစ်သည်။

အ မှုအကြောင်းအရာ အသေးစိတ်ကို အောက်ခွဲးစီရင်ချက်တွင် ဖော်ပြထားပြီးဖြစ်၍ တယ်မံပြဆိုရန် လိုမည်မဟုတ်ပေ။ သို့သော် လိုရင်းကို ညွှန်ကြားရမူ၊ လွန်ခဲ့သည့် ၁၃၂၄ ခု တပေါင်းလပြည့်ကျော် ၉ ရက် (၁၈-၃-၆၃) နေ့ နံနက်တွင် မသဲနှင့် သမီးငယ်နှစ်ယောက်တို့သည်အိမ်မှထွက်သွားကြရာ နှစ်ရက်ခန့်အကြာ ၁၉၆၃ ခု မတ်လ ၂၀ ရက်နေ့တွင်ငှင်းတို့၏ အလောင်းများကို လက်ကောင်းကလေးရွာအနီး လူမနေသည့် ဦးနှင်းဆီ၏တဲတွင်သေဆုံးနေသည်ကို တွေ့ရသဖြင့် အယူခံတရားလိုဖြစ်သူ မောင်တင့်ကပင် ဌာနသို့ တိုင်တမ်းခဲ့လေသည်။ အလောင်းများကို ခွဲစိပ်ကြည့်ရှုသူ ဆရာဝန် ဦးစိုးရက သေဆုံးသူတို့၏ ခန္ဓာကိုယ်အတွင်းမှ ဝါပိုးသတ်အဆိပ်တွေ့ရှိရကြောင်း ထွက်ဆိုလေသည်။ သေသူများသည် မည်ကဲ့သို့ ထိုသို့အဆိပ်ကြေးခံရကြောင်း သက်သေခံချက်လုံးဝမရှိပေ။ သို့သော် အယူခံ တရားလိုက ဌာနသို့ တိုင်တမ်းသည့်နေ့တွင်ပင် သေသူတို့အား ငှင်းကပင် ဝါပိုးသတ်သော ဆေးတိုက်ကြေးသည်ဟု ဝန်ခံ၍ ဆေးထည့်သည်ဆိုသည့် သက်သေခံ အိုးကို လယ်ထဲမှသွားရောက် ပြသပေးသည့်တွက် ငှင်းအား ဘမ်းဆီးလိုက်သည်ဆိုသည်။ နောက်နေ့တွင် အယူခံ တရားလိုက မန္တလေးမြို့ ၉ ရာဘက် ရာဇဝတ် တရားသူကြီး ဦးဇော်ဝင်း (လိုပြ ၁၀) ထံတွင် သက်သေခံ (၈) ဖြောင့်ချက်ကိုပေးရာ ထိုဖြောင့်ချက်အရ သေသူတို့အား အဆိပ်ဆေးကို ငှင်းက တိုက်ကြေးကြောင်းဝန်ခံ ဖော်ပြထားသည်။ ထို့အတွက် အယူခံ တရားလိုအား တရားစွဲတင်ခဲ့ခြင်းဖြစ်သည်။ သို့သော် အယူခံ တရားလို၏ ဖြောင့်ဆိုချက်မှအပ ယခုအမှုတွင် အယူခံ တရားလိုအပေါ် ငြိစွန်းသည့် အခြားသက်သေ လုံးဝမရှိပေ။ ရုံးချေစစ်ဆေးသောအခါ

၁၉၆၄

မောင်တင့်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ။

အယူခံ တရားလိုက ဖြောင့်ချက်မှာ မိမိသဘောအရ အလိုအလျောက် ပေးခဲ့သည့် ဖြောင့်ချက်မဟုတ်၊ ရဲအရာရှိများ ညှင်းပန်းနှိပ်စက်၍ ၎င်းတို့ပြောခိုင်းသည့်အတိုင်း ပေးခဲ့ရသည့် ဖြောင့်ချက်ဖြစ်၍ မမှန်ကန်ပါဆိုပြီး ဖြောင့်ချက်ကို ရုပ်သိမ်းခဲ့လေသည်။ သို့သော် အောက်ခုံး တရားသူကြီးက ထိုဖြောင့်ချက်မှာ မှန်ကန်သည့် ဖြောင့်ချက်ဖြစ်သည်ဟု ယူဆနိုင်သည်ဆိုပြီး ဖြောင့်ချက်တခုတည်းပေါ် မူတည်၍ အယူခံ တရားလိုအား ပြစ်ဒဏ်ဒီရှင်ခဲ့လေသည်။ ထို့အတွက် ၎င်းကဲ့သို့ ပြစ်ဒဏ်စီရင်ထားခြင်းမှာ ဥပဒေအရ လက်ခံနိုင်ရန် ရှိ မရှိ စဉ်းစားရန် အယူခံမှုကို လက်ခံခဲ့လေသည်။

အမှုတွဲပါ သက်သေခံချက်များကို သေသေသာသာခါ၊ ဝါပိုးသတ်ဆေးထည့်သည် ဆိုသည့် မြေအိုးကို ထုတ်ပေးသူမှာ အယူခံတရားလို မောင်တင့် ဖြစ်ပါသည်ဟု ဆိုလိုသော်လည်း၊ ရှာဖွေစဉ်ရှိသူ လူကြီး ဦးမြဒမာင်၏ အစစ်ခံချက်အရမူ ရဲအုပ် ဦးသိန်းလွင်က ပြပေးသဖြင့် ၎င်းကယူပြီး ရဲထံဘွင် အပ်ပိုက်ကြောင်း ထွက်ဆိုထားသည်ကို တွေ့ရှိရသည်။ တဖန် ဖြောင့်ချက်ကို ကြည့်ရှုမှု အယူခံတရားလိုသည် သေသူ မသဲအား အိမ်ပြန်ခေါ်ရာ မပိုက်သဖြင့် ဝါပိုးသတ်ဆေးကို ပြန်ယူပြီး ရေနှင့်ဖျော်၍ မသဲနှင့် ကလေး နှစ်ယောက်ကိုပါ တိုက်သည်ဟု ပါရှိသော်လည်း၊ ထိုပြဆိုချက်မှာ သဘာဝ အားဖြင့် ယုတ္တိမရှိနိုင်၊ အဘယ်ကြောင့်ဆိုသော် သေသူများသည် အဆိပ်ဆေးကို လွယ်လင့်တကူ သောက်ပိုက်သည်ဟု ယူဆရန် ခဲယဉ်းသောကြောင့် ဖြစ်သည်။ ထို့ပြင် မအယူခံ တရားလိုက မိမိ၏ကလေးနှစ်ယောက်ကိုပါ မည်သည့်အတွက် သတ်လိုကြောင်း အခြေခံမပေါ်လွင်။ သို့ဖြစ်ရကား အယူခံ တရားလိုပေး၍ ၎င်းက ရုတ်သိမ်းခဲ့သည့် ဖြောင့်ချက်မှာ မိမိအလိုအလျောက် မှန်ကန်စွာ ပေးခဲ့သည့် ဖြောင့်ချက်ဖြစ်သည်ဟု ယူဆနိုင်ရန် ပြင်ပသက်သေခံ အထောက်အထားမရှိသဖြင့် ယုံကြည်လက်ခံနိုင်ရန် ခဲယဉ်းပေသည်။ ယခုကဲ့သို့ အမှုမျိုးတွင် ထိုကဲ့သို့ ဖြောင့်ချက်မျိုးပေါ်တွင် ပြစ်မှုတွေ့ရှိပြစ်ဒဏ် စီရင်ရန် မသင့်ကြောင်းကို ယခင် တရားလွှတ်တော်ချုပ်က **မောင်ပန်းဇုံ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်** (၁) စီရင်ထုံးတွင် အတိအလင်း ပြဆိုထားသဖြင့် အစိုးရအတွက် လိုက်ပါဆောင်ရွက်သည့် ပညာရှိ ရွှေနေကြီးက ယခုအမှုတွင် အယူခံတရားလိုသည် ပြစ်မှုကျူးလွန်သူ တဦးဖြစ်သည်ဟု တထစ်ချ ယူဆ ဆုံးဖြတ်နိုင်ရန် ခဲယဉ်းကြောင်း သဘောတူညီပေသည်။ အကြောင်းကိုဆိုသော် သေသူတို့အား အဆိပ်ဆေးကို တိုက်ကြေးသူမှာ အယူခံ တရားလိုသာဖြစ်ကြောင်း ရုတ်သိမ်းသည့် ဖြောင့်ချက်မှအပ မည်သည့်သက်သေခံ အထောက်အထားမှ မရှိသောကြောင့် ဖြစ်ပေသည်။

(၁) ၁၉၆၀၊ မြန်မာပြည်စီရင်ထုံး၊ စာ-၁၅။

၁၉၆၄

မောင်စောင့်
နှင့်
ပြည်ကြောင်စု
ပြန်မာနိုင်ငံ။

ဤပြပါ အကြောင်းများကြောင့် အထက်ကပြဆိုခဲ့သည့် မောင်ပန်းငုံ၏ စီရင်ထုံး အရ ယခုအမှုတွင် အယူခံတရားလို ပေးခဲ့သည်ဆိုသည့် သက်သေခံ (၈) ဖြောင့်ဆို ချက်မှာ ထောက်ခံချက်လုံးဝ ကင်းမဲ့နေသဖြင့်၊ ၎င်းက အလိုအလျောက် မှုန်ကုန်စွာ ပေးခဲ့သည့် ဖြောင့်ချက်ဖြစ်ကြောင်း ယူဆနိုင်ရန် မရှိသဖြင့်၊ ထိုဖြောင့်ချက်တာခုတည်း ပေါ်မူတည်၍ အယူခံ တရားလိုအား ပြစ်ဒဏ် စီရင်ရန် မသင့် အယူခံ တရားလိုသည် ရုတ်စွာအဆုံး သံသယအကျိုးကို ခံစားခွင့်ရှိကြောင်း အစိုးရအတွက် လိုက်ပါဆောင် ရွက်သည့် ပညာရှိ ရွှေနေကြီးကလည်း သဘောတူညီ ဝန်ခံသဖြင့် ယခုအယူခံမှုကို ခွင့်ပြုပြီး အယူခံ တရားလိုအား ထိုအမှုမှ တရားသေလွှတ်ရပေမည်။ ထို့ထက် မန္တလေးမြို့၊ ဒုတိယ ရာဘက်အထူး တရားသူကြီးရုံး ၁၉၆၃ ခု၊ ရာဇဝတ်ကြီးမှု အမှတ် ၂ တွင် အယူခံ တရားလို မောင်တင့်အား၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂ (၂) အရ၊ ပြစ်မှုတွေ့ရှိ၍၊ ထောင်ဒဏ် ၁၀ နှစ်ကျခံရမည်ဟု ပြစ်ဒဏ်စီရင်ထားခြင်းကို ပယ်ဖျက်၍ အယူခံကို ခွင့်ပြုပြီး အယူခံ တရားလို မောင်တင့်အား၊ ထိုအမှုမှ တရားသေလွှတ် လိုက်သည်။

တရားမအယူခံမှု

တရားသူကြီးချုပ်၊ ဦးဘိုကြီး၊ တရားသူကြီး ဦးစံမောင်နှင့် တရားသူကြီး ဦးစောဘသိန်းချေတွင်။

† ၁၉၆၄ ဩဂုတ်လ ၂၂ ရက်။

မောင်အာမောင် (ခေါ်) မောင်မောင် (အယူခံတရားလို)

နှင့်

ဦးညွှန်း ပါ ၁၅ (အယူခံတရားခံများ)*

အမွေစွဲစဉ်အတွင်း ပစ္စည်းပြောင်းလွှဲမှု—လွှဲပြောင်းပေးခြင်းခံရသူကအမွေကိုဆက်လက် မဆောင်ရွက်ခြင်း—အမွေသစ်စွဲဆိုခြင်း၊ စွဲနိုင်မနိုင်။

အခမဲ့အတွင်း၊ အငြင်းဖြစ်ပွားလျက်ရှိသော၊ ဆန့်စက်တုံကို၊ ထိုဆန့်စက်ပိုင်ရှင်ဆိုသူအမွေဆိုင် တဦးသည်၊ မိမိသည် ထိုစက်၏ ပုဂ္ဂလိကပိုင်ရှင် ဖြစ်ကြောင်းမြွက်ဟကျေညာစေရန်၊ တရားမမှုတခုစွဲဆိုထားလေသည်။

ထိုသို့အမွေစွဲဆိုထားစဉ်အတွင်း၊ အယူခံတရားလိုအား၊ အဆိုပါဆန့်စက်က မေတ္တာအလျောက် အပြီးအပိုင် လွှဲပြောင်းပေးလိုက်လေသည်။

၎င်းနောက်၊ လွှဲပြောင်းပေးသူ ကယ်လွန်သွားလေရာ၊ အယူခံတရားလိုသည်၊ တရားမကျင့်ထုံးအမိန့် ၂၂၊ နည်း၃၊ ပုဒ်မ ၁၀ အရ၊ လျောက်ထားခြင်း မပြုသဖြင့်၊ ထိုအမှုမှာရပ်စဲ(abated) သွားလေသည်။

ထိုနောက်အယူခံတရားလိုသည်၊ မူလလုံးဒ်ပင်၊ တရားခံများအပေါ် ဒဋ္ဌ မြွက်ဟဒီကရီရရှိရန်ထပ်မံ၍တရားစွဲဆိုပြန်လေသည်။

ဆုံးဖြတ်ချက်။ ။အယူခံတရားလိုအား၊ လွှဲပြောင်းပေးသူက စွဲဆိုခဲ့သော၊ အမှု၏တရားစွဲဆိုရန် အကြောင်း (cause of action) သည်၊ ယခုအယူခံတရားလို စွဲဆိုသော်အမှု၏ စွဲဆိုရန် အကြောင်း (cause of action) နှင့် ထပ်တူထပ်မျှ ဖြစ်သည်ဟု ယူဆရမည်။

သို့ဖြစ်၍ တရားမကျင့်ထုံးအမိန့် ၂၂၊ နည်း၃ပုဒေ ၉ ပါပြဋ္ဌာန်းချက်များသည်၊ ဤအယူခံတရားလိုစွဲဆိုသောအမှုကို ပိတ်ပင်သည်ဟု ယူဆရမည်ဖြစ်သည်။

ဘဆတ်ပဘူဒတ်ပ နှင့် ဘီမန်ဂဂါက်ဒါချ်ခ်ဒန်ဂဂါက်ဒါ၊ အိန္ဒိယစီရင်ထုံးများ၊ ဘုံဘိုင်၊အတွဲ ၅၂၊ စာ ၂၀၈ ကိုရည်ညွှန်းလိုက်နာသည်။

အမွေရပ်စဲသည့်အမိန့်သည်၊ စီရင်ချက်ကဲ့သို့ပင်၊ တဖက်အမှုသည်အတွက် အကျိုးသက်ရောက်သည်ဖြစ်ရာ၊ ထိုအမှုပါတရားစွဲဆိုရန်အကြောင်းကို အကြောင်းပြု၍ တရားတထုံးထပ်မံစွဲဆိုခြင်း ပြုနိုင်တော့မည်မဟုတ်။

---

* ၁၉၆၃ ခုနှစ်၊ တရားမပဋမအယူခံအမှုအမှတ် ၁၁၃။

† ၁၉၆၂ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၃ တွင်၊ ၈၉၆၃ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်နေ့စွဲပါ မော်လမြိုင်မြို့ရုံးထိုင်၊ ကျိုက္ခမခရိုင်တရားမတရားသူကြီးရုံးတော်၏ ချမှတ်သောဒီကရီကိုအယူခံဝင်မှု။

၁၉၆၄

မောင်ဘမောင် ခေါ် မောင်မောင် နှင့် ဦးညွှင်းပါ ၁၅။

ရာဟင်မူနစ်ဆ နှင့် ဆီရနီမဟာဆာအယမ်ကာ၊ အေးအိုင်၊အာရ်၊ ၁၉၂၀၊ မဒရပ်၊ စာ ၅၀၀။ ဂျူဂါကိရိုး နှင့် နာဂို၊ အေးအိုင်၊အာရ်၊ ၁၉၂၃ခုနှစ်၊ နဂ်ပူ၊ စာ ၂၂၀ တို့ကိုရှည်ညွှန်းသည်။

အယူခံတရားလိုအတွက် ရှေ့နေကြီး၊ မစ္စတာ အက်စ်၊ အေ၊ အေ၊ ပီလေး။

အယူခံတရားခံအတွက်၊ ၁ မှ ၁၄၊ ပညာရှိရွှေနေကြီး ဦးဘိုးသာ။ ၁၅ အတွက် မလာရောက်။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။အယူခံ တရားလို မောင်ဘမောင် (ခေါ်) မောင်မောင်၏ပညာရှိရွှေနေကြီးလျှောက်လဲချက်များအရသိရှိသည်မှာဒေါ်အောင်နှင့် ဦးရွှတ်တို့တွင် သားတယောက်ရှိ၍ ၎င်းသားသည် ယခုပဌမအယူခံ တရားခံ ဦးညွှင်း ဖြစ်၏။ ဦးရွှတ်ကွယ်လွန်သည့်အခါ ဒေါ်အောင်သည် ဦးဝဲနှင့် အိမ်ထောင်ပြု၍ သားသမီးအမြောက်အမြား ထွန်းကား၏။ ဦးဝဲနှင့် ဒေါ်အောင်တို့ ကွယ်လွန်ပြီးနောက်၊ ဦးညွှင်းသည် ကျိုက္ခမီခရိုင် တရားမရုံး တရားမကြီးမှု အမှတ် ၁/၅၁ တွင် ဒေါ်အောင်နှင့် ဦးဝဲတို့၏သားသမီးများ အပေါ်၌ ဒေါ်အောင်၏ အမွေပုံပစ္စည်းကို တရားရုံးက အုပ်ချုပ်စီမံခန့်ခဲ့ရန်အတွက် တရားစွဲဆိုရာ၊ တရားရုံးက ပဏာမ ဒီကရီ ချမှတ်ပြီး၊ အမွေပုံပစ္စည်းများနှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးရန် အတွက် ကော်မရှင်နာခန့်အပ်လိုက်၏။ ကော်မရှင်နာက ယခုအချင်းဖြစ် ဆန်စက်သည် ဒေါ်အောင်၏ အမွေပုံပစ္စည်းတွင် အပါအဝင်မဟုတ်ဘဲ ဒေါ်အောင်နှင့် ဦးဝဲတို့၏ သမီးတယောက်ဖြစ်သူ ဒေါ်ဝက်မပိုင် ပစ္စည်း ဖြစ်ကြောင်းနှင့်အစီရင်ခံ၏။ ခရိုင်တရားမရုံးက ထိုအစီရင်ခံချက်ကို လက်မခံဘဲ အဆိုပါ ဆန်စက်သည် ဒေါ်အောင်၏ အမွေပုံပစ္စည်းတွင် အပါအဝင် ဖြစ်သည်ဟု ဆုံးဖြတ်ပြီးနောက်၊ အမွေပုံပစ္စည်းနှင့် စပ်လျဉ်း၍ ထပ်မံစုံစမ်းစစ်ဆေးရန်၊ ကော်မရှင်နာအား ညွှန်ကြားလိုက်၏။ ဒေါ်ဝက်မသည်၊ ခရိုင်တရားမရုံး၏ အဆုံးအဖြတ်ကို မကျေနပ်သဖြင့်၊ ယခင်တရားလွှတ်တော်သို့ အယူခံဝင်ရာတွင် တရားလွှတ်တော်က အယူခံမှာ စောလွန်းသေးကြောင်း။ အပြီးသတ် ဒီကရီချမှတ်ပြီးမှသာ အယူခံ ဝင်ရမည် ဖြစ်ကြောင်းနှင့် အဆုံးအဖြတ် ပြုလိုက်၏။

ထို့နောက် ဒေါ်ဝက်မသည် အဆိုပါ အမွေမှတွင် အပြီးသတ် ဒီကရီ ချမှတ်သည်ကို မစောင့်ဆိုင်းဘဲ၊ ထိုခရိုင်တရားမရုံးမှာပင် တရားမကြီးမှု အမှတ် ၁၄/၅၆ ဌ်ယခု အယူခံတရားခံများအပေါ်၊ အခင်းဖြစ် ဆန်စက်သည် မိမိ၏ ပုဂ္ဂလိကပိုင် ဆန်စက် ဖြစ်ကြောင်းမြွက်ဟ ကျေညာစေရန် တရားစွဲဆို၏။ ထိုအမှုအတောအတွင်း ဒေါ်ဝက်မသည် အခင်းဖြစ် ဆန်စက်ကို ယခုအယူခံ တရားလို မောင်ဘမောင် (ခေါ်) မောင်မောင်အား မှတ်ပုံတင် စာချုပ်ဖြင့် ငှါးမေတ္တာအလျောက် အပြီးအပိုင်လွှဲပြောင်း

၁၉၆၄

မောင်ဘမောင် (ခေါ်) မောင်မောင် နှင့် ဦးညွှန်းပါ ၁၅။

ပေးအပ်လိုက်၏။ ထို့နောက် ဒေါ်ဝက်မ ကွယ်လွန် အနိစ္စရောက်၏။ ဒေါ်ဝက်မ၏ အမွေစား အမွေခံတို့အား ဒေါ်ဝက်မကိုယ်စား အမှုတွင်ထည့်သွင်း၍ ဆက်လက် ဆောင်ရွက်ရန်အတွက် မည်သူကမျှ လျှောက်ထားခြင်း မပြုခဲ့ပေ။ အယူခံ တရားလို သည် ထိုအမှုကို ဆက်လက်ဆောင်ရွက်ရန်အတွက် တရားမကျင့်ထုံး အမိန့် ၂၂၊ နည်းဥပဒေ ၁၀ ပါ ပြဋ္ဌာန်းချက်များအရ လျှောက်ထားနိုင်သော်လည်း လျှောက် ထားခြင်းမပြုခဲ့ပေ။ ထို့ကြောင့် ထိုအမှုမှာ ရပ်စဲ (Abated) သွားလေသည်။ ဤအချက်နှင့်စပ်လျဉ်း၍ အယူခံတရားလို၏ ပညာရှိရွှေနေကြီးက ဝန်ခံ၏။ ထို့နောက် အယူခံတရားလိုသည် ကျွိုက္ခမီခရိုင် တရားမရုံးမှ၁၀၊ တရားမကြီးမှု အမှတ် ၁၃/၆၂ ကိုမူလ ဒေါ်ဝက်မ စွဲဆိုသော အမှုပါ တရားခံများ အပေါ်၌ တဖန်စွဲဆိုပြန်၏။ စွဲဆိုသည့်အမှုမှာ အခင်းဖြစ် ဆန့်စက်ကို ဒေါ်ဝက်မပိုင်သည်ဖြစ်၍ ဒေါ်ဝက်မက မိမိအား မှတ်ပုံတင်စာချုပ်ဖြင့် မေတ္တာအလျောက် လွှဲပြောင်းပေးခဲ့ကြောင်း။ ယင်း သို့လွှဲပြောင်းပေးသည်ကို တရားခံများက ငြင်းဆိုသည်ဖြစ်ရာ၊ မိမိ၏ အကျိုးကို ထိခိုက်ကြောင်းတို့ကို အခြေပြု၍ စွဲဆိုခြင်းဖြစ်သည်။ ယင်းသို့ဖြစ်ရာ ဒေါ်ဝက်မ စွဲဆိုသည့်အမှုမှာ တရားစွဲဆိုရန် အကြောင်း (Cause of action) သည် ယခု အယူခံတရားလိုစွဲဆိုသောအမှုမှာ တရားစွဲဆိုရန် အကြောင်း (Cause of action) နှင့်ထပ်တူထပ်မျှဖြစ်သည်ဟု ယူဆရပေမည်။

ယင်းသို့ဖြစ်ရာ၊ တရားမကျင့်ထုံး အမိန့် ၂၂၊ နည်းဥပဒေ ၉ ပါပြဋ္ဌာန်းချက် များတွင်၊ တရားမမှု ရပ်စဲပြီးနောက် ထိုအမှုစွဲဆိုရန် အကြောင်းကို အခြေပြု၍ တရားတထုံး ထပ်မံစွဲဆိုခြင်း မပြုနိုင်ဟူသော ပြဋ္ဌာန်းချက်များသည်၊ ယခုအယူခံ တရားလိုစွဲဆိုသော အမှုကို ပိတ်ပင်သည်ဟု ယူဆရပေမည်။ **ဘဆတ်ပဘူဒတ်ပ နှင့် ဘီမန် ဂေါက်ဒါရွှစ်ဒန်ဂေါက်ပါ** အမှု (၁) တွင်၊ အောက်ပါအတိုင်း အဆုံးအဖြတ် ပြုခဲ့၏။

> **"An alienee *Pendente Lite* is bound by the result of the suit although he is not a party to it."**

ထိုအမှုမှာ မှန်ကန်သည်ဟု ယူဆရပေမည်။ အကြောင်းသော်ကား အမှုရပ်စဲသည့် အမိန့်သည် စီရင်ချက်ကဲ့သို့ပင် တဖက်အမှုသည်အတွက် အကျိုးသက်ရောက်သည် ဖြစ်ရာ၊ ထိုအမှုပါ တရားစွဲဆိုရန် အကြောင်းကို အကြောင်းပြု၍ တရားတထုံး

(၁) အိန္ဒိယစီရင်ထုံးများ၊ ဘုံဘိုင်အတွဲ ၅၂၊ စာ ၂၀၈။

၁၉၆၄

မောင်ဘမောင် ခေါ် မောင်မောင် နှင့် ဦးညွှန်းပါ ၁၅။

ထပ်မံစွဲဆိုခြင်း ပြုနိုင်တော့မည် မဟုတ်ပေ။ ရာဟင်မူနှစ်ဆ နှင့် ဆိရနီဇါဆာအယမ်ကာ အမှု (၂) နှင့် ဂျူဂါကိရိုးနှင့် နာဂိုအမှု (၃) တို့ကိုကြည့်ပါ။

ယခုအမှုတွင် အယူခံ တရားလို၏ ပညာရှိရွှေနေကြီး လျှောက်ထားချက်အရ ဒေါ်ဝက်မစွဲဆိုသော အမှုဌ အယူခံ တရားလိုလည်း ဒေါ်ဝက်မနှင့်အတူ တရားလို အဖြစ်ပါဝင်ပြီး ဒေါ်ဝက်မ ကွယ်လွန်ပြီးနောက် တရားလိုက ထိုအမှုကို ဆက်လက် ဆောင်ရွက်ရန် မလိုတော့ကြောင်းနှင့် တရားရုံးသို့ လျှောက်ထားကြောင်း ပေါ်လွင်၏။ ထို့ကြောင့်လည်း အယူခံ တရားလိုတွင်၊ ယခုအမှုကို ထပ်မံစွဲဆိုရန် အခွင့် အရေးမရှိနိုင်တော့ပေ။

အထက်ပေါ်ပြပါ အကြောင်းများကြောင့်၊ အယူခံ တရားလို စွဲဆိုသောတရားမ ကြီးမှုအမှတ် ၁၃/၆၂ ကိုစွဲဆိုပိုင်ခွင့် မရှိဟု ယူဆပြီး ပယ်ရပေမည်။

မူလအမွေမှုကြီးမှာ မပြီးမပြတ် ရှိနေသေးသည်ဖြစ်ရာ၊ အယူခံ တရားလိုသည် အခင်းဖြစ် ဆန့်စက်နှင့် စပ်လျဉ်း၍ မိမိ၏ အခွင့်အရေး ရှိသမျှကို တင်ပြအဆိုပြုနိုင်ပေမည်။

ဤအမှုတွင် ခရိုင်တရားမရုံးက တရားခံများ နှစ်စုခွဲ၍ တစုလျှင် အမှုတန်ဘိုး ပေါ်၌ကျသင့်သော ရွှေနေခကို ပေးဆောင် စေခဲ့လေသည်။ ဤအမှုမှာ မြွက်ဟ ဖီကရိုရရှိရန် စွဲဆိုသော အမှုမျှသာ ဖြစ်သည့်အပြင်၊ ခရိုင်တရားမရုံးသည် ပဏာမ ကောက်ချက်အပေါ်၌ အဆုံးအဖြတ် ပြုခဲ့လေသည်။ ထို့ကြောင့် ရွှေနေခကိုသတ် မှတ်ရာ၌မှားယွင်းသည်ဟု ယူဆရပေမည်။ တရားရုံးများ လက်စွဲစာမျက်နှာ ၃၀ တွင်၊ ယခုကဲ့သို့သော အမှုမျိုး၌ မည်သို့ရွှေနေခ သတ်မှတ်ရမည်ကို အတိအလင်း ပေါ်ပြထားလေသည်။ မူလရုံးသတ်မှတ်သော ရွှေနေခများကို ပယ်ဖျက်ပြီးလျှင်၊ တရားခံ တစုအတွက် ရွှေနေခငွေ ၁၇၀ ကို အယူခံတရားလိုက ပေးဆောင်စေရန် အမိန့်ချမှတ်လိုက်သည်။ ယင်းသို့ပြင်ဆင်သည်မှအပ၊ အယူခံကို စရိတ်နှင့် တကွ ပယ်လိုက်သည်။ ဤရုံးရွှေနေခမှာ ၈၅ ကျပ် ဖြစ်စေရမည်။

(၂) အေအိုင်အာ (ရှ်)၊ ၁၉၅၀၊ မဒရပ် စာ၊ ၅၈၀။

(၃) အေအိုင်အာ (ရှ်)၊ ၁၉၅၈၊ နှစ်ပိုး စာ ၂၂၀။

ရာဇဝတ်အယူခံမှု

တရားသူကြီးချုပ် ဦးဘိုကြီးနှင့် တရားသူကြီး ဦးစောဘသိန်းတို့ရှေ့တွင်

မောင်မှဘ် (အယူခံတရားလို)

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ (အယူခံတရားခံ)*

† ၁၉၆၄ စက်တင်ဘာလ ၁၂ ရက်။

ဖြောင့်ချက်—ခဲလက်အဘွဲ့ရှိ ပစ္စည်းများ—သီးခြား တိကျစွာ ထောက်ခံခြင်း (specific corroboration) ပြုနိုင် မပြုနိုင်။

လူသတ်မှုတွင် သက်သေခံ သေနတ်၊ ယန်းဘောင့်များနှင့် လက်ပတ်နာရီတို့ကိုရဲအရာရှိ ထိန်းသိမ်းရမိပြီးသည့်နောက်မှ၊ အယူခံတရားလိုက ဖြောင့်ချက်ပေးသဖြင့် ထိုသက်သေခံပစ္စည်းတို့သည်၊ ဖြောင့်ချက်ကို ထောက်ခံခြင်းပြုသည်ဟု ယူဆရန် မဖြစ်နိုင်ကြောင်းကိုလျှောက်ထားရာ။

ဆုံးဖြတ်ချက်။ ။ရဲအရာရှိများလက်အဘွဲ့ရှိ ပစ္စည်းများသည်၊ ဖြောင့်ချက်တခုကိုထောက်ခံခြင်းပြုနိုင်သည်။

ဟန်(မ်)ရက်(ရှ်) နှင့် အပ်(ဂျ်)မာမြည် (1954) v. *Supreme Court Reports*. 1133. တို့ကိုရည်ညွှန်းသည်။

သို့ဖြစ်၍ အဆိုပါ သက်သေခံ ပစ္စည်းများသည်၊ ဖြောင့်ချက်ကို သီးခြားတိကျစွာထောက်ခံခြင်း (specific corroboration) ပြုနိုင်သည်။

အယူခံတရားလိုအတွက်။ ။ဦးလှဖေ (၂) နှင့် ဦးကိုကိုကြီး (၃)။

အယူခံတရားခံအတွက်။ ။

တရားသူကြီး ဦးစောဘသိန်း။ ။ဟံသာဝတီခရိုင်၊ ဒုတိယ အထူး (ရာဘာက် စက်ရှင်) တရားသူကြီးရုံး ၁၉၆၃ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၇ တွင် တရားခံ မောင်မှဘ်အား၊ ရာဇသတ်ကြီး ပုဒ်မ ၃၀၂(၁) (ဂ)/၃၄ အရ အပြစ်ပေး၍၊ သေဒဏ် ကျခံစေရန်၊ ကျန်တရားခံ မောင်ကံညွန့်၊ မောင်ကျော်မြင့်နှင့် မောင်စိုးမောင်တို့အား

* ၁၉၆၄ ခုနှစ်၊ ရာဇဝတ်မှုအယူခံမှုအမှတ် ၁၁၄ (၁၉၆၄ ခုနှစ်၊ ရာဇဝတ်စောဒကမှုအမှတ်နှင့် ဆက်စပ်သည်)။

† ၁၉၆၃ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၇ တွင်ချမှတ်သော ၁၉၆၄ ခုနှစ် [illegible]၊ ဇူလိုင်လ ဂ ရက်နေ့စွဲပါဟံသာဝတီခရိုင် ရာဘာက်စက်ရှင်တရားသူကြီး၏ အမိန့်ကိုအယူခံမှု။

၁၉၆၄

မောင်မှတ် နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

ရာဇသတ်ကြီးပုဒ်မ ၄၁၄ အရ အပြစ်ပေးရ၍၊ တယောက်လျှင် အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၃ နှစ်စီ ကျခံစေရန် အမိန့်ချမှတ်လိုက်ရာ၊ တရားခံမောင်မှတ်က မကျေနပ်သဖြင့် ဤရုံးသို့ အယူခံဝင်၏။

အမှုကြောင်းခြင်းရာ စုံလင်စွာကို အောက်ရုံး စီရင်ချက်တွင် ဖေါ်ပြထားပြီးဖြစ်၍၊ ဤအယူခံမှုတွင် ထပ်မံ၍ စုံလင်စွာ ဖေါ်ပြရန် လိုမည်မဟုတ်ဘဲ အကျဉ်းမျှသာ ဖေါ်ပြရန်လိုပေမည်။

တုံတေးမြို့၊ တိုက်ခိုက်ရေးရဲတပ်မှ ရဲသားမောင်ကြည်ထွန်းသည်၊ ၁၉၆၃ ခုနှစ်၊ မေလ ၁၁ ရက်နေ့ည ၈ နာရီခန့်အချိန်တွင် ၎င်းကိုင်ဆောင်လာသော အမေရိကန်ရိုင်ဖယ်သေနတ် ယမ်းတောင့်များနှင့် မောင်တင်ဦးထံမှ ခေတ္တငှါးယူထားသော လက်ပတ်နာရီတို့ကိုယူ၍၊ ရဲတပ်ဝင်းအတွင်းရှိမင်္ဂလာဆောင်အိမ်သို့ သွားမည်ဟု မည္ဆန်မြို့ (လိုပြ ၇) အား ပြောပြပြီး ထွက်သွားရာ၊ နံနက်မိုးလင်းသော်လည်း ပြန်မလာသဖြင့် ရဲဌာနမှူး ဦးစံထွန်း (လိုပြ ၁) နှင့် ရဲမှူထမ်းသားများတို့သည် ၎င်းအား လိုက်လံရှာဖွေကြ၏။

ကုန်းဝက်ချောင်းရွာသို့ ရောက်သောအခါ သူကြီး ဦးဘိုးလင်း (လိုပြ ၄) ၏ အကူအညီဖြင့်၊ ဦးစံထွန်းသည်၊ ၎င်းရွာအနောက်ဘက် ဗျက်တောတွင် မောင်ကြည်ထွန်း သေနတ်ဒဏ်ရာနှင့် သေနေသည်ကို တွေ့၍၊ ၎င်း၏အလောင်းကို ရဲဌာနသို့ ပို့ဆောင်ပြီး ၎င်းက သက်သေခံအမှတ် (က) တိုင်ချက်ကို ရေးပွင့်၍၊ အမှုကိုဆက်လက်စုံစမ်းရာ အယူခံတရားလို မောင်မှတ်၊ တရားခံ မောင်ကံညွန့်၊ မောင်ကျော်မြင့်နှင့် မောင်စိုးမောင်တို့ကို သက်သေခံ ပစ္စည်းများနှင့် ဘမ်းဆီးရမိပြီး၊ ရုံးသို့တင်ပို့သဖြင့် ဖေါ်ပြခဲ့သည့် အပြစ်ဒဏ် အသီးသီးကို ရရှိကြ၏။

အယူခံတရားလို မောင်မှတ်က တုံတေးမြို့၊ မြို့နယ်ရာဇဝတ် တရားသူကြီး ဦးဘ (လိုပြ ၁၀) ထံ၌ပေးသော သက်သေခံအမှတ် (ဃ) ဖြောင့်ချက်တွင် ၎င်းသည် ၁၉၆၃ ခုနှစ်၊ မေလ ၅ ရက်နေ့၌၊ ရဲဌာနမှူး ဦးစံထွန်းထံမှ ခေတ္တအခွင့်ကိုယူ၍၊ ရေကျော်ရွာသို့သွားပြီး၊ မောင်ကံညွန့်၊ မောင်ကျော်မြင့်တို့နှင့် ထားပြတိုက်ရန် တိုင်ပင်ဆွေးနွေး၍၊ ၁၉၆၃ ခု၊ မေလ ၉ ရက်နေ့တွင် ၎င်းတို့အား တုံတေးမြို့သို့လာရန် ခိုင်းဆိုပြီး ပြန်လာကြောင်း၊ ခိုင်းဆိုသည့်နေ့တွင် ၎င်းတို့လာကြသဖြင့် ၎င်းက ထားပြတိုက်ရန်အကြောင်း မေးမြန်းရာ၊ ၎င်းတို့က သေနတ်မရှိကြောင်း မောင်ကြည်ထွန်းကို ထားပြတိုက်ရန် ညာခေါ်သတ်၍ သေနတ်ကိုယူပြီး ဖျာပုံမြို့မှ ညထွက်လာသောသင်္ဘောကို ထားပြတိုက်ရန် အကြံပေးကြကြောင်း။ ၎င်းက မောင်ကြည်ထွန်းအား ထားပြတိုက်ရန်အကြောင်း ပြောပြရာ မောင်ကြည်ထွန်းက ထားပြတိုက်ရန် သေနတ်နှင့် ယမ်းတောင့်များကို ယူ၍ လိုက်မည်ဟုပြောကြောင်း။

၁၉၆၄

မောင်မှတ် နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

၁၉၆၃ ခုနှစ် မေလ ၁၁ ရက်နေ့ည ၅ နာရီအချိန်ခန့်တွင် ၎င်းနှင့် မောင်ကံညွှန့်၊ မောင်ကျော်မြင့်၊ မောင်ကြည်ထွန်းတို့သည်၊ ကမ်းနားဘွဲ့ရှိသော အာရကန် သဘော်ပေါ်သို့ သွားပြီး၊ ကုန်းဝက်ချောင်းရွာသို့သွား၍ ထားပြတိုက်ရန်အတွက် မောင်ကံညွှန့်နှင့် မောင်ကျော်မြင့်တို့က အိုးဘိုပိုင်း တိုက်ကျောင်းလမ်းထိပ်၌ စောင့်နေကြရန် ၎င်းနှင့် မောင်ကြည်ထွန်းတို့ကား ည ၈ နာရီအချိန်တွင် ရဲတပ်ဝင်းမှ လာ၍၊ ချိန်းဆိုသည့် နေရာ၌ တွေ့ဆုံပြီး ဆက်လက်သွားရန်စီစဉ်ကြကြောင်း။

၁၉၆၃ ခုနှစ်၊ မေလ ၁၁ ရက်နေ့ည ၈ နာရီအချိန်တွင် ၎င်းက မောင်ကြည်ထွန်းကို ခေါ်၍ ချိန်းဆိုသည့် နေရာသို့ သွားရာ၊ မောင်ကြည်ထွန်းတွင် ရိုင်ဖယ်သေနတ်နှင့် ယမ်းတောင့်များ ပါလာကြောင်း။ အိုးဘိုပိုင်း တိုက်ကျောင်းလမ်းထိပ်တွင် မောင်ကံညွှန့်၊ မောင်ကျော်မြင့်တို့နှင့် တွေ့ဆုံပြီး၊ ကုန်းဝက်ချောင်းရွာသို့ သွားကြကြောင်း။ လယ်ကွင်းပြင်သို့ ရောက်လျှင်၊ ၎င်းတို့က မောင်ကြည်ထွန်းကို လှည့်ဖြားသည့်အနေဖြင့် လဘက်တင်မြောက်ကြကြောင်း၊ ၎င်းက မောင်ကြည်ထွန်းထံမှ သေနတ်နှင့် ယမ်းတောင့်များကိုယူ၍၊ သေနတ်ကို မောင်ကံညွှန့်အား ပေးပြီး၊ ယမ်းတောင့်များကို မောင်ကျော်မြင့်အား ပေးလိုက်ကြောင်း။ ၎င်းနှင့် မောင်ကြည်ထွန်း၊ မောင်ကျော်မြင့်တို့က ရွှေတန်း၌ ထိုင်ကြ၍၊ မောင်ကံညွှန့်က နောက်နားက ခပ်ခါခါ ရပ်နေပြီး များမကြာမီ မောင်ကံညွှန့်က မောင်ကြည်ထွန်း၏ ဦးခေါင်းသို့ သေနတ်ဖြင့် ကပ်၍ တချက်ပစ်လိုက်ကြောင်း။ မောင်ကြည်ထွန်း လဲကျသွားသောအခါ၊ မောင်ကံညွှန့်က ထပ်၍ ၎င်းအား သေနတ်နှင့်တချက် ပစ်လိုက်ကြောင်း။ ၎င်းက မောင်ကြည်ထွန်း၏ လက်မှ လက်ပတ်နာရီကို ဖြုတ်ယူပြီး၊ မောင်ကျော်မြင့်အား ပေးလိုက်ကြောင်း။ ၎င်းတို့ ၃ ယောက် တွဲတေး တူးမြောင်းဘက်သို့ ပြန်လာကြရာ၊ တူးမြောင်းဘေး ကုက္ကိုပင်များရှိရာသို့ ရောက်လျှင်၊ ကုက္ကိုပင်များကို အမှတ်အသားပြု၍၊ သေနတ်နှင့် ယမ်းတောင့်များကို ရေစပ်တွင် မြှုပ်ထားလိုက်ကြောင်း။

၎င်းက ရဲတပ်တန်းလျားသို့ ပြန်လာပြီး အိပ်၍ မိုးလင်းသောအခါ အာရကန် သဘော်ဖြင့် ရန်ကုန်မြို့သို့ လာ၍၊ သံလျင်မြို့သို့သွားပြီး၊ ခရမ်းမြို့မှတဆင့် အစ်ကို ဆွေမျိုးများ နေထိုင်ရာ၊ တမံကြီးရွာသို့ သွားကြောင်း။ ထိုည ၁၀ နာရီအချိန်ခန့်တွင် ခရမ်း ရဲဌာနမှ ရဲသားများ လာ၍ ၎င်းကိုဘမ်းပြီး တွဲတေးမြို့ ရဲဌာနသို့ ပို့လိုက်ကြောင်း။ ၎င်းက ဖြောင့်ချက်ပေးလိုကြောင်း ပြောပြရာ၊ ၎င်းအား ရာဇဝတ် တရား သူကြီးထံသို့ပို့၍၊ ၎င်းက ဖြောင့်ချက်ကို ပေးကြောင်း။ ရုံးရှေ့ရှိသေနတ်နှင့် ယမ်းတောင့်များသည်၊ လူသတ်မှု ကျူးလွန်ရာတွင် အသုံးပြုသော [illegible] များ ဖြစ်ကြောင်း လက်ပတ်နာရီမှာ မောင်ကြည်ထွန်းထံမှ ဖြုတ်ယူသော လက်ပတ်နာရီ ဖြစ်ကြောင်း ဖော်ပြဖြောင့်ဆိုသည်။

၁၉၆၄

မောင်မှတ် နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

ဤကဲ့သို့ ဖြောင့်ဆိုချက်ပေးပြီးသည့်နောက်၊ ရုံး၌ ကျမ်းကိုင်၍ အစစ်ခံသည့်အခါ၊ အယူခံတရားလိုက သက်သေခံအမှတ် ၃ (ဃ) ဖြောင့်ချက်ကို ရဲများ ရိုက်နှက်နှိပ်စက်သဖြင့် ပေးရခြင်းဖြစ်ကြောင်း ဖော်ပြဆွက်ဆိုပြီး၊ ၎င်း၏ဖြောင့်ချက်ကို ပြန်လည်ချပ်သိမ်း (Retract) လိုက်၏။ သို့သော် ၎င်းကရဲများရိုက်နှက်နှိပ်စက်သဖြင့် အဆိုပါ ဖြောင့်ချက်ကို ပေးရကြောင်း ပေါ်လွင်အောင် သက်သေအထောက်အထား အလျဉ်း တင်ပြခြင်းမရှိပေ။

အယူခံတရားလို၏ ပညာရှိရွေးနေကြီးက (၁) အယူခံတရားလိုသည် ရဲသားဖြစ်၍ ရဲအရာရှိများသည် ဖြောင့်ဆိုချက်ကို တရားခံထံမှတိုက်ရိုက်နှက်နှိပ်စက်၍ယူလေ့ရှိသည်ကို သိထားနှင့်ပြီး ဖြစ်သဖြင့် ၎င်းကိုယ်တိုင်တရားခံဘဝသို့ ရောက်သည့်အခါ၊ကြောက်လန့်ပြီး ဖြောင့်ချက်ကို ပေးခြင်း ဖြစ်သည်ဟု ယူဆသင့်ကြောင်း။ (၂) အယူခံတရားလိုနှင့် အခြားတရားခံများကို အချုပ်ခန်းတခုထဲ၌ ထားသဖြင့် အခြားတရားခံတို့က သေနတ် ယမ်းတောင့်များနှင့် လက်ပတ်နာရီဘို့ကို ထုတ်ပေါ်ပေးသည်ကို တယူခံတရားလိုက သိရှိပြီး၊ ဖြောင့်ချက်ပေးလျင် ၎င်းအတွက် ပိုမိုရှိကောင်းမည်ဟု ယူဆချက်ဖြင့် ဖြောင့်ချက်ပေးသည်ဟု ယူဆသင့်ကြောင်း လျှောက်လဲ တင်ပြ၏။ သို့သော် အယူခံတရားလိုကိုယ်တိုင်က ရုံး၌အစစ်ခံသည့်အခါတွင်၊ ၎င်း၏ ပညာရှိရွေးနေကြီး တင်ပြသကဲ့သို့ ဖြောင့်ချက်ပေးရခြင်း ဖြစ်ကြောင်း ဖော်ပြခြင်းမပြုသည့်ပြင်၊ ၎င်း၏ ပညာရှိရွေးနေကြီး တင်ပြသည့် အချက်အလက်များကို ထောက်ခံရန် သက်သေခံချက် စိုးစဉ်းမျှ မရှိသဖြင့် ထိုသို့သော လျှောက်လဲ တင်ပြချက်မှာ ပညာရှိရွေးနေကြီး၏ တွေးဆခြင်း (Conjecture) မျှသာဖြစ်၍၊ လက်ခံရန် သင့်လျော်မည်မဟုတ်ပေ။

ပြည်ဆောင်စု မြန်မာနိုင်ငံနှင့် အလှ(ဒေါ်) မောင်လှ (၁) စီရင်ထုံးတွင် "ရာဇဝတ် တရားသူကြီးက ဥပဒေအရ ခေးမှတ်ယူထားသော ဖြောင့်ချက်ကို တရားခံက ပြန်လည်၍ ရုပ်သိမ်းကာမျှဖြင့်၊ ၎င်းအလိုအလျောက် ပေးသော ဖြောင့်ချက် မဟုတ်ဟူ၍ ယူဆရန်မသင့်ကြောင်း" ဆုံးဖြတ်ထားချက်အရ၊ ဖော်ပြခဲ့သည့် အကြောင်းများကြောင့် အယူခံတရားလိုသည်။ သက်သေခံအမှတ် (ဃ) ဖြောင့်ချက်ကို၊ ၎င်းအလိုအလျောက် ပေးသည်ဟု ထင်မြင်ယူဆရပေမည်။

တဖန် အယူခံတရားလို၏ ပညာရှိရွေးနေကြီးက အယူခံတရားလို ပေးသော ဖြောင့်ချက်ကို ဘုရင်မင်းမြတ်နှင့် မောင်လှမောင် (၂) စီရင်ထုံး ဆုံးဖြတ်ထားချက်အရ၊ ယေဘုယျထောက်ခံချက် (General corroboration) နှင့် သီးခြား

(၁) ၁၉၅၈ ခုနှစ်၊ မြန်မာနိုင်ငံ၊ လွှတ်တော်၊ စီရင်ထုံး ၂၉။

(၂) ၁၉၄၆ ခု၊ ရန်ကုန်စီရင်ထုံး၊ ၁၀၂။

၁၉၆၄

မောင်မှုတ် နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

တိကျသော ထောက်ခံချက် (Specific corroboration)များ ရှိရန် လိုအပ်သော်လည်း၊ ယေဘူယျထောက်ခံချက် အလျဉ်းမရှိသည့်ပြင်၊ သီးခြားတိကျသော ထောက်ခံချက် ဖြစ်သည်ဟု ယူဆသော သက်သေခံ ရိုင်ဖယ်သေနတ်၊ ယမ်းတောင့်များနှင့် လက်ပတ်နာရီတို့ကို အယူခံတရားလို ဖြောင့်ချက်မပေးမီက သိမ်းဆီးရမိထားပြီးဖြစ်၍၊ အဆိုပါ ဖြောင့်ချက်ကို ထောက်ခံသည်ဟု ယူဆရန် လျော်ကန်သင့်မြတ်မည် မဟုတ်ကြောင်း လျှောက်လဲ တင်ပြ၏။

အယူခံတရားလို၏ ဖြောင့်ချက်ကို ထောက်ခံသော ယေဘူယျ ထောက်ခံချက် လုံးဝမရှိဟု မဆိုနိုင်ပေ။ ဖြောင့်ချက်တွင် အယူခံတရားလိုက ၎င်းနှင့် မောင်ကံညွန့် မောင်ကျော်မြင့်၊ မောင်ကြည်ထွန်းတို့သည် ကမ်းနားသို့သွား၍၊ အာရကန်သဘော်ဝေါ်၌ ထားဖြတိုက်ရန် တိုင်ပင်ကြသည်ဟု ဖော်ပြသည်ကို မောင်တင်ဦး (လိုပြ ၈)က၊ ၎င်းသည် ကမ်းနား ထမင်းဆိုင်သို့ ဟင်းဝယ်ရန် သွားသည့်အခါ၊ အယူခံတရားလိုနှင့် မောင်ကျော်မြင့်တို့ကို မြင်လိုက်ကြောင်း ထွက်ဆို၍၊ တစိတ်ဘာဒေသအားဖြင့် ထောက်ခံလျက်ရှိပေသည်။

ထို့ပြင် အယူခံတရားလိုက ဖြောင့်ချက်တွင် မောင်ကြည်ထွန်းသည်၊ ရိုင်ဖယ်သေနတ်နှင့် ယမ်းတောင့်များကို ချိန်းဆိုသည့်နေရာသို့ ယူလာသည်ဟု ဖော်ပြသည်ကို မည္သည့်မြို့ (လိုပြ ၇)က မောင်ကြည်ထွန်းသည် ရိုင်ဖယ်သေနတ်နှင့် ယမ်းတောင့်များကိုယူ၍၊ မင်္ဂလာဆောင်သွားမည်ဟု ပြောပြပြီး ထွက်သွားကြောင်း ထွက်ဆို၍ ထောက်ခံသည်။

အယူခံတရားလိုက ဖြောင့်ချက်တွင် မောင်ကံညွန့်သည် မောင်ကြည်ထွန်းအား သေနတ်နှင့်ပစ်ကြောင်း ဖော်ပြသည်ကို သူကြီး ဦးတိုးလင်း (လိုပြ ၄)နှင့် မောင်တင်မြင့် (လိုပြ ၃)တို့က အချင်းဖြစ်သည့်ညတွင် သေနတ်သံကြား၍ နံနက်တွင် မောင်ကြည်ထွန်း၏ အလောင်းကို တွေ့ကြောင်း ထွက်ဆို၍ ထောက်ခံကြ၏။

အယူခံ တရားလိုက ဖြောင့်ချက်တွင် မောင်ကြည်ထွန်းအား ကုန်းဝက်ချောင်းရွာ အနောက်ဘက်တွင် သေနတ်နှင့် ပစ်သတ်သည်ဟု ဖော်ပြသည်ကို ဦးစံထွန်း (လိုပြ ၁) မောင်စောလှိုင် (လိုပြ ၂)၊ မောင်တင်မြင့် (လိုပြ ၃)နှင့် ဦးတိုးလင်း (လိုပြ ၄) တို့က၊ မောင်ကြည်ထွန်း၏ အလောင်းကို ကုန်းဝက်ချောင်းရွာ အနောက်ဘက်တွင် သေနတ်ဒဏ်ရာနှင့်တွေ့ကြောင်း၊ ထွက်ဆို၍ ထောက်ခံကြ၏။

သေနတ်ပစ်သံနှင့် စပ်လျဉ်း၍ အယူခံတရားလို၏ ပညာရှိ ရွေနေကြီးက အယူခံတရားလိုသည် ဖြောင့်ချက်တွင် မောင်ကံညွန့်က မောင်ကြည်ထွန်းအား သေနတ်နှင့် ၂ ချက်ပစ်သည်ဟု ဖော်ပြထားသော်လည်း၊ မောင်တင်မြင့် (လိုပြ ၃) နှင့် သူကြီး ဦးတိုးလင်း (လိုပြ ၄)တို့က အချင်းဖြစ်သည့်ညတွင် သေနတ်သံ တချက်သာ ကြား

၁၉၆၄
မောင်မှတ်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ။

သည်ဟု ထွက်ဆိုကြသဖြင့်၊ အရေးကြီးသည့် ကွဲလွဲချက်မျိုးကြောင်း လျှောက်လဲ တင်ပြ၏။ သို့သော် ညအခါတွင် မည်သည့် အသံကိုမဆို နားစိုက်၍ထောင်မှသာ တိကျစွာကြားသိနိုင်မည်ဖြစ်၏။ အမှတ်တမဲ့နေကတိကျစွာကြားသိနိုင်မည် မဟုတ်ပေ၊ ထို့ကြောင့် အဆိုပါ သက်သေများ ကြားသည်ဟု ဆိုသော သေနတ်သံသည်၊ ဒုတိယ အကြိမ်ပစ်သည့် သေနတ်သံဖြစ်နိုင်ပေသည်။ မည်သို့ပင်ဖြစ်စေ၊ ထိုမျှလောက်သော ကွဲလွဲချက်သည်၊ ဖြောင့်ချက်ကို ပျက်ပြယ်အောင် စွမ်းဆောင်နိုင်သည့် အရေးကြီးသော ကွဲလွဲချက် ဖြစ်သည်ဟုယူဆရန် သင့်လျော်မည် မဟုတ်ပေ။

သီးခြား တိကျသေချာသော ထောက်ခံချက် (Specific corroboration) နှင့် ပတ်သက်၍၊ တရားလိုဘက်မှ သက်သေခံ ရိုင်ဖယ်သေနတ် ယမ်းတောင့်များနှင့် လက်ပတ်နာရီတို့ကို တင်ပြ၏။ သက်သေခံ ရိုင်ဖယ်သေနတ်နှင့် ယမ်းတောင့်များကို တရားခံ မောင်ကံညွန့်နှင့် မောင်စိုးမောင်တို့ထံမှ သိမ်းဆီးရမိ၍ သက်သေခံလက်ပတ်နာရီကို တရားခံ မောင်ကျော်မြင့် ညွှန်ပြချက်အရ မအေးကြည် (လိုပြ ၉)ထံမှ သိမ်းဆီးရမိ၏။

အယူခံတရားလိုက ဖြောင့်ချက်တွင် သက်သေခံ လက်ပတ်နာရီကို မောင်ကြည်ထွန်းထံမှ ဖြုတ်ယူ၍ တရားခံ မောင်ကျော်မြင့်အား ပေးသည်ဟု ဖေါ်ပြသည်ကို မအေးကြည် (လိုပြ ၉)က၊ တရားခံ မောင်ကျော်မြင့်သည် ၎င်းအား၊ သက်သေခံ လက်ပတ်နာရီကို သိမ်းထားရန် ပေးထားကြောင်း ထွက်ဆို၏ ထောက်ခံ၏။

အယူခံတရားလိုက ဖြောင့်ချက်တွင် သက်သေခံ ရိုင်ဖယ်သေနတ်နှင့် ယမ်းတောင့်များကို မောင်ကြည်ထွန်းထံမှ ယူ၍၊ ရိုင်ဖယ်သေနတ်ကို မောင်ကံညွန့်အားပေး၍ ယမ်းတောင့်များကို မောင်ကျော်မြင့်အား ပေးကြောင်း ဖေါ်ပြသည်ကို အဆိုပါ ရိုင်ဖယ်သေနတ်နှင့် ယမ်းတောင့်များကို မောင်ကံညွန့်ထံမှ သိမ်းဆီးရမိကြောင်း၊ ဦးစိန်ဖေ (လိုပြ ၁၇)က သက်သေခံအမှတ် (ခ) ရှာဖွေပုံစံအရ ထွက်ဆို၍ထောက်ခံ၏။

အယူခံတရားလို၏ ပညာရှိရွှေနေကြီးက အယူခံတရားလိုသည် ဖြောင့်ချက်တွင် ရိုင်ဖယ်သေနတ်နှင့် ယမ်းတောင့်များကို ကုက္ကိုပင်အနီး ကမ်းစပ်၌ မြုပ်ထားသည်ဟု ဖေါ်ပြထားသော်လည်း၊ ၎င်းတို့ကို အဆိုပါနေရာတွင် မတွေ့ဘဲ တရားခံ မောင်စိုးမောင်၏ အိမ်အနီးတွင် တွေ့သဖြင့် အလွန်အရေးကြီးသော ကွဲလွဲချက်ဖြစ်ကြောင်း လျောက်လဲ တင်ပြ၏။ သက်သေခံ ရိုင်ဖယ်သေနတ်နှင့် ယမ်းတောင့်များကို တရားခံ မောင်ကံညွန့်က ညွှန်ပြသဖြင့် တရားခံ မောင်စိုးမောင်၏ အိမ်အနီး၌ တွေ့ရှိသည်ကို ထောက်ခံလျှင်၊ တရားခံ မောင်ကံညွန့်သည် ရိုင်ဖယ်သေနတ်နှင့် ယမ်းတောင့်များကို မူလ

၁၉၆၄

မောင်မှတ် နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

မြုပ်ထားသည့်နေရာတွင်နှိုက်ဆက်လက်၍ထားရန် စိတ်မချသဖြင့် သွားရောက်တူးဖော်၍ယူပြီး၊ မောင်စိုးမောင်၏ အိမ်အနီးဥ၌ ရွှေပြောင်း၍မြုပ်ထားခြင်း ဖြစ်သည်ဟု ဆိုရပေမည်။ မည်သို့ပင်ဖြစ်စေ၊ ဖြောင့်ချက်တွင် ဖော်ပြထားသည့် မောင်ကြည်ထွန်း၏ ရိုင်ဖယ်သေနတ်သည်၊ နံပါတ်အမှတ်အသားအားဖြင့် သက်သေခံရိုင်ဖယ်သေနတ်ဖြစ်ကြောင်း ပေါ်ပေါက်သဖြင့် ဖြောင့်ဆိုချက်ကို ယောက်ခံလျှင်ဖို့၏။

အယူခံတရားလို၏ ပညာရှိ ရွှေနေကြီးက၊ သက်သေခံ ရိုင်ဖယ်သေနတ်၊ ယမ်းတောင့်များနှင့် လက်ပတ်နာရီတို့ကို၊ ရဲအရာရှိ သိမ်းဆီးရမိ ပြီးသည့်နောက်မှ၊ အယူခံတရားလိုက ဖြောင့်ချက်ပေးသဖြင့်၊ သက်သေခံ ရိုင်ဖယ်သေနတ်၊ ယမ်းတောင့်များနှင့်လက်ပတ်နာရီတို့သည်၊ ဖြောင့်ချက်ကို ထောက်ခံခြင်း ပြုသည်ဟု ယူဆရန် မဖြစ်နိုင်ကြောင်း၊ လျှောက်လဲတင်ပြပြန်၏။

ဟင်(မ်)ရတ်(ဂျ်)နှင့် အပ်(ဂျ်)မာပြည်။(၃) စီရင်ထုံးတွင်—

"The contention that the confession cannot be corroborated by the use of matrials already in the possession of the police is devoid of force. A confession made and recorded even during a trial can be corroborated by the evidence already recorded. It may be made and recorded in the Court of Committing Magistrate, and materials already in the possession of the police may be used for the purpose of corroboration. . . ."

ဟူ၍ဆုံးဖြတ်ထားချက်အရ၊ သက်သေခံ ရိုင်ဖယ် သေနတ်၊ ယမ်းတောင့်များနှင့် လက်ပတ်နာရီတို့သည်၊ ဖြောင့်ချက်ကို သီးခြား တိကျစွာ ထောက်ခံနိုင်သဖြင့် အယူခံတရားလို၏ ပညာရှိရွှေနေကြီး လျှောက်လဲတင်ပြချက်ကို၊ လက်မခံနိုင်ဘဲ ပယ်ရချေမည်။

အယူခံတရားလို၏ ပညာရှိ ရွှေနေကြီးက၊ အယူခံ တရားလိုသည် ဖြောင့်ချက်တွင်၊ (၁) မောင်ကြည်ထွန်း၏ သေနတ်ကို လုယူပြီး၊ ထားပြတိုက်မည်ဟု ဘော်ပြထားပါလျက်၊ မောင်ကြည်ထွန်းကို သတ်၍၊ သေနတ်နှင့် ယမ်းတောင့်များကို လုယူပြီး ထားပြမတိုက်ဘဲ၊ သေနတ်နှင့် ယမ်းတောင့်များကို ငှက်ထားခြင်း၊ (၂) အယူခံတရားလိုက မောင်ကြည်ထွန်းအား၊ ထားပြသွားတိုက်ရန် အကြောင်း ပြောပြသည့်အခါ၊ ၎င်းက သေနတ်နှင့် ယမ်းတောင့်များ ယူလာသဖြင့်၊ ထားပြတိုက်ရန် အဆင်သင့်ရှိနေပါလျက်၊ ထားပြမတိုက်ဘဲ၊ မောင်ကြည်ထွန်းကို သတ်၍ သေနတ်နှင့် ယမ်းတောင့်များကို လုယူခြင်း၊ (၃) အယူခံ တရားလိုသည်၊ မောင်ကြည်ထွန်းအား

(၃) (1945) V. Supreme Court Reports. 1133.

၁၉၆၄

မောင်မှတ် နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

သတ်ခြင်းအားဖြင့်၊ သေနတ်နှင့် ယမ်းတောင့်များကို ရမည်ဖြစ်သော်လည်း၊ ၎င်းတို့ မည်သို့မျှ အကျိုးခံစားခွင့် ရှိမည်မဟုတ်သည်ကို သိလျက်နှင့် ပြုလုပ်ခြင်း စသည် တို့ကိုထောက်ရှုဆင်ခြင်လျှင်၊ ဖြောင့်ချက်တွင် ဘော်ပြထားသည့် အကြောင်းအရာ များမှန်ကန်သည်ဟုယူဆရန်၊ မဖြစ်နိုင်ကြောင်း လျှောက်လဲ တင်ပြသည်ကို စဉ်းစား ဆင်ခြင်ရာ၊ ပညာရှိရွှေနေကြီး၏ လျှောက်လဲတင်ပြချက်သည်၊ အထောက်အထား မရှိဘဲ၊ မှန်းဆတွေးခေါ်ခြင်း (Conjecture) မျှသာ ဖြစ်သည်ဟု ယူဆပြီး၊ လက်မခံနိုင်ဘဲ ပယ်ရချေမည်။

အချုပ်အားဖြင့်၊ အယူခံ တရားလို ပေးသော သက်သေခံ အမှတ် (၈) ခဖြောင့်ချက်တွင်၊ ဘော်ပြထားသည့် အကြောင်း အရာများသည် လုံလောက်သော အထောက်အထားများ ရှိနေသဖြင့်၊ မှန်ကန်သည်ဟု ယူဆပြီး၊ ပြည်ထောင်စု မြန်မာ နိုင်ငံနှင့် အလု (ခေါ်) မောင်လှ (၁) စီရင်ထုံး ဆုံးဖြတ်ထားချက်အရ၊ အယူခံ တရားလိုအား၊ ၎င်း၏ ဖြောင့်ချက်အပေါ် အမှီသဟဲ အခြေခံပြု၍၊ သက်ဆိုင်သည့် ရာဇသတ်ကြီး ဥပဒေပုဒ်မ တခုခုဖြင့်၊ အပြစ်ပေးရချေမည်။

အယူခံတရားလိုသည်၊ ၎င်း၏ ဖြောင့်ချက် အရ၊ မူလကနဦးကပင်၊ မောင်ကံညွန့်၊ မောင်ကျော်မြင့်တို့နှင့် ထားပြတိုက်ရန် အတွက်၊ သေနတ်ရရှိရန်၊ မောင်ကြည်ထွန်းကို သတ်၍၊ ၎င်း၏ သေနတ်နှင့် ယမ်းတောင့်များကို၊ လုယူမည်ဟု အကြံတူ (Common intention) ကို ပြုလုပ်ကြောင်း၊ ထိုအကြံတူကို အထမြောက်စေရန် ရည်ရွယ်၍၊ ပြစ်မှုမြောက်သော ပြုလုပ်မှုကို ပြုလုပ်ကြောင်း၊ (၀၂) အယူခံတရားလိုသည်၊ မောင်ကံညွန့်၊ မောင်ကျော်မြင့်တို့နှင့်အတူ၊ မောင်ကြည်ထွန်းကို လှည့်ဖြား သွေးဆောင်၍ ခေါ်လာပြီး၊ ကုန်းဘက်ချောင်းရွာ အနောက်ဘက် လယ်ကွင်းထဲတွင်၊ လဘက်ဖြင့် နတ်တင်ရန်ဟန်ဆောင်၍၊ မောင်ကြည်ထွန်းထံမှ သေနတ်နှင့် ယမ်းတောင့်များကို ယူပြီး၊ သေနတ်ကို မောင်ကံညွန့်အားပေး၍၊ ယမ်းတောင့်များကို မောင်ကျော်မြင့် အားပေးပြီး၊ ၎င်းနှင့် မောင်ကြည်ထွန်း၊ မောင်ကျော်မြင့်တို့က ရှေ့တန်း၌ထိုင်၍ နေစဉ်၊ မောင်ကံညွန့်က၊ မောင်ကြည်ထွန်း၏ ဦးခေါင်းသို့၊ သေနတ်နှင့် ပစ်သတ် ကြောင်း ပေါ်လွင်သည်ဟု ယူဆရန် ဖြစ်သဖြင့်၊ အကယ်၍ မောင်ကံညွန့်က မောင်ကြည်ထွန်းအား၊ သေနတ်နှင့် ပစ်ကြောင်း လုံလောက်သော သက်သေခံချက် ရှိခဲ့လျှင်၊ ၎င်းသည် ရာဇသတ်ကြီးပုဒ်မ ၃၀၂ (၁)(ဂ) အရ၊ ပြဋ္ဌာန်းထားသည့် ပြစ်မှုကိုကျူးလွန်၍၊ မောင်ကျော်မြင့်သည် ၎င်းအပေါ်၌ လုံလောက်သော သက်သေ ခံချက်ရှိခဲ့လျှင်၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂(၁)(ဂ)/၃၄ အရ၊ ပြဋ္ဌာန်းသည့် ပြစ်မှုကို ကျူးလွန်ပြီး၊ အယူခံ တရားလိုက ၎င်း၏ ဖြောင့်ချက်အရ၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂(၁)(ဂ)/၃၄ အရ၊ ပြစ်မှုကိုကျူးလွန်သည်ဟု ယူဆရပေမည်။ သို့သော်၊

၁၉၆၄
မောင်မှတ် နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

တရားခံ မောင်ကံညွန့် အပေါ် လုံလောက်သော သက်သေခံချက်များ မရှိသဖြင့်၊ ၎င်းအားရာဇသတ်ကြီးပုဒ်မ ၃၀၂(၁)(ဂ) အရ၊ အပြစ်မပေးနိုင်ဘဲ၊ ၎င်းဥပဒေ ပုဒ်မ ၄၁၄ အရသာ အပြစ်ပေးနိုင်ခဲ့၏။ မောင်ကျော်မြင့်အားလည်း၊ လုံလောက် သောသက်သေခံချက်များ မရှိသဖြင့်၊ မောင်ကံညွန့်ကဲ့သို့ပင်၊ အပြစ်ပေးခဲ့ရ၏။ အယူခံ တရားလိုမှာမူကား၊ ဘော်ပြခဲ့သည့် အကြောင်းများကြောင့်၊ ၎င်း၏ဖြောင့်ချက်အရ၊ အပြစ်ပေးရန် ဖြစ်၍၊ ၎င်းအား ရာဇသတ်ကြီး ပုဒ်မ ၃၀၂(၁)(ဂ)/၃၄ အရ၊ ပြစ်မှုကို ကျူးလွန်သည်ဟု ယူဆပြီး အပြစ်ပေးရခေါမည်။

မောင်ဟန်မောင် (ခေါ်) မောင်စံမောင်နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ (၄) စီရင်ထုံးတွင်—

> "လူသတ်မှု တခုတွင်၊ ကြံရာပါ ၃ ဦးအနက်၊ ၂ ဦးကို တရားသေလွှတ်ပြီး၊ ကျန်ရှိသူ လျှောက်ထားသူအား ရာဇသတ်ကြီး ပုဒ်မ ၃၄ နှင့်တွဲပြီး၊ ပုဒ်မ ၃၀၂ အရ ပြစ်မှုထင်ရှား စီရင်ခြင်း မပြုနိုင်ခဲ့။ အကြောင်းသော်ကား တဦးထက်ပိုသော သူများသည်၊ မိမိတို့ အကြံတူတခုကို၊ အထမြောက်စေရန် ရည်ရွယ်၍၊ ပြစ်မှုကျူးလွန်သည့် အခါသာလျှင်၊ ရာဇသတ်ကြီး ပုဒ်မ ၃၄ တွင် အကျုံးဝင်လေသည်"

ဟူ၍ဆုံးဖြတ်ထားချက်အရ၊ ဤအမှုကို စဉ်းစား ဆင်ခြင်ရာ၊ ထိုအမှုတွင် ကြံရာပါ ၃ ဦးအနက်၊ ၂ ဦးကို သက်သေခံချက်များအရ၊ ပြစ်မှုကျူးလွန်ကြောင်း မထင်ရှား သဖြင့်၊ တရားသေလွှတ်၍၊ ကျန်တဦးကိုသက်သေခံချက်များအရ၊ ရာဇသတ်ကြီး ပုဒ်မ ၃၄ နှင့်တွဲ၍၊ ၎င်းဥပဒေပုဒ်မ ၃၀၂/၃၄ အရ၊ အပြစ်ပေးခြင်းဖြစ်၏။ ဤအမှုတွင်၊ ကြံရာပါ ၃ ဦးရှိသော်လည်း၊ ၂ ဦးအပေါ်တွင် ဖြောင့်ချက်သော်၎င်း၊ အခြားသက်သေခံချက်များသော်၎င်း မရှိဘဲ၊ သက်သေခံ ရိုင်ဖယ် သေနတ်၊ ယမ်းတောင့်များနှင့် လက်ပတ်နာရီများသာ ရှိသဖြင့်၊ အယူခံတရားလို၏ ဖြောင့်ချက်ကို၊ ၎င်းတို့အပေါ် အဓိကသက်သေခံချက်အနေဖြင့်အသုံးမပြုနိုင်သောကြောင့်၊ ၎င်းတို့အား၊ ဤအမှုမှလုံး၀ တရားသေ လွှတ်ခြင်း မဟုတ်ဘဲ၊ ရာဇသတ်ကြီး ပုဒ်မ ၃၀၂ အရ အပြစ်ပေးခြင်းဖြစ်ပြီး၊ အယူခံတရားလိုအား ၎င်း၏ဖြောင့်ချက်အရ၊ အပြစ်ပေးရ ခြင်းဖြစ်သည့်အတွက်၊ အထက်ဘော်ပြပါ စီရင်ထုံးကို၊ ဤအမှုတွင် အယူခံတရားလို အတွက်၊ လိုက်နာကျင့်သုံးရန် လျော်ကန်သင့်မြတ်မည်မှုမဟုတ်ပေ။

အယူခံတရားလိုက၊ ဤပြစ်မှုကို ကျူးလွန်ရကြောင်း၊ သက်သေခံ အမှတ် (ဃ) ဖြောင့်ချက်ကို၊ ရဲများရိုက်နှက် နှိပ်စက်သဖြင့် ပေးရကြောင်း အချင်းဖြစ်သည့်

(၄) ၁၉၅၉ ခုနှစ်၊ မြန်မာနိုင်၊ လွှတ်တော်ချုပ်စီရင်ထုံး၊ ၁၂၅။

၁၉၆၄

မောင်မှတ် နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

အခါတွင်၊ ၎င်းသည် ခရမ်းမြို့အပိုင်၊ စာမံကြီးရွာတွင် ရှိနေကြောင်း ဘော်ပြသုခြေရှု၊ သက်သေများ တင်ပြစစ်ဆေးခဲ့၏။ ဦးဘိုးကြွယ် (ခံပြ ၁၁) က အယူခံ တရားလိုကို၊ စာမံကြီးရွာတွင် တွေ့ကြောင်းထွက်ဆိုရှု၊ ကိုချစ် (ခံပြ ၁၂) က၊ အယူခံတရားလိုသည် စာမံကြီးရွာသို့ တခါတခါ ပြန်လာလေ့ရှိကြောင်း ထွက်ဆိုသော်လည်း၊ ရက်လန့်ကို အတိအကျ မပြောနိုင်သဖြင့်၊ အယူခံတရားလို၏ (အလီဘိုင်) ထုချေချက်ကို၊ ခိုင်လုံစွာ ထောက်ခံသည်ဟု မဆိုသာချေ။

အယူခံတရားလို၏ ပညာရှိ ရှေ့နေကြီးက၊ ဤအမှုတွင် ဖြောင့်ချက်အရ၊ တကယ် အမှန် မောင်ကြည်ထွန်းအား၊ သေနတ်နှင့် ပစ်သတ်သော တရားခံ မောင်ကံညွန့်က သေဒဏ် အပြစ်ပေးခြင်းမှ လွတ်မြောက်ရှု၊ မောင်ကြည်ထွန်းအား သေနတ်နှင့် ပစ်သတ်ခြင်း မဟုတ်သော အယူခံ တရားလိုက၊ သေဒဏ် အပြစ်ကျခံနေရသည်မှာ၊ နစ်နာလွန်းသဖြင့်၊ သက်ညှာထောက်ထားရှု ကြီးလေးသော သေဒဏ် အပြစ်ကို လျော့ပေါ့ပြီး၊ သေးငယ်သော တသက်တကျွန်း ဒဏ်သို့ ပြောင်းလဲပေးရန် လျှောက်လဲတင်ပြသေး၏။

ဤရုံးက ဥပဒေအရ၊ အမိန့်ချမှတ်ရန် ဖြစ်ရှု၊ ရာဇသတ်ကြီး ပုဒ်မ ၃၀၂(၁)(ဂ)/၃၄ အရ၊ အပြစ်ပေးခံရသော အယူခံ တရားလိုအား၊ သေဒဏ်မှလွဲရှု အခြားအပြစ်ဒဏ်ကို မပေးနိုင်သဖြင့်၊ အယူခံ တရားလို၏ ပညာရှိ ရှေ့နေကြီး လျှောက်ထားအသနားခံချက်သည် ဤရုံး သက်ညှာနိုင်သည့် တရားစီရင်ရေး အာဏာအပြင်ဘက်တွင် (Beyond the pale of judicial mercy) ကျရောက်ရှု၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေး အစိုးရ၏ သက်ညှာနိုင်သော အာဏာစက် (Prerogative of mercy) အတွင်း ကျရောက်ခြင်း ဖြစ်ကြောင်း ဘော်ပြပြီး၊ အယူခံတရားလို၏ လျှောက်ထား အသနားခံချက်ကို ပယ်ရခြေမည်။

အထက်ဖော်ပြပါ အကြောင်းများကြောင့်၊ အယူခံ တရားလို အပေါ်၊ အောက်ရုံး ချမှတ်သော ပြစ်မှုထင်ရှား စီရင်ချက်နှင့် အပြစ်ဒဏ်ကို၊ ဝင်ရောက်စွက်ဘက်ရန် အကြောင်းမမြင်သဖြင့်၊ အတည်ပြုရှု၊ ၎င်း၏ အယူခံကို ပလပ်ရန် အမိန့်ချမှတ်လိုက်သည်။

ရာဇဝတ်အယူခံမှု

တရားသူကြီးဦးစောဘသိန်း၏ ရှေ့မှောက်ဘွင့်

မောင်လှအောင် (အယူခံတရားလို)

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ (အယခံတရားခံ)*

† ၁၉၆၄
စက်တင်ဘာလ
၇ ရက်။

လူသတ်မှု ရာဇသတ်ပုဒ်မ ၃၀၂ (၂)—သေသူ၏ သေခါနီးဘုတ်ဖော်ပြောဆိုချက်နှင့်မျက်မြင်သက်သေတဦး၏ ထွက်ချက်အပေါ်၌ အခြေပြု၍ အပြစ်ပေးနိုင်ခြင်း။

အယူခံတရားလိုသည် ၎င်း၏ သမီးရည်းစားဖြစ်ခဲ့သူ၊ သေသူအားခါးဖြင့်ထိုးခဲ့သည်ဟု ယူဆသဖြင့် အောက်ခံဂိုးကပုဒ်မ ၃၀၂ (၂) အရ၊ အပြစ်ပေးခဲ့လေသည်။ ထိုသို့ဆုံးဖြတ်ချက်၌သေသူသည်၊ အယူခံတရားလိုအား အမည်ဖော်၍မသေမီတွင် "နင်ဒါလောက် ရက်စက်သလား" ဟပြောခဲ့သောအချက်နှင့် ထိုသို့ ပြောခြင်းကို သေသူအနားရှိသက်သေအချို့သမီးကဒလးတဦးက ကြားသည်ဟူသော အချက်တို့ကို အခြေပြု၍ ဆုံးဖြတ်ခဲ့လေသည်။

အယူခံတရားလိုက တရားရုံးချုပ်သို့ အယူခံဝင်ရာတွင်—

ဆုံးဖြတ်ချက်။ ။သေသူတဦး၏ သေခါနီးမှကဲ့သဖြင့်ပြောဆိုချက် (declaration) ကို ခရေစိတွင်းကျ လေ့လာစီစစ်ရန် လိုအပ်သည်။

ကျင်ဟုတ် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ၊ ၁၉၄၉ ခုနှစ်၊ မြန်မာနိုင်ငံတရားလွှတ်တော်စီရင်ထုံး ၁၅၄။

ဘုရင် နှင့် မောင်ဘိုးသိန်း၊ အေးအိုင်၊အာ(ရ်)၊ ၁၉၃၆ ခုနှစ်၊ ရန်ကုန်စီရင်ထုံး ၂၀၂။

ကျိကေမာရသာ နှင့် ဘုရင်ကေဆုဇင်၊ အေးအိုင်၊အာ(ရ်)၊ ၁၉၄၅ ခုနှစ်၊ နတ်ပူစီရင်ထုံး ၁၅၃။

ခရွာ(လ်)ရောင်းနှင့်ဘုံဘိုင်ပြည်နယ်၊ အေးအိုင်၊အာ(ရ်)၊ ၁၉၅၀ ခုနှစ်၊ တရားလွှတ်တော်ချုပ် ၂၂၊ တို့ကိုရည်ညွှန်းသည်။

သေသူသည် အယူခံတရားလိုနှင့် သမီးရည်းစားဖြစ်ခဲ့၍ ၎င်းအား ကောင်းစွာ သိကျွမ်းလျက်ရှိပေမည်။ အချင်းဖြစ်သည့်နေ့ရာမှာ လယ်ကွင်းဖြစ်ပြီးအချင်းဖြစ်သည့်အချိန်တွင် ကြယ်အသင်းဆောင်ရှိနေသောကြောင့် သိကျွမ်းသူဟူ တဒယာက်နှင့်တဒယာက် နီးကပ်စွာရှိလျှင် မြင်နိုင်မည်ဖြစ်၏။

---

* ၁၉၆၄ ခုနှစ်၊ ရာဇဝတ် အယူခံမှုအမှတ် ၁၄၇။

† ၁၉၆၄ ခုနှစ်၊ ရာဇဝတ်မူကြီးအမှတ် ၂ တွင် ချမှတ်သော ၁၉၆၄ ခုနှစ်၊ မေလ ၂၀ ရက်နေ့စွဲပါ၊ သထုံမြို့ အထူး တရားသူကြီး၏ အမိန့်ကို အယူခံမှု။

၁၉၆၄

မောင်လှအောင်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ။

ထို့ပြင် သက်သေအမျိုးသမီးကလေးမှာအသက် ၁၆ နှစ်ရှိနေသဖြင့် ၎င်းသည်ကလေးသက်သေ မဟုတ်ဘဲ၊ လူကြီးသက်သေဖြစ်သည်။ ထို့သက်သေကလည်း အယူခံ တရားလိုနှင့် သိကျွမ်းသဖြင့် ကြယ်အလင်းရောင်ဖြင့်မြင်သိမှတ်နိုင်သည်။

ပြည်ထောင်စုပြန်မာနိုင်ငံ နှင့် ဦးလှထွန်းမြို့၊ 1985 B.L.R. (S.C.), 160.
မောင်ရွှေ နှင့် ပြည်ဆောင်စုမြန်မာနိုင်ငံ၊ 1960 B.L.R. (H.C.) 243.
ဗွာဒီဗွေလူထေဝါ နှင့် မဒရတ်ပြည်၊ 1957 A.I.R. (S.C.) 614.
အန်ဂျီ နှင့် ပြည်နယ်၊ 70 Madras, L.W. 1012 တို့ကိုရည်ညွှန်းသည်။

အယူခံ တရားလိုအတွက်။ ။ရွှေနေကြီး ဦးလှဖေ (၂)။

အယူခံ တရားခံအတွက်။ ။အဝိုးရရွှေနေကြီး ဦးမြရှိန်။

တရားသူကြီး ဦဝေဘသိန်း။ ။အယူခံ တရားလို မောင်လှအောင်က၊ သထုံမြို့၊ အထူး တရားသူကြီးရုံး၊ ၁၉၆၄ ခုနှစ်၊ ရာဇဝတ်ကြီးမူအမှတ် ၂ တွင် ၎င်းအပေါ် ရာဇသတ်ကြီးပုဒ်မ ၃၁၂ (၂) အရ၊ အပြစ်ပေးရှိ တသက်တာကျွန်းဒဏ် ကျခံစေရန် ရာဇသတ်ကြီးပုဒ်မ ၃၂၆ အရ အပြစ်ပေးရှိ အလုပ်ကြမ်းနှင့် ထောင်ဒဏ် (၁၀) နှစ် ကျခံစေရန်၊ အဆိုပါ ပြစ်ဒဏ် ၂ ရပ်တပါတည်း ကျခံစေရန် အမိန့်ချမှတ်လိုက် သည်ကို မကျေနပ်သဖြင့်၊ ဤရုံးသို့ အယူခံဝင်ရာတွင်၊ ၎င်း၏ ပညာရှိ ရွှေနေကြီး လျောက်လဲတင်ပြသော အဓိက အယူခံ အကြောင်းပြချက်များမှာ—

(၁) အောက်ရုံးက၊ အယူခံတရားလိုအား၊ သေသူ မစန်းမြင့်၏ သေခါနီး မြွက်ဟဆုတ်ဘော် ပြောဆိုချက်အပေါ် အမှီပြု၍ အပြစ်ပေးသည်မှာ မှားယွင်းကြောင်း၊

(၂) အောက်ရုံးက အယူခံ တရားလိုအား၊ တဦးတည်းသော ၁၃ နှစ်ရွယ် ကလေးပမာနုနယ်ပျိုပြစ်သူ မလှသိန်း၏ အစစ်ခံချက်အပေါ် အခြေခံ ပြု၍ အပြစ်ပေးသည်မှာ မှားယွင်းကြောင်း၊

(၃) အောက်ရုံးက အယူခံ တရားလိုအား၊ အကြောင်းအားလျော်စွာ ပေါ် ပေါက်လာသည့် သံသယအကျိုးကို ပေးရန်ဖြစ်ပါလျက် မပေးဘဲ အပြစ်ပေးသည်မှာ မှားယွင်းကြောင်း။

(၄) အောက်ရုံးက အယူခံတရားလိုအား ပေးသောအပြစ်ဒဏ်သည် အတိုင်း ထက်အလွန် ပြင်းထန်လွန်းကြောင်း

ဟူ၍ဖြစ်၏။

ပဌမ အယူခံ အကြောင်းပြချက်နှင့် စပ်လျဉ်း၍ မလှသိန်း (လို့ပြော-၃) က ၎င်းနှင့် မစန်းမြင့်ကို၊ လူဆိုးတယောက်က၊ တဲအောက်ကို ဆွဲခေါ်သွားပြီးကိုင်ထားစဉ်

၁၉၆၄
မောင်လှအောင်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ။

မစန်းမြင့်က "လှအောင်ရယ်၊ နင်ဒါလောက် ရက်စက်သလား" ဟုအော်၍ ပြော ကြောင်း ထွက်ဆို၍၊ ၎င်း၏ မိခင် ဒေါ်သူ (လိုပြ-၄) နှင့် ဦးမဲ့ (လိုပြ-၁) တို့ကလည်း မစန်းမြင့်နှင့် မလှသိန်းတို့ကို လူဆိုးဆဲခေါ်သွားပြီးခဏတွင်း၊ မစန်းမြင့်က "လှအောင်ရယ်၊ နင်ဒါလောက်တောင် ရက်စက်သလား" ဟု အော်ပြောသံကို ကြားရကြောင်း ထွက်ဆို၍၊ မလှသိန်းအား ထောက်ခံကြသည်။ ၎င်သက်သေတို့သည် အယူခံ တရားလို ကား၊ မြန်လှန်မေးခွန်းထုတ်၍ မေးမြန်းပါသော်လည်း၊ အယူခံ တရားလိုအပေါ်၊ မဟုတ်မမှန် ကြံဖန်လည်ဆယ်၍ ထွက်ဆိုရန် အကြောင်း စိုးစဉ်းမျှ ပေါ်လွင်ခြင်း မရှိသည်ကိုတွေ့ရသဖြင့်၊ ၎င်းတို့သည် ဟုတ်တိုင်း မှန်ရာကိုသာ ထွက်ဆိုကြသည်ဟု ယူဆရပေမည်။ ထို့ကြောင့်သေသူမစန်းမြင့်သည်မသေမီ ၎င်းအား "မောင်လှအောင်က၊ ရက်စက်စွာပြုလုပ်ကြောင်း" မြွက်ဟဆုတ်ဘော်ပြောဆိုသည်ဟု ထင်မြင်ယူဆသည်။

ကျင်ဟုတ်နှင့် မြည်ဆောင်စု မြန်မာနိုင်ငံ (၁) စီရင်ထုံးတွင်—

> "Denunciation made by a deceased person should be treated with caution. Three essential points should be borne in mind—(1) danger of perjury fabricating declarations, the truth or falsity of which it is impossible to ascertain; (2) danger of letting in incomplete statement; (3) the experienced fact that implicit reliance cannot in all cases be placed on the declaration of a dying person."

ယူ၍ သော်၎င်း၊ ဘုရင် နှင့် မောင်ဘိုးသီ (၂) စီရင်ထုံးတွင်—

> "It is of course a fact that for an accused person to be convicted on a dying deposition alone, the Court must be satisfied that the dying deposition bears all the marks of truth, and it must be examined with care remembering that the statement is an *ex-parte* statement made as a rule in the absence of the accused without the accused having any chance of cross-examining the person who made it, but where the Court is satisfied that the man who made the dying deposition had a good opportunity of recognizing the person who attacked him, that he did recognize him, and that he was telling

(၁) ၁၉၄၉ ခုနှစ်၊ မြန်မာနိုင်ငံ တရားလွှတ်တော် စီရင်ထုံး။
(၂) အေအိုင်အာ(ရ်)၊ ၁၉၃၆ ခုနှစ်၊ ရန်ကုန်စရင်ထုံး ၂၀၂။

၁၉၆၄

မောင်လှအောင်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ။

the truth when he made his dying deposition, a conviction be passed solely on such dying deposition."

ဟူ၍ သော်ငင်း၊ ကျိ-ကေ မာရသာ နှင့် ဘုရင်ကရာဇ် (၃) စီရင်ထုံးတွင်—

"If the Court, after taking into everything into consideration, is convinced that the dying declaration is true, it is its duty to convict, notwithstanding that there is no corroboration in the true sense."

ဟူ ၍သော်ငင်း၊ ခုရွာလ်ရောင်း နှင့် ဘုံဘိုင်ပြည်နယ် (၄) စီရင်ထုံးတွင်—

"It cannot be laid down as an absolute rule of law that a dying declaration cannot form the sole basis of conviction unless it is corroborated; each case must be determined on its own facts keeping in view the circumstances in which the dying declaration was made; it cannot be laid down as a general proposition that a dying declaration is a weaker kind of evidence than other pieces of evidence; a dying declaration stands on the same footing as any other piece of evidence, and has to be judged in the light of surrounding circumstances and with reference to the principles governing the weighing of evidence;.....and in order to test the reliability of a dying declaration, the Court has to keep in view the circumstances like the opportunity of the dying man for observation, whether the capacity of the man to remember the facts stated, had not been impaired at the time he was making the statement by circumstances beyond his control; that the statement has been consistant throughout if he had several opportunities of making a dying declaration apart from the official record of it; and that the statement had been made at the earliest opportunity, and was not the result of tutoring by interested parties."

ဟူ၍သော်ငင်း၊ ဆုံးဖြတ်ထားချက်အရ၊ သေသူ မစန်းမြင့်၏သေခါနီး မြွက်ဟထုတ်ဖော်ပြောဆိုချက် (declaration) ကို ခရေစိတွင်းကျ လေ့လာစီစစ်ရန်၊ လိုအပ်ပေသည်။

(၃) အေးအိုင်းအာ(ရ်)၊ ၁၉၄၅ ခုနှစ်၊ နတ်ပူစီရင်ထုံး ၁၅၅။
(၄) အေးအိုင်းအာ(ရ်)၊ ၁၉၅၀ ခုနှစ်၊ တရားလွှတ်တော်ချုပ် ၂၂။

၁၉၆၄

မောင်လှအောင် နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

မလှသိန်း (လိုပြ-၃) နှင့် မဒေရင် (လိုပြ-၈) တို့၏ အစစ်ခံချက်အရ၊ သေသူ မစန်းမြင့်သည် အယူခံ တရားလို မောင်လှအောင်နှင့် သမီးရည်းစားဖြစ်၍၊ ၎င်းသည် မောင်လှအောင်အား၊ ကောင်းစွာ သိကျွမ်းလျက်ရှိပေမည်။

အချင်းဖြစ်သည့်အချိန်မှာ၊ ညသန်းခေါင်ကျော်ဖြစ်၍၊ အချင်းဖြစ်သည့်နေရာမှာလည်း လယ်ကွင်းထဲ၌ ဖြစ်သဖြင့်၊ လအလင်းရောင်မရှိသော်လည်း၊ ကြယ်အလင်းရောင်ရှိနေသောကြောင့်၊ သိကျွမ်းသူတို့ တယောက်နှင့်တယောက် နီးကပ်စွာရှိလျှင်၊ မြင်သိနိုင်မည်ဖြစ်ကြောင်း စီရင်ထုံးဘော်ပြရန် လိုမည်မဟုတ်ပေ။

လူဆိုးက မစန်းမြင့်နှင့် မလှသိန်းတို့အား၊ ကိုင်ထားသဖြင့် ၎င်းတို့ တယောက်နှင့် တယောက် နီးကပ်လျက်ရှိမည်ဖြစ်၏။ ထို့ပြင်၊ ဆရာဝန် ဦးသိန်းတင် (လိုပြ-၂) အစစ်ခံချက်အရ၊ လူဆိုးသည် မစန်းမြင့်၏ဘယ်ဘက် နို့အုံနှင့် ကျိုင်းတွင် ခါးနှင့်ဘေး၊ သို့မဟုတ် ရွှေ့မှနေ၍ ထိုးသဖြင့် ၎င်းသည် မစန်းမြင့်နှင့် နီးကပ်စွာရှိနေမည်ဖြစ်၏။

အချင်းဖြစ်သည့်ညဉ့်၊ လူဆိုးတို့သည် ဦးမဲ့အား ကြိုးဖြင့်ချည်ထားရုံသာ ချီထားသော်လည်း၊ ၎င်းအားဘာမျှမလုပ်၊ ပစ္စည်းများလည်းမယူဘဲ၊ မိန်းမပျို၊မလှသိန်းနှင့် မစန်းမြင့်တို့ကိုသာ တဲအောက်သို့ဆွဲခေါ်သွားသည်ကို ထောက်ရှုဆင်ခြင်လျှင်၊ မစန်းမြင့်က၊ အကယ်၍ နာမည်ခေါ်ပြီး၊ မအော်ခဲ့သော်၊ လူဆိုးက ၎င်းအားဘာမျှမလုပ်ဘဲ အသာတကြည်ခေါ်၍သွားမည်ဖြစ်တန်ရာ၏။ ယခုမစန်းမြင့်က၊ မလှသိန်း (လိုပြ-၃) နှင့် မဒေရင် (လိုပြ-၈) တို့၏ အစစ်ခံချက်အရ၊ အယူခံ တရားလိုနှင့် သမီးရည်းစားဖြစ်ခဲ့သော်လည်း၊ မောင်လှတင်ဆိုသူနှင့်လည်း၊ သမီးရည်းစား ဖြစ်နေသဖြင့်၊ ၎င်းနှင့် အသာတကြည် မလိုက်လို၍၊ နာမည်ခေါ်၍ "မောင်လှအောင်ရယ်၊ နင်ဒါလောက် ရက်စက်သလား"ဟု အော်ပြောလိုက်သည့်အတွက်၊ အယူခံတရားလိုက ၎င်းအား အစဖျောက်ရန် ခါးဖြင့် ထိုးခြင်းဖြစ်ပေလိမ့်မည်။

ဘော်ပြခဲ့သည့် အမှုပတ်ဝန်းကျင် အခြေအနေ၊ သက်သေခံ ချက်များအရ၊ သေသူ မစန်းမြင့်သည်၊ 'မောင်လှအောင်'၏ နာမည်ကို ထုတ်ဘော်ခေါ်ဆိုခြင်းမှာ၊ ၎င်းအားမည်သူကမျှပြောဆိုသင်ပေးခြင်းမဟုတ်ဘဲ၊ ၎င်းကိုယ်တိုင် 'မောင်လှအောင်'ကို ကြယ်အလင်းရောင်ဖြင့်မြင်သိမှတ်မိလိုက်၍၊ ခေါ်ဆိုခြင်းဖြစ်သည်ဟု ယူဆရပေမည်။

ဤထင်မြင်ယူဆချက်ကို၊ မလှသိန်း (လိုပြ-၃) က၊ သေသူ မစန်းမြင့်အား၊ ခါးဖြင့် ထိုးသောသူသည်၊ 'မောင်လှအောင်'ဖြစ်ကြောင်း ကြယ်အလင်းရောင်ဖြင့် မြင်သိမှတ်မိလိုက်ကြောင်း ထွက်ဆို၍ ထောက်ခံသည်။

မလှသိန်းသည် ဦးမဲ့ထွက်ဆိုသည့်အတိုင်း၊ အသက် ၁၃ နှစ်မဟုတ်ဘဲ အသက် ၁၆ နှစ်ရှိနေသဖြင့်၊ ၎င်းသည် 'ကလေး' သက်သေမဟုတ်ဘဲ၊ [illegible]ကြီးသက်သေဖြစ်နေကြောင်းပေါ်လွင်သည်။

၁၉၆၄

မောင်ထွန်အောင်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ။

မလှသိန်းသည်တဲအောက်သို့ထောက်သည့်အခါ၊မစန်းမြင့်နှင့် နီးကပ်စွာရှိနေသဖြင့် မစန်းမြင့်အား ကိုင်ထားသောသူ၊ ၎င်းအားဓါးဖြင့် ထိုးသောသူကို၊ ဘော်ပြခဲ့သည့် အချိန်နေထုတွင်၊ ကြယ်အလင်းရောင်ဖြင့်၊ ယခင်က သိကျွမ်းသူ ဖြစ်နေ၍၊ ကောင်းစွာ မြင်သိမှတ်မိနိုင်ပေမည်။ ၎င်းအားအယူခံတရားလို၏ ပညာရှိ ရှေနေက၊ ရှည်လျားစွာ ပြန်လှန် မေးခွန်းထုတ်၍ မေးမြန်းပါသော်လည်း၊ ၎င်းအား မယုံကြည်ရန် အကြောင်း စိုးစဉ်းမျှ ပေါ်လွင်ခြင်းမရှိသဖြင့် ၎င်းသည် အယူခံ တရားလိုအပေါ် မဟုတ်မမှန် ကြံဖန်လည်ဆယ်၍ မတရားစွဲဆိုသည်ဟု ယူဆရန် ဖြစ်နိုင်မည်မဟုတ်ပေ။

အယူခံ တရားလို၏ ပညာရှိ ရှေနေကြီးက၊ မလှသိန်းအား ယုံကြည်ရန် မသင့်ကြောင်း၊ အကျိုးအကြောင်းများကို အသေးစိတ် ဟော်ပြ၍ လျောက်လဲ တင်ပြသော်လည်း၊ ဟော်ပြခဲ့သည့်အကြောင်းများကြောင့်၊ ထိုသို့ အသေးစိတ်တင်ပြသော အကျိုးအကြောင်း အချက်အလက်များကို လက်ခံရန် သင့်လျော်မည် မဟုတ်ပေ။

အယူခံ တရားလိုအား၊ အောက်ရုံးကအပြစ်ပေးသည်မှာ၊ မလှသိန်း၏ ထွက်ဆို အစစ်ခံချက်အပေါ် တွင်သာ မဟုတ်ဘဲ၊ သေသူ မစန်းမြင့်၏ သေခါနီး မြွက်ဟ ထုတ်ဟော်ပြောဆိုချက်အပေါ် တွင်လည်း အခြေခံပြုပေသည်။သက်သေမှာ ဓလှသိန်း တယောက်သာ ရှိပေသည်။ သို့သော်၊ ဟော်ပြခဲ့သည့်အမှုဟောင်းကျင် အခြေအနေအရ၊ အခြားသက်သေများ မရှိနိုင်ဘဲ၊ မလှသိန်းတယောက်သာ အချင်းဖြစ်သည်ကို မြင်သိနိုင်မည်ဖြစ်၏။

ပြည်ထောင်စု မြန်မာနိုင်ငံ နှင့် ဦးလှထွန်းမြို့ (၅) စီရင်ထုံးတွင်—

" It is often and wisely, not thought safe to convict a person upon his identification by one individual under circumstances of strain and terror accompanying violent crime."

ဟူ၍ ဆုံးဖြတ်ထားပြီး၊ **မောင်ရွှေ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ** (၆) စီရင်ထုံးတွင်—

"လူသတ်မှုတခုတွင်၊အခြားသက်သေများကိုပယ်၍၊ သံသယဖြစ်စေနိုင်သော မျက်မြင်သက်သေတဦးတည်း၏ ထွက်ချက်ဖြင့်၊ ပြစ်ဒဏ်ပေးခြင်းမှာ၊ မသင့်လျော်ချေ"။

ဟူ၍ ဆုံးဖြတ်ထားသည့်ပြင်။ **မွါဒီဗွေဇူထေဝါ** နှင့် **မဒရတ်ပြည်** (၇) စီရင်ထုံးကို၊ အကိုးအကားပြု၍ အမိန့်ချမှတ်သော **အန်ဂျီ** နှင့် **ပြည်နယ်** (၈) စီရင်ထုံးတွင်—

" In Criminal cases it is the weight of the evidence and not the number of witnesses which the Court has to consider, and **one credible witness outweighs the testimony of a number of**

(5) (1958) B.L.R. (S.C.) 160.
(6) (1960) B.L.R. (H.C.) 243.
(7) (1957) A.I.R. Supreme Court, 614.
(8) 70 Madras L.W., 1012.

witnesses of indifferent character, and unless corroboration is insisted upon by statute Courts should not insist on corroboration except in cases where the nature of the testimony of a single witness itself requires it as a rule of prudence.

" It can by no means be laid down as a general maxim that the assertion of the witnesses is more convincing to the mind than the assertion of one witness. An accused can be convicted even on the basis of the evidence of a single eye witness ; but such a witness must be a man or woman of worth."

၁၉၆၄
မောင်လှအောင်
နှင့်
မြဉ်ထောင်စု
မြန်မာနိုင်ငံ။

ဟူ၍ဆုံးဖြတ်ထားချက်အရ၊ မလှသိန်း (လိုပြ-၃) ၏ ထွက်ဆိုအစစ်ခံချက်ကို ဘော်ပြခဲ့သည့်အတိုင်း၊ လေ့လာစီစစ်ရာ၊ ၎င်းသည် ဟုတ်တိုင်းမှန်ရာကိုထွက်ဆိုအစစ်ခံသည်ဟု ယူဆရပေမည်။

အယူခံ တရားလိုက၊ သေသူ မစန်းမြင့်အား၊ စွဲဆိုသည့်အတိုင်း ဓါးဖြင့် မထိုးရကြောင်း။ အချင်းဖြစ်သည့်ညတွင် ၎င်းသည် သပြုချောင်ရွာ၌ရှိနေကြောင်း ဘော်ပြထုချေ၍ သက်သေများ တင်ပြစစ်ဆေးသည်။

မောင်ပန်းအေး (ခံပြ-၃) က၊အယူခံတရားလိုသည် ၁၉၆၃ ခု၊ ဒီဇင်ဘာလ ၁၈ ရက်နေ့နှင့် ၉ နာရီအချိန်တွင်၊ ၎င်း၏အိမ်သို့ ရောက်လာ၍ အိပ်ရာ၊ နံနက် ၅ နာရီအချိန်ခန့်တွင် ပြန်သွားကြောင်း ထွက်ဆို၍၊ ဦးမောင်ဝေ (ခံပြ-၄) က၊ အယူခံ တရားလိုသည် ၁၉၆၃ ခု၊ ဒီဇင်ဘာလ ၁၈ ရက်နေ့နှင့် ၁၀ နာရီအချိန်တွင်၊ မောင်ပန်းအေး၏ အိမ်ဘိနပ်ချွတ်၌အိပ်နေသည်ကို မြင်ကြောင်း ထွက်ဆိုသည်။

မောင်ငွေအောင် (ခံပြ-၅) က ၁၉၆၃ ခု၊ ဒီဇင်ဘာလ ၁၈ ရက်နေ့နှင့် ၉ နာရီအချိန်တွင်၊ အယူခံတရားလိုသည် ၎င်း၏ဆိုင်သို့လာ၍ ဆေးလိပ်ဝယ်ကြောင်း ထွက်ဆို၍၊ မောင်ညိန်း (ခံပြ-၆) က ၎င်းသည် မောင်ငွေအောင်၏ဆိုင်၌ လဘက်ရည်သောက်နေစဉ်၊ အယူခံတရားလိုလာ၍ ဆန်ဝယ်ကြောင်း ထွက်ဆိုသည်။

ဤသက်သေများအနက်၊ ဦးမောင်ဝေ၊ မောင်ငွေအောင်နှင့်မောင်ညိန်းတို့သည် အယူခံ တရားလိုအား ည ၉ နာရီ ၁၀ နာရီအချိန်၌သာတွေ့၍၊ နောက်ညဉ့်နက်တွင်၊ ၎င်းအားမတွေ့ရသဖြင့်၊ ၎င်းတို့၏ ထွက်ဆိုချက်သည် အယူခံ တရားလိုဲ၏ (အလီဘိုင်) ထုချေချက်ကို ၊လုံလောက်စွာ ထောက်ခံခြင်း မပြုနိုင်ပေ။

မောင်ပန်းအေးက၊ အယူခံ တရားလိုသည် ထိုညတွင် ၎င်း၏အိမ်၌ အိပ်သည်ဟု ဆိုသော်လည်း၊ တညလုံး အယူခံတရားလိုအား မအိပ်ဘဲ စောင့်ကြည့်နေခြင်းမဟုတ်၍ ၎င်းအိပ်ပျော်သည့်အခါ၊ အယူခံ တရားလို အိပ်နေသည် မနေသည်ကို သိနိုင်မည်

၁၉၆၄

မောင်လှအောင်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ။

မဟုတ်ချေ။ ထို့ကြောင့် ၎င်း၏ အစစ်ခံချက်သည် အယူခံ တရားလို၏ ထုခွဲချက်ကို ခိုင်လုံအောင် ထောက်ခံသည်ဟု မဆိုနိုင်ပေ။

အယူခံ တရားလို၏ ပညာရှိ ရှေနေကြီးက၊ အယူခံ တရားလိုအပေါ် အောက်ရုံး ချမှတ်သော အပြစ်ဒဏ်များလွန်းသည်ဟု ဆိုသော်လည်း၊ ဘော်ပြခဲ့သည့် အမှု အကြောင်းခြင်းရာများအရ၊ ထိုသို့ ချမှတ်သော အပြစ်ဒဏ်မှာ ဥပဒေ ပြဋ္ဌာန်းချက် အရဖြစ်၍၊ များလွန်းသည်ဟု ယူဆရန်၊ သင့်လျော်မည်မဟုတ်ချေ။

အထက်ဘော်ပြပါ အကြောင်းများကြောင့်၊ အယူခံတရားလိုအပေါ်၊ အောက်ရုံး ချမှတ်သော ပြစ်မှုထင်ရှား စီရင်ချက်နှင့် အပြစ်ဒဏ်ကို၊ ဝင်ရောက်စွက်ဖက်ရန်၊ လုံလောက်သော အကြောင်းမရှိသဖြင့်၊ အတည်ပြုပြီး၊ ၎င်း၏ အယူခံကို ပလပ်ရန်၊ အမိန့်ချမှတ်လိုက်သည်။

ရာဇဝတ်အယူခံမှု

တရားသူကြီး ဦးစောဘသိန်း ရှေ့တွင်

မောင်သာလှိုင် (အယူခံတရားလို)

နှင့်

ပြည်ထောင်စု မြန်မာနိုင်ငံ (အယူခံတရားခံ)*

† ၁၉၆၄ ဇူလိုင်လ ၄ ရက်။

ဖြောင့်ချက်တခုလုံး စဉ်းစားရန် လိုခြင်း၊ တရားခံအား အကျိုးဖြစ်သင့်သော ကိစ္စများကိုပ စဉ်းစားရန်။

ဆုံးဖြတ်ချက်။ ။ဖြောင့်ချက်ကိုလိုသော အချက်ဌာန ဆွဲယူ၍ အခြေခံ ပြုလုပ်ရန် မသင့်ဘ ဖြောင့်ချက်တခုလုံးကို လက်ခံ၍ စဉ်းစားရန်ဖြစ်သည်။

ထို့ကြောင့် လူသတ်မှုဖြင့် စွဲဆိုခြင်းခံရသော တရားခံတဦးသည် မိမိ၏ ဖြောင့်ချက်ဘွင်သေ သူအား ခါးဖြင့် ထိုးသည် ဟူသော ဖြောင့်ဆိုချက်ကို ရုံးကလက်ခံလျှင် ထိုသို့ပြုလုပ်ခြင်းမှာ သေသူက ၎င်းအား ဒုတ်ဖြင့်ရိုက်ရန်၌ ယ်သဖြင့်ဖြစ်သည် ဟူသော အချက်ကိုလည်း လက်ခံရမည်။

အယူခံတရားလိုအတွက်။ ။

အယူခံတရားခံအတွက်။ ။ဦးနှစ် (အစိုးရရွှေ့နေကြီး)။

တရားသူကြီး ဦးစောဘသိန်း။ ။မန္တလေးမြို့၊ ဒုတိယအထူး (ရာဘာက်စက်ရှင်) တရားသူကြီးရုံး ၁၉၆၃ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၃ တွင်၊ တရားခံ မောင်သာလှိုင်အား၊ ရာဇသတ်ကြီး ပုဒ်မ ၃၀၂ (၂) အရ၊ အပြစ်ပေး၍ အသုပ်ကြမ်းနှင့် ထောင်ဒဏ် (တသက်တကျွန်း) ကျခံစေရန်၊ အမိန့်ချမှတ်လိုက်ရာ၊ တရားခံ မောင်သာလှိုင်က မကျေနပ်၍၊ ဤရုံးသို့ အယူခံဝင်သည်။

အမှုအကြောင်းခြင်းရာ စုံလင်စွာကို အောက်ရုံးစီရင်ချက်တွင် ဖေါ်ပြပြီးဖြစ်၍ ဤအယူခံမှုတွင် ထပ်မံ၍ ဖေါ်ပြရန်မလိုဘဲ ဆုံးဖြတ်ရန် အချက်များကိုသာ ဖေါ်ပြရန် လိုပေမည်။

---

* ၁၉၆၄ ခုနှစ်၊ ရာဇဝတ်အယူခံမှု အမှတ် ၇။

† ၁၉၆၃ ခုနှစ်၊ ရာဇဝတ်ကြီးမှု အမှတ် ၃ တွင် ချမှတ်သော ၁၉၆၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက် နေ့စွဲပါ မန္တလေးမြို့ ဒုတိယ အထူး တရားသူကြီး၏ အမိန့်ကို အယူခံမှု။

၁၉၆၄

မောင်သာလှိုင်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ။

အယူခံတရားလို မောင်သာလှိုင် အပေါ်၊ တရားလိုတင်ပြသော သက်သေခံချက်များမှာငင်း၏ သက်သေခံအမှတ် (၄) ဖြောင့်ချက်နှင့် ထောက်ခံသော သက်သေခံချက်များဖြစ်သည်။

အယူခံတရားလို မောင်သာလှိုင်က၊ ငင်း၏ဖြောင့်ချက်တွင် ငင်းနှင့် သေသူ မောင်ကျော်ညိန်းတို့နှင့် စကားများ ရန်ဖြစ်ကြစဉ် မောင်ကျော်ညိန်းက ငင်းအား ဝါးရင်းဒုတ်နှင့် ရိုက်ရာ၊ ဖူးရောင်သော ဒဏ်ရာများ ရရှိကြောင်း။ လူကြီးများဖြန့်ဖြေ၍ ပြီးသောအခါ၊ လူကြီးများ ပြောပြချက်အရ ရွာတွင်အိပ်ရန် မော်တော်သင်္ဘော်ပေါ်၌ရှိသော ငင်း၏အိပ်ရာကို မောင်လှမောင် (တရားလိုပြ ၇)၊ မောင်ကောင်း (တရားလိုပြ ၉) တို့နှင့်သွား၍ယူပြီး ပြန်၍ဆင်းလာရာ၊ မောင်ကျော်ညိန်းက၊ ငင်းအား ဝါးဒုတ်နှင့် ရိုက်မည်ဟု လက်ကိုမြောက်လိုက်ရာ၊ ငင်းက ခါးမျှောင်ဖြင့် ၂ ချက် ထိုးလိုက်ကြောင်း ဖေါ်ပြဖြောင့်ဆိုသည်။

မောင်လှမောင် (တရားလိုပြ ၇) က၊ အယူခံတရားလိုသည်၊ မော်တော်သင်္ဘော်ပေါ်မှ ဆင်းလာ၍ တဲအနီးသို့ရောက်လျှင် မောင်ကျော်ညိန်းနှင့် တပေါက်ကို တယောက် ထိုးသည့်ဟန်ကို မြင်လေ့ရှိကြောင်း ထွက်ဆို၍၊ မောင်ကောင်း (တရားလိုပြ ၉) က အယူခံတရားလိုသည် မော်တော်သင်္ဘောပေါ်မှ ဆင်းလာရာ ရွှေကထွန်း၏ တဲအပြင်သို့ရောက်လျှင်၊ ဝုံးဝုံးဖြစ်ကြကြောင်း ထွက်ဆိုသည်ကို ထောက်ရှုလျှင်၊ အယူခံတရားလို၏ ဖေါ်ပြပြောဆိုချက်သည် အခြေအမြစ်မရှိဘဲ မှားယွင်းသည်ဟူ၍ မဆိုသာခေ။

ဥပဒေ စီရင်ထုံးများအရ၊ ဖြောင့်ဆိုချက်ကို လိုသောအချက်၌သာ ဆွဲယူ၍ အခြေခံပြုလုပ်ရန် မသင့်ဘဲ၊ ဖြောင့်ချက်တခုလုံးကို လက်ခံ၍ စဉ်းစားရန် ဖြစ်ပေသည်။ ဤအမှုတွင် အယူခံတရားလိုအား လူသတ်မှုဖြင့် အပြစ်ပေးရန် ငင်း၏ဖြောင့်ချက် အပေါ် အမှီသဟဲပြုရပေမည်။ ထို့ကြောင့် ဖြောင့်ချက်တွင် အယူခံတရားလိုအတွက် အကျိုးဖြစ်သင့်သော အချက်အလက်တို့ကိုလည်း လက်ခံ၍ စဉ်းစားရန် သင့်ပေသည်။ ငင်းကသေသူ မောင်ကျော်ညိန်းအား၊ ခါးဖြင့်ထိုးသည်ဟု ဖြောင့်ဆိုသည်ကို လက်ခံသဖြင့်၊ ငင်းကထိုသို့ပြုလုပ်ရခြင်းမှာ သေသူမောင်ကျော်ညိန်းက ငင်းအား ဝါးရင်းဒုတ်ဖြင့် ရိုက်ရန် လက်ကိုမြောက်လိုက်သဖြင့်၊ ငင်းက ခါးဖြင့် ထိုးရခြင်းဖြစ်ကြောင်းကို လက်ခံရပေမည်။ ထိုသို့ဖြစ်လျှင် ပညာရှိ အစိုးရရှေ့နေကြီး တင်ပြသည့်အတိုင်း အယူခံတရားလိုသည် မိမိကိုယ်ကို ကာကွယ်ခြင်းအားဖြင့် သေသူအား ခါးဖြင့်ထိုးသည်ဟု ယူဆရန်ဖြစ်ပေသည်။ သို့သော်ဖြောင့်ချက်တွင် သေသူအား ထားဖြင့် ၂ ချက် သာ ထိုးသည်ဟု ဆိုသော်ငြားလည်း၊ ဆရာဝန် ဘာချန်း (တရားလိုပြ ၂၁) က၊ သေသူ၏ကိုယ်ပေါ်တွင် ခါးဒဏ်ရာပေါင်း ၅ ချက်ကို တွေ့ကြောင်း ထွက်ဆို

၁၉၆၄

မောင်သာလှိုင်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ။

သဖြင့်၊ အယူခံတရားလိုသည်၊ ၎င်း၏ ကိုယ်ကို ခုခံကာကွယ်ရာတွင် လိုသည်ထက် ပို၍ သေသူအား ခါးဖြင့်ထိုးသည်ဟု ယူဆရန် ဖြစ်ပေသည်။

အယူခံ တရားလိုက ၎င်းသည် မော်တော် သင်္ဘော်ပေါ်မှ ဆင်းလာရာ သေသူ မောင်ကျော်ညိန်းက ၎င်းအား ဒုတ်ဖြင့် ရိုက်သဖြင့် ၎င်းက သေသူ၏ခါးပုံထဲ၌ရှိသော ခါးကိုင်ဆွဲယူ၍ ခုခံသည်ဟု ထွက်ဆိုအစစ်ခံသော်လည်း ၎င်း၏ သက်သေတို့က ၎င်းအား ထိုကဲ့သို့ပြုလုပ်ကြောင်း တိကျသေချာစွာ ထွက်ဆိုနိုင်စွမ်းမရှိသဖြင့် ၎င်း ကျမ်းကိုင်၍ အစစ်ခံသော ထုချေချက်ကို ပယ်ရချေမည်။

အထက်ဖော်ပြပါအကြောင်းများကြောင့်၊ အယူခံတရားလိုအပေါ် အောက်ရုံး ချမှတ်သော ပြစ်မှုထင်ရှား စီရင်ချက်နှင့် အပြစ်ဒဏ်ကို အတည်မပြုနိုင်သဖြင့် ပယ်ဖျက်ပြီး ၎င်းအား ရာဇသတ်ကြီးပုဒ်မ ၃၀၄ အရ၊ အပြစ်ပေး၍ အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၇ နှစ် ကျခံစေရန် အမိန့် ချမှတ်လိုက်သည်။

ရာဇဝတ်အယူခံမှု

တရားသူကြီး ဦးစံမောင်ရွှေတွင်

† ၁၉၆၄
ဇူလိုင်လ
၂၂ ရက်။

မောင်ဟန်တေ (အယူခံတရားလို)

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ (အယူခံတရားခံ)*

ရာဇသတ်ကြီး ပုဒ်မ ၃၀၄ လူသေမှု လင်ယောကျ်ားက မယားကို ဖနောင့်နှင့် ပေါက်ခြင်းဖြင့် သေဆုံးခြင်း၊ ရာဇသတ်ကြီး ပုဒ်မ ၃၂၅။

အယူခံတရားလိုသည် သေသူ မယားနှင့် အကြီးအကျယ်စကားများကြပြီးနောက်၊ စိတ်ဆိုး၍ ခြေထောက်နှင့်ကန်ရာ၊ မယားမှာ သေဆုံးခဲ့သဖြင့် အောက်ရုံးက ရာဇသတ်ကြီးပုဒ်မ ၃၀၄ အရ၊ အပြစ်ဒဏ် စီရင်ခဲ့လေသည်။

အယူခံဝင်ရာ။

ဆုံးဖြတ်ချက်။ ။အယူခံတရားလိုသည် မိမိ၏ မယားကို ဖနောင့်နှင့် ပေါက်ခြင်းဖြင့် သေစေလို၍ သော စေတနာ သို့မဟုတ် သေလောက်သော ဒဏ်ရာ ရစေလိုသော စေတနာရှိလိမ့်မည်မဟုတ်၊ အကြီးအကျယ်ဒဏ်ရာရစေလိုသော စေတနာသာလျှင် ရှိလိမ့်မည်ဟု ယူဆသည်။

ထို့ကြောင့် ရာဇသတ်ကြီး ပုဒ်မ (၃၀၄) အရ၊ အပြစ်ပေး စီရင်ရန် မထို်က်၊ ပုဒ်မ ၃၂၅ အရသာ အပြစ်ပေးထို်က်သည်။

အယူခံ တရားခံအတွက်။ ။အစိုးရ ရှေ့နေကြီး ဦးနှစ်။

အယူခံ တရားလို အတွက်။

တရားသူကြီး ဦးစံမောင်။ ။ပုသိမ်မြို့ အထူးတရားသူကြီးရုံး၏ ၁၉၆၃ ခုနှစ် ရာဇသတ်ကြီးမူအမှတ် ၁၁ တွင်၊ အယူခံတရားလို မောင်ဟန်တေအား ရာဇသတ်ကြီး ပုဒ်မ ၃၀၄ အရ အပြစ်ပေးထို်က်သော ပြစ်မှုကျူးလွန်သည်ဟု အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၇ နှစ်ကျခံစေရန် အမိန့်ချမှတ်ခြင်းကို အယူခံတရားလိုက မကျေနပ်၍ အယူခံခြင်းဖြစ်သည်။ အဖြစ်အပျက်များကား အောက်ပါအတိုင်း ဖြစ်သည်။

---

* ၁၉၆၄ ခုနှစ်၊ ရာဇဝတ်မူ အယူခံမှုအမှတ် ၅၄။

† ရာဇသတ်ကြီး ပုဒ်မ ၃၀၄ အရ၊ ပြစ်မှုထင်ရှားစီရင်ခြင်းကို အယူခံမှု။
၁၉၆၃ ခုနှစ်၊ ရာဇဝတ်ကြီးမူ အမှတ် ၁၁ တွင် ချမှတ်သော ၁၉၆၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက် နေ့စွဲပါ ပုသိမ်မြို့၊ အထူး တရားသူကြီး ရာဘက် စက်ရှင် တရားသူကြီး၏ အမိန့်ကို အယူခံမှု။

၁၉၆၄

မောင်ဟန်တေ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

လွန်ခဲ့သော ဝါခေါင်လဆန်း ၁၄ ရက်နေ့ နံနက် ၉ နာရီအချိန်တွင် အယူခံတရားလိုသည် မိမိခမောက် ပျောက်ဆုံးမှုနှင့် စပ်လျဉ်း၍၊ မယားဖြစ်သူ မလှညွှန့်နှင့် အကြီးအကျယ် စကားများကြသည်။ ထိုနေ့ညနေ ၅ နာရီအချိန်ခန့်တွင် အယူခံတရားလိုသည် အိမ်နီးနားချင်းများကို မိမိ၏မယားဖြစ်သူမလှညွှန့် မူးကြောင်းလိုက်လံပြောကြားသဖြင့် အိမ်နီးနားချင်းများဖြစ်ကြသော ဦးမောင်ကြား၊ မောင်သန်းမြ မကုလားမနှင့် ဦးမြဖေ (လိုပြ ၁၊ ၄၊ ၅၊ ၆၊ ၁၀) တို့ အယူခံတရားလိုအိမ်သို့ သွားကြသည်။ ထိုအိမ်သို့ရောက်ရှိသည့်အခါတွင်မလှညွှန့်မှာ စကားမေးမရဘဲ ရှိနေကြောင်း တွေ့ရှိရ၏။ အိမ်နီးနားချင်းတို့သည်မလှညွှန့်ကိုဝိုင်းဝန်းနှိပ်ပေးကြခြင်း၊ မှိုင်းတိုက်ခြင်းပြုလုပ်ကြသော်လည်း၊ မလှညွှန့်မှာ သက်သာရာမရဘဲ များမကြာမီ သေဆုံးသွားလေသည်။ နောက်တနေ့ နံနက်တွင် ချင်းသေနတ်ကိုင်တပ်ရင်း (၂)မှ တပ်ကြပ် ကိုလှကြည် (လိုပြ ၂) သည်။ သားပေါင်းစခန်းမှ တိုက်ကင်းလှည့်ရန် ထွက်ခဲ့ရာ၊ ဘုရားနီရွာနေ လူတယောက်က ဟန်တေဆိုသူသည် သူ့မိန်းမကို သတ်လိုက်ကြောင်း သတင်းပေးလေသည်။ ထိုအခါ ကိုလှကြည်သည် ဟန်တေကိုခေါ်၍ စစ်ဆေးရာ၊ ပဋမတွင် ငြင်းကွယ်သော်လည်း၊ ရဲဘော်များလက်သို့ အပ်လိုက်ကာမှ သူ့မိန်းမအပေါ်၌ စိတဆိုးသဖြင့် ဝါးနှင့်ခိုက်နှက်ကြောင်း၊ ထိုနောက် ခြေထောက်နှင့် ၃-၄ ချက် ပေါက်ကြောင်း ဝန်ခံလေသည်။ ထိုနောက် သေသူ၏ အလောင်းကို ရဲဌာနမှတဆင့် သာပေါင်းဆေးရုံသို့ ပို့လိုက်ရာ၊ ဆရာဝန် အင်(နှ) ၊ဂျီးဒီ က စစ်ဆေးလေသည်။ အလောင်း၏ ပြင်ပတွင် ဒဏ်ရာမရှိသော်လည်း ခွဲစိပ်ကြည့်ရှုသောအခါ၌ သေသူ၏ သရက်ရွက်မှာ ကွဲနေကြောင်း တွေ့ရှိရသည်။ ဆရာဝန်၏ ထင်မြင်ချက်အရ သရက်ရွက်ကွဲသည့်ဒဏ်ရာကြောင့် သေသူ သေဆုံးရခြင်း ဖြစ်သည်။ ထို့ပြင်လည်း ထိုဒဏ်ရာမှာ မတ်တတ်ရပ်ရာမှ ကြမ်းပေါ်သို့ လဲသွားခြင်းကြောင့် ရသော ဒဏ်ရာမဖြစ်နိုင်ဟု ဆရာဝန်က ပြောဆိုသေးသည်။ ဤအမှုကို စစ်ဆေးစီရင်သော တရားသူကြီးကအယူခံတရားလို မောင်ဟန်တေ၏ ဖြောင့်ချက်မှာ ၎င်းအလိုအလျောက်ပေးသော ဖြောင့်ချက်မဟုတ်ဟူ၍ ယူဆပြီးလျှင် ထိုဖြောင့်ချက်ကို သက်သေခံအဖြစ် ထည့်သွင်းစဉ်းစားခြင်းမပြုခဲ့။ သို့ရာတွင် အချင်းဖြစ်သောနေ့နံနက်တွင် သေသူနှင့် အယူခံတရားလိုတို့ အချင်းများကြခြင်း၊ ထိုနေ့ညနေမှာပင် သေသူသေဆုံးရခြင်းနှင့် အတွင်းကြေဒဏ်ရာရှိခြင်းများကို ထောက်မှုကာ သေသူတွင်ရသော ဒဏ်ရာမှာ အယူခံတရားလိုနှိပ်စက်ညှဉ်းဆဲခြင်းကြောင့် ရရှိသော ဒဏ်ရာဖြစ်သည်ဟူ၍ ယူဆပြီးလျှင် အထက်တွင် ဖေါ်ပြပြီးဖြစ်သည့်အတိုင်း အပြစ်ပေး စီရင်ခဲ့လေသည်။ ဆရာဝန်၏ ထွက်ချက်အရ သေသူ၏ သရက်ရွက်ကွဲခြင်းမှာ လိမ့်ကျခြင်းကြောင့် မဟုတ်တန်ရာ၊ ထိုသရက်ရွက်ရှိသော ကိုယ်အစိတ်အပိုင်းကို ဖနှောင့်နှင့် ပေါက်ခြင်း စသော ပြင်းထန်စွာ ပြုမူချက်

ဘုန်းရှင်
နှင့်
မောင်ဟန်တေ
ပြည်ဆောင်စု
မြန်မာနိုင်ငံ။

ကြောင့် ဖြစ်တန်ရာသည်။ အယူခံတရားလိုအပြင် ထိုအိမ်၌ မည်သူတဦးတယောက်မျှ မရှိသဖြင့် သေသူတွင် ရရှိသော ဒဏ်ရာမှာ အယူခံတရားလိုသည် မယားအပေါ်၌ မျှားစွာစိတ်ဆိုး၍ ပြုကျင့်ခြင်းကြောင့် ရသော ဒဏ်ရာဖြစ်တန်ရာသည်။ သို့ရာတွင် မိမိ၏မယားကို ပနှောင့်နှင့် ပေါက်ခြင်းအားဖြင့် သေစေလိုသော စေတနာ၊ သို့မဟုတ် သေလောက်သော ဒဏ်ရာရစေလိုသော စေတနာ အယူခံတရားလို၌ ရှိလိမ့်မည်မဟုတ်၊ အကြီးအကျယ် ဒဏ်ရာရစေလိုသော စေတနာသာလျှင် ရှိလိမ့်မည်ဟု ကျွန်ုပ်ယူဆသည်။ ထိုကြောင့် အယူခံတရားလိုအား ရာဇသတ်ကြီးပုဒ်မ ၃၀၇ အရ၊ အပြစ်ပေးစီရင်ရန်မထိုက်။ အဘယ်ကြောင့်ဆိုသော် ၎င်းကျူးလွန်သော ပြစ်မှုမှာ ရာဇသတ်ပုဒ်မ ၂၉၉ တွင် အဓိပ္ပါယ်ဖေါ်ပြထားသော လူသေမှု မဖြစ်နိုင်ခြင်းကြောင့် ဖြစ်သည်။

ထို့ကြောင့် ရာဇသတ်ပုဒ်မ ၃၀၇ အရ၊ ပေးထားသော အပြစ်ဒဏ်ကို ပယ်ဖျက်ကာ ရာဇသတ်ပုဒ်မ ၃၂၃ အရ၊ အပြစ်ပေးထိုက်သော ပြစ်မှုကျူးလွန်ခြင်းကြောင့် ထောင်ဒဏ် ၅ နှစ် ကျခံစေရန် ကျွန်ုပ်အမိန့်ရှိလိုက်သည်။

တရားမအထွေထွေ

တရားသူကြီးချုပ် ဦးဘိုကြီး၊ တရားသူကြီး ဦးစံမောင်နှင့် တရားသူကြီး ဦးစောဘသိန်းတို့ ရှေ့တွင်။

အဇစ်ခန် (လျှောက်ထားသူ)

နှင့်

ဘဏ္ဍာတော်မင်းကြီးပါ ၄ (လျှောက်ထားခံရသူများ)*

† ၁၉၆၄ ဩဂုတ်လ ၁၄ ရက်။

တရားစီရင်ရေးအာဏာ၊ ဂရုံမြေကို မည်သူအား ပေးရန် ဆုံးဖြတ်ခြင်း၊ အုပ်ချုပ်ရေး အာဏာအရ ဆုံးဖြတ်ခြင်း၊ အမှုခေါ် စာချုပ်တော်ကိစ္စ။ ။အထက် မြန်မာပြည် ရယ်ဂူလေးရွှင်း အရ၊ ညွှန်ကြားချက်များ၊ ဘဏ္ဍာတော်မင်းကြီးက မလိုက်နာဘဲနေနိုင်ခြင်း။

ဆုံးဖြတ်ချက်။ ။အစိုးရဝိုင် မြေနှင့် စပ်လျဉ်း၍ ဂရုံကိုမည်သူ့အား လွှဲပြောင်းသင့်ကြောင်း ဘဏ္ဍာတော်မင်းကြီးက ဆုံးဖြတ်ရာ၌၊ တရားစီရင်ရေးကဲ့သို့အာဏာဖြင့် ဆောင်ရွက်ခြင်း မဟုတ်ဘဲ မိမိတွင် အခွန်တော် အရာရှိအနေနှင့် ဆောင်ရွက်ရသော အုပ်ချုပ်ရေး အာဏာအရ၊ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

အယ်ဒေါ် နှင့် အင်းစိန်ခရိုင်ဝန်၊ ၁၉၅၀ ခုနှစ်၊ မြန်မာပြည်စီရင်ထုံးများ၊ တရားလွှတ်တော် ချုပ်၊ စာမျက်နှာ ၈၆။

မိုဟာမက်ဟာနစ် ပါ ခ နှင့် ဘဏ္ဍာတော်မင်းကြီး၊ ၁၉၅၂ ခုနှစ်၊ မြန်မာပြည်စီရင်ထုံးများ၊ တရားလွှတ်တော်ချုပ်၊ စာမျက်နှာ ၁၁။

ဦးကြည်မိုင် နှင့် ဘဏ္ဍာတော်မင်းကြီး၊ ၁၉၅၂ ခုနှစ်၊ မြန်မာပြည် စီရင်ထုံးများ၊ တရားလွှတ်တော် ချုပ်၊ စာမျက်နှာ ၂၁၄။

မီဆာခင် ပါ ၂ နှင့် ဘဏ္ဍာတော်မင်းကြီး ပါ ၄ ၁၉၆၂ ခုနှစ်၊ တရားမ အထွေထွေလျှောက်လွှာ အမှတ် ၁၃၉။

ဦးမေပါ နှင့် မအူဝင်မြို့နိုပါယ်၊ ၁၉၆၁ ခုနှစ်၊ တရားမ အသေးအဖွဲလျှောက်လွှာ အမှတ် ၂၀၆ တို့ကို ရည်ညွှန်း၍ လိုက်နာသည်။

---

* ၁၉၆၄ ခုနှစ်၊ တရားမ အထွေထွေအမှတ် ၃၁။

† ရန်ကုန်မြို့ ဘဏ္ဍာတော်မင်းကြီး (မြေနှင့် ကျေးလက်စည်ပင်သာယာရေး) ၌၏ ၁၉၆၃ ခုနှစ်၊ အခွန်တော် အဖွဲခံ အမှတ် ၅/၆၃ တွင် ၁၉၆၄ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့စွဲပါ [illegible]ကို ပယ်ဖျက်စေရန် အတွက် အမှုခေါ် စာချုပ်တော် လျှောက်လွှာ။

၁၉၆၄

အဇစ်ခန့်
နှင့်
ဘဏ္ဍာတော်
မင်းကြီး ပါ ၄။

ထို့ပြင် အထက်မြန်မာပြည် ရယ်ဂူလေးရွှင်းအရာ၊ ပြုလုပ်ထားသည့် နည်းဥပဒေများနှင့် သက်ဆိုင်သော ညွှန်ကြားချက်များမှာ၊ အက်ဥပဒေအရသော်၎င်း၊ အက်ဥပဒေအရ ပြုလုပ်သော နည်းဥပဒေအရသော်၎င်း လိုက်နာရန် လိုသည့် အချက်များမဟုတ်၊ ထိုညွှန်ကြားချက်များကို ဘဏ္ဍာတော်မင်းကြီးက အလျဉ်းသင့်သလိုလိုက်နာနိုင်သည်။ မလိုက်နာဘဲနေခြင်းကြောင့်၎င်း၊ အမိန့်မှာ ပျက်ပြယ်ခြင်းမရှိနိုင်။

လျှောက်ထားသူအတွက်။ ။ရွှေနေကြီး ဦးမြင့်စိုး။

လျှောက်ထားခံရသူအတွက်။ ။အစိုးရရွှေနေကြီး ဦဘကျော်။

တရားသူကြီး ဦးစံမောင်။ ။ဤအမှုတွင် လျှောက်ထားသူ အဇစ်ခန်းက ဘဏ္ဍာတော်မင်းကြီး (မြေနှင့် ကျေးလက်စည်ပင်သာယာရေး) က ၁၉၆၃ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့စွဲဖြင့် ၎င်း၏ ၁၉၆၃ ခုနှစ် အခွန်တော် အယူခံအမှု အမှတ် ၇ မအ/ဂ-၆၃ တွင် ချမှတ်သောအမိန့်ကိုဎင်း၊ထိုအမိန့်ဖြင့် အတည်ပြုသည့် စစ်ကိုင်းတိုင်းမင်းကြီး၏ ၁၉၆၃ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်နေ့စွဲပါအမိန့်ကိုဎင်း၊ မုံရွာခရိုင်ဝန်၏ ၁၉၅၈ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့စွဲပါ အမိန့်ကိုဎင်း အမှုခေါ် စာချွန်တော်အမိန့်ဖြင့် ပယ်ဖျက်ပါရန် လျှောက်ထားခြင်းဖြစ်သည်။ အမှုအဖြစ်အပျက်အလုံးစုံကို ဘဏ္ဍာတော်မင်းကြီး၏ အမိန့်တွင် အကျယ်တဝင့် ဖေါ်ပြပြီးဖြစ်သောကြောင့်၊ ယခုအမိန့်၌ ကျန်ပ်တို့သည် အကျဉ်းအားဖြင့်သာသျှင် ဖေါ်ပြပေအံ့။ မုံရွာမြို့၊ ကူးတို့တောင်ရပ်ကွက် အမှတ် ၆၊ ဦးပိုင် အမှတ် ၄၊ ရေိုယာဒဿမ ၁၉၅ ကေရှိ၊အနောက်ကျောက်တိုက်မြေများနှင့် ဆန်တန်းရပ်ကွက် အမှတ် ၇၊ ဦးပိုင်အမှတ် ၂၊ ရေိုယာ ၁၆၆ ကေရှိ အရှေ့ကျောက်တိုက်မြေများသည်၊ မူလက ခူဒါ ဘတ်(စ်) အမည်နှင့် တည်ရှိ၏။ ၎င်းအနောက် အရှေ့ကျောက်တိုက်မြေ၏ဧရိယာသက်တမ်းသည်၊ ၁၉၆၉ ခု ဖေဖေါ် ဝါရီလ ၂၇ ရက်နေ့မှကုန်ဆုံးမည်ဖြစ်သည်။ ထိုမြေကို ခူဒါဘတ်(စ်)အမည်မှ ဇနီးဖြစ်သူ ခါတွန်ဘီဘီ(ခေါ်) မသိန်းအမည်သို့လဲပြောင်းပြီးနောက်တဖန်အခွန်တော်အမှုအမှတ် ၄၈-၅၉-၆၀ တွင်မသိန်းအမည်မှ ဦးသန်းဝင်း၏ အမည်သို့လဲပြောင်းပေးထားလေသည်။ဦးသန်းဝင်းမှာ ဘဏ္ဍာတော်မင်းကြီးရွှေ့၌ အယူခံဝင်သူဖြစ်၍၊ ယခုအမှုတွင် လျှောက်ထားခံရသူ အမှတ် ၂ ဖြစ်သည်။ အနောက်ကျောက်တိုက်မြေ၏ မူလဧရိယာသက်တမ်းသည် ၁၉၄၇ ခု၊ အောက်တိုဘာလ ၂၁ ရက်နေ့တွင်ကုန်ဆုံး၍၊ ခူဒါဘတ်(စ်)အမည်မှ ဇနီးဖြစ်သူ ခါတွန်ဘီဘီ (ခေါ်)မသိန်းအမည်သို့ လဲပြောင်းပြီးနောက်၊ခရိုင်ဝန်၏ အခွန်တော်အမှုတွဲအမှတ် ၁၀/၆၀/၆၁ တွင် မသိန်းအမည်မှ ဦးသန်းဝင်းအမည်သို့ လဲပြောင်းပေးခဲ့၏။ ယင်းသို့ ဦးသန်းဝင်းအမည်ဖြင့်လဲပြောင်းခြင်းကို၊ ယခုလျှောက်ထားသူ အဇစ်ခန်းက မကျေနပ်၍ထိုမြေနှင့်

၁၉၆၄

အဇစ်ခန်နှင့် ဘဏ္ဍာတော် မင်းကြီး ပါ ၄။

ပတ်သက်ပြီး၊ ယခင်စစ်ကိုင်းတိုင်းမင်းကြီး ဦးသက်တင်ထံသို့ အယူခံဝင်ခဲ့ရာ၊ ဦးသက်တင်က ၎င်း၏ ၁၉၆၀ ခု၊ ဇူလိုင်လ ၁၄ ရက်နေ့စွဲပါအမိန့်ဖြင့် ခူဒါဘတ် (စ်) ၏ ဂရုံများကို ၎င်း၏ဇနီးဖြစ်သူ မသိန်းက ဆက်ခံထိုက်သည်ဟုယူဆပြီး၊ ခရိုင်ဝန်၏ အမိန့်မျှားကို အတည်ပြုခဲ့၏။ အဆိုပါ အမိန့်ကိုဦးသက်တင်ရွှေပြောင်းပြီးနောက် ဆိုက်ရောက်လာသော စစ်ကိုင်းတိုင်းမင်းကြီး ဦးမောင်မောင်က ၎င်း၏ ၁၉၆၃ ခု၊ ဖေဖော်လ ၄ ရက နေ့စွဲပါ၊ အခွန်တော် အယူခံမှု အမှတ် ၅ နှင့် အခွန်တော်အယူခံမှုအမှတ် ၁၃ တို့တွင် ဦးသန်းဝင်းအား အနွံးပေးပြီး အမိန့်များ ချမှတ်ခဲ့၏။ ထိုသို့ အမိန့်ချမှတ်ခြင်းကို ဦးသန်းဝင်းက မကျေနပ်၍၊ ဘဏ္ဍာတော်မင်းကြီးထံအယူခံဝင်ခဲ့ရာ ဘဏ္ဍာတော်မင်းကြီးက၊ တိုင်းမင်းကြီး ဦးမောင်မောင်သည်၊ မူလကအယူခံမှုအဖြစ် လက်ခံဆောင်ရွက်ပြီး ပြင်ဆင်မှု (Review) အားဖြင့်၊ အထက်မြန်မာပြည် မြေနှင့် အခွန်တော် ရယ်ကူလေးရှင်း ပုဒ်မ ၁၁၊ ပုဒ်မခွဲ (၁) (က) အရ၊ ဘဏ္ဍာတော်မင်းကြီး၏ ခွင့်ပြုချက်ဖြင့် အဆိုပါ ဦးသက်တင်၏ အမိန့်ကို ပြင်ဆင်ခဲ့ရာ၊ ဥပဒေအာဘင်း ပြောရေးဆိုခွင့်ပိုသူများအား ကြားနာပြီးမှ မပြုသုပ်ခဲ့သဖြင့် မှားယွင်းကြောင်း၊ ဤအချက်နှင့်ပင်လျှင် တိုင်းမင်းကြီး ဦးမောင်မောင်၏ အမိန့်ကို ပယ်ဖျက်သင့်ကြောင်း။ သို့ရာတွင်အမှုအဖြစ်အပျက်အရ တိုင်းမင်းကြီး ဦးသက်တင်၏ အမိန့်မှာ မှန်ကန်သောအမိန့်ဖြစ်ကြောင်း၊ အဘယ်ကြောင့်ဆိုသျှင် ဦးသက်တင်က လျှောက်ထားသူ အဇစ်ခန့်၌ ဤကိစ္စတွင် ဝင်ရောက်ဆောင်ရွက်ရန် အာဏာမရှိဟူ၍ ယူဆခဲ့ရာ၊ ယင်း ယူဆချက်မှာ မှန်ကန်ကြောင်း ခါတွန်ဘီဘီ (ခေါ်) မသိန်းမှာလည်း စုံစမ်းစစ်ဆေးချက်အရ၊ သေသူ ခူဒါဘတ်(စ်) ၏ ဇနီးဖြစ်သည်ဟု ယူဆနိုင်ကြောင်း၊ ထို့ကြောင့် သေသူ ခူဒါဘတ်(စ်) အမည်နှင့် ရှိသော ဂရုံမျှားကို မသိန်းအမည်ဖြင့် လွှဲပြောင်းပေးခြင်းမှာ မှားယွင်းသည်ဟူ၍ မယူဆနိုင်ကြောင်း ကောက်ယူဆုံးဖြတ်ပြီးလျှင် အဇစ်ခန်၏ အယူခံကို ပယ်ခဲ့၏။ ယင်းသို့အဇစ်ခန်၏ အယူခံကို ပယ်ခဲ့ခြင်းကြောင့် အဇစ်ခန်သည် ဤမှုသို့ ဘဏ္ဍာတော်မင်းကြီး၏ အမိန့်ကိုငင်း၊ တိုင်းမင်းကြီး ဦးသက်တင်၏ အမိန့်ကိုငင်း၊ ဦးသက်တင်က အတည်ပြုခဲ့သည့် ခရိုင်ဝန်၏ အမိန့်ကိုငင်း အမှုခေါ် စာချုပ်တော် အမိန့်ဖြင့် ပယ်ဖျက်ပါရန် လျှောက်ထားခြင်းဖြစ်သည်။

သို့ရာတွင် ဤကိစ္စ၌ ဘဏ္ဍာတော်မင်းကြီးသည် တရားစီရင်ရေးကဲ့သို့သော အာဏာဖြင့်ဆောင်ရွက်ခြင်းမဟုတ်ဘဲ၊ မိမိတွင်အခွန်တော်အရေးကိစ္စအနေနှင့်ဆောင်ရွက်ရသော အုပ်ချုပ်ရေး အာဏာအရ ဆောင်ရွက်ခဲ့သည်မှာ ထင်ဟုးကြောင်း၊ ဤအချက်

၁၉၆၄

အငြင်းခုန်နှင့် ဘဏ္ဍာတော်မင်းကြီးပါ ၄။

နှင့် စပ်သျှင်း၍ ယခင်တရားလွှတ်တော်ချုပ်သည် **ဟပ်ပေါ်**နှင့် **အင်းစိန်ခရိုင်ဝန်** (၃) အမှု၊ **မိုဟာမက်ဟာနစ် ပါ ၁** နှင့် **ဘဏ္ဍာတော်မင်းကြီး** (၂) အမှု၊ **ဦးကြူပြင်**နှင့် **ဘဏ္ဍာတော်မင်းကြီး** (၃) အမှုတို့ အတိုအလင်း ဆုံးဖြတ်ပြီးဖြစ်သည်။ ယင်းစီရင်ထုံးများကို ဤရုံးက အမှုပေါင်းများစွာတွင် လိုက်နာဆောင်ရွက်ခဲ့ရာ၊ ထိုအမှုများအနက်၊ **ဦးသာဒင်ပါ ၂ ဦး**နှင့် **ဘဏ္ဍာတော်မင်းကြီးပါ ၄ ဦး** (၄) အမှုသည်အပါအဝင်ဖြစ်သည်။

လျှောက်ထားသူ၏ ပညာရှိ ရှေ့နေကြီးက ယခင် တရားလွှတ်တော်ချုပ်သည်၊ ထိုအမှုများကို စီရင်ဆုံးဖြတ်ရာ၌ အုပ်ချုပ်ရေး အရာရှိများတွင်တရားရုံးများကဲ့သို့ပင် ဆောင်ရွက်ရန် တာဝန်ရှိသည်များကို လေးလေးနက်နက် စဉ်းစားခဲ့ဟန် မတွေ့ရကြောင်း၊ အုပ်ချုပ်ရေး အရာရှိများသည်၊ မည်သည့်ကိစ္စများတွင် တရားစီရင်ရေး အာဏာကဲ့သို့သော အာဏာကို သုံးစွဲရမည်ဆိုသည့် အချက်နှင့်စပ်သျှင်း၍ **ဦးပေါ်**နှင့် **မအူပင်မြို့နှံစီပါယ်** (၅) အမှု၌၊ ဤရုံးက အကျယ်တဝင့် ဖော်ပြပြီး ဖြစ်ရကြောင်း **ဦးပေါ်**နှင့် မအူပင် မြို့နှံစီပါယ်တို့၏ အမှုတွင် ဖော်ပြထားသည့် အနှစ်ချုပ်များအတိုင်း ယခုကိစ္စတွင် ဘဏ္ဍာတော်မင်းကြီး၏ ဆောင်ရွက်ချက်များကို ပေးနိုင်ပါမူ၊ ဘဏ္ဍာတော်မင်းကြီးသည် တရားစီရင်ရေး အာဏာကဲ့သို့သော အာဏာကို သုံးစွဲပြီး အမိန့်ချမှတ်ခဲ့သည်မှာ ထင်ရှားကြောင်း လျှောက်ထားလေသည်။ သို့ရာတွင်ကျွန်ုပ်တို့ ညွှန်ပြလိုသည်မှာ အထက်တွင် ဖော်ပြထားသည့် **ဦးသာဒင် ပါ ၂** နှင့် **ဘဏ္ဍာတော်မင်းကြီး ပါ ၄** တို့၏ အမှုသည် **ဦးပေါ်**နှင့် **မအူပင်မြို့နှံစီပါယ်** အမှု ဆုံးဖြတ်ပြီးမှသာလျှင် ဆုံးဖြတ်သောအမှုဖြစ်သည်။ **ဦးသာဒင် ပါ ၂** နှင့် **ဘဏ္ဍာတော်မင်းကြီးပါ ၄** အမှုသည် **ဦးပေါ်**၏အမှုကို ညွှန်းလျက် ဆုံးဖြတ်ထားခြင်းဖြစ်သည်။ လျှောက်ထားသူ၏ ပညာရှိရှေ့နေကြီးကတဖန် အထက်မြန်မာပြည် မြေနှင့် အခွန်တော် ရုပ်ဂူလေးငှင်းနှင့် ထိုရုပ်ဂူလေးငှင်းအရာ ပြုလုပ်ထားသည့် နည်းဥပဒေများနှင့် သက်ဆိုင်သော ညွှန်ကြားချက်အပိုဒ် (၂) ကို အကိုးအကားပြု၍၊ ဘဏ္ဍာတော်မင်းကြီးသည် ယခုကိစ္စများတွင် ထိုညွှန်ကြားချက်များကို ဆန့်ကျင်၍၊ ဆောင်ရွက်ခဲ့သည်ဟု လျှောက်ထားသည်၊ သို့သော် ထိုညွှန်ကြားချက်များမှာ အက်ဥပဒေအရသော်၎င်း၊ အက်ဥပဒေအရပြုလုပ်သော နည်းဥပဒေအရသော်၎င်း လိုက်နာရန်လိုသည့် အချက်များ မပေးထားကြောင်း ထင်ရှားသည်။ ထိုညွှန်ကြားချက်များကို ဘဏ္ဍာတော်မင်းကြီးက အလျဉ်းသင့်သလို

---

(၁) ၁၉၅၀ ခုနှစ်၊ မြန်မာပြည်စီရင်ထုံးများ၊ တရားလွှတ်တော်ချုပ်၊ စာမျက်နှာ ၈၆။
(၂) ၁၉၅၂ ခုနှစ်၊ မြန်မာပြည်စီရင်ထုံးများ၊ တရားလွှတ်တော်ချုပ်၊ စာမျက်နှာ ၁၁။
(၃) ၁၉၅၂ ခုနှစ်၊ မြန်မာပြည်စီရင်ထုံးများ၊ တရားလွှတ်တော်ချုပ်၊ စာမျက်နှာ ၂၃၄။
(၄) ၁၉၆၂ ခုနှစ်၊ တရားမအထွေထွေလျှောက်လွှာအမှတ် ၁၁၉။
(၅) ၁၉၆၁ ခုနှစ်၊ တရားမအသေးအဖွဲလျှောက်လွှာအမှတ် ၂၀၆။

၁၉၆၄

အဇစ်ခန်နှင့် ဘဏ္ဍာတော်မင်းကြီး ပါ ၄။

လိုက်နာသင့်က လိုက်နာနိုင်သည်၊ မလိုက်နာဘဲနေခြင်းကြောင့် ပုဒ်း၏အမှုမှာ ပျက်ပြယ်ခြင်းမရှိနိုင်ချေ။ ထို့ပြင် တဝ အဆိုပါ ညွှန်ကြားချက်အရပင်လျှင် ယခုကိစ္စတွင် ဘဏ္ဍာတော်မင်းကြီး၏ ဆောင်ရွက်ချက်မှာ အုပ်ချုပ်ရေး အာဏာအရ ဆောင်ရွက်ကြောင်း ထင်ပေါ်သည်။ ဤအချက်နှင့်စပ်လျဉ်း၍ အထက်မြန်မာပြည်ဖြေနှင့် အခွန်ဘော် ရယ်ဂူလေးဌင်း အရ ပြဋ္ဌာန်းထားသော နည်းဥပဒေ ၅ ကို ကျွန်ုပ်တို့ ညွှန်ပြပိုသည်။ ယခုကိစ္စမှာ ထိုနည်းဥပဒေ ၅ (၂) တွင်ရည်ညွှန်းထားသည့် ကိစ္စမျိုးအာသျဉ်းမဟုတ်ချေ။

အထက်ဟုင် ဖေါ်ပြပြီးဖြစ်သော အကြောင်းများကြောင့် ယခုလျှောက်ထားသူ အဇစ်ခန်၏ လျှောက်လွှာကို ပယ်ပလိုက်သည်။

အမှုသည်များသည် မိမိတို့၏ တရားစရိတ်ကို မိမိဘို့အသီးသီးကျခံကြရမည်ဖြစ်သည်။

တရားမအထွေထွေ

ထရားသူကြီးချုပ် ဦးဘိုကြီး၊ တရားသူကြီး ဦးစောဘသိန်းနှင့် တရားသူကြီးဦးထွန်းတင်တို့ရှေ့တွင်

အေစကော့အင်ကုမ္ပဏီ (လျှောက်ထားသူ)

နှင့်

† ၁၉၆၄

ကုန်သွယ်လုပ်ငန်းခွန်ဌာန၊ အခွန်အရာရှိ (လျှောက်ထားခံရသူ) *

စက်တင်ဘာလ ၁၆ ရက်။

ရောင်းခွန်အက်ဥပဒေပုဒ်မ ၁၁ (၃)၊ကျန်ရှိနေသော ရောင်းခွန်အတွက် ဝါရမ်းကပ်ခြင်းကိစ္စ။ အခွန်အရာရှိ၏အာဏာ။

ဆုံးဖြတ်ချက်။ ။ရောင်းခွန်အက်ဥပဒေပုဒ်မ ၁၁ (၃) အရ၊ ရောင်းခွန်မင်းကြီးသည်၊ ရောင်းခွန်ပေးသွင်းရန် သတ်မှတ်သည့်အချိန်ကို တိုးခဲ့ပေးနိုင်သည်။

ထိုသို့တိုးခဲ့ပေးထားခြင်းမရှိလျှင်၎င်း၊ ထိုအမိန့်ကို ဇာရီပြုလုပ်ခြင်းမှ ရပ်ဆိုင်းထားရန် အမိန့်ချထားခြင်းမရှိလျှင်၎င်း အခွန်အရာရှိသည် အဆိုပါ အက်ဥပဒေပုဒ်မ ၁၁(၃)အရ၊ အရေးယူနိုင်သည်။

လျှောက်ထားသူအတွက်။ ။ပညာရှိရွှေနေကြီး မစ္စတာ စီ၊စီ၊ခွေး။

လျှောက်ထားခံရသူအတွက်။ ။ပညာရှိအစိုးရရွှေနေကြီး ဦးဘမေ။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။ဤအမှုအကြောင်းခြင်းရာ လိုရင်းအကျဉ်းချုပ်မှာ၊ ယခု လျှောက်ထားသူ အေစကော့အင်ကုမ္ပဏီအပေါ် ၁၉၆၀-၆၁ ခုနှစ်အတွက် ရောင်းခွန် စည်းကြပ်ရာတွင် လျှောက်ထားသူက မကျေနပ်သဖြင့် ရောင်းခွန် မင်းကြီးထံ အယူခံဝင်ရာ၊ မင်းကြီးက မူလအခွန်စည်းကြပ်ခြင်းကို ပယ်ဖျက်ပြီးလျှင် ပြန်လည်အခွန်စည်းကြပ်စေရန် အမိန့်ချမှတ်လိုက်၏။ ယင်းသို့ အမိန့်ချမှတ်သည့်အတိုင်း၊ ရောင်းခွန်အရာရှိက ရောင်းခွန်ပြန်လည်စည်းကြပ်သည့်အခါ လျှောက်ထားသူက ကျသင့်သော ရောင်းခွန်ကို ပေးသွင်းခဲ့၏။ ထို့နောက် ရောင်းခွန်အရာရှိက ရောင်းခွန် နည်းဥပဒေ ၂၆ အရ ရောင်းခွန် စည်းကြပ်သည်ကို ပြန်လည် ပြင်ဆင်ရန် လိုအပ်ကြောင်းနှင့် ယခုလျှောက်ထားသူအား အကြောင်းကြားရှိ ချေပခွင့်ပေးခဲ့၏။ ၁၉၆၄ ခုနှစ်၊ ဇန္နဝါရီလ ၈ ရက်နေ့တွင် ရောင်းခွန်အရာရှိသည် လျှောက်ထား

---

* ၁၉၆၄ ခုနှစ်၊ တရားမအထွေထွေလျှောက်လွှာ အမှတ် ၇၇။

† ရန်ကုန်မြို့၊ ကုန်သွယ်လုပ်ငန်းခွန်ဌာန အခွန်အရာရှိ၏ အမှုဖြစ်အမှတ် ၂၈အ-စ ၇၆၃-၆၄ တွင် ၁၉၆၄ ခုနှစ်၊ မတ်လ ၄ ရက်နေ့ဖြင့် ချမှတ်သော ဒီကရီ နှင့် ၁၉၆၄ ခုနှစ်၊ ဧပြီလ ၂၀ ရက်နေ့စွဲဖြင့် ချမှတ်သော ဝါရမ်းကပ်သည့် အမိန့်ကို ပယ်ဖျက်ပေးရန် အမှုခေါ် စာချုပ်တော်လျှောက်လွှာ။

၁၉၆၄

အေစကော့ အင် ကုမ္ပဏီ နှင့် ကုန်သွယ် လုပ်ငန်းခွန် ဌာန၊ အခွန် အာဏာရှိ။

သူထံ မူလပေးသွင်းခဲ့သည့် ရောင်းခွန်ငွေအပြင် ငွေ ၂၉,၀၇၂ ကျပ်ကို ရောင်းခွန် အဖြစ် ထပ်မံ ပေးသွင်းရန် အကြောင်းကြားလိုက်၏။ ၁၉၆၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် လျှောက်ထားသူသည် လက်ထောက် ရောင်းခွန်မင်းကြီးထံ အယူခံဝင်၏။ ယင်းသို့ အယူခံဝင်သည်တွင် လျှောက်ထားသူက ရောင်းခွန်အရာရှိ၏ အမိန့်ကို ဇာရီပြုခြင်းမှ ရပ်ဆိုင်းရန်အတွက် တိကျစွာ လျှောက်ထားခဲ့ခြင်း မပြုချေ။ လက်ထောက် ရောင်းခွန်မင်းကြီးကလည်း ထိုအမိန့်ကို ဇာရီပြုခြင်းမှ ရပ်ဆိုင်းထားရန် အမိန့်ချမှတ်ခြင်းမပြုခဲ့ချေ။ ထိုအတောအတွင်း ၁၉၆၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် ရောင်းခွန်အရာရှိသည် အဆိုပါငွေ ၂၉,၀၇၂ ကျပ် ရယူရန်အတွက် ဇာရီပြုလုပ်ရန် အခွန်အရာရှိထံ မေတ္တာရပ်ခံ၏။ အခွန်အရာရှိက လျှောက်ထားသူအား အကြောင်းကြား၍၊ ချေပချက်ကိုကြားနာပြီးလျှင်၊ ၁၉၆၄ ခုနှစ်၊ ဧပြီလ ၂၀ ရက်နေ့၌ လျှောက်ထားသူပိုင် အဆောက်အဦကို ဝါရမ်းကပ်၏။

ထိုဝါရမ်းကပ်သည့် အမိန့်ကို ပယ်ဖျက်ရန်အတွက်၊ လျှောက်ထားသူက အမှုခေါ်စာချွန်တော် ထုတ်ပေးရန် တောင်းဆိုခြင်းဖြစ်၏။

လျှောက်ထားသူ၏ ပညာဦးရွေနေကြီး လျှောက်လဲသည့်အတိုင်း ရောင်းခွန် အက်ဥပဒေ ပုဒ်မ ၁၁ (၂) အရ ရောင်းခွန်မင်းကြီးသည်၊ ရောင်းခွန်ပေးသွင်းရန် သတ်မှတ်သည့် အချိန်ကို တိုးချဲ့ပေးနိုင်၏။ သို့သော် အချိန်တိုးချဲ့ပေးရန် မင်းကြီးအား လျှောက်ထားခဲ့ဟန်မတူ။ မင်းကြီးကလည်း အချိန်တိုးချဲ့ပေးခြင်း မပြုခဲ့ချေ။ ထို့ပြင်လည်း အထက်၌ ဖော်ပြခဲ့သည့်အတိုင်း ရောင်းခွန် အရာရှိ၏ အမိန့်ကို ဇာရီပြုခြင်းမှ ရပ်ဆိုင်းစေရန် လက်ထောက်မင်းကြီးထံ တိကျစွာ လျှောက်ထားခြင်း မပြုခဲ့ပေ။ လက်ထောက်မင်းကြီးကလည်း ရပ်ဆိုင်းစေရန် အမိန့်ချမှတ်ခြင်း မပြုခဲ့ချေ။

အထက်ပါ အခြေအနေတွင် ရောင်းခွန်အရာရှိသည် မပြေကျန်ငွေကိုရယူရန်အတွက် ဇာရီပြုလုပ်ရန် အခွန်အရာရှိထံ လျှောက်ထားနိုင်ပေသည်။ အခွန်အရာရှိကလည်း ရောင်းခွန်အက်ဥပဒေပုဒ်မ ၁၁ (၃) အရ မပြေကျန်ငွေ ရရှိရန် အရေးယူနိုင်ပေသည်။

ဤအမှုတွင် ယခုလျှောက်ထားသူသည် မိမိပိုင်ပစ္စည်းကို ဝါရမ်းကပ်သည့်အတွက် မခံရပ်နိုင်သဖြင့် အမှုခေါ်စာချွန်တော် ထုတ်ပေးရန် လျှောက်ထားခြင်း ဖြစ်သည်။ သို့သော် အခွန်အရာရှိ၌ ဝါရမ်းထုတ်ရန် အာဏာရှိသည်ဖြစ်၍ ဤရုံးက ဝင်ရောက်စွက်ဖက်မည် မဟုတ်ပေ။ လျှောက်ထားသူသည် အဆိုပါငွေ ၂၉,၀၇၂ ကျပ်ကို တင်သွင်းပြီး ဝါရမ်းခွါရန် လျှောက်ထားနိုင်ပေမည်။

ဝင်ရောက်စွက်ဖက်ရန် အကြောင်းမပြင်သဖြင့် လျှောက်လွှာကို အကျဉ်းနည်းဖြင့် ပယ်လိုက်သည်။

တရားမဒုတိယအယူခံမှု

တရားသူကြီး ဦးစောဘသိန်းရွှေတွင်

† ၁၉၆၄

ငူလိုင်လ ၄ ရက်။

အက် (စ်)၊အေ၊ရီးယား (အယူခံတရားလို)

နှင့်

သာဇယ်(လ်) (အယူခံတရားခံ)*

မြို့ပြဆိုင်ရာ ဥါးရမ်းခ ကြီးကြပ်ရေးအက်ဥပဒေ ပုဒ်မ ၂ (၈)၊ ''မြို့ဒေသ'' ဆိုသည့်စကားရပ်၊ ခရမ်းမြို့ ပါဝင် မဝင်၊ မြူနီစီပါယ် အက်ဥပဒေ ပုဒ်မ ၂ (၁၇) နှင့် ၂၄၆ (၁)။

ဆုံးဖြတ်ချက်။ ။မြို့ပြဆိုင်ရာ ဥါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၂ (၈) တွင်၊ ''မြို့ဒေသ'' ဆိုသည့် စကားရပ်၌ မြူနီစီပါယ်အက်ဥပဒေ အခန်း (၂) အရ၊ မြူနီစီပါယ်နယ်ဟု ကျေညာထားသည့်နယ်မြေ (Notified area) မည်သည့်နယ်မြေဖြစ်ကြောင်းကို၊ မြူနီစီပါယ်အက်ဥပဒေပုဒ်မ ၂ (၁၈)ကွင်ၵင်း၊ ပုဒ်မ ၂၄၆ (၁)တွင်ၵင်း ပြဋ္ဌာန်းထားသည်။

မြန်မာနိုင်ငံ သမတ က ထုတ်ပြန်သော ပြဋ္ဌာန်းချက်တခုအရ၊ ခရမ်းမြို့သည်ကျေညာပြီးနယ်မြေ (Notified area) ဖြစ်သဖြင့်၊ မြို့ပြဆိုင်ရာ ဥါးရမ်းခ ကြီးကြပ်ရေးအက်ဥပဒေ ပုဒ်မ ၂ (၈) အရ၊ ''မြို့ဒေသ'' (Urban area) ဖြစ်သည်။

သို့ဖြစ်၍ အိမ်လခကျန်ငွေအတွက် ရုံးတင် တရားစွဲလိုလျှင် အဆိုပါ ဥပဒေပုဒ်မ (၁၉) အရ၊ ဥပစာ၏ ဥါးခနှင့် စပ်လျဉ်း၍ ကြီးကြပ်ရေးဝန်၏ သက်သေခံလက်မှတ်တစောင်ကို ဆိုလွှာနှင့်အတူ ပူးတွဲတင်သွင်းရန်လိုအပ်သည်။

အယူခံတရားလိုအတွက်။ ။ရွှေနေကြီး ဦးဘဇ။

အယူခံတရားခံအတွက်။ ။ရွှေနေကြီး မစ္စတာ ဒီ၊ အင်၊ ဒတ်။

တရားသူကြီး ဦးစောဘသိန်း။ ။သံလျင်မြို့၊ နယ်ပိုင် တရားမ တရားသူ ကြီးရုံး၊ ၁၉၆၂ ခုနှစ်၊ တရားမကြီး အမှုအမှတ် ၂ တွင်၊ တရားလို အက်(စ်)၊အေ၊ ရီးယားက တရားခံ သာဇယ်(လ်)အပေါ်၊ အိမ်လခကျန်ငွေ ၁,၉၆၀ ကျပ်ကို၊ ရလိုကြောင်းစွဲဆိုရာ တရားခံ သာဇယ်(လ်)က၊ ထုချေလွှာတွင်ဘော်ပြပြင်းဆိုသော အကြောင်းများ အနက်၊ အဓိက အကြောင်းပြချက်မှာ တရားလိုသည် မြို့ပြဆိုင်ရာ ဥါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ အရ၊ စံဥါးခနှုန်း သတ်မှတ်ထားသော လက်မှတ်မပါဘဲ ဤအမှုကိုစွဲဆိုနိုင်ပါသလားဟူ၍ ဖြစ်သဖြင့်၊ အောက်မူလရုံးက၊ အချင်းဖြစ်အိမ်ခန်း များသည်မြို့ပြဆိုင်ရာ ဥါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေနှင့် သက်ဆိုင်ပါသလား ဆိုသောကောက်ချက်ကိုထုတ်၍၊ အချင်းဖြစ် အိမ်ခန်းများ တည်ရှိရာ၊ ခရမ်းမြို့သည်

* ၁၉၆၄ ခုနှစ်၊တရားမ ဒုတိယအယူခံမှု အမှတ် ၇။

† ၁၉၆၃ ခုနှစ်၊ တရားမ အယူခံမှုအမှတ် ၄ တွင် ရန်ကုန်မြို့ရုံးထိုင်၊ ဟံသာဝတီ ခရိုင်တရားမ တရားသူကြီးရုံးတော်၏ ချမှတ်သော ဒီကရီကို အယူခံဝင်မှု။

၁၉၆၄

အက်(စ်)၊ အေ၊ ရီးယား နှင့် သာဇယ် (လ်)။

မြို့ပြဆိုင်ရာ ဌါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေနှင့် သက်ဆိုင်သော မြို့ဖြစ်ကြောင်း ယူဆဆုံးဖြတ်ပြီး၊ တရားလိုစွဲဆိုသော အမှုကို၊ လိုအပ်သော စံဌါးခန့်နှုန်းသတ်မှတ်သည့် လက်မှတ်မပါသဖြင့်၊ စရိတ်ဖြင့်ပလပ်ရန်၊ အမိန့်ချမှတ်သိုက်ရာ၊ တရားလိုကမဟုန့်၍ ဟံသာဝတီခရိုင် တရားမ တရားသူကြီးရုံးသို့၊ အယူခံဝင်သော်လည်း မအောင်မြင် အကြောင်းမထူးသဖြင့်၊ ဤရုံးသို့ ဒုတိယအကြိမ် အယူခံဝင်ရာတွင်၊ ၎င်း၏ ပညာရှိ ရှေနေကြီးက လျှောက်လဲတင်ပြသော အဓိက အယူခံအကြောင်းပြချက်မှာ ဟံသာဝတီ ခရိုင်၊ ခရမ်းမြို့သည် မြို့ပြဒေသဖြစ်သည်ဟု မည်သည့်အခါကမှ ကြေညာခြင်းမပြုရသေး သဖြင့်၊ မြို့ပြဆိုင်ရာ ဌါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေသည် ခရမ်းမြို့နှင့် သက်ဆိုင်ခြင်းမရှိသည့်အတွက်၊ အောက်ရုံးက၊ အယူခံ တရားလို စွဲဆိုသော အမှုကို ပလပ်လိုက်သည်မှာ၊ မှားယွင်းကြောင်း ဟူ၍ဖြစ်သည်။

၁၉၆၀ ခုနှစ်၊ မြို့ပြဆိုင်ရာ ဌါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၂ (၈) တွင်၊ **"မြို့ဒေသ"** ဆိုသည့်စကားရပ်၌၊ ရန်ကုန်မြို့ သော်၎င်း၊ မြို့နိုစီပါယ် အက်ဥပဒေ အခန်း (၂) အရ၊ မြို့နိုစီပါယ်နယ်ဟု ကြေညာထားသည့် ဒေသ၎င်း၊ **အဆိုပါ အက်ဥပဒေ** ပုဒ်မ ၂၄၆ အရ၊ ကြေညာပြီး နယ်မြေဟူ၍ **အမိန့်ကြော်ငြာစာဖြင့်၊ ထုတ်ပြန်ထားသည့် ဒေသ၎င်း**၊ တပ်မြေ အက်ဥပဒေတွင်၊ အဓိပ္ပါယ် ဘော်ပြထားသည့် တပ်မြေ၎င်း၊ မြို့များ အက်ဥပဒေ အရ၊ **မြို့ဟူ၍ ကြေညာထားသော ဒေသ၎င်း**၊ ဤအက်ဥပဒေပါ ကိစ္စအလို့ငှာ၊ မြို့ပြဒေသဟူ၍ နိုင်ငံတော် သမတက၊ အမိန့်ကြော်ငြာစာဖြင့်၊ ထုတ်ပြန်ထားသည့် အခြားဒေသ၎င်း ပါဝင်သည် " ဟူ၍ ပြဋ္ဌာန်းထားသည်။

တဖန်၊ "ကြေညာပြီးနယ်မြေ" (Notified area) မည်သို့သော နယ်မြေဖြစ်ကြောင်းကို၊ မြို့နိုစီပါယ် အက်ဥပဒေပုဒ်မ ၂ (၁၈) တွင်—

> "Notified area" means an area in respect of which the President of the Union has issued a *declaration under section 246.*"

ဟူ၍ပြဋ္ဌာန်းထားသည်။ မြို့နိုစီပါယ် အက်ဥပဒေပုဒ်မ ၂၄၆ ပုဒ်မခွဲ (၁) တွင်—

> "The President of the Union may, by notification, declare that, in respect of some or all of the matters upon which a municipal fund may be expended under section 87, improved arrangements are required within a specified area which nevertheless it is not expedient to establish as a municipality.
>
> (2) An area with regard to which a notification has been issued under sub-section (1) herein after called 'a notified area'.

ခရိုင်၄

အက် (စ်)၊ အေ၊ နီးယား နှင့် သာဇယ် (လ်)။

(3) No area shall be declared a notified area unless it contains less than ten thousand inhabitants according to the returns of the most recent official census is not a purely agricultural village, and contains a town or market.

(4) * * * * * *

ဟူ၍ပြဋ္ဌာန်းထားသည်။

ဤပြဋ္ဌာန်းချက်အရ၊ ပြည်ထောင်စု မြန်မာနိုင်ငံ သမတက၊ ၁၉၆၁ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့စွဲပါ၊ ပြန်တမ်းအမှတ် ၂၆၁ (*) တွင်၊ မြို့နိုစီပါယ် အက်ဥပဒေပုဒ်မ ၂၄၆ (၃) အရ၊ ယခင် ခရမ်းမြို့၊ ကောင်စီကို၊ ၁၉၆၁ ခု၊ အောက်တိုဘာလ ၁ ရက်နေ့မှစ၍၊ **ခရမ်းမြို့၊ တောင်းကော်မီတီ** (Kayan Town Committee) ဖြစ်သည်ဟု ကျေညာခဲ့ပြီးဖြစ်သည်။

တဖန်၊ မြို့နိုစီပါယ် အက်ဥပဒေ ပုဒ်မ ၂ (၅) တွင်—

"'Committee' means the committee constituted by or under this Act for a municipality or *notified area*" . . .

ဟူ၍ပြဋ္ဌာန်းထားသဖြင့်၊ "**ခရမ်းမြို့၊ တောင်းကော်မီတီ**"သည် အမှန်စင်စစ်အားဖြင့် ကျေညာပြီးနယ်မြေ (Notified area) ဖြစ်သည်မှာ၊ ကောင်းစွာ ပေါ်လွင်လျက်ရှိပေသည်။ ထိုသို့ဖြစ်လျှင်၊ **ခရမ်းမြို့**သည်၊ ၁၉၆၀ ခုနှစ်၊ မြို့ပြဆိုင်ရာ ဌာနခွဲရမ်းခ၊ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၂ (၈) ပြဋ္ဌာန်းချက်အရ၊ "မြို့ဒေသ" (Urban Area) ဖြစ်သည်ဟု ယူဆဆုံးဖြတ်ရပေမည်။ သို့ဖြစ်သောကြောင့်၊ အဆိုပါ မြို့ပြဆိုင်ရာဌာနခွဲရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁ (၂) အရ၊ **ခရမ်းမြို့**သည် ဘော်ပြပါ၊ မြို့ပြဆိုင်ရာ ဌာနခွဲရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ အတည်ဖြစ်သည့် မြို့ဒေသဖြစ်သည်ဟူ၍ ဆုံးဖြတ်ချက် ချမှတ်သည်။

၁၉၆၀ ခုနှစ်၊ မြို့ပြဆိုင်ရာ ဌာနခွဲရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၉ ပြဋ္ဌာန်းချက်အရ၊ အယူခံ တရားလိုသည် ဤအမှုကို ရုံးတင်စွဲဆိုနိုင်ရန်၊ ဥပစာ၏ စံဌိုးခနှင့် စပ်လျဉ်း၍၊ ကြီးကြပ်ရေးဝန်၏ သက်သေခံ လက်မှတ် တစောင်ကို၊ ဆိုလွှာနှင့်အတူ ပူးတွဲတင်သွင်းရန် လိုအပ်ပေသည်။ ယခုထိုကဲ့သို့ လိုအပ်သော လက်မှတ်ကို၊ ဆိုလွှာနှင့်အတူ ပူးတွဲတင်သွင်းခြင်း မပြုသဖြင့်၊ အောက်ရုံးက၊ အယူခံ တရားလို၏ အမှုကို ပလပ်လိုက်သည်မှာ၊ မှားယွင်း ချွတ်ချော်သည်ဟု မဆိုနိုင်ပေ။

အထက်ဘော်ပြပါ၊ အကြောင်းများကြောင့်၊ အောက်ရုံး ချမှတ်သော အမိန့်ကို၊ ဝင်ရောက်စွက်ဘက်ရန်၊ လုံလောက်သောအကြောင်းမရှိသဖြင့်၊ ဤအယူခံကိုစရိတ်ဖြင့် ပလပ်ရန် အမိန့်ချမှတ်လိုက်သည်။

ဤရုံးလှေ့နေကြီးခမှာ ၅၁ ကျပ် ဖြစ်စေရမည်။

တရားမအယူခံမှု

တရားသူကြီးချုပ် ဦးဘိုကြီး၊ တရားသူကြီး ဦးစောဘသိန်းနှင့် တရားသူကြီး ဦးထွန်းတင်တို့ရှေ့တွင်

အမ်၊ အေး အယ်လ်၊ အလုပ်တိုက်၊ ၎င်း၏ကိုစားလည်၊ ပီ၊ အယ် လ်၊ပို့ ရာမာဆွာမိ ချစ်တီးယား (အယူခံတရားလို) †

နှင့်

မောင်အောင် ပါ ၂ (အယူခံတရားခံများ)*

၁၉၆၄ စက်တင်ဘာလ ၁၉ ရက်။

ကာလစည်းကမ်းသတ်အက်ဥပဒေအပိုဒ် ၁၈၃—"အထည်ပြု" (enforce) ဆိုသောစကားရပ်—"ဇာရီပြုလုပ်ခြင်း" ဆိုသော စကားရပ်ထက် အဓိပ္ပါယ်ကျယ်ဝန်းခြင်း။

နှစ်ဦးသဘောတူ ချမှတ်ထားသော ဒီကရီ တရားနိုင်များ လျှောက်ထားနိုင်သော အချိန်၊ တရားမကျင့်ထုံး အမိန့် ၂၁၊ နည်းဥပဒေ ၆၃ (ခ) အရ၊ လျှောက်လွှာ။

အယူခံတရားလိုများသည်၊ ၁၉၃၅ ခုနှစ်တွင် အယူခံတရားခံ ၂ ဦးနှင့် အခြားသူ ၂ ဦး အပေါ် ချေးထားသောငွေရလိုမှုနှင့် ရန်ကုန်တရားလွှတ်တော်တွင် တရားစွဲဆိုခဲ့ရာ၊ ၁၉၃၉ ခုနှစ်တွင် နှစ်ဦးသဘောတူညီချက်အရ၊ ဒီကရီရရှိခဲ့လေသည်။

ထိုဒီကရီတွင် အပိုင်းနှစ်ပိုင်း ပါရှိလေသည်။ ပဌမပိုင်းမှာ တရားစွဲဆိုသည့်ငွေကို အတိုးနှင့်တကွ ပေးဆပ်ရန်ဖြစ်၍၊ ဒုတိယပိုင်းမှာ အင်ပီးရီးရယ်ဘဏ်တွင် ရှိသော တရားခံများ၏ ဝေစုမှ ငွေကို အမှုအတောအတွင်း ဝါရမ်းဘမ်းဆီးခဲ့သည့် အမိန့်သည် ဆက်လက်တည်ရှိစေရမည်ဖြစ်သည်။

၁၉၄၈ ခုနှစ်တွင် အယူခံတရားလိုများသည်၊ အယူခံတရားခံများ ၂ ဦးအပေါ် ဇာရီပြုလုပ်၍ ဘဏ်မှ ဆိမ်းဆည်းထားသော ငွေများမှ ထုတ်ပေးရန် တရားမကျင့်ထုံး အမိန့် ၂၁၊ နည်းဥပဒေ ၆၃ (ခ) အရ၊ လျှောက်ထားလေသည်။ သို့ရာတွင် ထိုစဉ်အခါ၌ အယူခံတရားခံ ၂ ဦး ပါဝင်သော အမွေမှုမျှားမှာ မပြီးဆုံးသေး၍၊ ၎င်းတို့၏ဝေစုများကို တိကျစွာသတ်မှတ်ခြင်း မပြုရသေးသဖြင့်၊ တရားလွှတ်တော်က လျှောက်လွှာကို ပယ်ခဲ့ပါသည်။

၁၉၆၂ ခုနှစ်တွင် အဆိုပါ အမွေမှုမျှား ပြီးဆုံးပြီး၊ အယူခံတရားခံနှစ်ဦးပိုင်ဆိုင်သည့် ဝေစုများကိုလည်း တိကျစွာ သတ်မှတ်နိုင်ခဲ့၏။

၁၉၆၃ ခုနှစ်တွင် အယူခံတရားလိုများက တရားမကျင့်ထုံး အမိန့် ၂၁၊ နည်းဥပဒေ ၆၃ (ခ) အရ၊ ဘဏ်မှ ငွေထုတ်ပေးရန် ညွှန်ကြားရန်အတွက် တရားရုံးချုပ်သို့ လျှောက်ထားပြန်ရာ၊ တရားရုံးချုပ်မူလဘက်ဆိုင်ရာ တရားရုံးက ထိုလျှောက်လွှာမှာ ကာလစည်းကမ်းသတ် ကျော်လွန်ပြီးမှ လျှောက်ခြင်းဖြစ်သည်ဟု ယူဆကာ၊ လျှောက်လွှာကိုပယ်လိုက်၏။ ထိုအမိန့်ကို မကျေနပ်၍အယူခံတရားလိုများက အယူခံဝင်ပြန်ရာ။

---

* ၁၉၆၃ ခုနှစ်၊ တရားမ အထွေထွေ အယူခံမှုအမှတ် ၄၀။

† ၁၉၆၃ ခုနှစ်၊ တရားမ ဇာရီမှု အမှတ် ၃ တွင် တရားရုံးချုပ်၊ မူလဘက်ဆိုင်ရာ ရုံးတော်၏ ချမှတ်သော ဒီကရီကို အယူခံဝင်မှု။

၁၉၆၄

အမ်၊အေ၊ အယ်(လ်)အလုပ်တိုက်၊ ၎င်း၏ ကိုယ်စားလည်၊ ပီ၊အယ်(လ်)၊ ဗီရာမာဆွာမီ ချစ်တီးယား နှင့် မောင်အောင် ပါ ၂။

ဆုံးဖြတ်ချက်။ ။ဤကိစ္စတွင် သက်ဆိုင်သော ကာလစည်းကမ်းသတ် ဥပဒေ၏ပြဋ္ဌာန်းချက်မှ ပဌမဇယားအပိုဒ် ၁၈ ဖြစ်သည်။ ထိုအပိုဒ်တွင် တရားလွှတ်တော်မူလဘက်ဆိုင်ရာရုံး၏ ဒီကရီ၊ သို့တည်းမဟုတ် အမိန့်ကိုအတည်ပြု (enforce) ရာ၌၊ ထိုဒီကရီ၊သို့မဟုတ် အမိန့်ကို ယခုလက်ငင်း အတည်ပြုနိုင်ခွင့်ရရှိပြီး၊ ၁၂ နှစ်အတွင်း ဆောင်ရွက်နိုင်ရမည်ဟု ပါရှိသည်။ အတည်ပြု (enforce) ဆိုသောစကားရပ်များသည်၊ ဇာရီပြုလုပ်ခြင်း (execution) ဆိုသောစကားရပ်ထက် အဓိပ္ပါယ် ကျယ်ဝန်း၍ '' အတည်ပြု '' ဆိုသော စကားရပ်တွင် ဇာရီပြုလုပ်သည့်ကိစ္စသက်သက်မျှသာမဟုတ်ဘဲ အခြားသက်ဆိုင်ရာကိစ္စရပ်များလည်း ပါဝင်နိုင်လေသည်။

ဘီရင်ဒရာနတ်(သ်)နှင့် စူရင်ဒရာကူးမား၊အေ၊အိုင်၊အာ(ရ်)၊၁၉၄၀ ခုနှစ်၊ ကာလကတ္တား၊စာ ၂၆၀။

ဆိုဟန်ဘီဘီနှင့် ဘို(ရှ်)နတ်(သ်)ဒတ်(စ်)၊ အေ၊အိုင်၊အာ(ရ်)၊၁၉၂၈ ခုနှစ်၊အလာဟတ်ဘတ်၊ စာမျက်နှာ ၂၉၃။

ရမ်ခရစ်ရှနား နှင့် ရပ်တန်းချန်း၊အေ၊အိုင်၊အာ (ရ်)၊၁၉၅၆ ခုနှစ်၊အလာဟတ်ဘတ်၊စာမျက်နှာ ၃၃။

ရမ်မနတ် (သ်) ဂိုအင်ကား နှင့် **အမာချန်**၊ ၁၉၅၄ ခုနှစ်၊ အိန္ဒိယပြည် စီရင်ထုံးများ၊ ဘုံဘေ၊ စာမျက်နှာ ၃၃၇ တို့ကို ရည်ညွှန်းသည်။

၁၉၃၉ ခုနှစ်တွင်ချမှတ်ခဲ့သော ဒီကရီကိုသုံးသပ်သော် အမှုသည်များ၏ အဓိကရည်ရွယ်ချက်မှာ နှစ်ဦးသဘောတူချမှတ်သော ဒီကရီငွေကို ဘဏ်တွင် အပ်နှံထားသည့် တရားခံများ ပိုင်ဆိုင်သည့် ငွေမှ ယူရန်ဖြစ်သည်။

တရားခံများ၏ ဝေစုကို တရားရုံးက သတ်မှတ်ပြီးမှသာလျှင် ဝါရမ်းဘမ်းဆီးထားသော ငွေအနက်မှလျော့ဂက်ထားသော ငွေကို အယူခံတရားလိုများက ရ ပိုင်ခွင့်ရှိမည်။

ထို့ကြောင့် တရားမ ကျင့်ထုံးအမိန့် ၂၁၊ နည်းဥပဒေ ၆၃ (ခ) အရ၊ အယူခံတရားလိုများက လျော့ဂက်ထားရာ၌၊ ကာလစည်းကမ်းသတ် အက်ဥပဒေ အပိုဒ် ၁၈ ပါ ပြဋ္ဌာန်းချက်များအရ၊ အမိန့်ဒီကရီကို အတည်ပြုဆောင်ရွက်ခြင်းသာဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာ၌၊ အဆိုပါ အပိုဒ် ၁၈ တွင် ဘောင်ဝင်အံကျ ဖြစ်သည်ဟု ယူဆရမည်။

အယူခံတရားလိုအတွက် ။ ။ပညာရှိရွှေနေကြီး မစ္စတာ ဂျီ၊အင်၊ဘနာဂျီ။

အယူခံတရားခံများ (၁) (၂) အတွက် ။ ။ပညာရှိရွှေ နေကြီး ဦးလှဖေ။

(၃) အတွက် ။ ။ပညာရှိရွှေနေကြီး ဦးသန်းအောင်။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။ဟံသာဝတီခရိုင် တရားမရုံး တရားမကြီးမှုအမှတ် ၁၂/၅၄ နှင့် ၁၈/၅၄ တွင်၊ ကွယ်လွန်သူ ဦးဘော်နှင့် ၎င်း၏သား၊ ကွယ်လွန်သူ ဦးဘိုးချို့တို့ ကျန်ရှိရစ်ခဲ့သော အမွေပုံပစ္စည်းများကို၊ တရားရုံးက အုပ်ချုပ်စီမံခန့်ခွဲရန် တရားစွဲဆိုရာ အမှုများမှာ ပရိဗီကောင်စီသို့ပင် အကြိမ်ကြိမ် ရောက်ရှိခဲ့သဖြင့် ၁၉၆၂ ခုနှစ်၊ ဇူလိုင်လ ၆ ရက်နေ့ကမှသာလျှင် ထိုအမှုမျာ[illegible]ပြီးဆုံး၍ အပြီးသတ်ဒီကရီများ ချမှတ်နိုင်လေသည်။ ထိုစဉ်အတွင်းအဆိုပါအမွေပုံပစ္စည်းများမှ ပစ္စည်းထိန်း ကောက်ခံရရှိသော သီးထောက်ခများကို အင်ပီရီရယ်ဘဏ်၌ဟံသာဝတီခရိုင် တရားမတရားသူကြီး

၁၉၆၄

အမ်၊အေ၊ အယ်(လ်) အလုပ်တိုက်၊ဂင်း၏ ကိုယ်စားလည်၊ ပီ၊အယ်(လ်)၊ဒို့ ထုမာဆူဒမိ ချစ်တီးယား နှင့် မောင်အောင် ပါ ၂။

၏ နာမည်နှင့် အပ်နှံထားခဲ့၏။ ၁၉၅၃ ခုနှစ်တွင် ယခုအယူခံတရားလိုများဖြစ်သူ အမ်၊အေ၊အယ်(လ်) ချစ်တီးယားဖန်းသည်၊ အယူခံတရားခံ မောင်အောင်နှင့် မောင်ပြောင်တို့အပြင်၊ အခြားနှစ်ဦးအပေါ် ၌ ၎င်းတို့ချေးယူခဲ့သည်ဆိုသော ငွေ ၂၁,၅၀၀ ကျပ် ရရှိရန်အတွက်၊ စစ်ကြိုခေတ်က ရန်ကုန်မြို့ တရားလွှတ်တော်တွင် တရားစွဲဆိုခဲ့ရာ၊ ဒီကရီမချမှတ်မီ မောင်အောင်၊ မောင်ပြောင်နှင့် အခြား တရားခံနှစ်ဦးတို့ ရရန်ရှိသော အစုငွေများကို ထိုဘဏ်တွင် အပ်နှံသည့် ငွေအနက်မှ ဝါရမ်းဘမ်းဆီးရန် လျှောက်ထားသည်တွင်၊ ခရိုင်တရားရုံးက လျှောက်ထားသည့်အတိုင်း ဝါးရမ်းဘမ်းဆီးလိုက်၏။ ထိုနောက် ၁၉၃၉ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် အယူခံတရားလိုများနှင့် တရားစွဲခံရသူ မောင်အောင်၊ မောင်ပြောင်နှင့် အခြားသူနှစ်ဦးတို့ သဘောတူညီချက်အရ၊ ဟံသာဝတီ ခရိုင် တရားမရုံးက အောက်ပါအတိုင်း အမိန့်ဒီကရီချမှတ်လိုက်၏။

"Claim for Rs. 21,500.

This suit coming on this day for final disposal before the Hon'ble Mr. Justice A. H. L. Leach in the presence of F. Jeejeebhoy for the plaintiff and of Dr. M. A. Rauf for the defendants, it is ordered that the defendants do pay to the plaintiffs the sum of Rs. 21,500/- with interest thereon at the rate of 9/- per cent per annum from 1st April 1939 to the date of realization of the said sum in terms of a compromise petition filed by the parties. And it is further ordered that the attachment of the monies laying in the Imperial Bank of India, Rangoon to the credit of *U Sin* v. *Ma Shwe Yu and others* in the name of the District Judge, Hanthawaddy shall continue.

GIVEN under my hand and the seal of the Court, this 1st day of April, 1939."

ထိုအမိန့်ဒီကရီတွင် ပြဋ္ဌာန်းချက်နှစ်ရပ် ပါရှိ၏။ ပဌမပြဋ္ဌာန်းချက်မှာ ထိုတရားခံ ၎ ဦးတို့က ချေးယူငွေ ၂၁,၅၀၀ ကျပ်ကို အတိုးနှင့်တကွ ပေးဆပ်ရန်ဖြစ်၍၊ ဒုတိယ ပြဋ္ဌာန်းချက်မှာ အထက်၌ဖော်ပြခဲ့သည့် အင်ပီရီရယ်ဘဏ်၌ အပ်နှံထားသောငွေမှ ၎င်းတို့၏ ဝေစုကို ဘမ်းဆီးထားသည့် ဝါရမ်းသည် တည်မြဲတည်စေရန်ဖြစ်သည်။ နှစ်ဦးနှစ်ဘက်သော ပညာရှိချွေနေကြီးများ၏ ဝန်ခံချက်အရ၊ ထိုပြဋ္ဌာန်းချက် နှစ်ရပ်စလုံးမှာ အမှုသည်များ၏ သဘောတူညီချက်အတိုင်း ဖြစ်သည်ဟု သိရသည်။

၁၉၄၈ ခုနှစ်၊ ဇူလိုင်လ ၆ ရက်နေ့တွင် ယခုအယူခံတရားလို ချစ်တီးယားများက၊ တရားလွှတ်တော် ဇာရီမူအမှတ် ၂၆/၄၈ တွင် မောင်အောင်၊ မေစွန်းပြောင်တို့ အပေါ် ၌ ဇာရီပြုလုပ်၍၊ အထက်ဖော်ပြပါ ဝါရမ်းဘမ်းဆီးထားသည့် ငွေများမှ ငွေ ၂၀,၆၃၅ ကျပ် ၁၀ ပဲကို ပေးသွင်းစေရန်အတွက် အင်ပီရီရယ်ဘဏ်အား ညွှန်ကြားပါရန်၊

၁၉၆၄

အမ်၊အေ၊ အယ်(လ်) အလုပ်တိုက်၊ ဂျင်းဇ်၏ ကိုယ်စားလှယ်၊ ပီ၊အယ်(လ်) ဗို့ရာမာဆွာမီ ချစ်တီးယား နှင့် မောင်အောင် ပါ ၂။

တရားမကျင့်ထုံး အမိန့် ၂၁၊ နည်းဥပဒေ ၆၃(ခ)အရ လျှောက်ထားလေသည်။ တရားလွှတ်တော် မူလဘက်ဆိုင်ရာရုံးက၊ အဆိုပါ အမွေမှုများတွင် အပြီးသတ်ဒီကရီ ချမှတ်ခြင်း မပြုရသေးသဖြင့် မောင်အောင်၊ မောင်ပြောင်တို့၏ ငေစုများကို တိကျစွာ သတ်မှတ်ခြင်း မပြုရသေးသည်ဖြစ်ရာ၊ အယူခံတရားလိုများ လျှောက်ထားသည့်အတိုင်း အင်ပီရီရယ်ဘဏ်အား ငွေပေးသွင်းရန် အမိန့်ချမှတ်ခြင်း မပြုနိုင်ကြောင်းနှင့် လျှောက်လွှာကို ပယ်လိုက်၏။ ချစ်တီးယားများ အယူခံရာလည်း မအောင်မြင်ခဲ့ချေ။

ထိုနောက် အထက်ဥ ဖေါ်ပြခဲ့သည့်အတိုင်း၊ ၁၉၆၂ ခုနှစ်၊ ဇူလိုင်လ ၆ ရက်နေ့တွင် ထိုအမွေမှုနှစ်ရပ်တွင် အပြီးသတ်ဒီကရီများ ချမှတ်၍၊ မောင်အောင်နှင့် မောင်ပြောင်တို့၏ ပိုင်ဆိုင်ခွင့်များကိုလည်း တိကျစွာ သတ်မှတ်ခဲ့သည်။ ၁၉၆၃ ခုနှစ် ဇန္နဝါရီလ ၂၆ ရက်နေ့တွင် ချစ်တီးယားများက တဖန် မောင်အောင်နှင့် မောင်ပြောင်တို့၏ ငေစုမှ ငွေ ၂၇,၆၃၅ ကျပ်ကို တရားလွှတ်တော်သို့ ပေးသွင်းစေရန် ယခင် အင်ပီရီရယ် ဘဏ်ကို ဆက်ခံသော အိန္ဒိယပြည် အစိုးရဘဏ်အား ညွှန်ကြားပါရန်၊ တရားမကျင့်ထုံး အမိန့် ၂၁၊ နည်းဥပဒေ ၆၃ အရ လျှောက်ထားပြန်၏။ မောင်အောင်နှင့် မောင်ပြောင်တို့က ယင်းသို့လျှောက်ထားသည်မှာ ကာလစည်းကမ်းသတ် ကျော်လွန်ပြီဖြစ်သဖြင့် တရားရုံးက အရေးမယူနိုင်တော့ကြောင်းဖြင့် ကန့်ကွက်ရာ၊ တရားရုံးချုပ် မူလဘက်ဆိုင်ရာ တရားရုံးက လျှောက်လွှာကိုပယ်လိုက်၏။ ယင်းသို့ ပယ်လိုက်သည်ကို မကျေနပ်သဖြင့်၊ ချစ်တီးယားများ ယခုအယူခံဝင်ကြခြင်း ဖြစ်သည်။

ဤရုံးတွင် ချစ်တီးယားများ တရားမကျင့်ထုံး အမိန့် ၂၁၊ နည်းဥပဒေ ၆၃ အရ၊ ၁၉၆၃ ခုနှစ်၊ ဇန္နဝါရီလ ၂၆ ရက်နေ့၌ တင်သွင်းသော လျှောက်လွှာမှာ ကာလစည်းကမ်းသတ် ကျော်လွန်ပြီလော ဟူသည့် အချက်တချက်နှင့် စပ်လျဉ်း၍သာ၊ နှစ်ဘက်သော ပညာရှိရှေ့နေကြီးများ လျှောက်လဲကြ၏။ အထက်ဖေါ်ပြပါ တရားမကြီးမှု အမှတ် ၇၀/၃၅ တွင် ချမှတ်သော အမိန့်ဒီကရီမှာ တရားလွှတ်တော်က ချမှတ်ခဲ့သည်ဖြစ်ရာ၊ သက်ဆိုင်ရာ ကာလစည်းကမ်းသတ် ဥပဒေသည် ကာလစည်းကမ်းသတ် အက်ဥပဒေ၊ ပဌမဇယားအပိုဒ် ၁၈၃ ပါ ပြဋ္ဌာန်းချက်များအရ ဖြစ်သည်။ ထိုပြဋ္ဌာန်းချက်များကို လိုအပ်သမျှ ဖေါ်ပြရသော် အောက်ပါအတိုင်း ဖြစ်သည်။

"183. To enforce a judgment, decree or order of the High Court in the exercise of its ordinary original civil jurisdiction or an order of (the Supreme Court)."	Twelve years	When a present right to enforce the judgment, decree or order accrues to some person capable of releasing the right:

၁၉၆၄

အမ်၊အေ၊ အယ်(လ်) အလုပ်တိုက်၊ဒင်း၏ ကိုယ်စားလည်ပီ၊အယ်(လ်)၊ မီဒုမာဆူမီ ချစ်တီးယားနှင့် မောင်အောင်ပါ ၂။

ဤအမှုတွင် အထူးအားဖြင့် သတိချပ်ရန် လိုအပ်သည့် အချက်မှာ သာမန်ငွေရရှိရန် စွဲဆိုသည့်အမှုတွင် အမိန့်ဒီကရီ ချမှတ်ပြီးနောက်မှ အနိုင်ဒီကရီရရှိသူက ဝါရမ်းဘမ်းရန် ဇာရီပြုလုပ်ခြင်း မဟုတ်သည့် အချက်ဖြစ်သည်။ အထက်၌ ဖေါ်ပြခဲ့သည့်အတိုင်း တရားမကြီးမှုအမှတ် ၇၀/၃၅ ၌ ချမှတ်သော ဒီကရီတွင် အပိုင်းနှစ်ပိုင်းပါရှိ၍၊ ပဌမပိုင်းမှာ တရားစွဲဆိုသည့်ငွေကို အတိုးနှင့်တကွ ပေးဆပ်ရန်ဖြစ်၍၊ ဒုတိယအပိုင်းမှာ အင်ပီရီရယ်ဘဏ်တွင် ရှိသော တရားခံများ၏ ဝေစုမှငွေကို ဝါရမ်းဘမ်းဆီးခဲ့သည့်အမိန့်သည် ဆက်လက်တည်ရှိစေရမည်ဟူသော ပြဋ္ဌာန်းချက်ဖြစ်သည်။ ထိုအမိန့်နှစ်ရပ်စလုံးပင် တရားလိုများနှင့် တရားခံများ နှစ်ဦးသဘောတူညီချက်အရ ချမှတ်သော အမိန့်များ ဖြစ်သည်။ ဒုတိယအမိန့်အရ တရားလိုချစ်တီးယားများက တရားမကျင့်ထုံး အမိန့် ၂၁၊ နည်းဥပဒေ ၆၃(ခ)ကို ကိုးကားပြီး၊ ဘဏ်အား တရားရုံးသို့ ငွေပေးသွင်းစေရန် လျှောက်ထားသည်မှာ တရားမကျင့်ထုံးပါ ပြဋ္ဌာန်းချက်များ အစီအစဉ်အတိုင်း ဆက်လက်ဆောင်ရွက်ခြင်းသာ ဖြစ်သည်။ ယင်းသို့ လျှောက်ထားရာ၌ ကာလစည်းကမ်းသတ် ကျော်လွန်သောကြောင့်သော်၎င်း၊ အခြား လုံလောက်သော အကြောင်းရှိလျှင်သော်၎င်း တရားရုံးက လျှောက်လွှာကို ပယ်နိုင်ပေမည်။ သို့သော် ထိုသို့သော အကြောင်းအချက်များ မပေါ်ပေါက်လျှင် တရားရုံးကချမှတ်ခဲ့သော ဒီကရီအတိုင်း အတည်ပြုရပေမည်။

ဤနေရာ၌ ကာလစည်းကမ်းသတ် အက်ဥပဒေ ပဌမဇယား အပိုဒ် ၁၇၃ တွင် ပါရှိသော စကားရပ်များသည်၊ ထိုဇယားအပိုဒ် ၁၇၁ နှင့် ၁၇၂ ပါ စကားရပ်များနှင့် ခြားနားသည်ကိုသတိပြုရပေမည်။ အပိုဒ် ၁၇၃ တွင် တရားလွှတ်တော် မူလဘက်ဆိုင်ရာ ရုံး၏ ဒီကရီ၊ သို့တည်းမဟုတ် အမိန့်ကို အတည်ပြု (enforce)ရာ၌၊ ထိုဒီကရီ၊ သို့တည်းမဟုတ် အမိန့်ကို ယခုလက်ငင်းအတည်ပြုနိုင်ခွင့် ရရှိပြီး (၁၂) နှစ်အတွင်း ဆောင်ရွက်ရမည်ဟု ပါရှိသည်။ ထိုအပိုဒ် ၁၇၁ နှင့် ၁၇၂ ပါ ပြဋ္ဌာန်းချက်များအရ မူကား၊ တရားရုံး၏ ဒီကရီ၊ သို့တည်းမဟုတ် အမိန့်ကို ဇာရီပြုလုပ်ခြင်း(the execution of a decree or order) နှင့်စပ်လျဉ်း၍ ကာလစည်းကမ်းသတ်ပြဋ္ဌာန်းထားသည်ကိုတွေ့ရသည်။အတည်ပြု(enforce)ဆိုသော စကားရပ်သည်၊ဇာရီပြုလုပ်ခြင်း (the execution of a decree or order) ဆိုသောစကားရပ်ထက် အဓိပ္ပါယ် ကျယ်ဝန်း၍ အတည်ပြုဆိုသော စကားရပ်တွင် ဇာရီပြုလုပ်သည့်ကိစ္စသက်သက်မျှသာ မဟုတ်ဘဲ၊ အခြား သက်ဆိုင်ရာ ကိစ္စရပ်များလည်း ပါဝင်နိုင်လေသည်။ ဤအတိုင်းပင်ဘီရင်ဒရာနတ်(သ်)နှင့် စူရင်ဒရာကူးမား အမှု (၁) ။ဆိုဟန်ဘီဘီ

(၁) အေ၊အိုင်၊အာ (ရ်)၊ ၁၉၄၀ ခုနှစ်၊ ကာလကတ္တား၊ စာ ၂၆၀။

၁၉၆၄

အမ်၊အေ၊ အယ်(လ်) အလုပ်တိုက်၊ဦး၏ ကိုယ်စားလည်၊ ဗီ၊အယ်(လ်)၊ဇို ရာမာဆွာမီ နှင့် မောင်အောင် ပါ ၂။

နှင့် ဘိ(ရှ်)နတ်(သ်)ဒတ်(စ်)အမှု (၂) နှင့်ရမ်ခရစ်ရှနားနှင့် ရပ်တန်းချန်း အမှု (၃) တွင် အဆုံးအဖြတ် ပြုခဲ့လေသည်။ ထိုဆုံးဖြတ်ချက်များမှာ မှန်ကန်သည်ဟု ယူဆသဖြင့်၊ ဤရုံးကလည်း လိုက်နာကျင့်သုံးရပေမည်။ အမှုနှစ်အားဖြင့်ဆိုသျှင်၊ အဆိုပါ ကာလစည်းကမ်းသတ် အက်ဥပဒေ ပဌမဇယား အပိုဒ် ၁၈၁၊ ၁၈၂၊ ၁၈၃ တို့သည် တဆက်တည်းရှိကြပြီး၊ သုံးနှုန်းသည့် စကားရပ်များမှာ ကွာခြားသဖြင့်၊ ဥပဒေပြုလွှတ်တော်၏ ရည်ရွယ်ချက်များမှာလည်း ခြားနားဟန် တူလေသည်။

ယင်းသို့ဖြစ်ရာ၊ တရားမကြီးမှုအမှတ် ၇၀/၃၅ တွင် ချမှတ်သော အမိန့်ဒီကရီကို ကာလစည်းကမ်းသတ် အက်ဥပဒေ ပဌမဇယား အပိုဒ် ၁၈၃ ပါ ပြဋ္ဌာန်းချက်များနှင့် ပူးတွဲ၍ ပေ့လာသုံးသပ်သော်၊ ယခုပေါ်ပေါက်သည့် ပြဿနာကို အလွယ်တကူပင် ဖြေရှင်းနိုင်ပေမည်။ ထိုဒီကရီအရ အမှုသည်များသည် စွဲဆိုသည့်ငွေကို စရိတ်နှင့်တကွ၊ တရားခံများက ပေးဆောင်ရန် သဘောတူညီသည့်အပြင် တရားခံများ ရရန်ရှိသော ဘဏ်တွင် အပ်နှံထားသည့်ငွေကို ဘမ်းဆီးထားသည့် ဝါရမ်းမှာလည်း၊ တည်မြဲတည်စေရမည်ဖြစ်သည်။ ယင်းသို့ ဝါရမ်းတည်မြဲတည်စေရမည်ဟူသော သဘောတူညီချက်မှာ၊ ထိုဘမ်းဆီးထားသည့် ငွေမှ ဒီကရီငွေကို ရယူရန် ဖြစ်ရပေမည်။ တရားနိုင် ချစ်တီးယားများသည်၊ တရားခံများ၏ အခြားပစ္စည်းများကို ဘမ်းဆီး၍ သော်၎င်း၊ ခမောင်အောင်၊ မောင်ပြောင်တို့အပေါ်၌ လူဘမ်းဝါရမ်းထုတ်စေ၍ သော်၎င်း ဇာရီပြုလုပ်နိုင်သည်ကား မှန်၏။ သို့သော် အမှုသည်များ၏ အဓိကရည်ရွယ်ချက်မှာ နှစ်ဦးသဘောတူ ချမှတ်သော ဒီကရီငွေကို ဘဏ်တွင် အပ်နှံထားသည့် တရားခံများ ပိုင်ဆိုင်သည့်ငွေမှ ရယူရန်ဖြစ်သည်။ ယင်းသို့ ဖြစ်သည့်အလျောက်လည်း၊ ချစ်တီးယားများက တရားမကျင့်ထုံး အမိန့် ၂၁၊ နည်း၁၂ဥပဒေ ၆၃(ခ)အရ လျောက်ထားရမည် ဖြစ်သည့်အတိုင်း လျောက်ထားခဲ့၏။ ပဌမလျောက်လွှာကို မောင်အောင်နှင့် မောင်ပြောင်တို့၏ ဝေစုသတ်မှတ်ခြင်း မပြုရသေးသဖြင့် တရားရုံးက ပယ်လိုက်၏။ ဒုတိယအကြိမ် တရားမကျင့်ထုံး အမိန့် ၂၁၊ နည်း၁၂ဥပဒေ ၆၃(ခ)အရ လျောက်ထားသည့် အခါ၌မူ၊ မောင်အောင်နှင့် မောင်ပြောင်တို့၏ ဝေစုမှာ သတ်မှတ်ပြီးဖြစ်သည်။ ထို့ကြောင့် ထိုဝေစုမှ ချစ်တီးယား များတောင်းဆိုသောငွေကို ဘဏ်အား တရားရုံးသို့ ပေးသွင်းစေခြင်းသည်၊ အထက်ဖေါ်ပြပါ အပိုဒ် ၁၈၃ ပါ ပြဋ္ဌာန်းချက်များအရ အမိန့်ဒီကရီကို အတည်ပြုဆောင်ရွက်သည် မည်ပေမည်။

အထက်၌ ဖေါ်ပြခဲ့သော ရမ်ခရစ်ရှနားနှင့် ရပ်တန်းချန်းအမှု (၃) တွင်၊ အလာဟတ်ဘတ် တရားလွှတ်တော်၌၊ အယူခံရှုံးသူ[illegible] တဘက်အမှုသည် ရှာင့်သော

(၂) အေးအိုင်၊အာ (ရှ်)၊ ၁၉၂၈ ခုနှစ်၊ အလာဟတ်ဘတ်၊ စာ ၂၉၃။
(၃) အေးအိုင်၊အာ (ရှ်)၊ ၁၉၅၆ ခုနှစ်၊ အလာဟတ်ဘတ်၊ စာ ၃၃။

၁၉၆၄

အမ်၊အေ၊ အယ်(လ်) အလုပ်တိုက်၊ ၎င်း၏ ကိုယ်စားလည်၊ ပီ၊အယ်(လ်)၊ ဇီ၊ ရာမာဆွာမီ ချစ်တီးယား နှင့် မောင်အောင် ပ ၂။

တရားစရိတ်ကို တရားလွှတ်တော်သို့ တင်သွင်းပြီးနောက်၊ ပရိဗီကောင်စီသို့ အယူခံဝင်ရာ အနိုင်ရရှိခဲ့၏။ ထိုနောက်ထိုသူက မိမိ တင်သွင်းခဲ့သောငွေကို ပြန်လည်ရရှိရန် လျှောက်တောင်းရာ၊ အလာဟတ်ဘတ် တရားလွှတ်တော်က ပရိဗီကောင်စီသည် အဆိုပါ တရားစရိတ်ငွေကို ပြန်လည်ပေးအပ်ရန် တိကျစွာ မြွက်ဆိုခြင်းမပြုခဲ့သော်လည်း ထိုငွေကို ပြန်လည်ပေးအပ်ရန်အတွက် အတည်ပြုဆောင်ရွက်ခြင်းသည်၊ ကာလစည်းကမ်းသတ် အက်ဥပဒေ ပဌမဇယား အပိုဒ် ၁၈၃ တွင် အကျုံးဝင်မည် ဖြစ်သည်ဟု အဆုံးအဖြတ်ပြုခဲ့၏။ ယခုအမှုတွင်လည်း၊ နှစ်ဦးသဘောတူခချုပ်သော အမိန့်ဒီကရီတွင် ဒီကရီငွေကို ဝါရမ်းဘမ်းထားသည့်ငွေမှ ပေးဆောင်ရမည်ဟု သတ်မှတ်ပြဋ္ဌာန်းခြင်း မပြုခြားသော်လည်း၊ ထိုဝါရမ်းမှာ တည်မြဲတည်စေရမည်ဟု ပါရှိရကား၊ ထို ဒီကရီငွေကို ဝါရမ်းဘမ်းဆီးထားသောငွေမှ ပေးဆောင်စေရန် ရည်ရွယ်ရင်း ရှိသည်ဟု ဆိုရပေမည်။ ယင်းသို့ ရည်ရွယ်ရင်း ရှိသည့်အလျောက်၊ တရားမကျင့်ထုံး အမိန့် ၂၁၊ နည်းဥပဒေ ၆၃(ခ) အရ၊ တရားနိုင်မျှားက လျှောက်ထားရမည်ဖြစ်သည့်အတိုင်းလည်း၊ လျှောက်ထားခဲ့ကြ၏။

အဆိုပါ ဒီကရီတွင် မည်သည့်အခါမျှိုးဌ်သာလျှင်၊ ဒီကရီကို ဇာရီပြုလုပ်ရမည်ဟူသော ကန့်သတ်ချက် မပါရှိသည်ကားမှန်၏။ သို့သော် အထက်ဌ ဖော်ပြခဲ့သည့်အတိုင်း၊ နှစ်ဦးနှစ်ဘက် သဘောတူညီချက်နှင့်အညီ ချမှတ်သည့်ဒီကရီအရ ဆက်လက်ဝါရမ်း ဘမ်းဆီးထားသည့်ငွေမှ ဒီကရ်ငွေကို ရယူရန် ဆောင်ရွက်ရာဌ်၊ ကာလစည်းကမ်းသတ် အက်ဥပဒေ ပဌမဇယား အပိုဒ် ၁၈၃ တွင် ဘောင်ဝင်အံကျဖြစ်သည်ဟု ယူဆရပေမည်။ ရှမ်မနတ်(သ်)ဂိုအင်ကား နှင့် အမာချန် အမှု(၄)တွင် ပေါ်ပေါက်သည့် အကြောင်းခြင်းရာများသည်၊ ယခုအမှုတွင် ပေါ်ပေါက်သည့် အကြောင်းခြင်းရာများနှင့် အတော်ပင် နီးစပ်သည်။ ထိုအမှုတွင် လွှတ်တော်ရှေ့နေကြီးများသည်၊ အစုစပ်တခုအပေါ်၌ ဒဋ္ဌပေးဆောင်စေရန်၊ ဘုံဘောတရားလွှတ်တော်မှ အနိုင်ဒီကရီရရှိခဲ့၏။ ထို့နောက်၊ ထိုအမှု အယူခံတရားလို ရှမ်မနတ်(သ်)ဂိုအင်ကားသည်၊ ထိုအစုစပ်တွင် ပါဝင်သူ ဖြစ်ကြောင်းနှင့် ၎င်းအပေါ်၌ ဒီကရီဇာရီပြုလုပ်ခွင့်၊ တရားမကျင့်ထုံး အမိန့် ၂၁၊ နည်းဥပဒေ ၅၀ အရ၊ ထိုရွှေနေကြီးများ လျှောက်တောင်းရာ၊ တရားလွှတ်တော်က ဇာရီပြုလုပ်ခွင့်ပေးလိုက်၏။ ရှမ်မနတ်(သ်)ဂိုအင်ကား အပေါ်၌ ဇာရီပြုလုပ်ရာတွင်၊ ၎င်းက မူလအမိန့်ဒီကရီ ချမှတ်ပြီး (၁၂)နှစ်ကျော်မှ ဇာရီပြုလုပ်သဖြင့် ကာလ စည်းကမ်းသတ် ကျော်လွန်ပြီဖြစ်ကြောင်းနှင့် ခုခံချေပ၏။ ဘုံဘောတရားလွှတ်တော်ကမူ၊တရားမကျင့်ထုံး အမိန့် ၂၁၊ နည်းဥပဒေ ၅၀ အရ၊ ရှမ်မနတ် (သ်)ဂိုအင်ကားသည်၊ အစုစပ်ဝင်ဖြစ်ကြောင်း၊ တရားလွှတ်တော်[1] အဆုံးအဖြတ် ပြုပြီး

(၄) ၁၉၅၄ ခုနှစ်၊ အိန္ဒိယပြည် စာရင်းထုံးများ၊ ဘုံဘော၊ စာ ၃၇၇။

၁၉၆၄

အမ်၊အေ၊ အယ်(လ်) အလုပ်တိုက်၊ ၎င်း၏ ကိုယ်စားလည်၊ ပီ၊အယ်(လ်)၊ ဗို ရာမသဆွာမိ ချစ်တီးယား နှင့် မောင်အောင် ပါ ၂။

မှသာလျှင် ၎င်းအပေါ်၌ ဇာရိပြုလုပ်နိုင်မည် ဖြစ်သဖြင့် ဇာရိလျှောက်လွှာ တင်သွင်းသည့်နေ့၌ ကာလစည်းကမ်းသတ် မကျော်လွန်သေးဟု အဆုံးအဖြတ်ပြု၏။ ထိုတရားလွှတ်တော်သည် ဤအချက်နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း မြွက်ကြား၏။

"The order and more important question that arises for our consideration is whether the pay order of December 8, 1939, was enforceable against the appellant on December 8, 1939. It is important to note that under art. 183 limitation does not begin to run from the date of the judgment, decree or order passed by the High Court in the exercise of is ordinary original civil jurisdiction. The limitation only begins to run when under the decree passed by the Court the right to enforce it arises. Therefore the point of time which is material for the purpose of art. 183 is the present right to enforce a judgment decree or order."

". . . The test laid down by the Legislature for the purposes of limitation is the present right to enforce the judgment, and if for any reason right to enforce the judgment arises at a date subsequent to the passing of the decree, then limitation would begin to run from that date. It cannot be disputed that a Court may provide by the decree itself that the right to execute the decree shall arise, not when the decree is passed, but at a subsequent date. It may also provide that one of the several judgment-debtors might become liable to pay the decree at a future date. In such cases, it is not disputed, that limitation would begin to run from the date of the enforcibility provided under the decree itself."

ယခုအမှုတွင်လည်း နှစ်ဦးသဘောတူချမှတ်သော အမိန့်ဒီကရီနှင့် ကာလစည်းကမ်းသတ် အက်ဥပဒေ ပဌမ ဇယားအပိုဒ် ၁၈၃ ကို ပူးတွဲလေ့လာသုံးသပ်သော် တရားနိုင်ချစ်တီးယားများသည်၊ တရားမကျင့်ထုံး အမိန့် ၂၁၊ နည်းဥပဒေ ၆၃(ခ) အရ၊ လျှောက်ထားရာ၌ ဒီကရီပါ ဒုတိယပြဋ္ဌာန်းချက်ကို အတည်ပြုဆောင်ရွက်ရန် အတွက်၊ တရားရုံးချုပ်အား လျှောက်ထားသည်ဖြစ်ရာ၊ ၎င်းတို့၏ လျှောက်လွှာသည် ထိုအပိုဒ် ၁၈၃ တွင် အကျုံးဝင်သည် ဖြစ်သဖြင့်၊ မောင်အောင်နှင့် မောင်ပြောင်တို့၏ ဝေစုကို တရားရုံးကသတ်မှတ်ပြီးမှသာလျှင်၊ ဝါရမ်း ဒါမ်းဆီးထားသော ငွေအနက်မှ၊ လျှောက်တောင်းသောငွေကို ချစ်တီးယားများ ရယူခွင့်ရှိပေမည်။

၁၉၆၄

အမ်၊အေ၊ အယ်(လ်)အလုပ်ထိုက်၊ဇုင်း၏ ကိုယ်စားလည်၊ ဝီ၊အယ်(ဏ်)၊ ဗီဒုမာဆွာမိ ချစ်ထီးယား နှင့် မောင်အောင် ပါ ၂။

အထက်ဖေါ်ပြပါ အကြောင်းများကြောင့် ချစ်တီးယားများ၏ လျှောက်လွှာသည် ကာလစည်းကမ်းသတ်မကျော်လွန်ဟု အဆုံးအဖြတ်ပြုပြီး၊ မူလဘက်ဆိုင်ရာတရားရုံး၏အမိန့်ကို ပယ်ဖျက်လိုက်သည်။ အယူခံတရားခံ မောင်အောင်နှင့် မောင်ပြောင်တို့သည် အယူခံတရားလိုတို့၏ ဤရုံးတရားစရိတ်ကို ကျခံရမည်။ ဤရုံး ရှေ့နေမှာ ငွေ ၇၅ ကျပ်ဖြစ်စေရမည်။

တတိယ အယူခံတရားခံ ပြည်သူ့ဘဏ်အမှတ် (၈)၊ (ယခင်အိန္ဒိယအစိုးရဘဏ်)၏ ပညာရှိရွှေနေကြီးက ဤအယူခံကို ခုခံခြင်းမပြုဘဲ၊ အကယ်၍ မူလဘက်ဆိုင်ရာရုံး၏အမိန့်ကို ပယ်ဖျက်ပါက၊ မောင်အောင်နှင့် မောင်ပြောင်တို့ ရရှိထိုက်သောဝေစုများကို တိကျစွာစစ်ဆေးရန်၊ ဟံသာဝတီခရိုင် တရားမရုံးသို့ ညွှန်ကြားရန် သာ ပြောကြား၏။ တတိယအယူခံတရားခံနှင့် စပ်လျဉ်း၍၊ တရားစရိတ်ချမှတ်ခြင်းမပြု။

တရားမအယူခံမှု

တရားသူကြီးချုပ် ဦးဘိုကြီးရွှေတွင်၊

အမ်၊အက်ဖ်၊ရာမာန် (အယူခံတရားလို)

နှင့်

အွန်လုံသီ (အယူခံတရားခံ)*

ပို့ပြဆိုင်ရာ ဌာနေရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၆ (က)—ဌာနေရမ်းခ ကြီးကြပ်ရေးဝန်၏ အမိန့်၊ အဌေးချထားခြင်း မမြောက်—ဗိမ်ဌေး မဟုတ်သေးသူက ပြိုင်ဆိုင်ခွင့် အတွက် တရားမစွဲနိုင်။

ဆုံးဖြတ်ချက်။ ။မြို့ပြဆိုင်ရာ ဌာနေရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၆ (က) အရ၊ ကြီးကြပ်ရေးဝန်အား လျှောက်ထားလျှင်၊ ၎င်းသည် တဆင့် အဌေးချထားခွင့် ပေးနိုင်သည်။ ထိုပုဒ်မအရ ၎င်းသည် အခြင်းဖြစ် ဥပစာကို အဌေးချတာပိုင်ခွင့်မရှိ။ ၎င်း၏အမိန့်သည် အဌေး ချထားခြင်းမမြောက်။

ထို့ကြောင့် သူတဦးသည် အခြားသူ တဦးထံမှ ငှေယူ၍၊ အခြင်းဖြစ် ဥပစာကို ကြီးကြပ်ရေး ထံမှတဆင့်ဌားရမ်းခွင့်တောင်းပြီး၊ ဌားရမ်းမည်ဟု သဘောတူခဲ့စေကာမူ၊ အခွင့်ရရှိသော်လည်း အဌေးချထားခြင်းမပြုရသေးကြောင်းမှာ ထင်ရှားသည်။ ဥပဒေသဘောအရ ၎င်းတို့မှာ အိမ်ရှင် အိမ်ဌေးဘဝသို့ မရောက်ရှိကြသေးပေ။ အိမ်ဌေးဘဝသို့ မရောက်ရှိသေးသဖြင့် လက်ရောက်ရန် ရရှိရန် တရားစွဲဆိုပိုင်ခွင့် မရှိသေးပေ။

အယူခံ တရားလို အတွက်။ ။ပညာရှိ ရွှေနေကြီး မစ္စတာ အာ(ရ်)ဂျာဂနာသန်။
အယူခံ တရားခံ အတွက်။ ။ပညာရှိ ရွှေနေကြီး ဦးကျော်ဇံ။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။အယူခံ တရားလိုသည် ရန်ကုန်မြို့၊ ဗိုလ်အောင်ကျော်လမ်း၊ အိမ်အမှတ် ၁၇၃ ရှိ အောက်ထပ်အိမ်ခန်း အမှတ် ၂ တွင် အိမ်ငှားအဖြစ်နေထိုင်ခဲ့ကြောင်း နှစ်ဦးနှစ်ဘက် အငြင်းမထွက်ကြချေ။ ထိုအိမ်ခန်းကို လက်ရောက်ရရှိရန် အယူခံတရားခံက အယူခံတရားလို အပေါ်၌ ရန်ကုန်မြို့၊ တရားမရုံးတွင် တရားစွဲဆိုခဲ့ရာ အနိုင်ဒီကရီရရှိသဖြင့်၊ အယူခံ တရားလို ယခုအယူခံဝင်ခြင်းဖြစ်သည်။

ပို့ ၁၉၆၄

ဇူလိုင်လ ၁၅ ရက်။

* ၁၉၆၄ ခုနှစ်၊ တရားမ ပဌမအယူခံမှု အမှတ် ၈။

† ၁၉၅၈ ခုနှစ်၊ တရားမကြီးမှု အမှတ် ၅၆၆ တွင်၊ ၁၉၆၃ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်နေ့စွဲပါ၊ ရန်ကုန်မြို့တော် ရာဘက်တတိယတရားမတရားသူကြီးရုံးတော်၏ ချမှတ်သော ဒီကရီကိုအယူခံဝင်မှု။

၁၉၆၄

အမ်၊အက်(ဖ)၊ ရာမန် နှင့် အွမ်လုံသီ။

အယူခံတရားခံ တင်ပြသော တရားစွဲဆိုရန် အကြောင်းမှာ ၎င်း၏ အဆိုလွှာ အပိုဒ် ၂ နှင့် ၇ တွင် ပါရှိလေသည်။ ၎င်းတို့မှာ အောက်ပါအတိုင်းဖြစ်သည်။

"2. That the Defendant then agreed to give his business, including goodwill and the said tenement on payment of K 15,000 to him by the Plaintiff, and the tenancy is to be assigned to the Plaintiff by a permit of the Controller of Rents, Rangoon, to be applied by the Defendant himself. The Plaintiff agreeing to this, paid the Defendant a sum of K 15,000 with the Defendant's undertaking that the premises should be given possession to the Plaintiff as soon as the permit is obtained.

7. That the Plaintiff, as of right, claims the possession of the said premises, by the strength of both the Defendant's undertaking and the Permit issued by the Controller of Rents, Rangoon."

အထက်ဖော်ပြပါ အကြောင်း အချက်များအရ၊ အယူခံတရားလိုက မိမိ၏ လုပ်ငန်းနှင့်အခင်းဖြစ် ဥပစာကိုငွေ ၁၅,၀၀၀ ကျပ် ဖြင့်လွှဲပြောင်းရန်အယူခံတရားခံနှင့် သဘောတူညီကြကြောင်း။ ယင်းသို့ လွှဲပြောင်းသည်မှာလည်း၊ ရန်ကုန်မြို့၊ ငှါးရမ်းခ ကြီးကြပ်ရေးဝန်၏ အခွင့်အမိန့်ဖြင့် လွှဲပြောင်းရမည် ဖြစ်ကြောင်း အဆိုရှိ၏။ ထို့ပြင် အယူခံတရားခံ အခင်းဖြစ် ဥပစာကို လက်ရောက်ရရှိရန် တရားစွဲဆို သည်မှာ ဖော်ပြပါ အယူခံတရားလို၏ ကတိဝန်ခံချက်နှင့် ရန်ကုန်မြို့၊ ငှါးရမ်းခ ကြီးကြပ်ရေးဝန်၏ အခွင့်ပြုချက်အရ ဖြစ်ကြောင်း ဆက်လက် ဖော်ပြလေသည်။ အယူခံတရားလိုက မိမိနှင့် အယူခံ တရားခံတို့ သဘောတူညီကြသည်မှာ၊ အခင်းဖြစ် ဥပစာကို အယူခံတရားခံအား လုံးဝလွှဲပြောင်းရန် မဟုတ်။ မိမိနှင့် အယူခံတရားခံ တို့ အခင်းဖြစ် ဥပစာတွင် အတူတကွ နေထိုင်၍ လုပ်ငန်းကို အစုစပ်များ အဖြစ် လုပ်ကိုင်ရန် သဘောတူညီကြကြောင်း။ ထို့ပြင်လည်း ယင်းသို့ သဘောတူညီသည့် အတွက် အယူခံတရားခံက ငွေသုံးသောင်း ပေးရမည် ဖြစ်ကြောင်းနှင့် ချေပ၏။ သို့သော် အမှုကြားနာစစ်ဆေးသည့်နေ့၌ အယူခံတရားလို လာရောက်ခြင်း မပြု သဖြင့် ထိုအချက်များနှင့် စပ်လျဉ်း၍ သက်သေတင်ပြခြင်း မပြုနိုင်ပေ။

အယူခံတရားလိုက ချေလွှာတွင်ငွေ ၁၅,၀၀၀ ကျပ် အယူခံတရားခံထံမှရရှိကြောင်း ဝန်ခံ၏။ မူလရုံးက ယင်းသို့ငွေ ၁၅,၀၀၀ ကျပ် ရရှိကြောင်းဝန်ခံသည်ဖြစ်ရာ ငှါးရမ်းခ ကြီးကြပ်ရေးဝန်ကလည်း ဥပစာကို လွှဲပြောင်းခွင့် ပြုလိုက်ပြီးဖြစ်၍၊ အယူခံတရားခံအား

၁၉၆၄

အမ်၊အက်(ဇ်)၊ ရာမန် နှင့် အွမ်လုံသီ။

ဥပစာကို လက်ရောက် ပေးအပ်ရန်သာ ရှိတော့ကြောင်း တွေ့ရှိသဖြင့်၊ အထက်၌ ဖော်ပြခဲ့သည့်အတိုင်း အနိုင်ဒီကရီပေးလိုက်၏။

အယူခံတရားလိုသည် မိမိ၏ ချေလွှာတွင် အယူခံတရားခံက အခင်းဖြစ် ဥပစာကို လက်ရောက်ရရှိရန် တရားစွဲဆိုပိုင်ခွင့် မရှိကြောင်းနှင့်လည်း ချေပခဲ့သေး၏။ ထို့ပြင် အယူခံငြင်းချက်တွင်လည်း ဌါးရမ်းခ ကြီးကြပ်ရေးဝန်သည် အခင်းဖြစ် ဥပစာကို အငှါးချထားရန် ခွင့်ပြုကာမျှဖြင့် အယူခံတရားခံ အိမ်ငှါး အခွင့်အရေးများ မရနိုင်ပါဟုစောဒနာဝင်၏။ လျှောက်လဲရာ၌လည်း အယူခံ တရားလို၏ ပညာရှိ ရှေ့နေကြီးက အဆိုလွှာတွင် ပေါ်ပေါက်သည့် အခြေအနေအရ အယူခံတရားခံသည်၊ လက်ရောက်ရလိုမှု စွဲဆိုခြင်းမပြုနိုင်ကြောင်း။ အမှန်အားဖြင့်ဆိုလျှင် အယူခံတရားလိုနှင့် သဘောတူ ပြုလုပ်ကြသည် ဆိုသော ပဋိညာဉ်ကို သီးခြားဆောင်ရွက်ရန် အတွက် တရားစွဲဆိုသင့်ကြောင်းနှင့် လျှောက်လဲ၏။

အထက်၌ ဖော်ပြခဲ့သည့် အခြေအနေတွင် အယူခံ တရားခံ၏ အဆိုလွှာအရပင် အယူခံတရားခံသည် အခင်းဖြစ် ဥပစာကို လက်ရောက်ရရှိရန် အတွက် တရားစွဲဆိုရန် အကြောင်းမပေါ် ပေါက်သေးဟု ယူဆရပေမည်။ အကြောင်းသော်ကား အဆိုလွှာအရပင် အယူခံ တရားလိုက အယူခံ တရားခံအား အခင်းဖြစ် ဥပစာကို အငှါးချထားခြင်းမပြုရသေးကြောင်း ပေါ်လွင်ထင်ရှား၏။ အငှါးချထားရန် သဘောတူကြောင်းသာ ဖော်ပြထားခြင်း ဖြစ်သည်။ ယင်းသို့ သဘောတူပြီးနောက်အယူခံ တရားလိုသည် ဌါးရမ်းခ ကြီးကြပ်ရေးဝန်ထံ ၁၉၄၈ ခုနှစ်၊ မြို့ပြဆိုင်ရာ ဌါးရမ်းခ ကြီးကြပ်ရေး အက် ဥပဒေပုဒ်မ ၁၆ (က) အရ အခင်းဖြစ် ဥပစာကို အယူခံတရားခံအား တဆင့်အငှါး ချထားခွင့်ပြုရန် လျှောက်ထား၏။ ဌါးရမ်းခ ကြီးကြပ်ရေးဝန်ကလည်း စုံစမ်းပြီးလျှင် တဆင့် အငှါးချထားခွင့်သာ ပေးလိုက်ခြင်း ဖြစ်သည်။ ဌါးရမ်းခ ကြီးကြပ်ရေးဝန်၌ ထိုပုဒ်မ ၁၆ (က) အရ အခင်းဖြစ် ဥပစာကို အငှါးချပိုင်ခွင့် မရှိချေ။ ဌါးရမ်းခ ကြီးကြပ်ရေးဝန်ထံမှ အငှါးချထားခွင့် ရရှိပြီးနောက် အယူခံ တရားလိုသည် အယူခံ တရားခံအား အခင်းဖြစ် ဥပစာကို အငှါးချထားရမည် ဖြစ်သည်။ ယင်းသို့ အငှါးချထားခဲ့ဟန် မတူချေ။ အဆိုလွှာအရငင်း၊ အယူခံ တရားခံထူသော သက်သေများ၏ ထွက်ဆိုချက်များ အရငင်း၊ အယူခံ တရားခံက အယူခံတရားလိုအား ငွေ ၁၅,၀၀၀ ကျပ် ပေးပြီးနောက်၊ အယူခံ တရားလိုက ဌါးရမ်းခ ကြီးကြပ်ရေးဝန်ထံ တဆင့်အငှါးချထားရန် အတွက် အခွင့်တောင်းမည်ဟုသာ ကတိပြုလိုက်၏။ ယင်းသို့ ကတိပြုလိုက်သည့် အတိုင်းလည်း ဌါးရမ်းခ ကြီးကြပ်ရေးဝန်ထံ အခွင့်တောင်း၏။ ဌါးရမ်းခ ကြီးကြပ်ရေးဝန်ကလည်း တဆင့်အငှါးချထားခွင့်ပေးလိုက်၏။ သို့သော် အငှါးချထားခြင်း မမြောက်သေးချေ။ ယင်းသို့

ဖြစ်ရကား အယူခံတရားလိုနှင့် အယူခံ တရားခံတို့ တရားဥပဒေ သဘောအရ အိမ်ရှင်အိမ်ငှါး အဖြစ်သို့ မရောက်ကြသေးချေ။ ထိုသို့ မရောက်ကြသေးသဖြင့် အိမ်ငှားက အိမ်ရှင်ထံမှ ငှါးရမ်းသည့် ဥပစာကို လက်ရောက်ရရှိရန် တရားစွဲဆို နိုင်မည်ဖြစ်သော်လည်း၊ အယူခံတရားခံသည် အိမ်ငှါး မဖြစ်သေးသဖြင့် လက်ရောက်ရရှိရန် တရားစွဲဆိုပိုင်ခွင့် မရှိသေးချေ။

၁၉၆၄

အမ်၊အက(ဖ)၊ ရာမန် နှင့် အွမ်လုံသီ။

အယူခံ တရားလို၏ ပညာရှိ ရှေနေကြီး တင်ပြသော အခြားအချက် တရပ်ကို စဉ်းစားရန် မလိုတော့ပေ။

မူလရုံး၏အမိန့်နှင့် ဒီကရီကို ပယ်ဖျက်ပြီး အယူခံ တရားခံ စွဲဆိုချက်ကို နှစ်ရုံး စရိတ်နှင့်ပလပ်လိုက်သည်။ ဤရုံးရှေနေခမှာ ၃၄ ကျပ် ဖြစ်စေရမည်။ ။

တရားမအထွေထွေ

တရားသူကြီးချုပ် ဦးဘိုကြီး၊ တရားသူကြီး ဦးစံမောင်နှင့် တရားသူကြီး ဦးစောဘသိန်းတို့ရှေ့တွင်

† ၁၉၆၄ ခြဂုတ်လ ၁၅ ရက်။

ဦးခန့် (လျှောက်ထားသူ)

နှင့်

ဦးကုလ္လာလ ပါ ၃ (လျှောက်ထားခံရသူများ)*

ဝိနိစ္ဆယဌာနနှင့်ဝိနိစ္ဆယခုံအက်ဥပဒေပုဒ်မ(၃၁)—စာချုပ်ကို မှားပုံဖော်ခြင်း၊ လျှောက်ထားချက် ပိုင်ဆိုင်ခွင့်ကိစ္စကိုမစဉ်းစားနိုင်ခြင်း—ဝိနည်းဓမ္မကံအခိုက်ချွတ်မှုမည်သည့်အခါ၌ ဖြစ်ခြင်း—၁၃၁၆ ခုနှစ်၊ ပြင်ဆင်ချက် အက်ဥပဒေ ကာလစည်းကမ်းသတ် ဖေကျင်လွန်သော အမိန့်—အမှုခေါ်စာချုပ်တော်ကိစ္စ။

ဆုံးဖြတ်ချက်။ ။ဝိနိစ္ဆယဌာနနှင့် ဝိနိစ္ဆယခုံ အက်ဥပဒေပုဒ်မ (၃၁) အရ၊ စာချုပ်တ ခုကို မှတ်ပုံတင်ရန် လျှောက်ထားသည့်အခါ၌၊ ဝိနိစ္ဆယဌာနက ထိုစာချုပ်ပါ ပစ္စည်းနှင့် ပတ်သက်၍ မည်သူပိုင်ဆိုင်ခွင့်ရှိသည်ကို အဆုံးအဖြတ်မပြုနိုင်။ ပိုင်ဆိုင်ခွင့်ကိစ္စကိုဆည့်သွင်းဆုံးဖြတ်ခြင်းသည်၊ စီရင်ပိုင်ခွင့် အာဏာကို ကျော်လွန်၍ ဆုံးဖြတ်ခြင်းဖြစ်သည်။

ထို့ပြင် စာချုပ် စာတမ်းကို အထက်ပါ ဥပဒေ ပုဒ်မ (၃၁) အရ၊ မှတ်ပုံတင်ခြင်း ကိစ္စသည်၊ ပုဒ်မ (၁၅) တွင် ဖေါ်ပြထားသော ဝိနည်းဓမ္မကံ အခိုက်ချွတ်မှုမဟုတ်။

ဝိနည်းဓမ္မကံ အခိုက်ချွတ်မှု ဖြစ်သည်ဟု ဆိုနိုင်လျှင်လည်း၊ အဆက်ပါ ဥပဒေ၏ ပြင်ဆင် ပြဋ္ဌာန်းချက်များအရဆိုလျှင်၊ စောဒကနှင့် စုဒိတကတို့ သဘောတူညီကြမှသာ ဝိနိစ္ဆယဌာနက ဝိနည်းဓမ္မကံ အခိုက်ချွတ်မှုကို ကြားနာစစ်ဆေးစီရင်ဆုံးဖြတ်နိုင်သည်။

ဦးဝိဇယ ပါ ၄ နှင့် ဦးပရမ ပါ ၁၊ ၁၉၅၈ ခုနှစ်၊ မြန်မာပြည် ဗိသုဒ်ထုံးများ တရားလွှာ တော်ချုပ် စာ ၃၉။

ဦးပလ္လဝပါ ၅ နှင့် ရန်ကုန်မြို့ အလယ်ပိုင်း ဝိနိစ္ဆယဌာန ပါ ၂၊ ၁၉၅၉ ခုနှစ်၊ မြန်မာပြည် စီရင်ထုံးများ၊ တရားလွှတ်တော်ချုပ် စာ ၆၉ တို့ကို ရည်ညွှန်းသည်။

ထပ်မံဆုံးဖြတ်ချက်။ ။၁၉၅၉ ခုနှစ် ကချမှတ်ခဲ့သော အမိန့်မှာ၊ ကာလစည်းကမ်းသတ အတောင်ပင် ကျော်လွန်ခဲ့ပြီး ဖြစ်သဖြင့်၊ အမှုခေါ် စာချုပ်တော်အတွက်၊ လျှောက်ထားသည်ကို လက်ခံနိုင်သည်ဖြစ်စေ၊ လက်မခံနိုင်သည်ဖြစ်စေ တရားရုံးချုပ်က စဉ်းစားတော့မည် မဟုတ်။

---

* ၁၉၆၄ ခုနှစ်၊ တရားမ အထွေထွေ လျှောက်လွှာအမှတ် ၂၂။

† မတ္တရာမြို့၊ မြို့နယ်ဝိနိစ္ဆယဌာနရုံး၏ ၁၉၅၉ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်နေ့စွဲပါ ဆုံးဖြတ်ချက်ကို ပယ်ဖျက်ရန် အမှုခေါ် စာချုပ်တော် လျှောက်လွှာ။

လျှောက်ထားသူအတွက်။ ။ပညာရှိရွှေနေကြီးဦးမွန်စံလိုင်။

လျှောက်ထားခံရသူ ၁ အတွက်။ ။ပညာရှိရွှေနေကြီး ဦးဘသန်း (၁)။

။ ၂ အတွက်။ ။ပညာရှိရွှေနေကြီးဦးဘကျော်။

၁၉၆၄

ဦးခန့်
နှင့်
ဦးကုဏ္ဍလ
ပါ ၃။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။ယခုစောဒက ဦးခန့်က မိမိ၏မိဘများဖြစ်သူ ဦးကျားကြီး ဒေါ်နွယ်ဘို ပိုင်ဆိုင်ခဲ့သည်ဆိုသော ဤအမှုပါ လယ်ယာမြေကိုင်းမြေနှင့် နေအိမ်တို့ကို ဒေါ်နွယ်ကွယ်လွန်ပြီးနောက် အိမ်ထောင်ဆက်သူ မိဒွေးဒေါ်ပေါက စုဒိတက ဦးကုဏ္ဍလအား လှူဒါန်းကြောင်း၊ ယင်းသို့လှူဒါန်းသည်ကို စာချုပ်ဖြင့် လှူဒါန်းကြောင်း အဆိုပြု၍ ဦးကုဏ္ဍလက မတ္တရာမြို့နယ်၊ ဝိနိစ္ဆယဌာနသို့မှတ်ပုံတင်ရန် မေတ္တာရပ်ခံသည်ဘင်၊ ထိုဌာနက မိမိကန့်ကွက်ချက်နှင့် မှတ်ပုံတင်ခဲ့ကြောင်း၊ ယင်းသို့မှတ်ပုံတင်သည်ကိုမကျေနပ်သဖြင့် မိမိက မန္တလေးမြို့၊ ခရိုင်ဝိနိစ္ဆယဌာနသို့စောဒနာဝင်ခဲ့ရာ၊ ခရိုင်ဝိနိစ္ဆယဌာနက ဒေါ်ပေါသက်ထက်ပွါးဖြစ်သည့်မြေ ၂ ကောက်ဦးကုဏ္ဍလသို့ လှူဒါန်းရန်နှင့်အခြားသော ဦးကျားကြီး၏ အထက်ပါပစ္စည်းများကိုမိမိပိုင်ဆိုင်ရန် အဆုံးအဖြတ်ပြုခဲ့ကြောင်း၊ ဦးကုဏ္ဍလက ထိုအဆုံးအဖြတ်ကို မကျေနပ်သဖြင့် နိုင်ငံတော် ဝိနိစ္ဆယဌာနသို့ စောဒနာဝင်ပြန်ရာ နိုင်ငံတော် ဝိနိစ္ဆယဌာနက ခရိုင်ဝိနိစ္ဆယဌာန၏ အဆုံးအဖြတ်ကို ပယ်ဖျက်ပြီးလျှင်၊ လယ်မြေနှင့် ကိုင်းမြေများကို ဦးကုဏ္ဍလကစောင့်ရှောက်စီမံခန့်ခွဲစေရန် အမိန့်ချမှတ်ခဲ့ကြောင်းနှင့်ထိုအမိန့်အားလုံးဘို့ကို အမှုခေါ်စာချုပ်တော်ဖြင့် ပယ်ဖျက်ရန်အတွက် ယခုလျှောက်ထားခြင်းဖြစ်သည်။

နိုင်ငံတော်ဝိနိစ္ဆယဌာနသည်ဤအမှုပါအကြောင်းခြင်းရာအားလုံးကို အသေးစိတ်ဝေဖန်သုံးသပ်ပြီးလျှင်၊ သက်ဆိုင်ရာဝိနည်းတော်နှင့် ဓမ္မသတ်တို့ကို ထည့်သွင်းစဉ်းစားပြီး၊ အထူးဂရုပြု၍ အဆုံးအဖြတ် ပြုတော်မူကြပေသည်။ သို့သော် နိုင်ငံတော် ဝိနိစ္ဆယဌာနတွေ့ရှိသည့်အတိုင်း၊ ဦးကုဏ္ဍလ၊ မတ္တရာမြို့နယ်၊ ဝိနိစ္ဆယဌာနသို့ မေတ္တာရပ်ခံသည်မှာ၊ မိမိအား ဒေါ်ပေါက ဝတ္တကံအဖြစ် လှူဒါန်းသည်ဆိုသောစာချုပ်ကို ၁၃၁၁ ခုနှစ်၊ ဝိနိစ္ဆယဌာနနှင့် ဝိနိစ္ဆယခုံ အက်ဥပဒေပုဒ်မ ၃၁ အရ၊ မှတ်ပုံတင်ရန် မေတ္တာရပ်ခံခြင်းသာဖြစ်သည်။ ဝိနိစ္ဆယဌာနက ယင်းသို့လှူဒါန်းလွှဲပြောင်းခြင်းသည်၊ ဝိနည်းတော်နှင့် သျော်ညီသည်ဟု ကြေနပ်သျှင်၊ ထိုစာချုပ်ကို မှတ်ပုံတင်ပေးရမည်ဖြစ်သည်။ ထိုပုဒ်မ ၃၁ ပါပြဋ္ဌာန်းချက်များအရ၊ ယင်းသို့မှတ်ပုံတင်ရန်လျှောက်ထားသည့်အခါ၌ ဝိနိစ္ဆယဌာနက ထိုစာချုပ်ပါ ပစ္စည်းနှင့်ပတ်သက်၍ မည်သူပိုင်ဆိုင်ခွင့်ရှိသည်ကို အဆုံးအဖြတ် မပြုနိုင်ပေ။ မတ္တရာမြို့နယ် ဝိနိစ္ဆယဌာနသည် ဤမူအတိုင်းပင်သျှင် လိုက်နာကျင့်သုံးပြီး၊ ဦးကုဏ္ဍလတင်သွင်းသော စာချုပ်ကိုမှတ်ပုံတင်လိုက်၏။

၁၉၆၄

ဦးခန့် နှင့် ဦးကုဏ္ဍလ ပါ ၃။

ခရိုင်ဝိနိစ္ဆယနှင့် နိုင်ငံတော် ဝိနိစ္ဆယဌာနတို့ကမူကား၊ ဤမူကို နှလုံးပြုဘော်မူခဲ့ကြဟန်မဘူးပေ၊ ဦးခန့်နှင့် ဦးကုဏ္ဍလတို့၏ ပိုင်ဆိုင်ခွင့်တို့ကို ထည့်သွင်းစဉ်းစား ဆုံးဖြတ်တော်မူကြသည်မှာ၊ စီရင်ပိုင်ခွင့် အာဏာကိုကျော်လွန်၍ ဆုံးဖြတ်တော်မူကြသည်ဟု မှတ်ယူရပေမည်။

စင်စစ်အားဖြင့် စာချုပ်စာတမ်းကို အဆိုပါအက်ဥပဒေပုဒ်မ ၃၁ အရ၊ မှတ်ပုံတင်ခြင်းကိစ္စသည် ထိုအက်ဥပဒေပုဒ်မ ၁၅ တွင်ဖော်ပြထားသော ဝိနည်းမှေကံ အဓိကရဏ်းမှုမဟုတ်ခေါ်။ ထိုပုဒ်မပါ ပြဋ္ဌာန်းချက်များတွင် မည်သည့်မှုခင်းသည် ဝိနည်းဓမ္မကံ အဓိကရဏ်းမှုဖြစ်ကြောင်း တိကျစွာပေါ်ပြထားလေသည်။

အကယ်၍ ယခုမှုခင်းသည် ဝိနည်းဓမ္မကံ အဓိကရဏ်းမှုဖြစ်သည်ဟု ဆိုနိုင်လျှင်လည်း၊ ၁၃၁၆ ခုနှစ်၊ ဝိနိစ္ဆယဌာန၊ (ပြင်ဆင်ချက်) အက်ဥပဒေမုဒ်မ ၃ အရ၊ ၁၃၁၁ ခုနှစ်၊ ဝိနိစ္ဆယဌာနနှင့် ဝိနိစ္ဆယခုံအက်ဥပဒေပုဒ်မ ၁ ကိုပြင်ဆင်ရာတွင် အရေးကြီးသော အချက်များ၌ မူလအက်ဥပဒေကိုပြုပြင်ပြောင်းလဲသည်ကို သတိချပ်ရပေမည်။ ယင်းသို့ ပြုပြင်ပြောင်းလဲသော ပြဋ္ဌာန်းချက်များတွင် အောက်ပါပြဋ္ဌာန်းချက်များပါရှိသည်။

"၃။ အဆိုပါ အက်ဥပဒေပုဒ်မ ၁ တွင် (၄) အခန်း ၁ ပါပြဋ္ဌာန်းချက်များသည်၊ ဝိနိစ္ဆယဌာနက စောဒကနှင့် စုဒိတကတို့၏ သဘောဘူညီချက်အရ၊ လက်ခံကြားနာစစ်ဆေးစီရင်သောဝိနည်းမှေကံအဓိကရဏ်းမှုများနှင့် သက်ဆိုင်စေရမည်။"

ထိုပြင်ဆင် ပြဋ္ဌာန်းချက်များအရဆိုလျှင် စောဒကနှင့် စုဒိတကသို့သဘောဘူညီမှသာလျှင် ဝိနိစ္ဆယဌာနက ဝိနည်းဓမ္မကံ အဓိကရဏ်းမှုကို ကြားနာစစ်ဆေး စီရင်ဆုံးဖြတ်နိုင်ပေမည်။ ဤအချက်နှင့်စပ်လျဉ်း၍ **ဦးဝိဇယ ပါ ၄** နှင့် **ဦးပရမပါ ၁** [၁] အမှုနှင့် **ဦးပဏ္ဍဝ ပါ ၅** နှင့် **ရန်ကုန်မြို့အလယ်ပိုင်း ဝိနိစ္ဆယဌာန ပါ ၂** [၂] တို့အမှုတွင် အဆုံးအဖြတ်ပြုပြီးဖြစ်သဖြင့်၊ ဤရုံးကလည်း လက်ခံကျင့်သုံးရပေမည်။

ထိုမှတပါးလည်း၊ ယခုမှုခင်းတွင် ဝိနည်းဓမ္မကံ အဓိကရဏ်းမှုကို အဆုံးအဖြတ်ပြုသည် မဟုတ်သဖြင့်၊ ၁၃၁၁ ခုနှစ်၊ ဝိနိစ္ဆယဌာနနှင့် ဝိနိစ္ဆယခုံ အက်ဥပဒေပုဒ်မ ၁၈၊ ၁၉ တို့ပါ ပြဋ္ဌာန်းချက်များအရ၊ စောဒနာဝင်ခြင်း ပြုနိုင်မည်မဟုတ်ပေ။

အထက်ဖော်ပြပါအခြေခံများကြောင့်၊ ခရိုင်ဝိနိစ္ဆယဌာနနှင့်နိုင်ငံတော်ဝိနိစ္ဆယဌာနတို့၏ မြင်ကြားချက်များကိုထင်မြင်ယူဆချက်များမှာ ဖြစ်ကြောင်း ဤထင်မြင်

[၁] ၁၉၅၈ ခု၊ မြန်မာပြည်စီရင်ထုံးများ၊ တရားလွှတ်တော်ချုပ် စာ ၃၉။

[၂] ၁၉၅၉ ခုနှစ်၊ မြန်မာပြည်စီရင်ထုံးများ၊ တရားလွှတ်တော်ချုပ်စာ ၆၉။

ယူဆချက်များသည် နောင်တရားတထုံးကို စောဒကဖြစ်စေ၊ စုဝိတကဖြစ်စေ စွဲဆို ရာ၌ မည်သို့မျှ ပိတ်ပင်မည်မဟုတ်ကြောင်း၊ ဤရုံးက ပေါ်ပြလိုက်သည်။

၁၉၆၄
ဦးခန့်၊ နှင့် ဦးကုဏ္ဍလ ပါ ၃။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။ယခုအယူခံမှုသည် ဒယ်လ်တာထရေဒင်ကုမ္ပဏီ (ဖျက်သိမ်းဆဲ)က မြန်မာနိုင်ငံ ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့ (ဤမှ နောက်တွင် အဖွဲ့ဟု ခေါ်မည်) အား၊ ဂုံနီအိတ်နှင့် ဂုံနီကြိုးများ တန်ဘိုးငွေ ၃၇,၇၀၉ ကျပ် ၁၈ ပြား ပေးဆောင်စေရန် အမိန့် ဒီကရီ ချမှတ်လိုက်သဖြင့်၊ အယူခံဝင်သည့်အမှု ဖြစ်သည်။ အမှု အကြောင်းအခြင်းရာများနှင့် စပ်လျဉ်း၍ ယခုအငြင်းမထွက်တော့ချေ။ အဖွဲ့သည် ဒယ်လ်တာထရေဒင်ကုမ္ပဏီအား၊ ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ ၁၉၄၇ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ၊ ဖျာပုံ၊ ကျိုက်လတ်၊ ဒုံးဒရဲ၊ ဘိုကလေးမြို့တို့၌ ဆန်နှင့် ဆန်ထွက်ပစ္စည်းများ ဝယ်ယူရန်အတွက် အဝယ်တော်များအဖြစ် စာချုပ်ဖြင့်ခန့်အပ်ခဲ့၏။ ထိုနှစ် ဒီဇင်ဘာလတွင် အဖွဲ့သည်၊ ယင်းကုမ္ပဏီအား ထိုဒီဇင်ဘာလကုန်ဆုံးပြီးနောက်၊ အဝယ်တော်အဖြစ် ဆက်လက်ခန့်မပ်ခြင်းမပြုတော့ဟု အကြောင်းကြား၏။ ထို့နောက် ကုမ္ပဏီထုတ်ယူခဲ့သော ဂုံနီအိတ်နှင့် ဂုံနီကြိုးများကို ပြန်လည်တောင်းဆိုရာတွင် ကုမ္ပဏီက ထိုဂုံနီအိတ်နှင့် ဂုံနီကြိုးများကို စက်ပိုင်များအား ကြိုတင်ထုတ်ပေးပြီးဖြစ်သဖြင့်၊ ပြန်လည်တောင်းခံ၍ မရကြောင်းနှင့် ပြန်ကြား၏။ ယင်းသို့ဖြစ်ရာ၊ အဖွဲ့က ကုမ္ပဏီအပေါ် ထို ဂုံနီအိတ်နှင့် ဂုံနီကြိုးများ၏တန်ဘိုးကို ရရှိရန် တရားစွဲဆိုသဖြင့် တရားရုံးချုပ် မူလဘက်ဆိုင်ရာ ရုံးက ဒီကရီချမှတ်လိုက်ခြင်းဖြစ်သည်။

ကုမ္ပဏီ၏ ပညာရှိ ရှေ့နေကြီးက အဖွဲ့စွဲဆိုသည့်အတိုင်း ဂုံနီအိတ်နှင့် ဂုံနီကြိုးများ ရရှိကြောင်းကို မငြင်းဆိုခဲ့ချေ။ ကုမ္ပဏီ၏ချေပချက်မှာ ထိုဂုံနီအိတ်နှင့် ဂုံနီကြိုးများကို စက်ပိုင်များအား ကြိုတင်ထုတ်ပေးပြီးဖြစ်သဖြင့်၊ ကုမ္ပဏီအား၊ အဝယ်တော်အဖြစ်မှ ရပ်စဲလိုက်သည့်အခါ၌ ပြန်လည်တောင်းခံ၍ မရနိုင်တော့ကြောင်းဖြင့် ချေပခြင်းသာ ဖြစ်သည်။ ကုမ္ပဏီ၏ စာရင်းရှင်း တာဝန်ခံ ဦးဟုတ်ကျော်(ခ)ပြ ၁)က ထိုဂုံနီအိတ်နှင့် ဂုံနီကြိုးများကို စက်ပိုင်များအား ကြိုတင်ထုတ်ပေးခဲ့ကြောင်းထွက်ဆို၏။ ယင်းသို့

ထွက်ဆိုသည်မှာ မှန်ကန်သည်ဟု ယူဆရန်အကြောင်းရှိသည်။ အကယ်၍ ထိုဂုံနီအိတ်နှင့် ဂုံနီကြိုးများအနက်၊ အချို့ကို ဆန်ထည့်ရန်အတွက် အသုံးပြုခဲ့ပြီးဖြစ်လျှင် ယင်းသို့အသုံးပြုကြောင်းကို ထုတ်ဖော်ပြောဆိုပြီး၊ သက်သေအထောက်အထား တင်ပြတန်ရာသည်။ ဤကဲ့သို့ မပြုလုပ်ခဲ့ပေ။

၁၉၆၄

ဒယ်လီကာထရေ ဒင် ကုမ္ပဏီ (ဖျက်သိမ်းရန် စာရင်း ကောက် ခံ) နှင့် မြန်မာနိုင်ငံ ကောက်ပဲ သီးနှံ ဈေးဝယ်ရေး အဖွဲ့။

အဲ့ဒေနှင့် ကုမ္ပဏီဘို့ ချုပ်ဆိုသော ပဋိညာဉ်စာချုပ်နှင့် စပ်လျဉ်း၍ အငြင်းမပွါးကြခေ။ နှစ်ဦးနှစ်ဘက်စလုံး မိဘ္ဘုများဘင်ပြကြသည်။ ထိုပဋိညာဉ်စာချုပ် မိတ္တူသက်သေခံအမှတ် (၁) အပိုဒ် ၁၃ တွင် အောက်ပါအတိုင်း စည်းကမ်းချက်များ သတ်မှတ်ထား၏။

13. It is the intention of this Agreement that the Board will accept all risks incurred in the business and will bear all losses incurred or sustained by the Company in relation to this Agreement and the Board shall indemnify the Company against all suits, proceedings, claims, liabilities and demands whatsoever unless such losses or liabilities shall be occasioned or incurred by the negligence or default of the Company its servants or agents. Provided that the Board's liability for any loss shall not extend to the unrecoverable price of goods delivered by the Company its agents or servants to anyone on credit without the order in writing of the Board.

ထိုစည်းကမ်းချက်များအတိုင်းဆိုလျှင် ကုမ္ပဏီ၏ ပေါ့လျော့မှု၊ သို့တည်းမဟုတ် ပျက်ကွက်မှုကြောင့်မဟုတ်ဘဲ၊ ထိုစာချုပ်ဆိုင်ရာလုပ်ငန်းကို လုပ်ဆောင်ရာ၌ ဆုံးရှုံးမှုများပေါ် ပေါက်လျှင် အဖွဲ့က တာဝန်ယူမည်ဖြစ်သည်။ သို့သော် အဖွဲ့က စာဖြင့် ပေးသော အခွင့်အမိန့်မရဘဲ ပစ္စည်းများကို ကုမ္ပဏီက၊ အခြားသူ တဦးဦးအား၊ ယုံကြည်မှုဖြင့် လွှဲအပ်လျှင်၊ ထိုပစ္စည်းများ၏ တန်ဘိုးကောက်ခံ၍ မရရှိသော်၊ အဖွဲ့က တာဝန်ယူမည်မဟုတ်ဟု တိကျစွာ သတ်မှတ်ပြဋ္ဌာန်းခဲ့လေသည်။ ယခုအမှုတွင် ကုမ္ပဏီသည် ၁၉၄၈ ခုနှစ်အဘင်း အဝယ်တော်အဖြစ် ဆက်လက်ဆောင်ရွက်ရလိမ့်မည်ဟု ထင်မြင်သဖြင့်၊ ဤအမှုပါ ဂုံနီအိတ်နှင့် ဂုံနီကြိုးများကို စက်ပိုင်များသို့ ကြိုတင်ထုတ်ပေးခဲ့ရာ၌ ယုံကြည်မှုနှင့် ထုတ်ပေးခဲ့ခြင်းဖြစ်သည်ဟုယူဆရပေမည်။ လောလောဆယ်ဝယ်ယူသော ဆန်စက်မှ ကျသည့်အခါ၌ ခံယူထည့်သွင်းရန် ဂုံနီအိတ်နှင့် ဂုံနီကြိုးများကို စက်ပိုင်များအား ထုတ်ပေးခဲ့ခြင်းမဟုတ်၊ ထို့ကြောင့်၊ အဆိုပါ ပဋိညာဉ်စာချုပ် အပိုဒ် ၁၃ ခြွင်းချက်အရ၊ ထိုဂုံနီအိတ်များကို အကယ်၍ အဖွဲ့က စက်ပိုင်များအား ထုတ်ပေးခဲ့သည်ဆိုစေကာမူ၊ ၎င်းတို့ကို ပြန်

(၁) ၁၈၀၁၊ အိန္ဒိယ စီရင်ထုံးများ အတွဲ ၆၊ စာ ၇၅၄၊ ၇၅၆။

ဒုတိယတရား
ခင် ကုမ္ပဏီ
(ဖျက်သိမ်းရန်
စာရင်း ကောက်
ခံ)
နှင့်
မြန်မာနိုင်ငံ
ကောက်ခံ သိမ်းခံ
ရေးဗဟိုရေး
အဖဲ့။

လည်မရဖြစ်ကာ အဖွဲ့၏ တာဝန်မဟုတ်၊ ကုမ္ပဏီ၏ တာဝန်သာဖြစ်သည်ဟု ယူဆရမည်။

ဤအမှုပါ ဂုံနီအိတ်နှင့် ဂုံနီကြိုးများကို စက်ပိုင်များအား၊ ကုမ္ပဏီက ထုတ်ပေးခဲ့သည်ဆိုသော ချေပချက်နှင့် စပ်လျဉ်း၍လည်း၊ ကုမ္ပဏီက အဖွဲ့သို့ တင်သွင်းသော စာရင်းများသာရှိသည်။ သက်သေ အထောက်အထား စိုးစဉ်းမျှ မရှိချေ။ စာရင်းများ တင်ရုံမျှနှင့် လုံလောက်သည်ဟု မဆိုနိုင်ပေ။ ကုမ္ပဏီသည် အဖွဲ့ထံမှ ရရှိသော ဂုံနီအိတ်နှင့် ဂုံနီကြိုးများကို မည်သို့မည်ပုံ အသုံးပြုခဲ့သည်ကို သက်သေထင်ရှားပြရမည်ဖြစ်သည်။ ယင်းတာဝန်မှာ ပဋိညာဉ်အက်ဥပဒေ ပုဒ်မ ၂၁ အရ၊ အဝယ်တော်ကိုယ်စားလည်ဖြစ်သူ ကုမ္ပဏီအပေါ်၌ ကျရောက်သော တာဝန်ဖြစ်သည်။ အင်(နှ်) နိဒါပါဆာဒ်ရိုင်း နှင့် ဒွါကနသ်ဂန်ဂိုပဒ်ရာအမှု (၁) တွင်၊ အောက်ပါ အတိုင်းမြွက်ဆိုခဲ့သည်။

> **". . . We may add, that an agent does not discharge the duty of accounting, by merely delivering to his employer a set of written accounts, without attending to explain them, and produce the vouchers by which the items of disbursements are supported."**

ထိုပြဋ္ဌာန်းချက်များအတိုင်းပင်၊ ဤရုံးက လိုက်နာကျင့်သုံးသင့်သည်ဟု ယူဆပေသည်။

အထက်ပေါ်ပြပါ အကြောင်းများကြောင့်၊ အယူခံကို စရိတ်နှင့်ထက္ခ ပယ်ထိုက်သည်။ ဤရုံးလွှာနေခမှာ ၃၄၀ ကျပ် ဖြစ်စေရမည်။

---

(၁) ၁၈၈၁၊ အိန္ဒိယဓနိရင်ဆုံးမျာား၊ အတွဲ ၆၊ စာ ၇၅၄၊ ၇၅၆။

တရားမပြင်ဆင်မှု

တရားသူကြီးချုပ် ဦးဘိုကြီး ရှေ့တွင်

ဒေါ်ခင်မြင့် ပါ ၂ (လျှောက်ထားသူများ)

နှင့်

မအုန်းအုန်း ပါ ၂ (လျှောက်ထားခံရသူများ)

† ၁၉၆၄ အောက်တိုဘာ လ ၁၃ ရက်။

အမှုပလပ်ခြင်း၊ နောက်ကျ၍ပလပ်ခြင်း၊ ထိုအမိန့်ကိုဖျက်ရန်တရားသူကြီး၏အာဏာ။

ဆုံးဖြတ်ချက်။ ။ရှေ့နေတဦးသည်၊ စက်ရှင်ရုံးတွင် ရက်ချိန်းတောင်းနေရသည့်အတွက်၊ ၁ မိနစ်ခန့်နောက်ကျသွားသဖြင့်၊ တရားမရုံးရှိအမှု ပလပ်ခြင်းခံရရာ၊ ထိုပလပ်သည့်အမိန့်ကို၊ တရားသူကြီးကတဖန် ပြန်လည်ပယ်ဖျက်ခြင်းမှာ၊ မှားယွင်းသည်ဟုမဆိုနိုင်။

ဦးငွေ နှင့် မမာတံခွန်ကုမ္ပဏီ၊ ၁၉၅၁ ခုနှစ်၊ မြန်မာပြည်စီရင်ထုံးများ၊ တရားလွှတ်တော် စာ ၁၃၄ ကိုရည်ညွှန်းဖော်ပြသည်။

လျှောက်ထားသူများအတွက်။ ။ဦးစောသင်း။

လျှောက်ထားခံရသူများအတွက်။ ။ဦးဘအေး။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။ရန်ကုန်မြို့၊ တရားမရုံး တရားမကြီးမှု အမှတ် ၅၉၉/၆၂ တွင် အရွယ်မရောက်သေးသူ မအုန်းအုန်းနှင့် မောင်အောင်ဆန်းအား တို့ကမိမိတို့၏ နီးစပ်ရာ မိတ်ဆွေဖြစ်သူ မိခင် ဒေါ်အေးကျင်ဖြင့်၊ ယခု လျှောက်ထားသူများဖြစ်သူ ဦးခင်မြင့်၊ မရင်မေတို့အပေါ် ငွေ ၂၄,၀၀၀ ကျပ် ရရှိလိုမှု တရားစွဲဆိုခဲ့ရာ၊ သက်သေများ အားလုံးလိုလိုပင် စစ်ဆေးပြီးနောက်၊ ၁၉၆၃ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်နေ့၌ ရုံးချိန်ကုန်ဆုံးသွားသဖြင့်၊ ကျန်သက်သေတယောက်ကို စစ်ဆေးပြီး လျှောက်လဲချက် ကြားနာရန် အမှုကို ၁၉၆၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့သို့ ချိန်းလိုက်၏။ ၁၉၆၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့ ကျရောက်ကာလ အမှုခေါ်သည်တွင် တရားလိုများ၏ နီးစပ်ရာ မိတ်ဆွေဖြစ်စေ၊ ၎င်းတို့၏ ရွှေနေကြီးဖြစ်စေ၊ မလာရောက်ချေ။

---

* ၁၉၆၄ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၁၆။

† ၁၉၆၂ ခုနှစ်၊ တရားမကြီးအမှုအမှတ် ၅၉၉ တွင်၊ ၁၉၆၄ ခုနှစ်၊ မတ်လ ၆ ရက်နေ့စံပါ၊ ရန်ကုန်မြို့တော်၌ တရားမရုံး၊ တရားသူကြီးချုပ်ရုံးတော်၏ ချမှတ်သောအမိန့်ကိုပြင်ဆင်မှု။

၁၉၆၄
ဒေါ်ခင်မြင့်
ပါ ၂
နှင့်
မအုန်းအုန်း
ပါ ၂။

တရားခံများဖြစ်သူ ယခု လျှောက်ထားသူများ၏ ရှေနေကြီးလာရောက်၏။ တရားရုံးက အမှုကို ပလပ်သိုက်၏။ ယင်းသို့ ပလပ်သွားသည်မှာ အမှုကို ရုံးချိန်ကုန်၍ ချိန်းဆိုသိုက် သည်ဖြစ်သောကြောင့်၊ တရားမ ကျင့်ထုံးအမိန့် ၉၊ နည်းဥပဒေ ၈ အရ ပလပ်သိုက် ခြင်းဖြစ်၏။ ထို့နောက် ၁၉၆၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့ဘွင် တရားလိုများ၏ နိုးစပ်ရာ မိတ်ဆွေက တရားမ ကျင့်ထုံး အမိန့် ၉၊ နည်းဥပဒေ ၉ အရ၊ အမှုပလပ်သည့် အမိန့်ကို ပယ်ဖျက်ပြီး အမှုကို ပြန်လည် ဖွင့်လှစ်စစ်ဆေးရန် လျှောက်ထား၏။ ထိုလျှောက်ထားချက်နှင့်တကွ တရားလိုများ၏ နိုးစပ်ရာမိတ်ဆွေ၏ ကျမ်းကျိန်ဆိုချက်၊ ၎င်းတို့၏ ရှေနေကြီး ဦးဘအေး၏ ကျမ်းကျိန်ဆိုချက်နှင့် မအုန်းမြင့်၏ ကျမ်းကျိန် ဆိုချက်များအရ၊ ပေါ်လွင်သည်မှာ အမှုပလပ်သော ၁၉၆၃ ခုနှစ်၊ဒီဇင်ဘာလ ၂၀ ရက် နေ့နံနက် ၁၁ နာရီ မတိုင်မီ တရားလိုများ၏နိုးစပ်ရာမိတ်ဆွေသည် အမှုစစ်ဆေးသည့် ရုံးခန်းအပြင်ဘက်တွင် မအုန်းမြင့်နှင့်အတူ စောင့်နေကြကြောင်း။ သို့သော် ဦးဘအေး မှာကြားထားခဲ့သည့်အတိုင်း ရှေနေအသင်းမှ တရားဥပဒေစာအုပ်များ ယူဆန်ခတ္တ သွားဆောက်ကြကြောင်း။ တရားဥပဒေစာအုပ်များ ယူပြီး ပြန်အလာ အမှုကို ပလပ် ပြီးဖြစ်ကြောင်း ပေါ်လွင်၏။ ဦးဘအေးမှာသည်း ထိုနေ့က ဟံသာဝတီခရိုင်၊ တရားမ ရုံးသို့ သွားရောက်၍ ရက်ချိန်းတောင်းနေကြောင်း။ မိမိဖုန်းမှာ၊ တရားမရုံးသို့ ရောက်ရှိသည့်အခါ အမှုပလပ်ပြီးဖြစ်ကြောင်း တွေ့ရှိသဖြင့် အမှုစစ်ဆေးမည့် တရား သူကြီးချုပ်ထံ ဝင်ရောက်ပြောကြားကြောင်း။ တရားသူကြီးချုပ်သည် ထို ၁၉၆၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့ပွဲပါ နေ့စဉ်မှတ်တမ်းတွင် အမှုပလပ်ပြီးနောက်၊ တဒိန်စ်ခန့် အကြာတွင် ရှေနေ ဦးဘအေး ကိုယ်တိုင် မိမိထံလာရောက်၍ ဟံသာဝတီခရိုင်၊ တရားမ ရုံးတွင် ရက်ချိန်းသွားတောင်းနေစဉ် အမှုပလပ်ခြင်းခံရကြောင်းကို ပြောကြား ခဲ့ကြောင်း မှတ်တမ်းတင်ထား၏။ ထိုအချက်များနှင့် စပ်လျဉ်း၍ ယခု လျှောက်ထားသူ ဦးခင်မြင့်က မိမိကိုယ်တိုင် ကျမ်းကျိန်ချက်တင်သွင်းပြီး ကန့်ကွက်၏။ သို့သော် ထို ကန့်ကွက်ချက်မှာ တရားလိုဘို့ဘက်က တင်ပြသော အရေးကြီးသည့် အချက်နှင့် စပ်လျဉ်း၍ ထိရောက်စွာ ချေပထားခြင်း မပြူသည်ကို တွေ့ရှိရသည်။

ရန်ကုန်မြို့၊ တရားမရုံး တရားသူကြီးချုပ်သည် အဖြစ်အပျက်အားလုံးကို ထည့်သွင်းစဉ်းစားပြီးနောက်၊ အမှုပလပ်သည့် အမိန့်ကို ပယ်ဖျက်လိုက်သည်။ ထို့ကြောင့် ယခုလျှောက်ထားသူများက ထိုအမိန့်ကို ပြင်ဆင်ရန် လျှောက်ထားကြခြင်းဖြစ်သည်။

အထက်ပါ ပြပါ အကြောင်းခြင်းရာ အားလုံးကို လေ့လာသုံးသပ်သော်၊ ရန်ကုန်မြို့၊ တရားမ တရားသူကြီးချုပ်က အမှုပလပ်သော အမိန့်ကို ပယ်ဖျက်သည်မှာ

မှားယွင်းသည်ဟု မဆိုနိုင်ပေ။ ဦးဌေး နှင့် မမဉ့ဘံခွန် ကုမ္ပဏီ (၁) တွင် အောက်ပါ အတိုင်း မြွက်ကြားဆုံးဖြတ်ခဲ့၏။

၁၉၆၄

ဒေါ်ခင်မြင့် ပါ ၂ နှင့် မအုန်းအုန်း ပါ ၂။

> "*Held*: That Courts exist so that people who have cases can have those cases heard and determined. It should never be the intention of Courts that a man should be deprived of a hearing unless there has been something equivalent to mis-conduct or gross negligence on his part or something which cannot be put right, as far as the other side is concerned, by making the man to blame pay for it."

ထိုဆုံးဖြတ်ချက်အတိုင်းပင် လိုက်နာကျင့်သုံးသင့်သည်ဟု ဤရုံးကလည်း ယူဆပေသည်။ ထို့ကြောင့် လျှောက်လွှာကို စရိတ်နှင့်တကွ ပယ်လိုက်သည်။ ဤရုံး ခွေနေ ခမှာ ၃၄ ကျပ် ဖြစ်ပေရမည်။

(၁) ၁၉၅၁ ခုနှစ်၊ မြန်မာပြည်စီရင်ထုံးများ၊ တရားလွှတ်တော် စာ ၁၃၄။

ရာဇဝတ် အယူခံမှု

တရားသူကြီး ဦးမောင်မောင်၏ ရှေ့တွင်

† ၁၉၆၄ နိုဝင်ဘာလ ၁၁ရက်။

ဒေါ်စိစိ (အယူခံတရားလို)

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ (အယူခံတရားခံ)*

ရာဇဝတ်မှု၊ တရားလိုကသက်သေထူရန်တာဝန်၊ ဆိုရှယ်လစ်တရားစီရင်ရေး စံနစ်တွင်လည်း ၎င်း တာဝန်ရှိခြင်း။

ဆုံးဖြတ်ချက်။ ။ရာဇဝတ်မှုမျှားတွင် တရားလိုဘက်မှတရားစံသည် ထိုပြစ်မှုထင်ရှားကျူးလွန် ခဲ့ကြောင်းကို သက်သေထူရန်တာဝန်ရှိသည်။

ယခုလက်ရှိတရားစီရင်ရေးစံနစ်တွင်၊ ထိုမူကိုလက်ခံကျင့်သုံးလျက်ရှိသည်။ ထို့ပြင် ဆိုရှယ်လစ် တရားစီရင်ရေးစံနစ်တွင်လည်း ထိုမူကိုလက်ခံကြောင်းတွေ့ရသည်။

အယူခံတရားလိုအတွက်။ ။မရှိ။

အယူခံတရားခံအတွက်။ ။အစိုးရရှေ့နေကြီး ဦးနှစ်။

တရားသူကြီး ဦးမောင်မောင်။ ။အယူခံ တရားလို ဒေါ်စိစိ အား၊ လက်နက် အရေးပေါ်ပြစ်ဒဏ်စီရင်မှု (ယာယီ) ဥပဒေပုဒ်မ ၂ (၁) (က) အရ၊ အင်းစိန်မြို့၊ ပညာရှိ အထူးတရားသူကြီးက၊ ပြစ်မှုထင်ရှားတွေ့ရှိကာ၊ အလုပ်မဲ့ထောင်ဒဏ် ၃ နှစ် ကျခံစေရန်၊ အမိန့်ချမှတ်သားသည်။

ဒေါ်စိစိနှင့်တပ်ကြပ်ကြီး မောင်မြင့်ဝေတို့ စီးနင်းလိုက်ပါလာသော၊ ဘတ်(စ်)ကား ကို၊ တိုက်ကြီးမြို့အထွက်တွင်၊ ဗိုလ်ကြီး ရင်ဘောင်း (လိုပြ ၁) နှင့် ရဲအဆာရှိမျှားက၊ သတင်းအရ ရပ်တန့်၍ စစ်ဆေးခဲ့ကြသည်။ ကားပေါ်မှ ခရီးသည်မျှားကိုဆင်းစေ၍၊ ၎င်းတို့ပိုင်ပစ္စည်းမျှားနှင့်အတူ ရပ်နေရန် အဆာရှိမျှားက ညွှန်ကြားပြီးလျှင်၊ ရှာဖွေ ကြသောအခါ၌၊ ဒေါ်စိစိအနီးတွင် ချထားသောတောင်ပြုံးထဲမှ အခြားပစ္စည်းမျှားအပြင်

---

* ၁၉၆၄ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၂၁၉။

† ၁၉၆၄ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၇ တွင်၊ ချမှတ်သော ၁၉၆၄ခုနှစ်၊ ဩဂုတ်လ ၃ ရက် နေ့စွဲပါ၊ အင်းစိန်မြို့၊ ပထမအထူးတရားသူကြီး၏အမိန့်ကို အယူခံမှု။

ကျည်ဆံ ၇၅၅ တောင့်ကို တွေ့ရှိကြရသည်။ ထို့ကြောင့် ဒေါ်စီစီ အား လက်နက်မှုဖြင့် စွဲဆိုခဲ့ခြင်းဖြစ်ပေသည်။

ဒေါ်စီစီ ကား အမှုတွင်ခုခံရာ၌၊ တောင်းသည်မိမိ၏တောင်းမဟုတ်ပါ။ မောင်မြင့်ဝေ က ခေတ္တခဏ ကြည့်ခိုင်းထားစဉ်အတွင်း၊ ယမ်းတောင့်များကို တွေ့ရခြင်းဖြစ်ပါသည်ဟု ကျမ်းကျိန်ထွက်ဆိုခဲ့သည်။ မောင်မြင့်ဝေ သည်၊ဒေါ်စီစီ၏ ယောကျ်ားဖြစ်သည်။ ဒေါ်စီစီ သည်၊ လယ်ဘာမြို့တွင် နေထိုင်၍၊ မောင်မြင့်ဝေ တာဝန်ကျရာ တပ်စခန်းသို့ သွားရောက်လည်ပတ်ဘူးသည်။ အမှုဖြစ်သောအခါ၌၊ မောင်မြင့်ဝေတို့၏ သားကို ရှင်ပြုရန် လာရောက်ခေါ်ခြင်းဖြစ်၍၊ မောင်မြင့်ဝေ ကသာ်း၊သူပါလိုက်မည်ဟုဆိုကာ၊ တပ်မှခွင့်ယူပြီးလျှင်၊ ဘဘ်(စ်)ကားနှင့်အတူ ထွက်ခဲ့ကြခြင်းဖြစ်သည်။

တရားလိုသက်သေ (၁) ဗိုလ်ကြီး ရင်ဘောင်းက၊ ဘတ်(စ်)ကားကိုရပ်၍ ရှာဖွေပုံကို ထွက်ဆိုသွားသည်။ ဒေါ်စီစီ၏ရွှေတွင် ချထားသောတောင်းထဲမှ ယမ်းတောင့်များကို ရရှိကြောင်းကိုလည်း ထွက်ဆိုသည်။ ထို့ကြောင့် သက်သေခံ (က) တိုင်ချက်တွင်၊ ဒေါ်စီစီ ထံမှ စက္ကူနှင့်ထုပ်လျက် ကျည်တောင့်များ ရှာဖွေရရှိကြောင်းကို ရေးသားတိုင်တန်းခဲ့ကြောင်းကိုလည်း ထွက်ဆိုသည်။ ပြန်လှန်မေးရာတွင်၊ ဒေါ်စီစီ ရွှေတွင်ရှိသောတောင်းကို မရှာမီ၊ မောင်မြင့်ဝေ က ထိုတောင်းသည် ၎င်း၏ပစ္စည်းဖြစ်သည်ဟု မပြောပါဟု ဗိုလ်ကြီး ရင်ဘောင်း က ဖြေကြားသည်။ သို့ရာတွင်၊ ထိုတောင်းကို မည်သူပိုင်ဆိုင်သည်ဆိုတာတော့ မသိပါဟူ၍လည်း ပြောဆိုသည်။ ဒေါ်စီစီ သည်၊ တပ်ထဲမှ လက်နက်များကို ထုတ်ကြောင်း၊ အခင်းမဖြစ်မီက သတင်းမကြားပါဟူ၍လည်း ဖြေကြားသည်။

ဦးတင်မြင့် (လိုပြ ၂) က ရှာဖွေရာတွင် မိမိလည်းပါကြောင်း၊ ရှာဖွေပုံစံများကို မိမိလည်း သက်သေအဖြစ် လက်မှတ်ရေးထိုးထားကြောင်းထွက်ဆိုသည်။ ဒေါ်စီစီ ရွှေတွင်ရှိသောတောင်းကို မရှာမီက မောင်မြင့်ဝေ က ဘာမျှမပြောပါ။ ယမ်းတောင့်များတွေ့တော့မှ မောင်မြင့်ဝေ က၊၎င်းထည့်ထားကြောင်းပြောသည်ဟူ၍၊ ဦးတင်မြင့် က သက်သေခံသည်။ အလားတူပင်၊ ရဲအုပ်ဦးစောလှ (လိုပြ ၃) ကလည်း တောင်းထဲ၌၊ ယမ်းတောင့်များ တွေ့သောအခါ၌၊ မောင်မြင့်ဝေ က မိမိ၏ယမ်းတောင့်များ ဖြစ်ကြောင်း၊ ဒေါ်စီစီနှင့် ဘာမျှမဆိုင်ကြောင်း ပြောပါသည်ဟု ထွက်ဆိုသည်။

ဒေါ်စီစီ ကိုယ်တိုင်က၊ မောင်မြင့်ဝေ သည် တောင်းကိုခဏကြည့်လိုက်ပါဟုပြောပြီး၊ ၎င်းအနီးတွင် ချထားသည်။ သို့ရာတွင် ပစ္စည်းများကို မရှာခင်က၊ ထိုတောင်းသည်၊ မိမိ၏တောင်း မဟုတ်ကြောင်းကိုတော့ အဆုရှိမျှားအား ပြောမပြမိပါဟု ဒေါ်စီစီက ပြန်လှန်မေးရာတွင်၊ ဖြေကြားသည်။ ရုံးကမေးရာတွင်၊ ခရီးထွက်လာသည်မှာ ကမန်း

ဒေါ်စီစီ နှင့် ပြည်ထောင်စု ဖြန်မာနိုင်ငံ။

၁၉၆၄
ဒေါ်စိစိ
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ။

ကဘန်းဖြစ်နေသောကြောင့်၊ မောင်မြင့်ဝေ၏ တောင်းထဲတွင်၊ ဘာပါလာသည်ကို မေးမကြည့်မိပါဟု ဖြေကြားသည်။

မောင်မြင့်ဝေကိုယ်တိုင်ကလည်း၊ တရားခံသက်သေ (၁) အဖြစ် အစစ်ခံရာတွင်၊ ယမ်းတောင့်များကို ခရီးမထွက်မီည ၁၂ နာရီကျော်ကျော်က၊ ဒေါ်စိစိမသိုအောင် တောင်းထဲ၌ ထည့်ထားခြင်းဖြစ်ပါသည်။ ပစ္စည်းများကို ဘတ်(စ်)ကားပေါ်သို့ အိမ်နီးနားချင်းများက၊ ကူညီပြီးတင်လိုက်ခြင်းဖြစ်ပါသည်။ တောင်းထဲတွင် ယမ်းတောင့်များပါကြောင်း ဒေါ်စိစိသိုးဝမသိပါ။ ကားရပ်၍ ရွာဖွေသောအခါ၌၊ မိမိ၏အိပ်ယာလိပ်ထဲမှ ယမ်းတောင့်များကိုလည်း ထုတ်ပေးလိုက်ပါသည်။ တောင်းကိုစစ်မည်လုပ်သော အခါ၌၊ ထိုတောင်းထဲဘွင် ယမ်းတောင့်များရှိကြောင်းကိုလည်း ဝန်ခံလိုက်ပါသည်။ ဤသို့ထွက်ဆိုခြင်းသည် အမှန်ကိုထွက်ဆိုခြင်းဖြစ်ပါသည်။ ဒေါ်စိစိအတွက်ကိုပါခံမည်ဟု ကြံစည်ထွက်ဆိုခြင်း မဟုတ်ပါဟူ၍၊ ထွက်ဆိုသည်။ ထိုကဲ့သို့ မောင်မြင့်ဝေက ထွက်ဆိုခဲ့ခြင်းကို၊ အစိုးရဘက်နေကြီးက ပြန်လှန်မေးမြန်းခြင်း မရှိခဲ့ချေ။

ယမ်းတောင့်များကို ဘယ်စဉ်အခါက ရှိခဲ့သည့် ရဲသား ကိုခက်ဗိန် (ခုံပြ ၂) က၊ မောင်မြင့်ဝေ အား ထောက်ခံ၍၊ မောင်မြင့်ဝေသည်၊ အိပ်ယာလိပ်ထဲမှ ယမ်းတောင့်များကို ထုတ်ပြီးသည်နှင့်တပြိုင်နက် တောင်းထဲဘွင်လည်း ယမ်းတောင့်များရှိကြောင်းကို၊ ဗိုလ်ကြီး ရင်ဘောင်း အားဖြဉာသွားသည်ဟု ထွက်ဆိုသည်။

အားလုံးကိုခြုံကြည့်လျှင်၊ တောင်းထဲ၌ ယမ်းတောင့်များ ပါသာသည်ကို ဒေါ်စိစိ မသိ။ မောင်မြင့်ဝေကလည်း၊ မိမိအိပ်သာလိပ်ထဲမှ ယမ်းဘောင့်များကို ထုတ်ပေးသည်နှင့်တပြိုင်နက်၊ တောင်းထဲဘွင်လည်း မိမိ၏ ယမ်းဘောင့်များပါကြောင်း။ ဒေါ်စိစိနှင့် မဆိုင်ကြောင်း ပြောဆိုခဲ့သည်ဆိုသည်မှာ၊ ယုတ္တိရှိပေသည်။ ဗိုလ်ကြီး ရင်ဘောင်းက၊ ထိုသို့ပြောကြားသည်ကို မကြားမိဟု ဆိုသော်လည်း၊ ဦးတင်မြင့်နှင့် ဦးစောလှတို့ကမူ တောင်းထဲဘွင် ယမ်းတောင့်များ တွေ့သောအခါ၌ မောင်မြင့်ဝေက ၎င်းထည့်ထားကြောင်း ပြောပါသည်ဟု မှတ်မိကြသည်။ တောင်းထဲဘွင် ယမ်းတောင့်များတွေ့လျှင် တွေ့ခြင်း ပြောသလော။ မတွေ့မီကပင် မောင်မြင့်ဝေ က ပြောသလော၊ မသေချာသော်လည်း အနည်းဆုံး တွေ့တွေ့ခြင်း ပြောသည်ဟူ၍ ယူဆနိုင်သည်။ ထိုသို့ပြောဆိုလျှင်၊ ဒေါ်စိစိ၏ ခုခံချေပချက်သည်၊ ယုတ္တိလည်းရှိသည်။ သက်သေအချက်အလက်များကလည်း ထောက်ခံသည်ဟူ၍ ယူဆရန်သာရှိသည်။

ပညာရှိ အစိုးရဖျေနေကြီး ဦးနှစ်ကသည်း၊ သက်သေခံချက်ဘို့ကို သေချာစွာ ကြည့်ရှုလျှင်၊ ဒေါ်စိစိသည် အနည်းဆုံး ဒုိဟ၏ အကျိုးကို ခံစားသင့်ပါသည်။ ၎င်းသည် ပြစ်မှုထင်ရှားကျူးလွန်ခဲ့သည်ဟူ၍ မပြောဆိုနိုင်ပါ။ ထို့ကြောင့် ဒေါ်စိစိအား ပြစ်မှုတွေ့ရှိထားခြင်းကို ပယ်ဖျက်သင့်ပါသည်ဟူ၍ ရိုးသားစွာ ဝန်ခံသျောက်ထားသည်။

အမှန်အားဖြင့်ဆိုသျှင်၊ ဒုဗိဟ၏အကျိုးကို ခံစားစေသင့်သည်ဆိုသည်ထက်၊ တရား လိုတို့ဘက်မှ ဒေါ်စီစီကိုယ်တိုင် ယမ်းတောင့်များ ဖောင်းထဲတွင် ပါလာသည်ကို သိသည်။ ထို့ကြောင့် လက်နက်မှုကို ကျူးလွန်သည်ဟူ၍ အတိအကျ သက်သေထူရန် တာဝန်ကို ထင်ထင်ရှားရှား ဆောင်ရွက်နိုင်ခြင်း မရှိခဲ့ဟုဆိုလျှင်၊ ပို၍မှန်ကန်ပေမည်။ ရာဇဘတ်မှုများတွင်၊ တရားလိုတို့ဘက်မှ တရားခံသည် ထိုသို့ပြစ်မှုထင်ရှား ကျူးလွန်ခဲ့ကြောင်းကို သက်သေထူရန် တာဝန်ရှိသည်။ အထူခြွင်းချက်ဖြင့် ပြဋ္ဌာန်းထားသော ရာဇဘတ်မှုမျိုးမှအပ၊ အခြားသော အမှုများ၌၊ ထိုမူအရ၊ ရာဇဝတ်မှုများကို၊ စစ်ဆေး စီရင်ရသည်။ ယခုကျွန်ုပ်တို့၏ တရားစီရင်ရေးစံနစ်တွင်လည်း၊ ထိုမူကို လက်ခံကျင့်သုံး၍ အမှုများကို မှန်မှန်ကန်ကန်နှင့် မျှမျှတတဖြစ်ရန်၊ စစ်ဆေးစီရင်ခြင်းကို၊ အထူးဝိရိယ စိုက်ထုတ်သျက်ရှိသည်။ ဆိုရှယ်လစ် တရားစီရင်ရေးစံနစ်နှင့် ပတ်သက်၍၊ လေ့လာ သင့်သော ဆိုဗီယက်နိုင်ငံတရားစီရင်ရေးစံနစ်တွင်လည်း ရာဇဝတ်မှုခင်းများတွင်၊ တရား လိုဘက်မှ တရားခံသည် အပြစ်ရှိကြောင်းကို၊ အထင်အရှား သက်သေပြရန် တာဝန် ပေးထားကြောင်းကို တွေ့ရှိရသည်။ ဆိုဗီယက်နိုင်ငံ၏ ရွှေနေရွှေရပ်များနှင့် ပတ်သက်၍၊ ရေးသားထားသောကျမ်းတွင်—

> "အမှုကို စုံစမ်းစစ်ဆေးသူ အစိုးရဘက်မှ ရွှေနေလိုက်ပါဆောင်ရွက်သူနှင့် တသားတုံးဘို့သည်၊ ဘရားခံအပေါ် တွင်၊ မိမိသည် အပြစ်မဲ့ကြောင်းကို သက်သေ ထူရန် တာဝန်ကို ချအပ်ခြင်းမပြုရ။ စုံစမ်းစစ်ဆေးသူများနှင့် တရားခွံကသာ တရားလိုဘက်မှ လုံလောက်ခိုင်လုံသော သက်သေတင်ပြစေရန် တာဝန်ရှိကြ သည်။"

ဟူ၍ ရေးသားထားသည်ကို တွေ့ရသည်။

> **"The court, procurator, investigator, and person conducting the inquiry, has no right to place the onus of proof upon the accused. * * * . The onus of proof rests upon the investigating bodies and the court. The onus of proving his innocence must not be placed upon the accused."** *The Soviet Bar*, by Zaitsev and Poltorak, Moscow, 1959, pages 138-139."

ယခုအမှုတွင်၊ ယမ်းတောင့်များကို လက်မိလက်ရမိသည်မှန်၏။ တိုင်းပြည်၏ လုံခြုံရေးနှင့် ပတ်သက်၍၊ ယမ်းတောင့်များကို ဥပဒေလက်လွတ် သယ်ဆောင်သုံးစွဲ ခြင်းသည်၊ အသူးနက်နက်နဲနဲ စဉ်းစားအပ်သည့် ပြစ်မှုမျိုးဖြစ်သည်လည်းမှန်၏။ သို့ရာတွင် အယူခံတရားလို ဒေါ်စီစီသည် သူကိုယ်တိုင်၊ ကိုယ်ထိလက်ရောက် ယမ်း

ဒေါ်စီစီ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

၁၉၆၄

ဒေါ်စိစိ
နှင့်
မြည်ထောင်စု
မြန်မာနိုင်ငံ။

တောင့်များကို သယ်ယူသာသည်ဟူ၍လည်း မထင်ရှား။ တောင်းထဲတွင်ထည့်၍ ယူလာခြင်းကို သိသာည်ဟူ၍သည်း မထင်ရှား။ သူကိုယ်တိုင်က လုံးဝငြင်းကွယ်သည့်အတိုင်း မောင်မြင့်ဝေကသည်၊ ဒေါ်စိစိနှင့် လုံးဝမပတ်သက်ကြောင်းကို အမှုစစ်ဆေးသော အခါမှသာမဟုတ်ဘဲ၊ ကားကိုရပ်၍ ပစ္စည်းများကို စစ်ဆေးသောအခါ၌ပင် ထုတ်ဖော်ဝန်ခံခဲ့ပြီးဖြစ်သည်။ ထို့ကြောင့် ဒေါ်စိစိကိုယ်တိုင်သည် ယခုပြစ်ဒဏ်သင်ရှားတွေ့ရှိသည်ဟု ပညာရှိ အသူးတရားသူကြီးက ချမှတ်ထားသော ပြစ်မှုကို ကျူးလွန်သည်ဟု တရားလိုတို့ဘက်မှ ခိုင်ခိုင်လုံလုံ သက်သေထူနိုင်သည် မဟုတ်ပေ။ ထို့ကြောင့် ပညာရှိ အစိုးရရှေနေကြီး ထောက်ခံလျောက်လဲသည့်အတိုင်း၊ ဒေါ်စိစိ အား ဤအမှုနှင့် ပတ်သက်၍၊ တရားသေသတ်စေရန်၊ အမိန့်ချမှတ်လိုက်သည်။

၁၉၆၄ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၂၁၉။

အထက်ပါ စီရင်ချက်ကို ရေးသားပြီးနောက်၊ ဆိုဗီယက်ဆိုရှယ်လစ်နိုင်ငံ ကျင့်သုံးသော တရားစီရင်ရေးနှင့် ပတ်သက်၍၊ လွန်ခဲ့သောနှစ်အနည်းငယ် အတွင်းက အခြေခံမူများကို၊ ပြန်လည်သုံးသပ်စစ်ဆေး၍၊ ပြုပြင်ခဲ့သည်များကို၊ နောက်ဆုံးထုတ် ဥပဒေကျမ်းများတွင်၊ ထပ်ခလောင်း၍ တွေ့ရှိရသည်။ အဆုံးသဖြင့်၊ ရာဇဝတ်မှုခင်းများတွင်၊ ကျင့်သုံးလိုက်နာရမည့် အခြေခံမူများကို၊ သတ်မှတ်ခြင်းသည်၊ ဆိုဗီယက်တရားစီရင်ရေး၏ လတ်တလော ပြုပြင်ပြောင်းလဲမှုများဖြစ်သည်။

သက်သေခံဥပဒေ၏ အခြေခံသဘောတရားဟု အမည်တပ်ထားသော ကျမ်းတွင် (*An Introduction to the Theory of Evidence*, by A. Trusov, Foreign Languages Publishing House, Moscow) ဆိုဗီယက်နိုင်ငံတွင်၊ တရားသူကြီးအဖြစ်ဆောင်ရွက်ခဲ့သော၊ ထရူးဆော့(ဖ) ဆိုသော၊ ကျမ်းပြုဆရာက အောက်ပါကဲ့သို့ ရာဇဝတ်မှုခင်းများတွင်၊ တရားခံသည် အပြစ်ရှိကြောင်း သက်သေထူရန်၊ တရားလိုအခပါ၌ တာဝန်ကျရောက်ကြောင်းကို မှတ်ချက်များ ချမှတ်ထားသည်ကို တွေ့ရသည်။

> **"In the theory and practice of Soviet criminal procedure, the postulate is quite unacceptable that the court, in making decisions on concrete cases, can be satisfied with the probability that the accused is guilty. No matter how great the probability of the accused's guilt may be, it will still be only an assumption and cannot become truly authentic. Under no circumstances can a person be sentenced on the basis of assumptions. If such were the case it would lead to dangerous infringements of socialist legality."**

ထို့ပြင်၊ ရာဇဝတ်ကျင့်ထုံးကို၊ ကိုးကား၍၊ ထို့သို့တရားလို့က အထင်အရှား သက်သေ ထူရန် တာဝန်ရှိခြင်းသည်၊ ခြွင်းချက်မရှိ။ အမှုတိုင်းတွင်၊ လိုက်နာဆောင်ရွက်ရန် ဖြစ်ကြောင်းကို၊ အောက်ပါအတွဲသို့ ရေးသားဖော်ပြထားသည်။

ခုဒ္ဓိဂ္
ဒေါ်စိစိ
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ။

"Thus the general conclusion may be drawn that all the circumstances of any criminal case that are essential to proper investigation and a correct decision must be proved. This rule is always applied in Soviet criminal procedure and permits of no exceptions."

မကြာသေးမီက၊ ပြဋ္ဌာန်းခဲ့ကြသော ရာဇဝတ်ကျင့်ထုံးဆိုင်ရာ၊ အခြေခံမူများကို ကိုးကား၍လည်း၊ ကျမ်းပြုဆရာက၊ အောက် ပါအတွဲသို့ ဖော်ပြထားသည်ကို၊ ရည်ညွှန်းရန် လိုသည်။

"A number of guarantees of the correctness of a court's findings given in Article 43 of Fundamentals of Criminal Procedure operate in the same direction. This article also provides more difficult conditions for the prosecution than for the defence. For the court to find an accused guilty absolute proof of his guilt must be given in court and it must be based on facts and not on assumptions.

For an accused to be found not guilty and acquitted the law (to facilitate his defence against an unfounded charge) provides less rigid conditions. It is not necessary that the accused's innocence be proved, it is only necessary that his participation in the commission of the crime is not proved. These points in the law mean that any doubt, substantiated by the facts of a case, must be interpreted in favour of the accused."

တရားမ အထွေထွေ

တရားခွဲကြီးချုပ် ဦးဘိုကြီးနှင့် တရားသူကြီး ဦးစောဘသိန်းတို့ ရှေ့တွင်

† ၁၉၆၄

အောက်တိုဘာ လ ၈ ရက်။

ဒေါ်ရင်ဆိုင် (လျှောက်ထားသူ)

နှင့်

ဘဏ္ဍာတော်မင်းကြီးပါ ၃ (လျှောက်ထားခံရသူများ)*

ရေကြောင်းအကောက်တော်ဥပဒေပုဒ်မ ၁၆၇ (ဂ)—ကုန်းလမ်းအကောက်တော် ဥပဒေပုဒ်မ ၇ (၁)—နိုင်ငံခြားငွေလဲလှယ်ရေးကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၉ (၁)—မြန်မာနယ်စပ်တွင် ရွှေလက်ဝတ်လက်စား ပစ္စည်းများသိမ်းဆည်းခြင်းကိစ္စ—အမှုခေါ်စာချွန်တော် လျှောက်ထားခြင်းကိစ္စ။

လျှောက်ထားသူနှင့် အမျိုးသမီး ၄ ဦးတို့အား၊ ယိုးဒယားမြန်မာနယ်စပ်အနီး၌၊ အကောက်အရာရှိများက၊ ဘမ်းဆီးရှာဖွေရာ၊ ၎င်းတို့အပေါ်၌ လက်ဝတ်လက်စားအမျိုးစုံ တွေ့ရှိရပြီး၊ ၎င်းတို့မှာ သာမန်လုပ်ရိုးလုပ်စဉ်ထက် ပိုမိုကြီးမား၍၊ အထည်ကြမ်းပစ္စည်းများသာဖြစ်ကြောင်း တွေ့ရှိရသည့်ပြင်၊ အခေါက်ရွေ့အစစ်ဖြင့် ပြုလုပ်ထားသော ပစ္စည်းမျှသာဖြစ်ကြောင်းကို တွေ့ရလေသည်။ ထိုအချက်များနှင့် တိုင်းပြည်မသာယာသေးသည့်အခါတွင် ဝတ်ဆင်ခြင်းကိစ္စကိုပါ ထည့်သွင်းစဉ်းစားကာ၊ သက်ဆိုင်ရာအကောက်တော်ခွန်က သိမ်းဆည်းလိုက်လေသည်။

အမှုခေါ်စာချွန်တော် လျှောက်ထားရာတွင်။

ဆုံးဖြတ်ချက်။ ။သက်ဆိုင်ရာအကြောင်းအချက်များကို ခြုံပေါင်း၍ လေ့လာသုံးသပ်သော် လျှောက်ထားသူနှင့်အပေါင်းပါတို့သည်၊ နိုင်ငံခြားမှ မတရားခိုးသွင်းသည့်ရွှေများကို တနေရာမှ တနေရာသို့ ပို့ဆောင်နေစဉ်၊ သက်ဆိုင်ရာအရာရှိများ တွေ့ရှိသိမ်းဆည်းသည်ဆိုသည့်ယူဆချက်ကို ဝင်ရောက်စွက်ဖက်ရန်အကြောင်းမမြင်။

လျှောက်ထားသူအတွက်။ ။ဦးထွန်းမောင် ကိုယ်စား၊ ဦးကိုကိုကြီး (၃)။

လျှောက်ထားခံရသူများအတွက်။ ။အစိုးရရွှေနေကြီး ဦးဘကျော်။

---

* ၁၉၆၄ ခုနှစ်၊ တရားမ အထွေထွေလျှောက်လွှာအမှတ် ၂၄။

† ရန်ကုန်မြို့၊ ဘဏ္ဍာတော် မင်းကြီး၏ ၁၉၆၃ ခုနှစ်၊ ပြစ်ဆုံးမှုအမှတ် ၄ အက ၄၀ မှ ၄၄/၆၃ တွင် ၁၉၆၃ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်နေ့စွဲပါ အမိန့်နှင့် ရန်ကုန်မြို့၊ အကောက်တော် မင်းကြီး၏ ၁၉၆၃ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်နေ့စွဲပါ အမိန့်နှင့် ကော့ကရိတ်မြို့၊ အကောက်တော်ဝန်၏ ၁၉၆၂ ခုနှစ်၊ သြဂုတ်လ ၆ ရက်နေ့စွဲပါ အမိန့်တို့ကို အမှုခေါ်စာချွန်တော်အမိန့် ထုတ်ဆင့်ရန် လျှောက်လွှာ။

ကရားသူကြီးချုပ် ဦးဘိုကြီး။ ။ကော့ကရိတ်မြို့၊ ကုန်းလမ်းအကောက်တော်ဝန်၏အမိန့်၊ အကောက်တော်မင်းကြီး (ရန်ကုန်မြို့) ၏ အမိန့်နှင့် ဘဏ္ဍာတော်မင်းကြီး (ကူးသန်းရောင်းဝယ်ရေး) ၏ အမိန့်အသိုးသိုးတို့ကို လေ့လာသုံးသပ်ရာ၌ ပေါ်လွင်ထင်ရှားသည်မှာ၊ ယခုလျှောက်ထားသူ ဒေါ်ရင်ဆိုင်နှင့် အခြားအမျိုးသမီး ၇ ဦးတို့သည် ဂျစ်ကားတစီးဖြင့် မိမိတို့ နေထိုင်ရာဖြစ်သော ကော့ကရိတ်မြို့မှ ကျုံတုံးမြို့သို့ အသွား၊ လမ်းတွင် အကောက်တော်အရာရှိများက မသက်သာဖြင့် ရပ်တန့်စစ်ဆေးရာတွင်၊ ထိုအမျိုးသမီးများ၏ကိုယ်ပေါ်၌ ရွှေဆွဲကြိုး၊ ရွှေလက်ကောက်၊ ရွှေကြယ်သီး၊ ရွှေတိဂုံ စသည့် လက်ဝတ်လက်စားများ တွေ့ရှိ၏။ ထိုလက်ဝတ်လက်စားများမှာ သာမန် အလှအပ ဝတ်ဆင်ရန်အတွက် ပြုလုပ်ထားသော လက်ဝတ်လက်စားများ မဟုတ်။ သာမန်လူပိုင်ဆိုင်နိုင်စွမ်းအား ပိုမိုကြီးမားရှိ လက်ဝတ်လက်စား သဏ္ဌာန်အထည်ကြမ်း ပစ္စည်းများသာဖြစ်ကြောင်း တွေ့ရှိ၏။ ထို့ပြင်လည်း ထိုလက်ဝတ်လက်စားများမှာ နိုင်ငံခြား အခေါက်ရွေအစင်ဖြင့် ပြုလုပ်ထားသော ပစ္စည်းများဖြစ်ကြောင်းတွေ့ရှိရ၏။ ထိုအချက်များကိုဆင်း၊ လျှောက်ထားသူနှင့် အပေါင်းပါဟိုဟိုယိုးဒယားမြန်မာ နယ်စပ်မှ များစွာမကွာသွမ်းသောဒေသ၌ တွေ့ရှိသည်တကြောင်း၊ ဘိုင်းပြည်အခြေအနေ မသာယာသေးသည့် အခါတွင်၊ တိုအမျိုးသမီး ၅ ဦးတို့သည် အဆိုပါ [illegible] ပစ္စည်းများကို ပယ်ဖျောင်ပြီး ခရီးသွားနေကြသည်တကြောင်းတို့ကို ထည့်သွင်းစဉ်းစားပြီးလျှင်၊ အထက်ပေါ်ပြပါ ကော့ကရိတ်မြို့၊ ကုန်းလမ်းအကောက်တော်ဝန်က ပင်လယ်ရေကြောင်း အဖကောက်တော် အက်ဥပဒေပုဒ်မ ၁၆၇ (ဂ)၊ ကုန်းလမ်းအကောက်တော် အက်ဥပဒေပုဒ်မ ၇ (၁) နှင့် နိုင်ငံခြားငွေလဲလှယ်ကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၉ (၁) တို့အရ၊ ထိုပစ္စည်းများကို အစိုးရဘဏ္ဍာအဖြစ် သိမ်းဆည်းလိုက်၏။ ထိုအမိန့်ကိုဘကောက်တော်မင်းကြီးကဂင်း၊ ဘဏ္ဍာတော်မင်းကြီးကဂင်း အတည်ပြုလိုက်၏။ ထိုအမိန့်များကို အမှုခေါ် စာချွန်တော်ဖြင့် ပယ်ဖျက်ရန် ဒေါ်ရင်ဆိုင်က ယခုလျှောက်ထားခြင်းဖြစ်သည်။

1964
ဒေါ်ရင်ဆိုင်
နှင့်
ဘဏ္ဍာတော်
မင်းကြီး ပါ ၃ ဦး

အထက်ပေါ်ပြပါ အကြောင်းအချက်များကို ခြုံပေါင်း၍ လေ့လာသုံးသပ်သော်၊ ဒေါ်ရင်ဆိုင်နှင့် အပေါင်းပါတို့သည်၊ နိုင်ငံခြားမှ မဘာရားဝိုးသွင်းလျှောများကို တနေရာမှ တနေရာသို့ ပို့ဆောင်နေစဉ်၊ သက်ဆိုင်ရာ အရာရှိများ တွေ့ရှိသိမ်းဆည်းသည်ဆိုသည့် ယူဆချက်ကို ဝင်ရောက်စွက်ဖက်ရန် အကြောင်းမမြင်ချေ။ ဒေါ်ရင်ဆိုင်တို့က မိဘအဆွေမျိုးများထံ သွားရောက်လည်ပတ်ရာတွင်၊ ထိုပစ္စည်းများကို ဝတ်ဆင်သွားကြောင်းဖြင့် ကုန်းလမ်းအကောက်တော်ဝန်ထံ အစစ်ခံ၏။ သို့သော် အဘိုးကန့်လှသော

၁၉၆၄

ဒေါ်ရင်ဆိုင်
နှင့်
ဘဘွာတော်
မင်းကြီး ပါ ၃။

နိုင်ငံခြား အခေါက်ရှေ့အစစ်ဖြင့် ပြုလုပ်ထားသော လက်ဝတ်လက်စား သဏ္ဌာန် ပစ္စည်းများကို ဝတ်ဆင်၍ အမျိုးသမီး ၅ ဦး နယ်စပ်မှ မဝေးလှသော ဒေသတွင် သွားလာနေသည်ကိုထောက်လျှင်၎င်း၊ လိုအခါ၌ ဘုရားပွဲစသည့် ပွဲလမ်းသဘင်တခုခုသို့ သွားလာနေသည်မဟုတ်ကြောင်းကို ထောက်၍၎င်း ဆင်ခြင်သုံးသပ်လေ၏၊ သက်ဆိုင်ရာ အာဏာပိုင်များ၏ အမိန့်များမှာ အထောက်အထားမရှိဟု မဆိုနိုင်ပေ။

ထို့ကြောင့်၊ ယခုလျှောက်လွှာကို ပယ်လိုက်သည်။

တရားမ အယူခံမှု

တရားသူကြီး ဒေါက်စာဦးမောင်မောင် ရှေ့တွင်

ဒေါ်မြမေ (အယူခံတရားလို)

နှင့်

ဒေါ်ကျင်၊ ကိုတင်ဦး (အယူခံတရားခံများ)*

† ၁၉၆၄ အောက်တိုဘာ လ ဂ ရက်။

သက်သေခံဥပဒေပုဒ်မ (၉၂)—အရောင်းစာချုပ်ဆိုသော အပေါင်စာချုပ်—နှုတ်သက်သေလက်ခံနိုင်ခြင်းကိစ္စ။

ဆုံးဖြတ်ချက်။ ။အရောင်းစာချုပ်ဟုဆိုထားသော စာချုပ်တခုသည်၊ အမှန်အားဖြင့် အပေါင်စာချုပ်သာဖြစ်သည်ဟုဆိုလျှင်၊ ထိုသို့ဖြစ်ကြောင်း ထောက်ခံသော နှုတ်သက်သေခံများကို၊ တရားရုံးက လက်ခံကြားနာစဉ်းစားနိုင်သည်။ သက်သေခံဥပဒေပုဒ်မ (၉၂) သည် ထိုကဲ့သို့သက်သေခံချက်ကို၊ လက်မခံရဟု ပိတ်ပင်ထားခြင်းမရှိ။

ရှီအိုကရန်ဆင်း နှင့် **စုဒရာနသ်ဆင်း၊** ၁၉၅၉ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံးများ (တရားလွှတ်တော်) ၂၀၇။

ဦးမြတင် ပါ ၂ နှင့် **ဒေါ်ကျင်ထုံ ပါ ၂**၊ ၁၉၆၃ ခုနှစ်၊ တရားမ ဒုတိယအယူခံမှု အမှတ် ၇ (တရားရုံးချုပ်)တို့ကိုရည်ညွှန်း၍ လိုက်နာသည်။

အယူခံတရားလိုအတွက်။ ။ဦးကိုကိုကြီး (၃)။

အယူခံတရားခံများအတွက်။ ။ဦးကျော် (၁)။

တရားသူကြီးဒေါက်တာ ဦးမောင်မောင်။ ။အယူခံ တရားလို ဒေါ်မြမေသည်၊ အယူခံ တရားခံ ဒေါ်ကျင်နှင့် အခြားသူများအပေါ် တင်၊ ရန်ကုန်မြို့မ၊ တဲ့ဘက်တရားမ တရားသူကြီးချုပ်ရုံး၌၊ အခင်းဖြစ်အိမ်မှ ဖယ်ရှားစေလိုမှုဖြင့်၊ တရားစွဲဆိုခဲ့သည်။ ဒေါ်မြမေ၏အဆိုမှာ၊ ၎င်းသည် အခင်းဖြစ် အိမ်ကို၊ ဒေါ်ကျင်ထံမှ သက်သေခံအမှတ် "ခ" စာချုပ်ဖြင့်၊ အပြီးအပိုင် ဝယ်ယူခဲ့ကြောင်း၊ စာချုပ် ချုပ်ဆိုသော နေ့၌ပင်၊ သက်သေခံအမှတ် "ဃ" စာချုပ်ဖြင့်၊ တနှစ်အတွင်း ဒေါ်ကျင်က

* ၁၉၆၄ ခုနှစ်၊ တရားမ ပဌမအယူခံမှုအမှတ် ၃၁။

† ၁၉၆၀ ခုနှစ်၊ တရားမကြီးမှုအမှတ် ၈၄၂ တွင်၊ ရန်ကုန်မြို့၊ တဲ့ဘက်တရားသူကြီးချုပ်ရုံးတော်၏ချမှတ်သော ၁၉၆၄ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့စွဲပါ ဒီကရီကိုအယူခံမှု။

၁၉၆၄
ဒေါ်မြမေ
နှင့်
ဒေါ်ကျင်၊ ကို
တင်ဦး။

ပြန်၍စွေးရင်း ၁၃,၀၀၀ ပေးလျှင်၊ ဒေါ်မြမေက ပြန်လည်ရောင်းချ လွဲပြောင်းပေးပါမည်ဟု စာချုပ်ချုပ်ဆိုခဲ့ကြောင်း၊ ၎င်းပြင်၊ သက်သေခံအမှတ် "ဂ" စာချုပ်ဖြင့်၊ တနေ့တည်း၌ပင်၊ ဒေါ်ကျင်အား အချင်းဖြစ်အိမ်ကို၊ ဒေါ်မြမေက တလလျှင် အိမ်လခ ၄၅၀ ဖြင့် ငှါးရမ်းကြောင်း၊ အငှါးစာချုပ် ပြုလုပ်ခဲ့ပါသည်။ ထိုစာချုပ်များအရ၊ မိမိသည် ပိုင်ရှင်၊ ဒေါ်ကျင်သည် အိမ်ငှါးဖြစ်၍၊ ဒေါ်ကျင်ဘက်မှ သဘောတူညီသည့်အတိုင်း အိမ်လခများကို ပေးဆောင်ရန် ပျက်ကွက်ခဲ့သဖြင့်၊ ရွှေနေမှုတဆင့် နို့တစ်ပေးကာ၊ အိမ်ငှါးခြင်းကို ရပ်ဆိုင်းခဲ့ပြီးဖြစ်၍၊ ရုံးဘော်မှ ဒေါ်ကျင်နှင့် အခြားသောအိမ်ငှါးများကို ထုတ်ခွါသွားစေရန်၊ ဒီကရီချမှတ်ပါမည့်အကြောင်း ဒေါ်မြမေက စွဲဆိုခဲ့ခြင်းဖြစ်ပေသည်။

ဒေါ်ကျင်ကမူ၊ အိမ်ကို အပြီးအပိုင် ရောင်းချခဲ့ခြင်းမဟုတ်၊ အပေါင်ထားခြင်းသာ ဖြစ်ကြောင်း၊ အိမ်ငှါးစာချုပ်မှာ အတိုးအဘွက် ရည်ရွယ်၍ ချုပ်ဆိုခဲ့သော စာချုပ်ဖြစ်၍၊ ၎င်းက အိမ်ကို ပြန်ရောင်းရန် ငွေများပေးသော်လည်း၊ ဒေါ်မြမေက ငြင်းဆိုနေခဲ့ကြောင်းဖြင့် ချေပခဲ့သည်။

မူလအမှုတွင် အဓိက ဆုံးဖြတ်ရန်မှာ၊ ဒေါ်မြမေနှင့် ဒေါ်ကျင်တို့၏ အကြားတွင် အပြီးအပိုင်ရောင်းချခဲ့သော ပဋိညာဉ်များ ရှိခဲ့သလား၊ သို့တည်းမဟုတ် ဒေါ်ကျင်က ချေပသကဲ့သို့၊ အိမ်ကိုပေါင်ခြင်း ကိစ္စသာ ဖြစ်သလောဟူ၍ပင် ဖြစ်သည်။ ထိုပြဿနာကို မူလရုံး ပညာရှိတွဲဘက် တရားမ တရားသူကြီးချုပ်သည်။ ကောက်ချက်အမှတ် ၁ အဖြစ် ထုတ်နုတ်ကာ၊ ကြေကြေလည်လည် စစ်ဆေးခဲ့သည်။ ထို့ကြောင့် သက်သေခံစာချုပ်များသည်၊ ဟန်ဆောင်များသာ ဖြစ်ကြသည်။ အမှန်အားဖြင့်၊ နှစ်ဦးနှစ်ဘက်အကြားတွင် အပြီးအပိုင် ရောင်းဝယ်မှု မရှိခဲ့၊ ပေါင်နှံခြင်းမျှသာ ဖြစ်သည်။ ထို့ကြောင့် ဒေါ်ကျင်သည် ဒေါ်မြမေ၏ အိမ်ငှါးလည်း မဟုတ်၊ အခြားသောတရားခံများသည် ဒေါ်ကျင်၏ အိမ်ငှါးများသာ ဖြစ်ကြသည်။ ထို့အတွက် ဒေါ်မြမေသည်၊ တောင်းခံသော ဒီကရီကို မရနိုင်၊ အခြားသက်သာခွင့် မရှိဟူ၍ ဆုံးဖြတ်ကာ၊ အမှုကို စရိတ်နှင့်တကွ ပလပ်ခဲ့သည်။

ယခုကျွန်ုံးသို့ အယူခံဝင်ရာတွင်၊ မူလရုံးတွင်လည်း တင်ပြခဲ့ပြီးဖြစ်သည့်၊ ဥပဒေပြဿနာနှစ်ရပ်ကို၊ အယူခံတရားလို၏ ပညာရှိရွှေနေကြီး ဦးကိုကိုကြီး (၃) က၊ ရွှေနေကြီး ဦးထွန်းမောင် ကိုယ်စား၊ အထူးအလေးပေး၍ လျှောက်လဲသည်။ ပြဿနာတရပ်မှာ၊ စာချုပ်များ အထင်အရှားရှိနေသည်ဖြစ်၍၊ ထိုစာချုပ်တို့မှ ကွဲလွဲသောနှုတ်သက်သေခံချက်တို့ကို၊ တရားရုံးက လက်ခံကြားနာ၊ စဉ်းစားနိုင်သလောဟူ၍ပင် ဖြစ်သည်။ တနည်းဆိုသော် သက်သေခံ အက်ဥပဒေ ပုဒ်မ ၉၂ သည်၊ ထိုကဲ့သို့ သက်သေခံချက်ကိုလက်မခံရဟုပိတ်ပင်ထားသလော။ ဦးကိုကိုကြီး (၃) က လျှောက်လဲ

၁၉၆၄
ဒေါ်မြမေ နှင့် ဒေါ်ကျင်၊ ကို တင်ဦး။

သည်မှာ၊ စာချုပ်များသည် အငိုပွါယ်ရှင်းလင်း၍၊ ထိုစာချုပ်များကို ချုပ်ဆိုကြောင်း ဒေါ်ကျင်ကလည်း ဝန်ခံထားပြီး ဖြစ်ရာ၊ ရုံးချေဘွင့်မှ စာချုပ်များ၏ ရည်ရွယ်ချက်မှာ၊ မည်သို့မည်ပုံဖြစ်ပါသည်ဟူ၍၊ စာချုပ်ပါ အချက်အလက်တို့နှင့် ကွဲလွဲသော သက်သေခံချက်တို့ကို၊ တရားရုံးက လက်ခံစဉ်းစားနိုင်ခြင်း မရှိပါဟူ၍ လျှောက်လဲသည်။

အယူခံတရားခံ၏ ပညာရှိချေနေကြီး ဦးကျော် (၁) က၊ မူလရုံးပညာရှိတွဲဘက်တရားမ တရားသူကြီးချုပ်က စဉ်းစားသုံးသပ် ထားသော၊ **ရှီအိုကရန်ဆင်း** နှင့် **စူဒရာနသ်ဆင်း** (၁) အမှုကို ရည်ညွှန်းသည်။ ထိုအမှုတွင်၊ စာချုပ်တရပ်သည် ချုပ်ဆိုသူတို့က လိုက်နာ၍ ဆောင်ရွက်ရန် ကြံရွယ်ချက်မရှိဘဲ၊ အမှန်အကြောင်းခြင်းရာတို့ကို ဖုံးကွယ်ရန်ဆိုသော ဟန်ဆောင်စာချုပ် ဖြစ်ကြောင်း၊ သက်သေပြခွင့်ရှိသည်ဟု စီရင်ဖွဲ့ထားပါသည်။ ထို့ပြင်၊ **ဦးမြတင် ပါ ၂** နှင့် **ဒေါ်ကျင်ယုံ ပါ ၂** (၂) အမှုတွင်၊ ဤရုံးပညာရှိ တရားသူကြီးချုပ်က၊ အလားတူပင် ဆုံးဖြတ်ထားသည်ကိုလည်း ညွှန်ပြသည်။ ထိုအမှုတွင်၊ သက်သေခံ အက်ဥပဒေ ပုဒ်မ ၉၁ နှင့် ၉၂ တို့ပါ ပြဋ္ဌာန်းချက်များသည်၊ အကျိုးသက်ရောက်စေရန် ရည်ရွယ်ချုပ်ဆိုသော အမှန်အရောင်းအဝယ် စာချုပ်မျိုးနှင့် သာသက်ဆိုင်သည်။ ဟန်ဆောင်အရောင်းအဝယ် စာချုပ်မျိုးနှင့်ကား မသက်ဆိုင်ပါ။ စာချုပ်ပါအတိုင်း အတည်ပြုရန် ရည်ရွယ်ချက် မရှိခဲ့ကြောင်း။ ။သတောဘူမှု မရှိခဲ့ကြောင်းကို၊ သက်သေတင်ပြနိုင်သည်ဟု ဆုံးဖြတ်ထားသည်။ ထိုအမှုပါ အချက်အလက်တို့သည်၊ ဤအမှုပါ အချက်အလက်တို့နှင့် ထပ်တူထပ်မျှ မဟုတ်သော်လည်း ဆင်တူသည်။ ထိုအမှုတွင် အကြောင်းအချက်တို့ကို သုံးသပ်၍၊ သက်သေခံ တင်သွင်းသော စာချုပ်တို့သည် အရောင်းအဝယ်စာချုပ်ဟု ဆိုသော်လည်း၊ **အမှန်အားဖြင့်** ပေါင်နှံခြင်းသာ ရှိခဲ့သည်။ ထို့ကြောင့်၊ ငွေချေးသူက အချင်းဖြစ်အိမ်ကို ပိုင်ဆိုင်သူအဖြစ် ငွေချေးယူသူတို့အား၊ အိမ်မှနှင်လိုကြောင်း စွဲဆိုခြင်း မပြုနိုင်ဟု ဆုံးဖြတ်ခဲ့သည်။

ဤအမှုတွင်လည်း၊ ဖြစ်စဉ်မှာ ဆင်တူသဖြင့်၊ ဒေါ်ကျင်ဘက်မှလည်း အစဦးကပင်၊ မိမိသည်ငွေကို ချေးယူခဲ့ခြင်းမျှသာ ဖြစ်ပါသည်။ အိမ်ကို ပေါင်နှံရန်သာ ရည်ရွယ်ခဲ့ပါသည်၊ ရောင်းချခြင်း မရှိခဲ့ပါဟူ၍ ချေပထားသဖြင့်၊ ထိုချေပချက်ကို သက်သေထူနိုင်ခွင့်ရှိသည်ဟုဆုံးဖြတ်ရပေမည်။

ဦးကိုကိုကြီး (၃) က ဒုတိယတင်ပြသော ဥပဒေပြဿနာသည်၊ သက်သေခံအက် ဥပဒေပုဒ်မ ၁၁၆ အရ၊ ဒေါ်ကျင်သည် ဒေါ်မြမေ အား၊ သက်သေခံအမှတ် "၈"

(၁) ၁၉၅၉ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံးများ (တရားလွှတ်တော်) ၂၀၇။
(၂) ၁၉၆၃ ခုနှစ်၊ တရားမ ဒုတိယအယူခံမှုအမှတ် ၇ (တရားရုံးချုပ်)။

၁၉၆၄

ဒေါ်မြမေ နှင့် ဒေါ်ကျင်၊ ကို တင်ဦး။

စာချုပ်အရ၊ အိမ်လခငွေ ၄၅၀ တလီပေးပြီး ဖြစ်သဖြင့်၊ ဒေါ်မြမေသည် ၎င်း၏ အိမ်ရှင်၊ ၎င်းသည် ဒေါ်မြမေ၏ အိမ်ငှါးဖြစ်ကြောင်းကို၊ ငြင်းကွယ်နိုင်ခြင်းမရှိပါဟူ၍ဖြစ်သည်။ သို့ရာတွင်၊ ဒေါ်ကျင်ကိုယ်တိုင်က အိမ်ကိုရောင်းလည်း မရောင်း မိမိလည်းငှါးရမ်းမနေ၊ သက်သေခံအမှတ် "၈" စာချုပ်အပါအဝင် အားလုံးသော စာချုပ်တို့သည်၊ အပေါင်ကို ရောင်းဟန်ပြုခြင်းမျှသာ ဖြစ်ခဲ့ပါသည်ဟု ချေပပြီး ဖြစ်ပေသည်။ ဦးကိုကိုကြီး(၃)ကိုးကားသော ဥပဒေ ပြဋ္ဌာန်းချက်သည်၊ ဒေါ်ကျင် ကိုယ်တိုင်က အိမ်လခအဖြစ် ငွေကိုပေးသည်ဟု ထင်ရှားပြီးမှ သက်ဆိုင်သည်ဖြစ်ပေသည်။ သက်သေခံ အမှတ် "၈" စာချုပ်ကို ကြည့်လျှင်လည်း ငွေ ၄၅၀ ကို စရံငွေအဖြစ် ဒေါ်ကျင်က တင်ရမည်ဟုသာပါသည်။ ထိုဥဒ္ဒ ၄၅၀ ကို ငွေ ၁၃,၀၀၀ မှနုတ်ယူလိုက်ခြင်းဖြစ်ပေသည်။ အိမ်လခအဖြစ် သီးခြားပေးသည်မဟုတ်။ ထို့ကြောင့် ဒေါ်ကျင်သည် အိမ်ငှါးအဖြစ်သို့ အခြားသက်သေ အထောက်အထား မရှိသဖြင့်၊ သက်သေခံ အက်ဥပဒေ ပုဒ်မ ၁၁၆ ၏ ပိတ်ပင်ခြင်းသည်၊ ဒေါ်ကျင်အား အကျိုးသက်ရောက်ခြင်း မရှိနိုင်ပေ။

မူလရုံးပညာရှိတဲ့ဘက် တရားမ တရားသူကြီးချုပ်သည်လည်း၊ အထက်ပါကဲ့သို့ပင် စဉ်းစားကာ၊ သက်သေများကို စစ်ဆေးသုံးသပ်ခဲ့လေသည်။ ထိုသုံးသပ်ချက်အရ၊ ဒေါ်ကျင် ခုခံချေပသကဲ့သို့၊ အမှန်အားဖြင့် ၎င်းနှင့် ဒေါ်မြမေ အကြားတွင် ပေါင်နှံ၍ ငွေချေးယူခြင်းသာ ရှိခဲ့ကြောင်း၊ ပြည့်စုံသော အထောက် အထား များကိုတွေ့ရှိရပေသည်။ မူလရုံးက၊ အချင်းဖြစ်အိမ်နှင့် ပတ်သက်၍ စုံစမ်းမှုတရပ် ပြုလုပ်ခဲ့ပြီးနောက်၊ ထိုအိမ်ကို ၁၉၅၄ ခုနှစ်တွင် ဆောက်လုပ်ခဲ့ရာ၊ ၂၅,၀၀၀ ကုန်ကျခဲ့ကြောင်း၊ ကာလ · ပေါက်ဈေးအရ လည်း၊ အနည်းဆုံး ထိုဈေးရှိမည်ဖြစ်ကြောင်းဖြင့် ဆုံးဖြတ်ခဲ့လေသည်။ ထိုမျှတန်သောအိမ်ကို ငွေ ၁၃,၀၀၀ နှင့် ရောင်းရသည်ဆိုလျှင် ယုတ္တိမရှိ။ အကယ်၍၊ ကာလပေါက်ဈေးငွေ ၁၃,၀၀၀ သာ တန်သည်ဆိုပြန်လည်း၊ ထိုမျှသာ တန်သော အိမ်တလုံးသည်၊ အိမ်လခငွေ ၄၅၀ ပေးထိုက်မည်မဟုတ်၊ ထို့ပြင်၊ သက်သေခံအမှတ် "၈" အိမ်ငှါးစာချုပ်ဟုဆိုသော စာချုပ်ပါ ပြဋ္ဌာန်းချက်ဘို့အရလည်း၊ ဒေါ်ကျင်နှင့် ဒေါ်မြမေကိုသည်၊ အိမ်ငှါးနှင့် အိမ်ရှင်ဖြစ်သည်ဆိုသည်ထက်၊ မြီစားနှင့် မြီရှင် ဖြစ်သည်ဆိုခြင်းက၊ ပို၍ဖွယ်တို့ရှိမည်ကိုပေါ်လွင်စေသည်။ ထိုစာချုပ်အရ၊ ဒေါ်ကျင်က လစဉ်ငွေ ၄၅၀ ပေးဆောင်ရမည်သာမကသေး အိမ်ကို ဒေါ်မြမေက ညွှန်ကြားသောအာမခံကုမ္ပဏီတွင် မီးပေါင်ထားသော စရိတ်ကို ဒေါ်ကျင်က ကျခံရမည်၊ နာမည်ကို ဒေါ်မြမေက ခံမည်ဟု ပါရှိသည်။ ၎င်းပြင်၊ အိမ်ပြင်ဆင် ပြုပြင်လျှင်လည်း၊ ဒေါ်ကျင်ကပင် ကျခံရမည်၊ မြို့နိုစီပါယ်နှင့် မြေခွန်များကိုလည်း၊ ဒေါ်ကျင်ကပင် ဖြေလည်အောင် ပေးရမည်-

၁၉၆၄

ဒေါ်မြမေ နှင့် ဒေါ်ကျင်၊ ကို တင်ဦး။

စသည်ဖြင့်၊ စည်းကမ်းချမှတ် ထားသည်များမှာလည်း၊ အိမ်ရှင်နှင့် အိမ်ငှါးတို့ သဘောတူကြသည့် စည်းကမ်းချက်မျိုးများ မဟုတ်ကြပေ။ ဦးကိုကိုကြီး (၃) က၊ မြို့နှိ စီပါယ်ခွန်၊ မြေခွန်များနှင့် ပတ်သက်၍၊ အိမ်ကိုရောင်းသည့်အခါနှိအထိ၊ ပေးဆောင်ရန် ကျန်သောငွေများနှင့်သာ သက်ဆိုင်ပါသည်။ ထို့နောက်ပိုင်းတွင် ဒေါ်ကျင်က ပေး ဆောင်ရမည်ဟု သတ်မှတ်ခြင်း မဟုတ်ပါဟု လျှောက်လဲသည်။ သို့ရာတွင်၊ အမှန် အားဖြင့် ဒေါ်ကျင်ကသာ မြို့နှိစီပါယ်ခွန်များကို ဆက်လက် ပေးဆောင်လာခဲ့ သည်ကို၊ သက်သေခံအမှတ် "၁" ပြေစာများအရ တွေ့ရှိရသည်။ နောက်ဆုံး ပြေစာမှာ ၁၉၆၂ ခုနှစ်၊ ပဋမသုံးလပတ်အတွက် ဖြစ်ပေသည်။ အကယ်၍၊ သက် သေခံအမှတ် "ခ" စာချုပ်သည်၊ အမှန်ပင် အရောင်းအဝယ် စာချုပ်ဖြစ်သည်ဟု ဆိုလျှင် ဤကဲ့သို့ ဒေါ်ကျင်က ဆက်လက်ပေးဆောင်ရန် မဟုတ်ပေ။ ဒေါ်မြမေက၊ မိမိ၏နာမည်သို့ အိမ်ကိုလွှဲပြောင်းပြီးနောက်၊ ပြေစာများကိုမိမိ၏နာမည်နှင့် ထုတ်စေ အောင်ဆောင်ရွက်ရမည် ဖြစ်ပေသည်။ ပေးဆောင်ရန် ငွေများကိုလည်း၊ ၎င်းကပင် ပေးဆောင်ပေလိမ့်မည်။ သက်သေခံအမှတ် "ဃ" စာချုပ်အရ၊ ဒေါ်ကျင်သည် တန့်စ်အဝင်း အိမ်ကိုပြန်ဝယ်နိုင်သည် ဆိုစေဦး၊ ထိုတန့်စ်ကုန်ဆုံးသောအခါ၊ ဒေါ်မြမေ သည်အိမ်ကို မိမိ၏နာမည်သို့ ပြောင်းခြင်း၊ မြို့နှိစီပါယ်ခွန်၊ မြေခွန်စသည်တို့ကို မိမိကသာပေးဆောင်၍၊ မိမိ၏နာမည်နှင့် ပေါက်စေခြင်းတို့ကို ပြုလုပ်မည် ဖြစ်ပေသည်။ သက်သေ အစစ်ခံချက်အရ ဒေါ်မြမေသည် အိမ်နှင့်ပတ်သက်၍၊ မည်သို့မျှသိခြင်း၊ ဆောင်ရွက်ခြင်း မပြုခဲ့သည်ကို တွေ့ရသည်။

ထိုအချက်များနှင့် အခြားသက်သေခံချက်တို့ကို၊ မူလရုံးပညာရှိတဲ့ဘက် တရားမ တရားသူကြီးချုပ်က၊ နက်နက်နဲနဲ စဉ်းစားသုံးသပ်ခဲ့လေသည်။ သက်သေများကိုလည်း၊ ကိုယ်တိုင်မြင်တွေ့၍ စစ်ဆေးခဲ့ရသည်ဖြစ်ရာ၊ မည်သူ့ကိုယုံထိုက်သည်၊ မည်သူ့ကို မယုံထိုက်ဟူ၍ စဉ်းစားဖေန် နိုင်ခဲ့လေသည်။ အကြောင်း အချက်များ အရ၊ ဒေါ်ကျင်က ခုခံခဲ့သည့်အတိုင်း၊ ၎င်းသည် ငွေချေးယူ၍၊ ဒေါ်မြမေထံတွင်အိမ်ကို ပေါင်နှံခဲ့ခြင်းသာ ဖြစ်သည်ဟု ဆုံးဖြတ်ရပေမည်။ ထို့ကြောင့် ဒေါ်မြမေသည်၊ အိမ်ရှင်အဖြစ် အိမ်လခများကို ပေးဆောင်ရန် ပျက်ကွက်သည်ဆိုသော ဒေါ်ကျင်အား၊ အိမ်မှနှင်ထုတ်ဖယ်ရှားရန်၊ တရားစွဲဆိုပိုင်ခွင့် မရှိပေ။ မူလရုံးက ဒေါ်မြမေ၏အမှုကို ပလပ်ခဲ့ခြင်းသည်၊ ဥပဒေကြောင်းအရလည်း၊ အကြောင်း အချက်များအရလည်း ကိုက်ညီ မှန်ကန်သည်ဟု ယူဆသည်။ ထို့ကြောင့်၊ အယူခံကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။ ကျန်ရုံးရှေ့နေစရိတ်မှာ ၅၀ ဖြစ်စေရမည်။

တရားမ အယူခံမှု

တရားသူကြီး ဦးမောင်မောင် ရွှေတွင်

† ၁၉၆၄
အောက်တိုဘာ
လ ၁၆ ရက်။

ဒေါက်တာ ဒင်နစ်ချန်ဒရာဒတ် (အယူခံတရားလို)
နှင့်
ပစ္စည်းထိန်းဝန် (အယူခံတရားခံ)*

နို့တစ်စာ—အိမ်မှန့်ထုတ်မှု—မည်သည့်လမှစ၍ အိမ်လခပျက်ကွက်ခဲ့သည်ဆိုသည်ကိုမဖော်ပြသည့် နို့ တစ်စာ—တရားဝင်မှာင်။

တရားခံအား အိမ်လခများပေးရန်ပျက်ကွက်သဖြင့်၊ အိမ်မှန့်ထုတ်ရန်စွဲဆိုသောအမှုတွင်၊ နို့ တစ်စာသည် မည်သည့်လမှစ၍ အိမ်လခပေးရန်ပျက်ကွက်ခဲ့သည်ကို အတိအကျဖော်ပြခြင်းမရှိသဖြင့်၊ တရားမဝင်ကြောင်း တရားခံဘက်မှလျှောက်ထားရာ။

ဆုံးဖြတ်ချက်။ ။နို့တစ်စာတွင် ထိုသို့အတိအကျမပါသော်လည်း၊ တရားခံတင်သွင်းသော ခြေလှမ်းတွင်ပင်၊ တရားလိုသည် မည်သည့်လမှစ၍အိမ်လခကောက်ခံခြင်း မပြုခဲ့ကြောင်းပါဝင်သည်။ နို့တစ်စာပေးရခြင်း၏ရည်ရွယ်ချက်သည် အိမ်ငှါးအား မိမိ၏ပျက်ကွက်မှုနှင့်၊ အိမ်ရှင်၏ဆန္ဒကို ထင်ရှားသိစေရန်ဖြစ်သည်။ ထိုကဲ့သို့သိစေလျှင် နို့တစ်စာတွင် အနည်းငယ်ချို့ယွင်းကာမျှနှင့်၊ ထိုနို့တစ်စာသည်မပျက်ပြယ်။

နို့တစ်စာ တရားဝင် မဝင်ဟူသည့်အချက်ကို၊ စဉ်းစားဆုံးဖြတ်ရာ၌၊ အဓိကသတိမူရမည်မှာ အကြောင်းချင်းရာအစုံကို သိသောအိမ်ငှါးသည်၊ ထိုနို့တစ်စာ၏ဆိုလိုရင်းအဓိပ္ပါယ်ကို သိနိုင်မည်မသိနိုင်မည်ပင်ဖြစ်ပါသည်။

အက်(စ်)၊အယ်(လ်)၊ ဘရူးဝါးနှင့် အက်(စ်)၊အမ်၊အာဘူဝပ်၊ ၁၉၅၀ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး၊ တရားလွှတ်တော် ၄၀၄ ကိုရည်ညွှန်းသည်။

ဒေါ်သိန်းရွှေ နှင့် အက်(စ်)၊အမ်၊ချောက်ဒရီ၊ ၁၉၆၂ ခုနှစ်၊ တရားမပဌမအယူခံမှုအမှတ် ၂၂ ကိုရည်ညွှန်းလျှို့ ခွဲခြားရှင်းလင်းပြသည်။

အယူခံတရားလိုအတွက်။ ။မစ္စတာ ဒီ၊ အင်၊ ဒတ်။

အယူခံတရားခံအတွက်။ ။ဦးဝမ်ဟုတ်။

---

* ၁၉၆၃ ခုနှစ်၊ တရားမ ဒုတိယအယူခံမှုအမှတ် ၁၀၉။

† ၁၉၆၃ ခုနှစ်၊ တရားမ အယူခံမှုအမှတ် ၆ တွင်၊ အင်းစိန်မြို့၊ ခရိုင်တရားမ တရားသူကြီးရုံး တော်၏ချမှတ်သောဒီကရီကို အယူခံဝင်မှု။

၁၉၆၄

ဒေါက်တာ ဒင်နစ်ချန်ဒရာ ဒတ် နှင့် ပစ္စည်းထိန်း ဝန်။

တရားသူကြီး ဦးမောင်မောင်။ ။အယူခံတရားလိုအပေါ် တွင်၊ အင်းစိန်မြို့နယ် တရားမရုံး၌၊ ဦးဟုတ်စိန်က၊ ကွယ်သွန်သူသူမွဲ၏ ပစ္စည်းထိန်းအဖြစ်နှင့်၊ အချင်းဖြစ် အိမ်မှ နှင်ထုတ်လိုမှု စွဲဆိုခဲ့သည်။ အကြောင်းပြချက်မှာ၊ အယူခံတရားလိုသည်၊ အိမ်လခများကို ပေးရန်ပျက်ကွက်ခဲ့သည်ဟူ၍ ဖြစ်သည်။ မူလရုံး၌၊ တရားခံဖြစ်သူ ယခုအယူခံတရားလိုက၊ အမှု၏အခြေခံဖြစ်သော နို့တစ်စာသည် မည်သည့်လမှစ၍ အိမ်လခပေးရန် ပျက်ကွက်ခဲ့သည်ဟူ၍ အတိအကျဖော်ပြခြင်း မရှိသဖြင့်၊ တရားမဝင် ကြောင်းကို အခြားအကြောင်းပြချက်များနှင့်အတူတင်ပြ၍၊ ခုခံခဲ့သည်။ ထို့ကြောင့်၊ မူလရုံးက နို့တစ်စာသည် တရားဝင် မဝင်ဟူသောအချက်ကို၊ ကောက်ချက်တရပ် အဖြစ် ထုတ်နုတ်ကာ စစ်ဆေး၍၊ တရားဝင်သည်ဟုဆုံးဖြတ်ခဲ့သည်။ သို့ရာတွင်၊ အိမ်လခမပြေ၊ ကျန်ငွေများသည် မည်မျှရှိသည်ဟူ၍၊ အတိအကျ ဦးဟုတ်စိန်ကဖော်ပြရန် နှင့်၊ သက်သေထူရန် ပျက်ကွက်ခဲ့သည်ဟုဆိုကာ၊ အမှုကိုပလပ်လေသည်။

ဦးဟုတ်စိန်က၊ အင်းစိန်ခရိုင် တရားမရုံးသို့ အယူခံဝင်ရာ၊ ထိုရုံးက၊ အိမ်လခများ ပေးချေရန်ကျန်သလော၊ ထိုကဲ့သို့ကျန်လျှင်၊ မည်ရွေ့မည်မျှဖြစ်သနည်းဟူသောကောက် ချက်တရပ်ကို၊ နှစ်ဘက်အမှုသည်များ သဘောတူညီချက်အရ၊ ထုတ်နုတ်၍၊ မူလရုံးသို့ စစ်ဆေး အစီရင်ခံရန် ပြန်ပို့ခဲ့သည်။ မူလရုံးက စစ်ဆေး၍၊ အိမ်လခ ၁,၅၆၀ ကျပ် ပေးရန်ကျန်ရှိပါသည်ဟု တင်ပြသဖြင့်၊ ပညာရှိခရိုင် တရားမ တရားသူကြီးသည်၊ မူလရုံးက အမှုကိုပလပ်ခဲ့ခြင်းကို ပယ်ဖျက်၍၊ ဦးဟုတ်စိန်အား၊ တောင်းခံသော ဒီကရီကို ထုတ်ပေးလိုက်လေသည်။ ယခု အယူခံဝင်ရာတွင်၊ အယူခံတရားလို၏ ပညာရှိ ရွှေနေကြီး မစွတာ ဒတ်က၊ နို့တစ်စာသည်၊ တရားမဝင်ပါ။ ထို့ကြောင့် မူလအမှုကို ပလပ်ရမည်သာ ဖြစ်ပါသည်။ ပဌမ အယူခံရုံးက၊ အိမ်လခကျန်ငွေများနှင့် ပတ်သက်၍၊ ကောက်ချက် ထုတ်နုတ် စစ်ဆေးစေသည်မှာ မှားယွင်းပါသည်။ အမှုသည်များသည် မိမိတို့ဆိုလွှာ ချေလွှာတို့အတိုင်းသာ သက်သေထူရန်ရှိပါသည်။ တရားလိုဘက်မှပျက် ကွက်ခဲ့သော အချက်ကို၊ ရုံးအနေနှင့်၊ ဖြည့်စွက်ပေးရန် မဟုတ်ပါဟု လျှောက်လဲသည်။ နို့တစ်စာနှင့်ပတ်သက်၍၊ ဤရုံးက **ဒေါ်သိန်းရွှေ** နှင့် **အက် (စ်)၊အမ်၊ချောက်ဒရီ** (၁) တွင် ချမှတ်ထားသောစီရင်ထုံးကို ကိုးကားသည်။ ထိုအယူခံမှုဌာ ပညာရှိတရားသူကြီး ဦးစံမောင်က၊ နို့တစ်စာတွင် အိမ်လခမည်ရွေမည်မျှ ပေးချေရန်ကျန်သည်ကို၊ အတိ အကျမဖော်ပြဘဲ၊ မရေမရာသာ တောင်းခံလျှင်၊ ထိုနို့တစ်စာသည် တရားမဝင်ဟူ၍ အိန္ဒိယစီရင်ထုံးတရပ်ကို၊ ရည်ညွှန်းဆုံးဖြတ်ထားသည်ကို တွေ့ရသည်။

---

(၁) ၁၉၆၂ ခုနှစ်၊ တရားမ ပဌမအယူခံမှုအမှတ် ၂၂။

၁၉၆၄

ဒေါက်တာ ဦးနုစ်ချုန်ဒရာ ဒတ် နှင့် ပစ္စည်းထိန်း ဝန်။

အယူခံတရားခံ၏ ပညာရှိရှေ့နေကြီး ဦးဝမ်ဟုတ်က၊ နို့တစ်စာနှင့် ပတ်သက်၍၊ ပြန်လည်ချေပသည်မှာ၊ နို့တစ်စာသည် တရားဝင် မဝင်ဟူသော ကောက်ချက်ကို၊ မူလရုံးက တရားဝင်သည်ဟု ဆုံးဖြတ်ပြီး ဖြစ်ပါသည်။ ထိုဆုံးဖြတ်ချက်ကို၊ အိမ်ဌေးက အယူခံဝင်ခြင်းမရှိပါ။ ပဌမအယူခံ ရုံးကလည်း တရားဝင်သည်ဟူ၍ လက်ခံပြီးနောက်၊ အိမ်လခမပြေ၊ ကျန်ငွေများမည်ရွေ့မည်မျှ ရှိသည်ကိုသာ ပြန်လည်စစ်ဆေးစေခဲ့ခြင်း ဖြစ်ပါသည်။ နို့တစ်စာ အနေနှင့်လည်း၊ အိမ်လခမည်ရွေ့မည်မျှကျန်သည်ဟုမဖေါ်ပြသော်လည်း အိမ်ဌေးက၊ အတိအကျ သိစေနိုင်အောင် ပြည့်စုံပါသည်။ အိမ်ဌေးနှင့် ပတ်သက်၍ အခြားတရားမမှုဖြစ်နေရာ ထိုအမှုကိုလည်း ရည်ညွှန်းထားသဖြင့်၊ အိမ်ဌေးသည် ထိုနို့တစ်စာအရ ဘာကိုဆိုလိုသည်ကို ကောင်းစွာ သိပါသည်ဟူ၍ လျှောက်လဲသည်။

နို့တစ်စာတွင် မည်သည့် လမှစ၍၊ အိမ်ဌေးခ အိမ်လခမျှား ပေးဆောင်ရန်ပျက်ကွက်ခဲ့သည်ဟု အတိအကျ မပါသည်မှန်သော်လည်း အိမ်ဌေးကိုယ်တိုင် တင်သွင်းသော ချေလွှာအပိုဒ် ၄ ၌၊ ၁၉၅၉ ခုနှစ်၊ ဒီဇင်ဘာလမှစ၍၊ ဦးဟုတ်စိန်က အိမ်လခကောက်ခံရန်ပျက်ကွက်ခဲ့ပါသည်။ ၎င်းကအိမ်ရှင်အား အိမ်လခမျှား ပေးသော်လည်း၊ လက်ခံရန် ငြင်းပယ်ပါသည်ဟူ၍ ခုခံထားသည်ကို တွေ့ရသည်။ ထိုဝန်ခံချက်အရ၊ ၁၉၅၉ ခုနှစ်၊ ဒီဇင်ဘာလမှစ၍၊ အိမ်လခမျှား ပေးသွင်းခြင်း မပြုခဲ့ရသည်မှာ ထင်ရှားသည်။ မည်သည့်အတွက်ကြောင့် ဦးဟုတ်စိန်က ပေးလျက်နှင့် မယူသည်။ သို့တည်းမဟုတ် အိမ်ဌေးကိုယ်တိုင်က မပေးသည်ဆိုသည်မှာ၊ သီးခြား ပြဿနာဖြစ်ပေသည်။ အိမ်လခမျှား ပေးဆောင်ရန်ကျန်သည်ဆိုသည့် အချက်နှင့်၊ ထိုကဲ့သို့ ကျန်ရှိကြောင်းကို အိမ်ဌေးက သိသည်ဆိုသည့် အချက်တို့မှာကား ထင်ရှားပေသည်။ နို့တစ်စာပေးရခြင်း၏ ရည်ရွယ်ချက်သည်၊ အိမ်ဌေးအား မိမိ၏ပျက်ကွက်မှုနှင့် အိမ်ရှင်၏ ဆန္ဒကို ထင်ရှားသိစေရန် ဖြစ်သည်။ ထိုကဲ့သို့ သိစေလျှင်၊ နို့တစ်စာတွင် အနည်းငယ်ချို့ယွင်းကာမျှနှင့်၊ ထိုနို့တစ်စာသည် ပျက်ပြယ်သည်ဟူ၍မဟုတ်။ မူလရုံးက ကိုးကားသော၊ **အက်(စ်)၊အယ်(လ်)၊ဘရူးဝါး** နှင့် **အက်(စ်)၊အမ်၊အဘူဝပ်** (၂) တွင်၊ နို့တစ်စာတရားဝင်မဝင်ဟူသည့်အချက်ကို စဉ်းစားဆုံးဖြတ်ရာ၌၊ အဓိကသတိမူရမည်မှာ၊ အကြောင်းခြင်းရာအစုံကို သိသောအိမ်ဌေးသည်၊ ထိုနို့တစ်စာ၏ ဆိုလိုရင်းအဓိပ္ပါယ်ကို သိနိုင်မည် မသိနိုင်မည်ပင်ဖြစ်ပေသည်။ အကြောင်းအချက်အစုံကို မသိသောတစ်မိန်းတယောက်က၊ သိနိုင်မည် မသိနိုင်မည် ဟူသည်မှာ၊ နို့တစ်စာ၏ ထိုရောက်မှုကို ဆုံးဖြတ်သည့် စံချိန်မဟုတ်နိုင်ပေ။ ထို့မှအရ စစ်ဆေးလျှင်လည်း၊ အိမ်ဌေးသည် ဦးဟုတ်စိန်က ပေးခဲ့သော

(၂) ၁၉၅၀ ခုနှစ်၊ မြန်မာနိုင်ငံစီဖင်ထုံး၊ တရားလွှတ်တော် ၄၀၄။

၁၉၆၄

ဒေါက်တာ ဒင်နှစ်ချန်ဒရာဒတ် နှင့် ပစ္စည်းထိန်းဝန်။

နို့တစ်စာ၏ ဆိုလိုရင်းကို ကောင်းစွာသိသည်ဟု ယူဆရမည်ဖြစ်သဖြင့်၊ နို့တစ်စာသည် တရားဝင်သည်ဟုသာ၊ ဆုံးဖြတ်ရမည် ဖြစ်ပေသည်။

ဖဌမအယူခံချုံးဌ် နှစ်ဘက်အမှုသည်များက သဘောတူသဖြင့် ပညာရှိ ခရိုင်တရားမတရားသူကြီးက၊ အိမ်လခများ မည်မျှကျန်သည် ဆိုသည့်အချက်ကို၊ ပြန်လည်စစ်ဆေးစေခြင်းဖြစ်ပေသည်။ ထိုအချက်ကို မူလချုံးက ကောက်ချက်တရပ်အဖြစ် ထုတ်နုတ်ခဲ့သော်လည်း၊ ဦးဟုတ်စိန်ဘက်မှ၊ ထိုကောက်ချက်ပေါ်တွင် ပြည့်စုံ လုံလောက်သောသက်သေခံချက် မရှိဟုဆုံးဖြတ်ကာ၊ အမှုကိုပလပ်ခဲ့ခြင်း ဖြစ်ပေသည်။ နှစ်ဘက်အမှုသည်များ သဘောတူ၊ ထိုကောက်ချက်ကို ပြန်လည် ဖွင့်စေသည်ဖြစ်ခြင်းကြောင့်၊ ပဌမအယူခံချုံး၏ ဆုံးဖြတ်ချက်သည် မှားယွင်းသည်ဟု မဆိုနိုင်ချေ။ ထိုပြင်၊ ထိုကဲ့သို့ စစ်ဆေးစေရန် သဘောတူခဲ့ခြင်းဖြင့်၊ အိမ်ငှါးသည် နို့တစ်စာနှင့်ပတ်သက်၍၊ မူလချုံးက တရားဝင်သည်ဟုဆုံးဖြတ်ခဲ့ခြင်းကို စောဒက မဝင်လိုကြောင်းလည်း ထင်ရှားသည်။

အထက်ပါ အကြောင်းတို့ကြောင့် နို့တစ်စာသည်၊ တရားဝင်သည်ဟု ယူဆရပေမည်။ ဤချုံးပညာရှိ တရားသူကြီး ဦးစံမောင် ချမှတ်ထားသော စီရင်ထုံးပါ အချက်အလက်များနှင့် ဤအမှုပါ အချက်အလက်များသည်၊ ကွဲပြားသည်။ ထိုအမှုဌ်၊ အိမ်ငှါးအနေနှင့် တိတိကျကျ သိစေနိုင်သော အချက်အလက်များ၊ နို့တစ်စာတွင် မပါဝင်ဟု တွေ့ရှိရသည်။ ယခုအမှုတွင်မူကား၊ နို့တစ်စာနှင့် အမှု၏ဆိုလွှာတို့ကိုကြည့်ပြီးနောက်၊ အိမ်ငှါးကိုယ်တိုင်က၊ မည်သည့်နှစ်၊ မည်သည့်လမှစ၍၊ အိမ်လခ မပေးခဲ့ရပါဟု ဖွင့်ဟဝန်ခံသည်ကို တွေ့ရသည်။

အယူခံတွင် မစ္စတာ ဒတ်က နို့တစ်စာနှင့် ပတ်သက်သော အချက်တရပ်ကိုသာ လျှောက်ထားသဖြင့်၊ နို့တစ်စာသည် တရားဝင်သည်ဟု ဆုံးဖြတ်ပြီးသည့်နောက်၊ အယူခံကို ပလပ်ဖန်သာ ရှိတော့သည်။ ထို့ကြောင့် ဤအယူခံကို စရိတ်နှင့်တကွပလပ် လိုက်သည်။

ရာဇဝတ် အယူခံမှု

တရားသူကြီး ဦးစောဘသိန်း ရှေ့တွင်

† ၁၉၆၄ ဒီဇင်ဘာလ ၃၁ ရက်။

ပြည်ထောင်စုမြန်မာနိုင်ငံ ဦးခင်မောင်လေး (ပြင်ဆင်ရန်လျှောက်ထားသူ)

နှင့်

မောင်အောင်ကြည် (ပြင်ဆင်လျှောက်ထားခံရသူ)*

မုဒိမ်းမှု—ရာဇသတ်ပုဒ်မ ၃၇၆—သမီးအားမုဒိမ်းကျင့်ခြင်း နောင်ကျင်ဟန့်တားအောင် အပြစ်ပေးသင့်ခြင်း။

သမီးအားမုဒိမ်းကျင့်သဖြင့်၊ အောက်ရုံးသည်၊ လျှောက်ထားခံရသူအား၊ ထောင်ဒဏ် ၄ နှစ် ပေးလိုက်ရာ၊ စက်ရှင်တရားသူကြီးက၊ နည်းလွန်းသဖြင့်၊ ထောင်ဒဏ် ၇ နှစ်သို့ တိုးမြှင့်ရန် တရားရုံးချုပ်သို့ထောက်ခံလေသည်။

ဆုံးဖြတ်ချက်။ ။ရာဇသတ်ကြီးပုဒ်မ ၃၇၆ အရ၊ မုဒိမ်းမှုကျူးလွန်သူအား တသက်တကျွန်း ထောင်ဒဏ်၊ သို့မဟုတ် ထောင်ဒဏ် ၁၀ နှစ်အထိအပြစ်ပေးနိုင်ရာ မုဒိမ်းမှုသည် ရာဇသတ်ပုဒ်မ ၃၀၂ (၁) (ခ) အရ၊ လူသတ်မှုမှအပ၊ ၃၀၂ (၂) နှင့် ၃၀၄ အရ၊ လူသတ်မှုလောက်ကြီးလေးသောပြစ်မှုဖြစ်သည်ဟုဆိုရပေမည်။

ဘခင်ဖြစ်သူသည်၊ သမီးရင်းခြာဖြစ်သူအား မုဒိမ်းကျင့်ခြင်းသည် လူမဆံသည့်ကိုယ်ကျင့်တရားပျက်ကွက်ခြင်းဖြစ်၍၊ လျှောက်ထားခံရသူနှင့် အခြားသောဘခင်များ နောင်ကျင်ဟန့်တားနိုင်လောက်အောင် ပြစ်ဒဏ်ပေးသင့်သည်။

ထိုကြောင့်ထောင်ဒဏ် ၁၀ နှစ် ကျခံစေရန်အမိန့်ချလိုက်သည်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။ဦးမြရှိန်။

တရားသူကြီး ဦးစောဘသိန်း။ ။မင်းဘူးမြို့၊ ပညာရှိရာဘက် စက်ရှင်တရားသူကြီးက လျှောက်ထားခံရသူ မောင်အောင်ကြည်အပေါ် မင်းဘူးမြို့၊ ပဌမရာဘက် ရာဇဝတ် တရားသူကြီးချမှတ်သော သမီးမုဒိမ်းကျင့်မှုအတွက် အလုပ်ကြမ်းနှင့် ထောင်

---

* ၁၉၆၄ ခုနှစ်၊ ရာဇသတ်ပြင်ဆင်မှုအမှတ် ၁၅၁ ခ။

† ၁၉၆၄ ခုနှစ်၊ ရာဇဝတ်ကြီးမူအမှတ် ၃၉ တွင်ချမှတ်သော၊ ၁၉၆၄ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်နေ့စွဲပါ မင်းဘူးမြို့၊ ၁ ရာဘက်ရာဇဝတ်တရားသူကြီး၏ အမိန့်ကိုပြန်၍ပြင်ဆင်မှု။ ရာဇသတ်ကြီးပုဒ်မ ၃၇၆ အရ၊ ပြစ်မှုထင်ရှားစီရင်ခြင်းကိုအယူခံမှု။

ဒဏ် ၄ နှစ်မှာ ၎င်းကျူးလွန်သော ပြစ်မှုနှင့်စာသော်၊ ၎င်းနှင့် အခြားအခြားသော ဘခင်များအတွက်၊ နောင်ကျင်ဟန့်တားလောက်အောင် ပေးသော အပြစ်ဒဏ်မဟုတ်သေးဘဲ၊ အတိုင်းထက်အလွန် နည်းလွန်းသဖြင့် ၎င်းအား အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၇ နှစ်သို့ တိုးမြှင့်၍ ကျခံစေရန် အမိန့်ကို ချမှတ်ပေးရန် ထောက်ခံချက်နှင့် အောက်ရုံး အမှုတွဲများကို ဤရုံးသို့တင်ပို့သည်။

၁၉၆၄

ပြည်ထောင်စုမြန်မာနိုင်ငံဦးခင်မောင်လေး နှင့် မောင်အောန်ကြည်။

ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄၃၉ (၆) အရ၊ လျှောက်ထားခံရသူ မောင်အောင်ကြည်သည် ၎င်းအပေါ် အောက်ရုံးချမှတ်သော ပြစ်မှုထင်ရှား စီရင်ဆုံးဖြတ်ခြင်း၊ မဒန့်မှားယွင်းကြောင်း ဖော်ပြနိုင်သည့်အလျောက်၊ အောက်ရုံးအမှုတွဲကို ဘတ်ရှလေ့လာရန် လိုအပ်ပေမည်။

ထို့ပြင်လေ့လာသည့်အခါ၊ အသက် ၁၃ နှစ်ရှယ်ရှိ မစောညိန်း (လိုပြ-၂) က၊ ၎င်းနှင့် ဘခင် လျှောက်ထားခံရသူ မောင်အောင်ကြည်တို့သည် ပြောင်းခင်းထဲ၌ ပြောင်းရိတ်ရန်သွားစဉ်၊ ၎င်း၏ဘခင်က သန်းရှာပေးမည်ဟုပြော၍ ၎င်း၏အနားခွ လာရှိထို်ပြီး၊ သန်းရှာမပေးဘဲ၊ ၎င်းအားတွန်းလှဲကာ မုဒိမ်းကျင့်ကြောင်း။ ထို့နောက် ဆက်ကာဆက်ကာ မုဒိမ်းကျင့်ပြန်ကြောင်း။ တဖန် လက်ပတောသို့သွားရာ၊ ညအိပ်စဉ် လှည်းပေါ်၌ ၎င်း၏ဘခင်က မုဒိမ်းကျင့်ပြန်ကြောင်း။ ထို့နောက် ညညတွင် ၎င်းအား ဘခင်က ဆက်လက်၍ မုဒိမ်းကျင့်ကြောင်း ထုတ်ဖော်ပြောဆို၍ အစစ်ခံသည်။

မစောညိန်း (လိုပြ-၂)၏ ညီမဖြစ်သူ အသက် ၁၁ နှစ်ရှိသူ မတင်သိန်း (လိုပြ-၃) ကလည်း၊ လျှောက်ထားခံရသူနှင့် မစောညိန်းတို့သည် ပြောင်းခင်းသို့ ပြောင်းရိတ်ရန် သွားကြောင်း။ လက်ပတောသို့ ပြောင်းရိတ်ရန် လှည်းနှင့်သွားရာ၊ ညတွင် လှည်းပေါ်၌ လျှောက်ထားခံရသူသည် မစောညိန်းအား မုဒိမ်းကျင့်ကြောင်း။ ထို့နောက် လက်ပတောရွာတွင် လျှောက်ထားခံရသူသည် ညညတွင် မစောညိန်းအား လာခေါ်ပြီး နံနက်မှပြန်လွှတ်ကြောင်း ထွက်ဆို၍ မစောညိန်း၏ အစစ်ခံချက်ကို ထောက်ခံသည်။

ဆရာဝန် ဦးသန်းအောင် (လိုပြ-၄)က၊ မစောညိန်းသည် အသက် ၁၃ နှစ်နှင့် ၁၄ နှစ်ကြားတွင်ရှိကြောင်း ထွက်ဆိုသဖြင့် ၎င်း၏အသက်မှာ ၁၃ နှစ်ပြည့်၍ ၁၄ နှစ် မပြည့်သေးကြောင်း ပေါ်လွင်ပေသည်။

တဖန်၊ ဆရာဝန်ကပင် မစောညိန်း၏ မိန်းမကိုယ်တွင် နှိနှေ့၍ အနည်းငယ် ရောင်နေကြောင်း၊ မိန်းမကိုယ်အမွေးမရှိကြောင်း၊ မိန်းမကိုယ်တွင် လက်နှစ်လုံး ဆံ့မကြောင်း၊ ၎င်းသည် ယောကျ်ားနှင့် ကာမစပ်ရှက်သော လက္ခဏာရှိကြောင်း ထွက်ဆို

၁၉၆၄

ပြည်ထောင်စု မြန်မာနိုင်ငံ ဦးခင်မောင် "လေး နှင့် မောင်အောင်ကြည်။

အစစ်ခံသဖြင့် ဆရာဝန်၏ထွက်ဆိုချက်သည် မစောညိန်း၏ အစစ်ခံချက်ကို ကောင်းစွာ ထောက်ခံလျက်ရှိပေသည်။

ထို့ပြင်၊ မစောညိန်းဝတ်သော ထမီကို ဓါတုပေဒအရာရှိက၊ စစ်ဆေးကြည့်ရှုရာ ယောကျ်ားသုတ်ပိုးများ တွေ့ရှိကြောင်း၊ သက်သေခံအမှတ် (ခ)အရ၊ ထင်မြင်ချက် ပေးသဖြင့် မစောညိန်း၏ ထွက်ဆိုချက် မှန်ကန်ကြောင်းကို သာ၍ ခိုင်လုံအောင် ထောက်ခံပြန်သည်။

လျှောက်ထားခံရသူ မောင်အောင်ကြည်က ၎င်းသည် သမီး မစောညိန်းအား မုဒိမ်းမကျင့်ရကြောင်း၊ မစောညိန်း၏ အဖွါးဖြစ်သူ မအုံးကြွေ (လိုပြ-၁)က၊ ၎င်းအပ် နှံထားသော နွားများ၊ ရွှေလက်စွပ်တကွင်းနှင့် ၎င်းလုပ်ကိုင်ပေးရသော အခင်္ဂေများကို ပေးရန် တောင်းဆိုသဖြင့် ၎င်းအပေါ် ဤအမှုကို မတရားသဖြင့် လည်ဆယ်၍ စွဲဆို ခြင်းဖြစ်ကြောင်း ဖော်ပြထုချေသည်။

သို့သော် ၎င်းတင်ပြ စစ်ဆေးသော သက်သေ ဦးဘိုးချစ် (ခံပြ-၂)၊ ဦးရွှေခ (ခံပြ-၃)၊ ကိုလှအောင် (ခံပြ-၄)နှင့် ကိုညီ (ခံပြ-၅) တို့က လျှောက်ထား ခံရသူတွင် နွားများ၊ လက်စွပ်များရှိကြောင်း၊ လျှောက်ထားခံရသူက အဆိုပါ ပစ္စည်းများကို မအုံးကြွေထံမှ ပေးရန် တောင်းဆိုကြောင်းသာ ထွက်ဆိုနိုင်ကြ၍ လျှောက်ထား ခံရသူသည် မိမိသမီး မစောညိန်းအား၊ မုဒိမ်းကျင့်သည်ဟု ဆိုသည်မှာ မဟုတ်မမှန် ကြောင်း ထုတ်ဖော်ပြောဆိုနိုင်ခြင်းမရှိချေ။

အမှုတခုလုံးကို ခြုံ၍ဆင်ခြင်စဉ်းစားသည့်အခါ၊ မှောင်တကမှောင်တွင် ကာမ မှောင်သည် အမှောင်ဆုံးဖြစ်၍ ထောင်ကျသွားခြင်းအားဖြင့် မယားနှင့် ကင်းကွာ နေသော အသက် ၃၆ နှစ်အရွယ်ရှိ မောင်အောင်ကြည်သည်၊ ထောင်မှထွက်လာသည့် အခါတွင် ၎င်း၏ မယားဖြစ်သူက နောက်လင် နေသွားပြီ ဖြစ်သဖြင့် သမီးဖြစ်သူ မစောညိန်းနှင့် လူသူမနီး ပြောင်းခင်းကြီး၌ နှစ်ယောက်ထဲရှိနေစဉ် ကာမမှောင်ကို မလွန်ဆန်နိုင်၍ သမီးအား သံဝါသပြုမည်ဆိုက ပြုနိုင်ပေမည်။ သမီးဖြစ်သူ မစောညိန်း က၊ အသက် ၁၃ နှစ်အရွယ် အပျိုပြန်းဖြစ်၍ ၎င်း၏ကျေးဇူးရှင် ဘခင်အား၊ မိမိ၏ ဂုဏ်သိက္ခာကို မငဲ့ကွက် အရှက်တကွဲ အကျိုးနည်းအောင် ယခုကဲ့သို့ မဟုတ်မမှန် မတရားသဖြင့် ကြံဖန်လည်ဆည်၍ စွဲဆိုရန်ကား များစွာခဲယဉ်းပေလိမ့်မည်။ တဖန် ညီမဖြစ်သူ မတင်သိန်းကလည်း၊ ၎င်း၏ဘခင်အား အစ်မက မတရားသဖြင့် စွဲဆိုရန် ခဲယဉ်းသကဲ့သို့ စွဲဆိုရန်လည်း ခဲယဉ်းပေလိမ့်မည်။ ထို့ပြင် အဖွါးဖြစ်သူ မအုံးကြွေက လျှောက်ထား ခံရသူအား မတရားသဖြင့် မြေးဖြစ်သူများအား စွဲဆိုရန် ခိုင်းစေ ကြောင်းဖော်ပြသော သက်သေခံချက်များလည်း မရှိချေ။ သို့ဖြစ်သောကြောင့်

လျှောက်ထားခံရသူအပေါ် အောက်ရုံးက ရာဇသတ်ကြီးပုဒ်မ ၃၇၆ အရ၊ အပြစ်ပေး သည်မှာ မှားယွင်းသည်ဟု ယူဆရန် ဖြစ်နိုင်မည်မဟုတ်ချေ။

၁၉၆၄

မြည်ထောင်စု မြန်မာနိုင်ငံ ဦးခင်မောင်လေး နှင့် မောင်အောင်ကြည်။

မုဒိမ်းမှုကျူးလွန်သူအား တသက်တကျွန်း ထောင်ဒဏ်၊ သို့မဟုတ် ထောင်ဒဏ် ၁၀ နှစ်ထိ ကျခံစေနိုင်ကြောင်း၊ ရာဇသတ်ကြီး ပုဒ်မ ၃၇၆ တွင် ပြဋ္ဌာန်းထားသဖြင့် မုဒိမ်းမှုသည် ရာဇသတ်ကြီးပုဒ်မ ၃၀၂ (၁) (ခ) အရ၊ လူသတ်မှုမှအပ၊ ရာဇသတ်ကြီး ပုဒ်မ ၃၀၂ (၂) နှင့် ၃၀၄ အရ၊ လူသတ်မှုလောက် ကြီးလေးသော ပြစ်မှုဖြစ်သည် ဟု ဆိုရပေမည်။

တဖန် မုဒိမ်းမှုများတွင်လည်း ဘခင်ဖြစ်သူက သမီးရင်းချာဖြစ်သူအား၊ မုဒိမ်း ကျင့်ခြင်းသည် လူမဆန်သည့် ကိုယ်ကျင့်တရား ပျက်ကွက်ခြင်းဖြစ်၍ ဤလူ့ဘောင် တွင် ထိုသို့သော မုဒိမ်းမှုများ ဖြစ်ပေါ်ရန် သင့်လျော်မည်မဟုတ်သော်လည်း လွန်ခဲ့ သည့် နှစ်များက ထိုသို့သော မုဒိမ်းမှုအချို့ ဖြစ်ပေါ်ခဲ့ရုံမျှမက ယခုနှစ်တွင် ထိုသို့သော အမှု ဖြစ်ပေါ်လာပြန်သဖြင့် လျှောက်ထားခံရသူ မောင်အောင်ကြည်နှင့် အခြား အခြားသော ဘခင်များ နောင်ကျင်ဟန့်တားနိုင်လောက်အောင် ဥပဒေ ပြဋ္ဌာန်း ထားသည့် အပြစ်ဒဏ်ကို ပေးသင့်သည်ဟု ထင်မြင်ယူဆသည်။

ဓာတ်ဖေါ်ပြပါ အကြောင်းများကြောင့် လျှောက်ထားခံရသူအပေါ် အောက်ရုံး ချမှတ်သော ပြစ်မှုထင်ရှား စီရင်ဆုံးဖြတ်ခြင်းကို ဝင်ရောက်စွက်ဖက်ရန် လုံလောက် သော အကြောင်းမရှိသဖြင့် အတည်ပြု၍၊ ၎င်းအပေါ် အောက်ရုံး ချမှတ်သော အပြစ် ဒဏ်ကို အတည်မပြုနိုင်သဖြင့် ပယ်ဖျက်ပြီး၊ ၎င်းအပြစ်ဒဏ်အစား၊ ၎င်းအပေါ် တင် ထားသော ပြစ်မှုတခုအတွက် အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၁၀ နှစ်စီကျခံစေရန် ထိုအပြစ်ဒဏ် ၃ ရပ်ကို တပါတည်း ကျခံစေရန် ပြင်ဆင်၍ အမိန့်ချမှတ်လိုက်သည်။

ရာဇဝတ်အယူခံမှု

တရားသူကြီး ဦးစောဘသိန်း၊ ရွှေတွင်

† ၁၉၆၄

အောက်တိုဘာ လ ၁၇ ရက်။

မောင်တင်အေး ပါ ၁ (အယူခံတရားလိုများ)

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ (အယူခံတရားခံ)*

အစိုးရသက်သေ (ဖေါ်ကောင်)၏ အစစ်ခံချက်—ကြံရာပါကထောက်ခံခြင်းမပြုနိုင်—တရားခံများ၏ ဖြောင့်ချက်—ဖေါ်ကောင်၏အစစ်ခံချက်ကို ထောက်ခံနိုင်ခြင်း။

ဆုံးဖြတ်ချက်။ ။လူသတ်မှုတခုတွင်၊ ကိုယ်ထိလက်ရောက်ပါဝင်သူတဦးသည်၊ ကြံရာပါဖြစ်သည်ဟုယူဆရန်ဖြစ်သည့်အတွက်၊ အစိုးရသက်သေ (ဖေါ်ကောင်)၏ အစစ်ခံချက်ကို၊ ဥပဒေအရ၊ ထောက်ခံခြင်းမပြုနိုင်။

သခင်ကြည်ရှိန် နှင့် **ပြည်ထောင်စုမြန်မာနိုင်ငံ**၊ ၁၉၆၄ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၄၈။

သို့သော်၊ အစိုးရသက်သေ (ဖေါ်ကောင်)၏ ထွက်ဆိုအစစ်ခံချက်ကို၊ အယူခံတရားလို (တရားခံ) တို့ကိုယ်တိုင်၊ အလိုအလျောက်ပေးသော ဖြောင့်ချက်တို့က ထောက်ခံခြင်းပြုနိုင်သည်။

အလီမီယာ နှင့် **ပြည်ထောင်စုမြန်မာနိုင်ငံ**၊ ၁၉၅၄ ခုနှစ်၊ မြန်မာနိုင်ငံလွှတ်တော်ချုပ် စီရင်ထုံး ၆၅။

ချင်နားဂေါဒါ နှင့် **မိုက်စိုးပြည်နယ်**။ ၁၉၆၃ ခုနှစ်၊ အိန္ဒိယတရားလွှတ်တော်ချုပ်၊ စီရင်ထုံး ၅၁၇။

မောင်ညိန်း နှင့် **ဘုရင်မင်းမြတ်**။ ရန်ကုန်စီရင်ထုံး၊ အတွဲ (၁၁)၊ စာမျက်နှာ ၄ တို့ကိုရည်ညွှန်းသည်။

အယူခံတရားလိုအတွက်။ ။မဇ္ဈတာတောရင့်။

အယူခံတရားခံအတွက်။ ။အစိုးရရွှေနေကြီး ဦးခင်မောင်။

တရားသူကြီး ဦးစောဘသိန်း။ ။ရန်ကုန်မြို့၊ အထူးတရားသူကြီး (ဦးစံအောင်) ၌၊ ၁၉၆၂ ခုနှစ်၊ ရာဇဝတ်ကြီးမှု အမှတ် ၁၅ တွင် တရားခံမောင်တင်အေးနှင့် မောင်ဂတိုတို့အား၊ တယောက်လျှင် ရာဇသတ်ကြီး ပုဒ်မ ၃၆၄/၃၄ အရ၊ အပြစ်ပေး၍

---

* ရာဇသတ်ကြီး ပုဒ်မ ၃၆၄/၃၄ နှင့် ၃၀၂(ခ)(ခ)/၃၄ အရ မူပြစ်ထင်ရှားစီရင်ခြင်းကို အယူခံမှု။

† ၁၉၆၂ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် (၁၅)တွင် ချမှတ်သော ၁၉၆၄ ခုနှစ်၊ မတ်လ ၅ ရက် နေ့စွဲပါ ရန်ကုန်မြို့အထူးတရားသူကြီး၏ အမိန့်ကိုအယူခံမှု။

၁၉၆၄ ခုနှစ်၊ ရာဇဝတ်ဗဟုသုတခံမှု အမှတ် ၁၀၁။

၁၉၆၄
မောင်တင်အေး
ပါ ၁
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ။

အလုပ်ကြမ်းနှင့် ထောင်ဒဏ် (၃) နှစ်စီနှင့် ရာဇသတ်ကြီးပုဒ်မ ၃၀၂ (၁) (ခ)/၃၄ အရ၊ အပြစ်ပေး၍ အလုပ်ကြမ်းနှင့် ထောင်ဒဏ် (၁၀) နှစ်စီ၊ အဆိုပါ ထောင်ဒဏ်များ တခုပြီးမှ တခု အသီးသီးကျခံစေရန် အမိန့်ချမှတ်လိုက်ရာ၊ တရားခံ မောင်တင်အေးနှင့် မောင်ဂွတိုတို့က မကျေနပ်၍ ဤရုံးသို့ အယူခံဝင်ရာတွင် ၎င်းတို့၏ ပညာရှိချွေနေကြီး လျှောက်လဲတင်ပြချက်အရ၊ အဓိက အယူခံအကြောင်းပြချက်များမှာ—

(၁) ယခင်စွဲဆိုသော ဦးဟုတ်ကြိုင်သတ်မှုတွင် စောပီတာဖေါ်ပြချက်အရ စောပီတာနှင့် အခြားတရားခံတို့အား၊ ရုံးတင် တရားစွဲဆိုရာ၊ စောပီတာသာ အပြစ်ပေးခံရ၍၊ အခြားတရားခံများ အပြစ်ပေးမခံရဘဲ၊ အမှုမှ လွတ်မြောက်သွားခဲ့ကြောင်း၊ ယခု တဖန် စောပီတာ ဖေါ်ပြချက်အရပင်လျှင် အယူခံ တရားလို မောင်တင်အေးနှင့် မောင်ဂွတိုတို့အား ရုံးတင် တရားစွဲဆိုရာ၊ အောက်ရုံးက ၎င်းတို့အား၊ စောပီတာ ဖေါ်ပြချက်ကို၊ အမှီသဟဲပြု၍ အပြစ်ပေးသည်မှာ မှားယွင်းကြောင်း၊

(၂) အောက်ရုံးက၊ အယူခံ တရားလို မောင်တင်အေးနှင့် မောင်ဂွတိုတို့အား အစိုးရ သက်သေ (ဖေါ်ကောင်) မောင်ဝင်းလှ (လိုပြ-၂)၊ ကြံရာပါ စောပီတာ (လိုပြ-၃) နှင့် အယူခံ တရားလိုတို့၏ ဖြောင့်ချက်များအပေါ် အခြေခံပြု၍ အပြစ်ပေးသည်မှာ မှားယွင်းကြောင်း၊

(၃) အောက်ရုံးက၊ အယူခံ တရားလိုတို့အပေါ် ချမှတ်သော အပြစ်ဒဏ်များကို တခုပြီးမှ တခု ကျခံစေသည်မှာ ပြင်းထန်လွန်းသဖြင့်၊ ၎င်း အပြစ်ဒဏ်များကို တပါတည်း ကျခံစေသင့်ကြောင်း၊

ဟူ၍ဖြစ်၏။

ပဌမ အယူခံ အကြောင်းပြချက် နှင့် စပ်လျဉ်း၍ ယခု အယူခံတရားလိုများသည် တရားခံ အစစ်အမှန် ဟုတ်သည် မဟုတ်သည်ကို အထူးစဉ်းစားရန် လိုအပ်သဖြင့် ယခင် အမှုတွဲများနှင့် ယခုအမှုတွဲများကို ပူးတွဲ၍ ဖတ်ရှု လေ့လာဆင်ခြင် စဉ်းစားခဲ့ရာ၊ ပေါ်လွင်စွာ တွေ့ရသော အချက်တရပ်မှာ ဤအမှုဖြစ်ပွါးသောနေ့မှာ ၁၉၅၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်နေ့ဖြစ်၍၊ ယခင် ပဌမ အမှုစွဲတင်သောနေ့မှာ ၁၉၅၉ ခုနှစ်၊ ဖေဖြေလ ၃၀ ရက်နေ့ဖြစ်ပြီး၊ တရားခံ စောပီတာအား၊ သေဒဏ်ကျခံစေရန် အမိန့်ချမှတ်သော နေ့မှာ ၁၉၆၁ ခုနှစ်၊ မေလ ၂၉ ရက်နေ့ဖြစ်၏။ အယူခံတွင် တရားခံ စောပီတာအား၊ သေဒဏ် ကျခံစေရန် ချမှတ်သော အမိန့်ကို ပယ်ဖျက်ပြီး တသက်တကျွန်း ဒဏ်ကျခံစေရန် အမိန့် ချမှတ်သော နေ့မှာ ၁၉၆၁ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့ဖြစ်၍၊ စောပီတာသည် တသက်တကျွန်း ဒဏ်ကျခံနေစဉ် ၁၁ လ နှင့် ၁၅ ရက်

၁၉၆၄
မောင်တင်အေး
ပါ ၁
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ။

ကြာရှိသော အခါ သက်ဆိုင်ရာ အကြီးအကဲထံသို့ ထောင်မှူးမှတဆင့် သက်သေခံ အမှတ် (ည) စာရွက်ကို ရေးချ ပို့လိုက်၏။

သက်သေခံအမှတ် (ည)စာရွက်တွင် စောပီတာ ရေးသား ဖော်ပြထားသည်မှာ—

ဦးဟုတ်ကြိုင်သတ်မှုတွင် တရားခံအစစ်အမှန်မှာ အောက်ပါ သူများ ဖြစ်ပါသည်။

(၁) ဒေါ်အမာ .... ဦးဟုတ်ကြိုင်၏ဇနီး၊
(၂) ငင်းလှ ....
(၃) တင်အေး .... ဒေါ်အမာ၏ မတ်၊
(၄) သိန်းမောင် .... ဒေါ်အမာ၏ မိတ်ဆွေ၊
စောပီတာ .... ဦးဟုတ်ကြိုင်၏ ဒရိုင်ဘာ

ဟူ၍ဖြစ်၏။

ဤသက်သေခံ အမှတ် (ည) စာရွက်ကို ဗိုလ်ကြီး မောင်မြင့် (လိုပြ-၁၈) က၊ ၁၉၆၂ ခုနှစ်၊ ဩဂုတ်လ ၂ ရက်နေ့တွင်၊ သက်ဆိုင်ရာ အကြီးအကဲထံမှ ရရှိ၍၊ ဦးဟုတ်ကြိုင် သတ်မှုတွင် တရားခံ အစစ်အမှန်ကို ဖော်ထုတ်ရန် စုံစမ်းစစ်ဆေးပြီး အမှုကို သက်ဆိုင်ရာ ရဲအဖွဲ့သို့ လွှဲအပ်လိုက်ရာ၊ သက်ဆိုင်ရာ ရဲအဖွဲ့က၊ အယူခံတရားလို မောင်တင်အေးနှင့် မောင်ဂွတိုတို့အား၊ ၁၉၆၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက် နေ့တွင် ရုံးတင် တရားစွဲဆိုသည်။

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေး အစိုးရက၊ လွှတ်ငြိမ်းချမ်းသာခွင့် အမိန့်ကို ၁၉၆၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် ထုတ်ပြန်၍ စောပီတာအား၊ ၁၉၆၃ ခုနှစ်၊ ဇူလိုင်လ (ရက်ဖော်ပြထားခြင်းမရှိဘဲ) လောက်တွင် ကျခံ၍ နေရသော အကျဉ်းထောင်မှ လွှတ်ငြိမ်းချမ်းသာခွင့် အမိန့်အရ၊ လွှတ်ငြိမ်းချမ်းသာခွင့်ပြု၍ လွှတ်လိုက်သဖြင့်၊ စောပီတာသည်၊ ၁၉၆၂ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်နေ့တွင် သက်သေခံ အမှတ် (ည) စာရွက်ကို ရေးသားသည့်အခါ လွှတ်ငြိမ်းချမ်းသာခွင့် အမိန့် ထုတ်ပြန်ခြင်း မပြုသေးသည့်ပြင်၊ ထိုစာရွက်ကိုရေးသား၍ (၇) လနှင့် (၁၆) ရက်ကြာရှိမှသာ လွှတ်ငြိမ်းချမ်းသာခွင့်အမိန့် ပေါ်ထွက်၍ လာသည့်အတွက် ၎င်းသည် ကျခံ၍ နေရသော ထောင်မှ လွှတ်မြောက်ရန် လွှတ်မြောက်ကြောင်းကို မျှော်ကိုးရွေ့ရှု၍ သက်သေခံ အမှတ် (ည) စာရွက်ကို ရေးသားပြီး၊ သက်ဆိုင်ရာ "အကြီးအကဲထံသို့ ပေးပို့ခြင်း" ဖြစ်သည်ဟု ယူဆရဖြစ်နိုင်မည် မဟုတ်ပေ။

ပဟန် အမှုတွဲများကို ဖတ်ရှုလေ့လာရာ၊ စောပီတာသည် အပြင်လူ တဦး တယောက်က၊ ၁၉၆၂ ခုနှစ်၊ ဇွန်လ ၄ ရက် နေ့တွင် ရုံးတင် တရားစွဲဆိုခြင်း ခံရသော တရားခံ မောင်ကျင်သိန်းနှင့် မောင်ကျော်ရှိန်တို့အမှုမှ လွတ်မြောက်ရန်အတွက်၊ ပြော ဆို ငေ့ှးဆောင် တိုက်တွန်းခြင်း ပြုသဖြင့်၊ သက်သေခံ အမှတ် (ည) စာရွက်ကို ရေးသားပေးပို့ခြင်းဖြစ်သည်ဟု ယူဆရန် ဖေါ်ပြထားသော သက်သေခံချက် အလျဉ်း မရှိသည်ကို တွေ့ရသည့်အတွက်၊ ၎င်းသည် တရားစွဲဆိုခြင်း ခံနေရသော တရားခံ မောင်ကျင်သိန်းနှင့် မောင်ကျော်ရှိန်တို့သည် တရားခံ အစစ်အမှန် မဟုတ်သဖြင့် တရားခံအစစ် အမှန် ဖေါ်ထုတ်ရန်ကို ရွေးရွ မျော်မှန်း၍ သက်သေခံ အမှတ် (ည) စာရွက်ကို ရေးသားပြီး၊ သက်ဆိုင်ရာသို့ ပေးပို့ခြင်းဖြစ်သည်ဟု ယူဆရပေမည်။

၁၉၆၄
မောင်တင်အေး
ပါ ၁
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ။

ထို့ပြင် အမှုတွဲ၌ စောပီတာသည် တရားခံ မောင်ကျင်သိန်း၊ မောင်ကျော်ရှိန်တို့နှင့် အသွေ့ခင်မင် ရင်းနှီးသော မိတ်ဆွေများဖြစ်ကြသည်ဟု ဖေါ်ပြသော သက်သေ ခံချက် အလျဉ်းမရှိသဖြင့်၊ ၎င်းသည် အဆိုပါ တရားခံ မောင်ကျင်သိန်းနှင့် မောင် ကျော်ရှိန်တို့အမှုမှ လွတ်မြောက်ရန် ရင်းနှီးသော မိတ်ဆွေ အနေဖြင့် ရည်ရွယ် မျော်မှန်း၍ သက်သေခံ အမှတ် (ည) စာရွက်ကို ရေးသားပေးပို့ခြင်း ဖြစ်သည်ဟု ယူဆရန် သင့်လျော်မည် မဟုတ်ပေ။

ဖေါ်ပြပါ အဓိကြောင်းများကြောင့် အောက်ရုံးက၊ အယူခံ တရားလိုတို့အပေါ် စောပီတာ ဖေါ်ပြချက်အရ၊ အပြစ်ပေးသည်မှာ အယူခံတရားလိုတို့သည် တရားခံ အစစ်အမှန် မဟုတ်ဟု မဆိုသာချေ။

ဒုတိယ အယူခံ အကြောင်းပြချက်နှင့် ပတ်သက်၍၊ စဉ်းစားရန် လိုအပ်သော ဥပဒေ အချက်အလက်များကို သခင်ကြည်ရှိန် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ (၁) အမှုတွင် အကျယ်တဝင့်ဖေါ်ပြထားပြီးဖြစ်၍၊ ထပ်မံ၍ ဖေါ်ပြရန် လိုမည်မဟုတ်ပေ။ ရွေးဦးစွာ ဆုံးဖြတ်ရန်မှာ အစိုးရသက်သေ မောင်ဝင်းလှ (လိုပြ-၂) ၏ ထွက်ဆိုချက်ကို ထောက်ခံသော သက်သေခံချက် ရှိ-မရှိ။ ရှိခဲ့လျှင် ၎င်း၏ သက်သေခံချက်ကို ယုံကြည်ရန် သင့်မသင့်ဟူ၍ဖြစ်၏။ အောက်ရုံး စီရင်ချက်တွင် အစိုးရ သက်သေ မောင်ဝင်းလှ ၏ ထွက်ဆို အစစ်ခံချက်များကို ထောက်ခံသော သက်သေခံချက်များ ရှိကြောင်း စုံလင်စွာ ဖေါ်ပြထားပြီးဖြစ်၍၊ ထိုသို့ဖေါ်ပြထားသော သက်သေခံချက်များကို လက် ခံရန် ဖြစ်သဖြင့်၊ ဤအယူခံမှုတွင်ထပ်မံ၍ အသေးစိတ် ဖေါ်ပြရန် လိုမည်မဟုတ်ချေ။

(၁) ၁၉၆၄ ခွန်၊ ရာဇဝတ်အယူခံမှုအမှတ် ၄၈။

၁၉၆၄

မောင်တင်အေး
ပါ ၁
နှင့်
မြည်ထောင်စု
မြန်မာနိုင်ငံ။

အစိုးရ သက်သေ မောင်ဝင်းလှ၏ ထွက်ဆိုအစစ်ခံချက်ကို အစမှ အဆုံး ဖတ်ရှုလေ့လာခဲ့ရာ၊ ၎င်းသည် အယူခံ တရားလိုတို့အပေါ် မဟုတ်မမှန် ကြံဖန်လည်ဆယ်၍ မတရားသဖြင့် ထွက်ဆို အစစ်ခံခြင်းဖြစ်သည်ဟု ယူဆရန် အကြောင်း အနည်းငယ်မျှ ပေါ်လွင်ခြင်း မရှိသည်ကို တွေ့ရသဖြင့်၊ ၎င်းသည် ဟုတ်တိုင်း မှန်ရာကိုသာ မြွက်ဟ ထုတ်ဖော်ပြောဆိုခြင်းဖြစ်သည်ဟု ယူဆရန် ဖြစ်ပေသည်။

ထို့နောက် စဉ်းစားဆင်ခြင်ရန် အရေးကြီးသည့် အချက်တရပ်မှာ အစိုးရ သက်သေ မောင်ဝင်းလှက၊ အယူခံ တရားလိုတို့သည် သေသူ ဦးဟုတ်ကြိုင်အား၊ ကားဖြင့် ခေါ်ထုတ်ယူဆောင်သွားပြီး၊ သတ်ဖြတ်သည်ဟု ထွက်ဆိုသည်ကို ထောက်ခံသော သက်သေခံချက်ရှိပါသလား ဟူ၍ဖြစ်၏။

အောက်ရုံးက ၎င်း၏ ထွက်ဆို အစစ်ခံချက်ကို စောပိတာ၏ အစစ်ခံချက်၊ အယူခံ တရားလိုတို့၏ ဖြောင့်ချက်များနှင့် အခြား သက်သေခံချက်များက ထောက်ခံခြင်း ပြုသည်ဟု ယူဆခဲ့ပေသည်။ အယူခံ တရားလိုတို့၏ ပညာရှိ ရှေ့နေကြီးက စောပိတာသည် ကြံရာပါ ဖြစ်၍ အစိုးရ သက်သေ၏ ထွက်ဆိုချက်ကို ထောက်ခံခြင်း မပြုနိုင်ကြောင်း။ အယူခံ တရားလိုတို့၏ ဖြောင့်ချက်များသည် ပြန်လည်ရှုပ်သိမ်းသော ဖြောင့်ချက်များဖြစ်၍ ထောက်ခံခြင်း မပြုနိုင်ကြောင်း။ အခြား သက်သေခံချက်များကလည်း၊ ခိုင်လုံခြင်း မရှိ၍ ထောက်ခံခြင်း မပြုနိုင်ကြောင်း လျှောက်လဲတင်ပြ၏။

စောပိတာသည် ဦးဟုတ်ကြိုင် သတ်မှုတွင် ၎င်း၏ ထွက်ဆိုအစစ်ခံချက်အရ ကိုယ်ထိလက်ရောက် ပါဝင်သူဖြစ်သဖြင့်၊ သခင်ကြည်ရှိန်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ (၁) အမှုတွင်၊ ဆုံးဖြတ်ထားချက်အရ ၎င်းသည်ကြံရာပါ ဖြစ်သည်ဟု ယူဆရန်ဖြစ်ထည့် အတွက် အစိုးရ သက်သေ မောင်ဝင်းလှ၏ ထွက်ဆို အစစ်ခံချက်ကို ဥပဒေအရ၊ ထောက်ခံခြင်းမပြုနိုင်ဟု ယူဆရန်ဖြစ်၏။

တဖန်၊ အောက်ရုံးက အယူခံ တရားလိုတို့သည် ဖြောင့်ချက်များကို အလို အလျောက်ပေးခဲ့ခြင်းဖြစ်သည်ဟု ယူဆထားသည့်အတိုင်း အမှုတွဲ၌ ပေါ်လွင်သော သက်သေခံချက်များအရ၊ ယူဆရန် ဖြစ်သဖြင့်၊ ၎င်းတို့ အဆိုပါ ဖြောင့်ချက်များကို ပြန်လည် ရုပ်သိမ်းခဲ့သော်လည်း၊ ၎င်းတို့အပေါ် ထိုဖြောင့်ချက်များကို စဉ်းစားနိုင်မည်ဖြစ်ပေမည်။

ထို့ပြင်၊ သက်ဆိုင်ရာ ရာဇဝတ် တရားသူကြီးက အဆိုပါ ဖြောင့်ချက်များကို ဥပဒေ ချွတ်ယွင်းချက်မရှိအောင် ရေးယူထားသည့်ပြင် ၎င်းဖြောင့်ချက်များကို လုပ်မခံရန် အကြောင်း စိုးစဉ်းမျှ မရှိသည်ကို တွေ့ရပေသည်။

(၁) ၁၉၆၄ ခုနှစ်၊ ရာဇဝတ်အယူခံမှု အမှတ် ၄၈။

၁၉၆၄

မောင်တင်အေး
ပါ ၁
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ။

အယူခံ တရားလိုတို့၏ ဖြောင့်ချက်များအရ၊ အယူခံ တရားလိုတို့သည် ဦးဟုတ်ကြိုင်အား၊ သတ်ဖြတ်ရာတွင် အမှန်တကယ် ပါဝင်သူများဖြစ်သည်ဟု ယူဆရပေမည်။

ထိုမှတပါး၊ စဉ်းစားရန် လိုအပ်သည့် အချက်တရပ်မှာ အယူခံတရားလိုတို့၏ ဖြောင့်ချက်များသည် အစိုးရ သက်သေ (ဖေါ်ကောင်) မောင်ဝင်းလှ၏ ထွက်ဆို အစစ်ခံချက်ကို ထောက်ခံခြင်းပြုနိုင်ပါသလား ဟူ၍ဖြစ်၏။

အလီမီယာ နှင့် **ပြည်ထောင်စုမြန်မာနိုင်ငံ** (၂) စီရင်ထုံး၊ **ချင်းနားဂေါဒါ** နှင့် **မိုက်စိုပြည်နယ်** (၃) စီရင်ထုံးတို့တွင် ယခု အမှုဥစ္စာကဲ့သို့ အစိုးရ သက်သေ၏ အစစ်ခံချက်ကို တရားခံတို့၏ ဖြောင့်ချက်တို့က ထောက်ခံခြင်းပြုနိုင်သည် မပြုနိုင်သည်နှင့် ပတ်သက်၍ စဉ်းစားခြင်း မဟုတ်ဘဲ၊ အစိုးရ သက်သေ၏ ထွက်ဆိုအစစ်ခံချက်ကို တရားခံ (အယူခံတရားလို) တို့နှင့်အတူ အမှုတခုထဲ၌ စွဲဆိုစစ်ဆေးခြင်း ခံရသော (Co-accused) တရားခံ၏ဖြောင့်ချက်က ထောက်ခံခြင်းပြုနိုင်သည် မပြုနိုင်သည်နှင့် စပ်လျဉ်း၍ စဉ်းစားခြင်းဖြစ်သဖြင့် ဤအမှုနှင့် တိုက်ရိုက် သက်ဆိုင်သည်မဆိုသာချေ။

မောင်ညိမ်း နှင့် **ဘုရင်မင်းမြတ်** (၄) စီရင်ထုံးတွင်—

> **"The evidence of an approver can be corroborated by the confession of a person who is being tried jointly with the accused for the same offence implicating both himself and the accused. The principle would apply even where both the approver and the confessor subsequently retract their statements. But the duty of the Court is to scrutinize with very great care corroboration of this nature."**

ဟူ၍ ဆုံးဖြတ် ထားချက်အရ၊ ဤအမှုတွင် အစိုးရ သက်သေ (ဖေါ်ကောင်) မောင်ဝင်းလှ၏ ထွက်ဆို အစစ်ခံချက်ကို အယူခံ တရားလိုတို့ကိုယ်တိုင် အလို အလျောက် ပေးသော ဖြောင့်ချက်တို့က ထောက်ခံခြင်းပြုနိုင်သည်ဟု ဆုံးဖြတ်ချက် ချမှတ်ရပေမည်။

အဆိုပါ ဖြောင့်ချက်များအပြင်၊ အစိုးရ သက်သေ မောင်ဝင်းလှ၏ ထွက်ဆို အစစ်ခံချက်ကို ထောက်ခံရန် စွမ်းဆောင်ရည်၊ သန့်ရှင်း သီးခြားသော သက်သေခံချက်များလည်း ရှိပေသေးသည်။ ထိုသက်သေခံချက်များမှာ သေသူ ဦးဟုတ်ကြိုင်၏ အိုပယ်ကားအတွင်း မှန်ပေါ်တွင် တွေ့မြင်ရယူသော လက်ဗွေများဖြစ်၏။ လက်ဗွေ

---

(၂) ၁၉၅၄၊ မြန်မာနိုင်ငံ လွှတ်တော်ချုပ် စီရင်ထုံး ၆၅။
(၃) ၁၉၆၃၊ အိန္ဒိယတရားလွှတ်တော်ချုပ် စီရင်ထုံး ၅၁၇။
(၄) ရန်ကုန်စီရင်ထုံး၊ အတွဲ (၁၁)၊ စာမျက်နှာ ၄။

၁၉၆၄

မောင်တင်အေး
ပါ ၁
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ။

ပါရာ ဦးထွန်းရှိန် (လိုပြ-၂၄) က၊ အဆိုပါ လက်ဗွေများသည် အယူခံ တရားလို မောင်တင်အေး၏ လက်ဗွေများဖြစ်ကြောင်း ဖော်ပြထွက်ဆို၏။ အယူခံ တရားလို တို့၏ ပညာရှိ ရှေနေက ပြန်လှန်မေးခွန်းထုတ်ရာတွင် ဤသက်သေ၏ ထင်မြင်ယူဆချက်ကို ပျက်ပြယ်အောင် မေးမြန်းထားခြင်း မရှိသဖြင့် မှန်ကန်သည်ဟု ယူဆပြီး လက်ခံရပေမည်။

ထို့ပြင်၊ အယူခံ တရားလို မောင်တင်အေး၏ နဖူးပေါ်တွင် ဒဏ်ရာတခု၏ အမာရွတ်ရှိကြောင်းကို ဆရာဝန် ဦးမောင်မောင်တိတ် (လိုပြ-၃၁) က၊ ထွက်ဆိုအစစ်ခံသည့်ပြင်၊ အယူခံ တရားလို မောင်တင်အေးက အဆိုပါ ဒဏ်ရာ အမာရွတ်ကို ဦးဟုတ်ကြိုင်အား၊ သတ်ရန် ဖန်းဆီးသည့်အခါတွင် အယူခံ တရားလို မောင်ဂွတိုကြောင့် ရရှိကြောင်း ဖော်ပြထားလျက်ရှိပေသည်။

အယူခံ တရားလို မောင်တင်အေးနှင့် မောင်ဂွတိုဘို့သည် အချင်းမဖြစ်မီတွင် စောပီတာနှင့် စကားပြောနေသည်ကို မြင်တွေ့ကြောင်း၊ မောင်ထွန်း (လိုပြ-၁၁) က၊ ထွက်ဆို အစစ်ခံသည်။

ဤသက်သေတို့၏ ထွက်ဆိုအစစ်ခံချက်အရ၊ အယူခံ တရားလို မောင်တင်အေးနှင့် မောင်ဂွတိုတို့သည် ဦးဟုတ်ကြိုင်အား၊ သတ်ဖြတ်မှုနှင့် သက်ဆိုင်ကြောင်း ဖော်ပြလျက်ရှိသည့်ပြင် အစိုးရသက်သေ မောင်ဝင်းလှနှင့် စောပီတာတို့၏ အစစ်ခံချက်၊ အယူခံတရားလို့တို့၏ ဖြောင့်ချက်များကို ခိုင်လုံစွာ ထောက်ခံသျှက် ရှိသည်ဟု ယူဆခန့်မြှစ်ပေသည်။

အယူခံ တရားလိုတို့က ဦးဟုတ်ကြိုင်အား၊ စွဲဆိုသည့်အတိုင်း သတ်ဖြတ်ခြင်းမပြုရကြောင်းဖြင့်၊ ဖော်ပြငြင်းဆိုခြင်းပြုသော်လည်း၊ တရားလိုဘက်မှ တင်ပြသော သက်သေခံချက်များကို သံသယဖွယ်ရာ လွှင်အောင်၊ သို့မဟုတ် တွန်းလှန်ဖြိုဖျက်ခြင်း ပြုနိုင်အောင် သက်သေ တခုခုကိုမျှ တင်ပြစစ်ဆေးခြင်း မပြုသဖြင့် ၎င်းတို့၏ ငြင်းဆိုချက်ကို အခြေအမြစ်မရှိဟု ယူဆကာ၊ ပယ်ရချေမည်။

တတိယ အယူခံအကြောင်းပြချက်နှင့် ပတ်သက်၍ အထူးစဉ်းစားရန်လိုမည်မဟုတ်ဘဲ၊ အောက်ရုံးချမှတ်ထားသော အပြစ်ဒဏ်မှာ ၎င်းတို့ ကျူးလွန်သော ပြစ်မှုနှင့် စာသော်၊ များလွန်းသည်ဟု မဆိုနိုင်သဖြင့် ပြင်ဆင်ရန်လိုမည်မဟုတ်ဟု ယူဆရပေမည်။

အဆက်ဖြတ်ပြပါ အခြောင်းများကြောင့် အယူခံ တရားလိုတို့အပေါ် အောက်ရုံး ချမှတ်သော ပြစ်မှုဆင်ရှား စီရင်ချက်နှင့် အပြစ်ဒဏ်ကို ဝင်ရောက်စွက်ဖက်ရန် လုံလောက်သော အခြောင်းများမရှိသဖြင့် အဓာဂဲပြု၍ ၎င်းတို့၏ အယူခံကို ပလပ်ရန် အမိန့်ချမှတ်လိုက်သည်။

တရားမအယူခံမှု

တရားသူကြီး ဦးစောဘသိန်း၊ တရားသူကြီး ဦးထွန်းတင်နှင့် တရားသူ ကြီးဦးကျော်ဇံဦး တို့ရှေ့တွင်

ရှိအိုကရန်ဆင်း (အယူခံတရားလို)

နှင့်

စူရယာနသ်ဆင်း ပါ ၂ (အယူခံတရားခံများ)*

† ၁၉၆၄ နိုဝင်ဘာလ ၆ ရက်။

ဟိန္ဒူမိသားစုပိုင်ပစ္စည်းများ—ပိုင်ဆိုင်ခွင့်နှင့်ပတ်သက်၍ စွဲဆိုသောအမှု—စွဲဆိုနိုင်ခြင်းကိစ္စ—မြန်မာပြည်ဥပဒေများ အက်ဥပဒေ—(Burma Laws Act) ပုဒ်မ ၁၃(၁) နှင့် ၁၃ (၃)။

ဆုံးဖြတ်ချက်။ ။မြန်မာပြည်ဥပဒေများ၊ အက်ဥပဒေ (Burma Laws Act) ပုဒ်မ ၁၃ အရ၊ ဟိန္ဒူမိသားစုပိုင်ပစ္စည်းများနှင့်ပတ်သက်၍၊ အတိအလင်းမြွက်ဟ ပြဋ္ဌာန်းချက်တောင်းဆိုသည့်အမှုမျိုးကို စွဲဆိုနိုင်သည်။

ဤအမှုမျိုးသည် ဟိန္ဒူလူမျိုးများ၏ဓလေ့ထုံးစံများအရ ဆက်ဆံမှုနှင့်သက်ဆိုင်သည်။

ထပ်မံဆုံးဖြတ်ချက်။ ။အဆိုပါဥပဒေပုဒ်မ ၁၃(၁)နှင့် မသက်ဆိုင်စေကာမူ၊ သီးခြားသက်သာခွင့်ဥပဒေပုဒ်မ ၄၂ အရ၊ မစွဲနိုင်ဟုတိကျစွာမငြင်းဆိုနိုင်။

ထို့ပြင် ဤကဲ့သို့မသက်ဆိုင်သောအမှုများတွင်၊ အဆိုပါဥပဒေပုဒ်မ ၁၃ (၃) က တရားမျှတဆာနာခြင်္ဂိမျှစွာ သြဇာပတရားဖြင့် ဆုံးဖြတ်ရမည်ဟု အဆိုရှိသည့်အတိုင်း သီးခြားသက်သာခွင့်ပုဒ်မ ၄၂ နှင့်အကျုံးဝင်၍၊ အမှုကိုတရားစွဲဆိုနိုင်ခွင့် ရှိသည်ဟုဆုံးဖြတ်ချက်ချမှတ်လိုက်သည်။

အယူခံအရှေ့နေ—ဦးအောင်မင်း (၂)။

အယူခံအဘိဘာ (၁) အာမွတ်။ ။ဦးအောင်မင်း (၂)။

အယူခံတရားခံ (၁) (၂) အတွက်။ ။မစ္စတာ မဇ္ဈန်ဒါးကိုယ်စားဦးခိုနိုပိုး။

တရားသူကြီး ဦးကျော်ဇံဦး။ ။အယူခံအမှု၏ အကြောင်းအရာမှာ၊ ယခင်တရားလွှတ်တော်၊ မူလတရားမစီရင်ပိုင်ခွင့်ရုံး၏ ၁၉၅၀ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃ တွင်၊ ယခုအယူခံတရားခံအမှတ် (၁) စူရယာနသ်ဆင်းက၊ ၎င်း၏အစ်ကို ယခုအယူခံတရားလို ရှိအိုကရန်ဆင်းနှင့် အမှာမွေး ညီအစ်ကိုတော်စပ်သူ၊ ယခုအယူခံတရားခံအမှတ် (၂) ဘိုင်(ဂျီ)နသ်ဆင်းနှင့်သား၊ ယခုအယူခံတရားခံအမှတ် (၃)၊ ချွန်ဒရာအဟီ(ရှ်)ဆင်းတို့အပေါ် အင်းစိန်ခရိုင်၊ ဘောက်ထော်မီးရထားလမ်းရှိ မြေကွက

* ၁၉၆၁ ခုနှစ်၊ တရားမပဌမအယူခံမှုအမှတ် ၈။

† ၁၉၅၆ ခုနှစ်၊ တရားမပဌမအယူခံမှု ၁ တွင်၊ ရန်ကုန်မြို့၊ တရားလွှတ်တော်၊ အယူခံဘက်ဌာနရုံးတော်၏ ချမှတ်သော ၁၉၅၉ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်နေ့စွဲပါ ဒီဂရီကိုအယူခံဝင်မှု။

၁၉၆၄

ရီအိုကရန်ဆင်း နှင့် စူရယာနသ်ဆင်း ပါ ၂ ။

အမှတ် ၁၅ နှင့် ၎င်းအပေါ် ဆောက်လုပ်ရှိသော အိမ်များအပြင်၊ ရန်ကုန်မြို့၊ ၅၅ လမ်းရှိ အိမ်အမှတ် ၃၆ နှင့် အိမ်ယာမြေတို့သည်၊ ၎င်းတို့၏အပိုင် အိန္ဒိယပြည်ဥ္ဒ ရှိသော ပစ္စည်းများကဲ့သို့၊ ဟိန္ဒူမိသားစုအပိုင်ဖြစ်သည့် အားလျော်စွာ၊ ၎င်းတို့အနက် မည်သူတစုံတယောက်မျှ၊ ထိုပစ္စည်းများကို ဥပဒေအရ လိုအပ်ခြင်းမှအပ၊ မပြောင်း မခွဲနိုင်ကြောင်း အတိအလင်း မြွက်ဟပြဋ္ဌာန်းပေးပါရန် လျှောက်လေသည်။ အဆို လွှာအရ၊ ထိုပစ္စည်းများကို ၎င်းတို့၏ ဟိန္ဒူမိသားစု အကျိုးငှါ၊ ပင်စည်ပင်မပြုလုပ်ပြီး အစ်ကိုအကြီးဆုံး **ကာတာ** ဖြစ်သူ၊ ယခုအယူခံတရားလိုး၏ နာမည်ဖြင့် ထားခဲ့ကြ လေသည်။ သို့သော်၊ ၎င်းက ဤအချက်ကို အခွင့်အရေးယူ၍၊ တိတ်တဆိတ်ရောင်းချ ပြောင်းလဲရန် ပြုနေကြောင်း ဖေါ်ပြထားသည်။ အယူခံတရားလိုက အဆိုလွှာကို ငြင်းပယ်ပြီး၊ ၎င်းတို့၏ ဟိန္ဒူမိသားစုမှာ၊ ၁၉၃၄ ခုနှစ်ကပင် ကွဲပျက်သွားပြီဖြစ်၍၊ အဆိုပါပစ္စည်းများသည်၊ ၎င်း၏တဦးတည်းပိုင်ပစ္စည်းများသာ ဖြစ်သည်ဟု ချေပသည့် အပြင်၊ ၎င်းတို့အချင်းချင်း ဖြစ်ပွါးခဲ့သောအမှု (အင်းစိန်မြို့၊ နယ်ပိုင်တရားမရုံး၏ ၁၉၃၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၆) တွင်၊ ညီအစ်ကိုသုံးယောက်တို့သည်၊ ဘောက်ထော်ပစ္စည်းတွင် တူညီစွာ သုံးပုံတပုံကျစီ ရခဲ့ကြပြီး၊ ယခုအယူခံတရားခံ အမှတ် (၁) က၊ သူ၏ဝေစုနှင့် ယခုအယူခံတရားခံအမှတ် (၂) ၏ ဝေစုကို၊ ကိုယ်စားလှယ် အနေဖြင့် ၎င်းအား၊ ၁၉၃၆ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့နှင့် ၁၉၃၇ ခုနှစ်၊ မတ်လ ၂၆ ရက် နေ့များတွင်၊ မှတ်ပုံတင်စာချုပ်များဖြင့် (သက်သေခံအမှတ် ၁ နှင့် ၂)၊ ၎င်းအား ရောင်းချခဲ့ပြီး၊ ၅၅ လမ်းရှိ ပစ္စည်းကို၊ ၎င်းက အက်(စ်)အေးအေ၊ အနာမလေချစ်တီး ယားထံမှ၊ မှတ်ပုံတင်စာချုပ်ဖြင့် ၁၉၄၆ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့က ဝယ်ယူခဲ့သည်ဟု အဆိုရှိသည်။ ယခုအယူခံတရားခံအမှတ် (၁) က၊ ၅၅ လမ်းရှိပစ္စည်းကို၊ ၎င်းတို့မိသားစု ဥစ္စာဖြင့်သာ ဝယ်ယူပြီး၊ အယူခံတရားလိုး၏ နာမည်နှင့်ထားကြောင်း ပြန်ပြောလေသည်။ ဘောက်ထော်ပစ္စည်းနှင့် ပတ်သက်၍မူကား၊ ယခုအယူခံတရားခံအမှတ် (၁) က၊ ပြန်ဖြေ ဆိုသည်မှာ၊ အဆိုပါအမှုကို ကြေအေးကြသေသည်ဖြစ်၍၊ ညီအစ်ကိုတယောက်စီ သုံးပုံတပုံမရရှိခဲ့ကြလေ။ ၎င်းကိုယ်တိုင်ကသာ၊ ၁၉၃၂-၃၃ ခုနှစ်တွင်၊ ငွေ ၉,၅၀၀ ဖြင့် ရယူခဲ့ပြီး၊ အစ်ကိုကြီး **ကာတာ** ဖြစ်သူ၊ ယခုအယူခံတရားလိုး၏ နာမည်နှင့် စာချုပ်တွင် အမည်မျှသာဖြစ်သော တန်ဘိုးငွေ ၂,၇၀၀ ဖြင့်၊ ပြောင်းလွှဲထားခဲ့ကြောင်း ပြန် ဖြေဆို လေသည်။ ယခုအယူခံတရားခံအမှတ် (၂) နှင့် (၃) တို့ကလည်း၊ ယခုအယူခံတရားခံ အမှတ် (၁) ကို ထောက်ခံကြလေသည်။ အယူခံတရားလိုသည်၊ ၎င်း၏ညီများတို့မှ၊ ၁၉၃၄ ခုနှစ်ကပင် ခွဲခွါထွက်ခဲ့၍၊ ပစ္စည်းများသည် ၎င်း၏တကိုယ်တည်းပစ္စည်းများ ဖြစ်ပါသလောဆိုသည့် ကောက်ချက်ကို ဖြေဆိုရာတွင်၊ တရားလွှတ်တော်၊ တရားမ မူလဘက်ဌာနရုံးက၊ ဤပစ္စည်းများသည်၊ ညီအစ်ကိုသုံးယောက်၏ မိသားစုပိုင်ပစ္စည်း

၁၉၆၄

ရှိအိုကရန်ဆင်း နှင့် စူရယာနသ် ဆင်း ပါ ၂။

များသာဖြစ်သည်ဟု ဆုံးဖြတ်ပြီး၊ ယခုအယူခံတရားခံ အမှတ်(၁)(မူလတရားလို) ကို အနိုင်ဒီဂရီပေးခဲ့လေသည်။

ဤဆုံးဖြတ်ချက်ကို မကျေနပ်၍၊ အစ်ကိုကြီး **ကာတာ**ဖြစ်သူ ရှိအိုကရန်ဆင်းက၊ ယခင်တရားလွှတ်တော်၊ ၁၉၅၆ ခုနှစ်၊ တရားမ ပဌမအယူခံမှုအမှတ် ၁ တွင်၊ အယူခံဝင် ခဲ့သော်လည်း၊ မအောင်မြင်ခဲ့ပေ။ "နောက်တဖန်၊ ယခင်တရားလွှတ်တော်ချုပ်သို့ အယူခံဝင်ပြန်ရာ၊ ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စုတရားစီရင်ရေး အက်ဥပဒေပုဒ်မ ၅ အရ၊ အယူခံဝင်ခွင့်ရရှိခဲ့သည်။ ယခင်တရားလွှတ်တော်ချုပ်ကို၊ ယခုပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီက၊ ၁၉၆၂ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့စွဲဖြင့်၊ ကျေညာချက် အမှတ် ၂၅ အရ ရပ်စဲလိုက်ရာတွင်၊ ဤတရားရုံးချုပ်မှာ တည်ဆဲတရားဥပဒေများဖြင့်၊ ယခင်တရားလွှတ်တော်ချုပ်သို့ ပေးအပ်ထားသော အာဏာများနှင့် တာဝန်ဝတ္တရား များကို၊ သုံးစွဲဆောင်ရွက်နိုင်သည့်အာဏာ ရှိရမည်ဟု ကျေညာထားသည်နှင့်အညီ၊ ဤအယူခံမှုသည်၊ ဤတရားရုံးချုပ်သို့ ကြားနာရန် ရောက်ရှိလာရခြင်းဖြစ်ပေသည်။ ပုဒ်မ ၅ ကို တဖန်၊ ၁၉၆၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍၊ ၁၉၆၂ ခုနှစ်၊ ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေကို ပြင်သည့်၊ ဥပဒေအမှတ် ၄၁ အရ ချပ်သိမ်းလိုက်သော်လည်း၊ ဤပုဒ်မအရ အကျိုး ခံစားခွင့် ရရှိခဲ့ခြင်းကို၊ မပိတ်ပင်ဘဲ တည်ရှိစေသည်။ ပုဒ်မ ၅ ကို ဖျက်သိမ်းရာတွင်၊ နောက်ပြန်အတည်ပြုခြင်းမရှိသည်ဖြစ်၍၊ ဤအယူခံ အမှုသည် ၎င်းပုဒ်မနှင့်ပင် သက်ဆိုင်နေသည်။ မူလရုံးတော်နှင့် အယူခံရုံးတော်နှစ်ရုံးက အတည်ပြုလိုက်သော စီရင်ချက်နှင့်ပတ်သက်၍၊ ပုဒ်မ ၅ အရ တရားလွှတ်တော်ချုပ်သို့ အယူခံဝင်ရောက်ရာတွင်၊ ဥပဒေပြဿနာရပ်မှသာလျှင်၊ သို့မဟုတ် ၎င်းမှပေါ်ပေါက် လာသော ဥပဒေပြဿနာရပ်မှသာလျှင်၊ အဆိုပါ ပုဒ်မ ၅၊ ဒုတိယပိုင်း၌ ပြဋ္ဌာန်းချက်နှင့် အကျုံးဝင်သည်ဟု၊ **မူဆာကာကာ** နှင့် **ဟာဂျီအဗ္ဗဒူဆွာမက်** (၁) နှင့် **ဦးဘိုးရွှန်** နှင့် **မဋ္ဌေ** (၂) တို့ စီရင်ထုံးများတွင် ဆုံးဖြတ်ထားသည်။ ပဌမစီရင်ထုံးမှ အောက်ပါ ကောက်နှုတ်ချက်ကို ဖော်ပြမှသာ ပိုမိုရှင်းလင်းမည်။

> **"The question now before us, as stated above, is whether the judgment and decree of the Hight Court was one of affirmance or of variance of the trial Court's judgment and decree. If the former, then leave to appeal to the Supreme Court can be granted only when substantial question of law is involved."**

(၁) ၁၉၆၀ ခုနှစ်၊ မြန်မာပြည်စီရင်ထုံးများ၊ ၁၇၉ (တရားလွှတ်တော်)။
(၂) ၁၉၆၀ ခုနှစ်၊ မြန်မာပြည်စီရင်ထုံးများ၊ ၁၈၉ (တရားလွှတ်တော်)။

၁၉၆၄

ရှီအိုကရန်ဆင်း နှင့် စူရယာနရသ်ဆင်း ပါ ၂။

သို့ကြောင့်၊ ဤအယူခံအမှုတွင်၊ ဥပဒေပြဿနာရပ်၊ သို့မဟုတ် ၎င်းမှပေါ်ပေါက်လာသော ဥပဒေပြဿနာခန်းကိုသာ ကျွန်ုပ်တို့ဝေဖန်ရန်ရှိပေသည်။

အယူခံဘရားခံအမှတ်(၁)၏ လွှတ်တော်ရွှေနေကြီးက၊ ဤအယူခံမှုတွင် အရေးကြီးသောအချက်တခုမှာ၊ အမှုဘွင်ပါရှိသော ပစ္စည်းများသည်၊ ဟိန္ဒူလူမျိုးဖြစ်ကြသော ညီအစ်ကိုသုံးဦးတို့၏ မိသားစုပိုင်၊ မပိုင်ပြဿနာကို၊ အယူခံတရားလိုနှင့် အယူခံတရားခံအမှတ်(၁)တို့၏ ယခင်တရားလွှတ်တော်၊ တရားမမူလဘက်ဆိုင်ရာရုံး၏ ၁၉၅၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၈၀ တွင်၊ အတိအလင်း အပြီးအပြတ်ဆုံးဖြတ်ချက်ပေးရှိ၍၊ ဤဆုံးဖြတ်ချက်မှာ မီးသေဆုံးဖြတ်ချက်ဖြစ်သောကြောင့်၊ ယခုဘဒန် တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁ အရ၊ ၎င်းပြဿနာကို ပြန်လည်စစ်ဆေးကြားနာရန်၊ အာဏာမရှိဟု ငြင်းချက်လဲသည်။ ဤဆုံးဖြတ်ချက်ကို၊ အထက်ပေါ်ပြပါ ၁၉၅၄ ခုနှစ်၊ တရားမကြီးအမှတ် ၈၀ တွင် ရရှိခဲ့သော်လည်း၊ ယခုအယူခံမှုကို မူလရုံးတွင်ဖြစ်စေ၊ ပဌမအယူခံရုံးတွင်ဖြစ်စေ စစ်ဆေး ကြားနာသောအခါ၊ မတင်ပြသနိုင်ခဲ့သည့် အကြောင်းမှာ၊ အဆိုပါ ထိုတရားမကြီးမှု အမှတ် ၈၀/၅၄ တွင် ဆုံးဖြတ်ချက်ချထားသည်ကို၊ အယူခံတရားလိုက မေးမြန်း၍ ယခင်တရားလွှတ်တော်၏ ၁၉၅၆ ခုနှစ်၊ တရားမပဌမအယူခံမှုအမှတ် ၁ နှင့် ယခင် တရားလွှတ်တော်ချုပ်၏ ၁၉၅၉ ခုနှစ်၊ တရားမအထွေထွေလျှောက်လွှာအမှတ် ၁၃၂ တို့တွင်၊ အယူခံဝင်နေဆဲကြောင့် ဖြစ်သည်ကို၊ တာဘက်မှလည်း မငြင်းနိုင်ပေ။ ဤဆုံးဖြတ်ချက်ကို၊ အဆိုပါ ယခင်တရားလွှတ်တော်နှင့် တရားလွှတ်တော်ချုပ်ကအတည်ပြုပြီး၊ အယူခံဘရားလို၏ အယူခံလွှာများကို ပလပ်လိုက်လေသည်။ အယူခံတရားလိုသည်၊ အဆိုပါ ၁၉၅၉ ခုနှစ်၊ တရားမအထွေထွေလျှောက်လွှာအမှတ် ၁၃၂ တွင်၊ ပြည်ထောင်စုဘရားစီရင်ရေး အက်ဥပဒေပုဒ်မ ၆ အရ၊ အယူခံဝင်ခွင့်တောင်းရာ၊ ဝင်ခွင့်ပင်မရရှိခဲ့ဘဲ၊ ၎င်း၏လျှောက်လွှာကို ၁၉၆၂ ခုနှစ်၊ မေလ ၁၄ ရက်နေ့တွင် အပယ်ခံခဲ့ရလေသည်။

ယခင် တရားလွှတ်တော်၊ တရားမမူလဘက်ဆိုင်ရာရုံး၏ ၁၉၅၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၈၀ နှင့် ယခု အယူခံမှုပေါ်ပေါက်လာသော၊ ၁၉၅၀ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃ တို့တွင်၊ စီရင်ချက်များကို ၁၉၅၅ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့ တနေ့တည်း မှာပင် ချမှတ်ခဲ့သည်ကို သတိပြုအပ်စေလိုသည်။ ပဌမအမှု တရားမကြီးမှုအမှတ် ၈၀/၅၄ တွင်၊ အောက်ပါကောက်ချက်တခုကို တွေ့ရသည်။

"Whether the plaintiff (ယခုဒီအယူခံ တရားစွဲ) and the defendant (ယခုအယူခံတရားခံ အမှတ် ၁) are members of the joint Hindu family and whether the joint family still

existed at the time the plaintiff appointed the defendant as his agent?"

၁၉၆၄

ရှိအိုကရန်ဆင်း နှင့် စူရယာနသ် ဆင်း ပါ ၂။

ဒုတိယအမှု တရားမကြီးမှုအမှတ် ၃/၅၀ (ယခုအယူခံမှု ပေါ်ပေါက်လာသောအမှု) တွင်၊ ကောက်ချက်နှစ်ခုအနက်၊ တခုမှာ

"Did the 1st defendant (ယခု အယူခံ တရားခံ အမှတ် ၁) separate from his brother's the plaintiff (ယခု အယူခံ တရားလို) and the second defendant (ယခုအယူခံ တရားခံ အမှတ် ၂) in 1934 as alleged by him and are the properties described in paragraph 3 of the plaint exclusively his?"

ဤကောက်ချက်နှစ်ခုမှာ၊ အခိုပါယ်အဘူတူပင် ဖြစ်သည်ကို မငြင်းနိုင်။ ပဌမအမှု တရားမကြီးမှုအမှတ် ၈၀/၅၄ ၏ စီရင်ချက်ဘွင်၊ အဦးပြု၍၊ ဤသို့ရေးသားထား သည်ကို တွေ့ရှိရပြန်သည်။

"In the connected Civil Regular Suit No. 3 of 1950, the question whether the parties to this suit were at all relevant times members of a joint Hindu family has been answered in the affirmative. This being the case, the further point which falls for determination is whether in view of the fact that the defendant in this suit managed the Rangoon properties under a power of attorney granted by the plaintiff, the latter is in law entitled to call upon the defendant to account for such management."

ယခု အယူခံမှုသည်၊ ဤအရေးကြီးသော ဥပဒေအချက်တွင် တည်ရှိနေ၍ နှစ်ဘက်ခွန်နေကြီးမျှားအား၊ တမင်အချိန်အိုပေးပြီး၊ ကျန်ပ်တို့ ကြားနာခဲ့ကြသည်။ ဤအချက်ကို ပဌမဦးစွာ ဖြေဆိုအံ့။ တရားမကြီးမှုအမှတ် ၈၀/၅၄ တွင်၊ အယူခံ တရားလိုက ယခုအမှုမှာကဲ့သို့၊ ၎င်းတို့ညီအစ်ကို သုံးယောက်တို့သည်၊ ဟိန္ဒူမိသားစု ဖြစ်ကြပြီး၊ ၁၉၃၄ ခုနှစ်တွင် တကဲ့တပြားစီ ဖြစ်ကြသောအခါ၊ ယခုအယူခံတရားခံ အမှတ် (၁)က၊ ၎င်း၏ဝစ္စကို ၎င်းအားရောင်းခဲ့ခြင်း (သက်သေခံစာချုပ်အမှတ် ၁) အပြင်၊ အမှုပစ္စည်းများသည် ၎င်းဘဦးတည်းပိုင်ဖြစ်၍၊ ထိုပစ္စည်းများနှင့် ပတ်သက်၍ ငွေစာရင်းရှင်းတမ်း ပြုလုပ်ပေးရန် အဆိုရှိရာ၊ အယူခံတရားခံအမှတ် (၁) က၊ ၎င်းတို့ အားလုံးသည် ယခုဘိုင် ဟိန္ဒူမိသားစုဖြစ်ပြီး၊ ပစ္စည်းများကို အစ်ကိုကြီး ကာတာ ဖြစ်သူ အယူခံဘရားလို၏ နာမည်နှင့် မှတ်ပုံတင်ခွင့် သက်သာအောင်၊ အမည်မျှသာ ဖြစ်သော တန်ပိုးထား၍၊ စာချုပ်ပြုလုပ်ခဲ့ခြင်းသာ ဖြစ်သည်ဟု ထုချေလေသည်။

၁၉၆၄

ရှီအိုကရန်ဆင်း နှင့် စူရယာနုဿဆင်း ပါ ၂။

နှစ်မှုစလုံးတွင် အဓိကအချက်မှာ၊ ၎င်းတို့သည် ဟိန္ဒူမိသားစုဟုတ်၊ မဟုတ်ပင်ဖြစ်သည်။ အမှုများသည် ဤအချက်တွင် မူတည်နေ၍၊ အထက်ဖေါ်ပြပါ ကောက်ချက်နှစ်ခုမှာ၊ အတူတူပင်ဖြစ်သည်ဟု ယူဆရပေမည်။ နှစ်မှုစလုံးတွင် အငြင်းပွါးသော ကိစ္စနှင့်ပတ်သက်၍၊ အဆိုလွှာနှင့် ချေပလွှာတို့မှာ အတူတူပင်ဖြစ်ပေသည်။ ထို့ကြောင့် ဤကောက်ချက်များကို မထုတ်လျှင် မဖြစ်နိုင်ပေ။ အမှုများ၏ ဆုံးဖြတ်ချက်များမှာ၊ ဤကောက်ချက်များတွင် မူတည်ရသည်။ တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၁ ၏၊ ရည်ရွယ်ချက်မှာ၊ တဦးတဘက်ကို တရားစွဲဆိုရန်၊ ထပ်တူအကြောင်းတခုဖြင့် တခါထက်ပို၍ ဒုက္ခမပေးဘဲ၊ အပြီးအပြတ်ဆုံးဖြတ်ချက်ပေးရမည်။ ပုဒ်မ ၁၁ ၏ သြဝါဒကို၊ အကန့်အသတ် အချုတ်အချယ်မရှိဘဲ အသုံးချရမည်။ *Nemo debet his vexari pro una et eadem causs.* (No one should be vexed twice with respect to the same question). ဤအချက်နှင့် ပတ်သက်၍၊ အဆိုလွှာ၊ ချေလွှာ၊ ကောက်ချက်နှင့် စီရင်ချက်များကို ရည်ညွှန်း၍ ကိုးကားရသည်ကို၊ အထူးပြောရန်မလို။ ယခုအယူခံမှု ပေါ်ပေါက်လာသော၊ အယူခံတရားလို၏ မူရင်းအမှုကို၊ ပဌမ ၁၉၄၉ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၁၈ အရ၊ ရန်ကုန်မြို့မ၊ တရားမရုံးတွင်၊ ၁၉၄၉ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့တွင် စွဲဆိုပြီးနောက်၊ ယခုအယူခံတရားခံအမှတ် (၁) ၏ ၁၉၅၀ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃ ကို၊ ယခင်တရားလွှတ်တော်တွင်၊ ၁၉၅၀ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်နေ့တွင် စွဲဆိုရာ၊ ရန်ကုန်မြို့မ၊ တရားမရုံးမှ အယူခံတရားလို၏အမှုကို၊ ယခင်တရားလွှတ်တော်သို့ ၁၉၅၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၈၀ ဖြင့် ခေါ်ယူပြောင်းလွှဲပြီး၊ နှစ်မှုစလုံးကို အတူတူပင် စစ်ဆေးခဲ့လေသည်။ နှစ်မှုစလုံးအတွက် သက်သေထွက်ဆိုချက်များကို၊ ၁၉၅၀ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃ တွင် ရေးမှတ်ယူခဲ့သည်။ အယူခံတရားလို၏ ပညာရှိ လွှတ်တော်လွှဲနေကြီးက၊ ဤအမှုနှစ်မှုတွင်၊ စီရင်ချက်နှင့် ဒီကရီများ နှစ်ခုစီရေးဆွဲခဲ့သော်လည်း၊ ၁၉၅၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၈၀ ၏ စီရင်ချက်ကို၊ ၁၉၅၀ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃ တွင် ချမှတ်ထားသော၊ ပင်မစီရင်ချက်နှင့် တစုတည်း ရောနှောပေါင်းစပ်ထားရှိသည်ဖြစ်၍၊ စီရင်ချက်တခုတည်းသာ ချမှတ်သည်ဟု ယူဆရမည်ဖြစ်၍၊ တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၁ နှင့် မသက်ဆိုင်ဟု လျှောက်လဲသည်ကို၊ ***Anwar Alli Sowdagar*** v. ***Ameer Alti Sowdagar*** (၃) ရန်ကုန်စီရင်ထုံးအရ၊ လက်ခံရန်မဖြစ်နိုင်ပေ။ ဤအမှုသည် ယခုအယူခံမှုနှင့် အဆင်တူမှုဖြစ်သည်။ အထက်ဖေါ်ပြပါရှိသော ကောက်ချက်နှစ်ခုမှာ၊ သဘော အဓိပ္ပါယ်ရင်း တိုက်ရိုက်တူနေခဲ့လျှင်၊ ဤစီရင်ထုံးကိုမှင် လက်ခံရမည်ဟု ပညာရှိ လွှတ်တော်လွှဲနေကြီးကပင် ဝန်ခံသည်။ ဤစီရင်ထုံးသည်၊ အာလာဟာဘတ် တရား

(3) 11 Rangoon 9, 633.

လွှတ်တော်၏ စုံညီခုံရုံးစီရင်ထုံးဖြစ်သော၊ (၄) နှင့် တခြား စီရင်ထုံးများကို ကိုးကား၍၊ ရေးချမှတ်သော စီရင်ထုံးဖြစ်ပေသည်။ ခေါင်းစဉ်မှတ်ချက်တွင် ဤသို့ရေးမှတ်ရှိသည်။

"A, who had executed certain mortgages in favour of B in respect of three cargo boats, brought a suit for a declaration that the mortgages were made *benami* in order to save the boats from attachment. B instituted a cross suit against instituted a cross suit against A on the same deed for the recovery of the amount alleged to be due on the mortgage. The two suits were tried together, A's suit was dismissed and B's was decreed. A filed two separate appeals against both the decree but his appeal in the suit brought by B was dismissed for default."

"Held, in the appeal against the decree in A's suit that final decision of the matter in question between the same parties existed and that the dismissal of A's appeal in the suit brought against him by B had the effect of making final the trial Court's mortgage decree which declared that the mortgages were not *Behami* or mere colourable transactions."

အထက်ပါ အကြောင်းများကြောင့်၊ ၁၉၅၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၈၀ တွင် ချမှတ်ရှိသော စီရင်ချက်ကို၊ အထက်ဖေါ်ပြခဲ့သော၊ ယခင်တရားလွှတ်တော်၊ အယူခံတက်ဆိုင်ရာနှင့် နောက်ဆုံး ယခင်တရားလွှတ်တော်ချုပ် အယူခံခွင့်တောင်းမှုဋ္ဌာန၊ ၁၉၆၂ ခုနှစ်၊ မေလ ၁၄ ရက်နေ့ဘွင်၊ အဘိအလင်း အပြီးအပြတ် မီးသေဆုံးဖြတ်ချက်ပေးရှိပြီးဖြစ်၍၊ ဤအယူခံမှုသည် တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၁ နှင့် အကျုံးဝင်သည်ဟု ကျွန်ုပ်တို့ ဆုံးဖြတ်ချက်ချရပေမည်ဖြစ်၍၊ တခြားတင်ဆက်လျှောက်လဲချက်များကို၊ ရေးသားဆုံးဖြတ်ချက်ပေးရန် မလိုဟုယူဆသည်။

အယူခံတရားလို၏ ပညာရှိ လွှတ်တော်ရှေ့နေကြီးက၊ အယူခံတရားခံအမှတ် (၁) သည်၊ ဤအယူခံမှုပေါ် ပေါက်လာသော မူရင်း ၁၉၅၀ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃ ကို၊ တရားဥပဒေအရပင် မစဲဆိုနိုင်ဟု လျှောက်လဲချက်နှင့် ပတ်သက်၍လည်း၊ အောက်ရုံးနှစ်ရုံးစလုံးမှာပင်၊ မအောင်မြင်ခဲ့ကြောင်း တွေ့ရှိသည်။ အထက်ဖေါ်ပြခဲ့သော်၊ အင်းစိန်မြို့၊ နယ်မိုင်တရားမရုံး၏ ၁၉၃၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၆ တွင်၊ အယူခံတရားခံအမှတ် (၁) သည်၊ ဤအယူခံမှုမှာကဲ့သို့ပင်၊ အောင်ထော်ရှိ ပစ္စည်းများ

(4) 33 Allahabad, p. 51 (F.B.).

၁၉၆၄

ရီအိုကရန်ဆင်း နှင့် စူရယာနသ် ဆင်း ပါ ၂ ။

နှင့်ပတ်သက်၍၊ အတိအလင်း မြွက်ဟပြဋ္ဌာန်းပေးပါရန် လျှောက်ခဲ့ရာ၊ ယခုအယူခံတရားလိုကပင်၊ အတိအလင်း မြွက်ဟပြဋ္ဌာန်းပေးရန် အမှုမစွဲဆိုနိုင်ဟု ထုချေလေသူ၊ နောက်ဆုံး ယခင်တရားလွှတ်တော်က၊ *Surya Nath Singh* v. *Shio Karan Singh and another* (၅) တွင်၊ ဆုံးဖြတ်ချက်ပေးရှိခဲ့လေပြီး။ ယခုအယူခံမှုမှာလည်း၊ မူလစစ်ဆေးခဲ့သော ပညာရှိ တရားဝန်ကြီးကလည်း၊ ဤအကြောင်းနှင့် ပတ်သက်၍ အသေးစိတ် ဖေါ်ပြရေးသားထားသည်ကို၊ ပဌမအယူခံရုံးကလည်းလက်ခံ၍၊ အောက်ပါအတိုင်း ရေးသားထားသည်။

> "In that case the High Court held that a suit for declaration that certain property was the property of a joint family consisting of the plaintiff and the defendants, that the plaintiff had a certain share in it, in which the plaintiff alleged that he was in possession, and that one of the defendants was holding out that it was not joint family property, was not barred by proviso to section 42 of the Specific Relief Act, although no further relief by way of partition had been claimed."

ပညာရှိ ရွှေနေကြီးက၊ ယခုတဖန် အောက်ရုံးမျှားတွင် မလျှောက်လဲခဲ့သော၊ ဥပဒေအချက်တခုကို တင်ပြ၍ လျှောက်လဲပြန်သည်။ ဤအချက်မှာ၊ အယူခံတရားခံအမှတ် (၁)သည်၊ Burma Laws Act ပုဒ်မ ၁၃ အရ၊ ဤကဲ့သို့ အတိအလင်းမြွက်ဟပြဋ္ဌာန်းချက်မတောင်းဆိုနိုင်ဟုပင်ဖြစ်သည်။ ပုဒ်မ ၁၃ ၏ စပ်ဆိုင်သော ကောက်နုတ်ချက်ကို ဖေါ်ပြအံ့။

> "13 (1) Where in any suit . . . in the Union of Burma it is necessary for the Court to decide any question regarding succession, inheritence, marriage or caste, or any religious usage or institution,—
>
> (*a*) * * * *
>
> (*b*) * * * *
>
> (*c*) the Hindu law in cases where the parties are Hindus, shall form the rule of decision, except in so far as such law has by enactment been altered or abolished, or is opposed to any custom having the force of law.

(5) A.I.R. 1936 Rangoon 316.

(2) .....

(3) In cases not provided for by sub-section (1), or by any other enactment for the time being in force, the decision shall be according to justice, equity and good conscience."

၁၉၆၄

ရှိအိုကရန်ဆင်း နှင့် စူရယာနုဿ ဆင်း ပါ ၂။

ပညာရှိ လွှတ်တော်ရှေ့နေကြီးက၊ အယူခံဘရားခံအမှတ် ၁ ၏ အချင်းဖြစ်ပစ္စည်းတို့မှာ၊ ဟိန္ဒူမိသားစုပိုင်ပစ္စည်းများဖြစ်ကြောင်း အာဘိအာင်းမြွက်ဟပြဋ္ဌာန်းချက် တောင်းဆိုချက်သည်၊ အထက်ဖေါ်ပြပါ ပုဒ်မ ၁၃ ၏ ပုဒ်မခွဲ (၁) နှင့် မသက်ဆိုင်ဟု ဆိုပြီး၊ ဤပစ္စည်းများသည် အယူခံဘရားလို၏ နာမည်နှင့်သာရှိနေပြီး၊ ၎င်းသာ ပိုင်ဆိုင်သူ ပုဂ္ဂိုလ်တဦးဖြစ်နေ၍၊ အမှုကိုစွဲဆိုသည့် ပုံပန်းအမျိုးအစားအရ၊ လက်မခံဘဲ ပလပ်ရန်သာဖြစ်သည်ဟု သျှောက်လဲသည်။ ဤပစ္စည်းများသည် ဟိန္ဒူလူမျိုးများ ဖြစ်သော၊ ညီအစ်ကိုသုံးဦးတို့၏ လေ့ထုံးစဉ်များအရ၊ ဆက်ဆံမှုနှင့် မသက်ဆိုင်ဟု ယူဆရန်ခဲယဉ်းပေသည်။ သို့သော်၊ ၎င်း၏လျှောက်လဲချက်မှန်စေကာမူ၊ သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၄၂ အရ၊ မစွဲဆိုနိုင်ဟု တိကျစွာမငြင်းဆိုနိုင်ပေ။ ပုဒ်မ ၄၂ ကား ဤသို့ဆို၏။

"Any person entitled to any legal character, or to any right as to any property, may institute a suit against any person denying, or interested to deny, his title to such character or right, and the Court may in its discretion make therein a declaration that he is so entitled, and the plaintiff need not in such suit ask for any further relief."

အယူခံဘရားလို၏ ပညာရှိ ရှေ့နေကြီးသည်၊ ကျန်ပ်တို့ ကြေနပ်လောက်အောင် ဥပဒေ အချက်အလက်နှင့်သော်၎င်း၊ သက်ဆိုင်ရာစီရင်ထုံးများနှင့်သော်၎င်း၊ အထောက်အထား ပြုလုပ်၍ လျှောက်လဲခြင်း မပြုနိုင်ခဲ့ပေ။ The Burma Laws Act ပုဒ်မ ၁၃ (၁) နှင့် မသက်ဆိုင်ဟု ယူဆစေကာမူ၊ ပုဒ်မခွဲ (၃) က၊ ဤကဲ့သို့ မသက်ဆိုင်မှုမျှားတွင်၊ တရားမျှတ သာနာညီမျှစွာ ဩဇာပြုတရားဖြင့် ဆုံးဖြတ်ရမည်ဟု အဆိုရှိသည့်အတိုင်း၊ သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၄၂ နှင့် အကျုံးဝင်၍၊ အမှုကို တရားစွဲဆိုနိုင်ခွင့် ရှိသည်ဟု ကျွန်ုပ်တို့ ဆုံးဖြတ်ချက် ချမှတ်သိုက်သည်။ ဤဥပဒေအချက်နှင့် ပတ်သက်၍၊ ကျန်ုပ်တို့သည် အောက်ရုံးများ၏ ဆုံးဖြတ်ချက်များကို၊ ဝင်ရောက်စွက်ဖက်ရန် အကြောင်းမမြင်ပေ။

အထက်ဖေါ်ပြပါ အကြောင်းများကြောင့်၊ ဤအယူခံမှုကို စရိတ်နှင့်တကွ ပလပ် လိုက်သည်။ ရှေ့နေစရိတ်မှာ၊ ငွေ ၃၅၀ ဟု သတ်မှတ်လိုက်သည်။

တရားမ အယူခံမှု

တရားသူကြီးချုပ် ဦးဘိုကြီး ရွှေတင်

† ၁၉၆၄

ဒီဇင်ဘာလ ၁၅ ရက်။

ရွှေသမင်ဆီစက် (အယူခံတရားလို)

နှင့်

ဒူးဗါးမစ္စရာ (အယူခံတရားခံ) *

အလုပ်သမားလျော်ကြေးအက်ဥပဒေ—အမိန့်မချမှတ်မီ လက်မှတ်ပေးသောဆရာဝန်အား စစ်ဆေးရန်လိုခြင်းကိစ္စ—ပေးပြီးသောလျော်ကြေးကို နုတ်ရန်အမိန့်ချမှတ်ရန်ကိစ္စ။

ဆုံးဖြတ်ချက်။ ။အလုပ်သမားလျော်ကြေးမင်းကြီးသည်၊ ဒဏ်ရာရရှိသော အလုပ်သမားမျှားအား လျော်ကြေးငွေပေးရန် အမိန့်မချမှတ်မီ၊ ဆေးလက်မှတ်ပေးသည့် ခရိုင်ဆရာဝန်ကြီးအား စစ်ဆေးရန်လိုသည်။

မောင်တင်မောင်အို နှင့် မြည်ထောင်စုမြန်မာနိုင်ငံ လေကြောင်းသယ်ယူပို့ဆောင်ရေးဌာန ၁၉၅၂ ခုနှစ်၊ မြန်မာပြည်စီရင်ထုံးမျှား၊ တရားလွှတ်တော် စာ ၈၀ ကိုရည်ညွှန်းသည်။

ထို့ပြင် အလုပ်သမားလျော်ကြေးအက်ဥပဒေပုဒ်မ ၄ (၁) ခွင်းချက် (က)အရ၊ သက်ဆိုင်ရာအလုပ်သမားအား ဒဏ်ရာရရှိပြီးနောက်၊ အလုပ်ရှင်က်လျော်ကြေးငွေ တစုံတရာပေး မပေးကို မူကိုလည်း မင်းကြီးကစုံစမ်းစစ်ဆေးရမည်ဖြစ်သည်။

အယူခံတရားလုအတွက်။ ။ဦးတင်မောင်။

အယူခံတရားခံအဘွက်။ ။ဦးခေါင်ကြီး။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။အယူခံ တရားခံ ဒူးဗါးမစ္စရာသည်၊ ရန်ကုန်မြို့အောက်ပုဇွန်တောင်လမ်း ရွှေသမင် ဆီစက်၌ အလုပ်လုပ်နေစဉ် စက်လည်သည့် သားရေကြိုး (Belting)ဖြင့် ထိခိုက်ဒဏ်ရာရရှိရာမှအလုပ်ချိန်အတွင်း အလုပ်ခွင်မှ ဖြစ်ပေါ်သော ဒဏ်ရာရရှိခြင်း ဖြစ်သည်ဟု အလုပ်သမားလျော်ကြေးမင်းကြီး တွေ့ရှိ

---

* ၁၉၆၄ ခုနှစ်၊ တရားမအထွေထွေအယူခံမှုအမှတ် ၃၀။

† ၁၉၆၂ ခုနှစ်၊ ရန်ကုန်မြို့တွဲဘက်အလုပ်သမားလျော်ကြေးမင်းကြီးရုံးတော် အလည(လျော်)မှု အမှတ် ၂ တွင်၊ ၁၉၆၄ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်နေ့၌ ချမှတ်သောအမိန့်ကို အယူခံဝင်မှု။

ခဲ့၏။ ယင်းသို့တွေ့ရှိပြီးနောက်၊ ပြည်သူ့ဆေးရုံ ခရိုင်ဆရာဝန်ကြီး၏ သောက်ခံလွှာ ဆေးလက်မှတ်ပေါ် မူတည်၍ ထိုထိခိုက်ဒဏ်ရာ ရရှိမှုကြောင့် ဒူးဗေါ်းမစွရာသည် လုပ်အား ၈၅ ရာခိုင်နှုန်း ဆုံးရှုံးကြောင်း သတ်မှတ်၍ ၎င်းအားလျော်ကြေးငွေ ၃,၈၅၅ ကျပ် ၆၀ ပြားပေးဆောင်စေရန် အမိန့် ချမှတ်လိုက်သဖြင့် ရွှေသမင်ဆီစက် မန်နေဂျာ ယခုအယူခံဝင်ခြင်းဖြစ်သည်။

၁၉၆၄
ရွှေသမင်ဆီစက် နှင့် ဒူးဗေါ်းမစွရာ။

အမှုကို အသေးစိတ် စိစစ်ခြင်းမပြုမီ အချက်နှစ်ချက်နှင့် စပ်လျဉ်း၍ အလုပ်သမား လျော်ကြေးမင်းကြီးက သက်သေများ ထပ်မံစစ်ဆေးရန် လိုအပ်ကြောင်းနှင့် အယူခံ တရားလို၏ ပညာရှိ ရွှေနေကြီး လျောက်လဲ၏။ ပဌမအချက်မှာ အလုပ်သမား လျော်ကြေးမင်းကြီးသည် ခရိုင် ဆရာဝန်ကြီး၏ ဆေးလက်မှတ်ကို အသုံးပြုသည်မှာ သက်သေခံ မဝင်သော စာတမ်းကို အသုံးပြုသဖြင့် ဒူးဗေါ်းမစွရာသည် မည်ရွေမည်မျှ လုပ်အားဆုံးရှုံးကြောင်း တရားဝင်သော သက်သေခံချက် မရှိပါဟူသော အချက် ဖြစ်သည်။ ဤလျောက်ထားချက်ကို လက်ခံရမည်ဖြစ်သည်၊ **မောင်တင်မောင်အိ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ လေဆကြောင်း သယ်ယူပို့ဆောင်ရေးဌာန**၊ အမှု(၁)တွင် ဤအချက်နှင့် စပ်လျဉ်း၍ အဆုံးအဖြတ် ပြုခဲ့ပြီးဖြစ်သည်။

ဒုတိယအချက်မှာ [redacted] ခံတရားလိုသည် ကယ်ခံ ကရားခံအား လျော်ကြေးအဖြစ် ငွေစုစုပေါင်း ၇၂၀ ကျပ် ပေးခဲ့ပြီး ဖြစ်ပါလျက်၊ လျော်ကြေးငွေ သတ်မှတ်ရာ၌ ထိုပေးခဲ့ပြီးငွေကို မခုန်မိခြင်းမှာ မှားယွင်းပါသည်ဟု ပညာရှိ ရွှေနေကြီးက လျောက်လဲ ပြီး အလုပ်သမားလျော်ကြေး အက်ဥပဒေ ပုဒ်မ ၄ (၁) ခြွင်းချက် (က)ကို ကိုးကား၏။ ထိုခြွင်းချက် (က)မှာ အောက်ပါအတိုင်းဖြစ်သည်။

"**Provided that—**

(*a*) **there shall be deducted from any lump sum or half-monthly payments to which the workman is entitled the amount of any payment or allowance which the workman has received from the employer by way of compensation during the period of disablement prior to the receipt of such lump sum or of the first half-monthly payment, as the case may be;**

---

(၁) ၁၉၅၂ ခုနှစ်၊ မြန်မာပြည်စီရင်ထုံးများ၊ တရားလွှတ်တော်၊ စာ ၈၀။

စဉ်၆၄

ရွှေသမင်ဆီစက်နှင့် ဦးဗဟိုးမစ္စရော။

ပညာရှိ အလုပ်သမား လျော်ကြေးမင်းကြီးသည် ဒူးဗဟိုးမစ္စရာ ဒဏ်ရာရှိရပြီး နောက်၊ ၎င်းအား အယူခံတရားလိုက လျော်ကြေးအဖြစ် ငွေပေး မပေး အကယ်၍ ပေးခဲ့လျှင် မည်သွေမည်မျှပေးသည်ကို စုံစမ်းစစ်ဆေးရပေဦးမည်။

အထက်ဖော်ပြပါ အချက်နှစ်ချက်နှင့် စပ်လျဉ်း၍ သက်သေများ ထပ်မံစစ်ဆေးရန် အထူးသဖြင့် ဆေးလက်မှတ်ပေးသည့် ခရိုင်ဆရာဝန်ကြီးအား စစ်ဆေးရန်အမှုကို အလုပ်သမား လျော်ကြေးမင်းကြီးထံသို့ ပြန်လည်ပေးပို့လိုက်သည်။ တတ်နိုင်သမျှ လျင်မြန်စွာ စစ်ဆေးပြီးလျှင် အမှုကို ဤရုံးသို့ ပြန်လည်တင်ပို့ရန် ညွှန်ကြားလိုက်သည်။

တရားမ အယူခံမှု

တရားသူကြီးချုပ် ဦးဘိုကြီး၊ တရားသူကြီး ဦးထွန်းတင်နှင့် တရားသူကြီး ဦးကျော်ငဦး တို့ရှေ့တွင်

လုတ်နက်(သ်)၊ဆင်း(စ်) (အယူခံတရားလို)

နှင့်

ဗက်(ဒ်)နက်(သ်)ဆင်း ပါ ၄ (အယူခံတရားခံ) *

† ၁၉၆၄

အောက်တိုဘာ လ ၃ ရက်။

ဧာမေ့ထိန်းစာလျှောက်လွှာ၊ မခွဲခွါသေးသော ဟိန္ဒူမိသားစု ဟုတ်မဟုတ်ကိစ္စ—ဆုံးဖြတ်ခြင်း မပြုနိုင်ခြင်း၊ မီးသေသော်ဆုံးဖြတ်ချက် (Res judicata) မဟုတ်ခြင်း—နောက်စွဲသောတရားမကြီးမှုတွင် စဉ်းစားဆုံးဖြတ်ရန်လိုခြင်း။

ဆုံးဖြတ်ချက်။ ။သေဆုံးသူဟိန္ဒူတဦး ကျန်ရစ်သောပစ္စည်းများကို ထိန်းသိမ်းရန်အတွက် ဧာမေ့ထိန်းစာလျှောက်ထားရာတွင်၊ ခရိုင်တရားမတရားသူကြီးသည်၊ သေသူနှင့်အခြားသူ ၂ ဦး တို့မှာ မခွဲခွါသေးသော ဟိန္ဒူမိသားစုဟုတ်မဟုတ်ကိစ္စကို စစ်ဆေးဆုံးဖြတ်ခြင်းမပြုနိုင်။ အကယ်၍ ဆုံးဖြတ်ခဲ့လျှင်လည်း၊ ထိုဆုံးဖြတ်ချက်မှာ မီးသေပြီးဆုံးဖြတ်ချက် (Res judicata) မဖြစ်နိုင်။

သို့ဖြစ်၍ ၎င်းလျှောက်လွှာနောက်တွင် စွဲဆိုသောတရားမကြီးမှုကိုကျွန်အကြောင်းကြောင့်ပလပ်ခြင်းမပြုနိုင်။ ထိုအမှုကိုတရားဥပဒေအတိုင်း ဆက်လက်စစ်ဆေးရမည်ဖြစ်သည်။

မောင်ထွန်းရင် နှင့် မစိန်ရင် ပါ ၆ ဦး၊ အေ၊အိုင်၊အာရ်၊ ၁၉၂၃ ခုနှစ်၊ ရန်ကုန်၊ စာ ၉။

တင်(မ်)နိလီနီ နှင့် အိုင်ဆိုလင်စရေဘိရှိန်အမှု။ အေ၊ အိုင်၊အာရ်၊ ၁၉၆၂ ခုနှစ်၊ တရားလွှတ်တော် ချုပ်၊ စာ ၁၄၇၁။

ရာဇာရန်ဘဟာဒူးဆင်း နှင့် မူဆူမတ်လချူကိုစား၊ အိန္ဒိယအယူခံများ၊ အတွဲ ၁၂၊ စာ ၂၃။

အိုချာဗရမ်နာနာဘိုင် နှင့် ဒီလတ်တရမ်ဂျမီတရမ်၊ အိန္ဒိယစီရင်ထုံးများ၊ ဘုံဘိုင်၊ အတွဲ ၂၀၊ စာ ၆၄၄။

ဗီဗင်တရာပရာဆပ်စုကူး နှင့် စူရင်တရာပရာဆပ်စူကူး၊ အေ၊အိုင်၊အာရ်၊ ၁၉၂၀၊ ပတ္တနာ၊ စာ ၃၄၃ တို့ကိုရည်ညွှန်းသည်။

---

* ၁၉၆၂ ခုနှစ်၊ တရားမပဋမအယူခံမှုအမှတ် ၁၇။

† ၁၉၅၅ ခုနှစ်၊ တရားမကြီးမှုအမှတ် ၄ တွင်၊ ၁၉၆၂ ခုနှစ်၊ ဇန္နဝါရီလ ၃၁ ရက်နေ့စွဲပါတရားလွှတ်တော် မူလဘက်တရားဝန်ကြီး ဦးဘညွန့်မွန်းတော်၏ ချမှတ်သောအမိန့်ကိုအယူခံဝင်မှု။

၁၉၆၄

လုတ်နက်(သ်) ဆင်း (စ်) နှင့် ဗက်(ဒ်)နက် (သ်)ဆင်း ပါ ၄။

တိ၊အာရ်၊ကျီ၊ ပီလေး နှင့် မီနက်ရှီအမာ။ အိန္ဒိယစီရင်ထုံးများ၊ ရန်ကုန်အတွဲ ဂ၊ စာ ၃၉၊ တို့ကိုရည်ညွှန်း၍ ရှင်းလင်းပြသည်။

အယူခံတရားလိုအတွက်။ ။မစ္စတာ အင်၊အာရ်၊ ဘာဂျော်ဂျီ။

အယူခံတရားခံအတွက်။ ။မစ္စတာ ဂျေ၊အာရ်၊ချောင်ဒရီနှင့် ဦးဘဆွေ။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။ဤအယူခံမှုတွင် ပေါ်ပေါက်သည့် ပြဿနာမှာ ယခုအယူခံ တရားလိုလုတ်နက်(သ်)ဆင်း(စ်)စွဲဆိုသော တရားလွှတ်တော် မူလဘက် ဆိုင်ရာတရားမကြီးမှု အမှတ် ၄/၅၅ တွင် ယင်းလုတ်နက်(သ်)ဆင်း(စ်)၏ဖခင်၊ ပဌမ အယူခံတရားခံဗက်(ဒ်)နက်(သ်)ဆင်း၏ဖခင်နှင့် အခြားတဦးတို့သည် မခွဲခွါသေးသော ဟိန္ဒူမိသားစုဖြစ်၊ မဖြစ်ဟူ၍ ပေါ်ပေါက်သည့် ပြဿနာသည် ဗက်(ဒ်)နက်(သ်)ဆင်း က ၎င်း၏ဖခင် ဘာဘူဗစ်(ဂျ်)နက်(သ်)ဆင်းကျန်ရှိရစ်သော ပစ္စည်းကို ထိန်းသိမ်းရန် အတွက် မကွေးခရိုင် တရားမရုံး တရားမကြီးမှုအမှတ် ၁/၅၅ တွင်လျှောက်ထားရာ၌၊ အဆိုပါညီအစ်ကို ၃ ဦးတို့သည် မခွဲခွါသေးသောဟိန္ဒူမိသားစုမဟုတ်ကြောင်း ဆုံးဖြတ်ပြီးဖြစ်သဖြင့် မီးသေပြီး (Res judicata) ဖြစ်သလောဟူသည့် အချက်သာဖြစ်သည်။

၁၉၅၄ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်နေ့တွင် ဗက်(ဒ်)နက်(သ်)ဆင်း(စ်) သည်၊ မိမိ၏ ဖခင်ဘာဘူ ဗစ်(ဂျ်)နက်(သ်)ဆင်း ကျန်ရှိရစ်သည့် ပစ္စည်းကို အုပ်ချုပ်စီမံ ခန့်ခွဲရန် အတွက် အမွေထိန်းစာ လျှောက်ထားရာတွင် မကွေးခရိုင် တရားမရုံးက ကန့်ကွက်လွှာ များ ဆင့်ခေါ်ရာ၌ လုတ်နက်(သ်)ဆင်းနှင့် စတုတ္ထအယူခံ တရားခံ မောင်ဘလိုင် (ခေါ်) ဂိုပါ(လ်)နက်(သ်)ဆင်းတို့က ကန့်ကွက်လွှာများ တင်သွင်း၍ ဘာဘူ ဗစ်(ဂျ်)နက်(သ်)ဆင်း အပါအဝင် ညီအစ်ကို ၃ ဦးတို့သည်မခွဲခွါသေးသောဟိန္ဒူမိသား စု ဖြစ်သည်ဆိုကာ ဗက်(ဒ်)နက်(သ်)ဆင်း(စ်)၏ အမွေထိန်းစာ လျှောက်ထားချက် ကို လက်မခံနိုင်ကြောင်းဖြင့် ကန့်ကွက်ကြလေသည်။ ထို့နောက် ၁၉၅၅ ခုနှစ်၊ ဖေဖော် ဝါရီလ ၂ ရက်နေ့တွင် လုတ်နက်(သ်)ဆင်းသည် အဆိုပါ တရားလွှတ်တော် တရားမကြီး မှုအမှတ် ၄/၅၅ ကိုစွဲဆို၍၊ မိမိသည် ဟိန္ဒူမိသားစုဝင် တဦးဖြစ်ကြောင်းနှင့် မိမိရရန် ရှိသော ဝေစုကို ခွဲဝေရရှိရန်အတွက် တရားစွဲဆိုလေသည်။ အမှုအတောအတွင်း မောင်ဘလိုင် (ခေါ်) ဂိုပါ(လ်)နက်(သ်)ဆင်းနှင့် အခြား ၂ ဦးတို့ကို တရားခံများ အဖြစ် ထည့်သွင်းခဲ့လေသည်။ ထိုနှစ် ဧပြီလ ၁၁ ရက်နေ့ ကျရောက်ကာလ၊ လုတ် နက်(သ်)ဆင်း သည် မိမိ ထိုတရားမမှုကြီးကို စွဲဆိုပြီးဖြစ်သည်ကို အကြောင်းပြကာ ကန့်ကွက်လွှာကို ပြန်လည်ရုပ်သိမ်း၏။ မောင်ဘလိုင်မူကား ပြန်လည် ရုပ်သိမ်းခြင်း မပြုခဲ့။ သို့သော် ၎င်းတို့ ၂ ဦးသည် အမှုကို ဆက်လက်ခုံခြင်း မပြုကြတော့ခဲ့။

၁၉၆၄

လုတ်နက်(သ်) ဆင်း (စ်) နှင့် ဗက်(ဒ်)နက် (သ်)ဆင်း ပါ ၄။

ဗင်(ဒ်)နက်(သ်)ဆင်း ၏ သက်သေများကို စစ်ဆေးခြင်း ကျရောက်ကာသ ၎င်း၏ ပညာရှိရှေ့နေကြီး အကြံပေးချက်အရ၊ ခရိုင်တရားမရုံးသည်ဘာဘူ ဗစ်(ဂျ်)နက်(သ်) ဆင်း နှင့် ၎င်း၏ ညီအစ်ကို ၂ ဦးတို့သည် မခွဲခွါသေးသော ဟိန္ဒူမိသားစု ဖြစ် မဖြစ်၊ ဗက်(ဒ်)နက်(သ်)ဆင်းသည် ၎င်း၏ဖခင် ဗစ်(ဂျ်)နက်(သ်)ဆင်း၏ တဦးတည်းသော အမွေခံသားဖြစ် မဖြစ် ဆိုသည့် အချက်များကို အဓိကထား၍ ကောက်ချက်ထုတ်လေသည်။ ထို့နောက် ဗက်(ဒ်)နက်(သ်)ဆင်း တင်ပြသော သက်သေများကို စစ်ဆေးပြီး ခရိုင်တရားမရုံးသည် ထိုကောက်ချက်များကို ဖြေဆိုရာ၌၊ ဘာဘူ ဗစ်(ဂျ်) နက်(သ်) ဆင်း အပါအဝင် ညီအစ်ကို ၃ ဦးတို့သည် မခွဲခွါသေးသော ဟိန္ဒူမိသားစု မဟုတ်ကြောင်း။ ဗက်(ဒ်)နက်(သ်)ဆင်းသည် ၎င်း၏ဖခင် ဗစ်(ဂျ်)နက်(သ်) ဆင်း၏ တဦးတည်းသော အမွေခံသား ဖြစ်ကြောင်းနှင့် အဆုံးအဖြတ်ပြုလေသည်။ ထိုအဆုံးအဖြတ်ကို လုတ်နက်(သ်)ဆင်းက ဖြစ်စေ၊ မောင်ဘသိုင်က ဖြစ်စေ အယူမခံကြချေ။

ထို့နောက် တရားလွှတ်တော် တရားမကြီးမှုအမှတ် ၄/၅၅ တွင် တရားသူကြီးက ထိုခရိုင် ကရားမရုံး၏ အဆုံးအဖြတ်ကြောင့် တရားမကြီးမှုပေါ်တွင် ပေါ်ပေါက်သည့် ဘာဘူဗစ်(ဂျ်)နက်(သ်)ဆင်း အပါအဝင် ညီအစ်ကို ၃ ဦးတို့သည် မခွဲခွါသေးသည့် ဟိန္ဒူမိသားစုဖြစ် မဖြစ်ဆိုသည့် ပြဿနာမှာ မီးသေပြီးဖြစ်သည်ဟု ဆုံးဖြတ်၍ ယခု အမှုကို ပလပ်သိုက်၏။ ထို့ကြောင့် လုတ်နက်(သ်)ဆင်း ယခုအယူခံဝင်ခြင်းဖြစ်သည်။

ဤရုံးတွင် ဥပဒေကြောင်းဆိုင်ရာ အချက်နှစ်ချက်ကို အဓိကထား၍ ကြားနာသည် ထိုအချက်များမှာ ခရိုင် တရားမရုံးသည် အမွေထိန်းစာ လျှောက်တောင်းသည့် ကိစ္စကို စစ်ဆေး ကြားနာရာ၌၊ ဘာဘူဗစ်(ဂျ်)နက်(သ်)ဆင်း အပါအဝင် ညီအစ်ကို ၃ ဦးတို့သည် မခွဲခွါသေးသော ဟိန္ဒူမိသားစု ဖြစ် မဖြစ် ဆိုသည့်အချက်ကို စစ်ဆေးဆုံးဖြတ်ပိုင်ခွင့်ရှိမရှိ၊ အကယ်၍ စစ်ဆေးဆုံးဖြတ်ပိုင်ခွင့် ရှိသည်ဆိုစေကာမူထိုအချက်ကို ထိုအမှုတွင် ဆုံးဖြတ်ရန်လိုအပ် မလိုအပ်ဆိုသည့် အချက်များဖြစ်သည်။

အမွေဆက်ဆံရေး အက်ဥပဒေ ပုဒ်မ ၂၁၈ ကိုလိုအပ်သမျှ ဖော်ပြရသော် အောက်ပါအတိုင်းဖြစ်သည်။

To whom administration may be granted, where deceased is a Hindu, Muhammadan, Buddhist, Sikh, Jaina or exempted person.

"218. (1) If the deceased has died intestate and was a Hindu, Muhammadan, Buddhist, Sikh or Jaina or an exempted person, administration of his estate may be granted to any person who, according to the rules for the distribution of the estate applicable in the case of such deceased, would be entitled to the whole or any part of such deceased's estate."

၁၉၆၄

လုတ်နက်(သ)
ဆင်း(စ်)
နှင့်
ဗက်(ဒ်)နက်
(သ်)ဆင်း
ပါ ၄။

ထိပုဒ်မပါ ပြဋ္ဌာန်းချက်များကို လေ့လာသုံးသပ်ရာ၌ တရားရုံးသည် သေသူ ကျန်ရှိရစ်သော ပစ္စည်းကို မည်သူပိုင်ဆိုင်ခွင့် ရှိသည်ဆိုသည့် အချက်ကို ပဓါနထား၍ ဆုံးဖြတ်ရမည်မဟုတ်၊ ထိုပစ္စည်းကို သေသူ၏ တရားဝင်ကိုယ်စားလှယ်အဖြစ် မည်သူ အုပ်ချုပ် စီမံခန့်ခွဲသင့်သည် ဆိုသည့်အချက်ကို ပဓါနထား၍ ဆုံးဖြတ်ရမည်ဖြစ်ကြောင်း ပေါ်လွင်၏။ မည်သူအုပ်ချုပ် စီမံခန့်ခွဲထိုက်သည်ဆိုသည့် ပြဿနာကို စဉ်းစားရာ၌သာလျှင် ထိုသူသည် သက်ဆိုင်ရာ တရားဥပဒေအရ သေသူ၏ပစ္စည်း အားလုံးကိုဖြစ်စေ၊ တစိတ်တဒေသကိုဖြစ်စေ ပိုင်ဆိုင်ခွင့် ရှိသလောဟူသည့်အချက်ကို ထည့်သွင်းစဉ်းစားရန်ဖြစ်သည်။ ယင်းအချက် ထင်ရှားသည်မှာ ထိုပုဒ်မ ၂၁၊ ပုဒ်မခွဲ (၃) အရ၊ ထိုသို့ပိုင်ဆိုင်ခွင့်ရှိသူ လျောက်ထားခြင်း မပြုလျှင် တရားရုံးက သေသူ၏ မြို့ရွာအား အမွေထိန်းစာ ထုတ်ပေးနိုင်သည်ဆိုသော ပြဋ္ဌာန်းချက်ပင် ဖြစ်သည်။ ထို့ကြောင့်ပင် **မောင်ထွန်းရင်** နှင့် **မစိန်ရင်** ပါ ၆ **ဦးတို့အမှု** (၁)တွင် ယခင်တရားလွှတ်တော်က အောက်ပါအတိုင်း အဆုံးအဖြတ်ပြုခဲ့၏။

> "In a proceeding for grant of letters of administration, the question before the Court is one of representation to the estate and not of distribution, and it is only for the purpose of determining the question of representation that the Court is called upon to decide whether the applicant would be entitled to the whole or any part of estate of the deceased within the meaning of section 23 of the Probate and Administration Act, and that such a finding is not *res judicata* in a suit in which the question of title to the properties has to be determined."

အိန္ဒိယပြည် တရားလွှတ်တော်ချုပ်ကလည်းတင် **(မ်)နိလိနီ** နှင့် **အိုင်ဆိုလင်စရေ့ဘိရှိန်အမှု** (၂)တွင် အမွေထိန်းစာ ရရှိရန် လျောက်ထားသည့် အမှုမျိုးတွင် သေသူ ကျန်ရှိရစ်သည့် ပစ္စည်းကို မည်သူပိုင်သည် ဆိုသည့်အချက်ကို အဓိကထား၍ စဉ်းစားဆုံးဖြတ်သည် မဟုတ်သဖြင့် ထိုသို့ ပိုင်ဆိုင်ခွင့်နှင့် စပ်လျဉ်း၍ ဆုံးဖြတ်ချက်သည် မီးသေသော ဆုံးဖြတ်ချက်မျိုး မဟုတ်ကြောင်းနှင့် အဆုံးအဖြတ်ပြု၏။ **ရာဇာရန် ဘဟာဒူးဆင်း** နှင့် **မူဆူမတ်လချူကိုစားအမှု** (၃)ကိုလည်းကြည့်ပါ။

---

(၁) အေ၊အိုင်၊အာ(ရ်)၊ ၁၉၂၃ ခုနှစ်၊ ရန်ကုန် စာ ၉၈။

(၂) အေ၊အိုင်၊အာ(ရ်)၊ ၁၉၆၂ ခုနှစ်၊ တရားလွှတ်တော်ချုပ်၊ စာ ၁၄၇၁။

(၃) အိန္ဒိယအယူခံများ၊ အတွဲ ၁၂၊ စာ ၂၃။

၁၉၆၄

လုတ်နက်(သ်)]
ဆင်း(စ်)
နှင့်
ဗက်(ဒ်)နက်
(သ်)ဆင်း
ပါ ၄။

ကိုချာဗရမ်နာနာဘိုင် နှင့် **ဒီလက်တရမ် ဂျမီကရမ်အမှု** (၄)တွင် ပေါ်ပေါက်သော အကြောင်း ခြင်းရာများမှာ ဤအမှုပါ အကြောင်းခြင်းရာများနှင့် ထပ်တူထပ်မျှလိုပင် ဖြစ်သည်။ ထိုအမှုတွင်လည်း သေသူ၏ သားဖြစ်သူက မိမိ၏ဖခင် ကျန်ရှိရစ်သော ပစ္စည်းများကို အုပ်ချုပ် ထိန်းသိမ်းရန်အတွက် အမွေထိန်းစာ လျှောက်ထားသည်တွင် အခြားသူတဦးက မိမိနှင့် ထိုသေသူတို့သည် မခွဲခွါသေးသော ဟိန္ဒူမိသားစု ဖြစ်သည်ဆိုကာ ကန့်ကွက်လာ တင်သွင်း၏။ ဘုံဘိုင် တရားလွှတ်တော် ခုံရုံးက မခွဲခွါရသေးသော ဟိန္ဒူမိသားစုပိုင် ပစ္စည်းဆိုသည့် အချက်မှာ ထိုပစ္စည်းကို မည်သူပိုင်ဆိုင်ခွင့် ရှိသည်ဆိုသည့် အချက် ဖြစ်သောကြောင့် အမွေထိန်းစာထုတ်သည့်ရုံးက ထိုအချက်ကို စဉ်းစား ဆုံးဖြတ်ပိုင်ခွင့် မရှိကြောင်းနှင့် အဆုံးအဖြတ်ပြုခဲ့၏။ ထိုဆုံးဖြတ်ချက်ကို ပတ္တနာတရားလွှတ်တော်က **ဒီဗင်တရာပရာဆပ်စုကူး** နှင့် **စူရင်တရာပရာဆပ်စုကူး အမှု** (၅)တွင် လိုက်နာခဲ့၏။ ထိုပတ္တနာအမှုတွင် အမွေဆက်ခံစာ ထုတ်သည့်ရုံးက သေသူ၏ပစ္စည်းကို မည်သူပိုင်သနည်း ဆိုသည့် ပြဿနာကို စဉ်းစားဆုံးဖြတ်နိုင်သည်ဟု ဆို၏။သို့သော် ယင်းသို့ စဉ်းစားဆုံးဖြတ်ရာတွင် အမွေထိန်းစာအပြိုင်လျှောက်ထားသူ ၂ ဦးအနက်၊ မည်သူအား အမွေထိန်းစာ ထုတ်ပေးသင့်သည်ဆိုသည့် အချက်ကို စဉ်းစားရာ၌ လိုအပ်သည့် အခါမှသာ ဆုံးဖြတ်နိုင်သည်ဟု ဖော်ပြထား၏။ ထိုမြင်ကြားချက်မှာ အထက်တွင် ဖော်ပြခဲ့သည့် **မောင်ထွန်းရင်** နှင့် **မစိန်ရင်** ပါ ၆ ဦးတို့အမှု (၁)တွင် ဆုံးဖြတ်သည့်အတိုင်းပင် ဖြစ်၏။

ပဌမ အယူခံတရားခံ၏ ပညာရှိ ရှေ့နေကြီးက စီရင်ထုံး အမြောက်အမြားကိုးကား တင်ပြ၏။ သို့သော် ၎င်းတို့အနက် အနီးစပ်ဆုံး စီရင်ထုံးမှာ ယခင် ရန်ကုန်တရားလွှတ်တော် **တီ၊ အာန်၊ ဂျီ၊ ပီလေး** နှင့် **မိနက်ရှီအမာတို့အမှု** (၆) ဖြစ်သည်။ သို့သော် ထိုအမှုတွင် တရားလိုဖြစ်သူက မိမိသည် သေသူနှင့် မခွဲခွါသေးသော ဟိန္ဒူမိသားစု ဖြစ်သည်ဆိုသည့် အကြောင်းပြချက်ဖြင့် သေသူ၏ပစ္စည်းကို အုပ်ချုပ် စီမံခန့်ခွဲရန်အတွက် အမွေထိန်းစာ လျှောက်ထားရာ သေသူ၏ ဇနီးနှင့် သမီးတို့က ထိုအကြောင်းပြချက် မမှန်ကြောင်းနှင့် ကန့်ကွက်ရာတွင် ရန်ကုန်တရားလွှတ်တော်က မိတက်ရှရာ ဟိန္ဒူဓလေ့ ထုံးစံဥပဒေနှင့် သက်ဆိုင်သည့် မခွဲခွါသေးသော ဟိန္ဒူမိသားစုဝင်တဦးဖြစ်သည် ဆိုသူက ထိုမိသားစုဝင်တဦး သေဆုံးရာ၌ ထိုသူ၏ပစ္စည်းကို အုပ်ချုပ်စီမံခန့်ခွဲရန်အတွက် အမွေထိန်းစာ လျှောက်ထားခြင်း မပြုနိုင်ကြောင်းနှင့် အဆုံးအဖြတ် ပြုခဲ့လေသည်။ ထိုအမှုတွင် တရားလိုကိုယ်တိုင်ကပင် မိမိသည် မခွဲခွါ

(၄) အိန္ဒိယဒီဂျင်ထုံးများ၊ ဘုံဘိုင်၊ အတွဲ ၂၀၊ စာ ၆၄၄။
(၅) အေ၊ အိုင်၊ အာ(ရ်)၊ ၁၉၂၀၊ ပတ္တနာ၊ စာ ၃၄၃။
(၆) အိန္ဒိယစီရင်ထုံးများ၊ ရန်ကုန်၊ အတွဲ ၈၊ စာ ၃၉။

၁၉၆၄

လုတ်နက်(သ်) ဆင်း (စ်) နှင့် မက်(ဒ်)နက် (သ်)ဆင်း ပါ ၄။

သေးသောဟိန္နူမိသားစုဝင် တဦးဖြစ်ကြောင်းနှင့် အမွေထိန်းစာလျှောက်ထားသည်ကို သတိချပ်ရပေမည်။ အထက်၌ ဖေါ်ပြခဲ့သော ဘုံဘိုင်တရားလွှတ်တော်ရုံး အမှုနှင့် ပတ်သနာ တရားလွှတ်တော်ရုံး အမှုတို့တွင် ကန့်ကွက်သူ အသီးသီးက မိမိတို့သည် မခွဲခွါရသေးသော ဟိန္နူမိသားစုဝင်တဦး ဖြစ်သည်ဆိုကာ သေသူ၏ သာမန်အမွေဆက်ခံထိုက်သူတဦး အမွေထိန်းစာ လျှောက်ထားရာတွင် ကန့်ကွက်ကြခြင်းဖြစ်သည်။ ယခု အမှုမှာလည်း ထိုနည်းအတိုင်းပင် ဖြစ်သည်။ ပညာရှိ ရှေနေကြီးများ လျှောက်ထား ချက်အရ သေသူနှင့် ယခုအမှုသည်များမှာ မိတက်ရရာ ဟိန္နူမလေ့ ထုံးစံဥပဒေနှင့် သက်ဆိုင်သူများ ဖြစ်သည်ဟု သိရသည်။

အထက်ဖေါ်ပြပါ အကြောင်းများကြောင့် ခရိုင် တရားမရုံးသည် ဗစ်(ဂျ်)နက်(သ်)ဆင်း အပါအဝင် ညီအစ်ကို ၃ ဦးတို့သည် မခွဲခွါရသေးသော ဟိန္နူမိသားစု ဖြစ် မဖြစ်ဆိုသည့်အချက်မှာ သေသူ ကျန်ရှိရစ်သော ပစ္စည်းပိုင်ဆိုင်ခွင့်နှင့် အထင် အရှား ဆက်စပ်နေသောကြောင့်ပင် စစ်ဆေး ဆုံးဖြတ်ခြင်း မပြုနိုင်ပေ။ အကယ်၍ စစ်ဆေး ဆုံးဖြတ်ခဲ့လျှင်လည်း ထိုဆုံးဖြတ်ချက်မှာ မီးသေပြီး ဆုံးဖြတ်ချက် မဟုတ်နိုင်ဟူ၍ ဤရုံးက ဆုံးဖြတ်သိုက်သည်။

ထို့ကြောင့် အယူခံကို လက်ခံပြီးလျှင် မူလရုံး၏ အမိန့်နှင့် ဒီကရီကို တရားမ ကျင့်ထုံးအမိန့် ၄၁၊ နည်းဥပဒေ ၂၃ အရ၊ စရိတ်နှင့်တကွ ပယ်ဖျက်လိုက်ပြီး၊ အမှုကို မူလအမှတ်စဉ်အတိုင်း ပြန်လည်ထည့်သွင်းပြီး တရားဥပဒေအရ ဆက်လက်စစ်ဆေး ဆုံးဖြတ်ရန် အမိန့်ချမှတ်သိုက်သည်။ ဤရုံးရှေ့နေခမှာ ၁၅၀ ဖြစ်စေရမည်။

အယူခံတရားသို့ ဤရုံးတွင်ပေးဆောင်သော တံဆိပ်ခွန်ကို ၎င်းအားပြန်လည် ပေးအပ်ရမည်ဖြစ်သည်။

ရာဇဝတ် ပြင်ဆင်မှု

တရားသူကြီး ဦးမောင်မောင် ရွှေတွင်

အက်(စ်)၊ အင်(နှ်)၊ ဒန်နူကားး (ပြင်ဆင်ရန်လျှောက်ထားသူ)

နှင့်

အက်(စ်)၊ အာဆာကားး (ပြင်ဆင်ရန်လျှောက်ထားခံရသူ)*

† ၁၉၆၄ အောက်တို ဘာလ ၃ ရက်။

ဝါကိုင်ဘဝဋ်ပက္ခ ဥပဒေပုဒ်မ ၁၄(၇) ဖြန်ဖြေရေးမပြီးဆုံးမီ အလုပ်သမားအား ထုတ်ပယ်ခြင်း ဖြန်ဖြေရေး မည်သည့်အခါ၌ ပြီးဆုံးခြင်းကိစ္စ။ အလုပ်ထုတ်ခံရသော အလုပ်သမားက တရားစွဲဆိုနိုင်ခြင်း။

ဝါကိုင်ဘဝဋ်ပက္ခ အက်ဥပဒေပုဒ်မ ၁၄(၇)အရ၊ အလုပ်ရှင်သည် ဖြန်ဖြေရေးမပြီးဆုံးမီ အလုပ်သမားတဦးအား ထုတ်ခဲ့သလောဟူသောအချက်ကို စဉ်းစားဆုံးဖြတ်ရန်ရှိရာ။

ဆုံးဖြတ်ချက်။ ။ဥပဒေပြဋ္ဌာန်းချက်တို့အရ၊ ဖြန်ဖြေရေးအရာရှိ ရှေ့သို့ရောက်သောပဋိပက္ခ တရပ်သည်၊ နှစ်ဦးနှစ်ဘက်ကြေအေးမှုကို ရရှိခြင်းဖြင့်လည်း ပြီးဆုံးနိုင်သည်။ သို့တည်းမဟုတ် ဖြန်ဖြေရေးအရာရှိက နောက်ဆုံးတွင် လက်လျှော့၍ သက်ဆိုင်ရာဌာနသို့ အစီရင်ခံခြင်းဖြင့်လည်း ပြီးဆုံးနိုင်သည်။

သို့ဖြစ်၍အမှုတွင် အလုပ်သမားတဦးအား ပိုင်ရှင်က ၁၉၆၀ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့၌ ထုတ်ပယ်ခဲ့သော်လည်း၊ အလုပ်သမားအရာရှိက၊ ၁၉၆၀ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့မှသာ သက်ဆိုင်ရာဝန်ကြီးဌာနသို့ အစီရင်ခံစာတမ်းတင်သွင်းခဲ့ရာ၊ ထိုသို့ထုတ်ပယ်ခြင်းသည် ဝါကိုင်ဘဝဋ်ပက္ခ အက်ဥပဒေပုဒ်မ ၁၃(၇)နှင့် ငြိစွန်းသည်။

ထပ်မံဆုံးဖြတ်ချက်။ ။အလုပ်ထုတ်ခံရသော အလုပ်သမားသည်၊ ၎င်းပုဒ်မအရ၊ အလုပ်ရှင်အား အရေးယူရန် အမှုကိုစွဲဆိုနိုင်သည်။ 'အလုပ်သမားညွှန်ကြားရေးဝန်က စွဲဆိုရန်မလို။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။မစ္စတာ ဂျီ၊ အင်၊ ဘနာဂျီ။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။

တရားသူကြီး ဦးမောင်မောင်။ ။လျှောက်ထားသူ အက်(စ်)၊ အင်(နှ်)၊ ဒန်နူကားအား ရန်ကုန်မြို့၊ ၂ ရာဘက် ရာဇသတ်ဘရားသူကြီးက ဝါကိုင်ဘဝဋ်ပက္ခဥပဒေ ပုဒ်မ ၁၄ (၈)အရ၊ ပြစ်မှုဆင်ရွှားသည်ဟု တွေ့ရှိကာ ဒဏ်ခွင့် ၂၀၀ ပေးဆောင်စေရန်

* ၁၉၆၄ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၇၆(ခ)။

† ၁၉၆၀ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၉၇၃ တွင် ချမှတ်သော၊ ၁၉၆၃ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်နေ့နေ့စွဲပါ၊ ရန်ကုန်မြို့၊ ဒုတိယရာဘက် ရာဇဝတ်တရားသူကြီး၏ အမိန့်ကိုပြန်၍ပြင်ဆင်မှု။ ဝါကိုင်ဘဝဋ်ပက္ခ အက်ဥပဒေပုဒ်မ ၁၄(စ)အရ၊ မူပြစ်ထင်ရှားစီရင်ခြင်းကိုပြင်ဆင်မှု။

၁၉၆၄
အက်(စ်)၊အင်(နှ်)၊ဒန့်နူကား နှင့် အက်(စ်)၊အာ၊ ဆာကား။

အမိန့်ချမှတ်ခဲ့သည်။ လျောက်ထားသူသည် ရန်ကုန်မြို့ ရောက်စီရပ်ရွာရုံး၏ အုပ်ချုပ်မှုပါတနာဖြစ်၍ လျောက်ထားခံရသူ **ဆာကားသည် ၎င်းရပ်ရွာရုံးတွင် အလုပ်သမား တဦးဖြစ်ခဲ့သည်။** အလုပ်သမားများနှင့် အလုပ်ရှင်တို့သည် အလုပ်သမားများ၏ လုပ်သက်ဆုငွေ ဘောင်းဆိုခြင်းနှင့် ပတ်သက်၍ ပဋိပက္ခဖြစ်ခဲ့ကြရာ၊ အလုပ်သမားဌာနသို့ ၁၉၅၉ ခုနှစ်၊ မေလအတွင်းရောက်ရှိခဲ့ကြလေသည်။ ဥပဒေအရ ဖြန်ဖြေရေး အရာရှိက ဝင်ရောက် ဖြန်ဖြေသော်လည်း၊ အောင်မြင်ခြင်း မရှိခဲ့။ ၉-၁-၆၀ နေ့တွင် နှစ်ဘက်စုံညီ ဖြန်ဖြေရေးအရာရှိ ရှေ့မှောက်၌ တွေ့ဆုံကြပြီးနောက်တွင် ထိုကဲ့သို့ စုံညီစည်းဝေးခြင်းမပြုလုပ်နိုင် ခဲ့တော့ချေ။

၂၆-၂-၆၀ နေ့တွင် ရပ်ရွာရုံးပိုင်ရှင်များက ဆာကားအား အလုပ်မှ ထုတ်ပယ်လိုက်လေသည်။ ထိုကိစ္စနှင့် ပတ်သက်၍ ရပ်ရွာအလုပ်သမား အစည်းအရုံးက မူလရုံးတွင် သက်သေခံ (စ)ဖြင့် တင်သွင်းထားသော စာဖြင့် ရောက်စီရုံ ပိုင်ရှင်အား ကန့်ကွက်ခဲ့သည်။ ထိုကန့်ကွက်လွှာတွင် ဝါဏိဇ္ဇပဋိပက္ခပြင်ဆင်ချက်အက်ဥပဒေပုဒ်မ ၁၄ (ဂ)ကို ငြိုးငွမ်းသဖြင့် ဆာကားအား အလုပ်မှ ထုတ်ပစ်ခြင်းသည် မှုမမှန်၊ ဥပဒေနှင့် မညီသဖြင့် အမြန်ပြန်လည်၍ အလုပ်ခန့်အပ်ရန် တောင်းဆိုကြသည်။ သက်သေခံ (ဆ)အဖြစ် တင်သွင်းထားသော စာဖြင့်လည်း အလုပ်သမား ညွှန်ကြားရေးဝန်က ရပ်ရွာရုံးပိုင်ရှင် အား ဆာကားကို ပဋိပက္ခ ဖြန်ဖြေရေးအရာရှိက ဆောင်ရွက်နေဆဲ ဖြစ်ကြောင်း အက်ဥပဒေပုဒ်မ ၁၄ (ဂ)နှင့် ငြိစွန်းသည်ဟုယူဆကြောင်း အကြောင်းကြားခဲ့သည်။ ဆာကားကိုယ်တိုင်က ခရိုင်ရာဇဝတ် တရားသူကြီးရုံးသို့ သွားရောက်၍ လျောက်ထားသဖြင့် ဒန်နူကားအပေါ် အဆိုပါ ဥပဒေပုဒ်မအရ အရေးယူစစ်ဆေးကာ ပညာရှိ ဒုတိယရာဇာက် ရာဇဝတ်တရားသူကြီးက ပြစ်မှုထင်ရှားတွေ့၍ ဒဏ်ငွေတပ်ခဲ့ခြင်းဖြစ်ပေသည်။ ထိုအမိန့်မှ အယူခံဝင်ရာ ရန်ကုန်နှင့် ဟံသာဝတီခရိုင် စက်ရှင်တရားသူကြီးက ပြစ်မှုထင်ရှား တွေ့ရှိခြင်းကို အတည်ပြုခဲ့သည်။ သို့ရာတွင် ဒဏ်ငွေကိုသာ ၂၀၀ မှ ၁၀၀ သို့လျော့ပေါ့ အမိန့်ချမှတ်ခဲ့သည်။

ဤရုံးသို့ ပြင်ဆင်မှု လျောက်လွှာဖြင့် လျောက်ရာတွင် လျောက်ထားသူ၏ ပညာရှိရွေးနေကြီး မစ္စတာ ဘနာဂျီကအထူးလျောက်လဲသည်မှာ ဖြန်ဖြေရေး အရာရှိရွေတွင် ၉-၁-၆၀ နေ့၌ အလုပ်သမား အလုပ်ရှင်တို့စုံညီတွေ့ဆုံပြီးနောက်၊ ဖြန်ဖြေရေးမှာ **ပျက်ပြယ်ခဲ့ကြောင်း။ ထို့ကြောင့် ဖြန်ဖြေရေးအရာရှိ၏ ဆောင်ရွက်ဘွယ် ကိစ္စတို့မှာ** ထိုနေ့ဘွင်ပင် ပြီးဆုံးပြီဟု ပုဒ်ယူရမည်ဖြစ်ကြောင်း။ အက်ဥပဒေပုဒ်မ ၂၇ (က)၊ အပိုဒ်ငယ် (၅)တွင် ဖြန်ဖြေရေးအရာရှိသည် ဆောင်ရွက်ဘွယ်ကိစ္စများ ပြီးဆုံးသော

၁၉၆၄

အက်(စ်)၊အင်(နှ်)၊ ဒန်နူကား နှင့် အက်(စ်)၊အော၊ ဆာကား။

အခါ အကြောဆုံးတပတ်အတွင်း သက်ဆိုင်ရာသို့ အစီရင်ခံရမည်ဟု ပါရှိကြောင်းကို မစ္စတာ ဘနာဂျီက ရည်ညွှန်း၍ ၉-၁-၆၀ တွင်ဖြန်ဖြေရေးကိစ္စ ပြီးဆုံးပြီဖြစ်၍ ထိုမှ တပတ်အတွင်း ဖြန်ဖြေရေးအရာရှိက အစီရင်ခံရန်ဖြစ်ပါသည်။ ထိုတပတ်ကျော်သော် အခါ ဖြန်ဖြေရေးကိစ္စအဝဝ ပြီးဆုံးပြီဖြစ်၍ ၂၆-၂-၆၀ နေ့တွင် လျှောက်ထားခံရသူ အား အလုပ်မှ ထုတ်ပယ်သောအခါ၌ ဖြန်ဖြေရေးကိစ္စများလည်း မရှိတော့သဖြင့် ဥပဒေပုဒ်မ ၁၄ (၁)နှင့် ငြိစွန်းခြင်း မရှိနိုင်ပါ၊ အမှန်အားဖြင့် ၁၉-၃-၆၀ နေ့တွင်မှ ဖြန်ဖြေရေးအရာရှိကသက်ဆိုင်ရာဌာနသို့ ဖြန်ဖြေရေး မအောင်မြင်ကြောင်းကို အစီရင်ခံခဲ့ပါသည်။ ထိုကဲ့သို့ နှောင့်နှေးခြင်းမှာ ဖြန်ဖြေရေး အရာရှိ၏ တာဝန်သာ ဖြစ်ပါသည်၊ လျှောက်ထားသူ၏ တာဝန်မဟုတ်ပါ၊ ဖြန်ဖြေရေးအရာရှိ နှောင့်နှေးသဖြင့် မိမိ၏ အမှုသည်သည် လက်အောက်လုပ်သား တဦးအား ထုတ်ပယ်ခြင်းကြောင့် ရာဇဝတ်မှု ဖြစ်ရမည်ဆိုလျှင် တရားမျှတခြင်း မရှိပါဟု လျှောက်လဲသည်။

ယခုရှိ စက်ရှင်တရားသူကြီးသည် အယူခံကို ကြားနာသောအခါ၌ ဤအချက်ကို အထူးရရှုပြု၍ သုံးသပ်ခဲ့ပြီးဖြစ်သည်။သက်သေ အထောက်အထားများအရ၊ ၉-၁-၆၀ နေ့တွင် စုံညီစည်းဝေးခြင်းကို နောက်ဆုံး ပြုလုပ်ခဲ့သည် ဆိုသည်မှာ မှန်သော်လည်း၊ ၈-၂-၆၀ နေ့တွင် ဖြန်ဖြေရေးအရာရှိသည် ရုပ်ရှင်အလုပ်သမား အစည်းအရုံးမှ မည်သို့ ဆက်သက်၍ ဆောင်ရွက်သင့်ကြောင်း အကြံဉာဏ်များ ပေးသည့်စာရရှိသည်မှာ လည်းထင်ရှားသည်၊ ထိုစာအရ ဆက်သက်၍ ကြေအေးနိုင်ရန် ဖြန်ဖြေဘို့ ကြိုးစားခဲ့သည်ဟူ၍သည်း အလုပ်သမားအရာရှိ ဦးဘင်ကွမ်း (လိုပြ-၄) ၏ထွက်ဆိုချက်တွင် ပါရှိသည်။ သို့ရာတွင် စာရပြီးနောက် တွေ့ဆုံဆွေးနွေး၍ မဖြစ်သဖြင့် နောက်ဆုံး၌ ၄-၃-၆၀ နေ့တွင် သက်ဆိုင်ရာန်ကြီးဌာနသို့ အစီရင်ခံကာ ဝါကိုင်ခုံရုံး ပွဲစည်းစေခဲ့ရပါသည်ဟု ဦးဘင်ကွမ်းက ထွက်ဆိုသွားသည်။ ထိုအချက်များကို ထောက်ရှုလျှင် အက်ဥပဒေပုဒ်မ ၁၄ (၁)ပါ ပြဋ္ဌာန်းချက်နှင့် ပတ်သက်၍ ဖြန်ဖြေရေးအရာရှိ၏ ဆောင်ရွက်ဘုံသ် ကိစ္စတို့သည် မပြီးဆုံးသေးသည်မှာ ထင်ရှားသည်။ ဥပဒေ ပြဋ္ဌာန်းချက်တို့အရ၊ ဖြန်ဖြေရေးအရာရှိရှေ့သို့ ရောက်သောပဋိပက္ခ တရပ်သည်နှစ်ဦးနှစ်ဘက် ကြေအေးမှုကို ရရှိခြင်းဖြင့်လည်း ပြီးဆုံးနိုင်သည်၊ သို့တည်းမဟုတ် ဖြန်ဖြေရေးအရာရှိကနောက်ဆုံးတွင် လက်လျော့၍ သက်ဆိုင်ရာဌာနသို့အစီရင်ခံခြင်းဖြင့်လည်း ပြီးဆုံးနိုင်သည်၊ ဖြန်ဖြေ၍မရဟု အစီရင်ခံလျှင်၊ လိုအပ်က ဝါကိုင်ခုံရုံးပွဲစည်းကာ စစ်ဆေးကြားနာစီရင်ရန် ဖြစ်ပေသည်။ ယခုအမှုတွင် ကြေအေးမှုပြုခြင်းဖြင့် ဖြန်ဖြေရေး အရာရှိရှေ့မှောက်၌ ပြီးဆုံးခဲ့သည်မဟုတ်သည်မှာ ထင်ရှားသည်၊ ဝို့ကြောင့်ဖြန်ဖြေရေး အရာရှိကဖြန်ဖြေ၍ မရကြောင်းကို သက်ဆိုင်ရာဌာနသို့အစီရင် မခံမီအတွင်းဖြန်ဖြေရေး

၁၉၆၄

အက်(စ်)၊အင်(နှ်)၊ဒန်နူကား နှင့် အက်(စ်)၊အာ၊ ဆာကား ။

အရာရှိ၏ ဆောင်ရွက်ဘုယ် ကိစ္စတို့သည် မပြီးမပြတ် ရှိနေသည်ဟု ယူဆရပေမည်။ ထို့ကြောင့်အစီရင်ခံစာတင်သွင်းသည့် ၁၄-၃-၆၀ နေ့မတိုင်မီ ၂၆-၂-၆၀ နေ့၌အလုပ်ရှင်က အလုပ်သမားကို ထုတ်ပယ်လိုက်ခြင်းသည် ဥပဒေ ပုဒ်မ ၁၄ (၄)နှင့် ငြိစွန်းပေသည်။

မစွတာ ဘနာဂျီက ဆက်လက်လျှောက်လဲသည်မှာ ဖြန်ဖြေရေး အရာရှိသည် အမှုကိုစုံစမ်း လေပါင်း နှစ်ပေါင်း ကြာမြင့်စွာထားလျှင် အလုပ်ရှင်မှာ မည်သို့မျှ အလုပ်ကို ထုတ်ပယ်ခွင့် မရှိတော့သည့် အခြေဆိုက်နိုင်ပါသည်။ ဝါကာ်ဇ် ပဋိပက္ခ ဥပဒေကို ပြဋ္ဌာန်းသူတို့က ထိုသို့ရည်ရွယ်ခဲ့မည်မဟုတ်ပါ။ ထို့ကြောင့် ရုံးအနေနှင့် ဖြန်ဖြေရေး အရာရှိရှေ့တွင် ဆောင်ရွက်စရာ ရှိသောကိစ္စသည် နောက်ဆုံး ဆွေးနွေးကြသည့် နေ့ရက်မှ စတင်ကြာသောအခါ ပြီးဆုံးသည်ဟု ယူဆသင့်ပါသည်ဟု လျှောက်လဲသည်။ သို့ရာတွင် အမှန်အားဖြင့် ဖြန်ဖြေရေး ကိစ္စသည် လေပါင်းနှစ်ပေါင်းများစွာ ကြာမြင့်ရန်မဟုတ်၊နှစ်ဦးနှစ်ဘက်တွေ့ဆုံဆွေးနွေးခြင်းဖြင့် ကြေအေးရာကြေအေးကြောင်း လမ်းကို ရှာခြင်းသာဖြစ်သည်။ ဖြန်ဖြေရေးကိစ္စ မအောင်မြင်လျှင် ခုံရုံးသို့ အမှုရောက်ရန် သာရှိသည်။ ဤအမှုတွင် သက်သေခံချက်များအရ ဖြန်ဖြေရေးအရာရှိရှေ့တွင် များစွာ ကြာမြင့်ခဲ့သည်ဟူ၍ မဆိုသာချေ။ အားလုံးစုံညီတွေ့ဆုံပြီး ၂ လအတွင်း အခြားသာနည်းလမ်းများကို ရှာဖွေ၍ မရသဖြင့်ဖြန်ဖြေရေးအရာရှိက အစီရင်ခံခဲ့ပေသည်။

ဝါကာ်ဇ် ပဋိပက္ခဥပဒေသည် အလုပ်ရှင်က အလုပ်သမားကို လွှတ်လပ်စွာထုတ်ပယ်နိုင်ခွင့်ကို တားမြစ် ချုတ်ချယ်သည်မှန်၏။ သို့ရာတွင် အကယ်၍သာ ပဋိပက္ခကို ဖြန်ဖြေနေစဉ်အတွင်း၊ သို့မဟုတ် နောက်တဆင့် အနေနှင့် ဝါကာ်ဇ်ခုံရုံးက အမှုကို ကြားနာနေစဉ်အတွင်း အလုပ်ရှင်က အလုပ်သမားများကို လွှတ်လပ်စွာ ထုတ်ပယ်နိုင်လျှင် အလုပ်သမားများအတွက် များစွာ နစ်နာဘွယ်လည်းရှိသည်။ပဋိပက္ခကို ဖြန်ဖြေခြင်း၊ ခုံရုံးက စစ်ဆေးခြင်းတို့၏ ရည်ရွယ်ချက်သည်လည်း ထမြောက်နိုင်မည် မဟုတ်တော့ချေ။ ထို့ကြောင့် ဥပဒေပုဒ်မ ၁၄ (၇)မှ ပြဋ္ဌာန်းချက်တို့ကို ထည့်သွင်း၍ ထားရှိရခြင်း ဖြစ်ပေသည်။

မစွတာ ဘနာဂျီက အမှုကိုစုံဆိုလိုလျှင် အလုပ်သမား ညှဉ်ကြားရေးဝန်ကသာစဉ်ဆိုသင့်ပါလျက်၊ ဆာကားကစွဲခဲ့ခြင်းသည် ဥပဒေနှင့် မညီပါဟု လျှောက်လဲပြန်သည်။ သို့ရာတွင် ဥပဒေက အလုပ်သမား ညှဉ်ကြားရေးဝန်ကသာ အမှုဖွင့်ရမည်ဟု မဆိုပေ။ ဆာကား ကိုယ်တိုင်ကလည်း အလုပ်မှ ထုတ်ပယ်ခြင်းခံရသူဖြစ်၍ နစ်နာသူတဦး အနေနှင့် အမှုဖွင့်လှစ်ခဲ့ခြင်းဖြစ်ပေသည်။ပညာရှိ စက်ရှင် တရားသူကြီးက အယူခံကို ဆုံးဖြတ်သောအခါ ဆာကားက အလုပ်ရှင်အား အာဃာတတရားထားသည်ဟု ယူဆကာ

လျှောက်ထားသူအား ပေးဆောင်ရန် ချမှတ်ထားသည့် ဒဏ်ငွေကို လျော့ပေါ့ခဲ့သည်။ မစွတာ ဘနာဂျီက လျှောက်လဲသည့် ဆာကားက အာဃာတတရား ထားသည် ဟူသည့်အချက်နှင့် ပတ်သက်၍ ပဌမအယူခံရုံးက ဆုံးဖြတ်ပြီး ဖြစ်ပေသည်။ ထို့ကြောင့် ထိုအချက်နှင့် ပတ်သက်၍ ယခုပြင်ဆင်မှုတွင် မည်သို့မျှ ပြင်ဆင်ရန်မလိုပေ။

1964

အက်(စ်)၊အင်(နှ်)၊ဒနှ်နှကား နှင့် အက်(စ်)၊အာဒ ဆာကား။

အထက်ပါ အကြောင်းအချက်တို့ကို ထောက်ချင့်လျှင် စွက်ဖက်ပြင်ဆင်ရန် အကြောင်း မရှိသဖြင့် ဤပြင်ဆင်မှုကို ပလပ်လိုက်သည်။

ရာဇဝတ် အယူခံမှု

တရားသူကြီးချုပ် ဦးဘိုကြီး၊ တရားသူကြီး ဦးထွန်းတင်နှင့် တရားသူကြီး ဦးကျော်ဇံဦး တို့ရှေ့တွင်

† ၁၉၆၄

အောက်တိုဘာ လ ၁ ရက်။

အမ်၊ ဘီ၊ အူးလား (ခေါ်) ဦးဘိုးစိန် (အယူခံတရားလို)

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ (အယူခံတရားခံ) *

လွှတ်ငြိမ်းချမ်းသာခွင့်အမိန့် စေတီတော်၏ဌာပနာဝပစ္စည်း ပုဂ္ဂလိကပိုင်ပစ္စည်းများဖြစ်ခြင်း ခိုးယူမှု အတွက် ဂေါပကအဖွဲ့ဝင်က တိုင်တန်းနိုင်ခြင်း။

ဆုံးဖြတ်ချက်။ ။စေတီတော်၏ဌာပနာဝပစ္စည်းများမှာ၊ အများကလှူဒါန်းထားသောဝပစ္စည်းများဖြစ်သဖြင့်၊ စေတီတော်ရှိပုဂ္ဂလိကပိုင် ပစ္စည်းများဖြစ်သည်။ ထိုပစ္စည်းများကို ခိုးယူရာ၌၊ စေတီတော်၏အကျိုးကို ထိခိုက်နစ်နာစေသည်။ ထိုပစ္စည်းများကို ဂေါပကအဖွဲ့ကထိန်းသိမ်းစောင့်ရှောက်နေရာ၊ အဖွဲ့ဝင်တဦးဖြစ်သူက တိုင်တန်းနိုင်သည်။

ၚင်းကြောင့် လွှတ်ငြိမ်းချမ်းသာခွင့်အမိန့်အပိုဒ် ၁ (၂)နှင့် အကျုံးမဝင်။

အယူခံတရားလိုအတွက်။ ။ဦးဖသာထော်။ မစ္စဘာ အက်(စ်)၊အယ်(လ်)၊ဗဟိုးမား။

အယူခံတရားခံအတွက်။ ။ဦးဘကျော်။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။၁၉၆၄ ခုနှစ်၊ မတ်လ ၂၃ ရက်နေ့က ဤရုံးသည် အယူခံတရားလို အမ်၊ဘီ၊ အူးလား (ခေါ်) ဦးဘိုးစိန်အား၊ ၎င်းကျူးလွန်သည်ဆိုသော ပြစ်မှုသည်၊ ၁၉၆၃ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ၏လွှတ်ငြိမ်းချမ်းသာခွင့်အမိန့်တွင် အကျုံးဝင်-မဝင် ဟူသော အချက်နှင့်စပ်လျဉ်း၍သာ အယူခံရန် အခွင့်ထူးပေးခဲ့၏။ အမှုအကြောင်းခြင်းရာနှင့် စပ်လျဉ်း၍သော်ငင်း၊ ဥပဒေကြောင်းဆိုင်ရာ အချက်များနှင့် စပ်လျဉ်း၍သော်ငင်း အယူခံရန်အတွက် အခွင့်ထူးမပေးခဲ့ခဲ့ချေ။

---

* ၁၉၆၄ ခုနှစ်၊ အထူးရာဇဝတ်အယူခံမှုအမှတ် ၁။

† ၁၉၆၃ ခုနှစ်၊ ရာဇဝတ်မှုအယူခံမှုအမှတ် ၁၂ တွင် ချမှတ်သော၊ ၁၉၆၃ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်နေ့စွဲပါ၊ ရန်ကုန်မြို့တရားရုံးချုပ် တရားသူကြီး ဦးစောဘသိန်း၏ အမိန့်ကိုအယူခံမှု။ ရာဇသတ်အက်ဥပဒေ ၄၅၇(၂)၊ ၁၁၄ အရ၊ ပြစ်မှုထင်ရှားစီရင်ခြင်းကို အယူခံမှု။

၁၉၆၄

အမ်၊ ဘီ၊ အူးလား (ခေါ်) ဦးဘိုးစိန် နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

ယခုကိစ္စအလို့ငှါ အမှုအကြောင်းခြင်းရာကို လိုအပ်သမျှ ဖေါ်ပြရသော် တရားသူကြီး ဦးစောဘသိန်း၏ စီရင်ချက်အရ အောက်ပါအတိုင်း ဖြစ်သည်။

"စစ်ကိုင်းမြို့၊ ရတနာဆင်မျိုးရွာ စောဘီတော် ပြင်ဆင်ရန်၊ ဘဏ္ဍာတော်ထိန်း၊ ဂေါပကအဖွဲ့-ဖွဲ့စည်းထားရာ၊ ဦးလှဒင် (လိုပြ-၁) သည် အဆိုပါအဖွဲ့၏ အတွင်းရေးမှူးဖြစ်၏။ ၁၃၁၈ ခုနှစ်၊ ဝါဆိုလတွင် ငလျင်လှုပ်ရာ၊ ဆင်မျိုးရွာစေတီတော်ကြီးသည် ငလျင်လှုပ်ရှားသည့်ဒဏ်ကို မခံနိုင်သဖြင့် ပြိုကျသွား၏။ ထိုအခါစေတီတော်ကြီးကိုဖျက်၍ ဌာပနာမျိုးကို ခါတ်တော်တိုက်တွင် ထည့်သွင်း၍ ထားပြီး၊ ပြည်သူလူထုအား ကြည့်ရှုဖူးမျှော်စေ၏။

ဖေါ်ပြပါ၊ ခါတ်တော်တိုက်တွင်ထားရှိသော ဆင်မျိုးရွာ စေတီတော်၏ ဒေကိုးအနုဂ္ဂတန် ဌာပနာပစ္စည်းများ၊ ခိုးသားထားပြဘေးမှ လွတ်ကင်းရန် စစ်ကိုင်းမြို့၊ သီးသန့်ခဲ့ဌာနာမှ ရဲအဖွဲ့တဖွဲ့သည် အာဿည့်ကျ နေ့ဆောညပါ စောင့်ရှောက်လျက်ရှိ၏။

၁၉၆၁ ခုနှစ်၊ ဇွန်လ ၆ ရက်နေ့ညတွင်၊ မသမာလူဆိုးတို့သည် အဆိုပါခါတ်တော်တိုက်ကိုဖွင့်ဖေါက်၍၊ ဌာပနာပစ္စည်းများကို ခိုးယူသွားကြရာ၊ ဘဏ္ဍာတော်ထိန်းအဖွဲ့အဘွင်းရေးမှူး ဦးလှဒင် (လိုပြ-၁) က၊ နံနက် ၅ နာရီအချိန်တွင် သိရှိသည့်အခါ၊ စစ်ကိုင်းမြို့ ရဲဌာနာတွင်သတင်းပေးတိုင်ကြားသဖြင့်၊ သက်ဆိုင်ရာ ရဲအရာရှိက ဤအမှုကိုလိုအပ်သလို စစ်ဆေးစုံစမ်းပြီး၊ ဘမ်းဆီးရမိသော တရားခံ မစ္စတာ အမ်၊ဘီ၊ အူးလား ပါ ၁၀ ယောက်ဘို့အား ရုံးတင်တရားစွဲဆိုသည်။ စစ်ကိုင်းမြို့မှ၊ ပဌမ ရာဘက် ရာဇဝတ်တရားသူကြီးက တရားခံများအနက်၊ တရားခံ မောင်ကျော်ဒွန်းကိုသာ အပြစ်ပေး၍ ကျန်တရားခံများအား တရားသေသွတ်လိုက်သဖြင့် မြန်မာနိုင်ငံတော် အစိုးရက-မကျေနပ်၍ ဤရုံးသို့ အယူခံဝင်သည်။"

ပြည်ထောင်စု မြန်မာနိုင်ငံအစိုးရက ယခုအယူခံတရားလိုအပေါ်၌ အယူခံဝင်ရာတွင် တရားသူကြီး ဦးစောဘသိန်းသည် ၎င်းအား ရာဇသတ်ကြီး ပုဒ်မ ၄၅၇(၂)/၁၁၄ အရ ပြစ်မှုထင်ရှားစီရင်၍ ထောင်ဒဏ် ၂ နှစ်ကျခံစေခန်း အမိန့်ချမှတ်လိုက်သည်။ ထို့ကြောင့် ယခုအယူခံဝင်ခြင်းဖြစ်သည်။

အယူခံတရားလိုသည် ပြည်ထောင်စု မြန်မာနိုင်ငံသားဖြစ်ကြောင်းနှင့် ပညာရှိအစိုးရရွေးနေကြီးကဝန်ခံ၏။ သို့သော် တရားသူကြီး ဦးစောဘသိန်းရုံး၌ တင်ပြလျောက်လဲသည့်နည်းတူ၊ အယူခံတရားလို၏ ပြစ်မှုသည် အဆိုပါ လွတ်ငြိမ်းချမ်းသာခွင့်အမိန့်တွင် အကျုံးမဝင်ပါဟု ဤရုံးတွင်လည်း လျောက်လဲပြန်သေး၏။

၁၉၆၄

အမ်၊ ဘီ၊ အူးလား (ခေါ်) ဦးဘိုးစိန် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ။

ရတနာဆောင်များရှင်စေတီတော်ပိုင် ပစ္စည်းများကို ထိန်းသိမ်း စောင့်ရှောက်ရန် အတွက်၊ ဘဏ္ဍာတော်သိန်း ဂေါပကအဖွဲ့ကို တရားမကျင့်ထုံးပုဒ်မ ၉၂ ပါပြဋ္ဌာန်းချက် များအရ တရားရုံးကဖွဲ့စည်းခဲ့ဟန်မတူချေ။ သို့သော် ထိုပစ္စည်းများကို ထိန်းသိမ်း စောင့်ရှောက်ရန်အတွက် သံဃာဂေါပကအဖွဲ့နှင့် လူဂေါပကအဖွဲ့ အသီးသီး ဖွဲ့စည်း ထားကြောင်း သက်သေ ဦးလှဒင်(လို့ပြော-၁) ၏ထွက်ဆိုချက်အရ ထင်ရှား၏။ ဦးလှဒင် သည် လူဂေါပကအဖွဲ့၏ အတွင်းရေးမှူးဖြစ်သည့် အားလျော်စွာ၊ ရတနာစေတီတော် ဌာပနာ ပစ္စည်းများကို ဖေါက်ထွင်းခိုးယူကြောင်း သိရှိရသည့်အခါ၊ စစ်ကိုင်း ရဲဌာနာသို့ စာဖြင့် တိုင်ကြား၏။

စေတီတော်ရှိ ဌာပနာပစ္စည်းများမှာ စေတီတော်အား ပုဒ္ဓဘာသာဝင်များက အာလျှပြတ် လှူဒါန်းသောပစ္စည်းများဖြစ်သဖြင့် စေတီတော် ပုဂ္ဂလိကပိုင်ပစ္စည်းများ ဖြစ်သည်ဟု ယူဆရပေမည်။ ထိုပစ္စည်းများကို အခြားစေတီတော်များသော်ငင်း၊ အများပြည်သူတို့သော်ငင်း ပိုင်ဆိုင်ခွင့်မရှိချေ။ ထိုပစ္စည်းများကို စေတီတော်အတွက် ဂေါပကအဖွဲ့က လက်ရှိထား၍ ထိန်းသိမ်းစောင့်ရှောက် ရလေသည်။ ယင်းသို့ ထိန်း သိမ်းစောင့်ရှောက်နေသည့်အတွင်း၊ လူမသမာမျာ ထိုပစ္စည်းများကို ခိုးယူသည် ဖြစ်ရာ၊ စေတီတော်၏အကျိုးကို ထိခိုက်နစ်နာစေသည်ဟု ယူဆရမည်ဖြစ်သည်။ ယင်းသို့ဖြစ်ရာ ဦးလှဒင်သည် ဂေါပကအဖွဲ့ဝင်တဦး အနေဖြင့် ရဲဌာနာသို့ တိုင်တမ်းခြင်း ဖြစ်သည်။

အထက်ဖေါ်ပြပါအကြောင်းများကြောင့်၊ ယခုအမှုခင်းသည် ၁၉၆၃ ခုနှစ်၊ လွတ် ငြိမ်းချမ်းသာခွင့်အမိန့်အပိုဒ် ၁ (၂) တွင် အကဲ့ဖြတ်မဝင်ဟု ဆုံးဖြတ်ပြီး၊ အယူခံကို ပယ်လိုက်သည်။

တရားမအထွေထွေ

တရားသူကြီးချုပ် ဦးဘိုကြီးရွှေတွင်

ဦးခန္တီစာရ (စောဒက)

နှင့်

ဦးဥာဏာမ ပါ ၃ (စုဒိတကများ)*

† ၁၉၆၄

နိုဝင်ဘာလ ၁၈ ရက်။

ဝိနိစ္ဆယဋီကာနှင့် ဝိနိစ္ဆယအက်ဥပဒေ၊ မရွှေပြောင်းနိုင်သော ပစ္စည်းကို လှူဒါန်းရာ၌၊ မှတ်ပုံတင် စာချုပ်ဖြင့် ပြုလုပ်ရန်လိုအပ်ခြင်း။

ဆုံးဖြတ်ချက်။ ။ဝိနိစ္ဆယဋီကာနှင့် ဝိနိစ္ဆယအက်ဥပဒေ ပုဒ်မ ၃၀-၃၁ ပါ ပြဋ္ဌာန်းချက်များအတိုင်းဆိုလျှင် မရွှေပြောင်းနိုင်သောပစ္စည်းကို လှူဒါန်းပေးအပ်ရာ၌၊ မှတ်ပုံတင်စာချုပ်ဖြင့်သာ ပြု လုပ်နိုင်မည်ဖြစ်၏။ ယင်းသို့ ပြီဋ္ဌာန်းရသည့် အကြောင်းရင်းမှာ ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေအရ၊ မရွှေပြောင်းနိုင်သော ပစ္စည်းကို လှူဒါန်းပေးအပ်လျှင်၊ မှတ်ပုံတင် စာချုပ်ဖြင့်သာ ပြုလုပ်နိုင်ကြောင်း ပါရှိသောကြောင့်ဖြစ်သည်။

ဒေါ်အိ ပါ ၆ နှင့် ပြည်မြို့နယ် ဝိနိစ္ဆယဋီကာန ပါ ၄၊ ၁၉၅၈ ခုနှစ်၊ မြန်မာပြည်စီရင်ထုံးများ တရားလွှတ်တော်ချုပ်၊ စာ ၁၀၇။

ဦးကံဆင့် ပါ ၆ နှင့် ဦးဇာဂရ ပါ ၇၊ ၁၉၅၉ ခုနှစ်၊ မြန်မာပြည် စီရင်ထုံးများ၊ တရားလွှတ်တော်ချုပ်၊ စာ ၁၃၉။

ဦးထွန်းဖေနှင့် ဦးစံလှ ပါ ၄၊ တရားရုံးချုပ်၊ ၁၉၆၄ ခုနှစ်၊ တရားမ အထွေထွေ လျှောက်လွှာအမှတ် ၇၃ တို့ကို ရည်ညွှန်းသည်။

စောဒကအတွက်။ ။ဦးဘဆွေ။

စုဒိတက ၁ အတွက်။ ။ဦးဘသန်း (၁)။

စုဒိတက ၂၊ ၃ အတွက်။ ။အစိုးရရှေ့နေကြီး ဦးဘကြိုင်။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။ယခု ဝိဝါဒါဓိကရဏ်းမှုကို မကွေးမြို့နယ် ယာယီဝိနိစ္ဆယဋီကာနသို့ တင်သွင်းစစ်ဆေးဆုံးဖြတ်ခဲ့သည်ဖြစ်ရာ၊ သက်ဆိုင်ရာ တရားဥပဒေမှာ

---

* ၁၉၆၄ ခုနှစ်၊ တရားမအထွေထွေ လျှောက်လွှာအမှတ် ၁၀၅။

† မန္တလေးမြို့၊ နိုင်ငံတော်ဝိနိစ္ဆယဋီကာတော်၏ အမှုတွဲအမှတ်စဉ် (၇) နှစ်ပေါင်း တွင်၊ ၁၉၆၄ ခုနှစ်၊ ဇွန်လ ၂၇ ရက်နေ့စွဲဖြင့် ချမှတ်သောဆုံးဖြတ်ချက်ကို ပယ်ဖျက်ရန် အမှုခေါ်စာချွန်တော်လျှောက်လွှာ။

၁၉၆၄

ဦးခန္တီစာရ
နှင့်
ဦးဥတ္တမ ပါ ၃။

ယာယီဝိနိစ္ဆယဌာန အက်ဉ်ပဒေဖြစ်သည်။ ထိုအက်ဉ်ပဒေပုဒ်မ ၆ မှာ အောက်ပါအတိုင်းဖြစ်သည်။

"၆။ ။ပုဒ်မ ၄ အရ၊ ဝိနည်းခမ္မကံ၊ အဓိကရဏ်းမှုကို ကြားနာစစ်ဆေးစီရင်သည့် ယာယီဝိနိစ္ဆယဌာနသည်၊ မြို့နယ် ဝိနိစ္ဆယဌာန၏ အာဏာအားလုံးကို သုံးစွဲနိုင်သည်ဖြင့်၊ အဆိုပါ ဥပဒေပုဒ်မ ၅၊ ၇၊ ၈၊ ၁၂၊ ၁၃ (၂)၊ ၁၅၊ ၁၆၊ ၁၇၊ ၂၂၊ ၂၃၊ ၂၄၊ ၂၅၊ ၂၆ (၄) နှင့် (၅)၊ ၂၈၊ ၂၉၊ ၃၀၊ ၃၁၊ ၃၂ (၂) နှင့် (၃) ပါပြဋ္ဌာန်းချက်များနှင့်အဆိုပါ ဥပဒေပုဒ်မ ၃၃ အရ ပြုလုပ်သောနည်းဥပဒေများအနက်၊ ရွေးကောက်ပွဲဆိုင်ရာ နည်းဥပဒေများမှတပါး အခြားနည်းဥပဒေများသည်၊ မြို့နယ် ဝိနိစ္ဆယဌာနနှင့်၊ သို့တည်းမဟုတ် ထိုဌာနဆိုင်ရာ ဝိနည်းဓိရ်ဆရာတော်များနှင့် သက်ဆိုင်သကဲ့သို့ ယာယီဝိနိစ္ဆယဌာနနှင့်၊ သို့တည်းမဟုတ် ထိုဌာနဆိုင်ရာ ဝိနည်းဓိရ်ဆရာတော်များနှင့် ဖြစ်နိုင်သမျှသက်ဆိုင်ရမည်။"

ထိုပုဒ်မ ၆ တွင် ၁၃၁၁ ခုနှစ်၊ ဝိနိစ္ဆယဌာနနှင့် ဝိနိစ္ဆယခုံအက်ဉ်ပဒေပါအချို့သော ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရမည်ဟု သဘ်မှတ် ပြဋ္ဌာန်းထားလေသည်။ ထိုပြဋ္ဌာန်းချက်များအနက်ယင်းအက်ဉ်ပဒေပုဒ်မ ၃၀-၃၁ ပါ ပြဋ္ဌာန်းချက်များကို ရည်ညွှန်း၍ ထိုပြဋ္ဌာန်းချက်များအတိုင်းသည်၊ လိုက်နာကျင့်သုံး ရမည်ဟုပါရှိလေသည်။ ၁၃၁၁ ခုနှစ်၊ ဝိနိစ္ဆယဌာနနှင့် ဝိနိစ္ဆယခုံ အက်ဉ်ပဒေပုဒ်မ ၃၀-၃၁ တို့ပါပြဋ္ဌာန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်။

"၃၀။ ။ဤဥပဒေ အခြားနေရာများတွင် မည်သို့ပင် ပါရှိစေကာမူ၊ကာလစည်းကမ်းသတ် အက်ဉ်ပဒေ ပြဋ္ဌာန်းချက်တခုခုအရ စည်းကမ်းသတ်မှတ်ထားသည့်ကာလအပိုင်းအခြား ကုန်လွန်ပြီးသည့်အကြောင်းကြောင့် ဖြစ်စေ၊ မှတ်ပုံတင်အက်ဉ်ပဒေ ပြဋ္ဌာန်းချက်တစုံတခုရှိနေသည့် အကြောင်းကြောင့်ဖြစ်စေ၊ ဤဥပဒေ အာဏာတည်သည့်နေ့တွင် တရားမရုံး၌ တရားစွဲဆိုခြင်းမပြုနိုင်သည့် ဝိနည်းခမ္မကံအဓိကရဏ်းမှု တစုံတခုကို မည်သည့်ဝိနိစ္ဆယဌာနကမှ လက်မခံရ။"

"၃၁။ ။(၁) မှတ်ပုံတင် အက်ဉ်ပဒေတွင် မည်သို့ပင် ပါရှိစေကာမူ၊ မဇ္ဈိမပြောင်းနိုင်သော ပစ္စည်းတစုံတရာကို ဝိနည်းတော်နှင့်အညီ လျှုဒါန်းလွှဲပြောင်းသည့်အခါ၊ ထိုပစ္စည်းကို လျှုဒါန်းလွှဲပြောင်းပေးသူနှင့် လက်ခံသူတို့က စာချုပ်စာတမ်းချုပ်ဆိုရေးမှတ်ပြီးလျှင် ဆိုင်ရာ မြို့နယ်ဝိနိစ္ဆယဌာနတွင် ထို စာချုပ်စာတမ်းကို မှတ်ပုံတင်နိုင်သည်။ ထိုဝိနိစ္ဆယဌာနက ယင်းသို့လျှုဒါန်း

၁၉၆၄

ဦးခန္တီစာရ
နှင့်
ဦးဥတ္တမ ပါ ၃။

လွှဲပြောင်းခြင်းသည် ဝိနည်းတော်နှင့်လျော်ညီသည်ဟု ကျေနပ်လျှင်၊ အဆိုပါ စာချုပ်စာတမ်းကို မှတ်ပုံတင်ပေးရမည်။ ထို့ပြင် ထိုဝိနိစ္ဆယဌာနက ယင်းသို့ မှတ်ပုံတင်သည့် စာချုပ်စာတမ်း၏ မိတ္တူကို ဆိုင်ရာ မှတ်ပုံတင်အရာရှိရုံးသို့ ထိန်းသိမ်းထားရန်နှင့် လိုအပ်သည့်အတိုင်း ဆောင်ရွက်ရန်ပေးပို့ရမည်။

(၂) အခြားတည်ဆဲ ဥပဒေတခုခုတွင် မည်သို့ပင်ပါရှိစေကာမူ မရွှေမပြောင်းနိုင်သော ပစ္စည်းတစုံတရာကို ဝိနည်းတော်နှင့်အညီ လှူဒါန်းလွှဲပြောင်းခြင်းနှင့် စပ်လျဉ်းသည့်စာချုပ်စာတမ်းအတွက် ကျသင့်သော တံဆိပ်တော်ခေါင်းခွန်နှင့် ၎င်းကိုမှတ်ပုံတင်သည့်အတွက် ကျသင့်သော အခကြေးငွေတစုံတရာကို ပေးဆောင်ရန်မလိုစေရ။

(၃) မရွှေမပြောင်းနိုင်သော ပစ္စည်းတစုံတရာကို ဝိနည်းတော်နှင့်အညီ လှူဒါန်းလွှဲပြောင်းခြင်းနှင့် စပ်လျဉ်းသည့်စာချုပ်စာတမ်း တစုံတရာကို ပုဒ်မခွဲ (၁) အရ၊ ဆိုင်ရာ ဝိနိစ္ဆယဌာနတွင် မှတ်ပုံတင်ခြင်းသည်ပင်လျှင်၊ မှတ်ပုံတင် အက်ဥပဒေကိစ္စမျှားအလို့ငှါ မှတ်ပုံတင်အာဏာရှိ၏ ရုံးတွင် မှတ်ပုံတင်ခြင်းဖြစ်သည်ဟု မှတ်ယူရမည်။"

ယင်းပြဋ္ဌာန်းချက်မျှားအရဆိုလျှင်၊ မရွှေမပြောင်းနိုင်သောပစ္စည်းကို လှူဒါန်းပေးအပ်ရာ၌ မှတ်ပုံတင်စာချုပ်ဖြင့်သာ ပြုလုပ်နိုင်မည်ဖြစ်သည်။ ယင်းသို့ ပြဋ္ဌာန်းရသည့်အကြောင်းရင်းမှာ၊ ပစ္စည်းပြောင်းလွှဲရေး အက်ဥပဒေအရ မရွှေမပြောင်းနိုင်သော ပစ္စည်းကိုလှူဒါန်းပေးအပ်လျှင် မှတ်ပုံတင်စာချုပ်ဖြင့်သာ ပြုလုပ်နိုင်ကြောင်း ပါရှိသောကြောင့်ဖြစ်သည်။ ဤအချက်ကို ဝိနိစ္ဆယဌာနများ စတင်တည်ထောင်ခြင်း မပြုမီကပင် အသိအမှတ်ပြု၍ သာသနာရေးဆိုင်ရာ ပစ္စည်းမျှားနှင့်လည်း လိုက်နာကျင့်သုံးခဲ့ကြလေသည်။

ထို့ပြင်လည်း ယာယီဝိနိစ္ဆယဌာန၊ ဝိနိစ္ဆယဌာနနှင့် ဝိနိစ္ဆယခုံအသီးသီးတို့သည် သက်ဆိုင်ရာ အက်ဥပဒေမျှားအရ တည်ထောင်ထားသည်ဖြစ်ရာ၊ ထိုအက်ဥပဒေမျှားက တားမြစ်ထားသည့်အရာမျှားဌ ထိုတားမြစ်ချက်မျှားကို ကျော်လွန်၍ ဆုံးဖြတ်ခြင်းပြုနိုင်မည်မဟုတ်ပေ။

ဤမှုခင်းမှာ ယခုကွယ်လွန်သူ ဦးစန္ဒိမာက မကွေးခရိုင်၊ မကွေးမြို့နယ်၊ မိချောင်းရဲမြို့ရှိ မိမိဆသန္တကပိုင် မှန်ကျောင်းတိုက်ခေါ် ကျောင်းတိုက်တွင်၊ စုဒိတက ဦးခန္တီစာရသည်၊ ဆန့်ကျင်နေထိုင်သည်ဆိုကာ အရေးယူရန်အတွက်၊ မကွေးမြို့ ယာယီဝိနိစ္ဆယဌာနသို့ မေတ္တာရပ်ခံရာ၊ ယာယီဝိနိစ္ဆယဌာနက အဆိုပါကျောင်းတိုက်ကို ဦးစန္ဒိမာ

၁၉၆၄
ဦးခန္တီစာရ
နှင့်
ဦးဥတ္တမ ပါ ၃။

ပိုင်ဆိုင်ကြောင်း။ ဦးခန္တီစာရသည် ထိုခကျောင်းတိုက်နှင့် စပ်လျဉ်း၍ အခင့်အရေး တစုံတရာပိုင်ဆိုင်ခွင့်မရှိရကား၊ ဦးစန္ဒိမာ၏ ဆုံးမသြဝါဒကိုခံယူလျက် ခူရန့်ပါးကို ပွါးများ အားထုတ်ခနဆိုင်ရမည်ဖြစ်ကြောင်းနှင့် အဆုံးအဖြတ်ပြုတော် မူကြ၏။ ထိုအဆုံးအဖြတ်ကို မကျေနပ်သဖြင့်၊ ဦးခန္တီစာရ မန္တလေးမြို့ နိုင်ငံတော် ဝိနိစ္ဆယဌာနသို့ စောဒနာဝင်ရာတွင်၊ နိုင်ငံတော် ဝိနိစ္ဆယဌာနက ထိုအဆုံးအဖြတ်ကို အနည်းငယ် ပြင်ဆင်ပြောင်းလဲပြီး အတည်ပြုတော်မူလိုက်ကြ၏။

အမှုအတောအတွင်း ဦးစန္ဒိမာ ပျံလွန်တော်မူသဖြင့်၊ ဆသန္တကဝင်တဦးဖြစ်သည် ဆိုသော ယခု ပဌမ စုဒိဘက ဦးဥတ္တမသည် အမှုတွင် ပါဝင်ဆောင်ရွက်ခဲ့၏။

ဤရုံးတွင် ဦးခန္တီစာရ၏ ပညာရှိရွေနေကြီးက အချက်ဘချက်ကိုသာ တင်ပြလျောက်လဲ၏။ ထိုအချက်မှာ အထက်၌ဖော်ပြခဲ့သော ယာယီဝိနိစ္ဆယဌာန အက်ဥပဒေပုဒ်မ ၆ နှင့် ၁၃၁ ခုနှစ်၊ ဝိနိစ္ဆယဌာနနှင့် ဝိနိစ္ဆယခုံအက်ဥပဒေပုဒ်မ ၃၀ ပါ ပြဋ္ဌာန်းချက်များအရ၊ ဤအမှုပါကျောင်းတိုက်ကို ပေးကမ်းလှူဒါန်းသည်ဆိုရာ၌ မှတ်ပုံတင်စာချုပ်ဖြင့် ပြုလုပ်ခြင်းမရှိသောကြောင့်၊ ယာယီဝိနိစ္ဆယဌာနက ဦးစန္ဒိမာ တင်သွင်းသော ဝိဝါဒါဓိကရဏ်းမှုကို အဆုံးအဖြတ်မပြုနိုင်ကြောင်းနှင့် လျောက်ထားခြင်းဖြစ်သည်။ ဤအချက်ကို ဦးဥတ္တမ၏ ပညာရှိရွေနေကြီးနှင့် ယာယီ ဝိနိစ္ဆယဌာနနှင့် နိုင်ငံတော် ဝိနိစ္ဆယဌာနအတွက် လိုက်ပါဆောင်ရွက်သော ပညာရှိ အစိုးရရွေနေကြီး ကဝန်ခံ၏။ ဒေါ်အိ ပါ ၆ နှင့် မြဲည်မြို့ မြို့နယ်ဒိနိစ္ဆယဌာနပါ ၇ အမှု(၁)။ ဦးကံဆင့် ပါ ၆ နှင့်ဦးဇာဂရပါ ၇ အမှု (၂) နှင့် ဦးထွန်းဖေ နှင့် ဦးစံလှပါ ၇ အမှု (၃) တို့တွင် ဤအချက်ကိုအဆုံးအဖြတ်ပြုပြီးဖြစ်သည်။

အထက်ဖော်ပြပါ တရားဥပဒေ အချက်အလက်များကို ယာယီဝိနိစ္ဆယဌာနသို့ သော်၎င်း၊ နိုင်ငံတော် ဝိနိစ္ဆယဌာနသို့သော်၎င်း မည်သူတဦးတယောက်မျှ တင်ပြခဲ့ဟန် မတူချေ။ အမှန်အားဖြင့်ဆိုလျှင်၊ အထက်၌ ဖော်ပြခဲ့သည့်အတိုင်း ယာယီဝိနိစ္ဆယဌာနနှင့် နိုင်ငံတော်ဝိနိစ္ဆယဌာနတို့သည် အဆိုပါပုဒ်မ ၃၀ အရ ပြဋ္ဌာန်းချက်များကို ကျော်လွန်၍ အဆုံးအဖြတ်ပြုတော်မူကြသျှင်၊ ဤရုံးကမနေသာတော့ဘဲ စင်ရောက် စွက်ဖက်ရမည်သာဖြစ်သည်။

---

(၁) ၁၃၁၀ ခုနှစ်၊ မြန်မာပြည် စီရင်ထုံးများ တရားလွှတ်တော်ချုပ်၊ စာ-၀၁၇။
(၂) ၁၃၂၉ ခုနှစ်၊ မြန်မာပြည် စီရင်ထုံးများ တရားလွှတ်တော်ချုပ်၊ စာ-၁၃၉။
(၃) တရားရုံးချုပ်၊ ၁၃၆၄ ခုနှစ်၊ တရားမ အထွေထွေ လျောက်လွှာအမှတ် ၇၃။

သို့ဖြစ်၍၊ ယာယီ ဝိနိစ္ဆယဌာနနှင့် နိုင်ငံတော် ဝိနိစ္ဆယဌာနတို့ ဆုံးဖြတ်တော်မူကြသော အဆုံးအဖြတ်များကို အမှုခေါ်စာချုပ်တော်ဖြင့် ပယ်ဖျက်လိုက်သည်။

၁၉၆၄

ဦးခန္ဓီစာရု နှင့် ဦးဥတ္တမ ပါ ၃။

စောဒကနှင့်စုဒိတ်ကတို့သည် မိမိတို့၏ဘဏ္ဍာစရိတ်ကို မိမိတို့ အသီးသီးကျခံကြရမည်ဖြစ်သည်။

ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီး ဦးမောင်မောင်ရွှေတင်

† ၁၉၆၄

ဒီဇင်ဘာလ ၁၄ ရက်။

ဦးချစ်ထွန်း (ပြင်ဆင်ရန်လျှောက်ထားသူ)

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ (ပြင်ဆင်ရန်လျှောက်ထားခြင်းခံရသူ)*

သီးစားချထားရေးဥပဒေပုဒ်မ (၁၁)—သက်သေစစ်ဆေးခြင်းနှင့်ပတ်သက်၍ ပြင်းပြင်းထန်ထန် ပြောဆိုခြင်းကိစ္စ—နှောက်ယှက်ခြင်းမဟုတ်—ဥပဒေအရဒဏ်း၊ မူအရဒဏ်း အပြစ်ပေးခြင်းမပြုနိုင်။

ကျေးရွာ မြေယာကော်မိတီတခုသည် လယ်မြေအမှုတခုကို စစ်ဆေးနေစဉ်၊ သူကြီးဖြစ်သော လျှောက်ထားသူသည် သက်သေတင်ပြရန် ကိစ္စနှင့်ပတ်သက်ပြီး ပြင်းပြင်းထန်ထန်ပြောဆိုရာမှစ၍၊ ကော်မိတီ အစည်းအဝေးကို ရပ်ဆိုင်းခဲ့ရရာ၊ ကော်မိတီအတွင်းရေးမှူးက လျှောက်ထားသူအား အရေးယူရန် တိုင်တန်းခဲ့လေသည်။

အောက်ရုံး တရားသူကြီးက လျှောက်ထားသူအား သီးစားချထားရေး ဥပဒေပုဒ်မ ၁၁ အရ၊ ပြစ်မှု ကျူးလွန်သည်ဟုဆုံးဖြတ်ပြီး စက်ရှင်တရားသူကြီးကလည်း အယူခံကို ပလပ်ခဲ့လေသည်။ ထိုအမိန့်ကို မကျေနပ်သဖြင့် လျှောက်ထားသူက တရားရုံးချုပ်သို့ ပြင်ဆင်မှုတင်သွင်းရာ၊

ဆုံးဖြတ်ချက်။ ။ကော်မိတီသည် ရွာသူရွာသားများနှင့် ရင်းရင်းနှီးနှီး မိသားစုစိတ်ဓါတ်ဖြင့် ပြဿနာများကို ပြေလည်စွာ စစ်ဆေးဆုံးဖြတ်ပေးရန် တာဝန်ရှိသည်မှာ ထင်ရှားသည်။ ရွာသားများ အနေနှင့် ဝင်ရောက်ပါဝင်ဆွေးနွေးခြင်း၊ ဝေဖန်ခြင်းတို့ကိုလည်း အားပေးသင့်သည်။

ကော်မိတီသည် မည်သည့်ပြဿနာကို စစ်ဆေးနိုင်သည်၊ မည်သည့်သက်သေကို စစ်ဆေးသင့်-မသင့်သည် စသည်တို့ကိုပါဝင် ပြောဆိုခြင်းသည် နှောက်ယှက်ဖျက်ဆီးရာ ရောက်သည်ဟု မယူဆနိုင်။

ထို့ကြောင့် လျှောက်ထားသူအား အပြစ်ပေးထားခြင်းသည် ဥပဒေအရသာမဟုတ်၊ မူအရလည်း မှားယွင်းသည်ဟု ယူဆရမည်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။ဦးလှဖေ (၁)။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။အစိုးရရှေ့နေကြီး ဦးနှစ်။

တရားသူကြီး ဦးမောင်မောင်။ ။လျှောက်ထားသူ ဦးချစ်ထွန်း အပေါ်တွင် သံလျင်မြို့ ပဉ္စမရာဘက် ရာဇဝတ် တရားသူကြီးက၊ ၁၉၆၃ ခုနှစ်၊ သီးစားချထားရေး

---

* ၁၉၆၄ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁၀၆ (ခ)။

† ၁၉၆၃ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၁၁၀ တွင် ချမှတ်ခဲ့သော ၁၉၆၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက် နေ့စွဲပါ သံလျင်မြို့ ပဉ္စမရာဘက် ရာဇဝတ်တရားသူကြီး၏ အမိန့်ကိုပြင်ဆင်မှု။

ဥပဒေပုဒ်မ ၁၁ အရ၊ ပြစ်မှုကျူးလွန်သည်ဟု ဆုံးဖြတ်ကာ၊ ဒဏ်ငွေ ၃၀၀ ကျပ် ပေးဆောင်စေရန် အမိန့်ချမှတ်ခဲ့သည်။

၁၉၆၄

ဦးချစ်ထွန်း နှင့်၊ ပြည်ထောင်စု မြန်မာနိုင်ငံ။

အမှုဖြစ်ပွါးပုံတို့ကို ပညာရှိ ရာဇဝတ်တရားသူကြီး၏ စီရင်ချက်တွင် အပြည့်အစုံ ဖေါ်ပြပြီးဖြစ်သည်။ အကျဉ်းချုပ်အားဖြင့်ဆိုလျှင်၊ ဘုရားကုန်းကျေးရွာ မြေယာ ကော်မီတီက၊ လယ်မြေမှုတမှုကို စစ်ဆေးခဲ့သည်။ ထိုသို့ စစ်ဆေးရာ၌ ကိုအောင်မြတ် (လို့ပြ-၃)ကို၊ သက်သေတင်ရန်ပြုသောအခါ၊သူကြီး ဦးချစ်ထွန်းက မောင်အောင်မြတ်ကို ယခင်က စစ်ဆေးပြီးဖြစ်၍ ထပ်မံစစ်ဆေးရန် မလိုကြောင်းဖြင့် ကန့်ကွက်ခဲ့သည်ဟု ဆိုသည်။ ထိုသို့ ကန့်ကွက်ရာ၌ ပြင်းပြင်းထန်ထန်ပြော၍ ထိုသက်သေကို ထပ်ပြီး စစ်ဆေးနေစဉ် မြေမှုပျောက်ပြီး ရာဇဝတ်မှု၊ တရားမမှု ဖြစ်သွားနိုင်တယ်ဟု ဆိုကြောင်း။ ထို့ပြင် ခင်ဗျားတို့က ကျွန်တော့်ကို သီးစားမှု လက်ဝါးကြီးအုပ်စားတယ်ဆိုပြီးတရားတထုံးဖွင့်ချင်သလားဟု ကော်မီတီအတွင်းရေးမှူး ဦးအေးသောင်အား ပြောကြောင်း။ ထိုသို့ ဝင်ရောက်ပြောဆို နှောက်ယှက်သဖြင့် ကော်မီတီအစည်းအဝေးကို ထိုနေ့၌ဆက်၍ မကျင်းပနိုင်ဘဲ၊ ရက်ရွှေ့ခဲ့ရကြောင်း စသည်ဖြင့် ဦးအေးသောင်က တိုင်တမ်းခဲ့သည်။

ဦးချစ်ထွန်းက ခုခံရာ၌၊ ၎င်းသည် မောင်အောင်မြတ်ကို ထပ်မံ စစ်ဆေးရန် မသင့်ကြောင်း ဝင်ရောက်ပြောဆိုသည်မှာ မှန်ပါသည်။ သို့ရာတွင် ရွာကော်မီတီ ဥက္ကဋ္ဌ ဦးတင်က မိမိအား အမှုစစ်ဆေးရာတွင် လိုအပ်လျှင် အကူအညီပေးရန် ခေါ်သဖြင့် လိုက်သွားရာမှ၊ အကြံဉာဏ်တောင်း၍ ဤသို့ အကြံဉာဏ်ပေးခဲ့ခြင်းဖြစ်ကြောင်း ခုခံသည်။ ထိုအချက်တွင် မြေယာကော်မီတီ ဥက္ကဋ္ဌ ဦးတင်(ခံပြ-၂) နှင့် ဦးမောင်မောင်တင် (ခံပြ-၃)တို့က ထောက်ခံကြသည်။ အမှုများ စစ်ဆေးရာတွင် အတွင်းရေးမှူး ဦးအေးသောင်က သက်သေထွက်ချက်များကို လုံးဝမရေးနိုင်သဖြင့် ဘေးက ရေးတတ်ဖတ်တတ်သူများကို ခေါ်၍ ကူညီရေးခိုင်းရပါသည်။ ထိုသို့ကူညီခိုင်းခြင်းသည် အမှုဆောင်များ၏ သဘောတူညီချက်ဖြင့် ဖြစ်ပါသည်။ အခင်းဖြစ်ပွါးသောနေ့က ဦးချစ်ထွန်းကို ထိုသို့ ခေါ်၍ ရေးခိုင်းရပါသည်။ အမှုဆောင်များကလည်း သဘောတူညီပါသည်။ ဦးအေးသောင်ကလည်း မကန့်ကွက်ပါ စသည်ဖြင့် မြေယာကော်မီတီ ဥက္ကဋ္ဌ ဦးတင်က ထွက်ဆိုသွားသည်။ သက်သေ မောင်အောင်မြတ်ကို စစ်ဆေးပါဟု ဦးပိုးဆိုသူက ပြောသောအခါ ကော်မီတီအဖွဲ့က ကျွန်တော်တို့မှာ သီးစားအမှု စစ်ဆေးတို့ နားလည် မလည် အာဏာလည်းမရှိ မြေမှုသာ စစ်နိုင်တယ်၊ ဒါကြောင့် အဲသည်အမှုနှင့်တော့ ဆိုင်ရာ သွားလျှောက်ကြပါဟု ပြောကြောင်း၊ ကော်မီတီတွင် သီးစားမှုနှင့် ပတ်သက်၍ စစ်ဆေးနိုင်ခွင့် မရှိဟု ပြောပြချက်အရ၊ ၎င်းက ဦးချစ်ထွန်းအား မေးကြောင်း၊ ဦးချစ်ထွန်းက ကျွန်တော်

၁၉၆၄

ဦးချစ်ထွန်း နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

ဘော့ မကြားဘူးဘူး၊ တရားလိုက ပြတဲ့ သက်သေလဲမဟုတ်၊တရားခံက ပြတဲ့သက်သေလဲ မဟုတ်တဲ့အတွက်၊ စစ်ဆေးတာတော့ မကြားဘူးဘူး၊ သို့သော် ဥက္ကဋ္ဌကြီး၏ သဘောအရ၊ စစ်ဆေးလျှင်လည်း စစ်ဆေးနိုင်ကြောင်း ပြောပြပါသည်ဟု ဦးတင်က ထွက်ဆိုသည်။ ထို့ပြင် အတွင်းရေးမှူး ဦးအေးသောင်က ဦးချစ်ထွန်းအပေါ် တွင် ထိုကိစ္စနှင့်ပတ်သက်၍ တရားစွဲဆိုခြင်းကို ကော်မိတီအနေနှင့်လည်း ခွင့်မပြုခဲ့ပါ။ အမှု စွဲဆိုပြီးနောက် အရက် ၂၀၊ ၂၅ ရက်ကြာမှ ဦးချစ်ထွန်းပြောမှ သိရပါသည်ဟု ထွက်ဆိုသည်။ ထိုကော်မိတီအနေနှင့်လည်းစွဲဆိုလိုခြင်းမရှိ။ အမှုကိုရုပ်သိမ်းလိုပါသည်ဟုရုံးသို့ လျှောက်လွှာတင်သွင်းသည်ကိုလည်း အမှုတွဲတွင် တွေ့ရသည်။

ဦးချစ်ထွန်း၏ ပညာရှိရွှေနေကြီး ဦးလှဖေက၊ ဤအခြေအနေတွင် မည်သည့် ပြစ်မှုကိုမှ မကျူးလွန်နိုင်ပါ။ အနှောက်အယှက်ပေးခံရသည်ဆိုသော ကော်မိတီလူကြီးများကိုယ်တိုင်က တရားစွဲရန်ကိုလည်း သဘောမတူ၊ စွဲဆိုပြီးသော အခါ၌လည်း ရုပ်သိမ်းရန် လျှောက်ထားခြင်းဖြစ်သည်။ ကော်မိတီများအား ဆောင်ရွက်ရန် ညွှန်ကြားချက်တို့၌ မှုခင်းများကို ရွာသူရွာသားများ တက်ရောက်နားထောင်ရန် အားပေးရမည်ဖြစ်ကြောင်း၊ အားပေးသည့် ရွာသူရွာသားများထဲမှ ဆွေးနွေးဝေဘန်ခြင်းကိုလည်း အားပေးရမည် ဖြစ်ကြောင်းကို ညွှန်ကြားထားပါသည်။ ထို့ကြောင့် သာမန် ရွာသားတဦးအနေနှင့် ဝင်ရောက်ပြောဆိုခြင်းသည်ပင်လျှင်၊ ကော်မိတီ၏ လုပ်ငန်းကို နှောက်ယှက်ပါသည်ဟု ယူဆရန် မသင့်ပါ။ ယခုမူ ဦးချစ်ထွန်းသည် ကော်မိတီ၏ ဘိတ်ကြားချက်အရ၊ အမှုစစ်ဆေးရာတွင် သွားရောက် ကူညီရင်းနှင့် ဥက္ကဋ္ဌက အကြံဉာဏ်တောင်း၍ ပြောဆိုခြင်းဖြစ်သည်။ ထိုအချက်တို့အရ၊ ပြစ်မှု မမြောက်ပါဟု လျှောက်လဲသည်။

ဦးချစ်ထွန်းက သံလျင်မြို့ ပဉ္စမရာဘက် ရာဇဝတ် တရားသူကြီး၏ အမိန့်မှ အယူခံဝင်ရာ၊ ဟံသာဝတီ ပညာရှိ စက်ရှင် တရားသူကြီးက အယူခံကို အကျဉ်းနည်းအားဖြင့် ပလပ်ခဲ့ပြီးဖြစ်သည်။ သို့ရာတွင် ပေါ်ပေါက်သော အကြောင်းအရာများအရ၊ ဦးချစ်ထွန်းသည် ပြစ်မှုကျူးလွန်သည် မကျူးလွန်သည်ကို ဥပဒေကြောင်းအရ၊ စဉ်းစားရန် ရှိသေးသည်။

ပညာရှိ အစိုးရ ရွှေနေကြီး ဦးနှစ်က၊ ကော်မိတီကိုယ်တိုင်ကလည်း တိုင်တန်းခြင်းမရှိ၊ အမှုကို ရုပ်သိမ်းလိုသည်။ ကော်မိတီ၏ ဥက္ကဋ္ဌကိုယ်တိုင်ကသည်း ဦးချစ်ထွန်းသည် ကော်မိတီကို ကူညီရန် လာရောက်ခြင်း ဖြစ်သည်ဟု ထွက်ဆိုထားပြီးဖြစ်သဖြင့်၊ ပြစ်မှုထင်ရှားတွေ့ရှိထားခြင်းနှင့် ပြစ်ဒဏ်ချမှတ်ထားခြင်းတို့ကို ဖယ်ဖျက်ခရန် ခဲယဉ်းပါသည်။ ရည်ညွှန်းသော ဥပဒေပုဒ်မများနှင့် အပြစ်ပေးထားခြင်းသည် များယွင်းသည်ဟုသာ၊ ဝန်ခံချန် ရှိပါသည်ဟု လျှောက်ထားသည်။

၁၉၆၄

ဦးချစ်ထွန်း နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

ကော်မိတီများသို့ ညွှန်ကြားခဲ့သည်များအရ၊ ကော်မိတီသည် ရွာသူရွာသားများနှင့် ရင်းရင်းနှီးနှီး မိသားစုစိတ်ဓါတ်ဖြင့် ပြဿနာများကို ပြေလည်စွာ စစ်ဆေးဆုံးဖြတ်ပေးရန် နီးစပ်ရာဝန်ရှိသည်မှာ ထင်ရှားသည်။ ရွာသားများအနေနှင့် ဝင်ရောက် ပါဝင် ဆွေးနွေးခြင်း၊ ဝေဘန်ခြင်းတို့ကိုလည်း အားပေးသင့်သည်။ သို့မှသာ လျှင်ရွာသားများသည် ရွာရေး ရွာမှုတွင် ကိုယ်ထိ လက်ရောက် ပါဝင် စီမံနိုင်ပေလိမ့်မည်။ ထို့ကြောင့် ကော်မိတီသည် လုပ်ငန်းများကို ပျက်စီးရာ ပျက်စီးကြောင်းဖြင့်၊ နှောက်ယှက်ခြင်းမျိုးကို ပိတ်ပင် တားဆီးရန် ဖြစ်သော်လည်း ကော်မိတီသည် မည်သည့်ပြဿနာကို စစ်ဆေးနိုင်သည်၊ မည်သည့် သက်သေကို စစ်ဆေးသင့် မသင့်သည် စသည်တို့ကို ပါဝင် ပြောဆိုခြင်းသည် နှောက်ယှက်ဖျက်ဆီးရာ ရောက်သည်ဟု မယူဆနိုင်။ ထိုကဲ့သို့ ယူဆလျှင် နောင်တွင် ရွာသူရွာသားများသည် ဝင်ရောက် ပြောဆိုဆွေးနွေးလျှင် နှောက်ယှက်ဖျက်ဆီးမှုဖြင့် ရာဇဝတ် ပြစ်ဒဏ် သင့်လိမ့်မည်ဟု ကြောက်ရွံ့စိုးရိမ်ကာ ပါဝင်ဆောင်ရွက်ကြတော့မည်မဟုတ်ပေ။ ကော်မိတီ၏ အစည်းအဝေးများ မှုခင်းစစ်ဆေးရာ၌လည်း လာရောက်ကြလိမ့်မည်မဟုတ်ပေ။ ထို့ကြောင့် ဤအမှုသွား အမှုသာများအရ၊ ဦးချစ်ထွန်းအပေါ် တွင် အပြစ်ပေးထားခြင်းသည် ဥပဒေအရသာ မဟုတ်၊ မူအရလည်း မှားယွင်းသည်ဟု ယူဆရပေမည်။

အထက်ပါ အကြောင်းတို့ကြောင့် ပြင်ဆင်မှုကို လက်ခံ၍ မူလရုံး၏ ပြစ်မှုထင်ရှားတွေ့ရှိထားခြင်းနှင့် ပြစ်ဒဏ်ချမှတ်ထားခြင်းတို့ကို ပယ်ဖျက်လိုက်သည်။ ဦးချစ်ထွန်းက ဒဏ်ငွေ ပေးဆောင်ပြီးဖြစ်က၊ ၎င်းအား ထိုငွေများကိုပြန်အပ်ရန် ဖြစ်သည်။

တရားမအထွေထွေလျှောက်လွှာ

တရားသူကြီးချုပ် ဦးဘိုကြီး၊ တရားသူကြီး ဦးထွန်းတင် နှင့် တရားသူကြီး ဦးကျော်ဇံဦး တို့ ရှေ့တွင်

† ၁၉၆၄ ဒီဇင်ဘာလ ၁၀ ရက်။

ဦးဇာဂရ (လျှောက်ထားသူ)

နှင့်

ဦးသောဘိတ ပါ ၅ (လျှောက်ထားခံရသူ) *

ဝိနိစ္ဆယခုံရုံး၏အာဏာ၊ လွှဲအပ်သောကိစ္စကိုသာ ဆုံးဖြတ်ရန်။

ဆုံးဖြတ်ချက်။ ။ဝိနိစ္ဆယခုံသည် မိမိတို့အား လွှဲအပ်သောပြဿနာကိုသာ ဆုံးဖြတ်ပိုင်ခွင့် ရှိသည်။

ထို့ကြောင့် အမှု၏အဆိုလွှာတွင် အခင်းဖြစ် ကျောင်းကြီးနှင့် အရာမ်တို့သည် ပဂ္ဂလိက ဖြစ်သည်။ သံဃိကဖြစ်သည်ကိုသာ ဆုံးဖြတ်ရန် မေတ္တာရပ်ခံထားလျှင်၊ ဤကိစ္စကို ကျော်လွန်၍ ဆုံးဖြတ်ရန်မလို။

ဦးဂန္ဓမာ နှင့် **မန္တလေးမြို့ နိုင်ငံတော်ဝိနိစ္ဆယခုံ ပါ ၄၊** တရားရုံးချုပ်၊ ၁၉၆၃ ခုနှစ်၊ တရားမ အထွေထွေလျှောက်လွှာအမှတ် ၁၆၇ ကို ရည်ညွှန်း၍ ခွဲခြားရှင်းလင်းသည်။

စောဒကအတွက်။ ။ဦးဘသန်း (၁)။
စုဒိတက ၁၊ ၂၊ ၃ တို့အတွက်။ ။ဦးဘကြိုင်။
စုဒိဟက ၄ အတွက်။ ။ဦးလှစိန်။

တရားသူကြီးချုပ် ဦးဆိုကြီး။ ။စုဒိတက အမှတ် ၄ ဦးဥဂ္ဂံသက သနပ်ပင်မြို့ရှိ အောက်ကျောင်းကြီးနှင့် အရာမ်များသည် အာရာမိက သံဃိကကျောင်း ဖြစ်ပါလျက်၊ ဦးမင်္ဂလာစရိယ နှင့် ဦးသောဘိန္ဒတို့က မိမိတို့ပိုင် ပဂ္ဂလိကကျောင်းဖြစ်သည် ဆိုကာ၊ ယခုစောဒက ဦးဇာဂရအား အပ်နှင်းခဲ့သည်ဟု အဆိုပြုပြီး၊ ထိုကျောင်းသည် ပဂ္ဂလိကဖြစ်သည်၊ သံဃိကဖြစ်သည်ကို ဆုံးဖြတ်ရန် အတွက်၊ သနပ်ပင်မြို့ ဝိနိစ္ဆယဌာနသို့ မေတ္တာရပ်ခံ၏။ ဦးဇာဂရက ထိုပိဝါဒါဓိကရဏ်းမှုကို မြို့နယ် ဝိနိစ္ဆယ-

---

* ၁၉၆၄ ခုနှစ်၊ တရားမ အထွေထွေ လျှောက်လွှာအမှတ် ၈၆။

† ပဲခူးမြို့၊ ဝိနိစ္ဆယခုံရုံးတော်၏ အမှုတွဲအမှတ်စဉ် ၁ တွင်၊ ၁၃၂၆ ခုနှစ်၊ပဌမဝါဆိုလပြည့်ကျော် ၆ ရက်၊ ၁၉၆၄ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့စွဲဖြင့် ချမှတ်သောဆုံးဖြတ်ချက်ကို ပယ်ဖျက်ရန် အမှုခေါ်စာချုပ်တော်လျှောက်လွှာ။

ဌာနတွင် အဆုံးအဖြတ် မပြုသင့်ကြောင်း နှင့် ကန့်ကွက်ရာ၊ ဝိနိစ္ဆယခုံရုံး ဖွဲ့စည်းပုံဥပဒေ၏။ အကြောင်းအမျိုးမျိုးကြောင့် ဝိနိစ္ဆယခုံရုံးက ထိုမှုခင်းကို မစစ်ဆေးဖြစ်သဖြင့်၊ နောက်ဆုံးတွင် ဝိနိစ္ဆယခုံဘရပ် ဖွဲ့စည်းရ၏။ ဝိနိစ္ဆယခုံက အောက်ပါအတိုင်း အမိန့်ချမှတ်ပိုက်၏။

၁၉၆၄

ဦးဇာဂရနှင့် ဦးသောဘိတပါ ၅။

"၁။ သနပ်ပင်မြို့ အောက်ကျောင်းကြီးသည်၊ သံဃိကကျောင်း ဖြစ်သောကြောင့်၊ ဗဟုပကာရဂုဏ်၊ ဂုဏဝိသိဋ္ဌဂုဏ်၊ ဝုစ္စာရဂုဏ်နှင့် ပြည့်စုံ၍ ယခု အချိန်ဘိုင်အောင်၊ ခုဝဝါသ အဖြစ်ဖြင့် ၂၆ နှစ်ဘိုင်တိုင်၊ သီဘင်သုံးနေထိုင်စောင့်ရှောက် လာခဲ့သော၊ ဦးဥဂ္ဂံသ သည်သာသျှင်၊ ကျောင်းနှင့် တကွ၊ အရာမ်ကိုပါ၊ ခုဝဝါသအဖြစ်ဖြင့်၊ ထိန်းသိမ်းစောင့်ရှောက် ပိုင်ခွင့်ရှိစေ။

၂။ ၎င်းကျောင်းတိုက် အဘွင်း နေထိုင်သော ပုဂ္ဂိုလ် အားလုံးတို့သည်၊ ပိုင်ဆိုင်ခွင့်ရှိသော၊ ဘုန်းတော်ကြီး ဦးဥဂ္ဂံသ၏ သြဝါဒအတိုင်း လိုက်နာ၍ နေလိုက နေထိုင်ကြစေ။"

ထိုအဆုံးအဖြတ်ကို မကျေနပ်သဖြင့်၊ ဦးဇာဂရသည် အမှုခေါ် စာချွန်တော်ဖြင့် ပယ်ဖျက်ရန် ယခုကျွန်ုပ်ရုံးသို့ မေတ္တာရပ်ခံခြင်းဖြစ်သည်။ ဦးဇာဂရ၏ သစ္စာပြုလွှာတွင် အကြောင်းအမျိုးမျိုးပြ၍၊ ထိုအဆုံးအဖြတ်ကို ပယ်ဖျက်ရန် မေတ္တာရပ်ခံခဲ့၏။ သို့သော် ၎င်း၏ ပညာရှိ ရှေနေကြီးသည် ဤချုံးဥ အချက်နှစ်ချက်ကိုသာ အဓိကထား၍တင်ပြလျှောက်လဲ၏။ ပဌမအချက်မှာ နောက်ဆုံး ဝိနိစ္ဆယခုံပဲ့ရာဌ အာဏာမရှိဘဲဖွဲ့စည်းခဲ့သဖြင့်၊ ထိုခုံသည် ဤမှုခင်းကို မစစ်နိုင်ကြောင်းနှင့် လျှောက်လဲခြင်းဖြစ်သည်။ သို့သော် ထိုနောက်ဆုံး ဝိနိစ္ဆယခုံ ကြားနာစစ်ဆေး ဆုံးဖြတ်သည်ကို ဦးဇာဂရ ကန့်ကွက်ခြင်း မပြုခဲ့ချေ။ ယင်းသို့ဖြစ်ရာ အမှုရုံးနိမ့်သည့် အခါကျမှ ထိုဝိနိစ္ဆယခုံဌ စစ်ဆေးဆုံးဖြတ်ရန် အာဏာမရှိကြောင်းနှင့် ယခုဘင်ပြ လျှောက်လဲသည်ကို ဤရုံးက လက်မခံနိုင်ပေ။ **ဦးဥဏ္ဏာဇန္ဓဇ နှင့် နိုင်ငံတော် ဝိနိစ္ဆယ ဌာနပါ ၄ အမှု** (၁)။ တွင် ဤအတိုင်းပင် အဆုံးအဖြတ် ပြုခဲ့ပြီးဖြစ်သည်။

ဒုတိယလျှောက်လဲချက်မှာ မူလက ဦးဥဂ္ဂံသသည် ဝိဝါဒါဓိကရုဏ်းမှု စွဲဆိုရာဌ အဆိုလွှာတွင် အခင်းဖြစ် သနပ်ပင်မြို့ အောက်ကျောင်းကြီးနှင့် အရာမ်တို့သည် ပဂ္ဂလိကဖြစ်သည်၊ သံဃိကဖြစ်သည်ကိုသာ ဆုံးဖြတ်ရန် မေတ္တာရပ်ခံခဲ့ ပါလျက် ဝိနိစ္ဆယခုံသည် ထိုအောက်ကျောင်းကြီးသည် သံဃိက ကျောင်းဖြစ်သည်ဟု ဆုံးဖြတ်သည့်အပြင်၊ ဦးဥဂ္ဂံသသည်သာသျှင် ကျောင်းနှင့်တကွ အရာမ်ကိုပါ ခုဝဝါသအဖြစ်ဖြင့် ထိန်းသိမ်းစောင့်ရှောက် ပိုင်ဆိုင်ခွင့် ရှိစေရန်နှင့် ထိုကျောင်းတိုက်

(၁) ၁၉၅၄-ခုနှစ်၊ မြန်မာပြည်စီရင်ထုံးများ တရားလွှတ်တော်ချုပ် စာ ၆၁။

၁၉၆၄

ဦးဇာဂရနှင့် ဦးသောဆိတပါ ၅။

အတွင်းနေထိုင်သော ပဂ္ဂိုလ်အားလုံးတို့သည်၊ ယင်းသို့ ပိုင်ဆိုင်ခွင့်ရှိသော ဘုန်းတော်ကြီးဦးဥဂ္ဂံသ၏ ဩဝါဒအတိုင်း လိုက်နာ၍ နေလိုကနေထိုင်ကြစေရန် အဆုံးအဖြတ်ပြုခဲ့သည်မှာ၊ မိမိတို့အား လွဲအပ်သည့်မူခင်းထက် ကျော်လွန်ပြီး အဆုံးအဖြတ်ပြုတော်မူကြသဖြင့် အာဏာမရှိဘဲ ဆုံးဖြတ်ကြသည်ဖြစ်ရာ၊ ထိုဆုံးဖြတ်ချက်များကို အမှုခေါ် စာချွန်တော်ဖြင့် ပယ်ဖျက်ယင့်ကြောင်းနှင့် လျောက်လဲခြင်း ဖြစ်သည်။ ဤလျောက်လဲချက်ကို လက်ခံရပေမည်။ ဝိနိစ္ဆယခုံသည် မိမိတို့အား လွဲအပ်သည့် ပြဿနာကိုသာ ဆုံးဖြတ်ပိုင်ခွင့် ရှိပေသည်။ ဦးဥဂ္ဂံသ၏ ပညာရှိရွှေနေကြီးက ဤရုံး ဦးဂန္ဓမာ နှင့် **မန္တလေးမြို့ နိုင်ငံတော် ဝိနိစ္ဆယခုံပါ ၄ တို့အမှု** (၂)။ ကိုရည်ညွှန်း၍ ထိုအမှုတွင်လည်း ဝိနိစ္ဆယဌာနက သံဃိကကျောင်းအတွက် ရက္ခိတဂေါပိတခန့်အပ်သည်ကို ပယ်ဖျက်ခြင်း မပြုခဲ့ကြောင်းနှင့် လျောက်လဲ၏။ သို့သော် ထိုအမှုတွင် အမှုပါ သံဃိကကျောင်းကို အုပ်ချုပ်ရန်အတွက် ရက္ခိတဂေါပိတခန့်အပ်ရန် စောဒကက မေတ္တာရပ်ခံခဲ့သည်။ ဤအမှုပါ အခြင်းအရာနှင့် မတူချေ။

ထို့ကြောင့် ဝိနိစ္ဆယခုံ အဆုံးအဖြတ်ပြုသည့် သနပ်ပင်မြို့ အောက်ကျောင်းကြီးနှင့် အရာမ်တို့သည် သံဃိက ဖြစ်သည်ဆိုသည့် အချက်မှတပါး အခြားအချက်များမှာ၊ ဆုံးဖြတ်ချက်များ မဟုတ်။ ဩဝါဒများသာ ဖြစ်သည်ဟု ယူဆ ရမည် ဖြစ်ကြောင်း ဤရုံးကသတ်မှတ် ပြဋ္ဌာန်းလိုက်ပြီး၊ မေတ္တာရပ်ခံလွှာကို စရိတ်မရှိ ပယ်လိုက်သည်။

(၂) တရားရုံးချုပ်၊ ၁၉၆၃ ခု၊ တရားမအထွေထွေ လျောက်လွှာအမှတ် ၁၆၇။

တရားမအယူခံမှု

တရားသူကြီးချုပ် ဦးဘိုကြီးရှေ့တွင်

ဦးတိုက်ကောင်း (အယူခံတရားလို)

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ ပါ ၂ (အယူခံတရားခံများ)*

† ၁၉၆၄
— —
အောက်တိုဘာ
၃၀ ရက်။

အာဃာတထား၍ စွဲဆိုသည်ဟုဆိုသော အမှု—တရားလိုကပြသရန် လိုအပ်သော အချက်များ—ရာဇဝတ် တရားသူကြီး၏ ပစ္စည်းထိန်းခန့်ရန်အာဏာ—ရာဇဝတ်ကျင့်ထုံး ပုဒ်မ (၇၂-၁၈)—ပေါ့လျော့မှုရှိ မရှိကိစ္စ။

ဆုံးဖြတ်ချက်။ ။အာဃာတထား၍ ဖွင့်လှစ်စွဲဆိုသည်ဟု စုတ်စွဲကာ လျော်ကြေးရရှိရန် စွဲဆိုသော အမှုတခုတွင် တရားလိုက မိမိအပေါ်သို့ ဖွင့်လှစ်တိုင်တန်းသော အမှုသည်၊ အာဃာတထား၍ ဖွင့်လှစ် ကြောင်း၊ ယုတ္တိမရှိဘဲ တိုင်တန်းကြောင်းတို့ကို အထင်အရှားပြသရန် လိုအပ်သည်။

မိုအာမက်အာမင် နှင့် ဂျိုဂင်တရာကူးမား၊ အေ၊အိုင်၊အာ(ရ်) ၁၉၄၇ ခုနှစ်၊ ပရီဗီကောင်စီ စာ ၁၀၈ ကို ရည်ညွှန်း၍လိုက်နာသည်။

ထပ်မံဆုံးဖြတ်ချက်။ ။ရာဇဝတ် တရားသူကြီးတဦးသည်၊ မရွေ့ပြောင်းနိုင်သော ပစ္စည်းတခုနှင့်စပ်လျဉ်း၍၊ ပစ္စည်းထိန်းခန့်ရာတွင် ရာဇဝတ်ကျင့်ထုံးပုဒ်မ (၇၂-၁၈) တွင် အပ်နှင်းထားသော အာဏာအရ ဆောင်ရွက်ခြင်းသာ ဖြစ်သည်။ ပေါ့လျော့မှုမရှိလျှင် ၎င်းအပေါ် တရားစွဲခြင်း မပြုနိုင်။

ယခုအမှုတွင် တရားလို၏ဆန့်စက်ကို လုပ်ကိုင်ရန် ပစ္စည်းထိန်းခန့်အပ်လိုက်သောသူအား တရားလို ကိုယ်တိုင်က ကိုယ်စားလှယ်စာ ပေးအပ်ခဲ့ဘူးရာ၊ ၎င်းအား ခန့်အပ်ရာ၌ ပေါ့လျော့မှုရှိသည်ဟု မဆိုနိုင်။

David Geddis v. *Proprietors of the Bann Reservoir, Law Report* 1877-8 အယူခံမှုများအတွဲ ၃၊ စာ ၄၃၀-၄၅၅။

Ramchandran Nagaran Rice and Oil Mill Ltd. Gava v. *The Municipal Commissioners of the Purulia Municipality, L.L.R.* ပတ္တနာအတွဲ ၂၂၊ စာ ၃၅၉။

အယူခံတရားလိုအတွက် ။ ။ဦးကျော်မြင့်။

အယူခံတရားခံများအတွက် ။ ။ဦးမျိုးခင်။

---

* ၁၉၆၃ ခုနှစ်၊ တရားမပဋမအယူခံမှု ၇၀။

† ၁၉၅၉ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၃၀ တွင် ၁၉၆၃ ခုနှစ်၊ ဇွန်လ ၂၁ ရက်နေ့စွဲပါ တရားလွှတ်တော် မူလဘက်ရုံး၊ ဒေါက်တာ ဦးမောင်မောင် ရုံးတော်၏ ချမှတ်သော ဒီဂရီကို အယူခံဝင်မှု။

၁၉၆၄

ဦးတိုက်ကောင်း
ဌ
ပြည်ထောင်စု
မြန်မာနိုင်ငံ
ပါ ၂။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။ယခုအမှုပါ အကြောင်းခြင်းရာလိုရင်း အကျဉ်းချုပ်မှာ၊ ၁၉၅၄ ခုနှစ်မှစတင်၍၊ အယူခံဘရားသို ဦးတိုက်ကောင်းသည်၊ ရွှေဘိုခရိုင် ရေဦးမြို့ရှိ မိမိပိုင် ရတနာသုဇေခေါ် ဆန်စက်သုပ်ငန်း လုပ်ကိုင်ရန်အတွက်၊ နိုင်ငံတော်ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့ (ဤမှနောက်တွင် အဖွဲ့ဟုခေါ်မည်)ထံ ဆန်စက်ကို အပေါင်ပေးသွင်းပြီး၊ ငွေ ၃၀,၀၀၀ ချေးယူ၍၊ အဖွဲ့အတွက် အဖွဲ့ပိုင်စပါးများကို ဆန်ကြိတ်ခဲ့ရာ၊ ဆန်အိတ်ရေ ၂,၀၁၀ ကျော်ကြိတ်ပြီး၍ စပါးတင်းရေ ၁,၇၁၇ တင်းသာကျန်ရှိတော့၏။ ထိုစပါးများကို ဦးတိုက်ကောင်း၏ ဆန်စက်ဝင်း အတွင်းရှိ အဖွဲ့ပိုင်ဂိုဒေါင်တွင် သိုလှောင်ထား၏။ ၁၉၅၆ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့တွင် ထိုစဉ်က ရေဦး နယ်ပိုင်ဝန်ထောက်အဖြစ် အမှုထမ်းနေသူ ဦးတင်ညွန့် (ခံပြ-၂)၊ သခင်အေးမောင်ကြီး (ခံပြ-၃)၊ ဆန်စက်ပိုင်ရှင် သခင် တင်မောင် (ခံပြ-၄) ၊ သူကြီး ဦးဘအေး (ခံပြ-၅)၊ ကုန်သည် ဦးချစ် (ခံပြ-၆) နှင့်အဖွဲ့ အင်စပိတ်တော်ကြီး ဦးစိုးမြင့် (ခံပြ-၇) တို့သည် ရေဦးမြို့အတွက် ဖွဲစည်းထားသောအဖွဲ့၏ လုပ်ငန်းမှားကို ကွပ်ကဲရသည့် ကြီးကြပ်ရေး အဖွဲဝင်များအဖြစ် ဦးတိုက်ကောင်း၏ ဆန်စက်သို့ သွားရောက်စစ်ဆေးကြ၏။ အဖွဲ့ပိုင် ဂိုဒေါင်တွင် အဖွဲ့၏စပါး စိုးစင်းမျှ မတွေ့ကြရချေ။ စက်ဝင်းအတွင်းသို့က်သံရှာဖွေကြရာ ထိုဂိုဒေါင် အနီး၌စပါးလှည်း ၇ စီးမျှတွေ့ရှိ၍၊ ထိုလှည်းများပေါ်ရှိ စပါးနှင့် ဂိုဒေါင်တွင်းသို့ သွင်းပြီးစပါးအနည်းငယ်နှစ်ရပ်စုစုပေါင်း တင်းရေ ၁၇၅ တင်းမျှရှိကြောင်းတွေ့ရှိကြ၏။ ထို့ပြင်လည်း စက်ဝင်းအတွင်းတွင် စပါးတင်းရေ ၃၀၀ မျှရှိစပါးပုံတွေ့ရာ ထိုစပါးပုံအနီး၌ တွေ့ရှိသော မာမက်ခန်ဆိုသူက ထိုစပါးမှာ မိမိပိုင်စပါးဖြစ်ကြောင်း ပြောကြား၏။ ထိုသို့တွေ့ရှိသော စပါးများမှာ စပါးသစ်များဖြစ်၍ အဖွဲ့ပိုင်စပါး ဟောင်းများ မဟုတ်နိုင်ချေ။ ပျောက်ဆုံးနေသည့် စပါးမှာ အဖွဲ့ပိုင် ရွှေဘို လုံးသေး စပါးတင်းရေ ၁,၇၁၇ တင်းဖြစ်၏။

ယင်းသို့အဖွဲ့ပိုင်စပါး ၁,၇၁၇ တင်းပျောက်ဆုံးနေကြောင်း တိုင်ကြားစာရရှိသောအခါ ရွှေဘိုမြို့ရှိ အဖွဲ့၏သက်ထောက် ဇုံမန်နေဂျာ ဦးသုတိုး (ခံပြ-၁) သည်၊ အဆက်အရာရှိများထံ တင်ပြအစီရင်ခံရာတွင်၊ အထက်အရာရှိများက တိုင်ကြားချက်ဖွင့်ရန် ညွှန်ကြားသဖြင့်၊ ဦးတိုက်ကောင်း အပေါ်၌ ပြည်သူပိုင်ပစ္စည်း ကာကွယ်ရေး အက်ဥပဒေပုဒ်မ ၆ (၁)အရ၊ တိုင်ကြားသည်တွင်၊ ရေဦးရဲဌာနက အမှုစုံစမ်းစစ်ဆေးပြီးလျှင်၊ ဦးတိုက်ကောင်းအား ရှာဖွေရာ မတွေ့သဖြင့်၊ ၎င်း အပေါ်၌ ပြည်သူပိုင် ပစ္စည်းကာကွယ်ရေး အက်ဥပဒေပုဒ်မ ၆ (၁) နှင့်ရာဇဝတ်ကျင့်ထုံးပုဒ်မ ၅၁၂ အရ၊ အမှုတင်၏။ ရာဇဝတ်တရားသူကြီးသည် လိုအပ်သော သက်သေများကို ဆင့်ခေါ် စစ်ဆေးပြီးနောက်၊ ဦးတိုက်ကောင်း တိမ်းရှောင်

၁၉၆၄

ဦးတိုက်ကောင်း နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ ပါ ၂။

နေကြောင်း တွေ့ရှိသဖြင့်၊ ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၅၁၂ အရ၊ [ဆက်လက်အရေးယူရာတွင်၊ ထိုကျင့်ထုံး ပုဒ်မ ၈၇၊၈၈ အရလည်း၊ အရေးယူ၍ ဦးတိုက်ကောင်းပိုင် ဆန်စက်ကို ဝါးရမ်းဖမ်းဆီး၏။ ၁၉၅၆ ခု၊ ဇူလိုင်လ ၂၆ ရက်နေ့တွင် ဦးတိုက်ကောင်းထံမှ စက်လုပ်ငန်းကို လုပ်ကိုင်ရန် အထွေထွေ ကိုယ်စားလှယ်စာရင်းသူ မောင်အောင်သန်း (ခံပြ-၉) ၏ လျှောက်ထားချက်အရ၊ ရာဇဝတ် တရားသူကြီးသည်၊ မောင်အောင်သန်းအား စက်လည်ခွင့်ပြုလိုက်၏။ သို့သော် စက်ကို ဖမ်းဆီးထားသော ဝါးရမ်းအမိန့်မှာ တည်မြဲတည်နေရမည်ဟု အမိန့်ချမှတ်လိုက်၏။

ဦးတိုက်ကောင်းက မိမိသည် အဖွဲ့ပိုင် စပါးတင်းရေ ၁,၇၁၇ ကို ကိုယ်ကျိုးအတွက်အသုံးပြုခဲ့ခြင်း မဟုတ်ကြောင်း။ အဖွဲ့ထံမှရရှိသော ညွှန်ကြားစာ သက်သေခံအမှတ် ဒီ နှင့် အီး တို့အရ၊ အဖွဲ့၏ ကိုဒေါင်ကို ပြင်ဆင်ရန် လိုအပ်သဖြင့် ထိုကိုဒေါင်မှစပါးတင်းရေ ၁,၇၁၇ ကို အပြင်သို့ ထုတ်ပို့ပြီးထားကြောင်း။ ယင်းသို့ အဖွဲ့ပိုင်စပါးများရှိလျက်နှင့် ကြီးကြပ်ရေးအဖွဲ့သည်၎င်း၊ ဦးလှဘိုးသည်၎င်း မဟုတ်မမှန်လုပ်ကြံ တိုင်ကြားသဖြင့် မိမိအပေါ် ၌ ရာဇဝတ် တရားသူကြီးက အရေးယူခဲ့ကြောင်း။ ယင်းသို့ အရေးယူရာတွင် မိမိပိုင်စက်ကို ဝါးရမ်းဖမ်းဆီးပြီးနောက်၊ မောင်အောင်သန်းအား စက်လည်စေသဖြင့်၊ မောင်အောင်သန်းက စက်ပစ္စည်းနှင့် စက်ဝင်းအတွင်းရှိ အခြားပစ္စည်းများကို အလဲသုံးစား ပြုသည့်အတွက်၊ မိမိမှာ နစ်နာကြောင်းဖြင့် ပြည်ထောင်စု အစိုးရအား၎င်း၊ အဖွဲ့အား၎င်း လျော်ကြေးငွေ ၅ သိန်းကျော် ၆ သိန်းနီးပါးမျှ ရရှိရန် တရားစွဲဆို၏။ တရားရုံးချုပ် မူလဘက် ဆိုင်ရာရုံးကအမှုကိုဗလပ်သဖြင့်ယခုအယူခံဝင်ခြင်းဖြစ်သည်။

ဤအမှုတွင် အထူးသတိချပ်ရမည်မှာ ဦးတိုက်ကောင်းသည် တိုင်ချက်ဖွင့်သူ ဦးလှဘိုး အပေါ် ၌၎င်း၊ ဆန်စက်လုပ်ငန်းကို မောင်အောင်သန်းအား လုပ်ကိုင်စေသည့် ရာဇဝတ် တရားသူကြီး အပေါ် ၌၎င်း တရားစွဲဆိုခြင်း မပြုသည့် အချက်ပင် ဖြစ်သည်။ ထိုသူများသည် အဖွဲ့၏၎င်း၊ အစိုးရ၏၎င်း၊ အရာရှိအသီးသီးဖြစ်သဖြင့် ထိုသူများ၏ ပြုမူချက်အပေါ် အခြေပြု၍ ၎င်းတို့အား ခန့်အပ်သူအဖွဲ့နှင့် အစိုးရအသီးသီးအပေါ် ၌ တရားစွဲဆိုခြင်းဖြစ်သည်။

ယင်းသို့ဖြစ်ရာ အဖွဲ့သည်၎င်း၊ အစိုးရသည်၎င်း လျော်ကြေးပေးရန် တာဝန်ရှိ မရှိကို ဆုံးဖြတ်ခြင်း မပြုမီ၊ ဦးလှဘိုးနှင့် ရာဇဝတ် တရားသူကြီးတို့၏ ပြုမူချက်များမှာ၊ တရားမကြောင်း စွဲဆိုနိုင်သော ကျူးလွန်မှု (Tort) ဖြစ်သလော ဟူသည့်အချက်ကို ကနဦးစဉ်းစားဆုံးဖြတ်ရပေမည်။

ထိုစဉ်က ရေဦးနယ်မိုင်ဝန်ထောက် (ယခု တောင်ငူခရိုင် တွဲဘက်ခရိုင်ရာဇဝတ် ဘ ရာသူကြီး) ဦးတင်ညွန့်ခေါင်းဆောင်သည့် ကြီးကြပ်ရေး အဖွဲ့ဝင်များ၏ သက်သေ

၁၉၆၄

ဦးတိုက်ကောင်း နှင့် မြန်မာနိုင်ငံပါ ၂။

ခံချက်များအရ ၁၉၅၆ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့၌ ထိုအဖွဲ့ဝင်များသည်၊ သတင်းအရ ဦးတိုက်ကောင်း၏ ဆန်စက်သို့သွားရောက် စစ်ဆေးရာ၌ အဖွဲ့ပိုင် ဂိုဒေါင်အတွင်း၌ ၎င်း၊ ဂိုဒေါင်ပြင်ပ၌ ၎င်း အဖွဲ့ပိုင် စပါးတင်းရေ ၁,၇၁၇ ကိုမတွေ့ရှိကြောင်းထင်ရှား၏။ ထိုသက်သေများသည် ဦးတိုက်ကောင်းနှင့် ငြိုးသူရန်ဘက်များမဟုတ်။ မိမိတို့အား လွဲအပ်သည့် ပြည်သူ့တာဝန်ကို ထမ်းဆောင်ကြသည့်လူကြီး လူကောင်းများသာ ဖြစ်သည်။ ၎င်းတို့၏ အစစ်ခံချက်များကို ယယ်ရန်အကြောင်းလုံး၀ မမြင်ချေ။ ၎င်းတို့အား ကြားနာစစ်ဆေးသူ မူလရုံးပညာရှိ တရားသူကြီးကလည်း ၎င်းတို့၏ထွက်ဆိုချက်များကို အကြွင်းမဲ့လက်ခံခဲ့၏။ ဦးတိုက်ကောင်း တင်ပြသော သက်သေ မောင်တင်မောင်၊ ကိုစိန်၊ မောင်ဉာဏ်နှင့် မောင်သိန်းမောင် (လိုပြ-၃-၆-၇-၈) တို့၏သက်သေခံချက်များကို လက်မခံခဲ့ချေ။ ထိုသူများသည် ဦးတိုက်ကောင်း၏ စက်တွင်အလုပ် လုပ်ကိုင်ကြသော လခစားများသာ ဖြစ်သည်။ ထို့ပြင်လည်း ဦးတိုက်ကောင်းကသက်သေခံ အမှတ် ဒီ-နှင့်-အီး တို့ကိုညွှန်း၍ အဖွဲ့မှ ဂိုဒေါင်ပြင်ရန် ညွှန်ကြားသဖြင့် အဖွဲ့ပိုင် စပါးများကို ဂိုဒေါင်ပြင်ပသို့ ထုတ်၍ စုပုံထားရကြောင်းအဆိုရှိသော်လည်း၊ ထိုညွှန်ကြားလွှာများကိုလေ့လာရာ၌ အဖွဲ့ကနိုင်ငံခြားသို့ တင်ပို့ရောင်းချမည့် ဆန်အဆင့်အတန်းမြင့်စေရန်အတွက် စက်ပိုင်များက မိမိတို့၏စက်များကို လိုအပ်သလို ပြုပြင် ပြင်ဆင်ထားရန်နှင့် ဂိုဒေါင်များတွင် အမှိုက်သရိုက်များ၊ ဖုံမှုန်များ မရှိစေရန် ရှင်းလင်းထားရန် ညွှန်ကြား၍ စပါး၀ယ်သည့်အခါ၌ စပါးအသစ်နှင့် အဟောင်းရောပြွန်းခြင်းမရှိစေရန် အထူးတလည် ဂရုစိုက်၍၀ယ်ယူသိုလှောင်ကြရန် မေတ္တာရပ်ခံခြင်းကိုသာ တွေ့ရှိရသည်။ ထိုညွှန်ကြားလွှာများတွင် အဖွဲ့ပိုင်ဂိုဒေါင်များကို ပြင်ဆင်ရန် ညွှန်ကြားချက်မပါချေ။ အမှန်အားဖြင့်ဆိုသော် အဖွဲ့ပိုင်ဂိုဒေါင်ကို ပြင်ဆင်ရန် တာဝန်သည် စက်ပိုင်များ၏ တာဝန်မဟုတ်၊ အဖွဲ့၏တာဝန်သာ ဖြစ်ပေသည်။

အထက်ပါ အကြောင်းများကို ထောက်သော်၊ ဦးလှဘိုးသည် ကြိုးကြပ်ရေးအဖွဲ့မှ တိုင်ကြားစာရရှိသောအခါ၊ ရေဦးဌာနခွဲ တိုင်ကြားချက် ဖွင့်သည်မှာ၊ ဦးတိုက်ကောင်းအပေါ်၌ အာဏာတ ထား၍ အကြောင်းယုတ္တိမရှိဘဲ တိုင်ချက်ဖွင့်သည်ဟု မဆိုနိုင်ပေ။ မိုဟာမက်အာမင် နှင့် ဂျိုဂင်တရာကူးမာအမှု (၁)တွင်၊ ပရီဗီကောင်စီက အောက်ပါအတိုင်းဆုံးဖြတ်ခဲ့၏။

> "In an action for damages for malicious prosecution the plaintiff must prove that the proceedings instituted against him were malicious, without reasonable and probable cause, that they terminated in his favour (if that be possible), and that he has suffered damage."

(၁) အေ၊အိုင်၊အာ၁၊ ၁၉၄၇ ခုနှစ်၊ ပရီဗီကောင်စီစာ ၁၀၈။

ထို့ကြောင့်၊ ထိုမှန်ကန်သည့်အဆုံးအဖြတ်ကို လက်ခံပြီး၊ ဦးလှဘိုး တိုင်ချက်ဖွင့် ရာ၌ တရားမကြောင်း စွဲဆိုနိုင်သော ကျိုးလွန်မှုမရှိဟု ဆုံးဖြတ်ရပေမည်။

၁၉၆၄
ဦးတိုက်ကောင်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ
ပ ၂။

ရာဇဝတ် တရားသူကြီးက ဦးတိုက်ကောင်းပိုင် ဆန်စက်ကို မောင်အောင်သန်း အား လုပ်ကိုင်စေရာ၌၊ ရာဇဝတ်တရားသူကြီးသည် ရာဇဝတ်ကျင့်ထုံးပုဒ်မ ဂဂ၊ ဂဂ တွင် အပ်နှင်းထားသော အာဏာအရ ရွက်ဆောင်ခြင်းသာဖြစ်သည်။ ထိုပုဒ်မ ဂဂ(၄) တွင် ရာဇဝတ်တရားသူကြီးသည် မဖွေ့ မပြောင်းနိုင်သော ပစ္စည်းနှင့်စပ်လျဉ်း၍ ပစ္စည်းထိန်း ခန့်အပ်နိုင်သည်ဟု ပြဋ္ဌာန်းထား၏။ မည်သို့ မည်ပုံပစ္စည်းထိန်းခန့်ရမည်ကို ပြဋ္ဌာန်း ချက်မရှိခေ။ ဦးတိုက်ကောင်း ကိုယ်တိုင်ကပင် မိမိ၏ အဆိုလွှာ၌ ရာဇဝတ်တရားသူကြီး သည် မောင်အောင်သန်းအား ပစ္စည်းထိန်းခန့်အပ်သည်ဟု အဆိုပြု၏။ ၎င်းက မောင်အောင်သန်းအား ၁၉၅၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့စွဲပါ အထွေထွေ ကိုယ်စားလှယ်စာဖြင့် ဆန်စက်လုပ်ငန်းကို လုပ်ကိုင်ရန်အတွက် ကိုယ်စားလှယ် ခန့်အပ် ခဲ့၏။ ထိုကိုယ်စားလှယ်စာကို ရုပ်သိမ်းခြင်း မပြုမီ ၁၉၅၆ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်နေ့၌ ရာဇဝတ်တရားသူကြီးက မောင်အောင်သန်းအား စက်လည်ခွင့် ပြုလိုက်၏။ ယင်းသို့ စက်လည်ခွင့် ပြုရာ၌ မောင်အောင်သန်း ထံမှ အာမခံမတောင်းခဲ့ဆိုသည့် တင်ပြချက် နှင့် စပ်လျဉ်း၍၊ ယင်းသို့အာမခံ မတောင်းသည့်အတွက်၊ ရာဇဝတ် တရားသူကြီး ပေါ့လျော့မှု ရှိသည်ဟုမဆိုနိုင်ပေ။ အမှန်အားဖြင့်ဆိုသော် ဦးတိုက်ကောင်း ကပင် မောင်အောင်သန်းအား စက်လည်ရန် အထွေထွေ ကိုယ်စားလှယ်စာ ပေးအပ်ခဲ့သဖြင့် မောင်အောင်သန်းအပေါ်၌ ယုံကြည်မှုရှိခဲ့ကြောင်း ထင်ရှားလေသည်။ ***David Geddis*** v. ***Proprietors of the Bann Reservoir*** အမှု(၂) တွင် Lord Blackburn သည်အောက်ပါအတိုင်းမြွက်ကြားခဲ့၏။

> ". . . For I take it, without citing cases, that it is now thoroughly well established that no action will lie for doing that which the legislature has authorized, if it be done without negligence, although it does occasion damage to anyone; but an action does lie for doing that which the legislature has authorised, if it be done negligently."

ထိုမြွက်ကြားချက်အတိုင်း ***Ramchandran Nagaram Rice and Oil mills Ltd. Gava*** v. ***The Municipal Commissioners of the Purulia***

(၂) Law Reports, ၁၀-၇၇-ဂ အယူခံမှုများအတွဲ ၃၊ စာ ၄၃၀၊ ၄၅၅။

၁၉၆၄

ဦးအိုက်ကောင်း နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ ပါ ၂။

Municipality အမှု(၃)တွင် ပတ္တနာတရားလွှတ်တော်ခုံရုံးက လိုက်နာကျင့်သုံးခဲ့၏။ ဤရုံးကလည်း ထိုမူအတိုင်းပင် လိုက်နာကျင့်သုံးသင့်ပေသည်။

စင်စစ်အားဖြင့်ကား၊ ဦးတိုက်ကောင်း၏ အဆိုလွှာတွင်၊ ရာဇဝတ်တရားသူကြီးသည် ဆန့်စက်ကို မောင်အောင်သန်းအား ပစ္စည်းထိန်းခန့်ပြီး၊ လွှဲအပ် လုပ်ကိုင်စေရာ၌ ပေါ့လျော့မှုရှိကြောင်း အဆိုမပြုခဲ့ချေ။ ဤအမှုအဖြစ်အပျက် အားလုံးကို ထောက်သော် ပေါ့လျော့သည်ဟုလည်း မဆိုနိုင်ပေ။ ထို့ကြောင့် ရာဇဝတ်တရားသူကြီးသည် ယင်းသို့ ဆန့်စက်ကို လွှဲအပ်ရာ၌ တရားမကြောင်းစဲဆိုနိုင်သော ကျူးလွန်မှုမရှိဟု ယူဆရပေမည်။

အထက်ဖော်ပြပါ အကြောင်းများကြောင့်၊ ပြည်ထောင်စု မြန်မာနိုင်ငံ အစိုးရသည်ဌင်း၊ အဖွဲ့သည်ဌင်း ဦးတိုက်ကောင်းအား လျော်ကြေးပေးရန် တာဝန်ရှိ မရှိဆိုသည့် အချက်ကို စဉ်းစားဆုံးဖြတ်ရန်လိုအပ်တော့မည်မဟုတ်ပေ။

အယူခံကိုစရိတ်နှင့်တကွ ပယ်လိုက်သည်။ ဤရုံးရှေ့နေခမှာ ငွေ ၃၄၀ ကျပ် ဖြစ်စေရမည်။

(၃) အိုင်၊ အယ်(လ်)၊ အာ(ရ်)၊ ပတ္တနာ၊ အတွဲ ၂၂၊ စာ ၃၅၉။

တရားမအထွေထွေ

တရားသူကြီးချုပ် ဦးဘိုကြီးနှင့် တရားသူကြီး ဦးစောဘသိန်း တို့ ရှေ့တွင်

ဦးဓမ္မပါလ ပါ ၃ (စောဒကများ)

နှင့်

ဦးအာစိတ္တ ပါ ၃ (စုဒိတကများ) *

† ၁၉၆၄ အောက်တို ဘာလ ၈ ရက်။

အမှုခေါ် စာချုန်တော် မြို့နယ်ဝိနိစ္ဆယဌာန၏ အဆုံးအဖြတ်ကို ပယ်ဖျက်ရန် မေတ္တာရပ်ခံခြင်း— လိုက်လျောခြင်း မပြုသင့်ခြင်းကိစ္စ။

ဆုံးဖြတ်ချက်။ ။မြို့နယ် ဝိနိစ္ဆယဌာနတခု၏ အဆုံးအဖြတ်သည် အာဏာကို ကျော်လွန်၍ ဆုံးဖြတ်ထားသဖြင့် ထိုအဆုံးအဖြတ်ကို မခံယူလိုလျှင် သက်ဆိုင်ရာ ခရိုင်ဝိနိစ္ဆယဌာနတွင် စောဒက ဝင်နိုင်သည်။ ခရိုင်ဝိနိစ္ဆယဌာန၏ အဆုံးအဖြတ်ကို မကျေနပ်လျှင် "နိုင်ငံတော်ဝိနိစ္ဆယဌာနတွင် နောက်ဆုံးအနေဖြင့် စောဒနာဝင်ခွင့်ရှိသည်။

ယင်းသို့ အခွင့်အရေး အမျိုးမျိုးရှိလျက်နှင့် တရားရုံးချုပ်သို့ လာရောက်၍ အမှုခေါ် စာချုန်တော် ရရှိရန် မေတ္တာရပ်ခံလျှင် လိုက်လျောခြင်းမပြုနိုင်။ ရဟန်းတော်များနှင့် သက်ဆိုင်သည့်ကိစ္စမျိုးတွင် ရဟန်းတော်များကသာ သာမန်အားဖြင့် အဆုံးအဖြတ်ပြုသင့်သည်။ မလဲမရွှေ့ဘဲသာမှသာလျှင် တရားရုံးချုပ်က ဝင် ရောက်စွက်ဖက်သင့်သည်။

စောဒကများအတွက်။ ။ပညာရှိရွှေနေကြီး ဦးဘသန်း (၁)။

စုဒိတက အမှတ် { ၁ အတွက်။ ။ကိုယ်တိုင်။ ၂ အတွက်။ ။မလာရောက်။ ၃ အတွက်။ ။ဦးလှသိန်း။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။ယခု မှုခင်းသဲ့သည်၊ ဒိုက်ဦးမြို့ရှိကန်တော်ကျောင်းနှင့် သက်ဆိုင်၍၊ စုဒိတက ဦးထွန်းတင်နှင့် အပေါင်းပါတို့က၊ ထိုကျောင်းကို မိမိတို့ မိဘဘိုးဘွား လက်ထက်ကလှူဒါန်းခဲ့ပြီး၊ မိမိတို့သည်လည်း ထိုကျောင်းမှ ကျောင်း

---

* ၁၉၆၄ ခုနှစ်၊ တရားမအထွေထွေ အယူခံမှုအမှတ် ၈၆။

† ဒိုက်ဦးမြို့နယ်၊ ဝိနိစ္ဆယဌာန၏ ၁၃၂၆ ခုနှစ်၊ အကြမ္ဘဏ်းမှုအမှတ် ၂ တွင် ၁၉၆၄ ခုနှစ်၊ ဇွန်လ ၂၄ ရက်နေ့၌ ဓမ္မပါလသောဆုံးဖြတ်ချက်ကို ပယ်ဖျက်စေရန်အတွက် အမှုခေါ် စာချုန်တော် ထုတ်ရန်လျှောက်လွှာ။

၁၉၆၄

ဦးခမ္မပါလ ပါ ၃ နှင့် ဦးအာစိတ္ထ ပါ ၃။

သားဟောင်းများ ဖြစ်ကြသည်ဆိုကာ၊ ယခုမေတ္တာရပ်ခံသူ၊ ဦးခမ္မပါလ၊ ဦးခမ္မဝံသနှင့် ဦးကျော်နီ (ခေါ်) ဦးကုမာရာ တို့အပေါ်၌၊ ဒိုက်ဦးမြို့နယ်ဝိနိစ္ဆယဌာနတွင် တရားစွဲဆိုကြ၏။ အကြောင်းပြချက်မှာ၊ ဦးခမ္မပါလသည် ထိုကျောင်းကို မပိုင်ဘဲ၊ ဦးကျော်နီ (ခေါ်) ဦးကုမာရာအား လှူဒါန်းလိုက်ပြီး၊ ကျောင်းတင် ကျောင်းအပ်ကိစ္စပြုလုပ်ကြသည်ကို တားမြစ်ပေးပါရန် ဖြစ်သည်။ ဝိနိစ္ဆယဌာနက အခင်းဖြစ်ကျောင်းသည် သံဃိက ကျောင်းဖြစ်သဖြင့်၊ ဦးခမ္မပါလသည် ထိုကျောင်းကို လှူဒါန်းပေးအပ်ခွင့် မရှိကြောင်းနှင့် အဆုံးအဖြတ်ပြုတော်မူကြ၏။ထိုအမိန့်ကို မကျေနပ်သဖြင့် ဦးခမ္မပါလ တို့က အမှုခေါ် စာချုန်တော် အမိန့်ဖြင့် ပယ်ဖျက်ရန်အတွက်၊ယခုမေတ္တာရပ်ခံကြခြင်းဖြစ်သည်။

ဂင်းတို့၏ ပညာရှိရွှေနေကြီးအဓိကအားဖြင့်လျှောက်ထားသည်မှာ၊ ၁၃၁၆ ခုနှစ်၊ ဝိနိစ္ဆယဌာန (ပြင်ဆင်ချက်) အက်ဥပဒေပုဒ်မ ၃ တွင်၊ ဝိနိစ္ဆယဌာနက စောဒကနှင့် "စုဒိတကတို့၏ သဘောတူညီချက် အရသာလျှင် အမှုကို လက်ခံကြားနာဆုံးဖြတ်စီရင်နိုင်သည်ဟု ပြဋ္ဌာန်း" ထားသော်သည်း ယခုအမှုတွင် စောဒကနှင့် စုဒိတကတို့၏ သဘောတူညီချက် စာသွဘင်သွင်းခြင်း မပြုဘဲသျှက်၊ ဝိနိစ္ဆယဌာနဆုံးဖြတ်သည်မှာ အာဏာကို ကျော်လွန်၍ ဆုံးဖြတ်သဖြင့် ထိုဆုံးဖြတ်ချက်မှာ တရားမဝင် အတည်မဖြစ်နိုင်ဟူသော လျှောက်ထားချက် ဖြစ်သည်။ ပညာရှိ ရွှေနေကြီးက အဆိုပါ အက်ဥပဒေ ၃၆ ခြင်းချက်ကိုညွှန်းသည်။ သို့သော် ထိုခြင်းချက်၌၊ ဝိနိစ္ဆယခုံရုံးဖွဲ့စည်းရန် သဘော မတူမှသာလျှင်၊စီရင်ပိုင်ခွင့်ရှိသည့် နယ်ပိုင်တရားမရုံးတွင်၊ တရားစွဲဆိုသည့်ကိစ္စမျိုး၌၊ စောဒကနှင့် စုဒိတကတို့သည် မိမိတို့၏အဓိကရုဏ်းမှုနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ မြို့နယ်ဝိနိစ္ဆယဌာန အဆုံးအဖြတ်ကို ခံယူရန် သဘောတူလျှင်၊ စောဒကသည်၊ ထိုသဘောတူညီချက် စာသွဘနှင့် အတူ စွဲချက်လျှောက်ကို၊ ထိုမြို့နယ်ဝိနိစ္ဆယဌာနသို့ တင်သွင်း၍ အမှုစွဲဆိုနိုင်ကြောင်း ပြဋ္ဌာန်းလေသည်။ ယခု အမှုတွင် မူကား နယ်ပိုင်တရားမရုံး၌၊ တရားစွဲဆိုသည့်ကိစ္စမပေါ် ပေါက်ခဲ့ချေ။ထိုမှတပါးလည်း၊ အဆိုပါအက်ဥပဒေပုဒ်မ ၃ ပါပြဋ္ဌာန်းချက်များ အရဆိုလျှင်၊ စောဒကနှင့် စုဒိတက တို့ သဘောတူညီသော်၊ ဝိနိစ္ဆယဌာနကငင်းတို့၏ မှုခင်းကိုကြားနာ စစ်ဆေးနိုင်ပေမည်။ သဘောတူညီချက် စာသွဘတင်သွင်းရန် လိုသည်ဟု ပြဋ္ဌာန်းခြင်း မရှိချေ။ ဤအမှုတွင်မြို့နယ် ဝိနိစ္ဆယ ဌာနက အဓိက စုဒိတကဖြစ်သော ဦးခမ္မပါလအား မှုခင်းကို ဝိနိစ္ဆယခုံကဆုံးဖြတ်စေလိုလျှင်၊ ခုံရုံးဖွဲ့ပေးရန် ဝိနိစ္ဆယ ခုံစာရင်းဝင် သံဃာတော် စာရင်းပေး၍ အချိန်ပေးလိုက်သည်။ ဦးခမ္မပါလသည် မည်သို့မှ ရှုတ်ဆောင်ခြင်း မပြုဘဲ၊ အမှုခိုင်းသည့်နှင့်၌ ဝိနိစ္ဆယဌာနသို့ သွားရောက်အစစ်ခံ၏။ ဦးခမ္မဝံသသည် ဦးကျော်နီက စောင့်ရှောက်ရန်၊ ဤအမှုပါ ကျောင်းကိုအပ်ထားသဖြင့် စောင့်

ရှောက် နေရသည့် ရဟန်းဖြစ်ဟန်ငှ သည်။ ဦးကျော်နီသည် ဝိနိစ္ဆယဌာနသို့တက်ကြိမ် တခါမျှကြွရောက်ခြင်းမပြု။ အမှုကိုလည်းမဆိုင်ခဲ့ပေ။

၁၉၆၄

ဦးခမ္မပါလ ပါ ၃ နှင့် ဦးအာစိဿ ပါ ၃။

ယခုကဲ့သို့သောအမှုခေါ် စာချုပ်တော်ထုတ်ဆင့်သည့်ကိစ္စမျိုးတွင်၊ ဤရုံးကအမိန့် မထုတ်မနေရသော ကိစ္စမျိုး မဟုတ်၊ အခြေအနေအားလုံးကို လေ့လာ သုံးသပ်ပြီး နောက် ထုတ်ဆင့်သင့်မှ ထုတ်ဆင့်မည်ဖြစ်သည်။ ဤအမှုတွင်၊ ဦးခမ္မပါလနှင့်အပေါင်း ပါဘို့သည်၊ မြို့နယ်ဝိနိစ္ဆယဌာန၏အဆုံးအဖြတ်ကို မခံယူလိုလျှင်၊ ၁၃၁၁ ခုနှစ်၊ ဝိနိစ္ဆယ ဌာနနှင့် ဝိနိစ္ဆယရုံး အက်ဥပဒေပုဒ်မ ၁၈ အရ သက်ဆိုင်ရာခရိုင်ဝိနိစ္ဆယဌာနတွင် စောဒကဝင်နိုင်ပေသည်။ ဦးခမ္မပါလတို့၏ ပညာရှိရွှေနေကြီးက၊ ယင်းသို့ ခရိုင်ဝိနိစ္ဆယ ဌာနသို့စောဒနာဝင်လျှင်၊ မြို့နယ်ဝိနိစ္ဆယဌာနမှ ကြားနာစစ်ဆေးသည်ကို သဘောတူ လက်ခံရာ ရောက်မည်ဖြစ်ကြောင်းနှင့် သျှောက်လဲ၏။ ဤသျှောက်လဲချက်ကို လက်ခံ ရန် မဖြစ်နိုင်ပေ။ သာမန်သူရုံးများတွင်သည်း မူလရုံးက စီရင်ပိုင်ခွင့် အာဏာမရှိဘဲ ကြားနာခဲ့သော်၊ သက်ဆိုင်ရာ အယူခံရုံးသို့ အယူခံဝင်နိုင်ပေမည်။ ခရိုင်ဝိနိစ္ဆယဌာန ၏ အဆုံးအဖြတ်ကို မကျေနပ်လျှင်၊ ပုဒ်မ ၁၉ အရ၊ နိုင်ငံတော်ဝိနိစ္ဆယဌာနတွင် နောက်ဆုံး အနေဖြင့် စောဒနာ ဝင်ခွင့်ရှိပေသည်။ ယင်းသို့အခွင့်အရေး အမျိုးမျိုး ရှိသျှက် သက်ဆိုင်ရာရုံးများကို ဖယ်ရှောင်ပြီး၊ ဤရုံးသို့လာရောက်၍ အမှုခေါ် စာချုပ် တော် ရရှိရန်မေတ္တာ ရပ်ခံခြင်းကို လိုက်လျောခြင်း မပြုသင့်ပေ။ ရဟန်းတော်များနှင့် ဆိုင်သည့် ကိစ္စမျိုးတွင်၊ ရဟန်းတော်များကသာ သာမန်အားဖြင့် အဆုံးအဖြတ်ပြု သင့်ပေသည်။ မသဲ့မရှောင်သာမှ သာလျှင်၊ဤရုံးကဝင်ရောက် စွက်ဖက်သင့်ပေသည်။

အဆက်ဖေါ်ပြပါ အကြောင်းများကြောင့်၊ ယခု မေတ္တာ ရပ်ခံလွှာကို စရိတ်မရှိ ပယ်သိုက်သည်။

တရားမအယူခံမှု

တရားသူကြီးချုပ် ဦးဘိုကြီး၊ တရားသူကြီး ဦးထွန်းတင်နှင့် တရားသူကြီး ဦးကျော်ဇံဦးတို့ရှေ့တွင်

၁၉၆၄ ခု နိုဝင်ဘာလ ၂၁ ရက်။

ဦးမင်းဆင် (အယူခံတရားလို)

နှင့်

မမုန်း ပါ ၂ (အယူခံတရားခံများ) *

ပြန်လည်၍ရောင်းချသောစာချုပ်၊ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၅၃ (က)တွင် အကျုံးဝင်မဝင်။

ဆုံးဖြတ်ချက်။ ။ပြန်လည်ရောင်းချရန် ချုပ်ဆိုသော ပဋိညာဉ်စာချုပ်မှာ မှတ်ပုံတင်ရန် မလိုပေ။ ယင်းသို့ဖြစ်၍ ထိုကဲ့သို့ချုပ်ဆိုသော ပဋိညာဉ်စာချုပ်သည် ပစ္စည်းလွှဲပြောင်းရေး အက် ဥပဒေပုဒ်မ ၅၃ (က) ပါပြဋ္ဌာန်းချက်များတွင် ဘောင်ဝင်အံကျ မဖြစ်ဟုဆိုနိုင်ပေမည်။ သို့သော် ငြားလည်း အရောင်းအဝယ် ပြုလုပ်ပြီးနောက် မူလရောင်းသူအား ဝယ်သူကပြန်ရောင်းချရန် ပဋိညာဉ်စာချုပ် ချုပ်ဆိုကာ ထိုစာချုပ်အရ မူလရောင်းချသူက အချင်းဖြစ် ပစ္စည်းကို ပြန်လည် ဝယ်ယူရန်ပြောကြားခြင်းသည် ပစ္စည်းလွှဲပြောင်းပေးရေး အက်ဥပဒေပုဒ်မ ၅၃(က)တွင်ပါရှိသည့် ပြန်လည်ရောင်းချရန် ပဋိညာဉ်အရပြီးမြောက်စေရန် ဆောင်ရွက်မှုတရပ်ဖြစ်သည်ဟု ယူဆရမည် ဖြစ်၍၊ ထိုပုဒ်မ ၅၃ (က) ပါပြဋ္ဌာန်းချက်များ၏ အခြေခံမူတွင် အကျုံးဝင်သည်ဟု ဆိုရပေမည်။

ဘိုးထွန်း နှင့် **အေးခအမှူ၊** အောက်မြန်မာပြည် စီရင်ထုံးများ၊ အတွဲ ၉၊ စာ ၁၈။ **မောင် ဘကျော်**နှင့် **နာနီဂရမ်ဂျပန်နပ်(စ်)**အမှု၊ အိန္ဒိယစီရင်ထုံးများ၊ ရန်ကုန်အတွဲ ၁၃၊ စာ ၂၂-၂၄ တို့ကိုရည်ညွှန်းသည်။

အယူခံတရားလိုအတွက်။ ။ဒေါက်တာ ဦးဘဟန်။

အယူခံတရားခံအတွက်။ ။ ဦးလှထွန်းဖြူ။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။အယူခံတရားလို ဦးမင်းဆင်သည်၊ ဦးထိုက် မမုန်းနှင့် ၎င်းတို့၏သမီး မမြရင်တို့ထံမှ ရန်ကုန်မြို့၊ ၁၃ လမ်း၊ အမှတ် ၈၃ ရှိနေအိမ်ကို မှတ်ပုံတင်စာချုပ်ဖြင့် ငွေ ၆,၀၀၀ နှင့် ၁၉၅၀ ခုနှစ်၊ မေလ ၉ ရက်နေ့က ဝယ်ယူ၏။

---

* ၁၉၆၄ ခုနှစ်၊ အခွင့်ထူး တရားမအယူခံမှုအမှတ် ၁၁။

† ၁၉၆၀ ခုနှစ်၊ တရားမ ပဌမအယူခံမှုအမှတ် ၇၃ တွင်၊ ၁၉၆၃ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက် နေ့စွဲပါ၊ ရန်ကုန်မြို့၊ တရားရုံးချုပ် အယူခံဌာနရုံးတော်၏ ချမှတ်သောဒီဂရီကိုအယူခံဝင်မှု။

၁၉၆၄
ဦးမင်းဆင်
နှင့်
မမုန်း ပါ ၂။

ထိုနေ့တွင်ပင် ဝယ်သူနှင့် ရောင်းသူတို့သည် စာချုပ်ချုပ်ဆို၍ ၁၉၅၂ ခုနှစ်၊ ဖေဖော်ဝါရီ လ ၉ ရက်နေ့အထိ၊ ရောင်းသူများက အိမ်ဘိုးငွေ ၆,၀၀၀ နှင့် ပေးဆပ်ရန်ငွေများ ပေးဆောင်လျှင်၊ ဝယ်သူက ထိုအိမ်ကို ပြန်လည်ရောင်းချမည်ဖြစ်ကြောင်းနှင့် ပဋိညာဉ် ပြုကြ၏။ ထို့နောက် ရောင်းသူများက ပဋိညာဉ်အတိုင်း မလိုက်နာခဲ့ဆိုကာ၊ ဦးမင်းဆင်သည်၊ ၎င်းတို့အား ထိုအိမ်မှထွက်ခွါဖယ်ရှားစေရန် တရားစွဲဆို၍၊ ထိုအိမ်တွင် အိမ်ငှါးများအဖြစ် နေထိုင်ကြသူ ၂ ဦးအားလည်း၊ ၎င်းတို့ထံမှ အိမ်ခများ တောင်းဆိုပိုင်ခွင့် ရှိကြောင်းနှင့် စွဲဆို၏။ မူလရုံးက ဦးမင်းဆင်စွဲဆိုသည့်အတိုင်း အမိန့်ဒီကရီချမှတ်လိုက်သည်ကို၊ ဦးထိုက်တို့ အယူခံဝင်သည်တွင်၊ တရားရုံးချုပ် တဦးထိုင်ရုံးက၊ ဤအမှုပါ အကြောင်းခြင်းရာများသည်၊ ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၅၃ (က) ပါ ပြဋ္ဌာန်းချက်များတွင် အကျုံးဝင်သည်ဟု ယူဆပြီး၊ မူလရုံး၏ အမိန့်နှင့် ဒီကရီကို ပယ်ဖျက်၍၊ ဦးမင်းဆင်၏ စွဲဆိုမှုကို ပယ်သိုက်၏။ ။ ထို့ကြောင့် ဦးမင်းဆင်သည်၊ ပြည်ထောင်စုတရားစီရင်ရေး အက်ဥပဒေပုဒ်မ ၆ အရ၊ အခွင့်ထူးဖြင့် ယခုအယူခံဝင်ခြင်းဖြစ်သည်။

အမှုအတောအတွင်း ဦးထိုက်ကွယ်လွန်သဖြင့်၊ ၎င်း၏ဇနီး မမုန်းနှင့် သမီး မမြရင်တို့အား တရားဝင်ကိုယ်စားလှယ်များအဖြစ် ထည့်သွင်းခဲ့၏။

ဦးထိုက်၊ မမုန်းနှင့် မမြရင်တို့က အခင်းဖြစ်အိမ်ကို ဦးမင်းဆင်အား မှတ်ပုံတင် စာချုပ်ဖြင့် ငွေ ၆,၀၀၀ နှင့် ရောင်းခြင်းနှင့် စပ်လျဉ်း၍ငင်း၊ ထိုသို့ရောင်းသည့်နေ့မှာပင် အထက်၌ ဖော်ပြခဲ့သည့်အတိုင်း ဦးမင်းဆင်က ရောင်းသူများအား၊ ထိုအိမ်ကိုပြန်လည် ရောင်းချရန် စာချုပ်ဖြင့် ကတိပြုခဲ့ခြင်းကိုငင်း၊ နှစ်ဦးနှစ်ဘက် သဘောတူဝန်ခံကြ၏။ တရားရုံးချုပ် တရားသူကြီးက၊ အခင်းဖြစ်အိမ်ကို အရောင်းအဝယ်ပြုသည်ဆိုသော် ငြားလည်း၊ အမှန်အားဖြင့်ကား အပေါင်အဖြစ်သာ ပေးသွင်းခဲ့ကြောင်း၊ ခိုင်လုံသော သက်သေခံချက်ရှိကြောင်း တွေ့ရှိ၏။ သို့သော် ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေ ပုဒ်မ ၅၈ (၈) ပါ ပြဋ္ဌာန်းချက်များအရ၊ အရောင်းစာချုပ်နှင့် ပြန်လည်ရောင်းချရန် ကတိပြုသောစာချုပ်တို့မှာ သီးခြားဖြစ်နေသဖြင့်၊ အရောင်းသဘောမျိုးဖြင့် ပြုလုပ်သော အပေါင်မဖြစ်နိုင်ဟု အဆုံးအဖြတ်ပြု၏။ သို့သော် အထက်၌ဖော်ပြခဲ့သည့် အကြောင်းခြင်းရာများကိုထောက်၍ ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၅၃ (က) ကို အကိုးအကားပြုပြီး၊ ဦးထိုက်တို့ ခုခံနိုင်ကြောင်း ထင်မြင်ယူဆကာ၊ ဦးထိုက်တို့အား အနိုင်ဒီးလိုက်၏။

ဦးမင်းဆင်၏ ပညာရှိ ရှေ့နေကြီးက၊ ပဋိမအချက်အားနှင့်ဖြင့် ဆန့်ကျင်လဲသည်မှာ၊ ဦးထိုက်တို့သည် အခင်းဖြစ်အိမ်ကိုးပြန်လည်ဝယ်ယူရန် ကတိဖြင့်ရောင်းချခဲ့ကြောင်းနှင့် မခုခံဘဲ အပေါင်သဘောအဖြစ်သာ ပေးသွင်းခဲ့ပါသည်ဟု ချေပသဖြင့်၊ ထိုချေပ

၁၉၆၄
ဦးမင်းဆင်
နှင့်
မမှန်း ပါ ၂။

ချက်နှင့် ဆန့်ကျင်ပြီး တရားရုံးချုပ် တရားသူကြီး အဆုံးအဖြတ်ပြုသည်မှာ မှားယွင်းသည်ဟူသော အချက်ဖြစ်သည်။ သို့သော် အဆိုအချေနှစ်ရပ်စလုံးကို သေချာစွာ လေ့လာသုံးသပ်သော်၊ အဆိုမှာပင် ဦးမင်းဆင်က အခင်းဖြစ်အိမ်ကို မိမိသည် ဦးထိုက်တို့ထံမှ ဝယ်ယူခဲ့ကြောင်း။ ဝယ်ယူသည့်နေ့မှာပင် ထိုအိမ်ကို ဦးထိုက်တို့အား ၂ နှစ် အတွင်း ပြန်လည်ရောင်းချရန် စာချုပ်ဖြင့် ကတိပြုခဲ့ကြောင်း ဖေါ်ပြထားလေသည်။ ဦးထိုက်တို့က ထိုအစီအစဉ်မှာ အရောင်းအဝယ် သဘောမျိုးမဟုတ်၊ အပေါင်သာ ဖြစ်သည်ဟု ချေပ၏။ သို့သော် တရားဥပဒေအရ၊ ၎င်းတို့သည် ယင်းသို့ချေပခြင်း မပြုနိုင်ပေ။ သို့သော်ငြားလည်း၊ ၎င်းတို့၏ ချေလွှာတွင် ကန့်သတ်ထားသည့် အချိန်ကာလအတွင်း၊ အခင်းဖြစ်အိမ်ကို ပြန်လည်ရယူရန်အတွက်၊ မိမိတို့ အတန်တန်ကြိုးစားအားထုတ်ခဲ့ကြောင်း ဖေါ်ပြထားလေသည်။ စင်စစ်အားဖြင့်ကား အမှုသည်များ ပြုလုပ်သည့် အစီအစဉ်နှင့် စပ်လျဉ်း၍၊ အယူအဆ အခေါ်အဝေါ် ကွဲလွဲချုပ်ချယ်မှုသာ ဖြစ်သည်။ ဦးမင်းဆင်က ထိုအစီအစဉ်မှာ ပြန်လည်ရောင်းချရန် ကတိဖြင့် ရောင်းချသော အစီအစဉ်ဖြစ်ကြောင်းနှင့် စွဲဆို၏။ ဦးထိုက်တို့ကမူကား၊ ထိုအစီအစဉ်မှာ အပေါင်သာဖြစ်ကြောင်းနှင့် ခုခံချေပ၏။ သို့သော် သတ်မှတ်ထားသော အချိန်ကာလအတွင်း၊ မိမိတို့သည် အခင်းဖြစ်အိမ်ကို ပြန်လည်ရယူရန်အတွက် အားထုတ်ခဲ့ကြောင်းနှင့်လည်း ချေပသေး၏။ ယင်းသို့ဖြစ်ရာ အဆိုအချေနှစ်ရပ်လုံး၏ အတွင်းသဘောကို လေ့လာသုံးသပ်သော်၊ တရားရုံးချုပ် တရားသူကြီး ပစ္စည်းလွှဲပြောင်းရေးအက်ဥပဒေပုဒ်မ ၅၃ (က) ပါ ပြဋ္ဌာန်းချက်များကို အကိုးအကားပြုသည်မှာ ဦးထိုက်တို့၏ ချေလွှာကို ဆန့်ကျင်၍ အကိုးအကားပြုသည်ဟုဆိုရန် ခဲယဉ်းပေမည်။

ဦးမင်းဆင်၏ ပညာရှိရွှေနေကြီးက ယခုအမှုပါ အကြောင်းခြင်းရာများသည်၊ ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၅၃ (က) ပါ ပြဋ္ဌာန်းချက်များတွင် အကျုံးမဝင်ကြောင်းနှင့် လျောက်လဲပြန်သေး၏။ ဤအမှုတွင် အခင်းဖြစ်အိမ်ကို မှတ်ပုံတင်စာချုပ်ဖြင့် ဝယ်ယူပြီးနောက် ဦးမင်းဆင်သည်၊ ထိုအိမ်ကို သတ်မှတ်သော အချိန်ကာလအတွင်း ပြန်လည်ရောင်းချရန် ဦးထိုက်တို့နှင့် စာချုပ်ချုပ်ဆို၏။ ထိုစာချုပ်ပါ အချက်အလက်များမှာ တိကျသည်ဟု ဆိုနိုင်ပေမည်။ ထို့ပြင်လည်း ဦးထိုက်တို့သည် အိမ်ရောင်းစဉ်က ထိုအိမ်တွင် နေထိုင်သူများဖြစ်ပြီး၊ ရောင်းပြီးနောက်လည်း ဆက်လက်နေထိုင်ခဲ့ကြ၏။ ထိုသို့ဆက်လက်နေထိုင်သည်မှာ မိမိ၏အခွင့်နှင့် နေထိုင်ပါသည်ဟု ဦးမင်းဆင်က အဆိုလွှာတွင် ဖေါ်ပြ၏။ သို့သော် ဤအချက်နှင့် စပ်လျဉ်း၍ နှုတ်သက်သေခံချက်မရှိချေ။ ဦးထိုက်တို့၏ ကိုယ်စားလှယ် ဦးစိုးမောင်က စာချုပ်ချုပ်ဆိုပြီးနောက်၊ ဦးမင်းဆင်က ဦးထိုက်တို့အား အခင်းဖြစ်အိမ်၌ ဆက်လက်နေထိုင်ခွင့်

ပြုသည်ဆိုသည်မှာ မမှန်ကြောင်းနှင့် အစစ်ခံ၏။ ပြန်လည်ရောင်းချရန် ချုပ်ဆိုသော ကတိစာချုပ်တွင် အောက်ပါအတိုင်း ပါရှိ၏။

၁၉၆၄
ဦးမင်းဆင်
နှင့်
မမုန်း ပါ ၂။

"....ထို့ပြင် ဦးမင်းဆင်သို့ ပေးရန်ငွေများလည်း ကျန်ရှိနေသဖြင့်၊ ကျွန်ုပ်တို့ကို ရောင်းထားသော အိမ်အပေါ်ထပ်တွင် လခမရှိ အခလွတ် ၂ နှစ်နေထိုင်ရန် အခွင့်ပြုထားပါသည်။ ၁၉၅၂ ခု၊ ဖေဖော်ဝါရီလ ၉ ရက်နေ့ထိ၊ နှစ်စေ့ရောက်ကာလ ပေးဆပ်ရန်ငွေများနှင့် အိမ်ဘိုးငွေ ၆,၀၀၀ ပေးခဲ့ပါလျှင် ပြန်လည်၍ အပိုင်ရောင်းချပါမည်၊ ၂ နှစ်စေ့၍ မဝယ်ယူနိုင်ပါက ကျွန်ုပ်တို့သည် ထိုအိမ် အပေါ်ထပ်မှ တခြားသို့ ရွှေပြောင်းသွားပါမည်....။"

ထိုစာချုပ်ပါ အချက်များကို အပေါ်ယံကြည့်ခြင်းအားဖြင့် ဦးမင်းဆင်၏ အခွင့်ပြုချက်ဖြင့် ဦးထိုက်တို့ အခင်းဖြစ်အိမ်တွင် ဆက်လက်နေထိုင်ကြကြောင်း ယူဆနိုင်ပေမည်။ သို့သော် ဦးမင်းဆင်၏ အစစ်ခံချက်တွင် စာချုပ်မချုပ်မီက ဦးထိုက်-မမုန်းတို့ကို မိမိမသိကြောင်း။ စာချုပ်ချုပ်ဆိုရန် ပွဲစား ဦးကြာရိုးက ခေါ်ဆောင်လာကြောင်းနှင့် ထွက်ဆိုသည်ကို တွေ့ရှိရသည်။ယင်းသို့ဖြစ်ရာ ယခင်က မသိခဲ့ဘူးသည့် ဦးထိုက်-မမုန်းတို့က ဦးမင်းဆင်သို့ ငွေပေးဆပ်ရန် ကျန်ရှိနေသည်ဆိုသည့် ရေးသားချက်မှာ မမှန်ကန်ဟု ယူဆရပေမည်။ ယင်းသို့မမှန်ကန်သော အချက်ကို အကြောင်းပြု၍ ဦးထိုက်တို့ အခင်းဖြစ်အိမ်တွင် ဆက်လက်နေထိုင်ရန် ဦးမင်းဆင်က ခွင့်ပြုခဲ့သည်ဆိုသည့်အချက်မှာ မမှန်ကန်နိုင်ပေ။ အမှုအကြောင်းခြင်းရာ အားလုံးကိုထောက်ရှုသော်၊ ဦးထိုက်တို့သည်၊ အခင်းဖြစ်အိမ်ကို ဦးမင်းဆင်အား ရောင်းချသည့် အရောင်းစာချုပ်ချုပ်ဆိုပြီးနောက်၊ ပြန်လည်ဝယ်ယူရန် ချုပ်ဆိုသော ကတိစာချုပ်ကို အကြောင်းပြု၍ အခင်းဖြစ်အိမ်မှာပင် ဆက်လက်နေထိုင်သည်ဟု ယူဆရပေမည်။ ထိုမှတပါးလည်း နှစ်ဦးသဘောတူ သတ်မှတ်ထားသော အချိန်ကာလအတွင်း၊ ဦးထိုက်တို့သည်၊ ရွှေနေထံမှ ပေးပို့သော နို့တစ်စာဖြင့်ငင်း၊ ကိုယ်တိုင်ငင်း၊ ဦးမင်းဆင်အား အခင်းဖြစ်အိမ်ကို ပြန်လည်ရောင်းချရန် ပြောကြားခဲ့၏။ ရွှေနေထံမှ ပေးပို့သော နို့တစ်စာတွင်၊ ဦးထိုက်တို့သည် အခင်းဖြစ်အိမ်ကို ပြန်လည်ဝယ်ယူရန် အဆင်သင့်ရှိကြကြောင်း။ ထို့ကြောင့် ပြန်လည်ရောင်းချသည့် စာချုပ်ကို ချုပ်ဆိုရန်အတွက် စာကြမ်းကို ဦးမင်းဆင်ထံသို့ ပေးပို့မည်ဖြစ်ကြောင်း။ ငွေကို မိမိတို့လက်ထဲတွင် ကြာမြင့်စွာ မထားလိုသဖြင့်၊ ပြန်စာကို အလျင်အမြန် ပေးပို့ရန် ပြောကြောင်းနှင့် အကြောင်းကြား၏။ ဦးမင်းဆင်ထံမှ ပြန်စာမရသောအခါ၊ ဦးထိုက်တို့သည် ဦးမင်းဆင်ထံသို့ သွားရောက်ပြီး၊ အိမ်ကိုပြန်လည်ရောင်းချရန် ၂ ကြိမ်ပြောကြားခဲ့သော်လည်း မအောင်မြင်ခဲ့။ ဦးမင်းဆင်၏ ပညာရှိရွှေနေကြီးက ဦးထိုက်တို့သည် ငွေ ၆,၀၀၀ ကို

၁၉၆၄
ဦးမင်းဆင်
နှင့်
မမုန်း ပါ ၂။

ဦးမင်းဆင်အား မပြသဖြင့်၊ ယင်းသို့ပြန်လည်ရောင်းချရန် ပြောဆိုချက်များမှာ တရား ဥပဒေအရ အသိအမှတ်ပြုနိုင်သော ပြောဆိုချက်များ မဟုတ်ကြောင်းနှင့် လျှောက်လဲ ၏။

အပေါင်ကိစ္စရပ်များ၌ပင်၊ ရှေးယခင်က အပေါင်ရွေးရန် ပြောကြားရာ၌ ကျသင့် သော အပေါင်ငွေကို အပေါင်ခံသူအား ထုတ်ပြရန် လိုအပ်သည်ဟု အဆုံးအဖြတ် ပြုခဲ့သော်လည်း၊ နောက်ကာလ၌မူကား၊ ယင်းသို့ ငွေထုတ်ပြရန် မလိုကြောင်းနှင့် အဆုံးအဖြတ် ပြုကြကြောင်းကို၊ **ဘိုးထွန်းနှင့် အေးခ အမှု** (၁) ပါ မြွက်ကြားချက် များအရ ထင်ရှား၏။ ထို့ပြင်လည်း **မောင်ဘကျော် နှင့် နာနိဂရမ်ဂျပန်နပ်(စ်)** အမှု (၂) တွင်၊ အောက်ပါအတိုင်း မြွက်ကြားခဲ့၏။

> **". . . No doubt it is correct that in order that a tender should operate to stop the running of interest there must be a continued readiness to pay the amount due on the mortgage. . . . But it is unnecessary to keep the money immediately at the disposal of the mortgagee provided that it can be found whenever the mortgagee sees fit to demand it, . . ."**

အထက်ဖော်ပြပါ အကြောင်းအချက်များကြောင့်၊ ဦးထိုက်တို့သည် အခင်းဖြစ် အိမ်ကို ရောင်းဘိုးငွေ ၆,၀၀၀ နှင့် မိမိတို့အား ပြန်လည်ရောင်းချရန် ဦးမင်းဆင်အား ပြောကြားခြင်းသည်၊ ငွေကိုအကယ်ပင် ထုတ်ပြဘဲသကဲ့သို့ အကျိုးသက်ရောက်သည်ဟု ယူဆရပေမည်။ ယင်းသို့သော ဆောင်ရွက်မှုသည် ပုစ္ဆည်းလွှဲပြောင်းရေး အက်ဥပဒေ ပုဒ်မ ၅၃ (က) တွင် ပါရှိသည့် ပြန်လည်ရောင်းချရန် ပဋိညာဉ်အရ၊ ပြီးမြောက်စေရန် ဆောင်ရွက်မှုတရပ် ဖြစ်သည်ဟု ယူဆရပေမည်။ သက်သေခံချက်များအရ ပေါ်လွင် သည်မှာလည်း၊ ဦးထိုက်တို့သည် တလျှောက်လုံး အခင်းဖြစ်အိမ်ကို ပြန်လည်ဝယ်ယူရန် အတွက် ငွေပေးရန် အဆင်သင့်ရှိသည်ဟု ဆိုရပေမည်။

ယခုမူခင်းတွင် ပြန်လည်ရောင်းချရန် ချုပ်ဆိုသော ပဋိညာဉ်စာချုပ်မှာ၊ မှတ်ပုံ တင်ရန်မလိုပေ။ ယင်းသို့ဖြစ်၍ ဤအမှုသည် ပုဒ်မ ၅၃ (က) ပါ ပြဋ္ဌာန်းချက်များတွင် ဘောင်ဝင်အံကျ မဖြစ်ဟုဆိုနိုင်ပေမည်။ သို့သော်ငြားလည်း၊ ထိုပုဒ်မ ၅၃ (က) ပါ ပြဋ္ဌာန်းချက်များ၏ အခြေခံမူတွင်၊ ဤအမှုပါ အကြောင်းခြင်းရာများ အကျုံးဝင် သည်ဟုဆိုရပေမည်။

အယူခံကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။ ဤရုံးချေနေခမှာ ဂျ ကျပ် ဖြစ်စေ ရမည်။

---

(၁) အောက်မြန်မာပြည်စီရင်ထုံးများ၊ အတွဲ ၉၊ စာ ၁၀။
(၂) အိန္ဒိယစီရင်ထုံးများ၊ ရန်ကုန် အတွဲ ၁၃၊ စာ ၂၂-၂၄။

တရားမအထွေထွေ

တရားသူကြီးချုပ် ဦးဘိုကြီးနှင့် တရားသူကြီး ဦးစံမောင် တို့ရှေ့တွင်

ဦးသူရိယ (စောဒက)

နှင့်

နိုင်ငံတော်ဝိုနိစ္ဆယဌာန ပါ ၄ (စုဒိတကများ)*

† ၁၉၆၄ အောက်တိုဘာ လ ၁၃ ရက်။

ဝိနိစ္ဆယဌာနနှင့် ဝိနိစ္ဆယအက်ဥပဒေပုဒ်မ ၁၈ နှင့် ၁၉ ခရိုင်နှင့်နိုင်ငံတော် ဝိနိစ္ဆယဌာနတို့၏အာဏာ ယင်းဥပဒေပုဒ်မ (၃၁) စာချုပ်မှတ်ပုံတင်ရန် လျှောက်ထားခြင်းကိစ္စ မြို့နယ် ဝိနိစ္ဆယဌာန၏ အာဏာ။

ဆုံးဖြတ်ချက်။ ။ဝိနိစ္ဆယဌာနနှင့် ဝိနိစ္ဆယခုံအက်ဥပဒေပုဒ်မ (၁၈) နှင့် (၁၉)တို့တွင်၊ ●ရိုင်နှင့် နိုင်ငံတော်ဝိနိစ္ဆယတို့အား အပ်နှင်းထားသော အာဏာများသည် မြို့နယ် ဝိနိစ္ဆယက မူလစီရင်ပိုင်ခွင့်အာဏာကိုအသုံးပြု၍ ဆုံးဖြတ်သော ဝိနည်းဓမ္မခံ အဓိကရဏ်းမှုများနှင့်သာ သက်ဆိုင်သည်။ သို့ဖြစ်၍ယင်းဥပဒေပုဒ်မ (၃၁)အရ လှူဒါန်းစာချုပ်ကို မှတ်ပုံတင်ရန် မြို့နယ်ဝိနိစ္ဆယဌာနသို့ လျှောက်ထားသောကိစ္စတွင် ချမှတ်သောအမိန့်သည်၊ စောဒနာ ဝင်နိုင်သော အမိန့်မျိုးမဟုတ်။

ထို့ပြင်လှူဒါန်းစာချုပ်ကို မှတ်ပုံတင်ရန် ယင်းဥပဒေပုဒ်မ (၃၁) အရ မေတ္တာရပ်ခံသည့်ကိစ္စတွင်၊ မြို့နယ်ဝိနိစ္ဆယဌာနသည်၊ ထိုစာချုပ်ပါပစ္စည်းကို မည်သူပိုင်ဆိုင်ခွင့်ရှိသည်ကို ဆုံးဖြတ်ရန် အာဏာမရှိ၊ ယင်းဥပဒေပုဒ်မ (၁၅) ရှင်းလင်းချက်တွင် ဖေါ်ပြထားသည့်အတိုင်း၊ ဝိနည်းဓမ္မခံ အဓိကရဏ်းမှု တရပ်အဖြစ်ရောက်ရှိမှသာလျှင် ပိုင်ဆိုင်ခွင့်ကို ဆုံးဖြတ်နိုင်သည်။

ဦးခန့် နှင့် ဦးကုလ္လလပါ ၃။ မြန်မာနိုင်ငံတရားရုံးချုပ် တရားမသေးလျှောက်လွှာ ၂၂/၆၄ ကို ရည်ညွှန်းသည်။

စောဒကအတွက်။ ။ဦးဘသန်း (၁)။

---

* ၁၉၆၄ ခုနှစ်၊ တရားမ အထွေထွေလျှောက်လွှာအမှတ် ၈၃။

† မန္တလေးမြို့၊ နိုင်ငံတော် ဝိနိစ္ဆယဌာန၏ အမှတ်စဉ် ၄-နှ-၀-၅၈ တွင် ၁၉၆၄ ခုနှစ်၊ ပြီလ ၄ ရက်နေ့၌ဖြင့် ချမှတ်သော ဆုံးဖြတ်ချက်နှင့် တတိယစုဒိတကဖြစ်သော ချစ်ကိုင်းမြို့နယ် ဝိနိစ္ဆယဌာန၏ ၁၃၁၈ ခုနှစ်၊ အဓိကရဏ်းမှုအမှတ် ၂၆ တွင် ချမှတ်သောအမိန့်ကို ပယ်ဖျက်စေရန်အတွက် အမှုခေါ်စာချွန်တော် လျှောက်ထားခြင်း။

၁၉၆၄

ဦးသူရိယ နှင့် နိုင်ငံတော် ဝိနိစ္ဆယဌာန ပါ ၄။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။ဤအမှုပါအကြောင်းအချက်များသည်၊ မကြာသေးမီက ဤရုံး ဆုံးဖြတ်ခဲ့သော ဦးခန့်နှင့် ဦးကုဏ္ဍလ ပါ ၃ ဦးတို့ အမှု (၁) ၌ ပေါ်ပေါက်ခဲ့သည့် အကြောင်းခြင်းရာများနှင့် အလားတူဖြစ်သည်။

ယခုအမှုတွင် အခင်းဖြစ်မြေကွက်နှင့် ထိုမြေကွက်ပေါ်ရှိ၊ [အဆောက်အဦများကို ဒေါ်ခေမာစာရိက မိမိအားစာချုပ်စာတမ်းဖြင့် လှူဒါန်းခဲ့သည်ဆိုကာ၊ ဦးဝါယမိန္ဒသည်၊ ၁၃၁၁ ခုနှစ်၊ ဝိနိစ္ဆယဌာနနှင့် ဝိနိစ္ဆယခုံ အက်ဥပဒေပုဒ်မ ၃၁ အရ၊ မှတ်ပုံတင်ရန်အတွက် စစ်ကိုင်းမြို့၊ မြို့နယ် ဝိနိစ္ဆယဌာနသို့ မေတ္တာရပ်ခံသည်တွင်၊ ယခုစတုတ္ထစုဒီတက ဒေါ်ရွှေပဝတီက ကန့်ကွက်သဖြင့်၊ မြို့နယ်ဝိနိစ္ဆယဌာနသည် ဦးဝါယမိန္ဒ၏ မေတ္တာရပ်ခံလွှာကို ပယ်လိုက်၏။ ဦးဝါယမိန္ဒသည် စစ်ကိုင်းမြို့၊ ခရိုင်ဝိနိစ္ဆယဌာနသူ့ စောဒနာဝင်ရာ၊ ခရိုင်ဝိနိစ္ဆယဌာနက၊ မြို့နယ်ဝိနိစ္ဆယဌာန၏ အမိန့်ကို ပယ်ဖျက်ပြီး လျှင်၊ မြို့နယ်ဝိနိစ္ဆယဌာနက အဆိုပါ လှူဒါန်းစာချုပ်ကို မှတ်ပုံတင်စေရန် အမိန့်ချမှတ်တော်မူလိုက်ကြသည်။ ဒေါ်ရွှေပဝတီ မကျေနပ်သဖြင့် မန္တလေးမြို့ နိုင်ငံတော် ဝိနိစ္ဆယဌာနသို့ စောဒနာဝင်ပြန်ရာ၊ နိုင်ငံတော် ဝိနိစ္ဆယဌာနက ခရိုင်ဝိနိစ္ဆယဌာန၏ အမိန့်ကို ပယ်ဖျက်ပြီးလျှင်၊ မြို့နယ်ဝိနိစ္ဆယဌာန၏ အမိန့်ကို အတည်ပြုလိုက်၏။ ထို့ပြင်လည်း၊ နိုင်ငံတော်ဝိနိစ္ဆယဌာနက အခင်းဖြစ်ပစ္စည်းများကို မည်သူအုပ်ချုပ်စောင့်ရှောက်စေရမည်ဟူ၍လည်း၊ အမိန့်ချမှတ်တော် မူလိုက်ကြ၏။

နိုင်ငံတော်ဝိနိစ္ဆယဌာနနှင့် ခရိုင်ဝိနိစ္ဆယဌာနတို့၏ အမိန့်များသည်၊ မိမိတို့၌ တည်ရှိသည့်အာဏာကို ကျော်လွန်၍ ချမှတ်သောအမိန့်များဖြစ်ကြောင်းနှင့် ထိုအမိန့်များကို အမှုခေါ် စာချွန်တော်ဖြင့် ပယ်ဖျက်ရန်၊ ယခုမေတ္တာရပ်ခံသူ ဦးသူရိယ မေတ္တာရပ်ခံခြင်းဖြစ်သည်။

ဦးသူရိယ၏ ပဌမအကြောင်းပြချက်မှာ၊ ယခုပေါ် ပေါက်သည့် ကိစ္စသည်၊ လှူဒါန်းစာချုပ်ကိုမှတ်ပုံတင်ရန်ကိစ္စသာဖြစ်၍၊ ဝိဝါဒါဓိကရဏ်းမှုကို ဆုံးဖြတ်ရန်မပေါ် ပေါက်သေးသောကြောင့်၊ ခရိုင်ဝိနိစ္ဆယဌာနနှင့် နိုင်ငံတော်ဝိနိစ္ဆယဌာနတို့သည် စောဒနာမှုများကိုကြားနာစစ်ဆေးစီရင်ဆုံးဖြတ်ပိုင်ခွင့် မရှိကြကြောင်းနှင့် လျှောက်ထားခြင်းဖြစ်သည်။ ၁၃၁၁ ခုနှစ်၊ ဝိနိစ္ဆယဌာနနှင့် ဝိနိစ္ဆယခုံအက်ဥပဒေ ပုဒ်မ ၁၅၊ ၁၆၊ ၁၇၊ ၁၈ နှင့် ၁၉ တို့ပါ ပြဋ္ဌာန်းချက်များကို ပူးတွဲပေါင်းစပ်၍ လေ့လာသုံးသပ်သော်၊ ဦးသူရိယ၏ ပညာရှိရွှေနေကြီး အကြောင်းပြချက်မှာအခြေအမြစ်မရှိ မခိုင်လုံဟုဆိုရန် ခဲယဉ်းလှပေသည်။ ယင်းအက်ဥပဒေ ပုဒ်မ ၁၅ တွင် မည်သည့်မှုခင်းမျိုးကို ဝိနည်းဓမ္မခံအဓိကရဏ်းမှုအဖြစ် ကြားနာစစ်ဆေးစီရင်ဆုံးဖြတ်ရမည်ဟု ပြဋ္ဌာန်းထားသည်။ ပုဒ်မ ၁၆ တွင်၊ သက်ဆိုင်ရာမြို့နယ် ဝိနိစ္ဆယဌာနတွင်၊ ဝိနည်းဓမ္မခံအဓိကရဏ်းမှုကိုစွဲဆိုရမည်ဖြစ်

(၁) မြန်မာနိုင်ငံတရားရုံးချုပ် တရားမသေးလျှောက်လွှာ ၂၂/၆၄။

ကြောင်း၊ ထိုဌာနက မူလရုံးအနေဖြင့် စီရင်ဆုံးဖြတ်ရမည်ဖြစ်ကြောင်း ပါရှိ၏။ ပုဒ်မ ၁၈ အရ မြို့နယ် ဝိနိစ္ဆယဌာန၏ ဆုံးဖြတ်ချက်ကို ခရိုင်ဝိနိစ္ဆယဌာနတွင် စောဒနာတင်ခွင့်ရှိကြောင်း၊ ပုဒ်မ ၁၉ တွင် ခရိုင်ဝိနိစ္ဆယဌာန၏ ဆုံးဖြတ်ချက်ကို၊ နိုင်ငံတော် ဝိနိစ္ဆယဌာနတွင် နောက်ဆုံးစောဒနာတင်ခွင့်ရှိကြောင်း ပြဋ္ဌာန်းထားသည်။ ယင်းသို့ဖြစ်ရာ ထိုပုဒ်မ ၁၈ နှင့် ၁၉ တို့တွင် အပ်နှင်းထားသော အာဏာများသည်၊ မြို့နယ် ဝိနိစ္ဆယဌာနက မူလစီရင်ပိုင်ခွင့်အာဏာကို အသုံးပြု၍ ဆုံးဖြတ်သော ဝိနည်းခမ္မခံ အဓိကရဏ်းမှုများနှင့်သာ သက်ဆိုင်ပေသည်။ ယခုကိစ္စမှုကား၊ ၁၃၁၁ ခုနှစ်၊ ဝိနိစ္ဆယဌာနနှင့် ဝိနိစ္ဆယခုံအက်ဥပဒေပုဒ်မ ၃၁ အရ လှူဒါန်းစာချုပ်ကို မှတ်ပုံတင်ရန် လျောက်ထားသည့်ကိစ္စသာဖြစ်ရာ၊ ယင်းအက်ဥပဒေ ပုဒ်မ ၁၅ တွင် အကျုံးဝင်သော ဝိနည်းခမ္မခံ အဓိကရဏ်းမှုမျိုးမဟုတ်ချေ။ ထို့ကြောင့် ယင်းပုဒ်မ ၃၁ အရ၊ မြို့နယ် ဝိနိစ္ဆယဌာနချမှတ်သော အမိန့်သည် စောဒနာဝင်နိုင်သော အမိန့်မျိုးမဟုတ်ချေ။ အမှန်အားဖြင့်ဆိုသော် မြို့နယ်ဝိနိစ္ဆယဌာနကလှူဒါန်းစာချုပ်ကိုမှတ်ပုံတင်ရန် မေတ္တာရပ်ခံလွှာကိုပယ်လျှင်၊ ထိုပယ်သည့်အမိန့်ကို စောဒနာဝင်ခွင့် ရှိသင့်ပေသည်။ သို့သော် ၁၃၁၁ ခုနှစ်၊ ဝိနိစ္ဆယဌာနနှင့် ဝိနိစ္ဆယခုံအက်ဥပဒေတွင် ထိုကိစ္စနှင့်စပ်လျဉ်း၍ စောဒနာဝင်နိုင်ခွင့်ပေးထားသည်ကို မတွေ့ရချေ။

ဦးသူရိယ နှင့် နိုင်ငံတော် ဝိနိစ္ဆယဌာန ပါဂ။

ထိုမှတပါးလည်း၊ ဦးသူရိယ၏ပညာရှိ ရှေ့နေကြီး ထပ်မံလျောက်ထားသည်မှာ၊ အဆိုပါ အက်ဥပဒေပုဒ်မ ၃၁ အရ၊ လှူဒါန်းစာချုပ်ကို မှတ်ပုံတင်ရန် မေတ္တာရပ်ခံသည့်ကိစ္စတွင်၊ မြို့နယ်ဝိနိစ္ဆယဌာနသည် ထိုစာချုပ်ပါ ပစ္စည်းကို မည်သူပိုင်ဆိုင်ခွင့်ရှိသည်ကို ဆုံးဖြတ်ရန် အာဏာမရှိကြောင်းနှင့် လျောက်လဲပြန်သေး၏။ ယင်းပုဒ်မ ၃၁ မှာ အောက်ပါအတိုင်းဖြစ်သည်။

> "၃၁။ ။(၁) မှတ်ပုံတင်အက်ဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ၊ မရွေ့မပြောင်းနိုင်သော ပစ္စည်းတစုံတရာကို ဝိနည်းတော်နှင့်အညီ လှူဒါန်းလွှဲပြောင်းသည့်အခါ၊ ထိုပစ္စည်းကို လှူဒါန်းလွှဲပြောင်းပေးသူနှင့် လက်ခံသူတို့က စာချုပ်စာတမ်းချုပ်ဆိုရေးမှတ်ပြီးလျှင်၊ ဆိုင်ရာမြို့နယ်ဝိနိစ္ဆယဌာနတွင် ထိုစာချုပ်စာတမ်းကို မှတ်ပုံတင်နိုင်သည်။ ထိုဝိနိစ္ဆယဌာနက ယင်းသို့ လှူဒါန်းလွှဲပြောင်းခြင်းသည် ဝိနည်းတော်နှင့်လျော်ညီသည်ဟု ကျေနပ်လျှင်၊ အဆိုပါစာချုပ်စာတမ်းကို မှတ်ပုံတင်ပေးရမည်။ ထို့ပြင် ထိုဝိနိစ္ဆယဌာနက ယင်းသို့ မှတ်ပုံတင်သည့်စာချုပ်စာတမ်း၏မိတ္တူကို ဆိုင်ရာ မှတ်ပုံတင်အရာရှိရုံးသို့ ထိန်းသိမ်းထားရန်နှင့် လိုအပ်သည့်အတိုင်း ဆောင်ရွက်ရန်ပေးပို့ရမည်။"

အထက်ပါ ပြဋ္ဌာန်းချက်များအရဆိုလျှင်၊ မြို့နယ်ဝိနိစ္ဆယဌာနသည်၊ လှူဒါန်းလွှဲပြောင်းခြင်းသည် ဝိနည်းတော်နှင့် လျော်ညီသည်ဟု ဆုံးဖြတ်လျှင်၊ ယင်းသို့သော

၁၉၆၄

ဦးသူရိယ နှင့် နိုင်ငံတော် ဝိနိစ္ဆယဌာန ပါ ၄။

လျှုဒါန်းစာချုပ်ကို မှတ်ပုံတင်ပေးရမည်ဖြစ်သည်။ ပိုင်ဆိုင်ခွင့်ကို မဆုံးဖြတ်နိုင်ပေ။ ယင်း အက်ဥပဒေပုဒ်မ ၁၅ ရှင်းလင်းချက်တွင် ဖော်ပြထားသည့်အတိုင်း၊ သူ့ဟာ ငါ့ဟာဟု ငြင်းခုံမှုပေါ် ပေါက်၍ ဝိနည်းဓမ္မခံ အဓိကရဏ်းမှုတရပ်အဖြစ် ဆောက်ရွက်မှသာ လျှင်၊ ပိုင်ဆိုင်ခွင့်ကို ဆုံးဖြတ်နိုင်ပေမည်။

ဝိနည်း ဓမ္မခံအဓိကရဏ်းမှု ပေါ် ပေါက်လျှင်လည်း၊ ၁၃၁၆ ခုနှစ်၊ ဝိနိစ္ဆယဌာန (ပြင်ဆင်ချက်) အက်ဥပဒေပုဒ်မ ၃ ဖြင့်၊ ၁၃၁၁ ခုနှစ်၊ ဝိနိစ္ဆယနှင့် ဝိနိစ္ဆယခုံအက် ဥပဒေပုဒ်မ ၁ ကို၊ ပြင်ဆင်ထားသည်ဖြစ်ရကား၊ ဝိနိစ္ဆယဌာနသည် စောဒကနှင့် စုဒ်တကတို့၏ သဘောတူညီချက်ရှိမှသာလျှင်၊ အမှုကိုလက်ခံကြားနာစစ်ဆေးစီရင် ဆုံးဖြတ်နိုင်ပေမည်။

အထက်ဖော်ပြပါ အကြောင်းများကြောင့်၊ နိုင်ငံတော်ဝိနိစ္ဆယဌာနနှင့် ခရိုင် ဝိနိစ္ဆယဌာနတို့၏ အဆုံးအဖြတ်များသည် အပ်နှင်းထားသည့် အာဏာကို ကျော်လွန်၍ ချမှတ်သော အဆုံးအဖြတ်များဖြစ်သဖြင့်၊ ဝိနည်းဓိုရ် ဆရာတော်တို့၏ ထင်မြင် ယူဆချက်များသာဖြစ်သည်ဟု ဆိုရပေမည်။ ထိုထင်မြင်ယူဆချက်များသည် နောင် ကာလ၌ တရားတထုံးကို စောဒက ကဖြစ်စေ၊ စုဒ်တက ကဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းတို့ အသီးသီးမှဆက်ခံသူများက ဖြစ်စေ စွဲဆိုရာ၌၊ မည်သို့မျှ တားမြစ်ပိတ်ပင် မည်မဟုတ်ကြောင်း။ ထို့ပြင်လည်း၊ ထိုထင်မြင်ယူဆချက်များကို တရားရုံးက အတည် ပြုမည် မဟုတ်ကြောင်း မြွက်ကြားပြီးလျှင်၊ မေတ္တာရပ်ခံလွှာကို စရိတ်မရှိပယ်လိုက် သည်။

တရားမအထွေထွေ

တရားသူကြီးချုပ် ဦးဘိုကြီး၊ တရားသူကြီး ဦးစံမောင်နှင့် တရားသူကြီး ဦးထွန်းတင် ရှေ့တွင်

ဦးသိန်းပါ ၂ (လျှောက်ထားသူများ)

နှင့်

ဦးအောင် ပါ ၃ (လျှောက်ထားခံရသူများ)*

† ၁၉၆၄]

နိဝတ်လ ၁၂ ရက်။

သမဝါယမအသင်းများ အက်ဥပဒေ (၁၉၅၆ ခုနှစ်) ပုဒ်မ ၆၀ အရ၊ခန့်အပ်သောခုံလွှကြီး—သမဝါယမအသင်း ဝန်ခံခန့်အပ်နိုင်ခြင်း—၁၉၃၁ ခုနှစ်၊အက်ဥပဒေ၏နည်းဥပဒေ ၁၅ နှင့် ၂၆ အကျိုးသက်ရောက်ဆဲဖြစ်ခြင်း—အမှုခေါ်စာချုန်တော် ထုတ်နိုင် မထုတ်နိုင်—၁၉၅၆ ခုနှစ်၊ ဥပဒေ ပုဒ်မ ၆၀ (၆) နှင့် (၇)။

ဆုံးဖြတ်ချက်။ ။၁၉၅၆ ခုနှစ်၊ သမဝါယမအသင်း အက်ဥပဒေ ပုဒ်မ ၆၀ အရ အမှုကို ဆုံးဖြတ်ရန် ခုံလွှကြီးကိုခန့်ရာ၌ သမဝါယမမင်းကြီးကမခန့်ဘဲ သမဝါယမအသင်းဝန်က ခန့်အပ်ခြင်းသည်၊ တရားဥပဒေအရ ဖြစ်သည်ဟု ယူဆရမည်။

ခုံလွှကြီးကို ခန့်ရာ၌ ၁၉၃၁ ခုနှစ်၊ မြန်မာပြည် သမဝါယမများအသင်း နည်းဥပဒေအပိုဒ် ၁၅ နှင့် ၂၆ ပါ ပြဋ္ဌာန်းချက်များကို အထောက်အထားပြု၍ ခန့်အပ်ထားခဲ့ဟန်တူပြီး၊ ထိုနည်းဥပဒေများမှာ အဆိုပါ ၁၉၅၆ ခုနှစ်၊ ဥပဒေသစ်၏ပုဒ်မ ၇၃ အရ၊ပြုလုပ်ထားသော နည်းဥပဒေများကဲ့သို့ အကျိုးသက်ရောက်ဆဲဖြစ်သည်။

ထပ်မံဆုံးဖြတ်ချက်။ ။ခုံလွှကြီးတဦးသည်၊ သာမန် တရားမရုံးများ စီရင်ချက်ချမှတ်ရာကဲ့သို့ အကြောင်းအကျိုးကို တိကျစွာ သေချာစွာဖော်ပြခြင်း မပြုရုံမျှနှင့် ခုံလွှကြီးအဆုံးအဖြတ် တရားမဝင်ဟု မဆိုနိုင်။ ၁၉၅၆ ခုနှစ်၊ သမဝါယမအသင်းများ၏ အက်ဥပဒေပုဒ်မ ၆၀(၆)နှင့် (၇)တို့အရ၊ တရားမရုံးက အမှုခေါ်စာချုန်တော်ဖြင့် ဝင်ရောက်စွက်ဖက်ခြင်း ပြုနိုင်-မပြုနိုင်ဆိုသည့်အချက်ကို အဆုံးအဖြတ်ပေးရန် မလိုသဖြင့် ဤအမှုတွင် ဆုံးဖြတ်ခြင်းမပြု။

လျှောက်ထားသူများအတွက်။ ။ ဦးပျိုငြိမ်း။

လျှောက်ထားခံရသူများအတွက်။ ။အစိုးရရှေ့နေကြီး ဦးဘကျော်။

---

* ၁၉၆၃ ခုနှစ်၊ တရားမအထွေထွေ လျှောက်လွှာအမှတ် ၁၅၂။

† ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသမဝါယမဌာနခွဲတာဝန်ခံရုံးအမှုအမှတ် ၃/၆၃ တွင် ၁၉၆၃ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့စွဲပါ ဆုံးဖြတ်ချက်ကို အမှုခေါ်စာချုန်တော် ထုတ်ဆင့်ရန် လျှောက်လွှာ။

၁၉၆၄

ဦးသိန်း ပါ ၂ နှင့် ဦးအောင် ပါ ၃။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။ယခု လျှောက်ထားသူများဖြစ်သူ ဦးသိန်းနှင့် ဦးထွန်းရတို့သည်၊ အင်းလေးမြို့နယ် စက်မှုလက်မှု (ရက္ကန်း) လက္ကား သမဝါယမ အသင်း (လိမိတက်)၏ ဥက္ကဋ္ဌဟောင်းနှင့်အမှုဆောင်ဟောင်း အသီးသီးဖြစ်ကြသည်။ ၎င်းတို့အပါအဝင်ထိုအသင်း၏ ၁၉၅၉-၆၀ ပြည့်နှစ်နှင့် ၁၉၆၀-၆၁ ခုနှစ် အမှုဆောင်အဖွဲ့ဟောင်းများအပေါ်တွင် ထိုအသင်း၏ အုပ်ချုပ်ရေး အရာရှိ ဦးအောင်က ၎င်းတို့၏ပေါ်လျော့မှုကြောင့် အသင်းမှာ ငွေတသိန်းကျော် ဆုံးရှုံးနစ်နာခဲ့သည်ဆိုကာ၊ တရားစွဲဆိုရာ၊ ရှမ်းပြည်နယ် တောင်ကြီးမြို့၊ သမဝါယမ အသင်းဝန်က တောင်ကြီးခရိုင် သမဝါယမ အသင်းဝန်ထောက်အား၊ သမဝါယမနှင့် ကုန်စည်ဖြန့်ဖြူးရေးဝန်ကြီးဌာန၏ ၁၉၆၀ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၈၈ ဖြင့် အပ်နှင်းထားသော အာဏာကို အသုံးပြုလျက်၊ ၁၉၅၆ ခုနှစ်၊ သမဝါယမအသင်း အက်ဥပဒေ ပုဒ်မ ၆၀ အရ၊ ခံလူကြီး အဖြစ်နှင့် အမှုကို ဆုံးဖြတ်ရန် လွှဲအပ်လိုက်သည်။ ခံလူကြီးသည် အမှုသည်များနှင့် သက်သေများကိုကြားနာစစ်ဆေးပြီးနောက်၊ ယခု လျှောက်ထားသူများဖြစ်သူ ဦးသိန်း၊ ဦးထွန်းရနှင့် အသင်း၏ အုပ်ချုပ်ရေးမှူးတောင်း ဦးစိန်ကျော်တို့ အပေါ်၌ တဦးစီသော်ငင်း၊ ပူးတွဲ၍သော်ငင်း၊ ဦးစိန်ကျော်ပေးသွင်းပြီးငွေ ၉,၀၀၀ ကျပ် ကျော်ကို ခုနှိမ်၍ အသင်းဆုံးရှုံးသည့်ငွေ ၇၁,၇၁၄ ကျပ် ၁၂ ပြားကို အသင်းသို့ ပေးဆောင်ရန် အဆုံးအဖြတ်ပြုလိုက်၏။ ထိုဆုံးဖြတ်ချက်ကို မကျေနပ်သဖြင့် ဦးသိန်းသည် ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသမဝါယမဌာနခွဲ တာဝန်ခံထံ စေဒဂဝင်ရာ တာဝန်ခံက ဝင်ရောက်စွက်ဖက်ခြင်းမပြုသဖြင့် အဆိုပါ အဆုံးအဖြတ်ကို အမှုခေါ် စာချွန်တော်ဖြင့် ပယ်ဖျက်ရန်အတွက် ဦးသိန်းနှင့် ဦးထွန်းရတို့ ယခု လျှောက်ထားကြခြင်းဖြစ်သည်။

ဦးသိန်းတို့၏ ပညာရှိဗိသုကေကြီးက ဦးစိန်ကျော်သည် အသင်းဆုံးရှုံးနစ်နာသည့်ငွေအတွက် မိမိ တာဝန်ရှိသည်ဟု ဝန်ခံခဲ့ပြီး ငွေ ၉,၀၀၀ ကျပ် ကျော်ပေးသွင်းပြီးဖြစ်သဖြင့်၊ ၁၉၅၆ ခုနှစ်၊ သမဝါယမ အသင်းများ အက်ဥပဒေ ပုဒ်မ ၆၀ အရ၊ အငြင်းပွါးမှုမရှိကြောင်းနှင့် လျှောက်လဲ၏။ သို့သော် ခံလူကြီး မြင်ဆိုသည့်အတိုင်း အသင်း၏ စည်းကမ်းဥပဒေ အပိုဒ် ၂၅ အပိုဒ်ငယ် (၂)တွင် အမှုဆောင်လူကြီးများ၏ အလုပ်ဝတ္တရားပျက်ကွက်မှုကြောင့် အသင်း၌ ဆုံးရှုံးနစ်နာမှုရှိလျှင် အသင်း၏အမှုဆောင်လူကြီး တဦးစီသော်ငင်း၊ ပူးတွဲ၍သော်ငင်း၊လျော်ရန် တာဝန်ရှိသည်ဟု အတိအလင်း ပြဋ္ဌာန်းထားသေသည်။ ထို့ပြင်လည်း ဤအမှုတွင် အသင်း၏ အုပ်ချုပ်ရေးအရာရှိက အမှုဆောင်ဟောင်းများအပေါ်၌ ထိုဆုံးရှုံးနစ်နာမှုဖြစ်သည့်အတွက် လျော်ငွေတောင်းဆိုသည်ဖြစ်ရာ၊ အဆိုပါ အက်ဥပဒေ ပုဒ်မ ၆၀ (၁) ရှင်းလင်းချက်အရ၊ အငြင်းပွါးမှုရှိကြောင်းထင်ရှားလေသည်။

၁၉၆၄
ဦးသိန်း ပါ ၂ နှင့် ဦးအောင် ပါ ၃။

ဤအမှု တွင်လျှောက်ထားသူများ၏ပညာရှိရွှေနေကြီးကအဓိကအားဖြင့်လျှောက်လဲသည်မှာ ခုံလူကြီးအား အဆိုပါ အက်ဥပဒေ ပုဒ်မ ၆၀ အရ၊ သမဝါယမမင်းကြီးက ခန့်အပ်ရမည်ကို သမဝါယမ အသင်းဝန်က ခန့်အပ်ခဲ့သဖြင့် ယင်းသို့ ခန့်အပ်ခြင်းသည် တရားမဝင်သောကြောင့် ခုံလူကြီး၏ အဆုံးအဖြတ်မှာ အာဏာမရှိဘဲလျက် ပြုလုပ်သည်ဖြစ်၍ တရားမဝင်ကြောင်းဖြစ်သည်။ ယခု ကိစ္စတွင် ခုံလူကြီးအား အဆိုပါ အက်ဥပဒေ ပုဒ်မ ၆၀ (၂)(ဂ)အရ၊ ခန့်ထားခြင်းဖြစ်သည်။ ယင်းသို့ ခန့်ထားရာ၌၊ ၁၉၃၁ ခုနှစ်၊ မြန်မာပြည် သမဝါယမ အသင်းများ နည်းဥပဒေ အပိုဒ် ၁၅ နှင့် ၂၆ ပါ ပြဋ္ဌာန်းချက်များကို အထောက်အထားပြု၍ ခန့်ထားခဲ့ဟန်တူသည်။ ထိုနည်းဥပဒေများမှာ ၁၉၅၆ ခုနှစ်၊ သမဝါယမ အသင်းများ အက်ဥပဒေ ပုဒ်မ ၇၃ အရ၊ ထိုအက်ဥပဒေအရ၊ ပြုလုပ်ထားသော နည်းဥပဒေများကဲ့သို့ အကျိုးသက်ရောက်ဆဲဖြစ်လေသည်။ ထို့ပြင် ယခင် သမဝါယမအသင်းများ အက်ဥပဒေအရ၊ ရာထူးခန့်ထားခြင်းများသည်လည်း၊ ယင်းအက်ဥပဒေအရ၊ ခန့်ထားသကဲ့သို့ပင်အကျိုးသက်ရောက်လေသည်။အထက်ပါ ပြဋ္ဌာန်းချက်အားလုံးနှင့် ဖေါ်ပြခဲ့သောအမိန့်ကြော်ငြာစာ အမှတ် ၈၈ ကိုစုပေါင်းလေ့လာဆင်ခြင်သုံးသပ်သော် ခုံလကြီးအား၊ သမဝါယမ မင်းကြီးကိုယ်တိုင် ခန့်အပ်ခြင်းမပြုဘဲ၊ သမဝါယမအသင်းဝန် ခန့်အပ်သည်မှာ တရားဥပဒေအရ ဖြစ်သည်ဟု ယူဆရပေမည်။

လျှောက်ထားသူများ၏ ပညာရှိရွှေနေကြီးက ခုံလူကြီးသည်အဆုံးအဖြတ်ပြုရာ၌ မည်သူ့အပေါ်၌ မည်သည့်အတွက် တာဝန်ယူသည်ကို စီစစ်ခြင်းမပြုဘဲ ဆုံးဖြတ်ခဲ့သဖြင့် ထိုအဆုံးအဖြတ်မှာ တရားမဝင်ပါဟု လျှောက်လဲပြန်သေး၏။ သို့သော်ခုံလူကြီးသည်အခြေအနေအရ၊ မိမိတတ်စွမ်းသမျှ အကြောင်းအကျိုးများဖေါ်ပြပြီး အဆုံးအဖြတ်ပြုခဲ့လေသည်။ သာမန် တရားမရုံးများ စီရင်ချက်ချမှတ်ရာ၌ကဲ့သို့ အကြောင်းအကျိုးကို တိကျသေချာစွာဖေါ်ပြခြင်း မပြုရုံမျှနှင့် ခုံလူကြီး၏ အဆုံးအဖြတ် တရားမဝင်ဟု မဆိုနိုင်ပေ။

၁၉၅၆ ခုနှစ်၊ သမဝါယမ အသင်းများ အက်ဥပဒေ ပုဒ်မ ၆၀ (၆) နှင့် (၇)တို့အရ၊ တရားမရုံးက အမှုခေါ် စာချွန်တော်ဖြင့် ဝင်ရောက်စွက်ဖက်ခြင်း ပြုနိုင် မပြုနိုင်ဆိုသည့်အချက်နှင့် စပ်လျဉ်း၍ ပြည့်ပြည့်စုံစုံလျှောက်ထားခြင်း မပြုကြသည့်အပြင်၊ အဆုံးအဖြတ်ပေးရန် မလိုတော့သဖြင့် ဤအမှုတွင် အဆုံးအဖြတ် ပြုတော့မည်မဟုတ်ပေ။

အထက်ဖေါ်ပြပါ အကြောင်းများကြောင့် လျှောက်လွှာကို စရိတ်မရှိပယ်လိုက်သည်။

စီရင်ထုံးပြုသောမှုခင်းများ

LIST OF CASES REPORTED

စစ်ဘက်အယူခံရုံး

COURTS-MARTIAL APPEAL COURT

	PAGE
Lt. Phone Swe *v.* Union of Burma	964
Mg Thoung *v.* Union of Burma	981
Mg Tin Hla *v.* Union of Burma	987

ကိုးကားပြုသောမှုခင်းများ

LIST OF CASES CITED

စစ်ဘက်အယူခံရုံး

COURTS-MARTIAL APPEAL COURT

Nil

စစ်ဘက်အယူခံတရားရုံး

COURTS-MARTIAL APPEAL COURT

ညွှန်းချက်

INDEX

PAGE

ACTS :

EVIDENCE ACT :

PENAL CODE :

Adultery—evidence of—when sufficient. Held where the evidence of the main prosecution witness in a case of adultery has been shown to be unreliable and unworthy of credence, and where the alleged adulteress has regatived her previous statements, and denied at the trial any adulterous association between her and the accused, the onus placed upon the prosecution cannot be said to have been satisfactorily discharged.

MAUNG THOUNG AND THE UNION OF BURMA ... 981

EVIDENCE ACT—WHEN DEEMED SUFFICIENT IN AN ADULTORY CASE— 981

EVIDENCE ACT—S.124 :—WHEN JUDGE, ADVOCATE GENERAL CAN CLAIM PRIVILEGE— 964

Funds of D.S.I. Concern—not public funds—non-applicability of the Amnesty Order. Penal Code s. 409—*non-applicability, where accused not acting as public servant. Evidence Act* s. 124—*privilege of Judge Advocate-General in advising prosecution.* The Appellant was attached as Cash Officer to the Firewood Project under the Defence Services Institute, which was later taken over by the General Trading Co. Ltd., in March, 1960. As a shortage of cash of several lakhs was found, and as the Appellant was unable to account for the deficient, he was sent up for trial and convicted under s. 409 of the Penal Code. At the trial it was also proved that he had been dabling in film business : had been buying land and building and had also purchased a car. *Held:* Unless it can be said that all the prosecution witnesses were in conspiracy to foist a false case on the Appellant, the conclusion of facts arrived at by the Summary General Court Martial must be upheld. *Held also:* As neither the Firewood Project (under the D.S.I.) nor the General Trading Co. were public bodies, its funds were not Government Funds, and accordingly the Appellant cannot be given the benefit of paragraph 1 (1) of the General Amnesty Order. Again, as the Appellant was not acting as a public servant, the the money was not entrusted or received by him as a public

PAGE

servant, the offence which he has committed is punishable under s. 406 of the Penal Code and not under s. 409 thereof. *Held further :* The Judge Advocate-General could claim privilege on being examined as a witness under s. 124 of the Evidence Act, as to what transpired at the meeting of the General Trading Co .,as he was present there in his capacity as a public servant, to give advice as to the feasibility or otherwise of prosecuting the Appellant.

LT. PHONE SWE AND THE UNION OF BURMA ... 964

Penal Code S. 304 A—*Absence of intention to Kill—pulling trigger of loaded rifle in fun—rashness.* Where the accused who had been loading his rifle, pulled the trigger in fun and thereby killed the deceased. *Held :* Section 304-A of the Penal Code has no reference to knowledge or intention of the killer. The act of the accused was most rash, and the conviction must be confirmed.

MAUNG TIN HLA AND THE UNION OF BURMA. ... 987

PENAL CODE—S. 409—WHEN NOT APPEALABLE—THE ACCUSED NOT BEING A PUBLIC SERVANT. 964

COURTS-MARTIAL APPEAL

Before U San Maung, J., Col. Tun Tha and U Aung Gyi.

LIEUTENANT PHONE SWE (APPELLANT)

v.

THE UNION OF BURMA (RESPONDENT) *

C.M.A. 1964

Nov. 13.

Funds of D.S.I. Concern—not public funds—non-applicability of the Amnesty Order. Penal Code s. 409—non-applicability, where accused not acting as public servant. Evidence Act s. 124—privilege of Judge Advocate-General in advising prosecution.

The Appellant was attached as Cash Officer to the Firewood Project under the Defence Services Institute, which was later taken over by the General Trading Co. Ltd., in March 1960. As a shortage of cash of several lakhs was found, and as the Appellant was unable to account for the deficit, he was sent up for trial and convicted under s. 409 of the Penal Code.

At the trial it was also proved that he had been dabbling in film business, had been buying land and building, and had also purchased a car.

Held: Unless it can be said that all the prosecution witnesses were in conspiracy to foist a false case on the Appellant, the conclusion of facts arrived at by the Summary General Court Martial must be upheld.

Held also: As neither the Firewood Project (under the D.S.I.) nor the General Trading Co. were public bodies, its funds were not Government Funds, and accordingly the Appellant cannot be given the benefit of paragraph 1 (1) of the General Amnesty Order.

Again, as the Appellant was not acting as a public servant, the money was not entrusted or received by him as a public servant, the offence which he has committed is punishable under s. 406 of the Penal Code and not under s. 409 thereof.

Held further: The Judge Advocate-General could claim privilege on being examined as a witness under s. 124 of the Evidence Act, as to what transpired at the meeting of the General Trading Co., as he was present there in his capacity as a public servant, to give advice as to the feasibility or otherwise of prosecuting the Appellant.

Than Win for the appellant.

Hla Thin (Government Advocate) for the respondent.

U SAN MAUNG, J.—In Summary General Court-Martial Proceedings held under the Chairmanship of Major Ne Lin, B. C. 8272 of the Ministry of Defence, the appellant Lieutenant Phone Swe, B. C. 8061 of Motor Transport

* Criminal Appeal No. 8 of 1964.

C.M.A. 1964

LT. PHONE SWE v. THE UNION OF BURMA.

Company was charged under section 71 of the Defence Services Act for committing a civil offence, namely, criminal breach of trust by a public servant contrary to the provisions of section 409 of the Penal Code for committing criminal breach of trust of a total sum of K 5,40,677·13 during the period from the 1st July 1960 till the end of December 1960 from the proceeds of I.D.C. stoves, wood fuel and other commodities of the D.S.I. Project now known as the General Trading Company. In the connected case the same appellant was charged under section 41 of the Burma Army Act for committing a civil offence, namely, criminal breach of trust by public servant contrary to the provisions of section 409 of the Penal Code for committing breach of trust of K 22,677 being proceeds of I.D.C. stoves of the D.S.I. Project now known as the General Trading Company. He was convicted in both the cases and his appeals are those dealt with in this case and in the connected Criminal Appeal No. 10 of 1964.

In regard to the case giving rise to the present appeal the facts are briefly these: The appellant Lieutenant Phone Swe who was an officer in the Motor Transport Company was, by a verbal order of his superior officer, attached to the Firewood Project under the Defence Services Institute in the month of August 1959 to assist Captain Kyaw Myint (PW 11). About three months later he took over the duties of Cash Officer from Captain Kyaw Myint when the latter was transferred to the charge of Firewood Depots in the district. It was the duties of the appellant as Cash Officer to receive all payments for the sale of firewood and also to make all payments to the representatives for the supply and purchase of firewood on behalf of the project. In addition, he had received payments for the sale of I.D.C. stoves. The D.S.I. Project to which the appellant was attached was later taken over by the General Trading Company Limited in March 1960.

The procedure for the receipt and payment of cash was as follows. Whenever money had to be paid into the Cash Department credit vouchers were prepared in the Accounts Department and the credit vouchers as well as the money were sent to the Cash Officer's Department. In the Branch Registers of the Firewood Department, corresponding entries were made, and the monies paid into the Cash Department were shown as debits to those branches. The Cash Officer, namely, the appellant Lieutenant Phone Swe, on receiving the money, had to sign the credit voucher prepared by the Accounts Department and returned the same to that department through a despatch book. He also had to append his signature to the debit entries in the Branch Registers.

The Accounts Department was in the charge of the Chief Accountant, namely, U Thein Maung (PW 4). His department was responsible for making entries in the Cash Registers by reference to the credit and debit vouchers signed by the Cash Officer. In regard to debit entries in the registers of the Accounts Department, the procedure was as follows. The bills for payment were first scrutinized by the Chief Accountant and his assistants and when found correct they were sent to the Cash Officer with debit vouchers. The Cash Officer after making the payment and signing the debit vouchers, returned these vouchers to the Accounts Department for the purpose of entries in the relevant registers. These debit vouchers were also to be sent to the Accounts Department through the despatch book.

